ပရိယတ္တိသာသနဟိတဓမ္မာစရိယ

ရွှေကျင်နာယက ဆရာတော်

## အရှင်သံဝရာဘိဝံသ

# ဗုဒ္ဓနိုင်ငံတော်

(တတိယတွဲ)

တတိယအကြိမ်

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

## ပုံနှိပ်ပြီးသော ကျမ်းစာများ

၁။ သီလက္ခန်အဋ္ဌကထာ မြန်မာပြန်
၂။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ
၃။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း
၄။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံ ပရမတ္ထသရူပဆိုရိုး
၅။ သိရီမဟာမာယာဒေဝီဝတ္ထုနိသျ
၆။ ဓာတွတ္ထသင်္ဂဟပါဠိ + နိသျ
၇။ ဝိစိတြဝန္ဒနာ ၈။ မနောဒိဋ္ဌဝန္ဒနာ
၉။ လက်ာဒိမဂ္ဂဒီပနီ ၁၀။ မဟာဗောဓျာဒိမဂ္ဂဒီပနီ
၁၁။ မဟာဝိသုဒ္ဓါရာမတိုက်အုပ် ဆရာတော်ထေရုပ္ပတ္တိ
၁၂။ သတိသမ္ပဇ္ဇနိဂ္ဂဟစာတမ်း
၁၃။ ဝိမိဿမဇ္ဈရရစနာ (အရှင်စန္ဒဇောတိ)
၁၄။ လူနှင့်တူသောလူ ၁၅။ မင်္ဂလာ့အမြုတေ
၁၆။ ဘူမိစာလနိဒါန်းကျမ်း ၁၇။ အမေးတော်ဖြေ
၁၈။ တထာဂတဉဒါနဒီပနီ (ပ-တွဲ)
၁၉။ စွယ်စုံကျော်ထင်ဂဏ္ဌိကျမ်း
၂၀။ ဗုဒ္ဓနိုင်ငံတော် (ပ-တွဲ) ၂၁။ ဗုဒ္ဓနိုင်ငံတော် (ဒု-တွဲ)
၂၂။ ဗုဒ္ဓနိုင်ငံတော် (တ-တွဲ)
၂၃။ သာသနာ့လင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (၃-ကျမ်းတွဲ)
၂၄။ မဟာဗောဓိပ္ပတ္တိကထာကျမ်း
၂၅။ ချောင်းဦး၊ ရွှေတောင်ဆရာတော် ဝိနိစ္ဆယ
၂၆။ တွံတေး၊ ပရိတ်ကြီးပါဠိတော် နိသျ

*ဆက်လက်ထွက်မည်* - တထာဂတဉဒါနဒီပနီ (ဒု-တွဲ) - ဆိဒ္ဓပိဓာနနီ
- ဗုဒ္ဓ၏ဂုဏ်တော်များ - ဝိသုဒ္ဓါရုံသုတ်နက်ကြီး
- The Way to Nobility *(Enlish, မြန်မာ)* ဘဒ္ဒန္တစန္ဒဇောတိ(မလှိုင်)

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဗုဒ္ဓနိုင်ငံတော် ကျမ်းကြီး ၃-ကျမ်းတို့ကို အဆက်မပြတ်
လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝေဂတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

ရန်ကုန်တိုင်း၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တိုင်းအုပ်ချုပ်ရေးမှူး

# ဦးလှစိုး+ဒေါ်ခင်မျိုးသူ

သမီး-မနီလာစိုး

သား-မောင်ပြည့်ဇာနည်ထွန်း

မောင်ရဲကုဠေကျော်

မောင်ကောင်းကုဠေကျော်

မိသားစုကောင်းမှု

ဓမ္မရသအလှူ

သြဇာပါန၊ ဇီဝိတဟု၊ ဓမ္မအပြား၊
လှူ သုံးပါးတွင်၊ ဓမ္မ အလှူ
ပေးသော သူတို့၊ အယူစွဲသုံး၊
ဖြောင့်နှလုံးဖြင့်၊ ကောင်းဆုံးရသာ၊
မြိန်ရိုးရာသား။-

(ပါရမီတော်ခန်းပျို့)

# ဗုဒ္ဓနိုင်ငံတော်

အရှင်သံဝရာဘိဝံသ

(တတိယတွဲ)

ရွှေကျင်နာယကဆရာတော်

အရှင်သုဝဏ္ဏာဘိဝံသ

# ဗုဒ္ဓနိုင်ငံတော်

(တတိယတွဲ)

တတိယအကြိမ်

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

ပုံနှိပ်မှတ်တမ်း

——————

တတိယအကြိမ်

အုပ်ရေ (၁၀၀၀)

၁၃၇၀-ပြည့်နှစ်၊ (၂၀၀၈- ခုနှစ်)

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း

မှတ်ပုံတင်အမှတ် (၀၃၈၄၃ / ၀၂၄၀၅) က

ပုံနှိပ်ထုတ်ဝေပါသည်။



ဆရာတော် အရှင်သံဝရာ ဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ
စကြာရန်အောင်ရွှေကျောင်းတိုက်
ဖျာပုံမြို့။

## ( အမှာစာ )

## ကျမ်းပြုဆရာတော် [၁၂၅၅-၁၃၃၅] ဘဝဖြစ်တော်စဉ်အကျဉ်း

"ပုပ္ပါး ရေကျ၊ ကန်မအချာ၊ လယ်တာတလျှောက်၊ ရေသောက်, ရေယူ"ရာလည်း ဖြစ်၍ ပုပ္ပါးတောင် အရှေ့ခပ်လှမ်းလှမ်း, မိတ္ထီလာမြို့မှ အနောက်ဘက်စခန်း ၂-မိုင်ခန့် အကွာ သာယာသည့်မြေလည်းဖြစ်သည့် ကုန်းမိုမိုတွင် ဂငူ့နံငှက်ရုပ်ကြီးလာရောက် နားဖူးခဲ့သည်။ ထိုနေရာတွင် တည်ထောင်သည့်ရွာကို ဂငူ့နံရွာ-ဟု ခေါ်ဝေါ်ကြသည်။ ထိုရွာတွင် ရွာမဒိုင်နယ် သူကြီးမျိုးရိုး၊ မိတ္ထီလာမြို့နယ် ဝံသာနုဥက္ကဋ္ဌ ဦးအောင်ဘသည် လှိုင်းတက်မြို့နယ်မှ အစုရေးအနွယ်ဝံသမျိုးရိုး ဒေါ်အေးနှင့် အကြောင်းဆက်၍ ပေါင်းဖက်ကာ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာနှင့် ပြည့်စုံစွာ နေထိုင်ခဲ့ကြသည်။

သီပေါမင်း ပါတော်မူပြီး ၈-နှစ်ခန့် အကွာ ၁,၂၅၅-ခုနှစ်တွင် ဖော်ပြပါ ၂-ဖက်မျိုးရိုး ကောင်း မိဘတို့မှ ကျမ်းပြုဆရာတော်လောင်းလျာသူငယ်ကို မီးရှူးသန့်စင် ဖွားမြင်ခဲ့သည်။ သားငယ် ၇-နှစ်သားအရွယ်ရောက်လျှင် ဂငူ့နံရွာဆရာတော် ဘဒ္ဒန္တအရိယထံတော်တွင် စာပေပညာ သင်ယူရန် အပ်နှံခဲ့သည်။ ကျောင်းစနေသည့် ၁-နှစ်အတွင်းမှာပင် မြန်မာစာ အရေး, အဖတ်တို့ကို လျင်မြန်စွာ တတ်မြောက်ခဲ့သည်။ အသက် ၈-နှစ်ထဲတွင် အတွင်း အောင်ခြင်း, အပြင်အောင်ခြင်း, ရတနာရွှေချိုင့်, နမက္ကာရ, ပရိတ်ကြီး-စသည့် မဂဓ ပါဠိဘာသာ အခြေခံသင်တန်းများကို နှုတ်ငုံရရှိခဲ့ပေသည်။

၉-နှစ်သား အရွယ်တွင် ကစ္စည်းသဒ္ဒါ, သင်္ဂြိုဟ်တို့ကို ၁-နှစ်အတွင်း ထုတ်ချင်းခတ် သုတ်ပြီး, ရုပ်ပြီး၊ သရုပ်, သကန်ကွဲအောင် သင်ယူနိုင်ခဲ့သည်။ ၁၀-နှစ်သားအရွယ်တွင် မိဘ ၂-ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ဂငူ့နံရွာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဘောင် တက်ခဲ့သည်။ သဒ္ဓါ, သတိ, ဝီရိယဖြင့် အရာရာစောင့်စည်း ထိန်းသိမ်းသဖြင့် ရှင်သံဝရ-ဟု ဥပဇ္ဈာယ်ဆရာက ဘွဲ့မည်ပေးခဲ့သည်။ သာမဏေငယ်၏ ပညာဉာဏ် အရည် အသွေးကို ထောက်ဆ၍ "ရူပသိဒ္ဓိ ကျဉ်းသည်၊ သဒ္ဒနီတိကို သင်ယူရမည်"ဟု အမိန့်ချပြီး သဒ္ဒါကျမ်းများကိုလည်းကောင်း၊ သင်္ဂြိုဟ်အဖွင့် ဋီကာကျော်ကိုလည်းကောင်း ကျေညက်စွာ သင်ကြားပေးတော်မူခဲ့သည်။ အသက် ၁၀-နှစ်မှ ၁၅-နှစ် (သာမဏေဝါ ၅-ဝါရ) အထိ ဉာဏ်ထက်ထက်၊ ဝီရိယသွက်သွက်ဖြင့် ၅-နှစ်ကျော် လေ့လာသင်ယူလိုက်ရာ အတော် အတန် စာပေကျမ်းဂန်တတ်အဖြစ်သို့ ရောက်ရှိခဲ့သည်။

ရတနာပုံနေပြည်၊ မန္တလေးမြို့တော်၌ သာသနာပြုမင်း ကင်းဝေးခဲ့သည့်အချိန်မှာ ၂၃-နှစ်ခန့် ရှိခဲ့လေပြီ၊ သို့သော်လည်း မန္တလေးမြို့၊ အရှေ့ပြင်၊ မဟာဝိသုဒ္ဓါရာမတိုက်တော်

ကြီးမှာ သာသနာတော် စည်ပင်လျက်ပင် ရှိ၏။ စာပေကျမ်းဂန် ကျနစွာ တတ်ကျွမ်းလှပြီး ကျမ်းဂန်လည်း ပြုစု၊ စာပေလည်း ပို့ချသဖြင့် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်တော်တွင် ရာဇဂုရုဘွဲ့တံဆိပ် ၁-ကြိမ်၊ သားတော် သီပေါမင်းလက်ထက်တွင် အဆင့်မြင့်မားသည့် ရာဇဂုရုဘွဲ့တံဆိပ် ၁-ကြိမ်၊ ပေါင်း ရာဇဂုရု ၂-ကြိမ် အလှူခံရရှိတော်မူသော မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးသည် အရှေ့ပြင်ရှိ တိုက်ဟောင်းနှင့် အနောက်ပြင်ရှိ တိုက်သစ်တို့တွင် လှည့်ပြောင်း သီတင်းသုံး သာသနာပြုချိန် ဖြစ်၏။ ဤ ဆရာတော်ဘုရားကြီးသည် အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ဟောင်းတွင် (ပထမကျော်ပြန်) ကြေးမြင်ကျောင်းဆရာတော် ဘဒ္ဒန္တပညာမထေရ်အား တိုက်အုပ်အဖြစ်ဖြင့်လည်းကောင်း၊ ဘဒ္ဒန္တ-ဩဘာသမထေရ်အား တိုက်ကြပ်အဖြစ်ဖြင့်လည်းကောင်း ခန့်ထား၍ နေရာတကျ ဖြစ်စေခဲ့၏။ ယင်းတိုက်အုပ်ဆရာတော် ဘဒ္ဒန္တပညာမထေရ်နှင့် တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တဩဘာသမထေရ်တို့သည် ကြေးမြင်ကျောင်းမှာပင် အတူတကွ သီတင်းသုံးကာ တိုက်တာ၏ စာပေအရှိန် မကျဆင်းရအောင် နေ့ ညမအား ပို့ချသင်ကြားနေတော်မူခဲ့ကြသည်။

ထိုအချိန်တွင် ရှင်သာမဏေ ကိုရင်သံဝရကို ဇာတိရွာ ဥပဇ္ဈာယ်ဆရာတော်က ရတနာပုံနေပြည်တော်၊ မန္တလေးမြို့၊ အရှေ့ပြင်၊ မဟာဝိသုဒ္ဓါရာမတိုက်၊ ကြေးမြင်ကျောင်း၊ တိုက်အုပ်ဆရာတော်ထံသို့ ပို့ဆောင်အပ်နှံခဲ့သည်။ ထိုအခါသည်-

ဇောဒသမစ္ဆေကျင်သာသနာပိုင်၊ သကျသီဟဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ ကြေးမြင်ကျောင်း၊ အသက်ရာကျော်ရှည်ဆရာတော် အလောင်းအလျာ ဘဒ္ဒန္တဇောတယသည်လည်းကောင်း၊

မန္တလေးမြို့၊ အနောက်ပြင်၊ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်နှင့် မင်းကွန်းတောင်၊ သုန္ဒရာ-ရာမချောင်ဆရာတော်၊ လလိတဝိတ္ထာရ ဗုဒ္ဓဝင် နိဿယကျမ်းပြု၊ သက္ကတ၊ ဟိန္ဒီ၊ အင်္ဂလိပ်ဘာသာ စာပေပညာရှင်၊ သကျသီဟဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌ-သင်္ဂါယနာဝန်ဆောင် ဆရာတော်လျောင်းလျာ ဘဒ္ဒန္တသုန္ဒရသည်လည်းကောင်း-

ကြေးမြင်ကျောင်းတွင် စာပေသင်ယူနေနှင့်ကြချိန် ဖြစ်သည်။ ရှင်သံဝရသည်လည်း ယင်းတိုက်အုပ်, တိုက်ကြပ် ဆရာတော်များထံတွင် နေ့ ညဉ့်မပြတ် စာပေ ကျမ်းဂန်များ သင်ကြားလေ့လာခဲ့သည်။

ရှင်သံဝရသည် သာမဏေဘဝဖြင့် အစိုးရပထမပြန် ပထမငယ်၊ ပထမလတ်နှင့် ပထမကြီးတန်းတို့ကို ဖြေဆိုအောင်မြင်ခဲ့သည်။ ရဟန်းလောင်း သက်ပြည့်၍ ၁,၂၇၅-ခုနှစ် အရောက်တွင် စဉ့်ကိုင်မြို့၊ သူကြီး ဦးချယ်၊သူကြီးကတော် ဒေါ်ယွန်တို့၏ ပစ္စယာနုဂ္ဂဟကို

ခံယူကာ မဟာဝိသုဒ္ဓါရာမတိုက်၊ တိုက်အုပ်ဆရာတော်၊ ဘဒ္ဒန္တပညာမထေရ်ကို ဥပဇ္ဈာယ် ပြု၍ ယင်းတိုက်တော်ကြီး၏ ခဏ္ဍသိမ်တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

အရှင်သံဝရသည် တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တသြဘာသမထံတော်တွင် ကစ္စာယန- သာရ, ဘေဒစိန္တာသဒ္ဒါငယ် ၂-ကျမ်း၊ ဆန်း, အလင်္ကာနှင့် ယမိုက်အရကောက် ည-ဝါများကို သင်ယူခဲ့၍ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တပညာထံတော်တွင် အဋ္ဌသာလိနီ အဋ္ဌကထာ စိတ္တုပ္ပါဒကဏ္ဍနှင့် ပဋ္ဌာန်းအရကောက် ည-ဝါများကို သင်ယူခဲ့ရသည်။ ရဟန်း ၁-ဝါ အရတွင် သကျသီဟပရိယတ္တိသာသနဟိတအသင်း စာသင်တန်းကို အောင်မြင်တော်မူ၍ ၁,၂၈၄- ခုနှစ်တွင် ယင်းစာချတန်းကို အောင်မြင်သဖြင့် ပရိယတ္တိသာသနဟိတဓမ္မာစရိယ စာချ ဘွဲ့တံဆိပ်တော် ခံယူရရှိတော်မူခဲ့သည်။

ဓမ္မစာပေကျမ်းဂန်များကို သင်ယူတတ်မြောက်ပြီးနောက် ပညာစရိုက် ကြီးမား တော်မူသည့်အားလျော်စွာ ဘာသာခြားစာပေ(ဘာသန္တရ)များကိုလည်း ဆက်လက် သင်ယူ တော်မူသည်။

၁။ မိုးထားတိုက်၊ စာချဆရာတော် ဘဒ္ဒန္တပညိန္ဒြိယထံတွင် မာဓဝနိဒါန်း (သက္ကတ ဆေး)ကျမ်း၊ ကာဗျဒသ (သက္ကတအလင်္ကာ)ကျမ်းများကို သင်ယူခဲ့သည်။

၂။ ဝိသုဒ္ဓါရုံတိုက်၊ စာချဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ(နောင် အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင်၊ မောဂ္ဂလ္လာန်နိဿယ, အဘိဓာန်နိဿယ စသည့် ကျမ်းပြု အဘယာရာမဆရာတော်)ထံတွင် မုဒ္ဓဗောဓသက္ကတသဒ္ဒါကျမ်းကို သင်ယူခဲ့သည်။

၃။ ဆရာတော်ဘဒ္ဒန္တသုန္ဒရာဘိဝံသ (နောင် လလိတဝိတ္ထာရ ဗုဒ္ဓဝင်နိဿယကျမ်းပြု၊ အဂ္ဂမဟာပဏ္ဍိတ၊ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်နှင့် သုန္ဒရာရာမချောင်ဆရာတော်) ထံတွင် ဟိန္ဒီဘာသာနှင့် ဟိန္ဒူဘာသာစာပေကျမ်းများကို သင်ယူခဲ့သည်။

ထို့နောက် မိတ္ထီလာမြို့ ရေလယ်ကျောင်းတွင် စာသင်တိုက်တည်ထောင်၍ စာပေ ပို့ချတော်မူခဲ့သည်။ တစ်ဘက်မှလည်း ဘာသန္တရစာပေများကို အဆက်မပြတ် လေ့လာနေ သည်။ ဤမျှနှင့် အားမရ, မတင်းတိမ်သေး။ ၁,၂၈၅-ခုနှစ်၊ ရဟန်း ၁၀-ဝါအရတွင် အိန္ဒိယနိုင်ငံနှင့် သီဟိုဠ်နိုင်ငံများသို့ ကြွရောက်သင်ကြားတော်မူသည်။

အိန္ဒိယနိုင်ငံသို့ မကြွရောက်မီ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီးတွင် ဤဆရာတော်သည် ခေတ္တတည်းခိုနေထိုင်ခိုက် ဘဒ္ဒန္တဉာဏုတ္တရ ( နောင် အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋက ပါဠိ, မြန်မာအဘိဓာန်ကျမ်းပြု အောင်မြေဘုံစံဆရာတော်)သည် တပည့်အဖြစ်

ခံယူပြီး ဆရာတော် ညွှန်ပြသည့်အတိုင်း ပညာရပ်အမျိုးမျိုးကို အဆက်မပြတ် နည်းယူလေ့လာခဲ့သည်။

အိန္ဒိယနိုင်ငံ၊ ကလကတ္တားမြို့၊ ဗာရာဏသီမြို့၊ လက္ခနောင်းမြို့၊ မဒရပ်စ်မြို့များတွင် သီတင်းသုံးပြီး ဗင်္ဂါလီ၊ နာဂရီ၊ ဟိန္ဒီ၊ အူရဒူ၊ မဒရာစီ၊ တမယ်လ်ဘာသာ စာပေများကို သင်ယူလေ့လာခဲ့သည်။ ဗာရာဏသီမြို့တွင် ၁-နှစ်ကြာနေထိုင်၍ ဗိစိရှိုင်း ခေါ် ဗင်္ဂါလီဆရာကြီးထံတွင် အင်္ဂလိပ်ဘာသာ ဟိုက် ရှဒ် ရီးဒါး အစ-အဆုံး၊ တစ်စုံလုံးကို ကုန်ဆုံးသည်အထိ ၆-လတိုင်တိုင် သင်ကြားလေ့လာခဲ့သည်။ ဟိန္ဒူဒဿနများကိုလည်း တပါတည်းလေ့လာခဲ့သည်။ သက္ကတဘာသာကျမ်းဂန်များကို အခြေခံ ကောင်းစွာ ရထားပြီးသည်ဖြစ်၍ တိက္ခမဏိသက္ကတကောလိပ်ဆရာကြီးက ဖိတ်မံသဖြင့် ယင်းဆရာကြီးထံတွင် ဝေဒစာပေအထွေထွေကို မေးမြန်းဆွေးနွေးလေ့လာခဲ့သည်။

တဖန် အင်္ဂလိပ်စာပေ အထက်တန်း ပညာရပ်များကို လက္ခနောင်းမြို့ စိန့်ဖက်ထရစ်ဟိုက်စကူးကျောင်းအုပ် ဆရာကြီးမစ္စတာအိုရယ်လီးထံတွင် ၆-လကျော် သင်ကြားလေ့လာခဲ့သည်။

ဆရာတော်သည် ပညာသင်ကြား ပြီးမြောက်၍ မြန်မာပြည်သို့ ပြန်ကြွလာရာ ဖျာပုံမြို့မှာ သစ်ဆိုင်တည်၍ သစ်ရောင်းဝယ်နေသော ဒေါ်ဖွားမိုတို့ တစ်စုက ရန်ကုန်သို့ လာရောက်၍ ကြိုဆိုကြသည်။ ထို့နောက် ဖျာပုံမြို့သို့ ပင့်ဆောင်၍ သစ်ဆိုင်ဝင်းအတွင်း ၄-ပင်ပတ်လည် ၂-ထပ်ကျောင်း ပျဉ်ခင်း, ပျဉ်ကာ မှန်ပြူတင်းတပ်လျက် မပူစေရန် ဓနိမိုး၍ ဝါဆိုကျောင်း တည်လှူသဖြင့် ယင်းကျောင်း၌ ဝါကပ်တော်မူသည်။

စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓေါဆရာကြီးက ဖျာပုံမြို့ အပြောင် ၁၀-လမ်းတွင် ကျောင်းမြေနေရာလှူသဖြင့် စကြာရန်အောင်ကျောင်းတိုက်-ဟု ပညာရှိ ၁-ဦး ပေးသည့် အမည်ဖြင့် ကျောင်းတိုက် တည်ထောင်သည်။ ဓနိတဲကျောင်းတွင် ဝါကပ်စဉ် မန္တလေးမြို့ ဆရာတော်ဘဒ္ဒန္တသုန္ဒရာဘိဝံသ-က ယင်း၏ တူအရင်းဖြစ်သူ ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ (နောင် အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသင်္ဂါယနာအကျိုးတော်ဆောင်)အား "ကိုသံဝရတစ်ပါး ယခု ဖျာပုံမှာ ဓနိမိုးကျောင်းနှင့် နေရတယ်-ဟု ကြားသိရသည်။ မန္တလေးရှိ ဒိဗ္ဗဝိဇ္ဇာလင်္ကာရကျောင်း တိုက်သစ်တွင် သီတင်းသုံးရန် ပင့်ဆောင်ချေ"ဟု အမိန့်ချသည်။ ယင်းအမိန့်အတိုင်း တူ-အရှင်သည် ဖျာပုံသို့ လာရောက်၍ပင့်ဆောင်ရာ "ဦးပဥ္စင်း၊ ဓနိမိုးဆိုပေမဲ့ ပျဉ်ခင်း, ပျဉ်ကာ မှန်ပြူတင်းနဲ့ပဲ၊ မြင်တဲ့အတိုင်းပေါ့။ အပြောင် ၁၀-လမ်းတွင် ယခုကျောင်းတိုက်တည်ထောင်ရန် စတင်နေပြီ၊ ဦးပဥ္စင်း ပြန်သွားပြီး တိုက်သစ်မှာ ကျောင်းထိုင်ပေတော့"ဟု အမိန့်ရှိလိုက်သည်။ (ဆရာတော်ဘဒ္ဒန္တသုန္ဒရသည် ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သစ်၏ တိုက်ပိုင်ဖြစ်ပါသော်လည်း မပျော်ပိုက်

သဖြင့် မင်းကွန်းဘက် သုန္ဒရာရာမချောင်တွင်သာ ရာသက်ပန် သီတင်းသုံးနေတော်မူသွားခဲ့သည်။)

ကျမ်းပြုဆရာတော်သည် ကျောင်းတိုက်သစ်ကို ဒေါ်ဖွားမို၊ ဦးဘသင်နှင့် ဦးသိန်းဖေ စသည်တို့၏ လှူဒါန်းမှုဖြင့် တည်ထောင်လျက် စာပေအမျိုးမျိုးကို မနေမနား လေ့လာနေခဲ့သည်။ ထို့နောက် မန္တလေးမြို့သို့ နှစ်စဉ်မှန်မှန် ကြွရောက်၍ ကျေးဇူးရှင်ဆရာတော် ၂-ပါးကို ကန်တော့သည်။ မန္တလေးရှိ ကျေးဇူးရှင်ဆရာတော် ၂-ပါးတွင် တိုက်အုပ်ဆရာတော်သည် ၁,၂၉၁-ခုနှစ်တွင်လည်းကောင်း၊ တိုက်ကြပ်ဆရာတော်သည် ၁,၂၉၇-ခုနှစ်တွင်လည်းကောင်း ပျံလွန်တော်မူခဲ့ကြသည်။

"The Land of Buddha"ဟူသော သာသနာ့ ပထဝီဝင် စာအုပ်ငယ်ကို ဖတ်မိခဲ့ရာမှ ဗုဒ္ဓသာသနပသာရဏ ဘုရားသာသနာ ပြန့်နှံ့ရာ တိုင်းနိုင်ငံဒေသများ အကြောင်းကို ကျယ်ကျယ်, ဝန်းဝန်း၊ ခြေခြေ, မြစ်မြစ် ရေးသားရန် စိတ်အကြံပေါ်လာသည်။ သို့ဖြစ်ရာ ရှေးဦးစွာ-

၁။ မဟာဂေါဝိန္ဒပုဏ္ဏားကြီး ပိုင်းဝေသည့် ဇမ္ဗူဒိပ်မြေပုံ၊ (အလယ်ဗဟို၌ စက်ဝိုင်းပုံ ၁-ပြည်ထောင်၊ ဘေး ၄-မျက်နှာ ၄-ပြည်ထောင်၊ ပေါင်း ၅-ပြည်ထောင်)

၂။ ဘုရားလက်ထက်တော် တိုင်းကြီးသောင္ဌသမြေပုံ

၃။ အသောကမင်းကြီးလက်ထက် ၉-တိုင်း, ၉-ဌာန သာသနာပြုမြေပုံ

၄။ ဝေဒခေတ် အိန္ဒိယမြေပုံ

၅။ ဇောတိသ နက္ခတ်ပညာရှင် ဝရာဟမိဟိရ စသောဆရာတို့၏ မြေပုံ
(မည်သည့်နက္ခတ်ညိုးလျှင် မည်သည့်မင်း နတ်ရွာစံအံ့-စသည်ဖြင့် ဖလိတအဟော အရ ဆွဲထားသည့်မြေပုံ)

၆။ အရှင်ဖာဟီယန်-စသော တရုတ်ရဟန်းတော်များ မှတ်သားထားသည့် ရှေးဟောင်း အိန္ဒိယမြေပုံ

၇။ မင်းကြီး ကန်နင်ဂဟန်သည် ရှေးဟောင်းပစ္စည်းတူးဖော်စဉ် ရေးဆွဲထားသည့် မြေပုံ

၈။ Atlasခေါ် ခေတ်သုံး ကမ္ဘာ့မြေပုံ-

စသည်များကို အမာခံဘောင်တည်ထား၍ ပါဠိတော်, အဋ္ဌကထာ, ဋီကာ-စသည်များမှ အဆိုအမိန့်များနှင့် တိုက်ဆိုင်ပြီး အသေးစိတ်ကာ ဗုဒ္ဓနိုင်ငံတော် ဟူသော ကျမ်းကြီး ၃-

တွဲကို ရေးသားစီရင်တော်မူသည်။ (တတိယတွဲအဆုံးတွင် မှီငြမ်းပြုရာ ကျမ်းများကို ဆရာတော်ကိုယ်တိုင် သီးသန့်ပြဆိုထားသည်။)

ရေးသားစီရင်၍ အားကောင်းနေစဉ် ဒုတိယကမ္ဘာစစ် ဖြစ်လာသည်။ ထို့ပြင် ရှေး ဝိပါက်ကြမ္မာကြောင့် မျက်စိတော်တစ်ဖက် ကွယ်သွားခဲ့ရသည်။ ကျန်တစ်ဖက်ဖြင့်သာ မျက်မှန်တပ်၍ ကြည့်ရှုစီရင်ရသည်။ စာကြည့်ရဖန်များသဖြင့် မျက်မှန်တပ်လည်း ရေးဖြစ်ရုံသာ မြင်ရတော့သဖြင့် မှန်ဘီလူး အကူအညီယူပြီး ကြည့်ယူရသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် "ပထမပြန်ခေတ်၊ ပါဠိတက္ကသိုလ်ခေတ်" ဖြစ်သော်လည်း ဆရာတော်၏ မျက်စိစွမ်းအင်မှာ ဗုဒ္ဓနိုင်ငံတော်ကျမ်းတွင်သာ အသုံးပြုနိုင်ပြီး စာချမှုအပိုင်းတွင်မူ အနည်းငယ်မျှသာ အားထုတ်နိုင်တော့သည်။ ရန်ကုန် စေတိယင်္ဂဏနှင့် မန္တလေး သကျသီဟ စာမေးပွဲများတွင် ပြဓာန်းသော ဘေဒစိန္တာ၊ ကစ္စာယနသာရ သဒ္ဒါငယ်ကျမ်းများကို ပို့ချမည့် စာချပုဂ္ဂိုလ် ဧရာဝတီတိုင်းတွင် နည်းပါးသည်။ သို့ဖြစ်ရာ ညောင်တုန်းမှ အရှင်သုစိတ္တ (ယခု ရန်ကုန်မြို့ ရွှေဟင်္သာတိုက်သစ်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ သကျသီဟ၊ စေတိယင်္ဂဏနှင့် အစိုးရဓမ္မာစရိယ)၊ အရှင်ဥက္ကဋ္ဌ (ယခု ဦးအေးနိုင်၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အစိုးရနှင့် စေတိယင်္ဂဏဝင်္ဃသကာဓမ္မာစရိယ အဘိဓမ္မာစာပေကျမ်းများပြု၊ လက်ထောက်ညွှန်ကြား ရေးမှူး(ငြိမ်း)သာသနာရေး)တို့သည် ၁,၃၀၆-ခုနှစ်တွင် ဖျာပုံမြို့၊ ဆရာတော်ထံသို့ သွားရောက်ကြပြီး သဒ္ဒါကျမ်းငယ်များကို သင်ယူကြသည်။

ဆရာတော်အတွက် ရန်ကုန်ရောက်လျှင် အဆင်ပြေစေရန် ရွှေတောင်တန်းလမ်း၊ တိုက်အမှတ်-၂၅၊ အထက်ဆုံးထပ်ကို ကျောင်းဒကာကြီး ဦးဘသင်က ကျောင်းအဖြစ် လှူထားသဖြင့် ဆရာတော် တည်းခိုနေထိုင်စဉ် ဖော်ပြပါ ၂-ပါးတို့က ဝေယျာဝစ္စပြုလျက် ပစ္စာသမဏတာဝန်ယူကြသည်။ ၁,၉၆၇-မှ ၁,၉၇၃-ခုနှစ်အထိမှာမူ မှတ်တမ်းရှင်မှာ ရန်ကုန်တွင် ဘာသန္တရသင်ယူနေပြီဖြစ်၍ ဆက်လက်တာဝန်ယူဆောင်ရွက်သည်။

ထိုင်း, ကမ္ဘောဒီးယား, ဗီယက်နမ်နိုင်ငံများသို့ သာသနာရေး မစ်ရှင်အဖွဲ့ဝင်အဖြစ် ဆရာတော်သည် ကြွရောက်တော်မူခဲ့သည်။ "မိမိတို့ ၎င်း၌နေထိုင်သမျှ ၁၀-ရက်လောက် ကာလမှာ"စသည်ဖြင့် ဗီယက်နမ် ထေရဝါဒသာသနာ ပြန်လည်တောက်ပလာခြင်း-အပိုင်းတွင် ကျမ်းပြုဆရာတော်ကိုယ်တိုင် တွေ့မြင်သမျှ မှတ်တမ်းတင်ခဲ့သည်။ (တတိယတွဲ၊ နှာ-၃၇၅)၊ "အင်ဒိုနီးရှားသာသနာပြုအဖွဲ့က ဗုဒ္ဓသာသနာအဖွဲ့ ( မြန်မာပြည်)သို့ သာသနာပြုစေလွှတ်ရန် ဖိတ်ကြားတောင်းပန်သည်တွင်– ဗုဒ္ဓသာသနာအဖွဲ့က ၁။ မဟာစည်ဆရာတော်၊ ၂။ အရှင်သေဋ္ဌိလ အဂ္ဂမဟာပဏ္ဍိတနှင့် ၃။ ဦးဉာဏုတ္တရ (ဤဆရာတော် မအားလပ်သဖြင့် ယင်းအစား) ကျမ်းပြုဆရာတော်တို့ဖြင့် ဖွဲ့စည်း၍ ဖိတ်ကြားသည်ကို လက်ခံထားသော်လည်း အကြောင်း မညီညွတ်သဖြင့် *(အဖွဲ့မှာ)* မသွားဖြစ်တော့ပေ။" (တတိယတွဲ၊ နှာ-၄၂၀)၊

တိပိဋကပါဠိ၊ မြန်မာအဘိဓာန်ကျမ်းကြီးတစ်စုံ ရှိနေရန် မြန်မာနိုင်ငံတွင် အလွန်ပင် လိုအပ်နေပေသည်။ သို့ဖြစ်ရာ ယင်းကျမ်းကြီးဖြစ်ပေါ်လာရန် ကြိုးစားအားထုတ်ကြရသည်။ ဤအဘိဓာန်ကြီးရေးသားရာ၌ (၁၇-၂-၅၇)တွင် ပဋိဝိသောဓကအဖွဲ့ဝင်အဖြစ်လည်းကောင်း (ယင်းနိဒါန်း၊ နှာ-၇၁)၊ (၂၉-၈-၅၈)တွင် အဘိဓာန်ကြီးအထူးအစည်းအဝေးအဖွဲ့ဝင်အဖြစ် လည်းကောင်း(ယင်းနိဒါန်း၊ နှာ-၇၂)၊ (၁၇-၆-၅၉)တွင် ဩသာနသောဓကအဖွဲ့ဝင်အဖြစ် လည်းကောင်း(ယင်းနိဒါန်း၊ နှာ-၇၂) ဆရာတော်သည် ပါဝင်ရေးသား ပြုစုတော်မူခဲ့သည်။ အင်္ဂလိပ်ဘာသာစာပေ၊ နက္ခတ္တဗေဒ၊ ဒဿနနှင့်ဝေဒဆိုင်ရာ သက္ကတကျမ်းများကိုပါ တတ်ကျွမ်းသဖြင့် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ရခြင်း ဖြစ်သည်။

"ပဌာန်း ၃-ချက်စုနှင့် ရာသီစုကို အင်္ဂလိပ်လို ပြန်ထားသည်"ဟု ဆရာတော် မိန့်ဖူးသည်။ သို့သော်လည်း ယင်းစာမူကို ရှာမတွေ့တော့ပါ။ ဆရာတော် ဉာဏ်စွမ်းအား ထက်မြက်သလောက် ဝီရိယစွမ်းအား၊ သဒ္ဓါစွမ်းအား ကြီးမားတော်မူသည်၊ အချိန်ကို အလဟဿမထား၊ အမြဲတမ်း လုပ်ငန်းတွင် ရှိနေသည်။ ၁-ညလျှင် ၃-နာရီခန့်နှင့် နေ့ဆွမ်း စားပြီး ၄၅-မိနစ်ခန့်မျှ ကျိန်းစက်တော်မူသည်။

မှတ်တမ်းရှင်မှာ ပညာပိုင်းအနေဖြင့် လမ်းညွှန်သင်ကြားမှုကို ခံယူရသည့် နောက်ဆုံးတပည့်လည်း ဖြစ်၍ ကျမ်းပြုဆရာတော်၏ ဥပဇ္ဈာယ်ဆရာဖြစ်သော တိုက်အုပ် ဆရာတော်ဘုရားကြီး၏ မြေးတော်စပ်သူလည်း ဖြစ်သဖြင့် ကျမ်းပြုဆရာတော်သည် အသက်အရွယ်လည်း ကြီး၊ အားလည်း မအားလပ်သည့်ကြားမှပင် ဟိန္ဒီ၊ သက္ကတ၊ အင်္ဂလိပ် စာပေများကို သင်ယူရာ၌ တတ်မြောက်အောင် အားပါးတရ ချီးမြှင့်မြောက်စား သင်ကြား ပေးတော်မူခဲ့ပါသည်။

ဆရာတော်သည် ဤမျှကြိုးစား၍ သာသနာပြုနေစဉ်တွင် ဤဗုဒ္ဓနိုင်ငံတော် ကျမ်းကြီး ၃-တွဲလုံးမှာ သာသနာတော်နှစ် ၂,၅၁၀-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁,၃၂၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇-ရက်၊ တနင်္ဂနွေနေ့တွင် "ဗုဒ္ဓဝါဒီနိုင်ငံတော် ကမ္ဘာကြီး တည်မြဲပါစေသတည်း"ဟု အာသီသပတ္ထနာပြုလျက် အဆုံးသတ် နိဂုံးချုပ်တော်မူသည်။ ဆရာတော်၏ဆန္ဒ ပြည့်ဝအောင်မြင်သွားတော်မူခဲ့ပါသည်။

ဘုရား၊ ရဟန္တာတို့သော်မှ မလွန်ဆန်နိုင်သော ဓမ္မတာသဘောအရ ဆရာတော် သည် ၁,၃၃၅-ခုနှစ်၊ သက်တော် ၈၀-တွင် ဇာတိဂင္ဂျန်ရွာသို့ ကျောင်းဆောက်လှူဒါန်းရန် ကိစ္စဖြင့် ကြွရောက်ခိုက် ထိုကျောင်း၌ပင် သွေးတိုးရောဂါဖြင့် တစ်ဘဝဇာတ်သိမ်း ကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

ဘဒ္ဒန္တသဒ္ဓိယ
(၂၅၊ ၈၊ ၀၈)

# ဗုဒ္ဓနိုင်ငံတော် (တတိယတွဲ)

## ဗုဒ္ဓ ဓမ္မ မသာရဏာ ကထာ

## ပုံတော်မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆရာတော် အရှင်သံဝရာဘိဝံသပုံ | [ ၉ ] |
| ၂။ | သီဟိုဠ်မြေပုံ | ၁၃၇ |
| ၃။ | ထိုင်းနိုင်ငံ ဗုဒ္ဓဘာသာ စေတီတော် | ၂၇၈ |
| ၄။ | ကမ္ဘောဒီးယား အန်ကောဝပ်ကျောင်းတော်ကြီး | ၃၁၄ |
| ၅။ | နေပါလနိုင်ငံ သယမ္ဘူစေတီတော် | ၃၂၉ |
| ၆။ | ဗီယက်နမ် ထေရဝါဒ ရုပ်ပွားတော် | ၃၅၃ |
| ၇။ | နေပါလနိုင်ငံ ဝတ်ကျောင်းတော် | ၃၅၉ |
| ၈။ | အင်ဒိုချိုင်းနားကျွန်းဆွယ် ဗုဒ္ဓသာသနာပြန့်နှံ့ခဲ့ရာဒေသများပြ မြေပုံ | ၃၆၆-၃၆၇ |
| ၉။ | ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ပုံ | ၃၇၆ |
| ၁၀။ | နာလန္ဒာမဟာဝိဟာရ၊ ဗိဟာပြည်နယ်၊ အိန္ဒိယ | ၄၈၀ |

# ဗုဒ္ဓနိုင်ငံတော် (တတိယတွဲ)

## ဗုဒ္ဓ ဓမ္မ ပသာရဏ ကဏ္ဍ

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သာသနာတော်နှစ် ၂,၀၀၀-အတွင်း ဗုဒ္ဓနိုင်ငံတော်အကျဉ်း | ၁ |
| ၂။ | မဟာယာနဂိုဏ်း၊ သာသနာအားနည်းလာခြင်း | ၆ |
| ၃။ | သာသနာတော်နှစ် ၂,၀၀၀-ကျော်က သာသနာစက်တည်ထွန်းရာ နိုင်ငံများ | ၇ |
| ၄။ | ဆင်ဖြူရှင်ဓမ္မစေတီမင်းတရားကြီး ခေါင်းလောင်းတော်ကြီးပူဇော်ရန်နှင့် သီဟိုဠ်မှ ပြန်လည်ကြွသည့် မထေရ်များကြိုဆိုရန် ထွက်တော်မူခြင်း | ၂၁ |
| ၅။ | နိုင်ငံတော်အဝှန်း၌ သံဃာတော်တို့အား စင်ကြယ်သော သိက္ခာတင်ခြင်း | ၂၅ |
| ၆။ | သာသနာနှစ် ၂,၀၀၀-ကျော် တရုတ်ပြည်၊ မဟာယာနဂိုဏ်းသာသနာ အကြောင်း | ၃၆ |
| ၇။ | သာသနာနှစ်၂,၀၀၀-ကျော် ဂျပန်ဗုဒ္ဓနိုင်ငံတော်အကြောင်း | ၄၁ |
| ၈။ | သာသနာနှစ် ၂၀၀၀-ကျော် တိဗက်သာသနာနိုင်ငံတော်အကြောင်း | ၄၉ |
| ၉။ | တိဗက်ပြည်၌ သာသနာနှစ် ၂,၀၀၀-ကျော်မှာ ဂိုဏ်းများ ကွဲပြားလာ ကြောင်း | ၅၁ |
| ၁၀။ | မဇ္ဈိမ သာသနာနှစ် ၂၀၀၀-အတွင်းမှ ၂၀၀၀-ကျော်ခေတ်အကြောင်း | ၅၃ |
| ၁၁။ | သာသနာတော် ၂,၀၀၀-ခေတ် မြန်မာနိုင်ငံသာသနာပုဂံခေတ်မှ ပင်းယ၊ စစ်ကိုင်း၊ အင်းဝသာသနာ | ၅၈ |
| ၁၂။ | ဥစ္စနာမင်း စကား ၇-ကျောင်း တည်တော်မူကာ သံဃာတော်များ ပင့်ဆောင်လှူဒါန်းခြင်း | ၅၉ |
| ၁၃။ | နောက်မင်းများလက်ထက် ဝတ္ထုကံမြေ လာဘ်သပ်ပကာ အကြောင်းပြု၍ ပွဲကျောင်းအလဇ္ဇီဂိုဏ်းများ ထွန်းကားလာခြင်း | ၆၁ |
| ၁၄။ | ဂုင်းကျော်စွာမင်း၏ အတ္ထုပ္ပတ္တိအကျဉ်း ၅-စီးရှင် သီဟသူဘွဲ့ဖြင့် ထီးနန်း သိမ်းမြန်းကြောင်း | ၆၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ပင်းယ ၅-စီးရှင် သီဟသူလက်ထက် ရှင်ယောင်တစ်ပါး နန်းတော်သို့ ဆွမ်းရပ်လာရာ စားတော်မခေါ်ဘဲ လျှုဒါန်းကြောင်း | ၆၄ |
| ၁၆။ | ပင်းယ ၄-စီးရှင်ကျော်စွာမင်းလက်ထက် ဆူးတွင်းပစ်ဆရာတော်အကြောင်း | ၆၅ |
| ၁၇။ | ပင်းယခေတ်၌ ပရိယတ်, ပဋိပတ်ထွန်းကားကြောင်း | ၆၇ |
| ၁၈။ | ပင်းယခေတ်၌ပင် ပွဲကျောင်းဂိုဏ်းနှင့် အရည်းဂိုဏ်းများ ရှိသေးကြောင်း | ၆၈ |
| ၁၉။ | ပွဲကျောင်းဂိုဏ်း လက်ဝှေ့အကျော် အောင်စည်းခုံ သံဃရာဇာဆရာတော် | ၆၉ |
| ၂၀။ | စစ်ကိုင်းမြို့ တည်ထောင်ခြင်း | ၇၀ |
| ၂၁။ | ရတနာပူရ အဝ သာသနာခေတ်အကြောင်း ပတူကြီးသံဃရာဇာ လောကီ အရာကျော်ကြားခြင်း | ၇၁ |
| ၂၂။ | အဝ ဒုတိယဘုရင်မင်းကြီး စွာစော်ကဲ လက်ထက်မှာလည်း သံဃရာဇာ ဂိုဏ်းလေးစားကြောင်း | ၇၃ |
| ၂၃။ | စွာစော်ကဲမင်းလက်ထက် ကျင့်ဝတ် ပဋိပတ်, ပရိယတ်နှင့် ပြည့်စုံသော မထေရ်များ ရှိသေးကြောင်း | ၇၄ |
| ၂၄။ | ၎င်းသံဃရာဇာဂိုဏ်းမှာ လောကစာပေများ သင်ကြားကာ လောကုတ္တရာ ကား နည်းပါး၍ ဦးထုပ်ဆောင်းဂိုဏ်းများ ဖြစ်ကြောင်း | ၇၄ |
| ၂၅။ | ၎င်းမင်းလက်ထက် ပင်းယစာကြို့သူမြတ်အကြောင်း | ၇၆ |
| ၂၆။ | မိုးညှင်းမင်းတရား စာကြို့သူမြတ်, မင်းကျောင်းသူမြတ်တို့နှင့် တိုင်ပင်၍ သက္ကရာဇ်ဖြို့ကြောင်း | ၇၇ |
| ၂၇။ | ၎င်းလက်ထက် သီဟိုဠ်ရောက် မထေရ် ၂-ပါး ဓာတ်တော်များ ပင့်လာ၍ ဆင်များရှင်စေတီတော် တည်တော်မူခြင်း | ၇၈ |
| ၂၈။ | မိုးညှင်းမင်းတရား၏ ကောင်းမှုကုသိုလ်များ | ၇၉ |
| ၂၉။ | ထူပါရုံစေတီတော်ဒါယကာ နရပတိမင်းတရားလက်ထက် ပုဂံရှေးသာသနာဝင် ရေငုံဆရာတော်နှင့်၎င်းသာသနာဝင် အရှင်မဟာအရိယဝံသမထေရ်များအကြောင်း | ၈၀ |
| ၃၀။ | အရှင်အရိယဝံသမထေရ် ရေငုံဆရာတော်ထံ ၃-ရက်ကြာမျှ ဋီကာကျော်သင်ကြားတတ်မြောက် အဖွင့်ရေးရန် တိုက်တွန်းခြင်း | ၈၂ |
| ၃၁။ | ထိုမထေရ်မြတ် မင်း ၃-ဆက် ဒုတိယမင်းခေါင်လက်ထက်တိုင်ကျော်ကြား ၍ ၎င်းအဆက်အနွယ်ဝင် မထေရ်များအကြောင်း | ၈၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၂။ | အရှင်တိသာသနဓဇမထေရ်အကြောင်း အကျဉ်းအတ္ထုပ္ပတ္တိ | ၈၅ |
| ၃၃။ | "ဂ-ငယ် ၃-ခု၊ ဥဿျစ်ထု"သာသနာ-၂,၀၇၀၊ သက္ကရာဇ် ၈၈၈-ခု၊ ရှမ်းသိုဟန်ဘွား သာသနာဖျက်ဆီးကြောင်း | ၈၆ |
| ၃၄။ | အရှင်သဒ္ဓမ္မကိတ္တိ, အရှင်မဟာသူတော်ကြီး, ရှင်တိသာသနာဓဇတို့ လွတ်မြောက်ကာကေတုမတီတောင်ငူသို့ ကြွရောက်သီတင်းသုံးကြကြောင်း | ၈၇ |
| ၃၅။ | အရှင်တိသာသနဓဇ မိုးဖြိုနရပတိမင်းလက်ထက် သက္ကရာဇ် ၉၁၃-ခုနှစ်၊ ရတနာပူရ အဝနေပြည်တော်သို့ ရောက်ကြောင်း | ၈၈ |
| ၃၆။ | ဟံသာဝတီ ဆင်ဖြူများရှင်မင်းတရား အရှင်တိသာသနဓဇအား ဇေတဝန်ကျောင်း၌ ရွှေကျောင်းဆောက်လုပ် လှူဒါန်းကြောင်း | ၈၉ |
| ၃၇။ | အရှင်တိသာသနဓဇ အနွယ်ဝံသနှင့် ဦးထုပ်တာလပတ် မဆောင်းမကိုင် နောက်တပည့်အဆက်တို့ကား အများလိုက်၍ ဆောင်းကြကြောင်း | ၉၁ |
| ၃၈။ | အရှင်ဥတ္တမကျော်ပုဂ္ဂိုလ်သူမြတ်အကြောင်း | ၉၂ |
| ၃၉။ | အရှင်တိသာသနဓဇသည် တောင်တွင်းဆရာတော် အရှင်ဥတ္တမကျော်ထံ စာပေသင်ကြားကြောင်း | ၉၄ |
| ၄၀။ | သာသနာ ၂,၀၀၀-ကျော်ခေတ်မှာ ဟံသာဝတီပြည်, သီရိခေတ္တရာတို့ သာသနာထွန်းကားလျက်ရှိကြောင်း | ၉၆ |
| ၄၁။ | အဝဒုတိယသာသနာခေတ် ညောင်ရမ်းမင်းတရား အဝနေပြည်တော် ထပ်မံတည်ထောင် သာသနာပြုကြောင်း | ၉၈ |
| ၄၂။ | ၎င်းညောင်ရမ်းမင်းတရား အဆက်အနွယ်များ သာသနာတော်ဆက်ခံ ပြုစုကြကြောင်း | ၁၀၀ |
| ၄၃။ | ဘားမဲ့ဆရာတော် အဝသို့ရောက်လာ၍ လောကနှင့်သာကိုးကွယ်ကြောင်း သာသနာဝင် မပါကြောင်း | ၁၀၁ |
| ၄၄။ | သီလဂုဏ်အားဖြင့် ကျော်ကြားတော်မူသော တောင်ဘီလာဆရာတော် နှင့် ပုဂ္ဂိုလ်ကျော်များ | ၁၀၃ |
| ၄၅။ | သာလွန်မင်းတရားကြီး ဟံသာဝတီနေပြည်တော်၌ ယာယီစံနေတော်မူ သည်တွင် အကျော် ၃-ပါးကို ပင့်တော်မူကြောင်း | ၁၀၅ |
| ၄၆။ | တိပိဋကာလင်္ကာရအကျော် ဆရာတော်သည် တောင်ဘီလာသို့ တောထွက်ကာ တောင်ဘီလာဆရာတော်-ဟုကျော်ကြားကြောင်း၊ ရွှေဥမင် ဆရာတော် အရှင်ဇမ္ဗုဓဇမထေရ်နှင့် သွားရောက် တွေ့ဆုံတော်မူကြောင်း | ၁၀၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၇။ | သာလွန်မင်းတရားကြီးလက်ထက် လေးထပ်ဆရာတော်အကြောင်း | ၁၀၈ |
| ၄၈။ | သာလွန်မင်းတရားကြီး ရာဇမဏိစူဠာ (ကောင်းမှုတော်)စေတီတော်ကြီးနှင့် ကျောင်းတော်ကြီးများ တည်ထားတော်မူကြောင်း | ၁၁၀ |
| ၄၉။ | သားတော် မင်းရဲရန္တမိတ်လက်ထက် သာသနာတော်အကြောင်း | ၁၁၁ |
| ၅၀။ | ညီတော် ပြည်မင်းလက်ထက် သာသနာတော် | ၁၁၁ |
| ၅၁။ | မဟာသီဟသူရဓမ္မရာဇာဘွဲ့ခံ နရာဝရမင်းလက်ထက် တိလောကဂုရုမထေရ်အကြောင်း | ၁၁၄ |
| ၅၂။ | သာသနာ ၂၂၄၂-ခု၊ သက္ကရာဇ် ၁၀၆၀-ပြည့်၊ မာရ်အောင်ရတနာစေတီတော် ဒါယကာမင်းတရားလက်ထက် အတင်ဂိုဏ်း, အရုံဂိုဏ်း ကွဲပြားခြင်း | ၁၁၅ |
| ၅၃။ | ဟံသာဝတီရောက်မင်းလက်ထက် အရုံ-ကျော်အောင်စံထားဆရာတော်နှင့် အတင်-အရှင်ပါသံသတို့အကြောင်း | ၁၁၈ |
| ၅၄။ | အလောင်းမင်းတရားကြီး တိုင်းပြည် တဲ့ပြန်တည်ထောင် သာသနာပြုကြောင်း | ၁၁၉ |
| ၅၅။ | အလောင်းမင်းတရားကြီးသားတော်ကြီး၊ ဇေယျာပူရ၊ ဒုတိယစစ်ကိုင်းမြို့တည်မင်းလက်ထက် မ-ကာရလောပဆရာတော်ခင်ကြီးပျော်အကြောင်း | ၁၂၀ |
| ၅၆။ | အတင်,အရုံအဓိကရုဏ်း မင်းတရားကြီးဆုံးဖြတ်ပြဌာန်းတော်မူကြောင်း | ၁၂၁ |
| ၅၇။ | ဘိုးတော်မင်းတရားလက်ထက် အတင်,အရုံ-ဝိဝါဒ ထပ်မံ၍ ပြေငြိမ်းကြောင်း, ဆရာတော်တို့ ဝန်ခံတော်မူကြသည့်အတိုင်း သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်ဖြင့် သာမဏေများ ရှာသို့ဝင်ကြောင်း | ၁၂၂ |
| ၅၈။ | အလောင်းမင်းတရား ဆရာတော်အတုလယသဦးပန်းထွေးအား သာသနာတော်မှ နှင်ထုတ်ကြောင်း | ၁၂၃ |
| ၅၉။ | အလောင်းမင်းတရားကြီး ဆရာတော် အတင်ဂိုဏ်း အရှင်ယသတင်ပြသော အဆက်အနွယ်နှင့် အရှင်နန္ဒမာလာ အရုံဂိုဏ်းဆရာတော်တင်ပြသော အဆက်အနွယ်များအကြောင်း | ၁၂၅ |
| ၆၀။ | ပင်းယ စကား ၇-ကျောင်း မထေရ် အဆက်အနွယ်များ | ၁၂၈ |
| ၆၁။ | ထူပါရုံ စေတီတော်ဒါယကာ ဘုရင်နရပတိလက်ထက် ထင်ရှားသော ရေငုံဆရာတော် အစဉ်အဆက် | ၁၃၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၂။ | မင်း ၇-ဆက် ၈၆-နှစ်ရှည်ကြာသည့် အတင်,အနုံဂိုဏ်းဝိဝါဒ ပြီးပြတ်ပြီး သာသနာတိုးတက်လာကြောင်း | ၁၃၃ |
| ၆၃။ | ပင်းယခေတ်မှစ၍ အလင်္ကာပွဲကျောင်းဂိုဏ်းများ ထွန်းကားလာကြောင်း | ၁၃၄ |
| ၆၄။ | သာသနာနှစ် ၂,၀၀၀-ကျော် သီဟိုဠ်ကျွန်း ဗုဒ္ဓနိုင်ငံတော် | ၁၃၈ |
| ၆၅။ | သာသနာနှစ်၂,၀၀၀-ကျော် ပေါ်တူဂီဝင်ရောက်လာကြောင်း | ၁၃၉ |
| ၆၆။ | သာသနာနှစ်၂,၁၀၀-ကျော် ဒပ်(ချ)၊ ဟော်လန်တို့အကြောင်း | ၁၄၆ |
| ၆၇။ | ကိတ္တိသိရိရာဇာသီဟမင်းလက်ထက် နိုင်ငံခြားတို့မှ သာသနာအသစ်ယူရကြောင်း | ၁၅၂ |
| ၆၈။ | သန္ဒေသကထာ သာသနာပြုမှတ်တမ်းများ | ၁၅၉ |
| ၆၉။ | သာသနာနှစ် ၂,၀၀၀-ကျော် မြန်မာနိုင်ငံကုန်းဘောင်ခေတ်သာသနာအကြောင်း | ၁၆၂ |
| ၇၀။ | မင်းတရားကြီးလက်ထက် နိုင်ငံခြားသားများနှင့် ဘာသာခြားများဝင်ရောက်ခြင်း | ၁၆၈ |
| ၇၁။ | ကုန်းဘောင်ခေတ် နောင်တော်ကြီးမင်းလက်ထက် သာသနာအကြောင်း | ၁၇၀ |
| ၇၂။ | ဆရာတော်ဦးဗုဒ်အကြောင်း | ၁၇၁ |
| ၇၃။ | ဘကြီးတော်လက်ထက်၌ ခရစ်ယာန်ဘာသာကြီးပွါးလာခြင်း | ၁၇၃ |
| ၇၄။ | ကုန်းဘောင်, ရွှေဘိုမင်းလက်ထက် သာသနာအကြောင်း | ၁၇၄ |
| ၇၅။ | ရွှေဘိုမင်းလက်ထက် သီးလုံးဆရာတော်အကြောင်း | ၁၇၅ |
| ၇၆။ | ကုန်းဘောင်ခေတ် ပုဂံမင်းလက်ထက် သာသနာအကြောင်း | ၁၇၇ |
| ၇၇။ | ကုန်းဘောင်ခေတ် မန္တလေးသာသနာအကြောင်း | ၁၇၉ |
| ၇၈။ | ရတနာပုံနေပြည်တော် တည်ထောင်ဖန်ဆင်းတော်မူခြင်း | ၁၈၁ |
| ၇၉။ | အဘိဓမ္မာပိဋကတ်တော် | ၁၈၅ |
| ၈၀။ | ဝိနည်းပိဋကတ်တော် | ၁၈၅ |
| ၈၁။ | ပိဋကတ်တော်တို့ကို ကျောက်ထက်အက္ခရာ တင်တော်မူခြင်း | ၁၈၆ |
| ၈၂။ | ရတနာပုံမြို့တည်မင်းတရားကြီးလက်ထက် ရွှေကျင်ဂိုဏ်းကြီးဖြစ်ထွန်းလာခြင်း အကြောင်း | ၁၈၉ |
| ၈၃။ | မန္တလေး၊ ဒုတိယနန်းစံ၊ သီပေါမင်းလက်ထက် သာသနာအကြောင်း | ၁၉၆ |
| ၈၄။ | သုဓမ္မာဝင်ဆရာတော်များ သာသနာပြုတော်မူကြခြင်းအကြောင်း | ၁၉၉ |

ဦးရေ | အကြောင်းအရာ | စာမျက်နှာ


၈၅။ မန္တလေးအင်္ဂလိပ်မင်းများလက်ထက် သာသနာနှင့်သာသနာပိုင် သုဓမ္မာအဖွဲ့၊ တစ်ကျိပ်နှစ်ပါးသာသနာပြုအဖွဲ့၊ ကွဲပြားလာကြောင်း ၂၀၁
၈၆။ တစ်ကျိပ်နှစ်ပါးဆရာတော်များ ဂိုဏ်းသီးခြားဖွဲ့ခြင်း ၂၀၂
၈၇။ မြန်မာနိုင်ငံအောက်ပိုင်း တောရဂိုဏ်းဖြစ်ထွန်းခြင်း ၂၀၄
၈၈။ ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံတော်မူခြင်း ၂၀၆
၈၉။ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးအား ရွှေကျင်သာသနာ့ဦးကိုင်သာသနာပိုင်တင်မြှောက်ကာ သာသနာပြုခြင်းအကြောင်း ၂၀၈
၉၀။ ဒွါရဝါဒီဂိုဏ်းနှင့် ကမ္မဝါဒီဂိုဏ်း ကွဲပြားလာခြင်းအကြောင်း ၂၁၄
၉၁။ အင်္ဂလိပ်မင်းများနှင့် မြန်မာနိုင်ငံသာသနာ ၂၁၉
၉၂။ ရန်ကုန်မြို့တော် စေတိယင်္ဂဏပရိယတ္တိသာသနဟိတအသင်း တည်ထောင်ခြင်း ၂၂၁
၉၃။ အခြား သာသနာကြီးပွားရေး အသင်းအဖွဲ့များ ၂၂၂
၉၄။ အင်္ဂလိပ်ခေတ် ထင်ရှားသော ဆရာတော် ၂-ပါးအကြောင်း ၂၂၃
၉၅။ မန်လည်ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိအကျဉ်း ၂၂၇
၉၆။ အင်္ဂလိပ်မင်းလက်ထက် သံဃသာမဂ္ဂီသာသနာအကြောင်း ၂၃၀
၉၇။ မြန်မာနိုင်ငံတော် သာသနာ့ဝင်အစဉ်အဆက်အကြောင်း ၂၃၁
၉၈။ ရွှေကျင်သာသနာ့ဝင် မထေရ်အစဉ်အဆက်အကြောင်း ၂၃၅
၉၉။ ငှင်းပင်းယသာသနာအဆက်အကြောင်း ၂၃၇
၁၀၀။ ရှမ်းပြည်နယ် သာသနာကျယ်ပြန့်ခြင်း ၂၃၉
၁၀၁။ ရှမ်းပြည်နယ် သာသနာ့ဝင် ၂၄၀
(က) မင်းကျော်ဂိုဏ်း ၂၄၁
(ခ) ဒုကုန့်တင်ဂိုဏ်း ၂၄၂
(ဂ) တောနေဂိုဏ်း ၂၄၂
(ဃ) သောနေဂိုဏ်း ၂၄၃
(င) ယွန်းဂိုဏ်း ၂၄၄
(စ) ပွဲကျောင်းဂိုဏ်း ၂၄၄
(ဆ) ဇောတိဂိုဏ်း ၂၄၅

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၀၂။ ရှမ်းပြည် စာပေကျမ်းဂန်တတ်ကျွမ်းသော ပုဂ္ဂိုလ်များအကြောင်း ၂၄၆
(က) မိုင်းပန်ဆရာတော်ဘုရားကြီး ၂၄၇
(ခ) ဆရာတော်ကြီးကန်ဆေး ၂၄၈
(ဂ) မန်းယုတ်ဆရာတော် ၂၄၉
(ဃ) ကျမိုင်းစောနောင်ခမ်း ၂၅၀
(င) ချင်းအမတ် ပိန်နောင်း ၂၅၀
၁၀၃။ ရှမ်းပြည်နယ်ပဒေသရာဇ် ခရိုင်နယ်များ၌ သာသနာပြုကြခြင်း ၂၅၁
၁၀၄။ ရှမ်းပြည်နယ်တောင်ပိုင်း, မြောက်ပိုင်းစော်ဘွားကြီးများ သာသနာပြုကြ
ကြောင်း ၂၅၁
၁၀၅။ ဝင်္ကတိုင်းဗုဒ္ဓသာသနာ ၂၅၅
၁၀၆။ ၎င်းဝင်္ကတိုင်း စက္ကမလူမျိုးများ ၂၅၇
၁၀၇။ ဝင်္ကတိုင်း ရခိုင်ဗုဒ္ဓသာသနာ ၂၅၈
၁၀၈။ အရှေ့ ဝင်္ကတိုင်း ဗင်္ဂါလီဗုဒ္ဓဘာသာ ၂၅၉
၁၀၉။ ဝင်္ကတိုင်း အရှေ့ပိုင်း ဗုဒ္ဓဘာသာ အနုပညာများ ၂၆၁
၁၁၀။ ကွဲပြားသော ဂိုဏ်းဝါဒများ ၂၆၆
၁၁၁။ ယိုးဒယားသာသနာ ၂၇၁
၁၁၂။ ဒွါရာဝတီခေတ် ၂၇၃
၁၁၃။ သီရိဝိဇယခေတ် ၂၇၄
၁၁၄။ လော့ပ်ဘူရီခေတ် ၂၇၆
၁၁၅။ ယိုးဒယားဗုဒ္ဓနိုင်ငံတော် ၂၇၉
၁၁၆။ အဲ-လာအိုခေတ် ၂၇၉
၁၁၇။ နန်ခအိုခေတ် ၂၈၀
၁၁၈။ လက်ာဝံသခေတ် ၂၈၂
၁၁၉။ ကမ္ဘောဒီးယား ခမာနိုင်ငံသာသနာတော် ၂၈၇
၁၂၀။ ကမ္ဘောဒီးယားခေတ် သာသနာ ၃၀၇
၁၂၁။ ဗုဒ္ဓဘာသာအဖွဲ့အစည်း စည်းမျဉ်းဥပဒေသ ၃၀၉
၁၂၂။ ဘုန်းကြီးကျောင်းနှင့်ဘုန်းကြီးများ ၃၁၆
၁၂၃။ ဘုန်းကြီးကျောင်းနှင့် နိုင်ငံသား ၃၁၇

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၄။ | ကျောင်း, ကန်, ဘုရား, ကမ္ဘောဒီးယား | ၃၁၈ |
| ၁၂၅။ | ကမ္ဘောဒီးယားသာသနာဂိုဏ်းများ | ၃၂၇ |
| ၁၂၆။ | ဗီ-ယက်-နမ်၊ အာနမ်ပြည် ဗုဒ္ဓသာသနာတော် | ၃၃၀ |
| ၁၂၇။ | ဗုဒ္ဓဘာသာရောက်လာခြင်း | ၃၃၁ |
| ၁၂၈။ | ငိုဘုရင်မျိုးများတော်လှန်ကာ သာသနာအားနည်းလာခြင်း | ၃၃၂ |
| ၁၂၉။ | ဒင်မင်းမျိုးများလက်ထက် သာသနာတိုးတက်လာကြောင်း | ၃၃၃ |
| ၁၃၀။ | ဗီယက်နမ်၌ လီမင်းမျိုးများ ပြောင်းလဲလာကြောင်း | ၃၃၅ |
| ၁၃၁။ | လိုင်မင်းမျိုးများ၏ခေတ် သာသနာတော်အကြောင်း | ၃၃၆ |
| ၁၃၂။ | ၎င်း တတိယမြောက်မင်းလက်ထက် အံ့သြဖွယ်ရာ အဖြစ်အပျက်တစ်ခု | ၃၃၈ |
| ၁၃၃။ | လိုင်-နန်-ထွန်ဘုရင်လက်ထက် ကောန်ဖြူရှင်းဝါဒ နှောင့်ယှက်လာကြောင်း | ၃၃၉ |
| ၁၃၄။ | တြန်မင်းမျိုးများ သာသနာဆက်ပြုကြောင်း | ၃၃၉ |
| ၁၃၅။ | မျက်မှောက်ခေတ် ဗုဒ္ဓသာသနာတော် | ၃၄၃ |
| ၁၃၆။ | ဗီယက်နမ်၊အာနမ်ပြည်ထေရဝါဒသာသနာပြန်လည်တောက်ပလာခြင်း | ၃၄၅ |
| ၁၃၇။ | မြို့တော်နှင့်နယ်ရှိ ထေရဝါဒကျောင်းများ | ၃၅၁ |
| ၁၃၈။ | လာအို၊ လောနိုင်ငံ ဗုဒ္ဓသာသနာ | ၃၅၄ |
| ၁၃၉။ | ဗုဒ္ဓသာသနဝိဇ္ဇာလယ ဗုဒ္ဓဘာသာသင်နည်းဥပဒေ | ၃၆၀ |
| ၁၄၀။ | ဗုဒ္ဓဓမ္မ သိက္ခာလယ ဗုဒ္ဓတရားသင်ကြားရေးဌာန | ၃၆၁ |
| ၁၄၁။ | ရာဇဝင်နှင့် သာသနာဝင်အထိမ်းအမှတ်များ စောင့်ရှောက်ခြင်း | ၃၆၁ |
| ၁၄၂။ | နေပါလ(နီပေါ)နိုင်ငံ ဗုဒ္ဓသာသနာ | ၃၆၅ |
| ၁၄၃။ | ဆိက္ကင်ပြည် ဗုဒ္ဓသာသနာ | ၃၆၉ |
| ၁၄၄။ | မွန်တိုင်းပြည် ဗုဒ္ဓသာသနာ | ၃၇၀ |
| ၁၄၅။ | ဟံသာဝတီပြည်ကြီး ပြန်လည်ထူထောင်ခြင်း | ၃၇၇ |
| ၁၄၆။ | ယက္ခပူရ ရခိုင်ပြည် ဗုဒ္ဓသာသနာ | ၃၈၁ |
| ၁၄၇။ | တံဆိပ်တော် ၃-တန်ရ အရှင်သာရမေဓာ သာသနာပိုင်ဆရာတော်၏ အဖြစ်တော်စဉ် | ၃၈၇ |
| ၁၄၈။ | သာရာလင်္ကာရဆရာတော်ပံ့လွန်တော်မူ၍ အရှင်သာရမေဓာ ဆက်လက်သာသနာပြုကြောင်း | ၃၈၈ |

ဦးရေ | အကြောင်းအရာ | စာမျက်နှာ


၁၄၉။ အရှင်သာရမေဓာဆရာတော်အား ဘွဲ့တံဆိပ်တော်ကပ်ခြင်း ၃၈၉
၁၅၀။ အရှင်သာရမေဓာသာသနာပိုင်ဆရာတော် ဘင်္ဂလားနယ်သို့ သာသနာပြု ကြွတော်မူခြင်း ၃၉၁
၁၅၁။ အရှင်သာရမေဓာမထေရ်အား ဒုတိယတံဆိပ်ဆက်ကပ်ခြင်း ၃၉၃
၁၅၂။ သံဃရာဇာဆရာတော် တတိယတံဆိပ်တော်ခံယူခြင်း ၃၉၅
၁၅၃။ မလေး၊ စင်္ကာပူ ဗုဒ္ဓသာသနာ ၃၉၈
၁၅၄။ စင်္ကာပူမြို့တော် ၃၉၉
၁၅၅။ ထိုင်ဝမ်၊ ဟောင်ကောင် ဗုဒ္ဓသာသနာအကျဉ်းပြ ၃၉၉
၁၅၆။ ဟောင်ကောင်ကျွန်း ၄၀၀
၁၅၇။ အင်ဒိုနီးရှားနိုင်ငံ ရှေးကသာသနာထွန်းပခြင်း ၄၀၀
၁၅၈။ ၎င်းကျွန်းစု၌ ဟိန္ဒူနှင့် မူဆလင်ဘာသာများ လွှမ်းလာခြင်း ၄၀၃
၁၅၉။ အင်ဒိုနီးရှား၌ ထေရဝါဒသာသနာပြုစုခြင်း ၄၀၄
၁၆၀။ သာသနာပြုမည့် မစ္စတာဘွန်းအန်အား ဥပသမ္ပဒရဟန်းပြုပေးခြင်း ၄၀၅
၁၆၁။ သာသနာပြုရန် ထေရဝါဒနိုင်ငံများသို့ ပင့်လျှောက်ခြင်း ၄၀၆
၁၆၂။ သာသနာပြုကြွခြင်း ၄၀၇
၁၆၃။ ပထမဆုံးရှင်ပြုပွဲ ၄၀၈
၁၆၄။ ဒုတိယရှင်ပြုပွဲ၊ သိမ်သမုတ်ရဟန်းပြုပွဲများနှင့် ဝိဟာရဗုဒ္ဓဂယာကျောင်း ဝေသာခပွဲတော် ၄၁၀
၁၆၅။ ဗုဒ္ဓဂယာဝိဟာရ၌ ဝေသာခပွဲတော်ကျင်းပခြင်း ၄၁၁
၁၆၆။ ပထမရဟန်းခံပွဲ ၄၁၂
၁၆၇။ ဗောရောဗူဒူးစေတီတော်အကြောင်းနှင့် ဝေသာခပွဲတော်ကြွကြခြင်း အကြောင်း ၄၁၃
၁၆၈။ ၎င်းစေတီတော်၏ ပုံသဏ္ဌာန်နှင့် အတ္ထုပ္ပတ္တိအကျဉ်း ၄၁၅
၁၆၉။ ဆင်းတုတော် ၄-မျိုး ၄၁၆
၁၇၀။ ရုပ်လုံးဇာတ်ကားများ ၄၁၇
၁၇၁။ စေတီတော်ကြီးအပေါ်၌ ပရိတ်မေတ္တာဘာဝနာပွားကြခြင်း ၄၁၈
၁၇၂။ ဩစထရေးလီးယား(ဩစတြေးလျ) ဗုဒ္ဓသာသနာအကြောင်း ၄၂၀

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၁၇၃။ နယူးဆောက်သ်ဝေလ်စ် ဗုဒ္ဓစ်တ်ဆိုးဆိုက်ယတီး တောင်ဝေလနယ်သစ် ဗုဒ္ဓဘာသာအသင်း ၄၂၄
၁၇၄။ ဥရောပနိုင်ငံများသို့ ရှေးဦးစွာ ဗုဒ္ဓဝါဒပြန့်နှံ့လာခြင်း ၄၂၉
၁၇၅။ ဥရောပ၌ ပါဠိလိုက်စား၍ အဘိဓာန်များ ရေးသားထုတ်ဝေခြင်း ၄၃၆
၁၇၆။ ဥရောပ၌ ဗုဒ္ဓဘာသာအသင်းကြီးများ တည်ထောင်လာခြင်း ၄၃၉
၁၇၇။ အရှင်အာနန္ဒမေတ္တေယျ၊ အင်္ဂလိပ်ရဟန်းတော်အကြောင်း ၄၄၂
၁၇၈။ မဟာဗောဓိအသင်း အနဂါရိက ဓမ္မပါလသာသနာပြုခြင်း ၄၄၄
၁၇၉။ ဆရာတော်အရှင်သေဋ္ဌိလ အင်္ဂလန်၌ ဆက်၍ သာသနာပြုကြောင်း ၄၄၆
၁၈၀။ ဂျာမနီ, ဖရင်းစ်စသော နိုင်ငံများသို့ ဗုဒ္ဓသာသနာ ပြန့်နှံ့ခြင်းအကြောင်း ၄၄၇
၁၈၁။ ဥရောပတိုက်သားတို့ ထေရဝါဒဗုဒ္ဓဘာသာကို နှစ်သက်သူများ၍ရဟန်းအဖြစ် အချို့ယူကြကြောင်း ၄၅၂
၁၈၂။ ဂျာမန်ရဟန်းတော် အရှင်ဉာဏတိလောက မဟာထေရ်အကြောင်း ၄၅၃
၁၈၃။ ဂျာမန်၌ ဗုဒ္ဓအဆောက်အဦးအကြောင်း ၄၅၅
၁၈၄။ မဟာယာနဗုဒ္ဓဝါဒ ဥရောပအကြောင်း ၄၅၅
၁၈၅။ အမေရိကနိုင်ငံ ဗုဒ္ဓသာသနာရောက်ခြင်းအကြောင်း ၄၅၇
၁၈၆။ အမေရိက၌ ထေရဝါဒဗုဒ္ဓအယူ စ,ရောက်ခြင်းအကြောင်း ၄၅၉
၁၈၇။ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အရှင်သေဋ္ဌိလအား အမေရိက မိချီဂန်ယူနီဗာစီတီမှ ထေရဝါဒဗုဒ္ဓတရားဟောကြားရန် ပင့်ဖိတ်ခြင်း ၄၆၁
၁၈၈။ ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာအစည်းအရုံးကြီးအကြောင်း ၄၆၃
၁၈၉။ အဆုံးသတ် အာသီသပတ္တနာ ၄၆၆

✪ ✪ ✪ ✪ ✪

# အရှင်သံဝရာဘိဝံသ

# ဗုဒ္ဓနိုင်ငံတော်

## (တတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဗုဒ္ဓဓမ္မပသာရဏ တတိယကဏ္ဍ

## ဗုဒ္ဓတရားတော် ပြန့်နှံ့ခြင်း (တတိယပိုင်း)

### သာသနာတော် ၂၀၀၀-အတွင်း ဗုဒ္ဓနိုင်ငံတော်(အကျဉ်း)

ဤတတိယကဏ္ဍသည်ကား ဗုဒ္ဓသာသနာတော် ၂၀၀၀-ကျော်ခေတ် အဖြစ်အပျက်တို့ကို ပြဆိုရာဖြစ်၍ ဗုဒ္ဓဓမ္မပသာရဏကဏ္ဍ အတွဲ ၂-က ရေးသားပြဆိုခဲ့ပြီးသော သာသနာခေတ် အဖြစ်အပျက်များကိုလည်း အကျဉ်းအားဖြင့် ပြန်လည်သုံးသပ်ရန် လိုအပ်သည်အားလျော်စွာ ဤကဏ္ဍ၏ ပဏာမအနေအားဖြင့် ရေးသားဖော်ပြရပေမည်။

မြတ်စွာဘုရား၏ အဆုံးအမတော်ဟူသော သာသနာတော်မြတ်ကြီးသည်ကား ဘုရားရှင် ထင်ရှားရှိတော်မူစဉ်က မဇ္ဈိမမဏ္ဍိုင် အလယ်ပိုင်းတိုင်းနိုင်ငံများ၌ တည်ထွန်းတောက်ပ၍ သက်တော်ထင်ရှားမရှိသည့် နောက်ခေတ်များမှာ သာသနာတော်ကို ကြည်ညိုလေးစားတော်မူကြသော သံဃာတော်မထေရ်မြတ်များနှင့် သာသနာတော်၌ သက်ဝင်

ယုံကြည်လေးမြတ်ကြသော မင်းကောင်းမင်းမြတ်များ အားထုတ်ပြုစုကြသဖြင့် "နောင်သော အခါ ဘုရားသာသနာတော်သည် ပစ္စန္တအစွန်အနား တိုင်းနိုင်ငံများ၌ တည်ထွန်းလတ္တံ့" ဟူသော အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ် မြင်တော်မူသည့်နှင့်အညီ ထိုအရှင်မြတ်နှင့် ညှိနှိုင်းတိုင်ပင်တော်မူကာ သာသနာဝင်တွင် အထင်ရှားဆုံးဖြစ်သော ဒေဝါနံပိယ-ဒဿီ အသောကဓမ္မရာဇာမင်းတရားကြီးသည် ၉-တိုင်း, ၉-ဌာနခွဲဝေလျက် အစွန်အဖျား ပစ္စန္တနိုင်ငံများသို့ သာသနာပြု, သာသနာ့ဒါယကာ ခံယူတော်မူခဲ့လေသည်။

ဤသို့ မင်းတရားကြီးနှင့်တကွ မထေရ်မြတ် စေလွှတ်တော်မူအပ်သော ၉-နယ်များမှ မဇ္ဈိမခရိုင်ကို ဗဟိုထား၍–

ရင်းမှ တောင်ပိုင်းဒက္ခိဏာပထတိုင်းဖြစ်သော ကလိင်္ဂတိုင်း, အန္ဓတိုင်း, စောဠတိုင်း, မဟိံသတိုင်း, ပဏ္ဍုတိုင်းများနှင့် လင်္ကာဒီပကျွန်းအလုံးသို့လည်းကောင်း

ရင်းအလယ်ပိုင်းမှ အနောက်ပိုင်းဘက်ကျသော မဟာရဋ္ဌတိုင်း, အပရန္တတိုင်း, သူရဋ္ဌတိုင်း စသော အနောက်သမုဒ္ဒရာလျှင် အဆုံးရှိသော တိုင်းနိုင်ငံများသို့လည်းကောင်း

ရင်းအလယ်ပိုင်းမှ အနောက်မြောက်ပိုင်း ဥတ္တရပထတိုင်း နိုင်ငံများဖြစ်သော ကသ္မီရတိုင်း, ဂန္ဓာရတိုင်း, ကမ္ဘောဇတိုင်း, ယောနကတိုင်း (ပါသျှမ်၊ ဂရိက်) တိုင်းနိုင်ငံများသို့လည်းကောင်း

ရင်းမဇ္ဈိမတိုင်းနိုင်ငံများမှ အပြင်ကျသော သုဝဏ္ဏဘူမိတိုင်းဟု ဆိုအပ်သော ရာမညတိုင်း, ဥဒယ(ဥထယ-ထိုင်း) တိုင်းနိုင်ငံများသို့လည်းကောင်း

ရင်းမဇ္ဈိမတိုင်းမှ မြောက်ဘက်ကျသော နိပါလ(*နီပေါ*)တိုင်း, ဘူတန်တိုင်း, ခိုတန်တိုင်း, ဆိက္ကန်တိုင်းများသို့လည်းကောင်း-

ဗုဒ္ဓသာသနာ့ နိုင်ငံတော်အာဏာစက်သည် ကျယ်ပြန့်သွားခဲ့လေသည်။

သာသနာတော် အနှစ် ၅၀၀-နှင့် ၅၀၀-ကျော် ခေတ်အတွင်း၌ကား အသောကမင်းတရားကြီး တည်ထောင်ပြုစုခဲ့သည့် သာသနာ့နိုင်ငံတော် ၉-ရပ်တို့အနက် အနောက်မြောက်တိုင်းများဖြစ်သော ကသ္မီရ, ဂန္ဓာရတိုင်းဌာနများမှ အလသန္ဒ (အလက္ကဇန္ဒြိယာ)သို့တိုင်အောင် ပါသိယ(ပါသျှမ်)တိုင်းနယ်များနှင့် ယောနက(ဂရိက်)နိုင်ငံများသို့လည်းကောင်း ကျယ်ပြန့်သွား၍ အရှေ့ဘက် တိုင်းနိုင်ငံများမှာ ဝင်္ဂ, တာမလိတ္တိ, ဩရိသ (ဩရစ္ဆာ)တိုင်းများသို့တိုင်အောင် ကျယ်ပြန့်သွားခဲ့လေသည်။

ရင်းပြင် သုဝဏ္ဏဘူမိတိုင်းနိုင်ငံများသို့လည်းကောင်း

- ရာမညတိုင်း ၃-ရပ်နှင့်တကွ ရှမ်း၊ ယွန်း၊ ယိုးဒယားနှင့် အနီးအနားနိုင်ငံများ, မာလာယု (မလေးကျွန်းဆွယ်)နှင့် ၎င်းတို့ နီးကပ်စွာတည်ရှိသော ကျွန်းငယ်များသို့ လည်းကောင်း
- ထိုမှတပါး အလယ်ပိုင်းမဇ္ဈိမတိုင်းနိုင်ငံများနှင့် ၎င်းတောင်ပိုင်းတိုင်းနိုင်ငံများမှ ကူးသန်းရောင်းဝယ်ရန် လာကြသော ကုန်သည်များမှ သာသနာတော် ကြည်ညိုကြသော ဥပါသကာများလည်း ပါဝင်၍ သာသနာလမ်းစ-များ ရောက်လာသည့်အပြင် သုဝဏ္ဏဘူမိတိုင်း၌ပင် သာသနာမှလည်း ကျယ်ပြန့်ရောက်ရှိသော သုမတြဒီပ (ဆုမတြာကျွန်း), ယဝဒီပ(ဂျဝါးကျွန်း)တို့သို့လည်းကောင်း-

သာသနာတော် ကျယ်ပြန့်သွား၍ ထိုခေတ်အခါက ထေရဝါဒ၊ မဟာသံဃိကဂိုဏ်း ၃-ဂိုဏ်းတို့ ပြိုင်လျက်ရှိသော်လည်း ၎င်းသုဝဏ္ဏဘူမိ၌ကား ထေရဝါဒ သာသနာသာလျှင် ယခုအခါတိုင်အောင် ထွန်းကားလျက် ရှိလေသည်။

၎င်းပြင် အနောက်မြောက်ပိုင်း တိုင်းနိုင်ငံများ၌ကား မဟာသံဃိကဂိုဏ်း သာသနာပြန့်ပွါး၍ ၎င်းအားလျော်စွာ မဟာယာန အယူဝါဒများသာ ထွန်းကားသဖြင့် ၎င်းတိုင်းနယ်များမှ အစပြုကာ မဟာယာနသာသနာသည် –

- တရုတ်ပြည်သို့လည်းကောင်း
- ခိုတန်စသော ဟိမဝန္တာတိုင်းနယ်များသို့လည်းကောင်း
- တိုင်းရေး, နိုင်ငံရေးဆက်သွယ်သောအားဖြင့် တိဗက်, မွန်ဂိုလီးယားသို့လည်းကောင်း

ရောက်ရှိကာ ကျယ်ပြန့်သွားခဲ့လေသည်။

ထို့နောက် သာသနာတော်အနှစ် ၅၀၀-ကျော်ခေတ်မှ အစပြု၍ မဟာယာနဂိုဏ်း မြောက်ပိုင်း သာသနာတော်ကြီးကား တစ်စတစ်စ တိုးပွါးထွန်းကား၍ ထေရဝါဒ မူလဖြစ်သော မဇ္ဈိမတိုင်းအလယ်ပိုင်းမှာပင် ၎င်းတို့၏ မဓျာမိကဂိုဏ်း, ယောဂါစာရဂိုဏ်းများတည်ထောင်ကြကာ သာသနာတော် အနှစ် ၆၀၀-ကျော်မှာ အတော်ပင် ပြန့်ပွါးစပြုလာပြီး ၎င်းတို့၏ ကျင့်နည်းထုံးတမ်း မပင်ပန်းဘဲ အားထုတ်နိုင်သဖြင့် ထင်ရှားသောလူများလည်း တဖြည်းဖြည်းလိုက်နာလျက် အားထုတ်ဆောင်ရွက်လာကြကုန်၏။

အထူးအားဖြင့် အနောက်မြောက်ပိုင်းနယ်များမှ တရုတ်ပြည်ကြီးသို့ ကူးသန်းရောင်းဝယ်ရေး, ပညာဗဟုသုတရှာဖွေရေး, တိုင်းနိုင်ငံရေးအားဖြင့် တစ်စတစ်စ ပိုမိုဆက်သွယ်လာကြသည့်အတိုင်း သာသနာတော် အနှစ် ၆၀၀-ကျော်ခေတ်မှာကား သာသနာပြုမင်းတရား

ကြီး ဘုရင်မင်းထီးလက်ထက် အိမ်မက်မြင်မက်တော်မူသည်နှင့်အညီ ပညာရှိများ စည်းဝေး ညီညွတ်ကာ မဇ္ဈိမတိုင်းနယ်များသို့ သာသနာပြုမထေရ်များ ပင့်ဆောင်ရန် စေလွှတ်ပြီး ၎င်းအဖွဲ့ကြီး ပြန်လည်ရောက်ရှိလာပြီးနောက် မင်းတရားကြီးမှာ အလွန်ကြည်ညို ဝမ်းမြောက် သဒ္ဓါတရား အထူးဖြစ်ပွားသည့်အလျောက် သာသနာတော် အထူးချီးမြောက် ပြုစုလာသော အခါမှစ၍ တရုတ်ပြည်ဗုဒ္ဓသာသနာတော်မြတ်သည် ကြီးပွါးတိုးတက် ထွန်းကားကျယ်ပြန့်လာခဲ့လေသည်။

၎င်းနောက် **အနှစ် ၇၀၀-ကျော်၊ ၈၀၀- အတွင်း**မှာ သာသနာ့ဗဟုသုတများစွာ ရှာဖွေစုဆောင်းလာကြသည့်အတိုင်း ပိဋကကျမ်းဂန်များ မြောက်မြားစွာ ရောက်ရှိလာကြ သည့်အပြင် **အနှစ် ၉၀၀-ကျော်မှ ၁၀၀၀-ခေတ်(ထိ)**မှာ အရှင်ဖာဟိုင်စသော သုတေသန ရဟန်းတော်ခရီးသည်များ မဇ္ဈိမဒေသတိုင်းအလုံးနှင့် သီဟိုဠ်, ဆုမတြာ, ဂျာဝါးစသော သာသနာတော်ထွန်းကားသည့် ကျွန်းနိုင်ငံများသို့ လှည့်လည်ကာ ပညာဗဟုသုတ ရှာမှီး၍ ပြည်ကြီးသို့ ပြန်လည်ရောက်ရှိလာကာ များစွာသောကျမ်းဂန်တို့ကို ပြန်ဆိုရေးသား၊ မင်းများကလည်း ချီးမြှောက်ကြသဖြင့် မြောက်မြားလှစွာသော ကျမ်းဂန်ဗဟုသုတတိုးပွား အလွန်ထွန်းကားလာသော သာသနာ့ခေတ်ကြီး ဖြစ်ပွါးလာခဲ့လေသည်။

၎င်းပြင် တရုတ်ပြည်ကြီးမှ မဟာယာနသာသနာသည် ၁၀၀၀-ကျော်ခေတ်မှာ နီးစပ်သော မွန်ဂိုလီးယား, ကိုရီးယားတိုင်းနိုင်ငံများသို့ ရောက်ရှိကာ ၎င်းမှလည်း ဂျပန်ကျွန်း သို့တိုင်အောင် ပြန့်ကျယ်သွားသည့်အပြင် ၎င်းတိုင်းနယ်တစ်ဖက်မှလည်း ဟိမာလယတိုင်း နိုင်ငံများတို့နှင့် တိဗက်နိုင်ငံများသို့ ရောက်ရှိကျယ်ပြန့်သွား၍ အလွန်တိုးတက်ထွန်းကား သော မဟာယာနဂိုဏ်း သာသနာတော်ကြီး ဖြစ်ခဲ့လေသည်။

၎င်း ၁၀၀၀-ကျော်ခေတ်မှာ တခါတရံ အယူဝါဒ မတူမျှသော မင်းများခေတ်၌ သာသနာအနည်းငယ် နိမ့်ကျစေကာမူ နောက်ခေတ်များမှာကား ပြန်လည်စည်ကား၍ ရဟန်းတော်ဝှင်သျှင်, ရဟန်းတော်အီသျှင်တို့လက်ထက် သာလွန်တိုးတက်လာရာ မဇ္ဈိမ သာသနာ့နိုင်ငံများမှ များစွာသော သာသနိကကျမ်းဂန်ဗဟုသုတ လှည့်လည်ရှာဖွေ စုဆောင်းကာ ပြန်ဆိုရေးသားကြသဖြင့်လည်း အလွန်ကြွယ်ဝသော မဟာယာန သာသနာ့ နိုင်ငံတော်ကြီးသည် ဧကရာဇ်ဘုရင်မင်းတရားကြီး ကုဗလခန်သို့ တိုင်အောင်ပင် စည်ပင် ထွန်းကားခဲ့လေသည်။

ဤသို့လျှင် မဟာယာနဂိုဏ်း မြောက်ပိုင်းသာသနာတော်သည် သာမညအားဖြင့် ၂၀၀၀-အတွင်း၌ တရုတ်, မွန်ဂိုလီးယား, ကိုရီးယား, ဂျပန်ကျွန်း, တိဗက်, ဟိမဝန္တာတိုင်း

နယ်များသို့ ပြန့်ကျယ်ထွန်းကား ဗုဒ္ဓဘာသာအရေအတွက်လည်း အထူးများပြားတိုးတက်၍ ၎င်းတို့ဂိုဏ်းအယူဝါဒများလည်း ကွဲပြားကြကာ ၎င်းတို့ဂိုဏ်းအားလျော်စွာ ရဟန်းတော်များ ၂၀၀,၀၀၀ ကျော်မျှပင် ရှိခဲ့ဖူးသည့်အပြင် ဂျပန်ကျွန်းများ၌ ဝတ်ကျောင်းများ ၁၀,၀၀၀-ကျော်ပင် တိုးတက်စည်ကားလာခဲ့ဖူးလေသည်။

ထိုမှတပါး ထေရဝါဒ သာသနာတော်မြတ်ကြီးမှာကား မဟာယာနဂိုဏ်းကြီးလောက် အရေအတွက် မများသော်လည်း ၎င်းနှစ်ပေါင်း ၁၀၀၀-ကျော်ခေတ်မှာ အစဉ်အားဖြင့် တိုးပွါးလျက် သာသနာပြု ၉-ဌာနအနက် သီဟဠ, သုဝဏ္ဏဘူမိဌာနတို့မှာ အစဉ်အလာ မပျက် တည်ထွန်းကာ နောင်အခါမှာကား ယိုးဒယား, ကမ္ဘောဒီးယား, လာအိုနိုင်ငံတို့နှင့် အနီးအနား ကျွန်းဆွယ်များသို့တိုင်အောင် ပြန့်ကျယ်ထွန်းကား သွားခဲ့လေသည်။

၎င်းပြင် ၎င်းခေတ်မှာ တောင်ပိုင်း မဟိသကတိုင်းဌာနမှ ဒက္ခိဏာပထတိုင်းနယ်များ နှင့် စောဠတိုင်း, ပဏ္ဍုတိုင်းနယ်များသို့တိုင်အောင် ထွန်းကား၍ များစွာသော ကျမ်းဂန် ပိဋကတ်စာပေများ ရေးသားသောမထေရ်များ ထင်ရှားသောခေတ်ဖြစ်သဖြင့် သီဟိုဠ်ကျွန်း သာသနာတော်နှင့်လည်း ဆက်သွယ်ကြကာ တိုးတက်နေသော သာသနာ့ခေတ်ဖြစ်ခဲ့ လေသည်။

သို့ရာတွင် သာသနာနှစ် ၁၅၀၀-ကျော်ခေတ်မှာကား အခြားပြာဟ္မဏဘာသာ ဝင်များ နှောင့်ယှက်ခြင်းဘေးမှလည်းကောင်း မဟာယာနဂိုဏ်းဝါဒများ လွှမ်းမိုးလာခြင်း ဘေးမှလည်းကောင်း အားနည်းကြောင်း သာသနာ့ဘေးရန်များ ထင်ရှားဖြစ်ပေါ်လာခဲ့၍ တစ်စတစ်စ ညှိုးနွမ်းလာခဲ့ရာ သာသနာ ၁၇၀၀-ကျော်, ၁၈၀၀-အတွင်းမှာကား အချို့ တိုင်းနယ်များ၌ ပျောက်ကွယ်သွား၍ အချို့မှာမူ အားနည်းစွာ တည်ရှိလျက် လာခဲ့ကြ လေသည်။

သီဟိုဠ်ကျွန်းနှင့် သုဝဏ္ဏဘူမိတိုင်းဌာနတို့မှာမူ မပျက်သော ထေရဝါဒဂိုဏ်း သာသနာတော်အစဉ်အဆက် တည်ထွန်းလျက်ပင်ရှိရာ အထူးအားဖြင့် သုဝဏ္ဏဘူမိ သာသနာတော် ၁၆၀၀-ကျော်အောင် ထွန်းသစ်လျက်ရှိရာမှ ၁၆၀၁-ခုနှစ်၌ မြန်မာနိုင်ငံ သို့ပင် ပြန့်ကျယ်ထွန်းကား၍ ၎င်းမှ အစပြုကာ ၎င်းတိုင်းတို့မှာ သာသနာတော် ၂၀၀၀-ကျော်ပင် ယခုခေတ်သို့တိုင်အောင် စည်ပင်ပြန့်ပြောလျက် ရှိခဲ့လေသည်။

✪ ✪ ✪ ✪ ✪

## မဟာယာနဂိုဏ်းသာသနာ အားနည်းလာခြင်း

မဟာယာနဂိုဏ်းမြောက်ပိုင်း သာသနာကြီးမှာ တရုတ်ပြည်ကြီးနှင့်တကွ များစွာသော တိုင်းနယ်ကျွန်းနိုင်ငံများသို့ သာသနာတော် ၂၀၀၀-ကျော်အောင် ပြန့်ကျယ်သွားသော်လည်း ၎င်း၏မူလဖြစ်သော အနောက်မြောက်ပိုင်း တိုင်းနယ်များမှာမူ မဟာမက်ဘာသာ သာသနာပြု ခလီဖတ်မင်းများ၏ အာဏာအောက်ရောက်ရှိကာ ဘာသာဝါဒ ညှိုးနွမ်းပပျောက်သွားသည့်အပြင် အလယ်ပိုင်းတိုင်းနယ်များမှာလည်း တန္တြ မန္တြ ဗြာဟ္မဏ အယူများ ရောနှောလျက် အချို့တိဗက်ရောက်သွားကာ လာမဘာသာအားဖြင့် ပြောင်းလဲကာ မဟာမက်ဘာသာလည်း ၎င်းတို့ကို လွှမ်းမိုးပြီး အနည်းငယ်သာ ဗုဒ္ဓအယူဝါဒ ကြွင်းကျန်ခဲ့လေသည်။

ထို့အတူ ဒက္ခိဏပထတိုင်း တောင်ပိုင်း ထေရဝါဒသာသနာမှာလည်း ရေးသားဖော်ပြခဲ့သည့်အတိုင်း နှစ်ပေါင်း ၁၇၀၀-ကျော်မှာ တစ်စတစ်စအားဖြင့် ဗြာဟ္မဏအယူဝါဒများက တိုက်ဖျက်လွှမ်းမိုးလာရာ ဗုဒ္ဓသာသနာတော်ကြီး အားနည်းနေခိုက် မဟာမက်သာသနာပြုမင်းများ၏ အာဏာအောက် ဆိုက်ရောက်သောအခါ ၎င်းတိုင်းနယ်များမှ မဟာမက်ဘာသာသို့ အချို့ပြောင်းလဲသွား၍ ဗုဒ္ဓဘာသာ သာသနာတော်ကား အချို့ရဟန်းတော်များ စောင့်ရှောက်လျက် ဆောင်ရွက်လာခဲ့ကြရသဖြင့် အနည်းငယ်မျှပင် ရှိခဲ့လေသည်။

ဤသို့လျှင် မဟာယာနဂိုဏ်း မြောက်ပိုင်းသာသနာနှင့် ထေရဝါဒဂိုဏ်း တောင်ပိုင်း သာသနာတို့သည် ဂိုဏ်းဂဏဝါဒပင် မတူကြသော်လည်း မူအားဖြင့် ဗုဒ္ဓတရားတော် သက်ဝင်ယုံကြည်ကြသော ဗုဒ္ဓဝါဒသာဖြစ်ကြ၍ တိုင်းပြည်နယ်အများ တိုးပွါးကျယ်ပြန့်လာရာ ယခုခေတ်အခါ ဖွဲ့စည်းထားအပ်သော တိုက်ကြီး ၅-တိုက်တို့အနက် အာရှတိုက်ကြီး အလုံး လွှမ်းဖုံးသွားသည်-ဟု ဆိုထိုက်အောင် ပြန့်နှံ့သွားခဲ့သည်။

၎င်းပြင် နှစ်ပေါင်း ၂,၀၀၀-အတွင်း၌ အခြားဝါဒဖြစ်ကြသည့် ခရစ်ယာန်, မဟာမက် အယူဝါဒတို့သည် အာရှတိုက်မှာပင် ဖြစ်ထွန်းကြရာ များသောအားဖြင့် ခရစ်ယာန်ဝါဒကား ဥရောပတိုက်သို့ ပြန့်သွား၍ မဟာမေဒင်ဘာသာကား ဗုဒ္ဓဝါဒထွန်းလင်း တောက်ပရာ နိုင်ငံများအတွင်းသို့ တစ်စတစ်စဖောက်ထွင်းလာခဲ့ရာ ရှိရင်းဗုဒ္ဓဝါဒတော်ကို တိုက်ဖျက်လျက် အာရှတိုက်အလယ်ပိုင်း နိုင်ငံအလုံးလောက်ပင် ၎င်းတို့ဘာသာဝင်များ ဖြစ်သွားကြသည့်အပြင် မဇ္ဈိမဒေသ တိုင်းနယ်များသို့ပင် အနည်းငယ်ဝင်ရောက်ကာ အနီးအနားဖြစ်သော ဂျာဝါး, ဆုမတြာစသော ကျွန်းများသို့တိုင်အောင် ပြန့်ကျယ်သွားခဲ့လေသည်။

ဤမျှဖြင့် ဗုဒ္ဓသာသနာ အာဏာတော်စက် ပြန့်နှံ့ရာ နိုင်ငံတော်များကို ပြဆိုသည့် အပိုင်းကဏ္ဍ သာသနာခေတ် ၂၀၀၀-အတွင်း၌ ဖြစ်ပွါးသော အကျဉ်းမျှ အကြောင်းအရာကား ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း မှတ်သားအပ်လေသည်။

✪ ✪ ✪ ✪ ✪

## သာသနာတော် ၂,၀၀၀-ကျော်က
## သာသနာစက် တည်ထွန်းရာနိုင်ငံများ

မြတ်စွာဘုရားသာသနာတော်-ဟု ဆိုအပ်သော သူတော်ကောင်းတရားတော်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀-အတွင်း၌ ဖြစ်ပွါးခဲ့သော အကြောင်းအတ္ထုပ္ပတ်များနှင့် တကွ ခေတ်တည်းဟူသော အနှစ် ၁၀၀-စီပိုင်းခြား၊ ၎င်းအနှစ် ၁၀၀-အားလျော်စွာ ကျယ်ပြန့်သွားသော နိုင်ငံများ၏ အကြောင်းတရားများ ရေးသားခဲ့လေပြီ၊ ယခု ရေးနေသော ၂၀၀၀-ကျော်ခေတ် သာသနာကား အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ် ဗျာဒိတ်တော် မှတ်ခဲ့သော-

"ကတ္ထ နု ခေါ အနာဂတေ သာသနံ သုပ္ပတိဋ္ဌိတံ ဘဝေယျ"

"*ဘယ်မှာ အနာဂတ်သာသနာ ကောင်းစွာ တည်လတ္တံ့အံ့နည်း*"-

ဟု ဆင်ခြင်တော်မူရာ-

"ပစ္စန္တိမေသု ခေါ ဇနပဒေသု  သာသနံ  သုပ္ပတိဋ္ဌိတံ ဘဝိဿတိ"

"*ပစ္စန္တတိုင်းတို့၌သာ သာသနာ ကောင်းစွာ တည်လတ္တံ့*"-

ဟူသော စကားတော်နှင့်အညီ အနောက်မြောက်ပိုင်း, အလယ်ပိုင်းသာသနာတို့မှာ အခြားဝါဒဘေးကြောင့် မှေးမှိန်သောခေတ် ဖြစ်ခဲ့၍ ပစ္စန္တရစ်သာသနာလောက်မျှ များသောအားဖြင့် ရေးသားရပေမည်။

သို့ရာတွင် ဒက္ခိဏပထတိုင်း တောင်ပိုင်းသာသနာမှာ ဗြာဟ္မဏဘာသာနှင့် မဟာမက်ဘာသာတို့ တိုက်ဖျက်ခြင်းအားဖြင့် အားနည်းနေပါသော်လည်း အစွန်အနား ဆိပ်ကမ်းမြို့များ၌ ထေရဝါဒ သာသနာဝင် အရှင်မထေရ် ရဟန်းတော်များ ရှိနေသေး၍ သီဟိုဠ်ကျွန်း သာသနာတော်နှင့် ဆက်သွယ်နေကြောင်းများ ကလျာဏီကျောက်စာ၌ ရေးသားသည့်အတိုင်း သာသနာတော် ၂,၀၀၀-ကျော်အောင် တည်ရှိနေကြောင်း မှတ်သားအပ်၏။

ဤထေရဝါဒ သာသနာတော်မှာ သာသနာတော်နှစ် ၂,၀၀၀-ကျော်ခေတ်က-

- ရာမညတိုင်း ၃-ရပ်နှင့်တကွ မြန်မာနိုင်ငံတော်အလုံး၌လည်းကောင်း
- တောင်ပိုင်း, မြောက်ပိုင်း ခွဲခြားထားသော ရှမ်းပြည်ထောင်စုအားလုံး၌ လည်းကောင်း
- ခမာ, အာနန်, လောပြည်နယ်များနှင့်တကွ ယိုးဒယားနိုင်ငံအားလုံး၌လည်းကောင်း
- မာလာယု(မလေး)ကျွန်းဆွယ်နှင့်တကွ အနီးအနားကျွန်းငယ်များ၌လည်းကောင်း-

ထွန်းကားကြ၍ သီဟိုဠ်ကျွန်းသာသနာနှင့်လည်း ဆက်သွယ်ရင်းနှီးကြသဖြင့် ၎င်းကျွန်းမှလည်း သာသနာယူရကြောင်း- သာသနာဝင် မှတ်တမ်းများအပြင် အခိုင်အမာ ကျောက်စာလည်းရှိ၍ ၎င်းနိုင်ငံအားလုံးတို့မှာ ထေရဝါဒသာသနာတော်သာ တည်ထွန်းရာဖြစ်ကြောင်း ကောင်းစွာ မှတ်ယူအပ်ကုန်၏။

ဤ ၂,၀၀၀-ကျော်သာသနာတော်၌ ရာမညတိုင်း ၃-ရပ်နှင့်တကွ မြန်မာနိုင်ငံတော်အလုံးဝယ် စင်ကြယ်စွာ သာသနာတော်တည်ရှိကြောင်း, ၎င်းသာသနာတော် ၂,၀၀၂-ခုနှစ်၌ ရာမညတိုင်းဝယ် အလုံးစုံသောမင်းတို့၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံတော်မူသော သိရိပရမမဟာဓမ္မရာဇာဓိရာဇာ ဘွဲ့တော်တံဆိပ် ခတ်နှိပ်တော်မူအပ်သော ရာမညတိုင်းကြီးကို အစိုးရတော်မူ၍ ရာမာဓိပတိ အမည်ရှိသော ဓမ္မစေတီမင်းတရားကြီးသည် ရာဇာဘိသေက ခံယူတော်မူပြီးနောက် တိုင်းပြည်အကျိုးနှင့် သာသနာတော်အကျိုး အထူးသယ်ပိုးရွက်ဆောင်တော်မူကာ သာသနာတော်ကို အထူးသန့်ရှင်းအောင် ပြုစုအားထုတ်သည်တို့ကို ဖော်ပြသည့် ၎င်းမင်းတရား ရေးသားတော်မူသော ကလျာဏီကျောက်စာအရ ထင်ရှားသိသာ၏။

၎င်းမင်းတရားကြီးကား သာသနာတော်ကို ကိုယ်တိုင်ပင် ထမ်းရွက်ကာ များစွာသော စာပေကျမ်းဂန် ဗဟုသုတ အဝဝတို့၌ အထူးဆည်းပူး လေ့လာခဲ့သည့်အတိုင်း ပိဋကတ်, ဗေဒင်, နက္ခတ်, တာရာ, မန္တန်, ဆေးဝါးစသော အားလုံးသော အတတ်ပညာ ဝိဇ္ဇာသိပ္ပ-ဟူသမျှတို့၌ ကျမ်းကြေ တတ်မြောက်တော်မူသည့်အပြင် မဂဓ, သက္ကတ-စသော ဘာသာရပ်များကိုလည်း တတ်သိလိမ္မာတော်မူသည့်အားလျော်စွာ များစွာသော ကျမ်းဂန်များကို လိုက်စားပြုစုတော်မူလျက် လေးနက်သော ဉာဏ်ပဋိဘာန်ဖြင့် ဆင်ခြင် စဉ်းစား အထူးအားဖြင့် သဒ္ဓါဂုဏ်, သီလဂုဏ်စသည် ပြည့်စုံစွာ သာသနာတော်မြတ်ကြီးကို အလွန်ကြည်ညိုလေးမြတ်စွာ ၎င်းသာသနာတော် ၃-ရပ်ကို တိုးတက်ကြီးပွါး စင်ကြယ်သန့်ရှင်းအောင် ဆောင်ရွက်တော်မူလိုသည့် ဆန္ဒတော်မှာ အလွန်ကြီးမားစွာ ရှိခဲ့လေသည်။

ဤသို့ ဆန္ဒတော်ကြီးများသည့်အတိုင်း ဆင်ခြင်တော်မူသည်မှာ ဤသာသနာတော်ကြီး စည်ပင်ထွန်းကား သန့်ရှင်းစင်ကြယ်အောင် ပြုစုအားထုတ်မှုကား သာသနာတော်ထမ်းရဟန်း, သံဃာတော်များနှင့် စပ်လျက်ရှိ၍ ထိုရဟန်းတို့၏ အဖြစ်သည်လည်း-

၁။ ဝတ္ထု၏ စင်ကြယ်ခြင်း

၂။ ကမ္မဝါစာ၏ စင်ကြယ်ခြင်း

၃။ ဉတ်၏ စင်ကြယ်ခြင်း

၄။ သိမ်၏ စင်ကြယ်ခြင်း

၅။ ပရိသတ်၏ စင်ကြယ်ခြင်း -

တည်းဟူသော ၅-ပါးသောစင်ကြယ်ခြင်းနှင့် ပြည့်စုံမှသာ အကုပ္ပဌာနာရဟာဖြစ်၍ မဖျက်ဆီးအပ်သော သာသနာတော်နှင့် လျော်ညီသောအကြောင်း ဖြစ်ထိုက်သဖြင့် အဘယ်သို့လျှင် စင်ကြယ်စွာသော သာသနာတော်ထမ်း ဉပသမ္ပဒရဟန်းအဖြစ် ရနိုင်မည်နည်း-ဟု ဆင်ခြင် စဉ်းစားတော်မူခဲ့လေသည်။

ထိုအခါ ဝတ္ထု, ဉတ်, ကမ္မဝါ ပီပြင်စွာ ဖတ်ရွတ်တော်မူနိုင်ကြသော ဗျာကရဏ်းတတ် ဆရာတော်မြတ်များ ထင်ရှားရှိသဖြင့် ဤ ၃-ပါး ထင်ရှားသိနိုင်သော်လည်း ပရိသတ်နှင့် သိမ်မှာကား ထင်ရှားပိုင်းခြား သိနိုင်ရန် ခဲယဉ်းသည်-ဟု ဆင်ခြင်သည့်အတိုင်း, မင်းတရားကြီးသည် ကိုယ်တိုင်ပင် ဝိနည်းပါဠိ, အဋ္ဌကထာနှင့် သာရတ္ထ, ဝိမတိ, ဝဇိရဗုဒ္ဓိဋီကာ ၃-ကျမ်းတို့ကိုလည်းကောင်း၊ ကင်္ခါဝိတရဏီအဋ္ဌကထာ, ဋီကာ, ဝိနယဝိနိစ္ဆယ, ဝိနယသင်္ဂဟ, သီမာလင်္ကာရ, သီမာလင်္ကာရသင်္ဂဟ-စသော ဝိနည်းဆိုင်ရာ များစွာသော ကျမ်းဂန်တို့ကိုလည်းကောင်း ဋီကာနှင့်တကွ ကြည့်ရှုသုံးသပ်သောအခါ အားလုံး အဆုံးအဖြတ်နှင့်တကွ သီမာသမ္ပတ္တိလက္ခဏာ ထင်စွာသိမြင်သဖြင့် ယခုအခါ ပညတ်တော်မူသော သီမာသမ္မုတိကံနှင့် မညီညွတ်၊ ဝိပတ္တိသာ များ၍ "အဘယ်နည်းအားဖြင့် အကုပ္ပဌာနာရဟာဖြစ်သော သိမ်၏ စင်ကြယ်ခြင်း ဖြစ်နိုင်အံ့နည်း"ဟု တွေးတော ဆင်ခြင်တော်မူခဲ့လေသည်။

ဧင်းပြင်လည်း ဝိနည်းအဋ္ဌကထာ, ဋီကာတို့ လာရှိသည်နှင့်အညီ ဉဒကုက္ခေပသိမ်ကို ယုံမှားသံသယ ကင်းပြတ်အောင် မိုးအလွန်များသော ဤရာမညတိုင်း၌ကား မြစ်, ချောင်း, မြောင်းလက္ခဏာ မှတ်သားဖို့ ခဲယဉ်းကြောင်းကိုလည်း စဉ်းစားဆင်ခြင်မိသဖြင့် ဤဉဒကုက္ခေပသိမ်အရ ဉပသမ္ပဒပြည့်စုံရန် အင်္ဂါလက္ခဏာ ညီညွတ်စွာ သံသယကင်းပြတ်အောင် မဆုံးဖြတ်နိုင်-ဟု သိမြင်တော်မူခဲ့လေသည်။

ထိုသို့ သိမြင်တော်မူသည့်အတိုင်း နေပြည်တော်နှင့် နိုင်ငံတော်အဝှန်း ထင်ရှားကျော်ကြား ပိဋကတ်ကျမ်းဂန်များ၌ ရဲရင့်တော်မူကြသော မထေရ်များကိုလည်း ဤသိမာ-သမ္မုတ္တိ, သိမာဝိပတ္တိ အခြင်းအရာတို့ကို ပါဠိ, အဋ္ဌကထာ, ဋီကာ, ဝိနိစ္ဆယကျမ်းဂန်တို့နှင့် ညှိနှိုင်းကာ အဆုံးအဖြတ် ရေးသားဆက်သွင်းရန် လျှောက်ထားတောင်းပန်သဖြင့် များစွာသော မထေရ်မြတ်တို့လည်း ထိုနည်းအတူ ဝိနည်းကံအားလျော်စွာ ကျမ်းဂန်လာတိုင်း အဆုံးအဖြတ်များ အသီးသီးရေးသား ဆက်သွင်းတော်မူကြရာ ၎င်းမထေရ်များ၏ အဆုံးအဖြတ်များတွင်လည်း သိမာဝိပတ္တိ, ပရိသဝိပတ္တိ ထင်ရှားတွေ့တော်မူ၍ ယထာဘူတ ဝိနိစ္ဆယကား ဤဝိပတ္တိ ၂-ပါး ပဓာနဖြစ်ကြောင်း သိမြင်ပိုင်းခြားခဲ့လေသည်။

ဤသို့ သိမြင်သည့်အတိုင်း စင်ကြယ်စွာ သာသနာတော်ကြီး အစဉ်တည်တံ့ရန် ယုံမှားသံသယ မရှိအပ်သည့် ဥပသမ္ပဒအဖြစ်ကို ရရှိဖို့ အထူးသဖြင့် စိစစ်တော်မူသောအခါ သီဟိုဠ်ကျွန်းမှာကား–

- **အရှင်မဟိန္ဒမထေရ်မှ ဆင်းသက်တော်မူသည့် မဟာဝိဟာရဝါသီဂိုဏ်းမြတ်** မပြတ်သော သူတော်ကောင်းအစဉ်အဆက် ရှိတော်မူ၍ စင်ကြယ်သော ဥပသမ္ပဒ ရှိကြောင်း
- **ဝဋ္ဋဂါမဏိမင်းကြီးလက်ထက် ဇေတဝနဝါသီဂိုဏ်း၊**
- **မဟာသေနမင်းကြီးလက်ထက် အဘယဂိရိဝါသီဂိုဏ်း-**

၃-ဂိုဏ်းကွဲပြားသော်လည်း သာသနာတော် ၁,၇၀၀- ခုနှစ်တွင် သီရိသံဃဗောဓိပရက္ကမဗာဟုမင်းတရားကြီးသည် ဥဒုမ္ဗရဂိရိဝါသီ အရှင်မဟာကဿပမထေရ် အမျူးရှိသော ကောင်းစွာကျင့်တော်မူကြကုန်သော မဟာဝိဟာရဝါသီဂိုဏ်း သံဃာတို့အား အကြွင်းထားလျက် သာသနာတော် သန့်ရှင်းစေတော်မူသောကြောင့် ယခုအခါ မဟာဝိဟာရဝါသီဂိုဏ်းသာ သန့်ရှင်းစွာ တည်ရှိကြောင်း ကောင်းစွာ သိမြင်တော်မူသဖြင့် ဤသီဟိုဠ်ကျွန်းမှ ဥပသမ္ပဒအဖြစ်ကို ယူ၍ သာသနာပြုမှသာလျှင် သာသနာတော် သန့်ရှင်းစင်ကြယ် ကောင်းမွန်မည်ဖြစ်ကြောင်း သိမြင်တော်မူလေသည်။

ဤသို့ မင်းတရားကြီး သီဟိုဠ်ကျွန်းမှ သာသနာတော်ယူရန် ကြံစည်တော်မူသည့်အတိုင်း အရှင်မောဂ္ဂလ္လာန် အမျူးရှိကုန်သော ကျမ်းဂန်ပိဋကတ် တတ်မြောက်ကျွမ်းကျင်တော်မူကြသည့် မထေရ်မြတ် ၂-ကျိပ် ၂-ပါးတို့ကို ပင့်ဖိတ်တော်မူပြီးလျှင်–

"ယခုအခါ ရာမညတိုင်းသာသနာ၌ ဥပသမ္ပဒစသော ကံတို့မှာ သိမာဝိပတ္တိ, ပရိသဝိပတ္တိတို့ကြောင့် ယုံမှားအပ်သကဲ့သို့ ထင်မြင်ပါကြောင်း၊

သို့ဖြစ်၍ ယုံမှားသံသယမရှိ၊ ပကတိဖြူစင်စွာ တည်ရှိသော သီဟိုဠ်ကျွန်း မဟာ-မဟိန္ဒမထေရ်မြတ် အဆက်အနွယ် မဟာဝိဟာရဝါသီဂိုဏ်းကြီးသည်ကား ထင်ရှားစွာရှိ၍ ၎င်းဂိုဏ်းမှ သာသနာတော် အဆက်အနွယ် ယူစေတော်မူလိုကြောင်း၊

အကယ်၍ အရှင်ဘုရားတို့သည် သီဟိုဠ်ကျွန်းသို့ ကြွသွားတော်မူပါက မြတ်စွာဘုရားကိုယ်တော်တိုင် ကိုယ်လက်သန့်စင်တော်မူရာ ကလျာဏီမြစ်တွင် စင်ကြယ်သန့်ရှင်းသော မထေရ်များ ရွေးချယ်စိစစ်ကာ ထပ်မံ ဥပသမ္ပဒကံ ဆောင်ယူတော်မူခဲ့ပြီးလျှင် ရာမညတိုင်းတွင်လည်း ၎င်းကို မျိုးစေ့ထားလျက် သဒ္ဓါတရားနှင့် ပြည့်စုံသောတိုင်းသူ, တိုင်းသားတို့အား ဥပသမ္ပဒကံတည်းဟူသော အညွန့်အညှောက် ပေါက်စေခြင်းအံ့၊ သာသနာတော်စင်ကြယ်၍ အနှစ် ၅,၀၀၀-တည်တံ့ရာသည် ဖြစ်ပါကြောင်း၊

အရှင်ဘုရားတို့အားလည်း မြတ်စွာဘုရား၏ စွယ်တော်မြတ်နှင့်တကွ မြတ်စွာဘုရားချထားတော်မူခဲ့သော သမန္တကူဋပါဒစေတီတော်စသော စေတီပုထိုးများနှင့် ဒက္ခိဏသာခါမဟာဗောဓိများကို ဖူးမြော်ရခြင်းတည်းဟူသော မွန်မြတ်ကြီးကျယ်သော အကျိုးတရားရမည်ဖြစ်ပါကြောင်း၊

သို့ဖြစ်ပါ၍ အရှင်မြတ်တို့ ကြွသွားတော်နိုင်ခြင်းတည်းဟူသော ဆုကို ဒကာတော်အားပေးသနားထော်မူပါရန်" တောင်းပန်လျှောက်ထားရာ များစွာသော သံဃာတော်တို့ကလည်း မင်းတရားကြီးလျှောက်ထားသော အကြောင်းအရာများနှင့် သာသနာတော်ကိုလည်း ထောက်ထားတော်မူကာ သွားနိုင်ဖို့ အခွင့်တည်းဟူသောဆုကို မင်းတရားကြီးအားပေးသနားတော်မူကြလေကုန်၏။

ဤသို့ ဓမ္မစေတီမင်းတရားကြီးသည် မထေရ်အရှင်မြတ်တို့ထံမှ ပဋိညာဉ်ကို ရတော်မူသဖြင့် အတိုင်းထက်အလွန်ပင် ရွှင်လန်းဝမ်းမြောက်တော်မူသည်ဖြစ်၍ သီဟိုဠ်ကျွန်းသို့ အရှင်မြတ်များ ချမ်းသာစွာ ကြွတော်မူနိုင်ရန်နှင့် မြတ်စွာဘုရား၏ စွယ်တော်မြတ်ကို ပူဇော်ရန် ကန္နနီလာ သပိတ်တော်, ပတ္တမြားကြုတ်စေတီတော်စသော အတိုင်းမသိထိုက်တန်သော ပူဇော်ဖွယ်ဝတ္ထုများ, ဗောဓိစေတီတော်, ပါဒစေတီတော် စေတီပုထိုးများ ပူဇော်ရန် ရွှေဖယောင်းတိုင်, ရွှေတံခွန်စသော အမျိုးမျိုးပူဇော်ဖွယ်များ, သီဟိုဠ်ကျွန်း၌ သံဃာ့ဝန်ဆောင် မထေရ်မြတ်တို့အား ပူဇော်ကန်တော့ရန် များစွာထိုက်တန် ကောင်းမွန်သော ရဟန်းတို့အားအပ်သည့် များစွာသော ပရိက္ခရာများ စီရင်တော်မူပြီးလျှင် သီဟိုဠ်ကျွန်း မထေရ်မြတ်ကြီးများထံသို့ 'အရှင်မြတ်များလည်း ကြွလာတော်မူသော ရဟန်းတော်တို့အား စွယ်တော်မြတ်နှင့်တကွ ပူဇော်သင့်, ပူဇော်ထိုက်သော ဘုရားပုထိုးများ ရှိခိုးပူဇော်စေပြီး

မြတ်စွာဘုရားကိုယ်တော်တိုင် ရေသုံးသပ်တော်မူသော ကလျာဏီမြစ်၌ စင်ကြယ် ကောင်းမြတ်သော မဟာဝိဟာရဝါသီဂိုဏ်းကြီးမှ ကဲ့ရဲ့ပြစ်တင်ဖွယ် ကင်းပသော, စင်ကြယ် သောသီလရှိသော ရဟန်းများကို စိစစ်ကာ ဥပသမ္ပဒကံဖြင့် ချီးမြှောက်တော်မူကြရန်' စာသဝဏ်လွှာ သန္ဒေသကထာကို ရေးသားခဲ့လေသည်။

ထို့နောက် သီဟိုဠ်ကျွန်းကြီးသနင်း ဘုရင်မင်းတရားအတွက် သီးသန့်အားဖြင့် ဣန္ဒနီလာပတ္တမြားစသော အဖိုးအနဂ္ဃထိုက်တန်လှသော ကျောက်မျက်ရတနာများ, အဖိုး များစွာ ထိုက်တန်သော အထူးထူးသော ပန်းတို့ဖြင့် အဆန်းတကြယ် ရက်လုပ်အပ်သော အထူးထူးသော အဆင်းရှိသည့် စိန့်တိုင်းဖြစ် အထည်အလိပ်များစွာတို့ကိုလည်းကောင်း၊ ထိုမှတပါး မင်းတို့အား ထိုက်တန်သော အမျိုးမျိုးသော အသုံးအဆောင် ဘဏ္ဍာတို့ကိုလည်း ကောင်း စီရင်ပြီးလျှင် မထေရ်အရှင်မြတ်များ ရေးသားလျှောက်ထားသော သဝဏ်လွှာ အတိုင်း မင်းကြီးအား ကြွလာတော်မူသော မထေရ်များကို နိုင်ငံတော်တွင် ထင်ရှားကျော် ကြားသော သီလသိက္ခာ သမာဓိနှင့် ပြည့်စုံတော်မူကြသော မထေရ်များ ရွေးချယ်စိစစ်ကာ ကလျာဏီမြစ်တွင် သိက္ခာတော်တင်ရန် စောင့်ရှောက်ထောက်ပံ့ဖို့အကြောင်း သဝဏ်လွှာ များ ရေးသားတော်မူခဲ့လေသည်။

ဤသို့ များစွာသော ဘဏ္ဍာတော်များနှင့် ချေင်လှစွာ သဝဏ်လွှာများ ရေးသားပြီး နောက် သီဟိုဠ်ကျွန်းသို့ သိက္ခာတင်ရန် ကြွတော်မူလတ္တံ့သော မထေရ်များအတွက် ထိုက်တန်သော သက်န်းပရိက္ခရာ အသုံးအဆောင်များနှင့် ခရီးရိက္ခာများအပြင် လမ်းခရီး၌ ကျန်းမာစွာ ကြွသွားတော်မူနိုင်ရန် အမျိုးမျိုးအဖုံဖုံသော ဆေးဝါးပစ္စည်းများစသည် စီရင် တော်မူပြီးလျှင် စိတြဒူတ, ရာမဒူတ အမည်ရှိသော သံတမန်တော် ၂-ဦးကိုလည်း ရွေးချယ် ခန့်ထားတော်မူခဲ့လေသည်။

ထို့နောက် အားလုံးသော လက်ဆောင်ပဏ္ဏာ အမျိုးမျိုးသောပူဇော်ဖွယ်ရာများနှင့် လိုက်ပါမည့် သံတမန်တော်များအပြင် အခြွေအရံများအတွက် ရိက္ခာများကို စီရင်ပြီးလျှင် အရှင်မောဂ္ဂလ္လာန်မထေရ် အမှူးရှိသော ၁-ကျိပ် ၁-ပါးသော မထေရ်မြတ်တို့နှင့်တကွ ရာမဒူတ တမန်တော်တို့အတွက် သင်္ဘော ၁-စီး စီရင်ပြီးကာ အရှင်သီဝလိမထေရ် အမှူးရှိ သော ၁-ကျိပ် ၁-ပါးသော မထေရ်များအဖို့ စိတြဒူတတမန်တော်နှင့် အတူတကွ သင်္ဘော စီရင်ပြီး၍ သာသနာတော် ၂,၀၁၉-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁-ရက်၊ တနင်္ဂနွေနေ့မှာ ထွက်၍ ရာမဒူတ တမန်တော် စီးနင်းသော သင်္ဘောထွက်ခွာပြီး ၎င်းနောက်တစ်ရက် တပို့တွဲလပြည့်ကျော် ၁၂-ရက်နေ့မှာ စိတြဒူတ တမန်တော် စီးနင်းသော သင်္ဘောထွက်ခွာခဲ့ လေသည်။

ဂုင်းတို့အနက် စိတြဒူတ တမန်တော် စီးနင်းသော သင်္ဘောသည်ကား သင်္ဘောမှူး လိမ္မာသောကြောင့် တပေါင်းလပြည့်ကျော် ၈-ရက်နေ့မှာ သီဟိုဠ်ကျွန်း ကလမ္ဗုဆိပ်ကမ်းသို့ ရောက်ပြီးလျှင် သီဟိုဠ်ကျွန်းကြီးရှင် ဘုရင်ဘုဝနေကဗာဟုမင်းကြီးထံ အကြောင်းသိစေ တော်မူရာ မင်းတရားလည်း အလွန်ပင် ဝမ်းမြောက်စွာနှင့် မထေရ်မြတ်များနှင့်တကွ တမန်တော်များကို နန်းတော်သို့ ပင့်ဖိတ်တော်မူပြီးလျှင် ကိုယ်တိုင်တော်ပင် မထေရ်များ၏ ဝတ်ကြီး, ဝတ်ငယ်များ ပြုတော်မူပြီးနောက် ရာမညတိုင်းကြီးရှင် ဆင်ဖြူများသခင် ရာမာဓိပတိမင်းတရားကြီး၏ ပေးပို့သောသဝဏ်လွှာ တင်ပြသောအခါ အတိုင်းထက်အလွန် ဝမ်းမြောက်တော်မူသဖြင့် မထေရ်များနှင့်တမန်တော်များအား ထိုက်တန်သော အခင်း အကျင်း အစီအရင်များပေး၍ သီဟိုဠ်ကျွန်း မထေရ်များနှင့်တကွ ဘုဝနေကဗာဟု မင်းတရားကြီးသည် ဆင်ဖြူရှင်မင်းတရား မှာကြားလိုက်သော သဝဏ်လွှာတော်အရ အစစပြည့်စုံအောင် ဆောင်ရွက်ရန် တာဝန်ပဋိညာဉ် ပေးတော်မူလေသည်။

ထို့နောက် စိတြဒူတ တမန်တော်နှင့် မထေရ်များသည် နောက်၌ လာလတ္တံ့သော ရာမဒူတ တမန်တော်များရှိသေးကြောင်း မင်းတရားကြီးအား သိစေတော်မူကာ စောင့်စား နေကြစဉ် ဂုင်းရာမဒူတ တမန်တော်များ စီးနင်းသော သင်္ဘောမှာ လမ်းခရီး၌ လေမသင့်၍ ဖီလာနှင့်တွေ့ဆုံသဖြင့် ခဲယဉ်းငြိုငြင်စွာ တန်ခူးလဆန်း ၉-ရက်၊ တနင်္ဂနွေနေ့၌ ဝလ္လိချာ ဆိပ်ကမ်းသို့ ရောက်၍ ဂုင်းရွာသည်ကား ဂုရုပိအမည်ရှိသော အမတ်တစ်ယောက် ပုံစား ပုံကန် ပြုလုပ်အုပ်စိုးနေသော ရွာဖြစ်သဖြင့် မင်းတရား၏ညီတော်သည် ဂုင်းသူပုန်ကို နှိမ်နင်းရန် များစွာသော စစ်သည်တော်များနှင့် ချီတက်တိုက်ခိုက်နေသော အခိုက်နှင့် ကြုံကြိုက်သောကြောင့် ကူးသန်းသွားလာခြင်း မပြုရဘဲ ဆိုင်းငံ့နေခဲ့ရလေသည်။

ထို့နောက် အေးချမ်းသာယာသော အချိန်သို့ ရောက်၍ သွားခွင့်ရသဖြင့် သာသနာ တော် ၂,၀၂၀-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂-ရက်နေ့၊ ဂုင်းမှ ထွက်ခဲ့ရာ ဂုင်းလပြည့်ကျော် ၈-ရက်နေ့မှ ဇယဝဍ္ဎနမြို့သို့ ရောက်၍ ဂုင်းတမန်တော်များနှင့် မထေရ်များရောက်လာ ကြောင်း ဘုဝနေကဗာဟုမင်း ကြားသိတော်မူလျှင် ရှေးတမန်တော်များကဲ့သို့ ပြုစုတော်မူပြီး နောက် ဂုင်းတမန်တော်များနှင့် မထေရ်များထံမှလည်း လက်ဆောင်ပဏ္ဏာတော်နှင့် သဝဏ်လွှာများကို ရရှိကြည့်ရှုတော်မူရ၍ လိုအပ်သမျှပြည့်စုံအောင် ဆောင်ရွက်ရန် ပဋိညာဉ် တာဝန်ပေးကာ လျှောက်ထားလေ၏။

ထိုသို့ ရောက်လာသောအခါမှာကား စိတြဒူတ တမန်တော် မထေရ်များသည် ၁-လလွန်သောအခါဖြစ်၍ အနုရာဓမြို့တော်သို့ ကြွသွားတော်မူကြပြီးလျှင် ရတနာစေတီ

စသော များစွာသော စေတီပုထိုးများ သွားရောက်ဖူးမြော်နေခိုက် ဖြစ်သဖြင့် ထိုမထေရ်များ ပြန်ရောက်လာမှ နောက်ထပ်ရောက်လာသော တမန်တော်များနှင့် တွေ့ဆုံကြရလေသည်။

ဘုဝနေကဗာဟု မင်းတရားကြီးသည် တမန်တော်များနှင့် မထေရ်မြတ်များအား 'စွယ်တော်မြတ်ကို ဝါမကပ်မီ ဖူးမြော်ပူဇော်သင့်သည်'ဟု အောက်မေ့ဆင်ခြင်တော်မူသဖြင့် ၎င်းစွယ်တော်မြတ် တန်ဆောင်းတော်ကို အထူးထူးသော တံခွန်ပန်းမန် အဆင်တန်ဆာတို့ဖြင့် အဆန်းတကြယ် စီခြယ်ဆင်ယင်ပြုပြင်ပြီးမှ သီဟိုဠ်ပြည်သား မထေရ်မြတ်ကြီးများကို သင့်တော်စွာ သီတင်းသုံးစေတော်မူပြီးလျှင် တမန်တော် ၂-ဦးတို့ စီးနင်းလာသော အခြွေအရံ သင်္ဘောသားအားလုံးကို လိုက်ပါစေ၍ မထေရ်မြတ်အမျုး ၂-ပါး နောက်လိုက်မထေရ်များနှင့် စွယ်တော်မြတ်ဖူးမြော်ရန် ပင့်ဖိတ်တော်မူပြီးလျှင် ဆင်ဖြူရှင် မင်းတရားကြီးလျှုဒါန်းပူဇော်တော်မူသော ရွှေဓာတ်တော်, ကျောင်းဆောင်တော်, ဣန္ဒနီလာ ကျောက်သပိတ်တော်စသော မြားမြောင်လှစွာသော ပူဇော်ဖွယ်ရာ ဝတ္ထုအများတို့ကို ဓာတ်တော်တိုက်သို့ ပင့်ဆောင်ပူဇော် ခင်းကျင်းစီရင်ပြီးလျှင် တမန်တော် ၂-ဦးနှင့်တကွ မထေရ်မြတ်များကို "အရှင်မြတ်များသည် ဤပူဇော်ဖွယ် ဝတ္ထုအစုစုတို့ကို ဓာတ်တော်စွယ်တော်မြတ်အား ခမ်းနားကြီးကျယ်စွာ ပူဇော်တော်မူကြောင်း၊ ရာမညတိုင်းကြီးရှင် ဘုရင်မင်းတရားကြီးအား ထင်ရှားသိစေရန် သီဟိုဠ်မင်းတရားကြီးက တိုက်တွန်းပါကြောင်းကို စုံလင်စွာ မိန့်ကြားတော်မူပါမည့်အကြောင်း" လျှောက်ထားလေ၏။

ထို့နောက် သီဟိုဠ်မင်းတရားသည် ဆင်ဖြူများရှင် မင်းတရား၏ သန္ဒေသကထာ သဝဏ်လွှာတွင် ပါရှိသည့်အတိုင်း မြတ်စွာဘုရားကိုယ်တော်တိုင် ရေသုံးသပ်တော်မူဖူးသော ကလျာဏီမြစ်၌ သီဟိုဠ်မထေရ်များထံ ရာမညမထေရ်မြတ်များ ဥပသမ္ပဒကံဆောင်ရန် လှေဖောင်တော်ကို အထက်၌ ပြာသာဒ်, ဗိတာန်, ပန်းကုံး, ပန်းဆွဲ, တံခွန်စသည့် အဆင်တန်ဆာများ ဖွဲ့စည်းစေလျက် အထူးထူး တင့်တယ်စွာ ပြုလုပ်စေပြီးလျှင် ရှေးမဟာဝိဟာရဝါသီ မထေရ်အရှင်မြတ်များ၏ ကဲ့ရဲ့ပြစ်တင် စွပ်စွဲခြင်းမှ ကင်းလွတ်သော သီလရှိတော်မူသော အရှင်ဝိဒါဂမမထေရ် အစရှိသော ဂိုဏ်းသံဃာများကို ရွေးချယ်ပြီးနောက် အရှင်ဝိဒါဂမ မထေရ်မြတ်သည် သန့်ရှင်းသော မဟာဝိဟာရဝါသီအနွယ်ဖြစ်သော-

**အရှင်ဓမ္မကိတ္တိမဟာထေရ်,**

**အရှင်ဝနရတနမဟာထေရ်,**

**အရှင်မင်္ဂလမဟာထေရ်-**

အရှင်မြတ်တို့အပြင် မင်းတရား၏ဆရာတော်, အိမ်ရှေ့မင်း၏ ဆရာတော်စသည့် ထင်ရှား ကျော်ကြား၍ သိက္ခာ ၃-ပါး၌ လိုလားတော်မူကြသော ၂-ကျိပ် ၄-ပါး မထေရ်များကို ရွေးချယ်တော်မူပြီးလျှင် ၎င်းဒုတိယဝါဆိုလပြည့်ကျော် ၁၁-ရက်၊ ဗုဒ္ဓဟူးနေ့၌ အရှင် ဓမ္မကိတ္တိမထေရ်အမှူးရှိသော ၂-ကျိပ် ၄-ပါးသော ကမ္မကာရကမထေရ်များကို ပင့်ဖိတ် တော်မူပြီး စီရင်အပ်သော လှေဖောင်တော်ထက်၌ သီတင်းသုံးတော်မူစေ၍ ၄-ကျိပ် ၄-ပါး သော ရာမညမထေရ်များအား ဥပသမ္ပဒကံဆောင်ရွက်ရန် စီမံပြီးနောက် သီဟိုဠ် မထေရ်များ သည် တိုင်းတစ်ပါးသားတို့အား ပြုလုပ်သော အစဉ်အလာအားဖြင့် ၄၄-ပါးကုန်သော ရာမည မထေရ်တို့အား သိက္ခာချ လူဝတ်လဲစေ၍ ဝနရတနမဟာထေရ်မြတ်က သက်န်းပေးခြင်း, သရဏဂုံပေးခြင်းအားဖြင့် သာမဏေအဖြစ် ပြုတော်မူကာ ၎င်းဗုဒ္ဓဟူးနေ့ ညဉ့်မှာပင်–

အရှင်မောဂ္ဂလ္လာန,

အရှင်ကုမာရကဿပ,

အရှင်သီဝလိ,

အရှင်သာရိပုတ္တရာ,

အရှင်ဉာဏသာဂရ –

ဟူသော မထေရ် ၅-ပါးတို့အား ၂-ကျိပ် ၄-ပါး ဂိုဏ်းသံဃာအားဖြင့် အရှင်ဓမ္မကိတ္တိ မဟာထေရ်ကို ဥပဇ္ဈာယ်ပြုစေပြီး အရှင်မင်္ဂလမထေရ်ကို ဆရာပြုပြီးကာ ဥပသမ္ပဒကံ ဆောင်ရွက်တော်မူကြကုန်၏။

ထို့နောက် ၁၂-ရက်၊ ကြာသပတေးနေ့ ညဉ့်အခါ–

| | |
|---|---|
| အရှင်သုမန, | အရှင်ကဿပ, |
| အရှင်နန္ဒ, | အရှင်ရာဟုလ, |
| အရှင်ဗုဒ္ဓဝံသ, | အရှင်သုမင်္ဂလ, |
| အရှင်စူဠနန္ဒ, | အရှင်သောဏုတ္တရ, |
| အရှင်ဂုဏသာဂရ, | အရှင်ဓမ္မရက္ခိတ– |

ဟု ဆိုအပ်သော ၁-ကျိပ်သော မထေရ်တို့အား အရှင်ဝနရတနမဟာထေရ်ကို ဥပဇ္ဈာယ် ပြုစေ၍ (ပဥ္စပရိဝေဏဝါသီ) အရှင်မင်္ဂလမထေရ်ကိုပင် ဆရာပြုလျက် ဥပသမ္ပဒကံ ဆောင်ရွက်တော်မူကြကုန်၏။

ထို့နောက် ၁၃-ရက်၊ သောကြာနေ့၊ နေ့အခါ၌-

အရှင်စူဠသုမင်္ဂလထေရ်, အရှင်ဇဝနပညာထေရ်,
အရှင်စူဠကဿပထေရ်, အရှင်စူဠသီဝလိထေရ်,
အရှင်မဏိသာဂရထေရ်, အရှင်ဓမ္မရာဇိကထေရ်,
အရှင်စန္ဒနသာရထေရ်-

ဟုဆိုအပ်သော ၇-ပါးသော မထေရ်တို့အား အရှင်ဝနရတနမဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် (ပဥ္စပရိဝေဏဝါသီ) အရှင်မင်္ဂလမထေရ်ကိုပင်လျှင် ဆရာပြုစေ၍ ဥပသမ္ပဒကံ ဆောင်ရွက်ကြကုန်၏။

ထို့နောက် ၁၄-ရက်၊ စနေနေ့၌ ထိုမထေရ်များ၏ တပည့်ဖြစ်ကြသော ၂-ကျိပ် ၂-ပါးသော ရဟန်းငယ်တို့အား (ပဥ္စပရိဝေဏဝါသီ) အရှင်မင်္ဂလမထေရ်ကို ဥပဇ္ဈာယ်ပြုစေ၍ အိမ်ရှေ့မင်းဆရာ မထေရ်ကို ဆရာပြုစေပြီးလျှင် ဥပသမ္ပဒကံ ဆောင်ရွက်တော်မူကြကုန်၏။

ထို့နောက် ရဟန်းအဖြစ်သို့ ရောက်တော်မူကြကုန်ပြီးသော ၄-ကျိပ် ၄-ပါးသော ရာမညမထေရ်များကို ပင့်ဖိတ်တော်မူပြီးလျှင် မြိန်မြတ်လှစွာသော ဆွမ်းဘောဇဉ်တို့ဖြင့် ကျွေးမွေးလှူဒါန်းပြီး၍ တစ်ပါး၊ တစ်ပါးသော မထေရ်တို့အား တိစီဝရိက်သင်္ကန်း ၃-ထည်နှင့် ဂေါစရတ်စောင်, ဝိတာန်, ဆန်းကြယ်စွာ ဆင်စွယ်အရိုးတပ်အပ်သော ယပ်များ လှူဒါန်းတော်မူပြီးလျှင် လျှောက်ထားတော်မူသည်ကား–

“အရှင်ဘုရားတို့အား လှူဖွယ်ဝတ္ထုတို့သည် အရှင်မြတ်တို့ နိုင်ငံတော်ရောက်က ဝတ်ရုံသုံးဆောင် ကုန်ဆုံးပျောက်ပျက်လတ္တံ့သည်ဖြစ်သဖြင့် ဒကာတော် မရောင့်ရဲနိုင်ပါ။ အရှင်ဘုရားတို့အား အသီးသီး အစဉ်သဖြင့် ဒကာတော်အား အောက်မေ့တော်မူပါရန် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပါမည်”ဟု လျှောက်ထားတော်မူလေသည်။

ထိုသို့ လျှောက်ထားပြီးလျှင် အသီးသီးသော မထေရ်တို့အား ရာမဒူတ တမန်တော်နှင့် ကြွလာတော်မူကြသော မထေရ်များအတွက် –

- အရှင်မောဂ္ဂလ္လာနမထေရ်အား သိရိသံဃဗောဓိသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်ကုမာရကဿပမထေရ်အား ကိတ္တိသိရိမေဃသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်ဉာဏသာဂရမထေရ်အား ပရက္ကမဗာဟုသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်ဗုဒ္ဓဝံသမထေရ်အား ဗုဒ္ဓဃောသသာမိ ဟူသော ဘွဲ့တံဆိပ်တော်

- အရှင်နန္ဒမထေရ်အား သီဟဋ္ဌဒီပဝိသုဒ္ဓသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်ရာဟုလမထေရ်အား ဂုဏရတနဓရသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်သုမင်္ဂလမထေရ်အား ဇိနာလင်္ကာရသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်ဓမ္မရက္ခိတမထေရ်အား ရတနမာလိသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်စူဠသုမင်္ဂလမထေရ်အား သဒ္ဓမ္မဇောတသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်ကဿပမထေရ်အား ဓမ္မရာမသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်မဏိသာဂရမထေရ်အား ဘုဝနေကဗာဟုသာမိ ဟူသော ဘွဲ့တံဆိပ်တော်–

တို့ကို လျှုဒါန်းပြီးလျှင် စိတြဒူတ တမန်တော်နှင့် ကြွလာတော်မူသော မထေရ်မြတ်များကို လည်း အသီးသီး –

- အရှင်မဟာသီဝလိမထေရ်အား ဓမ္မကိတ္တိလောကဂရုသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်သာရိပုတ္တရာမထေရ်အား တိလောကဂုရု ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်သုမနမထေရ်အား သိရိဝနရတနသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်စူဠကဿပမထေရ်အား သိရိဝမှနရတနသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်စူဠနန္ဒမထေရ်အား မင်္ဂလတ္ထေရသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်သောဏုတ္တရမထေရ်အား ကလျာဏိတိဿသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်ဂုဏသာဂရမထေရ်အား စန္ဒနဂိရိသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်ဇဝနပညာမထေရ်အား သိရိစန္ဒရသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်စူဠသီဝလိမထေရ်အား ဝနဝါသီတိဿသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်ဓမ္မရာဇိကမထေရ်အား ရတနာလင်္ကာရသာမိ ဟူသော ဘွဲ့တံဆိပ်တော်
- အရှင်စန္ဒနသာရမထေရ်အား မဟာဒေဝသာမိ ဟူသော ဘွဲ့တံဆိပ်တော်

တို့ကို ဆက်ကပ်လှူဒါန်းတော်မူလေ၏။

ဤသို့ သီဟိုဠ်ကျွန်းကြီးအရှင် ဘုရင်ဘုဝနေကဗာဟုမင်းတရားကြီးသည် လှူဒါန်း ပူဇော်ဖွယ်များနှင့် ဘွဲ့တံဆိပ်တော်များကို အသီးသီးသော ရာမညတိုင်းသား မထေရ် ၂-ကျိပ် ၂-ပါးတို့ကို ဆက်ကပ်လှူဒါန်းပြီး၍ မထေရ်များသည် လိုအပ်သောကိစ္စ ပြီးဆုံးသော ကြောင့် ရာမညတိုင်းသို့ ပြန်ကြွတော်မူကြရန် ပဝ္စကိစ္စ ပြင်ဆင်စီမံတော်မူကြလေကုန်၏။

ဤသို့ ပြင်ဆင်တော်မူကြပြီးနောက် ရာမဒူတ တမန်တော်နှင့်တကွ သင်္ဘော၌ လိုက်ပါတော်မူကြသော မထေရ် ၁-ကျိပ် ၁-ပါးတို့သည်ကား တမန်တော်နှင့် ဇယဝမှနမြို့

မှ ထွက်ခွာ၍ ဝလ္လိဂါမသို့ ရောက်တော်မူကြသော်လည်း စိတြဒူတ တမန်တော်နှင့် အတူ တကွ ကြွတော်မူကြသော မထေရ်တို့မှာကား မဖူးမြော်ရသေးသော သမန္တကူဋသီဟိုဠ်ပါဒ စေတီတော်သို့ ကြွသွားတော်မူပြီးမှ ဇယဝဓနမြို့သို့ ရောက်ကြသောအခါ ဝလ္လိဂါမသို့ ရှေးဦးစွာ ရောက်နှင့်ကြသော မထေရ်များအား တော်သလင်းလဆန်း ၂-ရက်၊ ဗုဒ္ဓဟူးနေ့၌ သင်္ဘောစီးကာ ပြန်လည်တော်မူကြရာ ၎င်းလပြည့်ကျော် ၂-ရက်၊ ကြာသပတေးနေ့၌ ပယာဂမည်သော ပင်လယ်မြစ်ဝသို့ ရောက်တော်မူကြကုန်၏။

ထိုသို့ ရာမဒူတ တမန်တော်နှင့်တကွ မထေရ်များသည် ပင်လယ်မြစ်ဝသို့ ရောက် တော်မူကြောင်း ရာမာဓိပတိဓမ္မစေတီမင်းတရားကြီး ကြားသိတော်မူကာ "ဤသို့ အလေးဂရု ပြုလုပ်တော်မူကာ စေလွှတ်တော်မူအပ်သော သာသနာပြုမထေရ်များအား မထင်မရှား အမတ်များ စေလွှတ်၍ ကြိုဆိုခြင်းငှာ မလျောက်ပတ်"ဟု ကြံစည်တော်မူပြီးလျှင် ကိုယ်တော်တိုင်ပင် တိကုံမြို့သို့ ကြွသွားတော်မူပြီး အချိန်-၃,၀၀၀ (သုံးထောင်) ပမာဏ ရှိသော ခေါင်းလောင်းကြီးကို သွန်းလုပ်ပြီးကာ သီတင်းကျွတ် ပဝါရဏာနေ့၌ မြတ်ဘုရား၏ ဆံတော်ဓာတ် ကိန်းဝပ်တော်မူရာ တိကုံစေတီတော်အား ပူဇော်တော်မူပြီးနောက် "မထေရ် များထံ ခရီးဦးကြိုရောက်က သင့်တော်မည်"ဟု ကြံစည်တော်မူပြီး၍ အရှင်မြတ်များသည် မင်းတရားကြီး တိကုံမြို့စေတီတော်သို့ သီတင်းကျွတ်လ အဖူးအမြော် ရောက်သည်တိုင် အောင် ၎င်းမြို့မှာပင် သီတင်းသုံးတော်မူကြရန် စာသဝဏ်ဖြင့် လျှောက်ထားပြီးမှ ၎င်းမထေရ်များအား ကြိုဆိုရန်နှင့် စေတီတော်မြတ်အား ပူဇော်ရန် ခေါင်းလောင်းကြီး သွန်းလုပ် စီမံတော်မူခဲ့လေသည်။

စိတြဒူတ တမန်တော်နှင့်အတူ ကြွလာတော်မူကြသော မထေရ်များ၏ သင်္ဘော သည်ကား သီဟိုဠ်မင်းတရားကြီး ဘုဝနေကဗာဟုသည် "ဆင်ဖြူရှင် ရာမာဓိပတိမင်းတရား အား အခြားသောလက်ဆောင်တို့ထက် သာလွန်မွန်မြတ်လှစွာသော ခမည်းတော် ပရက္ကမ- ဗာဟု မင်းတရားကြီး အမြဲပူဇော်တော်မူသော ပိုလ် ၁၀၀-မျှရှိ ပုလဲ, ပတ္တမြား ဝရဇိန်တို့ဖြင့် စီခြယ်အပ်သော စွယ်တော်ပွါးဖြစ်သည့် တရားလက်ဆောင်တော်ကို ပေးပို့ရန် တမန် စေလွှတ်ဖို့ အလိုရှိသဖြင့် ၎င်းတမန်တော်၏သင်္ဘောပြင်ဆင်ပြီးသည့်တိုင်အောင် ဆိုင်းငံ့ စေလိုပါကြောင်း" တောင်းပန်၍ ၎င်းကို ဆိုင်းငံ့နေစဉ် ကလမ္ဗုဆိပ်ကမ်း၌ ကျောက်စွဲ ထားသောနေရာတွင် လေပြင်းမုန်တိုင်း ကျရောက်ကာ နစ်မြုပ်သွားခဲ့လေသည်။

ထိုသို့ တမန်တော်နှင့် တကွ သံဃာတော်များ၏ သင်္ဘောနစ်မြုပ်ကြောင်း ဘုဝနေက- ဗာဟုမင်းတရားကြီး ကြားသိတော်မူလျှင် တမန်တော်နှင့် မထေရ်မြတ်တို့အား "အကယ်၍ သင်္ဘောမရှိပါက အရှင်များသည် ဒကာတော်၏ တမန်တော်များနှင့်အတူတကွ

ကြွတော်မူကြရန်” လျှောက်ထားသဖြင့် စိတြဒူတ တမန်တော်နှင့် မထေရ်များသည် သီဟိုဠ်မင်းတရား၏ တမန်တော်များနှင့်တကွ သင်္ဘောစီးနင်းလျက် အပြင်ဘက်ခရီးမှ ထွက်လာကြသည်တွင် ၃-ညဉ့်ကြာသောအခါ လေပြင်းမုန်တိုင်းနှင့်ပင် တွေ့ဆုံလာ၍ သမုဒ္ဒရာတွင် မြုပ်လျက်နေသော ကျောက်ဆောင်၌ တင်နေရာ များစွာအားထုတ်သော်လည်း မရသဖြင့် ၎င်းသင်္ဘောမှ ဝါး, သစ်သား-စသော အားလုံးသော အဆောက်အဦတို့ကို ချယူကာ ဖောင်ဖွဲ့ပြီး ဇမ္ဗူဒီပဆိပ်ကမ်းနှင့် နီးကပ်သောကြောင့် ၎င်းသို့ ကပ်ရောက်ရာတွင် သီဟိုဠ်မင်းတရားကြီး စီရင်အပ်သော လက်ဆောင်ပဏ္ဏာတော်များလည်း ပျက်စီး၍ ၎င်းမင်းတရားကြီး၏ တမန်တော်များသည် သီဟိုဠ်ကျွန်းသို့ ပြန်လိုသဖြင့် မထေရ်များအား လျှောက်ထားပြီး ပြန်လည်ရန် ပြင်ဆင်ကြကုန်၏။

၎င်းပြင်ဆင်သော မထေရ်များနှင့် စိတြဒူတ တမန်တော်တို့ကား ၎င်းဆိပ်ကမ်းမှ နာဂပဋ္ဋနဆိပ်ကမ်းသို့ ကြွသွားတော်မူပြီး အဌကထာကျမ်းပြု ဆရာအရှင်တစ်ပါးဖြစ်၍ ကျော်ကြားတော်မူသော အရှင်ဓမ္မပါလမထေရ်မြတ်၏ ဗဒရတိတ္ထ သို့မဟုတ် ဗဒရိကာရာမ ကျောင်းအာရာမ်များကို ကြည့်ရှုပြီးမှ ဟေမမာလာမင်းသမီးနှင့် ဒန္တကုမာရမင်းသားတို့ စွယ်တော်မြတ်ကို သီဟိုဠ်ကျွန်းသို့ ဆောင်ယူစဉ်က သမုဒ္ဒရာကမ်းနား ဓာတ်တော်တည်ရာ အရပ်၌ တရုတ်ပြည်ကြီးရှင် ဘုရင်မင်းတရားကြီးသည် တည်ထားဆောက်လုပ်ပူဇော်အပ်သော လိုဏ်ဂူတော်ကြီးတွင် ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ပူဇော်ပြီးနောက် နာဂုရ ဆိပ်ကမ်းသို့ ကြွသွားတော်မူခဲ့ကြလေသည်။

ထိုဆိပ်ကမ်း၌ မာလိမ္မရမည်သော ဆိပ်ကမ်းသူကြီးနှင့် ပစ္စလိယမည်သော ဆိပ်ကမ်းသူကြီး ၂-ဦးတို့ နေကြ၍ ၎င်းတို့ကား နှစ်စဉ်အားဖြင့် ရာမာဓိပတိဓမ္မစေတီမင်းတရားကြီးထံ ပဏ္ဏာတော် ဆက်သွင်းကာ ကူးသန်းရောင်းဝယ်ရေးကိစ္စနှင့် ရောက်နေကြဖြစ်၍ ၎င်းမင်းတရားကြီးထံမှ ရအပ်သော ဆက်သွယ်ခြင်းရှိသည့်အတိုင်း ကြွလာတော်မူသော မထေရ်များအား လေးစားစွာ သက်နိုး, ဆွမ်း, နေရာအာဝါသစသည် အပြည့်အစုံ လှူဒါန်းသည့်အပြင် တမန်တော်အားလည်း ရိက္ခာများနှင့်တကွ လိုအပ်သော အရာများ ထောက်ပံ့ပြီးလျှင် “အရှင်မြတ်များသည် တပည့်တော်တို့ သင်္ဘောထွက်ကာမှ ကြွတော်မူကြပါ”ဟု လျှောက်ထား၍ ထားကြကုန်၏။

သို့ရာတွင် ဆိပ်ကမ်းသူကြီးများ ထိုသို့လျှောက်ထားသောအခါ အရှင်တိလောကဂုရုမထေရ်၊ အရှင်ရတနာလင်္ကာရမထေရ်၊ အရှင်မဟာဒေဝမထေရ်၊ အရှင်စူဠာဘယတိဿမထေရ်-ဟု ဆိုအပ်သော မထေရ် ၄-ပါးတို့ကား တပည့်အသီးသီးများနှင့်တကွ ထိုဆိပ်ကမ်းသူကြီးများထံတွင်ပင် သီတင်းသုံးတော်မူခဲ့ကြသော်လည်း ကျန်သော မထေရ် ၇-ပါးတို့မှာ

တပည့်များနှင့်တကွ ကောမလပဋ္ဌဆိပ်ကမ်းမှ သင်္ဘောစီးကြမည်-ဟု ၎င်းဆိပ်ကမ်းသို့ ကြွသွားတော်မူကြကုန်၏။

သာသနာတော် ၂၀၂၁-ခုနှစ်၊ ကဆုန်လဆန်း ၄-ရက်၊ ဗုဒ္ဓဟူးနေ့၌ အရှင်တိလောကဂုရုမထေရ်၊ အရှင်မဟာဒေဝမထေရ်၊ အရှင်ရတနာလင်္ကာရမထေရ်၊ ဤမထေရ် ၃-ပါးတို့သည် တပည့်များနှင့်တကွ မာလိမ္ဗရအမည်ရှိ ဆိပ်ကမ်းသူကြီး သင်္ဘောဖြင့်, အရှင်စူဠာဘယတိဿမထေရ်သည် ပစ္ဆလိယအမည်ရှိ ဆိပ်ကမ်းသူကြီးသင်္ဘောဖြင့် အသီးသီး စီးနင်းတော်မူကြပြီးလျှင် နာဗူတမည်သော ဆိပ်ကမ်းမှ ထွက်တော်မူကြရာ မထေရ် ၃-ပါး စီးနင်းသော သင်္ဘောမှာ ကဆုန်လပြည့်ကျော် ၁၂-ရက်၊ သောကြာနေ့၌ နာဂရာသီတောင်မှ ကျဆင်းလာသော မြစ်ဝသို့ ရောက်၍ နယုန်လဆန်း ၁-ရက်၊ အင်္ဂါနေ့မှ ကုသိမ် (ပုသိမ်)မြို့သို့ ရောက်ကြပြီးနောက် အရှင်စူဠာဘယတိဿမထေရ်ကား ဝါဆိုလဆန်း ၁၄-ရက်၊ အင်္ဂါနေ့မှ ဟံသာဝတီမြို့တော်သို့ ရောက်တော်မူလေသည်။

သို့ရာတွင် ကောမလဆိပ်ကမ်းသို့ ကြွရောက်သီတင်းသုံးကြသော မထေရ် ၇-ပါးတို့တွင် အရှင်မင်္ဂလမထေရ်သည် မိမိတပည့်ရဟန်းများ၊ အရှင်ဝနရတနမထေရ်နှင့် တပည့်များ၊ အရှင်ဒန္တဓာတုမထေရ်နှင့် တပည့်များနှင့်အတူ သာသနာတော် ၂,၀၂၁-ခုနှစ်၊ တော်သလင်းလကွယ်၊ ဗုဒ္ဓဟူးနေ့၌ ဗိန္ဒမည်သော သင်္ဘောကို စီးနင်းတော်မူကြ၍ ကောမလဆိပ်ကမ်းမှ ထွက်ခဲ့ကြရာ တန်ဆောင်မုန်းလဆန်း ၁-ရက်၊ သောကြာနေ့၌ နာဂရာသီမြစ်ဝသို့ ရောက်တော်မူပြီး ၎င်းလဆန်း ၁-ရက်၊ တနင်္လာနေ့၌ ပုသိမ်မြို့သို့ ရောက်ကြပြီးနောက် တန်ဆောင်မုန်းလပြည့်ကျော် ၁၄-ရက်၊ သောကြာနေ့၌ ဟံသာဝတီမြို့သို့ ရောက်တော်မူကြကုန်၏။ ၎င်းပြင် ထိုမထေရ်တို့မှ ကြွင်းကျန်သော မထေရ် ၆-ပါးနှင့် ရဟန်းငယ် ၄-ပါးတို့သည်ကား ပြန်ကြွလာတော်မူကြောင်း-မှတ်တမ်းတွင် မပါ၍ ၎င်းတို့ကံအားလျော်စွာ သင်္ခါရတရား လွန်တော်မူကြကုန်၏-ဟူသာ မှတ်သားအပ်ပေသည်။

✪ ✪ ✪ ✪ ✪

## ဆင်ဖြူရှင်ဓမ္မစေတီမင်းတရားကြီး ခေါင်းလောင်းတော်ကြီးပူဇော်ရန်နှင့် သီဟိုဠ်မှ ပြန်လည်ကြွသည့် မထေရ်များ ကြိုဆိုရန် ထွက်တော်မူခြင်း

ရာမညတိုင်းကြီးအလုံးကို အစိုးရတော်မူသော ဆင်ဖြူများရှင် ဓမ္မစေတီမင်းတရားကြီးသည် သာသနာတော် ၂,၀၂၁-ခုပြည့်နှစ်၌ ခေါင်းလောင်းကြီးကို ရွှေတိဂုံဆံတော်ဓာတ်စေတီတော်မြတ်အား ပူဇော်ခြင်းငှါ သီတင်းကျွတ်လဆန်း ၈-ရက်၊ ကြာသပတေးနေ့၌ များစွာသော လှေအပေါင်းခြံရံလျက် ရွှေအထွတ်တို့ဖြင့် မွမ်းမံစီခြယ်အပ်သော လှေတော်ကို စီးနင်းတော်မူကာ ထွက်တော်မူရာ ၎င်းလဆန်း ၁၁-ရက်၊ အင်္ဂါနေ့၌ ဆိုက်ရောက်တော်မူသည်တွင် သီဟိုဠ်မှ ပြန်ကြွလာတော်မူကြသော ၁၁-ပါးသော မထေရ်များနှင့်တကွ ရာမဒူတတမန်တော်ပါ ပင့်ဖိတ်ပြီး အထူးထူးသော ဘောဇဉ်တို့ဖြင့် ကျွေးမွေးဆက်ကပ်ပြီးကာ တိစီဝရိက်အကျိုးငှါ အစုံအစုံသော အဝတ်အထည်တို့ကို လှူဒါန်းပြီးနောက် မထေရ်မြတ်များနှင့် သင့်တင့်လျောက်ပတ်စွာ ပဋိသန္ထာရကထာစကားများ လျှောက်ထားပြောဆိုပြီး၍ ချမ်းသာစွာ အလိုရှိရာသို့ ပြန်ကြွ သီတင်းသုံးတော်မူကြကုန်စေ၏။

ထို့နောက် ရာမာဓိပတိဓမ္မစေတီမင်းတရားကြီးသည် ၃-ရက်တိုင်တိုင် ကြီးကျယ်ခမ်းနားသော ပွဲလမ်းသဘင်ကြီး ဆင်ယင်ကျင်းပပြီးလျှင် သီတင်းကျွတ်လပြည့်၊ မဟာပဝါ-ရဏာနေ့ဖြစ်သော ကြာသပတေးနေ့၌ ခေါင်းလောင်းကြီးကို ရွှေတိဂုံဆံတော် ဓာတ်တော်မြတ်အား ပူဇော်ရန် တင်ဆောင် လှူဒါန်းတော်မူလေသည်။

၎င်းနောက် တိကုံမြို့တော်၌ သီတင်းသုံးတော်မူကြကုန်သော ရဟန်းသံဃာအပေါင်းတို့အတွက် ၁-ရက်နေ့၌ ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြီးလျှင် မထေရ်များအား ကြိုဆိုရန် အစီအစဉ်နှင့်တကွ လှေတော်များ စီရင်ပြီးကာ ၄-ရက်မြောက်မှာ ၎င်းတိကုံမြို့မှ ထွက်တော်မူ၍ ၈-ရက်နေ့တွင် ဟံသာဝတီမြို့တော်သို့ ဆိုက်ရောက်တော်မူပြီး မင်းတရားကြီးသည် အသင့်ဆောက်လုပ်ထားသော ရတနာမန္ဒိရ တန်ဆောင်းတော်ကြီးသို့ ကြွရောက်တော်မူကာ စံနေတော်မူပြီး၍ ၎င်း ၁၁-ရက်၊ တနင်္လာနေ့၌ သီဟိုဠ်မှ ကြွလာတော်မူကြသော မထေရ်မြတ်တို့အား ရတနာမန္ဒိရ တန်ဆောင်းတော်သို့ အထူးထူးသော ပူဇော်ဖွယ်များဖြင့် ကြွလာတော်မူပြီးလျှင်–

- ဓာတ်တော်များ ကိန်းဝပ်စံတော်မူရာ စန္ဒကူးနံ့သာကြုတ်တော်,
- စွယ်တော်မြတ် ရုပ်ပွါးတော်,
- မဟာဗောဓိအကိုင်းတော်, မဟာဗောဓိအရွက်တော်နှင့် မျိုး(စေ့)များ၊

- ၎င်းပြင် သာသနာတော်မြတ်ကို သုတ်သင်ရှင်းလင်းလျက် သာသနာပြုစုတော်မူသော သီရိသံဃဗောဓိပရက္ကမဗာဟုမင်းတရား၏သာသနာပြု အစီအရင်စာတမ်း၊
- ဝိဇယဗာဟုမင်းတရား၏ သာသနာပြုမှတ်တမ်း၊
- ပရက္ကမဗာဟုမင်းတရား၏ သာသနာပြုမှတ်တမ်း၊
- ထိုသို့ မင်းများ, သံဃာတော်များတို့အား တောင်းပန်လျှောက်ထားသော ကတိကဝတ်မှတ်တမ်း၊
- ကျွန်းငယ်များသို့ သီဟိုဠ်မထေရ်များ စေလွှတ်တော်မူ၍ ပေးအပ်သော ကတိကဝတ်မှတ်တမ်း၊
- မင်းတရားကြီးပေးပို့သော သန္ဒေသကထာ၊
- ဝနရတနမဟာထေရ်ရစီရင်တော်မူအပ်သော ဂါထာဗန္ဓများ၊
- ဘုဝနေကမင်းတရား၏ သန္ဒေသကထာအလွှာများ–

အစရှိသည်တို့ကို ဓမ္မစေတီမင်းတရားကြီးသို့ မထေရ်များသည် ပေးအပ်တော်မူပြီးနောက် မင်းတရားကြီးသည် မထေရ်မြတ် အသီးသီးတို့အား အမတ်များစေလွှတ်၍ အခမ်းအနားတို့ဖြင့် မထေရ်တို့၏ ကျောင်းတိုက်များသို့ ပို့စေတော်မူခဲ့လေသည်။

ထို့နောက် မင်းတရားကြီး ကြံစည်တော်မူသည်ကား "ဤဟံသာဝတီနေပြည်တော်နှင့်တကွ တိုင်းနယ်အလုံးတွင် စင်ကြယ်ကောင်းမြတ်သည့် ဗဒ္ဓသိမ်သော်လည်းကောင်း၊ လက္ခဏာမြောက်သည့် မြစ်ချောင်းများသော်လည်းကောင်း၊ လက္ခဏာမြောက်သည့် ဇာတဿရအိုင်ကြီးများသော်လည်းကောင်း၊ ပိုင်းခြားရန် ခဲယဉ်းသည့်အပြင် ကောင်းစွာသုတ်သင်ပြီးသော ဂါမခေတ်များလည်း မရှိကြသဖြင့် ယခုအခါ စင်ကြယ်သော ဥပသမ္ပဒကံယူဆောင်ရန် တိုက်တွန်းအပ်သော မထေရ်များလည်း ကြွရောက်လာပြီဖြစ်၍ ထိုစင်ကြယ်သော မထေရ်များသည် အဘယ်အရပ်မှာလျှင် ဥပေါသထ-စသော သံဃကံနှင့် ဥပသမ္ပဒကံများ ပြုကြအံ့နည်း၊ ၎င်းအား သင့်တင့်လျောက်ပတ်သော ဂါမခေတ်ကို အမတ်တို့အား စိစစ်ရွေးချယ်စေပြီး မထေရ်မြတ်များအား သိမ်ဖွဲ့သမုတ်စေရမူ သာသနာတော်အစဉ်အဆက် ကောင်းမြတ်စင်ကြယ်လိမ့်မည်"ဟု တွေးတောကြံစည်တော်မူခဲ့လေသည်။

ထိုသို့ ကြံစည်တော်မူသည့်အတိုင်း ဆောင်ရွက်ပြုလုပ်စေပြီး ရွှေမောဓော ဆံတော်ရှင်စေတီတော်၏ အနောက်မျက်နှာ၌ နရသူအမည်ရှိသော အမတ်၏ ရွာငယ်သည် သန့်ရှင်း၍ သုတ်သင်ခြင်းငှာ လွယ်ကူသဖြင့် သိမ်သမုတ်ရန် သင့်တင့်လျောက်ပတ်ကြောင်း

ရွေးချယ်စိစစ်ပြီးကာ ၎င်းရွာနယ်မှာ သင့်တင့်သောနေရာ သတ်မှတ်၍ ၎င်းနေရာ၌ မြေအညီအညွတ် ညှိစေပြီးလျှင် ဆေးဒါန်းမြင်းသီလာ-စသည်တို့ဖြင့် လိမ်းကျံစေကာ ၄-မျက်နှာ၌ တံခါးတပ်အပ်သော စည်းဝင်းခြံ ကာရံစေပြီး အလယ်၌ ကောင်းမြတ်တင့်တယ်သော သိမ်သမုတ်ရန် တန်ဆောင်း စီမံဆောက်လုပ်လေသည်။

ထိုမှတပါး အခြားသိမ်များ ရောယှက်ခြင်းမှ သံသယကင်းရှင်းရန် ၎င်းသိမ်နေရာ၏ ပတ်လည်၌ မြေများကို မြောင်းတူးစေပြီး သစ်မြစ်စသည်တို့ကို ရောယှက်ခြင်းမှ ကင်းဝေးအောင် သုတ်သင်ရှင်းလင်းခြင်းအစရှိသော သိမ်၏ ရှေးဦးစွာ ပရိကမ်များစွာတို့ကို ပြုလုပ်စီရင်ပြီးလျှင် ၁-ကျိပ် ၁-ပါးသော မထေရ်အရှင်တို့၏ ကျောင်းအာဝါသတို့ကိုလည်း ၎င်းအနီး၌ စီရင်ပြီးနောက် ၎င်းမထေရ်တို့ကို ထိုကျောင်းများ၌ သီတင်းသုံးရန် ပင့်တော်မူကာ သီတင်းသုံးစေတော်မူခဲ့လေသည်။

ထို့နောက် ရာမာဓိပတိမင်းတရားကြီးသည် အထူးသဖြင့် စင်ကြယ်သော သိမ်တော်ဖြစ်စေရန် စင်ကြယ်သော ဥပသမ္ပဒကံအဖြစ်ယူရန် ကြွတော်မူ၍ ယူကြပြောသော်လည်း "အရှင်များသည် ကံအားဖြင့် ချွတ်ချော်တိမ်းပါးခြင်း ရှိနိုင်ရာ၏"ဟု စဉ်းစားဆင်ခြင်တော်မူသဖြင့် သိက္ခမ်းလိမ္မာသော အမတ်တို့အား စုံစမ်းစေရာ မထေရ်အားလုံးတို့တွင် စင်ကြယ်သောသိက္ခာ-ဟု ဆုံးဖြတ်ပိုင်းခြားအပ်သော ပြစ်တင်ကဲ့ရဲ့ဖွယ် ကင်း၍ အထူးစင်ကြယ်သော မထေရ် ၁၁-ပါးနှင့် ရဟန်းငယ် ၆-ပါးတို့ကို သိမ်သမုတ်ခြင်းငှာ လျောက်ပတ်သောဂိုဏ်းသံဃာအဖြစ် ရွေးချယ်တော်မူခဲ့လေသည်။

ဤသို့ ရွေးကောက်ပြီး၍ သိမ်သမုတ်ခြင်းငှာ ပြင်ဆင်တော်မူကြသည်တွင် အရှင်ဂုဏရတနဓရမထေရ် မကျန်းမာတော်မူသဖြင့် ကျောင်းသို့ တပည့်နှင့်တကွ ကြွသွားတော်မူရ၍ ၎င်းအရှင်မြတ်မှတပါး –

၁၊ အရှင်သီရိသံဃဗောဓိသာမိမထေရ်
၂။ အရှင်ကိတ္တိသီရိမေဃသာမိမထေရ်
၃။ အရှင်ပရက္ကမဗာဟုသာမိမထေရ်
၄။ အရှင်ဗုဒ္ဓဃောသသာမိမထေရ်
၅။ အရှင်ဇိနာလင်္ကာရသာမိမထေရ်
၆။ အရှင်ရတနမာလိသာမိမထေရ်
၇။ အရှင်သဒ္ဓမ္မဇောတသာမိမထေရ်

၈။ အရှင်သုဓမ္မာရာမသာမိမထေရ်

၉။ အရှင်ဘုဝနေကဇာဟုသာမိမထေရ် -

ဟု ဆိုအပ်သော မထေရ် ၉-ပါးအပြင် ၎င်းမထေရ်များ၏ တပည့်များဖြစ်ကြသော အရှင်သံဃရက္ခိတ၊ အရှင်ဓမ္မဝိလာသ၊ အရှင်ဥတ္တရ၊ အရှင်ဥတ္တမ၊ အရှင်ဓမ္မသာရ-ဟု ဆိုအပ်သော ၁၄-ပါးသော အရှင်များတို့သည် သိမ်သမုတ်ခြင်း၌ ဆောက်လုပ်စီမံအပ်သော ကျောင်း၌ သီတင်းသုံးတော်မူကြကုန်၏။

ဤသို့ မင်းတရားကြီးသည် သိမ်သမုတ်ခြင်း၏ ပရိကမ်အားလုံးတို့ကို စီရင်ပြီးနောက် ရှေးသိမ်ဟောင်းများနှင့် ရောယှက်ခြင်း, လွှမ်းမိုးခြင်းဟူသော သီမာသမ္ဘေဒ, အဇ္ဈောတ္ထရဏတို့ကြောင့် သိမ်ပျက်ခြင်းမှ ကင်းစေရန် ကျမ်းဂန်အနှံ့အပြား ပါဠိ, အဋ္ဌကထာ, ဋီကာများကို သုံးသပ်ပြီးကာ ၎င်းတို့၌ လာသော အစီအရင်ဖြင့် လိမ်းကျံအပ်သော မြေမျက်နှာပြင်ဝယ် ၄-တောင်၊ ၅-တောင် အကွတ်သားလျက် အစဉ်အတိုင်း တစ်ကွက်လျှင် သီဟိုဠ်မှ ကြွလာသော မထေရ် ၉-ပါး၊ ရဟန်းငယ် ၅-ပါး၊ ဤ ၁၄-ပါးတို့ ၇-ဌာနတို့၌ ၇-ကြိမ်စီ ကမ္မဝါစာရွတ်ဖတ် အကြိမ်ကြိမ် အထပ်ထပ် ပရှုပဝါဒသံသယကင်းအောင် နုတ်အပ်သဖြင့် သီမာသမူဟနကံသည် နတ်တော်လဆန်း ၇-ရက်၊ စနေနေ့မှ ပြီးဆုံးခြင်းသို့ ရောက်ကြကုန်၏။

၎င်းနောက် ၎င်းလ ၈-ရက်မြောက်သောနေ့၌ သိမ်သမုတ်အံ့သောငှာ အလိုရှိအပ်သော အရပ်တို့ကို ပိုင်းခြား၍ ကျောက်တိုင်များကိုလည်း အရပ် ၈-မျက်နှာ၌ စိုက်ထူစေပြီး ၎င်းကျောက်နိမိတ်များ၏ အတွင်းရေးအနားနှင့် ညီစွာ ကြိုးဆွဲကာ အရေး သားပြီး ဂါမခေတ်နှင့် မရောယှက်စေရန် မြောင်းတူး၍ ရေညွှန်ကာ ပရိကမ်အားလုံး ပြီးဆုံးသည့်နောက် သီဟိုဠ်ရောက် အရှင် ၁၄-ပါးတို့ဖြင့် ကျမ်းဂန်လာတိုင်း နိမိတ်အချင်းချင်း စပ်အောင်ထားစေပြီးလျှင် ၇-ကြိမ် သီမာသမ္မုတိကမ္မဝါစာကို ရွတ်ဖတ်လျက် သိမ်တော်မြတ်ကို သမုတ်တော်မူခြင်းကိစ္စသည် ၎င်းလဆန်း ၈-ရက်၊ တနင်္ဂနွေနေ့မှာ အောင်မြင်စွာ ပြီးမြောက်တော်မူခဲ့လေသည်။

ဤသို့အားဖြင့် ဓမ္မစေတီမင်းတရားကြီးသည် အားသည်းသောလုံ့လ, ထက်သန်လှသောသဒ္ဓါဖြင့် သာသနာတော်ကို အတိုင်းထက်အလွန် ကြည်ညိုတော်မူသည့်အတိုင်း မူလအစ ဥပသမ္ပဒရဟန်းအဖြစ်ယူခြင်းမှ စ၍ များလှစွာသော ရိက္ခာတော်များ ကုန်ကျစေကာ အားထုတ်တော်မူသော သာသနာပြုလုပ်ငန်းကြီးသည် ပြီးမြောက်သောကြောင့် အလွန်ဝမ်းမြောက်တော်မူသည်အားလျော်စွာ များလှစွာသော ပူဇော်ဖွယ်တို့နှင့်တကွ တူရိယာ

အမျိုးမျိုးတို့ဖြင့် တီးမှုတ် ပူဇော်ပြီးလျှင် ဤသိမ်တော်မြတ်ကြီးကို မြတ်စွာဘုရားကိုယ်တော်တိုင် ရေသုံးသပ်တော်မူသော ကလျာဏီမြစ်၊ ဥဒကုက္ခေပသိမ်၌ သိက္ခာတင်တော်မူကြသော မထေရ်မြတ်တို့ သမုတ်တော်မူအပ်သောကြောင့် ကလျာဏီသိမ်တော်-ဟု အမည်သမုတ် ပညတ်တော်မူပြီးလျှင် ကြီးကျယ်ခိုင်ခံ့သော ကမ္ပည်းကျောက်စာတော်များ ထွင်းထုတည်ထား သတ်မှတ်တော်မူခဲ့လေသည်။

✪ ✪ ✪ ✪ ✪

## နိုင်ငံတော်အဝှန်း၌

## သံဃာတော်တို့အား စင်ကြယ်သော သိက္ခာတင်ခြင်း

မင်းတရားကြီးသည် ဤသို့ နိုင်ငံတော်အဝှန်း၌ ယုံမှားအပ်သော ဥပသမ္ပဒရှိတော်မူ၍ စင်ကြယ်အောင် မြတ်သောအနွယ်ဝံသရှိသည့် သီဟိုဠ်ကျွန်း၊ မဟာဝိဟာရဝါသီဂိုဏ်းကြီးမှ ဥပသမ္ပဒကံကို ဆောင်ယူစေရာ စင်ကြယ်စွာ သမုတ်အပ်သော သိမ်တော်မြတ်မအောင်မြင်သေးမီကပင်လျှင် သဒ္ဓါတရားနှင့် ပြည့်စုံတော်မူကြ၍ မြတ်စွာဘုရားသာသနာတော်မြတ်၏ စင်ကြယ်ကောင်းမွန် တိုးတက်ကြီးပွါးခြင်းကို လိုလားတော်မူကြသော ဂဏာ-စရိယမထေရ်များစွာတို့သည် မင်းတရားကြီးကို ချဉ်းကပ်၍ "ရေမြေ့ရှင်မင်းကြီး၊ ငါတို့ကား မြတ်စွာဘုရားသာသနာတော်၌ ယုံကြည်လေးစားစွာ ထမ်းဆောင် ကျင့်ကြံကြပါသော်လည်း ဥပသမ္ပဒအဖြစ်၌ ယုံမှားဖွယ်ရှိလျက် နေရပါမူ မလျောက်ပတ်၊ သို့ဖြစ်၍ ထိုမထေရ်များထံ ထပ်မံ၍ မဟာဝိဟာရဝါသီဂိုဏ်းအနွယ်ဝံသဖြစ်ရန် သိက္ခာတော်တင်ကြပြီးလျှင် ယုံမှားမဲ့ဖြစ်လိုကြကုန်၏"ဟု မိန့်တော်မူကြသည့်အတိုင်း မင်းတရားကြီးသည် များစွာသော မထေရ်တို့အား "အရှင်ဘုရားတို့၊ မြတ်စွာဘုရား သာသနာတော်အားလျော်စွာ ဝိနည်းကံကို ဆင်ခြင်သုံးသပ်တော်မူပြီးလျှင် အကြင်မထေရ်များ ယုံမှားအပ်သော ဥပသမ္ပဒကံရှိတော်မူကုန်သည်၊ ထိုအရှင်တို့သည် မဟာဝိဟာရအနွယ်ဝံသဖြစ်သော ဥပသမ္ပဒကံရှိသည့် မထေရ်များထံမှ ယူနိုင်တော်မူကြပါသည်။ အကယ်၍ မယူလိုသောအရှင်များ ရှိပါကလည်း ယူတော်မူပါ-ဟု မလျှောက်ထားဝံ့ပါ၊ ဝိနည်းအဆုံးအဖြတ်သည်သာ ပမာဏဖြစ်၍ တရားဓမ္မတို့ကိုသာ သုံးသပ်တော်မူကြစေလိုပါသည်"ဟု မင်းတရားကြီး လျှောက်ထားခဲ့လေသည်။

ထိုသို့ မင်းတရားကြီးထံ မထေရ်များ မိန့်ကြားတော်မူခြင်းနှင့် လျှောက်ထားဖူးသည်ကို အောက်မေ့ဆင်ခြင်တော်မူသဖြင့် "ရဟန်းပဥ္စင်းအဖြစ်တည်းဟူသော ဥပသမ္ပဒကံသည်ကား ဥပဇ္ဈာယ်ဆရာလျှင် အရင်းမူလရှိ၍ ၎င်းမှာ ၁၀-ဝါပြည့်မှသာ စွမ်းနိုင်ကြောင်း မြတ်စွာဘုရား ခွင့်ပြုတော်မူသဖြင့် ဤသီဟိုဠ်ပြန် မထေရ်တို့မှာ ယခုနှစ် ဝါမှ ရဟန်းအဖြစ်ကို ရကြ၍ ဥပဇ္ဈာစရိယအဖြစ် မလျောက်ပတ် မသင့်တော်သေး၊ ရှေးက သီဟိုဠ်ကျွန်း မဟာဝိဟာရဝါသီမထေရ်များထံ ဥပသမ္ပဒကံပြုတော်မူကာ ကြွလာတော်မူသော မထေရ်များ ရှိပြီးအံ့"ဟု နှလုံးပြုတော်မူလျက် မင်းတရားကြီးသည် စုံစမ်းရှာဖွေတော်မူစေရာ–

ပရက္ကမဗာဟုမထေရ်မြတ်က "ရေမြေ့ရှင်မင်းကြီး၊ မဟာဝိဟာရဝါသီဂိုဏ်း အဆက်အနွယ်ဖြစ်သော ဥပဇ္ဈာယ်ဖြစ်ခြင်းငှာ လျောက်ပတ်ပြည့်စုံသည့် အရှင်သုဝဏ္ဏ-သောဘနမထေရ်မြတ် ၁-ပါး ရှိပါသည်။ ၎င်းမထေရ်မြတ်ကား တောကျောင်း၌ သီတင်းသုံးတော်မူ၍ ဓုတင်ကို ဆောင်တော်မူသည့်အပြင် အပ္ပိစ္ဆာဂုဏ်၊ သန္တုဋ္ဌိသလ္လေခဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ဗျတ္တပဋိဗလဂုဏ်-စသည်တို့နှင့်လည်း ပြည့်စုံတော်မူပါသည်"ဟု မိန့်တော်မူလျှင် မင်းတရားကြီးသည် ၎င်းမထေရ်အား အလွန်သဒ္ဓါကြည်ညို ရှိတော်မူ၍ ၎င်းမထေရ်မြတ်ကြီးကို အမတ်တို့အား ပင့်စေတော်မူပြီး မင်းတရားကြီးထံ ကြွလာတော်မူသောအခါ အရှင်မြတ်၏ ဥပသမ္ပဒကံကို ယုံမှားမရှိရန် မင်းတရားကိုယ်တိုင် မထေရ်အရှင်မြတ်အား ဥပသမ္ပဒအကြောင်း လျှောက်ထားတော်မူလေသည်။

ထိုအခါ မထေရ်မြတ်သည် မင်းတရားကြီးအား မိန့်ကြားတော်မူသည်မှာ "ဒကာတော်မင်းမြတ်၊ မိမိသည် ကလမ္ပုမည်သော ဇာတဿရအိုင်၌ ဝိနည်းကံနှင့်အညီ စီရင်အပ်သော ဥဒကုက္ခေပသိမ်တွင် များစွာသော ရဟန်းတို့ထံ၌ ဝနရတနမည်သော မထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရာဟုလအမည်ရှိသော ယခု ပိယတိုင်းမင်း၏ဆရာ သာသနာပိုင်မထေရ်ကို ကမ္မဝါဆရာပြုလုပ်ပြီး ရဟန်းအဖြစ်သို့ ရောက်ပါသည်၊ ရဟန်းဖြစ်သည်မှ ရေတွက်သော် ၂၆-ဝါ ရပါပြီ"ဟု မိန့်တော်မူခဲ့လေသည်။

ထိုအခါ မင်းတရားကြီးသည် အလိုရှိအပ်သော ဂိုဏ်းအနွယ်ဝင် အရှင်မြတ်ဖြစ်၍ အလိုရှိအပ်သော အင်္ဂါဂုဏ်တို့နှင့်လည်း ပြည့်စုံတော်မူသဖြင့် အတိုင်းထက်အလွန် ဝမ်းမြောက်တော်မူ၍ "အရှင်ဘုရား၊ ဒကာတော်ပြုစုအပ်သော သာသနာတော်၏ စည်ပင်ပြန့်ပွါးထွန်းကားရေးကို ချီးမြှောက်အားပေးတော်မူသောအားဖြင့် ယခု ပြုလတ္တံ့သော ဥပသမ္ပဒကံ ဆောင်ရွက်ရာ၌ အရှင်ဘုရားအား ဥပဇ္ဈာယ်ဆရာမြတ်အဖြစ် ချီးမြှောက်တော်မူပါမည့်အကြောင်း"လျှောက်ထားလျှင် အရှင်မြတ်သည် "ဒကာတော်မင်းမြတ်၊ ရှေးရဟန္တာ မထေရ်မြတ်များသည် မိမိအကျိုးကို စွန့်ပယ်၍ သာသနာတော်အကျိုး သယ်ပိုး

ဆောင်ရွက်တော်မူကြသကဲ့သို့ မင်းတရားလျှောက်ထားသောအတိုင်း သာသနာတော်၏ စည်ပင်မှုကို ပဓာနထားလျက် အားထုတ်ဆောင်ရွက် ချီးမြှင့်ပါမည်"ဟု ပဋိညာဉ် ဝန်ခံစကား မိန့်ကြားတော်မူခဲ့လေသည်။

မင်းတရားကြီးသည် မထေရ်မြတ်ထံမှ ဝန်ခံကတိ ရရှိတော်မူသည့်အတိုင်း ရှေးမဆွကပင် အရှင်များသည် ဥပသမ္ပဒကံယူလိုကြောင်း, အမိန့်ရရှိတော်မူဖူးကြ၍ ၎င်းနှစ်နတ်တော်လဆန်း ၉-ရက်၊ တနင်္လာနေ့၌ နံနက်စောစောကပင်လျှင် ထိုဥပသမ္ပဒကံသစ်ကို ယူလိုသော ဂိုဏ်းဆရာ မထေရ်များနှင့်တကွ ကလျာဏီသိမ်သို့ ထွက်တော်မူ၍ ဥပဇ္ဈာယ်ဆရာမြတ်အဖြစ် ပင့်ဆောင်တော်မူလာသော မထေရ်မြတ်နှင့် သီဟိုဠ်မှ သိက္ခာယူလာတော်မူကြသည့် မထေရ် ၉-ပါး၊ ရဟန်းငယ် ၅-ပါးတို့ကို သိမ်တော်သို့ ကြွစေတော်မူပြီး သီဟိုဠ်ရောက် မထေရ်မြတ်တို့အား "ဂိုဏ်းဆရာ အရှင်တို့ကို ဥပသမ္ပဒကံဖြင့် ချီးမြှင့်တော်မူပါ"ဟု လျှောက်ထားရာ မထေရ်မြတ်တို့က-

"ဒကာတော်မင်းမြတ်၊ မိမိတို့သည် မဟာဝိဟာရဝါသီ အရှင်မြတ်တို့ထံ ဥပသမ္ပဒကံယူရန် လျှောက်ထားရာ ရှေးသီဟိုဠ်မထေရ်များ၏ အလေ့အကျင့်ကား တိုင်းတပါးမှ လာ၍ သိက္ခာယူကြကုန်သော ရဟန်းအား ရှေးဦးလူအဖြစ်မှ မဟာဝိဟာရဂိုဏ်း အစဉ်အလာအတိုင်း သာမဏေအဖြစ် သရဏဂုံကို ယူစေပြီးလျှင် သိက္ခာသစ် တင်ယူကြကြောင်း-အမိန့်ရှိကြသည့်အတိုင်း သိက္ခာအသစ် တင်ယူခဲ့ပါကြောင်း" မိန့်ကြားပြီးလျှင် "ဂဏာစရိယအရှင်မြတ်တို့သည်လည်း စင်ကြယ်သော ဥပသမ္ပဒကံအဖြစ်ကို ယူလိုတော်မူကြပါလျှင် အသစ်ဖြစ်သော သိက္ခာကို ရေတွက်တော်မူ၍ ဆိုခဲ့ပြီး သီဟိုဠ်ကျွန်း မထေရ်များ၏ အစဉ်အလာအတိုင်း လိုက်နာကြပါ"ဟု လျှောက်ကြားသောအခါ ၎င်းဂဏာစရိယမထေရ်များကလည်း သီဟိုဠ်မထေရ်များ၏ အလေ့အကျင့်အတိုင်းပင် ဆောင်ရွက်တော်မူရန်လျှောက်ထား၍ အရှင်ဓမ္မကိတ္တိမထေရ်မြတ်ကို အခြေပြု၍ သီဟိုဠ်ဂိုဏ်း၏ အစဉ်အလာအားလျော်စွာ အရှင်သောဘနမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် သီဟိုဠ်ရောက် မထေရ် ၉-ပါးကို ကမ္မဝါစာဆရာ ပြုစေတော်မူပြီး ၂-ပါးစီ အကြိမ်အားဖြင့် ကမ္မဝါစာ ဖတ်ရွတ်တော်မူကြကာ ဥပသမ္ပဒကံကို ဆောင်ရွက်တော်မူကြကုန်၏။

ထိုအစဉ်းစွာ သိမ်တော်၌ ဥပသမ္ပဒကံ ဆောင်ရွက်တော်မူသော, နတ်တော်လဆန်း ၉-ရက်၊ တနင်္လာနေ့၌ပင်လျှင် ဘုရင်မင်းတရားကြီး ကိုယ်တော်တိုင်ပင် ကံဆောင်ရာ၌ ရောက်တော်မူ၍ ကံဆောင် ကာရကမထေရ်မြတ်တို့အားလည်းကောင်း၊ သိက္ခာသစ်ယူတော်မူကြကုန်သော ဂဏာစရိယမထေရ်မြတ်တို့အားလည်းကောင်း အထူးထူးသော ဆွမ်းဘောဇဉ် အဖျော်ယမကာတို့ကို ဆက်ကပ်တော်မူပြီးကာ ၎င်းသိမ်တော်မြတ်၌

သိက္ခာသစ် ယူတော်မူကြကုန်သော မထေရ်များ၏ အရေအတွက် အပိုင်းအခြား ထင်ရှား မှတ်သားရန် စာရေးများနှင့် ပညာရှိအမတ်များ အမြဲနေစေရန် ထားတော်မူခဲ့လေသည်။

၎င်းသိမ်တော်မှာ နေ့အခါ၌ ရဟန်းအဖြစ်ကို ယူစေတော်မူသည့်အပြင် ညဥ့်အခါ၌ လည်း ဥပသမ္ပဒကံ ဆောင်ရွက်နိုင်ရန် များစွာသော ဆီမီး, မီးရှူး, မီးတိုင်များကို ညှိထွန်း စေလျက် ဆောင်ရွက်စေရာ ၎င်းနတ်တော်လဆန်း ၉-ရက်နေ့မှ ၁၃-ရက်နေ့တိုင် ၅-ရက် တို့၌ ဥပသမ္ပဒကံအသစ် ဆောင်ရွက်ကြရာတွင် အရှင်ဂဏာစရိယမထေရ်များ ၂၄၅-ပါးမျှ ရှိတော်မူကြကုန်၏။

ထို့နောက် ဓမ္မစေတီမင်းတရားကြီးသည် ၁၄-ရက်နေ့၌ ထို ၂၄၅-ပါးမျှသော ဂဏာ-စရိယမထေရ်များအား "နက်ဖြန် နတ်တော်လပြည့် ဥပုသ်နေ့၌ ကမ္မကာရက သံဃာတော် ၁၅-ပါးနှင့်တကွ ဥပေါသထကံ ပြုတော်မူကြပါကုန်၊ အရှင်ဘုရားတို့အား လှူဒါန်းဖွယ်ဝတ္ထု တို့ဖြင့် ပူဇော်လိုပါသည့်အပြင် အရှင်မြတ်တို့ ညီညွတ်စွာ ဥပေါသထကံ ပြုတော်မူကြသဖြင့် စိတ်၏ ကြည်ညိုခြင်းကိုလည်း ရလိုပါသည်"ဟု ပင့်ဖိတ်တော်မူပြီးလျှင် ၎င်းနတ်တော် လပြည့်၊ တနင်္ဂနွေနေ့၊ နံနက် စောစောကပင်လျှင် အခြွေအရံနှင့် သိမ်တော်သို့ ထွက်တော်မူ ပြီးကာ အထူးထူးသော နေရာထိုင်ခင်း-စသည်တို့ကို စီရင် ခင်းကျင်းစေတော်မူပြီး မထေရ် များ ကြွလာခြင်းကို စောင့်တော်မူလျက်နေရာ မထေရ်များလည်း မင်းတရားကြီး ပင့်ဖိတ် တော်မူသည့်အတိုင်း ကြွလာတော်မူကြပြီးလျှင် သံဃာ့ဥပုသ် ပြုတော်မူကြပြီးနောက် အထူး ထူးသော ဘောဇဉ်တို့ဖြင့် ကျွေးမွေးလှူဒါန်းတော်မူသည့်အပြင် ဆွမ်းဘုဉ်းပေးတော်မူပြီး သည့်အဆုံး၌လည်း ၁-ပါး, ၁-ပါးသော အရှင်မြတ်တို့အား-

- တိစီဝရိက်အလို့ငှါ နူးညံ့သော ဝါချည်အထည် ၂ - စုံ
- ကွမ်းညှပ်စသည် အစုံနှင့်တကွ ကွမ်းအစ် ၁ - လုံး
- သင်းပေါင်းရွက်ဖြင့် ပြီးသောထီး ၁ - လက်
- သပိတ်ခြေ, သပိတ်ဖုံးနှင့်တကွ သပိတ်အစုံ ၁ - လုံး

စသည်တို့ကို လှူဒါန်းတော်မူပြီးလျှင် သံဃာတော်တို့၏ အလိုဆန္ဒအားဖြင့် အရှင်သုဝဏ္ဏ-သောဘနမထေရ်မြတ်ကိုလည်း ကလျာဏီတိဿမဟာထေရဟူသော ဘွဲ့တံဆိပ်တော်ကို လည်း ချီးမြှင့် လှူဒါန်းတော်မူလေသည်။

ထိုအခါမှစ၍ မင်းတရားကြီးသည် ဥပသမ္ပဒကမ္မကာရကမထေရ်များ ဖြစ်တော် မူကြကုန်သော အရှင်သုဝဏ္ဏသောဘနမထေရ်အမှူးရှိသည့် မထေရ် ၁၀-ပါး၊ ရဟန်းငယ်

၅-ပါးတို့အားလည်းကောင်း ဥပသမ္ပဒါပေက္ခဖြစ်ကြသည့် အခြားမှ ကြွလာတော်မူကြကုန်သော မထေရ်များအားလည်းကောင်း၊ ပစ္စည်း ၄-ပါးဖြင့် ပြုစုလုပ်ကျွေးစေခြင်းငှာ အမတ်ပညာရှိအပေါင်းကိုလည်းကောင်း၊ ဥပသမ္ပဒကံ ဆောင်တော်မူကြသည့် မထေရ်များ၏ အရေအတွက်ကို မှတ်သားရန် များစွာသော စာရေးတို့ကိုလည်းကောင်း၊ ၎င်းကံ ပြီးဆုံးတိုင်း, ပြီးဆုံးတိုင်း သာဓုခေါ်သောအားဖြင့် စည်, ခရုသင်း-စသော အတီး, အမှုတ်များကိုလည်းကောင်း အမြဲမပြတ် ထားတော်မူပြီး နေ့စဉ်, နေ့တိုင်း ဂဏာစရိယ ဆရာမထေရ်များနှင့် သဒ္ဓါတရားနှင့်ပြည့်စုံကုန်သော ရဟန်းတော်များတို့သည် သိမ်တော်မြတ်သို့ လာရောက်၍ စင်ကြယ်သော ဥပသမ္ပဒကံကို ယူတော်မူကြကုန်၏။

ထို့နောက် မင်းတရားကြီးသည် သာသနာတော်၏ ကြီးပွါးခြင်းကို လိုလားတောင့်တတော်မူသည်အားလျော်စွာ အားလုံးထင်ရှားရှိကုန်သော သီလသိက္ခာနှင့် ပြည့်စုံတော်မူကြသည့် မထေရ်မြတ်များ၏ အလိုဆန္ဒတော်တို့ကို တောင်းဆိုတော်မူပြီးလျှင် ကတိကဝတ်စကား လျှောက်ထားတော်မူသည်ကား-

"ယနေ့က အစပြု၍ အရှင်မြတ်များသည် ရဟန်းပြုလိုကြကုန်သော သူတို့အား ဥပသမ္ပဒကံ ရွက်ဆောင်ပေးတော်မူလိုကြသည် ဖြစ်အံ့၊ ၎င်းအဖြစ် ဆိုခဲ့ကုန်သော သူတို့သည်-

- မင်းဒဏ်သင့်၍ မင်းဒဏ်အမှတ် ခတ်အပ်သောသူ၊
- တံခွန်ကဲ့သို့ ထင်ရှားသော ခိုးသူများ၊
- လှောင်အိမ် ဖောက်ဖျက် ထွက်ပြေးသောသူ၊
- မင်းကို ပြစ်မှားကျူးလွန်သူများ၊
- အလွန် အိုမင်းလွန်းသောသူ၊
- အနာရောဂါ အလွန်နှိပ်စက်ဖိစီးသောသူ၊
- လက်ပြတ်, ခြေပြတ်စသော အင်္ဂါချို့ယွင်းသောသူ၊
- ကုန်း, ကွ၍ ရှုဖွယ်ရာ မတင့်တယ်သောသူ၊
- အလွန်ပုကွ၍ မလေးစားထိုက်သူ၊
- ခြေခွင်, လက်ကောက်သောသူ၊
- ပရိသတ်အလယ်၌ မတင့်တယ်သောသူ၊

ဤသို့ ဆိုခဲ့ပြီးသော သူများနှင့် လူများမြင်၍ မတင့်တယ် ကဲ့ရဲ့ပြစ်တင်ဖွယ်ရှိသော သူများကို အရှင်များ ရဟန်းပြုခြင်းမှ ရှောင်ကြဉ်တော်မူကြပါကုန်။

အရှင်မြတ်များထံသို့ ရဟန်းပြုအံ့သောငှါ လာကုန်လာကုန်သောသူတို့ ရှိကုန်အံ့၊ ဒကာတော်ကိုလည်းကောင်း ဟံသာဝတီနေပြည်တော်၌ သီတင်းသုံးတော်မူကြကုန်သော ဂိုဏ်းဆရာ မထေရ်မြတ်တို့အားလည်းကောင်း၊ မပန်ကြားမူ၍ မိမိတို့နေရာ၌သာလျှင် ရဟန်းအဖြစ် ဥပသမ္ပဒကံကို ပြုတော်မမူကြပါကုန်လင့်။

အကယ်၍ ကတိကဝတ်ကို မနာယူဘဲ မိမိတို့နေရာ၌သာလျှင် ရဟန်းပြုကြကုန်ငြားအံ့၊ ထိုရဟန်းလောင်း၏ အမိ, အဘ, ဉာတိ, အလုပ်အကျွေး ဒကာတို့အား မင်းဒဏ် ထားခြင်း ခံရကုန်အံ့။

အကြင်ရဟန်းတို့သည် ဆေးဝါးကုသခြင်း ပြုကြကုန်၏။ ဂဏန်းသချ်ာအတတ်၊ လက်သမားအတတ်, ဆင်စွယ်ပွတ် စသည်အတတ် စသည်ပြု၍ မင်း, အမတ်စသော ဂုဏ်ရှိသောသူတို့သားငယ် ချီပိုးခြင်းစသော ဝိနည်းကံနှင့် မသင့်လျော်သောအမှုကို ပြုကြကုန်၏။

အကြင်ရဟန်းတို့သည် ဥပါတ်ကျခြင်း, နိမိတ်ဖတ်ခြင်း, အိပ်မက်ဖတ်ခြင်း စသည် တို့ကိုပြု၍ အသက်မွေးခြင်း, ပန်းချီရေးသားမှု, ပန်းပုထုလုပ်မှု, ဆင်စွယ်ပွတ်စသည် ပြုလုပ်မှု, ပန်းထိမ်အမှု, မြတ်စွာဘုရား ရုပ်ပွါးတော်တို့ကို ထုလုပ်ခြင်းအမှု စသည်တို့ကို ပြုလုပ်လျက် အသက်မွေးခြင်းကို ပြုလုပ်ကုန်၏။

အကြင်ရဟန်းသည် ဝါခင်းသို့သွား၍ ရှည်စွာသောအသံဖြင့် ဆွဲငင်ကာ တရား ဟောပြောလျက် ဝါဂွမ်းတို့ကို စုဆောင်း ရောင်းဝယ်ဖောက်ကားခြင်းကို ပြုကုန်၏။

အကြင်ရဟန်းတို့သည် သလေးခင်း, ကောက်ခင်းသို့ သွား၍ သံရှည်ဆွဲကာ တရား ဟောလျက် ကောက်စပါးတို့ကို စုဆောင်းပြီး ကုန်သွယ်ခြင်းအမှုကို ပြုကုန်၏။

အကြင်ရဟန်းတို့သည် ငရုတ်ခင်းသို့သွား၍ ဂီတ-အသံဖြင့် တရားဓမ္မဟောပြကာ ငရုတ်သီးတို့ကို စုဆောင်းကုန်သွယ်ကုန်၏။

ထိုမှတပါး ရဟန်းများတို့သည် လူတို့အလား ဖောက်ကားရောင်းဝယ် ကုန်သွယ် ခြင်းအမှုကို ပြုကုန်၏။

အကြင်ရဟန်းတို့သည် ကွေ့အံကြူးသော သူတို့နှင့်လည်းကောင်း, မိန်းမကြူးသော သူတို့နှင့်လည်းကောင်း, သေကြူးသောသူတို့နှင့်လည်းကောင်း, ခိုးခြင်းဖြင့် အသက်မွေး

သောသူတို့နှင့်လည်းကောင်း, မင်းခယောက်ျားတို့နှင့်လည်းကောင်း, ရဟန်းများနှင့် မသင့်မလျော်သော ယောက်ျား, မိန်းမများနှင့် ပေါင်းဖက် ဂိဟိသံသဋ္ဌပြုလုပ်ကုန်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ရဟန်းတို့သည် ရဟန်းယုတ်မာတို့-ဟူ၍ ဒကာတော် မှတ်သားပါသည်။ ၎င်းရဟန်းတို့ကို အရှင်များထံ၌ နေထိုင်ခွင့်ပြုတော်မမူပါကုန်လင့်။

အကြင်ရဟန်းတို့သည် သဒ္ဓါတို့နှင့် ပြည့်စုံ၍ သိက္ခာ ၃-ပါးတို့ကို ရိုသေကောင်းမွန်စွာ ကျင့်ကြံတော်မူလျက် ပါဠိ၊ အဋ္ဌကထာများကို သင်ကြား လေ့လာ အားထုတ်ဆည်းပူးကြကုန်၏။ ထိုရဟန်းများကိုသာလျှင် အရှင်များထံ၌ နေထိုင်ခွင့်ပြုတော်မူကြပါကုန်။

ထို့မှတပါး အရှင်မြတ်များထံတော်၌ ရဟန်းပြုလို၍ လာရောက်ဆည်းကပ်ကြကုန်သော သူတို့အား အက္ခရာ, ပုဒ်, ပါဠိ ကျနစွာ သင်ကြားပြီးမှ သရဏဂုံ, သီလ သင်ကြားစေပြီး ရှင်သာမဏေအဖြစ် ချီးမြှောက်ခြင်း, ဝိနည်းဒွေမာတိကာ, ခုဒ္ဒသိက္ခာများကို ရှင်သာမဏေအဖြစ်နှင့် အနက်အဓိပ္ပါယ်ကျနစွာ သင်ကြားအားထုတ်စေပြီးမှ ဥပသမ္ပဒါပေက္ခ ရဟန်းလောင်းတို့အား ရဟန်းအဖြစ်ကို ချီးမြှောက်တော်မူခြင်း၊

ရဟန်းတို့အား ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ-ဟု ဆိုအပ်သော စတုပါရိသုဒ္ဓိသီလတို့ကို အစမှ အဆုံးတိုင်အောင် သင်ကြားစေပြီးမှ ဒေသနာတော်ဟောကြားခြင်း, ပစ္စဝေက္ခဏာဆင်ခြင်ခြင်းများ သင်ကြားလေ့လာပြီးမှ ဒကာတော်အားလည်းကောင်း, ဟံသာဝတီနေပြည်တော်၌ သီတင်းသုံးတော်မူကြကုန်သော ဂဏာစရိယအရှင်မြတ်တို့အားလည်းကောင်း ပြောကြားစေပြီး၍ ဒကာတော်သည်ပင် ပစ္စည်း ၄-ပါးဖြင့် လှူဒါန်းလျက် ရဟန်းအဖြစ်သို့ ရောက်အောင် ချီးမြှောက်လိုပါသည်။

အလုံးစုံသော ရဟန်းအပေါင်းများသည် မြတ်စွာဘုရား ပညတ်တော်မူအပ်သော ဝိနည်းတော်အားလျော်စွာ သိက္ခာပုဒ်များကို ကျင့်တော်မူကြပါကုန်။

ရှေးအခါ ရာမညတိုင်း သာသနာတော်မှာ ဂိုဏ်းများစွာ ကွဲပြား၍ အယူဝါဒမတူကြခြင်းကြောင့်သာလျှင် ဤကဲ့သို့သော အညစ်အကြေး ဆူးငြောင့်များ ထင်ရှားဖြစ်ပေါ်လာခဲ့ရပါသည်။

ယခုအခါ၌ကား အရှင်များသည် သဒ္ဓါတရားနှင့် ပြည့်စုံသည့်အားလျော်စွာ မဟာဝိဟာရဝါသီ မထေရ်အရှင်မြတ်များ၏ ဂိုဏ်းအဆက်အနွယ်ဝံသအားလုံး တူမျှကြသည့်အတိုင်း တစ်ဂိုဏ်းတည်းသာ ဖြစ်တော်မူကြပါကုန်။

ဤကတိကဝတ်စကားများကို ရာမညတိုင်း၊ နိုင်ငံတော်အတွင်း သီတင်းသုံးတော်မူကြသော အရှင်မြတ်များအား လျှောက်ထားပြီးလျှင် အကြင်အရှင်မြတ်တို့အား ရွှေ၊ ငွေ စသော ဥစ္စာ၊ စပါး၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ားတို့ ရှိကုန်ငြားအံ့။ ထိုရဟန်းတို့အား ဆိုခဲ့ပြီး ရဟန်းတို့နှင့် မလျှောက်ပတ် မအပ်သော အကပ္ပိယဝတ္ထု များကို စွန့်လျက် မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာပုဒ်အားလျော်စွာ ကျင့်တော်မူကြပါစေကုန်၊ အကယ်၍ မစွန့်နိုင်ပါမူ လူဝတ်လဲကာ လူအဖြစ်နှင့် နေကြပါစေကုန်၊ ၎င်းတို့အား မိန့်ကြားတော်မူကြပါကုန်။”

ဤသို့ ရာမာဓိပတိမင်းတရားကြီးသည် သာသနာတော်၏ ကြီးပွါးထွန်းကားစင်ကြယ်ကောင်းမြတ်ခြင်းကို လိုလားတော်မူသဖြင့် သံဃာတော်တို့အား ကတိကဝတ်စကား လျှောက်ကြားတော်မူခဲ့လေသည်။

ထိုသို့ မင်းတရားကြီး လျှောက်ထားတော်မူသော ကတိကဝတ်စကားကိုကား သိတော်မူကြ၍ အကြင်ရဟန်းများ သဒ္ဓါတရားနှင့် ပြည့်စုံကုန်၏။ ထိုရဟန်းတို့သည်ကား မင်းတရားလျှောက်ထားသော စကားအရ ရှိ*(ထားပြီး)*ကြသော ရွှေ၊ငွေ စသော ရဟန်းတို့နှင့် မအပ်သော ပစ္စည်းတို့ကို စွန့်ပစ်ပြီးလျှင် မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာပုဒ်အားလျော်စွာ ကျင့်ကြံအားထုတ်တော်မူကြကုန်၏။

အချို့ရဟန်းတို့သည်ကား မိမိတို့၌ ရှိကြသော ဝိနည်းနှင့် မအပ်သည့်ပစ္စည်းတို့ကို မစွန့်နိုင်ကြသဖြင့် လူအဝတ် လဲနေကြကုန်၏။

ထိုမှတပါး အန္တိမဝတ္ထုသို့ ရောက်သော ရဟန်းတို့ကိုလည်း ဝိနည်းကံအားလျော်စွာ မေးမြန်း စိစစ်ပြီးလျှင် အမှုထင်ရှားသောရဟန်း၊ ဆုံးဖြတ်သုတ်သင်ခြင်းငှာ ခဲယဉ်းလှသော ရဟန်းတို့ကို လူဝတ်လဲစေသည့်အပြင်-

အကြင်ယုတ်မာသောရဟန်းများ ဖောက်ကားရောင်းဝယ်ခြင်းတို့ဖြင့် ပစ္စည်းဥစ္စာ စုဆောင်းခြင်း၊ ပန်းချီ၊ ပန်းပုထုလုပ်ခြင်းစသည်ဖြင့် ပစ္စည်းစုဆောင်းရောင်းဝယ်ခြင်း၊ တရားဓမ္မဟောပြ ပြောဆိုလျက် ပစ္စည်း၊ လာဘ်လာဘ ရရှိအောင် ပြုလုပ်ပြီးလျှင် ကူးသန်းရောင်းဝယ်ရေး ပြုလုပ်ခြင်း၊

၎င်းပြင် ရဟန်းတို့အား မအပ်သော “ကာယပယောဂ, ဝစီပယောဂ, မိစ္ဆာဇီဝ”တို့ဖြင့် ရှာဖွေစုဆောင်း ရောင်းဝယ်ဖောက်ကားပြုစုခြင်း စသည်ဖြင့် သာသနာတော်နှင့် မလျော်သော အမှုကိစ္စတို့ဖြင့် ပြုလုပ်ပြီးကာ သာသနာတော်၌ နေကြကုန်သော ပါပဘိက္ခုအားလုံးတို့အားလည်း ထိုနည်းအတူ မင်းတရားကြီးသည် ပညာရှိအားလုံးတို့နှင့် စိစစ်စုံစမ်းပြီးလျှင် ထင်ရှားသော ရဟန်းတို့အား လူဝတ်လဲစေကုန်၏။

ဤသို့လျှင် မင်းတရားကြီးသည် သာသနာတော်၏ အညစ်အကြေး၊ သာသနာတော်၏ ဆူးငြောင့်,ခလုတ်များကို ပယ်ရှားသုတ်သင်တော်မူလျက် ရာမညတိုင်းကြီးအဝှန်း၌ သီဟိုဠ်ကျွန်း၊ မဟာဝိဟာရဝါသီဂိုဏ်းသာလျှင် အကြွင်းထား၍ တစ်ဂိုဏ်းတစ်ဖွဲ့တည်းသာ ပြုလုပ်တော်မူပြီးလျှင် သာသနာတော် ၂၀၂၀-ခုနှစ် သီဟိုဠ်ရောက် မထေရ်များ ကြွလာတော်မူပြီး ကလျာဏီသိမ်တော်ကြီးကို သမုတ်တော်မူပြီးနောက် အဆက်ဆက်ဖြစ်သော မဟာဝိဟာရဝါသီ မထေရ်များ၏ ဥပသမ္ပဒအနွယ်ဝံသကို အစဉ်မပြတ် ယူတော်မူကြသည်ကား ၎င်းနှစ်မှ အစပြု၍ သာသနာ ၂၀၂၀-ခုနှစ်တိုင်အောင် ၄-နှစ်အတွင်း ဂိုဏ်းဆရာမထေရ်များ ၈၀၀-မျှရှိ၍ ၎င်းမထေရ်မြတ်တို့၏ ဥပသမ္ပဒကံအဆုံး၌ မင်းတရားကြီးသည် အသီးသီးသော မထေရ်တို့အား တိစီဝရိက်အလို့ငှါ သက်န်းလျာအထည် ၂-စုံနှင့်တကွ ရဟန်းတို့အား အပ်သော ကွမ်းအစ်-စသော ပရိက္ခရာအစုံအလင်တို့ဖြင့် ထောက်ပံ့လှူဒါန်းတော်မူခဲ့လေသည်။

ထိုမှတပါး ထိုနှစ်အပိုင်းအခြားအတွင်း၌ ၁၄,၂၆၅-ပါး (တစ်သောင်းလေးထောင်နှစ်ရာ့ခြောက်ဆယ့်ငါးပါး)သော ရဟန်းငယ်များကိုလည်း ဥပသမ္ပဒအဖြစ်သို့ ချီးမြှောက်သဖြင့် ဂိုဏ်းဆရာမထေရ်များနှင့်တကွ ၁၅,၀၆၅-ပါး (တစ်သောင်းငါးထောင်ခြောက်ဆယ့်ငါး)သော ရဟန်းတို့သည် မဟာဝိဟာရဝါသီ အနွယ်ဝံသသိက္ခာကို ယူကြသဖြင့် ရဟန်းလောင်းသာမဏေ(၆၀၁)ပါးတို့ကိုလည်း ပရိက္ခရာ ၈-ပါး ထောက်ပံ့လှူဒါန်း ရဟန်းပြုစေကာ ၎င်းကလျာဏီသိမ်တော်မြတ်၌ မင်းတရားလက်ထက်ပြုတော်မူကြသော ရဟန်းပေါင်းမှာ ၁၅,၆၆၆-ပါး (တစ်သောင်းငါးထောင် ခြောက်ရာ့ခြောက်ဆယ့်ခြောက်ပါး) အရေအတွက်ရှိကုန်၏။

ဤသို့ ရာမာဓိပတိ မင်းတရားကြီးသည် သာသနာတော်၏ အညစ်အကြေးများကို အရင်းမူလမှ အစပြု၍ သုတ်သင်ရှင်းလင်းတော်မူပြီးလျှင် စင်ကြယ်သော မဟာဝိဟာရဝါသီဂိုဏ်း အဆက်အနွယ်ကို ယူစေလျက် ထိုရဟန်းအပေါင်းတို့အားလည်း ကတိကဝတ်စကား လျှောက်ထားသည့်အတိုင်း သီလသိက္ခာကို ရိုသေလေးစား စာပေကျမ်းဂန်များကိုလည်း ဆည်းပူးလေ့လာစေကာ တတ်မြောက်ကျွမ်းကျင်တော်မူကြသော မထေရ်များကိုလည်း လေးစားရိုသေအပ်သော ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်း ချီးမြှောက်တော်မူသည့်အပြင် သီလဝန္တမထေရ်မြတ်တို့အားလည်း ပစ္စည်း ၄-ပါးဖြင့် ထောက်ပံ့လှူဒါန်းတော်မူကာ သာသနာတော် ၅,၀၀၀-မျှ သိမ်နှင့် ဥပသမ္ပဒကံ ယုံမှားရန်ရှိသမျှ ပယ်ဖျက်စေပြီး သာသနာတော်ကြီးကို သုတ်သင်ပြုစုတော်မူခဲ့လေပြီ။

ဤသို့အားဖြင့် ရာမာဓိပတိဓမ္မစေတီမင်းမြတ်သည် သာသနာတော် ၂၀၂၁-ခုနှစ် မင်းအဖြစ်သို့ ရောက်တော်မူပြီး တရားနှင့်လျော်ညီစွာ တိုင်းသူပြည်သားတို့အားလည်း အုပ်ချုပ်စိုးစံတော်မူသည့်အပြင် အထူးအားဖြင့် မြတ်စွာဘုရားသာသနာတော်မြတ်ကြီးကို စင်ကြယ်ကောင်းမြတ် တိုးတက်ကြီးပွါး ထွန်းကားစေလိုသည့်အတိုင်း နက်ရှိုင်းသောဉာဏ်ပညာနှင့်လည်း ပြည့်စုံတော်မူသည့်အားလျော်စွာ ဆိုခဲ့ပြီးသော စကားအစဉ်အလာအရ သာသနာ့အညစ်အကြေး ဟူသမျှတို့ကို သုတ်သင်တော်မူကာ မဟာဝိဟာရဝါသီမထေရ်တို့၏ အနွယ်ဝံသ ရာမညသာသနာအားလုံး ကျင့်သုံးစေကာ စင်ကြယ်သန့်ရှင်းသော သာသနာတော်အဖြစ်သို့ရောက်အောင် ဆောင်ရွက်အားထုတ်တော်မူခဲ့လေသည်။

၎င်းပြင်လည်း ဤသိရိပရမမဟာဓမ္မရာဇာဓိရာဇာ ဘွဲ့မည်တော်ကို ခံယူတော်မူသော ရာမာဓိပတိမင်းတရားကြီးသည် ယခု ထင်ရှားရှိသော မောဓောစေတီတော်မြတ်ကိုလည်း ထပ်မံတိုးချဲ့ ကြီးကျယ်အောင် မွမ်းမံပြင်ဆင်တော်မူသည့်အပြင် မိမိပြုစုအားထုတ်ခဲ့သော သာသနာတော်၏ စင်ကြယ်ကောင်းမွန်ရေးအတွက် ဆောင်ရွက်အားထုတ်ခြင်းများကို နောင်လာ မင်းဆက်များ ထင်ရှားသိစေရန် ရည်သန်တော်မူလျက် အသောကမင်းတရားကြီးသည် မိမိ၏ တိုင်းကျိုး, ပြည်ကျိုး, သာသနာတော်၏အကျိုး သယ်ပိုးဆောင်ရွက်တော်မူသည်များကို နောင်လာလတ္တံ့ အဆက်ဆက်သောမင်းများ ထင်ရှားသိစေနိုင်ရန် နိုင်ငံတော် အနှံ့အပြား ကျောက်တိုင်, ကျောက်စာများ တည်ထားသကဲ့သို့ သာသနာတော်မှတ်တမ်းအကြောင်းအရာ အတ္ထုပ္ပတ္တိများနှင့်တကွ မိမိစိုးမိုးပိုင်သသော တိုင်းနိုင်ငံတော်အတွင်း အထူးသဖြင့် သာသနာတော် သန့်ရှင်းအောင် အားထုတ်ခဲ့သော အခြင်းအရာများအနက် အဆက်ဆက်သော မင်းများတို့ကို လိုက်နာကျင့်သုံးစေရန် ရည်သန်တော်မူလျက် မြတ်စွာဘုရား၏ ပိဋကတ်တော်များ လေးစားသောအားဖြင့် ပါဠိဘာသာ ကျောက်တိုင်, ကျောက်ချပ်များ ထွင်းထုစေပြီး ၎င်း၏အဓိပ္ပါယ်များကို ထိုခေတ် မွန်ဘာသာအားဖြင့် ပြန်ဆိုရေးသား, ကျောက်ချပ်များ စိုက်ထူတော်မူခဲ့ပြီး မောဓောဆံတော်ရှင် စေတီတော်မြတ်ကို နောက်ထပ်မွမ်းမံ ပြင်ဆင်တော်မူသော အကြောင်းအရာများကိုလည်း ၎င်းကျောက်စာ၌ ထည့်သွင်းကာ သာသနာတော်အကျိုး၊ ရာဇဝင်, သာသနာဝင် အစဉ်အဆက်မပျက်နိုင်အောင် ပြုစုအားထုတ်တော်မူခဲ့လေသည်။

၎င်းမင်းတရား၏ အကြောင်းအရာ သာသနာဝင်မှတ်တမ်းများ သီဟိုဠ်သို့ ရောက်အောင် ယခုတိုင် ကျော်ကြား၍ ၎င်းကျောက်စာများ၊ ၎င်းကို သီဟိုဠ်ဘာသာအားဖြင့် ပြန်ဆိုရေးသား, အထူးသဖြင့် လေးစားကြကုန်၏။ မြန်မာနိုင်ငံအလုံးလည်း ၎င်း၏ ကျောက်စာများကို အထူးသဖြင့် လေးစားကာ မြန်မာဘာသာ ပြန်ဆိုရေးသားလျက် ယခုထက်တိုင်

ထင်ရှားလျက် ရှိကြကုန်၏။ ဤသို့အားဖြင့် ရာမာဓိပတိဓမ္မစေတီမင်းတရားကြီး ပြုစုအားထုတ်တော်မူခဲ့သော သာသနာနိုင်ငံတော် အကြောင်းအရာအကျဉ်းကား ဤတွင်အဆုံးသတ်အပ်ပြီ။

✪ ✪ ✪ ✪ ✪

# ဗုဒ္ဓနိုင်ငံတော် (တရုတ်)

## သာသနာ ၂,၀၀၀-ကျော်
## တရုတ်ပြည် မဟာယာနဂိုဏ်း သာသနာအကြောင်း

သာသနာ ၂,၀၀၀-ကျော် တရုတ်ပြည် သာသနာ၊ သာသနာဝင် မှတ်တမ်းများတွင် အထူးထင်ရှားသော အကြောင်းအတ္ထုပ္ပတ္တိများ မရှိသော်လည်း ယခုခေတ်တိုင်အောင် ၎င်းမဟာယာနသာသနာမှာ ထူးခြား၍ များပြားသော ဂိုဏ်းကွဲပြားခြင်း ဖြစ်ပေါ်လာခဲ့သဖြင့် ၎င်းအကြောင်းအရာများနှင့် ၎င်းခေတ်အတွင်း ဖြစ်ပွါးခဲ့သော အကြောင်းအရာ အနည်းငယ်ကို အကျဉ်းအားဖြင့် ရေးသားဖော်ပြအပ်ပေသည်။

၎င်း ၂,၀၀၀-ကျော်ခေတ်က တရုတ်ပြည်ကြီးမှာ မဟာယာနသာသနာကား စည်ပင်ထွန်းကား၍ သာသနာပြုမင်းများ ထိုက်တန်သလောက် ချီးမြှောက်ကြသည့် အားလျော်စွာ သာသနာ ၂,၂၀၀-ကျော်ခေတ်အတွင်း၌ ယွန်းချင်းမင်းဆက်များ သာသနာတော်ကို လေးစားကြ၍ ပိဋကတ်တော်များ ပြင်ဆင် အားထုတ်ကြသည်တွင် ချအိယင်လွန်းဘုရင်ကြီးလက်ထက်မှာ နောက်ထပ် ပိဋကတ်ကျမ်း စာပေပေါင်း ၅၄-ကျမ်း ဖြည့်စွက်ရှာဖွေကာ ပုံနှိပ်သဖြင့် ၎င်းပိဋကတ်ကျမ်းပေါင်း ၁,၆၆၂-ကျမ်းမျှ ရှိကြောင်း ၎င်းမှတ်တမ်းများ၌ ရေးသားသည့်အတိုင်း နောက်ခေတ်များ၌လည်း ၎င်းကျမ်းစာများ တိုးပွါးလျက်ရှိကြောင်းများ မှတ်သားအပ်ကုန်၏။

ထို့နောက် သာသနာ ၂,၄၀၀-ကျော်မှာလည်း သာသနာဝင် ဘုရင်များတို့သည် ထိုနည်းတူစွာ ပိဋကတ်တော်များ ရှာဖွေစုဆောင်းပြီးလျှင် ရှေးမင်းများအဆက်ဆက် ဆောင်ရွက်အားထုတ် ပြုစုလာခဲ့သော ကျမ်းစာများကို မပျက်စီးစေဘဲ ခေတ်အလျှောက်လည်း ကောင်းမွန်သန့်ရှင်းစေလျက် တိုးတက်ဖြည့်စွက်ပြီး ပုံနှိပ်ကြောင်းများ၊ ၎င်းတို့မှတ်တမ်း၌ ရေးသားသဖြင့်လည်း ယခုတိုင်အောင် ၎င်းတို့သာသနာ စဉ်လာမပျက် တည်ရှိလာကြောင်း၊ ၎င်းတို့သာသနာအားလျော်စွာ ဂိုဏ်းများစွာလည်း ရှိကြောင်းများ-မှတ်သားဖော်ပြအပ်ကုန်၏။

သို့ရာတွင် သာသနာ ၂,၂၈၆-ခုနှစ်လောက်က မန်ချူးမင်းမျိုးများ တန်ခိုးကြီးလာ၍ တရုတ်ပြည်ကြီးကို စိုးမိုးအုပ်ချုပ်သောခေတ် အနှစ် ၁၀၀-ကျော်၌ ၎င်းမင်းဆက်များ သာသနာကို အားမပေးသည့်အပြင် ၎င်းမင်းဆက် အမည်ရှိသော ဘုရင်မင်းသည် ရဟန်းသာမဏေများ ပြုလုပ်ရာ၌လည်းကောင်း၊ ကျောင်း, ဘုရား, တန်ဆောင်း-စသော ဗုဒ္ဓဘာသာ အဆောက်အအုံများ ဆောက်လုပ်ရာ၌လည်းကောင်း ဖိနှိပ်ချုပ်ချယ်သော ပညတ်ချက်များ ထားရှိကာ အမိန့်ပြန်တမ်း ထုတ်ဝေလျက် ပိတ်ပင်တားဆီးပါသော်လည်း တိုင်းပြည်လူများတို့က ဗုဒ္ဓဝါဒကို ယုံကြည်လေးစားကြသည်အားလျော်စွာ မလိုက်နာဘဲ ၎င်းအာဏာကို ဖီဆန်ကြသောကြောင့် နောက်ဆုံး၌ ၎င်းမင်းသည် လက်လျှော့ကာ တိုင်းသူပြည်သားတို့ အလိုအတိုင်း လိုက်လျှောခဲ့ရလေသည်။

ထိုသို့ မင်းများ သာသနာမသက်ဝင် ဆန့်ကျင်လျက်ရှိသော ထိုစဉ်အခါကလည်း မင်းများမလိုလား၍ မည်သို့ပင် ဖိနှိပ်ငြားစေကာမူ တိုင်းသူပြည်သား လူအများနှင့် ရဟန်းသံဃာတို့၏ အားသည် ခိုင်ခံ့ကြီးမားလှသဖြင့် သာသနာရေး, သာသနာမှု ပြုစုအားထုတ်ခြင်းများလည်း ရှေးစဉ်လာမပျက် ဆက်လက်ဆောင်ရွက်ခဲ့ကြသောကြောင့် သာသနာတော်ကြီးကား မှတ်တမ်းတင်ထားထိုက်အောင် ဆုတ်ယုတ်ပျက်ပြားခြင်း မရှိ၊ ပကတိတည်မြဲတိုင်းသာလျှင် ဆက်လက်တည်ထွန်းလျက် လာခဲ့လေသည်။

ဤသို့ မန်ချူးလူမျိုးများသည် တိုင်းသူပြည်သား လူအများနှင့် တိုင်းရေး, နိုင်ငံရေးအပြင် သာသနာတော်အရေးလည်း မညီညွတ်ကြဘဲ နှစ်ကား အတော်ကြာမြင့်ခဲ့ရာ သာသနာအရေးထက် နိုင်ငံရေးများ ပိုမိုဆူပူ လှုပ်ရှားခြင်းများ ဖြစ်ပွါးလာ၍ ၎င်းတို့အာဏာကို လုယက်ဖျက်ဆီး ပုန်ကန်သောင်းကျန်းလျက် တိုင်းသစ်, ပြည်သစ် တည်ဆောက်ရန်အတွက် အားသွန်ကြိုးပမ်း လာခဲ့ကြသည်တွင် သာသနာ ၂,၄၅၅-ခုနှစ်မှာ ပြည်သူတို့၏ ခေါင်းဆောင်ကြီး ဒေါက်တာဆွန်ယက်ဆင် ကြီးမှူးသော သမ္မတဂိုဏ်းသား တိုင်းသူပြည်သားများ အောင်မြင်ခဲ့ကြသဖြင့် တရုတ်ပြည်ကြီး အားလုံးမှာ မန်ချူးတို့အာဏာ သုဉ်းပြီး သမ္မတနိုင်ငံ ထူထောင်လာခဲ့ကြလေသည်။

၎င်းသမ္မတနိုင်ငံကြီး တည်ဆောက်ပြီးနောက်မှာကား တိုင်းသူပြည်သားများနှင့် တကွ နိုင်ငံရေး ရှုပ်ထွေးများပြားလာသောကြောင့် များသောအားဖြင့် ၎င်းနိုင်ငံရေးဘက်သို့ လူအများလိုက်စားကြကာ သာသနာတော်အရေး အလေးမပြုကြသည့်အပြင် ၎င်းသည် တိုင်းပြည်တည်ဆောက်မှုအတွက် အနှောင့်အယှက်ကဲ့သို့ အချို့ထင်မှတ်ခဲ့ကြလေသည်။

ထိုခေတ်သမယက ခေါ်ဒယေသ်အချို့တို့သည် ခေတ်အားလျော်စွာ တိုင်းနိုင်ငံကို ခေတ်မီပြုပြင်လိုလားကြ၍ ဘာသာရေးဆိုင်ရာ ကျောင်း, တန်ဆောင်းစသော အဆောက်အအုံများကိုလည်း တိုင်းပြည်နိုင်ငံ တိုးတက်ရန်အတွက် စာသင်ကျောင်းများ ပြုလုပ်ဖို့ သိမ်းပိုက်ရန် စီမံကိန်းလုပ်ကာ တိုင်းပြည်မှ သဘောဆန္ဒအားလုံး မတူမျှဘဲ အချို့ကို သိမ်းပိုက်ပြီးလျှင် နိုင်ငံတည်ထောင်မှု၌ အသုံးပြုပြီး ဘာသာရေး ဆန့်ကျင်ခြင်းအမှု ပြုလုပ်လာကြကုန်၏။

သို့ရာတွင် ရှေးမင်းအဆက်ဆက် ပြုစုအားထုတ် ကိုးကွယ်လာခဲ့သော ချန်ကိယန်မြို့ အနီးရှိ ရွှေကျွန်းပေါ်တွင် တည်ရှိ၍ ရှေးအလွန်ကျသည့်အပြင် ထေရ်ဝါကြီးရင့်၍ ထင်ရှားကျော်ကြား အလေးပြုအပ်သော ဆရာတော်ကြီးများ သွားရောက် ကမ္မဋ္ဌာန်း ဘာဝနာအားထုတ်ရာဌာနဖြစ်၍ တိုင်းသူပြည်သား လူအများတို့ အလွန်ထွတ်မြတ်သော ကျောင်းကြီးကိုပင် သိမ်းယူအသုံးပြုရန် စီမံအားထုတ်ကြရာ တိုင်းသူပြည်သား လူထုကြီးက အသက်နှင့်လဲလျက် ကန့်ကွက်ကြသောကြောင့် အထမမြောက်ဘဲ ၎င်းကျောင်းတော်ကြီးမှာ တည်မြဲတည်ရှိကာ နိုင်ငံရေးအသုံးချမှုအတွက် လက်လျှော့ခဲ့ကြလေသည်။

ထိုမှနောက်၌ကား သာသနာတော်ဘက် လိုက်စားကြသော သူတို့ဘာသာအလျောက် ချီးမြှောက်ထောက်ပံ့ အားထုတ်ခွင့်ရကြ၍ ၎င်းတို့ဆန္ဒအားလျော်စွာ သာသနာတော်ကို ပြုစုနိုင်ကြသဖြင့် တောင်ဘက်နိုင်ငံများဖြစ်သော ပင်လယ်ကမ်းရိုးတလျှောက်ရှိ တိုင်းနိုင်ငံများ၌ ဗုဒ္ဓဘာသာတရားတော်နှင့် အဆောက်အဦးများ ပြန်လည်တည်ထောင်ကြလျက် အနည်းငယ် ထွန်းကားလာသည်-ဟု ဆိုရစေကာမူ နိုင်ငံရေးကြီး တဖြည်းဖြည်း ဖိစီးလွှမ်းမိုးလာသောကြောင့် ၎င်းတိုးတက်မှုဘက်က လျော့နည်းလာခဲ့ကြပေသည်။

ဤသို့အားဖြင့် တရုတ်ပြည်ကြီး၌ တည်ထွန်းလျက်ရှိသော မဟာယာနသာသနာတော်ကြီးသည် မတိုးတက်လှသော်လည်း အစဉ်မပျက် ယခုလက်ထက်တိုင်အောင် တည်ရှိလာခဲ့၍ ပြုစုအားထုတ်ကြသော ရှေ့ဆောင်ပုဂ္ဂိုလ်တို့အားလျော်စွာ ခေတ်အခါအလိုက် အယူဝါဒပြောင်းလဲ ဂိုဏ်းဂဏ ကွဲပြားလာခဲ့ကြစေကာမူ သာသနာအစဉ်ကား အခြားနိုင်ငံမှ ယူဆောင်ရလာအောင် ပျက်စီးတိမ်းပါးခြင်း မရှိ၊ မိမိတို့၏ အန္တယ်ဝံသ အစဉ်အလာအတိုင်းကား ခေတ်ကာလအလျောက် တည်ရှိလာခဲ့ကြလေသည်။

တရုတ်ပြည်ကြီးမှာ ယခုအခါတိုင်အောင် ထင်ရှားရှိနေသော ဂိုဏ်းကြီးများ ၁၀-ဂိုဏ်းမျှ ရှိနေကြ၍ ၎င်းတို့ဂိုဏ်းကြီးများမှာ-

၁။ **ချင်က ဥဆွန်ဝဝ သုခဝတီဂိုဏ်း**

ၡင်းမှာ သာသနာ ၈၀၀-ကုန်ခါနီးတွင် အရှင်နာဂါရဇုန အယူဝါဒ မ-တည်၍ တည်ထောင်ခဲ့လေသည်။

၂။ **ဇူအင်ဆွန်ဂိုဏ်း**

ၡင်းမှာ သာသနာ ၉၀၀-ခန့်တွင် အရှင်အသင်္ဂ တည်ထောင်သော ယောဂါစာရဂိုဏ်းကို တရုတ်ရဟန်းတော်ခရီးသည် ဆူအင်ချွန် ယူဆောင်၍ တည်ထောင်ခဲ့လေသည်။

၃။ **ဈာန်ဂိုဏ်း**

ၡင်းမှာ သာသနာတော် ၁,၀၀၀-ကျော်တွင် အရှင်ဗောဓိဓမ္မ တည်ထောင်ခဲ့လေသည်။ ၡင်းဈာန်ဂိုဏ်းမှာ နောင်ခေတ်များ၌ ၄-ဂိုဏ်း ကွဲပြားလာခဲ့လေသည်။

ၡင်းတို့မှာ–

က။ **ချူချီဆွန်ဂိုဏ်း**

ခ။ **စန်လွန်ဆွန်ဂိုဏ်း**

ဂ။ **ချအင်းရှိဆွန်ဂိုဏ်း**

ဃ။ မိဆွန်၊ သို့မဟုတ် ချင်းအင်းဆွန်ဂိုဏ်းများ ဖြစ်ကြသည်။

၄။ **အိယင် တအယ်၊ သို့မဟုတ် တင်တယ်ဂိုဏ်း**

ၡင်းမှာ သာသနာတော် ၁,၁၀၀-ကျော်တွင် ချီချီဆရာတော် တည်ထောင်ခဲ့လေသည်။

၅။ **ဆီယင်ရှောဂိုဏ်း**

ၡင်းမှာ ဆရာတော် အရှင်ဆီယင်ရှော တည်ထောင်ခဲ့လေသည်။

၆။ **လူးဆွန်၊ သို့မဟုတ် မိနည်းဂိုဏ်း**

ၡင်းမှာ သာသနာတော် ၁,၀၅၀-ကျော်တွင် အရှင်ဒို့စင်ဆရာတော် တည်ထောင်ခဲ့လေသည်။

၇။ **ချအန်ဆွန်ဂိုဏ်း**

ၡင်းမှာ သာသနာတော်နှစ်နှင့် တည်ထောင်သူ မထင်ရှား။

ဤဂိုဏ်းကြီး ၇-ဂိုဏ်းတွင် ဆိုခဲ့ပြီးသော စျာန်ဂိုဏ်း ၄-ဂိုဏ်း ကွဲပြားခြင်းအားဖြင့် ၁၀-ဂိုဏ်း ထင်ရှားရှိကုန်၏။ *(၃-စျာန်ဂိုဏ်းကို နုတ်၊ ၆-ဂိုဏ်းကျန်၊ ယင်း ၃-စျာန်ဂိုဏ်းမှ ၄-ဂိုဏ်းကွဲ၊ ပေါင်း-၁၀။)*

ဧင်းပြင် ဆိုခဲ့ပြီးသော ဂိုဏ်းကြီး ၁၀-ဂိုဏ်းအပြင် အခြားဂိုဏ်းများပင် ရှိသော်လည်း ၎င်းတို့သာ ပဓာနဂိုဏ်းကြီးများ ဖြစ်ကြ၍ ထင်ရှားသည်တွင် အထူးအားဖြင့် ယခုအခါ၌သာ ထင်ရှားသောဂိုဏ်းတို့မှာ သုခဝတီ, စျာန်ဂိုဏ်းများဖြစ်ကြသဖြင့် ၎င်းဂိုဏ်းများ၌ ကျင့်ကြံ အားထုတ်ကြသော ရဟန်းယောက်ျားနှင့် သီလရှင်များမှာ အလွန်များပြားခဲ့လေသည်။

သို့ဖြစ်၍ ဤသာသနာတော် ၂၄၀၀-ကျော် ခေတ်အတွင်းမှာ အရပ်ရပ် ဗုဒ္ဓဘာသာ ရဟန်းတော်ပေါင်း ၈-သိန်းကျော်နှင့် သီလရှင် ၂-သိန်းကျော် ရှိကြောင်းများ ၎င်းတို့ မှတ်တမ်းများ၌*(ပါရှိသည်)*၊ အချို့မလိုလားသူများ လှုံ့ဆော်တိုက်တွန်းချက်အရ သာသနာကို ထိခိုက်ဖျက်ဆီးခြင်း, သာသနာရေးဆိုင်ရာ အဆောက်အအုံများကို မတရားသိမ်းယူခြင်း စသော သေရေး,ရှင်ရေးတမျှ ကြီးလေးသောကိစ္စများနှင့် သာသနာလိုလားသော တိုင်းသူ ပြည်သားတို့ ရင်ဆိုင်လာခဲ့ကြလေသည်။

သို့သော်လည်း သာသနာရေး, သာသနာမှုအားသည် တက်ကြွကုန်သော ပုဂ္ဂိုလ်များ နှင့် သာသနာ့ဝန်ထမ်း ရဟန်းတို့ကား သာသနာတော်အရေး၌ ဂရုစိုက်ကြကာ ကောင်းမွန် စည်ပင်အောင် အားထုတ်ကြသဖြင့် မကြာသေးမီ စစ်ကြီးမဖြစ်ပွါးခင်က သာသနာပိုင် အရှင်ကိုင်စူဆရာတော်သည် သာသနာတော် ပြုပြင်တည်ထောင်ရန် အနိုင်နိုင်ငံသို့ လှည့် လည်ရာ၌ မြန်မာနိုင်ငံသို့ ရောက်လာ၍ သာသနာရေး, သာသနာမှုများ ဆွေးနွေးပြော ဟောပြီးလျှင် အခြားနိုင်ငံများသို့လည်း ကြွသွား၍ တရားဟောပြော, စာတမ်းများ ထုတ်လျက် သာသနာရေး, သာသနာမှုအတွက် ဆောင်ရွက် အားထုတ်တော်မူခဲ့လေသည်။

သို့ရာတွင် စစ်ကြီးပြီးခဲ့၍ နိုင်ငံရေးလည်း ရှေးကထက် ကြီးမားကာ ဘာသာရေး များ မလှုပ်နိုင်သော သာသနာခေတ်ဆိုးကြီး၌ ကြုံကြိုက်လျက်ရှိသော တရုတ်ပြည် သာသနာတော်ကြီး၏ အတ္တုပ္ပတ္တိများမှာ သာသနာအဆက်အနွယ်ကား မပျက်ပြားသေးဘဲ တည်ရှိဆဲ-ဟူသာ ဆိုရရုံမျှ အထူးမရေးသားတော့ဘဲ တရုတ်ပြည်ကြီး မဟာယာနသာသနာ ကား ဤမျှဖြင့် အဆုံးသတ်ထားပါသည်။

✪ ✪ ✪ ✪ ✪

# ဗုဒ္ဓနိုင်ငံတော် (ဂျပန်)

## သာသနာ ၂,၀၀၀-ကျော် ဂျပန် ဗုဒ္ဓနိုင်ငံတော်အကြောင်း

သာသနာတော် ၂,၀၀၀-ခေတ်အတွင်းက ဖြစ်ပွါးသော သာသနာ့နိုင်ငံတော် အကြောင်းအရာများ ရေးသားခဲ့ပြီးအပိုင်း၌ –

- ဂျပန်ပြည်သို့ ကိုရီးယားပြည်မှတဆင့် **အနှစ် ၁,၀၀၀-ကျော်မှာ** ရောက်လာခဲ့ကြောင်း၊
- ၎င်းကိုရီးယား သာသနာမှာလည်း တရုတ်ပြည်မှ မဟာယာနသာသနာသာလျှင် ဖြစ်ကြောင်း၊
- ၎င်းသို့ ဗုဒ္ဓသာသနာ ရောက်သွားသော်လည်း ၎င်းမှာ အစဉ်အလာအားဖြင့် ကိုးကွယ်လာခဲ့ကြသော ရှင်တိုဘာသာရှိနေ၍ ၎င်းဘာသာကိုလည်း အားသည်း ထက်သန်ကြသည့်အားလျော်စွာ ၎င်းဘာသာနှင့် မဟာယာနသာသနာ ရောစပ်သွားကြောင်း အကျဉ်းမျှ ရေးသားခဲ့ပြီး ဖြစ်လေသည်။

၎င်းရှင်တိုဘာသာမှာ ဗြာဟ္မဏဘာသာတို့ ကိုးကွယ်ဆည်းကပ်သော မရေတွက်နိုင်သော နတ်များရှိသကဲ့သို့ တော, တောင်, ရေ, မြေ, ကောင်းကင်-စသော ကမ္ဘာ့သဘာဝ နိယာမတို့၌ အုပ်စိုးသော နတ်များစွာရှိ၍ ၈-သန်းကျော် အရေအတွက်ရှိကြောင်း၊ ၎င်းတို့ အကြောင်းအရာများ ရေးသားကြသဖြင့် ဟိန္ဒူဘာသာတို့၌ **အဒိတိမည်သော** နတ်သမီးမှ ဆင်းသက် ဖြစ်ပွါးလာသောကြောင့် **အာဒိစ္စမည်သော နေနတ်သား** ဖြစ်လာသကဲ့သို့ ၎င်းတို့၌လည်း **အမတရစူအိုမိကာမိမည်သော နေနတ်သမီး** အမိကြီးမှ ဆင်းသက် ဖြစ်ပွါးလာကြ၍ ၎င်းအမိ နတ်သမီးကြီးကို အမြင့်အမြတ်ဆုံးထားလျက် အဆက်ဆက် ကိုးကွယ် ဆည်းကပ်လာခဲ့ကြလေသည်။

ဤကဲ့သို့ အဆက်ဆက် စွဲမြဲစွာ ကိုးကွယ်လာခဲ့ကြသော နတ်များကို လေးစားသည့် ရှင်တိုဘာသာမှာ ၎င်းတို့တရားနှင့်လည်း ဆန့်ကျင်ခြင်း မရှိ၊ ၎င်းမဟာယာနသာသနာမှာလည်း နတ်များနှင့် ရောယှက်သော ဗြာဟ္မဏဘာသာနှင့် ရောပြွမ်းသည့်အားလျော်စွာ ကျင့်စဉ်တရားများမှာ ဗုဒ္ဓအယူဝါဒ ညွှန်ပြသည့်အတိုင်းဖြစ်၍ လောကအလိုက် နှစ်ခြိုက်သည့်အတိုင်း ယူနိုင်သောကြောင့် နောက်အခါ၌ ၎င်းရှင်တိုဘာသာနှင့် ၎င်းမဟာယာနမှာ ရောယှက်ပေါင်းစည်း၍ ၎င်းဝါဒ များပြားတိုးတက်လာကာ ဗုဒ္ဓနိုင်ငံတော်လည်း ကျယ်ပြန့်သွားခဲ့လေသည်။

သို့ဖြစ်၍ ၎င်းရှိရင်းစွဲ ရှင်တိုဘာသာကြီးမှာလည်း အားနည်း ပျက်စီးသွားခြင်း မရှိဘဲ ၎င်းအယူဝါဒ စွဲမြဲသူများလည်း ၎င်းသာသနာ ၂,၀၀၀-ကျော်အောင်ပင် ထင်ရှားရှိနေကြသေး၍ ၎င်းတို့ဘာသာမှာ သန့်ရှင်းစွာဖြင့် အားထုတ်ကြိုးစားကြသဖြင့် ၎င်းတို့ဘာသာမှာ အနည်းငယ် ညှိုးနွမ်းမှေးမှိန်ရာ သာသနာ ၂,၃၀၀-ကျော်ခေတ်များတွင် ပေါ်လွင်ထင်ရှားကာ ပြန်လည်စည်ပင် ကျယ်ပြန့်လာခဲ့လေသည်။

ဂျပန်ပြည်၌လည်း တရုတ်ပြည်, ကိုရီးယားပြည်မှ သာသနာတော် ရောက်လာ၍ ရှိရင်းဘာသာနှင့် ယှဉ်တွဲကာ နိုင်ငံအလုံးသို့ ကျယ်ပြန့်ထွန်းကားလျက် ဂိုဏ်းဂဏ မကွဲမပြားဘဲ တည်ထွန်းလာခဲ့ရာ သာသနာ ၁,၂၀၀-ခေတ်လောက်မှာ တောင်ပိုင်းမြို့ကြီး နာရမြို့တော် ကောင်းစားစဉ်က –

၁။ ဆန်ရုန်ဂိုဏ်း

၂။ ဂျိုဂျစ်စုဂိုဏ်း

၃။ ကုရှဂိုဏ်း

၄။ ရစ်စုဂိုဏ်း

၅။ ဟုတ်စိုဂိုဏ်း

၆။ ကီဂုဏ်ဂိုဏ်း

အားဖြင့် ၆-ဂိုဏ်းမျှ ကွဲပြားခဲ့သည်တွင် –

၁။ ဆန်ရုန်ဂိုဏ်း

၂။ ဂျိုဂျစ်စုဂိုဏ်း

၃။ ကုရှဂိုဏ်း

အားဖြင့် ၃-ဂိုဏ်းမှာ ကြာမြင့်စွာ မတည်တံ့ဘဲ-

၄။ ရစ်စုဂိုဏ်း

၅။ ဟုတ်စိဂိုဏ်း

၆။ ကီဂုဏ်ဂိုဏ်း-

ဟု ဆိုအပ်သော ဤ ၃-ဂိုဏ်းတို့သာလျှင် ယခုအခါတိုင်အောင် တည်ရှိကြီးပွါး လာခဲ့လေသည်။

ဤတည်ရှိသော ဂိုဏ်းကြီး ၃-ဂိုဏ်းကို တည်ထောင်သော ဆရာတို့မှာ သာသနာနှစ်ရာ(ကိန်း)ဖြင့်-

၁။ ဟုတ်စိဂိုဏ်း

ထိုဂိုဏ်းကို သာသနာ ၁,၁၉၇-ခုမှာ ဒိုးရှိုးဆရာတော် တည်ထောင်ခဲ့လေသည်။

၂။ ကီဂုဏ်ဂိုဏ်း

၎င်းဂိုဏ်းမှာ သာသနာ ၁,၂၈၁-ခု၌ ဒိုးရွှန်းဆရာတော် တည်ထောင်ခဲ့လေသည်။

၃။ ရစ်စုဂိုဏ်း

၎င်းဂိုဏ်းမှာ သာသနာ ၁,၂၉၈-ခု၌ ဂန်ဂျစ်ဆရာတော် တည်ထောင်ခဲ့လေသည်။

ထိုနောက် သာသနာတော် ၁,၃၀၀-ကျော်မှာ ရှင်တိုဘာသာ၌ ထင်ရှားသော နတ်များကား ဗုဒ္ဓအယူဝါဒအားလျော်စွာ နတ်များဖြစ်ကြောင်းဖြင့် ၎င်းတို့ကို ဗုဒ္ဓဘာသာသို့ သိမ်းသွင်းကာ ဟောပြောလျက် ပြည်အလုံး ဗုဒ္ဓဘာသာသို့ ညွတ်လာအောင် သာသနာတော် ပြုစုအားထုတ် ကြိုးစားတော်မူကြသော ဆရာတော် ၂-ပါး ထွန်းကားလာ၍ ၎င်းဆရာတော်ကြီး ၂-ပါးတွင်-

၁။ ဆယ်ချိုဆရာတော်၊ သို့မဟုတ် ဒင်ဂျိုဆရာတော်ကြီးသည် သာသနာ ၁,၂၁၁-ခုမှ ၁၃၆၆-ခုနှစ်အတွင်း ဆင်ဒယ်ဂိုဏ်းကြီး တည်ထောင်တော်မူပြီး တိုကျိုမြို့၊ အရှေ့မြောက်အရပ်တွင် တည်ရှိသော ဟိအိတောင်ထိပ်၌ ၎င်းဂိုဏ်းကြီး၏ ဗဟိုဌာန

အချက်အချာဖြစ်သော ကျောင်းတော်ကြီးကို တည်ထောင်ပြီးလျှင် ဗုဒ္ဓအယူဝါဒကို ဟောပြောဖြန့်ဖြူးကာ သီတင်းသုံးတော်မူခဲ့လေသည်။

ထိုမှတပါး —

၂။ ကူကယ်ဆရာတော်၊ သို့မဟုတ် ကိုဘိုဒယ်ရှိ ဆရာတော်ကြီးသည် သာသနာ ၁,၃၁၈-ခုမှ ၁,၃၇၉-ခုနှစ်အတွင်း ရှင်ဂုဏ်ဂိုဏ်းကြီး တည်ထောင်ပြီးကာ ၎င်းဂိုဏ်းကြီး၏ ဗဟိုဌာန အချက်အချာအဖြစ်ဖြင့် နာရမြို့တော်၏ တောင်ဘက် ကိုးယမည်သော တောင်ထိပ်၌ ကျောင်းတော်ကြီး ဆောက်လုပ်တည်ထောင်ကာ ၎င်းအရွှန်းနယ်ပယ် အားလုံးတို့၌ ၎င်းဝါဒ တရားဓမ္မ ဟောပြဖြန့်ဖြူးလျက် သာသနာတော်ပြုစုအားထုတ်တော်မူခဲ့လေသည်။

- ဤကျောင်းတော်ကြီး ၂-ကျောင်းသည် ဂျပန်ပြည်တွင် အချက်အချာ အရင်းအစဖြစ်သော ကျောင်းတော်ကြီးများဖြစ်၍,
- ၎င်းဂိုဏ်းကြီး ၂-ဂိုဏ်းသည်လည်း ပင်မသဖွယ်ဖြစ်သော ဂိုဏ်းကြီး ၂-ဂိုဏ်း ဖြစ်ပြီးလျှင်-

ထိုစဉ်အခါကစ၍ တိုးတက်ကြီးပွါးလာခဲ့ရာ သာသနာ ၁,၃၀၀-ကျော်မှ ၁,၇၀၀-ကျော်အတွင်း ၎င်းဂိုဏ်းကြီး ၂-ဂိုဏ်း၏ ဆရာစဉ်ဆက် ဆင်းသက် ဟောပြောမှုများကြောင့် တစ်ပြည်လုံး ဗုဒ္ဓဘာသာသို့ ညွတ်လာ၍ သာသနာနိုင်ငံတော်မှာ အကျယ်အပြန့်ဆုံးဖြစ်လာခဲ့လေသည်။

သို့ရာတွင် အဆက်ဆက်ဆရာတော်တို့ကား မူလတည်ထောင်ဖန်ဆင်းသော ဆရာတော်ကြီးများ လက်ထက်လောက် တရားဓမ္မကျင့်ကြံအားထုတ်ခြင်း မရှိကြ၍ တဖြည်းဖြည်းဆုတ်ယုတ်လာခဲ့ရာ သာသနာ ၁,၆၀၀-ကျော်မှ ၁,၈၀၀-အတွင်းမှာ–

၁။ ဇင်ရှုဂိုဏ်း

၂။ ဂျိုဒိုရှုဂိုဏ်း

၃။ ရှင်ရှုဂိုဏ်း

၄။ နိချိရင်ရှုဂိုဏ်း

အားဖြင့် ဂိုဏ်းသစ် ၄-ဂိုဏ်း ဖြစ်ပွါးလာခဲ့ရာ–

၁။ ဇင်ရှူဂိုဏ်းမှာ သာသနာ ၁,၆၈၅-မှ ၁,၇၉၇-အတွင်း ထင်ရှားသော ဒိုဂျင်ဆရာတော်ကြီးတို့ တည်ထောင်ကြ၍ ၎င်းဂိုဏ်း၏ အခြေအမြစ်မှာ တရုတ်ပြည်တွင် ထင်ရှားသော **အရှင်ဗောဓိဓမ္မ** တည်ထောင်ခဲ့သော ဈာန်ဂိုဏ်းဖြစ်၍ ၎င်းဂိုဏ်း အယူဝါဒအရ သီလ, သမာဓိ, ပညာနှင့် သမထဘာဝနာ ကမ္မဋ္ဌာန်းများ ပွါးများအားထုတ်ကာ ငြိမ်းခြံစွာ ကျင့်ကြံရ၍ ထိုခေတ်က လူအများ လေးစားလျက် ၎င်းသို့ သက်ဝင်ကြပြီး ကျင့်ကြံအားထုတ်ခဲ့ကြလေသည်။

၂။ ဂျိုဒိုရှူဂိုဏ်းမှာ သာသနာ ၁,၆၇၇-မှ ၁,၇၅၉-ခုအတွင်း ထင်ရှားသော ဟိုနင်ဆရာတော် တည်ထောင်ခဲ့လေသည်။

၃။ ရှင်ရှူဂိုဏ်းမှာ သာသနာ ၁,၇၁၇-မှ ၁,၈၂၆-ခုအတွင်း ထင်ရှားသော နိချိရင်းဆရာတော်သည် တရုတ်ပြည်၌ ထင်ရှားသော တင်တယ်ဂိုဏ်းသားများ လေးစားကြသည့် သဒ္ဓမ္မပုဏ္ဍရိကကျမ်း၊ သို့မဟုတ် သဒ္ဓမ္မပုဏ္ဍရီကသုတ်မှ ဖွင့်ဆိုအပ်သော ဈာန်တရား ကမ္မဋ္ဌာန်းအကျင့်တရားချည်းသာ မဟုတ်ဘဲ စာပေ၊ ပရိယတ်နှင့် မဇ္ဈိမပဋိပတ်တရားများလည်း လေ့လာအားထုတ်အပ်သည်-ဟု ညွှန်ပြသည့်အတိုင်း ၎င်းကျမ်းကို မူရင်းထား၍ တည်ထောင်ဖွဲ့စည်းခဲ့သော ဂိုဏ်းဖြစ်လေသည်။

ဤသို့အားဖြင့် ဂျပန်ပြည်အတွင်းမှာ သာသနာနိုင်ငံတော် ချင်းနင်းဝင်ရောက်သည်မှစ၍ တစ်စတစ်စ တိုင်းပြည်နိုင်ငံနှင့် သာသနာတော်လည်း တိုးတက်လာပြီးလျှင် နှစ်ပေါင်း ၂,၀၀၀-အတွင်း ဆိုခဲ့ပြီးသော ဂိုဏ်းကြီး ၁၁-ဂိုဏ်းမျှ အယူဝါဒ မတူကြ၍ ကွဲပြားကြသော်လည်း သာသနာ၀င် ဦးရေကား များပြားထွန်းကားလျက်လာရာ ၎င်းခေတ်တွင် နာရမြို့တော်ကြီး စည်ပင်ဝပြောလျက် သာသနာတော်ဘက်ကလည်း မရေတွက်နိုင်အောင် ကျောင်း, ဘုရား, အဆောက်အအုံများ များပြားတိုးတက်လာခဲ့လေသည်။

ထိုခေတ်ကပင် ကမ္ဘာပေါ်တွင် ထင်ရှားကျော်စော၍ အကြီးမား အခံ့အထည်ဆုံးဖြစ်သော ကြေးရုပ်ပွါးတော်ကြီး၊ ရှေးအလွန်ကျ၍ အခိုင်ခံ့ဆုံးဖြစ်သော သစ်သားစေတီတော်ကြီးစသည် ကမ္ဘာ့အံ့ချီးဖွယ်ရာ အပေါင်းတွင် ပါဝင်မှတ်သားအပ်သော အဆောက်အအုံကြီးများအပြင် ဘုရင်မင်းတရား, မင်းမျိုး, ဆွေမျိုးတော်များနှင့် နိုင်ငံတွင် ထင်ရှားကျော်စောသော သူဌေးသူကြွယ်များလည်း ဗုဒ္ဓဘာသာတရားတော်ကို ကြည်ညိုလေးစားလာကြသည့်အလျောက် အမြောက်အမြား ကျောင်း, ကန်, ဘုရား, စေတီ ပုထိုးများလည်း တည်ထားကိုးကွယ်လာကြ၍ မြန်မာနိုင်ငံတော်တွင် ပုဂံခေတ်က အဆုံးအစ မရှိသော

သာသနာ့ အဆောက်အအုံများကို ကိုးကွယ်လာဘိသကဲ့သို့ အလွန်များပြားသော ကျောင်း, ဘုရား, စေတီများ တိုးပွါးပြီး အစဉ်ထာဝရ သာသနာ့ကြီးပွါးမှုကို အရင်းထား၍ ဝတ္တကမြေများလည်း ပူဇော်ကြသဖြင့် သာသနာရေး, သာသနာမှုများမှာ မြန်မာနိုင်ငံတော်၌ ပြုစုကြသည်နှင့်လည်း တူကြကုန်၏။

ရင်းတို့ မှတ်တမ်းများ(၌) ကျောင်း, ဘုရား, စေတီများ၏ အရေအတွက် ဖော်ပြကြသည်မှာ-

| | ဂိုဏ်း | အဆောက်အအုံ | လူဦးရေ |
|---|---|---|---|
| ၁။ | ဟိုစိုရှု | ၃၈ | ၄,၀၀၀ |
| ၂။ | ကီဂုဏ်ရှု | ၄၃ | ၁၀,၉၀၀ |
| ၃။ | ရိတုန်ရှု | ၂၁ | ၄,၉၀၀ |
| ၄။ | တင်တယ်ရှု | ၄,၉၀၀ | ၂၀၇,၄၀၀ |
| ၅။ | ရှင်ဂုဏ်ရှု | ၁၀,၈၆၅ | ၉၉၈,၉၀၀ |
| ၆။ | ယူဆူနင်ဘူစုရှု | ၃၅၇ | ၃၅,၀၀၀ |
| ၇။ | ဂျိုဒိုရှု | ၈,၇၅၈ | ၃,၉၀၃,၇၀၀ |
| ၈။ | ရှင်ရှု | ၂၁,၁၉၁ | ၉,၈၅၀,၇၀၀ |
| ၉။ | ဂျိရှု | ၄၂၀ | ၃၀,၈၀၀ |
| ၁၀။ | ရင်ဇယ် | ၅,၈၈၀ | ၂,၀၂၅,၇၀၀ |
| ၁၁။ | ဇင်ရှုမိုတို | ၁၄,၄၆၆ | ၁,၂၉၅,၂၀၀ |
| ၁၂။ | အိုဘင္ဂ | ၄၉၃ | ၄၀,၆၀၀ |
| ၁၃။ | နိချိရင်ရှု | ၅,၃၁၁ | ၁,၇၀၄,၀၀၀ |
| ၁၄။ | အခြားဂိုဏ်းများ | ၉၅၂ | ၃၁၈,၅၀၀ |
| | အားလုံးပေါင်း | ၇၃,၆၉၅ | ၂၀,၄၇၀,၃၀၀ |

ဤမျှ အရေအတွက်ရှိကြသည်-ဟု ရင်းမှတ်တမ်းများ၌ ရေးသားကြလေသည်။

ဤသို့လျှင် ဂျပန်သာသနာမှာ ဦးရေကား နောက်ခေတ်မျာ၌ သန်း ၄၀-အထိ တိုးပွါးလာသော်လည်း အချို့ဘာသာရေး လေးစားသောပုဂ္ဂိုလ်များ ကြိုးစားကျင့်ကြံ အားထုတ်ကြစေ(*ကာမူ*) များသောအားဖြင့်မူ ကိုယ်ကျင့်တရား ပျက်ပြားကြသူများ၍ ၎င်းတို့ ဝါဒအရ ဘုန်းကြီးများမှာ ညစာနှင့် အရက်သေစာ မရှောင်၊ အချို့အိမ်ထောင်ပင် ပြုကြသဖြင့် အရောင်အသွေးမျှသာ လူများနှင့် ခြားနားလျက် ဘာသာဝါဒ တတ်ကျွမ်းရုံမျှသာ လေးစားအားထုတ်ခဲ့ကြလေသည်။

၎င်းတို့ ဂိုဏ်းဂဏ ကွဲပြားကြသည်မှာလည်း ကျင့်ဝတ်တရားနှင့် အယူဝါဒများသာ မဟုတ်၊ အပြင်ပ အသွင်သဏ္ဌာန်များလည်း တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မတူကြဘဲ အချို့ဂိုဏ်း ဘုန်းကြီးကား အနက်ဝတ်ဆင်ကာ၊ အချို့ကား အနီ, အချို့ကား အပြာ, အချို့ကား အဝါရောင် ဝတ်ဆင်ကြလျက် တရုတ်, ကိုရီးယားမှ ရောက်လာသော သာသနာဖြစ်စေကာမူ ၎င်းတို့ မူလသာသနာမှ အယူဝါဒအသွင်သဏ္ဌာန်ပါ ကွဲပြားလာခဲ့လေသည်။

သို့ရာတွင် ဤသို့ ဂျပန်ပြည် ဗုဒ္ဓသာသနာ တိုးပွါးစေသော ၂,၀၀၀-ကျော်ခေတ်၌ပင် သာသနာဆန့်ကျင်ဘက် ရန်သူများသည် ၎င်းသာသနာနိုင်ငံတော်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့၍ သာသနာတော် ၂,၀၇၇-ခုမှ ၂,၁၂၆-ခုနှစ် အတွင်းမှာ ခရစ်ယာန်သာသနာပြုများ ရောက်လာကြ၍ ၎င်းသာသနာဂိုဏ်း အသီးသီးတို့ အားထုတ်ပြုကြရာ-

| | ဂိုဏ်း | ဝတ်ကျောင်း | ဦးရေ |
|---|---|---|---|
| ၁။ | ရိုမန်ကက်သလိတ် | ၂၆၃ | ၁၃၉,၀၀၀ |
| ၂။ | ဂရိက်ချား (ချ) | ၃၇ | ၁၅,၀၀၀ |
| ၃။ | ချား(ချ)ခရစ် | ၇၉၃ | ၁၂၉,၀၀၀ |
| ၄။ | အက်ပီကို (ပ်-လ်) | ၂၂၈ | ၂၁,၀၀၀ |
| ၅။ | အခြားဂိုဏ်း | ၂၀၀ | ၂၃,၀၀၀ |
| | အားလုံးပေါင်း | ၁၅၂၁ | ၃၂၇,၀၀၀ |

ဤအရေအတွက်မှာ တိုးပွါးလာခဲ့ကြောင်း ၎င်းဂျပန်ခရစ်ယာန်မှတ်တမ်း ရေးသားကြကုန်၏။

ဤသို့အားဖြင့် ဂျပန်ပြည်သာသနာနိုင်ငံတော်မှာ အရင်းမူလ တရုတ်ပြည်မှ မဟာယာနသာသနာရောက်လာရာ မူရင်းသာသနာနှင့်လည်း ဂိုဏ်းဂဏကွဲပြား အကျင့်တရားများလည်း ခြားနားသည့်အပြင် အခြားသာသနာများ ဝင်ရောက်ကာ ဗုဒ္ဓနိုင်ငံတော်ကို ထိပါးလာသဖြင့် တစ်စတစ်စ အားနည်းလျက် နောက်လက်ထက် ခေတ်အခါ၌ လောကရေး, နိုင်ငံရေးများ လွှမ်းမိုးလာကာ ဦးရေပင် မလျော့သော်လည်း အကျင့်တရား လျော့ပါး၍ သာသနာကား ခေတ်အားလျော်စွာ ယခုအခါတိုင်အောင်ပင် တည်ရှိလျက် ဆောင်ရွက်အားထုတ်နေကြကြောင်း ဤမျှဖြင့် အကျဉ်းမှတ်အပ်သတည်း။

✪ ✪ ✪ ✪ ✪

# ဗုဒ္ဓနိုင်ငံတော် (တိဗက်)

## သာသနာ ၂,၀၀၀-ကျော်
## တိဗက်သာသနာနိုင်ငံတော်အကြောင်း

တိဗက်ပြည်မှာကား တရုတ်ပြည်ကြီး သာသနာဝင်ကဲ့သို့ ဂိုဏ်းအယူဝါဒ မများလှဘဲ ၎င်းတိုင်းနိုင်ငံသို့ သာသနာပြု ပင့်တော်မူသဖြင့် ကြွရောက်တော်မူခဲ့သော မဂဓတိုင်း၊ ဝိက္ကမသီလာကျောင်းတိုက်တော်ကြီးမှ အရှင်ဒီပင်္ကရသီရိဘာဏမထေရ်မြတ် ရောက်လာတော်မူစဉ် သာသနာ ၁,၆၀၀-လောက်မှာ ရှေးကရှိနေရင်း လာမဂိုဏ်းကို တိဗက်နိုင်ငံတော် မဒမ္ပဂိုဏ်းတော်-ဟု အမည်ပြောင်းလဲပေးခဲ့ပြီး ၎င်းမထေရ်ပျံလွန်တော်မူလျှင် ၎င်းမထေရ်၏တပည့် ဒုန်ကုန်ဆရာတော်သည် ၎င်းဂိုဏ်းကြီးကို သာသနာပိုင်ပြုလုပ် အုပ်ချုပ်တော်မူကာ သာသနာတော် ပြုစုတော်မူခဲ့လေသည်။

၎င်းပြင် သာသနာတော် ၁,၈၀၀-ကျော်မှာ မွန်ဂိုလီးယားပြည် ရာဇာဓိရာဇ ဘွဲ့မည်တော်ရသော ကုဗလခန်ဘုရင်မင်းတရားကြီးသည် သာသနာဝင် မင်းတရားကြီးတစ်ပါးဖြစ်လာပြီးလျှင် တိဗက်နိုင်ငံ, တရုတ်ပြည်ကြီး, မွန်ဂိုလီးယားနိုင်ငံတို့၌ မင်းတရားကြီးကြည်ညိုသော လာမ-သာသနာအရ ၎င်းနိုင်ငံအသီးသီးတို့၌ ဗုဒ္ဓသာသနာတော်ကြီးချီးမြှောက် ပြုစုတော်မူသောအခါ ၎င်းမဒမ္ပ-လာမဂိုဏ်းကြီးကား သာလွန်၍ တိုးတက်ထွန်းကား စည်ပင်ပြန့်ပွါးလာခဲ့လေသည်။

၎င်းမင်းတရားကြီး လက်ထက်မှာပင် တိဗက်ပြည်ကြီးသို့လည်း တန်ခိုးအာဏာလွှမ်းမိုးခဲ့သည်အားလျော်စွာ သာသနာတော်နှင့် တိဗက်ပြည်ကြီးကို စိုးမိုးအုပ်ချုပ်ရန် ၎င်းလာမဘုန်းကြီးကို ဘုရင်မင်းတရားကြီး လွှဲအပ်တော်မူသည်မှာ သာသနာ ၁,၈၁၄-ခုနှစ်လောက်တွင် ဖြစ်၍ ၎င်းမှစပြီး လွှဲအပ်ခြင်း ခံယူတော်မူရသော အရှင်သကျပဏ္ဍိတလာမ ဘုန်းတော်ကြီးသည် တိဗက်ပြည်ဘုရင်ခံသဘောနှင့် အုပ်ချုပ်ခွဲခန့်ကာ သာသနာတော်အရေးနှင့် နိုင်ငံအရေး ရောထွေးပေါင်းစပ်ထားလျက် သာသနာမှု ဆုတ်ယုတ်ကာ အစဉ်

အလာအားဖြင့်လည်း ၎င်းလာမ, ဘုန်းကြီးများပင် တိုင်းပြည်ရေးရာနှင့် သာသနာတော်အရေးကို အုပ်ချုပ်လျက် ယခုထက်တိုင်အောင် တည်ရှိလာခဲ့လေသည်။

ဤသို့ တိဗက်လာမ-ဘုန်းကြီးများသည် ဘုန်းတန်ခိုးအာဏာ ကြီးမားလာ၍ တိုင်းပြည်နိုင်ငံရေးနှင့် သာသနာရေးများ ၎င်းတို့ အုပ်ချုပ်လာခဲ့ရာ အစစ်အမှန် သာသနာတော်အား မင်းလုပ်မှုများဖြင့် ပျက်ပြားလာခဲ့သည်ကို အရှင်ဆွန်ခပ-မထေရ်ကြီးသည် ပြုပြင်ပြေလည်ပြီးလျှင် ထေရာဂိုဏ်း၊ အဝါဂိုဏ်းကြီး တည်ထောင်ကာ ၎င်းလာမ-ဂိုဏ်းကြီးမှ ခြားနားခဲ့ကြောင်း နောက်ရေးသားခဲ့ပြီးသည့်အတိုင်း ၎င်းအရှင်၏ဂိုဏ်းကြီးသည် အလွန်ကောင်းမွန်သန့်စင် တည်တံ့ထွန်းကားလျက် လာခဲ့လေသည်။

ထိုဂိုဏ်းသည်လည်း နောက်သာသနာတော် ၂,၀၀၀-ကျော်ခေတ်မှာ တစ်စတစ်စ အကျင့်သီလ ရွှေ့လျောကာ နိုင်ငံရေး လိုက်စားလာကြပြီးလျှင် သာသနာ ၂,၁၈၄-ခုနှစ်လောက်တွင် ဒီပွန်ကျောင်းတိုက်ကြီးကို အုပ်ချုပ်သော နဂ်-ပန်-လို-ဖန် အမည်ရှိသော လာမ-ဘုန်းတော်ကြီး ၁-ပါးသည် မောင်ဂိုလီယာန်မင်းသား ဝုသီရိခန်အာ တိဗက်ပြည်ကို တိုက်ခိုက်သိမ်းယူရန် စကားစ၍ ၎င်းမင်းသားသည် တိုက်ခိုက်သိမ်းယူပြီးလျှင် ထိုလာမဘုန်းကြီးကိုပင် တိဗက်ပြည်ကြီးကို ပြန်၍ လှူခဲ့လေသည်။

ထိုကဲ့သို့ တိုင်းပြည်အရေးအားဖြင့် လာမဘုန်းကြီးများသည် အာဏာရမှုကြီးစားလာကြသဖြင့် သာသနာရေးကား မေ့မှိန်ပျက်ပြားကာ အုပ်ချုပ်မှုများ၌သာ အားထုတ်ကြသည့်အတိုင်း ၎င်းအုပ်ချုပ်သော လာမဘုန်းကြီးအားလည်း မောင်ဂိုလီယာန်ဘာသာအားဖြင့် သမုဒ္ဒရာသဖွယ် ကြီးကျယ်မြင့်မြတ်သော အဓိပ္ပါယ်ရှိသည့် ဒါလဲယ်-ဟူသော ဘွဲ့တံဆိပ်တိုးတက်ချီးမြှင့်၍ ဒါလဲယ်-လာမ မြင့်မြတ်သော လာမဘုန်းကြီးအဖြစ်ဖြင့် တိုင်းပြည်က တင်မြှောက်ကာ ယခုအခါတိုင်အောင် အစဉ်အလာ တွင်ကျယ်လာခဲ့လေသည်။

✪ ✪ ✪ ✪ ✪

## တိဗက်ပြည်၌ သာသနာ ၂,၀၀၀-ကျော်မှာ ဂိုဏ်းအများ ကွဲပြားလာကြောင်း

၎င်းတိဗက်ပြည်ကြီး၌လည်း သာသနာတော် ၂,၀၀၀-ခေတ်အတွင်းမှာ များစွာသော ဂိုဏ်းများ ကွဲပြားလာခဲ့ရာ ယခုအခါတိုင်အောင် တိဗက်ပြည်မှာ ၁၈-ဂိုဏ်း၊ ထိုဂိုဏ်းများတွင် ပထမဒါလဲဘီလာမအဖြစ်ဖြင့် အုပ်ချုပ်သော ဂီလပ်ပ-ဂိုဏ်းကြီးသာ ပဓာနဖြစ်၍ ပထမ ဂိုဏ်းကြီး-ဟု သတ်မှတ်ပြီး ၎င်းဂိုဏ်းနှင့် အာဏာပြိုင်နိုင်သော ဂိုဏ်းမှာ နိနန်ပ-ဂိုဏ်းနှင့် ဂျိုနန်ပ-ဂိုဏ်းများ ရှိသေးသဖြင့် ၎င်းဂိုဏ်းတို့ကိုလည်း ဒုတိယ၊ တတိယဂိုဏ်း-ဟု တိဗက် ပြည်တွင် ထင်ရှားခဲ့လေသည်။

၎င်းတို့မှ ကျန်သော ဂိုဏ်းတို့ကား မထင်ရှားလှသော်လည်း အရေအတွက်ကား ရှိနေသေး၍ ၎င်း ၁၈-ဂိုဏ်းတို့မှာ –

| | | | |
|---|---|---|---|
| ၁။ | ဂီလပ်ပဂိုဏ်း | ၂။ | နိနန်ပဂိုဏ်း |
| ၃။ | ဂျိုနန်ပဂိုဏ်း | ၄။ | သကျပဂိုဏ်း |
| ၅။ | အော်ဂျတ်ပဂိုဏ်း | ၆။ | ဒေါ်ယီတပ်ပဂိုဏ်း |
| ၇။ | မင်ဒိုလင်ဖဂိုဏ်း | ၈။ | နဒဏ်ပဂိုဏ်း |
| ၉။ | ကာတုပ္ပဂိုဏ်း | ၁၀။ | ကာဂျပဂိုဏ်း |
| ၁၁။ | ဒိကွန်ပဂိုဏ်း | ၁၂။ | ထီလှတ်စုံပဂိုဏ်း |
| ၁၃။ | တလွန်ပဂိုဏ်း | ၁၄။ | အထက်ပိုင်းဒုပ်ပဂိုဏ်း |
| ၁၅။ | အလယ်ပိုင်းဒုပ်ပဂိုဏ်း | ၁၆။ | အောက်ပိုင်းဒုပ်ပဂိုဏ်း |
| ၁၇။ | ကာမပဂိုဏ်း | ၁၈။ | နော်ပဂိုဏ်း |

ဟု ဆိုအပ်သော ဂိုဏ်းများဖြစ်ကြ၍ အထက်က ဖော်ပြရေးသားခဲ့ပြီးသော–

၁။ ဂီလပ်ပဂိုဏ်း ၂။ နိနန်ပဂိုဏ်း ၃။ ဂျိုနန်ပဂိုဏ်း–

ဤဂိုဏ်းကြီး ၃-ဂိုဏ်းမှတပါး ကြွင်းသော ဂိုဏ်းငယ်များမှာ မထင်ရှားလှကုန်။

၎င်းတိဗက်သာသနာ၌ ယခုအခါတိုင်အောင် ဂါထာမန္တန်များ လေးစားသော တန္တြ-မန္တြ အယူဝါဒများ ထင်ရှားနေ၍ ဟိန္ဒီများ အလေးပြုကြသော ဥုံ-ဟူသော မန္တန်အချို့နှင့် သွားဟ-ဟူသော မန္တန်နိဂုံးများဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ကြသော ဂါထာများ ဖြစ်သည်။

ဥုံ မဏိ ပ-ဒ-မိ-ဟွန်-စသော ဂါထာများ ဥုံ အရင်းအစထား၍ ရွတ်ကြလေသည်။

- ဤသို့အားဖြင့် တိဗက်သာသနာဟူ မဟာယာန အစဉ်အလာ အယူဝါဒမှ ဆင်းသက်ပြောင်းလဲလာခဲ့သော သာသနာဖြစ်ကြောင်း၊

- ယခုထက်တိုင်အောင် ၎င်းလာမများ အုပ်စိုးကာ နိုင်ငံရေးနှင့် ရှုပ်ထွေးသော အယူဝါဒများသာ ဖြစ်ကြောင်း၊

- သို့ရာတွင် ၎င်းတို့အယူဝါဒ၌ကား စွဲမြဲ၍ အထူးလိုက်နာ လေ့ကျင့်ကြကြောင်း-

များမှတပါး အခြားရေးသားဖွယ်ရာ မရှိသည့်အပြင် ယခုခေတ် အဖြစ်အပျက်များကား တိုင်းပြည်နိုင်ငံအရေး ကြီးလေးလာကာ ဘာသာရေး, သာသနာရေးများမှာ အတိအကျရေးသားရန် အတည်မကျသေးသော အခါသမယဖြစ်၍ အထူးရေးဖို့ မလိုသေးကြောင်း၊ သို့ဖြစ်၍ တိဗက်သာသနာ ဤမျှဖြင့် နိဂုံးမှတ်၍ အဆုံးသတ်လိုက်ပေသတည်း။

တိဗက်သာသနာအကျဉ်း ပြီးပြီ။

✪ ✪ ✪ ✪ ✪

# ဗုဒ္ဓနိုင်ငံတော် (မဇ္ဈိမ)

### မဇ္ဈိမသာသနာ ၂,၀၀၀-တွင်းမှ ၂,၀၀၀-ကျော် ခေတ်အကြောင်း

သာသနာတော် ၂,၇၀၀-အတွင်းက အိန္ဒိယအလယ်ပိုင်း မဇ္ဈိမသာသနာသည် အလွန်ထင်ရှားကြီးကျယ်သော နာလန္ဒကျောင်းတော်ကြီး၌ မဟာယာန အယူဝါဒထွန်းကားကြောင်း၊ ၎င်းအပြင် မဂဓနယ်အတွင်းမှာ ထင်ရှားကြီးကျယ်သော ပါလမင်းများ အဆက်အနွယ် ပြုစုအားထုတ်သော ဝိက္ကမသီလာကျောင်းတိုက်ကြီးများ၌ တာရာနတ်သမီး နတ်ကွန်းများရှိ၍ ဗြာဟ္မဏဘာသာနှင့် ရောပြွမ်းလျက် တန္တြ-မန္တြအယူဝါဒ လေးစားကြောင်း စသည် နောက်ပိုင်းများ၌ ရေးသားခဲ့လေပြီ။

၎င်းအပြင် ၎င်းအချိန်အခါ၌–

- အနောက်မြောက်တိုင်းနယ်များမှာ မဟာမက်ဘာသာဝင် ခလိဖတ်ဘုရင်များ၏ တန်ခိုးအာဏာများ လွှမ်းမိုးလာ၍ သာသနာတော်ကို ထိပါးလာကြကြောင်း၊
- ထိုမှတပါး တောင်ပိုင်းနယ်များ၌လည်း ဗြာဟ္မဏဘာသာဝင် ရသေ့ကြီးများသည် ဗုဒ္ဓဘာသာတရားတော် ထိပါးလျက် ၎င်းတို့၏ ပေလန္ဒအယူဝါဒများ ဟောပြောကာ ၎င်းတို့ ဝါဒတည်ထောင်ကြကြောင်း၊

သို့အတွက် မဟာယာနဂိုဏ်းသံဃာများသည် ၎င်းထိပါးလာသော ဘေးရန်များကို ကာကွယ်စောင့်ရှောက်ရန် ဝတ္တရားရှိကြသည့်အတိုင်း မဂဓတိုင်းအလုံးနှင့် အနီးအနားတိုင်းပြည်များမှ သံဃာတော်များ ဖိတ်ကြားကာ သာသနာ့ဘေးရန် ကာကွယ်ရန် အစည်းအဝေးကြီးများ ပြုလုပ်ကာ အားထုတ်စောင့်ရှောက်ကြကြောင်း စသည်များလည်း ရေးသားခဲ့လေပြီ။

ထိုသို့ အလယ်ပိုင်း တိုင်းနယ်များ၌ ဗုဒ္ဓနိုင်ငံတော်ကြီးမှာ အားနည်းနေခိုက် သာသနာ ၁,၇၀၀-မှ ၁,၈၀၀-အတွင်း မဟာမက်ဘာသာဝင်မင်းများ ၎င်းတို့အာဏာနှင့် ဘာသာကြီးပွါးစေရန် ဓားပြ၍ တရားဓမ္မကျော်လွန်လျက် အခြားဝါဒများ ပြိုပျက်အောင် တိုက်ခိုက်၊ နယ်များသိမ်းပိုက်လာသဖြင့် ဗုဒ္ဓဘာသာဝင်များကား မူလက အားနည်းကာ ဗြာဟ္မဏဘာသာသို့ ယိမ်းညွတ်နေခိုက် အချို့ ၎င်းသို့ လိုက်လျောပြီး အချို့ကား နောက်ဘာသာသို့ သက်ရောက်သွားကြကုန်၏။

ထိုသို့ မဟာမက်ဘာသာဝင်များ တိုက်ခိုက်ဖျက်ဆီးရာ ဗြာဟ္မဏဘာသာမှာကား အခြေခံ အားကြီး၍ မပျက်စီးနိုင်သော်လည်း ဗုဒ္ဓနိုင်ငံတော်ကြီးနှင့် ဘာသာဝင်များကား အားနည်းနေခိုက်ဖြစ်သဖြင့် ပျက်ပြားလွင့်စဉ်ကာ အစွန်အနား တိုင်းပြည်များဖြစ်ကြသော နီပါလနိုင်ငံ၊ ဘူတန်နိုင်ငံစသော မြောက်ပိုင်း တိုင်းစွန်ပြည်နားနှင့် တောင်ပိုင်း အန္ဓတိုင်း၊ စောဠတိုင်းများသို့ ရောက်သွားကြသည့်အပြင် အချို့ကား ၎င်းတို့ဘာသာ ဝတ္တရားနှင့် မဆန့်ကျင်အောင် ကြံဆောင် နေထိုင်ခဲ့ကြကုန်၏။

ထိုခေတ်အတွင်းမှာ ဟိန္ဒီဗြာဟ္မဏဘာသာဝင် အစဉ်အလာဖြင့် ကိုးကွယ်လာခဲ့ကြသော ထင်ရှားကျော်စောသည့် ၎င်းတို့ သိဝ, ဝိဿဏုကျောင်းကြီးများ အဖျက်အဆီးခံရသည့်အပြင် ဗုဒ္ဓသာသနာ အစဉ်အလာအားဖြင့် ထွန်းကား၍ ခမ်းနားကြီးကျယ်သော မဟာယာနဂိုဏ်းကြီး၏ အခြေခံ နာလန္ဒကျောင်းတိုက်ကြီးများအပြင် ထိုစဉ်က အုပ်ချုပ်သည့် ဝိက္ကမသီလာကျောင်းတိုက်ကြီးများ၊ ထို့မှတပါး အခြားထင်ရှားသော ဥဒန္တပုရီကျောင်းတိုက်ကြီးများပါ အဖျက်အဆီး ခံကြရခဲ့လေသည်။

သို့ရာတွင် ထိုစဉ်အခါက ဗြာဟ္မဏဘာသာကြီးကား အင်အားကြီးမား၍ မပြိုမပျက်ဘဲ မကြာမီပင် ပြန်လည် တည်ထောင်ခဲ့ကြသော်လည်း အင်အားနည်းလှသော ဗုဒ္ဓဘာသာဝင်တို့မှာကား မှီခိုအားထားဆောက်တည်ရာ မရကြဘဲ အဖျက်အဆီးခံရသော ကျောင်းတိုက်ကြီးများနှင့် စေတီပုထိုးများကို တဖန်ပြန်လည် မတည်ထောင်နိုင်ခဲ့ကြသဖြင့် တစ်စတစ်စ တိမ်ကော ပပျောက်လာခဲ့ကြလေသည်။

ဤသို့အားဖြင့် မဇ္ဈိမတိုင်း၊ အလယ်ပိုင်းနိုင်ငံများမှာ သာသနာတော် ၁,၇၀၀-ကျော်ခေတ်မှစ၍ မဟာမက်ဘာသာ ဘေးကြီးကြောင့် တဖြည်းတဖြည်း ညှိုးမှိန်လျက်လာခဲ့ရာမှ အနှစ် ၂,၀၀၀-လောက် ရောက်သောအခါ၌ကား အလယ်ပိုင်း တိုင်းပြည်များ၌ ဗုဒ္ဓနိုင်ငံတော်ကြီး ပျက်စီးတိမ်းယိမ်းပြီးလျှင် အစွန်အဖျား မဇ္ဈိမတိုင်းကြီးများမှ တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက် တိုင်း, နိုင်ငံများ၌သာ အနည်းငယ် တည်ထွန်းလျက် ရှိနေခဲ့လေသည်။

ထိုသို့ သာသနာတော် ၂,၀၀၀-ကျော်အောင် တောင်ပိုင်းနိုင်ငံများမှာ သာသနာ တည်နေလျက် ရှိသောကြောင့် –

- ၎င်းအခါက ရာမညတိုင်း ရာမာဓိပတိ ဘွဲ့မည်တော်ရှိသော ဓမ္မစေတီမင်းတရားကြီးသည် သီဟိုဠ်ကျွန်းမှ သာသနာတော်ယူရန် မထေရ်မြတ်များနှင့် တမန်တော်များအား လွှတ်တော်မူသောအခါ စိတြဒူတ တမန်တော်နှင့် မထေရ်မြတ်တို့ သီဟိုဠ်ကျွန်းမှအထွက် သင့်သော ကျောက်ဆောင်တွင် ငြိလျက်နေရာ ၎င်းသင်္ဘောထက်မှ လှေဖောင်များဖြင့် ကူးသွားကာ နာဂပဋ္ဋနဆိပ်ကမ်းသို့ ရောက်ကြောင်း၊
- ၎င်းဆိပ်ကမ်းအနီး အရှင်ဓမ္မပါလမထေရ်မြတ်တို့ သီတင်းသုံးတော်မူရာဌာနနှင့် အလွန်ထွန်းပ ထင်ရှားကျော်စောခဲ့သည့် ဗဒရိကာရာမကျောင်းတိုက်ကြီးများကို သွားရောက်ဖူးမြော်သည့်အပြင် ဒန္တကုမာရမင်းသားနှင့် ဟေမမာလာမင်းသမီးတို့ မြတ်စွာဘုရား စွယ်တော်မြတ်ကို ယူဆောင်လာစဉ်အခါက ခေတ္တသီတင်းသုံးတော်မူရာအရပ်၌ နောင်အထိမ်းအမှတ် အလို့ငှာ တရုတ်ပြည် ဘုရင်မင်းတရားတို့ တည်ထားကိုးကွယ်တော်မူခဲ့သော ဂူ, ဘုရား၌ ရုပ်ပွါးမြတ်ကို ဖူးမြော်ခဲ့ကြကြောင်း၊
- ၎င်းမှ နာဂရဆိပ်ကမ်းသို့ သွားရောက်၍ ၎င်း၌ မာလိမ္ဗရကာယမည်သော သင်္ဘောသူကြီးနှင့် ပန္နလိယမည်သော သင်္ဘောသူကြီးတို့ကို တွေ့ဆုံရာ ၎င်းတို့လည်း ဓမ္မစေတီမင်းတရားကြီးနှင့် နှစ်စဉ်, နှစ်တိုင်း ကူးသန်းရောင်းဝယ်ရန် ရာမညတိုင်းသို့ ရောက်သောအခါ ရအပ်သော စေ့စပ်ခြင်းရှိသည့်အားလျော်စွာ ၎င်းတမန်တော်နှင့် မထေရ်မြတ်များအား ကောင်းမွန်စွာ နေရာထိုင်ခင်းနှင့်တကွ ဆွမ်း၊ သက်န်းစသော လှူဖွယ်ဝတ္ထုများ လှူဒါန်း ပြုစုကြကြောင်း–

စသည် ကလျာဏီကျောက်စာ၌ ထင်ရှားစွာလာသဖြင့် သာသနာတော် ၂,၀၀၀-ကျော်သည့်တိုင်အောင် ၎င်းဒက္ခိဏပထတောင်ပိုင်း၌ သာသနာတော် တည်ရှိကာ သီဟိုဠ်သာသနာနှင့်လည်း ဆက်သွယ်ကြောင်း ကောင်းစွာမှတ်သားအပ်၏။

၎င်း သာသနာတော် ၂,၀၀၀-ကျော် ၂,၀၇၀-လောက်အရှိမှာ မဟာမက်ဘာသာဝင် တာတာဘုရင်များဖြစ်ကြသော မဂိုလ်အာဏာရှင်ဘုရင်များ အိန္ဒိယတိုင်းနယ်အလုံး သိမ်းကျုံး စိုးမိုးလာသောအခါ သီဟိုဠ်မှာလည်း ပေါ်တူဂီများ ဝင်ရောက်ကာ သာသနာတော်မြတ်ကြီး ထိပါးစ ပြုလာကြသော အခါသမယဖြစ်၍ အားနည်းနေခိုက်ဖြစ်သဖြင့် ၎င်းတောင်ပိုင်း ဗုဒ္ဓနိုင်ငံတော်ကြီးကို အားဖြည့်ရန် မကူညီနိုင်တော့ဘဲ ၎င်းသာသနာသည် မဂိုလ်ဘုရင်များ လက်အောက်ရောက်ကာ တိမ်မြုပ်ပပျောက်သွားခဲ့လေသည်။

၎င်းမဂိုလ်ဘုရင်များ၏ အာဏာသည် သာသနာ ၂,၀၇၀-မှ ၂,၂၅၀-ခုနှစ် အင်္ဂလိပ်တို့လက်သို့ လွှဲပြောင်းခဲ့ရသည့်တိုင်အောင် နှစ်ပေါင်း ၂၀၀-နီးပါးမျှ ကာလကြာမြင့်၍ အချို့မင်းများ လက်ထက်၌ ရှေးဟောင်း ဗုဒ္ဓဘာသာအဆောက်အအုံ, ကျောက်တိုင်, ကျောက်စာ, ဂူလိုဏ်များ စောင့်ရှောက် သိမ်းဆည်းထားခဲ့သော်လည်း အချို့ကား ဖျက်ဆီးတူးဖြိုပြီးလျှင် ရာဇဝင်ကွယ်ပျောက်သွားအောင် ပြုလုပ်လျက် နောက်လက်ထက် မတည်နိုင်အောင် ဖျက်ဆီးသွားခဲ့ကြလေသည်။

ဤသို့ မဂိုလ်ဘုရင်များလက်ထက် ဗုဒ္ဓနိုင်ငံတော်ကြီးသည် မဇ္ဈိမတိုင်း အလယ်ပိုင်း၊ ထိုနိုင်ငံအလုံးမှလည်းကောင်း၊ တောင်ပိုင်းတိုင်းနိုင်ငံများမှလည်းကောင်း လုံးဝကွယ်ပျောက်သွားပြီးလျှင် တိဗက်စပ်သော တောင်ကုန်းတိုင်းပြည်များနှင့် နီပါလ, ဘူတန်, ဆိက္ခန်စသော အစွန်အနား တိုင်းနိုင်ငံ၌လည်းကောင်း၊ ဝင်္ဂတိုင်းနှင့် ဆက်စပ်လျက်ရှိသော စေတီယဂါမ်ဝ-စစ်တကောင်း၊ အာသံ-စသော နယ်ပယ်များ၌လည်းကောင်း ဗုဒ္ဓဘာသာ အဆက်အနွယ်များ, များသောအားဖြင့် မဟာယာနဂိုဏ်း သာသနာဝင်များ အနည်းငယ် ထွန်းကားလျက်ရှိခဲ့ကြလေသည်။

သို့ရာတွင် သာသနာ ၂,၂၅၁-ခုနှစ် အင်္ဂလိပ်ဘုရင်များ အာဏာအောက်သို့ အိန္ဒိယနိုင်ငံကြီး ရောက်သွားကာ များသောအားဖြင့် အိန္ဒိယနယ်ကြီးများကို အုပ်ချုပ်လာသောအခါ သီဟိုဠ်ကျွန်းလည်း ၎င်းတို့လက်အောက်သို့ ရောက်ရှိခဲ့၍ ၎င်းတို့သည် ဘာသာဘက်ဆိုင်ရာ ရှေးဟောင်းဌာနများ ရှာဖွေကြလျှင် ၎င်းအိန္ဒိယနိုင်ငံတော်အဝန်း၌ ရှေးအကျဆုံးမှာ များသောအားဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ ကျောင်း, ဘုရား, ပုထိုး, အဆောက်အအုံများနှင့် အသောကမင်းတရားကြီး ကျောက်စာ၊ ကျောက်တိုင် အထိမ်းအမှတ်များသာ တွေ့ရှိသောကြောင့် ကျောက်စာဘက်ဌာန ပညာရှိကြီးများနှင့် ပညာဗဟုသုတ ရှာဖွေစုံစမ်းကြကုန်သော ပါမောက္ခဆရာကြီးများသည် နိုင်ငံတရားတော်ကို လေ့လာလိုက်စားလာခဲ့ကြကုန်သည်။

ဤသို့ ဥရောပပညာရှိကြီးများ ဗုဒ္ဓဘာသာတရားတော်ကို လေးစားလာသောအခါ အိန္ဒိယပဏ္ဍိတ် ပညာရှိကြီးများလည်း ဗုဒ္ဓဘာသာသို့ ညွတ်ကိုင်းလာကြကာ ဗုဒ္ဓဝါဒ၊ ဗုဒ္ဓနိုင်ငံတော်ကြီး လှုပ်ရှားလျက် တိုးတက်ထွန်းပလာစ ပြုလာသော*(အခါ)* ဗုဒ္ဓဘာသာစာပေများလည်း များပြားပေါ်ထွက်၍ ကျောက်စာဘက်ဌာန၌လည်း ရှေးစာပေ ရှာဖွေစုံစမ်းရာ လွန်ခဲ့သော နှစ် ၂,၀၀၀-ကျော်အခါတွင် ရေးသားစိုက်ထူခဲ့သော အသောကမင်းတရား၏ ကျောက်စာ, ကျောက်တိုင်များ အများအပြားတွေ့ရှိကာ ကမ္ဘာအဝှန်းလုံး မင်းတရားကြီး၏ ဂုဏ်သတင်းများ ပြန့်လွင့်ကျော်ကြားကာ ကမ္ဘာတဝှန်းက ချီးမွမ်းလေးစားခဲ့ကြလေသည်။

ဤသို့အားဖြင့် အင်္ဂလိပ်များသည် ၎င်းတို့၏ ပညာဗဟုသုတ ရှာဖွေစုဆောင်းအားထုတ်ခြင်းမှ နိုင်ငံတော်၏ လမ်းစအသစ် ထွန်းသစ်လာပြီးလျှင် ၎င်းတရားတော်နှင့်စပ်၍ ထင်မြင်ခြင်းများ ရေးသားကာ ဗုဒ္ဓရှင်တော်ဘုရား၏ဖြစ်စဉ် အတ္ထုပ္ပတ္တိများ ရေးသားဖြန့်ချိကြသဖြင့် ၎င်းအိန္ဒိယအနီးအနား ဗုဒ္ဓဘာသာနိုင်ငံများအကြောင်းပါ ကမ္ဘာက လေးစားလျက် ဥရောပနိုင်ငံများ၌ ဘာသာတရားတော် အသစ်ဖြစ်ထွန်းတိုးတက်ပြီး ၎င်းဘာသာတော်ကြီး၏ အခြေခံပါဠိဘာသာကိုလည်း လေ့လာလိုက်စားသော ပညာရှိများ အလေးပြုလာကြလေသည်။

ဗုဒ္ဓတရားတော်မြတ်သည်ကား မဇ္ဈိမပဋိပတ် အလယ်,အလတ် အကျင့်အမြတ်ဖြစ်၍ အလွန်ကျဉ်းလှသော အိန္ဒိယဗြာဟ္မဏဇာတိဝါဒနှင့် မဟာမက်ဝါဒ အများနှင့်ဆန့်ကျင်သော အလေ့အလာများကဲ့သို့ မဟုတ်ဘဲ ဇာတ်အမျိုး၊ အလေ့အကျင့် ပမာဏမထားဘဲ၊ တရားတော်သာ ပဓာနဖြစ်သည့်အတိုင်း ဥရောပတိုက်သားများ အလေ့အကျင့်ညီညွတ်သင့်တင့်သောကြောင့် အားထုတ်ကြကာ ၎င်းတိုက်မှာလည်း ဗုဒ္ဓဝါဒတရားတော်မြတ် ပြန့်နှံ့လှုပ်ရှားခဲ့လေသည်။

သို့ရာတွင် ၎င်းဥရောပအနောက်နိုင်ငံများ ယူကြသော ဗုဒ္ဓဘာသာတရားတော်ကား အရှေ့တိုင်းသားများ၏ အလေ့အကျင့်နှင့် မတူစေကာမူ ဗုဒ္ဓတရားတော်မြတ်၏ အစစ်အမှန်ကို စာပန်းတိုင်အဆုံး စခန်းနိဗ္ဗာန်နှင့် ၎င်းသို့ရောက်ကြောင်း လေးမြတ်သော မဇ္ဈိမအလယ်,အလတ် လမ်းမကြီးဖြစ်သည့် မဂ္ဂင်အကျင့်တရားကို လေ့လာလိုက်စား၍ ဗုဒ္ဓဝါဒမှတပါး ကမ္ဘာရှိ အခြားဘာသာတရားတို့ စွဲလမ်းနေကြသည့် အမြဲတည်နေသော အတ္တ, ဇီဝ, အသက်ဝိညာဉ်ရှိသည်-ဟု ယုံကြည်မှု မရှိသဖြင့် ၎င်းတို့ကား အမှန်တရား လေ့လာလိုက်စားကြကုန်သည်-ဟု ဆိုအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

# ဗုဒ္ဓနိုင်ငံတော် (မြန်မာ)

## သာသနာတော် ၂,၀၀၀-ခေတ် မြန်မာနိုင်ငံသာသနာ
## ပုဂံခေတ်မှ ပင်းယ, စစ်ကိုင်း, အင်းဝသာသနာ

မြန်မာနိုင်ငံတော်၌ သီရိအနုရုဒ္ဓ၊ အနော်ရထာမင်းတရားကြီး ရွှေထီး,ရွှေနန်း သိမ်းမြန်းပြီးသည့်နောက် ၁၃-နှစ်လောက်မှာ သာသနာ ၁,၆၀၁-ခုနှစ်အရောက်တွင် အရှင်အရဟံတွင်သည့် အရှင်ဓမ္မဒဿီမထေရ်မြတ်သည် သုဓမ္မပူရ-သထုံပြည်ကြီးမှ ကြွလာတော်မူ၍ မြတ်စွာဘုရားသာသနာတော် တည်ထွန်းစေပြီး ၎င်းမင်းတရားကြီး၏ သားတော်အစဉ် မြေးတော်အဆက် တိုးတက်တောက်ပသော သာသနာတော်အလင်းရောင်ဖြင့် ထွန်းလင်းလာခဲ့ရာ သာသနာတော် ၁,၉၁၄-ခုနှစ်၊ သာသနာ၀င် မင်းဆက်ပေါင်း ၁၅-ဆက်မြောက် စောမွန်နစ်မင်းလက်ထက် အရိမဒ္ဒန ပုဂံပြည်ကြီး ပျက်စီးတိမ်းပါးသော်လည်း သာသနာတော်ကြီးမှာ စည်ပင်ထွန်းကားလျက်ပင် ၎င်းတွင် ကျန်ရစ်တည်နေကာ သာသနာ၀င်မထေရ်များ မညှိုးနွမ်းရအောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်တော်မူခဲ့ကြလေသည်။

၎င်းပုဂံသာသနာ၀င် မင်းဆက်များတွင် ၁၃-ဆက်မြောက် ဘုရင်ကျော်စွာမင်းကို နန်းချ၍ ညီနောင် ၃-ပါးတို့ ဖြစ်ကြသော–

အသင်္ခယာ, ရာဇသင်္ကြန်, သီဟသူတို့သည် အသီးသီး အလုံးအရင်းများစွာနှင့်တကွ ထွက်ကြပြီးလျှင်–

- နောင်တော် အသင်္ခယာသည် ပရမပူရမည်သော မြင်းစိုင်းမြို့ကို တည်ထောင်ခဲ့လေသည်။
- ညီတော်အလတ်ဖြစ်သော ရာဇသင်္ကြန်သည် ပင်လယ်မြို့ကို တည်ထောင်ခဲ့လေသည်။

- ညီတော်အငယ် သီဟသူသည် နောင်တော်များနှင့်ပြိုင်လျက် မကွေးရာမြို့ကို တည်ထောင်ပြီးနောက် ၁၂-နှစ်မြောက်၌ ဝိဇယပူရမည်သော ပင်းယမြို့ကို တည်ထောင်ခဲ့လေသည်။

ထိုမင်းများသည် မြို့တော်သစ်, တိုင်းနိုင်ငံသစ်တို့ကို ပြုစုတည်ထောင်ကြသော မင်းများဖြစ်၍ သာသနာရေး, သာသနာမှုများမှာ မည်ကဲ့သို့ ပြုစုအားထုတ်ကြောင်း ၎င်းတို့ ရာဇဝင်မှတ်တမ်းများ ထင်ရှားမရှိသည့်အပြင် ပုဂံမှ ထွက်ခွာသွားကြသော ရှင်ယောင် အရည်းတို့သာလျှင် ၎င်းတို့နှင့် ဆက်ဆံခြင်းများကြ၍ တစ်ရံသောအခါ ညီနောင် ၃- ယောက်တို့အနက် အငယ်ဆုံးဖြစ်သော တစ်စီးရှင် သီဟသူက သားတော် ၃-ပါးတို့အား အလုံးအရင်း မေးမြန်းတော်မူရာ သားတော်အကြီး အိမ်ရှေ့ ဥစ္စနာက "အကြောင်းရှိသော် ဆင်-၁၀၀, မြင်း-၈၀၀, သူရဲကောင်း-၁,၀၀၀ ရနိုင်ပါကြောင်း"လျှောက်တင်၍–

သားတော်အလတ် ကျော်စွာကလည်း "အကြောင်းရှိသော် ဆင်-၈၀, မြင်း-၆၀၀, သူရဲကောင်း-၁,၀၀၀ ရနိုင်ပါသည်"ဟု လျှောက်တင်ရာ–

သားတော်အငယ် အသင်္ခယာစောယွန်းကမူ "အကြောင်းရှိသော် ရှင်အရည်းတို့ကို ထား၍ အထိန်းသားနှင့် သော် ၈-ကျိပ်သာ ရှိပါသည်"ဟု လျှောက်တင်ရာတွင်–

တစ်စီးရှင် သီဟသူမင်းကြီးက "ငယွန်းငယ်ရယ်၊ ငါမရှိလျှင် နင့်ကို သူညှဉ်းဆဲစရာဖြစ်ရစ်လေတော့မည်"ဟု မိန့်တော်မူကြောင်း ရေးသားသော ရာဇဝင်စကားအရ မင်းညီမင်းသားတို့မှာ အရည်းရှင်ယောင်တို့ကို မြှောက်စားလျက် အရေးရှိက ၎င်းတို့သည် မင်းညီမင်းသားတို့၏အမှုများ ထမ်းရွက်ကြောင်းများ ထင်ရှားသဖြင့် သာသနာတော်မှာကား ဂုဏဝန်, သီလဝန် မထေရ်များ ရှိတော်မူကြငြားလည်း မည်သို့ လေးစားပြုစု အားထုတ်ကြောင်း ၎င်းရာဇဝင်တို့မှာ မလာသောကြောင့် သာသနာဝင်မှတ်တမ်းများ၌ ၎င်းမင်းများ ပြုစုသော သာသနာတော် အကြောင်းအရာများ ရေးသားဖော်ပြခြင်း မရှိကြကုန်။

## ဥစ္စနာမင်း စကား ၇-ကျောင်း တည်တော်မူကာ သံဃာတော်များ ပင့်ဆောင်လှူဒါန်းခြင်း

ထိုသို့ ညီနောင် ၃-ပါးတို့သည် နန်းပြိုင်စိုးစံ အုပ်ချုပ်ကြရာ နောင်တော်ကြီး, နောင်တော်လတ်တို့၏ ထီးနန်းအဆက်အနွယ်များ မကြွင်းမကျန်ဘဲ ညီတော်အငယ် တစ်စီးရှင် သီဟသူမှာ သားတော် ၃-ပါး ထွန်းကားတော်မူရာ သားတော်အကြီး အိမ်ရှေ့

ဥစ္စနာသည် ခမည်းတော်မင်းကြီး လွန်ပြီးသည့်နောက် ထီးနန်းအမွေ သိမ်းပိုက်တော်မူပြီးလျှင် သာသနာတော် ပြုစုအားထုတ်တော်မူသည့်အားလျော်စွာ ပင်းကျားအရပ်၌ စကားသားဖြင့် ဆောက်လုပ်အပ်သောကြောင့် 'စကား ၇-ကျောင်း'ဟု အမည်တွင်သော ကျောင်းတော် ၇-ကျောင်း ဆောက်လုပ်ပြီး၍ သာသနာတော် ၁,၈၈၄-ခုနှစ်၌ ထိုကျောင်းများကို သံဃာတော် တင်လှူတော်မူသည်ကား–

၁။ စမ္မမည်သော ကျောင်းမတော်ကို ပုဂံဂိုဏ်း ၄-ဂိုဏ်းရှိသည့်တွင် အရှင်အရဟံဂိုဏ်း အနွယ်ဝံသဖြစ်သော စာခိုပေသင် အမတ်၏သား အရှင်သုဓမ္မမဟာသာမိမထေရ်အား တင်လှူတော်မူသည်။

၂။ ဝေဠုဝန်မည်သော ကျောင်းတော်ကို ၎င်းအရှင်အရဟံဂိုဏ်း အနွယ်ပင်ဖြစ်သော အဘိဓမ္မာ တတ်ကျွမ်းတော်မူသော အရှင်ဉာဏဓဇမထေရ်အား တင်လှူတော်မူသည်။

၃။ ဇေတဝန်မည်သော အာရာမ်ကျောင်းတော်ကို ပုဂံ ပစ္ဆာသံဃာဂိုဏ်းဝင် ဖြစ်သော အရှင်အာနန္ဒာဂိုဏ်း အနွယ်ဖြစ်၍ ဝိနည်း၌ အဋ္ဌကထာနှင့်တကွ ဝါစုဂ္ဂတရတော်မူသော အရှင်ဂုဏာဘိရာမမထေရ်အား တင်လှူတော်မူသည်။

၄။ ကုလားကျောင်းမည်သော အာရာမ်ကျောင်းတော်ကို ပစ္ဆာသံဃာဂိုဏ်းဝင် အရှင်အာနန္ဒာအနွယ်ဖြစ်သော အရှင်အာဒိစ္စရံသီမထေရ်အား တင်လှူတော်မူသည်။

၅။ ရွှေကျောင်းမည်သော အာရာမ်ကျောင်းတော်ကို ၎င်းပစ္ဆာ သံဃာဂိုဏ်းဝင် အရှင်အာနန္ဒာ အနွယ်ဖြစ်သော အရှင်သုဓမ္မာလင်္ကာရ မည်သော မထေရ်အား တင်လှူတော်မူသည်။

၆။ အိမ်နိမ့်မည်သော အာရာမ်ကျောင်းတော်ကို ယခင်ကျောင်းမတော်နေ ဆရာတော်၏ တပည့်ရင်း ဆန်း, အလင်္ကာ, ကလပ်, ဝိတက်, ဒဏ္ဍီ, ဗာဟီပေဒင်နှင့်တကွ သဒ္ဒါဉာသ်တို့ကို တတ်မြောက်သော သက်ပန်းမြင်စိုင်းအရပ်တွင် သီတင်းသုံး နေထိုင်သည့် အသက် ၂၀-နှစ်သာရှိ အရှင်ဝရပတ္တအား တင်လှူတော်မူသည်။

၇။ တောင်စွန်းကျောင်းမည်သော အာရာမ်ကျောင်းတော်ကို ယခင်ကျောင်းမတော် ဆရာတော်၏ ဂိုဏ်းအနွယ်ဖြစ်သော အရှင်သီရိပုညဝါသီမထေရ်အား တင်လှူတော်မူသည်။

ဤသို့အားဖြင့် စကားကျောင်းတော် ၇-ကျောင်းကို ကျမ်းဂန်ဗဟုသုတပြည့်စုံ၍ လဇ္ဇီသီလဝန္တဂုဏ် ရှိတော်မူကြသော မထေရ်တို့အား တင်လှူဒါန်းတော်မူပြီး ကျောင်းမတော်ကြီး၏ အရှေ့မြောက်တွင် ကိုယ်တိုင်တော်ပင် လက်နှင့် ဗောဓိညောင်တော်မြတ်ကို စိုက်တော်မူပြီး စကား ၇-ကျောင်းအားလည်း ဝတ္ထုကံမြေ, အလုပ်အကျွေး, အာရာမ်စောင့် စသည်များကို လှူဒါန်းတော်မူ၍ သာသနာတော်ကို ချီးမြှောက်တော်မူကာ ပုရိမသံဃာ သထုံဂိုဏ်းနှင့် ပစ္ဆိမသံဃာ ပုဂံဂိုဏ်းတို့လည်း မြင်းစိုင်း, ပင်းယ, အင်းဝ, စစ်ကိုင်းတိုင်း နယ်ဒေသအဝှန်းတို့မှာ ထိုအခါမှစ၍ လဇ္ဇီသီလဝန္တများ တိုးတက်ထွန်းကားလာရာ အသောင်းမက များပြားလာသည်-ဟု သာသနာဝင်မှတ်တမ်းများ၌ ရေးသားဖော်ပြကြကုန်၏။

## နောက်မင်းများလက်ထက် ဝတ္ထုကံမြေ လာဘ်သပ်ပကာ အကြောင်းပြု၍ ပွဲကျောင်းအလဇ္ဇီဂိုဏ်းများ ထွန်းကားလာခြင်း

သို့ရာတွင် ထိုမင်းကြီးဥစ္စနာသည် သာသနာတော်ကြီးကို ချီးမြှောက်တော်မူသဖြင့် အတိုင်းထက်အလွန် သီလဝန်, ဂုဏဝန်မထေရ်အများ တိုးပွါးလာခဲ့သော်လည်း နောက်မင်းများ လက်ထက်၌ကား ထိုစကား ၇-ကျောင်း သံဃာအဆက်အနွယ်များမှာ ရှေးမင်းများ လှူဒါန်းခဲ့သော ဝတ္ထုကံမြေများကို အကြောင်းပြု၍ ရအပ်သော အခွန်လာဘ်လာဘတို့ကို အမှီပြုကာ အဓမ္မဝါဒီများ ထွန်းကားလာလျက် ကိင္ခာဂီရိတိုင်းသား အဿဇိ, ပုနဗ္ဗသုက ရဟန်းများကဲ့သို့ ဆိုးသွမ်းယုတ်မာသော အကျင့်ရှိကုန်ကြသဖြင့် သီလဝန္တ လဇ္ဇီပေသလ သိက္ခာကာမ ရှိတော်မူကြကုန်သော မထေရ်များနှင့် ခြားနားကာ ပွဲကျောင်းဂါမဝါသီဂိုဏ်း တည်ထောင်လာကြကုန်၏။

ထိုသို့ ယုတ်မာဆိုးသွမ်းညစ်ညမ်းသော အကျင့်ရှိကြသော ရဟန်းများ တိုးပွါးထွန်းကားလာသောအခါ လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တမထေရ်များကား ထိုစကားကျောင်းမှ ထွက်ခွါတော်မူကြပြီး အရညဝါသီအဖြစ် နေထိုင်တော်မူကြကာ အစစ်အမှန် သာသနာ့ဘေးရန်များကို သုတ်သင်ပယ်ရှား တရားနှင့်လျော်သော သာသနာတော်ကြီးပွါးခြင်းကို ဆောင်ရွက်တော်မူကြသည်တွင် တူရွှင်းတောင်ခြေ အရညဝါသီ အရှင်သာသနဓရ မထေရ်နှင့် စစ်ကိုင်းချောင် တောင်ဘီလူးကုန်း၌ သီတင်းသုံးတော်မူသော အရှင်ပရက္ကမ မထေရ် ညီနောင် ၂-ပါးတို့သည် ထင်ရှား၍ သီလဝန္တ သာသနာပြု မထေရ်များဟု ကျော်ကြားကြကုန်၏။

ထို့ပြင် ပွဲကျောင်းဂါမဝါသီရဟန်းအဖြစ်ဖြင့် စကားကျောင်းတော်တွင် ကျန်နေကြကုန်သော ပုဂ္ဂိုလ်တို့အား ကျောင်းမဆောင်တွင် အရှင်သုဓမ္မမဟာသာမိမထေရ် ခန့်ထားခဲ့သော–

၁။ ဝတ္ထုကံသိမ်း

၂။ သာသနာစိုး

၃။ ဝတ်စားသံဃာ –

ဟူသော ၃-စုသော သံဃာများအနက် အစဉ်အလာအားဖြင့် –

၁။ ဝတ္ထုကံသိမ်းမှာ ၎င်းဝတ္ထုကံမှဖြစ်သော အခွန်ဘဏ္ဍာတို့ကို သိမ်းဆည်းရ၍,

၂။ သာသနာစိုးမှာ သာသနာနှင့် လျော်ညီစွာ ကျင့်ကြံအားထုတ်ရန် သွန်သင်ဆုံးမရသည့်ပြင်,

၃။ ဝတ်စားသံဃာမှာ ဝတ္ထုကံမှရသော အခွန်ဘဏ္ဍာ အဖို့အစုများ ရရှိခံစားရသော ရဟန်းများဖြစ်ကြရာ–

ဝတ္ထုကံသိမ်း, ဝတ်စားသံဃာများသာ များသဖြင့် ၎င်းဝတ္ထုကံမြေနှင့် စပ်လျဉ်းလျက် အမှုအခင်းများ ဖြစ်ပွါးကြလျက် ပရိယတ်, ပဋိပတ်ကျင့်ဝတ်များ ပျက်ပြားသည့်အပြင် ရဟန်းတို့အား မလျော်သော လက်ဝှေ့သတ်ခြင်း, လက်ပန်းလုံးခြင်း, မတရားသဖြင့် ပစ္စည်းဥစ္စာရှာဖွေစုဆောင်းခြင်း, တရားနှင့် မလျော်သောအားဖြင့် ဒါယကာ, ဒါယိကာမများနှင့် ဆက်ဆံခြင်းစသော အဓမ္မဝါဒီအမှုများ ပြုလုပ်လာကြကုန်၏။

ပင်းယတစ်စီးရှင် သီဟသူလက်ထက် ပုဂံမှ တိမ်းရှောင်လာခဲ့ကြသည့် ရှင်ယောင်အရည်းတို့သာ များခဲ့သော်လည်း ပုဂံပြည် သီလဝန္တ မထေရ်မြတ်တို့၏အနွယ် အရှင်ဒိဗ္ဗစက်ဟု တွင်သော ဒိဗ္ဗစက္ခုမထေရ်မြတ် ပုဂံမှ သာသနာပြုရောက်လာသည်တွင် ၎င်းရှင်ယောင်အရည်းတို့နှင့်မတူ ထူးခြား၍ သီဟသူမင်းတရားပင် ကြည်ညိုလေးစားသည့်အတိုင်း နန်းတော်တွင် အမြဲဆွမ်းလုပ်ကျွေး ပြုစုတော်မူကြောင်း,

- ၎င်းမထေရ်မှ ပြန့်ပွါးလျက် သီလဝန်, ဂုဏဝန်မထေရ်များ များပြားလာကြောင်း,

- ၎င်းတစ်စီးရှင် လွန်ပြီးနောက် သားတော် ဥစ္စနာမင်းလက်ထက်သို့ ရောက်သောအခါ ၎င်းအဆက်အနွယ် ကျမ်းဂန်သုတ ပြည့်စုံကြ၍ သီလဝန္တမထေရ်များ တိုးတက်များပြားကြောင်း,

- မင်းကြီးလည်း အထူးချီးမြှောက်သဖြင့် သာသနာတော် စည်ကားဝပြော လဇ္ဇီ-
သီလဝန်များ ပေါ်များလာကြောင်း–

များ သာသနာဝင် မှတ်တမ်းများ ရေးသားခဲ့လေသည်။

၎င်းဥစ္စနာမင်းကြီး ထီးနန်းကို ညီတော်ပင်လယ်စားကျော်စွာအား အသက်ထင်ရှား ရှိစဉ်ပင် ၎င်းမှာ ဆင်ဖြူတော် ၅-စီးရသောကြောင့် ခန့်ငြားသဖြင့် မိမိ၏ထီးနန်းကို အပ်နှင်းပေးဘိသကဲ့သို့ မိမိကိုယ်ကို နန်းချကာ ဆင်းတော်မူပြီး အနောက်တံခါးမှ ထွက်တော်မူပြီးလျှင် ညီတော်အား အရှေ့တံခါးမှ ဝင်စေပြီး ထီးနန်းစည်းစိမ်ကို ဆောင်နှင်းပေးအပ်ခဲ့လေသည်။

## ၎င်းကျော်စွာမင်း၏ အတ္တုပ္ပတ္တိအကျဉ်း
## ၅-စီးရှင် သီဟသူဘွဲ့ဖြင့် ထီးနန်းသိမ်းမြန်းကြောင်း

၎င်းဥစ္စနာမင်းကြီး၏ ညီတော် ကျော်စွာမင်းကား ၎င်းမင်းကြီးစိုးစံစဉ် ပင်လယ်မြို့စားရ၍ ဒုစရိုက်အမှုများနှင့် ကာလကုန်စေရာ တစ်နေ့သော ညဥ့်၌ "ဥပုသ်သီတင်းသီလဆောက်တည်လေ၊ မကြာမီ ဆင်ဖြူရတနာ ရရှိလိမ့်မည်"ဟု ပုဏ္ဏားအသွင်ဖြင့် သိကြားမင်း အိပ်မက်ထဲ၌ ပြောလာသည်ကို မြင်မက်၍ ၎င်းအရ သီတင်းသီလများ မြဲစွာဆောက်တည်လျက် နေခဲ့ရာ နောက်တစ်ခါလည်း လက် ၅-ချောင်းတွင် မသန့်မစင်များ ထိပါး လိမ်းကျံသည်ဟု မြင်မက်လာသဖြင့် "မချွတ်ပင် ဆင်ဖြူ ၅-စီးရလတ္တံ့"ဟု နိမိတ်ဖတ်တော်မူပြီး အသင်းအပင်း အခြွေအရံများနှင့် ရှာဖွေစေသည်တွင် တွေ့ရှိသောအခါ ကိုယ်တိုင်ပင် ၎င်းဆင်များကို ကျော့တော်မူသဖြင့် ရရှိလျှင် ၎င်းဆင်များကို အမည်သမုတ်ထားသည်မှာ–

| | |
|---|---|
| ၁။ ဟိုင်းတစ်စီးကို | ပုလဲတမူး |
| ၂။ ဟံတစ်စီးကို | မဟာကေသရ |
| ၃။ စွယ်စုံတစ်စီးကို | သန်မြင်စွာ |
| ၄။ ၎င်းဟိုင်းတစ်စီးကို | ဥပေါသထ |
| ၅။ လက်ျာတယ်တစ်စီးကို | ချစ်စွာမရဲ – |

ဟု သမုတ်ထားတော်မူပြီး ၎င်းဆင်ဖြူ ၅-စီးရကြောင်း နောင်တော်ဥစ္စနာမင်းကြီးအား လျှောက်ထားစေရာ "ငါ့ညီ ဆင်ဖြူရတော်မူသလော"ဟု မေးတော်မူကြောင်း ၅-စီးရှင်အား

ထို့ပြင် ပွဲကျောင်းဂါမဝါသီရဟန်းအဖြစ်ဖြင့် စကားကျောင်းတော်တွင် ကျန်နေကြကုန်သော ပုဂ္ဂိုလ်တို့အား ကျောင်းမဆောင်တွင် အရှင်သုဓမ္မမဟာသာမိမထေရ် ခန့်ထားခဲ့သော–

၁။ ဝတ္ထုကံသိမ်း

၂။ သာသနာစိုး

၃။ ဝတ်စားသံဃာ –

ဟူသော ၃-စုသော သံဃာများအနက် အစဉ်အလာအားဖြင့် –

၁။ ဝတ္ထုကံသိမ်းမှာ ၎င်းဝတ္ထုကံမှဖြစ်သော အခွန်ဘဏ္ဍာတို့ကို သိမ်းဆည်းရ၍,

၂။ သာသနာစိုးမှာ သာသနာနှင့် လျော်ညီစွာ ကျင့်ကြံအားထုတ်ရန် သွန်သင်ဆုံးမရသည့်ပြင်,

၃။ ဝတ်စားသံဃာမှာ ဝတ္ထုကံမှရသော အခွန်ဘဏ္ဍာ အဖို့အစုများ ရရှိခံစားရသော ရဟန်းများဖြစ်ကြရာ–

ဝတ္ထုကံသိမ်း, ဝတ်စားသံဃာများသာ များသဖြင့် ၎င်းဝတ္ထုကံမြေနှင့် စပ်လျဉ်းလျက် အမှုအခင်းများ ဖြစ်ပွါးကြလျက် ပရိယတ်, ပဋိပတ်ကျင့်ဝတ်များ ပျက်ပြားသည့်အပြင် ရဟန်းတို့အား မလျော်သော လက်ဝှေ့သတ်ခြင်း, လက်ပန်းလုံးခြင်း, မတရားသဖြင့် ပစ္စည်းဥစ္စာရှာဖွေစုဆောင်းခြင်း, တရားနှင့် မလျော်သောအားဖြင့် ဒါယကာ, ဒါယိကာမများနှင့် ဆက်ဆံခြင်းစသော အဓမ္မဝါဒီအမှုများ ပြုလုပ်လာကြကုန်၏။

ပင်းယတစ်စီးရှင် သီဟသူလက်ထက် ပုဂံမှ တိမ်းရှောင်လာခဲ့ကြသည့် ရှင်ယောင်အရည်းတို့သာ များခဲ့သော်လည်း ပုဂံပြည် သီလဝန္တ မထေရ်မြတ်တို့၏အနွယ် အရှင်ဒိဗ္ဗစက်ဟု တွင်သော ဒိဗ္ဗစက္ခုမထေရ်မြတ် ပုဂံမှ သာသနာပြုရောက်လာသည်တွင် ၎င်းရှင်ယောင်အရည်းတို့နှင့်မတူ ထူးခြား၍ သီဟသူမင်းတရားပင် ကြည်ညိုလေးစားသည့်အတိုင်း နန်းတော်တွင် အမြဲဆွမ်းလုပ်ကျွေး ပြုစုတော်မူကြောင်း,

- ၎င်းမထေရ်မှ ပြန့်ပွါးလျက် သီလဝန်, ဂုဏဝန်မထေရ်များ များပြားလာကြောင်း,

- ၎င်းတစ်စီးရှင် လွန်ပြီးနောက် သားတော် ဥစ္စနာမင်းလက်ထက်သို့ ရောက်သောအခါ ၎င်းအဆက်အနွယ် ကျမ်းဂန်သုတ ပြည့်စုံကြ၍ သီလဝန္တမထေရ်များ တိုးတက်များပြားကြောင်း,

အဘိညာဏ်ရ မထေရ်ဖြစ်ရာသည်”ဟု မိန့်တော်မူကာ မင်းချင်းတို့အား လိုက်လံကြည့်ရှုစေ၍ ၎င်းတို့ နောက်ယောင်ခံလျက် လိုက်သွားကြရာ မယားက သပိတ်လှမ်းယူသည်ကို မြင်မှ “ဤသူကား ရှင်ယောင်တည်း”ဟု သိပြားသော်လည်း “မင်းကြီးအားလည်း ကုသိုလ်ပွါးစေ၊ ငါတို့အားလည်း မျက်နှာရစေ” နှလုံးထား၍ မင်းကြီးအား “ထိုအရှင်ကို လိုက်၍ ကြည့်ရာ မြို့ပြင်ရောက်လျှင် သက်န်းရောင် ပျောက်သွားပါကြောင်း” သံတော်ဦးတင်လျှင် မင်းကြီးသည် အလွန်ဝမ်းမြောက်တော်မူ၍ “ငါတွေးထင်သည် မှန်ပေကြောင်း” မိန့်ကြား၍ လက်ရုံးများ တန်းလေသည်။

အကြောင်းအားလျော်စွာ ထိုနေ့တွင်ပင် “ပင်းယပြည်စိုးသည်၊ ဆင်ဖြူတော် ၁-စီးနှင့်တူသော မြင်းစိုင်းလျှော်ကို ယူလျက် လာပြီ”ဟု ကြားတော်မူလျှင် “အရှင်သူမြတ်အား လှူဒါန်းရသော ကောင်းမှုအကျိုးဖြစ်သည်”ဟု မိန့်တော်မူပြီးနောက် ထိုမြင်းရောက်လျှင် မင်းချင်း ၁-ယောက်ကို ပေါင်းထုပ်ဖြူပေါင်းစေပြီး ပြောင်းတောသို့ နှင်စေရာ မြင်သသူတို့က ပေါင်းဖြူသာ ထင်မှတ်ကြအောင် လျင်မြန်ကြောင်း, ၎င်းပြင် ထိုမြင်းကို ပင်းယက ကြက်သက်နှင်လျှင် တောင်တွင်းသို့ ကြက်တက်မှာ ရောက်ကြောင်း, ၎င်းမြင်းတော်အား တိမ်တိုက်ကွန့်မြူး သမုတ်တော်မူကြောင်း မှတ်တမ်းများရှိ၍ ထိုမင်းလက်ထက် ပွဲကျောင်း ဂိုဏ်းသားများ, ရှင်ယောင်အရည်းများ ပေါ်များကြောင်း မှတ်သားအပ်ကုန်၏။

## ပင်းယ ၄-စီးရှင် ကျော်စွာမင်းလက်ထက်
## ဆူးတွင်းပစ်ဆရာတော်အကြောင်း

၅-စီးရှင်ကျော်စွာမင်း လွန်ပြီးနောက် သားတော်ကျော်စွာ မင်းပြု၍ ခမည်းတော် လက်ထက် ဆင်ဖြူတော် ၅-စီးအနက် ၄-စီးသာကျန်၍ ၄-စီးရှင်-ဟု တွင်သော မင်းလက်ထက်မှာကား ကျမ်းဂန်တတ်မြောက်သောပုဂ္ဂိုလ်များ ထွန်းကားကြောင်း သာသနာဝင် မှတ်တမ်းများ၌ ထင်ရှားရှိသည်မှာ–

၄-စီးရှင်ကျော်စွာမင်းသည် မင်းဥစ္စနာ ဆောက်လုပ်လှူဒါန်းခဲ့သော စကားကျောင်းတော် ၇-ကျောင်းတို့၏ အနီး၌ တင့်တယ်သာယာ ခမ်းနားကြီးကျယ်သော ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်တော်မူပြီး မည်သည့်ပုဂ္ဂိုလ်-ဟု မရည်, မတင်ဘဲ ကျော်စွာကျောင်းတော်-ဟု ကမ္ပည်းမှတ်သားပြီးလျှင် “ထိုကျောင်းတော်တွင် သီလ, သိက္ခာ, ပညာ, သုတဂုဏ်နှင့် ပြည့်စုံ၍ ရဲရင့်တည်ကြည်သည့်ပုဂ္ဂိုလ် သီတင်းသုံးနေပါစေ”ဟု သတင်းပြန့်နှံ့စေလျက် ထားရာ ထိုကျောင်းတော်တွင် မြောက်ဘက်သာစည်ရွာလျှင် ဖွားရာ

ဇာတိရှိသော မထေရ်တစ်ပါး ဤကျောင်းတော်သို့ ရောက်တော်မူ၍ အကြောင်းအရာကို ကြားသောအခါ ဤကျောင်းမှာပင် သီတင်းသုံး နေထိုင်တော်မူခဲ့လေသည်။

## ထိုမထေရ်အကြောင်းကား

သာစည်ရွာတွင် အသည်တစ်ဦး၏ သားငယ်တစ်ယောက်ကို ကျောင်းသို့ အပ်နှံရာ ကျောင်းသို့ မသွားဘဲ တိမ်းရှောင်နေသည်သာ များသောကြောင့် တစ်နေ့သ၌ အဘသည် ၎င်းအား ခြိမ်းခြောက်လို၍ ဆူးခြုံတစ်ခုထဲ တွန်းပစ်ထားခဲ့သည်တွင် ၎င်းသူငယ်သည် ထွက်ပြေး၍ မိဘအိမ်သို့ ပြန်မလာဘဲ ကျောင်းမှာပင် အမြဲနေလျက် တစ်စတစ်စ စာပေ သင်ကြားကာ ထိုထိုအရပ်သို့ လွင့်ပါးလေသော် ရှင်က ပဥ္စင်းအဖြစ်သို့ ရောက်ရှိ၍ ပုဂံပြည်တွင် စာပေသင်ကြားနေခဲ့ရာ ဉာဏ်ပညာရှိ၍ စာပေရမိသောကြောင့် ရောက်ရာအရပ်တိုင်းမှာ ဆရာတို့ ချီးမြင့် မ-စသဖြင့် ကျော်စောထင်ရှား လာခဲ့လေသည်။

ထိုသို့ ကျော်စောထင်ရှား သတင်းစကား ပြန့်နှံ့လာရာ မိဘတို့လည်း ကာလ ရှည်လျား၍ မိမိတို့သား သေ,ရှင်-မသိ မြော်ခေါ်လျက်နေစဉ်အခါဖြစ်၍ ထိုသတင်းကို ကြားသော် "ငါတို့သားပင် ဖြစ်မည်"ဟု တွေးထင်မိသည်နှင့် အဘလိုက်သွားရာ ပုဂံမှာ တွေ့၍ အဘဒါယကာကြီးသည် သားဦးပဥ္စင်းအား လုပ်ကျွေးကာ ၎င်းအထံမှာပင် နေခဲ့လေသည်။

သားဦးပဥ္စင်းလည်း စာပေသင်ကြား အားထုတ်နေစဉ် 'အဘဒကာကြီး ချက်ပြုတ် ကျွေးမွေးသမျှကိုသာ စားသောက်ဘုဉ်းပေးနေပြီးနောက် အခါတပါး လုပ်ကျွေးပြုစုသော အဘဒကာကြီးအား "ယနေ့ ဆားပေါ့သည်၊ ယနေ့ ဆားငန်သည်" စသည်ဖြင့် ဆိုဖန် များသောအခါ အဘဒကာကြီးက—

"အလျင်ရှေးက အမောင်ပဥ္စင်း မည်သို့မျှ မဆိုဖူးပါလျက် ယခုမှ ဆိုဖန်များလှသည်" ဟု ပြောရာ "အလျင်က စာပေမကျေ၊ အခုမှ စာပေကျေ၍ ကိုယ်လက်ဖြည့်တင်းလိုသဖြင့် ဆိုမိသည်"ဟု သားဦးပဥ္စင်းဆိုသည်ကို အဘကြားသောအခါ "သို့တပြီကား မောင်ပဥ္စင်း၏ အမိလည်း မျှော်တလှပြီ၊ ရပ်ရွာသို့ပြန်၍ မျက်နှာပြပါ"ဟု အဘဒကာကြီးက ဆိုသော် "ပြန်ကြွမည်"ဟု မိန့်ကြားကာ အဘဒကာကြီးနှင့် အတူတကွ လာကြသည်တွင် ဘုရားပုထိုး ရှိခိုးပူဇော်ရန် ပင်းယသို့ ဝင်ကြရာ ထိုဘုရင်ကျော်စွာမင်း ဆောက်လုပ်သော ကျောင်းတော် အနီးသို့ ရောက်၍ ပြန့်နှံ့စေသော သတင်းစကား ကြားသိရသောအခါ ထိုကျောင်းမှာပင် တက်၍ သီတင်းသုံး နေထိုင်ခဲ့လေသည်။

ထိုသို့ မင်းကြီးသည် ပညာရှိ သီလဝန်မထေရ်တို့အား တင်ဆောင်လှူဒါန်းမည်-ဟု ရည်မှန်းဆောက်လုပ်တော်မူအပ်သော ကျောင်းတော်တွင် အာဂန္တုတစ်ပါး သီတင်းသုံးနေထိုင်တော်မူကြောင်း မင်းကြီးအား လျှောက်တင်ကြရာ—

ထိုမင်းလက်ထက် ပိဋကတ်ကျမ်းဂန်များနှင့်တကွ သက္ကတကျမ်းဂန် အရပ်ရပ်တို့၌ နှံ့စပ်သိမြင်၍ အဘိဓာန်ဋီကာကျမ်းကို စီရင်ရေးသားသော အမတ်ကြီးစတုရင်္ဂဗလအား ထိုပုဂ္ဂိုလ်ထံသွား၍ စုံစမ်းစေသည်တွင် အမတ်ကြီးလည်း နည်းအဖြာဖြာနှင့်တကွ ပါဠိ, အဋ္ဌကထာ, ဋီကာ ခက်ဆစ်များ လျှောက်ထားမေးမြန်း စုံစမ်းလျှင် စုံစမ်းတိုင်းပင် ရရမိမိရှိလှ၍ မင်းကြီးအား အကြောင်းပြန်ကြား လျှောက်ထားသော် မင်းကြီးလည်း ရည်ရွယ်တော်မူတိုင်း ထိုပုဂ္ဂိုလ်အားပင် တင်လှူတော်မူသည့်အပြင် အဘဒကာကြီးအားလည်း သူဌေးအရာအားဖြင့် ချီးမြှင့်၍ ၎င်းကို အစွဲပြုကာ သာစည်သူဌေးရွာ-ဟု တွင်ခဲ့စေသည်။

ထိုမထေရ်အား ငယ်စဉ်က အဘဒကာကြီး ဆူးခြုံတွင် ပစ်ထားသည်ကို စွဲ၍ ဆူးတွင်းပစ်ဆရာတော်-ဟု ထင်ရှားခဲ့၍ ထိုအရှင်မြတ်၏ဘွဲ့တော်မှာ အရှင်နာဂိတမထေရ်ဖြစ်လေသည်။ ထိုမထေရ်မြတ်သည် ၎င်းကျော်စွာမင်းကျောင်း၌ သီတင်းသုံးတော်မူစဉ် ရေးသားတော်မူသော "ပံယာဘိချာတေ နဂရေ ဝိသာလေ ဂန္ဓေသု သာရာ" ပန်းယမည်သော မြို့၌ ကျယ်ပြန့်သော ကျမ်းဂန်အနှစ်ကို ယူ၍-စသည်ဖြင့် မိန့်ဆိုအပ်သော နိဂုံး ၂-ဂါထာနှင့်တကွ ၅၁၆-ဂါထာရှိသော 'သဒ္ဒသာရတ္ထဇာလိနီ' မည်သော သဒ္ဒါငယ်ကျမ်းကား အရှင်နာဂိတပြုသည်-ဟု ပိဋကတ်သမိုင်းတို့၌ ရေးသား ဖော်ပြကုန်၏။

## ပင်းယခေတ်၌ ပရိယတ်, ပဋိပတ်ထွန်းကားကြောင်း

ဤဆူးတွင်းပစ်ဆရာတော်မှတပါး ၎င်းခေတ်မှာ ပရိယတ်၌ ကျော်ကြား၍ ကျမ်းပြုပုဂ္ဂိုလ်များလည်း ရှိကြသည်တွင် ၎င်း၌ ထင်ရှားသော အဘယဂီရိတောင်တွင် သီတင်းသုံးတော်မူသော အရှင်မဟာဝိဇိတာဝီမထေရ်မြတ်သည် ရှေးက သဒ္ဒါကျမ်းတို့၏အဖွင့် သံဝဏ္ဏနာကျမ်းမှ ကြွင်းကျန်သော နည်းနယများနှင့်တကွ ခက်ဆစ်, ခက်ရာများကို ဖွင့်ပြရေးသားသော 'ကစ္စာယနဝဏ္ဏနာ'ကျမ်းကို ရေးသားစီရင်တော်မူသည့်အပြင် သဒ္ဒါဝါစကအရာ၌ အကျဉ်းမှတ်သား လွယ်စေရန် ပုဂံခေတ်က ပြုစုခဲ့သော ဝစ္စဝါစကကျမ်းမှာ ကျဉ်းလှ၍ ၎င်းထက် ဝစ္စဝါစကအရာ၌ ထင်ရှားလွယ်ကူ၍ မှတ်သားဖွယ်ရာ ဥပဒေသ ညွှန်းပြကာ ရေးသားဖော်ပြသော 'ဝါစကောပဒေသ' ကျမ်းကိုလည်း ရေးသား စီရင်တော်မူခဲ့လေသည်။

ထိုမှတပါး ၎င်းပင်းယခေတ်၌ပင် 'သဒ္ဒဝုတ္တိ'ကျမ်းကို ပြုစုသော အရှင်သဒ္ဓမ္မဂုရု မထေရ် အစရှိသော များစွာသော ကျမ်းဂန်တတ်မြောက်တော်မူသော ပရိယတ္တိသာသနာ၌ ထင်ရှားသော မထေရ်အများရှိကြ၍ ပင်းယခေတ်မှာ ပရိယတ္တိသာသနာတော် ထွန်းကား စည်ပင်ကြောင်း မှတ်သားအပ်ကုန်၏။

ထို့ပြင်လည်း ၎င်းပင်းယခေတ်သာသနာမှာ ပရိယတ္တိသာလျှင် ထွန်းကား၍ ကျမ်းဂန်တတ်မြောက်ကြသော မထေရ်များ ပေါ်များသည် မဟုတ်၊ ပြဆိုခဲ့ပြီးသော ဆူးတွင်းပစ် ဆရာတော်များလက်ထက်၌ပင် ဝိပဿနာကမ္မဋ္ဌာန်း, သမထကမ္မဋ္ဌာန်းတရားတို့ဖြင့် မွေ့တော်မူကြသော 'ဧကစာရီ'မထေရ်များလည်း ၁,၀၀၀-မျှလောက်ရှိကြောင်း သာသနာဝင် မှတ်တမ်းများ၌ ရေးသားသည်ကို ကိုးကားမှတ်သားကာ ၎င်းတို့အရ ထိုခေတ်က ပဋိပတ္တိ သာသနာတော်မြတ်ကို အားထုတ်သူမထေရ်များလည်း မြောက်မြားစွာရှိ၍ ပဋိပတ္တိ သာသနာတော်လည်း ထွန်းကားစည်ပင်လျက်ရှိကြောင်း ကောင်းစွာ မှတ်သားအပ်ကုန်၏။

## ပင်းယခေတ်၌ပင် ပွဲကျောင်းဂိုဏ်းနှင့် အရည်းဂိုဏ်းများ ရှိသေးကြောင်း

၎င်းပင်းယခေတ် သာသနာ၌ပင်လျှင် ပရိယတ်နှင့်ပဋိပတ် သာသနာတော် ၂-ရပ် ထွန်းကား စည်ပင်စေကာမူ မသူတော်တရားကား မြတ်စွာဘုရားလက်ထက်တော်ကပင် ထင်ရှားရှိသကဲ့သို့ စကားကျောင်း အဓမ္မဝါဒီဂိုဏ်းမှ ဆင်းသက်လာခဲ့ကြသော ပွဲကျောင်း ဂါမဝါသီဂိုဏ်းနှင့် ပုဂံမှ တိမ်းရှောင်လာခဲ့သော ရှင်ယောင်အရည်းဂိုဏ်းများလည်း ပေါ်များ လျက်ရှိကြကုန်သေး၍ ၎င်းတို့သည် မြတ်စွာဘုရားလက်ထက်က ကိဋ္ဌာဂီရိတိုင်းသား အဿဇိပုနဗ္ဗသုက ရဟန်းများကဲ့သို့ လက်ဝေ့သတ်ခြင်း, လက်ပန်းလုံးခြင်း စသည် သာသနာတော်နှင့် မလျော်သော အဓမ္မမှုများ ပြုကျင့်ကြသည့်အပြင် လူတို့နှင့် နှီးနှော ဆက်ဆံကာ လူတို့၏ ကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်လျက် သာသနာတော်နှင့် မဆက်ဆံသော ဗာဟီရကိစ္စဖြင့် ကာလကုန်လွန်စေကုန်၏။

သို့ရာတွင် ၎င်းကဲ့သို့ သာသနာတော်၏ ရန်သူဆန့်ကျင်ဘက် ပွဲကျောင်းဂိုဏ်း ရဟန်းတို့ကို သာသနာတော်နှင့် မညီညွတ်ကြောင်း သိကြကုန်သော်လည်း တိုင်းရေး ပြည်ရာ ရှုပ်လာသောအခါ ၎င်းတို့ကို အရေးကိစ္စအားလျော်စွာ ဆောင်ရွက်စေရသောကြောင့် တိုင်းပြည်အရှင်ဘုရင် မင်းတရားများကလည်း တစ်နည်းတစ်လမ်းအားဖြင့် ထိုက်သင့်သည့် အားလျော်စွာ မြှောက်စား ချီးမြှင့်ခဲ့ကြလေသည်။

## ပွဲကျောင်းဂိုဏ်း လက်ဝှေ့အကျော် အောင်စည်းခုံ သံဃရာဇာဆရာတော်

ထိုအကြောင်းအရာများနှင့် စပ်လျဉ်း၍ သာသနာတော်၏ အညစ်အကြေးပင် ဖြစ်သော်လည်း အစဉ်အဆက် မှတ်တမ်းရှိသည်မှာကား–

ဝင်းကျော်စွာမင်း၏ လက်ထက်၌ပင် ပွဲကျောင်းဂိုဏ်း၏ သံဃရာဇာဖြစ်သော **အောင်စည်းခုံဆရာတော်**သည် လက်ဝှေ့သတ်ခြင်းအားဖြင့် ထင်ရှားကျော်ကြား၍ နှစ်စဉ် နှစ်တိုင်း လက်ဝှေ့ဆုဖြင့် မြင်း ၁၅-စီး၊ ၂၀-မျှပင် ရရှိကြောင်း ပြောစမှတ်ရှိရာ ထိုအခါ **အုန်းဘောင်စော်ဘွား**သည် လက်ဝှေ့ကောင်း ကျော်ကြားသော ရှမ်းကြီးတစ်ယောက် ခေါ်လာ၍ လက်ဝှေ့စံချိန် ပြိုင်ဆိုင်ကြသည်တွင် အလုံးအဖန် ကြီးမားခံ့ညားသဖြင့် ပြိုင်ဆိုင်မည့်သူ လက်ဝှေ့သမား နေပြည်တော်၌ မပေါ်ဝံ့ကြဘဲ ရှိခဲ့လေသည်။

ထိုအခါတွင်မှ လူများက အောင်စည်းခုံသံဃရာဇာကိုပင် တောင်းပန်ကြရာ "ငါကား ယခု ၆၉-နှစ်ရှိပြီ ဖြစ်၍ ငယ်စဉ်ကကဲ့သို့ ကျော်စောကိတ္တိရှိရုံမျှ မဟုတ်၊ အသေ အလဲပင် ထိုးတော့မည်"ပြောဆိုသည်တွင် လျှောက်ထားသူတို့က "အရှင်ဘုရား၊ သေအောင် သတ်တော်မမူပါနှင့်"ဟု လျှောက်ထားပြီးနောက် စကားကျောင်းတော် မော်ကွန်းစိုက်သော မုခ်ဝတံခါးအရှေ့ ၅-တာခြား ကုန်းတွင် လက်ဝှေ့ပွဲကျင်းပ၍ မင်းကြီးနှင့်စော်ဘွားတို့ ထွက်၍ ရှုစားကြရာ ပရိသတ်, ရှင်, လူအပေါင်းလည်း ဝင်းကုန်းနှင့် အပြည့်မျှ လာရောက် ကြည့်ရှုကြစဉ်–

ရှမ်းလက်ဝှေ့သမားကြီးနှင့် သံဃရာဇာတို့ အသီးသီး လက်ဝှေ့ရေး ပြကြပြီးလျှင် သံဃရာဇာသည် ရှမ်းလက်ဝှေ့သမားအား ခြေခတ်ယောင်ယောင် ချောက်၍ လက်ျာ လက်သီးဖြင့် သတ်ပုတ်လိုက်ရာ မျက်နှာနောက်လှည့်ဖြစ်နေလျှင် စော်ဘွားကြီးက "သေသည်က ကောင်းသေး၏" ဆိုသည်တွင် တဖန် လက်ဝဲလက်သီးဖြင့် ထိုးသတ်လိုက်ရာ မျက်နှာ ပကတိအတိုင်း ဖြစ်နေသည်ကို မင်းကြီးနှင့် စော်ဘွား ပရိသတ်အားလုံးတို့က ချီးမွမ်း အံ့သြကြပြီးလျှင် မြင်း ၂-စီး, ဖျင် ၃-လိပ်, ငွေ ၁-ပိဿာ ဆုလာဘ်တော်ပေးကြောင်း မှတ်တမ်းများ၌ ရေးသားကြသည့်အပြင် အစဉ်အဆက်လည်း ပြောစမှတ် ရှိကြကုန်၏။

ဤသို့အားဖြင့် ထိုပင်းယခေတ် သာသနာမှာ စာပေကျမ်းဂန်ပိဋက ဗဟုသုတတို့နှင့် ပြည့်စုံသော ပရိယတ္တိဓရမထေရ် မြောက်မြားစွာနှင့် ဂုဏဝန်, သီလဝန်ဖြစ်ကြ၍ ပဋိပတ္တိ၌ ဖြည့်တင်းအားထုတ်တော်မူကြသော ပဋိပတ္တိဓရမထေရ်များလည်း များစွာရှိကြောင်းဆိုခဲ့ပြီး

ဆူးတွင်းပစ်ဆရာတော်များ စသည် အကြောင်းအတ္ထုပ္ပတ် အကျဉ်းအားဖြင့် ထင်ရှားသည့်အပြင် သာသနာတော် အနှစ် ၁၀၀-ကျော်မှာ ဝဋ္ဋိတိုင်းသား အဓမ္မဝါဒီဂိုဏ်းသားတို့သည် ဝိနည်းတော်ကို ပုန်ကန်ကာ အဓမ္မဝါဒများ ထင်ရှားပြလျက် အဓမ္မအမှုတို့ကို ပြုလုပ်ကြဘိသကဲ့သို့ ပွဲကျောင်း ဂါမဝါသီဂိုဏ်းသား ရဟန်းများလည်း ဝိနည်းတရားများကို ပစ်ပယ်လျက် ကိုယ်ကျင့်တရားမှာ အသွင်အားဖြင့်ပင် ထင်ရှားမရှိဘဲ လောကမှုများ၌သာ လေ့လာအားထုတ်ကြပြီးနေကြရာ မင်းနှင့်တကွ တိုင်းပြည်နိုင်ငံကလည်း လောကမှုကို အလေးပြုသောအားဖြင့်သာ ၎င်းတို့အား ယုံကြည်လေးစား အားထားကြကုန်၏။

ထိုမှတပါး ပင်းယမြို့၌ ဆက်ခံကြသော နရသူမင်းနှင့် ဥဇနာပြောင်မင်းတို့ လက်ထက်၌ နန်းသက်လည်း နည်းပါး "ရာဇဝင်အားဖြင့် ထင်ရှားလောက်အောင် အကြောင်းအရာအဖြစ်အပျက်များ မရှိသည့်အပြင် သာသနာဝင်တွင်လည်း ထင်ရှား ရေးသားလောက်အောင် အကြောင်းအတ္ထုပ္ပတ်များ မရှိသဖြင့် အထူးရေးသား မှတ်ထားဖွယ် မရှိကုန်။

ဤသို့အားဖြင့် သာသနာတော် ၁,၈၄၄-ခု၊ သက္ကရာဇ် ၆၆၂-ခု၊ ပုဂံပြည်မှ ပြည်ထောင် ၃-ခု ရွှေ့ပြောင်းပြီး ၁၂-နှစ်မှာ ပင်းယမြို့ကို တည်ထောင်ဖန်ဆင်းပြီးနောက် ပဥ္စမမြို့တည် နန်းတည် တစ်စီးရှင်သီဟသူမင်းကြီးမှ စ၍ နောက်ဆုံး ဥဇနာပြောင်မင်းတိုင်အောင် မင်း ၆-ဆက်မျှ အုပ်စိုးသော ပင်းယခေတ်သာသနာတော်မှာ ဆိုးသွမ်းလှသော သာသနာနှင့် မလျော်သည့် ပွဲကျောင်းဂိုဏ်းနှင့် ရှင်ယောင်အရည်းဂိုဏ်းများ ထင်ရှားသည့်အပြင် လဇ္ဇီသီလဝန္တ, ဂုဏဝန္တ မထေရ်များလည်း ထွန်းကားလျက် ရှိကြ၍ သာသနာတော် အကောင်း, အဆိုး ပြွမ်းလျက်ရှိကြောင်း မှတ်သားအပ်သည်မှတပါး ၎င်းမြို့တော်သက် ၅၂-နှစ်အတွင်း ဖြစ်ပွါးသော အကြောင်းအရာများ မရှိသဖြင့် ဤမျှတွင်သာ ပင်းယသာသနာအကြောင်း နိဂုံးသတ်အပ်သတည်း။

## စစ်ကိုင်းမြို့ တည်ထောင်ခြင်း

၎င်းပင်းယမြို့တည် နန်းတည် တစ်စီးရှင် သီဟသူမင်းနှင့် ထီးပြိုင်နန်းပြိုင် တည်ထောင်ကြသော မြင်စိုင်း, မက္ခရာမြို့တော်တို့မှာကား နောင်တော်ကြီးများအပြင် ဆက်လက်အုပ်စိုးသော ထီးရိုး၊ နန်းရိုးများ အကျန်မရှိကြဘဲ ၎င်းတို့လက်ထက်သာ တည်နေကြကုန်၍ ၎င်းတို့သာသနာလည်း ဗုဒ္ဓဘာသာမင်းမျိုးများ ဖြစ်သည်မှတပါး အထူးရေးသား ဖော်ပြသော မှတ်တမ်းများ ထင်ရှား မရှိကြကုန်။

ထိုမှတပါးလည်း ၎င်းပင်းယတစ်စီးရှင် သီဟသူမင်းကြီး၏ သားတော်အငယ် ဖြစ်သော သခ်ယာစောယွန်းသည် သက္ကရာဇ် ၆၇၇-ခုနှစ်တွင် ခမည်းတော် သီဟသူမင်းနှင့် ထီးနန်းပြိုင်လျက် ဇေယျာပူရမည်သော စစ်ကိုင်းမြို့တော်ကြီးကို တည်ထောင်ဖန်ဆင်းပြီး အုပ်ချုပ်စိုးစံခဲ့ရာ ၎င်းလက်ထက် သာသနာလည်း ထင်ရှားစွာ ပြုစုမှတ်တမ်း မရှိသည့် အပြင်-

- ၎င်းနောက် သီဟသူမင်းကြီး၏ အထက်ပါ သား တရဖျား စသော မင်းများ အုပ်ချုပ် စိုးစံ၍ လာခဲ့ကြရာ သက္ကရာဇ် ၇၂၆-ခုနှစ်၊ ၎င်းဇေယျာပူရ စစ်ကိုင်းမြို့တော်ကြီး ပျက်၍ မင်းပြောက် အထိ မင်း ၇-ဆက်တိုင်အောင် အုပ်ချုပ်စိုးစံခဲ့ကြသော်လည်း သာသနာတော်ကြီး ပွါးစီးရာ, ပွါးစီးကြောင်း ကောင်းမှုကုသိုလ်များသော် လည်းကောင်း၊
- ၎င်းမင်းများ အမှီပြုကာ သာသနာတော်၌ အားထုတ်ဆောင်ရွက်တော်မူကြသော မထေရ်များ၏ အကြောင်းအရာများသော်လည်းကောင်း၊
- ၎င်းမင်းတို့လက်ထက် ပြုစုကြသော ကျမ်းဂန်စာပေများသော်လည်းကောင်း၊
- အထူးရေးသားသော မှတ်တမ်းများ မတွေ့ရသဖြင့်လည်းကောင်း

စစ်ကိုင်းမြို့တော်နှင့် တိုင်းနယ်သာသနာမှာလည်း သာသနာဝင်မင်းမျိုးများ ဖြစ်သည်မှတပါး အခြားရေးသားဖွယ် မရှိကြကုန်။

ဤမျှဖြင့် မကွေးရာ၊ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်းတို့၌ ဖြစ်ပွါးသော သာသနာ အကြောင်းအရာ သာသနာဝင်နိုင်ငံတော်ကား အဆုံးသတ်အပ်ပေသတည်း။

## ရတနာပူရ အဝ သာသနာခေတ်အကြောင်း<br>ပတ္တူကြီးသံယရာဇာ လောကီအရာကျော်ကြားခြင်း

မြန်မာသက္ကရာဇ် ၇၂၆-ခု၊ သာသနာတော် ၁,၉၀၈-ခုနှစ်၊ ကဆုန်လတွင် ဇေယျာပူရ စစ်ကိုင်းမြို့ကြီး ပျက်စီး၍ ၎င်းနှစ် နယုန်လမှာ ပင်းယမြို့တော် ပျက်စီးပြီးလျှင် ၎င်းနှစ် တပေါင်းလ၌ သံလျက်ခုံဖြစ်သော မြစ်ဆုံတွင် ရတနာပူရမည်သော အဝပြည်ကြီးကို လူပညာရှိ ရဟန်းပညာရှိအများနှင့်တိုင်ပင်ညှိနှိုင်းပြီး တကောင်းမင်းရိုးဖြစ်သော သတိုးမင်းဖျား သည် တည်ထောင်တော်မူသောအခါ မြစ်ညာဝတွင် နဝရတ်ရွှေဖောင်တော်နှင့် နေ၍ မြို့တည်မည်-ဟု စီရင်တော်မူစဉ် အိပ်မက်မြင်မက်တော်မူသည်ကား –

- မြို့တော်တည်ရာ၌ လက်ပံပင်ကြီးတစ်ပင် ပေါက်ရောက်၍
- ၎င်း၏အထက်ဖျားဝယ် ဆဒ္ဒန်ဆင်ပျံ နားပြီး
- ခက်မ ၄-ဖြာ၌ ပရိက္ခရာ ၈-ပါးနှင့်တကွ ရဟန္တာ ၄-ဆူ တည်နေတော်မူကာ
- အောက်ခြေမှာကား ခြင်္သေ့အစောင့်ထားလျက်
- အမြစ်ဖျားတွင် နဂါးမင်း စောင့်နေရာ
- ရဟန္တာ ၄-ပါးကို ဂဠုန်သုတ်ယူသွားသည်-ဟု

အိပ်မက်တော် ၆-ပါး ထင်ရှားစွာ မြင်မက်တော်မူလေသည်။

၎င်းအိပ်မက်များကို ထိုခေတ်တွင် လောကီ ဗဟုသုတအရာ၌ ထင်ရှားကျော်ကြားတော်မူသော ပတူကြီးသံဃရာဇာ ဖတ်သည်မှာကား—

- လက်ပံပင်တို့မည်သည် ၃-နှစ်, ၁-ကြိမ် သာလွှန်စည်ပင်မြဲဖြစ်သဖြင့် ဤရွှေပြည်တော်သည် ၃-နှစ်, ၁-ကြိမ် သာလွှန်ထွန်းကား စည်ပင်မည်။
- ဤမြို့တော်ကို အစတည်ထောင် ဖန်ဆင်းသူသည် နံတော် ၄-ဟူးသား ဖြစ်ရမည်။
- ရဟန္တာ ၄-ပါး၊ ခက်မ ၄-ဖြာ၌ တည်နေတော်မူသဖြင့် အရပ် ၄-မျက်နှာ သာသနာပွင့်လင်းမည်။
- ခြင်္သေ့အစောင့်ထား၍ ရန်သူအပေါင်းတို့ ကြောက်ရွံ့ ခန့်ညားမည်၊
- မြစ်ဖျား၌ နဂါးစောင့်သဖြင့် အဆုံးစွန်သော မင်းကား စနေနံဖြစ်ရမည်—

ဟု အိပ်မက်တော် ၆-ပါး အစဉ်အတိုင်း ဖတ်ကြားခဲ့လေသည်။

ဤပတူကြီးသံဃရာဇာကား လောကအစီအရင် ဗေဒင်ကိန်းခန်း တတ်ကျွမ်းပါသော်လည်း ပိဋကကျမ်းစာ အလေ့အလာနည်းပါးသဖြင့် ၎င်းရေးသားသော 'လောကီ-ဒီပနီ'ကျမ်းမှာ လိင်, အံ, ဝိဘတ် အနေအထား မကျ၍ ပညာရှိတို့ကား မလေးစားကြ။

ဤသတိုးမင်းဖျားသည် ရတနာပူရ အဝမြို့တော်ကြီးကို အစအမွန် တည်ထောင်ဖန်ဆင်းပါလျက် ထီးသက်, နန်းသက်တာ မရှည်လှ၊ ၃-နှစ်မျှသာ ဖြစ်သောကြောင့် ထိုမင်းလက်ထက် သာသနာဝင် အထူးမရှိပြောသော်လည်း ၎င်းမင်းမှာ မြောက်စားရာ၌လည်း သူခိုးကြီး တေက်ပြား တိုင်းပြည်ကျော်ကြားသူကိုပင် မြောက်စားချီးမြှင့်သဖြင့် ရန်အောင်မြင်ကြောင်း။

ရက်စက်ကြမ်းကြုတ်ရာ၌လည်း စစ်ကိုင်းချောက်တွင် ရှင်ပျက်တစ်ယောက်သည် မုန့်သည်မ ငွေအပ်နှံထားသည်ကို ပျက်ဝှက်လေသော် မင်းကိုယ်တိုင် ခေါ်စစ်၍ “ရဟန်းဖြစ်လျက် ပျက်ကွက်ရာသလော”ဟု လက်တော်ဖြင့် ကွပ်တော်မူပြီး နန်းတော်ကြမ်းပေါက်က ချကြောင်း။

ထိုအကြောင်းအရာများကြောင့် ၎င်းမင်းလက်ထက် ရှင်ပျက်, ရှင်သွမ်း, ရှင်ယောင်များ မဆိုးသွမ်းဝံ့ကြောင်းများ ရာဇဝင်မှတ်တမ်းများ၌ ရေးသားကြကုန်၏။

## အခ ဒုတိယဘုရင် မင်းကြီးစွာစော်ကဲ လက်ထက်မှာလည်း သံဃရာဇာဂိုဏ်း လေးစားကြောင်း

၎င်းနောက် ဒုတိယမင်းဆက်အဖြစ်ဖြင့် အုပ်စိုးတော်မူသော မင်းကြီးစွာစော်ကဲ လက်ထက်မှာလည်း လောကရေးရာအားဖြင့် သံဃရာဇာဂိုဏ်းကိုပင် ဆည်းကပ်ကိုးကွယ်ရ၏ အထက်က ဆရာဖြစ်ခဲ့ဖူးသည့် အိပ်မက်ရ၍ ‘မင်းဖြစ်မည်’ဟု ဟောခဲ့ဖူးသော ရခိုင်ဆရာဘုန်းကြီးသည် ‘မင်းဖြစ်၍ ငါ့ကို မေ့လေသည်’ဟု နှလုံးမသာရှိ၍ ‘ဘုန်းတော်ကြီး၍ သက်တော်ရှည်လိုလျှင် စည်းခုံရှင်တည်လေ’ဟု မှာလိုက်ရာ မင်းကြီးစွာလည်း သက္ကရာဇ် ၇၅၄-ခုနှစ်တွင် ဒါဌာနာဂမထေရ်ထံမှ ဓာတ်တော် ၅-ဆူရ၍ အဝရွှေစည်းခုံ တည်တော်မူခဲ့လေသည်။

ဤသို့ စေတီတော်တည်မိရာတွင် အဝရွှေပြည်တော်ကြီးမှာ မကြာမကြာ ထိတ်ထိတ်လန့်လန့်ရှိကြောင်း ၎င်းရခိုင်ဆရာတော် ကြားသော် “ငါကား ရဟန်းသားဖြစ်သည်၊ မသင့်, မတော်”ဟု အောက်မေ့ကာ အဝသို့ လာပြီးလျှင် ကုက္ကိုပင်, ဆင်ကျုံး, မော်ကွန်း, သရပါတံခါး, ရတနာဂူများကို စည်းခုံဘုရားနှင့်ပြိုင်၍ တည်စေသည်တွင်မှ မြို့တော်အလုံး ထိတ်အလန့်မရှိ၊ အေးငြိမ်းချမ်းသာလျက်ရှိရာ မင်းကြီးစွာဘုရင်လည်း ထိုဆရာတော်အား များစွာသော ပူဇော်သက္ကာရတို့ဖြင့် ချီးမြှောက်၍ မဟာသံဃရာဇာဟူသော ဘွဲ့တံဆိပ်တော်ကို ...ပ်နှင်းတော်မူပြီး ဘုရင်မင်းမြတ်က လောကီရေးရာအားဖြင့် ကိုးကွယ်ကြောင်း, ၎င်းပြင် ...ဆ...တော်သည် လောကအရေးအရာနှင့် စပ်လျဉ်းသော လောကသာရဆုံးမစာကိုလည်း ရေးသားကြောင်း မှတ်သားကြကုန်၏။

သို့ရာတွင် ထိုဆရာတော်သည် မင်းဆရာတော်ဖြစ်၍ သံဃရာဇာဖြစ်သော်...ည်. လောကရေးရာအားဖြင့်ဖြစ်၍ ကျမ်းဂန်မှာ လောကီရေးရာသာ ဖြစ်သောကြောင့် သာသနာဝင်ဆရာအစဉ်အဆက်၌ မပါဝင်သော်လည်း ၎င်းလက်ထက် သာသနာ၏ အဖြစ်အပျက်တစ်ခု အနေအားဖြင့် ရေးသားအပ်ပေသည်။

## စွာစော်ကဲမင်းလက်ထက် ကျင့်ဝတ် ပဋိပတ်, ပရိယတ်နှင့် ပြည့်စုံသော မထေရ်များ ရှိသေးကြောင်း

ထိုမင်းလက်ထက် လောကရေးရာ လေ့လာအားထုတ်သော ရဟန်းတို့သာ အရေးအရာရောက်၍ ချီးမြှောက်သည်များသဖြင့် စကားကျောင်းတော်က စာပေအားထုတ်တတ်မြောက်တော်မူခဲ့သော ပရက္ကမအနွယ်ဝင် မနာပြင် ၅-ဆူအရပ်တွင် သီတင်းသုံးတော်မူသော အရှင်ခေမာစာရမထေရ်မြတ်သည် ညဉ့် ၂-ချက်တီး သန်းခေါင်ကျော်အချိန်မှာ ဘုရားရှေ့တော်တွင် ဆွဲထားသော စည်ကြီးကို အချက်များစွာ တီးခတ်စေရာ နန်းတော်က ကြား၍ "နံနက်၌ ဘုန်းကြီးပျံလွန်တော်မူသောကြောင့် စည်တီးခတ်သလော"ဟု မေးလာရာတွင် "ဘုန်းကြီးပျံလွန်တော်မူ၍ မဟုတ်၊ သိကြားမင်း သေ၍ စည်တီးခတ်ကြောင်း" ရဟန်းများက ပြောကြားလိုက်ရာ "အဘယ်ကြောင့် သိကြားမင်းသေကြောင်း သိရပါသနည်း"ဟု နန်းတော်က ထပ်မံလျှောက်ထား မေးမြန်းလာရာတွင်–

"မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံဝင်တော်မူခါနီးတွင် 'သာသနာတော်ကို စောင့်ရှောက်ပါမည်'ဟု ဝန်ခံလျှောက်ထားသော်လည်း သာသနာတော်ကို စောင့်ရှောက်သော ငါတို့အား မကြည့်မရှုသဖြင့် ၎င်းသိကြားမင်း သေဆုံး ကွယ်လွန်သည် ဖြစ်ရမည်"ဟု ရဟန်းတို့က မိန့်ဆိုပြန်ကြား၍ မင်းကြီးထံ လျှောက်ထားလျှင် မင်းကြီးကလည်း ထိုမထေရ်ကို ကြည်ညိုလေးမြတ်၍ ဒန့်တောအရပ်၌ စည်းခုံတော်နှင့် ကျောင်းတော်ကို တည်တော်မူပြီး ထိုမထေရ်အား တင်လှူတော်မူကြောင်း, ထိုမထေရ်မှာ သထုံဆက် သီဟိုဠ်နွယ် လဇ္ဇီပေသလ သိက္ခာကာမဖြစ်တော်မူ၍ သာသနာဝင်ဆရာ အစဉ်အဆက်၌ ပါဝင်ကြောင်း, ထိုသာသနာဝင်မှတ်တမ်းများ၌ ထင်ရှားရှိ၍ ထိုမင်းကြီးကား သီလဝန္တ သိက္ခာကာမ မထေရ်မြတ်များကိုလည်း အလေးအမြတ်ပြုကြောင်း မှတ်သားအပ်ကုန်၏။

## ၎င်းသံဃရာဇာဂိုဏ်းမှာ လောကစာပေများ သင်ကြားကာ လောကုတ္တရာကား နည်းပါး၍ ဦးထုပ်ဆောင်းဂိုဏ်းများ ဖြစ်ကြောင်း

ထိုမင်းကြီးစွာစော်ကဲလက်ထက် မင်းသားများမှာ ပွဲကျောင်း ဂါမဝါသီပုဂ္ဂိုလ်များထံ အပ်နှံကာ စာပေသင်ကြားရသည်များ၍ သီလဝန်, ဂုဏဝန်မထေရ်တို့ကား တရားနှင့်သော်လည်းကောင်း ကျမ်းဂန်နှင့်သော်လည်းကောင်း အစဉ်အနွယ်မထေရ်တို့အား အားထုတ်

ပေးရသည်သာ များသဖြင့် သားတော်မင်းဆွေနှင့် မင်းသိဒ္ဓတ်တို့ကို ပင်လယ်ကျေး သံဃ-ရာဇာထံ အပ်နှံ ပညာစာပေသင်ကြားစေရာ မင်းဆွေမှာ ၉-နှစ်မျှရှိ၍ မင်းသိဒ္ဓတ်ကား ၇-နှစ်မျှသာ ရှိသေးသော်လည်း ၎င်းသံဃရာဇာကား ဗေဒင်, နက္ခတ် တတ်ကျွမ်း သိမြင်တော်မူသည့်အတိုင်း '၎င်းတို့ ဇာတာကြည့်လျှင် မင်းဖြစ်မည်'ဟု သိကာ လျင်မြန်စွာ မဆိုင်းမတွ 'နမော ဗုဒ္ဓါယ သိဒ္ဓံ'က စ၍ ဂရုစိုက် သင်ကြားပေးခဲ့လေသည်။

၎င်းမင်းဆွေ ၁၂-နှစ်အရွယ်ရောက်သောအခါ တစ်နေ့သ၌ "မိမိ၏အူဖြင့် အဝ ပြည်ကြီးကို ရစ်ပတ်ရသည်"ဟု ညဥ့်တွင် အိပ်မက် မြင်မက်သဖြင့် ဆရာတော်ကို နှိုး၍ ပြန်ကြားရာ ကြားချင်းပင် ထ၍ မင်းသားအား လဲသွားအောင် ကန်ကျောက်လိုက်ရာတွင် -

"အရှင်ဘုရား၊ သို့စဉ်တိုင်အောင် ပြုဘိတကား"ဟု မင်းသားက ဆိုသည်ကို "ငါ ပဥ္စင်းပျို ၅-ဝါရက တောင်ဘီလူး ပရက္ကမမှာ စာသင်နေစဉ် ငါ့ဦးထုပ်ကျရာ ငါ့ခြေနှင့် နင်းမိ၍ ငါကား မချွတ် မင်းဆရာဖြစ်မည်၊ မင်းဆရာဖြစ်လျှင် "တံတားဦး ရက်မလျှို အမိုးနှင့် တံတားလုပ်မည်"ဟု အဓိဋ္ဌာန်ရှိသည်။ မင်းသားမြင်မက်သော အိပ်မက်ကား လောကီကျမ်းဂန်အရ မုချမကြာမတင် မင်းဖြစ်ချေမည်၊ မေ့မှာစိုး၍ ငါခြေနှင့် ကန်ကျောက်သည်"ဟု သံဃရာဇာက ပြောဆိုလျှင် -

"အရှင်၏ အလိုဆန္ဒအတိုင်း အထွတ်အထိပ်သို့ ရောက်လျှင် ပြီးစီးပါလိမ့်မည်"ဟု ငယ်ရွယ်စဉ်အခါ ပညာသင်ကြားတုန်းက ဝန်ခံကတိ ထားရှိသည့်အတိုင်းလည်း မင်းဆွေသည် မင်းအဖြစ်သို့ ရောက်သောအခါ တံတားဦး ရက်မလျှိုနှင့် ပြုလုပ်စေသည့်အပြင် ပုဂံ ရွှေစည်းခုံဘုရားသို့ အဖူးအမြော်သွားမည့်နေ့ ညဥ့်တွင် မင်းခေါင်အမည်ခံရမည်-ဟု အိပ်မက် မြင်မက်သည်အားလျော်စွာ မင်းခေါင်အမည်ခံယူပြီးလျှင် သိမ်တော်ကိုလည်း အထင်အရှား သမုတ်တော်မူပြီးကာ 'မင်းခေါင်သိမ်'ဟု အမည်တွင်စေခဲ့လေသည်။

ဤအကြောင်းအရာများကို ထောက်ထား၍ ထိုမင်းများလက်ထက် လောကရေးရာ တတ်ကျွမ်းလိမ္မာကြသော ဆရာများသည်သာ မင်းညီမင်းသားများ တတ်သင့်, တတ်ထိုက်သော အတတ်များနှင့် စာပေသင်ကြားပေးနိုင်သော ဆရာစဉ်ဆက်သာ မင်းဆရာများဖြစ်ကြ၍ သာသနာတော် မညှိုးနွမ်းအောင် ကြိုးပမ်းအားထုတ်တော်မူကြသည့် ပရိယတ္တိရေ, ပဋိပတ္တိမာမက မထေရ်များကား အချို့ မင်းဆရာပင် ဖြစ်မည်စိုးတော်မူကြသဖြင့် ပရိယတ်, ပဋိပတ်ဖြည့်စွမ်းနိုင်သော သင့်တင့်သည့် ပဋိရူပအရပ်ကို ရှာဖွေ သီတင်းသုံးတော်မူကြကာ မင်းညီ,မင်းသား သင်ကြားပေးခြင်းစသော မင်းကျွမ်းဝင်မှုကိုပင် စက်ဆုပ်တော်မူကြပြီး တောရဆောက်တည်လျက် တောထွက်တော်မူကြသည်သာ များပြားခဲ့လေသည်။

လင်္ကာပေသလ သိက္ခာကာမဂုဏ်နှင့် ပြည့်စုံတော်မူကြသော မထေရ်အချို့တို့မှာ ဗဟုသုတ အဝပြည့်စုံရန် ရည်သန်တော်မူကာ နက္ခတ်, ဗေဒင် အစဉ်အလာ သိက္ခမ်းမှု လိုလားသဖြင့် သင်ကြားဆည်းပူးကြပါသော်လည်း လောကကို မလိုက်စားတော်မူကြဘဲ သာသနာရေး၊ သာသနာမှုတို့၌သာ ပညာရှိတို့ပြုသင့်သော ဝတ္တရားအတိုင်း ပြုလုပ်အားထုတ် ဆောင်ရွက်တော်မူကြကုန်၏။

### ငုင်းမင်းလက်ထက် ပင်းယစာကြီးသူမြတ်အကြောင်း

ပုဂံစာကြီးအရပ်မှ ပင်းယသို့ စာပေသင်ရန် လာရောက်သီတင်းသုံးသော အရှင်အရပဟ်ဂိုဏ်း ပုရိမသံဃာအနွယ်ဖြစ်သည့် ပဥ္စင်းမှာ သိက္ခာကာမသီလကို ချစ်ခင်ခြင်းနှင့် စာပေပရိယတ် ကျနခြင်းများကြောင့် နေရပ်ကို စွဲကာ စာကြီးသူမြတ်-ဟု ကျော်ကြားထင်ရှားခဲ့ရာ ငုင်းမင်းခေါင်ကြီး အမတ်ရာဇနန္ဒသကြ်န်က ရွှေစည်းခုံစေတီတော်၏ အနီး၌ ကျောင်းကြီးဆောက်လုပ်၍ ငုင်းအထက်ကျောင်း-ဟု တွင်သော ကျောင်းကြီးကို ထိုအရှင်အား တင်လှူကာ ထိုကျောင်းမှာပင် စာသင်အပေါင်းတို့အား ပရိယတ္တိဓမ္မ ပို့ချလျက် သီတင်းသုံးတော်မူခဲ့လေသည်။

ထိုစဉ်အခါ ရာမညတိုင်းကြီးအရှင် ဘုရင်ရာဇာဓိရာဇ်သည် မြန်မာတိုင်းအလုံးကို တိုက်ယူအံ့သောငှာ ကတ္တူ လွန်းကျင်၊ ကူရွှပ်၊ ထက်ရပ် စသော တိုက်လှေပေါင်း ၃,၀၀၀-ကျော် ဗိုလ်ခြေ ၁-သိန်း ၆-သောင်းကျော်နှင့် အဝမြို့တော်သို့ ဆန်တက်လာရာ ဘုရင်မင်းခေါင်လည်း အရေးတကြီး ပညာရှိများနှင့် တိုင်ပင်ဆွေးနွေး အရေးတော်ကို ပြောဆိုကြသည်တွင် လူ, ရှင်ရဟန်းတို့အထဲ၌ ထိုစဉ်က ၁၁-ဝါသာ ရသေးသော စာကြီးသူမြတ်က "ရာဇာဓိရာဇ်ကို ထားဘိ၊ ဤဇမ္ဗူဒီပါကျွန်းအလုံးမှ လာသမျှသော မင်းများကိုပင် နှုတ်ရေးဖြင့် ပြန်လည်အောင် တတ်နိုင်ကြောင်း" ရဲရင့်စွာ မိန့်ဆိုလျှင် ဘုရင်မင်းမြတ်လည်း အလွန်ဝမ်းမြောက်တော်မူ၍ "အစွမ်းရှိတိုင်း မိန့်ဆိုတော်မူပါ"ဟု လျှောက်ထားတောင်းပန်ရလေသည်။

ဤသို့ တောင်းပန်လျှောက်ထားသောအတိုင်းလည်း ရာဇာဓိရာဇ်မင်းကြီးထံ မြင်တွေ့လိုကြောင်း မေတ္တာစာ ဆက်သွင်း၍ ငုင်းမင်းထံဝင်ခွင့်ရလျှင် ဘုရင်ရာဇာဓိရာဇ်မင်းကြီးအား ချောင်သာယာ စင်ကြယ်စွာသော တရားစကားဖြင့် ပြောဟောဆုံးမတော်မူ၍ ငုင်းအရှင်မြတ်ကို ကြည်ညိုလေးစားသောအားဖြင့် ဟံသာဝတီသို့ ပြန်လည်တော်မူသောအခါ ငုင်းအရှင်မြတ်ကိုပင် ဖောင်တော်တွင် ပင့်ဆောင်သွား၍ ငုင်းအဆုံးအမ စကားများကို နာယူတော်မူခဲ့လေသည်။

## မိုးညှင်းမင်းတရား စာကြိုသူမြတ်, မင်းကျောင်းသူမြတ်တို့နှင့် တိုင်ပင်၍ သက္ကရာဇ်ဖြိုကြောင်း

ၡင်းနောက် သက္ကရာဇ် ၇၈၈-ခုနှစ်တွင် ပုဂံနန်းရိုး နေနတ်မျိုးဖြစ်သော မိုးညှင်းမင်း မင်းအဖြစ်သို့ ရောက်သောအခါမှာလည်း သာသနာတော်ကို ကြည်ညိုလေးစားသော မင်းတရားဖြစ်တော်မူသည့်အတိုင်း ကျမ်းဂန်ကျနု သီလ၊ သိက္ခာတော်နှင့် ပြည့်စုံသော မထေရ်မြတ်များကို ဆည်းကပ်ကိုးကွယ်တော်မူရာ ၡင်းစာကြိုသူမြတ်နှင့် ထိုစဉ်အခါက ကျော်ကြားသော မင်းကျောင်းသူမြတ်တို့ကိုလည်း သက္ကရာဇ် ၈၀၀-ပြည့်တွင် ဗုဒ္ဓ, ဆိဒြ, မုနိကိန်းအရ သက္ကရာဇ်ကို အဋ္ဌ၊ နဝ၊ သတ္တဖြင့် ဖြိုသင့်ကြောင်း ၡင်းစာကြိုသူမြတ်နှင့် မင်းကျောင်းသူမြတ်တို့ မိန့်သည်တွင်–

"ဖြိုကိန်းရောက်၍ မဖြိုချေသော် ဘယ်သို့သော အပြစ်, မည်သို့သော အကျိုးရှိပါသနည်း"ဟု မင်းတရားက လျှောက်လျှင် "မင်းကြီး၊ ဖြိုကိန်း ရောက်လျက် မဖြိုဖျက်ချေသော် ပြည်, ရွာ မငြိမ်မသက် ဘေးရန်များ၍ သတ္တဝါအများ မချမ်းမသာ ရှိတတ်ကြောင်း သင်္ကေတကျမ်းဆရာတို့ ဆိုကုန်သည်"ဟု အမိန့်ရှိတော်မူလျှင် ရာဇသင်္ကြန်အမတ်ကြီးက "သက္ကရာဇ်ဖြိုသော မင်းများမှာ သက်တော်မရှည်၊ ထိုဖြိုသည့် နှစ်မှာပင် အနိစ္စသဘော တရား အလိုသို့ လိုက်တတ်ကြောင်း" လျှောက်သည်တွင် ဘုရင်မင်းတရားကြီးက "သတ္တဝါတို့ ချမ်းသာမည်ကို သိပါလျက် သေဘေးကို ကြောက်၍ သက္ကရာဇ် မဖြိုနေချေသော် ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေ ပြောစရာ ဖြစ်နေချေတော့မည်"ဟု မိန့်တော်မူပြီးလျှင်–

တိုင်းပြည်တွင် ပညာရှိအများနှင့် တိုင်ပင်တော်မူကာ နန်းတော်၏ လက်ျာဘက် လဟာမြေတွင် ငွေစင်ဈေးဝယ် ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကန္နား ဆောက်လုပ်စေတော်မူ၍ မင်းညီမင်းသား၊ နန်းတော်သူ၊ နန်းတော်သား၊ ဆွေတော်မျိုးတော်၊ စော်ဘွား စော်ခံ၊ မှူးကြီးမတ်ရာ ဗိုလ်ပါအပေါင်းနှင့်တကွ ပညာရှိ ရဟန်း, ပုဏ္ဏား ပရိသတ် ၄-ပါး တို့အလယ်တွင် ထီးဖြူကနက် ဖြန့်ကျက်မိုးကာလျက် ကြီးကျယ်ခမ်းနားသော အစီအရင်ဖြင့် စံတော်မူပြီး သက္ကရာဇ် ၈၀၀-ပြည့်ကို ဗုဒ္ဓ, ဆိဒြ, မုနိ ကိန်းအရ ၇၉၈-ကို ဖြိုပြီး သက္ကရာဇ်အတို ၂-ခု အကြွင်းထားကာ ရွှေ, ငွေ, ရတနာ, ဆင်, မြင်း, ကျွဲ, နွား, အဝတ်အစား, စပါး, ဆန်, ရေ-စသည်တို့ကိုလည်း စွန့်ကြဲလှူဒါန်း ပေးကမ်းတော်မူခဲ့လေသည်။

ထိုမင်းတရားကြီး လက်ထက်တော်တွင် စာကြိုသူမြတ်နှင့် မင်းကျောင်းဆရာတော်တို့ကား ပုဂံ အရှင်အရဟံဂိုဏ်းအနွယ် ရှေးသာသနာဝင်မထေရ်များ ဖြစ်တော်မူကြ၍ လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်တော်မူကြသဖြင့် သာသနာတော် အဆက်အနွယ်တွင် ပါဝင်တော်မူကြသည့်အပြင် လောကသက်သက်သာ မဟုတ်၊ သာသနာတော်နှင့်လည်း ဆက်စပ်သော ရာဇဓိရာဇ်အရေးတော်မှာ တိုင်းပြည်အေးချမ်းအောင် ဆောင်ရွက်ရာ၌ လည်းကောင်း မင်းတရားကြီး သက္ကရာဇ်ဖြိုကိန်းအရ ပြည်ရွာအေးချမ်းမှု ပဓာနပြုတော်မူကာ ဗေဒင်ကိန်းခန်း မိန့်ကြားရာတို့၌လည်းကောင်း ပါဝင်တော်မူခဲ့လေသည်။

ထိုမင်းတရား၏ လက်ထက်မှာကား ပွဲကျောင်း၊ ဂါမဝါသီဂိုဏ်း သံဃာများ၏ အကြောင်းအရာများကို ရာဇဝင်များ၌လည်းကောင်း သာသနာဝင်မှတ်တမ်းများ၌ လည်းကောင်း ရေးသားဖော်ပြခြင်း မရှိသဖြင့် ၎င်းပွဲကျောင်း ဂိုဏ်းသားများကို လေးစားခြင်း မပြု ဥပေက္ခာထား၍ ၎င်တို့အား အရေးမထားသဖြင့် ၎င်းတို့ ထွန်းကားခြင်း မရှိခဲ့ကုန်။

## ၎င်းလက်ထက် သီဟိုဠ်ရောက် မထေရ် ၂-ပါး ဓာတ်တော်များ ပင့်လာ၍ ဆင်များရှင်စေတီတော် တည်တော်မူခြင်း

ထိုမင်းတရားကြီးလက်ထက် သက္ကရာဇ် ၇၉၁-ခုနှစ်၊ သက္ကရာဇ် မဖြိုမီတွင် သီဟိုဠ်ကျွန်းမှ အရှင်သိရိသဒ္ဓမ္မာလင်္ကာရမထေရ်နှင့် အရှင်သိရိသီဟဠမဟာသာမိမထေရ် ၂-ပါးတို့သည် သရီရဓာတ်တော် ၅-ဆူတို့ကို ပင့်ဆောင်တော်မူလာခဲ့၍ ပုသိမ်သို့ ရောက်သော အခါ ရာမညမင်း ဗညားရန်က ချုပ်တား ပင့်ဖိတ်သော်လည်း နေတော်မမူဘဲ သာယာစွာ သော ဖောင်ပန်းလှေတက်နှင့် ပြည်မြို့သို့တိုင်အောင် ဗညားရန်က ပို့လာရသည့် အကြောင်း ကို မင်းတရားကြီး ကြားတော်မူလျှင် လှော်ကားကြော့လှေ ၄၀-နှင့် ပြည်မြို့သို့ တိုင်အောင် ပင် ကြိုဆိုပင့်ဆောင်ခဲ့ရာ ရွာသစ်ကြီးသို့ ရောက်လျှင် မိဖုရား၊ မောင်းမ မိဿံ၊ မှူးတော်၊ မတ်တော်အပေါင်းခြံရံလျက် ရွှေဖောင်တော်နှင့် ကြိုဆိုတော်မူကာ အဝမြို့သို့ ဆိုက်ရောက် တော်မူသောအခါ မြေကြီးလျှင် ပုံတင်ထပ်မျှ လှုပ်ခဲ့လေသည်။

ဤသို့ အံ့ဖွယ်ရာ မြေလျှင် ပြင်းစွာလှုပ်သည်ကို မင်းတရားကြီး ကိုယ်တော်တိုင်ပင် "သာသနာတော် အစွန့်ရှည်စွာ တည်လတ္တံ့သော နိမိတ်ဖြစ်သည်"ဟု ဖတ်ကြားတော်မူပြီး မင်းတရားကြီးလည်း ထိုဓာတ်တော်များ၏ ထူးခြားသော တန်ခိုးတော်များကို ကိုယ်တော် တိုင် ဖူးတွေ့ရသောအခါ အလွန်သဒ္ဓါကြည်ညိုရှိတော်မူ၍ စစ်ကိုင်းမြို့၏အနောက် သာယာ ပြေပြစ်သော မြေအပြင်ဝယ် စေတီတော်တည်ပြီး ၎င်းဓာတ်တော် ၅-ဆူကို ဌာပနာတော်

မှုကာ ရတနာစေတီတော်-ဟု သမုတ်သော်လည်း ၎င်းစေတီတော်၌ ဆင်ရုပ်အများရံလျက် ရှိသောကြောင့် ဆင်များရှင်စေတီတော်-ဟု ခေါ်တွင်ခဲ့လေသည်။

သီဟိုဠ်မှ ကြွလာတော်မူကြသော အရှင် ၂-ပါးတို့သည် သီဟိုဠ်ရောက်ကြီး၊ သီဟိုဠ်ရောက်ငယ်-ဟု ထင်ရှား၍ မင်းတရားလည်း လေးစားတော်မူသည်အားလျော်စွာ ကျက်သရေ ၃-တိုက် ပြုတင်းပေါက် ၇၈-တံခါး ထား၍ ဆောက်လုပ်တော်မူသော ၎င်းစေတီတော်၏ အနောက်ဘက်ရှိ ကျောင်းတော်ကြီးကိုလည်း ထိုမထေရ် ၂-ပါးတို့အား တင်လှူတော်မူသည့်အပြင် ၎င်းကျောင်းတော်နှင့် မနီးမဝေး တောင်ထိပ်တွင် အရှင်သီဟိုဠ်ရောက်ကြီးသည် တပည့်ရင်းကိုပင် မသွင်းဘဲ လဇ္ဇီပေသလ သိက္ခာကာမ ဗဟုသုတ ယုံကြည်ရသော သံဃာ ၃-ပါးနှင့် မိမိအပါအဝင် သံဃာ ၄-ပါးတည်းဖြင့် သိမ်သမုတ်တော်မူသည်ကိုလည်း မင်းတရားကြီး ချီးမြှောက်ပူဇော်တော်မူလေသည်။

## မိုးညှင်းမင်းတရား၏ ကောင်းမှုကုသိုလ်များ

ထိုမှတပါးလည်း မင်းတရားသည် စစ်ကိုင်း ရန်အောင်မြင်ဘုရား၌ စည်းခုံတော်နှင့် ရွှေကျောင်းတော်များ၊ ရာဇဝင်ကောင်းမှုကုသိုလ်တော် စာရင်းများ၌ အရပ်အသီးသီးအားဖြင့် ဖော်ပြထားသည်မှာ –

အချုပ်အားဖြင့်–

၁။ ရတနာစေတီတော် (ဆင်များရှင်စေတီ)

၂။ စည်းခုံတော် ၂၁-ဆူ

၃။ ရွှေကျောင်းတော် ၂၇-ဆောင် –

စသည်များအပြင် အခြားကောင်းမှုကုသိုလ်တော် အများအပြား ဆည်းပူးအားထုတ်တော်မူခဲ့ပြီးနောက် သက္ကရာဇ်ဖြိုပြီး ၁-နှစ်မြောက် ၈၀၁-ခုနှစ်သို့အရောက် သက်တော် ၆၀-တွင် နတ်ရွာစံလွန်တော်မူခဲ့လေသည်။

ဤသို့အားဖြင့် မိုးညှင်းမင်းတရားကြီးလက်ထက် အရှင်သီဟိုဠ်ရောက် မထေရ်များ-ဟု တွင်သော–

- အရှင်သီရိသဒ္ဓမ္မာလင်္ကာရမထေရ်နှင့်
- အရှင်သီရိသီဟဠမဟာသာမိမထေရ်

များမှ ဆင်းသက်၍ ၎င်း...ဆက်အနွယ်များအပြင် ပင်းယသာသနာခေတ်မှ ဆင်းသက်လာခဲ့သော ပုရိမသံဃာအနွယ် အရှင်အရဟံဂိုဏ်းဝင် မထေရ်များနှင့် ပစ္ဆာသံဃာ အာနန္ဒာဂိုဏ်းဝင် မထေရ်များလည်း ထင်ရှားရှိကုန်၍ အထူးသာသနာ ပြုစုမှု မလာရှိသော်လည်း အရှင်စာကြီးသူမြတ်တို့မှာ ပုရိမသံဃာအနွယ်ဝင်များ ဖြစ်ကြသဖြင့် ပုဂံရှေးသာသနာနှင့် သီဟိုဠ်ရောက် နောက်သာသနာများ ထွန်းကားကြောင်း မှတ်ယူအပ်ကုန်၏။

ဤမျှဖြင့် မိုးညှင်းမင်းတရားကြီးလက်ထက် မှတ်သားအပ်သော သာသနာနိုင်ငံတော်ကား အပြီးသတ်အပ်သတည်း။

✪ ✪ ✪ ✪ ✪

## ထူပါရုံစေတီတော်ဒါယကာ နရပတိမင်းတရားလက်ထက် ပုဂံရှေးသာသနာဝင် ရေငုံဆရာတော်နှင့်၎င်းသာသနာဝင် အရှင်မဟာအရိယဝံသမထေရ်များအကြောင်း

ရတနာပူရအဝမြို့တော်ကြီး၌ မိုးညှင်းမင်းတရားကြီး လွန်ပြီးနောက် သားတော်မင်းရဲကျော်စွာ သက္ကရာဇ် ၈၀၁-ခုနှစ်တွင် နန်းတက်ပါသော်လည်း စည်းစိမ်တော် မကြာ၊ ၃-နှစ်မျှ...ဖြစ်၍ တိုင်းပြည်ရေးရာနှင့် သာသနာတော်မှာ ထင်ရှားစွာ အဖြစ်အပျက်များ မရှိဘဲ သာသနာဝင် မင်းစဉ်မင်းဆက် သာမညအားဖြင့်သာ မှတ်သားအပ်ကုန်၏။

၎င်း၏ညီတော် နရပတိမင်း၏ လက်ထက်၌ကား သာသနာတော်ကို ကြည်ညိုလေးမြတ်သောမင်း ဖြစ်သည့်အားလျော်စွာ နန်းစံ ၄-နှစ်မြောက် သက္ကရာဇ် ၈၀၇-ခုနှစ်သို့ ရောက်သောအခါ စစ်ကိုင်းထူပါရုံစေတီတော်မြတ်ကို အစတည်တော်မူ၍ ၈၀၉-ခုနှစ် ဌာပနာတော်မူပြီးလျှင် ၎င်းစေတီတော်မြတ် ထီးတော်တင်ပွဲတွင် ဗိုလ်ပါယင်လျက် ထွက်တော်မူနိုင်အောင် ဧရာဝတီမြစ်ကြီးကို ဖြတ်၍ တံတားကြီး ဆောက်လုပ်စေပြီး မင်း၊ မှူးမတ် ပရိသတ်အစုံနှင့် ထွက်တော်မူရာ အလွန်ကြီးစွာသော အလှူကြီးပေး၍ ဟံသာဝတီ၊ ယိုးဒယား၊ လင်းဇင်း၊ တနသာ်ရီ-စသော တိုင်းတပါးမှ သံတမန်အများနှင့် ကျင်းပပူဇော်တော်မူသဖြင့် ထင်ရှားသောကြောင့် ထူပါရုံစေတီတော် ဒါယကာ နရပတိမင်းတရား-ဟု ထင်ရှားကျော်စောသည့်အပြင် ရာဇဝင်တွင်မက သာသနာဝင်၌လည်း ၎င်းမင်းတရားလက်ထက် ရေငုံဆရာတော်၊ မဟာအရိယာဝံသဆရာတော်-စသော လဇ္ဇီသူတော်စင်

သာသနာတော်တွင် ထင်ရှားသော မထေရ်အများလည်း ထွန်းကားတော်မူလျက် သာသနာတော်လည်း တိုးတက် စည်ကားခဲ့လေသည်။

ထိုဆရာတော်များ၏အကြောင်းကား ထိုမင်းတရားလက်ထက် ထင်ရှားကျော်ကြားသော ကျမ်းဂန်ကျနု ပရိယတ္တိဓမ္မနှင့် ပဋိပတ္တိသာသနာတော် အားထုတ်တော်မူ၍ စာပေသုံးသပ်သောအခါ စသည်တို့၌ အနှစ်သာရ မပါ၊ ပြောတတ်ရာ ပြောမိသည်ကို စောင့်စည်းသောအားဖြင့် ရေကို ငုံ၍ နေတော်မူသောအလေ့ကို စွဲ၍ 'ရေငုံဆရာတော်'ဟု ခေါ်တွင်သော မထေရ်မြတ်သည် ပုညစေတီတော်မြတ် မြောက်ဘက်တွင် ၎င်းမထေရ်ကို အကြောင်းပြုတွင်ခဲ့သော ရေငုံချောင်၌ သီတင်းသုံးတော်မူခဲ့လေသည်။

ထိုစဉ်အခါ ပုဂံရှေးသာသနာ အဆက်အနွယ် ပင်းယစကားအင်းရွာတွင် ဖွားရာဇာတိရှိသော ရဟန်း ၁-ပါးသည် စကား ၇-ကျောင်း၌ ရဟန်းကောင်း၊ ရဟန်းမြတ်တို့၏ အနွယ်ဖြစ်သော ဂထေရ်မြတ်တို့ထံ ပိဋကစာပေများ သင်ကြားရာ မိန်းမကိုယ်ဝန်ဆောင် တစ်ရွက်ခန့်မျှ စာပေများကို ရမိလျက် ကျမ်းဂန်ကျနု စာပေတတ်သိသည်ဆိုသော သဘောကို မသိရသေး၍ စစ်ကိုင်းဘက် ကျမ်းဂန်ကျနု စာပေတတ်မြောက်လှသော ဆရာတော်တို့ထံ နည်းနာခံယူရန် စစ်ကိုင်းဘက်သို့ ကူးလာခဲ့ရာ ထိုရေငုံဆရာတော်ဘုရား၏ သတင်းတော် ကျော်ကြားသဖြင့် သွား၍ ဆည်းကပ်ပါသော်လည်း ၂-ရက်တိုင်တိုင် စကားမပြောရ၊ ဝတ်ဖြည့်၍သာ ပြန်တော်မူရပြီးနောက် ၃-ရက်မြောက်မှ သားရေနယ်ခေါက်သံကြား၍ ရေကို ထွေးပြီးလျှင် မေးမြန်းတော်မူရာ "စာပေကျမ်းဂန် နည်းနာခံယူပါရန် လာရောက်ပါကြောင်း လျှောက်ထား တောင်းပန်လေသည်။

ဆရာတော်လည်း ပင်းယရဟန်းအား သင်ကြားဖူးသော စာပေများကို မေးသည်တွင် "မသင်ကြား မလေ့ကျက်ဖူးသော သင်ရိုးကျမ်းဂန် မရှိပြီ"-ဟု ဆရာတို့ မိန့်ကြားပါသော်လည်း "ကျမ်းဂန်တတ်သည်, စာပေကျနသည်ဆိုသည်ကို မသိပါသောကြောင့် အရှင့်ထံ ရောက်ရပါကြောင်း" လျှောက်ထားလျှင်-

"ငါ့မှာ စာ ၃-ဝါ ပို့ရသည်၊ မွန်းယိမ်းလျှင် ပုညစေတီမြတ်သို့ တက်၍ တံမြက်ဝတ်လည်း ပြုရသည်ဖြစ်၍ မအားလပ်ပြီ၊ သို့ရာတွင် စာတတ်မှန်းမသိ ဆိုသည်ကို တံမြက်ဝတ်ပျက် (၄)စဉ်း၊ ဋီကာလက်သန်းကို သင်တော့"ဟု စာဝါကို ပေးသနားတော်မူလေသည်။

ပင်းယရဟန်းလည်း မထေရ်မြတ်ထံ သင်ကြားရန် အခွင့်ရ၍ သင်ကြား အားထုတ်ရာ မထေရ်အရှင်မြတ်လည်း ပင်းယရဟန်းသည် စာပေရမိသည်ကား များပြားလှသော်လည်း စာပေမကျရှိသည်ကို အထူးဂရုပြုလျက် နည်းနာနယ အထူးထူးအပြားပြားဖြင့်

သင်ကြားခြင်းကို ၃-ရက်မြောက်အောင် မှတ်သားနာယူပြီးလျှင် ပြသသောနည်းအစဉ်ကို ဆင်ခြင်သုံးသပ်လျက် ၃-ရက်ကြာမျှဖြင့် စာပေကျနကျမ်းဂန်တတ်သည် ဆိုသည့်သဘောကို သိရ၍ မထေရ်မြတ်ထံ လျှောက်ရန် ၎င်းပင်းယရဟန်းအလာတွင် မထေရ်မြတ်လည်း "ပင်းယရဟန်း ၃-ရက်မျှ သင်ကြားပြီးနောက် မရောက်လာသည်မှာ မကျန်းမာ၍ပင်လော"ဟု ကြည့်ရှုရန် တပည့်တို့ကို စေလွှတ်သည်နှင့် လမ်းခရီးမှာ တွေ့ဆုံကြပြီး အတူတကွလာကြ၍ ဆရာတော်အထံ ရောက်သော် "အဘယ်ကြောင့် ၂-ရက်, ၃-ရက် မလာကြောင်း" မေးသည်တွင် "အရှင်မြတ် ပြသသောနည်းနယတို့ကို ကျနအောင် ဆင်ခြင်သုံးသပ်သောအခါ ကျမ်းဂန်ကျနသည်ကို သိရပါကြောင်း" လျှောက်ထားလေသည်။

## အရှင်အရိယဝံသမထေရ် ရေငုံဆရာတော်ထံ ၃-ရက်ကြာမျှ ဋီကာကျော်သင်ကြားတတ်မြောက် အဖွင့်ရေးရန် တိုက်တွန်းခြင်း

ထိုအခါ ရေငုံဆရာတော်ဘုရားလည်း အထူးနှစ်သက်တော်မူ၍ "ယင်းသို့တပြီးကား၊ ဋီကာလက်သန်းကို အရင်းအစ ၂-ကမှတ်လောက် သင်ကာမျှဖြင့် စာပေတတ်ရသည့်ကျေးဇူးကို ဆပ်သောအားဖြင့် အဖွင့်ဋီကာ ရေးသားလေ"ဟု မိန့်တော်မူသည့်အတိုင်း ပင်းယရဟန်းသည်လည်း ပုညစေတီ အရှေ့မြောက်ချောင်တွင် နေ၍ ဋီကာလက်သန်း၏ အဖွင့် မဏိသာရမဉ္ဇူသာမည်သော ကျမ်းကို စီရင်ရေးသားတော်မူကာ စာပေကိုလည်း ပို့ချသဖြင့် ထင်ရှားလျက် ဘွဲ့အမည်အားဖြင့် အရိယဝံသမထေရ်-ဟု ကျော်ကြားလာခဲ့လေသည်။

ထိုမထေရ်မြတ်သည် ၎င်းလက်သန်းဋီကာ အဖွင့်ကျမ်းမှတပါး အခြားအဖွင့်ဂဏ္ဌိကျမ်းများကိုလည်း ရေးသားကာ စာပေပို့ချ ကျမ်းဂန်ကျနသော တပည့်များလည်း ထွန်းကားသဖြင့် အရှင်မဟာအရိယဝံသမထေရ်-ဟု မဟာဟူသော ဘွဲ့အားဖြင့် ကျော်ကြားသည့်အတိုင်း ၎င်းအရှင်မြတ် ရေးသားသော ကျမ်းဂန်အရပ်ရပ်မှာ –

၁။ မဏိသာရမဉ္ဇူသာ - အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာအဖွင့်

၂။ မဏိဒီပဋီကာ, ဒွါရကထာ မူလဋီကာ၏အဖွင့်

၃။ ဂန္ထာဘရဏ ဥပသာရ နိပါတကို ပြဆိုသော သဒ္ဒါငယ်

၄။ မဟာနိသျှည်း-မူလဋီကာနှင့် အနုဋီကာကို စပ်ယှဉ်ဖွင့်ပြသော နိသျှည်းကျမ်း

၅။ ဇာတကဝိသောဓန ဇာတ်ကြီး ၁၀-စောင်၏ ပုဒ်, ပါဌ် အဆစ်, အဖုကို သုတ်သင်သော ဂဏ္ဌိကျမ်း–

အားဖြင့် ထင်ရှားသောကျမ်းတို့မှာ ၅-ကျမ်းရှိ၍ ဒုတိယမင်းခေါင် လက်ထက်တိုင်အောင် ကျော်ကြားခဲ့လေသည်။

ဘုရင်မင်းခေါင်လည်း မထေရ်မြတ်၏ ဂုဏ်သတင်း ပြန့်နှံ့ခြင်းရှိသည်အတိုင်း တစ်ရံသောအခါ မထေရ်ထံ ဆည်းကပ်ရောက်တော်မူ၍ တရားဟောကြားတော်မူသည်၏ အဆုံး၌ 'စစ်ကိုင်းယာဉ်ခွန် ချမ်းသာပါစေ' အလှူခံသည်ကို လှူတော်မမူဘဲ ဖောင်တော်စီး၍ နန်းတော်သို့ ပြန်တော်မူရာ ဖောင်တော်တက်မကို မိကျောင်းဆွဲ၍ မရွေ့နိုင်ဘဲရှိသည်တွင် "အရှင်မြတ် အလှူခံသော ယာဉ်ခွန်ကို မလှူမိ၍သာ ဖြစ်ရာသည်"ဟု နှလုံးပြုတော်မူလျက် မထေရ်မြတ် ရှိရာဘက်သို့ ဦးခိုက်ကာ "ယာဉ်ခွန်တော်ကို အလှူခံတော်မူသည့်အတိုင်း လှူပါ၏"ဟု နှုတ်ဖြင့် မြွက်ဆိုလှူဒါန်းမှ တက်မကို မိကျောင်းလွှတ်သဖြင့် ဖောင်တော် ရွေ့နိုင်ကြောင်း ရှေးဟောင်းစာတမ်း ရှိခဲ့လေသည်။

ထို့မှတပါး တစ်ရံသောအခါ ဘုရင်မင်းခေါင် ၁-ကြိမ်ထွက်တော်မူရာတွင်လည်း ကျောင်းတော်အနီး ဆင်မယာဉ်သာသည် ဗောဓိပင်ကို ချိုးစားလေလျှင် ထိုအရပ်၌ပင် ၎င်းဆင်မယာဉ်သာ လဲသွားရာ ဆရာတော်သစ္စာပြု၍ မေတ္တာရေစင်သွန်းလောင်းတော်မူမှ ပကတိချမ်းသာရသည်ကို ဘုရင်မင်းတရားလည်း မထေရ်အား အလွန်ကြည်ညိုလေးမြတ်စွာဖြင့် ဆင်မယာဉ်သာ ၁-စီးဖိုး တန်အောင် ကျောင်းတော်မှ မြစ်ဆိပ်သို့ သွားသော လမ်းကို ကျောက်ပြားစီခင်း လှူဒါန်းတော်မူကြောင်းများလည်း စာတမ်းဟောင်းများ ရှိခဲ့လေသည်။

ထိုမဟာအရိယဝံသမထေရ်မြတ် ရှေးဦးစွာ စီရင်အပ်သော မဏိသာရမဉ္ဇူသာ ဋီကာမှာ အချို့မှတ်တမ်းအရ ထူပါရုံစေတီတော် ဒါယကာ မဟာနရပတိမင်းကြီး နန်းစံ ၆-နှစ်၊ သာသနာတော် ၁,၉၉၂-ခုနှစ်တွင် ရေးသားကြောင်း မှတ်သားကြ၍ ၎င်းဋီကာ ရေးသားပြီးနောက် ၎င်းမင်း နန်းစံ ၂၀-ကျန်သေး၍ ၎င်းနောက် ဆက်ခံသော မဟာသီဟသူ မင်း နန်းစံ ၁၂-နှစ်နှင့်သော် ၃၂-နှစ်ကျော်မှ ဒုတိယမင်းခေါင် ထီးနန်းသိမ်းပိုက်သော ကြောင့် ထိုမဟာအရိယဝံသမထေရ်မှာ မင်း ၃-ဆက်တိုင်အောင် ကျော်ကြားထင်ရှားတော်မူခဲ့လေသည်။

ထိုမထေရ်မြတ်နှင့် ၎င်းအား နောက်ဆုံး ကျမ်းတတ်အဖြစ်သို့ရောက်အောင် မြှင့်တင်ပေးတော်မူသော ရေငုံဆရာတော်တို့မှာ ရှေးပုဂံသာသနာဝင် အရှင်အရဟံဂိုဏ်းမှ ဆင်းသက်လာတော်မူကြသည့် မထေရ်များ ဖြစ်ကြသဖြင့် စင်ကြယ်သော အဆက် အနွယ်ဝံသ လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိ ပဋိပတ္တိဂုဏ်နှင့် ပြည့်စုံတော်မူကြသော မထေရ်များဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

## ထိုမထေရ်မြတ် မင်း ၃-ဆက် ဒုတိယမင်းခေါင်လက်ထက်တိုင် ကျော်ကြား၍ ၎င်းအဆက်အနွယ်ဝင် မထေရ်များအကြောင်း

ထိုအရိယဝံသ မဟာထေရ်မြတ်၏ အစဉ်အလာ တပည့်ကား ၎င်းတပည့်များစွာတို့တွင် ပရိယတ်, ပဋိပတ်ဂုဏ်နှင့် ပြည့်စုံကျော်ကြားသော ၄-ကျွန်းမြေအရပ်၌ သီတင်းသုံးတော်မူလျက် ပရိယတ္တိသာသနာကို ဆောင်ရွက်တော်မူသော အရှင်သဒ္ဓမ္မကိတ္တိမထေရ်ဖြစ်၍ အရှင်အရိယဝံသမထေရ်မြတ် ညွှန်ပြတော်မူအပ်သည့်အတိုင်း ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူကာ ပရိယတ္တိသာသနာတော်ကို ဆောင်ရွက်အားထုတ်တော်မူခဲ့လေသည်။

၎င်း ဒုတိယမင်းခေါင် လက်ထက်၌ပင် တောင်တွင်းပုဂ္ဂိုလ်ကျော် အရှင်မဟာသီလဝံသမထေရ်နှင့် အဝနေပြည်တော်ဖွား အရှင်မဟာရဋ္ဌသာရမထေရ်များလည်း ထွန်းကားရာ ထိုမထေရ် ၂-ပါးတို့ ကဗျာ၊ လင်္ကာ ရေးသားခြင်း၌ အမွန်အစရှိ၍ ထင်ရှားသော်လည်း လဇ္ဇီပေသလမထေရ်များကမူကား မနှစ်သက်သဖြင့် သက္ကရာဇ် ၈၄၂-ခုနှစ်၊ ရှမ်းဈေးလမ်းမအရှေ့ မနောရမန်ဥယျာဉ်တော်နှင့် မနီးမဝေးတွင် သိမ်သမုတ်တော်မူရာ သီလဝန်မထေရ်များက “သီချင်းသည်များပါလျှင် ငါတို့ သိမ် မ-သမုတ်လို”ဟု ဆိုတော်မူကြ၍ ထိုသိမ်သမုတ်ရာ အရှင်မဟာသီလဝံသမထေရ်နှင့် အရှင်မဟာရဋ္ဌသာရမထေရ်များ မပါဝင်ကြကြောင်း အစဉ်အဆက် သာသနာဝင်မှတ်တမ်းများ၌ ရေးသားကြကုန်၏။

သို့ဖြစ်၍ ထိုမထေရ် ၂-ပါးကား ထိုလက်ထက် အချိန်အခါမှ စ၍ ကဗျာလောကမှတ်တမ်းများ၌ အလွန်ထင်ရှားသော မြန်မာစာပေ ရာဇဝင်တွင် ထင်ပေါ်ကျော်ကြားကြသော်လည်း ၎င်းမထေရ် ၂-ပါးအနက် အရှင်မဟာသီလဝံသမထေရ်မှာ နေတ္တိနိသျည်းနှင့် ပါရာယနဝတ္ထု-ဟု ဆိုအပ်သော ဓမ္မဝတ်ကျမ်းစာ ၂-စောင်ကို ရေးသား၍ အရှင်မဟာရဋ္ဌသာရမထေရ်ကား ဓမ္မဝတ်ကျမ်းစာ ရေးသားသော မှတ်တမ်းများ မရှိသဖြင့် ၎င်းမထေရ် ၂-ပါးတို့ကို သာသနာဝင် ဆရာအစဉ်အဆက်၌ မထည့်သွင်းကြကုန်။

ဆိုခဲ့ပြီး အရှင်မဟာအရိယဝံသတပည့် အရှင်သဒ္ဓမ္မကိတ္တိမထေရ်သည်ကား အဝ, မိုးညှင်းမင်းဆက် ၆-ဆက်မြောက်ဖြစ်သော ရွှေနန်းကျော့ရှင် နရပတိမင်းလက်ထက် ထင်ရှားကျော်ကြား၍ များစွာသော ရဟန်းအပေါင်းတို့သည် ထိုမထေရ်မြတ်ထံ ပရိယတ်ကို သင်ကြား အားထုတ်နေကြစဉ် ပုဂံမှ စာပေပို့ချနေသော ရဟန်းကြီး ၁-ပါး ကြွလာတော်မူ၍ အဝမြို့တွင် စာပေပို့ချမည်-ဟု လာသော်လည်း စာပေပို့ချ သင်ကြားနည်းများ စုံစမ်း

လျက် အရှင်သဒ္ဓမ္မကိတ္တိမထေရ်၏ ကျော်ကြားခြင်းဖြင့် ၎င်းထံ စာပေကြားနာရာ ပုဂံကျမ်းရိုး စာသင်နည်းမျိုးနှင့် မတူဘဲ အထွက်, အတက်, စုဒ်, စောဒနာ, အာဘော် အချေအတင် ထူးခြားသဖြင့် သိက္ခာပင် ငယ်သော်လည်း ထိုရဟန်းကြီးကား မာနနှိမ်ချကာ ၎င်းထံ သင်ကြားလိုကြောင်းဖြင့် ခွင့်တောင်းရာ ၎င်းကား သိက္ခာပင် ကြီးစေကာမူ နှိမ်ချသော မာနရှိ၍ သူတော်ကောင်းတရားနှင့် ပြည့်စုံသည်ကို သိ၍ ကြည်ညိုသောအားဖြင့် မဟာသူတော်ကြီး-ဟု ခေါ်ဆိုလေ့ရှိပြီး ၎င်းမထေရ်ကြီးလည်း ပရိယတ္တိကျနသောအခါ ထိုဇေတဝန်တိုက်ကြီးမှာပင် စာပေပို့ချ သီတင်းသုံးတော်မူခဲ့လေသည်။

## အရှင်တိသာသနဓဇမထေရ်အကြောင်း အကျဉ်းအတ္ထုပ္ပတ္တိ

ထိုသို့ အရှင်သဒ္ဓမ္မကိတ္တိမထေရ်နှင့် မဟာသူတော်ကြီး တွင်သည့် ပုဂံသာသနာဝင် အရှင် ၂-ပါးတို့သည် ရွှေနန်းကျော့ရှင် ဘုရင်နရပတိမင်း လက်ထက်မှာ ပရိယတ္တိသာသနာတော်ကို ဆောင်ရွက်ပို့ချနေစဉ် တပျက်သာမြို့မှ ရှင်တိသာသနဓဇမည်သော ၁၈-နှစ်အရွယ်ရှိ ရှင်သာမဏေ ၁-ပါးလည်း ၎င်းတို့ထံ ရောက်လာ၍ မေးမြန်း စုံစမ်းသောအခါ စာပေရမိ လုံ့လဝီရိယလည်း ရှိသောကြောင့် မထေရ် ၂-ပါးတို့သည် ၎င်းရှင်တိသာသနဓဇအား နှစ်သက်သဖြင့် လေးစားချီးမြှင့်လျက် ပရိယတ္တိပို့ချကာ ၎င်းတို့ထံတွင် သင်ကြားအားထုတ်စေခဲ့လေသည်။

ထိုရှင်တိသာသနဓဇသာမဏေ၏ အကြောင်းအရာများကို သာသနာဝင် ဆရာအစဉ်အဆက် ဖော်ပြသော စာတမ်းများတို့၌ အမျိုးမျိုး ရေးသားကြသော်လည်း ၎င်းရှင်တိ-သာသနဓဇသည် နောက်သာသနာဝင် အစဉ်အဆက်တို့၌ ထင်ရှားကျော်ကြား၍ ပရိယတ္တိ, ပဋိပတ္တိသာသနာတော် ၂-ရပ်လုံးကိုပင် အစဉ်အလာ တည်တံ့အောင် အားထုတ်ဆောင်ရွက်သော မထေရ်ဖြစ်မည့် ရှင်တိသာသနဓဇဖြစ်ကြောင်း၊ ၎င်းသည် သာသနာတော်ကို ဖျက်ဆီးသော သိုဟန်ဘွားနောက် မင်းဆက်များလက်ထက် ထင်ရှားကျော်ကြားကြောင်း နောက်ခေတ်သာသနာ၌ ရေးလတ္တံ့ဖြစ်၍ ဤမျှသာ မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## "ဂ-ငယ် ၃-ခု၊ ဉသျှစ်ထု"သာသနာ-၂,၀၇၀၊ သက္ကရာဇ် ၈၈၈-ခု၊ ရှမ်းသိုဟန်ဘွား သာသနာဖျက်ဆီးကြောင်း

အစွန်းငါးခု၊ ဗသျှုအဌ၊ ဒီယသက္ကရာဇ်ရောက်လစ်သောခါ၊ တစ်ရာသီတည်း၊
ကုန်တွင်ချည်းလျှင်၊ ဝေးစည်းတစ်စု၊ ပေါင်းလုနီးနီး၊ မိုးစည်တီးသို့ –

ဟု ဆိုအပ်သော လင်္ကာစာတမ်းနှင့်အညီ သက္ကရာဇ် ၈၈၅-ခုနှစ်မှ အစပြု၍ ရွှေနန်းကျော့ရှင် ဘုရင်နရပတိလက်ထက် အဝနေပြည်တော်ကြီး ပြည်ထဲရေးမှာ မသာမယာ ရှိလာခဲ့ရာ- "ဂ-ငယ် ၃-ခု၊ ဉသျှစ်ထု"ဟူသော ကိန်းသိုက်အရ သက္ကရာဇ် ၈၈၈-ခုနှစ် သာသနာတော် ၂,၀၇၀-ပြည့်နှစ်တွင် မိုးညှင်းစော်ဘွားစလုံသည် တိုင်းပြည်အလုံး သိမ်းကျုံးတိုက်ခိုက် အောင်မြင်လျက် အဝနေပြည်တော်ကြီးကို အလိုပြည့်သောအခါ မြန်မာ မင်း, မှူး, မတ် အစုံအညီနှင့် ရှမ်း မှူး,မတ်,ဗိုလ်ပါ အစုံအညီဖြင့် ၎င်း၏သား သိုဟန်ဘွားကို အဝနေပြည် တော်ကြီးတွင် နန်းတင်ခဲ့လေသည်။

၎င်းသိုဟန်ဘွားသည် သာသနာတော်ကို ကြည်ညိုသူ မဟုတ်ဘဲ သာသနာတော်ကို ငြူစူလျက်ရှိသော်လည်း မြန်မာမှူးမတ်တို့ကို လေးစားသောအားဖြင့် မဖျက်ဆီးဘဲ နေခဲ့ရာ သက္ကရာဇ် ၉၀၁-ခုနှစ်သို့ ရောက်သောအခါ သာသနာကို ကြည်ညိုသော အဟန်ဖြင့် လေးပြင်အနီးအနား သံဃာများစွာတို့ကို ပင့်ဖိတ်ပြီးလျှင် တောင်ဘီလူး လယ်ပြင်တံတားဦး မြောက် ကန်ပေါင်ရိုး အရှေ့ဘက်၌ ကြီးစွာသော မဏ္ဍပ်ကြီး အဆောင်ဆောင် ဆောက်လုပ်စေ၍ ၎င်းမဏ္ဍပ်သို့ အစုံအညီ ကြွလာတော်မူကြသောအခါ မဏ္ဍပ်အဆောင်ဆောင်၌ သီတင်းသုံးစေပြီးနောက် ဆွမ်းကျွေးမည့်အဟန်ဖြင့် ၎င်း၏ ဗိုလ်ပါအပေါင်းတို့သည် ရဟန်းကောင်း, ရဟန်းမြတ်တို့အား ရက်စက်စွာ သတ်ဖြတ်နှိပ်စက်၍ အချို့လွတ်ထွက်သွားသော်လည်း ၁,၃၀၀-ကျော် မထေရ်မြတ်တို့ ပျံလွန်တော်မူကြသည်တွင် ကျမ်းဂန်တတ်မြောက်သော သီလဝန်, ဂုဏဝန်မထေရ်မြတ် ၃၀-ကျော်မျှ ပါဝင်ခဲ့လေသည်။

ဤသို့ သာသနာတော်ကြီးဝယ် ဤမျှလောက် ဘေးရန်ကြီးမဖြစ်မီ ၎င်းသက္ကရာဇ် ၉၀၁-ခုနှစ်မှာ အဝရွှေစည်းခုံစေတီတော်ရှိ ရုပ်ရှင်တော်မြတ်မှာ မျက်ရည်ယိုခြင်း, များစွာသော ကြယ်တံခွန်တို့သည် ကောင်းကင်၌ အခိုးလွှတ်ခြင်းစသော အတိတ်နိမိတ်ကြီးများ ဖြစ်ပေါ်လာကြသည့်အတိုင်း အင်းဝ၊ စစ်ကိုင်း၊ ပင်းယ အနီးအနားရှိ ကျောင်းတိုက်များကိုလည်း မီးရှို့ဖျက်ဆီးကာ ကျမ်းဂန်ပေစာပေါင်း များစွာတို့ကိုလည်း မီးတိုက်ကာ အနီးအနား ပတ်ဝန်းကျင်ရှိ စေတီပုထိုးများမှလည်း ရွှေ, ငွေ, ဘဏ္ဍာ, ရတနာတို့ကိုလည်း ဘဏ္ဍာတော်

အဖြစ်ဖြင့် ဖောက်ဖျက်သိမ်းယူ သူတော်ကောင်းတို့အားလည်း နှိပ်စက်ကလူပြုလုပ် ရက်စက်ကြမ်းကြုတ်သောအမှုဖြင့် သာသနာတော်ကြီးမှာ ရှမ်းသိုဟန်ဘွား၏ ဖျက်ဆီးခြင်းကို အကြီးအကျယ်ခံခဲ့ရကာ မြန်မာနိုင်ငံတော် သာသနာဝင်ခေတ်မှာ အညစ်နွမ်းဆုံး အခါဆိုးကြီးနှင့် ကြုံကြိုက် ဆုံတွေ့ခဲ့ရလေသည်။

ထိုကဲ့သို့ သာသနာတော်မြတ်ကြီးသည် သိုဟန်ဘွား၏ ဆိုးဝါးညစ်ညမ်း ညှဉ်းပန်းနှိပ်စက်ခြင်းခံရသော အဆိုးဝါးဆုံးသော ခေတ်ကြီးသို့ ရောက်နေ၍ နေပြည်တော်ချောက်ချား၊ သာသနာ့ဝန်ထမ်း ရဟန်းတော်များလည်း ထောက်တည်ရာမရ ကြွင်းကျန်သမျှ သံဃာများလည်း ဘေးကင်းရာဌာနနှင့် သာသနာ့ဝန်ကို ဆောင်ရွက်အားထုတ်နိုင်သော ဌာနများသို့ ရွှေ့ပြောင်းကာ သီတင်းသုံးနေတော်မူကြရကုန်၏။

ထိုသို့ ရှမ်းသိုဟန်ဘွား၏ တိုင်းပြည်နိုင်ငံတော်နှင့် သာသနာတော်၏ ဆန့်ကျင်မှုများ ပြုလုပ်ခြင်းနှင့် ရှမ်းအမတ်များ၏ မြန်မာမျူးမတ်များကို ညှဉ်းပန်းမှုများသည် တိုင်းပြည်နိုင်ငံအား ပုန်ကန်ထကြွအောင် လှုံ့ဆော်နေသဖြင့် ၎င်းမှ နောက် ၉၀၃-ခုနှစ်သို့ ရောက်သောအခါ ရွှေနန်းကြော့ရှင်၏ တူတော်ဖြစ်သော မင်းကြီးရန်နောင်သည် လုပ်ကြံသဖြင့် နန်းစံ ၁၅-နှစ်တွင် ၎င်းသိုဟန်ဘွား လွန်ခဲ့သော် အုန်းဘောင်ခုံမှိုင်းအား နန်းတင်၍ ရှမ်းယုတ်မာတို့၏ ဘေးမှ ကင်းဝေးသော်လည်း သာသနာတော်မှာ အဝနေပြည်တော်၌ စည်ကားတိုးတက်ခြင်း မရှိဘဲ အတည်မကျ ရှိနေကြကုန်၏။

✪ ✪ ✪ ✪ ✪

## အရှင်သဒ္ဓမ္မကိတ္တိ, အရှင်မဟာသူတော်ကြီး, ရှင်တိသာသနာဓဇတို့ လွတ်မြောက်ကာ ကေတုမတီ တောင်ငူသို့ ကြွရောက် သီတင်းသုံးကြကြောင်း

ထိုကဲ့သို့ သာသနာတော်မြတ်ကြီး၌ မဖြစ်စဖူးသော ဘေးရန်ကြီး ကြုံလတ်သောအခါ အရှင်သဒ္ဓမ္မကိတ္တိမထေရ်, အရှင်မဟာသူတော်ကြီးမထေရ်တို့ ရှင်တိသာသနဓဇနှင့်တကွ ၆၀-မျှသော ရဟန်းတို့ကိုပါ ယူဆောင်လျက် မင်းယုတ်မာ၏လက်ထက်မှ လွတ်အောင် စစ်ကိုင်း၊ ကျောက်တစ်လုံးမှ ကူးပြီးလျှင် တောင်ငူသို့ ကြွသွားတော်မူကြ၍ ၎င်းကေတုမတီ တောင်ငူမြို့တော်မှာ မင်းရဲသိခ်သူ အုပ်ချုပ်စိုးစံကာ သာသနာထွန်းလင်း

လျက်ရှိသဖြင့် ၎င်းမထေရ်တို့သည် ၎င်းမြို့တော်၌ပင် ပရိယတ္တိသာသနာတော်ကို သင်ကြားပို့ချအားထုတ်လျက် သီတင်းသုံးနေတော်မူခဲ့ကြလေသည်။

ဤကဲ့သို့ မထေရ်များ ပရိယတ္တိအားထုတ်နေကြစဉ် ရှင်တိသာသနဓဇ သာမဏေသည် စာပေသင်ကြားကျနသောအခါ အရှင်သဒ္ဓမ္မကိတ္တိမထေရ်နှင့် အရှင်မဟာသူတော်ကြီးတို့သည် ကေတုမတီမြို့တော်၌ပင် လွန်တော်မူကြကုန်၍ ၎င်းမြို့တော်တွင် စာပေပို့ချပရိယတ္တိသာသနာတော်ကို အားထုတ်လျက် နေခဲ့ရလေသည်။

၎င်းကေတုမတီ နေပြည်တော်၌ မင်းတရား တပင်ရွှေထီး တလိုင်းသုံးရပ် အလိုပြည့်ပြီးနောက် မင်းရဲသိခ်သူ အုပ်ချုပ်စေခဲ့ရာ ၉၁၀-ခုနှစ်မှာ ၎င်းလွန်၍ သီဟသူသည် တောင်ငူနေပြည်တော်ကို ဆက်ခံပြီး သက္ကရာဇ် ၉၁၂-ခုနှစ်၌ ဆင်ဖြူများရှင် မင်းတရားကြီး ဟံသာဝတီမြို့တော်ကြီးကို စိုးစံတော်မူသောအခါ အရှင်တိသာသနဓဇကို ပင့်တော်မူ၍ ၎င်းသည် ရဟန်းအဖြစ် ၁၀-ဝါရပြီး မထေရ်ဖြစ်သည်အားလျော်စွာ ဂဏဝါစကအဖြစ်ဖြင့် ဟံသာဝတီမြို့တော်ကြီးမှာ စာပေပို့ချနေတော်မူခဲ့လေသည်။

## အရှင်တိသာသနဓဇ မိုးဗြဲနရပတိမင်းလက်ထက် သက္ကရာဇ် ၉၁၃-ခုနှစ် ရတနာပူရ အဝနေပြည်တော်သို့ ရောက်ကြောင်း

အရှင်တိသာသနဓဇသည် အဝနေပြည်တော်ကြီး၌ မိုးဗြဲနရပတိစိုးစံ၍ ၎င်းလက်ထက် သက္ကရာဇ် ၉၁၃-ခုနှစ်၊ ရတနာပူရ အဝမြို့တော်သို့ ပြန်လည် ရောက်ရှိတော်မူ၍ စစ်ကိုင်း ဇေတဝန်ကျောင်းတိုက်ကြီး၏အနီး ရွှေဥမင်တွင် သီတင်းသုံးကာ ၎င်းဇေတဝန်ကျောင်းတိုက်ကြီးမှာလည်း အရှင်မဟာအရိယဝံသမထေရ်၏အနွယ် မထေရ် ၁-ပါး သီတင်းသုံးလျက် နေတော်မူသဖြင့် ၎င်းမထေရ်ထံလည်း ဆည်းကပ်တက်သက် နေထိုင်တော်မူခဲ့လေသည်။

မထေရ်မြတ်လည်း အရှင်တိသာသနဓဇအား ပရိယတ္တိဂုဏ်ကို စုံစမ်းသိရှိတော်မူသည့်အတိုင်း အလေးပြုတော်မူသည့်အပြင် အခါတပါး ထိုမထေရ်မြတ် မကျန်းမမာတော်မူရာ "ငါ၏နေရာဖြစ်သော ကျောင်းတိုက်ကြီးကို ဟံသာဝတီမှ ကြွလာသော ရွှေဥမင်တွင် သီတင်းသုံးသည့်ပုဂ္ဂိုလ်အား လွှဲအပ်မည်"ဟု ကြံတော်မူသည်တွင် အရှင်တိသာသနဓဇသည် "ညဉ့်က အသားစားရသည်"ဟု အိပ်မက်မြင်မက်တော်မူကြောင်း တပည့်ငယ်အား

ပြောကြားပြီး နံနက် ပရိတ်မေတ္တာ ရွတ်ဖတ်တော်မူခိုက် ဇေတဝန်မထေရ်မြတ်အထံမှ အခေါ်ရောက်လာ၍ လိုက်တော်မူသောအခါ –

ဇေတဝန်မထေရ်ကြီးသည် အရှင်တိသာသနဓဇအား "ငါ့ရှင် ဤနေရာကား သာသနာတော်ကြီး ပွါးစီးတိုးတက်ထွန်းကားရန် လိုလားအပ်၍ ငါ့ရှင် အုပ်ချုပ်သင်ကြား ပို့ချမှ ရှေ့သို့ စည်ပင်မည်၊ ငါမလွန်မီကပင် ငါ့ရှင်အား လွှဲအပ်ပါသည်"ဟု သံယာများ မျက်မှောက်၌ လွှဲအပ်ပြီးနောက် အရှင်တိသာသနဓဇလည်း ၎င်းကျောင်းတိုက်ကြီးကို ဦးစီးတော်မူကာ ပရိယတ္တိဆောင်ရွက်အားထုတ်လျက် သီတင်းသုံးတော်မူလေသည်။

**သာသနာလင်္ကာရစာတမ်းများ၌** အရှင်တိသာသနဓဇသည် 'တောင်ငူမှ ပုဂံ၊ ပင်းယ၊ အဝ၊ စစ်ကိုင်းသို့ သွားရောက် ပညာသုတ ဆည်းပူးမည်'ဟု ကြွတော်မူရာ တောင်တွင်း **အရှင်ဥတ္တမကျော်ထံရောက်လျှင်** ပရိယတ္တိဂုဏ်အင်ကို မေးမြန်းစုံစမ်း၍ သိတော်မူရာ '၎င်းထံမှာပင် နည်းနာယူဦးလော့'ဟု မိန့်တော်မူကာ ၎င်းထံ သင်ကြားပြီးမှ အဝ, စစ်ကိုင်း, ပင်းယသို့ ကြွတော်မူကြောင်းရေးသားပြဆိုသည်။ ထိုအရှင်သည် အရှင်ဥတ္တမကျော်တို့ တောင်တွင်းမှာ ကျော်ကြားသောခေတ်က ဖြစ်သည့်ပြင် သာသနာ့ဝင်တွင် ထင်ရှားသည့် အရှင်အရဟံဂိုဏ်းဝင် ပုဂ္ဂိုလ်တစ်ပါးဖြစ်လေသည်။ (အရှင်ဥတ္တမကျော်၏ အကြောင်းကို နောက်၌ ဖော်ပြလတ္တံ့) ။

## ဟံသာဝတီဆင်ဖြူများရှင်မင်းတရား အရှင်တိသာသနဓဇအား ဇေတဝန်ကျောင်းတိုက်၌ ဓမ္မာကျောင်းဆောက်လုပ် လှူဒါန်းကြောင်း

၎င်းအရှင်တိသာသနဓဇမထေရ်သည် အဝနေပြည်တော် မင်း ၂-ဆက် ကိုးကွယ် ခြင်း ခံယူရသည့်အပြင် ဟံသာဝတီဆင်ဖြူများရှင်မင်းတရား သက္ကရာဇ် ၉၁၆-ခုနှစ်၊ အဝမြို့ တော်ကို အလိုတော်ပြည့်လျှင် မထေရ်မြတ်အား ရှေးကလည်း သဒ္ဓါကြည်ညိုရှိသည် အားလျော်စွာ ၎င်းဇေတဝန်ကျောင်းတိုက်အတွင်းမှာပင် ဓမ္မာကျောင်းတော် ၁-ဆောင် ဆောက်လုပ် တင်လှူတော်မူခဲ့ပြီးနောက် ထိုကျောင်းတော်မှာပင် သီတင်းသုံးတော်မူကာ ပရိယတ္တိ၊ ပဋိပတ္တိသာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့လေသည်။

၎င်းဇေတဝန်ကျောင်းတိုက်ကြီး၌ ထိုထေရ်မြတ်လက်ထက် တပည့်တပန်း ရဟန်း များစွာ ထွန်းကား၍ သီလဂုဏ်, ပညာဂုဏ် စွယ်စုံကျော်ကြားသော မထေရ်များမှာ–

၁။ တိုင်းကြီးရွာသား ညီနောင်ပုဂ္ဂိုလ် ၃ - ပါး
၂။ အရှင်ဝရဇာဟုမည်သော ပုဂ္ဂိုလ် ၁ -ပါး
၃။ မြေဒူးကျောင်းပုဂ္ဂိုလ် ၁-ပါး

ဤသို့အားဖြင့် မထေရ် ၅-ပါးတို့သည် မထေရ်မြတ်ထံ ပရိယတ္တိသာသနာ ဆောင်ရွက်အားထုတ်နေကြရာ မထေရ်မြတ်သည် အရွယ်အားဖြင့် ကြီးရင့်တော်မူ၍ ဥမင်သုံးဆယ် အနောက်တောင်ရံတွင် အရညကင် သီတင်းသုံးတော်မူသောအခါ ၎င်းဇေတဝန်ကျောင်းတိုက်ကြီးကို တိုင်းကြီးရွာသား မထေရ်ကြီးအား လွှဲအပ်တော်မူခဲ့လေသည်။

ဤသို့ လွှဲအပ်တော်မူပြီး မထေရ်လတ်, မထေရ်ငယ်များလည်း ၎င်းကျောင်းတိုက်ကြီးမှာပင် နောင်တော်ကြီးနှင့်အတူ ပရိယတ္တိပို့ချနေတော်မူပြီးနောက် သတိုးမင်းစောနှင့် တကွ ၎င်းမင်းဆက်များသည် ၎င်းဒုတိယဇေတဝန်ဆရာတော်ကို ကိုးကွယ်ကြသဖြင့် ညောင်ရမ်းမင်းတရားလက်ထက် ဘထွေးတော်သတိုးမင်းစော ဆောက်လုပ်သော ၄-ထပ်ကျောင်းကို တင်လှူတော်မူသည့်အပြင် အနောက်ဘက်လွန် မင်းတရားလက်ထက်လည်း မင်းဝန်တောင်တန်း၌ ၄-ထပ်ကျောင်း ဆောက်လုပ်ပြီး ထိုအရှင်အားပင် တင်လှူတော်မူခဲ့လေသည်။

၎င်းတိုင်းကြီးရွာသား မထေရ်လတ်သည် ၎င်းဇေတဝန်ကျောင်းတိုက်ကြီးမှာ ၃-ဆက်မြောက် အုပ်ချုပ်တော်မူကာ ပရိယတ်သာသနာကို နောင်တော်အနွယ်အတိုင်း ဆောင်ရွက်တော်မူ၍ တတိယဇေတဝန်ဆရာတော်-ဟု ထင်ရှား၍ တိုင်းကြီးရွာသား မထေရ်ငယ်ကား လောကမှန်ကင်းကျောင်း၌ ၂-ဆက်မြောက် သီတင်းသုံးတော်မူပြီးလျှင် နောင်တော်နေရာ မင်းဝန်လေးထပ်ကျောင်းကို ဒုတိယ ၂-ဆက်မြောက် သီတင်းသုံးလျက် ပရိယတ္တိကို ပို့ချနေတော်မူခဲ့လေသည်။

အရှင်ဝရဇာဟုမထေရ်သည် သတိုးမင်းစောလက်ထက်ပင် ၎င်းဆောက်လုပ်အပ်သော ဆင်ဦးအရပ်ရှိ ၎င်းဆင်ဦးကျောင်းတော်နှင့် စေတီတော်တည်ထားပြီးကာ အရှင်တိသာသနဓဇမထေရ်မြတ်ထံ သင့်တင့်သော ပုဂ္ဂိုလ်ညွှန်ကြားရန် လျှောက်ထားလျှင် —

"ငါ့တပည့် ရှင်ဝရဇာဟုနှင့် (သင့်)တင့်အပ်ကြောင်း" မိန့်ကြားတော်မူကာ ၎င်းကျောင်းတော်ကို အလှူခံပြီးနောက် ၎င်းသတိုးမင်းစော ပျက်၍ ဟံသာဝတီ ငါးဆူ ဒါယကာက ပင့်၍ ဟံသာဝတီသို့ ရောက်တော်မူပြီး ဓာတ်တော်, စွယ်တော်များနှင့် ဆရာတော်များကို ဦးတည်ထားလျက် တောင်ငူရွှေနန်းတည်သည်တွင် ထိုအရှင်ဝရဇာဟုမထေရ် လိုက်ပါသွားရ၍ ၎င်း၌ ပြာသာဒ်ကျောင်းကို တင်လှူတော်မူခဲ့လေသည်။

မြေဒူးကျောင်းပုဂ္ဂိုလ်ကား ဟံသာဝတီဆင်ဖြူများရှင်သည် ဈေးသဘင်ကျောင်းနှင့် ဘုရားကို တည်ထားပြီးလျှင် အရှင်တိသာသနဓဇမထေရ်အား "သင့်တင့်သော မထေရ် ညွှန်ကြားပါ"ဟု လျှောက်ထားရာ "ငါ့တပည့် မြေဒူးပုဂ္ဂိုလ်နှင့် သင့်တင့်ကြောင်း"မိန့်ကြားကာ မင်းတရားက ၎င်းဈေးသဘင်ကျောင်းကို ထိုပုဂ္ဂိုလ်အား တင်လှူတော်မူ၍ ၎င်း၌ပင် ပရိယတ္တိဓမ္မ ပို့ချသင်ကြားလျက် သီတင်းသုံးတော်မူခဲ့လေသည်။

ထိုမှတပါး နောက်အခါ၌ ထင်ရှားသော အရှင်တိသာသနဓဇမထေရ်၏ တပည့်တို့ကား —

- ညောင်ရမ်းမင်းလက်ထက် စစ်ကိုင်းရွှေဥမင်ကျောင်း ဝိနည်းမိုရ်ဆရာတော်၊
- မဟာမြတ်မုနိဘုရား အရှေ့လက်ျာဘိနန်းသူကျောင်းဆရာတော်၊
- လေးထပ်ကြီးကျောင်း တူရွှင်းတောင်ခြေဆရာတော်၊
- တောင်ဘီလာပထမဆရာတော်များ

ဖြစ်ကြ၍အရှင်တိသာသနဓဇဆရာတော်မှာ ရှေးပုဂံသာသနာဝင် အရှင်အရဟံအနွယ် ဖြစ်သဖြင့် ၎င်းတပည့် အစဉ်အဆက်တို့သည် ၎င်းအနွယ်ဝံသများ ဖြစ်ခဲ့ကြလေသည်။

## အရှင်တိသာသနဓဇနှင့် အနွယ်ဝံသ ဦးထုပ်တာလပတ် မဆောင်းမကိုင် နောက်တပည့်အဆက်တို့ကား အများလိုက်၍ ဆောင်းကြကြောင်း

၎င်းပြင် အရှင်တိသာသနဓဇသည် ပင်းယစကား ၇-ကျောင်း ပုရိမသံဃာအနွယ်မှ ဆင်းသက်သော အရှင်မဟာအရိယဝံသမထေရ်၏တပည့် အရှင်သဒ္ဓမ္မကိတ္တိမထေရ်နှင့် ပုဂံမဟာသူတော်ကြီးတို့၏တပည့် ဖြစ်သဖြင့် စင်ကြယ်သော သီလ, သမာဓိဂုဏ်နှင့် ပြည့်စုံ တော်မူကြသောကြောင့် ပွဲကျောင်း အလဇ္ဇီဂိုဏ်းသံဃာတို့၏ အလေ့အကျင့်ဖြစ်သော ရဟန်းကောင်းတို့ ပစ်ပယ်တားမြစ်အပ်သော ဦးထုပ်ဆောင်းခြင်း, တာလပတ်ကိုင်ခြင်း မပြုခဲ့သော်လည်း ၎င်း၏ တပည့်များ လက်ထက်၌ကား—

အရှင်တိသာသနဓဇမထေရ်၏ လက်ထက်မှ စ၍ ဦးထုပ် ဒေါက်ခြာ မဆောင်း၊ တာလပတ်အဖြူ, အနီ မကိုင်ကြ၊ ဟံသာဝတီရောက် ဘိုးတော်လက်ထက် လေသာကျောင်း ဆရာတော်က 'ဆောင်း, ကိုင်ရမည်'ဟု နှိုးဆော်သည်တွင်မှ အရှင်မြတ် အဆုံးအမ အမူအကျင့် ယိုယွင်းဖောက်ပြားကြလေသည်-စသည်ဖြင့် သာသနာလင်္ကာရစာတမ်းများ၌

ရေးသားဖော်ပြသောကြောင့် ၎င်းမထေရ်တို့၏ တပည့်များလက်ထက် ရောက်သောအခါ ဦးထုပ်, တာလပတ် ဆောင်း,ကိုင်ကြသည်-ဟု မှတ်ယူအပ်ကုန်၏။

ထိုမထေရ်မြတ်ရေးသားသော ကျမ်းဂန်မှာ မထင်ရှားသော်လည်း တပည့်များ အဆက်ဆက် ပရိယတ္တိဂုဏ်အားဖြင့် ကျော်ကြားခဲ့၍ သာလွန်မင်းတရား၏ လက်ထက်မှာ ဆင်ဦးဘုရင့်ဆရာ၏ တပည့်တစ်ပါးသည် မင်းတရားကြီး၏ သီရိဓမ္မမဟာရာဇာဓိပတိ-ဟူသော ဘွဲ့တံဆိပ် နာမံတော်ကို ဆန်း, အလင်္ကာ, သဒ္ဒါ, နေတ္တိနည်းအားဖြင့် တန်ဆာဆင်လျက် အထူးထူးအပြားပြား ဆန်းကြယ်စွာ ဖွင့်ပြ၍ ရာဇိန္ဒရာဇာ နာမာဘိဓေယျဒီပနီ-မည်သောကျမ်းကို ရေးသား၍ တောင်ဘီလာဆရာတော် သုတ်သင်သည်ကို မင်းတရားကြီး ကြည်ညိုသဖြင့် ၎င်းဆောက်လုပ်တော်မူသော ဘုံစံကျောင်းတော်ကို တင်လှူသည့်အပြင် မဟာရတနယရဟူသော ဘွဲ့တံဆိပ်နာမံတော်ကိုလည်း ကပ်လှူတော်မူကြောင်း သာသနာဝင်စာတမ်းများ၌ လာ၍ ၎င်းအဆက်အနွယ်မှာ သာလွန်မင်းတရားကြီးလက်ထက် ညောင်ရမ်းတိုင်အောင် ကျော်ကြားလာခဲ့ကြကုန်၏။

ဤသို့လျှင် အဝနေပြည်တော်ကြီး၌ မိုးညှင်းစလုံ၏သား သိုဟန်ဘွားသည် သာသနာတော်ကို ထိပါးစော်ကား နှိပ်စက်သောကြောင့် ၎င်း၏ အာဏာပြန့်ရာ ဒေသများ၌ သာသနာတော်ကို ချစ်ခင်သည့် သီလဝန်, ဂုဏဝန်မထေရ်များ ထင်ရှားအောင် မနေဝံ့ငြားသော်လည်း ၎င်းအာဏာမှ လွတ်မြောက်ရာ တိုင်းတပါးသို့ ကြွသွားတော်မူကြရပြီး သာသနာတော်ကို သည်ပိုးဆောင်ရွက်တော်မူကြရကုန်၏။

✪ ✪ ✪ ✪ ✪

## အရှင်ဥတ္တမကျော် ပုဂ္ဂိုလ်သူမြတ်အကြောင်း

တောင်တွင်းကြီး အရှင်ဥတ္တမကျော် ပုဂ္ဂိုလ်သူမြတ်၏ အကြောင်းအရာကို ဆရာစဉ်ဆက်တို့ ရှေးအထက်ကျော် ကာရီအခါများကပင် အများအပြား ရေးသားပြောဆိုလာကြသဖြင့် မှတ်သားကြားနာဖူးသူတို့လည်း များပြားခဲ့ကြပေသည်။ "ပေလေးပင်, ရှင်လေးပါး" ဟူသော ဥဒါန်းစဉ်အရ ပေါ်ပေါက်လာရသော အရှင်ဥတ္တမကျော်သည် မြန်မာနိုင်ငံ သာသနာဝင် သမိုင်းစဉ်တစ်လျှောက်တွင် အတောက်နှင့်ရဲရဲ ထွန်းပဆဲ နေဝန်းပမာ လွန်စွာ ပွင့်လင်းကျော်ကြား လာခဲ့ပေသည်။ ထိုကြောင့်ပင်လည်း "ကျော်" ဟူသော ဘွဲ့မည်အက္ခရာ

တစ်လုံးကို စပ်ဖုံးတပ်ဆင်လျက် 'အရှင်ဥတ္တမကျော်'ဟု ခေါ်ဝေါ်သုံးနှုန်း လာကြခြင်း ဖြစ်ပေသည်။

ဗုဒ္ဓနိုင်ငံတော်ဆိုင်ရာ ဗုဒ္ဓဘာသာသာသနာတော်' စည်ပင်ပြန့်ပွါးကြောင်း၊ အင်အားကောင်း အထောက်အကူဖြစ်စေနိုင်ရန် ပိဋကတ်ကျမ်းဂန်ကြီးများထဲက အထူး ထင်ရှား ခက်ခဲနက်နဲလှစွာသော–

၁။ **ဓမ္မသင်္ဂဏီပါဠိတော်နိသျ**

၂။ **ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်နိသျ**

၃။ **မဟာနိဒ္ဒေသပါဠိတော်နိသျ**

၄။ **ပေဋကောပဒေသပါဠိတော်နိသျ**

၅။ **ဝိနယသင်္ဂဟအဋ္ဌကထာနိသျ-**

စသော ကျမ်းကြီး ကျမ်းခိုင်မှီရာ နိသျကျမ်းကြီးများနှင့်တကွ သဒ္ဒါပရမတ် အရပ်ရပ် ကျမ်းငယ် များစွာတို့၏ မှီရာနိသျကျမ်းများကိုလည်း ရေးသားပြုစုတော်မူခဲ့ကြောင်း စာတမ်းပေါင်း မှတ်တမ်းပေါင်းများစွာတို့၌ ယခုတိုင် ရေးသားဖော်ပြလျက် ရှိနေကြပေသည်။

ဤအရှင်မြတ်သည် ပရိယတ်, ပဋိပတ် ၂-ရပ်စလုံးပင် ကျော်ကြားတော်မူလှသော ကြောင့် အင်းဝဘုရင် ဒုတိယမင်းခေါင်က တစ်ကြိမ်၊ သားတော်ရွှေနန်းကြော့ရှင် ဘုရင်နရပတိ က တစ်ကြိမ်၊ 'အင်းဝနေပြည်တော်သို့ ပြောင်းကြွ သီတင်းသုံးနေတော်မူရန်' ၂-ကြိမ် တိုင်တိုင် အင်းဝနေပြည်တော်သို့ ပင့်ဆောင်၍ တောင်းပန်လျှောက်ထားခံရသော်လည်း နေပြည်တော်မှာ မမွေ့လျော်သဖြင့် 'တောမြို့ တောင်တွင်းမှာသာ မွေ့လျော်တော်မူကြောင်း' မိန့်ဆို၍ ပြန်ကြွသွားတော်မူကြောင်း စာဟောင်းစာတမ်း အဆိုအမိန့်များလည်း ရှိကြ လေသည်။

လောကုတ္တရာ စာပေပရိယတ်သက်သက်ကိုသာ တတ်ကျွမ်းရုံသာမက လောက ဓမ္မ၊ ရာဇနှုန်းဝင်၊ ဗေဒင်တိတ်ထုံး၊ တိုင်းပြည်သုံးသော၊ လောကီစာပေ အထွေထွေ တို့၌လည်း နှံ့စပ်ကျွမ်းကျင်တော်မူပေသည်။ ထိုသို့ တတ်ကျွမ်းတော်မူကြောင်းတို့ကို ယခု ခေတ်တွင် အထင်အရှား ကျော်ကြားကျန်ရှိနေသော တောလားလင်္ကာကဗျာများကို ထောက်ထား ဝေဖန်ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပေသည်။

ထိုအရှင်တောရ (အရညဝါသီ) ဆောက်တည်စဉ်အခါ ရေးသားသည်-ဟူ၍ ပြော စမှတ်ပြုကြသော **"စက်ဆယ့်နှစ်လီ၊ ဒွါဒသီဝယ်"**- ချီ တောလားလင်္ကာများမှာ မြတ်စွာဘုရား

သခင် ရာဇဂြိုဟ်ပြည်မှ ဇာတိဌာနီ၊ ကပိလဝတ်ပြည်သို့ ကြွတော်မူချိန် အခါကာလကောင်း၊ တပေါင်း, တန်ခူး၊ နွေဦး ၂-လ အပါအဝင်၊ ရာသီစဉ်ဝေလေ့နှင့် မြင်တွေသော အာရုံ-အာရမ္မဏိက၊ သဘာဝတော, တောင်, ရေ, မြေ, ကောင်းကင်ထက်ဝန်းကျင်တို့၏ ရှုမြင်မခန်း အံ့ဖွယ်ဆန်းများကို သာမန်ကဝိစာဆိုတို့ မဖွဲ့မဆိုနိုင်စရာ၊ ဆန်းကြယ်နက်နဲစွာသော အနက်, သဒ္ဒါ, အလင်္ကာတို့ဖြင့် တန်ဆာဆင်လျက် ရေးဖွဲ့ထားလေသည်။

စံပြောင်းထုံးစဉ်၊ ဗေဒင်ပိဋကတ်၊ နည်းစုံညှပ်လျက်၊ ဆက်စပ်ဖွဲ့သီထားသည်ဖြစ်၍လည်း ပညာရှိအဆက်ဆက်တို့ နှစ်သက်ချီးကျူးမဆုံးနိုင်-ရှိခဲ့ကြချေသည်။

ထိုရွှေ, ထိုမျှ၊ ပရိယတ္တိ၊ ဗျတ္တိဗလ၊ ထာမစွမ်းအင်တို့နှင့် စုံလင်ပြည့်ဝတော်မူသော ကြောင့်လည်း အရပ်ရပ်မှာ ဆိုက်ရောက်လာကြသော ရဟန်းသံဃာတို့၏ ပညာနိဿယည်း ဆည်းကပ်ခံယူရာ-ဟူ၍ ကျော်ကြားတော်မူခြင်း ဖြစ်ပေသည်။

အင်းဝသာသနာဝင် သာသနာဆက်၌ ထင်ရှားတော်မူသော တောင်ငူအရှင် တိသာသနဓဇပုဂ္ဂိုလ်ကျော်သည်လည်း ထိုအရှင်ဥတ္တမကျော်၏အထံ၌ ၃-နှစ်တိုင်တိုင် ကြာအောင် စာပေပညာ နည်းနာခံယူ သင်ကြားဖူးကြောင်းကို သာသနာလင်္ကာရစာတမ်း၌ ထင်ရှားခိုင်မာစွာ ပြဆိုထားပေသည်။

ထိုသို့ဖြစ်၍ အရှင်ဥတ္တမကျော်သည် အင်းဝခေတ်၊ သာသနာဝင် သာသနာဆက်၌ အထက်တန်းကျကျ၊ လေးစားကြည်ညိုအပ်လှသော ပုဂ္ဂိုလ်ကျော် သူမြတ်ဖြစ်ကြောင်းကို ကောင်းစွာ မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## အရှင်တိသာသနဓဇသည် တောင်တွင်းဆရာတော် အရှင်ဥတ္တမကျော်ထံ စာပေသင်ကြားကြောင်း

အဝနေပြည်တော်ပျက်စဉ်က တောင်ငူသို့ ကြွတော်မူကြသောမထေရ်တို့တွင် အရှင်တိသာသနဓဇသည် တောင်ငူမှာ ရဟန်းအဖြစ်သို့ ရောက်တော်မူ၍ စာပေသင်ကြား၊ ပရိယတ္တိသာသနာတော် ဆောင်ရွက်အားထုတ်တော်မူလျက် ထက်မြက်သော ဉာဏ်-ပဋိဘာန်ရှိတော်မူသည့်အားလျော်စွာ ကျော်ကြားတော်မူလျက်ရှိရာ ၎င်း၏ ဆရာတော်များ ဖြစ်တော်မူသော အရှင်သဒ္ဓမ္မကိတ္တိမထေရ်မြတ်နှင့် အရှင်မဟာသူတော်ကြီးတို့ ၎င်းမြို့မှာပင် ပျံလွန်တော်မူကြ၍ အရှင်တိသာသနဓဇဆရာတော်များ မရှိကြသဖြင့် ၎င်း၌ နေလိုသော ဆန္ဒများမရှိဘဲ အဝနေပြည်တော် ဘာသာ,သာသနာရေးမှာလည်း ကောင်းမွန်လာကြောင်း

ကြားသိတော်မူသည့်အလျောက် အဝနေပြည်တော်သို့ ပြန်လာရာ၊ တောင်တွင်း၌ ကျော်ကြားသော ဂုဏ်သတင်းရှိတော်မူသော အရှင်ဥတ္တမကျော်မထေရ်မြတ်ထံ ရောက်တော်မူသည်တွင် ၎င်းအရှင်မြတ်ထံ နေတ္တိ ပါဠိအဋ္ဌကထာ-စသည်တို့ကို သင်ယူကြောင်း ၎င်းမှတ်တမ်း၌ ပြည့်စုံစွာ ရေးသားဖော်ပြလေသည်။

သို့ရာတွင် အချို့မှတ်တမ်းများမှာ–

- ၎င်းအရှင်တိသာသနဓဇသည် တောင်တွင်း အရှင်ဥတ္တမကျော်မထေရ်မြတ်ထံ ရောက်တော်မူသောအခါ ၇-ဝါမျှသာ ရှိသေးကြောင်း၊
- အရှင်ဥတ္တမကျော်မထေရ်မြတ်ကား သက်တော် ၈၄-နှစ်၊ သိက္ခာတော် ၆၄-ဝါ ရတော်မူကြောင်း၊
- ၎င်းမထေရ်မြတ်ထံ၌ ၃-နှစ်ကြာအောင် ကျမ်းဂန်ကျနအခြေရမိအောင် သင်ကြားခဲ့ကြောင်း၊
- အချို့နေရာများ ကွဲပြားလျက် ရှိကြကြောင်း၊

သို့ရာတွင် ၎င်းတို့သည် အယူအဆမျှသာ ကွဲလွဲကြသဖြင့် အတ္ထုပ္ပတ္တိအမှန်ကိုသာ မှတ်သားအပ်ပေသည်။

အရှင်တိသာသနဓဇသည် ကေတုမတီတောင်ငူသို့ ရောက်၍ ၎င်း၌ မင်းရဲသိခ်သူ စိုးအုပ်နေရာ သာသနာတော်ကို ကြည်ညိုလေးစားသော မင်းတစ်ပါးဖြစ်သည့်အတိုင်း အဝနေပြည်တော်မှ ကြွလာတော်မူသော မထေရ်မြတ်များအား ပစ္စည်း ၄-ပါးတို့ဖြင့် ထောက်ပံ့လျှဒါန်းကာ သာသနာရေးကို ဆွေးနွေးလျှောက်ထားပြီးလျှင် ၎င်းအရှင်တို့အား ကြည်ညိုလေးစား ဆရာထားလျက် ကိုးကွယ်ဆည်းကပ်၍ မထေရ်မြတ်များလည်း ပရိယတ်၊ ပဋိပတ် ဖြည့်ကျင့်ကာ ချမ်းသာစွာ သီတင်းသုံးနေတော်မူကြရလေသည်။

၎င်းရှင်တိသာသနဓဇ ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ၎င်းဆရာတော် အရှင်သဒ္ဓမ္မကိတ္တိမထေရ်မြတ်နှင့် အရှင်မဟာသူတော်ကြီးတို့ တောင်ငူ ကေတုမတီမြို့တော်မှာပင် ပျံလွန်တော်မူကြသောအခါ ၎င်းမြို့မှာပင် စာပေပို့ချကာ ပရိယတ္တိသာသနာ ဆောင်ရွက်တော်မူလျက် နေတော်မူခဲ့ရာ သက္ကရာဇ် ၉၁၂-ခုနှစ်တွင် ဆင်ဖြူရှင်မင်းတရားသည် ရာမညတိုင်းအလုံး သိမ်းကျုံးအောင်မြင်တော်မူ၍ ဟံသာဝတီဆင်ဖြူများရှင်မင်းတရား-ဟု ဘွဲ့မည်တော်ခံယူလျက် ဟံသာဝတီမြို့တော်မှာ စိုးစံတော်မူသောအခါ ၎င်းအရှင်တိသာသနဓဇကို ပင့်ဆောင်တော်မူလျက် ၎င်းမှာ ၁၀-ဝါပြည့်သည်နှင့်အညီ

မထေရ်အဖြစ်ဖြင့် ၎င်းမင်းတရား ပစ္စည်း ၄-ပါး ထောက်ပံ့ကာ ဟံသာဝတီမြို့တော်မှာ သီတင်းသုံးတော်မူကြောင်း သာသနာဝင်မှတ်တမ်း၊ သာသနာလင်္ကာရစာတမ်း၌ အခိုင်အမာ ရေးသားထားလေသည်။

၎င်းပြင်လည်း ၎င်းအရှင်တိသာသနဓဇသည် သက္ကရာဇ် ၉၁၃-ခုနှစ်၊ မိုးပြနရပတိမင်း လက်ထက် အဝနေပြည်တော်သို့ ပြန်လည် ရောက်ရှိတော်မူ၍ စစ်ကိုင်းရွှေဥမင်ကျောင်း၌ သီတင်းသုံးနေတော်မူရာ အရှင်မဟာအရိယဝံသ အနွယ်အစဉ် ဇေတဝန်အရှင် ဆရာတော် မထေရ်မြတ်က ၎င်းဇေတဝန်ကျောင်းတိုက်ကြီး လွှဲအပ်ခြင်းကို ခံယူရ၍ ပရိယတ္တိသာသနာ စာပေပို့ချနေတော်မူခိုက် သက္ကရာဇ် ၉၁၆-ခုနှစ်တွင် ဟံသာဝတီဆင်ဖြူများရှင် မင်းတရား အဝနေပြည်တော်ကို အလိုတော်ပြည့်လျှင် ၎င်းအရှင်တိသာသနဓဇအား ရှေးက ကြည်ညို လေးစားခြင်း ရှိတော်မူသည့်အတိုင်း ဇေတဝန်ကျောင်းတိုက်ကြီးမှာ ရွှေကျောင်းတော် ဆောက်လုပ်လှူဒါန်းတော်မူကြောင်း- ၎င်းမှတ်တမ်း၌ ရေးသားထားလေသည်။

- သို့ဖြစ်စေကာမူ သာသနာဝင်ထင်ရှားသော အရှင်တိသာသနဓဇသည် တောင်တွင်း အရှင်ဥတ္တမကျော်ထံ စာပေပညာ နည်းနာခံယူဖူးကြောင်း၊
- တောင်တွင်းကြီးမှာ ရှေးက မြို့ရိုး၊ မြို့တာ အခိုင်အခံ့နှင့် ငမင်မြို့, စစ်တားမြို့, ပန်ထွာ-ဗိဿနိုးမြို့, မြို့လုလင်-တည်းဟူသော မြို့ရုံများနှင့် စည်ကားကြောင်း၊
- အဝနေပြည်တော်ကြီး ပျက်စီးလေသော်လည်း ၎င်းမှာ သာသနာထွန်းလင်း တည်တံ့ လျက် မပျက်မစီး အားသည်းစွာ သာသနာကို ဆောင်ရွက်အားထုတ်နေကြကြောင်း-

ကောင်းစွာ မှတ်သားအပ်ပေသည်။

✪ ✪ ✪ ✪ ✪

## သာသနာ ၂,၀၀၀-ကျော်ခေတ်မှာ ဟံသာဝတီပြည်, သီရိခေတ္တရာတို့ သာသနာထွန်းကားလျက် ရှိကြောင်း

သာသနာတော် ၂,၀၀၀-ကျော် ခေတ်မှာ ရာမညတိုင်း၊ ဟံသာဝတီနေပြည်တော် မှာလည်း သာသနာတော် စည်ပင်ထွန်းကား ရာမာဓိပတိ ဓမ္မစေတီမင်းတရား ပြုစု တည်ထောင်တော်မူခဲ့သော သီဟိုဠ်ဂိုဏ်း သံဃာတော်များလည်း ထင်ရှားရှိသေး၍ နောက် လက်ထက်မှာလည်း သာသနာတော်စည်ပင်လျက် သာလွန်မင်းတရားလက်ထက်က

ဟံသာဝတီနေပြည်တော်သို့ ၎င်းမင်းတရား ယာယီအားဖြင့် စံနန်းတော်တည်ဆောက် သွားရောက် စံနေတော်မူရာ ၎င်းမှာ **အရှင်တိလောကဂုရုမထေရ်-စသော** ကျမ်းတတ်၊ ဂန်တတ်မွန်ဆရာတော်အများ ထင်ရှားရှိ၍ ရေးလတ္တံ့သော သာသနာဝင် အစဉ်အလာ အခိုင်အမာ မှတ်တမ်းများ ထင်ရှားရှိလေသည်။

ထို့ပြင် ထိုစဉ်အခါက သီရိခေတ္တရာပြည်မြို့မှာလည်း သတိုးမင်းစော အုပ်ချုပ်စိုးစံ၍ အဝနေပြည်တော်ကြီး ပျက်စီးချိန်မှာ **အရှင်မဟာရဋ္ဌသာရမထေရ်အား** ကြည်ညိုသောအားဖြင့် ပြည်မြို့သို့ ပင့်တော်မူကာ သာသနာပြု သံဃရာဇာ သာသနာပိုင် ဘွဲ့တံဆိပ်တော်မြတ် အပ်နှင်းလျက် သာသနာတော် လွှဲအပ်တော်မူသည့်အတိုင်း ၎င်းအရှင်မြတ်သည် ၎င်းမှာ သာသနာတော်ပြုစုနေထိုင်တော်မူကြောင်း၊ ရှမ်းမင်းတို့ ထိပါးလာသဖြင့် လွန်တော်မူသော အဝရွှေနန်းကြော့ရှင်ဘုရင်မင်းတရားကား အရှင်မဟာရဋ္ဌသာရမထေရ်နှင့် ငယ်စဉ်ကပင် အတူရင်းနှီးစွာ ဉာတကာလည်းဖြစ်, ဒကာလည်းဖြစ်သဖြင့် ၎င်းသို့ ပြန်လိုသောဆန္ဒစွန့်လွှတ်ကာ ပြည်မြို့မှာပင် သာသနာပြုစုနေတော်မူကြောင်း- ရေးသားခဲ့လေသည်။

၎င်းသီရိခေတ္တရာပြည်မြို့မှာကား ဆင်ဖြူရှင်သတိုးမင်းစော လွန်တော်မူ၍ သားတော် ဘုရင်မင်းထွေးသည် ခမည်းတော် အရိုက်အရာ ဆက်လက် စိုးစံတော်မူသောအခါ၌လည်း ထိုအရှင်မဟာရဋ္ဌသာရမထေရ်အား ခမည်းတော်မင်းတရားကဲ့သို့ ကြည်ညိုဆည်းကပ်၍ ပြည်မြို့နှင့် ရွှေတောင်မြို့အကြား အခွန်တော် ၁-သောင်းထွက်သော ဥယျာဉ်တော်ကြီး ၂-ရပ်အတွင်းမှာ ၄-မျက်နှာ တံတိုင်းကာရံ၍ သိမ်, တန်ဆောင်း, အရံကျောင်းပေါင်း များစွာခြံရံလျက် ၃-ထပ်ကျောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

၎င်းအရှင်မဟာရဋ္ဌသာရမထေရ်၏ အဆက်အနွယ်မထေရ်များလည်း ၎င်းသီရိခေတ္တရာပြည်မြို့မှာပင် သာသနာပြု နေတော်မူကြ၍ သာလွန်မင်းတရားကြီးလက်ထက်တော်မှာ ကျော်ကြားတော်မူသော **အရှင်မုနိန္ဒဃောသ၊ တိပိဋကာလင်္ကာရအကျော် တောင်ဘီလာ ဆရာတော်လည်း** ပြည်မြို့မှာ သာမဏေဘဝက သာမဏေကျော်-ဟု ထင်ရှား၍ ပြည်ဘုရင်မင်းရန်နိုင်က သာမဏေအဖြစ်ကပင် ဒကာခံယူကာ ရဟန်းဖြစ်သောအခါ၌လည်း ပဉ္စင်းကျော်-ဟု ကျော်ကြား၍ အနောက်ဘက်လွန်မင်း ပြည်မြို့ကို အောင်မြင်ရာ ၎င်းပဉ္စင်းကျော် အရှင်မုနိန္ဒဃောသကို ကြည်ညိုလေးမြတ် ကိုးကွယ်ဆည်းကပ်တော်မူကြောင်း- ၎င်းမထေရ်မြတ် အတ္ထုပ္ပတ်၌ လာသဖြင့် သရေခေတ္တရာပြည်မြို့မှာလည်း သာသနာအစဉ်အဆက် မပျက်ထွန်းကားလျက်ရှိကြောင်း မှတ်သားအပ်၏။

သိုဟန်ဘွားသည် ၎င်း၏နိုင်ငံကို ခွဲ့ဖို့ရန် သီရိခေတ္တရာပြည်မြို့ကိုလည်းကောင်း, တောင်ငူမြို့ကိုလည်းကောင်း သိမ်းယူဖို့ ကြံစည်အားထုတ်သည်ကို မြန်မာမှူးမတ်များက မြန်မာနိုင်ငံတော် ကြွင်းကျန်သမျှ ကြွင်းကျန်ရှိအောင် ပရိယာယ်ဥပါယ်တံမျဉ်နှင့် တားမြစ်ကြသောကြောင့် အကြံအစည် အထမမြောက်ဘဲ ကံကုန်သွားသဖြင့် ၎င်းသီရိခေတ္တရာ, ကေတုမတီပြည်တော်တို့မှာ သာသနာတော် မမှေးမှိန်ဘဲ ပကတိအတိုင်း ထွန်းလင်းလျက်ရှိကြောင်း၊

၎င်းပြင် ရာမညတိုင်း ၃-ရပ်မှာလည်း ရာမာဓိပတိ အမည်ရှိသော ဓမ္မစေတီမင်းတရား ပြုစုတည်ထားခဲ့သော သာသနာတော်သည် ထွန်းပလျက်ရှိသောကြောင့် အထက်မြန်မာနိုင်ငံတော် အဝနေပြည်တော်၌သာ အခိုက်အတန့် သာသနာ့ဘေးရန်နှင့် တွေ့ကြုံရကြောင်း၊

၎င်းအဝနေပြည်တော်၌ ညှိုးနွမ်းပျက်စီးသော သာသနာတော်ကို အရှင်တိသာသနဓဇမထေရ်-စသော မထေရ်အဆက်ဆက်တို့ ပြန်လည်တည်ထောင်ကြကာ သာသနာမှာ ရှေးအခါကကဲ့သို့ ထွန်းလင်းလျက်ရှိကြောင်း ရေးသားဖော်ပြအပ်သော အဝသာသနာတော် ပဌမခေတ်အကြောင်းကား ဤတွင် အပြီးအဆုံး မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## အဝဒုတိယသာသနာခေတ် ညောင်ရမ်းမင်းတရား
## အဝနေပြည်တော် ထပ်မံတည်ထောင် သာသနာပြုကြောင်း

အဝနေပြည်တော်ကြီးကို သိုဟန်ဘွားစိုးအုပ်ကာ သာသနာတော်ကို ထိပါးနှောင့်ယှက်ပြီးနောက် ဆက်ခံအုပ်စိုး သိမ်းပိုက်တော်မူကြသော မင်းဆက်များမှာလည်း နှစ်ကာလနည်းပါး သာသနာတော်ထွန်းကားအောင် ဆောင်ရွက်အားထုတ်နိုင်သောအချိန်ကာလက တိုလှ၍ တိုင်းရေးပြည်ရာကသာ များသဖြင့် သာသနာဝင်မှတ်တမ်းများ၌ ထင်ရှားအောင် မရှိသည့်အပြင် သိုဟန်ဘွား ဖျက်ဆီးသွားသော သာသနာကိုသာ အစားတည်ထောင်ကြလျက် နန်းသက် ကုန်ဆုံးသွားခဲ့ကြလေသည်။

ထို့နောက် မင်းဆက်များတွင် ဟံသာဝတီ ဆင်ဖြူများရှင်မင်းတရားကြီး တည်ထားခဲ့သော သတိုးမင်းစောလက်ထက်မှာကား သာသနာသင့်တင့်စွာ တိုးတက်အောင် အရှင်တိသာသနဓဇမထေရ်များ ဆောင်ရွက်အားထုတ်ကြသော်လည်း အဝနေပြည်တော်မှာမူ

လွန်စွာ မစည်ကားလှ၊ စစ်ကိုင်းဘက်ဌာနသာ ရှေးသာသနာအဆက်ကို အားထုတ်ပြုစု ပြီးလျှင် အဝနေပြည်တော်တွင်ကား ဈေးသဘင်ကျောင်းတိုက်၊ ဆင်ဦးကျောင်းတိုက် တည်ထားပြီး စည်းစိမ်တော် ၃၃-နှစ် ပြုစုအားထုတ်တော်မူခဲ့ရာ သာသနာတော်မှာ ထောက်တည်ရာ ရခဲ့လေသည်။

ထို့နောက် မင်းလကျ်ာ ၂-နှစ်၊ မင်းရဲကျော်စွာ ၆-နှစ်အားဖြင့် ၈-နှစ် ဆက်ခံပြီး နောက် အဝနေပြည်တော်ကြီးမှာ ၅-နှစ်ပတ်လုံး မင်းသုဉ်းပြီးလျှင် မစည်ပင်၊ မထွန်းကား သာသနာတော်လည်း မြှောက်စားသူ ဒကာကင်းမဲ့၍ ဘေးရန်ပင် မရှိငြားသော်လည်း စည်ပင်ပြန့်ပွါးခြင်း မရှိ၊ ပကတိတည်နေရာတွင် သာသနာတော် ၂၁၄၃-ခုနှစ်၊ သက္ကရာဇ် ၉၆၁-ခုမှာ ဟံသာဝတီ ဆင်ဖြူများရှင်မင်းတရား၏ သားတော်သည် ညောင်ရမ်းမှ ချီတော် မူ၍ ၎င်းနှစ်တွင်ပင် အဝနေပြည်တော်ကြီး ဒုတိယအကြိမ် တည်ထောင်ဖန်ဆင်းတော်မူရာ သာသနာတော်ကို ဦးတည်သောအားဖြင့်–

၁။ ရွှေနန်းတော်၊ ၂။ နန်းမြို့၊ ၃။ ရွှေစည်းခုံ၊

၄။ ဂူတော်သစ်၊ ၅။ တံခါး၊

ဤ ၅-ဌာနကို တစ်ချိန်တည်း ပန္နက်ချ၍ တည်ထောင်ခဲ့လေသည်။

ဤညောင်ရမ်းမင်းတရားကြီးသည် သီဟသူရမဟာဓမ္မရာဇာဘွဲ့ အမည်တော် ခံယူပြီး နေပြည်တော်နှင့် သာသနာတော်ကြီးကို ထပ်မံတည်ထောင်တော်မူရာ မဟာမြတ်မုနိဘုရား တည်မည့်နေရာနှင့် လေးထပ်ကျောင်းတော်ကြီး တည်မည့်နေရာတို့၌ နိမ့်သဖြင့် မြေဖို့ကြရာ ကိုယ်တော်တိုင် ရွှေတူးရွင်းကိုင်ကာ အိမ်ရှေ့ဉပရာဇာမှစ၍ မင်းညီမင်းသား အားလုံးတို့လည်း ကိုယ်တိုင်ဖို့ကြရကြောင်း၊ အချင်း တာ-၅၀၊ အမြင့် ၉-တောင်ကို ၂၉-ရက်နှင့် ဖို့ပြီးလျှင် ၇၅-တောင်ရှိ ရွှေအုတ်မြစ်များကိုလည်း ကိုယ်တော်တိုင် ချတော်မူကြောင်း၊

ကျောင်းပေါင်း ၄၀-အရံရှိသော လေးထပ်ကျောင်းကြီးကိုလည်း တောင်ဘီလူး ဆရာတော်ကို ရည်မှန်းလျက် တည်ထောင်ဆောက်လုပ်စေတော်မူကြောင်း-စသည် ကုသိုလ်တော်များ ကိုယ်တော်တိုင် အားထုတ်ဆောင်ရွက်ကာ နိုင်ငံတော်၏ တိုးတက် ထွန်းကားရေးကိုလည်း ပြုစုတည်ထောင်ခဲ့လေသည်။

သို့ရာတွင် မင်းတရားကြီးကား တိုင်းပြည်တော်နှင့် သာသနာတော်ကို တိုးတက် အောင် စိတ်အားထက်သန်စွာ အားထုတ်ဆောင်ရွက်တော်မူပါသော်လည်း နန်းသက်

စည်းစိမ်တော် ၈-နှစ်မျှဖြင့် ဆိုခဲ့ပြီးသော ကောင်းမှုကုသိုလ်တော်များ မပြီးဆုံးမီ တိုင်းရေးပြည်ရာအတွက် သိန္နီသို့ ချီတက်တော်မူရာ အပြန်တွင် ကံတော်ကုန်သဖြင့် အဆုံးမတိုင်ဘဲ ရှိနေခဲ့ရာ နိုင်ငံတော်နှင့် သာသနာတော်အတွက် ချထားတော်မူခဲ့သော အုတ်မြစ်တော်ကား သားတော်အစဉ် မြေးတော်အဆက် တိုးတက်ထွန်းကားလျက် ရှိခဲ့လေသည်။

✪ ✪ ✪ ✪ ✪

## ဂုင်းညောင်ရမ်းမင်းတရား အဆက်အနွယ်များ သာသနာတော်ဆက်ခံ ပြုစုကြကြောင်း

ဤသို့ အဝနေပြည်တော်ကြီးကို ဒုတိယဖန်ဆင်းတည်ထောင်တော်မူသော ညောင်ရမ်းမင်းတရားကြီး တည်ထောင်ဆောက်လုပ်ဆဲ၌ လွန်တော်မူသော်လည်း ဂုင်းမင်း၏ သားတော်ကြီး ဥပရာဇာသည် အရိုက်အရာတော်ကို ခံယူသိမ်းပိုက်ကာ ခမည်းတော်၏ ကောင်းမှုကုသိုလ်တော် မဟာမြတ်မုနိဘုရားနှင့် လေးထပ်ကျောင်းတော်ကြီးများ ဆက်လက်တည်လုပ် ပြီးမြောက်သည်တွင် ခမည်းတော်ဘုရားလက်ထက်က ရည်မှန်းတော်မူသော တောင်ဘီလူးဆရာတော်မှာ ပျံလွန်တော်မူသဖြင့် တူရွှင်းတောင်ခြေနေ ဆရာတော်မြတ်အား ကိုယ်တိုင်လျှောက်ကြားရန် နန်းတော်သို့ ဆွမ်းဘုဉ်းပေး ပင့်တော်မူရာ ၂-ကြိမ်တိုင်မကြွတော်မူဘဲ နေသည်တွင် ၃-ကြိမ်ကျသောအခါ သံဃာတော်များက "ကြွသင့်ကြောင်း" လျှောက်ထားမှ "ငါ့ရှင်တို့ သံဃာက အလိုရှိလျှင် ငါကြွရမည်၊ ရဋ္ဌပိဏ္ဍနဆွမ်းကို ငါမစားလို၍ မလိုက်သည်"ဟု အမိန့်တော်ရှိလေ၏။

ဤသို့ မထေရ်မြတ် ဝန်ခံသည်ကို မင်းကြီးကြားလျှင် "အရှင်မြတ် ဆွမ်းစားကြွတော်မူက စေတီကြားနှင့် ကျောင်းကြားမှ ကြွတော်မူပါ"ဟု ထပ်မံလျှောက်ထားလျှင် "လမ်းမဖြစ်၍ ကြွလာမည်"ဟု အမိန့်တော်ရှိပြီး နောက်နေ့ လျှောက်ထားသည့်အတိုင်း ကြွလာတော်မူ၍ နန်းတော်သို့ ရောက်တော်မူသော် "အရှင်ဘုရား-ကျောင်းတော်နှင့် စေတီတော်ကြားမှ ကြွလာတော်မူပါသလား"ဟု လျှောက်သည်တွင် "မင်းတရားမြတ်၊ ကြွစေလိုသည်ဆို၍ ကြွလာခဲ့ပါသည်"ဟု မိန့်တော်မူက—

"ကျောင်းတော်ကြီးလည်း ကြီးကျယ်သာယာသည်၊ စေတီတော်နှင့်လည်း မနီးမဝေး အာရုံ အာရမ္မဏိက တော်သင့်သည်၊ သူတော်ကောင်းတို့ မွေ့လျော်ဖွယ် ရှိလှပါသည်"ဟု မင်းတရားက လျှောက်ထားသည်ကို ဆရာတော်က "မင်းတရားမိန့်သည်ကား မှန်ပါပေသည်၊ တောနေ ရဟန်းနှင့်မူကား သမင်ကို လင်းလွှားပြသကဲ့သို့ ရှိမည်"ဟု အမိန့်တော်

ရှိလျှင် "အရှင်ဘုရားအား ကျောင်းဖြင့် မဖိတ်ပါသေး"ဟု မင်းကြီးက လျှောက်ထားသည်ကို "ဖိတ်သော်လည်း မနေနိုင်ကြောင်း" မိန့်တော်မူပြီးနောက် စကားရပ်စဲတော်မူကြလေသည်။

၎င်းနောက် ဘုရင်မင်းမြတ်သည် ဆွမ်းကပ်တော်မူပြီး အနုမောဒနာပြုကာ ကြွတော်မူကြောင်း သာသနာလင်္ကာရမှတ်တမ်း၌ ရေးသားဖော်ပြလေသည်။

ဤသို့ ဘုရင်မင်းမြတ်သည် တူရွင်းတောင်ခြေဆရာတော်အား ပင့်ဖိတ်တော်မူရန် ရည်သန်ပါသော်လည်း ဆရာတော်၏အာဘော် သိတော်မူသောကြောင့် "ထိုဆရာတော်အား အထပ်ထပ်ပင့်လျှင် ပင်ပန်းရုံသာ ရှိတော့မည်၊ ဆရာတော်ကို မပင့်ဖိတ်နှင့်တော့၊ ဆရာတော်အား သင့်တင့်သော ပုဂ္ဂိုလ်ကိုသာ ညွှန်ကြားရန် လျှောက်တော့"ဟု အမိန့်တော်ရှိသဖြင့် အမတ်များသည် အရှင်မြတ်အား သင့်တင့်သောပုဂ္ဂိုလ် ညွှန်ကြားရန် လျှောက်ထားရာ "တူရွင်းတောင်ခြေ၌နေသော အရှင်မဟာရာမသည် ကျမ်းဂန်တတ်သိလိမ္မာ၍ သာသနာတော်ကို ကြည်ညိုလေးစား ဆောင်ရွက်အားထုတ်လေ့ရှိသည်"ဟု ညွှန်ကြားတော်မူသည့်အတိုင်း ၎င်းအရှင်မဟာရာမအား တင်လျှောက်တော်မူပြီး ထိုအရှင်အား မဟာသံဃနာထဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်လှူဒါန်းခဲ့လေသည်။

ထိုမှတပါး ကျောင်းရံ ၄၀-တို့၌လည်း သင့်တင့်သော ကျမ်းဂန်တတ်မြောက်သည့် မထေရ်များကို တင်လျှောက်တော်မူသဖြင့် ထိုကျောင်းတိုက်ကြီးမှာ ပရိယတ္တိသာသနာတော် ထွန်းကားသည့်အတိုင်း ၎င်းကျောင်းရံတို့တွင် –

-အရှေ့မြောက်ထောင့်ကျောင်းနေ ဝရာဘိသံဃနာထမည်သော မထေရ်သည် မဏိကုဏ္ဍလဝတ္ထုကို မြန်မာအားဖြင့် စီရင်၍,

-၎င်းအနောက်တောင်ထောင့်ကျောင်းနေ မထေရ် ၁-ပါးလည်း သတ္တရာဇဓမ္မဝတ္ထုကို မြန်မာအားဖြင့် စီရင်တော်မူသဖြင့် ကျမ်းပြုမထေရ်များလည်း ထွန်းကားလေသည်။

✪ ✪ ✪ ✪ ✪

## ဗားမဲ့ဆရာတော် အဝသို့ ရောက်လာ၍ လောကနှင့်သာ ကိုးကွယ်ကြောင်း, သာသနာ၀င် မပါကြောင်း

ထိုစဉ်အခါ ရာမညတိုင်းသာသနာမှာ ဓမ္မစေတီမင်းတရားကြီး သုတ်သင်တော်မူခဲ့သော စင်ကြယ်သော သာသနာတော်မှာ ညစ်နွမ်းစပြုလာ၍ တောင်ငူရောက် ငါးဆူဒါယကာမင်းတရားသည် နိသျည်း ဥပဇ္ဈာယ်ကင်းသော ရဟန်းတို့အား စိစစ်မေးမြန်းလျက်

သာသနာတော်မှ နှင်ထုတ်ကာ သာသနာတော်ကို သုတ်သင်နေသောအခါဖြစ်၍ နိသျည်း မေးမရသည်နှင့် နှင်ထုတ်လိုက်သော ဗားမဲ့အကျော်, အာစာရအကျော်-ဟု တွင်သော မွန်ဆရာတော်သည် အဝနေပြည်တော်သို့ ရောက်လာ၍ ၎င်းဆရာတော်သည် လောကီ အရာ၌ အားထားမှီခိုထိုက်သော လောကီပညာများကို အားထား၍ ပရိယတ္တိသာသနာ မဲ့ငြားသော်လည်း ၎င်းမထေရ်အား သက္ကရာဇ် ၉၆၇-ခုနှစ်၌ လယ်ကြီးအရပ်တွင် ပြာသာဒ် ၃-ဆောင်နှင့် ကျောင်းတော်ဆောက်လုပ်ပြီး တင်လျှုတော်မူခဲ့လေသည်။

ထိုဗားမဲ့အကျော် မွန်ဆရာတော်တို့သည်ကား လူမှုလူရာ ဗေဒင်၊ ဆေးဝါး၊ အင်းအိုင်၊ ခလဲ့၊ လက်ဖွဲ့၊ မန္တန်တို့ကို လေ့လာတတ်ကျွမ်း၍ ပရိယတ္တိဂုဏ်နှင့် ပဋိပတ္တိဂုဏ် တို့ကား ထင်ရှားအောင် မကျွမ်းကျင်သဖြင့် မွန်ဆရာတော်တို့၏ အနွယ်ဝံသ ရာမညတိုင်း သာသနာဝင်အဆက် မထေရ်များတွင် မပါဝင်ကြသည့်အပြင် မြန်မာတိုင်းနိုင်ငံ သီလဝန်၊ ဂုဏဝန် မထေရ်မွန်တို့၏ အဆက်အနွယ်တွင်လည်း မပါဝင်ကြကုန်။

ထိုမှတပါး ထိုမင်းလက်ထက်၌ အခြားကောင်းမှုများမှာ သက္ကရာဇ် ၉၇၃-ခုနှစ် တွင် ခမည်းတော်မင်းတရားကြီး တဲတော်ကို ဖျက်၍ မဟာမြတ်မုနိစေတီတော်၏ အရှေ့ကို စဉ်လျက် ကျောင်းတော် ၄-ကျောင်း ဆောက်လုပ်တော်မူပြီးလျှင် —

၁။ တောင်စွန်ကျောင်းကို *တောင်ငူသတိုးဓမ္မရာဇာ ဆရာတော်အား* တင်လှူ တော်မူသည်။

၂။ ၎င်းကျောင်းတော်၏ မြောက်ဘက်ကျောင်းကို *ဗားတမော့ မွန်ဆရာတော်* အား တင်လှူတော်မူသည်။

၃။ ၎င်းကျောင်းတော်၏ မြောက်ဘက်ကျောင်းကို *လက်ျာဘိနန္ဒသူဆရာတော်* အား တင်လှူတော်မူသည်။

၄။ မြောက်စွန်ဆုံးကျောင်းတော်ကို *တောင်ငူမိဖုရား ဆရာတော်အား* တင်လှူ တော်မူသည် -

ဟူ၍ သာသနာလင်္ကာရစာတမ်း၌ ရေးသားဖော်ပြသည့်အတိုင်း မွန်ဆရာတော်များလည်း ထိုခေတ်က နေပြည်တော်မှာ ထင်ရှားကြကြောင်းများ မှတ်သားအပ်ကုန်၏။

၎င်းမွန်ဆရာတော်များသည် နောက်ကပြဆိုခဲ့ပြီးသော ဟံသာဝတီမှ ကြွလာ ကြသော ဗားမဲ့, ဗားတမော့ ဆရာတော်တို့ဖြစ်ကြ၍ ၎င်းတို့သည် လောကကို လေ့လာကြ ကာ နိသျည်းဥပဇ္ဈာယ် ကင်းကြသဖြင့် တိုင်းပြည်မှ အထုတ်ခံရသော လောကီအကျော် ပုဂ္ဂိုလ်ကျော်များသာ ဖြစ်ကြကုန်သည်။ မြန်မာဆရာတော်များကား ကျမ်းဂန် ပရိယတ္တိရေ

မထေရ်များဖြစ်ကြ၍ သာသနာ့ဝင်တွင် ထင်ရှားသော ပုဂ္ဂိုလ်များဖြစ်ကြရာ ၎င်းမြန်မာ ဆရာတော် ၃-ပါးတွင် လက်ျာဘိနန်သူဆရာတော်သည် ကျမ်းဂန်ကျန သာလွန်ကျော်ကြား ၍ နောက်တစ်ခေတ်၌ ထင်ရှားသော အရှင်တိသာသနဓဇမထေရ်နှင့် အရှင်တိလောကဂုရု မထေရ် စသောပုဂ္ဂိုလ်ကျော်များသည် ၎င်းဆရာတော်၏တပည့်များ ဖြစ်ကြောင်း သာသနာ့ဝင်မှတ်တမ်းများ၌ ရေးသားကြကုန်၏။

ထိုဆိုခဲ့ပြီးသော မင်းများလက်ထက် သာသနာတော်မှာ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့နှင့် ပြည့်စုံကုန်သော ထိုခေတ်က ကျော်ကြားသည့် မထေရ်မြတ်တို့အား ပစ္စည်း ၄-ပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းတော်မူခြင်းစသည်ဖြင့် သာသနာတော်သစ် ပြုစုအားထုတ် တော်မူကြရသည့်အပြင် မင်းယုတ်တစ်ပါး အုပ်စိုးသွား၍ ပျက်ပြားသော သာသနာတော် ဆိုင်ရာ ကျောင်း, တန်ဆောင်း, စေတီ, ပုထိုး-စသည်များကို ပြင်ဆင်ရခြင်းတည်းဟူသော သာသနာဟောင်းကို မပျက်စီးအောင် စောင့်ရှောက်တော်မူရခြင်းစသည့် သာသနာ့အမှု ကိစ္စများ ဆောင်ရွက်အားထုတ်တော်မူကြရကြောင်း ရာဇဝင်များ၌ ဖော်ပြသဖြင့် သာသနာ တော် ဆောက်တည်ရာ ရရှိကာ ထွန်းလင်းစ ပြုလာခဲ့လေသည်။

သို့ရာတွင် လောကီရေးရာ တတ်ကျွမ်းသိမြင်ကြသော ဗားမဲ့ဆရာတော်-စသည် တို့လည်း ထွန်းကားလျက်ရှိ၍ သီလဝန္တချည်း စင်ကြယ်လှသော သာသနာ စင်စစ်မဟုတ်စေ ကာမူ သာသနာတော်မြတ်အကျိုး တိုးပွါးစည်ပင်ခြင်းကို လိုလားတော်မူကြသော ဆရာ တော်တို့ များပြား၍ ထိုမထေရ်များကား ရာဇဂုရုမင်းဆရာများမှတပါး တောရအာရညကင် ဓူတင်သုံးတော်မူကြလျက် သာသနာတော်ကို စင်ကြယ်စွာဆောင်ရွက်၊ သီလဝန်, ဂုဏဝန် မထေရ်များ၏ အဆက်အနွယ်တော်များ-ဟု နောင်တစ်ခေတ် ထင်ရှားရှိခဲ့ကြလေသည်။

✪ ✪ ✪ ✪ ✪

## သီလဂုဏ်အားဖြင့် ကျော်ကြားတော်မူသော တောင်ဘီလာဆရာတော်နှင့် ပုဂ္ဂိုလ်ကျော်များ

'တောင်ဘီလာဆရာတော်'ဟု ပညာသုတ သီလဂုဏ်၊ သမာဓိဂုဏ်အားဖြင့် ကျော်ကြားသော အဝသာသနာ့ဝင်ဆရာတော်မှာ-

- စလင်းမြို့ဇာတိဖြစ်၍၊ ၎င်းအတ္ထုပ္ပတ် ပြောဆိုရေးသားကြသည်မှာ-
- ဒုတိယမင်းခေါင် လက်ထက်မှစ၍ သတိုးမင်းစောတိုင်အောင် မင်း ၆-ဆက် ဆရာတော် ဖြစ်သော ဆီးတောရွှေကျောင်း ဘုရင့်ဆရာတော် ဝင်စားသည်ဖြစ်၍ ငယ်စဉ်ကပင် ဉာဏ်ပညာထက်မြက် လျင်မြန်သောဉာဏ်ရှိသည် ဖြစ်သဖြင့်,

- ငယ်စဉ်အခါ ဦးရီးဆရာတော်ထံတွင် သင်ကြားကာ,
- ၁၃-နှစ် အရွယ်မှာ ရှင်သာမဏေအဖြစ်သို့ ရောက်ပြီး,
- ၁၅-နှစ်အရွယ် ပြည်မြို့ သီဟိုဠ်ရောက် အရှင်အတုလဝံသမထေရ်၏ အဆက်အနွယ် အရှင်အဘိသင်္ကေတမထေရ်ထံ စာပေသင်ကြား ကျွမ်းကျင်သည်အားလျော်စွာ,
- ၎င်း ၁၅-နှစ်တွင် ရှင်သာမဏေအဖြစ်နှင့်ပင် ဝေဿန္တရာပျို့ကို ရေးသားသဖြင့် သာမဏေကျော်-ဟု ထင်ရှား၍,
- သက္ကရာဇ် ၉၅၉-ခုနှစ်မှာ ပြည်မင်း ရန်နိုင်မင်း၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။
- ၎င်းပုဂ္ဂိုလ်မှာ ၉၄၈-ပြည့်ဖွား၊ ၅-တေးသားဖြစ်၍ မုနိန္ဒယောသပဉ္စင်း-ဟု ကျော်ကြား၍,
- အနောက်ဘက်လွန်မင်းတရား ပြည်မြို့ကို အောင်မြင်တော်မူသောအခါ ၎င်းကျော်ကြား ထင်ရှားသော အရှင်မုနိန္ဒယောသပဉ္စင်းကျော်ကို ပင့်လာတော်မူ၍ မင်းတရားကြီးသည် ပဉ္စင်းအဖြစ်ကပင် ကိုးကွယ်ခဲ့လေသည်။

ထိုအခါ အဝနေပြည်တော်မှာလည်း အရိယာလင်္ကာရမည်သော အဝပဉ္စင်းကျော်-ဟု ထင်ရှားသည့် ရဟန်း ၁-ပါးရှိရာ ၎င်းတို့မှာ ၇-ဝါစီသာ ရကြ၍ ပြည်နဝင်းရွှေကျောင်းမှ ပဉ္စင်းကျော် ရောက်လာကြောင်းကြားလျှင် "ထိုအကျော်နှင့် တွေ့လိုကြောင်း" ဗားတမော့ ဆရာတော်အား လျှောက်ထားကာ "အာဂန္တုဖြစ်၍ ကိုယ်တိုင်သွားဖို့မသင့်၊ ဂါထာဖွဲ့စီ၍ မေးမြန်းသင့်ကြောင်း"အမိန့်တော်ရှိသောအခါ "အသက်သိက္ခာ မည်မျှရှိကြောင်း" စသည် ဖွဲ့စီ မေးမြန်းသည်တွင် ပြည်ပဉ္စင်းကျော်ကလည်း "အသက်မည်မျှရှိကြောင်း၊ တွေ့မြင် လိုကြောင်း"ဂါထာဖွဲ့စီကာ ဖြေဆိုခဲ့လေသည်။

၎င်းပဉ္စင်းကျော် ၂-ပါးလုံးပင် အနောက်ဘက်လွန်မင်းတရား လက်ထက်၌ မင်း၏ အကိုးအကွယ်ကို ခံယူကြရ၍ သာလွန်မင်းတရားကြီးလက်ထက်သို့ ရောက်မှ-

*ပြည်ပဉ္စင်းကျော်ကို 'တိပိဋကာလင်္ကာရ'ဟူသော ဘွဲ့တံဆိပ်တော်၊*

*အဝပဉ္စင်းကျော်ကို 'အရိယာလင်္ကာရ' ဟူသော ဘွဲ့တံဆိပ်တော်-*

တို့ကို အသီးသီး ကပ်လှူခြင်းကို ခံယူရသဖြင့် သာလွန်ထင်ရှား ကျော်ကြားခဲ့လေသည်။

## သာလွန်မင်းတရားကြီး ဟံသာဝတီနေပြည်တော်၌ ယာယီစံနေတော်မူသည်တွင် အကျော် ၃-ပါးကို ပင့်တော်မူကြောင်း

ထိုမှတပါး ထိုအကျော် ၂-ပါးအပြင် 'တိသာသနာလင်္ကာရ၊ တိလောကာလင်္ကာရ' ဘွဲ့မည်ရှိတော်မူသော ပုဂ္ဂိုလ်ကျော် ၂-ပါးလည်း ရှိကြသေး၍ သာလွန်မင်းတရားကြီးသည် ဓမ္မာသောကမင်းတရားကြီးကဲ့သို့ ဒုတိယရာဇာဘိသေကခံယူတော်မူကာ 'သိရိသုဓမ္မရာဇာ မဟာဓိပတိ'ဟူသော တံဆိပ်နာမံတော်ကို ခံယူတော်မူပြီးလျှင် ဟံသာဝတီပြည်ကြီး၏ အနောက်မြောက်ယွန်း အောင်မြေအရပ်၌ သာယာကြီးကျယ်သော တဲနန်းမှာ စံနေတော်မူစဉ် မွန်မျူးမတ်, ရဟန်း, ရှင်,လူတို့က "မြန်မာရဟန်းများ စာပေကျမ်းဂန်မတတ်, မသိ" ဆိုဘိသည်ကို ကြားတော်မူသဖြင့် "အသက် ၃၀-ကျော်, ၄၀-အတွင်းရှိ ပိဋက, ဗေဒင် လောကဓမ္မ ၂-၃ာန ကျွမ်းကျင်တော်မူကြသော မထေရ် ၂-ပါး၊ ၃-ပါး ကြွလာတော်မူစေလိုကြောင်း" မင်းတရားကြီးသည် လေးထပ်ဆရာတော်အထံ တောင်းပန်လျှောက်ထားခဲ့လေသည်။

ထိုအခါက ကျမ်းဂန်ပိဋကတ် တတ်မြောက်လိမ္မာတော်မူကြ၍ ထင်ရှားကျော်ကြားသော ရှင်တိပိဋကာလင်္ကာရ၊ ရှင်တိလောကာလင်္ကာရ၊ ရှင်တိသာသနာလင်္ကာရ-ဟူသော လင်္ကာရအကျော် ၃-ပါးကို နောက်လိုက် ၁၀-ပါးစီနှင့် ဟံသာဝတီနေပြည်တော်သို့ ဆရာတော်ဘုရားကြီး စေတော်မူ၍ ရွှေမော်ဓောစေတီတော် အရှေ့ဘက်တွင် တဲကျောင်းတော် ၃-ကျောင်း၌ အသီးသီး သီတင်းသုံးစေပြီး စာပေပို့ချနေသည့်အပြင် လပြည့်နေ့ရံခါ ရွှေမော်ဓော သုဓမ္မာဇရပ်တွင် ကျမ်းဂန်တတ်မြောက်သော မွန်ဆရာတော်တို့နှင့် ကျမ်းဂန်စာပေ ဆွေးနွေးပြောဆိုရာ ထိုအခါမှ မွန်ဆရာတော်တို့က မြန်မာရဟန်းများ စာပေကျမ်းဂန် တတ်မြောက် ဉာဏ်ပညာကြီးကျယ်သည်ကို သိရှိချီးမွမ်းကြကြောင်းများ သာသနာဝင်မှတ်တမ်းများ၌ ရေးသားကြကုန်၏။

သာလွန်မင်းတရားကြီးသည် အဝနေပြည်တော်သို့ ဆန်တက်တော်မူသည်တွင် ထိုစဉ်အခါ ထင်ရှားတော်မူသော မွန်ဆရာတော် 'အရှင်တိလောကဂုရု'အထံ လင်္ကာရ အကျော် ၃-ပါး သွားရောက်ဖူးမြော်ကြရာ မထေရ်မြတ်က "ကျောင်းအာရာမ် ပျက်စီးသည်ကို ပြင်ဆင်တတ်သည်ဖြစ်၍ တိပိဋကာလင်္ကာရပုဂ္ဂိုလ်မှာ မြန်မာနိုင်ငံသို့ ရောက်လျှင် ရှေးဦးစွာ ကျောင်းရလိမ့်မည်"ဟု အမိန့်တော်ရှိဖူးသည့်အတိုင်း အကျော် ၃-ပါးတို့လည်း အတူကြွလာတော်မူကြပြီး ၎င်းတိပိဋကာလင်္ကာရအား မြစ်နားလေးထပ်ကျောင်းတော်ကို တင်လှူတော်မူခဲ့လေသည်။

ၡင်းမြစ်နားကျောင်းတော်ကား မင်းတရားကြီး၏ညီတော် မင်းရဲကျော်စွာ ဆောက်လုပ်လှူဒါန်းသဖြင့် 'မင်းရဲကျော်စွာတိ ဝိသုတော၊ ဓမ္မရာဇဿ ကနိဋ္ဌော' စသော ဂါထာကို အဦးထား၍ ကျောင်းတည်သမိုင်းကို အရှင်ကရဝိက စီရင်ရေးသားသည်ဖြစ်၍ ထင်ရှားသော ကျောင်းတော်ကြီး တစ်ခုဖြစ်ရာ မင်းတရားကြီးလက်ထက် ဂဏနာထလင္ကီပေသလဖြစ်တော်မူသော လေးထပ်ဆရာတော် သီတင်းသုံးသည့် ကျောင်းတော်မှ အခြားဖြစ်လေသည်။

## တိပိဋကာလင်္ကာရအကျော် ဆရာတော်သည် တောင်ဘီလာသို့ တောထွက်ကာ တောင်ဘီလာဆရာတော်-ဟု ကျော်ကြားကြောင်း၊ ရွှေဥမင်ဆရာတော် အရှင်ဇမ္ဗုဓဇမထေရ်နှင့် သွားရောက် တွေ့ဆုံတော်မူကြောင်း

ၡင်းအရှင်တိပိဋကာလင်္ကာရသည် မြစ်နားလေးထပ်ကျောင်းကို အလှူခံပြီးနောက် ၡင်း၌ စာပေပို့ချနေစဉ် အဋ္ဌသာလိနီအဋ္ဌကထာကျမ်းဦး ဂါထာ ၂၀-အဖွင့် ကျမ်းရိုး ဝီသတိ-ဝဏ္ဏနာကို စီရင်ပြီး မင်းရဲကျော်စွာ လျှောက်ထားတောင်းပန်သဖြင့် ယသဝဍ္ဎနကျမ်းကို စီရင်ပြီးနောက် သက္ကရာဇ် ၁,၀၀၀-ပြည့်နှစ်၊ သက်တော် ၆၀-တွင် တောင်ဘီလာတောရသို့ ဝင်တော်မူ၍ တောင်ဘီလာဆရာတော်-ဟု ထင်ရှားသောအခါ ဝိနယသင်္ဂဟအဋ္ဌကထာ၏ အဖွင့် 'ဝိနယာလင်္ကာရဋီကာသစ်'ကို စီရင်တော်မူခဲ့လေသည်။

ၡင်းတိပိဋကာလင်္ကာရ တောင်ဘီလာဆရာတော်သည်-

-"သာသနာဝင် မထေရ်စဉ်၌ ပါဝင်တော်မူသော,

-ထိုသာလွန်မင်းတရားကြီး လက်ထက်၌ပင် ပုဂံ အရှင်အရဟံဂိုဏ်းမှ ဆက်နွယ်လာသော,

-ပုခန်းကြီး ရွှေဥမင်ကျောင်း၌ သီတင်းသုံးတော်မူသည့်-

အရှင်ဇမ္ဗုဓဇမထေရ်မြတ်လည်း သီလ၊ သမာဓိ၊ ပညာသုတ ဝိနယဓရဂုဏ်တို့ဖြင့် ကျော်ကြားတော်မူ၍ ထိုအရှင်သည် သီလ၊ သိက္ခာ၊ ချစ်ခင် ကျမ်းဂန်ကျန ဝိနယဓရဖြစ်သဖြင့် ဝိနည်း ၅-ကျမ်း နိသျည်းကို စီရင်ရေးသားတော်မူသည်"ဟု ကြားသိတော်မူရလျှင် တွေ့မြင်တော်မူလိုသည်အားလျော်စွာ မန်းစက်တော်ခေါ် ပါဒစေတီ(ခြေတော်ရာ)သို့

အဖူးအမြော် ကြွရောက်တော်မူပြီးနောက် အပြန်တွင် ပုခန်းကြီး ရွှေဥမင်သို့ ကြွရောက်တော်မူ၍ ဝမ်းမြောက်ဝမ်းသာစွာ တွေ့ဆုံတော်မူခဲ့ကြလေသည်။

ထိုအရှင် ၂-ပါးတို့ သတင်းကျော်ကြားသည့်အတိုင်း တွေ့ဆုံတော်မူကြ၍ အထူးဝမ်းမြောက်ဝမ်းသာ ဆွေးနွေးပြောဆိုတော်မူကြရာ ရွှေဥမင်ဆရာတော်က "ဝိနည်း ၅-ကျမ်း နိသျည်းကို ရေးသားပြီးစီးကြောင်း"ပြောကြားသည့်တွင်-

အရှင်တောင်ဘီလာမထေရ်ကလည်း "ဝိနည်းသင်္ဂြိုဟ်အဖွင့် ဝိနယာလင်္ကာရဋီကာသစ် စီရင်ရေးသားကြောင်း၊ ၎င်းပြင် ဝိနည်း နိသျည်းလည်း စီရင်ဆဲဖြစ်ကြောင်း၊ သို့သော် အရှင်မြတ် စီရင်ပြီးဖြစ်လျှင် စီရင်ဖွယ်မရှိကြောင်း" စသည့် စကားစဉ်လာရှိသည့်အတိုင်း ပြောဆိုဆွေးနွေးတော်မူကြလေသည်။

ထို့နောက် တောင်ဘီလာဆရာတော် ပြန်ကြွတော်မူသည့်တွင် မထေရ်မြတ် ၂-ပါး သိက္ခာတော် တူမျှကြသဖြင့် ရှေ့က ကြွသင့်သည်ကို ပြောဆိုတော်မူကြသည်ကား-

တောင်ဘီလာဆရာတော်က "အရှင်ဘုရား၊ တပည့်တော်မှာ မင်းကျွမ်းဝင် ရာဇဂုရုဖြစ်ပါ၍ အရှင်သာ ရှေ့က ကြွသင့်ပါသည်"ဟု ပြောရာ ရွှေဥမင်ဆရာတော်က "လောကဌ် ရာဇဂုရုရဟန်းများသာ ပြဋ္ဌာန်းသောအရာဌ် တည်ပါသည်၊ အရှင်သာ ရှေ့က ကြွပါ"ဟု ပြန်ကြားလျှင် "တောင်ဘီလာဆရာတော် ရှေ့က ကြွသည်"ဟု စကားအစဉ်အလာ ရှိသည့်အတိုင်း လိုက်ပို့တော်မူပြီး တောင်ဘီလာဆရာတော်သည် နေပြည်တော်သို့ ရောက်တော်မူသောအခါ မင်းတရားကြီးအား ရွှေဥမင်ဆရာတော်အကြောင်း မိန့်ကြားပြောဆိုတော်မူရာ မင်းတရားကြီးလည်း အထူးကြည်ညိုလေးမြတ်ခြင်း ရှိ၍ ဇမ္ဗုဓဇဟူသော မူလဘွဲ့တော်တွင် ဒီပပုဒ်ထည့်၍ အရှင်ဇမ္ဗုဒီပဓဇဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းတော်မူခဲ့လေသည်။

✪ ✪ ✪ ✪ ✪

# ဗုဒ္ဓနိုင်ငံတော်

## သာလွန်မင်းတရားကြီးလက်ထက် လေးထပ်ဆရာတော်အကြောင်း ငရန်နတ်စက်ရောင်ဆရာတော် ၎င်းလက်ထက် ကိုးကွယ်ကြောင်း

သာလွန်မင်းတရားကြီးလက်ထက် တိုင်းပြည်နိုင်ငံတော်လည်းသာယာ၊ သာသနာတော်လည်း စည်ပင်သောခေတ်ဖြစ်သည့်အတိုင်း သီလ၊ သိက္ခာဂုဏ်တို့နှင့် ပြည့်စုံသော ဆရာတော်ဘုရားကြီးများ များစွာရှိရာ ၎င်းဂုဏ်ကို ကြည်ညိုလေးစားသောအားဖြင့် မင်းတရားကြီး ကိုးကွယ်တော်မူသော မထေရ်မြတ်ကား လေးထပ်ဆရာတော်ဘုရားဖြစ်၍ မင်းတရား၏ညီတော် မင်းရဲကျော်စွာ မရှိသည့်နောက် အမြင့်မြို့စား ရှင်တရုတ်ပုန်စား၍ မင်းတရားကြီးကိုယ်တိုင် တိတ်တဆိတ် လေးထပ်ကျောင်းတော်သို့ ထွက်သွားကာ ၎င်းဆရာတော်အား စောင့်ရှောက်ရန် လျှောက်ထားရာ–

ဆရာတော် အရှင်မြတ်က "ငါ-ရဟန်းသား ဖြစ်သည်၊ မည်သို့မျှ အထူးမကြံသာ၊ စံကျောင်းဆရာတော်တို့နှင့် တိုင်ပင်ပါ"ဟု အမိန့်တော်ရှိ၍ မင်းတရားလည်း ၎င်းဆရာတော်ကို ပင့်စေပြီး လျှောက်ထားရာ အစောင့်အနေရဟန်းများ ၁,၅၀၀-ခန့် ချထားလျက် မည်သူမျှ မဝင်နိုင်ရန် စောင့်ရှောက်ထားပြီး ၁-လကျော်မှ အတွင်းသားတို့ ရှင်တရုတ်ကို လုပ်ကြံသဖြင့် အလိုတော်ပြည့်ကာ နန်းတော်သို့ ပြန်လည်ဝင်တော်မူလျှင် ဆရာတော်များ အစုံအညီပင့်ဖိတ် ပရိတ်တရားတော်နာ၍ ဆွမ်းများ ဆက်ကပ်လုပ်ကျွေးပြီးနောက် မင်းတရားလျှောက်ထားသည်မှာ–

> "လေးထပ်ဆရာတော်ဘုရားကား ရဟန်းသား ပီလှပါပေသည်။ နောင်သံသရာအဖို့ ဆရာတော်ဖြစ်ပါပေသည်။
>
> - စံကျောင်းဆရာတော်လည်း စစ်သူကြီးဖို့ ကောင်းလှပါပေသည်။ ပစ္စုပ္ပန်အဖို့ ဆရာတော်ဖြစ်သည်"

ဟု ရာဇဝင်တို့အပြင် အစဉ်အလာ စကားလည်း ရှိကုန်၏။

မင်းတရားကြီးသည် ထိုသို့လျှောက်ထားသည့်အတိုင်းလည်း သံသရာအတွက် ကြီးကျယ်ခမ်းနားစွာ လှူဒါန်းလျှင် လေးထပ်ဆရာတော်အား လှူဒါန်း၍ စံကျောင်းဆရာတော်ကိုကား ပစ္စုပ္ပန်အရေးအကြောင်းအားလျော်စွာ ပင့်ဖိတ်လှူဒါန်းကာ တိုင်ပင်တော်မူလေ့ရှိလေသည်။

ထိုလေးထပ်ဆရာတော်မြတ်သည်ကား သီလတော်၊ သိက္ခာကာမ ဂုဏ်တော်တို့ဖြင့် ကျော်ကြား၍ ၎င်းဆရာတော်ဘုရား ရေးသားတော်မူသော ကျမ်းဂန်များပင် မရှိသော်လည်း ရှေးပုဂံ၊ ပုရိမသံဃာ၊ အရှင်အရဟံဂိုဏ်း အဆက်အနွယ်တော်တွင် ထင်ရှား၍ မင်းတရားကြီး ကိုးကွယ်ဆည်းကပ် လေးမြတ်ပူဇော်ခြင်းကို ခံယူတော်မူခဲ့ရပေသည်။

ထိုမှတပါး မင်းတရားကြီးသည် လေးထပ်ကျောင်း၌ တိမ်းရှောင်နေတော်မူစဉ်က "ဖြစ်ပွါးသော အရေးတော်အတွက် ဗေဒင်ဂဏန်း တတ်ကျွမ်းသော ရဟန်းများရှိပါသလော"ဟု လျှောက်ထားရာ "အခြားရဟန်းတို့မှာ ဗေဒင်ဂဏန်း လေ့ကျွမ်းသူ မရှိ၊ ငရန်မြို့မှ လာနေသော ရဟန်းငယ်ကား လေ့လာကျွမ်းကျင်သည်"ဟု ရဟန်းများက မိန့်ကြားလျှင် ၎င်းပဥ္စင်းငယ်အား ပင့်၍ မင်းတရားကြီး မေးမြန်းတော်မူသည်တွင် "ဗေဒင်ကို များစွာမတတ်၊ ကာလကြီးတစ်ခုသာ တတ်မြောက်ကြောင်း"ကို ရဟန်းငယ်ကဆိုရာ မင်းတရားကြီးက "ကာလကြီးကိုသာ ချပါ"ဟု လျှောက်၍ ၎င်းကာလကြီးကို ချကြည့်ပြီး "ဒကာတော်မြတ်၊ ကာလကြီးအလို စိုးရိမ်တော်မမူပါနှင့်၊ ယခု သီတင်းကျွတ်လပြည့် အလိုတော် ပြည့်ပါလိမ့်မည်"ဟု ပြောဆိုသည့်အတိုင်း အောင်မြင်တော်မူသဖြင့် မင်းတရားကြီး ဝမ်းမြောက်တော်မူ၍-

နောက်အခါ ရွှေစည်းခုံ အရှေ့မြောက်တွင် ကျောင်းတော် ဆောက်လုပ် ကိုးကွယ်ကြောင်း၊ ၎င်းရဟန်းအား ဓမ္မနန္ဒ၊ ဓမ္မရာဇဂုရု-ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ကပ်လှူတော်မူကြောင်း-စသည် မှတ်တမ်းများ၌လာသဖြင့် မင်းတရားကြီး လောကအရေးအရာအားဖြင့်လည်း ကိုးကွယ်တော်မူကြောင်း၊ ၎င်းဆရာတော်ကား အခြားမဟုတ် ရာဇဝင်များ အရ ငရန်နတ်စက်ရောင် ဆရာတော်-ဟု ကျော်စောထင်ရှားသော ဆရာတော်ဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

## သာလွန်မင်းတရားကြီး ရာဇမဏိစူဠာ (ကောင်းမှုတော်) စေတီတော်ကြီးနှင့် ကျောင်းတော်များ တည်ထားတော်မူကြောင်း

မင်းတရားကြီးသည် နောင်အစဉ်အလာ သာသနာ၌ ကျေးဇူးများစေခြင်းငှာ သရေခေတ္တရာပြည်ကြီးအတွင်း ဒွတ္တဘောင်မင်းကြီး တည်ထားကိုးကွယ်တော်မူသော စေတီတော် ၆-ဆူတို့တွင် သရမာစေတီတော်ပုံကို ယူ၍ စစ်ကိုင်းတောင်ရိုး အနောက်ဘက် ကျယ်ပြန့်သော မြေအပြင်ဝယ် ယခု ကောင်းမှုတော်ကြီး-ဟု ထင်ရှားသော ရာဇမဏိစူဠာ စေတီတော်မြတ်ကြီးကို တည်ထောင်တော်မူပြီးလျှင် ၎င်းစေတီတော်မြတ်ကြီး၏ အရှေ့, အနောက်, တောင်, မြောက် ၄-မျက်နှာတို့၌–

-ပြုဗ္ဗာဝန်ကျောင်းတော်

-ဒက္ခိဏာဝန်ကျောင်းတော်

-ဥတ္တရာဝန်ကျောင်းတော်

-ပစ္ဆိမာဝန်ကျောင်းတော်

ဟူ၍ ကျောင်းတော်ကြီး ၄-ကျောင်းတို့ကိုလည်း တည်ထားဆောက်လုပ်တော်မူပြီး ဥတ္တရာဝန်ကျောင်းတော်သို့ မိုးကြိုးကျသဖြင့် မီးသင့်သည်မှတပါး အခြားကျောင်းတိုက်ကြီး ၃-တိုက်တို့၌ ကျမ်းဂန် တတ်မြောက် ထင်ရှားသော ဆရာတော်တို့အား လှူဒါန်းတော်မူသည့် အပြင် ဂုဏ်အားလျော်စွာ ဘွဲ့တံဆိပ်များကိုလည်း ကပ်လှူတော်မူခဲ့လေသည်။

ထိုမင်းတရားကြီး တည်ထားတော်မူသော ကျောင်းတိုက်ကြီး ၄-တိုက်တို့တွင် သီတင်းသုံးတော်မူကြသော ဆရာတော်ကြီးများအနက် –

*ဒက္ခိဏာဝန်ဆရာတော်ဘုရားကြီး*သည် အဘိဓမ္မတ္ထသင်္ဂဟနိသျည်းကျမ်းနှင့် ကစ္စာယနသဒ္ဒါနိသျည်းကျမ်းကို စီရင်တော်မူ၍၊

*ပစ္ဆိမာဝန်ဆရာတော်ဘုရားကြီး*သည် ဉာသ်ကျမ်းရိုးကို စီရင်တော်မူသည်မှတပါး –

အခြား ကျောင်းတော်ကြီးများ၌ သီတင်းသုံးတော်မူကြသော ဆရာတော်ကြီးများ စီရင်ရေးသားသော ကျမ်းဂန်မရှိငြားသော်လည်း ၎င်းကျောင်းတိုက်ကြီး ၄-တိုက်တို့၌ ပရိယတ္တိသာသနာတော်ကား နောက်မင်းများ လက်ထက်တိုင်အောင် တိုးတက်ထွန်းကား လျက်ရှိကြောင်း သာသနာစဉ် မှတ်တမ်းများ၌ ရေးသားဖော်ပြကြကုန်၏။

## သားတော် မင်းရဲရန္တမိတ်လက်ထက် သာသနာတော်အကြောင်း

သာလွန်မင်းတရားကြီးသည် ကောင်းမှုတော်အရပ်ရပ် မပြီးပြတ်သေးမီ ရာဇမဏိ-စူဠာစေတီတော်မြတ်ကြီးကိုပင် ရေစက်တော် မသွန်းရသေးဘဲ ကံတော်ကုန်လွန်၍ သက္ကရာဇ် ၁,၀၁၀-တွင် သားတော် မင်းရဲရန္တမိတ်သည် ခမည်းတော်၏ အရိုက်အရာတော်ကို ဆက်ခံ စိုးအုပ်တော်မူပြီး ခမည်းတော်၏ ကုသိုလ်တော်အရပ်ရပ်ကိုလည်း ပြီးပြတ်အောင် ဆောင်ရွက်အားထုတ်တော်မူသည့်အပြင် ခမည်းတော်စံနေတော်မူခဲ့သော ရာဇမဏိစူဠာ တဲနန်းတော်ကိုလည်း ကျောင်းတော်ဆောက်လုပ်ပြီးလျှင် ခမည်းတော်လက်ထက်က အကျော် ၁-ပါး အပါအဝင်ဖြစ်သော **တိလောကာလင်္ကာရဆရာတော်**အား တင်လှူတော်မူပြီးနောက် *စစ်ကိုင်းလေးထပ်ဘုံသာကျောင်းတော်*ကိုလည်း ဉာဏ် ၈-ဆောင်အဖွင့် နိရုတ္တိ **မဉ္ဇူသာ**ကျမ်း စီရင်တော်မူသော ဒါဌာနာဂ ရာဇဂုရုဆရာတော်အား တင်လှူတော်မူခြင်း-စသော ကောင်းမှုကုသိုလ်တော်များကို အားထုတ်တော်မူခဲ့လေသည်။

ထိုမင်းလက်ထက် သောတာပန်နတ် ၉၉-ပါးတို့ ပြောင်းသွားကြသည်-စသည့် နိမိတ်စကား ဖြစ်ပေါ်လာသည်အားလျော်စွာ တရုတ်စစ်သည်တော်များ အဝနေပြည်တော်ကို ထိပါးလာသဖြင့် ပြည်ရေးပြည်ရာ ပျက်ပြားပြီး၊ သာသနာတော်လည်း တိမ်းယိမ်းထိပါး၍ တရုတ်စစ်သားတို့သည် လေးထပ်ကျောင်းတော်ကြီးကိုလည်း ဖျက်ဆီးမီးတိုက်၍ စံကျောင်းဆရာတော်၊ လောကုတ္တရာဆရာတော်ကြီးများကိုလည်း သတ်ဖြတ်ခြင်း-စသော သာသနာတော် ဘေး-ဥပဒ်များ တွေ့ကြုံရသော်လည်း ကာလအားဖြင့် မရှည်လျားလှသဖြင့် သိုဟန်ဘွားလက်ထက် ဖျက်ဆီးခြင်းကဲ့သို့ ပျက်စီးညှိုးနွမ်းခြင်း မရှိလှဘဲ ဆက်လက်တည်ထွန်းလျက် ရှိကုန်၏။

## ညီတော်ပြည်မင်း လက်ထက် သာသနာတော်

မင်းရဲရန္တမိတ်လက်ထက် တရုတ်တို့နှင့် စစ်ဖြစ်၍ တိုင်းပြည်မငြိမ်မသက် ရှိသည်တွင် တိုင်းသူပြည်သားများ လှုပ်ရှားတိုက်တွန်းချက်အရ ညီတော်ပြည်မင်းသည် သက္ကရာဇ် ၁,၀၂၃-ခုနှစ်တွင် ထီးနန်းသိမ်းယူပြီးလျှင် မဟာပဝရဓမ္မရာဇာလောကာဓိပတိ-ဟူသော ဘွဲ့တံဆိပ်နာမံတော်ဖြင့် ဘိသိက်ခံယူတော်မူပြီးနောက် ဇာတာတော် မသန့်-ဟူ၍ ပုဏ္ဏားတော်များ ဟောကြားချက်အရ သက်ငယ် ယာယီနန်းတော် ဆောက်လုပ်ပြီးလျှင် ၎င်းနန်းတော်ရာ၌ ဘုံသာဝတီသမုတ်၍ ခေတ္တစံနေတော်မူပြီး မြောက်နန်းတော်ဆောင်ကို

ၶင်းယာယီစံနန်းတော်ရာတွင် ကျောင်းတော်ဆောက်လုပ်ပြီးကာ *စစ်ကိုင်းအိမ်ရှေ့ကျောင်း* အရှင်အဂ္ဂဓမ္မာလင်္ကာရ ဆရာတော်အား တင်လျှောက်မူ၍ ၎င်းဆရာတော်သည် မြောက်နန်းကျောင်းဆရာတော်-ဟု ထင်ရှားသဖြင့် ပရိယတ္တိသာသနာတော်ကြီးကို အားထုတ်ဆောင်ရွက်သည့်အားလျော်စွာ ၎င်းဆရာတော်ဘုရားသည် သဒ္ဒါနိသျည်း၊ အဘိဓမ္မတ္ထသင်္ဂဟနိသျည်း၊ ၎င်းကျမ်းရိုး မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်းအရကောက်ကျမ်းများကိုလည်း စီရင်တော်မူလျက် ပရိယတ္တိသာသနာတော်ကို ပြုစုအားထုတ်တော်မူခဲ့လေသည်။

၎င်းပြင် မင်းတရားသည် တောင်ဘက်နန်းဆောင်ကိုလည်း မြို့၏အရှေ့ယွန်းတွင် တောင်နန်းကျောင်း ဆောက်လုပ်တော်မူပြီး၊ ၎င်းကျောင်း၌ ထိုအခါက ထင်ရှားသော မထေရ် ၁-ပါးအား တင်လျှောက်တော်မူခဲ့သော်လည်း ၎င်းမထေရ်ကား ကျမ်းဂန်ရေးသားခြင်း မရှိ၍ နောက်ခေတ်တွင် မထင်ရှားဘဲ ရှိခဲ့လေသည်။

မြောက်နန်းကျောင်းဆရာတော်သည် ပိဋကတ်ကျမ်းဂန်တတ်မြောက် ကျော်ကြားသော ဆရာတော်ဖြစ်၍ များစွာသော ကျမ်းဂန်တို့ကို ပြုစုအားထုတ်တော်မူခဲ့သည့်အပြင် ထိုအရှင်၏ တပည့်များလည်း ကျမ်းဂန်ကျန တတ်မြောက်ကြသော တပည့်များဖြစ်ကြသဖြင့် မြောက်နန်းကျောင်း ကျောင်းရံနေ အရှင်ဇိနာလင်္ကာရအား တံတားဦးလယ်ပြင်တွင် ရွှေကျောင်း ဆောက်လုပ်တင်လျှောက်တော်မူခြင်း၊ ထိုမှတပါး ထိုဆရာတော်၏တပည့် အရှင်ဂုဏရန္တအား တံတားဦးတွင် မှန်စီကျောင်းတော် ဆောက်လုပ်၍ တင်လျှောက်တော်မူခြင်းစသည် ဖြင့် ထိုဆရာတော်၏ တပည့်များ ထိုခေတ်က ထွန်းကားကြကုန်၏။

၎င်း ၂-ပါးတွင် အရှင်ဂုဏရန္တသည်ကား ၎င်းမြောက်နန်းကျောင်း ဆရာတော်ထံ စာပေသင်ကြားပြီးမှ ပဒုံမြို့၊ ကျေးဆီးပင်တွင် ချင်းတွင်းဇာတိရပ်ရွာမှာ ထောက်ပံ့ချီးမြှင့်မည့်သူ နည်းပါး၍ စာပေကျမ်းဂန်ကျသလောက် စည်ကားခြင်း မရှိရာ၊ တစ်ရံသောအခါ ချင်းတွင်းရွာတွင် မောက်ဆိုသူထံမှာ ကျောက်မျက်ရတနာကောင်း ရရှိသည်ကို ဘုရင်မင်းမြတ် သိမ်းယူတော်မူ၍ ၎င်းကျောက်မျက်ရတနာမှာ ထိုအခါမှစ၍ မောက်ကျောက်မျက်ရတနာ-ဟု ထင်ရှားကျော်ကြားလာသည်တွင် တစ်နေ့သ၌ ဘုရင်မင်းမြတ်နှင့် မြောက်နန်းကျောင်းဆရာတော်တို့ စကားစပ်မိကြ၍ "ချင်းတွင်းရွာမှာ ကျောက်မျက်ရတနာသာ မဟုတ်၊ အသုံးအဆောင်မရှိသော ပိဋကတ်အိုးတစ်လုံးလည်း ရှိသည်"ဟု အမိန့်ရှိသည့်အခါ ၎င်းအရှင်အား ပင့်ဖိတ်၍ မှန်စီကျောင်းဆရာတော်-ဟု ထိုအခါ ထင်ရှားလာသည့်အပြင် ပရိယတ်ကျော်ကြားသော မောင်းထောင် ရှင်ဂုဏသာရ၊ ပလိုင်း ရှင်သုဇာတတို့လည်း ၎င်းအရှင်၏တပည့်များ ဖြစ်ကြကုန်၏။

ဝင်းမြောက်နန်းကျောင်းဆရာတော်သည် ပြည်မင်းတရား တောင်းပန်၍ လောက ရေးရာဖြစ်သည့် ရာဇဝင်ချုပ် ရေးသားသော်လည်း လောကကို လိုက်တော်မမူကြောင်းကား ဝင်းမထေရ်မြတ်သည် ပြည်မင်း၏အမတ် နေမျိုးနော်ရထာ၏သား အမတ်မျိုးပင် ဖြစ်ငြား သော်လည်း လောကဘက်မငဲ့ဘဲ စွဲမြဲစွာ သင်ကြား ကျမ်းဂန်တတ် အကျော် ၁-ပါးဖြစ်ပြီး မြောက်နန်းကျောင်း အလှူခံတော်မူ၍ များစွာသော ရဟန်းတို့အား သင်ကြားပို့ချ နိသျနှင့် အရကောက်များ ရေးသားသည့်အပြင် တတ်အားသမျှ တရားတော်ကိုလည်း အားထုတ် လျက် သာသနာတော်ကို ဆောင်ရွက်နေစဉ်-

တရံရောအခါ လူထွက်တစ်ဦးဖြစ်သော သတိုးမင်းကြီးသည် မှူးတော်, မတ်တော် တို့၏ အဆောင်အရွက် အခင်းအကျင်းနှင့် ကျောင်းတော်သို့ လာ၍ ဆရာတော်နှင့် စကား စမြည်ပြောကြရာတွင် အဆောင်အရွက် အခင်းအကျင်းကို ပြပြီး "အရှင်ဘုရား၊ လူဖြစ်လျှင် ဤမျှလောက် မှူးမတ်စည်းစိမ်ကို ရပါမည်"ဟု ဆိုသည်ကို "ဤမျှလောက် စည်းစိမ်ကား ငါတို့ ကုဋိတစ်ခါတက်မျှ မတန်လေ၊ ကုဋိ တစ်ကြိမ်တက်က အသုဘကမ္မဋ္ဌာန်း များစွာ ပွါးများ နိုင်သည် မဟုတ်ပါလော"ဟု ဆရာတော်က ချေဆိုသည်-ဟူသော အစဉ်အလာ စကားကို ထောက်ထား၍ ဆရာတော်၏ သီလ၊ သိက္ခာ သာသနာတော်၌ လေးစားခြင်းတို့ကို သိအပ် ကုန်၏။

ဝင်းပြင် သာလွန်မင်းတရားကြီးဆရာ တောင်ဘီလာဆရာတော်ဘုရားက တစ်နေ့သ၌ သံဃာ့ဘောင်တွင် မြောက်နန်းကျောင်းဆရာကို ရည်၍ "ငါတို့ မရှိလျှင် ရှင်အဂ္ဂဓမ္မာလင်္ကာရတို့ ကျမ်းတတ်ပြုရစ်တော့မည်"ဟု အပျော်အပါး မိန့်တော်မူလျှင် "အရှင်ဘုရားမရှိက တပည့်တော်တို့မှတပါး အခြားကျမ်းတတ် ပြုမည့်သူ မည်သူရှိပါ သနည်း"ဟု လျှောက်ထားကြောင်း၊ အကြောင်းအရာ စဉ်လာစကားရှိသည်ကို ထောက်ထား ၍ကား ထင်ရှားသော်လည်း ဝင်းတောင်ဘီလာဆရာတော်၏ ခုနှစ်နှင့် စာလျှင် ရဟန်းငယ် ဘဝမှာ မီနိုင်ဖွယ်ရှိကြောင်း၊ ဝင်းမြောက်နန်းကျောင်းဆရာတော်ကား အမတ်မျိုးဖြစ်၍ ကျမ်းဂန်လည်း ကျနသဖြင့် ရဟန်းငယ်ကပင် ထင်ရှားကြောင်း၊ ထိုမထေရ်၏ ခုနှစ်သက္ကရာဇ် မထင်ရှားသော်လည်း ကိုးကွယ်သော မင်းကို ထောက်ထား၍ ဆင်ခြင်အပ်ကြောင်း မှတ်သားအပ်ကုန်၏။

## မဟာသိဟသူရဓမ္မရာဇာဘွဲ့ခံ နရာဝရမင်းလက်ထက် · တိလောကဂုရုမထေရ်အကြောင်း

သာသနာတော် ၂၂၁၆-ခု၊ သက္ကရာဇ် ၁,၀၃၄-ခုနှစ်၌ ပြည်မင်းလွန်တော်မူသည့်နောက် သားတော် နရာဝရမင်းသည် မဟာသိဟသူရဓမ္မရာဇာ-ဟူသော ဘွဲ့မည်တော်ဖြင့် ထီးနန်းဥကသ်မင်္ဂလာ ဖွင့်တော်မူ၍ တိုင်းနိုင်ငံ အုပ်ချုပ်စဉ် ရွှေစည်းခုံ မြောက်စောင်းတန်း အနီးတွင် ဇေတဝန်ခြေတိုင်ကျောင်း-ဟု ခေါ်ဆိုသည့်ကျောင်း၌ စာသင်နေသော ပဉ္စင်းပျို ၁-ပါးသည် "ကျမ်းဂန်ကျန တတ်မြောက်ပါလျက် အရွယ်ပျို၍ စိတ်အလိုလိုက်ပြီး လူဝတ်လဲတော့မည်"ဟု ဝတ်စားတန်ဆာယူ၍ အဖော်ရဟန်းများနှင့် ရင်းရဲဆိပ်သို့ လာကြသော် "ရဟန်းအဖြစ်နှင့် ရှိခိုးဦးမည်"ဟု လိုဏ်တွင်းသို့ဝင်၍ ရှိခိုးနေခိုက် ဒကာမတစ်ယောက် လိုဏ်အပြင်က ရေသွန်းပြီးလျှင် "ဤကောင်းမှုကြောင့် ဆင်းရဲနှင့် ငရဲကင်းလျက် ဘဝဆက်တိုင်း လူထွက်မယား မဖြစ်ရလို"ဟူသော ဆုတောင်းသံကို ရဟန်းပျိုကြားလျှင် သိချင်လှသဖြင့် အပြင်သို့ထွက်၍ "ဒကာမ၊ အဘယ်ကြောင့် 'လူထွက်မယား မဖြစ်လို'ဟု ဆုတောင်းဘိသနည်း"ဟု မေးသောအခါ ဒကာမက "လူထွက်မယား မဖြစ်ရလို-ဆိုသည်မှာ လူမိုက်မယား မဖြစ်ရလို-ဟု ဆိုလိုပါသည်"ဟု ဖြေကြားရာ ရဟန်းပျိုက "လူထွက်လျှင်ပင် မိုက်လေတော့သလော"ဟု ထပ်၍ မေးမြန်းသည်တွင် "လူထွက်သောရဟန်း အဘယ်မှာ မမိုက်ဘဲ ရှိအံ့နည်း၊ ရဟန်းမည်သည် သူတစ်ပါး လှူဒါန်းသောသင်္ကန်းကို ဝတ်ရုံကာ သူများလှူသော ဆွမ်းစား၍ သူများလှူသော အရိပ်သင်္ခမ်းကို သုံးဆောင်ပြီး ချမ်းသာစွာ နေလျက် စာပေလေ့ကျက် နေထိုင်ရသည်၊ မလေ့ကျက်လိုလည်း သင်္ကန်း ခြေကန် အိပ်နိုင်သည်။ သို့စဉ်လျက် လူထွက်ပြီး သူ့ကျွန်ခံဦးမည်၊ မယားကျွန်ခံ၍ လုပ်ကျွေးဦးမည့် လူထွက်ထက် မိုက်သောသူ မရှိပြီ၊ လူထွက်လူမိုက်မယားဖြစ်က ကျွန်ုပ်မဆင်းရဲပြီလော"ဟု ပြောဆိုသည်ကို ရဟန်းပျို သတိသံဝေဂရသဖြင့် ရင်းရဲတံခါးပြင်သို့ ထွက်၍ ငေးမှိုင်ကာ နေသည်တွင် အဖော်ရဟန်းတို့က ခေါ်ရာ ၎င်းအဖော်ရဟန်းတို့အား အကြောင်းအရာ ပြန်ကြားပြီးလျှင် "ယခုမှတော့ဖြင့် ငါ လူဝတ် မလဲတော့ပြီ"ဟု ဆို၍ စစ်ကိုင်းဘက်သို့ ကူးသွားခဲ့လေသည်။

စစ်ကိုင်းဘက်သို့ ရောက်သောအခါ ကျမ်းဂန်တတ်မြောက်သိမြင်သော ဆရာအရှင်တို့ထံ နည်းနာခံယူပြီး စာပေကျက်၍ တိလောကဂုရုချောင်-ဟု ထင်ရှားသော ကျောင်းငယ်၌ စာပေသင်ကြား ပို့ချနေရာ စာသင်ပုဂ္ဂိုလ်များ တစ်စတစ်စ များလာ၍ တဲအုံများ ဆောက်လုပ်နေထိုင်ကြသည်တွင် တစ်နေ့သောအခါ နရာဝရမင်း အဝနေပြည်တော်မှ

ပုညရှင်စေတီတော်သို့ အဖူးအမြော်ထွက်တော်မူ၍ စေတီတော်အား ဖူးမြော်ပြီး ကြည့်ရှုတော်မူရာ စာသင်ရဟန်း သာမဏေများ၍ ကျောင်းမနေလောက်သောကြောင့် တဲအုံဆောက်လုပ်လျက် စာပေလေ့ကျက်နေကြသော ရဟန်းတို့ကို မြင်ရလျှင် သဒ္ဓါကြည်ညိုဖြစ်ပွါး၍ လိုဏ်ဂူနှင့်တကွ ကျောင်းတော်ဆောက်လုပ်ပြီးလျှင် ထိုရဟန်းအား တင်လျှုတော်မူပြီး တိလောကဂုရု-ဟူသော ဘွဲ့တံဆိပ်ကိုလည်း ဆက်ကပ်လှူဒါန်းတော်မူခဲ့လေသည်။ ၎င်းကျောင်းတိုက်လည်း ဆရာ၏အမည်အားဖြင့် တိလောဂုရုချောင်-ဟု အခေါ်လွယ်သောအားဖြင့် က-မပါဘဲ နောက်အစဉ် ထင်ရှားကျော်စောခဲ့လေသည်။

## သာသနာ ၂,၂၄၂-ခု၊ သက္ကရာဇ် ၁,၀၆၀-ပြည့်၊ မန်အောင်ရတနာစေတီတော်ဒါယကာ မင်းတရားလက်ထက် အတင်ဂိုဏ်း, အရုံဂိုဏ်းကွဲပြားခြင်း

အဝ, သာသနာတော်မှာ တစ်ခါတစ်ရံကား တိုးတက်၍ တစ်ခါတစ်ရံကား နိမ့်ကျသွားကြောင်း ရေးသားဖော်ပြပြီးသော သာသနာဝင် အစဉ်အလာစကားကြီးကို ထောက်ထားသဖြင့် ထင်ရှား၍ ဂိုဏ်းဂဏသား အသီးအခြားဖြစ်ကာ ပင်းယ-သာသနာအစဉ်အလာကပင် အရညဝါသီတောနေဂိုဏ်းနှင့် ဂါမဝါသီပွဲကျောင်းဂိုဏ်းတို့မှ ဆင်းသက်လာသောဂိုဏ်းဟူ၍ ကွဲပြားလာခဲ့ရာ အဝနေပြည်တော်ကြီးတွင် သာသနာဖျက် သိုဟန်ဘွားမှတပါး ရှေးဘုရင်များနှင့် ညောင်ရမ်း ၁၀-ဆက်အထဲတွင် ရှေးဘုရင် ၅-ဆက်မှာ သာသနာတော်ကို စိစစ်လျက် ဆောင်ရွက်အားထုတ်တော်မူ၍ သီလ၊ သိက္ခာဂုဏ်ပြည့်စုံသော မထေရ်များကို ကိုးကွယ်ဆည်းကပ် သီလဝန်၊ ဂုဏဝန် မထေရ်များသာ ထင်ရှားသောကြောင့် အလဇ္ဇီဂိုဏ်းသား ရဟန်းများမှာ မိမိတို့ အယူဝါဒ တိုင်းပြည်၌ ထင်ရှားအောင် မပြုနိုင်ကြဘဲ နေကြသည့်အပြင် လဇ္ဇီသူမွန် ဂုဏဝန်မထေရ်အများသည်လည်း မိမိတို့ဖြည့်အပ်သော ပရိယတ်၊ ပဋိပတ်မျှ လေ့ကျက်တော်မူကြ၍ သူတော်ကောင်းတို့၏ အစဉ်အလာကိုသာ စောင့်ရှောက်တော်မူကြသောကြောင့် ဂဏဝိဝါဒ ဖြစ်ပွါးအောင် မကွဲပြားကြကုန်။

သို့ရာတွင် ညောင်ရမ်းခေတ်၊ နောက်မင်းဆက်များတွင် ထင်ရှားသော ညောင်စဉ်ရွှေကျောင်းဆရာတော်က ဂါမဝါသီရဟန်းတို့ကို ဆော်ဖန် စုရုံးပြီးလျှင် "ဦးထုပ်, ဒေါက်ခြာမဆောင်း၊ အညွန့်မင်္ဂလာမရှိသော ရဟန်းတို့ မနေစေနှင့်"ဟု တောနေရဟန်းတို့ ကျောင်းကန်ကို ဖျက်ဆီးစေ၍ ထွက်သွားကြရသည်ဟူ၍လည်းကောင်း "ဆင်တဲရွာ အရှေ့တောင်, သူဌေးကန် အနောက်တောင် တောကျောင်းတွင်နေသော တောနေရဟန်း ၅၀-ကျော်

တို့ကိုလည်း နှင်ဖြိုဦးမည်”ဟု ဂါမဝါသီရဟန်းတို့ ဆော်နိုးပြန်သည်ကို မန်အောင်ရတနာဒါယကာ မင်းတရား ကြားသိတော်မူ၍ “ညောင်စဉ်ရွှေကျောင်းဆရာတော်မှာ ဂါမဝါသီဖြစ်သည်၊ တောနေဆရာတို့မှာ အရညဝါသီဖြစ်ပေသည်။ ဂါမဝါသီတို့က အရညဝါသီတို့ကို မနှင်မဖြိုသာ၊ မွေ့လျော်ရာ နေထိုင်ကြပါစေ”ဟု အမိန့်တော်ပြန်၍ တားမြစ်မှ ချမ်းသာစွာ နေကြရသည်ဟူ၍လည်းကောင်း ရေးသားဖော်ပြကြသည်ကို ထောက်ဆ၍ ဂါမဝါသီရဟန်းများက အရညဝါသီရဟန်းများကို လွှမ်းမိုးဖျက်ဆီးစ ပြုလာခဲ့လေသည်။

အထက်ဆိုခဲ့ပြီးသော သက္ကရာဇ် ၁,ဝ၆ဝ-ပြည့်တွင် မင်းအဖြစ်သို့ ရောက်သော မန်အောင်ရတနာစေတီတော် ဒါယကာမင်းတရားလက်ထက် အနောက်ဘက် တုံရွှေကျောင်း ရှင်ဂုဏာဘိလင်္ကာရသည် “သာမဏေတို့ကို ရွာဝင်, ရွာသွား တစ်ဖက် လက်ကတော့တင်စေ၍ ဦးထုပ်တရပတ်ကို မဆောင်းမကိုင်စေဘဲ ယပ်ကိုသာ စွဲကိုင်စေလျက်”ဟု တောနေဂိုဏ်း-ဟု ဂိုဏ်းသီး, ဂိုဏ်းခြား တည်ထောင်ခဲ့ရာ ထိုဆရာတော်မှာ ပါဠိအဋ္ဌကထာ, ဋီကာကျမ်းဂန် အနက်အဓိပ္ပါယ် သဘောသကန်, မကျန၊ ဝိနည်းလည်း မတတ်ကျွမ်း၊ အဘိဓမ္မာ၊ ညဝိမျှသာ လေ့လာကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်ခဲ့လေသည်။

ထိုအခါမှစ၍ ၎င်းဂိုဏ်းသည် ကျမ်းဂန်သဘော မသက်ဝင်သော်လည်း အနေအထိုင်သီးခြား ဦးထုပ်တရပတ် မဆောင်းမကိုင်ခြင်းအားဖြင့် ၎င်းအစား ယပ်ကိုသာ ကိုင်လျက် တောနေဂိုဏ်း အမည်အားဖြင့် တုံတောနေဂိုဏ်း-ဟု ရွာကို အစွဲပြုကာ အမည်သညာ ထင်ရှားကျော်ကြားလာခဲ့လေသည်။

ထိုအခါ၌ပင် တောင်ငူမြို့ အရှင်ဗုဒ္ဓင်္ကုရ၊ အရှင်စိတ္တ၊ တပယင်းမြို့ကျေးရွာ အရှင်သုနန္ဒ၊ တရုတ်မြို့ငရန့်အို အရှင်ကလျာဏတို့က သာမဏေတို့ ရွာဝင်, ရွာသွား လက်ကတော့တင်လျက် မသွားစေဘဲ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်အားလျော်စွာ သင်္ကန်းကို ရုံစေလျက်သာ ဦးထုပ်တရပတ်ကိုလည်း မဆောင်းမကိုင်စေဘဲ ယပ်ကို ကိုင်စေ၍ အရုံတောနေဂိုဏ်း-ဟု ဂိုဏ်းသီး၊ ဂိုဏ်းခြား တည်ထောင်ကြသဖြင့် ထိုအခါမှ စ၍ အရုံတောနေဂိုဏ်းလည်း ထင်ရှားလာခဲ့လေသည်။

၎င်းအရုံဂိုဏ်းဆရာတော်တို့ကား ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်ကျနသည့်အပြင် ဝိနည်းကိုလည်း တတ်မြောက်ကြသဖြင့် ဝိနယဂရုကဆရာတော်များ ဖြစ်ကြ၍ ၎င်းတို့လည်း ၎င်းတို့ဂိုဏ်း တိုးပွါးရန် အားထုတ်ကြသည်အားလျော်စွာ တစ်စတစ်စ တိုးပွါးလာခဲ့လေသည်။

ထိုတုံဂိုဏ်း၊ ရုံဂိုဏ်း ၂-ဂိုဏ်းတို့ကား တောနေ အရညဝါသီဂိုဏ်းသားများ ဖြစ်ကြ၍ ဦးထုပ်တရပတ် မဆောင်း, မကိုင်ကြဘဲ ယပ်ကိုသာ စွဲကိုင်ကြ၍ အတင်, အရုံမျှ ကွဲပြား ပြီးလျှင် ကာလရှည်လျားသောအခါ အဓိကရဏ်းကျယ်ပွါး၍ လာသော်လည်း သာသနာ့ ဒါယကာမင်းများက ဂါမဝါသီဂိုဏ်းသား ရဟန်းများကိုသာ ဆရာထား၍ ကိုးကွယ်သော အားဖြင့် ၎င်းအတင်, အရုံဂိုဏ်းသားတို့ကို လျစ်လျူရှုကာ အမှုသည်မရှိသောကြောင့် ၎င်းအဓိကရဏ်းမှာ ထင်ရှားပြေငြိမ်းနိုင်လောက်သော ဝိနိစ္ဆယကို မရဘဲ အစဉ်အလာ အတိုင်း ကွဲပြားလာခဲ့ကြလေသည်။

သို့ရာတွင် အရုံဂိုဏ်းဆရာများသည်ကား ၎င်းတို့ဂိုဏ်းသည် ကျမ်းဂန်ထင်ရှား မြတ်စွာဘုရားအလိုတော်ကျ ဝိနည်းတော်နှင့်လည်း ညီညွတ်လှ၍ ဆရာအစဉ်အဆက် ဆောင်ရွက်လေ့ကျင့်လာခဲ့ကြရာ,

အတင်ဂိုဏ်းဆရာတို့မှာကား ဆရာစဉ်ဆက် အလေ့အကျက်မျှသာဖြစ်၍ ကျမ်းဂန် အကိုးအကား အားထားမှီခိုရာ ရှာကြသည်တွင် ၎င်းတို့ဂိုဏ်းသည် သီဟိုဠ်ရောက် အရှင်သဒ္ဓမ္မစာရီမထေရ်၏ အဆက်အနွယ်ဖြစ်ကြောင်း အနွယ်ဝံသ ခိုမှီးကြသည့်အပြင် စူဠဂဏ္ဌိဟု ယခုတွင်သောကျမ်းတွင် တင့်သင့်သော စကားပါအောင် ဖျသီးဆယ်ရွာတိုက် လူထွက်ကြီးကိုလည်း စကားထည့်သွင်းစေလျက် ၎င်းစူဠဂဏ္ဌိကျမ်းဂန် မြွက်ဆိုကြောင်း ကျမ်းဂန်လည်း ကိုးကားလာခဲ့ကြလေသည်။

- ထိုသို့ ကိုးကားပြောဆိုကြသည်ကို အစွဲပြု၍ တုံတောနေဂိုဏ်းကို အတင်ဂိုဏ်း-ဟူ၍ လည်းကောင်း, စူဠဂဏ္ဌိဂိုဏ်းဟူ၍လည်းကောင်း ခေါ်ဝေါ်လာသည့်အပြင်,
- အရုံတောနေဂိုဏ်းကိုလည်း အရုံဂိုဏ်းဟူ၍လည်းကောင်း, မဟာဂဏ္ဌိဂိုဏ်း-ဟူ၍ လည်းကောင်း မှည့်ခေါ်လာခဲ့ကြလေသည်။

ထို့နောက် သက္ကရာဇ် ၁,၀၇၆-ခုနှစ်၌ နန်းတက်သော ဆင်ဖြူရှင် တနင်္ဂနွေမင်း လက်ထက်၌လည်း ရွှေယင်မျှော်ရွာကြီးမှ ရှင်ဥက္ကံသမာလာမထေရ်ကြီးကို တွင်းသင်းမင်းကြီး ကပင့်၍ အဝနေပြည်တော်သို့ရောက်လျှင် ရွှေကြက်ယက်စေတီတော်အနီးတွင် ကျောင်း ဆောက် တင်လှူတော်မူပြီးနောက် "၎င်းရှင်ဥက္ကံသမာလာမထေရ်နှင့် အရုံဂိုဏ်းသား ရဟန်း များက ကျမ်းဂန်အထူးထူးပြ၍ ယူစေသင့်ကြောင်း" စကားဆိုကြရာ အတင်ဂိုဏ်းသား ရဟန်းများနှင့် တောင်ဘီလူးဆရာတို့ကလည်း "အရုံဂိုဏ်းကပြသော ကျမ်းဂန်တို့ကို ဖျက်၍ ဆရာအစဉ်အဆက်နှင့် တင်စေသင့်ကြောင်း"ဆိုကြသည်တွင်-

-မင်းက ၎င်းအဓိကရုဏ်း ဖြေဆိုဆုံးဖြတ်ရန် ထိုအခါက ရာဇဝလ္လဘဖြစ်၍ ထင်ရှားသော်လည်း ကျမ်းဂန်ကျနတတ်မြောက်ခြင်းမရှိသော–

-မှန်စီဆရာတော်

-မိုးထိဆရာတော်

-လက်ကောင်းဆရာတော်များနှင့်

-အရှင်ဗုဒ္ဓကုံရ ဂါမဝါသီဆရာတော်–

၄-ပါးကို ဝိနည်းမိုရ် ခန့်အပ်၍ ဆုံးဖြတ်စေသည်တွင် အရှင်ဥက္ကံသမာလာမထေရ်တို့မှာကား ကျမ်းဂန်ကျနပါဠိ, အဋ္ဌကထာ, ဋီကာသဘော သက်ဝင်လှသော်လည်း ခြုံပိတ်ပေါင်း ကောင်းနေသောနေရာ၌ အောင်းနေသော ကျားသစ်ကို မဖမ်းမယူသာသကဲ့သို့ မပြီးမပြတ်, မပြေမငြိမ်း ရှိခဲ့ကြလေသည်။

## ဟံသာဝတီရောက် မင်းလက်ထက်၊ အရုံ, ကျော်အောင်စံထား ဆရာတော်နှင့် အတင်, အရှင်ပါသံသတို့အကြောင်း

သက္ကရာဇ် ၁,၀၅၉-ခုနှစ် နန်းတက်သော ဟံသာဝတီရောက်မင်းလက်ထက် ပုခန်းကြီး၊ ပိုက်သင်ရွာကျောင်း အရှင်ဉာဏဝရကို ပင့်ဆောင်ကိုးကွယ်တော်မူ၍ ထိုဆရာတော်အရှင်သည် သုဓမ္မာတွင် စာပြန်ဆိုရာ ပဋ္ဌမကျော် အောင်မြင်၍ ပဋ္ဌမပြန်တန်းသငြိုဟ်ဂဏ္ဌိကျမ်းကို စီရင်တော်မူသည့်အပြင် အဋ္ဌသာလိနီဂဏ္ဌိကျမ်း၊ သူရာဝိနိစ္ဆယကျမ်း၊ ဟံသာဝတီရောက်မင်း တောင်းပန်တော်မူ၍ အဘိဓာန်နိသျည်းကျမ်း၊ ၎င်းမင်း၏ တံဆိပ်နာမံတော်ကို သဒ္ဒါ၊ ဆန်း၊ အလင်္ကာ၊ နေတ္တိ၊ ဝိဒဂ်၊ ဒဏ္ဍီ၊ ဗျဉ္ဇီနည်းများဖြင့် တန်ဆာဆင်လျက် ဖွင့်ဆိုသော ရာဇာဓိရာဇနာမတ္ထပကာသနီကျမ်းများကို ပြုစုတော်မူသဖြင့် ဘုရင်မင်းတရား ကြည်ညိုလေးစားတော်မူ၍ ဆင်တဲယာယီနန်းတော်နေရာတွင် ကျောင်း ၁၀၀-ပြည့်အောင် ဆောက်လုပ်တော်မူပြီး ကျော်အောင်စံထား ကမ္ပည်းတပ်လျက် ထိုမထေရ်အား တင်လှူတော်မူသောကြောင့် ကျောင်းအမည်အားဖြင့် ကျောင်းတရာ-ကျော်အောင်စံထားဆရာတော်-ဟု ကျော်စောထင်ရှားခဲ့လေသည်။

ထိုအခါကာလ၌လည်း ယခင်ဘိုးတော်များ လက်ထက်တော်က မပြီးမပြေသော အဓိကရုဏ်းကို ပြေငြိမ်းဖြေရှင်းရန် အရုံဘက်မှ ကျော်အောင်စံထားဆရာတော်၊ အတင်ဘက်မှ အရှင်ပါသံသဆရာတော်၊ ဤဆရာတော် ၂-ပါးကို ဦးတည်၍ အတင်, အရုံ ၂-ပက္ခ

အခြေအတင်ပြောဆိုကြရာ ရာဇဝလ္လဘ မင်းကျွမ်းဝင်ဖြစ်ကြသော ကျမ်းဂန်မကျေ မတတ်ကျွမ်းသည့်အပြင် ဝိနည်းလည်း မကျွမ်းကျင်သော အောင်မြေရွှေဘုံဆရာတော်ကို ဝိနည်းမိုရ် ပြုလုပ်ဆုံးဖြတ်သောကြောင့် ကျွဲပါးစောင်းတီးသကဲ့သို့ အမှုမပြေမငြိမ်းဘဲ တိုင်းရေးပြည်ရွာလည်း လှုပ်ရှားလျက် မွန်, တလိုင်းတို့ ဖျက်ဆီးကြသဖြင့် မင်း ၃၀-တို့၏ စံနေရာ ရတနာပူရ အဝနေပြည်တော်ကြီးသည် သက္ကရာဇ် ၁,၁၁၃-ခု၊ သာသနာတော် ၂,၂၉၅-ခုနှစ်မှာ ပျက်စီးတိမ်းယိမ်းခဲ့လေသည်။

## အလောင်းမင်းတရားကြီး တိုင်းပြည်တဲ့ပြန်တည်ထောင် သာသနာပြုကြောင်း

ထိုသို့တိုင်းရေးပြည်ရာ မငြိမ်မသက်ရှိသဖြင့် သာသနာတော်မှာလည်း ညစ်နွမ်းခဲ့ရာ နရပတိစည်သူမင်းမှ ဆင်းသက်တော်မူခဲ့သော နွယ်တော်စဉ်လာ မဟာအသမ္မိန္ဒခတ္တိယ နွယ်စစ် ပုဂံနွယ်ရိုး နေနတ်မျိုး ဖြစ်တော်မူသော အလောင်းမင်းတရားကြီးသည် ၎င်းမွန်များ၏ လွန်ကျူးတိုက်ခိုက်ခြင်းကို တဲ့ပြန်တိုက်သိမ်းတော်မူရာ ရတနာပူရ အဝနေပြည်တော်ကြီးနှင့် မြန်မာနိုင်ငံတော်အလုံး သိမ်းကြုံးအောင်မြင်တော်မူပြီး ရတနာသိခ်မြို့တော်ဟု ခေါ်တွင်သော ကုန်းဘောင်နေပြည်တော်ကြီးကို တည်ထောင်ဖန်ဆင်းတော်မူပြီးလျှင် သာသနာ့ဒါယကာစစ် မင်းမြတ်ဖြစ်တော်မူသည်နှင့်အညီ သာသနာတော်၏ အညစ် အကြေးဖြစ်သော ပွဲကျောင်း ဂါမဝါသီဂိုဏ်းသားများကို တရားသဖြင့် ပယ်ရှားသုတ်သင် သာသနာတော် သန့်စင်အောင် ပြုလုပ်အားထုတ်သော်လည်း–

၎င်းမင်းကြီးလက်ထက်၌ တံဂိုဏ်းဆရာဖြစ်သော အရှင်ယသမထေရ်ကို မဟာအတုလယသဓမ္မရာဇဂုရု-ဟူသော တံဆိပ်နာမံတော် ဆက်ကပ်၍ သာသနာပိုင် အပ်နှင်းတော်မူသောကြောင့် အရုံဂိုဏ်း ပလိုင်း အရှင်သုဇာတမထေရ်တို့က အရုံဂိုဏ်းသာ ဓမ္မဝါဒီဖြစ်ကြောင်း ကျမ်းဂန်အကိုးအကား များစွာပြလျက် စာဆက်သွင်းကြသည်ကို အတင်ဂိုဏ်း အတုလဆရာတော်တို့က ရှေးမင်းများလက်ထက် သုဓမ္မာတွင် ဆရာတော်, သံဃာတော်တို့ မျက်မှောက် ဖြတ်တမ်း, ဖြတ်စာနှင့် ပြီးပြီးသော အမှုဖြစ်ကြောင်းနှင့် ချေပသောစာ သွင်းကြ၍ မင်းတရားကြီး ပြောဆိုစေလိုသော ဆန္ဒရှိလျက်ပင် မပြောမဆိုရ၊ "တိုင်းရေး, ပြည်ရေး ကုန်စေပြီးမှ သာသနာတော်အရေး ဆွေးနွေးစိစစ်၍ မှန်ရာဖြစ်စေ ရမည်"ဟူသော အမိန့်တော်ကိုသာ နာခံဆိုင်းလင့်ရသဖြင့် အဓိကရဏ်းကား မပြေမငြိမ်းဘဲ ရှိခဲ့လေသည်။

အရုံဂိုဏ်းမှာ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်အရ ကျမ်းဂန်နှင့် ညီညွတ်ကြောင်း ဝိနည်းပါဠိ, အဋ္ဌကထာ, ဋီကာ အထောက်အထားဖြင့် စာတမ်းများရေးသားသည်တွင် အတင်ဂိုဏ်းသားများကလည်း ရှေးနည်းအတိုင်း အလောင်းမင်းတရားကြီးမှစ၍ မင်းတရားများ လေးစားလာသည်ကို အားထားကာ မင်းနားတော်ပေါက်က ပျောက်ပျက်မည်ထင်၍ ရွှေနားတော်ပေါက်ကြားအောင် ပြုကြသည်ကို မင်းတရားမှာ တရားအတိုင်းဖြစ်စေရန် သိကြား၊ နတ်တို့စောင်မဘိသကဲ့သို့ ၎င်းစာတမ်းများ ဆင်ခြင်သုံးသပ်ကာ 'အရှင်နန္ဒမာလာ မထေရ်မြတ်၏ စာတမ်းသာ ဓမ္မဝါဒီဖြစ်ကြောင်း' အောက်မေ့တော်မူသဖြင့် ၎င်းမထေရ်မြတ်ကို မြို့တော်သို့ ပင့်၍ မထေရ်မြတ်ထံ အတင်, အရုံအကြောင်းအရာများ ဝိနည်းတရားတော်အရ သင်ကြားနာယူတော်မူရာ သမ္မာရင့်၍ ပညာနှင့်ပြည့်စုံသော မင်းတရားဖြစ်သည့်အတိုင်း ၎င်းတို့တွင် အရုံဝါဒသာ မြတ်စွာဘုရားဟောကြားတော်မူသော ဝိနည်းတရားတော်အရဖြစ်ကြောင်း၊ အတင်ဝါဒမှာ အာစရိယမတ္တ ဆရာစဉ်ဆက်ယူခြင်းမျှသာဖြစ်ကြောင်း- ကောင်းစွာကိုယ်တော်တိုင် နားလည်တော်မူသဖြင့် ၎င်းအဓိကရုဏ်း ပြီးပြတ်အောင် ဆောင်ရွက်တော်မူမည်-ဟု ပိုင်းခြားဆုံးဖြတ်တော်မူခဲ့လေသည်။

## အတင်, အရုံ အဓိကရုဏ်း
## မင်းတရားဆုံးဖြတ်ပြဋ္ဌာန်းတော်မူကြောင်း

ထိုသို့ ကြံစည်တော်မူသည့်အတိုင်း အတင်, အရုံ ၂-ဂိုဏ်း သံဃာများကို နန်းတော်သို့ ပင့်ဖိတ်တော်မူပြီး ရွှေနန်းတော်တွင် လူ, ရှင်, ရဟန်း, ပရိသတ်တို့အလယ်၌ ဝိနည်းကျမ်းဂန် ဓမ္မကံပြ၍ ဝါဒအသီးသီး ဆိုကြစေရာ၊ "အတင်ဂိုဏ်းသားတို့ ဝါဒကား ပါဠိ, အဋ္ဌကထာ, ကျမ်းဂန် မသက်ဝင်၊ ဆရာစဉ်ဆက်မျှသာဖြစ်၍ အရုံဂိုဏ်းသားတို့ဝါဒသည်သာ ပါဠိ, အဋ္ဌကထာ, ဋီကာ သက်ဝင်၍ ကျမ်းဂန်နှင့် ညီညွတ်ပေသည်"ဟု မင်းတရားကိုယ်တိုင် ဆုံးဖြတ်မိန့်ကြားလျှင် "အတင်ဂိုဏ်းသား ရဟန်းများကလည်း ၎င်းတို့ဝါဒ ဆရာအစဉ်အဆက် အတုအပမျှသာ၊ ကျမ်းဂန်လာမဟုတ်ကြောင်း" ဝန်ခံကြသဖြင့် မင်းတရားလည်း"ကျမ်းဂန်သက်ဝင် တရားတော်အစဉ်အတိုင်း သာမဏေများ ရွာတွင်းရွာဝင် သုပ္ပဋိစ္ဆန္နသေခိယသိက္ခာပုဒ်နှင့်အညီ သင်္ကန်းရုံလျက် သွားကြစေ"ဟူသော အမိန့်တော်ပြန်တမ်းကို သက္ကရာဇ် ၁,၁၄၂-ခုနှစ်၌ ထုတ်ပြန်တော်မူခဲ့လေသည်။

ဤသို့ ထုတ်ပြန်တော်မူသည့်အတိုင်းလည်း ဝိနည်း, ဓမ္မကံနှင့်ညီစွာ အားလုံးလိုက်နာကျင့်သုံးတော်မူကြလေသည်။

ဤသို့ အဓိကရုဏ်း ပြေငြိမ်းပြီးနောက် လောကသရဖူဘုရား ရှေ့တော်တွင် စမုတ် ၂-ဆောင်၊ ပြာသာဒ် ၂-ဆူနှင့်တကွ ၄-ထပ်ကျောင်းတော်ကြီး ဆောက်လုပ်တော်မူ၍ ဘုံကျော်ဝေယန်ကျောင်းတော်ဟု ကမ္ပည်းတပ်တော်မူပြီး အရှင်နန္ဒမာလာမထေရ်အား တင်လှူတော်မူပြီးလျှင် နရိန္ဒာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော တံဆိပ်နာမံတော် ကိုလည်း ဆက်ကပ်လှူဒါန်းတော်မူခဲ့လေသည်။

ထိုအရှင်မြတ်သည် ပါဠိ, အဋ္ဌကထာ ကျမ်းဂန်ကျနစ်၍ များစွာသော ရဟန်းတို့အား ရွှေတံဆိပ်တော်မရမီကပင် ချပို့တော်မူခဲ့သည့်အပြင် ရဟန်းပျိုစဉ်ကပင်–

ဝိနယဝိနိစ္ဆယနိသျ သုတ္တသင်္ဂဟနိသျ

သုတ်မဟာဝါအဋ္ဌကထာနိသျ သာသနသုဒ္ဓိဒီပကကျမ်းနိသျ –

စသော ကျမ်းဂန်များ ပြုစုတော်မူခဲ့သော မထေရ်မြတ်ဖြစ်၍ မင်း ၇-ဆက်တိုင်မှ ပြေငြိမ်း ရသော အဓိကရုဏ်းကြီးကို ပြီးပြတ်အောင် အားထုတ်တော်မူကာ ကျောင်းတော်နှင့် တံဆိပ်တော်ကို အလှူခံတော်မူလျက် သာသနာတော်ကို အားထုတ်ဆောင်ရွက်တော် မူသောကြောင့် သာလွန်ကျော်ကြားတော်မူခဲ့လေသည်။

## ဘိုးတော်မင်းတရားလက်ထက် အတင်, အရုံဝိဝါဒ ထပ်မံ၍ ပြေငြိမ်းကြောင်း

## ဆရာတော်တို့ ဝန်ခံတော်မူကြသည့်အတိုင်း သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်ဖြင့် သာမဏေများ ရွာသို့ဝင်ကြောင်း

ထို့နောက် အလောင်းမင်းတရား၏ သားတော် 'ဘိုးတော်ဘုရား' ဟု နောင်ခေတ် တွင် ထင်ရှားသော ဗဒုံမင်းတရားသည် ၁,၁၄၃-ခုနှစ်၌ နန်းတက်တော်မူ၍ ရတနာပူရ မြို့တော်ကြီးတွင် ထီးနန်းစိုက်ထူတော်မူပြီးနောက် ခမည်းတော်အလောင်းမင်းတရားကြီးက 'တိုင်းရေးပြည်ရေးကုန်စေဦး၊ သာသနာတော်ရေး တရားမှုမှာ နောက်မှ ဆွေးနွေးစိစစ်၍ မှန်ရာဖြစ်စေရမည်'ဟူသော စကားကို မိန့်ဆိုတော်မူခဲ့ဖူးသည်များ ရွှေထီး, ရွှေနန်း သိမ်းမြန်း စံပယ်တော်မူဦးကပင် အမှတ်ရတော်မူ၍ 'မင်းအဆက်ဆက် မပြေမငြိမ်းရှိခဲ့သော အဓိကရုဏ်း ကြီးကို စဉ့်ကူးမင်းလက်ထက်၌ ပြီးပြတ်သည့်အရာမှာ ပရိသတ်အလယ်တွင် ကြောက်ရွံ့ ခန့်ညားသောအားဖြင့် ဝန်ခံသောအရာလည်း ဖြစ်တန်ရာ၏'ဟု ဆင်ခြင်အောက်မေ့ပြီး လျှင် "၎င်းအဓိကရုဏ်းကို ထပ်မံ၍ တရားသဖြင့် ဖြစ်စေရန် ၎င်း ၂-ပက္ခဆရာတော်တို့၏ ဝါဒကို ထိုဆရာတော်တို့၏ ကျောင်းတိုက်သို့ သွားရောက်လျှောက်ထားရမည်"ဟု အမိန့်

တော်သတ်မှတ်ပြီးနောက် ပညာရှိစာဆိုတော်ကြီး သုခမိန် တွင်းသင်းဝန်ဦးညိုနှင့် အတင်ဂိုဏ်းဆရာများ၏ မှူးမတ်များကို အသီးသီးကျောင်းဆောင်သို့ သွားရောက်လျှောက်ထားစေပြီး မိန့်ကြားသောစကားများကို ရွှေနားတော်ရောက် လျှောက်တင်စေခဲ့လေသည်။

ထိုသို့ ပညာရှိအမတ်များ ခန့်ထားစေလွှတ် လျှောက်ထားစေရာ အတင်ဂိုဏ်းဆရာတို့ကလည်း "သာမဏေများ ရွာဝင် သင်္ကန်းလက်ကတော့ တင်လျက် သွားစေခြင်းသည် ကျမ်းဂန်ကား မလာ၊ အတုအပလွဲစရှိ၍ အလွဲကျင့်မိစေသည်သာ ဖြစ်ပါသည်"ဟု အညီအညွတ် ဝန်ခံကြသည့်အပြင် "ပါဠိ၊ အဋ္ဌကထာ၊ ကျမ်းဂန်လာသည်နှင့် အညီ သာမဏေများ ရွာသွား၊ ရွာဝင် သင်္ကန်းကို ရုံစေပါမည်"ဟူ၍လည်း ကတိဝန်ခံကြသဖြင့် ထိုမထေရ်တို့၏ ဝန်ခံကတိနှင့် မိန့်တော်မူသောစကားများကို မင်းတရားကြီးထံ တင်လျှောက်ခဲ့ကြလေသည်။

မင်းတရားကြီးလည်း 'ဆွေးနွေးစိစစ်၍ တရားရှိတိုင်း မှန်ရာ ဖြစ်စိမ့်မည်'ဟု အကြံတော်ရှိသည်ကို "နှစ်ဖက်ပြိုင်၍ ဆွေးနွေးမစိစစ်ရဘဲ ဆရာတော်၊ သံဃာတော်တို့ တညီတညွတ်တည်း အဖြောင့်အမတ် ဝန်ခံတော်မူကြသည်မှာ ကိုယ့်အမှုကိုယ်ပင် စီရင်သောအရာဖြစ်၍ အထူးစီရင်ဖွယ် မရှိပြီ၊ သာသနာတော်မြတ်ကို ပြုစုထိုက်သော ဘုန်းကံရှိ၍သာ သာသနာတော်အရေး ပြေကုန်လွယ်သည့်အရာ ဖြစ်လာပေသည်-ဟု ဆရာတော်၊ သံဃာတော်တို့ ဝန်ခံတော်မူကြသည့်အတိုင်း ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္နဖြစ်အောင် သာမဏေများကို ရွာသွား၊ ရွာဝင် ဝတ်ရုံတော်မူကြပါစေ"ဟု စင်ကြယ်သော စိတ်ထားဖြင့် မိန့်ကြားတော်မူခဲ့လေသည်။

ဤသို့ မိန့်ကြားလျှောက်ထားသည့်အတိုင်းလည်း ဆရာတော်များသည် နိုင်ငံတော်ရှိ သံဃာများကို ဆင့်ဆိုကာ အညီအညွတ် ကျင့်ဆောင်တော်မူခဲ့ကြလေသည်။

## အလောင်းမင်းတရားဆရာတော် အတုလယသသည် ၎င်းဝိဝါဒကို စူဠဂဏ္ဌိကိုးကား၍ လျှံဆော်ရာ ၎င်းအတုလဆရာတော်ဦးပန်းထွေးအား သာသနာမှ နှင်ထုတ်ကြောင်း

ဤသို့အားဖြင့် သက္ကရာဇ် ၁,၁၄၃-ခု၊ ရွှေနန်းတော် တက်တော်မူစကပင် သာသနာရေး၊ သာသနာမှုကို ခမည်းတော် အမိန့်တော်မြတ်အတိုင်း ရှေးဦးစွာ သုတ်သင်ပြုစု ပြေငြိမ်းစေပါသော်လည်း သက္ကရာဇ် ၁,၁၄၄-ခုနှစ်၌ ဓာတ်၊ သိုက်၊ ဗျာဒိတ်၊ နိမိတ်၊ တဘောင်အရ အမရပူရရာဇဌာနီ ရွှေမြို့တော်ကြီးကို တည်ထောင်ဖန်ဆင်းတော်မူပြီးလျှင် ၁,၁၄၅-ခုနှစ်

ရာဇာဘိသေက ခံယူတော်မူ၍ ရွှေမြို့ ရွှေနန်း သိမ်းမြန်းတော်မူသည် ၁-ကြိမ်၊ ၁,၁၄၆-ခုနှစ်တွင်လည်း မုဒ္ဓါဘိသေက ခံယူတော်မူသည် ၁-ကြိမ်၊ ဤသို့ ၂-ကြိမ်တိုင် အဘိသေက မင်္ဂလာသဘင် ဆင်ယင်တော်မူပြီးနောက်၊ ၎င်းနှစ် အလောင်းမင်းတရားကြီးလက်ထက်က ဆရာတော်ဖြစ်ခဲ့ဖူး၍ အတင်ဂိုဏ်းသာသနာပိုင်ဟောင်း အတုလယသဆရာတော်က "စူဠဂဏ္ဌိကျမ်းတွင် သာမဏေတို့ တင်သင့်ကြောင်း၊ ၎င်းကျမ်းကိုလည်း သီဟိုဠ်ကျွန်း အနုရာဓမြို့၏ တောင်ဘက် ပေါက္ကန္တိဂါမ၌ ရဟန္တာမထေရ် အရှင်မောဂ္ဂလ္လာန်ပြုကြောင်း" မင်းတရားကြီး ရွှေနားတော်ကြားအောင် စာဆက်သွင်းသည်တွင်-

"၎င်းအတုလဆရာတော်အား ကျမ်းဂန်တတ်ကျွမ်းတော်မူကြသော ဆရာတော်တို့ ဆွေးနွေးပြောဟောစေ" အမိန့်တော်ရှိ၍ သုဓမ္မာဇရပ်တွင် မျက်နှာစုံညီ ဆွေးနွေး ပြောဆိုကြရာ ၎င်းအတုလဆရာတော် ပြောဆိုသော စူဠဂဏ္ဌိကျမ်းလည်း ခြေမြစ်ခိုင်မာ မရှိ၊ ၎င်းကျမ်း၌ဆိုသည်-ဟု ပြောဆိုသော စကားများလည်း ရှေ့နောက်မညီညွတ်၊ ၎င်းဆရာ တင်ပြသော သီဟိုဠ်ကျွန်း ကျမ်းဂန်များကို ဖော်ပြသည့် မှန်စာတွင်လည်း ၎င်းကိုးကားသော စူဠဂဏ္ဌိကျမ်း မပါ၊ ခိုးထုပ်ခိုးထည်နှင့်မိသော သူခိုးကဲ့သို့ ၃-ကြိမ်တိုင်အောင် မဟုတ်မမှန် ကြောင်း ဝန်ခံရသဖြင့် ၎င်းအတုလသာသနာပိုင်ဟောင်း ရှင်ယသ၊ လူနာမည် ဦးပန်းထွေး အား ထင်ရှားအောင် ပြုလုပ်၍ သာသနာတော်မှ နှင်ထုတ်ရလေသည်။

ဤသို့အားဖြင့် သာသနာတော် ၂,၂၄၂-ခု၊ သက္ကရာဇ် ၁,၀၆၀-ပြည့်နှစ် နန်းတက်တော်မူသော မာရ်အောင်စေတီတော်ဒါယကာ မင်းတရားလက်ထက်၌ ဖြစ်ပွါးလျက် မပြေမငြိမ်းခဲ့သော အတင်ဂိုဏ်း- စူဠဂဏ္ဌိဂိုဏ်းနှင့် အရုံဂိုဏ်း- မဟာဂဏ္ဌိဂိုဏ်းတည်း ဟူသော ဂိုဏ်း ၂-ဂိုဏ်းတို့ မင်း ၆-ဆက်တိုင်အောင် မပြီးမပြတ်ရှိလာခဲ့သည်မှာ စဉ့်ကူးမင်း လက်ထက် သက္ကရာဇ် ၁,၁၄၂-ခုနှစ် ပြေငြိမ်းသည့်တိုင်အောင် နှစ်ပေါင်း ၈၀-ကျော် မင်း ၇-ဆက်မြောက် ဖြစ်ပြီးလျှင် အမိကရုဏ်း လုံးဝပြီးပြတ်သော ဘိုးတော်မင်းတရားကြီး လက်ထက် သက္ကရာဇ် ၁,၁၄၆-ခု၊ သာသနာတော် ၂,၃၂၈-ခုနှစ်၊ အတုလသာသနာပိုင် ဟောင်းကို သာသနာတော်မှ နှင်ထုတ်ရသည့်တိုင်အောင် မင်း ၈-ဆက်မြောက်သို့ ရောက်ခဲ့ လေသည်။

ဤ ၂-ဂိုဏ်းတို့၏ ဆရာအစဉ်အဆက်ကား မကွဲပြားမီ ရှေးအဖို့မှာ တူညီကြ၍ ၎င်းဂိုဏ်းကွဲပြီးနောက်မှသာ ဆရာစဉ်ဆက် သီးခြားဆက်နွယ်ကြကာ ယထာဘူတမကျ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်အရ မဟုတ်-ဟု ဆုံးဖြတ်ခံရသော အတင်ဂိုဏ်း အဆက် အနွယ်များတွင်လည်း ထင်ရှားကျော်စောသော အဘိဓမ္မာတတ်ဆရာတော်များဖြစ်ကြ၍ ယမိုက် အကောက်နိသျှည်းကို စီရင်သော တိလောကဂုရု အမည်ရှိ ထန်းတပင်ဆရာတော်၊

ကြက်သွန်ခင်းဆရာတော်၊ အရှင်ပါသံသစသည်တို့ ပါဝင်ကြသဖြင့် ၎င်းတို့မှာ အာစရိယဝါဒအရ အယူသည်းခြင်းမျှသာ ဖြစ်ကြောင်း ထင်ရှားလေသည်။

## အလောင်းမင်းတရားကြီး ဆရာတော် အတင်ဂိုဏ်း အရှင်ယသ တင်ပြသော အဆက်အနွယ်နှင့် အရှင်နန္ဒမာလာ အရုံဂိုဏ်းဆရာတော်တင်ပြသော အဆက်အနွယ်များ

အလောင်းမင်းတရားကြီး ဆရာတော် ရှင်ယသတင်ပြသော အဆက်အနွယ်ဝံသမှာ—

| | | |
|---|---|---|
| ၁။ | အရှင်သဒ္ဓမ္မစာရီ | (သီဟိုဠ်မဟာဝိဟာရဝါသီနွယ်) |
| ၂။ | ၎င်းတပည့် အရှင်မဟာသာမိ | (ပြည်မြို့) |
| ၃။ | ၎င်းတပည့် အရှင်အတုလဝံသ | (ပြည်) |
| ၄။ | ၎င်းတပည့် အရှင်ဓမ္မသာမိ | (ပြည်) |
| ၅။ | ၎င်းတပည့် အရှင်အဘိသင်္ကေတ | (ပြည်) |
| ၆။ | ၎င်းတပည့် အရှင်တိပိဋကာလင်္ကာရ | (တောင်ဘီလာ) |
| ၇။ | ၎င်းတပည့် အရှင်အရိယဓဇ | (ဆားလင်း) |
| ၈။ | ၎င်းတပည့် အရှင်ဂုဏာဘိလင်္ကာရ | (တုံဂိုဏ်းဆရာ) |
| ၉။ | ၎င်းတပည့် အရှင်ပညာရာမ | |
| ၁၀။ | ၎င်းတပည့် အရှင်အတုလယသ | (အလောင်းမင်းတရားဆရာ) |

တို့ဖြစ်ကြ၍ ၎င်းအဆက်အနွယ်ဝံသမှာ ၁၀-ဆက်မျှ ရှိခဲ့လေသည်။

၎င်းပြင် စဥ့်ကူးမင်းလက်ထက် အရုံဂိုဏ်းမှ ရွှေနားတော်ကြားအောင် စာသွင်း၍ ၎င်း ၂-ဂိုဏ်းပြီးပြတ်အောင် ဆောင်ရွက်တော်မူသော **အရှင်နန္ဒမာလာ**၊ နရိန္ဒာဘိဓဇမဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ ဆရာတော် စီရင်တော်မူအပ်သော **အာစရိယပဝေဏီဆရာစဉ်ဆက်ကျမ်း**၌ ဖော်ပြသော ဆရာအစဉ်အဆက်မှာ—

၁။ အရှင်သဒ္ဓမ္မဠိတိ၊ အရှင်အရဟံအနွယ်မှ ဆင်းသက်တော်မူသော စကားကျောင်း-မတော်ဆရာ၊ အရှင်သုဓမ္မသာမိမထေရ်အနွယ်မှ ဆင်းသက်သော တောင်ဘီလူး

ပရက္ကမအနွယ် အရှင်သာရဒဿီ၊ တပည့် မြို့စားစောရန်နောင် ပင့်ဆောင်တော်မူ၍ ၎င်းတွင် သာသနာပြု အပ်နှင်းတော်မူသည့်အတိုင်း ပြည်သာသနာပိုင်မထေရ် ဖြစ်သည်။

၂။ ၎င်းတပည့် အရှင်အရိယဝံသ၊ အရှင်သဒ္ဓမ္မဋ္ဌိတိ လွန်တော်မူလျှင် ၎င်းပြည်၌ သာသနာပြု လွှဲအပ်တော်မူသော ဒုတိယသာသနာပိုင်ဆရာတော် အရှင်သဒ္ဓမ္မ-ဋ္ဌိတိမှာ တပည့် ၂-ပါးထင်ရှားရာ–

၁။ **အရိယဝံသမထေရ်,**

၂။ **မဟာသာမိမထေရ်–**

တို့ဖြစ်ကြ၍ သီဟိုဠ်သိက္ခာ အတူယူရန် ကတိထားလျက် သီဟိုဠ်သို့ သွားကြမည်တွင် အရှင်အရိယဝံသမထေရ်မှာ မကျန်းမာ၍ အရှင်မဟာသာမိမထေရ်သာ သွားပြီး, ပုဂံမှ သီဟိုဠ်သို့ မဟာဝိဟာရဝါသီ သိက္ခာယူရန် ရောက်နှင့်ကြပြီး ယူပြီးသော အရှင်သဒ္ဓမ္မစာရီနှင့်တကွ သီဟိုဠ်သံဃာ ၅-ပါး ပင့်ဆောင်လာပြီး မြန်မာနိုင်ငံသို့ရောက်မှပင် တရုတ်မော်တွင် သိက္ခာယူသောကြောင့် ကတိကဝတ် ဖျက်သည်-ဟု အရှင်အရိယဝံသ သိက္ခာမယူဘဲ ရှေးအနွယ်အဆက်အတိုင်း နေပြီးလျှင် အရှင်မဟာသာမိမထေရ်နှင့် ဂိုဏ်းသီးခြား နေခဲ့လေသည်။

ထိုအခါမှစ၍ အရှင်အရိယဝံသကား ရှေး*အရှင်အရဟံအဆက်အနွယ်*အတိုင်း ဖြစ်၍, အရှင်မဟာသာမိမထေရ်ကား သီဟိုဠ်ရောက် *အရှင်သဒ္ဓမ္မစာရီအနွယ်*ဝံသဖြစ်ခဲ့လေသည်။

၎င်းအရှင်သဒ္ဓမ္မစာရီမထေရ်အနွယ်မှာ–

၁။ အရှင်သဒ္ဓမ္မစာရီ၊ (သီဟိုဠ်မဟာဝိဟာရဝါသီဂိုဏ်းအနွယ်)

၂။ ၎င်းတပည့် အရှင်မဟာသာမိ၊ (မူလအရှင်သဒ္ဓမ္မဋ္ဌိတိတပည့် နောက်မှ အရှင်သဒ္ဓမ္မစာရီအထံ သိက္ခာယူသည်)

၃။ ၎င်းတပည့် အရှင်အတုလဝံသ (ကွမ်းမစားချောင်)

၄။ ၎င်းတပည့် အရှင်ရတနရံသီ။

ထိုမထေရ်သည် နောက်၌ မဟာသာမိဟူသောအမည်ကို ယူလျက် ပရိယတ်, ပဋိပတ် သာသနာတော် ဆောင်ရွက်သဖြင့် အထူးကျော်ကြား၍ များစွာသော တပည့်များ ထွန်းကားသည်တွင် ထင်ရှား၍ ရာဇဂုရုဖြစ်ကြသည့် မထေရ်များကား–

၁။ အရှင်သဂုဏာဓိဂမ၊ (ဟံသာဝတီဆင်ဖြူရှင် မိဖုရားဆရာ)

၂။ အရှင်သဒ္ဓမ္မာလင်္ကာရ၊ (ဟံသာဝတီဆင်ဖြူရှင် မြေးဆရာ)

၃။ အရှင်သုဓမ္မာလင်္ကာရ၊ (နောက် အရှင်သဒ္ဓမ္မစက္ကသာမိဘွဲ့ဖြင့် ဆင်ဖြူရှင်ပင့်၍ ဇင်းမယ် ကြွတော်မူသည်)

၄။ အရှင်အဘိသင်္ကေတ၊ (အရှင်မဟာသာမိထံတွင် ပရိယတ္တိပို့ချ ကျော်ကြား၍ သတိုးမင်းစော ဆရာပြုကိုးကွယ်သည်)

၅။ အရှင်အဘိသင်္ကေတ၊ အရှင်ရတနရံသီ၏တပည့်နှင့်-

ငင်းတပည့် -

၆။ ( က ) အရှင်စက္ကာဘိရာမ၊ (ရတနာဝိမာန်)

( ခ ) အရှင်သာသနဓရ၊ (နောက် မဟာဓမ္မဘွဲ့ခံယူသည်)

( ဂ ) အရှင်မုနိန္ဒဃောသ- *(ဟူ၍)*

တပည့် ၃-ပါးရှိသည်တွင်-

- အရှင်မုနိန္ဒဃောသမထေရ်မှတပါး မထေရ်များ ပြည်၌ သီတင်းသုံးကြသည်။

- အရှင်မုနိန္ဒဃောသမှာ အနောက်ဘက်လွန်မင်း ပြည်တိုက်သိမ်းပြီး ပင့်လာရာ တိပိဋကာလင်္ကာရဟူသော ဘွဲ့တံဆိပ် ခံယူတော်မူသည်။

၇။ အရှင်အဘိသင်္ကေတတပည့်၊ အရှင်တိပိဋကာလင်္ကာရအကျော် တောင်ဘီလာ ဆရာတော်။

၈။ ငင်းတပည့် အရှင်မဟာတိဿ (အမြင့်မြို့ ဇာတိဖြစ်၍ ငင်းမှ ဆားလင်းကြီး တောရကျောင်း၌ တပည့်ရဟန်းများစွာတို့အား စာပေပို့ချနေခဲ့သည်။)

၉။ ငင်းတပည့်၊ အရှင်စန္ဒပညာ (မြို့ကြီးရွာ ဇာတိဖြစ်၍ ငင်းမထေရ်ထံ ပိဋကစာပေ ပို့ချနေခဲ့လေသည်။)

၁၀။ ငင်းတပည့် အရှင်ဂုဏသီရိ၊

ထိုမထေရ်သည် အရပ်ရပ် ပိဋကပညာဆည်းပူး၍ ဂါမဝါသီ ၈-ဝါရမှ သိက္ခာချပြီး တောရသိက္ခာယူခဲ့သည်။

၁၁။ ၎င်းတပည့်-

၁။ အရှင်ဓမ္မဓရ ၂။ အရှင်ကလျာဏဓဇ ၂-ပါးရှိရာ-

၎င်း ၂-ပါးလုံးပင် ပုဂံမြို့ ဥပဇ္ဈာယ်ဆရာထံ စာပေပို့ချပြီးနောက် ဗန့်ကျီတွင်းသို့ ပြန်လာ၍ ဇာတိ ရေမြိန်ရွာတွင် စာပေပို့ချနေစဉ်-

၁။ အရှင်ဓမ္မဓရသည် ပေရင်းရွာ ဒကာများပင့်၍ ထိုရွာ၌ စာပေပို့ချ နေခဲ့လေသည်။

၂။ အရှင်ကလျာဏဓဇကား မောင်းထောင်ရွာနှင့် ညောင်ကန်ရွာ ၂-ရွာ၌ စာပေပို့ချနေခဲ့လေသည်။

၁၂။ ၎င်းအရှင်ကလျာဏဓဇတပည့် –

အရှင်နန္ဒမေဓာမထေရ်၊ ဤမထေရ်သည် ပေါက်မြင့်ရွာဇာတိဖြစ်၍ ၎င်း၏ အဆက်အနွယ်ဝံသကို ပြဆိုရေးသားသော "အာစရိယပဝေဏီကျမ်းပြု"မထေရ် ဖြစ်လေသည်။

ဤသို့အားဖြင့် အာစရိယပဝေဏီ ဆရာအစဉ်အဆက် ပြဆိုကြရာ ရှေးပုဂံအဆက် အနွယ်ဝံသများမှ ပုရိမသံဃာ အရှင်အရဟံဂိုဏ်း အနွယ်ဝံသနှင့် ပစ္ဆိမသံဃာ၊ အရှင်ဆပ္ပဒ၊ အရှင်အာနန္ဒာဂိုဏ်း အနွယ်တို့ကို မဖော်ပြဘဲ သီဟိုဠ်ရောက် အရှင်သဒ္ဓမ္မစာရီမထေရ်မှ ဆင်းသက်သော မထေရ်စဉ်ဆက်များသာ ဖြစ်ကြလေသည်။

ထိုလက်ထက် ထိုအခါများ၌ ရှေးအရှင်အရဟံမထေရ်၏ အဆက်အနွယ်သံဃာများနှင့် အရှင်ဆပ္ပဒမထေရ်၏ အဆက်အနွယ်သံဃာများလည်းရှိကြောင်း၊ သို့သော်လည်း အဆက်အနွယ်ဝံသရေးသားသော အကြောင်းအရာမှတ်တမ်းများ မရှိ၍ မဆက်မိသကဲ့သို့ ရှိခဲ့သဖြင့် ၎င်းရှေးပုဂံသာသနာဝင်မှာ ယခုဆိုခဲ့ပြီး အာစရိယပရမ္ပရ၌ မပါမဝင်ကြောင်း မှတ်သားအပ်ကုန်၏။

## ပင်းယ စကား ၇-ကျောင်း မထေရ်များ အဆက်အနွယ်

ထိုမှတပါး ပုဂံမှ ပြောင်းရွှေ့ကာ ပင်းယမှာ ထီးနန်းစိုက်ထူကြသော မင်းများတွင် မင်းကြီးဥဇနာလက်ထက် တည်ထောင်ဆောက်လုပ်သော စကား ၇-ကျောင်း၌ ဆရာစဉ်ဆက်, ဆက်သွယ်၍ပင် မပြသော်လည်း အရှင်အရဟံအနွယ်နှင့် အရှင်အာနန္ဒာအနွယ်

မှ ဖြစ်ကြသဖြင့် ၎င်းဂိုဏ်းသံဃာများမှာ ရှေးက ကံကြီး,ကံငယ် ခြားနားလျက် သီးခြား နေထိုင်ကြသော်လည်း နောက်အခါ၌ကား ကံကြီး,ကံငယ် မခြားနားဘဲ ၎င်းစကား ကျောင်းတိုက်ကြီး၌ အတူတကွ သီတင်းသုံးတော်မူခဲ့ကြလေသည်။

ထိုစကား ၇-ကျောင်းတွင် မထေရ်ကြီးအဖြစ် တင်လျှောက်တော်မူသော ကျောင်းမကြီး ၌ သီတင်းသုံးတော်မူသည့် အရှင်သုဓမ္မသာမိမထေရ်၏ အနွယ်ဝံသမှာ—

၁။ အရှင်သုဓမ္မသာမိမထေရ်၊ (အရှင်အရဟံမထေရ်အနွယ်)

၂။ ၎င်းတပည့် အရှင်မဟာမဟိန္ဒ၊

၃။ ၎င်းတပည့် အရှင်ခေမာစာရ၊

၄။ ၎င်းတပည့် အရှင်သာရဒဿီ၊

၅။ ၎င်းတပည့် အရှင်သဒ္ဓမ္မဋ္ဌိတိ၊ (ပြည်မြို့သာသနာပိုင်)

၆။ ၎င်းတပည့် အရှင်အရိယဝံသ-

၎င်းမထေရ်အား အရှင်သဒ္ဓမ္မဋ္ဌိတိ လွန်သည့်နောက် သာသနာပြု အပ်နှင်းခဲ့လေသည်။

ဤသို့အားဖြင့် စကား ၇-ကျောင်းမှ ဆက်နွယ်ခဲ့သော အရှင်အရဟံဂိုဏ်း အနွယ် ဝံသမှာ ရာဇဝင်အရအားဖြင့် ပင်းယအဆက်အနွယ်ကို မည်သို့မျှ မဆိုဘဲ ပြည်အရှင်သဒ္ဓမ္မ- ဋ္ဌိတိအား ပြည်မြို့စား စောရန်နောင် ပင့်ဆောင်၍ သာသနာပြု အပ်နှင်းခဲ့သည့်အပြင် ဘုရင်နရပတိ သားတော်အလတ် မင်းဆင်များကို မင်းကြီးစွာအမည်နှင့် သက္ကရာဇ် ၈၀၇- ခုနှစ် ပြည်မြို့စား ပေးသောအခါ၌လည်း—

“တောင်ကို ဂူထွတ် တရုတ်မော်၊
အနောက်ကို ဘိုးခေါင်၊
အရှေ့ကို ကုန်းခေါင်၊
မြောက်ကို မလွန်တောင်ခွင်ကျွန်းတော်၊

ဤ ၄-ရပ်အတွင်းတွင် လူဖွေးဖွေးကို ငါ့သားစီရင်စေ၊ အရှင်ချင်းချင်းကို ငါ့ဆရာ စီရင်စေ”ဟု အရှင်သဒ္ဓမ္မဋ္ဌိတိကို သာသနာပိုင် အပ်နှင်းတော်မူခဲ့လေသည်။

၎င်းအရှင်သဒ္ဓမ္မဋ္ဌိတိတပည့် အရှင်အရိယဝံသနှင့် အရှင်မဟာသာမိ ၂-ပါးရှိရာ သီဟိုဠ်သိက္ခာယူရန် ကတိပြု၍ သွားကြမည်တွင် အရှင်အရိယဝံသ မလိုက်နိုင်ဘဲ၊ အရှင်

မဟာသာမိသာ ကြွသွားကာ အရှင်သဒ္ဓမ္မစာရီ ပင့်လာ၍ မြန်မာနိုင်ငံ တရုတ်မော်ရောက်မှ ကတိဖျက်၍ သိက္ခာယူသဖြင့် အရှင်အရိယဝံသ သိက္ခာမယူဘဲ ဂိုဏ်းသီးခြားနေရာ ထိုအခါမှာ အရှင်အရိယဝံသသည် ဆရာတော်အရှင်မြတ် လွန်တော်မူ၍ သာသနာပိုင် အပ်နှင်းပြီး ဖြစ်ခဲ့လေသည်။

## ထူပါရုံစေတီတော်ဒါယကာ ဘုရင်နရပတိလက်ထက် ထင်ရှားသော ရေငုံဆရာတော် အစဉ်အဆက်

ထို့နောက် သာသနာအဆက်အနွယ်ပြဆိုရာ၌ အရှင်အရိယဝံသမထေရ် အနွယ်ဝံသကို မပြဘဲ အရှင်မဟာသာမိအနွယ်အစဉ် သီဟိုဠ်အဆက်ကိုသာ ပြဆိုကြ၍ ၎င်းအရှင် အရဟံဂိုဏ်းသံဃာ-ဟု ဆိုအပ်သော ရှေးသာသနာဝင် အစဉ်အလာမှာ မပြတ်ဘဲ တည်ရှိခဲ့ကြသည်မှာ-

- ၎င်းထူပါရုံစေတီတော်ဒါယကာ ဘုရင်နရပတိလက်ထက် ပရိယတ်, ပဋိပတ်အားဖြင့် ကျော်ကြားတော်မူသော ရေငုံဆရာတော်၊
- ၎င်းအထံ၌ စာပေနည်းနာယူ၍ ဓမ္မဝိလာသိကဖြစ်သော အရှင်မဟာအရိယဝံသ အကျော် ဆရာတော်တို့လည်း ရှေးအရှင်အရဟံအနွယ်ဝံသဖြစ်ကြောင်း သာသနာဝင် မှတ်တမ်းများ၌ ရေးသားခဲ့လေသည်။

**ထိုဆရာတော်တို့၏ အနွယ်ဝံသမှာ-**

**၁။ ရေငုံဆရာတော်**

၎င်းဆရာတော်သည် ရာဇဂုရု မင်းဆရာဖြစ်သည်ကိုကား မဆိုသော်လည်း သာသနာဝင် သူတော်အစဉ်၌မူ ထင်ရှားခဲ့လေသည်။

**၂။ အရှင်မဟာအရိယဝံသ**

၎င်းဆရာတော်သည် ပင်းယအနွယ်ဖြစ်၍ မထေရ်မြတ်ထံ စာပေနည်းနာ ခံယူပြီး စာတတ်ဆရာတော်တစ်ဆူအဖြစ် သာသနာဝင် ထင်ရှားသဖြင့် ဘုရင်နရပတိ၊ ဘုရင် မဟာသီဟသူနှင့် ဒုတိယဘုရင်မင်းခေါင်တို့ လက်ထက်တိုင် ကျော်ကြားကာ မင်း ၃-ဆက် ဆရာဖြစ်ခဲ့လေသည်။

### ၃။ အရှင်သဒ္ဓမ္မကိတ္တိ

ဇေတဝန် ပထမဆရာတော် အရှင်မဟာအရိယဝံသ ဆရာတော်၏တပည့် ဖြစ်၍ မထေရ်မြတ်ညွှန်ကြားချက်အရ ဇေတဝန်ကျောင်းတွင် စာပေပို့ချရ၍ အဝရွှေနန်းကြော့ရှင်လက်ထက် ပုဂံမှ ကြွလာသော မဟာသူတော်ကြီးနှင့် အရှင်တိသာသနဓဇတို့ ၎င်း၌နေခိုက် သက္ကရာဇ် ၈၈၈-ခု ရှမ်းစလုံ သိုဟန်ဘွား ဘေးကြောင့် အဝပြည်ကြီးပျက်စီး၍ သာသနာတော်လည်း တိမ်းပါးကာ သံဃာတော်များ သတ်ဖြတ်ညှဉ်းဆဲခြင်းကြောင့် တောင်ငူသို့ ကြွသွားတော်မူခဲ့လေသည်။

### ၄။ အရှင်တိသာသနဓဇ

၎င်းမထေရ်သည် အရှင်သဒ္ဓမ္မကိတ္တိမထေရ်မြတ်တပည့် မင်းရဲသီဟသူ လက်ထက် ရဟန်းပြု၍ သိုဟန်ဘွားဘေးကြောင့် တောင်ငူသို့ ကြွတော်မူကြရာ၊ အရှင်သဒ္ဓမ္မကိတ္တိမထေရ်နှင့် မဟာသူတော်ကြီးတို့ တောင်ငူမှာပင် လွန်တော်မူကြ၍ သက္ကရာဇ် ၉၁၂-ခုနှစ်၊ ဟံသာဝတီဆင်ဖြူများရှင် ပင့်တော်မူသဖြင့် ဟံသာဝတီသို့ ကြွတော်မူပြီး ၉၁၃-ခုနှစ်၊ သက်တော် ၄၃-နှစ်မှာ မိုးပြိုနရပတိလက်ထက် စစ်ကိုင်းသို့ ရောက်၍ စကားဦးမင်းကျောင်း၌ နေစဉ် အရှင်မဟာအရိယဝံသ မထေရ်အနွယ် အရှင်မြတ်မထေရ်က ဇေတဝန်ကျောင်းတိုက် အပ်ပြီးနောက် ၉၁၆-ခုနှစ်၊ ဟံသာဝတီဆင်ဖြူများရှင် အဝနေပြည်တော်သိမ်း၍ အရှင်တိသာ- သနဓဇမထေရ်အားလည်း ဇေတဝန်ရွှေကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းတော်မူသည်။

၎င်းဇေတဝန်ကျောင်း၌ ကိုင်းကြီးရွာသား နောင်တော်အကြီး ဆက်ခံ၍ ဒုတိယဇေတဝန်ဆရာတော်-ဟု တွင်သည်။ ဘုရင်သတိုးမင်းစောလည်း ကြည်ညို လေးမြတ်တော်မူသည်။

၎င်းကျောင်းတော်၌ ကိုင်းကြီးရွာသား ညီတော်အလတ်သည်လည်း ဆက်ခံတော်မူ၍ တတိယဇေတဝန်ဆရာတော်ဟု တွင်ခဲ့လေသည်။

### ၅။ အရှင်ဓမ္မရာဇဂုရု ပင်းယအနွယ်

အရှင်တိသာသနဓဇမထေရ်၏တပည့်ဖြစ်၍ ပိဋကတ်တတ်မြောက်ကျော်ကြား သာသနာအားထုတ် ဆောင်ရွက်နေစဉ် ပြည်မှ ကြွလာသော အရှင်မုနိန္ဒဃောသ ပြည်ပဥ္စင်းကျော်သည် ၎င်းမထေရ်ထံ နည်းနာခံယူကာ သာလွန်ကျော်ကြား ထင်ရှားလာခဲ့လေသည်။

၆။ အရှင်မုနိန္ဒဃောသ၊ (ပြည်ပဥ္ဆင်းကျော် တောင်ဘီလာဆရာတော်)

ဂုင်းမထေရ် တိပိဋကကာလင်္ကာရ ဘွဲ့တံဆိပ်တော်ရ၍ တောင်ဘီလာဆရာတော်-ဟု ကျော်ကြား၍ ဥပဇ္ဈာယ်ကား ပြည်အဘိသင်္ကေတဆရာတော် ဖြစ်လေသည်။ ဂုင်းမထေရ်အား အနောက်ဘက်လွန်မင်း ပြည်မှ ပင့်လာပြီး ကိုးကွယ်တော်မူသည့် အပြင် သာလွန်မင်းတရားကြီးလက်ထက်မှာလည်း မင်းရဲကျော်စွာ မြစ်နား လေးထပ်ကျောင်း ဆောက်လုပ်လှူဒါန်းပြီးနောက် တောင်ဘီလာတောရ၌ သီတင်း သုံးတော်မူသောအခါ၌လည်း ဆရာတော် တောရဆောက်တည်ကြောင်း ကြား၍ မင်း ၂-ပါးလည်း 'သူရဦး၊ ငါရဦး ကျောင်းဆောက်မည်'ဟု ရှာကြသည်တွင် မင်းရဲ ကျော်စွာပင် ရှေးဦးစွာတွေ့၍ လေးကျွန်းဆိမီးဘုရားမြောက် တောင်ဘီလာ ချောက်တွင် ကျောင်းဆောက်တင်လှူတော်မူသည်။

ဤသို့အားဖြင့် ရေငုံဆရာတော်သည် အရှင်အရဟံဂိုဏ်းအနွယ် ဖြစ်၍ တောင်ဘီလာဆရာတော်လက်ထက်တိုင်အောင် ဥပဇ္ဈာယ်အစဉ်အဆက် မပြတ်ငြားသော် လည်း ဓမ္မသေနာပတိ ဓမ္မစရိယအနွယ်မပျက် ဆင်းသက်ကြောင်း၊ ဂုင်းမထေရ်တို့ အရည ဝါသီ အနွယ်ဝံသဖြစ်ကြ၍ ရှေးက ပုဂံအရှင် ဆပ္ပဒဂိုဏ်းများနှင့် ကံကြီး၊ ကံငယ် ခြားနားကြ သော်လည်း နောက်အခါ စကားကျောင်းအစဉ်အလာ ထောက်ဆသောအားဖြင့် ကံကြီး၊ ကံငယ် မကွဲပြား၊ အဆက်အနွယ်သာ ခြားနားကြောင်း မှတ်သားအပ်ကုန်၏။

ထိုတောင်ဘီလာဆရာတော်မှ ဆင်းသက်လာသော အနွယ်တို့မှာ အရှင်နန္ဒမာလာ ရေးသားသော အရှင်သဒ္ဓမ္မကိတ္တိ၊ အရှင်သဒ္ဓမ္မစာရီ သီဟိုဠ်ရောက် မထေရ်များအနွယ် ဖြစ်ကြောင်း ရေးသားခဲ့သည့်အတိုင်း သီဟိုဠ် မဟာဝိဟာရဝါသီအနွယ်ဖြစ်၍ ပုဂံဆပ္ပဒဂိုဏ်း လည်း မဟာဝိဟာရဝါသီ အနွယ်အစဉ်ဖြစ်သဖြင့် အဆက်အနွယ် တူမျှကြောင်း ဂုင်းဂိုဏ်း တို့သည် ပင်းယဂါမဝါသီပွဲကျောင်းဂိုဏ်းတို့နှင့် အရညဝါသီ တောနေဂိုဏ်းများ ကွဲပြား ကြသောအခါ တောနေဂိုဏ်းများသာ ဖြစ်ကြောင်းမှတ်သားအပ်၏။

ဤသို့လျှင် သာသနာတော် ၁,၈၀၈-ခုနှစ်၊ သက္ကရာဇ် ၇၂၆-ခုနှစ် အဝနေပြည်တော် ကို ရတနာပူရသမုတ် တည်ထောင်သည်မှစ၍ သာသနာတော်မြတ်သည် အနိမ့်၊အမြင့် အဆင်း၊အတက် ခေါက်ရှာငှက် ပျံသကဲ့သို့ တစ်လက်ထက်နှင့်တစ်လက်ထက် မတူကြ သော်လည်း သူတော်ကောင်း ပုဂ္ဂိုလ်မွန် သီလဝန်မထေရ်တို့၏ အဆက်အနွယ်သည်ကား သာသနာတော် ၂,၃၀၅-ခုနှစ်၊ သက္ကရာဇ် ၁,၁၁၃-ခု၊ ရတနာပူရ အဝနေပြည်တော်ကြီး ပျက်စီးတိမ်းယိမ်းသည်တိုင်အောင် အစဉ်အလာမပျက် သာသနာတော်မြတ်ကို ကောင်းစွာ

## အလောင်းမင်းတရားသားတော်ကြီး ဇေယျာပူရ ဒုတိယစစ်ကိုင်းမြို့တည် မင်းလက်ထက် မဏာရလောပဆရာတော်ခင်ကြီးပျော်အကြောင်း

ထိုသို့ အလောင်းမင်းတရားကြီးလက်ထက် အမိကရုဏ်း မပြီးပြတ်ဘဲ လွန်တော်မူပြီးနောက် သားတော်အကြီး အိမ်ရှေ့မင်းကြီး ထီးနန်းရွှေ့ပြောင်းတော်မူ၍ ဇေယျာပူရ-စစ်ကိုင်းမြို့တော်ကို အုပ်စိုးတော်မူစဉ် တောင်တွင်းပုဂ္ဂိုလ်ကျော်ဟု ထင်ပေါ်ကျော်ကြား၍ ငယ်ရွယ်စဉ် ပဋ္ဌင်းပျိုအခါကပင် ပုစ်စစ်၊ ဉာဉ်အရကောက်၊ ယမိုက်ခက်ဆစ် ဂဏ္ဌိ စသောများစွာနက်နဲသော ကျမ်းဂန်များရေးသားတော်မူသော အရှင်ဉာဏ-ဟု ဘွဲ့အမည်ရှိသော်လည်း အစဉ်အဆက်အားဖြင့် ခင်ကြီးပျော်မဏာရလောပဆရာတော်-ဟု တွင်လျက် ယခုတိုင် ထင်ရှားတော်မူသော ပုဂ္ဂိုလ်ကျော်ကို ပင့်တော်မူပြီး မဟာဘုံသာကျောင်းတော်ကြီးကို တင်လှူတော်မူပြီးနောက် ဉာဏာလင်္ကာရ မဟာဓမ္မရာဇဂုရု-ဟူသော ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ကိုးကွယ်တော်မူခဲ့လေသည်။

ထိုမထေရ်မြတ်သည် အရုံဂိုဏ်း အပါအဝင်ဖြစ်တော်မူ၍ ၎င်းအရုံဂိုဏ်းဝင် သံဃာများတို့က 'ငါတို့ယထာဘူတဖြစ်သော အရုံဂိုဏ်းမှာ မှန်ကန်ရာ ဖြစ်လိမ့်မည်'ဟု ၎င်းမင်း၏ဆရာတော် မဏာရလောပခင်ကြီးပျော်ကို အားထားလျက် ရှေးအလောင်းတော်မင်းတရားကြီး လက်ထက်တော်အခါကဲ့သို့ အရုံသင့်ကြောင်း တရားကျမ်းဂန်ပြ၍ စာဆက်သွင်းကြသော်လည်း အတုလဆရာတော်တို့က ရှေးနည်းတူဖြစ်သော "ပြီးပြေပြီးအမှု"အဖြစ် စာသွင်းကြပြန်သောကြောင့် အမှုမပြီး၊ အမိကရုဏ်းမပြေဘဲ ရှေးအတိုင်းပင် ဖြစ်ခဲ့လေသည်။

ထိုမှတပါးလည်း ညီတော် အင်းဝတတိယတည် ဆင်ဖြူရှင်မင်းတရားလက်ထက်မှာလည်း အဓမ္မဝါဒီ အတင်ဂိုဏ်းသား ရဟန်းများကို မလွှမ်းမိုးနိုင်ဘဲရှိရာ လူတို့မှာလည်း ဇောတိဝါဒ ပေါ်ထွန်းလာသဖြင့် မင်းတရားကြီး ဆုံးမစီရင်ရကြောင်း သာသနာလင်္ကာရ၌ ဆိုသည်ကို ထောက်ဆ၍ ၎င်းအမိကရုဏ်းကြီး မပြီးမငြိမ်းဘဲလျက် ရှေးနောင်တော်လက်ထက်ကဲ့သို့ပင် ရှုပ်ထွေးကာ သာသနာအရေး မပြေလည်ဘဲ ရှိခဲ့လေသည်။

ဤသို့အားဖြင့် တောနေရဟန်းများ အတင်, အရုံဂိုဏ်း ကွဲပြား၍ မင်း ၆-ဆက်တိုင် ရှည်လျား၍ ဂါမဝါသီရဟန်းများသို့တိုင်အောင် ပြန့်ကျယ်လာခဲ့ရာ၊ ဆင်ဖြူရှင်မင်းတရားသားတော် စဉ့်ကူးမင်းသည် သက္ကရာဇ် ၁,၁၃၈-ခုနှစ် နန်းတက်သောအခါ ဗန့်ကျီတွင်းတိုက်၊ ပေါက်မြင့်ရွာဇာတိ အရှင်နန္ဒမာလာမထေရ်သည် စလင်းမြို့ရွှေကျောင်း၌ စာပေပို့ချနေစဉ်

ဆောင်ရွက်တော်မူကြသဖြင့် အဆက်မပြတ် ကောင်းမြတ်စင်ကြယ်စွာ တည်ရှိခဲ့ကြောင်း ကောင်းစွာမှတ်သားအပ်၏။

## မင်း ၇-ဆက်၊ ၈၆-နှစ် ရှည်ကြာသည့် အတင်, အရုံဂိုဏ်း ဝိဝါဒပြီးပြတ်ပြီး သာသနာတိုးတက်လာကြောင်း

၎င်းပြင်လည်း သာသနာတော် ၂,၂၄၂-ခုနှစ်ကစ၍ ကွဲပြားလာခဲ့သော အတင်ဂိုဏ်း, အရုံဂိုဏ်းမှာ ဘိုးတော် ပဒုံမင်းတရားလက်ထက် သာသနာတော် ၂,၃၂၈-ခုနှစ်၊ မင်း ၇-ဆက်မြောက် အနှစ် ၈၆-နှစ်တိုင်အောင် တည်ရှိလာခဲ့ရာ ဆိုခဲ့ပြီးသော နှစ်သို့တိုင် ရောက်မှ တစ်ဖက်က မချေပနိုင်၍ ဟုတ်မှန်တိုင်း ဝန်ခံရသည့်အပြင် အရုံဂိုဏ်း ဝိနည်းအရ လိုက်နာကျင့်ကြံရသည်တိုင်အောင် အဓိကရုဏ်း ပြေငြိမ်းပြီးနောက် သာသနာတော်မှာ တစ်ဂိုဏ်း တစ်ဖွဲ့တည်းအားဖြင့် အယူဝါဒ မပြား၊ အသီးအခြားမရှိ အထက်,အောက် မြန်မာနိုင်ငံတော်မှာ ညီညွတ်စွာရှိကြ၍ ပရိယတ်, ပဋိပတ် ၂-ရပ်လုံး တိုးပွါးလာခဲ့လေသည်။

အတင်, အရုံဂိုဏ်း ကွဲပြားခြင်းမှာ အဝနေပြည်တော်ခရိုင်များ၌သာ များသောအားဖြင့် ဖြစ်ပွါး၍ ပြည်, သီရိခေတ္တရာခရိုင်များ၌လည်းကောင်း ကေတုမတီ, တောင်ငူခရိုင်များ၌လည်းကောင်း ထိုအဓိကရုဏ်းများ ဖြစ်ပွါးကြောင်း ရာဇဝင်မှတ်တမ်းများ မထားသည့်အပြင် ဟံသာဝတီ, မုတ္တမစသော ရာမညတိုင်း, ခရိုင်များ၌လည်း ၎င်းအဓိကရုဏ်း ဖြစ်ပွါးကြောင်း မလာသဖြင့် ၎င်းသည် နှစ်ပေါင်းရှည်ကြာ၍ မင်းဆက်ပေါင်းများစွာပင် ဖြစ်စေကာမူ များစွာကျယ်ပြန့်ခြင်း မရှိကြောင်း။

ထိုသို့ မင်းဆက်ရှည်ကြာသည်မှာလည်း သာသနာရေးထက် နိုင်ငံတော်အရေး ရှုပ်ထွေးနှောင့်ယှက် တိုက်ဖျက်သိမ်းယူမှုဖြင့် နိုင်ငံအချင်းချင်း အနိုင်လုနေသောခေတ်ကြောင့်သာဖြစ်ကြောင်း ကောင်းစွာ မှတ်သားအပ်လေ၏။

ထိုသို့ တိုင်းပြည်အရေး ရှုပ်ထွေးကာ အထက်,အောက် မွန်, မြန်မာတို့ အာဏာလုနေကြသော ခေတ်ဖြစ်စေကာမူ ၎င်းတို့မှာ သာသနာတော်ကို ကြည်ညိုလေးစားကြသူများဖြစ်ကြသဖြင့် သာသနာတော်ကိုကား ထိပါးခြင်း မရှိကြောင်း။

သာသနာတော်ဝင် အရှင်များတို့မှာလည်း ၎င်းခေတ် မိမိတို့ဝတ္တရား သာသနာမှုလုပ်ငန်းများ အားထုတ်တော်မူကြကြောင်းမှာ ရတနာပူရ အဝနေပြည်တော်ကြီး ပျက်စီး

တိမ်းပါး၍ လောကသရဖူစေတီတော် ဒါယကာမင်းတရား ဟံသာဝတီရန်သူ့နေပြည်တော်သို့ လိုက်သွားရပြီးနောက် အလောင်းမင်းတရားများ အရေးတော်ပုံကား လွန်ခဲ့သော ရာဇဝင်၌ မကြုံခဲ့ဖူးအောင် တိုင်းပြည်ရေးရာ ထိပါး, ပျက်စီး၍နေပါသော်လည်း သာသနာတော်ရေးမှာ သာသနာဝင် အရှင်မြတ်များ စောင့်ရှောက်တော်မူကြသဖြင့် ထိပါးခြင်း မရှိကြောင်းလာသဖြင့် ကောင်းစွာ ထင်ရှားခဲ့လေသည်။

ဤသို့အားဖြင့် မြတ်စွာဘုရား သာသနာတော်တည်းဟူသော ဗုဒ္ဓနိုင်ငံတော်ကြီးသည် သာသနာတော် ၂၃၅-ခုနှစ်မှာ သုဝဏ္ဏဘူမိတိုင်း, သုဓမ္မပူရတည်းဟူသော သထုံပြည်ကြီးဝယ် အမွန်အစ တည်ထွန်းပြီးကာ အနီးအနားနိုင်ငံများသို့လည်း သာသနာတော်စက်အာဏာတန်ခိုး လွှမ်းမိုးခဲ့ပြီးနောက်၊ သာသနာတော် ၁,၆၀၁-ခုနှစ်၊ အနော်ရထာမင်းစောလက်ထက်တော်၌ အရှင်အရဟံ သာသနာပြုရောက်တော်မူ၍ အရိမဒ္ဒန ပုဂံပြည် တိုင်း, ခရိုင် နိုင်ငံတော်တဝှန်းလုံးအပြင် အနီးအနားဖြစ်ကြသော အနောက်ဘက် ရခိုင်တိုင်းနယ်များသို့လည်းကောင်း အရှေ့ဘက် တိုင်းနယ်များနှင့် တောင်,မြောက်ဖြစ်သော ရှမ်းပြည်နယ်များသို့လည်းကောင်း ပြန့်နှံ့ကျယ်ဝန်း တိုးပွါး၍ သွားခဲ့လေသည်။

## ပင်းယခေတ်မှ စ၍ အလဇ္ဇီပွဲကျောင်းဂိုဏ်းများ ထွန်းကားလာကြောင်း

ထိုပုဂံသာသနာတော်ခေတ်မှာ ပရိယတ်အားဖြင့်လည်းကောင်း ပဋိပတ်အားဖြင့်လည်းကောင်း စည်ပင်ထွန်းကား ကြီးကျယ်ခမ်းနား၍ ၂-ရပ်သော သာသနာ့ဝန်ကိုအားသွန်ကြိုးပမ်း ထမ်းရွက်တော်မူကြသော မထေရ်များသာလျှင် သာသနာဝင်၌ စင်ကြယ်စွာ ၂၄၃-နှစ် ရှည်ကြာသည့်တိုင်အောင် တည်ရှိပြီးလျှင် ၎င်းခေတ်မှ ရွှေ့ပြောင်းကာ သာသနာတော် ၁,၈၄၄-ခုနှစ် ညီနောင် ၃-ယောက် ပင်းယပြည်ထောင်စု တည်ထောင်ကြ၍ ၎င်းခေတ်မှာကား ပုဂံမှ ထွက်သွားကြ၍ ထိုအရပ်၌ ကျက်စားနေကြသော ရှင်အရည်းတို့ကို ထား၍ စကားကျောင်း အဆက်အနွယ်များမှ အလဇ္ဇီပွဲကျောင်းဂိုဏ်းများထွန်းကားလာသဖြင့် သာသနာ့ဘေးရန် အညစ်အကြေး ရောထွေးလာပြီး အရညာဝါသီတောနေမထေရ်များမှာ သီးခြားနေထိုင်ခဲ့ကြရလေသည်။

ထိုအခါမှစ၍ ဂါမဝါသီပွဲကျောင်း ဂိုဏ်းအဆက်အနွယ်များ တိုးပွါးလာကာ ပုဂံခေတ်သာသနာနှင့်စာလျှင် အညစ်အကြေး ဘေးရန်ကြီးမားလာသော်လည်း သူတော်

ကောင်း သာသနာ့ဝန်ထမ်းဖြစ်ကြသည့် ရှေးအရှင်အရဟံဂိုဏ်း၊ အရှင်ဆပ္ပဒဂိုဏ်းအနွယ် စင်ကြယ်သော မထေရ်များသည် သာသနာတော်ကို ဆောင်ရွက်အားထုတ်လျက် သူတော်ကောင်းတို့ အနွယ်အဆက်မပြတ်အောင် ဆောင်တော်မူကြလေသည်။

ၚင်းအလဇ္ဇီပွဲကျောင်းဂိုဏ်းများမှာ ပင်းယခေတ်မှ အင်းဝခေတ်သို့ ရောက်လာသောအခါ၌လည်း မင်းမှီစိုးကပ် နက္ခတ်ကိန်းခန်း တတ်ကျွမ်းလေ့လာကြသည့်အပြင် မင်းသားငယ်များကိုလည်း ဂါမဝါသီများသာ စာပေသင်ကြား များသောအားဖြင့် မင်းဆရာဖြစ်ကြပြီးလျှင် ၎င်းတို့က တစ်ခေတ်သောအခါ အရညဝါသီမထေရ်များ သာသနာတော် စင်ကြယ်စွာ ထမ်းဆောင်နေသည်ကိုပင် ဦးထုပ်, တရပတ်မဆောင်း အညွန့်အသားမရှိသော ရဟန်းများဟူ၍ အနှင်အထုတ် ခံခဲ့ရဖူးလေသည်။

အဝသာသနာခေတ်မှာ မင်းဆက်အားဖြင့် ၃-ခေတ်ရှိခဲ့ရာ ပထမသတိုးခေတ်မှာ အရညဝါသီ မထေရ်များ ရှိငြားသော်လည်း ဂါမဝါသီတို့သာ သံဃနာထ သံဃရာဇာအဖြစ်သာသနာကို အုပ်ချုပ်စီမံကာ ကျမ်းဂန်တတ် မထေရ်မြတ်များမှာကား တောနေ အရညဝါသီများသာ ဖြစ်ကြသဖြင့် ၎င်းခေတ်က ရေးသားခဲ့ကြသော ကျမ်းဂန်များ ထင်ရှားအောင်မရှိခဲ့ကြပေ။

ထိုနောက် မိုးညှင်းဆက်ရောက်လာ၍ ၎င်းမင်းတရားကြီးသည် သာသနာတော်ကို ကြည်ညိုလေးစား ၎င်းလက်ထက်ကြီးပွါးအောင် အားထုတ်ဆောင်ရွက်ခဲ့သော်လည်း နောက်မင်းဆက်များ၌ကား ဂါမဝါသီများသာ ထွန်းကားလာ၍ သူတော်စင် ကျမ်းတတ်မထေရ်တို့မှာ စစ်ကိုင်းဘက် တောနေအရညဝါသီများ၏ ရေငုံဆရာတော်စသော ကျမ်းတတ်မထေရ်ကြီးများပင် မထင်ရှားလှ၊ မိမိတို့ သာသနာသာ သဒ္ဓါအလျောက် ဆောင်ရွက်ကြရလေသည်။

သို့ရာတွင် အရှင်မဟာအရိယဝံသလက်ထက်မှာကား မင်းများလေးစားခြင်းခံယူတော်မူရ၍ အရညဝါသီမထေရ်များ သာသနာရေးရာ ကောင်းစွာ အားထုတ်နိုင်ခဲ့ပါသော်လည်း အဝရွှေနန်းကြော့ရှင် လက်ထက်သို့ ကျသောအခါ နေပြည်တော်အလုံး ပျက်စီးဆုံးရှုံးသည့်အပြင် သာသနာ့ဘေးရန်လည်း ရာဇဝင်ခေတ်မှာ မကြုံဖူးအောင် အထူးကြီးမား၍ မိစ္ဆာဝါဒ ရှမ်းစလုံ သိုဟန်ဘွားလက်ထက်သို့ ကျရောက်ကာ နေပြည်တော်မှာ သာသနာတော် ကစင့်ကရဲ ပြိုကွဲပျက်စီးခဲ့လေသည်။

ထို့နောက် ၎င်းသိုဟန်ဘွားဖျက်၍ ပျက်စီးခဲ့သော သာသနာရေးဆိုင်ရာ အဆောက်အအုံများ, ကျောင်း, ဘုရား, စေတီတော်များကို ပြုပြင်ခြင်း၊ ကျမ်းတတ်, သီလဝန်, ဂုဏဝန်

မထေရ်မြတ်များ ရှာဖွေပင့်ဖိတ် ချီးမြှောက်ခြင်း စသော သာသနာတော်ကို ပြုစုကာ မင်း ၃-ဆက်ရောက်သောအခါ၌လည်း ဟံသာဝတီမင်းတရားကြီး တိုက်ဖျက်သဖြင့် ၁-ကြိမ် ပျက်စေကာမူ သာသနာတော်ကား ကြည်ညိုသော မင်းတရားဖြစ်သည့်အတိုင်း ဆက်လက် ပြုစုခဲ့ကြလေသည်။

၎င်းလက်ထက် သိုဟန်ဘွားဘေးကြောင့် ကြွသွားသော အရှင်တိသာသနဓဇ မထေရ်အား တောင်ငူမှပင့်ကာ သာသနာပြုပြီး ဦးထုပ် တရပတ် စွန့်ပယ်စေခြင်း၊ ဝိနည်းကံ နှင့်အညီ ဝတ်ရုံစေခြင်းစသည်ဖြင့် မှားယွင်းသောဝါဒများ ဖျက်ဆီးစေလျက် ပရိယတ်, ပဋိပတ် သာသနာတော်၂-ရပ်ကို ဆရာအစဉ်အဆက် ဆောင်ရွက်တော်မူခဲ့ကြရလေသည်။

ထို့နောက် သက္ကရာဇ် ၉၅၉-ခု၊ သာသနာတော် ၂,၁၄၁-ခုနှစ်သို့ ရောက်သောအခါ အဝနေပြည်တော်ကြီးကို ၁-ကြိမ်ဖန်ဆင်း တည်ထောင်ရသော ညောင်ရမ်းမင်းဆက်သို့ ရောက်လာ၍ သာသနာတော်ကို အထူးပြုစုအားထုတ်တော်မူကြကာ သာလွန်မင်းတရား ကြီး လက်ထက်၌ ကျမ်းဂန်တတ်မြောက် ကျော်ကြား၊ သီလ, သီတင်းအားဖြင့်လည်း ထင်ရှား ကုန်သော လေးထပ်ဆရာတော်၊ တောင်ဘီလာဆရာတော် စသော မထေရ်ကြီးများ ထွန်းကား ၍ သာသနာတော် တိုးတက်လာပြီးလျှင် ညောင်ရမ်းမင်းဆက် နောက်လက်ထက်များ၌ ကား ကျမ်းဂန်မကျ ရာဇဝလ္လဘမထေရ်များလည်း ထွန်းကားလည်း ထွန်းကားလာကာ ကျမ်းဂန်ကျနသောမထေရ်များနှင့်အတူ မင်းများအရေးယူသဖြင့် မင်းတို့ လေးစားသော ကြောင့် သာသနာတော် အုတ်, ကျောက် အရောရောဖြစ်သည်ဟု သာသနာဝင်မှတ်တမ်း များ၌ ရေးသားခဲ့ကြသည်။

၎င်းနောက် ညောင်ရမ်းမင်းဆက်တွင် သာသနာ ၂,၂၇၂-ခုနှစ်၌ အတင်ဂိုဏ်း, အရုံဂိုဏ်း အဓိကရုဏ်းကြီး ဖြစ်ပွါးလာခဲ့သည်မှာလည်း ကျမ်းဂန်မကျနသော ရာဇဝလ္လဘ များ ဝိနည်းမိုရ် ခန့်ထားခြင်းကြောင့် မပြီးမပြတ်ဘဲ ကုန်းဘောင်ဆက်မင်းများ လက်ထက် တွင်မှ ဝိနိစ္ဆယ အမှန်ရ၍ ပြီးပြတ်ခဲ့လေသည်။

ဤသို့အားဖြင့် အဝခေတ်သာသနာနှင့် စပ်သော ဗုဒ္ဓနိုင်ငံတော် အကြောင်းအရာ အပြီးသတ်အပ်သတည်း။

✪ ✪ ✪ ✪ ✪


သီရိလင်္ကာနိုင်ငံ
သီဟိုဠ်ကျွန်း
Palk Strait
Palk Bay
Kankesanturai
Point Pedro
Jaffna
Chavakachcheri
Elephant Pass
Chundikkulam
Paranthan
Pali
Mullaittivu
Dhanushkodi
Mankulam
Mannar
Kokkilai
Puliyankulam
Murunkan
Kuchchaveli
Vavuniya
Mullikkulam
Horowupotana
Trincomalee
Hoddiyar Bay
Medawachchiya
Mutur
Mihintale
Anuradhapura
Kantalai
Kalpitiya
Kathiraveli
Tabbowa
Habarane
Minneriya
Puttalam
Galgamuwa
Kekirawa
Polonnaruwa
Sigiriya
Valaichchenai
Maho
Dambulla
Eravur
Nikaweratiya
Batticaloa
Naula
Chilaw
Muhuweli
Muhatu
Maha Oya
Matale
Kurunegala
Kalmunai
Uhana
Polgahawela
Kandy
Amparai
Negombo
Akkaraipattu
Kegalla
Bibile
Gol Oya
Dam
Ragama
Badulla
Colombo
Avissawella
Nuwara Eliya
Kotte
Moratuwa
Bandarawela
Pottuvil
Haputale
Panadura
Ratnapura
Panama
Horana
Menik
Kalutara
Beruwala
Bentota
Rakwana
Gin
Yala
Deniyaya
Ambalangoda
Tissamaharama
Udugama
Hikkaduwa
Hambantota
Galle
Akuressa
Tangalla
Weligama
Matara

သီဟိုဠ်မြေပုံ

# ဗုဒ္ဓနိုင်ငံတော်

## သာသနာတော် ၂,၀၀၀-ကျော်

## သီဟိုဠ်ကျွန်း ဗုဒ္ဓနိုင်ငံတော်

ထေရဝါဒဂိုဏ်း သာသနာတော်မြတ်သည် မြန်မာနိုင်ငံ၌ အရှင်သောဏမထေရ်, ဥတ္တရမထေရ်မြတ်တို့အမှူးပြုသော အသောကမင်းတရား သာသနာပြုမထေရ်များမှ ဆင်းသက်ခဲ့၍ အဆက်အနွယ်မပျက် တည်ထွန်းလာခဲ့သော အရှင်အရဟံ၏ပုဂံခေတ် သာသနာမှ စ၍ အဝ သာသနာခေတ် အနှစ် ၂,၀၀၀-ကျော်အောင် ပွါးစီးတိုးတက်လာခဲ့ကြောင်း ရေးသားခဲ့လေပြီ။

၎င်းပြင် မွန်တိုင်း ရာမည သာသနာ ၃-ရပ်မှာလည်း မြန်မာနိုင်ငံနှင့် နိုင်ငံရေးရာ, သာသနာရေးရာများ ဆက်စပ်ကာ ရာဇဝင်တွင် အစဉ်သဖြင့် ဆက်ဆံကြောင်း, ရှေး သာသနာ ညှိုးမှိန်သောခေတ်အခါ ဓမ္မစေတီမင်းတရားကြီးလက်ထက်မှာ မဟာဝိဟာရဝါသီ ဂိုဏ်းမှ သာသနာယူပြီးနောက် ၎င်းသာသနာအဆက်အနွယ်သည်ပင် ၎င်းတိုင်း၌ ထွန်းကား တည်ရှိလာခဲ့ကြောင်းများ ရေးသားခဲ့လေပြီ။

၎င်းထေရဝါဒဂိုဏ်း သာသနာတို့တွင် ထင်ရှားသော နိုင်ငံကား သီဟိုဠ်ကျွန်းသည် တစ်နိုင်ငံဖြစ်၍ ၎င်း၌ ဖြစ်ပွါးသော သာသနာ ၂,၀၀၀-ခေတ်အတွင်းမှာ မြန်မာနိုင်ငံနှင့် ဆက်ဆံကာ မြန်မာနိုင်ငံမှ မထေရ်ကြီးများ သီဟိုဠ်ကျွန်းသို့ ကြွသွားတော်မူကြပြီး မပျက်မစီးသော မဟာဝိဟာရသာသနာတော်ကို ယူကြကြောင်း၊ သီဟိုဠ်ကျွန်းမှလည်း မထေရ်ကြီးများ မြန်မာနိုင်ငံသို့ လာရောက်သာသနာပြုကြကြောင်း ရေးသားခဲ့ပြီးဖြစ်၍ ၎င်းမှာ ထေရဝါဒ သာသနာ ၂,၀၀၀-ကျော်အောင်ပင် အစဉ်မပျက် ထွန်းကားလျက်ရှိကြောင်း ကောင်းစွာ မှတ်သားအပ်၏။

သို့ရာတွင် ၎င်းကျွန်းနိုင်ငံ၌ သာသနာတော် ၂,၀၀၀-ကျော်ခေတ်မှာကား သာသနာအရေးနှင့် လူမျိုးရေးပါ နစ်နာဆုံးပါးသော ခေတ်ဆိုးကြီးနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရသည်။ စူဠဝင်မင်းဆက်နောက်ပိုင်း၂,၀၀၀-အတွင်းမှာ ဖြစ်ပွါးလာခဲ့သော ဒက္ခိဏပထ တောင်ပိုင်း စောဠတိုင်း ဒမိလလူမျိုးများအပြင် ရှေးက မရောက်ဖူးသေးသော ဥရောပတိုက်သား လူမျိုးများသည် တိုင်း, နိုင်ငံ ထိပါး၍ သာသနာအရေးများကိုလည်း ဖျက်ဆီးလာကြသဖြင့် ကြီးမားသော ရန်သူနှင့် အကြီးအကျယ် ရင်ဆိုင်ခဲ့ကြရလေသည်။

သို့ဖြစ်၍ ထိုခေတ်အခါ သာသနာတော်ဟု ဆိုအပ်သော ဗုဒ္ဓနိုင်ငံတော်ကြီးသည်လည်း အားသေးမှေးမှိန် တန်ခိုးတိမ်လျက် ထွန်းကားတောက်ပခြင်း မရှိဘဲ၊ သာသနာပြုမင်းများလည်း မထွန်းကားသောခေတ် ဖြစ်သည်နှင့်အညီ သာသနာပြုမထေရ်များလည်း ထင်ရှားစွာ မရှိကြသဖြင့် သာသနာတော် အနွယ်အပွါးများမှာ နောက်အခါ၌ ပြတ်စဲကာ အခြားနိုင်ငံများမှ သာသနာတော် ယူရလောက်အောင် ခေတ်ဆိုးကြီးသို့ ရောက်ခဲ့ကြကြောင်း မှတ်သားသည့်အတိုင်း ၎င်းသာသနာဝင် အဖြစ်အပျက်များ ရေးသားရပေမည်။

## သာသနာတော် ၂,၀၀၀-ကျော်
## ပေါ်တူဂီတို့ ဝင်ရောက်လာကြောင်း

ဥရောပတိုက်သားများသည် မဇ္ဈိမတိုက်နိုင်ငံများသို့ သွားရောက်လိုသော ဆန္ဒများစွာရှိကြ၍ ရေကြောင်းပင်လယ်ခရီးအားဖြင့် သွားနိုင်ရန် ကြိုးစားအားထုတ်ကြရာ၊ ၎င်းဥရောပတိုက် ပေါ်တူဂီလူမျိုးများသည် ရှေးဦးစွာ အိန္ဒိယသို့ ရေကြောင်းခရီး တွေ့ရှိကြသည့်အတိုင်း သာသနာတော် ၂,၀၄၂-ခုနှစ်၌ ရောက်ရှိကာ နိုင်ငံများ၏ အကြောင်းအရာများ စုံစမ်းသိရှိပြီး ၎င်း၌ တိုင်း, နိုင်ငံတစ်ခု သိမ်းယူကာ ကုန်သန်းရောင်းဝယ်ဖို့ဆုံးဖြတ်သည့်အတိုင်း အကြိမ်ကြိမ် ကြိုးစားသဖြင့် ၇-နှစ်ကြာသောအခါ အနောက်ဘက်ကမ်းခြေ ဂိုအာအရပ်၌ စိုးမိုးပိုင်ဆိုင်ခွင့်ရ၍ တစ်စတစ်စ ချဲ့ထွင်လာခဲ့ကြလေသည်။

ထိုသို့ ပေါ်တူဂီလူမျိုးများသည် အိန္ဒိယ၌ နယ်မြေများ ပိုင်ဆိုင်ရရှိသောအခါ ဒပ်ဖရင်စကို ဒိအဲလမီဒါကို ဘုရင်ခံခန့်၍ နိုင်ငံရေးကိစ္စအားဖြင့် ၎င်း၏သား ဒမ်လောရင့်စ်ကို အဲလမီဒါကို မာလဒေဝကျွန်းသို့ သွားရောက်ရန် အမိန့်ပေးရာ မိုးဥတုအခါ သမုဒ္ဒရာလေများ မညီညွတ်သဖြင့် လိုရာသို့ မရောက်ဘဲ လင်္ကာဒီပ သီဟိုဠ်ကျွန်း ကောလမ္ဗဆိပ်ကမ်းသို့

သာသနာ ၂၀၄၉-ခုနှစ်၌ ဆိုက်ရောက်ကာ ၎င်းကျွန်း၏ လှပတင့်တယ် ရှုချင့်စဖွယ်ရှိခြင်းနှင့် ဥတုရာသီ ကောင်းမွန်၍ ကုန်စည်ပစ္စည်းများ ပေါများပြည့်စုံခြင်းတို့ကို သိရ၍ ၎င်းလူမျိုးတို့သည် ဝမ်းသာအားရ ထိုမှ, ဤမှ မနေမနား သွားလာစုံစမ်းကြသည်ကို သီဟိုဠ်ကျွန်းသားများ တွေ့ကြုံရလျှင် များစွာပင် အံ့ဩလျက် ၎င်းတို့ ဘုရင်မင်းမြတ်ထံသို့ "သံခမောက်ဆောင်း, သံချပ်ဝတ်၍ ကျောက်တုံးစားပြီး သွေးများသောက်သော လူဖြူမျိုးများ ကမ်းနားသို့ ဆိုက်ရောက်ကာ ဘယ်မှာမှ မနားမနေ အခြေအနေစုံစမ်း သွားလာလျက်နေကြောင်း၊ သူတို့အမြောက်ဆံမှာ မိုးကြိုးထက် ပြင်းထန်ကြောင်း" အမြန်သွား၍ လျှောက်ထားသံတော်ဦး တင်ကြလေ၏။

ထိုအခါ သီဟိုဠ်ကျွန်း၌ မင်းဆက် ၁၀၀-မြောက် စူဠဝံသမင်းဆက်တွင် နဝမမြောက် ဓမ္မပရက္ကမဗာဟုမင်း အုပ်ချုပ်သောအခါဖြစ်၍ ၎င်းအကြောင်းအရာများ ဆွေးနွေးစဉ်းစားရန် အမတ်, ပုရောဟိတ်တို့ကို ခေါ်၍ မည်ကဲ့သို့ နိုင်ငံခြားသားများနှင့် ပြုလုပ်သင့်ကြောင်း ဆွေးနွေးကြသည့်အပြင် ၎င်းသားတော် စက္ကယုဒ္ဓကိုလည်း မထင်ရှားသောအသွင်ဖြင့် ၎င်းအရေးအရာများ သွားရောက်စုံစမ်းရန် စေလွှတ်၍ သွားရောက် စုံစမ်းပြီးလျှင် တွေ့မြင်ခဲ့သောအတိုင်း လျှောက်ထားသောအခါ ထိုစဉ်အခါက သီဟိုဠ်ကျွန်းသားများမှာ ဥရောပတိုက်သားများကို မတွေ့ဖူးသည့်အပြင် အမြောက်၊ သေနတ်သံများကိုပင် မကြားဖူးသေးသောကြောင့် အလွန်အံ့ဩကြလေသည်။

ထိုသို့ မင်းသားသည် တွေ့မြင်ခဲ့သည့်အတိုင်း တင်လျှောက်သောအခါ အမျူးအမတ်များ အစုံအညီ စည်းဝေး၍ ယခုရောက်လာသော နိုင်ငံခြားသားများနှင့် ရည်ငံစွာ မဟာမိတ်ပြုလုပ်သင့်ကြောင်း ဆုံးဖြတ်ကြသည့်အတိုင်း ဘုရင်မင်းတရားသည် ၎င်းတို့ လွှတ်သော သံတမန်များအား ကောင်းမွန်စွာ လက်ခံပြီးလျှင် အကြီးအမှူးဖြစ်သော ဘုရင်ခံ၏သား ဒမ်လောရင့်စ်နှင့် မဟာမိတ်စာချုပ် ပြုလုပ်ပြီးနောက် ၎င်းပေါ်တူဂီများသည် ၎င်းတို့ကိစ္စအားလျော်စွာ အိန္ဒိယသို့ ပြန်သွားကြလေသည်။

ပေါ်တူဂီများသည် ထိုသို့ သီဟိုဠ်မင်းများနှင့် မဟာမိတ်ချုပ်ဆိုပြီးနောက် မကြာမကြာ ၎င်းကျွန်းသို့ လာရောက်လည်ပတ်ကြပြီး ၎င်းကျွန်း၏ အဖိုးတန်သော ထွက်ကုန်များအပြင် ကောင်းမွန်ညီညွတ်သော ဥတုရာသီများနှင့် ၎င်းတို့အလိုရှိသော သွားလာရန်စခန်းလည်း သင့်လှ၍ ၎င်းကျွန်းနိုင်ငံကို သိမ်းပိုက်ရန် ဆုံးဖြတ်ကြသည့်အတိုင်း ၎င်းတို့ ရောက်သည်မှ ၁၃-နှစ်လောက်အကြာတွင် ၎င်းတို့သည် သင်္ဘော ၁၇-စင်း တပ်ဖွဲ့လျက် လိုမိုဆိုရတ်စ်ဒိအဲလဘား ကြီးမှူးအုပ်ချုပ်ကာ ချီတက်ရောက်လာပြီး မကြာမီ ကိုလမ်ဗိုမြို့မှာ

ကုန်တိုက်ကြီးများ အမြန်ဆောက်လုပ်ပြီး ၎င်းတို့ကို ထိုအခါက ရောင်းဝယ်နေသော ပသီကုန်သည်များရန်မှ တားမြစ်ကာကွယ်ရန်ဟူ၍ ပရိယာယ်ပြောဆိုပြီးလျှင် တိုင်း, နိုင်ငံ ဘုရင်များ တားမြစ်လျက်ပင် မြေခံတပ်များ အခိုင်အမာ ဆောက်လုပ်နေထိုင်ခဲ့ကြလေသည်။

၎င်းတို့သည် တိုင်း, နိုင်ငံအရေးသာ မဟုတ်၊ ဘာသာရေးအမည်ဖြင့်လည်း တိုက်ခိုက်ရန် ၎င်းတို့ သာသနာပြုဘုန်းကြီးများလည်း တစ်ပါတည်း ပါလာကြ၍ ၎င်းတို့၏ ရိုမန်ကတ်သလိတ် ခရစ်ယာန်ဘာသာတရားများ မြို့သူ, မြို့သားများနှင့် နီးစပ်ရာ နယ်များသို့ သွားရောက်ဟောပြောကြ၍ အချို့ဆင်းရဲသူများကိုလည်း ပစ္စည်းအားဖြင့် ဖြားယောင်းရာ ၎င်းတို့ဘာသာသို့ ဗုဒ္ဓဘာသာဓာတ်ခံ မရင့်သန်ကြသူများ လိုက်ပါ၍, ပြုလာကြသဖြင့် ၎င်းတို့ဝါဒ ၎င်းတိုင်းနယ်များတို့သို့ တစ်စတစ်စ ပင်လယ်ကမ်းခြေမှ ပြန့်ပွါးကာ ဘာသာဝါဒအားဖြင့်လည်း တိုက်ခိုက်လာခဲ့ကြလေသည်။

ဓမ္မပရက္ကမဗာဟုမင်းတရားသည် ၎င်းတို့၏အမျိုးနှင့် တိုင်း, နိုင်ငံဘာသာများကို ကောင်းစွာ စောင့်ရှောက်အားထုတ်လျက်ပင် သာသနာ ၂,၀၇၁-ခုနှစ်မှာ လွန်တော်မူခဲ့၍ နဝမမြောက် ဝိဇယဗာဟုမင်းသည် ထီးနန်းအမွေကို ဆက်လက်ခံယူကာ ၎င်းလက်ထက်မှာကား တိုင်း, နိုင်ငံအရေးအားဖြင့်လည်း မငြိမ်မသက်၊ မင်းသားများလည်း အသီးအသီး ထွက်၍ နယ်ပယ်များကို သိမ်းပိုက်ကာ နောက်ဆုံးမှာ ၎င်းမင်း၏ သားများသည် စစ်သည်များ စုဆောင်းကာ မြို့တော်ကို ဝိုင်းဝန်းလျက် ၎င်းတို့ ခမည်းတော်ကို လုပ်ကြံသတ်ဖြတ်ပြီး သားတော်အကြီး သတ္တမမြောက် ဘုဝနေကဗာဟုသည် ထီးနန်းသိမ်းပိုက်ခဲ့လေသည်။

၎င်းပြင် ထိုသိမ်းပိုက်သောအခါမှာပင် သာသနာ ၂,၀၇၈-ခု၌ ၎င်း၏ညီတော် မာယာဒုန္နိသည် သီတဝကအရပ်ကို သိမ်းပိုက်ပြီးကာ ပုန်ကန်ခြားနားသည့်အပြင် ရာယိဂါမမြို့စား ဗန္ဒရသည်လည်း ၎င်းမြို့နယ်များကို သိမ်းပိုက်အုပ်ချုပ်ကာ ပုန်စားလာ၍ ၎င်းလက်ထက် နိုင်ငံတော်မှာ အစိတ်စိတ် အမွှာမွှာ ဖြစ်ခဲ့လေသည်။

၎င်းမင်းသည် ဉာဏ်ပညာနည်းပါး အမှားမှားအယွင်းယွင်း ပြုလုပ်ခြင်းအားဖြင့် ၎င်းညီတော်များ မနှစ်သက်ကြသည့်အကြောင်းမှာ "၎င်း၏ မြေးတော် ဓမ္မပါလကို ထီးနန်းအမွေဆက်ခံစေလိုသဖြင့် ပေါ်တူဂီများကို အားထားရည်ညွှန်းလျက် ၎င်း၏သား အရုပ်ပြုလုပ်ပြီး ဆလပ္ပအစ္ဆအမည်ရှိသော အမတ်ကို အုပ်ချုပ်စေ၍ ပေါ်တူဂီနိုင်ငံသို့ စေလွှတ်ပြီးကာ ရွှေသရဖူဆောင်းစေခြင်း"ဖြစ်သည်။ ၎င်းကို ပေါ်တူဂီဘုရင်က ဝမ်းမြောက်စွာ လက်ခံ၍ ခရစ်ယာန်အမည်ပြောင်းပြီး ရွှေသရဖူဆောင်းခြင်း စသည်ဖြင့် မိမိတိုင်း, နိုင်ငံ,

သာလွန်ယုံမှား၍ ၎င်းအား ပရိယာယ်အားဖြင့် သိတဝကမြို့တော်သို့ ဖိတ်ခေါ်ပြီးလျှင် လမ်းခရီးအကြား မူဒလီယာ အရပ်၌ ၎င်း၏လူများသည် တွင်းထဲသို့ ပစ်ချကာ ရက်စက်စွာ အသတ်ခံရသဖြင့်" ၎င်းဝီရသုန္ဒရဗန္ဒရ၏သား ကောနပ္ပုဗန္ဒရသည် ၎င်းအကြောင်းများ သိရသောအခါ လက်စားချေလိုသောသဘောဖြင့် ကိုလမ်ဗိုသို့ ထွက်ပြေးကာ ပေါ်တူဂီများ လက်အောက် သွားရောက်ပြီး ခရစ်ယာန် ရေဖျန်းဘိသိက်ခံယူလျက် ဒမ်ဂျွန်ဗန္ဒရ-ဟူသော အမည်ဖြင့် နေထိုင်ခဲ့လေသည်။

ထို့နောက် ဒမ်ဂျွန်ဗန္ဒရသည် ပေါ်တူဂီများ အကူအညီဖြင့် မိုင်းနားနယ်သို့ သွားရောက်ကာ ထိုအရပ်၌ အလုံးအရင်း အခိုင်အမာ တပ်ပေါင်းများစွာ ဖွဲ့စည်းပြီး ကန္တီသို့ ချီတက်သွားရောက်သောအခါ "၎င်းရာဇသီဟ(အဘသတ်)မင်းကား အိုမင်းလှသည့်အပြင် ၎င်း၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် ပြည်တွင်းပုန်ကန်မှုများ ဖြစ်ပွါးကာ အားနည်းနေခိုက် ဖြစ်၍" ၎င်းကန္တီမှာ တပ်စွဲပြီး ပုန်ကန်ခြားနားနေခဲ့လေသည်။

၎င်း ရာဇသီဟဘုရင်အား သာလွန်မနှစ်သက်သော အချက်သည်ကား "၎င်းသည် ဗုဒ္ဓဘာသာကို ပစ်ပယ်ကာ ဟိန္ဒူဘာသာသို့ သက်ဝင်ပြီးလျှင် အစဉ်အလာအားဖြင့် ကိုးကွယ်လာခဲ့ကြသော ဗုဒ္ဓဘာသာ ပူဇော်ရာဌာနများကိုလည်း ဖျက်ဆီးကာ သီရိပါဒစေတီတော်ကိုလည်း ဟိန္ဒူများအား ပေးအပ်ခြင်းဖြစ်သဖြင့်" ကန္တီမြို့နယ်၌ နေကြကုန်သော သူတို့သည် ၎င်း၏ စိုးမိုးအုပ်ချုပ်ခြင်းကို လက်မခံကြဘဲ ဒမ်ဖိလစ်(ဖ)ဝီရဗာဟု (ဒိုနာကသရိနာ၏ဖခင်)အား ပေါ်တူဂီတို့ မင်းအဖြစ် တင်မြှောက်ကြသည်ကို လက်ခံသဘောတူညီကြလေသည်။

ထိုအခါ ပေါ်တူဂီများ၏ တန်ခိုးအာဏာများ တိုးတက်လာ၍ သိတဝကမြို့တော်ကို ဝိုင်းဝန်းပြီးလျှင် နယ်ပယ်များ ဖျက်ဆီးခြင်းမျှမက တောင်ဘက်ကမ်းခြေ တိုင်းနယ်များကိုလည်း တိုက်ခိုက်သိမ်းယူပြီးကာ ဒုန္ဒရမာတရ စသောမြို့များရှိ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘုရားကျောင်းများကိုလည်း ဖျက်ဆီးလုယက် ယူကြလေသည်။

ထို့နောက် ၁,၀၃၆-ခုနှစ်မှာ ဂဒုဂန္နဝတောင်ခြားလမ်းတွင် ဒမ်ဂျွန်ကောနပ္ပုဗန္ဒရနှင့် ရာဇသီဟဘုရင်တို့ အကြီးအကျယ် ဆိုင်ပြိုင်တိုက်ခိုက်ကြရာ ဘုရင့်စစ်တပ်မှာ အရေးတော်နိမ့်သည့်အပြင် ဘုရင်ကိုယ်တိုင်လည်း ခြေမှာ သေလောက်အောင် ဒဏ်ရာရကာ ရက်အနည်းငယ်အတွင်း ကံကုန်သောအခါ ဒမ်ဂျွန်ကောနပ္ပုဗန္ဒရသည် ရုတ်ခြည်း သူကိုယ်တိုင် ခရစ်ယာန်အမည်များကို ရုပ်သိမ်းပြီး ဝိမလဓမ္မဟူသော ဘွဲ့နာမကို ခံယူကာ ဗုဒ္ဓဘာသာ ဘုရင်မင်းအဖြစ် ကြေညာ၍ "ပေါ်တူဂီများသည် သူမှတပါး ဒမ်ဖိလစ်(ဝီရဗာဟု)အား ကန္တီထီးနန်း ပေးအပ်သည်ကို မမေ့နိုင်"သဖြင့် ၎င်းကို လုပ်ကြံပြီးလျှင် ထီးနန်းသိမ်းယူကာ ပေါ်တူဂီများကိုလည်း ရန်သူ ပြုလုပ်ခဲ့လေသည်။

သို့ရာတွင် ပေါ်တူဂီများကလည်း ၎င်းကို အသိအမှတ်မပြုဘဲ ဒမ်ဖိလစ်(ဖ) ကွယ်လွန်ပြီးသော်လည်း ၎င်း၏ သမီးတော် ဒိုနာကသရိနာအား ဘုရင်မ-တင်မြှောက် ကြေညာခဲ့ရာ၊ ထိုအခါက ၎င်းတို့ စစ်တပ်မှာ အားနည်း၍ အိန္ဒိယဘုရင်ခံထံ အကူအညီ တောင်းပြီး စစ်သည်အင်အား စုဆောင်းရန် မိုင်းနားသို့ ဆုတ်ခွါခဲ့၍ ၎င်းဘုရင်ခံထံမှ အကူအညီရကာ ၎င်းတို့ စစ်ဗိုလ်ချုပ်ကြီး ဒမ်လော့ဒီဆူဇာသည် ကန္ဒီသို့ ချီတက်သိမ်းပိုက် ပြီးနောက် မိုင်းနားသို့ ပြန်လည်ခဲ့လေသည်။

ထို့နောက် ဒိုနာကသရိနာ ဘုရင်မအား ၎င်း၏တူ ဒီဆူဇာနှင့် လက်ထပ်ပြီး ထီးနန်း တင်မည်ဟူသော စီမံချက်ဖြင့် ၎င်းမှ ကန္ဒီသို့ ချီတက်ရာ နိဂမ်ဗိုမြို့သို့ ရောက်သောအခါ ၎င်းတို့အား ကူညီမည်ဖြစ်သော ဗိုလ်မှူးဝိဇယဝီရဗန္ဓ၏ စစ်သည်တပ်သားများနှင့် တွေ့ဆုံသော် လည်း "ဝိမလဓမ္မ(ဗုဒ္ဓဘာသာကန္ဒီဘုရင်)၏ လျှို့ဝှက်သော အကြံအစည်အရ ၎င်းဝိဇယ-ဝီရဗန္ဓစစ်တပ်အတွင်းသို့ သူလျှိုများစေလွှတ်ကာ အတွင်းစာအဖြစ်ဖြင့် လှည့်ဖြား၍ ပေါ်တူဂီများနှင့် ကွဲပြားအောင် ရေးသားပေးပို့သည်ကို ရရှိ၍ ၎င်းဝိဇယဝီရဗန္ဓအပေါ် အထင်မှားပြီး ၎င်း၏တပ်ဦးတွင် စီရင်သောကြောင့်" ၎င်း၏တပ်သားများ ကစင့်ကလျား ကွဲပြားသွား၍ များသောအားဖြင့် ဝိမလဓမ္မ၏တပ်သို့ ပေါင်းစပ်၍ အထူးအင်အား တောင့်တင်းလာသဖြင့် ၎င်းဝိမလဓမ္မစစ်တပ်များက ချီတက်လာသော ဒီဆူဇာတပ်များကို ဗလိမ်တောင်ကြားအရောက်တွင် တိုက်ခိုက်ဖျက်ဆီးပြီးကာ ဒိုနာကသရိနာ မင်းသမီးကလေးကို ဖမ်းယူခဲ့ပြီး ၎င်းနှင့် အတင်းအကြပ် လက်ထပ်၍ ကန္ဒီမြို့တော်မှာပင် ဝိမလဓမ္မသည် ထီးနန်းစိုက်ထူ စိုးစံနေခဲ့လေသည်။

ထို့နောက် ပေါ်တူဂီများလည်း ၂၁၄၇-ခုနှစ်၌ ကန္ဒီမြို့တော်ကို တစ်ကြိမ်အောင်မြင် ကာ အကြီးအကျယ် တပ်စုကြီးများစုပေါင်းပြီး ချီတက်တိုက်ခိုက်ပါသော်လည်း ၎င်းတို့ တွန်းလှန်ဖြိုဖျက်ခြင်းကိုသာ ခံရသည်။ ထို့ပြင် ဝိမလဓမ္မဘုရင်ကို လုပ်ကြံရန် ၎င်းတို့ ထားခဲ့သော သူလျှို ၅-ယောက်မှာလည်း သိရှိသွားပြီး အသတ်ခံရသည်။ ထို့ကြောင့် ၎င်းတို့ ပိုင်ဆိုင်ပြီးသော ကမ်းခြေနယ်ပယ်များသို့ ဆုတ်ခွာပြီးလျှင် ကိုလမ်ဗိုမြို့တော် ပြုလုပ်ပြီး နောက် ကတုပ်ခံတပ်များ အခိုင်အမာ ဆောက်လုပ်သည့်အပြင် ဂေါလ်ဝတ္တိကာလိုအာတရင်-ကိုမာလီမြို့များ၌လည်း ခံတပ်အခိုင်အမာ ဆောက်လုပ်လျက် ၎င်းတို့ဘာသာ ဘုရားရှိခိုး ကျောင်းများ အမြောက်အမြား ဆောက်လုပ်တည်ထောင် သာသနာပြုပြီး ရောင်းဝယ် ဖောက်ကား ကုန်သွယ်ခြင်းများ ပြုလုပ်နေထိုင်ခဲ့ကြလေသည်။

ဤသို့အားဖြင့် နှစ်ပေါင်း ၁၀၀-ကျော်သည့်တိုင်အောင် ပေါ်တူဂီများ ဝင်ရောက် တိုက်ခိုက်ခြင်း, ၎င်းတို့ဘာသာ အယူဝါဒတို့ကို အတင်းအဓမ္မအားဖြင့် မတရားသွတ်သွင်း

ခြင်း, ဗုဒ္ဓဘာသာ ဘုရားပုထိုးစေတီများကိုလည်း များစွာဖျက်ဆီးခြင်းတို့ကို ပြုလုပ်သည့်အပြင် ၎င်းတို့ဘာသာ ဘုရားရှိခိုးကျောင်းများ မြောက်မြားစွာ တည်ထောင်ခြင်းစသည်ဖြင့် များစွာ သာသနာတော်၏ ဘေးရန်များ ဖြစ်ပွါးနေသောကြောင့် သာသနာတော်ကြီးမှာ တိုးတက်ပြန့်ပွား ထွန်းကား စည်ပင်ခြင်း မရှိနိုင်တော့ဘဲ မပြိုမပျက်အောင် တိုင်း, နိုင်ငံရင်မင်းများသည် အားထုတ်ဆောင်ရွက်ရသည့်အပြင် ၎င်းတို့ ကျွန်းနိုင်ငံအလုံး ပျက်ပြုန်းမသွားအောင် အထူးစောင့်ရှောက်ခဲ့ကြရလေသည်။

ဤသို့လျှင် သီဟိုဠ်ကျွန်း၌ သာသနာတော် ၂,၀၄၄-ခုနှစ်မှ စ၍ ဥရောပတိုက်သား ပေါ်တူဂီလူမျိုးများ ဝင်ရောက်လာကာ ၎င်းတို့အာဏာနှင့် ၎င်းတို့ဘာသာဝါဒ ဖြန့်ဖြူးရန် ကြိုးစားအားထုတ်ကြသည့်အတိုင်း ကမ်းခြေတိုင်းနယ်များ သိမ်းပိုက်ပြီး တစ်ကျွန်းလုံးပင် ၎င်းတို့ဘာသာများ လွှမ်းမိုးရန် ကြံစည်ခြင်းများ မအောင်မြင်ငြားသော်လည်း ၎င်းတို့ဝါဒသို့ကား တိုင်းသူပြည်သားများစွာ ဝင်ရောက်ကြသည့်အပြင် ပြဆိုရေးသားပြီးသည့်အတိုင်း ဘုရင့်ဆွေတော်, မျိုးတော်များပင် ဘာသာဝင် အမည်ခံလျက် ၎င်းလက်ထက်များ၌ ခရစ်ယာန်ဘာသာ အားပေးချီးမြှောက်သဖြင့် ၎င်းတို့အားထုတ်ခြင်းမှာ သာလွန်အောင်မြင်ကာ နှစ်ပေါင်း ၁၀၀-ကျော်အောင် ဗုဒ္ဓနိုင်ငံတော်ကြီးကို ဖျက်ဆီးတိုက်ခိုက်လာခဲ့ကြလေသည်။

## သာသနာ ၂,၁၀၀-ကျော်
## ဒပ်(ချ)၊ ဟော်လန်တို့ရောက်ကြောင်း

ရေးသားဖော်ပြသည့်အတိုင်း ပေါ်တူဂီလူမျိုးတို့ နယ်ပယ်များ ပိုင်ဆိုင်, အခိုင်အမာဖြင့် ၎င်းတို့ဘာသာ ကြီးပွါးအောင် အားထုတ်နေစဉ် "၎င်းတို့နှင့် ၎င်းကျွန်းမှ အဖိုးတန်ကုန်စည်များ တစ်ဆင့်ခံ အဖြစ်ဖြင့် ဥရောပသို့ ဖြန့်ဖြူးသည့် အကြောင်းအရာများကို" ဒပ်(ချ) ဟော်လန် လူမျိုးများက သိရှိသည့်အတိုင်း သီဟိုဠ်ကျွန်း၌ ၎င်းတို့အာဏာ ကျယ်ပြန့်အောင်, ထိုက်တန်သော ကုန်စည်များ တစ်ဆင့်ခံ မဟုတ်ဘဲ ဤကျွန်းမှ ကိုယ်တိုင်ထုတ်ယူနိုင်အောင် ကြိုးစားနေသောအခါဖြစ်၍ အိန္ဒိယတိုင်း, နိုင်ငံသို့ များစွာသော သင်္ဘောတပ်များ လွှတ်ပြီး အရှေ့တိုင်းဒပ်(ချ)ကုမ္ပဏီကြီးများ ဖွဲ့စည်းတည်ထောင်ခဲ့ကြလေသည်။

ထို့အတူ ဗြိတိသျှလူမျိုးတို့ကလည်း ၎င်းအရှေ့ဖျား အိန္ဒိယတိုင်းနယ်ကြီးများ၌ ၎င်းတို့ အာဏာတန်ခိုး လွှမ်းမိုးရန်နှင့် ၎င်းတို့ ကူးသန်းရောင်းဝယ်ခြင်း ကြီးကျယ်တိုးပွါးရန် အားထုတ်ကြိုးစားနေကြသည့်အတိုင်း အရှေ့အိန္ဒိယကုမ္ပဏီကြီးများ ဖွဲ့စည်း တည်ထောင်ကာ အိန္ဒိယ၌ အခိုင်အမာ နေထိုင်ခဲ့ကြလေသည်။

ထိုသို့ အရှေ့တိုင်းများသို့ ရွက်လွှင့်လာကြသော ဒပ်(ချ)သင်္ဘောတပ်များတွင် ရေကြောင်းဗိုလ်ကျော့ရစ်ဗစ်စမစ်ဗာဂျင်သည် သာသနာတော် ၂,၁၄၆-ခုနှစ်၌ သီဟိုဠ်ကျွန်း အရှေ့ဘက်ကမ်းခြေရှိ ပေါ်တူဂီပိုင် မြို့ကြီးတစ်မြို့ဖြစ်သည့် ဘတ္တိကာလိုအာမြို့သို့ အကြောင်းအားလျော်စွာ ဆိုက်ကပ်ကျောက်ချနေခဲ့ရာ ၎င်းသင်္ဘောသည် ပထမဆုံး သီဟိုဠ် ကျွန်းသို့ ဆိုက်ကပ်ရောက်လာသော ဒပ်(ချ)လူမျိုးများ၏ သင်္ဘောဖြစ်၍ သီဟိုဠ်သားတို့ သည် ပေါ်တူဂီများ-ဟု ထင်ကြသော်လည်း ၎င်းတို့သည် ဒပ်(ချ)လူမျိုးများ ဖြစ်ကြောင်း မကြာမီ သိရှိလာကြလေသည်။

၎င်းသင်္ဘောတပ် ရေကြောင်းဗိုလ်ကြီး စမစ်ဗာဂျင်သည် သီဟိုဠ်ဘုရင်မင်းမြတ်ထံ သွားရောက်ရန် ဆုံးဖြတ်သည့်အတိုင်း မကြာမီ ကန္ဒီမြို့တော်သို့ ရောက်၍ ဘုရင်ဝိမလဓမ္မထံ ဝင်ရောက်ခစားရာ ပေါ်တူဂီများအား တစ်နည်းနည်းဖြင့် သီဟိုဠ်ကျွန်းမှ နှင်ထုတ်ရန် ကြံစည်လျက် ရှိသောအခါ ဖြစ်သဖြင့် ၎င်းရေကြောင်းဗိုလ်ကြီးအား ကောင်းမွန်စွာ ဧည့်ခံပြီး ရှည်လျားစွာ စကားပြောဆိုကြသည့်အဆုံး၌ မိမိကျွန်းနိုင်ငံအတွင်းဝယ် လွတ်လပ်စွာ ကူးသန်းရောင်းဝယ်နိုင်ရန်နှင့် ခံတပ်များကိုပင် ဆောက်လုပ်ရန် ဘုရင်ဝိမလဓမ္မ၏ ခွင့်ပြုခြင်း ရရှိခဲ့ကြလေသည်။

ထိုနောက် ဘုရင်ဝိမလဓမ္မသည် ပေါ်တူဂီများနှင့် များစွာမသင့်မတင့်ဖြစ်၍ လက်ဖတင်ဗိုလ်ချုပ်ဒီဝါဒ်နှင့် မချေမငံပြောမှုဖြင့် ၎င်းထံ စစ်ကြေငြာချက် ပို့ပြီး စစ်တိုက်မည်ဟု ပြင်ဆင်လျှင် ဒပ်(ချ)များလည်း ၎င်းအခြင်းအရာကို ကြည့်ရှုလျက်နေရာ နောက်တစ်နှစ်မှာ ဘုရင်ဝိမလဓမ္မသည် ကွယ်လွန်တော်မူခဲ့၍ ၎င်း၏မိဖုရား ဒိုနာကသရိနာသည် သားတော် ၂-ပါး ရင်ခွင်ထား၍ တရားသဖြင့် အုပ်ချုပ်စိုးစံ၍ တိုင်းနိုင်ငံကို လက်ဝယ် သိမ်းပိုက်ထားရာ ပေါ်တူဂီများသည် ၎င်းဘုရင်မကို ၎င်းတို့ဘက်ပါအောင် ကြိုးစားအားထုတ် စာချုပ်ပြုလုပ်ရန် ဆောင်ရွက်ကြသော်လည်း ဘယ်နည်းနှင့်မျှ ၎င်းမိဖုရားသည် ၎င်းတို့ဘက် မပါဘဲ မဟာမိတ် စာချုပ်ပြုလုပ်ရန် ငြင်းပယ်ခဲ့လေသည်။

ထို့နောက် မင်းသားကလေးများကို အစောင့်အရှောက်နေကြသော မင်းသားများ နှင့် အမှုးများသည် မိဖုရား ဒိုနာကသရိနာနှင့် သင့်မြတ်ကြရန် ကြိုးစားအားထုတ်ကြရာ ဉပမြို့စား မင်းသားတစ်ပါးနှင့် သီရိပါဒကျောင်းတိုက်မှ သေနာရတန မည်သော ဘုန်းကြီး တစ်ပါးတို့ ပြိုင်ဆိုင်ကြသည်တွင် သေနာရတနသည် မင်းသားအား လုပ်ကြံကာ လူထွက်ပြီး မိဖုရားကြီးနှင့် သင့်မြတ်ဖို့ ကြိုးစားသည့်အတိုင်း အောင်မြင် ထမြောက် မင်းသားကလေးများ ကို အစောင့်အရှောက်ထား၍ ၎င်းမိဖုရားနှင့် လက်ထပ်ပြီး တိုင်း, နိုင်ငံကို အုပ်ချုပ်နေခဲ့လေ သည်။

သာသနာ ၂,၁၅၆-ခုနှစ်မှာ ဒပ်(ချ)ဘုရင်ခံထံမှ သံတမန်အဖြစ်ဖြင့် မာဆယ်လ်-ဒီဗော့ချုဝါအား ခန့်အပ်လွှတ်လိုက်၍ ကန္ဒီမြို့တော်သို့ ရောက်ရှိသောအခါ သေနာ-ရတနသည် ၎င်းအား ကောင်းမွန်စွာ ဧည့်ခံပြုစုထားပြီးနောက် ၂-လမျှလောက်ကြာသောအခါ ဒပ်(ချ)လူမျိုးများနှင့် မဟာမိတ်စာချုပ် ပြုလုပ်ပြီး ဒပ်(ချ)တစ်ဦးတည်းသာ ၎င်းနိုင်ငံတွင်း ကုန်သန်းရောင်းဝယ်ခြင်း ခွင့်ပြု၍ ပေါ်တူဂီတို့နှင့် စစ်ဖြစ်ပွားခြင်း၌ ကူညီရန် ကတိထားခြင်းကိုလည်း ရသဖြင့် ၎င်းကို သံတမန်အနေအားဖြင့်လည်းကောင်း အတိုင်ပင်ခံ အနေအားဖြင့်လည်းကောင်း မြို့တော်မှာပင် နေရာချထားခဲ့လေသည်။

ပေါ်တူဂီများလည်း အမှတ်မဲ့ မနေဘဲ ၎င်းအဖြစ်အပျက် အကြောင်းအရာများကို သိရသောအခါ ၎င်းတို့လူမျိုးစစ်သည်-၁,၀၀၀, သီဟိုဠ် စစ်သည် ၃၀၀-နှင့် တပ်ပေါင်းစုဖွဲ့စည်းပြီး ဒပ်(ချ)များ ဆောက်လုပ်ထားသော ထရင်ကိုမာရီအနီးရှိ ကိုတိယာရခံတပ်သို့ ချီတက်တိုက်ခိုက် သိမ်းပြီးနောက် ရှေ့သို့ ချီတက်ပြန်ရာ သေနာရတန၏ စစ်တပ်များက တွန်းလှန်ဖြိုဖျက် တိုက်ခိုက်ခြင်းကို ခံရ၍ ပျက်ပြားဆုံးရှုံးခြင်းများစွာနှင့် ဆုတ်ခွာခဲ့ရလေသည်။

ဤသို့ ပေါ်တူဂီများသည် ဒပ်(ချ)လူမျိုးတို့နှင့် မဟာမိတ်ဖြစ်ပွားခြင်းကို မခံရပ်နိုင်သဖြင့် မကြာမကြာလာရောက် တိုက်ခိုက်နေစဉ် ဒိနာကသရိနာ မိဖုရားကြီးမှာ ၎င်းသားတော်ကြီး အဆိပ်သင့်လျက် ကွယ်လွန်သည်ကို ဝမ်းနည်းကြေကွဲကာ ကွယ်လွန်ခဲ့၍ ၎င်းကို ပေါ်တူဂီတို့ သိသောအခါ ၎င်းတို့ပိုင်ဆိုင်သော ကမ်းခြေပြည်နယ်များ တည်မြဲဖို့ ခံတပ်များ ပြင်ဆင်ကာ အခိုင်အမာ နေထိုင်ခဲ့ကြလေသည်။

သာသနာ ၂,၁၇၅-ခုနှစ်မှာ သီဟိုဠ်စစ်တပ်များသည် ပေါ်တူဂီစစ်တပ်များကို တွန်းလှန်ပြီး ၎င်းတို့နှင့် ဘုရင်သေနာရတနတို့ စစ်ပြေငြိမ်းစာချုပ်ပြုလုပ်ပြီး နောက် ၁-နှစ်မှာ ၎င်းဘုရင်သည် ကံတော်ကုန်သဖြင့် ၎င်း၏သားတော် ရာဇသီဟသည် ထီးနန်းကို သိမ်းပိုက်ကာ ဒိနာကသရိနာဘုရင်မနှင့် ဓမ္မပါလဘုရင်တို့မှ ဖွားမြင်တော်မူသော သားတော် ၂-ပါးတို့အား အထိုက်အလျောက် ဥပမြို့စားနှင့် မာတလေမြို့စားများ ခန့်အပ်ကာ တိုင်းပြည်အလုံး သိမ်းပိုက်အုပ်ချုပ် နေခဲ့ကြလေသည်။

ထိုရာဇသီဟဘုရင် စိုးစံသိမ်းမြန်းသည်ကိုပင် ပေါ်တူဂီတို့ မကျေနပ်ကြ၍ အခါခါ ချီတက်တိုက်ခိုက်သည့်အပြင် အကြီးအကျယ် တိုက်ခိုက်ရန် စစ်သည်မြောက်များစွာ ပြင်ဆင်ကြိုးစားကြသော်လည်း ဒပ်(ချ)တို့အား အကူအညီတောင်းဆိုထားသည့်အတိုင်း ဂျာဝါးကျွန်း၊ ဗတေဗိယာမြို့တော်မှ ဘုရင်ခံ၏ အမိန့်ဖြင့် အကူအညီရ၍ ၂,၁၈၀-ပြည့်နှစ်မှာ ဒပ်(ချ)

စစ်ဗိုလ်ချုပ် ဝက်စတာဝုဒ်သည် ဘတ္တိကာလိုအာမြို့ကို သိမ်းပိုက်ပြီးလျှင် ဘုရင်ရာဇသီဟနှင့် စာချုပ်ချုပ်ဆိုကြလေသည်။

ဤနည်းအားဖြင့် ဒပ်(ချ)လူမျိုးတို့သည် သီဟိုဠ်ကျွန်းတွင် နိုင်ငံများ ပိုင်ဆိုင်စပြုလာ၍ ၎င်းတို့၏ ပရိုတက်စတင် ခရစ်ယာန်ဘာသာကိုလည်း ဖြန့်ဖြူးကာ အထူးသဖြင့် အားရှိလာပြီး နောက် ၁-နှစ်မှာ တရင်ကိုမာလီဂေါလ်, နိဂမ်ဘိုမာတရကမ်းခြေမြို့များကိုလည်း သိမ်းပိုက်လာကြသောအခါ ဘုရင်ရာဇသီဟသည် ၎င်းဒပ်(ချ)များ၏ တန်ခိုးအာဏာ သီဟိုဠ်ကျွန်း၌ လွှမ်းမိုးလာ၍ စိုးရိမ်မကင်းဖြစ်ပြီး ၎င်းတို့လည်း ပေါ်တူဂီများကဲ့သို့ တစ်စတစ်စ သိမ်းပိုက်လာမည်ကို တားမြစ်ရန် ကြံဖန်လျက် ၂-ဖက်လုံး သင့်တင့်ဖို့ ကြိုးစားခဲ့လေသည်။

ထိုသို့ ကြိုးစားအားထုတ်ပါသော်လည်း အချည်းနှီးဖြစ်၍ ဒပ်(ချ)များ၏ အာဏာသည် ကျွန်းနိုင်ငံမှာ တဖြည်းဖြည်း ကျယ်ပြန့်လာပြီးလျှင် နောက်ဆုံး၌ ပေါ်တူဂီများ၏ မြို့တော်ဖြစ်သော ကိုလမ်ဗိုမြို့ကိုပင် သာသနာ ၂,၂၀၀-ပြည့်နှစ်မှာ ဒပ်(ချ)များ ပိတ်ဆို့ဝိုင်းဝန်းထား၍ အစာရေစာ ရှားပါး၊ မိုးဥတုရာသီအားဖြင့်လည်း ဖိနှိပ်ကာ မတတ်သာနိုင်သောကြောင့် ၎င်းတို့ပိုင်ဆိုင်သော ဂျဖနားမြို့သို့ ပြောင်းရွှေ့နိုင်ရန် အခြေခံထားလျက် ဒပ်(ချ)စစ်တပ်များသို့ လက်နက်ချပြီးလျှင် ရန်သူများလက်သို့ ၎င်းတို့ မြို့တော်ကို အပ်လိုက်ရလေသည်။

ဤသို့ ဒပ်(ချ)တို့သည် ကိုလမ်ဗိုမြို့တော်နှင့် ကမ်းခြေမြို့များ သိမ်းပိုက်ပြီးနောက် ကတုပ်ခံတပ် အခိုင်အမာ ပြုလုပ်နေကြစဉ် ကန္တိဘုရင် ရာဇသီဟသည် ၎င်းအား အရေးအကြောင်းအားလျော်စွာ ဆိပ်ကမ်းမြို့ တစ်မြို့ ၎င်း၏လက်တွင်း၌ ရှိသင့်သည်ဟု အနာဂတ်နိုင်ငံရေးကို ထောက်ဆ၍ ဒပ်(ချ)များထံမှ ကိုလမ်ဗိုမြို့ကို တောင်းဆိုရာ မချေမငံ ပြောခြင်းကို ခံရ၍ ဒပ်(ချ)တို့နှင့် ၎င်းဘုရင် စစ်ဖြစ်ပွားရာ အရေးမသာဘဲ ဆုတ်ခွာလာခဲ့ရလေသည်။

၎င်းမှ နောက်၌ သီဟိုဠ်ဘုရင်မှာ ဒပ်(ချ)များနှင့် မကြာမကြာ စစ်ဖြစ်ကြရ၍ ဒပ်(ချ)များလည်း ကျွန်းနိုင်ငံ၌ရှိသော ပေါ်တူဂီများ၏ အရေးကို ပြီးပြတ်အောင် ရှင်းလင်းနေရ၍ အလုပ်ကိစ္စ များပြားသောကြောင့် ၎င်းသီဟိုဠ်ဘုရင်နှင့် စစ်သည် အမြောက်အမြားဖြင့် အကြီးအကျယ် မတိုက်ခိုက်နိုင်သောအခါ ဖြစ်နေ၍ ၎င်းတို့ ရရှိပြီး အခြေအနေ မပျက်စီးအောင် ခုခံကာကွယ်ပြီးလျှင် ပေါ်တူဂီများကိုသာ ၎င်းကျွန်းနိုင်ငံမှ ဘာသာနှင့်တကွ ထွက်သွားဖို့ရန် အားထုတ်ကြိုးစားခဲ့ကြလေသည်။

ဤသို့အားဖြင့် ဒပ်(ချ)တို့သည် တစ်စတစ်စ အင်အားတောင့်တင်းလာကြ၍ နောက် ၂-နှစ်မှာ ဂျဖနားသို့တိုင်အောင် ပေါ်တူဂီပိုင် တိုင်းနယ်များကို သိမ်းပိုက်ပြီး ၎င်းတို့ကို လည်း စစ်သုံ့ပန်းအားဖြင့် ထားပြီးကာ ဂျာဝါမြို့တော် ဗတေဗီယာသို့ ပို့ဆောင်ပြီး နိုင်ငံရေး ကိစ္စများ အခွင့်အခါအလျောက်နည်းပါး၍ ကူးသန်းရောင်းဝယ်ရေးကိစ္စများ၌ အားထုတ်နေ ကြစဉ် သာသနာ ၂၂၁၆-ခုနှစ်မှာ ဥရောပ၌ ဒပ်(ချ)နှင့် ဖရန်ဆစ်လူမျိုးများ စစ်ဖြစ်ကြ၍ ဖရန်ဆစ်ရေတပ်သင်္ဘော ၁၄-စင်း တရင်ကိုမာလီဆိပ်ကမ်းသို့ ကပ်ရောက်ပြီးလျှင် ၎င်းရေတပ် ဗိုလ်ချုပ်အိမ်နိုက်လာဟေသည် ဘုရင်ရာဇသီဟအထံသို့ သွားရောက်သောအခါ အကူအညီ ရမည်ဟူသော အထင်ဖြင့် ဝမ်းမြောက်စွာ ဧည့်ခံပြီး ၎င်းကိုလည်း ခံတပ် ဆောက်လုပ်ခွင့် ပြုသောကြောင့် ဒပ်(ချ)လူမျိုးများသည် အစ၌ များစွာ စိုးရိမ်ကြသော်လည်း မခက်ခဲလှဘဲ ၎င်းတို့ ရန်ကို တွန်းလှန်နိုင်ခဲ့ကြလေသည်။

ဤသို့အားဖြင့် သီဟိုဠ်ဘုရင်များသည် သာသနာတော် ၎င်းနှစ်များ အတွင်း၌ ပြည်တွင်း, နိုင်ငံရေးနှင့် တိုင်းတပါး နိုင်ငံခြားဘာသာများအရေး ရှုပ်ထွေးလာခြင်းအားဖြင့် သာသနာနှင့် ဘာသာအရေးများသည် တဖြည်းဖြည်း လျော့ပါး၍ အားထုတ်မပြုစုနိုင်ကြဘဲ အနှောင့်အယှက်များစွာနှင့် တွေ့ကြုံကြကာ ၎င်းကိစ္စများသာ ပြီးပြတ်အောင် ဆောင်ရွက် နေကြရသောကြောင့် တိုင်းနိုင်ငံတိုးပွါးအောင်, သာသနာတော်မြတ် တိုးပွါးအောင် မဆောင်ရွက်နိုင်ကြဘဲ ခေတ်သမယဆိုးနှင့်သာ ရင်ဆိုင်ခဲ့ကြရလေသည်။

၎င်းဒုတိယရာဇသီဟ ဘုရင်မင်းမြတ် နန်းစံ အနှစ်-၅၀၊ သာသနာတော် ၂၂၃၁- ခုနှစ်မှာ လွန်တော်မူခဲ့၍ ၎င်း၏သားတော် ဝိမလဓမ္မ (ဒုတိယမြောက်)သည် ထီးနန်းဆက်ခံ စိုးစံသောအခါ ၎င်း၏ ခမည်းတော်မင်းကြီး သတိပေးတော်မူသည့်အတိုင်း ဒပ်(ချ)လူမျိုး များနှင့် သင့်တင့်အောင်နေသဖြင့် ၎င်း၏နန်းစံ အနှစ် ၂၂-နှစ်တိုင်အောင် ငြိမ်သက်စွာရှိ၍ ရခိုင်တိုင်းနိုင်ငံမှ ရဟန်းသံဃာတော်များကို ပင့်ဆောင်ကာ သာသနာတော်ပြုစုရာတွင် ၎င်းတို့သည် သာသနာမှုကိစ္စများ၌ သဘောအားဖြင့်, ကူညီပို့ဆောင်ခြင်းအားဖြင့် အားထုတ် ကြိုးပမ်းခဲ့ကြလေသည်။

၎င်းနောက် ၎င်း၏သားတော် နရိန္ဒသီဟမင်း ထီးနန်းဆက်ခံ၍ ၎င်းမင်း၏ လက်ထက်၌ကား ဗုဒ္ဓသာသနာ နိုင်ငံတော်ကြီးသည် အနည်းငယ် တိုးတက်ပြန့်ပွါးလာခဲ့၍ အနုရာဓစသော ရှေးမြို့ဟောင်းကြီးများ စသည်သို့ မင်းတရားသည် ဘုရား, ပုထိုး ရှိခိုး ပူဇော်ထွက်တော်မူခြင်း, ၎င်း၏ ကန္ဒီမြို့တော်မှာလည်း များစွာလှူဒါန်း စွန့်ကြဲခြင်း, များစွာသော ကျောင်းအာရာမ်များကိုလည်း ပြုပြင်သည့်အပြင် တံတိုင်းအာရာမ်နှင့်

အဆန်းတကြယ် မွမ်းမံချယ်လှယ် တင့်တယ်ခမ်းနားစွာ စွယ်တော်တိုက်ကြီးကို ပြုပြင်ဆောက်လုပ် အားထုတ်တော်မူခဲ့လေသည်။

ဇင်းပြင် အမျိုးမျိုးသော ဘာသာများ, အယူဝါဒများကိုလည်း တိုင်းနိုင်ငံ၌ သင်ကြားလေ့လာဆည်းပူးစေကာ များစွာသောဘာသာရပ်များကို သီဟိုဠ်ဘာသာသို့ ပြန်ဆိုပြုစု၍ စာပေမှုကိုလည်း ကြိုးစားရှာဖွေခဲ့၍ ဟိန္ဒူဘာသာနှင့် သင့်တင့်စွာရှိသော်လည်း ပေါ်တူဂီများ တည်ထောင်ခဲ့သော ရိုမန်ကက်သလိတ် ခရစ်ယာန်ဘာသာကိုကား မနှစ်သက်သည့်အားလျော်စွာ ဇင်းအာဏာအောက်ရှိ ခရစ်ယာန်ဝတ်ကျောင်းများကို ဖျက်ဆီးရန် အမိန့်ပေးခဲ့လေသည်။

သာသနာ ၂,၂၈၃-ခုနှစ်တွင် သီဟိုဠ်မင်းများ၏ အနွယ်ဝံသ နောက်ဆုံးဟုဆိုအပ်သော နရိန္ဒသီဟမင်း လွန်သောအခါ ဇင်းမင်းသည် မဓုရမြို့တော်မှ ဒမိလမင်းသမီးကို မိဖုရားမြှောက်ရာ ဇင်းမိဖုရားမှာ ထီးမွေ, နန်းလျာ သားရတနာ မထွန်းကားသဖြင့် ဇင်းမိဖုရား၏မောင်တော် သီရိဝိဇယရာဇသီဟကို *(မဓုရမြို့တော်တွင် ဒမိလမင်းသမီးနှင့် မောင်တော် ၃-ဦး "သီရိဝိဇယရာဇသီဟ၊ ကိတ္တိသီရိရာဇသီဟနှင့် ရာဇာဓိရာဇ"ဟု ရှိသည်)* ထီးနန်းဆက်ခံစိုးစံစေ၍ ဇင်းမင်းသည် ဟိန္ဒူအယူဝါဒပင်ဖြစ်သော်လည်း ဗုဒ္ဓဘာသာအဖြစ်သို့ ပြောင်းလဲကာ ရှေးသီဟိုဠ်ဘုရင်များကဲ့သို့ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကို လေးမြတ်ယုံကြည်စွာ ပြုစု အားထုတ်တော်မူခဲ့လေသည်။

ဇင်းလက်ထက်၌ တိုင်း,နိုင်ငံခြားဖြစ်သော–

- ရာမညတိုင်း၊ ဟံသာဝတီမြို့တော်မှလည်းကောင်း
- ရက္ခပူရ ရခိုင်တိုင်းမှလည်းကောင်း
- ယိုးဒယား တိုင်း, နိုင်ငံများမှလည်းကောင်း –

ရဟန်းသံဃာတော်များကို ပင့်ဆောင်ကာ သာသနာပြုသည်ဟု ဇင်းတို့ရာဇဝင်မှတ်တမ်းပင် ရှိသော်လည်း ဇင်းပြုစုအားထုတ်ခြင်းကား ထင်ရှားစွာ မရှိလှဘဲ ဇင်းလက်ထက်၌လည်း ရိုမန်ကက်သလိတ် ခရစ်ယာန်ကို မနှစ်သက်သည့်အပြင် ဇင်းဘာသာဝင် ပေါ်တူဂီလူမျိုးများကိုလည်း ဇင်းတို့ နေထိုင်ကြသော အရပ်အသီးသီးတို့မှ နှင်ထုတ်တိုက်ခိုက် ဖျက်ဆီးကြသဖြင့် ဇင်းတို့နှင့် ဇင်းတို့ဘာသာမှာ သီဟိုဠ်ကျွန်း၌ မရှိသလောက် နည်းပါး၍ ဇင်းတို့စစ်တပ်များလည်း ဆုတ်ခွာသွားခဲ့ရလေသည်။

# ကိတ္တိသီရိရာဇသီဟမင်းလက်ထက် နိုင်ငံခြားတို့မှ သာသနာအသစ်ယူရကြောင်း

သီရိဝိဇယရာဇသီဟမင်း လွန်ပြီးနောက် ၎င်း၏ညီတော် မဓုရမင်းသား *(မဓုရမင်းသား ၃-ပါးရှိသည်တွင် မောင်တော်အလတ်)* ကိတ္တိသီရိရာဇသီဟသည် သာသနာ ၂,၂၉၁-ခုနှစ်မှာ ထီးနန်းဆက်ခံစိုးစံ၍ ၎င်းမင်းလည်း ဗုဒ္ဓသာသနာတော်မြတ်ကို ပြုစုအားထုတ်ပါသော်လည်း ၎င်း၏လက်ထက် သီလ, သိက္ခာ, ဂုဏ်အင်္ဂါနှင့်ပြည့်စုံ၍ ပညာ, ဗဟုသုတ ပြည့်ဝသော မထေရ်များ တစ်ပါးမျှ မရှိဟု ဆိုရလောက်အောင် သီဟိုဠ်ကျွန်းအလုံးမှာ သီလ,သိက္ခာ မလေးစား၊ ယုံမှားသံသယ ဖြစ်လောက်သော ရဟန်းများသာရှိ၍ ၎င်းတို့သည် သာသနာနှင့် မလျော်သော ဆေးဝါး, ဗေဒင်စသော အပကိစ္စအမှုများဖြင့်သာ လေ့လာနေထိုင်ကြသဖြင့် တိုင်းနိုင်ငံတပါးမှ ရဟန်းများ ပင့်ဖိတ်ကာ သာသနာပြုပြင်ရန် ကြံစည် အားထုတ်သည့်အတိုင်း အတိုင်းတိုင်းသို့ သာသနာပြုမထေရ်များ ပင့်ဖိတ်တော်မူခဲ့လေသည်။

ထိုသို့ များစွာသော နိုင်ငံတို့ကို ပင့်ဖိတ်ရာ ယိုးဒယားနိုင်ငံသို့လည်း ရောက်၍ ထိုအခါက ၎င်းနိုင်ငံ၌ အယုဒ္ဓယမင်းမျိုးများ အုပ်ချုပ်စိုးစံကာ သာသနာတော်လည်းထွန်းလင်းသော အချိန်အခါဖြစ်သည်နှင့်အညီ ယိုးဒယားမင်းတရားလည်း သီဟိုဠ်၌ ဤမျှ သာသနာဆုတ်ယုတ်လာသည်ကို အထူးအံ့ဩပြီး ၎င်း၌ သာသနာပြုစုလိုသော ဆန္ဒဖြစ်ပွါးသည်နှင့် အမျှ အထူးအားထုတ်ကာ ပညာ, ဗဟုသုတ ပြည့်စုံလုံလောက်သော မထေရ်များတို့တွင် သာသနာပြုနိုင်သော အစွမ်းသတ္တိနှင့် ပြည့်စုံသော မထေရ်များ ရွေးချယ်ကာ များစွာသော ပိဋကတ်ကျမ်းဂန်များနှင့်တကွ သာသနာပြုမထေရ်များ လွှတ်တော်မူခဲ့လေသည်။

ထိုမထေရ်များသည် အခြံအရံများနှင့်တကွ သင်္ဘောဖြင့် ကြွတော်မူကြရာ ၂,၂၉၄-ခုနှစ် တရင်ကိုမာလီဆိပ်ကမ်းသို့ ရောက်တော်မူကြ၍ ကန္ဒီမြို့တော်သို့ သာသနာပြုမထေရ်များ ကြွရောက်တော်မူလာကြောင်း ဘုရင်ကိတ္တိသီရိရာဇသီဟမင်း ကြားသိတော်မူသောအခါ များစွာသော စစ်သည်တော်၊ ဗိုလ်ပါ ခင်းကျင်းလျက် မင်းခမ်းမင်းနား ကြီးကျယ်စွာဖြင့် ၎င်းမင်းကိုယ်တိုင် မထေရ်မြတ်များအား သွားရောက်ကြိုဆိုပြီးလျှင် ပင့်ဆောင်လာ၍ ကောင်းမွန်လေးမြတ်စွာ ပြုစုတော်မူခဲ့လေသည်။

ထိုသို့ ယိုးဒယားနိုင်ငံမှ မထေရ်များ ကြွလာတော်မူပြီး သင့်တင့်ပဋိသန္ထာရစကားအရ လျှောက်ထားပြောဆိုပြီးလျှင် ၎င်းတို့အား လျောက်ပတ်သော ကျောင်းများ၌ သီတင်းသုံး နေထိုင်စေတော်မူပြီး များစွာသော ရဟန်းများသည် သိက္ခာတော်အသစ်

ယူကြလျက် ထိုလက်ထက်အခါမှ စ၍ သီဟိုဠ်ကျွန်းမှာ သျှာမ်းဂိုဏ်းသာသနာဟု ဆိုအပ်သော သျှာမနိကာယဂိုဏ်းကြီးကို တည်ထောင်ပြုစု အားထုတ်ခဲ့လေသည်။

ထို့ပြင် ဤကိတ္တိသီရိမင်းသည် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးမြတ်သည့်အားလျော်စွာ များစွာသော ရှေးဟောင်းဘုရား, ပုထိုးများသို့ သွားရောက်ဖူးမြော် ပူဇော်တော်မူသည့်အပြင် တိုင်းရေး, နိုင်ငံရေးအတွက် အဆက်ဆက်သော မင်းတို့လက်ထက်က မပြုပြင်နိုင်ခဲ့ကြသော ဘုရား, ပုထိုး, စေတီ, ကျောင်း, အာရာမ်များကိုလည်း ပြုပြင်၊ အသစ်ဖြစ်သော ကျောင်း, ဘုရားစသည့် သာသနာတော်ဆိုင်ရာ အဆောက်အအုံများစွာတို့ကိုလည်း ဆောက်လုပ်တည်ထောင်တော်မူခဲ့လေသည်။

ထိုမှတပါး ရှေးမင်းများ အဆက်ဆက်က ပြတ်စဲပျက်ကွက်ခဲ့ကြသော ကောင်းမှုကုသိုလ် ပွဲါးများစေရန်ဖြစ်သည့် ဘုရား, စေတီ ပူဇော်ပွဲများကိုလည်း ထပ်မံဖြစ်စေရန်စီမံဆောင်ရွက်တော်မူသည့်အပြင် ၎င်းတို့ထက် ဘယ်လက်ထက်ကမှ မဖြစ်မြောက်ခဲ့သော တစ်နိုင်ငံလုံး ကြွေးကြော်ထင်ရှားသော ဆင်ပေါ်၌ မြင့်မြတ်ဆန်းကြယ်သော အဆောင်တော်တင်ကာ ထိုက်တန်လှသော ရတနာတို့ဖြင့် တန်ဆာဆင်လျက်*(ယင်းအဆောင်ထက်တွင်)* စွယ်တော်မြတ်တင်ပြီးလျှင် များစွာသော ဆင်အပေါင်းနှင့် မှုးမတ်,ဗိုလ်ပါ ခြံရံကာ အမျိုးမျိုးသော ပူဇော်ဖွယ်များ ပူဇော်ကာ များလှစွာသော လူများလိုက်ပါလျက် ယခုထက်တိုင်ထုံးစံမပျက် တည်ရှိလာခဲ့သော မြတ်စွယ်တော်လှည့်ပွဲတော်ကြီးကို စတင် တည်ထောင်အားထုတ်လျက် တိုင်းသူပြည်သားတို့အကျိုး, သာသနာတော်မြတ်အကျိုး အထူးသယ်ပိုးဆောင်ရွက်တော်မူခဲ့လေသည်။

ထိုမင်းလက်ထက် ထိုအခါမှ စ၍ သျှာမနိကာယ သျှမ်းဂိုဏ်း၊ ယိုးဒယားဂိုဏ်းကြီးသည် မင်းများအရေးပြု အားထုတ်ဆောင်ရွက်ခဲ့ကြသော ဂိုဏ်းဖြစ်၍ ၎င်းသီဟိုဠ်ကျွန်းအလုံး၌ ပြန့်ကျယ်လာသဖြင့် ယိုးဒယားသာသနာဆက်ဖြစ်သော ဒုကင္ဍတင် ရင်စီးလျက်ရှာတွင်း, ရှာပြင် သွားလာကြသော အယူဝါဒ ထွန်းကားလာသောကြောင့် ရှေးက မဟာဝိဟာရဝါသီဂိုဏ်း အနွယ်ဝံသမှ ဆက်သွယ်လာခဲ့သော ရဟန်းများ၏ အယူဝါဒကား တဖြည်းဖြည်းအားနည်းလျက်ရှိရာ ရှိသမျှမှာလည်း အစဉ်အလာမျှသာ၊ ဂုဏ်အင်္ဂါအားဖြင့်မူ လုံလောက်သော ရဟန်း, သံဃာ မရှိသလောက် နည်းပါးလာခဲ့လေသည်။

ကိတ္တိသီရိရာဇသီဟမင်းမှာ ဒပ်(ချ)လူမျိုးများနှင့် မကြာမကြာ စစ်ဖြစ်ပွါး၍ နောက်ဆုံး၌ ၎င်း*(ဒပ်(ချ)* )တို့အား ၎င်း*(မင်း)*တို့ ပိုင်ဆိုင်သည့် ကမ်းခြေရှိ မြို့များအပြင် ကျွန်းအလုံး ပတ်လည်ဖြစ်သော ဌာနများ ပေးအပ်ရ၍ "၎င်းကျွန်းနိုင်ငံရှိ ထွက်ကုန်များကို

ငင်းတို့အား ပေးရမည်”ဟူသော စာချုပ်ချုပ်ဆိုခြင်းအားဖြင့် ပြေငြိမ်းသွားခဲ့ရသကဲ့သို့ ရှိလေသည်။

သို့ရာတွင် အရှေ့အိန္ဒိယ၊ အင်္ဂလိပ်ကုမ္ပဏီကြီးများသည် အိန္ဒိယနိုင်ငံကြီး၌ အရေးပါ၍ အရာတွင်ကျယ်သော ဆိပ်ကမ်းမြို့ကြီးများဖြစ်သည့် ဘင်္ဂလား, မဒရပ်, ဘုံဘေ တိုင်းနယ်များကို အောင်မြင်သိမ်းပိုက် ရရှိပြီးနောက် ကူးသန်းရောင်းဝယ်၍ ပင်လယ် စခန်းအားဖြင့် အကွက်အလမ်းကျလှသော ဤသီဟိုဠ်ကျွန်းကို စောင်းမြောင်း မျှော်မြင်လာ သဖြင့် ဤကျွန်းမှာ အိန္ဒိယပင်လယ်ပြင်တွင် တည်ရှိကာ စစ်ရေးစစ်ရာလည်း ဗဟိုကျသော ကြောင့် ငင်းကျွန်းကို သိမ်းယူရန် ကြံစည်လာခဲ့၍ ငင်းအင်္ဂလိပ်ပြဿနာ ဖြစ်ပွါးလာခဲ့လေ သည်။

ထိုသို့ ငင်းတို့ ကြံစည်သည့်အတိုင်း မဒရပ်ဘုရင်ခံသည် နီးစပ်သော တိုင်း, နိုင်ငံ ဖြစ်သည့်အားလျော်စွာ ကိတ္တိသီရိရာဇသီဟ ဘုရင်ထံသို့ မစ္စတာဂျုန်ဖစ်ဗတ်ကို သံတမန် ခန့်အပ်စေလွှတ်၍ အရှေ့အိန္ဒိယကုမ္ပဏီနှင့် မဟာမိတ်စာချုပ် ချုပ်ဆိုရန်နှင့် ဒပ်(ချ)လူမျိုး များနှင့် စစ်ပြုခြင်းကို အကူအညီပေးရန် တောင်းဆိုလာလျှင် ယခင်ကပင် ငင်းတို့အား အခွင့်အရေး ပေးပြီးသည့်အတိုင်း ငင်းတို့ လိုလားချက်များကို ဘုရင်မင်းသည် လွယ်ကူစွာ ခွင့်ပြုပြီးလျှင် ငင်းအတွက် မဆောင်ရွက်မီ သာသနာ ၂,၃၂၄-ခုနှစ်မှာ ငင်းမင်း လွန်တော် မူ၍ ငင်း၏ညီတော် ရာဇာဓိရာဇသီဟ ထီးနန်း ဆက်လက် စိုးစံအုပ်ချုပ်လေသည်။

ငင်းမင်း နန်းစံ ၂-နှစ်မြောက်မှာ အင်္ဂလိပ်များနှင့် စာချုပ်ချုပ်ဆိုပြီးနောက် ဥရောပ တိုက်၌ ဒပ်(ချ), ပြင်သစ်, အင်္ဂလိပ်တို့ စစ်ဖြစ်ပွါးခဲ့၍ ပြင်သစ်လူမျိုးများပင် တရင်ကိုမာလီမြို့ ကို သိမ်းပိုက်ထားနိုင်ခဲ့သော်လည်း နောက်ဆုံးအင်္ဂလိပ်များသည် ငင်းတို့ စာချုပ်အရ သီဟိုဠ်ကျွန်း ဒပ်(ချ) ပိုင်နယ်များကို သိမ်းယူကာ သာသနာ ၂,၃၄၀-ပြည့်နှစ်လောက်မှ စ၍ ငင်းတို့အာဏာ တစ်စတစ်စ လွှမ်းမိုးလာသဖြင့် ငင်းသီဟိုဠ်ကျွန်းကို ကရောင်းကိုလိုနီ ခေါ်သော အင်္ဂလိပ်လက်အောက်ခံ တိုင်း, နိုင်ငံတစ်ခုအဖြစ် ကြေညာခဲ့လေသည်။

ထိုရာဇာဓိရာဇသီဟမင်းလက်ထက်မှာလည်း ယိုးဒယားမှ သာသနာတော်ကို ယူသကဲ့သို့ပင် သာသနာတော်အရေး ဆက်လက်အားထုတ်ကာ မြန်မာနိုင်ငံတော်သို့ သာသနာတော်နှင့် သိက္ခာယူရန် သာသနာပြုအဖွဲ့ ဖွဲ့စည်းပြီးလျှင် သာသနာ ၂,၃၄၄- ခုနှစ်၌ များစွာသော လက်ဆောင်ပဏ္ဏာတော်များ စီရင်ကာ အထူးအားဖြင့် ဓာတ်တော်စစ် ၁၀-ဆူကို ပင့်ဆောင်ပြီး အမရပူရ ပထမမြို့တည်, နန်းတည် ဆင်ဖြူရှင်ဘိုးတော်ဘုရားကြီး အထံသို့ သိက္ခာယူရန် ရဟန်းလောင်း သာမဏေများဖြစ်ကြသော -

၁။ ရှင်အမ္ဗဂဟတိဿ ၂။ ရှင်မဟာဒမ္မ

၃။ ရှင်ကောစ္ဆဂေါမ ၄။ ရှင်ဗြာဟ္မဏဝတ္တ

၅။ ရှင်ဘောဂဝတ္တ ၆။ ရှင်ဝါတုရဂမ္မ

ဤ ၆-ပါးတို့ကို အခြံအရံများနှင့်တကွ စေလွှတ်တော်မူခဲ့ကြသည်။

ထိုခုနှစ်မှာပင် ၎င်းသာသနာပြုအဖွဲ့များ မြန်မာနိုင်ငံသို့ ရောက်လာကြ၍ ဆင်ဖြူရှင် ဘိုးတော်မင်းတရားကြီးသည်လည်း ကောင်းမွန်စွာ ဧည့်ခံပြုစုတော်မူကာ ပင့်ဆောင်လာခဲ့သော ဓာတ်တော်များကိုလည်း အလွန်ထိုက်တန်လှသော ပူဇော်ဖွယ်များနှင့် ပူဇော်တော်မူပြီး သင့်တင့်လျောက်ပတ် ကောင်းမြတ်သော ဌာနၵ ကျိန်းဝပ်စေပြီးလျှင် သိက္ခာယူရန် လာရောက်ကြသော ရဟန်းလောင်း သာမဏေ ၆-ပါးတို့ကိုလည်း ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်မြတ် ခံယူရရှိတော်မူသော မောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီးထံ အပ်နှင်း၍ ၎င်းဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြုတော်မူ၍ –

- မြောက်နန်းကျောင်းဆရာတော်
- ရွှေရေးဆောင်ကျောင်းဆရာတော်
- ပြာသာဒ်ကျောင်းဆရာတော် –

စသော ဆရာတော် ၃-ပါးစီ ကမ္မဝါဆရာ လဲလှယ် ဖတ်ရွတ်တော်မူကာ ရဟန်းအဖြစ်သို့ ဆင်ကြိုးရွှေဂူသိမ်တော်တွင် ချီးမြှောက်တော်မူကြပြီး နာရဒမည်သော ဥပါသကာကိုလည်း ရှင်သာမဏေအဖြစ်သို့ ချီးမြှောက်တော်မူကြလေသည်။

ထိုမှ နောက်၌လည်း သီဟိုဠ်ရဟန်းလောင်းများစွာ သိက္ခာတင်ယူကြကြောင်း, လူဥပါသကာတို့ကိုလည်း ရှင်သာမဏေ ပြုစေကြကြောင်း, သီဟိုဠ်ကျွန်း၊ သိရိဝဍ္ဎနမြို့ ရာဇာဓိရာဇမင်း အထံသို့လည်း မြန်မာနိုင်ငံတော် အဆက်ဆက်သော မင်းတရားများ သာသနာပြု အခြင်းအရာများနှင့် သာသနာပြုနည်းများ သဝဏ်လွှာ, သံတမန်, စာတော်နှင့် သန္ဒေသကထာများ စီရင်ရေးသားကာ များစွာသော လက်ဆောင်ပဏ္ဏာတော်များဖြင့် သီဟိုဠ်ကျွန်းသို့ ၎င်း*(ရဟန်း၊ သာမဏေ)*တို့ကို ပို့တော်မူကြောင်း, သန္ဒေသကထာစာတမ်းများ ထင်ရှားရှိကြောင်း မြန်မာသာသနာဝင် စာတမ်းများ၌လည်း ရေးသားကြကုန်၏။

ထိုအခါမှ စ၍ သီဟိုဠ်ကျွန်း၌ မြန်မာနိုင်ငံတော် အမရပူရမြို့မှ သိက္ခာတင်ယူသော ဂိုဏ်းဖြစ်၍ အမရပူရနိကာယ အမရပူရဂိုဏ်းကြီးသည် သျှာမနိကာယမှ အသီးအခြား သမ္ဘောဂ, သံဝါသ ခြားနားလျက် အလေ့အကျင့်များလည်း ထူးခြားစွာ လေ့လာကျင့်ကြံတော်မူကြပြီး သာသနာတော်ကို စင်ကြယ်စွာ ဆောင်ရွက် အားထုတ်တော်မူလာခဲ့ကြလေသည်။

ၚင်းပြင်လည်း သီဟိုဠ်ကျွန်းမှာ ထင်ရှားသော ရာမညနိကာယ၊ ရာမညဂိုဏ်းကြီးလည်း ထင်ရှားရှိသေး၍ ၎င်းဂိုဏ်းအကြောင်းအရာ စာတမ်းများ ထင်ရှားမရှိသော်လည်း ဆိုခဲ့ပြီးသော သီရိဝိဇယရာဇသီဟမင်းလက်ထက် ရက္ခပူရ ရခိုင်တိုင်းမှလည်းကောင်း၊ ဟံသာဝတီ ရာမညတိုင်းမှလည်းကောင်း၊ သျှာမရဋ္ဌ ယိုးဒယားပြည်မှလည်းကောင်း သာသနာတော်အသစ် ပြုပြင်ရန် ပင့်ဖိတ်ကြောင်းလာသဖြင့် ၎င်းလက်ထက် ထိုအခါ သမယက ဖြစ်ခဲ့သည်ဟု မှတ်ယူနိုင်ကြောင်း, ၎င်းရာဇာဓိရာဇသီဟမင်းနောက် တစ်ဆက်မျှသာ သီဟိုဠ်အလယ်ပိုင်း တိုင်းနိုင်ငံများ၌ အုပ်စိုးသောမင်းများ တန်ခိုးအာဏာရှိကြကြောင်း, ၎င်းနောက်မှာကား သာသနာပြုမင်းများ သုဉ်းခဲ့ကြောင်း ရေးသားသော သီဟိုဠ်ရာဇဝင်များ အရ ပိုင်းခြားမှတ်သားအပ်ကုန်၏။

သာသနာတော် ၂,၃၄၂-ခုနှစ်မှာ ၎င်းမင်းလွန်တော်မူသောအခါ ထီးမွေနန်းလျာ မကျန်ခဲ့သဖြင့် ၎င်းအတွက် နီးစပ်သော ဆွေတော်, မျိုးတော်များနှင့် ၎င်းတို့ဘက်သား အမတ်များတို့သည် ၎င်းအရေးနှင့် ရှုပ်ထွေးခြင်း, ငြင်းခုံခြင်း, မညီမညွတ်ဖြစ်ပွါးကြ၍ အချို့အမတ်များ သဘောတူညီချက်အရ လွန်တော်မူသော မင်းတရားကြီး၏ တူတော်ဖြစ်သော ကန္တိသာမိသည် သီရိဝိက္ကမရာဇသီဟဟူသော ဘွဲ့ကို ခံယူလျက် ထီးနန်းဆက်ခံ စိုးစံအုပ်ချုပ်ခဲ့၍ ၎င်းမင်းလက်ထက်မှာ ဦးရီးတော် ရာဇာဓိရာဇမင်းလက်ထက်က မပြီးပြတ်ခဲ့သော အင်္ဂလိပ်တို့နှင့် စာချုပ်များ ချုပ်ဆိုသော်လည်း ၎င်းတို့နှင့် စစ်ပြိုင်၍ ၎င်းတို့ပိုင်ဆိုင်သော ကိုလိုနီတိုင်းနယ်များ သိမ်းယူကာ ၎င်းတို့အား ကျွန်းမှ နှင်ထုတ်ရန် ကြံစည်အားထုတ်ခြင်းဖြင့် မကြာမကြာ စစ်ဖြစ်ပွါးကာ သာသနာရေး, ဘာသာမှု ပြုစုအားထုတ်ခြင်း မလုပ်နိုင်ဘဲ နိုင်ငံရေးနှင့် စစ်ရေး, စစ်ရာများနှင့်သာ အချိန်ကာလ ကုန်လွန်ခဲ့ရလေသည်။

ထိုဝိက္ကမရာဇသီဟသည် ရက်စက်ကြမ်းကြုတ်ခြင်း, လွန်ပြီးသော တရားမင်းကြီး၏ နီးစပ်သော ဆွေတော်,မျိုးတော်တို့အား ချုပ်နှောင်ခြင်း, ၎င်းနှင့်ဆန့်ကျင်ဘက် အမတ်တို့အား ဖယ်ထုတ်မှု မလုပ်နိုင်ခြင်းများနှင့် ကြုံတွေ့ပြီးနောက် နိုင်ငံရေးနှင့် စစ်ရေး, စစ်ရာများနှင့်သာ အချိန်ကာလ ကုန်လွန်ခဲ့ရလေသည်။

သတ်ဖြတ်ခြင်းစသော တရားမဲ့ပြုလုပ်ခြင်းတို့ကြောင့် တိုင်းပြည်ရေးရာ များစွာမငြိမ်မသက်ရှိနေရာ အချို့တို့မှာ တိတ်တဆိတ်ပင် အင်္ဂလိပ်အစိုးရများနှင့် ပူးပေါင်းတိုက်ခိုက်ပုန်ကန်သောင်းကျန်းရန်ပင် ကြံစည်ကြကာ ၎င်းတို့နှင့် ဆက်သွယ်ခြင်း ပြုလာခဲ့ကြလေသည်။

ထိုအခိုက် နောက်ဆုံး၌ သာသနာ ၂,၃၅၉-ခုနှစ်မှာ အင်္ဂလိပ်ဘုရင်ခံ ဆာရောဘတ်-ဘရောင်းသည် ကန္ဒီဘုရင်အား စစ်ကြေငြာပြီး ၎င်းတို့ ချီတက်တိုက်ခိုက်လာခဲ့ရာ တိုင်းသူပြည်သားတို့ကလည်း "ဤကြမ်းကြုတ်သော ဘုရင်ထက် အင်္ဂလိပ်ကပင် သက်သာမည်" ဟူသော သဘောနှင့် မကြိုးစားဘဲ လက်လျှော့ကြသောကြောင့် ယင်းသည် နောက်ဆုံးစစ်ပွဲဖြစ်သည့်အတိုင်း အောင်မြင်သွားသည်။ ၎င်းနှစ်ကုန်လောက်တွင် သီဟိုဠ်ဘုရင့်လွှတ်တော်ကြီးမှာ အင်္ဂလိပ်ဘုရင်ခံ ဆာရောဘတ်ဘရောင်းနှင့် ဘုရင်ဝိက္ကမရာဇသီဟ, အမတ်ချုပ်ကြီး အီလပိုလ, အတိုင်ပင်ခံအမတ်ကြီးမောလိဂေါလ်ဒတို့အပြင် အရေးပါသောနိုင်ငံတော် အရာရှိများ အစုံအညီမှာ ဘုရင်ဝိက္ကမရာဇသီဟသည် ကန္ဒီတိုင်း, နိုင်ငံအားလုံးဗြိတိသျှသရဖူက ပိုင်ဆိုင်ကြောင်း ကြေငြာချက်များ ဖတ်ကြားပြီးလျှင် ၎င်းစာချုပ်၌လက်မှတ်ရေးထိုးကာ လွှဲအပ်ခဲ့ရလေသည်။

ထိုအခါမှစ၍ အင်္ဂလိပ်တို့သည် တစ်ကျွန်းလုံး အစိုးရအဖြစ်ဖြင့် ပြောင်းလဲအုပ်ချုပ်ကာ ၎င်းတို့ စာချုပ်မှာပါသည့်အတိုင်း ဗုဒ္ဓဘာသာတော်ကို စော်ကားနှိပ်စက်ခြင်းမပြုရ၊ ရဟန်း, သံဃာတော်များကို ကာကွယ်စောင့်ရှောက်ရမည်ဟူသော အချက်များအရတိုင်းသူပြည်သားတို့ ဗုဒ္ဓဘာသာအတွက် လွတ်လပ်စွာ ဆောင်ရွက်အားထုတ်နိုင်ခွင့်ရှိသော်လည်း တိုင်း,နိုင်ငံ ကျွန်းအလုံးမှာ သီဟိုဠ်မင်းမျိုး အစဉ်အလာနှင့် ဘုရင်ပါ ဆုံးရှုံးခဲ့ရလေသည်။

သီဟိုဠ်ကျွန်း သာသနာတော်မှာ နှစ်ပေါင်း ၂,၀၀၀-အတွင်း ဝဋ္ဋဂါမဏိမင်းကြီးလက်ထက်မှာ အဘယဂိရိဝါသီဂိုဏ်း ကွဲပြားခဲ့ပြီးလျှင် ၎င်းမှ နောက်အနှစ် ၃၄၀-ကျော်မှာမဟာသေနမင်းကြီးလက်ထက် ၎င်းမင်းတရား ဆောက်လုပ်ကိုးကွယ်သောဇေတဝန်ကျောင်းကို အစွဲပြု၍ ဇေတဝနဝါသီဂိုဏ်းဟု တဖန် ကွဲပြားလာခဲ့၍ အနည်းငယ် သာသနာဘေးရန် ဖြစ်ပွါးခဲ့သော်လည်း မြတ်စွာဘုရားလက်ထက်တော် အဆက်ဆက် ဆင်းသက်လာတော်မူခဲ့သော မဟာဝိဟာရဝါသီဂိုဏ်းကြီး ခိုင်မြဲစွာ တည်ရှိသောကြောင့် ညှိုးနွမ်းရုံမျှသာ ဖြစ်ခဲ့လေသည်။

၎င်းနောက် သာသနာတော် ၁,၇၀၀-ကျော်မှာ သီရိသံဃဗောဓိပရက္ကမဗာဟု မင်းတရားကြီးသည် အဓမ္မဝါဒီ တရားနှင့်မညီသောဂိုဏ်းများကို နှင်ထုတ်စေလျက် မဟာဝိဟာရဝါသီဂိုဏ်း အယူဝါဒ သက်သက်မျှကိုသာ အကြွင်းထားလျက် သာသနာတော် မြတ်ကြီး အထူးစင်ကြယ်အောင် တည်ထောင်ပြုစုသုတ်သင်ခဲ့သည်မှ စ၍ အနှစ် ၂,၀၀၀-ကျော်အောင် သာသနာ့စက်ရောင် ထွန်းလင်းပြောင်ခဲ့သော်လည်း ၎င်း ၂,၀၀၀-ကျော် ခေတ်မှာကား လူမျိုးခြားဘေးနှင့် ၎င်းတို့အတွင်းရေးများ တဖြည်းဖြည်းရှုပ်ထွေးလာရာ သာသနာစက်ရောင်လည်း မပြောင်နိုင်တော့ဘဲ တစ်စတစ်စ ညှိုးမှိန်၍ လာခဲ့ရလေသည်။

သာသနာတော် ၂,၁၅၀-မှာ ပေါ်တူဂီလူမျိုးများ သီဟိုဠ်ကျွန်းသို့ ဝင်ရောက်လာခဲ့၍ ၎င်းကျွန်း၌ ၎င်းတို့ဘာသာဝါဒ စွက်ဖက်လာသည့်ပြင် ၎င်းတို့၏ ရိုမန်ကက်သလိတ်ဘာသာဝါဒများ ဖြန့်ဖြူးကာ ပြုစုလာခဲ့ကြရာ တိုင်းရေးပြည်ရာများကြောင့် အချို့မင်းများနှင့် မင်းမျိုးများပင် ၎င်းတို့ဘာသာဝင် ပြုလုပ်လျက် ၎င်းတို့ဘက်သို့ ပါဝင်ခဲ့ကြကြောင်းများ ရေးသားခဲ့ပြီးသည့်အတိုင်း သီဟိုဠ်မင်းဆက်များ ထင်ရှားရှိခဲ့သော်လည်း သာသနာရေး, သာသနာမှုများထက် တိုင်းရေးပြည်ရာက သာလွန်အရေးကြီးလာကြသဖြင့် သာသနာ့အခွင့်အရေး နည်းပါးယုတ်လျော့လာခဲ့လေသည်။

၎င်းပြင် သာသနာတော်ထမ်း ရဟန်းတို့အားလည်း အားပေး ထောက်ပံ့သောအားဖြင့် သာသနာပြုမင်းများ အမှီမရ၍ နောက်ထပ် တိုးပွါးခြင်း မရှိ၊ ပကတိတည်ရှိပြီး ရဟန်းများသည် တဖြည်းဖြည်း လျော့ပါးကာ ရဟန်းကောင်းများ မကျန်သလောက်ပင် ဖြစ်သော ခေတ်ဆိုးကြီးသို့ ဆိုက်ရောက်ခဲ့ကြလေသည်။

ဤသို့ ပေါ်တူဂီလူမျိုးများ ဝင်ရောက်နှောင့်ယှက်ကာ သာသနာတော် ထိပါးသဖြင့် ပျက်စီးတိမ်းပါးလာခဲ့ရာ နှစ်ပေါင်း ၁၅၀-ကျော်ကြာ၍ ကောင်းမွန်မြင့်မြတ်သော သီလဝန်မထေရ်များ၏ အဆက်အနွယ်များ မရှိသလောက် နည်းပါးခဲ့သဖြင့် တိုင်းတပါးမှ သာသနာအဆက်အနွယ်များ သွားရောက်ယူခဲ့ကြရလေသည်။

၎င်းတို့နောက် ဒပ်(ချ)လူမျိုးများ၏ ဘာသာသည် သာသနာ ၂,၂၀၀လောက်မှာ ရောက်ရှိလာ၍ ၎င်းတို့လည်း ပေါ်တူဂီများကဲ့သို့ ၎င်းတို့၏ ပရိုတက်စတင် ခရစ်ယာန်သာသနာကို ဤကျွန်းနိုင်ငံ၌ ဖြန့်ဖြူးကာ များစွာသော ၎င်းတို့ ဘာသာဝင်ကျောင်းများ တည်ထောင်ဖွင့်လှစ်ပြီး အားနည်းသောသူများကို ဆွဲဆောင်ကာ အတင်းအကြပ် သာသနာပြုကြသောကြောင့် သာသနာတော်ကြီး ထိပါး၊ အရောင်အဝါ ကွယ်ပျောက်လုနီးပါး ဖြစ်လာရာ သာသနာအနွယ်ဝံသများ တိုင်းတပါးမှ ယူခဲ့ကြရလေသည်။

ဎင်းတို့၏ အာဏာတန်ခိုးလည်း သီဟိုဠ်ကျွန်း၌ အနှစ် ၁၄၀-ကျော် လွှမ်းမိုးခဲ့ပြီးနောက် အင်္ဂလိပ်များလက်ထက်သို့ ကျရောက်လာသောအခါ တိုင်းသူပြည်သားများ သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်နိုင်သော အခွင့်အရေးများ ရရှိလာ၍ ရှေးက ပျက်စီးခဲ့သော ကျောင်း, ဘုရား, စေတီများ ထပ်မံပြင်ဆင်ကြသည့်အပြင် အသစ်လည်း ဆောက်လုပ်တည်ထောင်ကြလျက် အခွင့်ရသည့်အားလျော်စွာ–

- ရာမညတိုင်း၊ ဟံသာဝတီ နေပြည်တော်မှလည်းကောင်း
- ရက္ခပူရ၊ ရခိုင်တိုင်း, နိုင်ငံများမှလည်းကောင်း
- သျှာမရဋ္ဌ၊ ယိုးဒယားတိုင်း, နိုင်ငံများမှလည်းကောင်း
- မရမ္မရဋ္ဌ၊ မြန်မာတိုင်း, နိုင်ငံများမှလည်းကောင်း –

သာသနာတော် အသစ်တို့ကို ယူကြရကုန်၏။

## သန္ဒေသကထာ သာသနာပြုမှတ်တမ်းများ

- ဎင်းသီဟိုဠ်ကျွန်း၌ နိုင်ငံခြားမှ သာသနာတော်ကို ယူကြရာ သာသနာလင်္ကာရ စာတမ်း သန္ဒေသကထာ မှတ်တမ်းအရ ဎင်းကျွန်း မဟာဝိဇယမင်းလက်ထက် ရာမညတိုင်းမှ သံဃာများကို ပင့်ယူကာ သာသနာပြုရကြောင်း
- ဎင်းနောက် ဝိမလဓမ္မသူရိယမင်းလက်ထက် ရခိုင်တိုင်းမှ သာသနာတော်ယူရကြောင်း
- ဎင်းနောက် ဝိမလဓမ္မရာဇာမင်းလက်ထက်လည်း ဎင်းရခိုင်တိုင်းမှပင် သာသနာ ထပ်၍ ယူရကြောင်း
- ဎင်းနောက် ကိတ္တိသီရိရာဇသီဟမင်းလက်ထက် ယိုးဒယားမှ သာသနာတော် ဆက်ယူရကြောင်း –

သာသနာအဆက်အနွယ်များ ရေးသားလေသည်။

သို့သော်လည်း ရခိုင်တိုင်းမှ ယူရသော သာသနာအဆက်အနွယ်များ ယခုအခါ သီဟိုဠ်ကျွန်း၌ ထင်ရှားမရှိဘဲ–

- ရာမညတိုင်းမှ ယူသောသာသနာ ရာမညဂိုဏ်းဟူ၍လည်းကောင်း
- ယိုးဒယားမှ ယူသောသာသနာ သျှာမနိကာယ သျှမ်းဂိုဏ်းဟူ၍လည်းကောင်း
- မြန်မာနိုင်ငံ အမရပူရမြို့တော်မှ ယူသောသာသနာ အမရပူရနိကာယဟူ၍ လည်းကောင်း

ယခုအခါတိုင်အောင် ဂိုဏ်းကြီး ၃-ဂိုဏ်း ထင်ရှားရှိလာခဲ့လေသည်။

၎င်းပြင်လည်း အမရပူရမြို့တည် နန်းတည် ဘိုးတော်ဗဒုံမင်းတရားကြီးလက်ထက် သာသနာ ၂,၃၄၄-ခုနှစ်၊ သီဟိုဠ်ကျွန်း၊ ရာဇာဓိရာဇသီဟမင်းထံမှ ရောက်လာသော သီဟိုဠ်သာသနာပြုအဖွဲ့များသည် မြန်မာနိုင်ငံတွင် ထင်ရှားရှိသော သိက္ခာကာမ လဇ္ဇီ-ပေသလ ဖြစ်တော်မူကြကုန်သော မထေရ်များထံ စင်ကြယ်စွာ သိက္ခာများကို "ဝိနည်းကံ၌ အထူးလေးစားတော်မူကာ ရှေးမင်းများလက်ထက်တော်အခါက မထေရ်ကြီးများ သမုတ်တော်မူခဲ့ကြသော သိမ်တော်မှာ" ယူကြရ၍ ထိုမထေရ်များလည်း သာသနာဝင် အစဉ်အဆက် မပျက်သော အနွယ်ဝံသရှိသော မထေရ်များမှ ဆင်းသက်တော်မူကြသော မထေရ်များ ဖြစ်ကြသဖြင့် အစဉ်အလာအတိုင်း သီဟိုဠ်ရောက် မထေရ်များ အနွယ်ဝံသ ဖြစ်ကြသည် အားလျော်စွာ ၎င်းသီဟိုဠ်သာသနာကိုပင် ပြန်၍ ယူဆောင်သွားတော်မူကြရကုန်၏။

ထို့ပြင် သာသနာတော် ၂,၃၅၃-ခုနှစ်၌လည်း မြန်မာနိုင်ငံသို့ ၎င်းဘိုးတော်မင်းတရားကြီး လက်ထက်မှာပင် သီဟိုဠ်ကျွန်း၊ သခဲ့မြို့တော်မှ မင်းဆရာတော်ဖြစ်တော်မူသော မဟာတိတ္ထရွာသား အရှင်ဓမ္မက္ခန္ဓမထေရ် အမှူးရှိသော မထေရ်များ သိက္ခာယူရန် ကြွလာတော်မူကြ၍ ဉာဏာလင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဆင်တဲဆရာတော်ဘုရားအထံ သိက္ခာတင်ယူရန် လျှောက်ထားရာ ဆရာတော်ဘုရားကြီးသည် သိက္ခာကာမဖြစ်တော်မူကြသော မထေရ်များ ရွေးချယ်တော်မူ၍ ၎င်းမထေရ်များအား အင်းခရုသိမ်တော်မှာ သိက္ခာတင်ယူကြောင်း မှတ်တမ်းရှိ၍ ထိုမထေရ်များလည်း အမရပူရ ဂိုဏ်းဝင် မထေရ်များပင် ဖြစ်ကြလေသည်။

ထိုဆင်တဲဆရာတော်ကြီးကား ဝိနည်းသိက္ခာ၌ အလွန်လေးစားတော်မူ၍ ထိုစဉ်အခါတိုင်အောင် ဦးထုပ်ဆောင်းကြသောခေတ် ဖြစ်သည့်အတိုင်း ဂါမဝါသီရဟန်းများမှာ များသောအားဖြင့် ဦးထုပ်ဆောင်းကြသော်လည်း ထိုဆရာတော်ကြီးမှာမူ မည်သူကိုမှ မငဲ့ဘဲ မင်းကြီးကိုယ်တိုင်ကလည်း "ကြက်သွန်ခင်းဆရာတော်များ ဦးထုပ်ဆောင်းပါသည်၊ အရှင်ဘုရားလည်း ဆောင်းပါ"ဟု တိုက်တွန်းလျှောက်ထားသည်ကိုပင် ၎င်းမင်းအား မထောက်ထားဘဲ ငြင်းပယ်တော်မူခဲ့လေသည်။

ထိုဆရာတော်ဘုရားကြီးလည်း မင်းဆရာဖြစ်တော်မူ၍ အရှင်ဓမ္မက္ခန္ဓမထေရ်နှင့် သိက္ခာတင်တော်မူစဉ် အလ္လာပသလ္လာပပြောကြရာ-

"အာဝုသော ဓမ္မက္ခန္ဓ ရာဇဝလ္လဘော မဟာသာဝဇ္ဇော နိရယသံဝတ္တနိကော ဝါ"

"ငါ့ရှင် ဓမ္မက္ခန္ဓ၊ မင်းကျွမ်းဝင်ခြင်းသည် အပြစ်များ၏၊ ငရဲသော်လဲ ကျရောက်စေတတ်သည်"ဟု မင်းဆရာဖြစ်ရခြင်း၏ အပြစ်များကို မိန့်ကြားတော်မူလျှင်-

အရှင်ဓမ္မကန္ဒ မထေရ်ကလည်း "သာဓု ဘန္တေ၊ သာဓု အာမ ဘန္တေ" "ကောင်းလှပါပြီဘုရား၊ မှန်လှပါပြီဘုရား"ဟု ပြန်ကြားလျှောက်ထားကြောင်း မှတ်တမ်းလာသဖြင့် ၎င်းဆရာတော်ကြီးမှာ မင်းဆရာဖြစ်သည်ကိုပင် အပြစ်မြင်တော်မူခဲ့လေသည်။

ထိုသို့ သီဟိုဠ်ကျွန်းမှာ အခြားနိုင်ငံများမှ သာသနာကို ယူဆောင်ရသည့်ခေတ်ကား သီဟိုဠ်မင်းရိုးများ အုပ်စိုးသော ခေတ်ကုန်ကာနီးဖြစ်သည့်အပြင် ဒပ်(ချ)တို့ အာဏာလည်း အင်္ဂလိပ်တို့ လက်သို့ ပြောင်းကာနီး နိုင်ငံရေးလှုပ်ရှားသော ခေတ်ဆိုးကြီးဖြစ်ရာ ထိုအခါကြီးမှာပင် သီဟိုဠ်ဘုရင်များ သာသနာတော်ကို လေးစား၍ အားထုတ်ပြုစုကြသည်မှာ သာသနာဝင် အစဥ်အလာ၌ ကောင်းစွာ အားထုတ်အပ်သောအခါမှာ အားထုတ်ကြကြောင်း ကောင်းစွာမှတ်သားအပ်သော အကြောင်းအတ္ထုပ္ပတ္တိများ ဖြစ်ခဲ့လေသည်။

သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံ အမရပူရနေပြည်တော်သို့ ပထမအကြိမ် သာသနာတော် ယူဆောင်လာသည်မှာ ရာဇာဓိရာဇမင်းလက်ထက် အမ္ဗဂဟာတိဿ အမှူးရှိသော ရဟန်းလောင်းများကို ဆင်ကြိုးရွှေဂူသိမ်တော်မှာ ဉာဏာဘိဝံသဓမ္မသေနာပတိ မောင်းထောင်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ သိက္ခာတင်ယူခဲ့ကြလေသည်။

ထို့နောက် သီဟိုဠ်ကျွန်းတွင် နောက်ဆုံးဘုရင်ဖြစ်သော သီရိဝိက္ကမရာဇသီဟမင်းလက်ထက် ၎င်းမင်းဆရာဖြစ်သော အရှင်ဓမ္မကန္ဒမထေရ်အမှူးရှိသော မထေရ်များသည် ဉာဏာလင်္ကာရစသည် ဘွဲ့တံဆိပ်တော်ရ ဆင်တဲဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ အင်းခရုသိမ်တော်၌ သိက္ခာတင်ယူကြကြောင်း အခိုင်အမာမှတ်တမ်းများ ထင်ရှားလာရှိခဲ့လေသည်။

ဤသို့ မှတ်တမ်းလာရှိသော်လည်း ၎င်းမင်းလက်ထက် တိုင်းသူပြည်သားတို့သည် ၎င်းတို့ မနှစ်သက်ဘဲ သာသနာတော် ၂၃၅၉-ခုနှစ်မှာ ၎င်းကျွန်းနိုင်ငံကို အင်္ဂလိပ်လက်သို့ လွှဲအပ်ကာ ထိုအခါမှစ၍ ၎င်းတို့အာဏာ လွှမ်းမိုးလာပြီး သာသနာတော်ကြီးမှာကား ထူးခြားသော အကြောင်းအရာ မဖြစ်ပွါး၍ သာသနာတော်ကို–

- သျှာမနိကာယ၊ သျှာမ်း(ယိုးဒယား)ဂိုဏ်း
- ရာမညနိကာယ၊ ရာမည(မွန်)ဂိုဏ်း
- အမရပူရနိကာယ၊ အမရပူရဂိုဏ်း –

ဟူသော ဂိုဏ်းကြီး ၃-ဂိုဏ်းတို့ ယခုထက်တိုင် အုပ်ချုပ်လျက် ထင်ရှားရှိကုန်၏။

ဤတွင် သီဟိုဠ်ကျွန်း သာသနာတော် ၂,၀၀၀-ကျော်ခေတ် ၄-ရာစုအတွင်း၌ ဖြစ်ပွါးသော သာသနာတော်အကြောင်း အပြီးသတ်အပ်သတည်း။

✪ ✪ ✪ ✪ ✪

# ဗုဒ္ဓနိုင်ငံတော်

# (၁)

## သာသနာ ၂,၃၀၀-ကျော်
## မြန်မာနိုင်ငံ ကုန်းဘောင်ခေတ် သာသနာအကြောင်း

အင်းဝနေပြည်တော်၌ ဖြစ်ပွါးခဲ့သော မြန်မာနိုင်ငံ အင်းဝခေတ် သာသနာတော် အကြောင်းအရာများနှင့် ၎င်းခေတ်အတွင်း အထူးဖြစ်ပွါးခဲ့သည့် အတင်ဂိုဏ်း, အရုံဂိုဏ်း ကွဲပြားလာခဲ့ရာ ၎င်းအင်းဝမင်း ၃-ဆက်နှင့် ကုန်းဘောင်ခေတ် ၃-ဆက်အားဖြင့် မင်း ၆-ဆက် လွန်မြောက်အောင် မပြီးပြတ်သော အဓိကရုဏ်းကြီးကို စဥ့်ကူးမင်းလက်ထက်၌ သုတ်သင်ရှင်းလင်း ပြေငြိမ်းပြီးနောက် ဘိုးတော် စစ်ကိုင်းမင်းတရားကြီး လက်ထက်၌ ထပ်မံရှင်းလင်း သုတ်သင်ကာ သာသနာတော်ကြီး အထူးသဖြင့် သန့်ရှင်းစင်ကြယ်စေပြီး သာသနာ ၃-ရပ် သာ၍ကောင်းမြတ်စေရန် သာသနာပြုမထေရ်များ လွှဲအပ်ပြုစုတော်မူ ကြောင်းများ ၎င်းအတင်, အရုံအကြောင်း စပ်လျဥ်းသည့်ကဏ္ဍက ရေးသားဖော်ပြခဲ့လေပြီ။

ထိုသို့ အဝ-သာသနာတော်ခေတ်မှ ကုန်းဘောင်သာသနာတော်ခေတ် အပြောင်းမှာ မြန်မာနိုင်ငံတော်ကြီး၏ ထီးရိုးနန်းစဉ် သုဉ်းလုမတတ် ရာမညတိုင်း ၃-ရပ်ကို အစိုးရသော မွန်ဘုရင်များ၏ အာဏာတန်ခိုး လွှမ်းမိုးလာပြီး အဝနေပြည်တော်ကြီး ပျက်စီးတိမ်းပါး သွားခဲ့ရသော ခေတ်ဆိုးကြီးမှ လွတ်မြောက်အောင် လုပ်ဆောင်တော်မူခဲ့ရသော အလောင်း မင်းတရားကြီးသည် တိုင်းပြည်တည်ထောင်တော်မူရခြင်း တည်းဟူသောတာဝန် ကျယ်ဝန်း လှသဖြင့် "တိုင်းရေးပြည်ရေး ကုန်စေဦး၊ သာသနာတော်အရေးမှာ နောက်မှ ဆွေးနွေး စိစစ်၍ မှန်ရာ ဖြစ်စေရမည်"ဟု အမိန့်တော်ရှိခဲ့သော်လည်း မင်းတရားကြီးကား တိုင်းရေး ပြည်ရာနှင့်သာ နတ်ရွာစံတော်မူခဲ့ရ၍ သာသနာရေး ပြီးပြတ်အောင် ရွက်ဆောင်တော် မမူနိုင်ခဲ့ပေ။

သို့ပင် သာသနာတော်အရေး ထိရောက်အောင် ဆောင်ရွက်တော်မမူနိုင်စေကာမူ သာသနာတော် ပြုစုတော်မူမည်-ဟူသော ကောင်းမြတ်သော ဆန္ဒတော်အားလျော်စွာ မင်းတရားကြီး မိန့်ကြားတော်မူသည့်အတိုင်း သားတော် စစ်ကိုင်းမင်းလက်ထက် မိန့်တော်မူသော စကားကို လေးစားတော်မူသဖြင့် ရွှေထီးရွှေနန်း သိမ်းမြန်းတော်မူစကပင် သာသနာရေး, သာသနာမှုတို့ကို သုတ်သင်ရှင်းလင်းတော်မူပြီးလျှင် ခတ်သိုက်, ဗျာဒိတ်, နိမိတ်, တဘောင်အရ မြန်မာသက္ကရာဇ် ၁,၁၄၃-ခုနှစ်၌ အမရပူရရွှေမြို့တော်ကြီး တည်ထောင်တော်မူသောအခါ မြို့တော်နှင့် တစ်ချိန်တည်း တပြိုင်နက်ပင် သာသနာတော် စည်ပင်စေခြင်း အရင်းပဓာနထားတော်မူကာ ၄-ပြင်, ၄-ရပ်၌ ကျောင်းတော်ကြီး ၄-ဆောင်ကို ပန္နက်ချမှတ် ဆောက်လုပ်စေတော်မူခဲ့လေသည်။

၎င်းကျောင်းတော်ကြီးများ ပြီးမြောက်အောင်မြင်တော်မူသောအခါ၌-

၁။ နန်းမတော်မိဖုရားကြီး၏ ကျောင်းတော်ကို အောင်မြေဘုံကျော် ကမ္ပည်းတပ်တော်မူ၍ မင်းအိုဆရာတော်ဘုရားအား ဂုဏာဘိလင်္ကာရသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော တံဆိပ်တော်မြတ် ကပ်လှူတော်မူပြီး တင်လျှုတော်မူခဲ့လေသည်။

၂။ ကန္နီမက်ငူမင်းကျောင်းတော်ကို ဘုံသာဝေယံ-ဟု ကမ္ပည်းတပ်တော်မူ၍ မန်လည်ဆရာတော်အား ဂုဏမုနိန္ဒာဓိပတိ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော် ဆပ်ကပ်ပြီး တင်လှူတော်မူသည်။

၃။ အိမ်ရှေ့မင်း မိဖုရားကျောင်းတော်ကို မင်္ဂလာဝေယံ-ဟု ကမ္ပည်းတပ်တော်မူ၍ ဆုံထားဆရာတော်အား တိပိဋကသဒ္ဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော် ဆက်ကပ်ပြီး တင်လှူတော်မူသည်။

၄။ အလယ်နန်းမတော် မိဖုရားကျောင်းတော်ကို မင်းရွာဆရာတော်အား ဉာဏဓမ္မဒီပ-အနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော် ဆက်ကပ်ပြီး တင်လှူတော်မူသည်။

ထိုသို့ ရွှေနန်းတော်နှင့် တစ်ချိန်တည်း တည်ဆောက်တော်မူသော ကျောင်းတော်ကြီး ၄-ရပ်ကို အထက်ပါ ဆရာတော်ဘုရားကြီး ၄-ပါးတို့အား တင်လှူတော်မူလျှင် ၎င်းဆရာတော်ကြီး ၄-ပါးအား သံဃနာယက သာသနာပြုဆရာတော်များ အဖြစ်ဖြင့် လွှဲအပ်တော်မူပြီးနောက် သက္ကရာဇ် ၁,၁၄၈-ခုနှစ် ရောက်သောအခါ ၎င်းဆရာတော်ကြီးများ အိုမင်းမစွမ်း သာသနာ့ဝန် ထမ်းဆောင်ခြင်းငှာ မတတ်နိုင်ပါလျှင် ထိုဆရာတော်ဘုရားကြီးများ လက်အောက်၌ သာသနာကို ကူညီပြုစုတော်မူရန်-

၁။ ရွှေတောင်ဆရာတော်

၂။ ဗားကရာဆရာတော်

၃။ ကတီးဆရာတော်

၄။ မဲထီးဆရာတော်

၅။ စလင်းဆရာတော်

၆။ မုန်တောဆရာတော်

၇။ ဆင်တဲဆရာတော်

၈။ မောင်းထောင်ဆရာတော်

ဤသာသနာပြုဆရာတော် ၈-ပါး ထပ်၍ ခန့်အပ်တော်မူသဖြင့် သာသနာပြုဆရာတော်များ ၁-ကျိပ် ၂-ပါး ထားတော်မူခဲ့လေသည်။

ထိုမှတပါး ရွှေနန်းတက်တော်မူဦးစကပင် ကျော်ကြားခြင်းရှိ၍ ပိဋကကျမ်းဂန်တတ်မြောက် ကျွမ်းကျင်လှသော မောင်းထောင်ဆရာတော်အား ပဥ္စင်း ၆-ဝါရက ပင့်တော်မူ၍ ကျော်သည့်အတိုင်း ပိဋကကျမ်းဂန် နှံ့စပ်တတ်သိတော်မူသဖြင့် ရွှေမြို့တော်အတွင်း ဆင်ကြိုးရွှေဂူသုဓမ္မာဇရပ် ပိဋကတ်တိုက်အနီး ယာယီကျောင်းတော်နှင့် ကိုးကွယ်တော်မူပြီးလျှင် ပိဋကတ်တော်များကို အပ်၍–

| | | |
|---|---|---|
| စာရေးသူ | ---- | ၁၀၈- ယောက် |
| ပေလုပ်မျှဉ်းကိုင် | ---- | ၅၄- ယောက် |
| စာကြည့် စာတည်းဆရာတော် | ---- | ၅၀- ပါး |
| ၎င်း အရံသံဃာတော် | ---- | ၅၀- ပါးတို့နှင့် |

၁။ ရွှေရေး ပိဋကတ်တော်

၂။ မင်ရေး ပိဋကတ်တော်

၃။ ကညစ်ရေး ပိဋကတ်တော်

ဤပိဋကတ် ၃-မျိုးကို ကြည့်ရှုအုပ်ချုပ်တော်မူရလေသည်။

ထိုဆရာတော်သည် ပိဋကတ်ကျမ်းဂန် နှံ့စပ်ကျေပွန်သည့်အတိုင်း ရဟန်း ၆-ဝါရကပင်လျှင် နေတ္တိဋီကာသစ်ကျမ်းကို ပေဋကာလင်္ကာရဟူ၍လည်းကောင်း၊ ဋီကာဟောင်းထက် ကျယ်သောကြောင့် နေတ္တိမဟာဋီကာဟူ၍လည်းကောင်း အမည်သတ်မှတ် ရေးသား

တော်မူခဲ့သည့်အပြင် ထင်ရှားသော **သာစုဇနဝိလာသိနီအမည်ရှိသော သီလက္ခန်ဋီကာသစ်** ကျမ်းကြီးကို ပြုစုရေးသားတော်မူပြီးနောက် ပကိဏ္ဏကနိပါတ်ဇာတ် နိဿျည်း၊ တေသကုဏ-ဇာတ် နိဿျည်းစသော နိဿျည်းကျမ်းများနှင့် စတုသာမဏေရဝတ္ထု, ရာဇောဝါဒဝတ္ထုစသော သာသနာတော်နှင့်စပ်သော များစွာသော ကျမ်းဂန်များ ရေးသားတော်မူခဲ့လေသည်။

ထိုမှတပါး နဝဒီပ, သီဟဠဒီပ, ဝင်္ကတိုင်းစသော အနောက်တိုင်းများမှ ယူဆောင်လာသည့် —

| | | | |
|---|---|---|---|
| ၁။ | သဒ္ဒါကျမ်း | ၂။ | ဗျာကရုဏ်းကျမ်း |
| ၃။ | ဓာတ်ကျမ်း | ၄။ | အလင်္ကာကျမ်း |
| ၅။ | ဆန်းကျမ်း | ၆။ | အဘိဓာန်ကျမ်း |
| ၇။ | ဗေဒင်ကျမ်း | ၈။ | ဆေးကျမ်း |
| ၉။ | ဓမ္မသတ်ကျမ်း | ၁၀။ | နီတိကျမ်း |
| ၁၁။ | ဣတိဟာသကျမ်း — | | ဟု ဆိုအပ်သော ကျမ်းဂန် ၁၁-မျိုး။ |

| | | | |
|---|---|---|---|
| စဋ္ဌင်(ကညစ်)ရေး | ---- | ----- | ၂၅၃- ကျမ်း |
| စက္ကူချပ်ရေ | ---- | ----- | ၂၃,၇၃၀- ချပ် |
| ပေအင်္ဂါ | ---- | ----- | ၁,၁၁၅- အင်္ဂါ ၄-ချပ် |

ရှိသော ကျမ်းစာများစွာတို့တွင် မောင်းထောင်ဆရာတော်သည် ကျမ်းပေါင်း ၂၃-ကျမ်း၊ အင်္ဂါပေါင်း ၁၁၉-အင်္ဂါ၊ ၈-ချပ်တို့ကို ပြန်ဆို ပြီးစီးခဲ့လေသည်။

ထိုဆရာတော်ကို ဘိုးတော်မင်းတရားကြီးသည် မြတ်နိုးကြည်ညိုတော်မူသည့်အတိုင်း သက္ကရာဇ် ၁,၁၅၀-ပြည့်နှစ်တွင် **ဉာဏာဘိဝံသဓမ္မသေနာပတိမဟာရာဇာဓိရာဇ** ဂုရု-တံဆိပ်နာမံ ထပ်မံကပ်လှူပြီးလျှင် ယခင် သာသနာပြုဆရာတော်ကြီးများ သက်တော်, ဝါတော် ကြီးရင့်တော်မူကြ၍ သာသနာရေး, သာသနာမှု ပြုစုစီမံခြင်းငှာ စွမ်းနိုင်တော်မမူကြသောကြောင့် သာသနာပြု, သာသနာပိုင် ဆရာတော် ၁-ပါးတည်းအဖြစ်ဖြင့် လွှဲအပ်တော်မူပြီးလျှင် သာသနာတော်၏အကျိုး သယ်ပိုးရွက်ဆောင်တော်မူခဲ့လေသည်။

ထိုမောင်းထောင်သာသနာပိုင် သာသနာပြုဆရာတော်ဘုရားကြီးလက်ထက် သာသနာတော်ကား ပရိယတ္တိသာသနာတော် ထွန်းကား၍ မြို့တော်နှင့် တိုင်းပြည်တော်အတွင်းမှာ များသောအားဖြင့် ကျမ်းဂန်လိုက်စား ကျနတော်မူကြသော ဆရာတော်အများ

ဖြစ်ပွါးလျက် စည်ကားလှသော်လည်း ထိုဆရာတော်ကြီးမှာ သက်ဆုံးတိုင် သာသနာပြု ခြင်းငှာ မစွမ်းနိုင်ဘဲ အသက်အရွယ်ကြီးရင့်မှ သာသနာတော်မှ ရွေ့လျောပြီးလျှင် မင်းတိုင်ပင်အမတ်ကြီးအဖြစ်သို့ ရောက်သွားခဲ့လေသည်။

ထို့မှတပါး မင်းတရားကြီးလက်ထက် ဆိုခဲ့ပြီးသော ဆရာတော်ကြီးများမှတပါး ကျမ်းဂန်တတ်ကျွမ်းလိမ္မာ၍ သာသနာတော် ပြန့်ပွါးစည်ကားအောင် ဆောင်ရွက်တော်မူ ကြသော ဆရာတော်များအား တံဆိပ်တော်များ ဆပ်ကပ်လှူဒါန်းပြီးလျှင် များစွာသော ကျောင်းအာရာမ်များ ဆောက်လုပ်လှူဒါန်းတော်မူကာ နေပြည်တော်နှင့်တကွ တိုင်း, နိုင်ငံ တော် အလုံးရှိ သီလဝန်, ဂုဏဝန် မထေရ်များကိုလည်း ထောက်ပံ့လှူဒါန်းတော်မူလျက် သာသနာရေး ဆောင်ရွက်အားထုတ်ကာ သာသနာပြုစု၊ ဂိုဏ်းအုပ်, ဂိုဏ်းထောက်များ ခန့်အပ်ပြီး သာသနာရေး ဆွေးနွေးစိစစ် စင်ကြယ်အောင် ပြုစေတော်မူခဲ့လေသည်။

ထို့မှတပါး ရှေးမင်းများလက်ထက် သာသနာတော် အဓွန့်ရှည်စွာ တည်ထွန်း စေခြင်းငှာ များစွာသော သာသနာတော်နှင့် စပ်ဆိုင်သည့် ဝတ္ထုကံများနှင့်တကွ ကျောင်း, ဘုရား, ပုထိုး, စေတီတော်များကို တည်ထားကိုးကွယ်တော်မူကြပြီး ထိုအဆောက်အအုံများ မပျက်ပြားစေဘဲ အမြဲစောင့်ရှောက် ပြုစုကြစေရန် ရည်သန်တော်မူကာ လယ်, ယာစသော ဝတ်မိုးဝတ်မြေ အမြောက်အမြား လှူဒါန်းထားခဲ့သည်ကိုလည်း မင်းတရားကြီးလက်ထက် ၎င်းတို့ကို အဆက်အနွယ် အစဉ်အလာနှင့် မှန်ကန်စွာ စစ်ဆေး မေးမြန်းပြီးလျှင် နောင် အစဉ်အလာ လိုက်နာဆောင်ရွက်ပြုစုစေရန် ရည်သန်တော်မူလျက် နောက်ထပ် ကျောက် စာတော်များကို ထွင်းထုဆင့်ထိုး လှူဒါန်းတော်မူပြီး ရွှေမြို့တော်တွင် ၎င်းကျောက်စာတိုက် ကြီး တည်ထားတော်မူခဲ့လေသည်။

ထိုမင်းတရားကြီးလက်ထက်၌ ရှေးပရက္ကမ အဆက်အနွယ်မှ ဆင်းသက်လာခဲ့ သော ဂါမဝါသီမထေရ်များ၏ ဦးထုပ်တရပတ် ဆောင်းကိုင်ကြသော အလေ့အလာ မကွယ် ပျောက်သေးဘဲ သက္ကရာဇ် ၁,၁၇၁-ခုနှစ်တိုင်အောင်ပင် ဦးထုပ်များ ဆောင်းကြရကြောင်း၊

"ငါတို့လည်း မင်းတရားကြီးအမိန့်နှင့် ကြပ်တည်းစွာပြု၍ သက္ကရာဇ် ၁,၁၇၁- ခုနှစ် ရာဇဏ္ဍရာယ်ကြောင့် ၁-လခန့် ဦးထုပ်ဆောင်းလိုက်ရသည်။"

မန်လည်ဆရာတော်, မင်းရွှာဆရာတော် ၂-ပါးတို့ ဦးထုပ်ကို မကြောက်ဘူး-ဟူ၍ ၎င်း မဲထီးဆရာတော်, မောင်းထောင်ဆရာတော်မှစ၍ မြို့နေဆရာတော် သံဃာတော်များ တစ်ပါးမကျန် မင်းတရားကြီးအမိန့်တော်နှင့် ယင်းသက္ကရာဇ်တွင် ဆောင်းတော်မူကြရသည်။

"ငါတို့ ဆင်တဲဆရာတော်ကား ထိုအခါမှာပင် မဆောင်း၊ အလျှင်းလွတ်ကင်းတော်မူလေသည်"ဟူ၍လည်းကောင်း ၄င်းမင်းတရားကြီးလက်ထက် နံမော်ရွာ သုံးထပ်ကျောင်းအရှင်ဓမ္မပါလမထေရ်၏တပည့် အရှင်ဝိနန္ဒာသဘ စီရင်ရေးသားသော သီလဝိသောဓနီကျမ်း၌ ရေးသားသဖြင့် ဦးထုပ်တရပတ်များ ဆောင်းကိုင်ကြကြောင်း ထင်ရှားလေသည်။

သို့ရာတွင် တောနေဂိုဏ်း သံဃာတော်တို့မှာကား ရှေ့ဦးထုပ်ဆောင်းခြင်း ဖြစ်ပွါးခဲ့သော ပင်းယခေတ်ကာလကပင် ဦးထုပ်ဒေါက်ခြာမဆောင်း, တရပတ်မကိုင်ကြောင်း၊ အတင်, အရုံ ကွဲပြားသောအခါ တုံရွာတောနေဂိုဏ်းသားများက ရှင်သာမဏေများလက်ကတော့ တင်စေလျက် ရွာသို့ ဝင်စေကြောင်း၊ ဦးထုပ်တရပတ် မစွဲမကိုင်စေဘဲယပ်ကိုသာ စွဲကိုင်စေကြောင်း၊ ထို့အတူ အရုံဂိုဏ်းတောနေ ရဟန်းများကလည်း ဦးထုပ်တရပတ်မဆောင်း မကိုင်စေဘဲ အဝန်းညီစွာ သင်္ကန်းကို ဝတ်ရုံစေပြီး သာမဏေများရွာသို့ ဝင်စေကြောင်း၊ အတင်, အရုံ မှတ်တမ်းများ၌ ရေးသားသည်ကို ထောက်ဆ၍လည်းအတင်ဂိုဏ်း, တုံဂိုဏ်း, တောနေဂိုဏ်းများဖြစ်၍ ဦးထုပ်တရပတ် မဆောင်းကြောင်း-ရေးသားကြလေသည်။

သို့ရာတွင် "အတင်ဂိုဏ်းတွင် ထင်ရှား၍ သာသနာမှတ်တမ်းများတွင် ကျော်ကြားသော ကြက်သွန်ခင်းဆရာတော်ဘုရားပင် ဦးထုပ်ဆောင်းလျက် ဒုကုဋ်ရုံတင်ပြီး ကြွသွားတော်မူသည်ကို မြင်လိုက်ရသည်"ဟု ဆရာတော်ဘုရားက သံဃာတော်များမျက်မှောက်တွင် လျှောက်ထားဖူးကြောင်းကို ဆိုသဖြင့်လည်း ခေတ်အားလျော်စွာ မလွန်ဆန်သာသောကြောင့်များရာသို့ လိုက်ပြီး အချို့ဆရာတော်ကြီးများ ဆောင်းကြရကြောင်းသာ မှတ်အပ်ကုန်၏။

ထိုနောက်ကာလများ၌ကား အတင်ဂိုဏ်းသားများ ဒုကုဋ်အသွင် တွန့်တွန့်ပြုလုပ်အပ်သော သင်္ကန်းငယ်ကို တင်စေပြီး အနံ့ငယ်သင်္ကန်းဖြင့် အပေါ်မှစီးလျက် အထက်ကားသော မိုးကြိုးသွား ဦးထုပ်ဒေါက်ခြာကို ဆောင်းသည့်အပြင် အရိုးမတ်စောက် တပ်သောဆင်စွယ်တရပတ်၊ ပေရွက်တရပတ်များကိုလည်း ကိုင်စေသည်-ဟု သီလဝိသောဓနီကျမ်း၌ရေးသားသဖြင့် အတင်ဂိုဏ်းသားများ၏ အပြုအမူကား ဝိနည်းနှင့်လည်း မလျော်၊ သာသနာတော်နှင့်လည်း မသင့်တင့်သောကြောင့် သီလချစ်ခင်လေးစား သိက္ခာ ၃-ပါး၌ လိုလားတော်မူကြသော ဆရာတော်ကြီးများကား ၎င်းဝါဒကို မနှစ်ခြိုက်ကြသဖြင့် သာသနာ လေးစားသော ခေတ်သမယ၌ ၎င်းအလေ့အကျင့်များ လွှင့်ပါးပျောက်ကွယ်သွားခဲ့ကြလေသည်။

ဤသို့အားဖြင့် ဘိုးတော်မင်းတရားကြီးလက်ထက်၌ သီလဝန်၊ ဂုဏဝန်မထေရ်များလည်း ပေါ်များ၍ သာသနာတော် စည်ပင်ပြန့်ပွါး ထွန်းကားသည့်အားလျော်စွာသာသနာရေး အမှုကိစ္စများ ရှုပ်ထွေးခြင်းမရှိဘဲ သန့်ရှင်းစင်ကြယ်လျက် များစွာတိုးတက်ပြီး

လဇ္ဇီသူတော်ကောင်းများ ပေါများလာသည့်အပြင် မင်းတရားကြီးလည်း သာသနာရေး၊ သာသနာမှုနှင့် စပ်လျဉ်း၍ လောက, ဓမ္မ ၂-၃ာနတို့၌ သန့်ရှင်းစင်ကြယ်အောင် ဂဏသုဒ္ဓိ အမိန့်တော်များ ထုတ်ဆင့်တော်မူကာ သာသနာတော်ကြီး တစ်ပါးတည်း တညီတညွတ် တည်းဖြစ်၍ အယူဝါဒကွဲပြားခြင်း မရှိအောင် အားထုတ်ရွက်ဆောင်တော်မူခဲ့လေသည်။

ဧင်းဘိုးတော်မင်းတရားကြီးလက်ထက် မြန်မာနိုင်ငံတော်သည် အထူးသဖြင့် ကျယ်ဝန်းစွာ အောင်မြင်တော်မူသည့်အပြင် နိုင်ငံတော်ကျယ်ဝန်းသလောက် ပညာသုတ ကျယ်ဝန်း၍ မဏိပူရ၊ အာသံ စသော အနောက်တိုင်းနိုင်ငံများကို အောင်မြင်တော်မူသော အခါ များစွာသော သက္ကတစာပေများ ရရှိလာ၍ မဇ္ဈိမဒေသမှလည်း အထူးထူးသော ဆေးကျမ်း၊ ဗျာကရဏ်းကျမ်း၊ နီတိကျမ်း၊ ဓမ္မသတ်ကျမ်း၊ နက္ခတ်ကျမ်း-စသော ကျမ်းဂန် အမြောက်အမြား ရောက်ရှိလာကာ များစွာသော ပညာရှိများ ပြန်ဆိုရေးသားကြသဖြင့် စာပေဗဟုသုတနယ်မှာလည်း အထူးကျယ်ပြန့်လာခဲ့လေသည်။

## မင်းတရားကြီးလက်ထက် နိုင်ငံခြားသားများနှင့် ဘာသာခြားများ ဝင်ရောက်ခြင်း

မင်းတရားကြီးလက်ထက် နိုင်ငံတော်နှင့် စာပေ ဗဟုသုတ ကျယ်ပြန့်လာသော် လည်း ခမည်းတော် အလောင်းမင်းတရားကြီး လက်ထက်တော်ကပင် မွန်သုံးရပ် တိုက်ခိုက် သိမ်းယူစဉ်က အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီများ မြန်မာနိုင်ငံတော် အောက်ပိုင်း-ဟု ဆိုအပ် သော မွန်တိုင်း၊ ရာမညတိုင်း သုံးရပ်သို့ ချဉ်းနင်းဝင်ရောက် အခြေစိုက်လာကြ၍ ဧင်းပြင်သစ်နှင့် အင်္ဂလိပ်များသည် ပထမမွန်များဘက်မှ ကူညီတိုက်ခိုက်ကြရာ ဧင်းတို့ ကူညီသော မွန်များ အရေးနိမ့်လာလျက် ဧင်းတို့ကို လက်ရဖမ်းဆီးရမိသော်လည်း သတ်ဖြတ် ခြင်း ပြုတော်မမူဘဲ နေပြည်တော်သို့ ပို့ဆောင်စေကာ နေရာရပ်ကွက်များ ပေးအပ်လျက် အေးချမ်းစွာ နေထိုင်စေခဲ့လေသည်။

ဧင်းပြင် အင်္ဂလိပ်များကို ဟိုင်းကြီးကျွန်း၌ ကူးသန်းရောင်းဝယ်ရန် နေရာသတ်မှတ် ချအပ်ပေးပြီး ပေါ်တူဂီများကိုလည်း သန်လျင်တွင် နေရာချထားပေးအပ်တော်မူကာ ဧင်းတို့နှင့် ဆန့်ကျင်ဘက် မပြုလုပ်ခြင်းသည် လူမျိုးရေးပြဿနာရပ်များ မြန်မာနိုင်ငံတော်၌ အမြစ်တွယ်လျက် တစ်စထက်တစ်စ တဖြည်းဖြည်း တိုးတက်ကြီးပွါးလာသည်သာမက ဧင်းတို့ဘာသာဝါဒများသည် မြန်မာပြည်ဗုဒ္ဓနိုင်ငံတော်ကြီးကို တိုက်ခိုက်စပြုကာ ဘေးရန် ပြုလာခဲ့ကြလေသည်။

ဤသို့အားဖြင့် အလောင်းမင်းတရားကြီးလက်ထက် ခရစ်ယာန်လူမျိုးများ ဝင်ရောက် နေထိုင်ခွင့်ရကာ ၎င်းတို့ဘာသာဝါဒ ခြေကုပ်ရပြီးနောက် ၎င်းတို့ဝါဒလမ်းစဉ် အရ တစ်စတစ်စ ဟောပြောလာခဲ့ရာ ဘိုးတော်မင်းတရားကြီး လက်ထက်တော်၌ ၎င်းတို့ ဘာသာဝင်တွင် အထူးသဖြင့် ထင်ရှားကျော်စော၍ အထူးစွန့်စားစွာ ၎င်းတို့ သာသနာနှင့် ဝါဒများကို ဖြန့်ဖြူးခဲ့သော အမေရိကန်နိုင်ငံမှ ဆရာကြီး ယုဒသန် (ဂျပ်ဆန်) ရောက်လာပြီး လျှင် မြန်မာစာပေများ ခဲယဉ်းစွာ လေ့လာဆည်းပူး အထူးအားထုတ်ခဲ့၍ မြန်မာနှင့် ပါဠိ ဘာသာရပ်များကိုလည်း တတ်ကျွမ်းသည့်အလျောက်၊ ပါဠိ-မြန်မာ အဘိဓာန်၊ ၎င်းနောက် **မြန်မာ-အင်္ဂလိပ် အဘိဓာန်၊ အင်္ဂလိပ်-မြန်မာ အဘိဓာန်**ကျမ်းကြီးများကိုလည်း စီရင်ထုတ် ဝေခဲ့လေသည်။

၎င်းပြင် ၎င်းတို့ဘာသာဝါဒ ဟောပြောခြင်းများလည်း တစ်စတစ်စတိုးတက် ကြီးပွါးလာကာ ဘိုးတော်မင်းတရားကြီး၏မြေးတော်, ဘကြီးတော်ဘုရားလက်ထက်မှာ အထက်မြန်မာနိုင်ငံတော်သို့ပင် ရောက်ရှိလာကာ ၎င်းတို့ဘာသာဝါဒ ဆွေးနွေးခွင့်ရလျက် ၎င်းတို့ဘာသာကျမ်းစာများ ပြန်ဆိုရေးသားအားထုတ် လုပ်ကိုင်ရန်ပင် အထက်မြန်မာနိုင်ငံ သို့ ဆန်တက်ခဲ့ရာ ကုမ္ပဏီအင်္ဂလိပ်အစိုးရနှင့် မြန်မာတို့ စစ်ဖြစ်ကြရာတွင် အထင်မှားလျက် အဝနေပြည်တော်မှာ အချုပ်အနှောင်ပင် ခံရပြီးနောက် အကြောင်းပြေလည်သည့် အားလျော်စွာ လွတ်မြောက်လာပြီး အင်္ဂလိပ်များနှင့် **ရန္တပိုစာချုပ်** ပြုလုပ်သောအခါ ၎င်းဆရာကြီးယုဒသန် သည် စကားပြန်အဖြစ် ဆောင်ရွက်ခဲ့လေသည်။

ဤသို့အားဖြင့် ဘိုးတော်မင်းတရားကြီး လက်ထက်တော်မှာ သာသနာနှင့် ဘာသာ စာပေများ တိုးပွါးလာခဲ့၍ ထွန်းကားလာသည့်အပြင် ရှေးမင်းများလက်ထက်က မပြီးပြတ်ဘဲ ကွဲပြားလာခဲ့သည့် ဂိုဏ်းအယူဝါဒများလည်း ညီညွတ်စေ့စပ်ပြီးကာ သာသနာတော် စင်ကြယ်လာခဲ့သည်။

ဤဆိုအပ်ခဲ့ပြီး အကျဉ်းရေးသားအပ်သော ဘိုးတော်မင်းတရားကြီးလက်ထက် သာသနာတော်နှင့် ဘာသာစာပေများ ထွန်းကားခြင်းနှင့် ၎င်းကုန်းဘောင်ဆက် သာသနာ တော်ခေတ်တွင် အခြားခရစ်ယာန်အယူဝါဒများ အခြေစိုက်ပြီး တစ်စတစ်စတိုးပွါးလာခဲ့ ကြခြင်းများသည် ဗုဒ္ဓနိုင်ငံတော် မြန်မာသာသနာဝင်တွင် မှတ်တမ်းတင်ထိုက်သော ခေတ် တစ်ခုဖြစ်ခဲ့သည်-ဟု မှတ်သားအပ်ကုန်၏။

## ကုန်းဘောင်ခေတ် နောင်တော်ကြီးမင်းလက်ထက် သာသနာအကြောင်း

ဘိုးတော် ဗဒုံမင်းတရားကြီးသည် မြတ်နိုးတော်မူသည့်အားလျော်စွာ မိမိအတွက် သက်စွန့်ကြိုးပမ်း ထမ်းရွက်သွားခဲ့သော သားတော်၏အဆက် မြေးတော်များကို နန်းညွန့်-နန်းလျာထားတော်မူခဲ့သည့်အတိုင်း ဘိုးတော်ဘုရား နတ်ရွာစံတော်မူသောအခါ *(မြေးတော်သည်)* သာသနာတော် ၂,၃၆၃-ခု၊ ကောဇာသက္ကရာဇ် ၁,၁၈၀-ခုနှစ်တွင် သီရိတြိဘဝနာ-ဒိတျပဝရပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ-ဟူသော ဘွဲ့တံဆိပ်နာမံ ခံယူတော်မူ၍ အမရပူရ မြို့တော်၌ ရွှေထီး ရွှေနန်း သိမ်းမြန်းတော်မူပြီးနောက် သိုက်၊ တပေါင်၊ စနည်းအရ ရတနာပူရ အဝနေပြည်တော်ကြီးကို စတုတ္ထအကြိမ် ထပ်မံပြင်ဆင်တော်မူပြီးလျှင် သက္ကရာဇ် ၁,၁၈၅-ခုနှစ်၌ အဘိသေကသဘင် ဆင်ယင်ပြီးကာ များစွာသော တိုင်းရေး၊ ပြည်ရေး၊ သာသနာတော်အရေးများ အားထုတ်ဆောင်ရွက်တော်မူခဲ့လေသည်။

ငင်းခုနှစ် အဘိသေကသဘင် သီရိပဝေသနာ မဟာဥကင်တော် ဖွင့်ပွဲနှင့် အထူး ပြတိုက်တော်သိမ်းပွဲ၊ ရွှေလွှတ်တော်သိမ်းပွဲ၊ ရွှေမြို့တော်သိမ်းပွဲတို့နှင့်တကွ သာသနာရေး အတွက် လက်ဦးမဆွ ပိဋကတ်တော်များကို ပေထက် အက္ခရာတင်ပွဲများ ဆင်ယင်ကျင်းပပြီး မာန်အောင်ရတနာပိဋကတ်တိုက်တော်ကြီးကို ဆောက်လုပ်ကာ ပိဋကတ်တော်များကို ရွှေရေးအက္ခရာ၊ မင်ရေးအက္ခရာ၊ ကညစ်ရေးအက္ခရာတို့ဖြင့် ရေးသားစေလျက် ပိဋကတ်ကျမ်းစာများကို တိုးပွါးတည်တံ့အောင် အားထုတ်ပြုစုတော်မူခဲ့လေသည်။

ထိုမင်းလက်ထက်၌ အိမ်နိမ့်စံနေတော်မူစဉ်က ကိုးကွယ်ခဲ့သော မထေရ်များကို ဘွဲ့တံဆိပ်တော်များ ဆက်ကပ်၍ ဆက်လက် ကိုးကွယ်တော်မူသည့်အပြင် ကျော်ကြားခြင်း ရှိတော်မူသည့်အတိုင်း စလင်းဆရာတော် အရှင်ပညာသီဟမထေရ်ကို ရွှေမြို့တော်သို့ ပင့်တော်မူပြီး မုနိန္ဒာဘိသီရိသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု-ဘွဲ့တံဆိပ်တော် ကပ်လှူပြီးနောက် ၁,၁၈၄-ခုနှစ်မှာ ထိုဆရာတော်အား မုနိန္ဒာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းတော်မူပြီး အောင်မြေဘုံသာကျောင်းတော်ကြီးကို လှူတော်မူ၍ သာသနာပြု သာသနာပိုင်ဆရာတော် အဖြစ်ဖြင့် ကိုးကွယ်တော်မူခဲ့လေသည်။

ထိုမှတပါး ဘုရားမြေ, ကျောင်းမြေ-စသော ဝတ္ထုကံမြေများကိုလည်း ရှေးမင်း အဆက်ဆက်တို့ လှူဒါန်းတော်မူသည်ကို ဘိုးတော်မင်းတရားကြီးက ထပ်မံတဆင့် ကမ္ပည်း ကျောက်စာ ထွင်းထုတော်မူကာ တဖန် ကုသိုလ်အရပ်ရပ် သတ်မှတ်လှူဒါန်းတော်မူသကဲ့သို့

ကျောင်း, ဘုရား ဝတ္ထုကံမြေများကိုလည်း ပညာရှိ မှူးတော်, မတ်တော်အများနှင့် ညှိနှိုင်း တိုင်ပင်တော်မူပြီး ထပ်မံလှူဒါန်း အမိန့်တော်ပြန်တမ်းများ ထုတ်တော်မူခဲ့လေသည်။

## ဆရာတော် ဦးဗုဓ်အကြောင်း

ထိုမင်းလက်ထက်၌ အထူးသဖြင့် ကျော်စောထင်ရှားသော ဆရာတော်မှာ ဆရာတော်ဦးဗုဓ်ဖြစ်၍ ၎င်းမင်းတရား၏ မိဖုရားခေါင် **သီရိပဝရတိလောကမဟာရာဇိန္ဒာ ရတနာဒေဝီ**-ဘွဲ့တံဆိပ်တော်ခံ အမည်နာမံဖြင့် ယခုကာလအထိ ထင်ရှားသော နန်းမတော် (မယ်နု)သည် အုတ်ပြာသာဒ် စနုစမုတ်တို့ဖြင့် အထူးဆန်းကြယ်ခမ်းနားစွာ ဆောက်လုပ် လှူဒါန်းအပ်သော မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးကို ပုညာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-ဘွဲ့တံဆိပ်နာမံတော်ရှိသော ဆရာတော်ဦးပိုးအား တင်လှူတော် မူပြီးနောက် ၁,၁၉၁-ခု၊ တန်ခူးလတွင် ပျံလွန်တော်မူရာ ၎င်းကျောင်းတော်ကြီးကို ၎င်းဆရာတော်ကြီး၏ ညီတော်ဖြစ်သော ညောင်ကန်ရွာလျှင် ဖွားရာဇာတိရှိသော ဆရာတော်ဦးဗုဓ်ကို တင်လှူတော်မူပြီး စက္ကိန္ဒာဘိသီရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု-ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်လှူဒါန်းတော်မူခဲ့လေသည်။

ဆရာတော်ဦးဗုဓ်သည် သာသနာတော်ကို အလေးပြုသည့်အားလျော်စွာ ၎င်း သာသနာအရေးမှတပါး အခြားလောကရေးရာများကို ဂရုစိုက်တော်မမူ၊ ကျမ်းဂန်စာပေ ၌သာ ပျော်မွေ့တော်မူသဖြင့် အစဉ်အဆက် မှတ်သားခဲ့ကြသည်မှာ ဆရာတော်ဘုရား၏ ခမည်းတော် ကွယ်လွန်ရာ မိဖုရားခေါင်ကြီး မျက်နှာနှင့် မှူးကြီး, မတ်ကြီးများ တင့်တယ် ခမ်းနားစွာ ဘတော်ပျံ ဈာပနခင်းကျင်းစီရင်ပြီးလျှင် ဆရာတော်အား အသုဘရှု ကြွတော် မူရန် ပင့်လျှောက်သောအခါ အဘခမည်းတော်အရင်းဖြစ်၍ ကျေးဇူးကြီးခြင်းကို ထောက် ထားလျက် လက်တစ်ဖက်၌ ပေစာကို ကိုင်ရင်းပင် လက်ရန်းဆင်ကပ်မှနေ၍ အလေးပြုခြင်း မျှသာ ပြုတော်မူကြောင်း မှတ်သားခဲ့ကြလေသည်။

ဆရာတော်အား အုတ်ကျောင်းတော်ကို လှူဒါန်းကာ ပစ္စည်း ၄-ပါးဖြင့် ထောက်ပံ့ လှူဒါန်းနေပါသော်လည်း မိမိကျောင်းအမကြီး ဖြစ်၍ ဂုဏ်အားဖြင့် ကြီးမြင့်သော မိဖုရား ခေါင်ကြီးကိုပင် စာကြည့်ဖျက်လျက် စကားလက်ခံ ပြောဟောဖူးသည် မရှိ၊ သီလယူပြန်လျှင် လည်း စာကိုင်လျက် သီလပေးပြီး "ပုတီးစိပ်နေ"ဟူ၍သာ မိန့်တော်မူခြင်းမျှသာ ရှိရာ တစ်ခါသော် နန်းမတော်ကြီးမှာ အရိုးအရာမှ ကင်းလျက် ဘကြီးတော်၏ညီတော် ရွှေဘို မင်း၏ အာဏာအောက် ရာဇဒဏ် သင့်ရောက်သည်။ နန်းမတော်ကြီးက "အမောင်တို့

တစ်သက်တစ်ခါ သေရမြဲဓမ္မတာကို ငါမကြောက်၊ မသေမီ ငါ့ဆရာတော်အား ဖူးခွင့်ပြုရန်" ခွင့်တောင်းရာ အခွင့်ရ၍ အဖူး အမြော်လာပြီး အရေးတော်အလျောက် အကြောင်းကို လျှောက်ထားလျှင် လောက, ဓမ္မ ၂-၅ာနှ၌ ကျေးဇူးများသော ကျောင်းအမကြီးအား နန်းမတော်ကြီး-စသည်ဖြင့် ဂုဏ်အားဖြင့် ချီးမြှောက်ပြောဆိုတော်မမူဘဲ၊ "ကျောင်းအမကြီး သံသရာဝဋ်ကြွေးရှိက ခံရမြဲဖြစ်သည်။ သံသရာဘေးကြီးအကြောင်း, သံသရာမှလွတ်မြောက်ရန် အားထုတ်ဖို့အကြောင်း၊ တရားသာ လျှင် အားထားရာရှိကြောင်း"တရားစကားများကို စာပေပို့ချတော်မူလျက် ဟောပြောတော် မူသဖြင့် နန်းမတော်ကြီးမှာ အလွန်ဝမ်းမြောက်လှသဖြင့် ဆရာတော်ထံမှ ပြန်အလာ "သည်တစ်ခါသာ ဆရာတော်၏တရားကို နာရသည်။ ကျောင်းအမလည်း အခေါ်ခံခဲ့ရသည်။ သည် ၁-ဘဝမက ၁၀-ဘဝပင် အသေခံနိုင်သည်"ဟု ပြောဆိုကြောင်း ဆရာစဉ်ဆက် ပြောကြသည်။

ဤသို့သော အကြောင်းအရာများကို ထောက်ထားသောအားဖြင့် ဆရာတော်ကြီးကား သာသနာတော်အရေးနှင့် စာပေပိဋကတ်မှတပါး အခြားကိစ္စတို့၌ အလေးမပြုတော်မူသည်မှာ ဆရာတော်၏ ထူးခြားသော ဂုဏ်တစ်ရပ် ဖြစ်လေသည်။

ဆရာတော်ဦးဗုဓ်သည် ကျမ်းဂန်ပိဋကတ်၌ နှစ်ခြိုက်မွေ့လျော်တော်မူသည့်အား လျော်စွာ များစွာသော နိသျည်းကျမ်းများနှင့် ဝိနိစ္ဆယကျမ်းများကို ပြုစုတော်မူခဲ့သဖြင့် သာသနာဝင် ရေးသားသည့် မှတ်တမ်းများ ၃၂-ကျမ်းမျှ ရှိကြောင်း၊

၎င်းဆရာတော်မှာ ဆရာအစဉ်အဆက်အားဖြင့် တောင်တွင်းအကျော် ဆရာတော် ဖြစ်သော, အလောင်းမင်းတရားကြီး၏ သားတော် စစ်ကိုင်းမြို့တည် မင်းတရားလက်ထက် မင်းဆရာအပြုခံယူတော်မူ၍ ဉာဏာလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်နာမံတော် ရရှိသော ခင်ကြီးပျော်၏ အဆက်အနွယ်ဖြစ်ကြောင်း၊

၎င်းမထေရ်၏အဆက်အနွယ်မှာ –

၁။ ဉာဏာလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တောင်တွင်းဆရာတော် ခင်ကြီးပျော်၊

၂။ ၎င်းဆရာတော်၏တပည့် ဗုဒ္ဓရက္ခိတမဟာသာမိမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ခင်ကြီးညွန့်၊

၃။ ၎င်းဆရာတော်တပည့် ကဝိန္ဒာဘိသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ခင်ကြီးရောင်၊

၄။ ဓမ္မစာရိန္ဒဓဇမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ခင်ကြီးရာ၊

၅။ ၎င်းဆရာတော်၏တပည့် မုနိန္ဒဝရပရမဓဇမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ခင်ကြီးသာပုံ၊

၆။ ၎င်းဆရာတော်၏တပည့် နရိန္ဒာဘိတိသာသနဓဇမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဦးမှတ်ကြီး၊

၇။ ၎င်းဆရာတော်၏တပည့် ပုညာဘိသိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဦးပိုး၊

၈။ ၎င်းဆရာတော်၏တပည့် စက္ကိန္ဒာဘိသိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဦးဗုဓ်၊

၉။ ၎င်းဆရာတော်၏တပည့် မေဓာလင်္ကာရသိရိကဝိဓဇမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဦးကြီးညို၊

၁၀။ ၎င်းဆရာတော်၏တပည့် ဉာဏာဘိန္ဒာဘိပဝရဓဇပဏ္ဍိတမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဦးသူ၊

၁၁။ ၎င်းဆရာတော်၏ တပည့် ဒီပနန္ဒာဘိဓဇသဒ္ဓမ္မာလင်္ကာရမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဦးကန်ရိုး-

ဟု ဆိုအပ်သော ဆရာစဉ်ဆက် ၁၁-ပါးတို့ ဖြစ်ကြကုန်၏။

ဤသို့ မှတ်တမ်းများရှိသည့်အတိုင်း ဆရာတော်ဦးဗုဓ်ကား တောင်တွင်းဆရာတော်ခင်ကြီးပျော်မှ ဆရာစဉ်ဆက်အားဖြင့် ၈-ဆက်မြောက် ဆရာတော်ဖြစ်ကြောင်း မှတ်သားအပ်၏။

## ဘကြီးတော်လက်ထက်၌ ခရစ်ယာန်ဘာသာ ကြီးပွါးလာခြင်း

၎င်းဘကြီးတော်လက်ထက် သာသနာရေးကိစ္စအဝဝတို့ကို ဘိုးတော်ဘုရားလက်ထက်ကကဲ့သို့ပင် ပြုစုအားထုတ် စည်ပင်ပြန့်ပွါး မဆုတ်ယုတ်ငြားသော်လည်း ဘိုးတော်ဘုရားလက်ထက်က ရောက်ရှိလာခဲ့သော အမေရိကန်သာသနာပြုဆရာကြီး ယုဒသန်ဆိုသူ၏ သာသနာပြုလုပ်ငန်းနှင့် မြန်မာစာပေလုပ်ငန်းများ တစ်စတစ်စတိုးတက်လျက် အထက်မြန်မာနိုင်ငံ နေပြည်တော်သို့ပင် ရောက်ရှိကာ မှူးကြီး, မတ်ကြီးများနှင့်

သိက္ခမ်းရုံမက ဘုရင်မင်းမြတ်၏ ရှေ့တော်မှာပင် ၎င်းတို့ဘာသာ ဟောပြောပြသရာ ရာဇဝလ္လဘအခွင့်အရေး ရရှိခဲ့သဖြင့် နေပြည်တော်မှာနေ၍ ၎င်းတို့ကျမ်းစာများ ပြန်ဆိုခြင်း, မြန်မာစာပေအတွက် အဘိဓာန် စုဆောင်းခြင်းစသော ၎င်းဝါဒအတွက် ဖြန့်ဖြူးအားထုတ်ခွင့် ရခဲ့လေသည်။

၎င်းမင်းလက်ထက် အင်္ဂလိပ်တို့နှင့် စတင်ဖြစ်ပွါးသောစစ်တွင် မြန်မာအာဇာနည်သူရဲကောင်းကြီးတစ်ယောက် ဖြစ်ခဲ့သည့် စစ်သူကြီးမဟာဗန္ဓုလသည် မြန်မာအလံတော်အား ရိုသေလေးစား အားထုတ်ကြိုးစားပါသော်လည်း အဆုံးမရောက် ခုလတ်လောက်တွင် ကျဆုံးခဲ့သဖြင့် အရေးတော်နိမ့်ပါးသောကြောင့် ရခိုင် ၄-မြို့ကို ပေးအပ်ရပြီးလျှင် စစ်ပြေငြိမ်းစာချုပ်ပြုလုပ်ရာ ဆရာကြီးယုဒသန်မှာ စကားပြန်လုပ်ရ၍ ၎င်း၏အခွင့်အရေးများ တိုးတက်ရရှိသဖြင့် ၎င်းခရစ်ယာန်သာသနာသည် မြန်မာနိုင်ငံ၌ သန်စွမ်းစွာ ပေါက်ပွါးလာကာ သာသနာတော်ကြီးအတွက် နီးကပ်သော ဘေးရန်ကြီး ချဉ်းကပ်ဆိုက်ရောက်လာခဲ့လေသည်။

ဤသို့အားဖြင့် ဘကြီးတော်မင်းလက်ထက် ဘိုးတော်ဘုရားကဲ့သို့ သာသနာတော်မြတ် သုတ်သင်ရှင်းလင်းတော်မူခြင်း၊ ရတနာပူရ အဝနေပြည်တော်ကြီးကို ၄-ကြိမ်မြောက် တည်ထောင်ဖန်ဆင်းတော်မူခြင်း၊ သာသနာတော်နှင့် စပ်သည့် အရပ်ရပ်သော ကျောင်းဘုရား, သိမ်များပြုစုတော်မူခြင်း-စသော သာသနာပြုမင်းတစ်ပါးအဖြစ် မှတ်သားအပ်သည့်အပြင် ခရစ်ယာန်သာသနာလည်း ၎င်းလက်ထက်၌ အထက်မြန်မာနိုင်ငံ၌ စတင်ဖြစ်ထွန်းလာခဲ့ခြင်းကိုလည်း မှတ်သားအပ်ကုန်၏။

## ကုန်းဘောင် ရွှေဘိုမင်းလက်ထက် သာသနာအကြောင်း

သာသနာ ၂,၃၈၁-ခု၊ ကောဇာသက္ကရာဇ် ၁,၁၉၉-ခုနှစ်တွင် ဘကြီးတော် မင်းတရား၏ညီတော် ရွှေဘိုမင်းသည် ရွှေထီးရွှေနန်းကို သိမ်းပိုက်ပြီးလျှင် သီရိပဝရာဒိတျလောကာဓိပတိဝိဇယမဟာဓမ္မရာဇာဓိရာဇာ-ဟူသော ဘွဲ့တံဆိပ်နာမံတော်ခံယူပြီး တိုင်းရေး ပြည်ရာနှင့် သာသနာတော်အရေးကိုလည်း လေးစားလျက် ဘိုးတော်မင်းတရားကဲ့သို့ ပြုစုလာခဲ့ရာ ၎င်းမင်းလက်ထက် သဲအင်းဆရာတော်ဘုရားကြီးကို သက်တော်, ဝါတော်ကြီးသော်လည်း ပရိယတ္တိ, ပဋိပတ္တိဓမ္မနှင့် ပြည့်စုံတော်မူသည့်အားလျော်စွာ သူရိယာဝံသာဘိသိရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော တံဆိပ်တော်မြတ် ကပ်လှူပြီး သာသနာပိုင်အဖြစ် အပ်နှင်းကာ သာသနာတော်ကို ပြုစုတော်မူခဲ့လေသည်။

သို့ရာတွင် ဆရာတော်ဘုရားကြီးမှာ သက်တော်, ဝါတော်ကြီးမှ သာသနာအပ်နှင်းခြင်းခံယူတော်မူရ၍ ကာလမကြာမြင့်မီ ၁,၂၀၁-ခုနှစ်တွင် ပျံလွန်တော်မူရာ ကောင်းမွန်ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်တော်မူပြီး ထိုနှစ်မှာပင် ၎င်းမထေရ်မြတ်၏တပည့် ဦးဥေ ယျကို ဥေ ယျဓမ္မာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော ဘွဲ့တံဆိပ်တော် ကပ်လှူတော်မူ၍ သာသနာလွှဲအပ်တော်မူပြီး နောက်ထပ်တဖန် ဥေ ယျဓမ္မာဘိဝံသသီရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော ဒုတိယတံဆိပ်တော်မြတ် ဆက်ကပ်လှူဒါန်းတော်မူ၍ သာသနာပိုင်ဆရာတော်ကြီးအဖြစ် အပ်နှင်းတော်မူခဲ့လေသည်။

## ရွှေဘိုမင်းလက်ထက် သီးလုံးဆရာတော်အကြောင်း

ဘကြီးတော် လက်ထက်ကပင် သီးလုံးဆရာတော်မှာ တောရဆောက်တည်လျက် အရညဝါသီဂဏဝိမုတ် နေတော်မူကာ တောရဂိုဏ်း အရညဝါသီသာသနာပြုတော်မူခဲ့သည့်အပြင် ညီတော်ရွှေဘိုမင်းလက်ထက်မှာလည်း ဆရာတော်ဘုရားကို သီးခြားဂဏဝိမုတ် အမိန့်တော်ထုတ်၍ အရညဝါသီဆရာတော်အဖြစ်ဖြင့် ကိုးကွယ်တော်မူပြီး နောက်အခါ၌ စန္ဒိမာဘိဝံသသီရိသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော ဘွဲ့တံဆိပ်တော်မြတ် ကပ်လှူပူဇော်တော်မူခဲ့လေသည်။

၎င်းဆရာတော်ဘုရားမှာ ဒုတိယနံမော်ဆရာတော် အရှင်ဝိစာရိန္ဒ၏ တပည့်ရင်းဖြစ်၍ များစွာသော လဇ္ဇီပေသလသိက္ခာကာမဂုဏ်နှင့် ပြည့်စုံတော်မူကြသော တောရဆရာတော်များထံ တပည့်ခံလျက် သာသနာတော် စင်ကြယ်စေရန် ဝိနယဂရုကပဋိပတ္တိဓမ္မအားထုတ်တော်မူကာ များစွာသော သီလဝန်, ဂုဏဝန် မထေရ်များထံမှ ရအပ်သော လဒ္ဓေါ-ပဒေသရရှိတော်မူသည့်အားလျော်စွာ အရညဝါသီတောရ သာသနာပြုတော်မူခဲ့လေသည်။

၎င်းမထေရ်မြတ်နှင့် စပ်လျဉ်း၍ ဆရာစဉ်ဆက် ပြောဆိုမှတ်သားကြသည်မှာ ဆရာတော်ငယ်ရွယ်စဉ်က ရှင်သာမဏေအဖြစ်ဖြင့် စာပေပရိယတ် ကြိုးစားအားထုတ်တော်မူကာ ပညာရှာဖွေသောအချိန်၌ နောင်တော်မင်းတရားလက်ထက် အာဒိစ္စဝံသာဘိဓဇ-မဟာဓမ္မရာဇာဓိရာဇဂုရု-ဘွဲ့တံဆိပ်တော်ရ ငါးခုန်ရွာလျှင် ဖွားရာဇာတိရှိ၍ ငါးခုန်ဆရာတော်-ဟု ကျော်ကြားသော ဆရာတော်ဘုရားထံ နည်းနာခံလျက် စာပေသင်ကြားနေခဲ့ရာ ၎င်းဆရာတော်ဖြစ်မည့် ရှင်သာမဏေငယ်စဉ်ကပင် အလွန်နူးညံ့သော နှလုံးသားနှင့် သည်းခံခြင်းတရား ပြည့်စုံရာ အတူသီတင်းသုံးဖော် ရှင်သာမဏေတစ်ပါးက

စမ်းသပ်လိုသောအားဖြင့် ၎င်းရှင်သာမဏေ ရှင်စန္ဒိမာ ဆွမ်းစားနေခိုက် ဆွမ်းလုံးနှင့်တကွ သပိတ်ဆေးရေဖြင့် ဦးခေါင်းမှ ဖြိုလောင်းလိုက်ရာ ၎င်းရှင်သာမဏေကား စိတ်ထားငြိုငြင်ခြင်းမရှိဘဲ ထ၍ ဆွမ်းလုံးများ ခါပြီးလျှင် "ကိုရင်၊ အကျွန်ုပ် ကိုရင်အပေါ်၌ တစ်စုံတစ်ခု အပြစ်များ ပြုဖူးပါသလော၊ အကယ်၍ ပြုဖူးက တောင်းပန်ပါသည်"ဟု တောင်းပန်ပြောဆိုရာတွင် "ကိုရင်၊ အပြစ်မရှိပါ၊ ကိုရင်သဘောသိလို၍ ပြုမိပါသည် သည်းခံပါ"ဟု တောင်းပန်ပြီးမှ ကိုရင်စန္ဒိမာသည် ဆွမ်းစားမြဲတိုင်း စားပြီး ပြုနေကျဝတ်များ ပြုလုပ်အားထုတ်ကြောင်း ဆရာတော်ကြီးများ မိန့်ကြားသည်ကို နာယူခဲ့ရသည်။

၎င်းပြင် သည်းခံတော်မူရခြင်းအကျိုးကိုလည်း— ၎င်းဆွမ်းလုံးရေဖြင့် လောင်းသော ကိုရင်မှာ လူထွက်ပြီး မင်းထံခစား၊ ကံအားလျော်စွာ မှူးမတ်ငယ်ဖြစ်လာ၍ သူငယ်စဉ်က ပြစ်မှားခဲ့ဖူးသော ကိုရင်ကို သတိရသဖြင့် စုံစမ်းရာ ၎င်းမှာ ယခု သီးလုံးဆရာတော်-ဟု ကျော်ကြားသောမထေရ်တစ်ပါး ဖြစ်ကြောင်း သိရသောအခါ ၎င်းမထေရ်သည် ငယ်စဉ်ကပင် သည်းခံခြင်းဂုဏ် ပြည့်စုံသည်ကို ယုံကြည်လျက် ထက်မြက်သော သဒ္ဓါအလျောက် လှည်း ၄-စီးတိုက် ရဟန်းတို့အား အပ်သော ပရိက္ခရာများ တင်ဆောင်ကာ သွားရောက်ကန်တော့ပြီးလျှင် အမြဲပစ္စည်း ၄-ပါး ဒကာအဖြစ် ဖိတ်ကြားပြီး နောက်အခါ၌ ကျောင်းဆောက်လှူဒါန်းကြောင်း ဆရာတော်ကြီးများ ပြောဆိုမိန့်ကြားသည်ကို နာယူခဲ့ရသည်။

၎င်းဆရာတော်ဘုရားမှာ ဂဏဝိမုတ်သမုတ်အပ်သော်လည်း ဂိုဏ်းသီးဂိုဏ်းခြားအနေအားဖြင့် မဟုတ်ဘဲ ဂါမဝါသီမထေရ်တို့၏ ဆင့်ဆို အမိန့်ပေးသည်ကို ဂိုဏ်းဂဏအရေးအားဖြင့် ဆောင်ရွက်ပြုလုပ်ရခြင်း တာဝန်မှ ကင်းလွတ်လျက် သဘာဝဖြစ်သော အရညဝါသီမထေရ်များနှင့် အေးချမ်းစွာ ပဋိပတ္တိတရားအားထုတ်ရခြင်း၊ ဂိုဏ်းဂဏကိစ္စများအတွက် မဆောင်ရွက်ရခြင်းမျှသာဖြစ်၍ ထိုစဉ်အခါက ဂါမဝါသီ၊ အရညဝါသီဂိုဏ်းတို့မှာ သမာနသံဝါသက-တူမျှသော ပေါင်းဖော်ခြင်း ရှိကြကုန်သည်။

၎င်းဆရာတော်၏ ရှေးဖြစ်သော ဆရာအစဉ်အဆက်များမှာလည်း အရှင်ဝိစာရိန္ဒမထေရ်မှစ၍ ဝိနယကုက္ကုစ္စ လဇ္ဇီပေသလ သိက္ခာကာမ အရညဝါသီမထေရ်များ၏ အနွယ်ဝံသသာဖြစ်သဖြင့် အရှင်အရဟံသို့တိုင်အောင်သော မထေရ်များ၏ အဆက်အနွယ်များ ဖြစ်ကြောင်းကိုလည်း နောက်အခါ၌ ရေးသားရမည်ဖြစ်၍ ၎င်းတို့ကို မဖော်ပြသေးဘဲ ဆရာတော်ဘုရား၏အကြောင်း ဤမျှဖြင့် နိဂုံးထား၍ ၎င်းရွှေဘိုမင်းလက်ထက်မှာ အခြားသာသနာရေးရာ ထူးခြားစွာ ဖြစ်ပွါးခြင်းမရှိ၍ ဤတွင်ပင် ၎င်းမင်းလက်ထက် သာသနာအဆုံးထားရပေသည်။

## ကုန်းဘောင်ခေတ်၊ ပုဂံမင်းလက်ထက် သာသနာအကြောင်း

သာသနာတော် ၂,၃၉၀-ပြည့်၊ သက္ကရာဇ် ၁,၂၀၈-ခုနှစ်တွင် ၎င်းရွှေဘိုမင်း၏ သားတော် ပုဂံမင်းသည် သီရိသုဓမ္မတိလောကပဝရမဟာဓမ္မရာဇာဓိရာဇာ-ဟူသော ဘွဲ့တံဆိပ်ခံယူပြီးလျှင် အမရပူရမြို့တော်၌ နန်းတက်တော်မူ၍ သံအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သော ပညာဇောတာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ခမည်းတော်ရွှေဘိုမင်း ကပ်လှူအပ်သော တံဆိပ်နာမံတော်ရှိသည့် ဒုတိယဗားကရာ ဆရာတော် ပညာဇောတာဘိသီရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော သံဃရာဇာသာသနာပိုင် တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းကာ သာသနာအပ်နှင်းတော်မူပြီး မဟာဝေယံဘုံသာစံကျောင်းတော်ကြီး လှူဒါန်းတော်မူခဲ့လေသည်။

ထိုမင်းသည်ကား ဝါသနာအထုံအားဖြင့် တောကစားထွက်ခြင်း, အပျော်အပါး ကစားမျိုးတို့၌ လေ့လာခြင်း-စသော တိုင်းရေးပြည်မှု၊ သာသနာရေး, သာသနာမှုများနှင့် မစပ်ဆိုင်သည့် အမှုကိစ္စတို့၌သာ အလေ့အကျက်များသဖြင့် သာသနာပြုစုရေးနှင့် စပ်လျဉ်း၍ သာသနာပိုင် တင်မြှောက်ခြင်း ဘေးဘိုးစဉ်လာ သာသနာကို မပစ်ပယ်ခြင်းမှတပါး အထူးမှတ်တမ်းရေးသားဖွယ် မရှိလှကုန်။

သို့ရာတွင် ထိုမင်းလက်ထက် သာသနာတော်ကို အပ်နှင်းခြင်းခံယူတော်မူသော ဗားကရာဆရာတော်ဘုရားကြီးပင် ပရိယတ္တိကောဝိဒ, ပရိယတ္တိဝိသာရဒဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့်အားလျော်စွာ သာသနာတော်ကြီးကို ဆောင်ရွက်တော်မူ၍ အင်္ဂုတ္တိုရ်ပါဠိတော် နှင့် အဋ္ဌကထာနိဿျည်းများ ရေးသားတော်မူခြင်း-စသော ပရိယတ္တိသာသနာကြီးပွါးမှုကို ဆောင်ရွက်တော်မူသည့်အပြင် သာသနာပိုင်ဟောင်း ဥ ယျဓမ္မာဘိဝံသဆရာတော်လည်း သဒ္ဒမ္မဝိလာသိနီမည်သော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနိဿျည်းကို ပြုစုတော်မူခြင်း, အခြား များစွာသော ကျမ်းဂန်တတ်မြောက်တော်မူကြသော ဆရာတော်တို့ များစွာသော နိဿျည်း ယောဇနာ-စသော ကျမ်းများ ရေးသားတော်မူခြင်း စသော ဆရာတော်များသာ သာသနာ့ ဝန်ထမ်းဆောင်ရွက်တော်မူကြကုန်သည်။

သို့ပင် သာသနာ့ဝန်ထမ်း ဆရာတော်ကြီးများ သာသနာ မဆုတ်ယုတ်အောင် အားထုတ်ကြပါသော်လည်း ဘေးတော်ဘုရားလက်ထက်က ရောက်၍ ဘကြီးတော်ဘုရား လက်ထက် ပန္နက်ချခဲ့သော မြန်မာနိုင်ငံတော်၌ ခရစ်ယာန်အယူဝါဒသည် အင်္ဂလိပ်တို့

သော ရန္တပိုစာချုပ်အရ ရေး၊ မြိတ်၊ ထားဝယ်၊ တနင်္သာရီ၊ ရခိုင် ၄-မြို့နှင့် မဏိပူရ၊ အာသံ တို့ ဆုံးရှုံးရာ ရန်ကုန်မှာပင် အင်္ဂလိပ်တပ်များ စွဲထားခြင်းကို ခွင့်ပြုရသဖြင့် ၎င်းတိုင်းနယ်များ၌ ဆရာကြီးယုဒသန် ကျယ်ပြန့်စွာ ၎င်းတို့သာသနာ ပြုခွင့်ရခဲ့လေသည်။

၎င်းပြင် ဗုဒ္ဓနိုင်ငံတော်ကြီးကား အင်္ဂလိပ်များ၏ အာဏာအောက် ရောက်ရှိကာ သာသနာတော်ကား လျော့ပါးလျက် ဆရာတော်အရှင်များနှင့်တကွ မြန်မာခေါင်းဆောင်များသည်လည်း သာသနာအရေးအရာ ဘာမျှမစွက်ဖက် မကန့်ကွက်နိုင်ဘဲ မြန်မာနိုင်ငံတော်ကြီးနှင့် မြန်မာလူမျိုးတို့၏ ကျက်သရေမင်္ဂလာဖြစ်၍ ရှေးသာသနာဝင် အစဉ်အဆက် ထွန်းတက်ကြီးပွါးစွာ ပြုစုအားထုတ်လာခဲ့သော သာသနာ့တံခွန် အထွတ်အဖူးဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးတည်ရာ သိင်္ဂုတ္တရကုန်းတော်ကိုပင် ခံတပ်ပြုလုပ်ခြင်း၊ စစ်တပ် အခိုင်အမာ စွဲထားခြင်းတို့ကို ခွင့်ပြုကြရ၍ ထိုအခါက ၎င်းတို့လက်အောက်ရှိ ခေါင်းဆောင်များနှင့် ဆရာတော်ကြီးများလည်း ၎င်းတို့အလိုသို့ လိုက်လျော(ရ)ကာ သာသနာတော်အား တိုက်ဖျက်ထိပါးစ ပြုလာခဲ့ကြလေသည်။

၎င်းနောက် ရွှေဘိုမင်းလက်ထက်၌ ဘကြီးတော်လက်ထက်က ချုပ်ဆိုခဲ့သော ရန္တပိုစာချုပ်ကိုပင် ဖောက်ဖျက်ဖီဆန်သဖြင့် အိန္ဒိယဘုရင်ခံချုပ်ထံမှ စေ့စပ်ပြေငြိမ်းရေး အတွက်နှင့် သံအမတ်အဖြစ် ကာနယ်ဘင်ဆန်ကို ခန့်အပ်ကာ ရန်ကုန်သို့ စေလွှတ်ရာ သက္ကရာဇ် ၁,၂၀၀-ပြည့်နှစ်မှာ ရန်ကုန်သို့ ရောက်ရှိလာသော်လည်း တိုင်းရေး, ပြည်ရေး အေးဆေးငြိမ်သက်ခြင်း မရှိ၍ အလုပ်ကိစ္စမဆောင်ရွက်နိုင်သေးဘဲ ဆိုင်းငံ့နေရပြီး ၎င်းခုနှစ်မှာပင် အောက်မြန်မာနိုင်ငံနယ်ပယ်များ၌ ပုန်ကန်ထကြွသောင်းကျန်းမှုများ ဖြစ်ပွါးလာခဲ့လေသည်။

သာယာဝတီ ရွှေဘိုမင်းသည် နိုင်ငံခြားဘေးရန်များကို ဖြိုဖျက်ရန်နှင့် သာသနာတော်၏ ဆူးငြောင့်ခလုတ်များ ဖြုတ်ချဖို့ရန် ကြံစည်ကာ များစွာသော ဗိုလ်ထု၊ စစ်သည်များ စုရုံးတည်ထောင်သော်လည်း အချည်းနှီးဖြစ်လျက် ၁,၂၀၈-ခုနှစ်မှာ တိုင်းပြည်နိုင်ငံ ပုဂံမင်း လက်ထက်သို့ ရောက်ရှိကာ ခမည်းတော် ကြံစည်လာခဲ့သော ကိစ္စအရပ်ရပ်တို့မှာ မအောင်မြင်သည့်အပြင် အင်္ဂလိပ်များနှင့် ၎င်းလက်ထက်စစ်ဖြစ်ပွါးပြီးနောက် အရေးနိမ့်ကာ ရန်ကုန်၊ ပုသိမ်၊ တိုင်းနယ်များကို တစ်ကြိမ် အပ်လိုက်ရပြီး နောက်တစ်ကြိမ်မှာ ပဲခူးတိုင်း၊ ပြည်တိုင်းများကိုလည်း ၎င်းတို့လက်သို့ ရောက်ရှိသွားကာ ခရစ်ယာန်နယ်ပယ်မှာ ကျယ်ပြန့်လာခဲ့လေသည်။

ဤသို့အားဖြင့် ခမည်းတော် ရွှေဘိုမင်းတရားလက်ထက် တိုင်းပြည်နိုင်ငံ၏ ရန်သူများနှင့် သာသနာတော်၏ ဘေးရန်အန္တရာယ်များ ပယ်ရှားဖို့ရန် နောင်တော်လက်ထက်က အည့်ခံခဲ့ရသော ရန္တပိုစာချုပ်ကိုပင် ဖျက်ဆီးလျက် တိုင်းပြည်နိုင်ငံ ကြီးပွါးတိုးတက်ရေး၊ သာသနာတော် ကြီးပွါးတိုးတက်ရေးများကို ရှေးရှုကာ တိုင်းပြု၊ ပြည်ပြု၊ သာသနာပြုကိစ္စအရပ်ရပ်မှာ သားတော်ပုဂံမင်းလက်ထက်၌ ပျက်စီးဆုံးရှုံးရသည်သာမက အောက်ပိုင်းတိုင်းနိုင်ငံများပါ ဆုံးရှုံးရသဖြင့် သာသနာ့နိုင်ငံတော် မတိုးပွါး၊ ထိပါး အားနည်းလာခဲ့လေသည်။

ဤမျှဖြင့် ခမည်းတော် ရွှေဘိုမင်းတရားနှင့် သားတော် ပုဂံမင်းလက်ထက်ဖြစ်ပွါးသော သာသနာတော် အကြောင်းအရာများ၊ ၎င်းပြင် တိုင်းပြည်, တိုင်းပယ်များဆုံးပါးသလောက် သာသနာလည်း ထိခိုက်ဆုံးပါးအားနည်းလာကြောင်းများ၊ ရာဇဝင်နှင့် သာသနာဝင် မှတ်တမ်းများအားလျော်စွာ ရေးသားဖော်ပြအပ်ပါသတည်း။

## ကုန်းဘောင်ခေတ် မန္တလေးသာသနာ

အမရပူရမြို့တော်၌ ပုဂံမင်းအုပ်စိုးခြင်းမှာ တိုင်းပြည်နိုင်ငံတော်နှင့် သာသနာတော်အတွက် တိုးတက်ကြီးပွါး ကျေးဇူးမများလှသည့်အပြင် နိုင်ငံတော်အရေးမှာလည်း နိုင်ငံခြားအင်္ဂလိပ်ဘေးကြီး နီးသည်ထက်နီးလာကာ နိုင်ငံကိုပင် ခြိမ်းခြောက်နေ၍ သာသနာရေးအတွက် ဆောင်ရွက်အားထုတ်နေကြသော ဆရာတော်ကြီးများ၏ သာသနာမှု ပြုစုခြင်းများလည်း မင်းတည်းဟူသော အကူအညီ နည်းပါးသဖြင့် ကြီးပွါးတိုးတက်ခြင်း မရှိလှဘဲ မလျော့ပါးအောင် ကြိုးစားရုံမျှသာ ရှိခဲ့လေသည်။

ဤသို့ တိုင်းပြည်နှင့်သာသနာ စိုးရိမ်နေရသည့်အခါ၌ ညီတော်မင်းတုန်းမြို့စားမင်းသားကြီးမှာ မြို့တော်ဝယ် မင်းသားကြီးတို့ အဆောင်အယောင်နှင့်တကွ တရားလွှတ်တော်ကြီး၌ ဝိနိစ္ဆယ ဌာနချုပ် ခန့်ခွဲကြီးကြပ်တော်မူရ၍ ဗဟုသုတအဝဝနှင့် ပြည့်စုံသည်အားလျော်စွာ တိုင်းပြည် သာသနာတိုးတက်ကြီးပွါးရေးများ သားတော်အစဉ်၊ မြေးတော်အဆက် ဆောင်ရွက်နိုင်ရန် တိုင်းသူ ပြည်သားများနှင့် မှူးတော်, မတ်တော်များကလိုလား တောင့်တကြသည့်အတိုင်း သာသနာ ၂၃၉၆-ခု၊ သက္ကရာဇ် ၁,၂၁၄-ခုနှစ်၊ ၎င်းမင်းတုန်းမြို့စား မင်းသားကြီးသည် နောင်တော် ပုဂံမင်းကို နန်းချ၍ အမရပူရမြို့တော်၌ပင် ရွှေထီး၊ ရွှေနန်း သိမ်းမြန်း စိုးအုပ်တော်မူခဲ့လေသည်။

မင်းတုန်းမင်း အထွတ်အထိပ်ရောက်သည့်မှစ၍-

- သာသနာတော်၏ အညစ်အကြေး အထူးသဖြင့် ကင်းဝေးစင်ကြယ်အောင် သာသနာရေး, သာသနာမှုတို့၌ ကြည့်ရှု စောင့်ရှောက်ရန် မဟာဝန်များ ခန့်ထားတော်မူခြင်း၊
- ပရိယတ္တိသာသနာ မည်ပင်ပြန့်ပွါးစေရန် ပရိယတ္တိဝန်ဆောင် ဆရာတော်တို့အား ပစ္စည်း ၄-ပါးဖြင့် လှူဒါန်းပူဇော်ခြင်း၊
- စာပေပိဋကတ် ကျမ်းစာတော်မြတ်တို့ကိုလည်း အထူးသဖြင့် မှန်ကန်ကျနအောင်, ကျမ်းဂန်တတ် ဆရာတော်တို့ကို တသဝေမတိမ်းရအောင် ကြပ်မတ်တည်းဖြတ် ပြင်ဆင်တော်မူစေလျက် ပေထက် ကူးရေးစေတော်မူခြင်း၊
- ၎င်းအပြင် တည်းဖြတ်သုတ်သင်ပြီးသော ပိဋကတ်များကို ရွှေရေး၊ မင်ရေး အက္ခရာတင်လျက် တည်ထားတော်မူခြင်း-

စသော သာသနာမှုတို့၌ အထူးပြုစု အားထုတ်တော်မူခဲ့လေသည်။

ထိုမင်းတရားလက်ထက် ခမည်းတော်ရွှေဘိုမင်းတရားက သာသနာပြု သာသနာပိုင်အဖြစ်နှင့် အပ်နှင်းတော်မူခဲ့သော ဆရာတော် ဦးဉေယျဓမ္မကိုပင် ဉေယျဓမ္မာဘိမုနိဝရဉာဏကိတ္တိသီရိဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော ၃၄-လုံး အက္ခရာရှိသော သာသနာပိုင် တံဆိပ်တော်မြတ် ဆက်ကပ်လှူဒါန်းပြီး သာသနာပြု အပ်နှင်းတော်မူကာ ရှေးမင်းများကဲ့သို့ သာသနာရေး, သာသနာမှု ပြုစုအားထုတ်တော်မူခဲ့လေသည်။

ထို့မှတပါး တိုင်းပြည်တော်၌ ကျော်စောထင်ရှားတော်မူကြသော ပရိယတ္တိ ကောဝိဒဂုဏ် ပြည့်စုံလုံလောက်၍ သာသနာကြီးပွါးမှု အားထုတ်ဆောင်ရွက်တော်မူကြသည့် ဆရာတော် ၄၀-ကျော်တို့အားလည်း စာပေကျမ်းဂန် အရည်အချင်း သတ်မှတ်လျက် ထိုက်သော တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းတော်မူသည့်အပြင် အရှင်တို့အား လိုအပ်သောပစ္စည်းများ ထောက်ပံ့ပြုစုတော်မူခဲ့လေသည်။

## ရတနာပုံနေပြည်တော် တည်ထောင်ဖန်ဆင်းတော်မူခြင်း

သာသနာ့ဒါယကာ မဟာဓမ္မရာဇ်ဖြစ်တော်မူသည်နှင့်အညီ သာသနာတော်ကို ကြည်ညိုလေးမြတ်၍ အထူးစင်ကြယ်အောင် ပြုစုတော်မူလိုသော စိတ်ဆန္ဒရှိသည့် အားလျော်စွာ သိုက်၊ ဗျာဒိတ်၊ နိမိတ်၊ တဘောင်-အရ သာသနာတော် အဓွန့်ရှည်စွာ တည်တံ့တော်မူသည်ကို ရည်မြော်တော်မူ၍ ရွှေတောင်၊ ငွေတောင်-စသော တောင် ၂-လုံး တို့ဖြင့် ဝန်းရံအပ်သော မန္တလေးတောင်မြတ်ကို အဦးထားလျက် မြတ်စွာဘုရား ဟောကြား တော်မူအပ်သော ဗောဓ္ဓင် ၇-ပါး အဦးထားကာ —

သာသနာ ၂,၄၀၁-ခု၊ ကောဇာသက္ကရာဇ် ၁,၂၁၉-ခုနှစ်၌ -

၁။ ရွှေမြို့တော်
၂။ ကျုံးတော်
၃။ လောကမာရဇိန်စေတီတော်
၄။ သိမ်တော်
၅။ အတုမရှိကျောင်းတော်
၆။ ပိဋကတ်တိုက်တော်
၇။ သုဓမ္မာဇရပ်တော် -

တည်းဟူသော ၇-ဌာနတို့ကို တစ်ပြိုင်နက် ပန္နက်ချတော်မူပြီးလျှင် မြို့ပြည်ချဉ်းနင်းသတ်မှတ်၊ အရပ်ရပ်သော မြို့တည်၊ နန်းတည်ကိစ္စ အဝဝတို့ကို ဆောင်ရွက်စေတော်မူခဲ့လေသည်။

ထို့နောက် သက္ကရာဇ် ၁,၂၁၉-ခုနှစ်၊ မင်းတရားကြီး၏ သက်တော် ၄၃-နှစ်တွင် ကဆုန်လပြည့်ကျော်၊ ၇-ရက်၊ ကြာသပတေးနေ့၊ နေ့ ၁-ချက်တီးကျော် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ရွှေးခမည်းတော်၊ ဘိုးတော်၊ ဘေးတော်တို့၏ မုဒ္ဓါဘိသေကသဘင် ဆင်ယင်ကျင်းပအပ်သော မှတ်တမ်းများနှင့်အညီ–

- ဘဝရှင်မင်းတရားကြီးမှာ သီရိပဝရဝိဇယာနန္တယသပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ- ဟူသော ဘွဲ့တံဆိပ်နာမံတော်
- မိဖုရားခေါင်ကြီးမှာ သီရိပဝရမဟာရာဇိန္ဒာဓိပတိရတနာဒေဝီ-ဟူသော တံဆိပ်တော်- ခံယူတော်မူကြလျက် မုဒ္ဓါဘိသေကရာဇာဘိသိက် ခံယူတော်မူကြလေသည်။

ဘဝရှင်မင်းတရားကြီးသည် သာသနာတော်ကို ယုံကြည်ကိုးစားတော်မူသည့် အတိုင်း ပြည်ကြွင်နန်းနှင့် ထီးနန်းအသစ် ပြောင်းတော်မူကာ ယာယီစံနန်းတော်နှင့်တကွ ပြုပြုသမျှ မင်းမှုကိစ္စ အဝဝတို့၌ ရတနာ ၃-ပါး ဦးထိပ်ထားလျက် များစွာသော သံဃာတော်၊ ဆရာတော်တို့အား ပင့်ဖိတ်လျှုဒါန်း အခမ်းအနားကြီးကျယ်စွာနှင့် ပြုလုပ်တော်မူသည့် အပြင် ဆရာတော်၊ သံဃာတော်တို့အား ယာယီကျောင်းတော်များ ဆောက်လုပ်လျှုဒါန်း လျက် သီတင်းသုံးစေတော်မူခဲ့လေသည်။

ထိုသို့ မင်းတရားကြီးသည် သာသနာတော်အား ပစ္စည်း ၄-ပါးဖြင့် ချီးမြှင့် ထောက်ပံ့ တော်မူသည်နှင့်အညီ ၎င်းလက်ထက် မန္တလေးရွှေမြို့တော်နှင့်တကွ အမရပူရမြို့တော် ၄-ပြင်, ၄-ရပ်ရှိ သံဃာတော်များနှင့် ကျောင်းတိုက်တို့မှာ–

| | | | | |
|---|---|---|---|---|
| ရဟန်း, သာမဏေပေါင်း | ----- | ----- | ----- | ၁၅,၃၆၆ |
| ကျောင်းတိုက်ပေါင်း | ----- | ----- | ----- | ၂၀၇ |
| ကျောင်းပေါင်း | ----- | ----- | ----- | ၁,၄၄၂- |

ရှိ၍ ၎င်းသံဃာတော်များအား ၁-လလျှင် ဆန် ၂၀,၄၆၂-တင်းမျှ လစဉ် လှူဒါန်းတော်မူ ခဲ့လေသည်။

ထိုမှတပါး မင်းတရားကြီးသည် သာသနာတော် ၃-ရပ် တိုးတက်ထွန်းကားစေ လိုသော ဆန္ဒတော်မြတ်ဖြင့် ၁,၂၁၈-ခု၊ မြို့တော်ချဉ်းနင်း တည်စကပင် ပိဋကတ်တိုက်တော် သတ်မှတ်ကာ ပိဋကတ်တော်ရေးကူးရန် တန်ဆောင်းတော်ဆောက်လုပ်ပြီး တန်ခူးလပြည့် ကျော်၊ ၈-ရက်နေ့၌ များစွာသော စစ်သည်ဗိုလ်ပါ ခြံရံကာဖြင့် တောင်နန်း မဟေသီ မိဖုရားကြီးနှင့်တကွ ထွက်တော်မူကာ ဥ ယျမ္မာဘိလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာ ဓိရာဇဂုရု-သာသနာပိုင်ဆရာတော်ဘုရား၊ အရာမကသော တံဆိပ်တော်ရ ဆရာတော်များ ကြပ်မတ်စေလျက် များစွာသော စာရေးတို့ကိုလည်း ဗောင်းနားချောင်းများ ဝတ်ဆင်စေကာ သတ်မှတ်သော အချိန်အခါ၌ အမြောက်သံပေးပြီး တပြိုင်တည်း ရေးကူးစေခြင်း တည်းဟူသော ပိဋကတ်တော် ပေထက်အက္ခရာတင် ပွဲတော်ဆင်ယင် ကျင်းပတော်မူခဲ့လေ သည်။

ထို့ပြင် ပိဋကတ်တော်အရပ်ရပ် စင်ကြယ်ကောင်းမြတ်စေရန် ကျမ်းဂန်တတ် မြောက် ပါမောက်တစ်ဆူ ဖြစ်တော်မူကြကုန်သော ဆရာတော်တို့အား သဝေ၊ ပုဒ်မ မတိမ်း မစောင်းရအောင် စိစစ်တည်းဖြတ် ကြီးကြပ်ပြင်ဆင်စေရန် သာသနာပိုင်ဆရာတော် အထံသို့ လျှောက်ထားချက်အရ သာသနာပိုင်ဆရာတော်ဘုရားကြီးသည်–

၁။ မဟာအဘယာရာမတိုက်တော်တွင် သီတင်းသုံးသော ပညာဘိဇမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ အင်းကန်းဆရာတော်၊

၂။ ၎င်းတိုက်အတွင်း သီတင်းသုံးတော်မူသော ဇာဂရဓမ္မပရမကိတ္တိ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ဗန့်ဂျီဆရာတော်၊

၃။ ၎င်းတိုက်အတွင်း သီတင်းသုံးတော်မူသော ဉာဏမဥ္ဇူသာ ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ မိတ္ထီလာဆရာတော်၊

၄။ မဟာဝိဇိတာရုံတိုက်အတွင်း သီတင်းသုံးတော်မူသော သီရိပရမာလင်္ကာရ ဓဇမဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ စည်ပုတြာဆရာတော်၊

၅။ ၎င်းတိုက်အတွင်း သီတင်းသုံးတော်မူသော ဥတ္တမာစာရပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ မင်းတဲဆရာတော်၊

၆။ ၎င်းတိုက်အတွင်း သီတင်းသုံးတော်မူသော ပညာသာမိသီရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ မောင်းထောင်ဆရာတော်၊

၇။ ၎င်းတိုက်အတွင်း သီတင်းသုံးတော်မူသော သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ပုခန်းကြီးဆရာတော်၊

၈။ ၎င်းတိုက်အတွင်း သီတင်းသုံးတော်မူသော ကလျာဏဓဇ သာသနဝံသ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ စလင်းဆရာတော်၊

၉။ ၎င်းတိုက်အတွင်း သီတင်းသုံးတော်မူသော အာစာရာရမ္ဘကဝိဓဇဉာဏ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ မကွေးရာဆရာတော်၊

၁၀။ ၎င်းတိုက်အတွင်း သီတင်းသုံးတော်မူသော ဧသိသာရဓမ္မပါလကိတ္တိ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ သစ်ဆိမ့်ကြီးဆရာတော်၊

ဤဆရာတော် ၁၀-ပါးကို မင်္ဂလာပိဋကတ်တန်ဆောင်းတော်၌ အကြပ်အမထားတော်မူခဲ့သည့်အပြင် ၎င်းဆရာတော်တို့နှင့်အတူ ဒိသာပါမောက္ခ မဟာလေ့ကားတော်မှူး ကြာပင်းမြို့စားနှင့် သံတော်ဆင့် မင်းလှ သီရိဇေယျသူတို့ကိုလည်း ပိဋကတ်တော် အကြပ်အမ ဆောင်ရွက်တော်မူစေသည်။

၎င်းပြင် ပရိယတ္တိ ဝိသာရဒ ပိဋကတ္တယဆောက ဖြစ်တော်မူကြသော ဆရာတော်အရှင်မြတ်တို့အား သန့်ရှင်းကောင်းမွန်သော မူတော်-တို့ကို သုတ်သင်ပြင်ဆင် သွင်းတော်မူကြရန် မင်းတရားကြီး လျှောက်ထားချက်အရ –

သုတ္တန်ပိဋကတ်တွင် –

မဇ္ဈိမနိကာယ် ၃-ကျမ်း၊ ပါဠိတော်, အဋ္ဌကထာ၊ မဟာနိဒ္ဒေသပါဠိတော်, အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်, အဋ္ဌကထာတို့ကို သာသနာပိုင် ဆရာတော်ဦးဧ ယျ ပြင်ဆင် သွင်းတော်မူခဲ့သည်။

ဒီဃနိကာယ် ၃-ကျမ်း၊ ပါဠိတော်, အဋ္ဌကထာတို့ကို မေဓာဘိဝံသသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ညောင်ကန်ဆရာတော် ပြင်ဆင် သွင်းတော်မူရသည်။

သံယုတ္တနိကာယ် ၅-ကျမ်း၊ ပါဠိတော်, အဋ္ဌကထာတို့ကို မဏိဇောတသဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ခင်မကန်ဆရာတော် ပြင်ဆင်သွင်းတော်မူရသည်။

အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း၊ ပါဠိတော်, အဋ္ဌကထာတို့ကို ပညာဇောတဓမ္မသီရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ဗားကရာဆရာတော် ပြင်ဆင် သွင်းတော်မူရသည်။

ဝိမာနဝတ္ထုပါဠိတော်, အဋ္ဌကထာ၊ ပေတဝတ္ထုပါဠိတော်, အဋ္ဌကထာ၊ နေတ္တိပါဠိတော်, အဋ္ဌကထာ၊ ပေဋကောပဒေသပါဠိတော်, အဋ္ဌကထာတို့ကို ဇာဂရန္တသဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ မိတ္ထိလာဆရာတော် ပြင်ဆင် သွင်းတော်မူရသည်။

ပါဠဇာတ်ပါဠိတော်, အဋ္ဌကထာကို ပညာသီဟသာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရဆရာတော် ပြင်ဆင် သွင်းတော်မူရသည်။

ဓမ္မပဒပါဠိတော်, အဋ္ဌကထာ၊ ဥဒါန်းပါဠိတော်, အဋ္ဌကထာ၊ ဣတိဝုတ်ပါဠိတော်, အဋ္ဌကထာ၊ သုတ္တနိပါတ်ပါဠိတော်, အဋ္ဌကထာတို့ကို နေမျိုးဓမ္မသကြန် ဘွဲ့ခံ လူပညာရှိ ကဝိသုခမိန် ပြင်ဆင်သွင်းရသည်။

ထေရဂါထာပါဠိတော်, အဋ္ဌကထာ၊ ထေရီဂါထာပါဠိတော်, အဋ္ဌကထာ၊ အပဒါန်ပါဠိတော်, အဋ္ဌကထာတို့ကို မဟာဓမ္မသကြန် ဘွဲ့ခံ မင်းတိုင်ပင် ပညာရှိ လူသုခမိန်က ပြင်ဆင်သွင်းရသည်။

ဤသို့ ဆရာတော်များနှင့် လူပညာရှိများကို သုတ်သင်ပြင်ဆင် တင်သွင်းစေပြီး မင်းတရားကြီးကိုယ်တိုင်ပင်လျှင် ကြီးမှူးကြပ်မတ် ရေးကူးစေတော်မူသည်။

## အဘိဓမ္မာပိဋကတ်တော်

၎င်းတို့တွင် ဓမ္မသင်္ဂဏီပါဠိတော်, (အဋ္ဌသာလိနီ) အဋ္ဌကထာကို မုနိန္ဒပရမဓမ္မသီရိ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ စကုတိုက်ဆရာတော် ပြင်ဆင် သွင်းတော်မူရသည်။

ဝိဘင်းပါဠိတော်, အဋ္ဌကထာ၊ ဓာတုကထာပါဠိတော်, အဋ္ဌကထာတို့ကို တေဇိန္ဒာ-ဘိညာဏသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရဆရာတော်က ပြင်ဆင် သွင်းတော်မူရသည်။

ပုဂ္ဂလပညတ်ပါဠိတော်, အဋ္ဌကထာကို အရှင်နန္ဒိယမထေရ်နှင့် အရှင်ပညာသီဟ မထေရ် ၂-ပါးတို့က ပြင်ဆင် သွင်းတော်မူရသည်။

ကထာဝတ္ထုပါဠိတော်, အဋ္ဌကထာကို ကဝိန္ဒာဘိအရိယာလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု-တံဆိပ်တော်ရ ငါးစိုဆရာတော်က ပြင်ဆင် သွင်းတော်မူရသည်။

ယမိုက်ပါဠိတော်, အဋ္ဌကထာကို ဉာဏကိတ္တိယတိသာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဆင်တဲဆရာတော်နှင့် သာဂရဓဇသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဆူးခါးဆရာတော်တို့က ပြင်ဆင် သွင်းတော်မူရသည်။

ပဋ္ဌာန်းပါဠိတော်, အဋ္ဌကထာကို ဇမ္ဗုဒီပဓဇမုနိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မာရ်အောင်ဆရာတော်က ပြင်ဆင် သွင်းတော်မူရသည်။

ဤအဘိဓမ္မာ ပိဋကတ်တော်များကို တောင်နန်းမတော် မိဖုရားခေါင်ကြီးက ကြီးမှူး ကြပ်မတ်၍ ရေးကူးစေတော်မူသည်။

## ဝိနည်းပိဋကတ်တော်

ပါရာဇိကဏ်ပါဠိတော်, အဋ္ဌကထာကို ပညာသာမိ ကဝိသာရဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု-တံဆိပ်တော်ရ ဘုံကျော်ဆရာတော်က ပြင်ဆင် သွင်းတော်မူရသည်။

ပါစိတ်ပါဠိတော်, အဋ္ဌကထာကို ဝီရိယဝရအရိယဝံသ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မင်းအိုဆရာတော်က ပြင်ဆင် သွင်းတော်မူရသည်။

မဟာဝါပါဠိတော်, အဋ္ဌကထာကို ကေတုဓမ္မဝရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ အောင်မြေရွှေဘုံဆရာတော်က ပြင်ဆင် သွင်းတော်မူရသည်။

စူဠဝါပါဠိတော်, အဋ္ဌကထာကို ပညာသီဟာဘိမုနိသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရဆရာတော်က ပြင်ဆင် သွင်းတော်မူရသည်။

ပရိဝါပါဠိတော်, အဋ္ဌကထာကို အရိယဝံသသဒ္ဓမ္မဃောသ မဟာဓမ္မရာဇာဓိရာဇ ဂုရု-တံဆိပ်တော်ရ မိုးထိဆရာတော်က ပြင်ဆင် သွင်းတော်မူရသည်။

ဤဝိနည်းပိဋကတ်တော်ကို အိမ်ရှေ့မင်းက ကြပ်မတ်ကြီးမှူး ကူးရေးစေတော်မူသည်။

ဤသို့ မန္တလေး ရတနာပုံမြို့တော်ကြီးနှင့်တကွ ထီး, စည်, ကြငှန်း ရွှေနန်းတော် ကြီးကို တည်ထောင်ဖန်ဆင်းတော်မူသော ဘဝရှင်မင်းတရားကြီးသည် သာသနာရှည်ကြာ ခိုင်ခံ့တည်တံ့စေခြင်းငှာ သာသနာ ၂,၄၀၄-ခု၊ ကောဇာ ၁,၂၂၂-ခုနှစ်၊ တန်ဆောင်မုန်းလမှ စ၍ ပိဋကတ်တော်တို့ကို ရွှေရေး၊ မင်ရေး၊ ကညစ်ရေးတို့ဖြင့် ကူးရေးစေတော်မူရာ သက္ကရာဇ် ၁,၂၃၀-ပြည့်၊ ပြာသိုလ၌ ပြီးပြည့်စုံတော်မူ၍ ၎င်းပိဋကတ်တော်တို့ကို မန္တလေး တောင်ခြေရှိ ပိဋကတ်တိုက်တော်ကြီးတွင် တည်ထားတော်မူခဲ့လေသည်။

## ပိဋကတ်တော်တို့ကို ကျောက်ထက် အက္ခရာတင်တော်မူခြင်း

မင်းတရားကြီးသည် ပိဋကတ်တော်များ ရေးကူးစေပြီး ပေတို့ထက်ပင် သာသနာ တော် အရှည်ခိုင်ခံ့တည်တံ့စေခြင်းငှာ ရှေးသာသနာပြု မင်းအဆက်ဆက်တို့ လက်ထက် တော်က မပြုလုပ်ခဲ့ဖူးသေးသော သာသနာ ၅,၀၀၀-ပတ်လုံး တည်တံ့နိုင်စေရန် ရည်သန် တော်မူကာ ကျောက်ထက်အက္ခရာ တင်လိုသော ဆန္ဒတော်ရှိသဖြင့် ဆရာတော်များနှင့် ပညာရှိမှူးမတ်များအား တိုင်ပင်တော်မူပြီး ရတနာအဝင် စကျင်တောင်မှ သလင်း ကျောက်ဖြူများကို ချောမွေ့ပြေပြစ် ညီညွတ်စွာ ကျောက်ချပ်တို့ကို ဆစ်ဖု ထုလုပ်စေပြီးလျှင် တတ်ကျွမ်းလိမ္မာလှစွာသော ကျောက်ဆစ် ဗိသုကာတို့ကို ခေါ်စေတော်မူကာ ကြီးစွာသော မဏ္ဍပ်တန်ဆောင်းတော်ကြီး ဆောက်လုပ်စေပြီး ကျောက်ထက်အက္ခရာ တင်စေတော် မူခဲ့လေသည်။

ထိုသို့ ကျောက်ထက်အက္ခရာ တင်တော်မူသောအခါ အက္ခရာ၊ ပုဒ်၊ ပါဌ်၊ ပုဒ်သေး၊ ပုဒ်မ၊ မတိမ်းမစောင်းရအောင် ဇာဂရာဘိဝံသတိပိဋကဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ တောင်နန်းမတော်ဆရာ၊ ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော်၊ နရိန္ဒာဘိ- သီရိသဒ္ဓမ္မ ဇောတိပါလဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ သေနတ်ဝန်ကြီး ဆရာတော်၊ သုမင်္ဂလသာမိသီရိပဝရမဏိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဆရာတော်တို့နှင့် အတွင်းဝန် ခန့်ပတ်မြို့စား မင်းကြီး မဟာဥဇနာ၊ ယောမြို့စား မင်းကြီး

မင်းလှ မဟာစည်သူ၊ သံတော်ဆင့် မိုင်းခိုင်မြို့စား မဟာသီရိဇေယျသူ ကြီးကြပ် ဆောင်ရွက်စေ၍ ၅-နှစ်ကျော်, ၆-နှစ်တို့ကာလပတ်လုံး ကျောက်ထက်အက္ခရာ ထုလုပ် ရေးသားစေတော်မူရာ-

| | |
|---|---|
| ၁။ ဝိနည်း ၅-ကျမ်းပါဠိတော် ကျောက်ချပ်ရေ - | ၁၁၁ |
| ၂။ အဘိဓမ္မာ ၇-ကျမ်း ပါဠိတော် ချပ်ရေ - | ၂၀၈ |
| ၃။ သုတ္တန်ပိဋကတ် ပါဠိတော် ချပ်ရေ - | ၄၁၀ |
| ပေါင်း | ၇၂၉ - ချပ် |

သော ကျောက်ချပ်တော်များကို ထုလုပ်စေပြီး မြို့တော်တည်ရာ ၇-ဌာနတွင် အပါအဝင်ဖြစ်သော လောကမာရဇိန်ကုသိုလ်တော်ကြီး စေတီတော်မြတ်၌ ပိဋကတ်ကျောက်ချပ်တော် ၁-ခုလျှင် ဂူတော် ၁-ခုစီ ထားစေ၍-

| | |
|---|---|
| ပဌမအာရာမ်တော်အတွင်း ကျောက်စာဂူတော်- | ၄၂ |
| ဒုတိယအာရာမ်တော်အတွင်း ကျောက်စာဂူတော်- | ၁၆၈ |
| တတိယအာရာမ်တော်အတွင်း ကျောက်စာဂူတော်- | ၅၁၉ |
| ပိဋကတ်တော် ထုလုပ်သည့်အကြောင်း စာဂူတော်- | ၁ |
| ပေါင်း ဂူတော် | ၇၃၀- |

တို့ဖြင့် တည်ထားတော်မူခဲ့လေသည်။

ဤသို့ ဘဝရှင်မင်းတရားကြီးသည် သာသနာတော် အလွန်သက်ဝင် ကြည်ညိုလေးမြတ်တော်မူသည်အားလျော်စွာ သာသနာတော် ပွါးစီး၍ အရှည်တည်တံ့စေရန်ပေထက် ကျောက်ထက်အက္ခရာတို့ဖြင့် တည်ထားပြုစုစေပြီးလျှင် ဒွေးသာသနာပြုမင်းများသံဂါယနာတင်ပွဲ ချီးမြှောက်ပြုစုအားထုတ်ကြသကဲ့သို့ သာသနာတော် ၂,၄၁၅-ခု၊ ကောဇာသက္ကရာဇ် ၁,၂၃၃-ခု၊ သီတင်းကျွတ်လတွင် ရဟန်းပညာရှိ ဆရာတော်များနှင့် လူပညာရှိမှူးတော်, မတ်တော်တို့ကို ကောင်းမြတ်သောအခါ မင်္ဂလာအချိန်တော်မြတ် သတ်မှတ်ရွေးချယ်တော်မူစေ၍ မြေနန်းတော်ကြီးရှေ့၌ ကြီးကျယ်ခမ်းနား ကောင်းမြတ်တင့်တယ်ဆန်းကြယ်သော မဏ္ဍပ်တော်ကြီး ဆောက်လုပ်စေပြီး ၎င်း၌ ပရိယတ္တိဆောက ပိဋကတ္တယ-ကောဝိဒ-တံဆိပ်တော်ရ ဆရာတော်များ ပင့်ဖိတ်တော်မူကာ အရှင် ၂-ပါးနှင့် မင်းညီ

မင်းသား မျုးမတ်စုံလင်စွာဖြင့် ၆-လတိုင်တိုင် ကြီးကျယ်ခမ်းနားသော ပဥ္စမသံဂါယနာတင်ပွဲကြီး ထူးကဲစွာ တင်တော်မူခဲ့လေသည်။

ဤသို့ မင်းတရားကြီး ထူးကဲစွာ ကျောက်ထက်အက္ခရာရေးလျက် တင်တော်မူသော သံဂါယနာကို ထေရဝါဒဂိုဏ်း အစဉ်အလာ မှတ်တမ်းအရ ပဥ္စမသံဂါယနာ-ဟု မှတ်သား၍ မင်းတရားကြီးကိုလည်း ထိုအခါမှစ၍ 'ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး'ဟု ကျော်ကြားကာ ရာဇဝင်မှတ်တမ်းတို့၌ ဋင်းဂုဏ်ထူးဖြင့် ချီးကျူးရေးသားကြကုန်၏။

သံဂါယနာတင် အစဉ်အလာ မှတ်တမ်းမှာကား မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက်–

၁။ ပဌမသံဂါယနာ၊ ၄-လမြောက်၌ အရှင်မဟာကဿပမထေရ်မြတ် အမှူးရှိသော ရဟန္တာမထေရ် ၅၀၀-တို့သည် အဇာတသတ္တုမင်းကို အမှီပြုကာ ရာဇဂြိုဟ်ပြည်၌ ပဌမသံဂါယနာ တင်တော်မူကြသည်။

၂။ ဒုတိယသံဂါယနာ၊ အနှစ် ၁၀၀-မြောက်၌ အရှင်မဟာယသမထေရ် အမှူးရှိသော ရဟန္တာမထေရ် ၇၀၀-တို့သည် ကာလာသောကမင်းကို အမှီပြု၍ ဝေသာလီပြည်၌ ဒုတိယသံဂါယနာ တင်တော်မူကြသည်။

၃။ တတိယသံဂါယနာ၊ အနှစ်၂၃၅-နှစ်မြောက်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာမထေရ် ၁,၀၀၀-တို့သည် ဒေဝါနံပိယဒဿီ အသောကမဟာဓမ္မရာဇာ မင်းတရားကြီးကို အမှီပြု၍ ပါဋလိပုတ်ပြည်၌ တတိယသံဂါယနာ တင်တော်မူသည်။

၄။ စတုတ္ထသံဂါယနာ၊ အနှစ်၄၅၀-မြောက်၌ မထေရ်မြတ်တို့သည် ပိဋကတ်တော်များကို နှုတ်တော်အားဖြင့် ဆောင်ရွက်ခြင်းငှာ နောင်အခါ၌ ခဲယဉ်းလိမ့်မည်ကို မြင်တော်မူကြ၍ ဝဋ္ဋဂါမဏိမင်းကို အမှီပြုကာ သီဟိုဠ်ကျွန်း၊ မလယတိုင်း၊ အာလောကလိုဏ်ဂူ၌ အဋ္ဌကထာနှင့်တကွ ပါဠိတော်တို့ကို ပေထက်အက္ခရာ တင်တော်မူလျက် ရဟန္တာအရှင်မြတ်တို့ တည်းဖြတ်သုတ်သင် ပြင်ဆင်တော်မူကြကာ စတုတ္ထသံဂါယနာ တင်တော်မူကြသည်။

၅။ ပဥ္စမသံဂါယနာ၊ သာသနာ ၂,၄၁၅-ခုနှစ်မြောက် ပိဋကတ္တယဆောကဖြစ်တော်မူကြသော မထေရ်မြတ်တို့သည် ဘဝရှင်မင်းတုန်းမင်းတရားကြီးကို အမှီပြု၍ ပိဋကတ်တော်တို့ကို ပေထက်၊ ကျောက်ထက် အက္ခရာတင်တော်မူကာ ပဥ္စမသံဂါယနာ တင်တော်မူကြသည်။

ဤသို့ ထေရဝါဒမထေရ်ကြီးများ၏ အဆက်အနွယ် မှတ်တမ်းအရ ၅-ကြိမ်မြောက် သံဂါယနာတင်ကြောင်း မှတ်သားကြသော်လည်း မဟာသံဃိကဂိုဏ်းကြီးမှာ နှစ် ၁၀၀-မြောက် ဒုတိယသံဂါယနာတင်သည်မှ စ၍ ကွဲပြားကာ ၎င်းထေရဝါဒ ဒုတိယ သံဂါယနာမှတပါး အဓမ္မဝါဒီ ဂိုဏ်းသား ၁၀,၀၀၀-ကျော်မျှ စုရုံးပြီးလျှင် ကောသမ္ဗီပြည်၌ ဒုတိယမဟာသံဃိကသံဂါယနာတင်ကြသဖြင့် ၎င်းတို့မှတ်တမ်းအရ-

၁။ ပဌမသံဂါယနာ **ရာဇဂြိုဟ်ပြည်**

၂။ ဒုတိယသံဂါယနာ **ကောသမ္ဗီပြည်**

၃။ တတိယသံဂါယနာ **ကသ္မီရပြည်**

အားဖြင့် မဟာသံဃိကဂိုဏ်း သံဂါယနာမှာ ၃-တန်သာ ဖြစ်ကြောင်း မှတ်သားကြကုန်၏။

ထိုသို့ ၎င်းတို့ဂိုဏ်းဝါဒအရ သံဂါယနာတင်ကြသော်လည်း ပဌမသံဂါယနာကို ထား၍ ဒုတိယနှင့်တတိယတို့မှာ ၎င်းတို့ တင်ကြသောပိဋကတ်များ ကွဲပြားကြသည့်အပြင် ၎င်းသံဂါယနာတင် ပိဋကတ်ကျမ်းဂန်များလည်း အဆက်ဆက် အယူဝါဒကွဲပြားကာ တတိယသံဂါယနာကား သက္ကတဘာသာအားဖြင့် တင်ကြပြီးလျှင် အခြားနိုင်ငံများသို့ ကျယ်ပြန့်သွားသောအခါ ၎င်းနိုင်ငံရင်းဘာသာနှင့် မဆန့်ကျင်စေဘဲ မူလရင်းဝါဒမှ ကွဲလွဲ စေလျက် အယူဝါဒအဖြစ်အပျက် ပြောင်းလဲလာခဲ့သောကြောင့် ၎င်းမဟာသံဃိက သံဂါယနာ ကိုကား ထေရဝါဒမထေရ်များ မှတ်သားခြင်း မရှိမူ၍ မိမိတို့မှတ်တမ်းများကိုသာ လေးစား ယုံကြည်လျက် ပဌမသံဂါယနာမှအစ မင်းတရားကြီးလက်ထက် ပဥ္စမသံဂါယနာတိုင်အောင် သော သံဂါယနာများသာ မှန်ကန်သော ပိဋကတ်များဖြစ်ကြောင်း ယုံကြည်ကြကုန်၏။

## ရတနာပုံမြို့တည် မင်းတရားကြီးလက်ထက် ရွှေကျင်ဂိုဏ်း ဖြစ်ထွန်းလာခြင်းအကြောင်း

ရတနာပုံမြို့တည် မင်းတရားကြီးသည် သာသနာတော်ဦးတင်၍ မြို့တော်တည် သည့်အားလျော်စွာ မနေမနား သာသနာတော်ကိစ္စတို့ကို ဆောင်ရွက်တော်မူကာ ရာဇဂြိုဟ် အလား ၁၈-ရပ်သော ကျောင်းတိုက်ကြီးများ တည်ဆောက်ရုပတ်ဘိသကဲ့သို့ လေးပြင် လေးရပ်ကြီးကျယ်သော ကျောင်းတိုက်ကြီးများ ရံပတ်ကာ ပရိယတ္တိသာသနာတော်ကြီးကို ထူးကဲစွာ သံဂါယနာတင်ခြင်း စသည်ဖြင့် ချီးမြှောက်တော်မူခဲ့ကြောင်း ရေးသားအပ်ခဲ့ လေပြီ။

သို့ရာတွင် မင်းတရားကြီးသည် ၎င်းလက်ထက် ပဋိပတ္တိသာသနာတော်ကြီးကိုလည်း အထူးထွန်းတောက်စေလိုသောဆန္ဒ အားကြီးလှသဖြင့် ၎င်းအကျင့်ပဋိပတ်အားထားမှီခိုအပ်သော ထေရ်အရှင်မြတ်တို့ကို စူးစမ်းရှာဖွေလတ်သော် လင်္ကာပေသလသိက္ခာကာမဂုဏ်, ပရိယတ္တိဆေက, ပဋိပတ္တိမာမက ခန္တီသောရစ္စဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် ရွှေကျင်တောရဆရာတော်၏ ဂုဏ်သတင်းကို ကြားတော်မူ၍ ၎င်းဆရာတော်အား နေပြည်တော်သို့ ပင့်တော်မူကာ သာသနာကောင်းမြတ် စင်ကြယ်စေရန် ဆရာတော်ဘုရားနှင့် တိုင်ပင်ဆွေးနွေးတော်မူ၍ သာသနာပြု အပ်နှင်းတော်မူခဲ့လေသည်။

ထိုရွှေကျင်ဆရာတော်ဘုရားကား အရှင်အရဟံ၏ အနွယ်ဝံသဂိုဏ်းမှ ဆင်းသက်လာ၍ ၎င်းဆရာအစဉ်အဆက်မှာ–

၁။ ပုဂံပြည် အရှင်အရဟံဂိုဏ်း အရှင်ဓမ္မသိရိ

၂။ ၎င်းတပည့် ကူးခန်းကြီးခေမင်္ဂတတိုက် အရှင်သုဓမ္မစာရိ

၃။ ၎င်းတပည့် အရှင်အဂ္ဂဓမ္မာလင်္ကာရ

၄။ ၎င်းတပည့် နောင်ဘရွာ အရှင်ဓမ္မနန္ဒ

၅။ ၎င်းတပည့် နွယ်နီမုခ်ကျောင်း အရှင်ပုညဝါသီ

၆။ ၎င်းတပည့် ဆယ်အင်းတောရဂိုဏ်းအုပ် အရှင်ဉာဏာလင်္ကာရ

၇။ ၎င်းတပည့် ဒီပဲယင်းရွာ၊ နံမော်ဂိုဏ်းအုပ် အရှင်ပုညာရမ္မ

၈။ ၎င်းတပည့် ဒီပဲယင်းနံမော်ဂိုဏ်းအုပ် အရှင်ဝိစာရိန္ဒ

၉။ ၎င်းတပည့် ဂဏဝိမုတ်အမိန့်တော်ရ သီးလုံးတောရ အရှင်စန္ဒိမာလင်္ကာရမထေရ်

ဟု ဆိုအပ်သော စင်ကြယ်သော တောရဂိုဏ်း မထေရ်အရှင်မြတ်တို့၏ အနွယ်ဝံသဖြစ်၍ တောရဂိုဏ်းတို့၌သာ မွေ့လျော်သော မထေရ်အရှင်မြတ် ဖြစ်လေသည်။

၎င်းဆရာတော်မှာ လှတောကြီး ၅-ရွာ အဝင်အပါ ရွှေကျင်ရွာလျင် ဖွားရာဇာတိဖြစ်၍ ၎င်း၌ ၁,၁၈၄-နှစ်တွင် ဖွားမြင်ကာ ၎င်းရွာ၊ ဗောဓိကျောင်း အရှင်ဝရဗုဒ္ဓိထံ ၁၄-နှစ်အရွယ် သာမဏေဖြစ်ပြီး ၁၅-နှစ်ဝယ် အရှင်စန္ဒိမာ သီးလုံးဆရာတော်ထံ ပညာသင်ကြားရန် စေလွှတ်ကာ ၎င်းရှင်ဇာဂရအား အသက် ၂၀-ပြည့်၍ ဆရာရင်း အရှင်ဝရဗုဒ္ဓိထံမှာပင် ဉပသမ္ပဒအဖြစ် ရောက်ပြီးနောက် အမရပူရနေပြည်တော်မှစ၍ အမြို့မြို့ အရွာရွာ လှည့်လည်ကာ ဆရာတော် ၂၀-ကျော်တို့ထံ ပိဋကတ်သင်ကြား ကျမ်းဂန်ကျန ၈-ဝါအရတွင် ပရိယတ္တိကျမ်းဂန်တို့ကို ပို့ချနေတော်မူခဲ့လေသည်။

ထိုမှတပါး ဆရာတော်ဘုရားကြီးသည် တောရအန္တယ်တော်ဖြစ်သည့်အားလျော်စွာ ပဋိပတ်နည်းနာကိုလည်း ယူလိုသောဆန္ဒတော်ဖြင့် ပဋိပတ္တိဂုဏ် ပြည့်စုံလုံလောက်၍ သီလဝန္တ-ပဋိပတ္တိမာမက ကျင့်ကြံတော်မူကြသော တောရဆရာတော်ဘုရားကြီးများ၏ ဂုဏ်သတင်းကို စူးစမ်းကာ တောရကျောင်း ၁၃-ကျောင်းတို့၌ နေထိုင်နည်းယူရန် သွားရောက်ပြီး ၎င်းဆရာတော်ဘုရားကြီးတို့၏ အဆုံးအမ ခံယူလျက် အထံတော်မှာ အနည်းနည်းသော ပဋိပတ္တိကျင့်စဉ် ကျင့်နည်းများ အားထုတ်ဆည်းပူး ကျင့်ကြံတော်မူခဲ့လေသည်။

မင်းတရားကြီးသည် မန္တလေးရတနာပုံမြို့ကြီး မတည်ထောင်မီ ၁,၂၁၈-ခုနှစ်၊ ဆရာတော် ၁၄-ဝါရ အခါကလည်း ဆရာတော်နှင့် တွေ့ဆုံတော်မူကာ သာသနာတော်စင်ကြယ်ရေး ဆွေးနွေးတိုင်ပင်, အလွန်လျှင် သဒ္ဓါကြည်ညိုရှိဖူးသည့်အတိုင်း ရွှေမြို့တော်တည်ပြီးနောက် ၁,၂၂၃-ခုနှစ် ရောက်သောအခါ ၎င်းဆရာတော်ကြီး ၁၉-ဝါမြောက်၌ မြို့တော်သို့ ပင့်တော်မူပြီး သူတော်, သူမွန်တို့ သီတင်းသုံးခြင်းငှာ လျောက်ပတ်သည့် မန္တလေးတောင် မြောက်ဘက် ဓမ္မိကာရာမကျောင်းတိုက်ကြီးကို လှူဒါန်းတော်မူပြီးလျှင် ဇာဂရာဘိဝံသဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်မြတ် ဆက်ကပ်လှူဒါန်းတော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ၎င်းဓမ္မိကာရာမ၊ နေရပ်တော်စွဲ၍ ရွှေကျင်ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူပြီး ပရိယတ်, ပဋိပတ် အရပ်ရပ်သော နည်းနယပို့ချ၍ ဂုဏ်သတင်း ကျော်ကြားသည့်အပြင် မင်းတရားကြီးကလည်း အထူးသဖြင့် ကြည်ညိုလေးစားတော်မူခြင်းရှိသဖြင့် ၎င်းဆရာတော်ဘုရားထံ မှီခိုလာကြသော တပည့်ပရိသတ်များပြားကာ နေရာကျဉ်းမြောင်းလာရကား —

- ၎င်းတိုက်ကြီး အရှေ့ဘက်၌ မင်းကင်းကျောင်းတိုက်နှင့် မြတောင်ကျောင်းတိုက် ၂-တိုက် နောက်ထပ် တည်ရသည့်အပြင်၊
- ၎င်းအနောက်ဘက်၌လည်း ထရံကာကျောင်းတိုက်နှင့် ရမည်းသင်းကျောင်းတိုက် ၂-တိုက်တိုးချဲ့ကာ —

ရွှေကျင် ၅-တိုက် ရှေးဦးဖြစ်ပွါးလာပြီး သာသနာတော်ကြီး သုတ်သင်ပြုစုတော်မူခဲ့လေသည်။ ၎င်းရွှေကျင် ၅-တိုက်မှတပါး စိတြာရာမ-စသော ကျောင်းတိုက်များလည်း ၎င်းရွှေကျင်ဆရာတော်ဘုရား၏ ဩဝါဒကို နာယူကြကာ ရွှေကျင်ဂိုဏ်းတိုးပွါးလာလျှင် သုဓမ္မာဝင် ဆရာတော်တို့နှင့် သာသနာပိုင်ဆရာတော်ဘုရားက ၎င်းတို့အဖွဲ့ဝင် သံဃာတော်များနှင့် တိုင်ပင်ညှိနှိုင်းကာ ၎င်းတို့ အဖွဲ့အောက်မှာ နေထိုင်ရန် အကြောင်းနှင့်

အခါဆင့်ဆို အမိန့်ထုတ်ငြားသော်လည်း မင်းတရားကြီးသည် ပင့်တော်မူစဉ်ကပင်လျှင် ဂိုဏ်းသီးဂိုဏ်းခြား သာသနာပြုအနေအားဖြင့် လျှောက်ထားပြီး ဖြစ်သောကြောင့် သွားရောက်ခြင်း မပြုဘဲ မိမိဂိုဏ်းဂဏ ခိုင်မြဲ၍ ပဋိပတ်အစဉ်အလာ ယထာဓမ္မကျနစွာ ကျင့်ကြံအားထုတ်ကြရန် သံဃာများအား ဆုံးမကာ သာသနာပြုတော်မူခဲ့လေသည်။

ထိုအခါမှစ၍ သုဓမ္မာအဖွဲ့ဝင် တံဆိပ်တော်ရဆရာတော် ၈-ပါးနှင့်တကွ သာသနာပိုင်ဆရာတော်ဘုရားကြီးတို့၏ အဆုံးအမ ဩဝါဒအမိန့်တော် ဥပဒေသနှင့် ဝိနိစ္ဆယနာယူကြသော ဂိုဏ်းသံဃာများကို သုဓမ္မာဆရာတော်တို့၏ အဖွဲ့ဝင်ဖြစ်၍ သုဓမ္မာဂိုဏ်း၊ အရေအတွက်အားဖြင့် အများဂိုဏ်း-ဟု ခေါ်ဝေါ်သမုတ်ကြသည့်အပြင် ရွှေကျင်ဆရာတော်ဘုရား၏ အဆုံးအမ ဩဝါဒနှင့် ဝိနိစ္ဆယ နာယူကြသော သံဃာများကို ရွှေကျင်ဂိုဏ်း၊ အရေအတွက်အားဖြင့် အနည်းဂိုဏ်းဟူ၍ ခေါ်ကြကာ ဂိုဏ်းကြီး ၂-ဂိုဏ်း ဖြစ်ပွါးလာခဲ့လေသည်။

ဤသို့ ဂိုဏ်းအသီးအခြား နေထိုင်ကြပြီး မင်းတရားကြီးလည်း ရွှေကျင်ဆရာတော်အား "ချမ်းသာစွာ သီတင်းသုံးပါစေ၊ အဆင့်အဆို ပြုတော်မမူပါနှင့်"ဟု သာသနာပိုင်ဆရာတော်ဘုရားနှင့် သုဓမ္မာဝင်ဆရာတော်တို့အား လျှောက်ထားသဖြင့် အဆင့်အဆို မရှိဘဲ ချမ်းသာစွာ အသီးအခြား သာသနာပြု နေတော်မူရလေသည်။

သက္ကရာဇ် ၁,၂၂၇-ခုနှစ်၊ တပို့တွဲလတွင် သာသနာပိုင်ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူသောအခါ မင်းတရားကြီးသည် ကြီးကျယ်ခမ်းနားစွာဖြင့် သင်္ဂြိုဟ်တော်မူပြီး သာသနာတော်ကြီးမှာ သာသနာ့ဦးစီးဦးခိုင် သာသနာပိုင် ကင်းမဲ့နေသောအခါ မင်းတရားကြီးဆန္ဒမှာ ဂိုဏ်းအသီးအခြားဖြစ်သော်လည်း ရွှေကျင်ဆရာတော်အား သာသနာပိုင် မြှောက်တင်လိုရာတွင် တောင်ညာဒေဝီမိဖုရားကြီးနှင့် သဘောဆန္ဒ မျှတော်မမူသောကြောင့် ၎င်းလက်ထက် နောက်သာသနာပိုင် တင်မြှောက်ခြင်း မပြုခဲ့ပေ။

ဤသို့ တောင်ညာစံဒေဝီ မိဖုရားကြီးနှင့် သဘောမမျှခြင်းမှာ တရံသောအခါ မင်းတရားကြီးသည် ရွှေကျင်ဆရာတော်ကို ပင့်ဖိတ်တော်မူ၍ သာသနာတော် စင်ကြယ်ရေး သုတ်သင်ပြုပြင်ရန်အရေးများ ဆွေးနွေးတော်မူကြသောနေရာ၌ မိဖုရားခေါင်ကြီးလာ၍ မကြာမကြာ ဝင်စွက်ပြောဆိုရာ ရွှေကျင်ဆရာတော်က "မင်းတရားနှင့် သာသနာရေး ဆွေးနွေးတိုင်ပင်ရာ ဒါယိကာမကြီးက ဘာပြု၍ နားမလည်ဘဲနှင့် ဝင်စွက် ပြောဆိုရသလဲ" ဟု မိန့်တော်မူလျှင် မိဖုရားကြီး ရုတ်ခြည်းထ၍ "ငါ့ကို ရွှေကျင် တောဘုန်းကြီးက တကာမကြီးတဲ့ ဒကာမကြီးတဲ့"ဟု ပြောဆိုကာ အဆောင်တော်သို့ ဝင်သွား၊ စိတ်အမျက်ထားသဖြင့်

နောင်အခါ ရွှေကျင်ဆရာတော်နှင့် ဂိုဏ်းသံဃာများကို မချီးမြှောက်ဘဲ သုဓမ္မာဝင် ဆရာတော်များကိုသာလျှင် ကိုးကွယ်ဆည်းကပ်သည်ဖြစ်ရာ*(မင်းတရားကြီးနှင့်)* ကိုးကွယ်ဆည်းကပ်မှု*(၌)* သဘောမမျှဘဲ ရှိခဲ့လေသည်။

သို့ရာတွင် သာသနာပိုင်ဆရာတော် ပျံလွန်တော်မူသည်မှ ၃-နှစ်မြောက် ၁,၂၃၀-ပြည့်နှစ်သို့ ရောက်သောအခါ မင်းတရားကြီးသည် မူလကပင် သာသနာတော် စင်ကြယ်စေရန် ရည်သန်တော်မူရင်း မနောပဏိဓိရှိခဲ့သည့်အတိုင်း အလုံမြို့, ဒီပဲယင်းမြို့, ဗန်းကျီမြို့, တရုတ်မြို့, ရတနာသိခမြို့, ကလေးရာဇဂြိုဟ်မြို့-အစရှိသော မြောက်ဘက်နယ်ပယ် မြို့ရွာများ သာသနာပြုစုရန် ရွှေကျင်ဆရာတော်တို့အား လွှဲအပ်တော်မူသည့်အားလျော်စွာ ၎င်းမြို့ရွာများ၌ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်များ ခန့်ထားပြီးလျှင် ဂိုဏ်းဝင်သံဃာတို့အား အဆုံးအမ ဩဝါဒပေးကာ သာသနာပြုတော်မူခဲ့လေသည်။

ထို့ပြင် ရွှေမြို့တော်တွင်လည်း ရွှေကျင် ၅-တိုက်နှင့်တကွ ၁,၂၃၄-ခုနှစ်၊(ကဆုန်လအတွင်း)မှာ ဆင်ဖြူမရှင် မယ်တော်ကြီး ဆောက်လုပ်စေအပ်သော မဟာဝိသုဒ္ဓါရာမတိုက်တော်ကြီးကို မင်းတရားကြီးနှင့်တကွ ဆင်ဖြူမရှင် မိဖုရားကြီး ၂-ပါးတို့ ဆရာတော်အား လှူဒါန်းတော်မူ၍ ၎င်း၌ သင့်တင့်သောအင်္ဂါနှင့် ပြည့်စုံသော မထေရ်တို့အား လွှဲအပ်ပြီး ၎င်းတိုက်ကြီးမှတပါး အခြားကျောင်းတိုက်ကြီးများ တိုးပွါးကာ ၁၂-တိုက်ဖြစ်လာပြီး ၎င်းတို့၌ တိုက်တာစည်းမျဉ်း ဥပဒေသည္တန်ပြ၊ အဆုံးအမဩဝါဒ ပေးတော်မူလျက် ရွှေကျင်ဂိုဏ်းသံဃာအရေအတွက်မှာ တိုးပွါးလာခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် မိမိဩဝါဒ ပြန့်နှံ့တော်မူရာ ကျေးလက်သံဃာများနှင့်တကွ ရွှေမြို့တော်၌ ၁၂-တိုက်သော ကျောင်းတိုက်ကြီးများရှိ သံဃာများကို ဩဝါဒပေးတော်မူလျက် စာပေပို့ချရင်း အချိန်ရသောအခါ၌လည်း နောက်လာ, နောင်သားသိဿာနုသိဿတို့အား အကျိုးများစေခြင်းငှါ–

၁။ နေတ္တိလီနတ္ထသင်္ဂဟကျမ်း

၂။ နေတ္တိဟာရတ္ထဝိဘာဝနီကျမ်း

၃။ ရူပဗေဒဝိဘာဝနီကျမ်း

၄။ ဂဏာဗေဒဒီပနီကျမ်း

၅။ နိဿယဂ်ဝိနိစ္ဆယကျမ်း

၆။ သီမာသင်္ကာရဝိနိစ္ဆယကျမ်း

၇။ ဒသဓမ္မာလင်္ကာရအဋ္ဌကထာ
၈။ သီလဝိသောဓနီကျမ်း
၉။ သာသနဝိသောဓနီကျမ်း
၁၀။ ပဋိစ္စသမုပ္ပါဒဒီပနီကျမ်း
၁၁။ ဗောဇ္ဈင်္ဂဒီပနီကျမ်း
၁၂။ ဝဋ္ဋနာဒီပနီကျမ်း
၁၃။ ဝိနယဂရုဒီပနီကျမ်း
၁၄။ ဓမ္မောသဓဒီပနီကျမ်း
၁၅။ ဩဝါဒါလင်္ကာရကထာကျမ်း
၁၆။ ဥပဒေသကထာကျမ်း
၁၇။ ဝိနယမဓုကျမ်း
၁၈။ ယွာဋီကာကျမ်း
၁၉။ သမာသ်ဂဏ္ဌိကျမ်း
၂၀။ ရွှေကျင်နိယာမ်ကျမ်း
၂၁။ ဒါရုက္ခန္ဓသုတ်နိသျှည်းကျမ်း —

စသော ကျမ်းများကို ရေးသားတော်မူ၍ ၁,၂၃၇-ခုနှစ်တွင် ဓမ္မိကာရာမ ရွှေကျင်တိုက်ကြီးမှ ခွဲခွါလျက် တောထွက်တော်မူပြီး–

- ကိန္နရာတောင်တောရ
- ရေတံခွန်တောင်တောရ
- ငစဥ့်ကိုင်တောရ
- ကုက္ကိုချောင်တောရ –

စသော တောရကျောင်းတိုက်များ၌ နှစ်ခြိုက်တော်မူသမျှ သီတင်းသုံးတော်မူပြီးနောက် ၁,၂၃၈-ခုနှစ်၊ သီဟိုဠ်ကျွန်း၊ စွယ်တော်မြတ်ကြီးကို ဖူးမြော်ရန် ဆန္ဒတော်ရှိသဖြင့် မြို့တော်သို့ ပြန်လည် ကြွတော်မူခဲ့လေသည်။

ထိုသို့ သီဟိုဠ်ကျွန်း စွယ်တော်မြတ်ဖူးမြော်ရန် ကြွတော်မမူမီ တပည့်များအား ဆုံးမတော်မူသောအားဖြင့် –

၂၂။ စူဠသိဿကောဝါဒကထာကျမ်း

၂၃။ မဟာသိဿကောဝါဒကထာကျမ်း –

တို့ကို ရေးသားတော်မူခဲ့ပြီး သီဟိုဠ်ကျွန်းသို့ ကြွတော်မူမည်-ဟု ထွက်တော်မူခဲ့ရာ ဇလွန်မင်းလှသို့ ရောက်သောအခါ ဒါယကာ, ဒါယိကာမများက "အခွင့်အခါ မသင့်သေးပါ၊ ၁-ဝါ ချီးမြှောက်တော်မူပြီး ဝါကျွတ်လောက်မှ အခါကောင်းပါကြောင်း"လျှောက်ထား တောင်းပန်၊ ဝါဆိုဖို့ ဖိတ်မန်သည်ကို သည်းခံတော်မူပြီး မြစ်တစ်ဘက် ဝါးရုံချောင်း နွားလံတောင်တောရ၌ သီတင်းသုံး ဝါကပ်ပြီးလျှင် –

၂၄။ ဘုရင်မင်းတရားအား အဆုံးအမ ပေးတော်မူသောအားဖြင့် – ဓမ္မခတ္တိယော-ဝါဒကထာကျမ်းကို ရေးသားတော်မူသည့်အပြင် –

၂၅။ ဒါယကာတို့အား ဆုံးမရန်– ကေဝဋ္ဋောဝါဒကထာကျမ်းကိုလည်း စီရင်ပြုစု, ဒါယကာတို့အား အဆုံးအမ ပေးတော်မူခဲ့လေသည်။

ထို့နောက် ၁,၂၃၉-ခုနှစ်မှာ သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူပြီး ဝါကပ်တော်မူကာ ၎င်းကျွန်း၌ ပူဇော်အပ်သော သရီရဓာတ် စွယ်တော်မြတ်နှင့်တကွ မဟာစေတီတော်-စသော ဌာနအသီးသီးတို့သို့ အာမိသပူဇာ, ဓမ္မပူဇာ ၂-ဖြာသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်တော်မူပြီးလျှင် သီဟိုဠ်ကျွန်းသားတို့အား ဆုံးမတော်မူခြင်းငှာ –

၂၆။ သီဟဠောဝါဒသန္ဒေသကထာကျမ်း

၂၇။ လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း –

တို့ကို ရေးသားချီးမြှင့်ကာ သာသနာပြုစုတော်မူခဲ့လေသည်။

ထိုသို့ သီဟိုဠ်ကျွန်း၌ ၎င်းနှစ်မှာ ဝါကပ်တော်မူပြီးနောက် ၁,၂၄၀-ပြည့်နှစ်မှာ မြန်မာနိုင်ငံတော်သို့ ပြန်လည်ကြွတော်မူလာပြီး သီဟိုဠ်မကြွမီက သီတင်းသုံးတော်မူခဲ့သော မင်းလှတောကျောင်းမှာပင် သီတင်းသုံးတော်မူခိုက် သာသနာ့ဒါယကာ သာသနာပြု ပဋ္ဌမ သံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် သာသနာတော်ပြုခြင်း၌ တင်းတိမ်ရောင့်ရဲတော်မမူဘဲ သားတော် သီပေါမင်းကလေးအား ထီးနန်းအရိုက်အရာ လွှဲအပ်တော်မူကာ ဘဝနတ်ထံသို့ စံလွန်တော်မူခဲ့လေသည်။

## မန္တလေး ဒုတိယနန်းစံ သီပေါမင်းလက်ထက် သာသနာအကြောင်း

ဤသို့ ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး ဘဝနတ်ထီးသို့ ပြောင်းရွှေ့တော်မူပြီးနောက် သားတော် သီပေါမင်းတရားလေး လက်ထက်မှာလည်း ၎င်းမှာ မင်းသား ဘဝ ငယ်စဉ်ကပင် ရွှေကျင်ဆရာတော်ဘုရား၏ အဆုံးအမ ခံယူတော်မူရပြီး ကြည်ညိုတော်မူရင်းရှိသည့်အားလျော်စွာ မင်းလှရွာမှ ပင့်တော်မူ၍ သာသနာပြုစုရန် အဆုံးအမတော် နာယူကာ သာသနာတော်ပြုစုရေး ဆွေးနွေးလျှောက်ထားသည့်အပြင် ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များ အားလုံးအားလည်း ဆန်တော်များ ထောက်ပံ့လျက် ဆက်လက် သာသနာ ပြုရန် ရွှေကျင်ဆရာတော်အား လျှောက်တော်မူခဲ့လေသည်။

မင်းတရားကလေးသည် ရွှေထီး, ရွှေနန်း သိမ်းမြန်းတော်မူသည်မှ စ၍ ၁,၂၄၃-ခုနှစ်မှာ ၄-နှစ်မြောက် ရောက်လာသဖြင့် ရှေးဘေးလောင်းတော်, ဘိုးလောင်းတော်တို့ ၄-နှစ်မြောက်၌ ရာဇာဘိသေကမင်္ဂလာ ခံယူတော်မူကြသော ထုံးစဉ်လာအတိုင်း ၎င်းနှစ်၌ မိဖုရားခေါင်ကြီးနှင့်တကွ ရာဇာဘိသေက သဘင်တော်ကြီး ကြီးကျယ်ခမ်းနားစွာ ဆင်ယင် ကျင်းပပြီးနောက် ယင်းနှစ်မှာပင် သုဓမ္မာအဖွဲ့ဝင် ဆရာတော်များအတွက် မင်းတရားကြီး လက်ထက်တော်က သဘောတော်မမျှ၍ သာသနာပိုင် မတင်မြှောက်ခဲ့ရသည်ကို ဆွေးနွေး တော်မူကာ တောင်တော်ဆရာတော်အား **မာလာလင်္ကာရသာသနဓဇဓမ္မသေနာပတိ မဟာ ဓမ္မရာဇာဓိရာဇဂုရု** ဘွဲ့တံဆိပ်တော်မြတ် ဆက်ကပ်တော်မူပြီး သာသနာပြု သာသနာပိုင် ဆရာတော်အဖြစ် လျှောက်တော်မူခဲ့လေသည်။

ထိုနှစ်မှာပင် ရွှေကျင်ဂိုဏ်းဝင် သံဃာတော်တို့၏ ဦးစီးနာယက ရွှေကျင်ဆရာတော် ဘုရားကိုလည်း **ဇာဂရာဘိဓဇသာသနပါလဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု** တံဆိပ် တော်မြတ်ဆက်ကပ်ပြီး ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးဦးကိုင် သာသနာပိုင်အဖြစ် လျှောက်တော် မူသည်ကို တံဆိပ်တော်ဆက်ကပ်ခြင်းကို မူလက မလိုလားသော်လည်း သာသနာပြုစုရေး ကိုကား လိုလားတော်မူရင်းရှိသဖြင့် သည်းခံတော်မူကာ သာသနာပြုစုရေး မင်းတရား ကလေးနှင့် ဆွေးနွေးတိုင်ပင်တော်မူကြလေသည်။

ထိုသို့ တိုင်ပင်တော်မူပြီး မင်းတရားကလေးသည် မိမိစိုးပိုင်တော်မူသော နိုင်ငံတော် အတွင်း မြို့, ရွာနယ်ပယ်များကို အသီးသီး ၉-တိုင်း, ၉-ဌာနပိုင်းခြားပြီး အသောကမင်း တရားကြီးသည် သာသနာပြု အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်အား ၉-တိုင်း, ၉-ဌာန သာသနာပြု လွှတ်ဘိသကဲ့သို့ -

ရွှေကျင်ဆရာတော်ဘုရားကြီးအား ဤဌာနများ၌ သာသနာပြုရန် လျှောက်ထားသဖြင့် တံဆိပ်တော် ရ, မရ ပရိယတ္တိဝိသာရဒ, ပဋိပတ္တိမာမက, သိက္ခာကာမဂုဏ်တို့နှင့်ပြည့်စုံတော်မူကြသော မဟာဝိသုဒ္ဓါရာမဆရာတော်စသော မထေရ်များကို ရွေးချယ်စိစစ်တော်မူပြီးကာ အသီးသီးသော ဌာနများသို့ အခြွေအရံ ပရိသတ်များနှင့်တကွ သာသနာပြုစေလွှတ်တော်မူလျက် သာသနာရေးအတွက် ဆောင်ရွက်အားထုတ်တော်မူခဲ့လေသည်။

ထိုသို့ သာသနာကောင်းမွန်ရေး လိုလားတော်မူသည့်အတိုင်း မင်းတရားကလေးအကူအညီဖြင့် သာသနာတော်သုတ်သင် ဖြူစင်တောက်ပစေလျက် ဓမ္မိကာရာမ ရွှေကျင်တိုက်ကြီး၌ပင် သီတင်းသုံးတော်မူကာ –

၂၈။ ဝိစိတြဝန္ဒနာဘုရားရှိခိုးကျမ်း

၂၉။ ဂမ္ဘီရာဂမ္ဘီရမဟာပရိနိဗ္ဗုတကထာကျမ်း–

စသော ကျမ်းဂန်များကို ရေးသားပြီးလျှင် သက္ကရာဇ် ၁,၂၄၆-ခု၊ တန်ဆောင်မုန်းလမှာ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးကို တပည့်များအား လွှဲအပ်ပြီး ဧရာဝတီမြစ်ကမ်း၏အနောက်ဘက် မင်းကွန်းငွေတောင်တောရသို့ ကြွရောက်သီတင်းသုံးတော်မူခဲ့လေသည်။

၎င်းတောရကျောင်းတိုက်မှာပင် ၁,၂၄၇-ခုနှစ် ဝါကပ်တော်မူ၍ ပဋိပတ္တိတရားပွါးများအားထုတ်နေစဉ် ဝါမှ ထမြောက်သောအခါ သာသနာပြုတော်မူခြင်း၏ ဖင့်လေးဖွယ်ရာ အဖြစ်အပျက်ကြုံလာသည်မှာ –

သာသနာ့ဒါယကာ သာသနာပြု သီပေါမင်းတရားလေးသည် ကံဇာတာတော်နိမ့်ကျ၍ ၎င်းနှစ် တန်ဆောင်မုန်းလပြည့်ကျော်၊ ၈-ရက်နေ့တွင် ရွှေမြို့တော်၌ သာသနာတော်ပြုခြင်းကို ရပ်စဲတော်မူရပြီးလျှင် အင်္ဂလိပ်ဘုရင်လက်အောက်သို့ ကျရောက်တော်မူကာ ၎င်းတို့စစ်ဗိုလ်များ ဆောင်ယူရာ ရတနာဂီရိကျွန်းသို့ လိုအပ်သောအရာကျေးကျွန်များနှင့် မိဖုရားခေါင်ကြီး, သမီးတော်များပါ လိုက်ပါတော်မူရသဖြင့် ဆရာတော်ကြီးမှာ သာသနာ့ဒါယကာ ကင်းပလျက် ဆက်လက်၍ ၎င်းတောရ၌ သီတင်းသုံးတော်မူခဲ့ရလေသည်။

ရွှေကျင်ဆရာတော်ဘုရားသည် သာသနာပြုဒါယကာ ဘုရင်မင်းတရားနှင့်သာသနာရေး ဆွေးနွေးတိုင်ပင် ဆုံးမတော်မူကာ သာသနာကို စိတ်အလိုရှိတိုင်း မပြုရမီပင်ကင်းကွာခဲ့ရသော်လည်း သာသနာ့ဝန်ထမ်း ရဟန်းသံဃာများနှင့် သာသနာကို ယုံကြည်လေးစားကြသော တပည့်ဒါယကာ ဥပါသကာအများတို့သည် အားထားရင်းရှိကြသည့်

အတိုင်း အမြို့မြို့ အရွာရွာတို့မှ သာသနာပြု ပင့်ကြသဖြင့် ထိုထိုမြို့ ရွာဒေသများသို့ သာသနာပြု ကြွရောက်တော်မူရလေသည်။

အထူးအားဖြင့် သက္ကရာဇ် ၁,၂၅၅-ခုနှစ်မှာ အောက်ပြည် မြို့ရွာဒေသများမှ ဒကာများ ပင့်လျှောက်ချက်အရ အောက်ရပ်သို့ စုန်တော်မူပြီး မြို့ရွာအသီးသီးတို့သို့ ရောက်တော်မူကာ သာသနာပြုပြီးနောက် ရန်ကုန်မြို့ကြီးသို့ ရောက်တော်မူ၍ ကျောင်းတော်ရာ ဆရာတော်နှင့် ၎င်းတပည့်ဒကာများအား တရားဓမ္မ တိုက်ကျွေးဆုံးမကာ ကျောင်းတော်ရာ ဆရာတော်အား အောက်မြို့ ကျေးရွာ သာသနာပြုစုရေး မိန့်ကြားတော်မူခဲ့လေသည်။

၎င်းနှစ်မှာပင် အထက်သို့ ပြန်လည်ကြွရောက်တော်မူလာ၍ **အညာသီဟတော** စေတီတော်မြတ်နှင့်တကွ ရွှေလည်မဲဇာတောင်, မြတောင်, မန်လည် စသော မြစ်ညာမြစ်စဉ် မြို့များသို့ပင် ကြွတော်မူပြီး သာသနာပြုတော်မူကာ ပြန်အလာတွင် မကျန်းမာတော်မူသဖြင့် သီတင်းသုံးတော်မူရင်း ငွေတောင်တောရကျောင်းတိုက်သို့ ရောက်အောင် ပင့်ဆောင်တော် မူပြီးနောက် ၎င်းတောရ သီတင်းသုံးနေကျ ဂူတွင်း၌ ၎င်း ၁,၂၅၅-ခုနှစ်၊ တပေါင်းလပြည့် ကျော်၊ ၇-ရက်နေ့၌ ဘဝချုပ်ငြိမ်းကာ နတ်ရွာသို့ လားတော်မူခဲ့လေသည်။

၎င်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူငြားသော်လည်း ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒများတို့သည် မြန်မာနိုင်ငံတော် အထက်,အောက် မြို့,ရွာနယ်ပယ်များ တွင်မက သီဟိုဠ်ကျွန်းရောက်အောင် ပြန့်နှံ့ကျော်ကြားတော်မူ၍ ယခုအခါတိုင်အောင် လိုက်နာကျင့်သုံးတော်မူကြကာ ဂိုဏ်းသံဃာအများတို့လည်း လုံးစည်းပေါင်းစုလျက် ဆရာတော်ဘုရား၏ ဩဝါဒမပျက်အောင် ရွက်ဆောင်အားထုတ်ကြသဖြင့် ရွှေကျင်ဂိုဏ်း ကြီး ပွါးစီးတိုးတက်ကာ ထင်ရှားလာခဲ့ကြကုန်၏။

ဤတွင် ရွှေကျင်ဆရာတော်ဘုရားနှင့် ၎င်းဂိုဏ်းကြီး ဖြစ်ပေါ်လာခြင်းအကြောင်း ပြီးပြီ။

✪ ✪ ✪ ✪ ✪

## သုဓမ္မာဝင်ဆရာတော်များ သာသနာပြုစုတော်မူကြခြင်းအကြောင်း

ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ၁,၂၃၇-ခုနှစ်၊ သာသနာပိုင်ဆရာတော် အရှင်ဥေယျမမွ ဘဝနတ်ထံ ပျံလွန်တော်မူပြီးနောက် သာသနာပိုင် မတင်မြှောက်ဘဲ နေတော်မူရာ သံဃာများ၏ဆန္ဒအားဖြင့်သာ လွန်တော်မူသော သာသနာပိုင်ဆရာတော်ကြီးက လွှဲအပ်တော်မူခဲ့သော ပုခန်းဆရာတော်ဘုရားကို သာသနာပိုင်တင်မြှောက်ပြီးနောက် မင်းတရားကလေးလက်ထက်သို့ ရောက်သောအခါ သုဓမ္မာအဖွဲ့ဝင်ဆရာတော်များတွင် တောင်တော်ဆရာတော်ဘုရားကို သာသနာပိုင် သာသနာပြု လွှဲအပ်တင်မြှောက်သောအခါမှ သမ္မုတိရ ပုခန်းသာသနာပိုင်ဆရာတော်ဘုရားသည် သာသနာရေး, သာသနာမှု လစ်လျူရှုတော်မူခဲ့လေသည်။

မင်းတရားကလေး၏လက်ထက် တောင်တော်သာသနာပိုင် အမှူးရှိသော သုဓမ္မာဆရာတော် ၈-ပါးတို့သည် ၎င်းဆရာတော်များဆိုင်ရာ သာသနာရေး, သာသနာမှုများနှင့် ၎င်းတို့ဂိုဏ်းသံဃာများ၌ ဖြစ်ပွါးသော အမှုအခင်းများကို စီရင်ဆုံးဖြတ်ခြင်း, ဝိနိစ္ဆယဌာနများအပြင် ၎င်းဂိုဏ်းဝင် သံဃာတော်တို့အား သာသနာနှင့် ဆန့်ကျင်သော အမှုကိစ္စတို့ကို မပြုလုပ်ကြစေရန် အမိန့်တော်ပြန်တမ်းများ ထုတ်ပြန်ကာ သာသနာပြုတော်မူကြလေသည်။

ထိုမှတပါး ၎င်းမင်းတရားကလေးလက်ထက်တွင် ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကြသော ဆရာတော်များကိုလည်း ရှေးမင်းတရားကြီးလက်ထက်က ရအပ်ပြီးသော တံဆိပ်တော်များအပြင် ထပ်မံလှူဒါန်းသော တံဆိပ်တော်ရ ဆရာတော်များနှင့် မင်းတရားကလေးလက်ထက် သီးခြားလှူဒါန်းတော်မူသော တံဆိပ်တော်ရ ဆရာတော်များမှာ အတန်းအစားအလိုက် ခွဲခြားသတ်မှတ်တော်မူသည်ကား–

၁။ အတုလဓိပတိ သိရိပဝရဓဇ ဓမ္မသေနာပတိ တည်းဟူသော သာသနာပြု သာသနာပိုင်တံဆိပ်တော်

၂။ အတုလဓိပတိ သိရိပဝရဟူသော ပဌမတံဆိပ်တော်

၃။ ဓဇဓိပတိအတုလပဝရဟူသော ဒုတိယတံဆိပ်တော်

၄။ ဓဇသိရိပဝရဟူသော တတိယတံဆိပ်တော်

၅။ အဘိဓဇဟူသော စတုတ္ထတံဆိပ်တော်

၆။ အလင်္ကာရဟူသော ပဉ္စမတံဆိပ်တော်

ဟူ၍ အသီးအသီး ခွဲခြားထားပြီးလျှင် မဟာဓမ္မရာဇာဓိရာဇဂုရု-မင်းတရားဆရာတော်-ဟု အဆုံးသတ်လျက် လျှုဒါန်းဆက်ကပ်တော်မူလေသည်။

ဍင်းမင်းကလေးလက်ထက် အတန်းခွဲခြားလျက် လျှုဒါန်းသော ဆရာတော်တို့ အရေအတွက်မှာ–

၁။ သာသနာပြု သာသနာပိုင်ဆရာတော် — ၁ -ပါး

၂။ ပဌမတံဆိပ်တော်ရဆရာတော် — ၇ -ပါး

၃။ ဒုတိယတံဆိပ်တော်ရဆရာတော် — ၁၂ -ပါး

၄။ တတိယတံဆိပ်တော်ရဆရာတော် — ၁၇ -ပါး

၅။ စတုတ္ထတံဆိပ်တော်ရဆရာတော် — ၁၇ -ပါး

၆။ ပဥ္စမတံဆိပ်တော်ရဆရာတော် — ၃၀ -ပါး

ပေါင်း ၈၄ -ပါး ရှိတော်မူကြသည်။

သာသနာပိုင်ဆရာတော်ဘုရားနှင့် သုဓမ္မာဆရာတော် ၈-ပါးတို့သည် အထက်, အောက် နယ်ပယ် မင်းတရားအာဏာပြန့်နှံ့ရာ တိုင်းဒေသအသီးသီးတို့၌ သာသနာတော်စောင့်ရှောက်ရန် ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်ဆရာတော်များ ခန့်အပ်ကာ အမိန့်တော်များ သတ်မှတ်လျက် ကျေးလက်မြို့, ရွာများ၌ သာသနာရေး, သာသနာမှု ပြုစုအားထုတ်တော်မူကြ၍ မြို့တော်နှင့်ဇကွ ဆိုင်ရာနယ်အသီးသီးတို့သို့လည်း သာသနာပြု ကျွမ်းကြေ(ကျင်)ကြသော အမတ်များကို မဟာဒါန်ဝန် ခန့်အပ်တော်မူ၍ သာသနာသုတ်သင် ပြုစုနိုင်ရန် အမိန့်တော်ထုတ်ပြန်ပြီး အကြောင်းအားလျော်စွာ သာသနာနှင့် မလျော်သော အမှုအခင်းများ ဖြစ်ပွါးက ဆရာတော်ဘုရားကြီးများထံ လျှောက်ထားကာ အမှုအားလျော်စွာ စီရင်ဆုံးဖြတ်တော်မူကြရလေသည်။

## မန္တလေး အင်္ဂလိပ်မင်းများလက်ထက် သာသနာနှင့်သာသနာပိုင် သုဓမ္မာအဖွဲ့ ၁-ကျိပ် ၂-ပါး သာသနာပြုအဖွဲ့ ကွဲပြားလာကြောင်း

တောင်တော်သာသနာပိုင် ဆရာတော်ဘုရားသည် မင်းတရားလေးလက်ထက်မှ စ၍ ၎င်းမင်းကလေး တိုင်းတပါးသို့ ရောက်သွားပြီး နောက်လက်ထက်တိုင် သာသနာပြုစုတော်မူပြီး ၁,၂၅၆-ခုနှစ် ပျံလွန်တော်မူရာ နန္ဒာဘိဓဇသီရိသဒ္ဓမ္မဓိပတိပဝရ မဟာဓမ္မ-ရာဇာဓိရာဇဂုရု-ဟူသော ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး ဆက်ကပ်လှူဒါန်းတော်မူသော တံဆိပ်တော်ရ ပုခန်းဆရာတော်ကို မန္တလေးမြို့ ၄-ပြင်, ၄-ရပ် သံဃာတော်များက သာသနာပြု သာသနာပိုင် တင်မြှောက်တော်မူကြ၍ ၎င်းဆရာတော်ဘုရားသည် ဆက်လက်၍ သာသနာတော် ပြုစုပါသော်လည်း ၁,၂၆၂-ခုနှစ်တွင် ဘဝနတ်ထံသို့ မြန်းကြွတော်မူခဲ့လေသည်။

၎င်းသာသနာပိုင်ဆရာတော် လွန်တော်မူပြီးနောက် မန္တလေးမြို့၊ တောင်ပြင်ဆရာတော်တို့သည် သုဇာတာဘိသိရီဓဇမိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ တောင်ပြင်မိုးထားဆရာတော်ဘုရားကို သမ္မုတိသာသနာပိုင် တင်မြှောက်တော်မူပြီးနောက် ၂-နှစ်လောက်သာ သာသနာရေး, သာသနာမှု ပြုစုတော်မူနိုင်ပြီး ဘဝနတ်နန်း စံမြန်းတော်မူရာ ၁,၂၆၅-ခုနှစ်မှာ ဝိသုဒ္ဓသီလာစာရဓဇသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ တောင်ခွင်ဆရာတော်ဘုရားကို ဆရာတော်, သံဃာတော်တို့က သဘောတူညီတော်မူကြသဖြင့် ရှေးမြန်မာမင်းများနည်းတူ အင်္ဂလိပ်မင်းလည်း ဝိသုဒ္ဓသီလာစာရ သီရိပဝရ ဓမ္မသေနာပတိမဟာသံဃရာဇာ-ဟူသော သာသနာပိုင် တံဆိပ်တော်ကို အင်္ဂလန်ပြည့်ရှင်ဘုရင်ကိုယ်စား မြန်မာနိုင်ငံတော် ဘုရင်ခံမင်း ဆာဟယူဘန်းသည် ရှေးမြန်မာမင်းများ အစဉ်အလာအတိုင်း သုဓမ္မာဇရပ်တော်တွင် မင်းခမ်းမင်းနားနှင့်တကွ ဆက်ကပ်လှူဒါန်းပြီး သာသနာပိုင်ဆရာတော်အဖြစ် ခန့်အပ်သဖြင့် ရှေးသာသနာပိုင် ဆရာတော်ဘုရားတို့ကဲ့သို့ ဆွမ်းဆန်တော် ထောက်ပံ့ခြင်းကို ခံယူတော်မူကာ သုဓမ္မာအဖွဲ့ဝင် ဆရာတော်များနှင့်တကွ သာသနာပြုစု အားထုတ်တော်မူခဲ့လေသည်။

✪ ✪ ✪ ✪ ✪

## ၁-ကျိပ် ၂-ပါးဆရာတော်များ ဂိုဏ်းသီးခြားဖွဲ့ခြင်း

သို့ရာတွင် တောင်ခွင်ဆရာတော်ဘုရားကို ဘုရင်ခံမင်းအသိအမှတ်ဖြင့် သာသနာပိုင်ဆရာတော် ခန့်အပ်သော်လည်း အောက်တွင် ဖော်ပြသော ဆရာတော်ကြီး ၁-ကျိပ် ၂-ပါးတို့သည် ၎င်းသာသနာပိုင် ဆရာတော်အား ဆန္ဒပေးတော်မမူကြဘဲ အသီးအခြား ၁-ကျိပ် ၂-ပါး အဖွဲ့ဖွဲ့စည်းကာ ဂိုဏ်းအသီးအခြား နေတော်မူကြလျက် ကျေးလက်သံဃာများ ၎င်းတို့ဆိုင်ရာ မြို့ရွာနယ်ပယ်များ၌ ဆင့်ဆိုဆုံးမ ဩဝါဒပေးခြင်းများနှင့် အဆုံးအဖြတ် ဝိနိစ္ဆယများ သီးခြား၍ သာသနာရေး, သာသနာမှု ပြုစုအားထုတ်တော်မူကြလေသည်။

၎င်း ၁-ကျိပ် ၂-ပါး ဆရာတော်ကြီးများမှာ —

၁။ မြို့ပြင်ကြီးဆရာတော်

၂။ နာဂိန္ဒာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မိုးကောင်းမဟာဝေယံဘုံကျော်ဆရာတော်

၃။ ဂုဏာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ အကောက်ဝန်ဆရာတော်

၄။ ဉာဏဝံသဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ရွှေပြည်ဆရာတော်

၅။ သုမနာစာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မြို့သာဆရာတော်

၆။ ပညာသာမိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ပေါင်းလောင်းဂူဆရာတော်

၇။ ကဝိန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မောက်ကျိုးဆရာတော်

၈။ ဉာဏာဘိဓဇသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ တိုင်တားတိုက်အုပ်ဆရာတော်

၉။ အရှေ့တိုက်တော်ဆရာတော် ဦးမုနိန္ဒ

၁၀။ ဆင်ဖြူကျွန်းဆရာတော် ဦးနရိန္ဒ

၁၁။ မေဃဝတီဆရာတော် ဦးကလျာဏ (အဂ္ဂမဟာပဏ္ဍိတ)

၁၂။ မိုးကောင်းတိုက် စာချဆရာတော် ဦးနန္ဒိယ

ဤဆရာတော်ကြီးများ ဖြစ်ကြသည်။

ထိုအခါမှ စ၍ သုဓမ္မာအဖွဲ့ဝင် ဆရာတော်တို့မှာ–

- တောင်ခွင်သာသနာပိုင်ဂိုဏ်း
- ၁-ကျိပ်,၂-ပါး သာသနာပြုဂိုဏ်း –

ဟူ၍ ဂိုဏ်း ၂-ဖြာ ကွဲပြားပြီးလျှင် အသီးသီးဆိုင်ရာ သံဃာတို့အား အမိန့်ဆင့်စာ ဝါဆို, ဝါကပ်စသည် ညြဝါဒပေးကြလျက် ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်များ ခန့်ထားကြ၍ သာသနာရေးအမှုကိစ္စတို့ကို ဆောင်ရွက်တော်မူကြကာ ဆိုင်ရာသံဃာတော်တို့သည်လည်း သာသနာရေး အမှုအခင်းများ ဖြစ်ပွါးလာက ၎င်းတို့ဆိုင်ရာ ဂိုဏ်းအသီးသီးတို့၏ ဝိနိစ္ဆယ ဌာနတို့၌ အဆုံးအဖြတ် ဝိနိစ္ဆယ ခံယူလိုက်နာကြလေသည်။

ထိုသာသနာပိုင်ဂိုဏ်း, ၁-ကျိပ်၂-ပါး ဂိုဏ်းသံဃာတို့မှာ အသီးအခြား ဝိနိစ္ဆယဌာန ညြဝါဒခံယူခြင်း ကွဲပြားကြသော်လည်း ဝိနည်းဓမ္မကံအရ သံဝါသ, သံဘောဂကား မကွဲပြားမူ၍ အတူတကွ သံဃကံများ ဆောင်ရွက်ကြကာ အထက်,အောက် တိုင်းနယ်တို့၌ သီတင်းသုံးနေထိုင်တော်မူကြရာ သာသနာပိုင် ဆရာတော်ဂိုဏ်းမှာ နိုင်ငံတော်အစိုးရက ရွေးထုံးစဉ်လာအရ အသိအမှတ်ပြုပြီး သုဓမ္မာအဖွဲ့ဝင် ဆရာတော် ၈-ပါးတို့အားလည်း ဌာနချုပ်ခန့်ထားလျက် ထောက်ပံ့လှူဒါန်းခြင်း ခံယူကြရ၍ ၁-ကျိပ် ၂-ပါးဆရာတော်တို့အား အစိုးရ အသိအမှတ် မပြုဘဲ သံဃာတော်အချင်းချင်းသာ သဘောတူညီ အသိအမှတ်ပြုလျက် နေတော်မူကြသောကြောင့် ရွှေကျင်ဂိုဏ်းမှ ထောက်ထားလျှင် သုဓမ္မာဂိုဏ်းသံဃာများ- ဟူ၍ပင် အများက အသိအမှတ်ပြုကြလေသည်။

ဤသို့အားဖြင့် သုဓမ္မာအဖွဲ့ဝင် တောင်ခွင်သာသနာပိုင် ဆရာတော်ဂိုဏ်းနှင့် ၁-ကျိပ်၂-ပါး သာသနာပြုဂိုဏ်း ကွဲပြားကြကာ အသီးသီးဆိုင်ရာဌာနတို့၌ သီးခြား သာသနာပြုတော်မူကြကြောင်း, မင်းပင်မရှိသော်လည်း သာသနာ့ဝန်ထမ်း ရဟန်း, သံဃာ တော်များနှင့် ဆရာတော်တို့သည် သာသနာတော်ကြီး ပွါးစီးအောင် ဆောင်ရွက်တော် မူလာခဲ့ကြကြောင်း ဤတွင် အဆုံးသတ်အပ်ပြီ။

✪ ✪ ✪ ✪ ✪

## မြန်မာနိုင်ငံအောက်ပိုင်း တောရဂိုဏ်းဖြစ်ထွန်းခြင်း

မြန်မာနိုင်ငံအောက်ပိုင်း တိုင်းနယ်များက ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးလက်ထက်ကပင် တိုင်းနယ်ခြား၍ အင်္ဂလိပ်များအာဏာအောက် ရောက်ရှိငြားသော်လည်း သာသနာတော်ကြီးအား သံဃာတော်တို့၏ ကြိုးပမ်းအားထုတ်ခြင်းနှင့် သဘောဆန္ဒအတိုင်း လွတ်လပ်စွာ သွားလာနေထိုင်နိုင်ခြင်းတို့ဖြင့် အပိတ်အပင် အတားအဆီး ကင်းမဲ့စွာ အားထုတ်ပြုစုနိုင်သောကြောင့် ညှိုးနွမ်းခြင်း မရှိ-ဟု ဆိုရပေလိမ့်မည်။

ထိုသို့ အထက်,အောက် တိုင်းနိုင်ငံတို့၌ သာသနာရေး, သာသနာမှု လွတ်လပ်စွာ ရှိနေခြင်းကြောင့် အောက်မြို့ကျေးရွာ ဒကာ, ဒကာမတို့သည် အထက်တိုင်းနိုင်ငံ နေပြည်တော်တွင် ကျော်ကြားထင်ရှားသော ဆရာတော်ကြီးများ ပင့်ဖိတ်လှူဒါန်း တရားဓမ္မနာယူခြင်း သာသနာမှုပြုစုရန် အခွင့်ရရှိကြသဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းတရားကြီးလက်ထက်ကပင် အောက်မြန်မာနိုင်ငံသို့ ကြွရောက်တော်မူ၍ သာသနာပြုစဉ် ဟံသာဝတီ, ပဲခူးတိုင်းနယ်များ၌ တောရဂိုဏ်းကြီး ဖြစ်ထွန်းစည်ကားစွာ သာသနာပြုစုအားထုတ်လျက် ရှိခဲ့လေသည်။

ထိုတောရဂိုဏ်းကြီးအမွန်အစမှာ–

ဆရာတော်ကြီးများ စုဝေးတိုင်ပင် ညီညွတ်သောအားဖြင့် ဂါမဝါသီ သီတင်းသုံးခြင်းမှ မိစ္ဆာဇီဝ, ကုလဒူသနစသော ဝိနည်းနှင့် ဆန့်ကျင်သော အပြစ်များ မြင်တော်မူကြလျက် တောထွက်တော်မူကြသောအခါ ရဟန်းငယ်အဖြစ်ဖြင့် လိုက်ပါတော်မူသော အရှင်ဦးသီလမထေရ်လျှင် ထင်ရှားကာ နောက်အခါ၌ကား ၎င်းပဲခူးတောရဂိုဏ်းကြီးကို ဦးသီလမထေရ်အရှင်မြတ် တည်ထောင်ပြုစုတော်မူသည်-ဟု ထင်မှတ်လာခဲ့ကြပေသည်။

စင်စစ်ကား ဆရာတော်ဦးသီလအရှင်မြတ်၏ ဆရာဖြစ်သော ပဲခူးမြို့ထောင့်ကျောင်း ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး အရှင်စန္ဒာလင်္ကာရမည်သော ဆရာတော် ဦးပုံအားကလျာဏီဘုန်းကြီး ဦးဝဏ္ဏနှင့်တကွ ဦးသီလအရှင်ပါ ဆရာဖြစ်သည့်အတိုင်း တောရဂိုဏ်းတည်ထောင်ရန် လျှောက်ထားကြ၍ ဆရာတော်ဘုရားလည်း မဆုတ်မနစ်သော သဒ္ဓါတရားဖြင့် သာသနာတော် စင်ကြယ်ကောင်းမြတ်မှု၌ မွန်မြတ်သောဆန္ဒ ရှိတော်မူသည့်အတိုင်း ၃-နှစ်မျှ ဆင်ခြင်ပြီးနောက် ဝမ်းမြောက်စွာ ဂါမဝါသီနေခြင်းကို စွန့်ခွါလျက် အရညဝါသီဆောက်တည်ကြကာ နေတော်မူကြသောအခါမှ ထိုတောရဂိုဏ်းကြီး ထင်ရှားလာခဲ့လေသည်။

၎င်းဂိုဏ်း အမွန်အစတည်ထောင်သော အရှင်ဝဏ္ဏမှာ ပဲခူး ဇိုင်းဂနိုင်းမှ ဖြစ်၍ ဈေးညောင်ပင်ကျောင်း ဦးသုမန၊ မြို့တွင်းကျောင်း ဦးသုမနတို့နှင့် မန္တလေးသို့ ကြွတော်မူကာ ပရိယတ္တိသင်ကြားကြပြီး ၎င်းမှ ဦးအာစရလည်း အတူလိုက်လာကာ ပဲခူးမှာ သီတင်းသုံးတော်မူကြပြီးနောက် တောထွက်တော်မူကြသောအခါ–

- ဈေးညောင်ပင်ကျောင်း ဦးသုမနသည် ရွှေပန်းတောရသို့
- မြို့တွင်း ဦးသုမနသည် ရွှေပန်းတောရသို့
- ဦးဝဏ္ဏနှင့် မန္တလေး ဦးအာစရတို့မှာ ကလျာဏီတောရသို့–

ကြွတော်မူကြ၍ အသီးအသီး နေထိုင် သီတင်းသုံးကြလေသည်။

ထိုဆရာတော်များ တောကျောင်းနေထိုင် သီတင်းသုံးတော်မူကြစဉ်က တောရဂိုဏ်းဟု အမည်မထင်ရှားလှသေးဘဲ ဆရာတော်အရှင်စန္ဒာလင်္ကာရ၊ ဂိုဏ်းအုပ်ဆရာတော်ကြီး ဦးပုံ တောထွက်သောအခါ **အရညဝါသီတောရဂိုဏ်းကြီး**-ဟု ဂုဏ်သတင်း ထင်ရှားကျော်စောလာကာ အသီးအခြားဖြစ်လာပြီး ထိုအခါ၌ အရှင်ဦးသီလလည်း ဆရာတော်ကြီးနှင့်အတူ လိုက်ပါသီတင်းသုံးလျက် ၂-ဝါလောက်ကြာမှ ဆရာတော်ထံ အခွင့်ပန်ပြီး တောရအသီးသီးသို့ အနှံ့အပြား သီတင်းသုံး နေထိုင်တော်မူခဲ့လေသည်။

ဘုန်းတော်ကြီး ဦးသီလအရှင်မြတ်သည်လည်း နောင်အခါ တောရဂိုဏ်းကြီး၏ ဦးစီးဦးကိုင်အလား မြန်မာနိုင်ငံ၌ ထင်ရှားလာ၍ ၎င်းဆရာတော်ကား ပဋိပတ္တိတရား ထက်သန်လွန်ကဲတော်မူသဖြင့် ပရိယတ္တိဂုဏ် မပြည့်စုံသကဲ့သို့ အချို့ထင်မှတ်ကြသော်လည်း ဆရာတော်ဘုရား၏ အတ္ထုပ္ပတ္တိမှာကား ၁,၁၉၄-ခုနှစ်၊ ဇိုင်းဂနိုင်းကြီးရွာ၌ ဖွားမြင်တော်မူ၍ အသက် ၁၀-နှစ်တွင် စကော့ပြင်းရွာ ဘုန်းကြီး ဦးမှူးထံ အပ်နှံ စာပေသင်ကြားကာ ၁၂-နှစ်မှာ သာမဏေအဖြစ်သို့ ရောက်ပြီး ကိုရင်သီလသာရ အမည်တွင်လျက် အသက် ၂၀-မှာ ကျိုက်ဒေးယျံဘုရားကုန်းတော် ခဏ္ဍသိမ်တွင် ပီလခတ်ရွာ ဘုန်းတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာများစွာနှင့် ရဟန်းအဖြစ်သို့ ရောက်ပြီးလျှင်–

- မြို့ထောင့်ကျောင်း ဘုန်းတော်ကြီး ဦးစန္ဒာလင်္ကာရ ဘုန်းကြီးဦးပုံထံ၌ ပရိယတ္တိ သင်ယူရန် ၅-ဝါမျှ နေထိုင်တော်မူခဲ့လေသည်။

ထို့နောက်–

- ရန်ကုန်မြို့၊ ပုဇွန်တောင်၊ တောင်လုံးပြန်၊ ရွှေကြက်ယက် ဘုန်းတော်ကြီးထံ ၁-ဝါ၊
- ကလျာဏီဘုန်းတော်ကြီး ဦးဝဏ္ဏထံ ၁-ဝါ၊

- စစ်ကိုင်းတောင် ရေငုံတိုက်၌ ၁-ဝါ၊
- မန္တလေးအရှေ့ပြင် စလင်းတိုက်၌ ၁-ဝါ —

အားဖြင့် ၉-ဝါတိုင်အောင် ပရိယတ္တိအားထုတ်တော်မူပြီး ကျန်းမာခြင်း မပြည့်စုံသဖြင့် အောက်သို့ စုန်လာ၍ ပဋိပတ္တိတရား အားထုတ်တော်မူလျက် တောထွက်ကာ အရညဝါသီ ဂိုဏ်းတည်ထောင်ရန် ကလျာဏီဘုန်းတော်ကြီး ဦးဝဏ္ဏနှင့်အတူ ဂိုဏ်းအုပ်ဆရာတော် ဘုန်းကြီးဦးပုံ ဆရာအရှင်မြတ်အား လျှောက်ထားတောင်းပန်ပြီး တောရဂိုဏ်းကြီး တည်ထောင်ပြုစု အားထုတ်တော်မူခဲ့လေသည်။

ဘုန်းတော်ကြီးဦးပုံ တောထွက်သောအခါ ဘုန်းတော်ကြီးဦးသီလလည်း ဆရာ ဘုန်းကြီးနှင့်အတူ ဟသ်ာကုန်းတောရတွင် နေတော်မူပြီး ၎င်းမှ ဖဲခွါကာ အစဉ်အလာ အမှတ်မရှိသော တောရတို့ကား ကျိုက်ဒေးယျုံ, လာကမွတ်, ဈေးညောင်ပင်, ကျိုက်ပတိုင်, ကုန်းတန်းဂူကုန်း-စသည် —

၎င်းပြင် ကလိ, တပ်ကလေး, အဝိုင်း, ဘုရားကလေး, ဥက္ကံရွာဂူကုန်းတောရ, ဒေးစွန်ပါ, ပျဉ်ပုံတော, လှည်းဘီးကွဲ အနောက်တောင်တန်း စသည် –

ထို့ပြင် ဒိုက်ဦး, ဖအောင်ဝဲ, ရွှေကျင်, ခရွဲ, ဝမ်းဘတော, ကျိုက်ထို, ကော့ကဒွတ် စသည် –

ထိုမှတပါး ဘီလင်း, ကျိုက်ကော်, သထုံဂေါ့ မုတ္တမတောင်ရိုး, မော်လမြိုင်, ဖားအံ, ဘီလူးကျွန်း, မုဒုံ, ကျုံဒိုး, ကော့ကရိတ် စသည် များစွာသော တောရကျောင်းတို့၌ နှစ်ခြိုက်စွာ သီတင်းသုံးနေထိုင်တော်မူခဲ့သဖြင့် ၎င်းဘုန်းတော်ကြီး ဦးသီလအရှင်မြတ်အား အောက်ပြည်တိုင်းနယ် အနှံ့အပြား ကျော်ကြားမှုရှိခဲ့လေသည်။

## ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံတော်မူခြင်း

ဤသို့အားဖြင့် ဦးသီလဆရာတော်ဘုရားကြီးသည် ၁၂-ဝါ ရသောအခါမှ စ၍ ဧကစာရီအရညဝါသီအဖြစ်ဖြင့် ထိုထိုအရပ်တို့သို့ လှည့်လည်ကြွရောက်တော်မူကာ လူအများတို့အား ချီးမြှောက် တရားဓမ္မ ဟောပြတော်မူကာ နတ်ရွာသုဂတိသို့ ရောက်စေလျက် နေတော်မူစဉ် ၁,၂၅၅-ခုနှစ်တွင် ဘုန်းတော်ကြီးဦးသီလသည် ခရွဲတောင် အရှေ့ အခိုက်ရွာတောရ၌ ဝါကပ်တော်မူသောအခါ မန္တလေးမြို့တော်မှ ရွှေကျင်ဆရာတော်

ဘုရားကြီးသည် အောက်မြို့, ကျေးရွာတို့သို့ စုန်တော်မူလာသဖြင့် ပဲခူးသို့ ရောက်လာ၍ ရွှေမော်ဓောစေတီတော်၏ အရှေ့ဝါးရုံတောအုပ်၌ သီတင်းသုံးနေတော်မူခိုက် ဘုန်းတော်ကြီး၏ ဂုဏ်သတင်းများ ကြားသိရသည့်အတိုင်း အပင့်ခိုင်းကာ ကြွရောက်လာရာ တရားစကားဆွေးနွေးပြောဟော နှီးနှောမိလျှင် သာလွန်၍ပင် နှစ်သက်တော်မူသည်အားလျော်စွာ ရံခါဘုန်းတော်ကြီးအား တရားဟောစေပြီး ကိုယ်တော်တိုင်လည်း ကောင်းစွာနာယူတော်မူကြောင်း မှတ်တမ်းများ ရေးသားပြောဆိုကြလေသည်။

ထိုသို့ ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံတော်မူသောအခါမှ စ၍ ဘုန်းတော်ကြီးဦးသီလ ပြုစုအားထုတ်တော်မူသော ပဲခူးတောရဂိုဏ်းကြီးမှာ ဝိနည်းကံ ဒေသနာတော်အလိုကျ လှည်းလှေလောင်း စီးနင်းသွားလာခြင်း, ကုလဒူသနအနေသနတို့ဖြင့် မအပ်မရာသော ပစ္စည်းလာဘ်လာဘ ရှာခြင်း-စသော လဇ္ဇီသူမွန် သီလဝန်တို့ စက်ဆုပ်အပ်သော အမှုတို့မှ ရှောင်ခွါလျက် သန့်ရှင်းစင်ကြယ် ကောင်းမွန်စွာ ဒေသနာတော်အတိုင်း ကျင့်ကြံသော ဂိုဏ်းကြီးဖြစ်၍ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ၎င်းတောရဂိုဏ်း, ရွှေကျင်ဂိုဏ်းတို့မှာ အယူဝါဒတူမျှသဖြင့် ဂိုဏ်းဂဏတစ်ခုတည်းအဖြစ် မှတ်တော်မူကာ သံဝါသ, သမ္ဘောဂ ဝိနည်းကံများ အတူဆက်ဆံကြလျက် သမဂ္ဂ, သမောဓာန မျှတစွာ နေထိုင်တော်မူကြကုန်၏။

သို့ရာတွင် ၎င်းရွှေကျင်ဂိုဏ်းနှင့် တောရဂိုဏ်းကြီးကို သံဃာဦးရေ နည်းပါး၍ ရွှေဘိုးတော်ဘုရားလက်ထက်က အတင်ဂိုဏ်းဆရာတော် သာသနာပိုင်ဟောင်း အတုလယသမထေရ်တို့ဘက်ကို စူဠဂဏ္ဍိအမည်တပ်သော ကျမ်းဂန်ကို အထောက်အထားပြုကာ မခိုင်မမာ ပြောဆိုကြ၍ သံဃာ့ဘောင်မှ နှင်ထုတ်လျက် ရှုတ်ချသောအားဖြင့် စူဠဂဏ္ဍိဂိုဏ်း ဟု သမုတ်ခဲ့ဖူးသော ထုံးအရ စူဠဂဏ္ဍိဂိုဏ်း-ဟု ခေါ်ဝေါ်ကြသည့်အပြင် ၎င်းတို့ဂိုဏ်းမှာ သံဃာအများ ရှိခြင်းကြောင့် မဟာဂဏ္ဍိဂိုဏ်း-ဟု အမည်တွင်ကြစေကုန်၏။

ဤသို့ ရွှေကျင်ဂိုဏ်း, တောရဂိုဏ်းကို စူဠဂဏ္ဍိ-ဟု ရှုတ်ချခေါ်ဝေါ်သမုတ်ထားသည်ကို အကြောင်းပြု၍ အချို့ရှေးအစဉ်အလာ ထေရပရမ္ပရ အဆက်အနွယ်များကို (မလေ့လာ) မလိုက်စားကြသော ဘုန်းတော်ကြီးများသည် ကဲ့ရဲ့သောအားဖြင့် ဘိုးတော်မင်းတရားလက်ထက်က လှေဦးထက်မှာ ခြင်းကြားအုပ်လျက် အတင်ဂိုဏ်း၊ အတုလယသ ဆရာတော် စူဠဂဏ္ဍိဂိုဏ်းသားအား နှင်ထုတ်ဖူးသည်ကို စူဠဂဏ္ဍိရွှေကျင်ဂိုဏ်းသား-ဟု ပြောမှားကြသည်ကား အလွန်ဝေးကွာသော ကာလအပိုင်းအခြား မစဉ်းစားသဖြင့်သာ ပြောဆိုကြခြင်းများ ဖြစ်ကြကုန်၏။

ဆိုခဲ့ပြီးသော ရွှေကျင်ဂိုဏ်း, တောရဂိုဏ်း သံဃာတော်တို့မှာ သံဝါသ, သမ္ဘောဂ အယူသီလ တူမျှသည့်အပြင် စင်ကြယ်ကောင်းမွန်သော မထေရ်အစဉ်အဆက်မှ ဆင်းသက်လာခဲ့၍ သိက္ခာကာမ လိုလားတော်မူကြသည့်အတိုင်း သီလဝန္တရဟန်းသံဃာများ ကြီးပွါးတိုးတက်စေလိုသော သမ္မာဆန္ဒလည်း တူညီသောကြောင့် ဂင်္ဂါ, ယမုနာအလား ညီညွတ်လုံးစည်းလျက် အောက်,အထက်နိုင်ငံများ၌ ကြီးပွါးတိုးတက်ကာ ဂိုဏ်းသံဃာများပြား ထွန်းကားလာခဲ့လေသည်။

ဤသို့အားဖြင့် အထက်မြန်မာနိုင်ငံတော်မှာ–

- သုဓမ္မာဆရာတော်တို့ကို အစွဲပြု၍ သုဓမ္မာဂိုဏ်း
- ရွှေကျင်ဆရာတော်ကို အစွဲပြု၍ ရွှေကျင်ဂိုဏ်း –

ဟု ထင်ရှားသော်လည်း အောက်မြန်မာနိုင်ငံများ၌ စူဠဂဏ္ဍိ, မဟာဂဏ္ဍိဟု ထင်ရှား၍ ယခုတိုင်ပင် ရှေးကျသော ဆရာတော်ကြီးများ ခေါ်ဝေါ်လေ့ရှိကြကုန်၏။

ဤမျှဖြင့် ဘုန်းတော်ကြီး ဦးသီလသည် သာသနာတော်စင်ကြယ် ကောင်းမွန်စေလိုသော ဆန္ဒအားလျော်စွာ တောရဂိုဏ်းကြီး တည်ထောင်တော်မူပြီးလျှင် ရွှေကျင်ဂိုဏ်းကြီးနှင့်လည်း နှီးနှောဆက်ဆံကာ သာလွန်တိုးတက်သော ဗုဒ္ဓနိုင်ငံတော်ကြီး ဖြစ်ထွန်းလာကြောင်း သာသနာဝင်မှတ်တမ်းကား အဆုံးထားအပ်ပြီ။

ပဲခူးတောရဂိုဏ်း၊ ရွှေကျင်ဂိုဏ်း သာသနာဝင် ပြီးပြီ။

✪ ✪ ✪ ✪ ✪

## မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးအား ရွှေကျင်သာသနာ့ဦးကိုင် သာသနာပိုင်တင်မြှောက်ကာ သာသနာပြုကြောင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် လဇ္ဇီအမွန် သီလဝန်တို့ နှစ်သက်မြတ်နိုးအပ်သော သိက္ခာသီလ စောင့်သုံးရှိသေကြသော ရဟန်း,သာမဏေများ ထွန်းကား၊ သာသနာတော်စည်ပင် ပြန့်ပွါးခြင်းကို အရင်းမူလထားလျက် အားထုတ်ပြုစုတော်မူကြသော

ရွှေကျင်ဂိုဏ်း, တောရဂိုဏ်း သာသနာမှာ မြန်မာနိုင်ငံတော် အထက်,အောက် တိုင်းခရိုင်များ၌ တိုးတက်ကြီးပွါးလာခြင်းကား–

သာသနာပြု ဒုတိယရွှေကျင်သာသနာပိုင်ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး လက်ထက်မှာဖြစ်ကြောင်း ထင်ရှားခဲ့လေသည်။

၎င်းမဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကား ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးလက်ထက်၌ပင် ထင်ရှားကျော်ကြားသည့်အားလျော်စွာ "ဝိသုဒ္ဓါစာရကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော တံဆိပ်တော်မြတ် ဆက်ကပ်လှူဒါန်းတော်မူခြင်းကို ရရှိခဲ့သည့်အပြင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အားထားကိုးစားအပ်သော အကျင့်သီလဂုဏ်အားဖြင့်လည်းကောင်း၊ ပညာဗဟုသုတ ဂုဏ်အားဖြင့်လည်းကောင်း၊ စီမံအုပ်ချုပ်သည်းခံတည်ကြည်ခြင်း သမာဓိဂုဏ်တို့ဖြင့်လည်းကောင်း လုံလောက်သောတပည့်ဖြစ်သည့်အားလျော်စွာ မင်းတရားကြီးလက်ထက် ဆင်ဖြူမရှင်မိဖုရားကြီး တည်ဆောက်လှူဒါန်းတော်မူသော မဟာဝိသုဒ္ဓါရာမတိုက်တော်ကြီးကို ၁,၂၃၃-ခုနှစ်၊ ရွှေကျင်ဆရာတော်ဘုရားကြီးအား လှူဒါန်းသောအခါ ၎င်းကိုပင် အပ်နှင်းအုပ်ချုပ် သာသနာပြုစေခဲ့လေသည်။

ဤသို့ ဂုဏ်သတင်း ကျော်ကြားခြင်းရှိသည့်အတိုင်း သားတော်သီပေါမင်းတရားကလေး လက်ထက်မှာလည်း ခမည်းတော်မင်းတရားကြီးကဲ့သို့ လေးမြတ်ကိုးစားတော်မူသဖြင့် "ဝိသုဒ္ဓါဘိဓဇသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဒုတိယတံဆိပ်တော်ဆက်ကပ်လှူဒါန်း ကိုးကွယ်ခြင်းကို ခံယူတော်မူကာ သာသနာရေး, သာသနာမှု ပြုစုအားထုတ်တော်မူလျက် များစွာသော သံဃာတော်များကို ဆုံးမဩဝါဒ ပေးတော်မူပြီးလျှင် ၎င်းမဟာဝိသုဒ္ဓါရာမတိုက်ကြီးမှာပင် သီတင်းသုံးတော်မူခဲ့လေသည်။

၎င်းမင်းတရားကလေးလက်ထက် ရွှေကျင်ဆရာတော်ဘုရားကြီးသည် ငွေတောင်တောရသို့ ကြွရောက်တော်မူသောအခါ ရွှေကျင်ဂိုဏ်း သံဃာအများတို့သည် ၎င်းမဟာ-ဝိသုဒ္ဓါရာမဆရာတော်ကြီးအား လေးစားကိုးညွတ်ကာ နာယကဆရာတော်အဖြစ် အမှတ်ထားတော်မူကြသည့်အတိုင်း ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီး ၎င်းတောရ၌ပင် ၁,၂၅၅-ခု၊ တပေါင်းလဆန်း၊ ၇-ရက်နေ့မှာ ဘဝငြီးငွေ့ နတ်ပြည်သို့ ပြောင်းရွှေ့စံနေတော်မူပြီးနောက် ၁,၂၅၆-ခု၊ တပို့တွဲလဆန်း၊ ၁၃-ရက်နေ့၌ ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်တော်မူပြီး အဝေး, အနီး သံဃာတော်များ စုပေါင်းတိုင်ပင်ကာ ၎င်းတပို့တွဲလပြည့်နေ့ဝယ် မန္တလေး၊ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးတွင် ဂိုဏ်းသံဃာမထေရ်ကြီးများနှင့်တကွ ၅၀၀-မျှသော ဆရာတော်တို့သည် တံဆိပ်တော် ၂-တန်ရ သီလသိက္ခာ

ပညာ ဗဟုဿုတ အဝဝသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော “မဟာဝိသုဒ္ဓါရာမဆရာတော် ဘုရားကြီး”အား သမ္မုတိ ဂဏနာယက ဂဏဦးကိုင် သာသနာပိုင်ဆရာတော်အဖြစ်သို့ တင်မြှောက်တော်မူကြလေသည်။

ထိုသို့ အထက်,အောက် တိုင်းခရိုင်အသီးသီးတို့မှ ဆရာတော်မထေရ်ကြီးများ လေးစားသော မထေရ်မြတ်ဖြစ်သည့်အတိုင်း ဂိုဏ်းဂဏသံဃာအများတို့၏ ကြီးပွါးတိုးတက် စည်ပင်ထွန်းကားရန် ထက်သန်သော သမ္မာဆန္ဒတော်ဖြင့် သာသနာရေး အမှုကိစ္စတို့ကို နေ့,ညမယုတ် အားထုတ်ပြုစုတော်မူသည့်အားလျော်စွာ ၎င်းဆရာတော်ဘုရားကြီး လက်ထက်မှာ များစွာသော အောက်,ထက် မြို့,ရွာများသို့ ပင့်ဖိတ်ကြွရောက်ကာ သာသနာ ပြုစုတော်မူခြင်းမှာ အံ့ဩဖွယ်ရာ ကျောင်းပေါင်း ၁,၀၀၀-ကျော် ရွှေကျင်ဂိုဏ်းဝင် ဖြစ်လာ၍ ဆရာတော်ကြီး၏ အာဏာစက်ကား မြန်မာနိုင်ငံတော်အလုံးနှင့် သီဟိုဠ်, ယိုးဒယားသို့ တိုင်အောင် ကျယ်ပြန့်သွားခဲ့လေသည်။

ထိုဆရာတော်ဘုရား၏ သီလသိက္ခာ, ပညာ, သမာဓိဂုဏ်များမှာ ခက်ထန်ကြမ်း တမ်းလျက် ရွှေကျင်ဂိုဏ်းဝင် အပြစ်မြင်သော ရဟန်းတို့သည်ပင်လျှင် ဆရာတော်ဘုရား ကြီးနှင့် တွေ့ဆုံကာ မေတ္တာသက်ဝင် ကြည်လင်အေးမြသော အဆုံးအမ ဩဝါဒများ နာကြား ရသောအခါ ပျော့ပျောင်းနူးညံ့သော စိတ်နှလုံးရှိလာ၍ ရွှေကျင်ဂိုဏ်းများသို့ပင် သက်ဝင် ဆည်းကပ်လိုသော ဆန္ဒများ ဖြစ်ပွါးကာ ထင်ရှားသော ဂိုဏ်းတပါးက မထေရ်များတို့ ရွှေကျင်ဂိုဏ်းသို့ သက်ဝင်တော်မူကြပြီး ဆရာတော်ဘုရား၏ ဩဝါဒ နာယူကြသည်ကို ထောက်ထားလျှင် အလွန်ကြီးကျယ် မြင့်မြတ်သော စိတ်နှလုံးတော်နှင့် ပညာစွမ်းရည် တည်ကြည်သော သမာဓိရှိတော်မူသည်ကား အလွန်ထင်ရှား၏။

၎င်းဆရာတော်ဘုရားကြီးလက်ထက် ကျမ်းဂန်တတ်မြောက် ထွင်းဖောက်သိမြင် စုံလင်ထင်ရှားသော ပညာဗဟုဿုတ ပြည့်ဝသည့် ဂဏဝါစက ဓမ္မာစရိယဆရာတော် အများ ဖြစ်ထွန်းသဖြင့် ဂိုဏ်းဂဏ ကျက်သရေကား တက်နေအလား ထွန်းသစ်လာ၍ များစွာသော ကျမ်းဂန်များ ရေးသားတော်မူကြသည့်အပြင် ဆရာတော်ဘုရားကြီး ကိုယ်တိုင်တော်လည်း ကျမ်းဂန်အများနှင့် ဝိနိစ္ဆယအများ ရေးသားတော်မူခဲ့ရာ ၎င်းတို့မှာ ဂိုဏ်းတပါးတို့က အထူးလေးစားကြလျက် ယခုထက်တိုင် သင်ကြားလေ့လာ အားထုတ်ကြ သဖြင့် ၎င်းတို့သည် ပရိယတ္တိသာသနာတော်၌ များစွာ ကျေးဇူးများလျက် ရှိကုန်၏။

၎င်းဆရာတော်ဘုရားကြီးရေးသားသော ကျမ်းဂန်တို့ကား ဝိနည်းဘက်၌ ရွှေ သီးလုံးဆရာတော်ဘုရားကြီး-စသော ဝိနိစ္ဆယဂရုက မထေရ်ကြီးများ ရေးသားဆုံးဖြတ်တော်

မှုပြီးဖြစ်သော ဝိနိစ္ဆယများအပြင် နည်းနှင့်စပ်၍ လျော်ကပ်ပတ်စွာ ကျင့်ကြံအားထုတ်ကြစေရန် ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီးသည် သိဿကောဝါဒကျမ်းတို့၌ ထည့်သွင်းရေးသားခဲ့ပြီးဖြစ်သဖြင့် ခေတ်အားလျော်စွာ ဖြစ်ပေါ်လာသော ဝိနည်းကံ ဝိနိစ္ဆယများလောက်သာ ရေးသား၍ တစ်စောင်တစ်ဖွဲ့ မရေးသားတော့ဘဲ အခြားလိုအပ်သော သုတ်, အဘိဓမ္မာဆိုင်ရာကျမ်းဂန်တို့နှင့် သဒ္ဒါဘက်ကျမ်းဂန်များ ရေးသားတော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော ကျမ်းများမှာ–

**၁။ ဆိဒ္ဓပိဓာနနီကျမ်း**

အာရုံ ၆-ပါး၊ ဒွါရ ၆-ပါးတို့ ပိတ်ဆို့ ထိန်းသိမ်းစောင့်ရှောက်ရန် သုတ္တန်များစွာတို့ဖြင့် ပြဆိုအပ်သော ဗုဒ္ဓတရားမှန် ကျင့်ကြံအားထုတ်ရေး၌ လိုအပ်သောကျမ်းကြီး။

**၂။ ပရမတ္ထသရူပဘေဒနီကျမ်း**

အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏ သရုပ်အဓိပ္ပါယ်တို့ကို ဆန်းကြယ်လေးနက် ခက်ခဲသည်များ လွယ်ကူသော သင်္ချာနယတို့ဖြင့် ပြည့်အပြင် ပဌာန်းပစ္စည်းနှင့် ကမ္မဋ္ဌာန်းနည်းများ အထူးစုံလင်စွာ ဝိဝိဓနယ ဝိသုဒ္ဓိမဂ်အရဖြင့် ပြဆိုသော ကျမ်းကြီးဖြစ်လေသည်။

**၃။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်**

၎င်းမှာ ၎င်းခေတ်က ကျော်ကြားတော်မူကြသော ဝဇီရာရာမဆရာတော်၊ မန်လည်ဆရာတော်၊ လယ်တီဆရာတော်-စသော ဆရာတော်ဘုရားကြီးများ၏ အမေးပုစ္ဆာတို့အားလျော်စွာ ဖြေဆိုဆုံးဖြတ်အပ်သော ဝိနိစ္ဆယများအပြင် ခေတ်အားလျော်စွာ ဖြစ်ပေါ်လာသော အကြောင်းအတ္တုပ္ပတ် အဆုံးအဖြတ်တို့နှင့် အကြောင်းအားလျော်စွာ ရေးသားပေးပို့အပ်သော သန္ဒေသကထာ-စသော မှတ်ဖွယ်မှတ်တမ်းများဖြင့် ထင်ရှားသောကျမ်းကြီး ဖြစ်လေသည်။

**၄။ ဝိသုဒ္ဓါရုံသုတ်နက်ကျမ်းကြီး**

၎င်းမှာ ကစ္စာယနသဒ္ဒါကျမ်း၏ သုတ်နက်များကို ဗျာကရိုဏ်းကျမ်းကြီးများနှင့် ညှိနှိုင်းကာ ခဲရာခဲဆစ် အဓိပ္ပါယ် အဆုံးအဖြတ်များနှင့် ကစ္စည်းပဏာမ အကောက်ကျမ်းများ ထည့်သွင်း ရေးသားထားလေသည်။

၅။ **ဓာတုတ္ထသင်္ဂြိုဟ်**

ၡင်းမှာ သတ္တတဓာတ်ကျမ်းကြီးများနှင့် ညှိနှိုင်းကာ ပါဠိ, အဋ္ဌကထာတို့နှင့် ညီညွတ်သော, စုံလင်သော ဓာတ်ကျမ်းကြီးဖြစ်လေသည်။

၆။ **ဆန္ဒောဝမဥ္စရီပါဠိ, နိဿျ**

ၡင်းမှာ ဝုတ္တောဒယဆန်းကျမ်း၌ မထင်၊ ပါဠိ, အဋ္ဌကထာများတွင် တွေ့ရှိသော ဆန်းဂါထာများ ထည့်သွင်းကာ ပြန်ဆိုရေးသားသော ဆန်းကျမ်းဖြစ်လေသည်။

၇။ **နေတ္တိဟာရတ္ထဒီပနီကျမ်း**

နေတ္တိကျမ်း၏ ကျယ်ဝန်းသော အဓိပ္ပါယ်များ အလွယ်သိနိုင်ရန် ရေးသားသော ကျမ်းဖြစ်သည်။

၈။ **ကစ္စာယနသံဝဏ္ဏနာဆက္ကဒီပနီ**

ကစ္စည်းကျမ်း၏အဖွင့် သံဝဏ္ဏနာ ၆-ပါးကို ထင်ရှားအောင် ပြဆိုသောကျမ်း ဖြစ်သည်။

ဤသို့စသည်ဖြင့် များစွာသောကျမ်းဂန်များ ရေးသားတော်မူ၍ ပညာမုန်သောက် ပြောင်မြောက်သော တပည့်ကြီးတို့အား သာသနာတော်၌ ကျေးဇူးများမည့် ကျမ်းဂန်များကို အသီးသီး ရေးသားစေတော်မူ၍ ၎င်းတို့ရေးသားတော်မူအပ်သော သဒ္ဒါ၊ အဘိဓာန်၊ ဆန်း၊ အလင်္ကာဘက်ဆိုင်ရာ ကျမ်းဂန်များ၊ အဘိဓမ္မာဘက်ဆိုင်ရာ ကျမ်းဂန်များ၊ ပဋိပတ္တိ သာသနာ အားလျော်သော များစွာသော ကျမ်းဂန်များ ထင်ရှားဖြစ်ထွန်းခဲ့လေသည်။

ၡင်းဆရာတော်ဘုရားကြီးသည် ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးနာယက ဒုတိယ သမ္မုတိ သာသနာပိုင်အဖြစ် တင်မြှောက်တော်မူခြင်း ခံယူပြီးသည်မှ စ၍ ဂိုဏ်းဂဏ၏ ပရိယတ္တိ၊ ပဋိပတ္တိ သာသနာ ၂-ရပ်လုံး၏ ကြီးပွါးတိုးတက်ရန် ထက်သန်သော နှလုံးတော်မြတ် ရှိသည့်အတိုင်း သံဃာ့ပရိသတ်တွင် ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီး ဆုံးမ တော်မူခဲ့သော အဆုံးအမကို မှတည်ထား၍ ဆုံးမချီးမြှောက်သင့်သူကို ချီးမြှောက်သည့် အားလျော်စွာ ပရိယတ္တိသာသနာတော်ဘက်မှာလည်း ထွန်းကားသော ပုဂ္ဂိုလ်များရှိသည့် အပြင် ပဋိပတ်ကျင့်စဉ် လမ်းတို့၌ မှိုင်းမြင်သဖွယ် အနယ်နယ်မှ လာရောက်နည်းယူ ဆရာ တစ်ဆူဖြစ်သည့် စစ်ကိုင်းမဟာဂန္ဓာရုံဆရာတော်စသော ပဋိပတ်ထက်သန် ကျင့်ကြံ အားထုတ်ကြသော တပည့်များလည်းရှိကြသဖြင့် ဆရာတော်လက်ထက် သာသနာ ၂-ရပ် လုံး တိုးတက်လာခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် အမြို့မြို့ အရွာရွာ ဒါယကာ, ဒါယိကာမများနှင့် ရွှေကျင်ဂိုဏ်းဝင် မထေရ်ရှင်တို့ ပင့်လျှောက်ချက်အရ ဒေသစာရီကြွတော်မူရ၍ သာသနာတော် ကောင်းမြတ်စင်ကြယ်ရန် ဟောညွှန်ပြသကာ ရောက်ရာရောက်ရာအရပ် တို့၌ ရဟန်းသံဃာအများ, လူဒါယကာများတို့သည် သာသနာရေး ယဉ်ကျေးမှု ရရှိပြီးလျှင် ရွှေကျင်ဂိုဏ်းဝင် ဖြစ်လာကြသည်များသဖြင့် ၎င်းဂိုဏ်းဂဏနှင့် ဆရာတော်ဘုရား ဂုဏ်သတင်းများ မြန်မာနိုင်ငံတော်တွင်မက အခြားသာသနာနိုင်ငံများသို့ ကျရောက်အောင် ကျော်ကြားသော ဂုဏ်သတင်းနှင့် ပြည့်စုံတော်မူလေသည်။

အောက်ပြည်နိုင်ငံတွင် ထင်ရှားသော ရန်ကုန်မြို့တော်၌ကား ရွှေကျင်ဆရာတော် ဘုရားကြီး လက်ထက်ကပင် ဗဟန်းရပ် ကျောင်းတော်ရာအာရာမ်ကို အလှူခံပြီး မင်းတရား ကြီး၏ သာသနာပြုဖို့ အကြံတော် အထမမြောက် ကျောင်းတော်ပင် မဆောက်ရသော်လည်း ၎င်း၌ အရှင်သာသနမထေရ်အား သာသနာပြုကိုယ်စား ထားတော်မူခဲ့၍ ရွှေကျင်သာသနာ တည်ထွန်းခဲ့သည့်အပြင် မင်းကလေးလက်ထက်တွင်လည်း ထိုသာသနာပြု ကျောင်းတော်ရာ မထေရ်မြတ်အား သာသနာလင်္ကာရသဒ္ဓမ္မာဘိဝံသကဝိဇမဟာဓမ္မရာဇာဓိရာဇဂုရု- ဟူသော တံဆိပ်တော် ဆက်ကပ်ပြီး ၎င်းတိုက်မှာပင် သာသနာပြု အပ်နှင်းတော်မူခြင်းကို ခံယူကာ ၎င်းဆရာတော်ဘုရားသည် သာသနာဆက်လက် ပြုတော်မူခဲ့သဖြင့် ရွှေကျင်သာသနာကား ထွန်းကားလျက် ရှိခဲ့လေသည်။

၎င်းသို့ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ကြွရောက်တော်မူသောအခါ ၎င်း ကျောင်းတော်ရာ ဆရာတော်ဘုရားနှင့် အတူတကွ သာသနာရေး, သာသနာမှု ပြုစုတော် မူသည့်အပြင် သယ်န်းကျွန်း၊ *ကျိုက္ကစံ(ဦးသီလ)*ဆရာတော်သည် *(မဟာဝိသုဒ္ဓါရာမဆရာတော် ဘုရားကြီးကို)* ပင့်တော်မူပြီး ၎င်းတိုက်ကြီး လှူတော်မူသည်ကို အလှူခံတော်မူကာ *ကျိုက်ပဒိုင်*ဆရာတော်ကို လွှဲအပ်သာသနာပြုစေသဖြင့် ရန်ကုန် ရွှေကျင်သာသနာတော်မှာ သာလွန်တိုးတက် ကျော်စောလာခဲ့လေသည်။

ဤသို့ ဆရာတော်ဘုရားကြီးသည် ၁,၂၅၆-ခုနှစ်၊ သာသနာပြု သမ္မုတိ ရွှေကျင် သာသနာပိုင်အဖြစ် လွှဲအပ်တော်မူသည်မှစ၍ ၂၃-နှစ်ကြာသည့်တိုင်အောင် သာသနာတော် ပြုစုတော်မူပြီး၍ ၁,၂၇၈-ခုနှစ်၊ သက်တော် ၇၈-နှစ်တွင် ဘဝပြောင်းတော်မူကာ နတ်ဘုံ နတ်နန်းသို့ စံမြန်းတော်မူသည့်တိုင်အောင် များပြောင်သော ပရိယတ္တိဝန်ထမ်းကြီးများ ထွန်းကားတော်မူသည့်အပြင် ပဋိပတ္တိသာသနာ့ဝန်ထမ်း တပည့်တပန်းများလည်း မြန်မာ နိုင်ငံနှင့် တိုင်းတပါးသို့တိုင်အောင် ကျော်ကြားသော အရှင်ဥတ္တရမထေရ်စသည်တို့နှင့် ပိဋကတ်ကျမ်းဂန် နှံ့စပ်ကျော်ကြား အထူးအားဖြင့် ဓုတင်အရာ၌ ရဟန်း ၅-ဝါရသည်မှ

ဝါ ၆၀-ကျော် ပျံလွန်တော်မူသည့်တိုင်အောင် အာရညကင်နှင့် ဧကသနိကံစသော ဓုတင်အမြဲ ဆောင်တော်မူသော တောင်ဗိလာဆရာတော် အရှင်ပဏ္ဍဝံသစသော မထေရ်ကြီးတို့သည် ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် ဒုတိယ ရွှေကျင်သာသနာ့ဦးစီး မဟာဝိသုဒ္ဓါ-ရာမ ဆရာတော်များ၏ လမ်းစဉ်အတိုင်း မဆိုင်းမတွ ဆောင်ရွက်တော်မူကြသဖြင့် ၎င်းဆရာတော်ကြီးများ လွန်သွားတော်မူကြသော်လည်း ရွှေကျင်သာသနာကြီး ပွါးစီး တိုးတက်လျက် ရှိနေခဲ့ပေ၏။

ထိုမူလကျေးဇူးရှင်ဆရာတော်ကြီး ၂-ပါး ပျံလွန်တော်မူပြီးစေကာမူ ဆရာတော် ဘုရားကြီးတို့၏ လမ်းစဉ်ကို သန့်စင်စွာ ဖြောင့်ဖြောင့် မကောက်,မကွေ့ လိုက်တော်မူလေ့ ရှိကြသော ရွှေကျင်သာသနာ့ဦးစီး ဖြစ်တော်မူကြသည့် -

၁။ ဒီပဲယင်းဆရာတော်

၂။ ကျိုက္ကစံဆရာတော်

၃။ အလုံဆရာတော်

၄။ ရှိမ်းမကားဆရာတော်

၅။ လှတောဆရာတော်

၆။ ပစ္ဆိမာရုံဆရာတော်

၇။ စံကင်းဆရာတော် -

စသော မထေရ်မြတ်တို့သည် ထင်ရှားရှိတော်မူကြသဖြင့် ယခုထက်တိုင် ရွှေကျင်သာသနာ တော်ကြီး ခိုင်မြဲဖွံ့ဖြိုး တိုးတက်စည်ကားလျက် ရှိလေသတည်း။

ဤမျှသော စကားတို့ဖြင့် ရွှေကျင်သာသနာဝင် အကျဉ်းအတ္ထုပ္ပတ် ပြည့်စုံလတ်ပြီ။

✪ ✪ ✪ ✪ ✪

## ဒွါရဝါဒီဂိုဏ်းနှင့် ကမ္မဝါဒီဂိုဏ်း ကွဲပြားခြင်းအကြောင်း

အထက်မြန်မာနိုင်ငံတော် ပဉ္စမသံဂါယနာတင် သာသနာ့ဒါယကာ မင်းတရားကြီး သာသနာတော် ချီးမြှင့်ပြုစုတော်မူသည့်အချိန်မှာ အောက်မြန်မာနိုင်ငံကား တိုင်းခြား, နယ်ခြားဖြစ်၍ သာသနာတော် လူမျိုးခြားလက်အောက် ရောက်သွားစေကာမူ ၎င်းတို့

ဘာသာ အားပေးချီးမြှောက် ကျောင်းများလည်းဆောက်ကာ သာသနာပြုကြသဖြင့် ခရစ်ယာန်သို့ အချို့ဝင်ကြသည်မှတပါး ဘာသာဝါဒအားဖြင့် နှိမ်နင်းမှု မရှိသောကြောင့် ဗုဒ္ဓသာသနာတော်ကို ဆရာတော်,သံဃာတော်တို့နှင့် သဘောအတိုင်း သာသနာရေး, သာသနာမှု ပြုစုအားထုတ်တော်မူနိုင်ကြကုန်၏။

ထို့ကြောင့် မင်းတရားကြီးလက်ထက် အထက်မြန်မာနိုင်ငံ အာဏာတော်ပြန့်နှံ့ရာ ဌာနများ၌ မင်းတရားကြီးသဘောတော်ကျ ထုတ်ပြန်တော်မူသော ဓမ္မဝိနယ အမိန့်တော် ပြန်တမ်းအရ အလဇ္ဇီဓမ္မကင်းကွာ ဒွေမာတိကာရ၍ ကျောင်းထိုင်အင်္ဂါနှင့်အညီ ကျောင်းထိုင်ရမည် စသည်များကြောင့် အစားအသောက်ချောင်မှု အရေးထားလျက် ကြွသွားကြကာ ရဟန်းအချို့တို့ပြင် အချို့သော မထေရ်မွန် အရှင်မြတ်တို့မှာ အောက်ပြည် မြို့,ရွာဒေသများတွင် ထင်သလိုဖြစ်ပွါးနေသော သာသနာရေးအမှုကိစ္စများကို လျစ်လျူ မထားနိုင်ဘဲ ကောင်းမွန်စင်ကြယ်မှု ရှေ့ရှုတော်မူကာ အောက်မြို့,ကျေးရွာများသို့ သာသနာ ပြုကြွသွားတော်မူကြ၍ ၎င်းဆရာတော်တို့အလိုအတိုင်းပင် သာသနာတော်စင်ကြယ် သန့်ရှင်းအောင် နိုင်ငံခြားအစိုးရများ တားဆီးပိတ်ပင်မှု မရှိဘဲ သဘောကျပြုနိုင်တော် မူကြကုန်၏။

ထိုသို့ အောက်မြို့,ကျေးရွာတို့၌ သာသနာပြုရောက်တော်မူကြသော အရှင်မြတ်တို့ အနက် ဒွါရဝါဒီ၊ အရှင်ဥက္ကံသမာလာမထေရ်၊ အုတ်ဖိုဆရာတော်နှင့် ကမ္ဘဝါဒီ၊ ပြည် ရွှေတောင်မြို့၊ ကျီးသဲလေးထပ်ဆရာတော်တို့သည် မိမိတို့ စာပေသင်ကြား အားထုတ်ကာ အမရပူရမြို့တော်ဟောင်း၌ နေထိုင်တော်မူကြစဉ် အယူဖြစ်ပွါးကြသောဝါဒများကို အရင်း မူလထား၍ ၎င်းတို့အတည်ကျသော ဌာနနယ်ပယ်တို့၌ ၎င်းဝါဒပြုစုတည်ထောင်ရန် ရည်သန်ခဲ့ကြသည့်အတိုင်း အုတ်ဖိုဆရာတော် အရှင်ဥက္ကံသမာလာမထေရ်မြတ်သည် အုတ်ဖိုမြို့နှင့်တကွ နယ်ပယ်များ၌ ဒွါရဝါဒအခြေပြုကာ တပည့်သံဃာများနှင့် ဒွါရဂိုဏ်း တည်ထောင်လျက် တပည့်ဒကာများကို ဟောပြောဆုံးမ သာသနာစင်ကြယ်ရေး အဓိက ထားပြီး ပြုစုတော်မူသည့်အပြင် ကျီးသဲလေးထပ်ဆရာတော် အရှင်မုနိန္ဒာဘိဓဇ မထေရ် မြတ်သည်လည်း ၎င်း၏အရပ်ဖြစ်သော·ပြည်မြို့၊ ရွှေတောင်မြို့နယ်တို့၌ ကမ္ဘဝါဒ အခြေပြု ကာ ကမ္ဘဝါဒီဂိုဏ်းတည်ထောင်လျက် သာသနာပြုစု အားထုတ်တော်မူခဲ့လေသည်။

ထိုဆရာတော် ၂-ပါးတို့၏ အကြောင်းအတ္ထုပ္ပတ်များကို မန္တလေးတောင်ပြင် မိုးထားတိုက် စာချဆရာတော် ဦးပညိန္ဒထံမှ ကြားရဖူးသည်ကား ဆိုခဲ့ပြီး ဆရာတော်ဘုရား ကြီး ၂-ပါးတို့ စာသင်သားအဖြစ်ဖြင့် အမြို့မြို့ အရွာရွာသို့ သွားရောက်ကာ ပညာဆည်းပူး တော်မူကြစဉ် အမရပူရမြို့တော်ဟောင်း မြသိန်းတန်တိုက်တွင် ၎င်းမြသိန်းတန်ဆရာတော်

ဘုရားကြီးအထဲ၌ အတူတကွ စာသင်ကြားကြသောအခါ အခွင့်ရသည့်အားလျော်စွာ ဋီကာကျော်တက်ကြ၍ ၎င်းပဏ္ဏာမအဖွင့်၌—

အဘိဝါဒိယာတိ ဝိသေသတော ဝန္ဒိတွာ၊ ဘယလာဘကုလာစာရာဒိဝိရဟေန သက္ကစ္စံ အာဒရေန ကာယဝစီမနောဒွါရေဟိ ဝန္ဒိတွာတိ အတ္ထော—

ဟူသော အဘိဝါဒိယပုဒ်ကို ဖွင့်ပြရာ 'ကာယဝစီမနောဒွါရေဟိ ဝန္ဒိတွာတိ အတ္ထော' 'ကာယဒွါရ ဝစီဒွါရ မနောဒွါရတို့ဖြင့် ရှိခိုးပြီး၍'ဟု အနက်အဓိပ္ပါယ်ပြသောကြောင့် ဩကာသဝန္ဒနာ ကန်တော့ရှိခိုးရာ၌ ကာယကံ, ဝစီကံ, မနောကံ-ဟု ကံအားဖြင့် ရှိခိုးကြသည်မှာ မှားယွင်းချွတ်ချော် အနက်အဓိပ္ပါယ် မသင့်တော်ကြောင်း အုတ်ဖိုဆရာတော်လောင်း အရှင်ဥက္ကံသမာလာက အယူရှိ၍–

ကျီးသဲလေးထပ်ဆရာတော်လောင်း အရှင်မုနိန္ဒာဘိဓဇ-ကမူကား ကမ္မပထမြောက်ကံ ၃-ပါးသို့ရောက်အောင် ပြစ်မှားကျူးလွန်သော ကံ ၃-ပါးကို ပပျောက်စေရန် ကန်တော့ရှိခိုးခြင်းဖြစ်၍ ပြစ်မှားကျူးလွန်သော စေတနာကံသာ ပပျောက်စေခြင်း၊ ၎င်းကံ နောက်ထပ်တဖန် မဖြစ်ပွါးစေခြင်းအကျိုးငှါ ဖြစ်သောကြောင့် ရှေးက ပုဂ္ဂိုလ်ကျော်မထေရ်မြတ်တို့ ဆုံးဖြတ်ရေးသားခဲ့ကြ၍ အများရှိခိုးကန်တော့ကြသော ဩကာသဝန္ဒနာကား မမှား-ဟု အယူရှိခဲ့လေသည်။

ထိုသို့ စာပေသင်ကြားစဉ်အခါကပင် ဝိဝါဒဖြစ်ပွါးခဲ့ကြ၍ ထင်ရှားပြန့်ကျယ်ခြင်း မရှိခဲ့သေးသော်လည်း ထိုဆရာတော် ၂-ပါးဖြစ်မည့် အရှင်များသည်ကား "၎င်းတို့ဝါဒအသီးသီးကို ၎င်းတို့အတည်ကျသော ဌာနသို့ရောက်က ဟောပြထုတ်ဖော် ကြွေးကြော်ထင်ရှားစေမည်"ဟူသော အာသီသ အသီးသီးရှိတော်မူကြသည့်အတိုင်း အရှင်ဥက္ကံသမာလာဆရာတော်မထေရ်မြတ်သည် ၎င်းသီတင်းသုံးတော်မူရာ အုတ်ဖိုနယ်မှစ၍ အနီးအနား အင်္ဂပူ, ဟင်္သာတ, ဇလွန်, ဓနုဖြူ-စသော မြို့နယ်များသို့ ၎င်း၏ဝါဒပြန့်ကျယ်စေကာ ဒွါရဝါဒီသာသနာ ပြုစုတော်မူ၍–

ကျီးသဲလေးထပ်ဆရာတော် အရှင်မုနိန္ဒာဘိဓဇမထေရ်မြတ်သည်လည်း ၎င်း၏ မြို့နယ် ကျီးသဲလေးထပ်ကျောင်းကြီး၌ သီတင်းသုံးတော်မူကာ ၎င်း၏ အယူဝါဒဖြစ်သော ကမ္မဝန္ဒနာဖြင့် ပြည်, ရွှေတောင်, ကမ္မ-စသော အနီးအနားမြို့နယ်များသို့ ပျံ့နှံ့စေကာ သာသနာပြုစုတော်မူလေသည်။

ထိုဆရာတော်ကြီး ၂-ပါးတို့ အသီးသီးအားဖြင့် မိမိတို့အယူဝါဒများကို အရင်းထားကာ အောက်မြို့ကျေးရွာများ၌ သာသနာပြုစုတော်မူခဲ့ကြရာ ကမ္မဝါဒီဂိုဏ်းသည်ကား ရှေးရှိနှင့်ပြီးဖြစ်သော သံဃာများနှင့် သမ္ဘောဂသံဝါသမပြား အညီအညွတ်နေထိုင်ကြကာ သုဓမ္မာ

ဆရာတော်များ၏ ဩဝါဒအတိုင်းပင် နေထိုင်တော်မူကြပြီး ကံဂိုဏ်း, အမျှားဂိုဏ်း စသည် အမည်မျှ အောက်နိုင်ငံမှာ တွင်ကျယ်ခဲ့ကြ၍ ဒွါရဝါဒီမထေရ်များမှာကား အခြားသုဓမ္မာ ကံဂိုဏ်းများနှင့် သမ္ဘောဂသံဝါသ မတူညီကြဘဲ ကံကြီး, ကံငယ် ခွဲခြားလျက် ဂိုဏ်းသီးခြား အဖြစ်ဖြင့် ၎င်းတို့ဝါဒအတိုင်း ဒွါရဝါဒီဂိုဏ်း တည်ထောင်ကာ သာသနာပြုကြလေကုန်၏။

ထိုဒွါရဂိုဏ်းကြီး၏ မဟာနာယက အရှင်ဥက္ကံသမာလာ မဟာထေရ်မြတ်သည်ကား မင်းတရားကြီးလက်ထက်ကပင် အောက်နိုင်ငံမှာ သီတင်းသုံးတော်မူလျက် ၎င်းဝါဒများ ဖြန့်ဖြူးပြန့်နှံ့စေကာ မြို့ရွာအသီးသီးတို့၌ အယူဝါဒသီးကြသောသူများ အငြင်းဖြစ်ပွါး ကြသည့်အတိုင်း မန္တလေးရတနာပုံနေပြည်တော်မှ ထင်ပေါ်ကျော်ကြားသည့် သင်္ဂဇာ ဆရာတော်ဘုရား ကြွရောက်တော်မူသောအခါ ကြားနေ အယူဝါဒမသီးကြသူ ဒကာများ လျှောက်ထားချက်အရ ၎င်းတို့အယူဝါဒအား မဆန့်ကျင်သော ဝိနိစ္ဆယများဖြင့် ဟောကြား ဆုံးမတော်မူခဲ့ကြရကုန်၏။

၁,၂၄၁-ခုနှစ်၊ စစ်တွေမြို့ အနောက် ပေါက်တောချောင်တောရ၊ နာစီဘုန်းတော် ကြီး လျှောက်ထားတောင်းပန်အပ်သော အလင်္ကာဒုဿီလနှင့်စပ်သော ပုစ္ဆာ ၁၀-ချက်၏ အဖြေဖြစ်သော အုတ်ဖိုဆရာတော်ဘုရား ရေးသားတော်မူသည့် ဝါဒါနုဝါဒ-အနုဓမ္မ စာတမ်းကို ထောက်ဆ၍ မင်းတရားကလေးလက်ထက်သို့ ကျသောအခါ အောက်ပြည် မြို့ရွာအချို့တို့၌ အယူဝါဒကြီးပွါး အငြင်းအခုံများလျက် ၎င်းတို့ဝါဒဆိုင်ရာ ဝိနိစ္ဆယများ အမျိုးမျိုး ရေးသားဆုံးဖြတ်ကြကုန်၏။

ထိုသို့ အယူဝါဒ မတူကြသဖြင့် ဝိဝါဒဖြစ်ပွါးခြင်းတို့ကား မြတ်စွာဘုရားလက်ထက် တော်နှင့် ဈေးအရိယာခေတ်များ၌ပင် ထင်ရှားဖြစ်ဖူးခဲ့ကြ၍ သာသနာတော်နောက်ပိုင်း အသိဉာဏ် မနက်ရှိုင်းသောခေတ်မှာမူ အယူမမျှ ဝိဝါဒဖြစ်ပွါး ရေးကထက် များပြားလာ ခြင်းမှာ ထူးခြားသောအခြင်းအရာ အဖြစ်အပျက်များ မဟုတ်ကုန်။

ထိုဒွါရဝါဒီဂိုဏ်းကြီး၏ မဟာနာယက ဂဏဦးကိုင်ဖြစ်တော်မူသော အရှင်ဥက္ကံသ- မာလာမထေရ်မြတ်သည် ငယ်ရွယ်စဉ်အခါ ပညာဗဟုသုတ ရှာမှီးကြစဉ်မှာပင် သိက္ခာ သီလလေးစား၍ ရွှေကျင်ဆရာတော်ငယ်စဉ်က အမရပူရမြို့တော်ဟောင်း စပါးတွင်းတိုက်၌ စာပေသင်ကြား အားထုတ်နေသောအခါ ထိုဆရာတော်များဖြစ်ကြမည့် အရှင် ၂-ပါး အတူတကွ နေထိုင်ကြပြီး သီလသိက္ခာ ဝိနည်းတရားတော်နှင့်ညီစွာ သာသနာတော် စင်ကြယ်ရေး ဆွေးနွေးတော်မူဖူးသည်-ဟု တဆင့်စကား မှတ်သားလာခဲ့ကြ၍ ၎င်းမှာ မှတ်တမ်းပင် မရှိစေကာမူ ၎င်းဆရာတော် ၂-ပါး ငယ်စဉ်က အတူတကွ နေထိုင်တော်မူကာ

သီလသိက္ခာ စင်ကြယ်ရေးများ ဆွေးနွေးတော်မူဖူးကြကြောင်းမှာ ၎င်းဆရာတော်ကြီး ၂-ပါး တို့ အသီးသီးဖြစ်တော်မူကြငြားသော်လည်း သီလသိက္ခာ ဒေသနာအယူအဆ တူမျှ တော်မူကြသည်ကို ထောက်ဆ၍ ဟုတ်မှန်နိုင်သည်-ဟု မှတ်သားအပ်ကုန်၏။

ထိုဒွါရနိကာယဂဏဦးစီး ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်ပိဋကတ် နှံ့စပ် တော်မူသည့်အားလျော်စွာ နည်းနာနယ ကျနစွာ ကျမ်းဂန်ထွင်းဖောက် ကူးမြောက်စေရန်-

- လဒ္ဒေါပဒေသ ဖော်ပြရေးသားတော်မူအပ်သော အာချာတ်သာမိနိယာမ်အဖြေကျမ်းကြီး၊
- အနက်သွား အဓိပ္ပါယ် ဆန်းကြယ်စွာ ရေးသားအပ်သော လက္ခဏစိတြယောဇနာ မည်သော ကစ္စည်းသုတ်နက်ကျမ်း၊
- အမေးပုစ္ဆာရှိသည့်အားလျော်စွာ ဖြေကြားအပ်သော ဝါဒါနုဝါဒ အနုဓမ္မစာတမ်း- စသော ဝိနိစ္ဆယကျမ်းများ၊
- အဓိပ္ပါယ်အနက် လေးနက်ဆန်းကျယ်စွာ ရေးသားအပ်သော ဂုဏ်တော်ဖွင့် ဗုဒ္ဓဝန္ဒနာ- စသောကျမ်းများ ရေးသားတော်မူခြင်း-စသော ပရိယတ်သာသနာတော်၏ အခြေခံ ကျမ်းဂန်များ အားထုတ်ပြုစုရေးသားတော်မူခြင်း၊

၎င်းဂိုဏ်းသံဃာများအား ဝိနည်းသိက္ခာ အထူးလေးစား အားထုတ်ကျင့်ကြံ စေခြင်း-တည်းဟူသော ပဋိပတ်တရားကိုလည်း ကြီးပွါးစေခြင်း စသည်ဖြင့် သာသနာရေး, သာသနာမှု ပြုစုအားထုတ်တော်မူခဲ့လေသည်။

ထိုမှတပါးလည်း ဆရာတော်ဘုရားကြီး၏ အဆက်အနွယ်မပျက် ဆက်လက်ပြုစု တော်မူကြသော ဆရာတော်မထေရ်ကြီးတို့မှာ ဟင်္သာတရေလယ်ဆရာတော်၊ လယ်တီ ဆရာတော်၊ ခနဲဖြူဆရာတော်-စသော ဂဏနာယက ဆရာတော်ကြီးများသည် ဆရာတော် ဘုရားကြီး၏ အစဉ်အလာအတိုင်း ဂိုဏ်းဂဏတာဝန်များကို အားသွန်ကြိုးပမ်း ပြုစုတော် မူကြသဖြင့် ၎င်းဂိုဏ်းကြီးမှာ အောက်ပြည် တိုင်းနယ်များ၌ များသောအားဖြင့် တည်ထွန်း ကြီးပွါးလျက် ယနေ့ထက်တိုင် ရှိကြကုန်၏။ ဤမျှဖြင့် ဒွါရနိကာယဂိုဏ်းကြီး ဖြစ်ပွါးခြင်း နှင့် ပွါးစီးလာကြောင်း။

(တင်ပြချက် ပြီး၏)။

✪ ✪ ✪ ✪ ✪

## အင်္ဂလိပ်မင်းများနှင့် မြန်မာနိုင်ငံသာသနာ

မြန်မာနိုင်ငံတော်ကြီး၌ သာသနာတော်ရောင် တပြောင်ပြောင်ထွန်းပလျက် သာသနာ့ဒါယကာ မဟာမင်းမျိုးတို့ အုပ်စိုးပိုင်သစဉ် သာသနာ့နိုင်ငံတော်ကြီး အထူးသဖြင့် ပွါးစီးတင့်တယ် စင်ကြယ်ကောင်းမွန်၍ နေဆဲအခါ နိုင်ငံတော်၏ကံကြမ္မာ တိမ်းမှောက်သဖြင့် အင်္ဂလိပ်မင်းများလက်အောက်သို့ ရောက်သွားခဲ့ရာ သာသနာတော်လည်း ပွါးစီးတိုးတက်ခြင်းမှ တန့်ရပ်သကဲ့သို့ ရှိစေကာမူ အယူဝါဒဘာသာရပ်များ ထင်ရှားအောင် ဖျက်ဆီးခြင်း မရှိ၊ မိမိတို့ဝါဒအတိုင်း အားထုတ်ခွင့်ရကြသည့်အပြင် တိုင်းသူပြည်သားတို့ နှစ်ခြိုက်သော အလိုဆန္ဒ လိုက်လျောကာ အုပ်စိုးလာခဲ့ကြလေသည်။

- ဘာသာရေးဘက်များ၌လည်း ရှေးမြန်မာမင်းများ ထုံးတမ်းစဉ်လာအရ သာသနာရေးအမှုကိစ္စတို့၌ ကြည့်ရှုခြင်း၊
- သာသနာပိုင် ခန့်အပ်တော်မူကာ သာသနာ့မြေ, အဆောက်အအုံများကို စောင့်ရှောက်ထားခြင်း၊
- ပရိယတ်သာသနာ ပညာဗဟုသုတ ချီးမြှောက်သောအားဖြင့် ၁,၂၅၈-ခုနှစ်က စ၍ ရှေးမြန်မာမင်းများ နယုန်လ၊ စာတော်ပြန်ပွဲ ကျင်းပပြုလုပ်သကဲ့သို့ ၎င်းလ၌ ပထမပြန်စာမေးပွဲ ကျင်းပခြင်း၊

၎င်း၌ အငယ်တန်း, အလတ်တန်း, အကြီးတန်း, အကျော်တန်း-ဟူ၍ ၄-တန်း ပိုင်းခြားကာ အောင်မြင်သော ပုဂ္ဂိုလ်တို့အား အငယ်-၅၀၊ အလတ်-၇၅၊ အကြီး-၁၀၀၊ အကျော် ၁၅၀-တန် အနာမာသဝတ္ထုတို့ဖြင့် ချီးမြှင့်ထောက်ပံ့ခြင်း စသော သာသနာဘက်ဆိုင်ရာ စည်းမျဉ်းဥပဒေအရ ဘဏ္ဍာတော်များ သုံးစွဲလာခဲ့ကြလေသည်။

ထိုသို့ ထောက်ပံ့ချီးမြှောက်သဖြင့်လည်း သာသနာ၏မူလဘူတဖြစ်သော ပရိယတ်သာသနာတော်ကြီး အရပ်ရပ်အနယ်နယ်မှာ တိုးပွါး, စာသင်တိုက်များလည်း ထွန်းကားလျက် ပရိယတ်သင်ကြား အားထုတ်သောရဟန်း, သာမဏေများလည်း များပြားလာကာ သာသနာဆက်လက် တည်တံ့ဖြစ်ထွန်းလာသည့်အပြင် သာသနာတန်ခိုးအားဖြင့် အခြားအသင်းအဖွဲ့များလည်း ဖွဲ့စည်းပြီး အစိုးရနည်းတူ စာပြန်ပွဲသဘင်များ ဆင်ယင်ကျင်းပ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်ကြလေသည်။

ထိုပရိယတ္တိအသင်းကြီးများ ဖြစ်ပွါးလာခဲ့ကြသည်တွင် မြန်မာနိုင်ငံတော်၌ ထင်ရှားသောအသင်းကြီးမှာ -

မန္တလေး ပရိယတ္တိသာသနဟိတ အသင်းကြီးဖြစ်၍ ၎င်းအသင်းကြီးကို မြန်မာဘုရင်မင်းဧကရာဇ်များ မရှိကြသော်လည်း ၎င်းအစား သာသနာတော် ချီးမြှောက်သော အားဖြင့် မန္တလေးရှိ မှူးတော်, မတ်တော်အရာရှိများနှင့်တကွ မြို့ပေါ်ရှိ လူကြီးလူကောင်း သာသနာ့ဒါယကာအပေါင်းတို့ စုပေါင်းစည်းဝေးကြပြီးလျှင် ယခင်ရှေးအခါ မြန်မာဘုရင်များနည်းအတူ ပရိယတ်သာသနာတော် တိုးတက်စည်ပင်ရန် ရည်သန်ရင်းဖြင့် သာသနာ ၂,၂၄၂-ခု၊ ကောဇာ ၁,၂၆၁-ခုနှစ်က စ၍ တည်ထောင်ပြီး မန္တလေး၊ ၄-ပြင်, ၄-ရပ်ရှိ ကျောင်းတိုက်တော်ကြီးများ၌ ပရိယတ္တိဓမ္မ ပို့ချတော်မူကြသော ဆရာတော်ကြီးများကို လစဉ် ဟင်းကျွေးဟင်းလျာ ပြည့်စုံစွာဖြင့် ဆွမ်းဆန်တော် လှူဒါန်းထောက်ပံ့ခဲ့ကြလေသည်။

၎င်းနောက် ထိုအသင်းကြီး၏ အင်အားပြည့်ဖြိုးအောင် အသင်းဝင်လူကြီးမင်းများ ကြံဆောင် အားထုတ်ကြပြီးလျှင် —

၁,၂၆၅-ခုနှစ်၊ နယုန်လကို အစပြု၍ ပရိယတ္တိအခြေခံဖြစ်သည့် —

၁။ ဝိနည်း — ဒွေမာတိကာ

၂။ သဒ္ဒါ — သဒ္ဒါကြီး, ပုဒ်စစ်, သဒ္ဒါစစ်, သံဝဏ္ဏနာ, နည်း-၄၀

၃။ ဂါထာ — ဘေဒစိန္တာ, ကစ္စာယနသာရ, ဆန်း, အဘိဓာန်

၄။ အဘိဓမ္မာ— သင်္ဂြိုဟ်, ဋီကာကျော်

၅။ ညဝါ — မာတိကာ, ဓာတုကထာ, ယမိုက် အောက် ၅-ကျမ်း —

စသော သင်ရိုးကျမ်းများကို ရွေးချယ်၍ သီးခြား စာသင်တန်းအဖြစ်ဖြင့် ပရိယတ္တိသာသနဟိတ စာမေးပွဲသဘင်ကြီးကို ဆင်ယင်ကျင်းပခဲ့ကြလေသည်။

ထိုစာသင်တန်းစာမေးပွဲ အောင်မြင်သော ရဟန်းတော်တို့အား ၅-နှစ်ပိုင်းခြား၍ ပိဋကတ် ၃-ပုံ၏ အခြေခံသင်ရိုးဖြစ်ကြသော —

၁။ ဝိနည်း — ပါရာဇိကဏ်အဋ္ဌကထာ

၂။ သုတ္တန် — သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ

၃။ အဘိဓမ္မာ — အဋ္ဌသာလိနီအဋ္ဌကထာ —

ဟု ဆိုအပ်သော သင်ရိုးအဋ္ဌကထာကြီး ၃-ကျမ်းကို ကောင်းစွာတတ်မြောက်ချပို့ သင်ကြားပေးခြင်းငှါ စွမ်းဆောင်နိုင်သော စာချပုဂ္ဂိုလ်ဖြစ်ထွန်းရန် ရည်ရွယ်၍ လစဉ်ထောက်ပံ့ပြီး ၁,၂၆၇-ခုနှစ်မှစ၍ ၎င်းအဋ္ဌကထာကြီး ၃-ကျမ်းကို သီးခြား စာချတန်းစာမေးပွဲကြီး

ပြုလုပ်ကာ ထိုစာမေးပွဲ အောင်မြင်သောရဟန်းတော်တို့အား 'ပရိယတ္တိသာသနဟိတဓမ္မာစရိယ'ဟူသော ဘွဲ့တံဆိပ်ကပ်လှူပြီး မန္တလေးမြို့တော်မှာ နေ၍ စာချနေသမျှကာလပတ်လုံး လစဉ် နိစ္စဘတ်ဝတ်များ ထောက်ပံ့လှူဒါန်း ချီးမြှောက်ခဲ့လေသည်။

ဤသို့အားဖြင့် မန္တလေး ပရိယတ္တိသာသနဟိတအသင်းကြီးသည် ယခုထက်တိုင် ပရိယတ္တိသာသနာတော်ကြီးကို ချီးမြှောက်ထောက်ပံ့ ပြုစုအားထုတ်လျက် ရှိလေသည်။

## ရန်ကုန်မြို့တော် စေတိယင်္ဂဏပရိယတ္တိသာသနဟိတအသင်း တည်ထောင်ခြင်းအကြောင်း

မြန်မာမင်းဧကရာဇ်များ မရှိသည့်နောက် မန္တလေးမြို့တော်၌ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့သကဲ့သို့ အင်္ဂလိပ်မင်းလက်ထက် အောက်မြန်မာနိုင်ငံတော်-ဟု ဆိုအပ်သော ရန်ကုန်မြို့တော်၌လည်း မန္တလေး ပရိယတ္တိသာသနဟိတအသင်းကြီး၏ နည်းစံနစ်များအရ ရွှေတိဂုံစေတီတော်ရင်ပြင်တွင် တည်ထောင်ဖွဲ့စည်းသည်ကို အကြောင်းပြု၍ 'စေတိယင်္ဂဏပရိယတ္တိသာသနဟိတ'အသင်းကြီးကို ၁,၂၇၅-ခုနှစ်တွင် အစပြု တည်ထောင်လျက် ပရိယတ္တိသာသနာ တိုးတက်ရာ တိုးတက်ကြောင်း ရည်ရွယ်လျက် ၁,၂၈၀-ပြည့်နှစ်၊ အစပြုပြီး မန္တလေး ပရိယတ္တိသာသနဟိတအသင်း စည်းမျဉ်းအရ —

- စာသင်တန်း စာလျှောက်မေးခွန်းနှင့်
- စာချတန်း စာလျှောက်မေးခွန်း–

ဟူသော စာမေးလျှောက်ခန်း ၂-ရပ်ကျင်းပကာ အောင်မြင်တော်မူကြသော ရဟန်းတော်တို့အား လှူဒါန်းဖွယ်ဝတ္ထုတို့ဖြင့် ဆက်ကပ်လှူဒါန်းသည့်အပြင် လစဉ် နိစ္စဘတ်ဝတ်ဖြင့်လည်း လှူဒါန်းထောက်ပံ့ခဲ့ကြလေသည်။

၎င်းပြင် ၎င်းအသင်းကြီးက အထူးအားဖြင့် "ဝိနယော ဌိတေ သာသနံ ဌိတံ" "ဝိနည်းတည်မှ သာသနာတည်သည်"ဟူသော ကျမ်းဂန်လာ စကားအရ ဝိနည်းသာသနာတော် ခိုင်မြဲစွာ တည်ရာတည်ကြောင်းကို အရင်းမူလထား၍ —

ဝိနည်းငယ် ၄-ကျမ်းပါဠိနှင့် ဝိနည်းပါဠိတော် ၅-ကျမ်းတို့ကို —

ပြန်ဆိုစွမ်းနိုင်သလောက် နှုတ်လွတ်ပြန်ဆိုရသော ဝိနည်းအာဂုံပြန်ပွဲကိုလည်း အထက်ပါ စာလျှောက်မေးပွဲအပြင် အသီးအခြား စာပြန်ပွဲကြီး ကျင်းပပြုလုပ်၍ အောင်မြင်ကြသော ပုဂ္ဂိုလ်တို့အား တတ်စွမ်းသမျှ လှူဒါန်းပူဇော်ကြလေသည်။

ဤသို့လျှင် မန္တလေး ပရိယတ္တိသာသနဟိတအသင်းကြီးနှင့် ရန်ကုန် စေတိယင်္ဂဏ ပရိယတ္တိသာသနဟိတအသင်းကြီးတို့သည် ပရိယတ္တိသာသနာတော်မြတ်၏ ကြီးပွါးတိုးတက်ကြောင်း ထက်သန်သောသဒ္ဓါတရား ရှေ့ထားကာ သာသနာတော်မြတ်ကို ချီးမြှောက်ပြုစုလေသည်။

## အခြားသာသနာကြီးပွါးရေး အသင်းအဖွဲ့များ

ထိုမှတပါး ဆိုခဲ့ပြီးသော ပရိယတ္တိသာသနဟိတအသင်းကြီးတို့မှတပါး ရန်ကုန်မြို့ကြီး၌လည်းကောင်း အခြားစီရင်စု ခရိုင်မြို့ကြီးများနှင့် မြို့နယ်များ၌လည်းကောင်း သာသနာတော်၌ ယုံကြည်ကိုးစား၍ ကြီးပွါးခြင်းကို အလိုရှိသော ဥပါသကာ, ဥပါသိကာအပေါင်းတို့သည် သဒ္ဓါရှေ့သွား သာသနာတော် ချီးမြှောက်လိုသော စိတ်ထားဖြင့် ၎င်းပရိယတ္တိသာသနာ ချီးမြှောက်ကြသော –

- **ပရိယတ္တိသာသနာနုဂ္ဂဟအသင်း,**
- **ပရိယတ္တိသဒ္ဓမ္မအသင်း**

အမြို့မြို့အရွာရွာ များပြားလှစွာသောအသင်းများ တည်ထောင်ကြပြီးလျှင် စာမေးပွဲ, စာပြန်ပွဲများ ကျင်းပကြလျက် သာသနာတိုးတက်စည်ပင်ရန် ရည်သန်အားထုတ်ခဲ့ကြလေသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ကြီးကား ကံကြမ္မာဆိုးဝါး၍ လူမျိုးခြား, ဘာသာခြား လက်အောက်သို့ ရောက်ရှိပါသော်လည်း သာသနာတော်မြတ်ကြီး၏ တန်ခိုးတော်အားဖြင့် ရှေးသာသနာပြုမင်းများလောက် ချီးမြှောက်ခြင်းငှာ မစွမ်းနိုင်စေကာမူ နိုင်ငံသူ, နိုင်ငံသားတို့၏ သဒ္ဓါတရားအလိုက် ထိုက်သင့်သလောက် ကြီးပွါးခြင်းသို့ ရောက်ရသည်မှာ သာသနာတော်ကြီး အဖျက်အဆီးခံခဲ့ရသော သီဟိုဠ်ကျွန်းနိုင်ငံကား ပေါ်တူဂီ, ဒတ်(ချ်)တို့လက်အောက် ရောက်ရသည်ထက် သာသနာဘက်၌ သက်သာရာရသကဲ့သို့ ရှိကုန်၏။

သို့သော်လည်း ၎င်းလက်ထက်များ၌ ပရိယတ်သာသနာကြီး မပျက်စီးစေကာမူ ဝိနည်းသိက္ခာပုဒ်များ လေးစားကျင့်ကြံရာ၌ကား ရှေးမင်းများလက်ထက်ကကဲ့သို့ မဟုတ်ဘဲ ချွတ်လွဲတိမ်းပါး မင်းဧကရာဇ်အာဏာများ မရှိသည့်အပြင် မင်းဧကရာဇ်လက်ထက်တော်က တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးတို့၏အာဏာများလည်း မသက်ရောက်သဖြင့် ငယ်ရွယ်သူတို့ သဘာဝအတိုင်း ဝိနည်းသိက္ခာတို့၌ မကိုင်းရှိုင်းတော့ဘဲ ပေါ့လျော့နေထိုင်ကြသော ရဟန်း, သာမဏေငယ်များသာ များပြားလာခဲ့လေသည်။

ဤသို့ အင်္ဂလိပ်ခေတ်မှာ ဝိနည်းအကျင့်သိက္ခာ ဆုတ်ယုတ်ပါသော်လည်း ပရိယတ္တိသာသနာ မဆုတ်ယုတ်လှ၊ ပဋိပတ္တိသာသနာမှာလည်း လယ်တီဆရာတော် စသော မထေရ်ကြီးများ ဟောကြားဖော်ပြ ဆုံးမတော်မူကြသဖြင့် လမ်းစပေါ်ကာ သာသနာ၌ ကြည်ညို လေးမြတ်ကြကုန်သော ရဟန်းတော်များနှင့် သာသနာဂုဏ်ရည် ယုံကြည်ကုန်သော ဥပါ-သကာ, ဥပါသိကာများ အားထုတ်လေ့ကျက်လာကြ၍ ပဋိဝေဓကား ထင်ရှားစွာ မရှိစေကာမူ ကြေညာသတင်း ဖြစ်ပွါးခြင်းရှိလာလျက် သာသနာ ၃-ရပ်အတွက်ပင် ထင်ရှားအောင် မဆုတ်ယုတ်ကြောင်း မှတ်သားအပ်ကုန်၏။

## အင်္ဂလိပ်ခေတ် ထင်ရှားသောဆရာတော် ၂-ပါးအကြောင်း

အထက်ကပြဆိုခဲ့ပြီးသော ဆရာတော်ကြီးများအပြင် ရှေးမြန်မာမင်းဧကရာဇ်များလက်ထက်က စာပေကျမ်းဂန်သင်ကြားတတ်မြောက် ပိဋကဗဟုဿုတ ပေါက်ရောက်တော်မူကြပြီး တောရပ်မှီကာ နေထိုင်တော်မူကြ၍ မထင်ရှားလှဘဲ အင်္ဂလိပ်မင်းများလက်ထက်ရောက်မှ ကျော်ကြားထင်ရှားလာသော မထေရ်ကျော် ၂-ပါးတို့ကား —

- **လယ်တီဆရာတော် အရှင်ဉာဏဓဇမထေရ်**
- **မန်လည်ဆရာတော် အရှင်ဇဝနမထေရ်**–

တို့ဖြစ်ကြ၍ ၎င်းမထေရ်ကြီး ၂-ပါးတို့မှာ ဂိုဏ်းဂဏအသီးအခြားပင် မဟုတ်စေကာမူ လယ်တီဂိုဏ်းသား, မန်လည်ဂိုဏ်းသား-ဟု အသီးအခြားကဲ့သို့ မှတ်သားကြကုန်၏။

ထို ၂-ပါးတို့တွင် လယ်တီဆရာတော်ဘုရားကြီးကား သက္ကရာဇ် ၁,၂၀၈-ခုနှစ်မှာ ဖွားမြင်တော်မူ၍ အစဉ်သဖြင့် ကျောင်းသားသာမဏေအဖြစ်သို့ ရောက်ရှိပြီးလျှင် ပဥ္စမသံဂါယနာတင် မင်းတရားကြီးလက်ထက် ပရိယတ္တိဝိသာရဒဖြစ်၍ အထူးအားဖြင့် စာပေပို့ချခြင်း၌ ထင်ရှားတော်မူသော 'သုဒဿနဇေအတုလမိပတိသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု' ပဌမတံဆိပ်တော်ရ စံကျောင်းဆရာတော်ဘုရားကြီးအထံတွင် ပညာဗဟုဿုတ သင်ကြားအားထုတ်လျက် ထိုဆရာတော်ဘုရားကြီးလက်ထက်မှာပင် စာပေပို့ချကာ မင်းတရားကလေး လက်ထက်ကျအောင် နေထိုင်ပြီး မန္တလေးမြို့တော်မှ ထွက်ခွာကာ မုံရွာမြို့၊ မြောက်ဘက် လယ်တီတောရကျောင်းတိုက်ကြီး တည်ထောင်တော်မူပြီး စာပေပို့ချကာ သာသနာပြုစုအားထုတ်တော်မူလျက် သီတင်းသုံးတော်မူခဲ့လေသည်။

ထိုဆရာတော်ဘုရားကြီးသည် ရှေးက ဝါကျသိပ်သည်း၍ နည်းမှီးအားထားခဲ့ကြသော အဘိဓမ္မတ္ထသင်္ဂဟအဖွင့် ဋီကာကျော်-ဟု တွင်သော အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၌ ဖော်ပြသော အချို့သောအချက်စုကို ပယ်ချကာ ပရမတ္ထဒီပနီမည်သော ဋီကာသစ်ကို ရေးသားစီရင်, ဋီကာကျော်ကို ပယ်ရာတွင်မှ စာပေကျမ်းဂန် ထင်ရှားတတ်မြောက်ကြသော ဆရာတော်များကလည်း ၎င်းပယ်ချက်များ မသင့်ကြောင်း ၎င်းဋီကာသစ်ကို တုံ့ပြန်ပယ်ဖျက်တွန်းလှန်သော ဋီကာများလည်း ရေးသားလာကြ၍ ၎င်းတို့အတွက် ဋီကာသစ်ကား ထင်ရှားလာခဲ့လေသည်။

ထိုမှတပါး ဆရာတော်ဘုရားကြီးကား ပဋိပတ်တရားကို ကိုယ်တိုင်လေ့လာဆည်းပူးအားထုတ်တော်မူကာ ပဋိပတ်ဆိုင်ရာ မြန်မာဘာသာသက်သက်ဖြင့် ဝိပဿနာဒီပနီ, အာနာပါနဒီပနီ, ဥတ္တမပုရိသဒီပနီ-စသော ဒီပနီကျမ်းများစွာတို့ကို ရေးသားတော်မူပြီးလျှင် ယခုဘုရားရှင် သာသနာတော်၌ တရားတော်မြတ်ကို ရဟန်း, ရှင်လူ, ဥပါသကာ, ဥပါသိကာအများ အားထုတ်အပ်ကြောင်း ၎င်းဝိပဿနာ၏အခြေခံ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ရုပ်, နာမ်တရား ခွဲခြားစိတ်ဖြာ ဝိပဿနာတရားတို့ကို အမြို့မြို့အရွာရွာသို့ လှည့်လည်၍ ဟောပြောနှိုးဆော်လျက် ပဋိပတ်သာသနာတော်ကြီး တိုးတက်ရန် ရည်သန်အားထုတ်ပြုစုတော်မူသဖြင့် မြန်မာနိုင်ငံတော် အထက်,အောက် ပြန့်နှံ့ကျော်စောတော်မူခဲ့လေသည်။

ထိုဆရာတော်ဘုရားကြီးသည် ပဋိပတ်တရား ဟောကြားတော်မူခြင်းအားဖြင့် ကျော်ကြားထင်ရှားလာသောအခါ များစွာသော ဆရာတော်ဘုရား၏တပည့်တပန်းများအပြင် အခြားသော ဓမ္မကထိကများတို့သည်လည်း ဆရာတော်ဘုရား၏ ဌာနအမည်ဖြစ်သော လယ်တီဂုဏ်ပုဒ်ကို ဦးတည်၍ ဆရာတော်ဘုရား ဟောပြောချက်များ အတုလိုက်ဟောပြောကြကာ လယ်တီဓမ္မကထိက-ဟု အမည်တပ်ကြကုန်၏။

၎င်းဆရာတော်ဘုရားကြီးသည် ၁,၂၇၆-ခုနှစ်တွင် အင်္ဂလိပ်မင်းများ ချီးမြှင့်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတတံဆိပ်ကို ခံယူတော်မူပြီးလျှင် နောက်ထပ်လည်း စာပေကျမ်းဂန်တို့၏ဘွဲ့တံဆိပ်ဖြစ်သော ဒီ-လစ်(တ်) (ဒေါက်တာ အော့ဖ် လစ်တြေချား)၊ ကျမ်းဂန်ပါရဂူဘွဲ့ကြီးကို ခံယူတော်မူပြီးလျှင် သာသနာတော်ကြီးကို မဆုတ်မနစ် ပြုစုအားထုတ်တော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် သာသနာရေး, သာသနာမှုတို့၌ မဆုတ်မနစ် အားသစ်တော်မူကာ ဘာသာအရပ်ရပ်ဖြင့် တိုင်းနိုင်ငံအသီးသီးသို့ မွန်မြတ်သော ဗုဒ္ဓဘာသာကြီးပြန့်နှံ့ရေး တွေးဆဆင်ခြင်တော်မူကာ -

- နိုင်ငံခြားသာသနာပြုအသင်း

- နာနာရဋ္ဌသာသနာနုဂ္ဂဟသမာဂမ –

အဖွဲ့ကြီး ဖွဲ့စည်းတော်မူပြီး များစွာသော ဒီပနီကျမ်းများကို အင်္ဂလိပ်ပြန်ဆိုရန်နှင့် ၎င်းတို့ကို အနိုင်နိုင်ငံသို့ ဖြန့်ဝေရန် ရည်သန်တော်မူရင်းရှိသည့်အတိုင်း ၎င်းအဖွဲ့ဝင်ဆရာတော် တစ်ပါးဖြစ်သော မစိုးရိမ်တိုက်၊ပဌမကျော်၊အဂ္ဂမဟာပဏ္ဍိတ၊အရှင်ဉာဏမထေရ်သည် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားအပ်သော –

- **ဝိပဿနာဒီပနီ** (မင်းညျူယလ် အော့ဖ် အင်ဆိုက်တ်)

- **ပဋ္ဌာနုဒ္ဒေသဒီပနီ** (ဖီလိုဆိုဖီ အော့ဖ် ရီလေးရှင်း)

- **နိယာမဒီပနီ** (လော အော့ဖ် ကော့စမစ်အော်ဒါ) ကျမ်းများ–

အနောက်နိုင်ငံများသို့ ဖြန့်ချိနိုင်လေသည်။

ဤသို့အားဖြင့် ဆရာတော်ဘုရားကြီး၏ဂုဏ်သတင်းများသည် ဥရောပတိုက်သို့ တိုင်အောင် ပျံ့နှံ့ကျော်ကြားတော်မူသဖြင့် လန်ဒန်ပါဠိဒေဝီ မစ်(စ်)ရိုက်စ်ဒေးဗစ်သည် ယမိုက်အဘိဓမ္မာနှင့်စပ်ဆိုင်သော များစွာသော အမေးပြဿနာများ လျှောက်ထားသည့် အတိုင်း ၎င်းတို့ကိုဖြေဆိုသော ဥရောပအလင်းကျမ်းစသည် ရေးသားပြန်ဆိုစေကာ ဥရောပ သို့ အလင်းရောင်ရောက်စေသည့်အတွက် ဥရောပပညာရှိများ နှစ်သက်သောကြောင့် ဒီ လစ်တ် (ဒေါက်တာ အော့ဖ် လစ်တြေချား) (ကျမ်းဂန်ပါရဂူဘွဲ့ကြီး) ချီးမြှင့် လျှုဒါန်းဆက်ကပ် တော်မူလေသည်။

ဤသို့ အနောက်နိုင်ငံသားများ ဗုဒ္ဓတရား လေ့လာလိုက်စားကြသောအခါ ဘာသာ အမျိုးမျိုးဖြင့် ပြန်ဆိုအပ်သောတရားတော်တို့၏ အတိအကျ သဘာဝအမှန်သို့ မရောက်ကြ သဖြင့် မူလဟောတော်မူရင်း ပါဝစနဖြစ်သော ပါဠိဘာသာကြီးကို လိုက်စားလေ့လာ ကြလျက် အနက်အဓိပ္ပါယ် အမှန်အကန်သိရှိကြရန် ကြိုးစားလာကြကာ အင်္ဂလန်၌ ပါဠိ ဘာသာအသင်းကြီး ဖွဲ့စည်းတည်ထောင်လာကြသောကြောင့် ဆရာတော်ဘုရားကြီးသည် နိုင်ငံခြားသာသနာပြုအသင်းကြီးနှင့် ဆွေးနွေးတော်မူကာ–

- မန္တလေး၊ မစိုးရိမ်ဆရာတော်၊ အရှင်သောမ၊ အဂ္ဂမဟာပဏ္ဍိတ
- ၎င်းတိုက်၊ အရှင်သူရိယ၊ ပ-သ-အ ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ
- ၎င်းတိုက်၊ အရှင်ရာဇိန္ဒ၊ ပ-သ-အ ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ

- ၎င်းတိုက်၊ အရှင်ဉာဏ၊ ပဋ္ဌမကျော်၊ အဂ္ဂမဟာပဏ္ဍိတ –

ဆရာတော်များပါဝင်သော, ဆရာတော်ဘုရားကြီးဦးတည်ပြီး ပါဠိအဘိဓာန်အဖွဲ့ကြီး ဖွဲ့စည်းတော်မူခဲ့လေသည်။

သို့သော်လည်း ၎င်းအဘိဓာန်ကြီးကား အထက်ပါဆရာတော် ၄-ပါး ဂန္ထဝါစက ဆရာတော်များနှင့် အားထုတ်ပြုစုစေကာမူ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် မပြီးမပြည့်စုံသဖြင့် မရိုက်နှိပ်သေးဘဲ မြန်မာသက္ကရာဇ် ၁,၂၉၀-ခုနှစ်မှ သဒ္ဒတ္ထရတနာ-ဝလိမဟာပါဠိအဘိဓာနအမည်ရှိသော အဘိဓာန်ကြီးပဋ္ဌမတွဲနှင့် ဒုတိယတွဲ၊ အကာရာဒိမှ က, ကာ-ကာရန္တမျှသာ ရိုက်နှိပ်ခဲ့လေသည်။

၎င်းပြင် ဆရာတော်ဘုရားကြီးသည် ပဋိဝေဓဉာဏ် ရင့်သန်ဖို့ရန်နှင့် ပဋိပတ် စခန်း လမ်းမှန်ကျရောက်ရန်မှာ ပရိယတ်သာလျှင် အခြေခံရှိကြောင်း ကောင်းစွာသိမြင် တော်မူသဖြင့် ဥပါသကာ, ဥပါသကီများကိုပါ ဖြည့်တင်းရန် ရည်သန်တော်မူသည့်အတိုင်း ရှင်ရဟန်းတို့မှာ ပါဠိဘာသာဖြင့် ပရိယတ်သာသနာအခြေခံ အားထုတ်နိုင်ကြသော်လည်း ဥပါသကာ, ဥပါသကီအများ ပရိယတ် လွယ်ကူစွာ သင်ကြားနိုင်ဖို့ ခဲယဉ်းသောကြောင့် ၎င်းတို့အလွယ်တကူသင်ယူနိုင်စေရန် ပရမတ္ထသံခိပ်, သဒ္ဒသံခိပ် စသော သံခိပ်ကျမ်းများ ရေးသားတော်မူကာ လူဥပါသကာ, ဥပါသကီများအတွက် ပရိယတ်ကို သင်ကြားအားထုတ် စေခဲ့လေသည်။

ဤသို့လျှင် ဆရာတော်ဘုရားကြီးသည် တစ်ကမ္ဘာလုံး၌ သာသနာအရောင်အလင်း ကြီး ထွန်းပစေရန် အားထုတ်ကြိုးစားတော်မူလျက် နေတော်မူစဉ်ကပင် ရက်စက်သော သေခြင်းသဘောကား ဂုဏ်တော်တို့ကို မထောက်ထားသကဲ့သို့ ၁,၂၈၅-ခုနှစ် ပျဉ်းမနားမြို့ လယ်တီစံကျောင်းတော်၌ သီတင်းသုံးတော်မူခိုက် ဘဝနတ်နန်းသို့ စံမြန်းပြောင်းရွှေ့ စေခဲ့လေသည်။

ဤမျှဖြင့် အဂ္ဂမဟာပဏ္ဍိတ, ဒီ-လစ်တ် ဘွဲ့ကြီး ၂-တန်ခံယူတော်မူရသော ကျေးဇူးတော်ရှင် လယ်တီဆရာတော်မဟာထေရ်မြတ်၏ သာသနာဝင်ကား များပြားလှ သော်လည်း အခြားသာသနာဝင် အတ္ထုပ္ပတ်များ ရေးသားရန်တာဝန်က အခွင့်မရသော ကြောင့် ရေးလိုသောဆန္ဒနှင့်ပင် အဆုံးသတ်ရပါသတည်း။

## မန်လည်ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ်အကျဉ်း

ဆိုခဲ့ပြီး လယ်တီဆရာတော်ဘုရားကြီးသည် အထက်,အောက်နိုင်ငံများ၌ ပဋိပတ်သာသနာထွန်းကားစေရန် ဟောပြောပြသကာ သာသနာပြုစုနေသောအချိန်မှာ အထက်ပိုင်း တိုင်း, နိုင်ငံ, ခရိုင်၌ အလွန်ထင်ရှားကျော်ကြားတော်မူသော, မန်လည်မြို့၌ သီတင်းသုံးတော်မူသည့် ၎င်းမြို့ဇာတိ မန်လည်ဆရာတော်ဘုရားကြီးသည်လည်း ထက်မြက်စူးရှနက်နဲသောဉာဏ် ပဋိဘာန်ရှိတော်မူကြောင်း၊ ပိဋကတ်ဓမ္မက္ခန်နှင့်တကွ လောကီလောကုတ္တရာကျမ်းဂန်အဝဝ ဂန္ထန္တရ ဘာသန္တရ ကြွယ်ဝပြည့်စုံသော ဗဟုသုတဂုဏ်ရှိတော်မူကြောင်း ဂုဏ်သတင်းများသည် မြန်မာနိုင်ငံမဆံ့ ပျံ့နှံ့တော်မူခဲ့လေသည်။

၎င်းဆရာတော်ဘုရားကြီးသည် ငယ်ရွယ်စဉ်အခါ မန်လည်မြို့၌ ၁,၂၀၃-ခု(နှစ်တွင်)ဖွားမြင်ပြီးနောက် ၁၅-နှစ်အရွယ်ရောက်မှ သာမဏေအဖြစ်သို့ ရောက်၍ မန်လည်မြို့ ဆရာတော် ဦးနန္ဒမဥ္ဇူထံမှာ ပိဋကအခြေခံသင်ရိုးကျမ်းဂန်များနှင့်တကွ သိသင့်သိထိုက်သော ဗဟုသုတဂန္ထန္တရအဖြာဖြာတို့ကို လေ့လာဆည်းပူးတော်မူပြီး လောကီရေးရာ အဖြာဖြာတို့ကိုလည်း လေ့လာတော်မူကာ ကဗျာအရာ၌ကား ပါရဂူဘွဲ့များဖြင့် ချီးမြှောက်ထိုက်အောင်ပင် လျင်မြန်သောဉာဏ် ကျက်စား၍ ထွန်းကားပေါက်ရောက်တော်မူပြီးလျှင် ရှင်သာမဏေအဖြစ်မှ လွန်မြောက် ရဟန်းအဖြစ်သို့ရောက်ကာ အထူးသဖြင့် စာပေသင်ကြားရသည် မရှိဘဲ ဆရာဘုရား၏အရိုက်အရာ စာပေပို့ချ၍သာ နေတော်မူခဲ့လေသည်။

ဤကဲ့သို့ ဉာဏ်, ပဋိဘာန်ထက်သန်စူးရှ လောကီ, လောကုတ္တရာ အရာရာမှာလိမ္မာ ပွန်းတီးတော်မူလှကြောင်း မြန်မာမင်းဧကရာဇ်လက်ထက် မန္တလေးမြို့တော်သို့တိုင်ရောက်အောင်ပင် ကျော်စောသတင်းများ ပျံ့နှံ့လာ၍ မင်းတရားကလေးလက်ထက် ၁,၂၄၃-ခုနှစ်၌ မင်းကွန်းအလယ်တောရ "ပဏ္ဏာဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရမြတောင်ဆရာတော်ဘုရားအား အရာရှိတစ်ယောက်က "ရှေးက ရေးသားထားခဲ့သော နက်နဲခက်ခဲသည့် ပုစ္ဆာပြဿနာများ တွေ့ရပါသည်။ ၎င်းတို့ကို အဖြေပေးသနားတော်မူပါ"ဟု လျှောက်ထားချက်အရ ၎င်းဆရာတော်မှာ ကိစ္စများသဖြင့် ရွှေမြို့တော်တိုင် ကျော်ကြားခြင်းရှိသည်နှင့်အညီ ၎င်းမန်လည်ဆရာတော်၏ ဂုဏ်ရည်ကိုလည်း သိလိုလှသဖြင့် ၎င်းပုစ္ဆာ ၄၅-ခုတို့ကို မန်လည်ဆရာတော်အထံပို့လိုက်ရာ မကြာမီ အဖြေများနှင့်တကွ မန်လည်ဆရာတော်က 'သတပဒိက' အမည်ရှိသော ပုစ္ဆာ ၁၀၀-ပါလာ၍ ၎င်းပုစ္ဆာ ၁၀၀-ကို အရှင်ပဏ္ဏာဝံသာဘိဓဇမထေရ်မြတ် ဖြေကြားတော်မူရ၍ ၎င်းတို့မှာ 'ပဥ္စစတ္တာလီသပုစ္ဆာ

အဖြေကျမ်း' 'သတပဒိကပုစ္ဆာအဖြေကျမ်း' ဟု ထင်ရှားလျက် ဗဟုသုတ စာပေကျမ်းဂန် အတွင်းသို့ ရောက်ရှိလာခဲ့လေသည်။

၎င်းပြင် ထိုဆရာတော်ဘုရား၏ လောကုတ္တရာစာပေကျမ်းဂန်များအပြင် လောကီရေးရာပညာဗဟုသုတလည်း ဆည်းပူးရှာမှီး ကြီးကျယ်လှကြောင်းကား ၎င်းဆရာတော်ဘုရားကြီး ဝါတော်ငယ်၍ ၁၀-ဝါရစဉ်က ဘုရားအလောင်းတော်မြတ် ထီးနန်းအပ်လျက် တောထွက်တော်မူခြင်းကို ကြည်ညိုသောစိတ်ထားရှိသည်အားလျော်စွာ မဃဒေဝ ဇာတ်တော်*(တွင် လာရှိသည်ထက် ဗဟုသုတဖြစ်စေရန်)* မင်းခမ်းမင်းနား မှတ်သားဖွယ်ရာ အဖြာဖြာတို့ဖြင့် ချဲ့ထွင်စီကုံးတော်မူသော "မဟာသုတကာရီမဃဒေဝလင်္ကာသစ်" ကျမ်းကြီးကို ထောက်ဆသောအားဖြင့် ၎င်းဆရာတော်ဘုရားကြီးသည် လောကုတ္တရာပိဋကတ် ကျမ်းဂန်ရပ်တို့အပြင် လောကီအရာ လင်္ကာမော်ကွန်း တတ်ကျွမ်းတော်မူသည်သာမက ဆေးကျမ်း, နက္ခတ်ကျမ်းများတွင်လည်း အထူးကျွမ်းကျင်တော်မူကြောင်း ထင်ရှားခဲ့လေသည်။

ထိုဆရာတော်ဘုရားသည် စာသင်သားတို့ မှီငြမ်းသဖွယ် အလွယ်တကူ သင်ယူနိုင်စေရန် ရည်သန်တော်မူလျက် "ကစ္စာယနသုသုဟာရက" မည်သော သူငယ်ဆောင်သဒ္ဒါကျမ်း၊ အထက်တန်းစာသင်သားတို့ မှတ်သားနည်းယူရန်ဖြစ်သော "သန္ဓိပဏာမဆက္က-သံဝဏ္ဏနာကျမ်းရိုး"များ-

၎င်းတို့အပြင်-

၁။ ဝဇိရဂ္ဂဒိဋ္ဌိဝိသောဓနကျမ်း

၂။ ဂတိဝိသောဓနကျမ်း

၃။ ဝဇိရူပမဗျာကရဏကျမ်း

၄။ ဝဇိရုတ္တရပကာသနီကျမ်း

၅။ ဝဇိရဉာဏဝန္ဒနာကျမ်း

စသော များစွာသော ကျမ်းဂန်များရေးသားတော်မူပြီး၍ ထိုဆရာတော်ဘုရားကြီးသည်လည်း ဂိုဏ်းသီး,ဂိုဏ်းခြား မဟုတ်စေကာမူ အသီးအခြားကဲ့သို့ ဆရာတော်ဘုရားကြီး၏ တပည့်တို့သည်ကား မန်လည်အမည် ရှေ့ထားကာ ရေးသားခေါ်ဝေါ်ခြင်း ပြုကြကုန်၏။

ထိုဆရာတော်ဘုရားကြီးသည် ကျော်ကြားတော်မူသည်အားလျော်စွာ အထက်ရှမ်းပြည်နယ်ပယ် မြို့ရွာဒေသများသို့ သာသနာပြုကြွတော်မူရန် ပင့်ဖိတ်လျှောက်ထား

ကြသည့်အတိုင်း မိုးကုတ်, ကျပ်ပြင်စသော မြို့, ရွာများသို့ ကြွတော်မူကာ လှည့်လည် သာသနာပြုတော်မူသည့်အပြင် သီပေါစော်ဘွားကြီး ပင့်လျှောက်ချက်အရ ၎င်းသို့သာသနာ ပြုကြွတော်မူကာ ၎င်းနယ်သူနယ်သားတို့နှင့်တကွ စော်ဘွားကြီးမဟာရာဇာ နန်းတော်သူ, နန်းတော်သားတို့အား သာသနာတော် လေးစားကြည်ညိုရန် ဆုံးမသွန်သင်တော်မူကာ သာသနာတော် သုတ်သင်ပြုစုတော်မူခဲ့လေသည်။

အထူးအားဖြင့် အထက်, အောက် ကျော်ကြားသည်အားလျော်စွာ အင်္ဂလိပ်မင်းများ လျှုဒါန်းဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ခံယူတော်မူပြီး ၁,၂၈၁-ခုနှစ် တွင် မြစ်ရိုးမြစ်စဉ် မြို့ရွာများတလျှောက်မှ ရန်ကုန်မြို့တော်သို့ ကြွရောက်တော်မူ၍ အရပ်ရပ် သော ဥပါသကာ, ဥပါသိကာတို့အား အဆုံးအမပေးတော်မူပြီး သာသနာ ယဉ်ကျေးမှု သာသနာကိုင်းရှိုင်းမှု ပြုစုအားထုတ်တော်မူပြီးနောက် ၎င်းနှစ် တပေါင်းလတွင် မန်လည်မြို့ သို့ ပြန်လည်ကြွတော်မူရာ ဝါဆိုလသို့ ရောက်သောအခါ၌ လူ့ဘဝငြီးတော်မူ၍ နတ်ထီး နတ်နန်းသို့ ကြွမြန်းတော်မူခဲ့လေသည်။ ထိုဆရာတော်ဘုရားကြီးသည် ကိုယ်တိုင် ရေးသားတော်မူသော မဟာသုတကာရိမဃဒေဝလင်္ကာသစ်နိဂုံး၌ တောင်တွင်းအကျော် မကာရလောပဆရာတော်မှ ဆင်းသက်ရာ ၄-ဆက်မြောက်တပည့်ဖြစ်ကြောင်း ဖော်ပြသည် အားလျော်စွာ ၎င်းမကာရလောပဆရာတော်၏ တပည့်စဉ်ဆက်မှာ-

၁။ တောင်တွင်း မကာရလောပဆရာတော်ခင်ကြီးပျော်

၂။ ၎င်းတပည့် အရှင်ဇိနမထေရ်

၃။ ၎င်းတပည့် အရှင်ပညာမထေရ်

၄။ ၎င်းတပည့် အရှင်စန္ဒမဥ္ဇူမထေရ်

၅။ ၎င်းတပည့် အရှင်ဇဝနမထေရ် မန်လည်ဆရာတော်ဖြစ်၍-

မကာရလောပဆရာတော်၏တပည့် အရှင်ဇိနမထေရ်သည် ဆရာတော်၏နည်းနာခံယူ ပြီးလျှင် မန်လည်မြို့မှာပင် ပြန်လည်သီတင်းသုံးတော်မူကာ ၎င်းဆရာတော်ကြီးမှ စ၍ မန်လည်ဆရာတော် အရှင်ဇဝနမထေရ်တိုင်အောင် တောင်တွင်းအကျော် ဆရာတော် ဘုရား၏ အဆက်အနွယ်များသာ ဖြစ်ကြကုန်၏။

ဤသို့အားဖြင့် လယ်တီဆရာတော်ဘုရားနှင့်တကွ ၎င်းခေတ်မှာပင် ကျော်ကြား ထင်ရှားတော်မူသော မန်လည်ဆရာတော်ဘုရား၏ အကြောင်းအတ္ထုပ္ပတ်ကား ဤတွင် အပြီးသတ်အပ်သတည်း။

## အင်္ဂလိပ်မင်းလက်ထက် သံဃသာမဂ္ဂီသာသနာအကြောင်း

သာသနာ ၂,၄၆၄-ခု၊ သက္ကရာဇ် ၁,၂၈၂-ခုနှစ်မှာ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်တို့အတွင်း၌ နိုင်ငံရေးဝါဒများ ဝင်ရောက်လာခဲ့ကြ၍ များစွာသောရဟန်းငယ်တို့မှာ သာသနာရေး, သာသနာမှုထက် နိုင်ငံရေး အဓိကထားလျက် အားထုတ်ကြိုးစားဌင်းစကားအမျိုးမျိုး ပြောကြားလာခဲ့ကြရာ အဆုံးသတ်၌ သံဃာတော်များ အင်အားစုအစည်းအရုံးကြီး ရှိသင့်ကြောင်း ဆွေးနွေးတိုင်ပင် ဆုံးဖြတ်ကြပြီးလျှင် သံဃအဖွဲ့များ ထိုထိုမြို့ရွာအများ၌ ခေတ်အားလျော်စွာ ဖွဲ့စည်းတည်ထောင်ကြပြီးနောက် ၎င်းအစည်းအရုံးများ၏ ဗဟိုဌာန အချုပ်အခြာ မဟာသံဃသာမဂ္ဂီအဖွဲ့အစည်းချုပ်ကြီး ဖွဲ့စည်းတည်ထောင်ခဲ့ကြကုန်၏။

ထိုသံဃအစည်းအရုံးချုပ်ကြီး ဖွဲ့စည်းတည်ထောင်ကြသောအခါ မင်းတရားကြီးနှင့် မင်းတရားကလေးလက်ထက်တို့၌ ရေဝတာဘိကဝိဓဇမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော် ၂-တန်ရတော်မူသော ဘေးမဲ့ဆရာတော်ဘုရားကြီးကို ဦးစီးဦးကိုင် သံဃသာမဂ္ဂီ သာသနာပြု ဆရာတော်အဖြစ် သမုတ်တင်မြှောက်တော်မူကြပြီးလျှင် အင်္ဂလိပ်မင်းများ အသိအမှတ်ပြုကာ တင်မြှောက်ထားသော သာသနာပိုင်ဂိုဏ်းမှ အသီးအခြား သာမဂ္ဂီဝင်သံဃာများသို့ အဆုံးအမ ဩဝါဒပေးခြင်း, ဝိနိစ္ဆယပြုလုပ်ခြင်းများ ခြားနားကြကာ သာသနာပိုင်ဂိုဏ်းမှ ဂိုဏ်းထောက်, ဂိုဏ်းအုပ်များပင် ၎င်းသာမဂ္ဂီသို့ ဝင်ကြလျက် ကျေးလက်ဥက္ကဋ္ဌနာယကစသည် ဂုဏ်ထူးယူကြပြီး ၎င်းအရေးကိစ္စ အားပေးဆောင်ရွက်ကြလေသည်။

၎င်းသံဃသာမဂ္ဂီ စည်းမျဉ်းဥပဒေသ၌ လူမျိုး၏ လွတ်လပ်ကြီးပွါးရေး အဓိကထား၍ အမျိုးကြီးပွါးမှ ၎င်း၏ဘာသာစာပေ ကြီးပွါးမည်၊ အမျိုးဘာသာကြီးပွါးမှလည်း ကိုးကွယ်သောဘာသာနှင့် ပညာကြီးပွါးထွန်းကားမည်ဟူသော-

၁။ အမျိုး

၂။ ဘာသာ

၃။ သာသနာ

၄။ ပညာ-ဟု ခေါင်းစဉ်ထားသည့်အတိုင်းပင်-

အမျိုး၏ကြီးပွားရေး စတင်ကြိုးစားအားထုတ်ကြကာ ထိုခေတ်အခါက သံဃာများသည် ပရိယတ္တိသာသနာထက် နိုင်ငံရေးဘက်သို့သာ ကိုင်းညွတ်လာကြသဖြင့် အမြို့မြို့ အရွာရွာ သံဃာစည်းလုံးမှုသာ ပဓာနထား၍ ကြိုးစားအားထုတ်ခဲ့ကြလေသည်။

ထိုခေတ်က ၎င်းကို အဓိကထား၍ မြို့, ရွာဒိုင်နယ်များ၌ စည်းရုံးကာ သံဃာဥပုသ် ပြုခြင်း, အမျိုးသားပရိယတ္တိစာမေးပွဲများ ပြုလုပ်စေခြင်း စသည်ဖြင့် အစိုးရ၏စည်းမျဉ်းများ နှင့်ဆိုင်ပြိုင်ကာ အားထုတ်ကြိုးစားကြပါသော်လည်း သာသနာတော် တိုးပွါးကောင်းမွန် အောင် အားမထုတ်နိုင်မီ ၎င်းသံဃသာမဂ္ဂီ အာဏာစက်များ လျော့ပါးအားနည်း လာခဲ့သော ကြောင့် သံဃာများမှာ ရွေးအတိုင်းပင် နေထိုင်ကြကာ စည်းရုံးညီညာမှုလည်း လျော့နည်း လာခဲ့ကြပေသည်။ ဤမျှဖြင့် သံဃသာမဂ္ဂီ သာသနာ အဆုံးသတ်ခဲ့လေသည်။

## မြန်မာနိုင်ငံတော် သာသနာ၀င် အစဉ်အဆက်အကြောင်း

မြန်မာနိုင်ငံတော်ကြီးမှာ ကြီးမားသော ဘုန်းကံသမ္ဘာပါရမီ အရှင်ဘုရင်မင်းတရား များနှင့်တကွ တိုင်းသူပြည်သားတို့၏ ကုသိုလ်ကံအဟုန်တို့ကြောင့် သာသနာတော် ဗုဒ္ဓ နိုင်ငံတော်စက်အောက် ရောက်လာကာ ဆုတ်ယုတ်ပျက်ပြားခြင်းမှာ ဆိုစရာအနည်းငယ်မျှ ရှိခဲ့သော်လည်း သာသနာတော် စောင့်ရှောက်တော်မူလာခဲ့ကြသော သူတော်မွန်မထေရ် မြတ်တို့၏ အနွယ်ဝံသကား မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်မှ စ၍ မထေရ် အဆက်ဆက် မပျက်သောမှတ်တမ်းများ ထင်ရှားရှိကုန်၏။

ထိုဘုရားရှင်လက်ထက်တော်မှ တတိယသံဂါယနာတင်သည့်တိုင်အောင် မဇ္ဈိမ ဒေသအရိယထေရဝါဒ အဆက်အနွယ်ကား အဋ္ဌကထာဆရာများ ရေးသားချမှတ် တော်မူသည့်အတိုင်း မဇ္ဈိမသာသနာပိုင်း၌ ပြဆိုခဲ့ပြီးသည့်အပြင် ၎င်းမှ သုဝဏ္ဏဘူမိ သာသနာ အရှင်အရဟံလက်ထက်တိုင် ပြဆိုခဲ့ပြီးဖြစ်၍ ၎င်းမှ ဆက်သွယ်သော မြန်မာ နိုင်ငံတွင် ထင်ရှားစွာ သာသနာပြုတော်မူကြသည့် မထေရ်များ၏ အဆက်အနွယ်များ ရေးသားရန် လိုအပ်သည့်အတိုင်း မှတ်တမ်းများအရ ရေးသားရပေသည်။

ထိုမထေရ်များ၏အဆက်အနွယ်မှာ သာသနာ၀င် ဆရာစဉ်အချို့ မှတ်တမ်းများ အရ ပုဂံပြည်ကြီး၌ ထင်ရှားရှိခဲ့သောဂိုဏ်းတို့ကား-

၁။ အရှင်အရဟံမထေရ်မြတ်၏ (မူလ)ဂိုဏ်း

၂။ အရှင်ဥတ္တရာဇီဝမထေရ်-၎င်းတပည့် အရှင်ဆပ္ပဒဂိုဏ်း

၃။ အရှင်သီဝလိမထေရ် အမှူးရှိသော သီဟိုဠ်ဂိုဏ်း

၄။ အရှင်အာနန္ဒာမထေရ် အမှူးရှိသော သီဟိုဠ်ဂိုဏ်း

၅။ အရှင်တာမလိန္ဒမထေရ် အမှူးရှိသော သီဟိုဠ်ဂိုဏ်း –

အားဖြင့် ၅-ဂိုဏ်းမျှ ထင်ရှားရှိခဲ့လေသည်။

၎င်းတို့တွင် ရှေးပုဂံဂိုဏ်းမထေရ်များ အနွယ်ဖြစ်သော ပင်းယမြို့တော်၊ စကား ၇-ကျောင်းမှ ဝတ္တကံမြေများနှင့်စပ်၍ လာဘ်သပ်ပကာရမှု ရှေ့ရှုနေကြသော ရဟန်းများကို အကြောင်းပြုကာ သာသနာစင်ကြယ်ခြင်းကို အရင်းထားလျက် တောထွက်တော်မူကြသော အရှင်ပရက္ကမညီနောင်တို့မှ ဆင်းသက်တော်မူသည့် အရှင်သာရဒဿီမထေရ်မြတ်သည် ပြည်စားစောရန်နိုင်လက်ထက် ပြည်မြို့မှာ သာသနာပြုတော်မူရာ–

၁။ ၎င်း ---- အရှင်သာရဒဿီမထေရ်

၂။ ၎င်းမထေရ်၏တပည့် သဒ္ဓမ္မဋ္ဌိတိမထေရ်

၃။ ၎င်းမထေရ်၏တပည့် အရှင်ဓမ္မသာမိမထေရ်

(၎င်းမထေရ်သည် သီဟိုဠ်မှ အရှင်သဒ္ဓမ္မစာရီ မထေရ်ကို ပင့်လာ၍ မြန်မာနိုင်ငံတွင် သီဟိုဠ်သာသနာဆက်ပြုတော်မူသည်)။

၄။ ၎င်းမထေရ်၏တပည့် အရှင်အတုလဝံသမထေရ်

၅။ ၎င်းမထေရ်၏တပည့် အရှင်ရတနရံသီမထေရ်

၆။ ၎င်းမထေရ်၏တပည့် အရှင်အဘိသင်္ကေတမထေရ်

(ဤမထေရ် ၆-ပါးတို့သည် ပြည်မြို့၌ သာသနာပြုစု နေတော်မူကြကုန်၏)

၇။ ၎င်းမထေရ်၏တပည့် အရှင်မုနိန္ဒဃောသမထေရ်

(ထိုမထေရ်ကား ရတနာပူရ အဝနေပြည်တော်သို့ ရောက်၍ တိပိဋကာလင်္ကာရ ဘွဲ့တံဆိပ်ဖြင့် ကျော်ကြားတော်မူသော တောင်ဘီလာဆရာတော် ဖြစ်သည်)။

၈။ ၎င်းမထေရ်၏တပည့် အရှင်မဟာတိဿမထေရ်

(၎င်းမထေရ်သည် အမြင့်မြို့၌ သီတင်းသုံးတော်မူသည်)။

၉။ ၎င်းမထေရ်၏တပည့် အရှင်စန္ဒမထေရ်
(၎င်းမထေရ်သည် ရေမြိန်ရွာ၌ သီတင်းသုံးတော်မူသည်)။

၁၀။ ၎င်းမထေရ်၏တပည့် အရှင်ဂုဏသီရိမထေရ်

၁၁။ ၎င်းမထေရ်၏တပည့် အရှင်ကလျာဏမထေရ်

၁၂။ ၎င်းမထေရ်၏တပည့် အရှင်ဂုဏသီရိမထေရ်

(ဤမထေရ်သည် ဘိုးတော်မင်းတရားကြီး ဦးဝိုင်းလက်ထက်၌ ဂုဏာဘိလင်္ကာရသဒ္ဓမ္မမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူ၍ မင်းအိုဆရာတော်-ဟု ကျော်ကြားတော်မူသည်)။

၁၃။ ၎င်းမထေရ်၏တပည့် တိပိဋကာလင်္ကာရမထေရ်

(၎င်းမထေရ်မှာ တိပိဋကာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရလေသည်)။

၁၄။ ၎င်းမထေရ်၏တပည့် အရှင်သူရိယမထေရ်

(၎င်းမထေရ်မှာ ဒုတိယအမရပူရမြို့တည် ရွှေဘိုမင်းတရားလက်ထက် သူရိယဝံသာဘိသီရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု သာသနာပြုတံဆိပ်တော်ဆက်ကပ်၍ သာသနာပိုင် တင်မြှောက်တော်မူခဲ့သော သဲအင်းသာသနာပိုင်ဆရာတော်ဖြစ်သည်)။

၁၅။ ၎င်းမထေရ်၏တပည့် အရှင်ဥေယျဓမ္မမထေရ်

(၎င်းမထေရ်သည် ရွှေဘိုမင်းလက်ထက်ကပင် သဲအင်းသာသနာပိုင်ဆရာတော်ဘုရား လွန်တော်မူရာ ဥေယျဓမ္မာဘိဝံသမုနိဝရဉာဏကိတ္တိသီရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု သာသနာပြုဘွဲ့ တံဆိပ်တော်ဆက်ကပ်၍ သာသနာပိုင် တင်မြှောက်ပြီးနောက် ၎င်းမင်းတရား၏ သားတော်ပဉ္စမသံဂါယနာတင် ဘုရင်မင်းတရားကြီးလက်ထက်၌လည်း ၎င်းသာသနာပြုတံဆိပ်တော် ထပ်မံဆက်ကပ်လှူဒါန်းပြီး သာသနာပိုင် တင်မြှောက်တော်မူခြင်းခံယူတော်မူရသော သာသနာပိုင် ဦးဥေယျဆရာတော်ဘုရားပင်တည်း)။

ဤသို့အားဖြင့် တောင်ဘီလူး အရှင်ပရက္ကမအနွယ် အရှင်သာရဒဿီမထေရ်မှစ၍ ပြည်သီရိခေတ္တရာမြို့၌ သာသနာပြုမထေရ် ၆-ဆက်နှင့်အဝသာသနာ တောင်ဘီလာ

ဆရာတော်မှစ၍ ဆက်လာပြီး ကုန်းဘောင်ဆက်သာသနာ အမရပူရ, ရတနာပုဏ္ဏ မန္တလေးရွှေမြို့တော်သို့တိုင်အောင် သာသနာပိုင်ဆရာတော် ဦးဥေယျအထိ ဆရာတော် အစဉ်အဆက်ကို ဖော်ပြကြကုန်၏။

ထိုမှတပါးလည်း တောင်ဘီလာဆရာတော်ဘုရား၏ အဆက်အနွယ်မှ သီရိ-ခေတ္တရာပြည် ဆရာတော်ဘုရားများ၏ အနွယ်ဝံသအပြင် ပုဂံပြည် အရှင်ဆပ္ပဒအနွယ်မှ ဆင်းသက်လာသော အရှင်သဒ္ဓမ္မကိတ္တိမထေရ်သည် အရှင်အရိယဝံသမထေရ်ထံ ကျမ်းဂန် သင်ကြားတတ်မြောက်ပြီး ဇေတဝန်ကျောင်းမှာနေ၍ ပရိယတ္တိပို့ချရာ ၎င်းဆရာတော်မှ တပည့်အစဉ်အဆက် ဆင်းသက်လာသောကြောင့် သာသနာဝင်စာတမ်းအရ ၎င်းမထေရ်၏ အဆက်အနွယ်ဝံသမှာ -

၁။ အရှင်သဒ္ဓမ္မကိတ္တိမထေရ်-ပုဂံအရှင်ဆပ္ပဒအနွယ်

၂။ ၎င်းတပည့် အရှင်တိသာသနဓဇ-တောင်ငူရောက်မထေရ်

၃။ ၎င်းတပည့် အရှင်ဓမ္မရာဇဂုရုမထေရ်

၄။ ၎င်းတပည့် အရှင်မုနိန္ဒဃောသ တိပိဋကာလင်္ကာရ တောင်ဘီလာဆရာတော်

၅။ ၎င်းတပည့် အရှင်မဟာတိဿမထေရ် အမြင့်မြို့-

စသည်ဖြင့် ဆက်သွယ်ကာ ကုန်းဘောင်ဆက် သာသနာတိုင်အောင် သာသနာတော် မဆုတ် မယုတ်မှု ပြုစုအားထုတ်လာခဲ့ကြလေကုန်၏။

ထိုမြန်မာနိုင်ငံ သာသနာဝင် အစဉ်အဆက်ဖြစ်တော်မူကြသော ဆရာတော်များမှ တပါး ခေတ်အားလျော်စွာ ပရိယတ္တိ, ပဋိပတ္တိသာသနာတော်၌ လေ့လာဆည်းပူး အထူး ကျော်ကြားခြင်း ရှိတော်မူကြကုန်သော မင်းဧကရာဇ်တို့ ကိုးကွယ်ဆည်းကပ် တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူကြကုန်သော ဆရာတော်များလည်း ရှိတော်မူကြ၍ ၎င်းဆရာတော်များမှာ–

၁။ မင်းအိုဆရာတော်
၂။ မင်းရွာဆရာတော်
၃။ ရွှေတောင်ဆရာတော်
၄။ လောကမှန်ကင်းဆရာတော်
၅။ ပိုက်သင်ဆရာတော်
၆။ ဘားကရာဆရာတော်
၇။ မဲထီးဆရာတော်
၈။ မဲထီးငယ်ဆရာတော်

၉။ မောင်းထောင်သာသနာပိုင်ဆရာတော်
၁၀။ ဘုံကျော်ဆရာတော်
၁၁။ မန်လည်ဆရာတော်
၁၂။ ဆုံထားဆရာတော်
၁၃။ တောင်လေးလုံးဆရာတော်
၁၄။ ပန်းဘိုဆရာတော်
၁၅။ တောင်တွင်းဆရာတော်
၁၆။ မုန်တောဆရာတော်
၁၇။ ဆင်တဲဆရာတော်
၁၈။ ဆီးပန်းနီဆရာတော်
၁၉။ ညောင်ကန်ဆရာတော် ဦးဗုဓ်
၂၀။ ဂူကြီးဆရာတော် –

စသော သာသာတော်၌ ခေတ်အားလျော်စွာ စာပေကျမ်းဂန် ရေးသားပို့ချကာ သာသနာရေး, သာသနာမှု ပြုစုအားထုတ်တော်မူကြသည့်အပြင် ရေးသားတော်မူကြသော ကျမ်းဂန်များအရ တာဝန်ကိစ္စတို့၌လည်း အားသည်းတော်မူကြကြောင်း ထင်ရှား၏။

ဤသို့ ဆရာအစဉ်အဆက်၌ မပါဝင်သော်လည်း အထက်ပါဆရာတော်ဘုရားကြီးတို့ကား သာသနာဝင်မှတ်တမ်းများ၌ ထင်ရှား ကျော်ကြားတော်မူကြသော ကုန်းဘောင်ခေတ်၌ သာသနာ့ဝန်ဆောင် ဆရာတော်ဘုရားကြီးတို့ပေတည်း။

## ရွှေကျင်သာသနာဝင် မထေရ်အစဉ်အဆက်အကြောင်း

ရွှေကျင်ဂိုဏ်းကား ပဉ္စမသံဂါယနာတင် မင်းတရားကြီးလက်ထက်မှ ဖြစ်ပွါး၍ နှစ်အားဖြင့် မရှည်ကြာသော်လည်း ၎င်းဆရာတော်ဘုရား၏ ဥပဇ္ဈာယ် သီးလုံးဆရာတော်ဘုရားကြီးမှ အထက်ဆရာအစဉ်အဆက်တို့မှာ အရညဝါသီမထေရ် အဆက်ဆက်ဖြစ်တော်မူကြသဖြင့် ၎င်းထေရာပရမ္ပရ အဆက်ဆက်တို့ကို မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး ရေးသားတော်မူသည့်အပြင် **ရွှေကျင်ဆရာတော်၏အတ္ထုပ္ပတ္တိ၌**လည်း မောင်းထောင်ဆရာတော် ထုတ်ဖော်ရေးသားတော်မူခဲ့လေသည်။

၎င်းတို့မှာ မြတ်စွာဘုရား၏ လက်ထက်တော် **အရှင်ဥပါလိမထေရ်မှ** စ၍ ပဌမသံဂါယနာ, ဒုတိယသံဂါယနာ, တတိယသံဂါယနာတိုင်အောင် မဇ္ဈိမထေရဝံသ အဆက်အနွယ်ကား ထင်ရှားသည့်အပြင် သုဝဏ္ဏဘူမိ သထုံသာသနာဆက်လည်း အရှင်ဓမ္မဒဿီ, အရှင်အရဟံတိုင်အောင် ထင်ရှား၍ ပုဂံပြည်သာသနာပြု အရှင်အရဟံမှ အစပြုကာ သာသနာအစဉ်အဆက်မျှ ရေးရန်လိုအပ်ပေသည်။

၎င်းတို့မှာ–

၁။ အရှင်အရဟံတွင်သော သထုံအရှင်ဓမ္မဒဿီ မြန်မာပြည် ရှေးဦးသာသနာပြု ရဟန္တာမထေရ်၊

၂။ ၎င်းမထေရ်၏တပည့် အရှင်ဂုဏသာရမထေရ်၊
(ကျန်ရစ်မင်းလက်ထက် သာသနာပြုတော်မူသည်)။

၃။ ၎င်းမထေရ်၏တပည့် အရှင်အဂ္ဂပဏ္ဍိတမထေရ်၊
(၎င်းမထေရ်လည်း ကျန်ရစ်မင်းလက်ထက်ပင် သာသနာပြုသည်)။

၄။ ၎င်းမထေရ်၏တပည့် အရှင်အဂ္ဂဝံသမထေရ်၊
(အလောင်းစည်သူမင်းတရားလက်ထက်သာသနာပြု၏)။
(နရသူရ, နရသိခ်တို့လက်ထက်ကား သာသနာပြု မထင်ရှား)။

၅။ ၎င်းမထေရ်၏တပည့် အရှင်ဥတ္တရာဇီဝမထေရ်၊
(နရပတိစည်သူမင်းလက်ထက် သာသနာပြုတော်မူသည်၊
၎င်းမထေရ်တိုင်အောင် ဂိုဏ်းဂဏမကွဲပြားသေးပေ)။

၆။ ၎င်းမထေရ်၏တပည့် အရှင်သဒ္ဓမ္မပါလမထေရ်၊
(ပဉ္စမဆပ္ပဒမထေရ်ဟု ထင်ရှား၏)။

၎င်းမထေရ်ကား အရှင်ဥတ္တရာဇီဝမထေရ် သီဟိုဠ်ကြွတော်မူစဉ် အတူပါတော်မူ၍ မဟာဝိဟာရဝါသီဂိုဏ်း သံဃာများနှင့် သိက္ခာယူခဲ့၍ မြန်မာနိုင်ငံသို့ သီဟိုဠ်မထေရ် ၅-ပါးနှင့် ကြွလာတော်မူကာ ဂိုဏ်းသီးခြားနေထိုင်ပြီးနောက် သီဟိုဠ်မထေရ်များနှင့်လည်း ဂိုဏ်းကွဲကြလျက် ထိုအခါ ၅-ဂိုဏ်းဖြစ်လာကြောင်း ရေးသားခဲ့ပြီးဖြစ်လေသည်။

၎င်းမထေရ်ကား နရပတိစည်သူမင်း, ဇေယျသိခ်မင်းများလက်ထက် သာသနာပြုတော်မူသည်။

၇။ ၎င်းမထေရ်၏တပည့် အရှင်သဒ္ဓမ္မဉာဏ ဒုတိယဆပ္ပဒမထေရ်၊
(၎င်းမထေရ်ကား ဥဇနာမင်းနှင့် ကျော်စွာမင်းတို့လက်ထက် သာသနာပြုတော်မူသည်)။

၈။ ၎င်းမထေရ်၏တပည့် အရှင်ဓမ္မသီရိ တတိယဆပ္ပဒမထေရ်၊
(၎င်းမထေရ်၏လက်ထက် ပုဂံပြည်ကြီး ပျက်စီးကာ ပင်းယသာသနာသို့ ဆက်ခဲ့လေသည်)။

၎င်းပင်းယသာသနာ၌ ဦးစွာသာသနာပြုမင်းကား သီဟသူမင်း၊ သားတော်ဥဇနာမင်းဖြစ်၍ ၎င်းမင်းလက်ထက် စကား ၇-ကျောင်း ဆောက်လုပ်ပြီးလျှင် ပုဂံပြည် ပုရိမသံဃာဂိုဏ်းနှင့် ပင်းယပုရိမသံဃာဂိုဏ်းတို့မှ သံဃာများပင့်၍ တင်လှူကိုးကွယ်တော်မူခဲ့လေသည်။

## ၎င်းပင်းယသာသနာအဆက်အကြောင်း

၎င်းပင်းယသာသနာဆက်ကား –

၉။ ၎င်းတတိယဆပ္ပဒ အရှင်ဓမ္မသီရိမထေရ်တပည့် အရှင်သုဓမ္မစာရီမထေရ်၊
(၎င်းမထေရ်ကား ကူးခန်းမြို့၌ မင်းရဲသင်္ခယာ ပြုစုတည်ဆောက်ခဲ့သော ခေမဂ်တကျောင်းတိုက်၌ သီတင်းသုံးတော်မူကာ သာသနာပြုတော်မူ၏။ ပင်းယသီဟသူမင်းနှင့် ၎င်းသားတော် ဥဇနာမင်းလက်ထက်မှာ အရှင်ဓမ္မသီရိမထေရ် ပုဂံပြည်မှာ သာသနာပြု၍ အရှင်သုဓမ္မစာရီမထေရ်မှာ မောပါနရသူမင်းနှင့် ၎င်းသားတော် ဥဇနာပြောင်မင်းလက်ထက်တိုင်အောင် သာသနာပြု၏)။

၁၀။ ၎င်းမထေရ်၏တပည့် အရှင်အဂ္ဂဓမ္မာလင်္ကာရမထေရ်၊
(၎င်းမထေရ်သည် ကူခန်းကြီးမြို့၌ သီတင်းသုံးတော်မူကာ အဝမြို့တော် တည်ပြီးနောက် မိုးညှင်းမင်းတိုင်အောင် သာသနာပြုတော်မူလေသည်)။

၁၁။ ၎င်းမထေရ်၏တပည့် အရှင်ဓမ္မနန္ဒမထေရ်၊
(၎င်းမထေရ်သည် မင်းရဲကျော်စွာမင်းလက်ထက် နောင်ဘရွာ၌ သီတင်းသုံးတော်မူကာ သာသနာပြုတော်မူသည်)။

၁၂။ ၎င်းမထေရ်၏တပည့် အရှင်ပုညဝါသီမထေရ်၊
(၎င်းမထေရ်သည် အဝရွှေနန်းကြော့ရှင်လက်ထက် ကူးခန်းကြီးမြို့၊ နွယ်နီမုတ်ကျောင်း၌ သီတင်းသုံးတော်မူကာ သာသနာပြုတော်မူခဲ့လေသည်)။

၁၃။ ၎င်းမထေရ်၏တပည့် ဉာဏာလင်္ကာရမထေရ်၊

(၎င်းမထေရ်သည် ထွန်ခြစ်မင်းနှင့် ဝမ်းဘဲအင်းစံမင်း လက်ထက်၌ ဆယ်အင်းတောရ၌ သီတင်းသုံးတော်မူသော ဂိုဏ်းအုပ်သာသနာပြုဆရာတော်ဖြစ်သည်)။

၁၄။ ၎င်းမထေရ်၏တပည့် အရှင်ပုညာရမ္မမထေရ်၊

(၎င်းမထေရ်သည် ဆင်ဖြူရှင်လက်ထက် ဒီပဲယင်းကျေးလက် နံမော်ရွာ၌ သီတင်းသုံးတော်မူကာ သာသနာပြု၏)။

၁၅။ ၎င်းမထေရ်၏တပည့် အရှင်ဝိစာရိန္ဒမထေရ်၊

(၎င်းမထေရ်လည်း နံမော်ကျေးရွာ ဂိုဏ်းအုပ်ဆရာတော်ဖြစ်၍ ဘိုးတော်ဘုရားလက်ထက် ကုန်းဘောင်သာသနာဆက်၌ ထင်ရှားသော သာသနာပြုဆရာတော်ဖြစ်၏)။

၁၆။ ၎င်းမထေရ်၏တပည့် အရှင်စန္ဒိမာမထေရ်၊

(၎င်းမထေရ်သည် ကုန်းဘောင်ရွှေဘိုမင်းတရားလက်ထက် ဂဏဝိမုတ်အဖြစ်ဖြင့် ချမ်းသာစွာ ပဋိပတ်တရား အားထုတ်နေတော်မူသော သီးလုံးဆရာတော်ဘုရားတည်း)။

၁၇။ ၎င်းသီးလုံးဆရာတော်၏ တပည့် အရှင်ဇာဂရမထေရ်၊

(၎င်းဆရာတော်ကား ရွှေကျင်ဂိုဏ်း၊ တောရဂိုဏ်းကို အစဦးစွာ သီးခြားတည်ထောင်တော်မူ၍ ပဉ္စမသံဂါယနာတင်မင်းတရားကြီးလက်ထက် အထက်၊ အောက် မြန်မာနိုင်ငံတော်၌ အထူးကျော်ကြားတော်မူသော သာသနာပြုဆရာတော်ဘုရားတည်း)။

၁၈။ ၎င်းဆရာတော်ဘုရား၏တပည့် အရှင်ဝိသုဒ္ဓမထေရ်၊

(၎င်းဆရာတော်ဘုရားကြီးကား ရွှေကျင်ဆရာတော်ဘုရား၏ လက်ရုံးသဖွယ် ပညာကြီးကျယ်၍ အကြီး၊ အငယ် ရွှေကျင်ဂိုဏ်းသံဃာတော်တို့၏ အားထားမှီခိုရာ ဖြစ်တော်မူသော ဘုန်းတော်၊ ကံတော်အလျောက် ရွှေကျင်ဂိုဏ်းကြီး အထူးကြီးပွား မြင့်တက်စေတော်မူသော ဒုတိယရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးဦးကိုင် သာသနာပိုင်ဆရာတော်ဘုရားတည်း)။

ဤသို့အားဖြင့် ခွေကျင်ဂိုဏ်းကြီး၏ ပဌမနာယကသာသနာပြု ဆရာတော်ဘုရားကြီးမှစ၍ အထက်မြန်မာနိုင်ငံတော် ပဌမသာသနာပြု အရှင်ဓမ္မဒဿီ, အရှင်အရဟံ မထေရ်တိုင်အောင် ၎င်းမထေရ်မှစ၍ ဘုရားရှင်လက်ထက် အရှင်ဥပါလိမထေရ်တိုင်အောင် ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရား ရေးသားတော်မူသော ထေရာပရမ္ပရ စာတမ်းမှ ထုတ်နုတ်ကာ ရာဇဝင်များနှင့်ညှိနှိုင်းလျက် ရေးသားအပ်သော တောရဂိုဏ်းမထေရ်များ၏ အဆက်အနွယ် ထေရဝံသ မှတ်သားအပ်၏။

ဤမထေရ်များ၏ အဆက်အနွယ်ကား ပုဂံပြည် အရှင်အရဟံမထေရ်မှ ဆက်သွယ်လာသော ထေရဝံသဖြစ်ပါသော်လည်း အရှင်ဆပ္ပဒမထေရ်မှာ သီဟိုဠ်ကျွန်း မဟာဝိဟာရဝါသီမထေရ်များနှင့်အတူ ဥပသမ္ပဒသိက္ခာယူ၍ အရှင်ဥတ္တရာဇီဝမထေရ်၏ တပည့်ဖြစ်သဖြင့် မဟာဝိဟာရဝါသီအနွယ်လည်းဖြစ်ကြောင်း မှတ်ယူအပ်ကုန်၏။

ဤမျှဖြင့် ခွေကျင်ဂိုဏ်း ထေရဝံသမထေရ်များအဆက်အနွယ် ပြီးပြီ။

✪ ✪ ✪ ✪ ✪

## ရှမ်းပြည်နယ်နိုင်ငံတော် သာသနာကျယ်ပြန့်ခြင်း

ရှမ်းပြည်နယ်နိုင်ငံစုများ၌ များပြားစွာသော ခရိုင်တိုင်းစိတ်များ၊ သွားလာခက်ခဲသော လျှိုမြောင်လမ်းစခန်း တောင်ဝှမ်း, တောင်စဉ်များတို့ဖြင့် ပကတိသဘာဝ တင့်တယ်လှပသလောက် လူမျိုးများလည်း ပေါများ, ဘာသာစကားလည်း ထူးခြားကွဲပြားကြသည်တွင် တချို့ဘာသာရပ်များ တစ်မျိုးနှင့်တစ်မျိုး နီးနှော၍ပြောကြားနိုင်ကြ၍ အချို့ဝေးကွာသော တိုင်းနယ်ဒေသ ဘာသာစကားများ အချင်းချင်း မပြောကြားနိုင်ကြသဖြင့် လူအများ ဆက်ဆံရာ ဈေးစသည်တို့၌ ၎င်းတို့အလိုက် ရောင်းဝယ်နိုင်ရန် အရာဝတ္ထုများ စုပုံထားကာ "အဆစ်အစွက်မရှိ, အပိုလိုမပါ ရှမ်းငြိမ်းသာ ပြောပါ"ဟူသော စကားပုံအတိုင်း ရောင်းဝယ်ကြကုန်၏။

၎င်းရှမ်းပြည်နယ် အမျိုးသားများလည်း မြန်မာများအတူ သာကီယအနွယ်ဝံသမှ ဆင်းသက်လာကြသည်-ဟု အယူရှိကြ၍ ရှေးအနွယ်ဝံသ တစ်မျိုးတည်းဖြစ်ကြသော်လည်း မြန်မာတိုင်းနိုင်ငံ လွင်ပြင်ဒေသရှိ လူမျိုးများမှာ သွားလာဆက်ဆံနေထိုင်ခြင်း လွယ်လှသောကြောင့် လူမျိုးနှင့်စကား မကွဲပြားစေကာမူ ရှမ်းပြည်နယ်နိုင်ငံ တောင်တန်းဒေသရှိ

လူမျိုးတို့သည်ကား ရှေးအခါက တစ်တိုင်းနှင့်တစ်တိုင်း တစ်နယ်နှင့်တစ်နယ် တောင်တန်းများကာခြား၍ သွားလာဆက်ဆံရန် မလွယ်ကူသည့်အပြင် သွားလာဆက်ဆံမှုလည်း နည်းပါးသဖြင့် ကာလရှည်လျားသောအခါ အဝတ်အစားမှစကာ အသုံးအနှုန်းများ ခြားနားကာ လူမျိုးတစ်မျိုးစီဖြစ်သွားလျက် ခြားနားလာကြကုန်၏။

၎င်းရှမ်းပြည်နိုင်ငံစုနှင့် မြန်မာတိုင်းသည်ကား ရာဇဝင်အားဖြင့် ရှေးခေတ်များကပင် များစွာရင်းနှီးဆက်ဆံကြ၍ လူမျိုးချင်းလည်း အဦးအစက တူမျှကြသည့်အပြင် ကိုးကွယ်ဆည်းကပ်ကြသော ဘာသာလည်းတူမျှ၊ မြန်မာနိုင်ငံမှပင် တစ်စတစ်စ ပြန့်ပွါးထွန်းကားသွားရာ မြန်မာနိုင်ငံနှင့် စပ်လျက်ရှိသော ရှမ်းပြည်နယ်ဒေသများမှာ သာသနာဝင်အစဉ်အလာ မြန်မာနိုင်ငံနှင့် တူညီကြသော်လည်း အတွင်းကျသော ရှမ်းပြည်ခရိုင်၊ တိုင်းနယ်တို့မှာမူ တောတောင်လျှိုမြောင်ထူထပ်ပေါများ လူမျိုးနှင့်ဘာသာစကား ပေါများသလို သာသနာလည်း ဂိုဏ်းဂဏ အမျိုးမျိုး ကွဲပြားသွားခဲ့ကြကုန်၏။

## ရှမ်းပြည်နယ်သာသနာဝင်

မြန်မာနိုင်ငံနှင့် နီးစပ်သော ရှမ်းပြည်နယ်ခရိုင်များ၌လည်း ရှေးမြန်မာမင်းများလက်ထက်က သာသနာရေး ချီးမြှောက်ကြသကဲ့သို့ တိုင်း၊ ခရိုင်နယ်ပယ်များကို အစိုးရသော စော်ဘွားကြီးများလည်း သာသနာ့ဒါယကာ ခံယူကြလျက် ရှေးလက်ထက်အတိုင်းပင် အစဉ်အလာမပျက် စောင့်ရှောက်ပြုစု ချီးမြှောက်ကြ၍ မြန်မာနိုင်ငံဂိုဏ်းများနှင့်အတူ-

| | | |
|---|---|---|
| ၁။ ဂိုဏ်းချုပ် | ၂။ ဂိုဏ်းအုပ် | ၃။ ဂိုဏ်းထောက် |
| ၄။ ဂိုဏ်းသမာဓိ | ၅။ ဂိုဏ်းသာသနာပြု | ၆။ ဂိုဏ်းစာချ |

စသည် ခန့်အပ်တင်မြှောက် သမုတ်ကြပြီးလျှင် ရှေးအစဉ်အလာအတိုင်း မဟာဒါန်ဝန်များလည်း ခန့်ထားကာ သာသနာ စာရေးများဖြင့် စီရင်အုပ်ချုပ်လျက် သာသနာချီးမြှောက်ပြုစုကြကုန်၏။

၎င်းရှမ်းပြည်နယ်အတွင်း ခရိုင်တိုင်းနယ်များ၌ အယူဝါဒမတူညီကြဘဲ ဂိုဏ်းဂဏအမျိုးမျိုး ဖြစ်ပေါ်လာကြသည်မှာ –

၁။ မင်းကျော်ဂိုဏ်း ၂။ ဒုကင့်တင်ဂိုဏ်း

၃။ တောနေဂိုဏ်း ၄။ သောနေဂိုဏ်း

၅။ ယွန်းဂိုဏ်း ၆။ ပွဲကျောင်းဂိုဏ်း

၇။ ဇောတိဂိုဏ်း -

အားဖြင့် ၇-ဂိုဏ်းမျှ ရှိကြကုန်၏။

၎င်း၌ ၄က်ဂိုဏ်းများ အနည်းငယ်ရှိကြသော်လည်း မင်းနှင့်လူအများတို့ မလေးစားလှသောကြောင့် မထွန်းကား, မကြီးပွါးကြသည်နှင့်အမျှ ဇောတိဂိုဏ်းမှာလည်း အယူဝါဒ မမျှတ၍ နယ်သူနယ်သားတို့ မလေးစားကြဘဲ ထွန်းကားကြီးပွါးခြင်း မရှိကြကုန်။

## ၁။ မင်းကျော်ဂိုဏ်း

၎င်းဂိုဏ်းမှာ ဝိနည်းကျမ်းဂန်အရ ပါတိမောက် လေ့လာ၍ မာတိကာ ၂၂၇-သွယ်သော သိက္ခာပုဒ်များ ထိန်းသိမ်းစောင့်ရှောက်လျက် ကျင့်သုံးကာ မြတ်စွာဘုရား ပညတ်တော်လာ သိက္ခာပုဒ်များနှင့်အညီ သင်္ကန်းကို ဝတ်ရုံသော်လည်း ခါးပန်းကြိုးမှာကား အပြင်အပ ဧကစီအပေါ်က စီးလေ့ရှိကြသဖြင့် အခြားဗုဒ္ဓဘာသာတို့ ကြည့်ရှုရခြင်းမှာ မတင့်တယ်စေကာမူ ၎င်းဝါဒအရ ဤသို့ဝတ်ရုံမှ ပရိမဏ္ဍလသိက္ခာပုဒ်နှင့် ညီညွတ်သည်-ဟု အယူရှိကြကုန်၏။

၎င်းဂိုဏ်းမှာ ရှမ်းပြည်နယ်ဆရာတော်များ ပြောကြားကြသည်မှာ “နော်ရထာ မင်းစောလက်ထက် မြင်းပျံတော်များ ကျော်လွှားကာ တော, တောင်စခန်း သွားလာကြသော လမ်းခရီး၌ သွားရောက်စူးစမ်းကြသော အခါတော်၌ ကျင့်ကြံအားထုတ်ကြသော ရဟန်းတို့ကို မြင်းကျော်စခန်းမှာ ဖူးမြော်ရသည်”ကို အကြောင်းပြုကာ မြင်းကျော်ရဟန်းများ၊ မြင်းကျော်ဂိုဏ်းသားများ-ဟု တွင်လာခဲ့ကြောင်း။

၎င်းရဟန်းတော်တို့ လူသူအရောက်အပေါက် များပြားလာသောအခါ တောနက်ရာသို့ ရွှေ့ပြောင်းကြလျက် တစ်စတစ်စအားဖြင့် ရှမ်းပြည်နယ်များသို့တိုင်အောင် ရောက်ရှိလာကြကြောင်း၊ သို့ဖြစ်၍ ၎င်းကို မြင်းကျော်ဂိုဏ်း-ဟု ခေါ်တွင်ကြောင်း ပြောဆိုကြကုန်၏။

၎င်းတို့၏အဆက်အနွယ် အစဉ်အလာကား ၎င်းဂိုဏ်းအားလျော်စွာရှိကြမည် ဖြစ်သော်လည်း မှတ်တမ်းများ ထင်ရှားစွာ မတွေ့ရသဖြင့် မဖော်ပြစေနိုင်ကာမူ ‘ခါးပန်းစည်းသည့်အကျင့်

အလေ့မှာ ယိုးဒယားမှ ဆင်းသက်လာသည်’ဟု သာသနာမှတ်တမ်းများအရ ၎င်းအလေ့အကျင့်များ သီဟိုဠ်သို့ပင် ပြန့်ကျယ်သွားသည်ကို ထောက်ဆကာ မှတ်ယူထိုက်ကုန်၏။

## ၂။ ဒုကုဋ္ဌတင်ဂိုဏ်း

၎င်းဂိုဏ်းမှာလည်း မြတ်စွာဘုရားနှင့်တကွ ရှေးအရိယာမထေရ်ကြီးများ၏ အစဉ်အလာအားဖြင့် သင်္ကန်း ၃-ထည် တိစီဝရိက်အမြဲဆောင်လျက် ပခုံးထက်ဝယ် ဒုကုဋ္ဌ သင်္ကန်းကြီးကို အမြဲတင်ဆောင်လေ့ရှိကြပြီးလျှင် ဝိနည်းသိက္ခာပုဒ်များလည်း မင်းကျော်ဂိုဏ်းနှင့်အတူ ပါတိမောက်လာ သိက္ခာပုဒ်များ ကျင့်သုံးဆောက်တည်ကြသည့်အပြင် ကိုယ်, နှုတ် စောင့်စည်းမှုများမှာ ကြည်ညိုဖွယ်ရာ ဂုဏ်သိက္ခာနှင့် ပြည့်စုံသည်-ဟု မှတ်သားကြကုန်၏။

၎င်းဒုကုဋ္ဌတင်ဂိုဏ်းမှာ ယိုးဒယားမှ ဆင်းသက်လာ၍ ယခုအခါတိုင်အောင် ၎င်းဂိုဏ်း ထင်ရှားရှိသည့်အပြင် ၎င်းမှ သာသနာဆက်ယူသော သီဟိုဠ်သျှာမနိကာယ ရှမ်းဂိုဏ်းသံဃာများ ထင်ရှားကျင့်သုံးလျက်ရှိကြောင်း၊

၎င်းမှာ မြန်မာနိုင်ငံသို့လည်း သာသနာ ၂၂၄၂-ခုနှစ်လောက် မာရ်အောင်ရတနာ စေတီတော် ဒါယကာမင်းလက်ထက် တုံရွာမှ အစပြုကာ ထွန်းကားလာခဲ့ပြီး ကုန်းဘောင် ဆက် ဘိုးတော်မင်းတရားလက်ထက်ကျမှ ၎င်းအဓိကရုဏ်း ပြီးငြိမ်းသွားခဲ့ကြောင်း ကုန်းဘောက်ဆက် သာသနာဝင်အကြောင်းက ရေးသားခဲ့လေပြီ။

## ၃။ တောနေဂိုဏ်း

၎င်းဂိုဏ်းမှာ ဆရာတော်များ တောရမှီလျက် ဝိနည်းသိက္ခာပုဒ် ရှိသေစွာ ထိန်းသိမ်း စောင့်ရှောက်ကာ စင်ကြယ်စွာ နေထိုင်ကြသော ဂိုဏ်းဖြစ်၍ သာသနာတော်ကို ယုံကြည် အားထားသော ဒကာ, ဒကာမများ အထူးလေးစား ကြည်ညိုခြင်းကို ခံယူကြရကုန်၏။

၎င်းဂိုဏ်းဆရာတော်ဘုရားသည် ဒကာ,ဒကာမတို့အား အသက် သတ်ဖြတ်ခြင်း စသော ဒုစရိုက်တရားတို့ကို မပြုကြရန်၊ ကြက်, ငှက်, ဘဲ, ဝက်-စသော သတ်ဖြတ်

စားသောက်ဖို့ တိရစ္ဆာန်များကိုပင် မွေးမြူခြင်း မပြုကြရန်၊ ၎င်းတို့ကိုလည်း သတ်ဖြတ်၍ မလှူဒါန်းကြရန် ဟောပြောတော်မူလေ့ရှိကြသည့်အပြင် ၎င်းဂိုဏ်းဆရာတော်များမှာ သက်လွတ်ဟင်းလျာ စသည်တို့ဖြင့်သာ မျှတရောင့်ရဲတော်မူကြသည် များကြကုန်၏။

၎င်းဂိုဏ်းဆရာတော်တို့ ကိုယ်, နှုတ်စောင့်စည်း တည်ကြည်ငြိမ်သက်စွာ နေထိုင်တော်မူကြသည့်အတိုင်း ဒကာ, ဒကာမများတို့အားလည်း တရားဓမ္မဟောပြတော်မူရာ အထူးငြိမ်သက်ခြင်း စသည်တို့မှာလည်း သိမ်မွေ့စွာ ရှိကြ၍ ကိုယ်ကျင့်တရားများ သိမ်မွေ့ခြင်း, သည်းခံခြင်း-စသော ဂုဏ်တို့နှင့် ပြည့်စုံကုန်၏။

## ၄။ သောနေဂိုဏ်း

၎င်းဂိုဏ်းမှာ ရှေးအခါက ပုဂံအရည်းကြီး ရှင်ယောင်များကဲ့သို့ သက်န်းမှာ အဝါရောင်ပင်ဖြစ်သော်လည်း အခန်းအကန့် မပါသည့်အပြင် အဝါရောင်ခေါင်းပေါင်းများကို ပေါင်းလေ့ရှိကြ၍ ဘိန်း, ဘင်း, ကဇော်, လှော်စာ, သေရက်များကိုလည်း သောက်စားလေ့ရှိကြကုန်၏။

၎င်းတို့သည် အဝါရောင်အဝတ်အရုံမျှသာ လူများနှင့် ခြားနား၍ လူများကဲ့သို့ ကစားပျော်ရွှင်ခြင်း၊ ပွဲလမ်းသဘင်ကြည့်ရှုခြင်း၊ နောက်ပိတ်ဖိနပ်များ စီးနင်းခြင်း၊ သွားလာသည့်အခါ အဝေးခရီးတို့၌ မြင်းများစီးခြင်း-စသည် ပြုကျင့်ကြသော်လည်း ၎င်းတို့အား အတူစားသောက်ပျော်ပါးကြသော ဒကာများက ကိုးကွယ်ဆည်းကပ်ကြကုန်၏။

၎င်းတို့ဟောပြောချက်အရ သီလခံရာ၌လည်း ဘိန်းများ၊ သို့မဟုတ် ဘိန်းဖိုးများ ကန်တော့ပွဲ၌ ထည့်၍ လှူဒါန်းရကြောင်း၊ ၎င်းဂိုဏ်းသား ကျောင်းများ၌လည်း ၁-နှစ် ၁-ခါ အရက်သေစာ သောက်စား, အိုးစည်ဗုံမောင်းများ တီးမှုတ်, ကခုန် မြူးထူးကြသော ပွဲများလည်း ကျင်းပပြုလုပ်လေ့ရှိကြောင်း၊ ဤသို့ တရားနှင့်မလျော်သော အယူဝါဒများ ရှိကြကြောင်း မှတ်သားအပ်ကုန်၏။

## ၅။ ယွန်းဂိုဏ်း

၎င်းဂိုဏ်းသည်လည်း သောနေဂိုဏ်းကဲ့သို့ အဝါရောင်သင်္ကန်း၊ အခန်းမရှိ ဝတ်ရုံကြ၍ ဆံပင် လက်၂-သစ်ခန့်ထားပြီး နှုတ်ခမ်းမွေး, မုတ်ဆိတ်မွေးများလည်းထားကာ၊ နောက်ပိတ်ဖိနပ်စီးခြင်း၊ ဦးထုပ်ဆောင်းခြင်း-စသည် ပြုလုပ်လျက် ထမင်း, ခေါက်ဆွဲ စသော ဘောဇဉ်မှတပါး၊ အခြားစားသောက်ဖွယ်များကို နေလွဲသောအခါ လဘက်ရည် များနှင့် စားသောက်ခြင်း၊ အရက်သေစာများ စားသောက်ခြင်း၊ ဘိန်းများ ရှူလေ့ရှိခြင်း၊ လောင်းကစားပွဲ-စသည်တို့၌လည်း လူများကဲ့သို့ ကစားမြူးထူးကြခြင်း၊ သွားလာသည့်အခါ မြင်းများ စီးနင်းသွားလေ့ရှိကြခြင်း-စသည် သာသနာနှင့် ဆန့်ကျင်သော အကျင့်များ ကျင့်ကြကာ လူဒါယကာ, လူဒါယိကာမတို့အားလည်း ၎င်းဂိုဏ်းအားလျော်စွာ ဟောပြောကြ၍ လူဒကာများကလည်း ၎င်းတို့ ဟောပြောချက်ကို လိုက်နာလျှုဒါန်းလျက် နေထိုင်ကြကုန်၏။

## ၆။ ပွဲကျောင်းဂိုဏ်း

၎င်းဂိုဏ်းမှာလည်း ယွန်းဂိုဏ်းဘုန်းကြီးများကဲ့သို့ အကျင့်အမူ တူမျှကြ၍ အနည်းငယ်မျှသာ ကွဲပြားကြလျက် ရဟန်းများနှင့်မလျော်သော အကျင့်ဝိနည်းများ, မအပ်သော အဝတ်အရုံများ ဝတ်ရုံကြလျက် ၎င်းတို့ဂိုဏ်းအလျောက် ထောက်ပံ့လျှုဒါန်းသူ ဒကာများလည်း ရှိကြသဖြင့် ယခုတိုင်အောင် ၎င်းဂိုဏ်းများ တည်နေကြကုန်၏။

၎င်းပွဲကျောင်းဂိုဏ်း အစဉ်အလာမှာ မြန်မာနိုင်ငံ ပင်းယမင်းများလက်ထက် ဖြစ်ပေါ်လာသော ဂါမဝါသီပွဲကျောင်းဂိုဏ်းမှ ဆင်းသက်လာသဖြင့် ၎င်းဂိုဏ်းသားများမှာ အဝမင်းများလက်ထက် ရှေးမင်းများသည် သာသနာတော် စိစစ်၍ သံဃာတော်များ လေးစားကိုးကွယ်လာကြရာ သီလဝန်များသာ ထင်ရှားလျက် အလဇ္ဇီများ အားနည်းကာ အရပ်တပါး လွင့်သွားရာမှ ၎င်းတို့အနေအဒ့ထိုင် အပြုအကျင့် မသိနိုင်သော သာသနာ အားနည်းသည့် အရပ်များသို့ ရောက်သွားကြပြီး၊ ၎င်းမသိသူများ၏ အချီးအမြှောက် အပူဇော်ကို ခံယူကြကာ နေထိုင်လာခဲ့ကြကုန်၏။

## ၇။ ဇောတိဂိုဏ်း

ငင်းဂိုဏ်းသံဃာတော်တို့သည် မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာပုဒ်များ, ဝိနည်းတရားနှင့်အညီ ကျင့်ကြံတော်မူကြ၍ ရဟန်းကောင်းများ ဝတ်ရုံသော ဝိနည်းနှင့် ညီညွတ်သည့် သင်္ကန်းများဝတ်ရုံကြ၍ ဣန္ဒြေများ အထူးစောင့်စည်းလေ့ ရှိကြသဖြင့် ရဟန်း, သာမဏေဖြစ်သည်မှစ၍ မာတုဂါမများနှင့် စကားနီးနှော ပြောဆိုခြင်း မပြုရ၊ ယုတ်စွ အဆုံး သီလပေးရာတွင် ကန့်လန့်ကာခြားလျက် သီလများပေးရကြောင်း၊

ငင်းတို့ကျောင်းများမှာ ဘုရားမရှိဘဲ ပလ္လင်များနှင့် လက်ဝဲ, လက်ျာနေရာများ ထားပြီးလျှင် အကန်တော့ခံယူသောအခါ မထေရ်ကြီးမှာ အလယ်ပလ္လင်ထက် နေထိုင်ပြီး လက်ဝဲ, လက်ျာ အစဉ်အတိုင်း မထေရ်များ ထိုင်ကြရကြောင်း၊

ငင်းပြင် ဘွဲ့မည်များမှာလည်း မထေရ်ကြီးများမှာ ရှေးဘုရားရှင်တို့၏ ဘွဲ့အမည် များကို ယူကြ၍ မထေရ်ငယ်တို့မှာ လက်ဝဲ, လက်ျာရံမထေရ်များ၏ အမည်များကို ယူ၍ မှည့်တတ်ကြကြောင်း၊ ဤသို့ ရှေးဘုရားတို့၏ အတုလိုက်ကာ ကျင့်ကြံလေ့ရှိကြကြောင်းများ ရေးသားမှတ်သားကြကုန်၏။

ငင်းဂိုဏ်းသံဃာများသည် လှူဖွယ်ဝတ္ထုများ ဒကာတို့က လှူဒါန်းကြသောအခါ စစ်ကြောမေးမြန်း၍ အသက်မွေးဝမ်းကြောင်း စင်ကြယ်စွာရသော ဝတ္ထုပစ္စည်းတို့မှသာ အလှူခံ၍ ငင်းတို့အားလည်း အသက်မွေးမှု စင်ကြယ်စေရန် အထူးသဖြင့် တရားများ ဟောပြ၍ အယုတ်ဆုံး ငင်းဂိုဏ်းဒကာများသည် ဓား, လက်နက်-*(စသည်ကား)* အကုသိုလ် အားပေးခြင်း မကင်း-ဟု ပန်းပဲလုပ်ခြင်းကိုပင် ရှောင်ကြဉ်ကြကုန်၏။

ငင်းပြင် ထိုဂိုဏ်းမထေရ်များ၏ ဝတ်ရုံကြခြင်းမှာ ဒုကုဋ်တင်ဂိုဏ်းများကဲ့သို့ ဧည့်ခံရာ, အပူဇော်ခံရာ တစ်စုံတစ်ခု ကံပြုလုပ်ရာတို့၌ ဒုကုဋ်တင်လျက် ဝတ်ရုံလေ့ရှိကြ သဖြင့် ငင်းတို့မှာ ယိုးဒယားမှ ဆင်းသက်လာကြောင်း ယခုအခါတိုင်အောင်ပင် ယိုးဒယား ဘုရင်များ ဇောတိဂိုဏ်းများ ကိုးကွယ်ကြသည့်အပြင် မြန်မာနိုင်ငံတွင်လည်း ငင်းဇောတိဂိုဏ်း များရှိကြ၍ ယိုးဒယားနှင့်ဆက်သွယ်ကြောင်း၊

ဘကြီးတော်ဘုရားလက်ထက်က ငင်းဂိုဏ်းများဖြစ်ပွါးလာခဲ့ရာ ဆရာတော်, သံဃာ တော်တို့နှင့်တကွ ဘုရင်မင်းတရားကလည်း မနှစ်သက်သောကြောင့် မထွန်းကားခဲ့ကြောင်း သာသနာဝင် မှတ်တမ်းများ၌ ထင်ရှားရှိကုန်၏။

ရှင်းဇောတိဂိုဏ်းမှာ -

၁။ ကျောင်းဇောတိ

၂။ ဘုရားဇောတိ- ဟူ၍လည်း ၂-မျိုးကွဲပြား၍-

ကျောင်းဇောတိကား ရေးသားအပ်ပြီးသည့်အတိုင်း ၎င်းတို့ ကျောင်း, ဘုရားအစား ၎င်းတို့ ကျောင်းထိုင်မထေရ်များ ဘုရားကဲ့သို့ အတူပြုကာ အစဉ်အလာအတိုင်း ကိုးကွယ်လာခဲ့ကြကုန်၏။

ဘုရားဇောတိဂိုဏ်းမှာမူ ကျောင်းဆောက်လုပ်ပြီးလျှင် ဘုန်းတော်ကြီးများ မတင်လှူဘဲ မြတ်စွာဘုရား ရုပ်ပွါးတော်များ, လက်ဝဲရံ, လက်ျာရံ ရဟန္တာမထေရ်များ၏ ရုပ်ပွါးတော်များနှင့် တင့်တယ်စွာ ပူဇော်ပြီးလျှင် သီလဆောက်တည်ရာ၌လည်း ၎င်းရုပ်ပွါးတော်ရှေ့တွင် သီလခံယူ ဆောက်တည်ကြ၍ အလှူဒါနများလည်း ၎င်းကျောင်း၌ မြတ်စွာဘုရားအမှူးထားလျက် ပြုလုပ်လေ့ ရှိကြကုန်၏။ များသောအားဖြင့် ၎င်းဇောတိဂိုဏ်း ၂-ဦးတို့၏ အပြုအမူကား တူညီကြ၍ အသက်မွေးမှု စင်ကြယ်စွာနှင့် ကိုယ်, နှုတ် ၂-ပါး သိမ်မွေ့စွာဖြင့် ကြမ်းတမ်းရိုင်းပြ ဆဲရေးစကား ပြောကြားကြခြင်း နည်းပါးလျက် မလွန်ကျူးအောင် စောင့်စည်းလေ့ ရှိကြကုန်၏။

ဤသို့အားဖြင့် ရှမ်းပြည်အတွင်း နယ်ပယ်များ၌ ဂိုဏ်းများ ကွဲပြားကြသည်တွင်-

၁။ ယွန်းဂိုဏ်း

၂။ ပွဲကျောင်းဂိုဏ်း

၃။ သောနေဂိုဏ်း -

ဤ ၃-ဂိုဏ်းမှာ ရဟန်းကောင်းတို့၏ သိက္ခာသီလအစစ် မရှိကြကုန်၊ ကျန် ၄-ဂိုဏ်းတို့ကား မိမိတို့ဂိုဏ်း အလေ့အကျင့်အတိုင်းအားလျော်စွာ သိက္ခာသီလ ရှိသေကိုင်းရှိုင်းကြကုန်၏။

## ရှမ်းပြည် စာပေကျမ်းဂန် တတ်ကျွမ်းသော ပုဂ္ဂိုလ်များအကြောင်း

ရှမ်းပြည်တိုင်းနယ်များ၌ စာပေများမှာ ၎င်းတို့ဘာသာအလိုက် ထွင်းဖောက်တတ်မြောက်သူကား မြန်မာပြည်နယ်များနှင့် နှိုင်းစာလျှင် နည်းပါးသည်-ဟု ဆိုရသည်မှာ မြန်မာဘာသာထက် ရှမ်းဘာသာစာပေကား ခဲခက်များပြားသော အမှတ်သင်္ကေတများ ရှိကြ၍

အက္ခရာ ၁-လုံးလျှင် အသံ ၆-မျိုးမျှထွက်အောင် သဝေ, အသတ်, လုံးတင်, ချောင်းငင်, အမြစ်များ ရှိကြသဖြင့် စာဖတ်သူတိုင်း ကျမ်းဂန်စာပေ အရေးအသားများ နားမလည်နိုင်ကြသောကြောင့် အလျှုဒါန ပွဲသဘင်များ၌ ဖူစာရေး (ခေါ်) စာပေတတ်ကျွမ်းသော စာဖတ်များဖိတ်မံကာ ဖတ်ကြားသည်ကို နာယူမှတ်သားကြရကုန်၏။

ထိုသို့ ရှမ်းပြည်ဘာသာရပ်များ ခက်ခဲသောကြောင့် သာမညစာစကား ဖတ်ကြားတတ်ရုံမျှဖြင့် ကျမ်းဂန်များကို မတတ်ကြားနိုင်သည့်အပြင် သာမညစာပေ တတ်ကျွမ်းရုံမျှနှင့်လည်း ကျမ်းဂန်များ မရေးသားနိုင်၊ အထူးအချွန် တတ်ကျွမ်းသူများသာ စာပေကျမ်းဂန်ရေးသားနိုင်သဖြင့် စုံစမ်းသိရှိသည်မှာ ရှမ်းပြည်ဘာသာ အရေးအသားဖြင့် ကျမ်းဂန်များမှာနည်းပါး၍ ရေးသားနိုင်သူလည်း နည်းပါးကာ မြန်မာကျမ်းစာများသာလျှင် သင်ကြားကြည့်ရှုမှတ်သားသူ များကုန်၏။

သို့ရာတွင် ရှမ်းပြည်နယ် ပညာရှိများ မြန်မာနိုင်ငံသို့တိုင်အောင်ပင် ကျော်ကြားဖူးသည်များ ရှိခဲ့ဖူးကြောင်း မှတ်သားထားကြသည့် ကျမ်းတတ်ပညာရှိများမှာ –

၁။ အရှင်ကောလိဘွဲ့ရ မိုင်းပန်ဆရာတော်

၂။ ယွန်းဂိုဏ်းဆရာတော်ဘုရားကြီး ကန်ဆေး

၃။ မန်းယုတ်ဆရာတော်ဘုရားကြီးများအပြင်

၄။ လူပညာရှိ ကျမိုင်း စောနော်ခမ်း

၅။ ချင်းအမတ် ပိန်နောင်း-စသည်တို့ ဖြစ်ကြကုန်၏။

## ၁။ မိုင်းပန်ဆရာတော်ဘုရားကြီး

၎င်းဆရာတော်ကြီးသည် ရှမ်းပြည်တောင်ပိုင်း မိုးနဲမြို့မှာ ဖွားမြင်တော်မူ၍ ၎င်းမိုးနဲကျောင်း ဆရာတော်ဘုရားကြီးအထံမှာပင် ရှမ်းဘာသာစာပေများ သင်ကြားအားထုတ်ပြီးလျှင် ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးလက်ထက် မန္တလေး၊ ရွှေမြို့တော်သို့ လာရောက်ကာ ပညာသင်ကြားရာ ထူးချွန်သော ပညာအရည်အချင်းရှိခြင်းကြောင့် မင်းတရားကြီးကိုယ်တိုင် ပစ္စည်း ၄-ပါးထောက်ပံ့ကာ ရှင်သာမဏေ ထပ်မံပြုစေလျက် သားတော်အရာထားရာ ပထမကျော်အတန်းကို လူဝတ်လဲကာ ပြန်ဆို အောင်မြင်ခဲ့လေသည်။

ထို့နောက် မိုးနဲမြို့သို့ ပြန်လည်နေထိုင်သောအခါ ပညာသုတ ပြည့်ဝစုံလင်သည်အားလျော်စွာ များစွာသော ပိဋကတ်စာပေများကို ရှမ်းဘာသာ စာပေကျမ်းဂန်အဖြစ်သို့ ပြန်ဆိုရေးသား, ပုရပိုက်များတွင် ရေးဦးစွာတင်သော ပုဂ္ဂိုလ်တစ်ပါးဖြစ်၍ ရှမ်းပြည်သာသနာပြု ဆရာတော်တစ်ပါး ဖြစ်သည့်အပြင် သာသနာတော်ကို ကြည်ညိုလေးစားသောဆရာတော်တစ်ပါးဖြစ်သဖြင့် ပိဋကတ်စာပေများမှတပါး ရှမ်းပြည်၌ လိုက်စားကြသည့် လောကီအလိုက် ဓာတ်ရိုက်, ဓာတ်ဆင်, ဗေဒင်, ဆေးဝါး, ပညာရပ်များကို တပည့်တို့အား မလိုက်စားစေရ တားမြစ်ခဲ့လေသည်။

သို့ရာတွင် မိုးနဲမြို့မှာ ဩဇာကြီးမားသော ယွန်းဂိုဏ်းဆရာတော်များနှင့် အယူအဆ ပဋိပက္ခဖြစ်ကြ၍ ၎င်းမှ ပြောင်းရွှေ့ပြီး မိုင်းကိုင်(ပန်)မြို့မှာ သီတင်းသုံးနေထိုင်တော်မူကာ ကျမ်းဂန်များ ပြုစုရေးသား သာသနာရေး, သာသနာမှုများ ပြုစုအားထုတ်နေသဖြင့် ရှမ်းပြည်တွင်မက မြန်မာနိုင်ငံသို့ကျအောင်ပင် ကျော်ကြား၍ ပဌမဦးဆုံးဖြစ်သည့် ရှမ်းပြည်ကျမ်းဂန်စာပေပြု, သာသနာပြု ဆရာတော်တစ်ပါး-ဟု ထင်ရှားကျော်စောခဲ့လေသည်။

၎င်းဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် ကျမ်းဂန်များအနက် အထူးကျော်ကြားသည့်ကျမ်းမှာ "မဟာသုတ္တနိဗ္ဗာန မဟာပရိနိဗ္ဗာနသုတ်" ဖြစ်၍, ဤသို့ ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်း ကျော်ကြားခြင်းအားဖြင့် မိုးနဲစော်ဘွားကြီးက ပြန်လည်ပင့်ပါသော်လည်း ကြွလာတော်မမူဘဲ မိုင်းကိုင်မြို့မှာပင် စာပေကျမ်းဂန်ပို့ချ၊ ကျမ်းဂန်စာပေများရေးသား၊ သာသနာရေး, သာသနာမှုများ အားထုတ်ကာ ပျံလွန်တော်မူသည်အထိ သီတင်းသုံးတော်မူခဲ့လေသည်။

## ၂။ ဆရာတော်ကြီးကန်ဆေး

၎င်းဆရာတော်ဘုရားကြီးသည်လည်း ကောလီဆရာတော်ဘုရားကြီးနှင့်အတူ မိုးနဲမြို့မှာပင် ဖွားမြင်၍ ၎င်းမှာပင် အတူပညာသင်၍ ကောလီဆရာတော် မန္တလေးမြို့မှ ပညာသင်ယူပြီး ပြန်လာသောအခါ ၎င်းမိုးနဲမှာပင် နေထိုင်ကြရာ ဆရာတော်ကောလီနှင့် အယူဝါဒ မညီကြသောကြောင့် လဝလူမျိုးများ၏နယ်စပ် ကန်ဆေးမြို့သို့ သွားရောက်နေထိုင်ပြီး များစွာသောကျမ်းဂန်များ ရေးသားနေတော်မူသောအခါ ရှမ်းပြည်နယ်ပယ်တို့၌ ကန်ဆေးဆရာတော်-ဟု ကျော်ကြားသိရှိလာခဲ့ကြလေသည်။

၎င်းဆရာတော် ပြုစုသောကျမ်းဂန်များအနက် ထင်ရှားသောကျမ်းများမှာ–

| | | |
|---|---|---|
| ၁။ ခွန်ဆန်လော | ၂။ နန်းဦးပန် | ၃။ မွန်ထီး |
| ၄။ မွန်လစကြာယုံ | ၅။ စကြာပူရိန် | ၆။ မဏိဂုဏ်ပြန် |
| ၇။ မဟာကပ္ပါရ | ၈။ မဟာပညာစန်ယုံ | ၉။ နုစန်ကတာ – |

စသည်ဖြစ်ကြ၍ ၎င်းတို့မှာ ပိဋကတ်ဆိုင်ရာ ကျမ်းဂန်များမဟုတ်ကြဘဲ ခက်ခဲလေးနက်သော အဓိပ္ပါယ်များ မရှိသော်လည်း ယွန်းဂိုဏ်းအနေအားဖြင့် ပညာရှိ စာပေရေးသားနိုင်သော ပုဂ္ဂိုလ်ထွန်းကားကြောင်း ဖော်ပြရန်သာ ဖြစ်လေသည်။

၎င်းဆရာတော်ကြီးနှင့်အတူ ဖြစ်ထွန်းလာခဲ့သော အရှင်ကောလီ မိုင်းပန်ဆရာတော်ကား ပိဋကတ်စာပေ နိုင်နင်းလျက် ရှေးမထေရ်တို့၏ အစဉ်အလာ မြန်မာမင်းများ လက်ထက်က ဆရာတော်များ ဩဝါဒအတိုင်း နေထိုင်ခြင်းဖြင့် ၎င်းကန်ဆေးဆရာတော်၏ ယွန်းဂိုဏ်းဝါဒနှင့် ဆန့်ကျင်သောကြောင့် ၎င်းဆရာတော်နှင့် ခွဲခွာ၍ ကန်ဆေးမြို့မှာပင် နေထိုင်ခဲ့လေသည်။

## ၃။ မန်းယုတ်ဆရာတော်

၎င်းဆရာတော်သည်ကား ဖွားမြင်ရာဇာတိအားဖြင့် မထင်ရှားသော်လည်း ၎င်းဆရာတော်ကြီး အမြဲသီတင်းသုံးတော်မူသည်မှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့ဖြစ်၍ ၎င်းဆရာတော် ငယ်ရွယ်စဉ်သမယ ပညာဗဟုသုတ ရှာမှီးလိုက်စား သင်ကြားအားထုတ်ခဲ့ဖူးသည်ကား မထင်ရှားလှစေကာမူ ရှမ်းပြည်တောင်ပိုင်းတွင် ထင်ရှားသောပညာရှိ ဆရာတော်တစ်ပါးအဖြစ်ဖြင့် ကျော်ကြားသည့်အားလျော်စွာ ၎င်းဆရာတော်လည်း များစွာသော ကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ကြောင်း အစဉ်အလာ ပြောဆို မှတ်သားကြကုန်၏။

၎င်းပြောကြသည်ကား ၎င်းဆရာတော်ဘုရားသည် ပြောဆိုသည်ကို လိုက်၍ စာကို ရေးသားရသော တပည့် ဖူစာရေးခေါ် ကျောင်းစာရေး ၃-ယောက် အနားမှာထားပြီး ၎င်းတို့အား အသီးသီး ဆရာတော်ပြောဆိုသည့်အတိုင်း လိုက်၍ရေးစေရာ ကျမ်း ၃-ကျမ်း တပြိုင်တည်း ပြုစုရေးသားတော်မူကြောင်း ပြောဆိုကြသော်လည်း ၎င်းဆရာတော်ဘုရား ရေးသားသောကျမ်းဂန်များကား ထင်ရှားမတွေ့ရပေ၊ ပြောဆိုရေးသားသော မှတ်တမ်းများ အရ ရေးသားရပေသည်။

## ၄။ ကျမိုင်းစောနောင်ခမ်း

၎င်းမှာ သာသနာဝင် မဟုတ်သော်လည်း ရှမ်းပြည်ကျမ်းပြုဆရာတို့တွင် ထင်ရှားသော သာသနာဝင်ကျမ်းဂန်များ ပြုစုခဲ့သည့်အားလျော်စွာ ကျမ်းဂန်အရ အကြောင်းအရာ သိအပ်သည့်အတိုင်း ၎င်းကျမိုင်းကား မိုင်းကိုင်စော်ဘွားကြီး၏ ညီတော်ဖြစ်၍ အိမ်ရှေ့ ကျမိုင်းရာထူး အပ်နှင်းလျက် အမှုတော်ထမ်းရွက်စဉ်ပင် များစွာသော ရာဇဝင်, သိုက်, သမိုင်းများနှင့် ရှေးဟောင်းစာပေများအပြင် ရှမ်းဘာသာ ကဗျာ, လင်္ကာများ ကောင်းစွာ လိုက်စား တတ်ကျွမ်းသဖြင့် ၎င်းရေးသားသော မေတ္တာစာများမှာ မှတ်သားနာယူဖွယ် အလွန်ကောင်းကြောင်း ပြောဆိုကြလေသည်။

၎င်းရေးထားသော စာပေများတွင် ရာဇဝင်သမိုင်း မှတ်တမ်းများနှင့် မေတ္တာစာများ ဝါသနာအတိုင်း ရေးသားဖြန့်ချိခဲ့မည်ဖြစ်သော်လည်း ၎င်းတို့မှာ ထင်ရှားကျော်စောခြင်း မရှိလှဘဲ ၎င်း၏စာပေ ရသဂုဏ်မြောက်အောင် တင်မြှောက်သည့်ကျမ်းမှာ "ရွှေပြည်ဝင်" ဟူသောအမည်ဖြင့် ဇိနတ္ထပကာသနီကျမ်းကြီးကို ကျနစွာ ရှမ်းဘာသာအားဖြင့် ပြန်ဆို ရေးသားပြုစုခဲ့ခြင်းမှာ သာသနာဝင်မှတ်တမ်း တင်ထားရအောင် ထင်ရှားသော ကျမ်းဂန် တစ်ခုဖြစ်ခဲ့လေသည်။

## ၅။ ချင်းအမတ်ပိန်နောင်း

၎င်းအမတ်သည်လည်း ကျမိုင်းစောနောင်ခမ်းနှင့်အတူ ကျောင်းနေဖက်, ပညာ သင်ဖက်ဖြစ်၍ ရှမ်းပြည်တွင် ပညာရှိတစ်ဦးအဖြစ်ဖြင့် ကျော်ကြားသော အမတ်တစ်ဦး ဖြစ်သဖြင့် များစွာသော ကျမ်းဂန်ဗဟုသုတများ ဝါသနာအလျောက် လိုက်စားတတ်မြောက် သော ရှမ်းဘာသာ ပညာရှိတစ်ဦး အပါအဝင် မှတ်တမ်းအတင် ခံယူခဲ့ရလေသည်၊ ၎င်းသည် မိုင်းနောင်မြို့တွင် အမတ်ရာထူးဖြင့် ထမ်းရွက်ရသော်လည်း ၎င်းမှာ စာပေအရသာလောက် နှစ်သက်ခြင်းမရှိသဖြင့် ၎င်းရာထူးမှထွက်ပြီး စာပေများလိုက်စားကာ -

၁။ မင်းများကျင့်ကြံအားထုတ်အပ်သော "ရာဇောဝါဒဒီပနီကျမ်း"

၂။ မင်းများ၏ အကျိုးစီးပွါးပြဆိုရာ "ရာဇဟိတဒီပနီကျမ်း"များ ရေးသားပြုစုခဲ့သဖြင့် ရှမ်းဘာသာစာပေနယ်တွင် ထင်ရှားသောသူတစ်ဦးအဖြစ် ပါဝင်ခဲ့လေသည်။

## ရှမ်းပြည် ပဒေသရာဇ် ခရိုင်နယ်များ၌ သာသနာပြုကြခြင်း

ထိုမှတပါး ရှမ်းပြည်ပဒေသရာဇ် တိုင်း, ခရိုင်, နိုင်ငံ အသီးသီးတို့ကို အုပ်စိုးသော စော်ဘွားကြီးများလည်း မိမိတို့ အုပ်ချုပ်စိုးမိုးသော တိုင်းနယ်များ သာသနာထွန်းကားအောင် ကြံဆောင်ကာ သာသနာဘက်၌ ရှမ်းပြည်နယ်ဖွား ပညာရှိရဟန်းတော် အမြောက်အမြား ထွန်းကားစေရန် ရည်သန်လျက် ရှမ်းပြည်ဆိုင်ရာ ရဟန်း, သာမဏေများအလိုက် ဝိနည်းစာပြန်ပွဲကြီးများ, ကျမ်းဂန်တတ်မြောက်ခြင်း အမိကထား၍ အခြေခံသဒ္ဒါ, သင်္ဂြိုဟ်-စသော ပါဠိဘာသာ ပထမပြန်စာမေးပွဲကြီးများ ကျင်းပပြုလုပ်ခဲ့လေသည်။

၎င်းပြင် ပညာဗဟုသုတ တတ်မြောက်စေခြင်း မူထား၍ ပညာထွန်းကားသော မန္တလေး, ရန်ကုန်-စသော မြို့ကြီးများသို့ ပရိယတ္တိအားထုတ် သင်ကြားကြသော ရဟန်းများကို ပြည်နယ်အုပ်စိုးကြသော စော်ဘွားကြီးများကိုယ်တိုင်လည်း ရွေးချယ် စေလွှတ်ကြသဖြင့် ရှမ်းပြည်သာသနာဝင်ကား ယခုတိုင်အောင် တိုးတက်လျက် ရှိခဲ့လေသည်။

ဤမှုဖြင့် ရှမ်းပြည်ခရိုင်များ၌ ရောက်ရှိကြသော သာသနာအကြောင်းအရာများနှင့် သာသနာဝင်ကျမ်းဂန်များ ရေးသားပြုစုကြသော ပုဂ္ဂိုလ်များ, အကြောင်းအရာများ မှတ်သားအပ်ကုန်၏။

## ရှမ်းပြည်နယ်တောင်ပိုင်း, မြောက်ပိုင်းစော်ဘွားကြီးများ သာသနာပြုကြကြောင်း

ရှမ်းပြည်ပဒေသရာဇ် တိုင်းနယ်များဖြစ်ကြသော နယ်အသီးသီးတို့၌ စိုးမိုးအုပ်ချုပ်တော်မူကြသော စော်ဘွားကြီးများမှာ ၎င်းတို့၏အခွင့်အရေးများ ရှေးမြန်မာဘုရင်များ လက်ထက်ကကဲ့သို့ပင် အင်္ဂလိပ်လက်အောက် ကျရောက်သော်လည်း ရရှိကြ၍ ဘာသာ, သာသနာကို လွတ်လပ်စွာ ပြုစုအားထုတ်နိုင်ကြသဖြင့် မိမိတို့ခရိုင်, တိုင်းနယ်များ၌ သာသနာရေး, သာသနာမှု သန့်ရှင်းစင်ကြယ်စေခြင်းငှါ ပြုစုအားထုတ်ကြကုန်၏။

ထိုသို့စော်ဘွားကြီးများ သာသနာပြုစု အားထုတ်ကြသည်တို့တွင် ရှမ်းပြည်တောင်ပိုင်းခရိုင် ပြည်နယ်များ၏ အကြီးအမှူးများမှ ညောင်ရွှေမဟာရာဇာစော်ဘွားချုပ်ကြီးသည် မိမိတိုင်းနယ်တို့၌ သာသနာတော် ကောင်းမြတ်စေလိုသောဆန္ဒဖြင့် သာသနာ ၂,၄၆၀၊ သက္ကရာဇ် ၁,၂၇၈-ခုနှစ်၊ သီလဂုဏ်, သမာဓိဂုဏ် ပြည့်စုံတော်မူကြသော ဆရာတော်ကြီး

များ ပင့်ဖိတ်တော်မူကာ သာသနာပြုအစည်းအဝေးသဘင်ကြီး ဆင်ယင်ကျင်းပတော်မူခဲ့လေသည်။

မဟာရာဇာစော်ဘွားကြီးသည် မင်းတရားကြီးနှင့် ဆင်ဖြူမရှင်တို့၏ သားတော်အဖြစ် နန်းတော်တွင် ကြီးပွါးတော်မူခဲ့ရသည့်အားလျော်စွာ ၎င်းဆင်ဖြူမရှင် ကိုးကွယ်တော်မူသော မဟာဝိသုဒ္ဓါရာမဆရာတော်ကြီးထံ မင်းကလေးလက်ထက် တိုင်းခရိုင်များသို့ သာသနာပြု စေလွှတ်တော်မူသည့်အလား ဒကာတော်များ ပြည်နယ်ခရိုင်သို့ သာသနာတော် ကြီးပွါးတိုးတက်ရန် သာသနာပြုစေလွှတ်ပါရန် တောင်းပန်လျှောက်ထားချက်အရ ၎င်းဆရာတော်ဘုရားကြီးသည် သာသနာပြုစုခြင်း၌ စွမ်းနိုင်တော်မူကြသော ဂုဏ်းဂဏတွင် ထင်ရှားသည့် -

၁။ အရှေ့မဟာဝိသုဒ္ဓါရာမ သာသနာပြု တိုက်အုပ်ဆရာတော်

၂။ အနောက်မဟာဝိသုဒ္ဓါရာမတိုက် တိုက်ကြပ်ဆရာတော် -

စသော ပရိယတ္တိဂုဏ်, ပဋိပတ္တိဂုဏ်, ဗဟုသုတဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော ဆရာတော်များကို ရွေးချယ်စိစစ်၍ လွှတ်တော်မူခဲ့လေသည်။

မဟာရာဇာစော်ဘွားကြီးလည်း ကြီးကျယ်ခမ်းနားသော အစီအစဉ်တို့ဖြင့် စီရင်ပြုလုပ်ပြီးလျှင် သာသနာပြု ဆရာတော်ကြီးများ ပင့်ဆောင်တော်မူကာ တင့်တယ်သိုက်မြိုက်စွာ ဆောက်လုပ်အပ်သော ဌာနအသီးသီးသို့ ပင့်ဆောင် သီတင်းသုံးတော်မူစေကာ ဆင်ယင်ကျင်းပအပ်သော သာသနာပြုသဘင်ကြီး၌ သာသနာရေး၊ သာသနာမှု ဆွေးနွေးတော်မူကြစေခြင်း၊ တရားဓမ္မဟောကြားတော်မူစေခြင်း၊ အာဝါသိကရဟန်း သံဃာများနှင့် ညှိနှိုင်းကာ ဆောင်ရွက်တော်မူခြင်း-စသော သာသနာတိုးတက်ကြီးပွါးမှုကို ပြုစုဆောင်ရွက်တော်မူခဲ့လေသည်။

မဟာရာဇာစော်ဘွားကြီးသည် မိမိတိုင်းနယ်များအတွင်း သီတင်းသုံးတော်မူကြသော သံဃာတော်များ သာသနာတိုးတက်စေမှု ပြုစုအားထုတ်စေခြင်း၊ နယ်သူ, နယ်သားဒကာများကိုလည်း သာသနာတော်၏ ယဉ်ကျေးမှုရရှိကာ ၂-တန်သော အကျိုးတရား တိုးပွါးစေခြင်းကို ရည်သန်တော်မူရင်းရှိသည့်အတိုင်း သာသနာ့ဒကာတော်အဖြစ် ခံယူတော်မူကာ သာသနာပြုတော်မူသည့်အတိုင်းလည်း ယခုတိုင်အောင် သာသနာ့ယဉ်ကျေးမှုကား တိုးပွါးလျက် ရှိလေသည်။

ဤသို့အားဖြင့် ၎င်းစော်ဘွားချုပ် မဟာရာဇာကြီးကား သာသနာရေးကိစ္စများ၌ လေးနက်စွာ ရှေးမြန်မာမင်းတို့အလား ၄-ပါးသောပစ္စည်းများဖြင့် ထောက်ပံ့လှူဒါန်း

တော်မူကာ မဟာဒါန်ဝန်များ ခန့်ထားလျက် သာသနာတော်စင်ကြယ်အောင် အားထုတ်ပြီးလျှင် နတ်ရွာစံတော်မူသောအခါ ၎င်း၏သားတော်ကြီး စောရွှေသိုက်သည် ခမည်းတော်၏ အရိုက်အရာ ခံယူတော်မူကာ ခမည်းတော်ကြီးကဲ့သို့ တိုင်းမှုပြည်မှု, သာသနာရေး သာသနာမှုတို့၌ အထူးအားထုတ်ဆောင်ရွက်စေသဖြင့် ၎င်း၏အာဏာရောက်ရာ တိုင်းနယ် များနှင့်တကွ အနီးအနားတိုင်းပြည်များမှာ ယခုအခါတိုင်အောင်ပင် သာသနာဝင် ယဉ်ကျေးကောင်းမြတ်သော အလေ့အထများသည် စည်ပင်ပြန့်ပွါးထွန်းကားလျက် တည်ရှိကြကုန်၏။

ဤသို့လျှင် ညောင်ရွှေ မဟာရာဇာစော်ဘွားကြီးနှင့် သားတော် စောရွှေသိုက်တို့သည် သာသနာ့ဒါယကာခံကာ ၎င်းရှမ်းပြည်ထောင်စုများတွင် တောင်ပိုင်းတိုင်းခရိုင်များ၌ သာသနာတော် ကောင်းမြတ်စင်ကြယ်စေရန် ပြုစုအားထုတ်သကဲ့သို့ –

၎င်းမြောက်ပိုင်းတွင် ထင်ရှားသော သီပေါအုန်းဘောင်နယ်ကြီးကို စိုးမိုးအုပ်ချုပ်တော်မူသော စောချယ်ဘွဲ့ခံ သီပေါမဟာရာဇာစော်ဘွားကြီးသည်လည်း မိမိနယ်ပယ် ပြည်ထောင်စုများ၌ သာသနာစင်ကြယ်စေရန် ညောင်ရွှေစော်ဘွားချုပ်ကြီး သာသနာပြုပြီးနောက် ၄-နှစ်လောက်မှာ သာသနာ ၂,၄၆၄-ခုနှစ်၌ သာသနာပြုသဘင်ကြီး ဆင်ယင်ကျင်းပကာ ချီးမြှောက်တော်မူခဲ့လေသည်။

၎င်းသာသနာပြုသဘင်ကြီး၌ ထိုအခါက ထင်ရှားတော်မူသော သာသနာပြုမန်လည်ဆရာတော်ဘုရားကြီးနှင့် အနုနာယကမဟာထေရ်များ၊ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ကိုယ်စား အရှေ့မဟာဝိသုဒ္ဓါရာမတိုက်အုပ်ဆရာတော်ဘုရား၊ အနောက်ဝိသုဒ္ဓါရုံတိုက်ကြပ်ဆရာတော်များနှင့် အနုနာယကမထေရ်များအပြင် အခြားထင်ရှားတော်မူသော ဆရာတော်များ ပင့်ဖိတ်တော်မူပြီးလျှင် ကြီးကျယ်သော သာသနာပြုပွဲသဘင်ကြီး ဆင်ယင်တော်မူခဲ့လေသည်။

ဤသို့ သီပေါစော်ဘွားကြီး၏ သာသနာပြုပွဲမှာလည်း မိမိတိုင်း, ခရိုင်, ပြည်နယ်များ၌ ထင်ရှားကုန်သော ဆရာတော်များကိုလည်း ပင့်ဖိတ်တော်မူကာ သာသနာပြု ကြွလာတော်မူကြကုန်သော ဆရာတော်ကြီးများ၏ ဩဝါဒခံယူတော်မူစေခြင်း၊ အခြားသာသနာနှင့်ဆိုင်သော အရေးကိစ္စများ၌လည်း ဆွေးနွေးတိုင်ပင် သာသနာစင်ကြယ်အောင် ပြုစုတော်မူစေခြင်း-စသော သာသနာတော်၏ ကောင်းမြတ်စင်ကြယ် တိုးတက်စေမှု အရင်းထားလျက် သာသနာပြုကိစ္စများ ဆောင်ရွက်အားထုတ်ခဲ့လေသည်။

တောင်ပိုင်းသာသနာပြု သဘင်ကြီးကဲ့သို့ အရှင်သီပေါဒုန်းဘောင်စော်ဘွားကြီး သည်လည်း မိမိအာဏာစက်ရောက်ရာ ပြည်နယ်များအပြင် နီးကပ်ဆက်ဆံသော ပြည်နယ် များရှိ ဆရာတော်, သံဃာတော်တို့ကိုလည်း ပင့်ဖိတ်တော်မူကာ သာသနာပြု ကြွလာတော် မူကြသော ဆရာတော်တို့၏ အဆုံးအမ ခံယူတော်မူစေကာ တိုက်တာဂိုဏ်းဂဏ အသီးသီး တို့၌ ပရိယတ္တိ, ပဋိပတ္တိ တိုးပွါးစေရန် စီမံဆောင်ရွက်စေခြင်း၊ ၎င်းတို့ဆိုင်ရာ ဒကာ, ဒကာမများကိုလည်း သာသနာယဉ်ကျေးမှု ရရှိအောင် ဆုံးမတော်မူစေခြင်း စသည်ဖြင့် ဆောင်ရွက်တော်မူခဲ့လေသည်။

ထိုသာသနာပြု သဘင်ပွဲကြီးတွင် ထင်ရှားတော်မူသော မန်လည်ဆရာတော်ဘုရား ကို မဟာနာယကအမှူးထားလျက် စည်းဝေးတော်မူကြကာ ကြွလာတော်မူကြသော နယ်အသီးသီးမှ ဆရာတော်တို့အား ဆုံးမတရား မိန့်ကြားတော်မူပြီးနောက် –

- အရှေ့မဟာဝိသုဒ္ဓါရာမ သာသနာပြု တိုက်အုပ်ဆရာတော်ဘုရားကြီးသည် ရဟန်း သံဃာတော်များဘက်၌ ပရိယတ်, ပဋိပတ် တိုးတက်ကောင်းမွန်အောင် အားထုတ် ဆောင်ရွက်စေမှု၌လည်းကောင်း
- ပြည်ထောင်စုနယ်သား ဒကာများဘက်၌ သာသနာတော်လေးစား ယုံကြည် အားထုတ်စေမှု၌လည်းကောင်း
- အရှင်စော်ဘွားကြီး, နန်းတော်သူ, နန်းတော်သားများတို့၏ သာသနာရေး ယဉ်ကျေး စေမှု၌လည်းကောင်း
- မန်လည်ဆရာတော်ဘုရားကြီးအောက် အနုနာယကထားလျက် ဟောကြားညွှန်ပြ ဆုံးမသွန်သင်တော်မူခဲ့လေသည်။

ဤသို့အားဖြင့် ရှမ်းပြည်မြောက်ပိုင်း ပြည်ထောင်စုများ၌ သီပေါဒုန်းဘောင် မဟာရာဇာ စော်ဘွားကြီးသည် များစွာသော ပစ္စည်း ၄-ပါးဖြင့် ထောက်ပံ့လှူဒါန်းကာ သီလဝန်, ဂုဏဝန် ဆရာတော်ဘုရားကြီးများ ပင့်ဖိတ်တော်မူလျက် သာသနာတော် တိုးတက်မှု ပြုစုအားထုတ် တော်မူပြီးလျှင် သာသနာပြု အစဉ်အလာ မှတ်တမ်းများ ရေးသားထားခဲ့လေသည်။

ဤမျှဖြင့် ရှမ်းပြည်နယ် သာသနာအကြောင်း ပြီးပြီ။

✪ ✪ ✪ ✪ ✪

## ဝဂ်တိုင်း ဗုဒ္ဓသာသနာ

ဝဂ်တိုင်းဆိုသည်မှာ ယခု ဗင်္ဂလား-ဟု ထင်ရှားသော တိုင်းစိတ်များစွာ ပါဝင်သည့် ပရောဗင့်တိုင်းနယ်ကြီးကို ဆိုသည်ဖြစ်၍ အိန္ဒိယနယ်ကြီးများတွင် ထင်ရှားသော တိုင်းနယ်ကြီးတစ်ခုဖြစ်ရာ ဘုရားရှင်လက်ထက်တော်က ကျော်ကြားထင်ရှား ပေါ်များကြွယ်ဝသော အလယ်ပိုင်း တိုင်းကြီးများတွင် မပါဝင်စေကာမူ ဇာတ်တော်, နိပါတ်တော်အချို့၌လည်း ကောင်း, ဘုရားရှင်လက်ထက်တော်က ဝတ္ထုအဖြစ်အပျက် အချို့တို့၌လည်းကောင်း ပါဝင်၍ မဇ္ဈိမဒေသ ရှေးအစဉ်အလာအရ ပစ္စန္တနယ်ပယ်၌ သတ်မှတ်ထားသော တိုင်းပြည်နယ်ပယ်ကြီး တစ်ခုဖြစ်လေသည်။

၎င်းတိုင်း၌ ဗုဒ္ဓသာသနာတော်ကား အင်္ဂတိုင်းနှင့် နီးကပ်ဆက်သွယ်၍ တိုင်းနယ်အစိတ်အပိုင်းတို့မှာကား ဘုရားရှင်လက်ထက်တော်က အင်္ဂတိုင်းသူ, တိုင်းသားများစွာ သာသနာကိုင်းရှိုင်း ယုံကြည်ကြသည်ကို ထောက်၍ ဗုဒ္ဓဘာသာနိုင်ငံတော် ထင်ရှားရှိစဉ်ကပင် သာသနာနိုင်ငံတော်ဖြစ်ကြောင်း ကောင်းမွန်စွာ မှတ်သားအပ်လေသည်။

ရာဇဝင်ဆရာများကလည်း "ဘယ်လက်ထက်, ဘယ်အခါ"ဟု ခုနှစ်သက္ကရာဇ်နှင့် အသေအချာ ဖော်ပြရေးသားခြင်း မပြုစေနိုင်ကာမူ ဤတိုင်း၌ ဗုဒ္ဓသာသနာရောင် ထွန်းပြောင်တောက်ပသော အချိန်ကား အသောကမင်းတရားကြီး သာသနာမပြုမီ ရှေးခေတ်ကပင် ဗုဒ္ဓသာသနာဝင် နိုင်ငံတော်ဖြစ်ခဲ့ကြောင်း တွေးဆခန့်မှန်း ရေးသားနိုင်သည်-ဟု ထင်မြင်ချက် ဖော်ပြရေးသားကြလေသည်။

သာသနာနှစ် ၇၀၀-အတွင်း၌ ဝဂ်တိုင်းမှာ ဗုဒ္ဓသာသနာတော်ကား အရေးပါသော ဗဟိုအချက်အချာ ဌာနတိုင်းနယ်ကြီးတစ်ခုဖြစ်လာ၍ နှစ် ၁,၀၀၀-အတွင်းမှာမူ အလွန်ခိုင်မြဲ ယုံကြည်သော ဗုဒ္ဓနိုင်ငံတော်ကြီးများ ဆောက်လုပ်တည်ထားခဲ့ကြရာ ကောမိလ္လနယ်၌ တည်ထောင်ဆောက်လုပ်အပ်သော ရာဇဝိဟာရခေါ် မင်းကျောင်းတော်ကြီးကား စိုက်ထူအပ်သော ကျောက်တိုင်, ကျောက်စာများဖြင့် အလွန်ထင်ရှားသော ကျောင်းတော်ကြီး ဖြစ်လေသည်။

သာသနာတော် ၁၂-ရာစုအတွင်း ဝှင်သျှင်အမည်ရှိလေသော တရုတ်ရဟန်းသုတေသနပညာရှိပုဂ္ဂိုလ်ကြီး ရောက်လာစဉ်အခါက ၎င်းဝဂ်တိုင်းအရှေ့ပိုင်း သမတတ္တနိုင်ငံ၌ အလွန်ထွန်းကား စည်ပင်သော ဗုဒ္ဓသာသနာတော်ကို တွေ့ရှိရ၍ ၎င်းတိုင်းမြို့တော်

မှာ ကျောင်းကြီး ၃၀-မျှနှင့် ၂,၀၀၀-ကျော်ရဟန်းတော်များ သီတင်းသုံးတော်မူကြကာ ၎င်းတို့မှာ ထေရဝါဒဂိုဏ်း ရဟန်းတော်များနှင့် မဟာယာနဂိုဏ်း ရဟန်းတော်များသို့ ဂိုဏ်းအားလျော်စွာ အသီးအခြား သီတင်းသုံးတော်မူကြကြောင်း ၎င်းမှတ်တမ်း၌ ရေးသား ဖော်ပြထားခဲ့လေသည်။

၎င်းသမတတ္တမြို့တော်၌ ထေရဝါဒဂိုဏ်းနှင့် မဟာယာနဂိုဏ်းသံဃာတို့၏ ကျောင်းများအပြင် အခြားပြာဟ္မဏဘာသာဝင်များတို့လည်း ၎င်းတို့ဝါဒအားလျော်စွာ ဗိဿုဏု-ဝတ်ကျောင်း, မဟာသိဝဝတ်ကျောင်းများ ဆောက်လုပ်တည်ထားကြသည့်အပြင် ဂျိန်း-ဘာသာဝင်များကလည်း ၎င်းတို့ဘာသာအလိုက် တိုးတက်ရာ တိုးတက်ကြောင်း ထိုခေတ်က အားထုတ်နေခဲ့ကြသည်မှာ ၎င်းမှတ်တမ်းအရ ထင်ရှားလေသည်။

၎င်းနောက် အနှစ် ၂၀၀-ကျော်လောက်မှာ အိသျှင်အမည်ရှိသောခရီးသည် တရုတ်ရဟန်းတော်သည် ၎င်းတိုင်းသို့ လှည့်လည်ရောက်ရှိစဉ်ကလည်း ၎င်း၌ များစွာသော ရဟန်းတော်များ ဝိနည်းတရားတော်အားလျော်စွာ လိုက်နာကျင့်သုံးတော်မူကြ၍ သိက္ခာပုဒ်များ အလွန်လေးစား ရှိသေကြကြောင်း မှတ်တမ်း၌ ရေးသားသဖြင့် ၎င်းခေတ်မှာ ထေရဝါဒ သာသနာ စည်ပင်ထွန်းကားလာကြောင်း မှတ်သားအပ်သည့်အပြင် ၎င်းအချိန်မှာပင် 'သျှင်ချီ' အမည်ရှိသောခရီးသည် တရုတ်ရဟန်းတော်တစ်ပါးလည်း ၎င်းတိုင်းနယ်သို့ ရောက်လာ၍ ၎င်း၏မှတ်တမ်းက ဖော်ပြသည်မှာ, ၎င်းသမတတ္တတိုင်းမြို့တော်မှာပင် ဘိက္ခု, ဘိက္ခုနီ ရဟန်းသံဃာပေါင်း ၄,၀၀၀-ကျော်မျှ တွေ့ရှိခဲ့ရကြောင်း၊ သာသနာ အလွန်စည်ပင်ထွန်းကားကြောင်း ရေးသားခြင်းဖြင့် သာသနာ ၁,၀၀၀-ကျော်၌ ဝင်္ဂတိုင်းအရှေ့ပိုင်း (အရှေ့ဗင်္ဂလားပြည်နယ်) များမှ ထိုသာသနာ ၁,၂၀၀-ခေတ်အတွင်း သာသနာတော် အလွန်ထွန်းလင်းလျက်ရှိကြောင်း ၎င်းမှတ်တမ်းများအရ ကောင်းစွာ သိမှတ်ရလေသည်။

အိန္ဒိယဗုဒ္ဓသာသနာ လှိုင်းတံပိုးသည် ၁,၂၀၀-ကျော် ၁၃-ရာစုနှစ်လောက်ကစ၍ မြောက်ပိုင်း အိန္ဒိယတိုင်းနိုင်ငံများမှလည်းကောင်း အိန္ဒိယတောင်ပိုင်းတိုင်းနိုင်ငံများမှလည်းကောင်း အိန္ဒိယအနောက်ပိုင်း တိုင်းနိုင်ငံများမှလည်းကောင်း တဖြည်းဖြည်း နိမ့်ကျပျက်ပြား ဆုတ်ယုတ်လာခဲ့သော်လည်း ဝင်္ဂတိုင်းအရှေ့ပိုင်း တိုင်းနိုင်ငံများ၌ကား –

သာသနာ ၁၂-ရာစု ခဂ္ဂမင်းမျိုးနိုင်ငံ အစလောက်က ပါလမင်းမျိုးများနိုင်ငံအဆုံး ၁၇-ရာစု ကုန်ဆုံးပြီးနောက် နှစ် ၃၀၀-လောက်တိုင်အောင် ဗုဒ္ဓသာသနာတော် ထွန်းလင်းလျက်ရှိကြောင်း မှတ်တမ်းများ၌ ရေးသား ဖော်ပြကြလေသည်။

သို့ရာတွင် ဗုဒ္ဓသာသနာတော်မှာ ထိုခေတ်မှ နောက်အခါ၌ ဗြာဟ္မဏဝါဒ, ဗြာဟ္မဏ အယူများ နိုးကြား ထကြွကာ ဝင်ရောက်တိုက်ခိုက်လာ၍ ၎င်းတို့နောက်သို့ အချို့ဗုဒ္ဓဘာသာများ ပါသွားကြသည့်အပြင် မူဆလင်အယူဝါဒလည်း ဝင်ရောက်တိုက်ခိုက်လာခဲ့ရာ များစွာ ညှဉ်းပန်းနှိပ်စက်ခြင်းများ ခံရသဖြင့် ၎င်းဝဏ်တိုင်းအလုံးရှိ ယခု ဗီဟာနယ်တိုင်အောင်သော အရပ်ဒေသတို့မှ ဗုဒ္ဓဘာသာအိမ်ထောင်သည် မြောက်မြားစွာတို့သည် ၎င်းတို့၏ ခိုကိုးရာကို ရှာဖွေကြလျက် အချို့ကား မြန်မာနယ်စပ် ရခိုင်နယ်စွန်များသို့ သွားရောက်နေထိုင်ကြကာ အချို့မှာမူ ပင်လယ်ကို ဖြတ်ကျော်လျက် ရှမ်း, မြန်မာ, မလေး, ဆုမတြာ, ဂျာဝါး စသော အရှေ့ဖျား နိုင်ငံများဘက်သို့ သွားရောက် နေထိုင်ခဲ့ကြလေသည်။

## ၎င်းဝဏ်တိုင်းအရှေ့ပိုင်း စက္ကမလူမျိုးများ

သာသနာ ၁၅-ရာစု အတွင်းလောက်ကစ၍ ၂၀-ရာစုလောက်တိုင်အောင် အရှေ့ဝဏ်တိုင်းနယ်ပယ်များမှာ ပြည်တွင်း, ပြည်ပ ၂-ဌာနလုံးမှ မရပ်မစဲသော စစ်နယ်ထဲသို့ ကျရောက်ကာ နိုင်ငံရေး ရှုခင်းများမှာ မကြာမကြာ ပြောင်းလဲလျက် နေခဲ့ရာ ၎င်းတို့မှာ စက္ကမလူမျိုးများနှင့် ဗြိုပွရလူမျိုးများ ဖြစ်ကြသည်တွင် ၎င်းတို့အထဲတွင် ရခိုင်လူမျိုးများလည်း ပါဝင်ခဲ့၍ အစဉ်မပြတ် လှုပ်ရှားနေခဲ့ရာ ၎င်းလူမျိုးငယ်များ၏ စစ်ပြဿနာကား မူဆလင်များ ဝင်ရောက်လာမှ အနည်းငယ် ငြိမ်းသွားသည်တွင် ၎င်းအထဲ ပေါ်တူဂီများလည်း ကြားဝင်လာလျက် သာသနာ ၂,၂၀၀-ကျော်မှာ အင်္ဂလိပ်များလက်ထက်သို့ ရောက်မှ အဆုံးသတ်သွားခဲ့ရလေသည်။

၎င်းတိုင်းရေးပြည်ရေး အေးဆေးလာသောအခါ ၎င်းစက္ကမလူမျိုးများသည် တောင်ကုန်းဒေသများသို့ သွားရောက်နေထိုင်ကာ တိုင်းပြည်နယ်ပယ်များ တည်ထောင်ကြလျက် စစ်တကောင်းတောင်ကုန်း နိုင်ငံငယ်အဖြစ်ဖြင့် နေထိုင်လာခဲ့ကြရာ ထိုအခါမှာလည်း လက်ဝဲဘက်က မွန်လူမျိုးများနှင့် လက်ျာဘက်က အာရကံ-ရခိုင် အမွန်အစရှိသော ဗုဒ္ဓဘာသာမွန်လူမျိုးများနှင့် စစ်ပြုနေကြရ၍ ဗုဒ္ဓသာသနာ၏ အယူဝါဒ တည်တံ့ရုံမှအပ အခြားသာသနာတို့၏ တိုးပွါးမှု ပြုစုအားထုတ်မှုများ မှတ်တမ်း ထားနိုင်လောက်အောင် မပြုလုပ်နိုင်ကြပေ။ ’

ၓင်းတို့၏ အရပ်ဒေသ အနေအထိုင်အားဖြင့် ဤတောင်ကုန်းဒေသ နေထိုင်ကြသော စက္ကမလူမျိုးများသည် ပတ်ဝန်းကျင် တိုင်းနယ်များ ပိတ်ဆို့ကာ နှစ်ရာပေါင်း အတော်ကြာ နေထိုင်လာခဲ့ကြ၍ ခေတ်ယဉ်ကျေးမှုများ ဆုတ်ယုတ်ပျက်ပြားလျက် နေထိုင်လာခဲ့ကြရာ ယခုအခါကား ၎င်းတို့သည် အင်ဒို၊ ပါကစ္စတန်လက်အောက် တိုင်းနိုင်ငံဒေသ၌ ဗုဒ္ဓဘာသာအများဆုံးဖြစ်သဖြင့် ၎င်းတို့ရာဇဝင်အရ သာကီယလူမျိုး အနွယ်ဝံသမှ ဆင်းသက်လာခဲ့ကြသော လူမျိုးများဖြစ်ကြကာ လူဦးရေမှာ ၃-သိန်းကျော်မျှ ရှိလေသည်။

✪ ✪ ✪ ✪ ✪

## ဝင်္ဂတိုင်း ရခိုင်ဗုဒ္ဓသာသနာ

၎င်းမှတပါး အရှေ့ဝင်္ဂတိုင်း ဋလင်ပြင် အရပ်ဒေသများ၌ ရခိုင်ဗုဒ္ဓဘာသာလူမျိုးများ ဝင်ရောက်ကာ တဖြည်းဖြည်းအားဖြင့် လူဦးရေကား တိုင်းရင်းသားများနှင့် ပြိုင်လျက် တိုးတက်လာခဲ့ရာ ၎င်းရခိုင်လူမျိုးများ များပြားလာခြင်းကြောင့် အနေအထိုင် ကျဉ်းမြောင်းလျက် ၎င်းအတွက် ၎င်းတို့ဘက်သို့ တဖန်လှည့်လာသော ခက်ခဲသော ပြဿနာများ ပေါ်လာကာ များစွာသောသူများ ၎င်းတို့ တိုင်းနိုင်ငံရင်းသို့ ပြန်လာကြသည်တွင် အနည်းငယ်သောသူများမှာ စစ်တကောင်းလက်အောက်ခံ ရခိုင်နယ်ခြား ကော့က်စ်ဗဇား၌ နေထိုင်လာခဲ့ကြလေသည်။

၎င်းပြင် ရခိုင်လူမျိုးများ၏ လက်အောက်ခံ နိုင်ငံတစ်ခု ပြုလုပ်ထားသော ဘာရီဆာနယ်ရှိ ရခိုင်စစ်တပ်များလည်း ပြန်လည်ဆုတ်ခွါခဲ့၍ ၎င်းတို့၏အဆက်အသွယ်ဖြစ်သော ၎င်းလူမျိုးများနှင့် ရောနှောပေါင်းစပ်သွားပြီးလျှင် ၎င်းတို့အရေအတွက်များမှာ မြန်မာနိုင်ငံမှ အုပ်ချုပ်မှု ညှဉ်းပန်းနှိပ်စက်ခြင်းကြောင့် လွတ်မြောက်ရေး ရှာဖွေကြသော မြန်မာလူမျိုးများဖြင့် များပြား တိုးတက်လာခဲ့လေသည်။

သို့ဖြစ်၍ အရှေ့ဝင်္ဂတိုင်း၌ ရခိုင်ဗုဒ္ဓဘာသာ လူမျိုးများအရေအတွက်ကား တောင်ကုန်းဒေသရှိ လူမျိုးများအပါအဝင် ၁၃,၆၀၀-မျှရှိလာ၍ ၎င်းတို့၏ အလေ့အထ, ထုံးစံပြောဆို, ဝတ်စား, နေထိုင်မှုများကား အနီးအနားပတ်ဝန်းကျင်ရှိ ရခိုင်လူမျိုးများနှင့် တူညီကာ ၎င်းဦးရေထဲသို့ ထည့်သွင်း ရေတွက်လာသဖြင့် တိုးတက်လာခဲ့လေသည်။

✪ ✪ ✪ ✪ ✪

## အရှေ့ဝင်္ဂတိုင်း ဗင်္ဂါလီဗုဒ္ဓဘာသာ

အရှေ့ဝင်္ဂတိုင်း၌ တိုင်းရင်းသား ဗင်္ဂါလီဗုဒ္ဓဘာသာ လူဦးရေကား ယခုအခါ ၇,၂၀၀-မျှ အနည်းငယ်သာရှိရာ ၎င်းမှာ ရှေးက အလွန်တိုးတက် များပြားခဲ့သော ဝင်္ဂတိုင်းကြီး၏ ဗုဒ္ဓဘာသာဦးရေမှ ကြွင်းကျန်သည့် အနည်းငယ်မျှသော အရေအတွက်ဖြစ်၍ ရှေးအခါကမူ ၎င်းတိုင်းကြီးမှာ အရှေ့သမတတ္တတိုင်း အဝင်အပါ တိုင်းနယ်အလုံးနှင့် အနောက်ဘက် မဂဓတိုင်းထိအောင် ကျယ်ဝန်းကာ အလွန်များပြားသော ဗုဒ္ဓဘာသာလူဦးရေ ရှိသည့်တိုင်းနိုင်ငံကြီးတစ်ခု ဖြစ်ခဲ့လေသည်။

၎င်းဗင်္ဂါလီဗုဒ္ဓဘာသာများ၏ အမွန်အစ အခြေအမြစ် ရှာဖွေရန် အမှန်အတိအကျအားဖြင့် ခဲယဉ်းသော်လည်း ခေတ်ပညာရှိ သုတေသီတို့က ၎င်းတို့၏ပြောဆို သုံးစွဲကြသော ဘာသာစကားတို့ကား အခြားဘာသာများနှင့် ခြားနားကာ အက္ခရာစာပေများလည်း ထူးခြား၍ ခေတ်အရ ရှာဖွေစုံစမ်းခြင်းအားဖြင့် ၎င်းစကားနှင့် စာပေအထဲတွင် အလယ်ပိုင်း ဗိဟာနယ်သုံး စကားလုံးများစွာ တွေ့ရှိရသည့်အတွက် ၎င်းနယ်မှ အမွန်အစ-ဟု တွေးဆ ခန့်မှန်းကြလေသည်။

၎င်းနှင့်စပ်၍ ၎င်းထက် ပိုမိုလမ်းစ သိရသည်မှာ စစ်တကောင်းပတ်ဝန်းကျင် နယ်ပယ်ဒေသများ၌ မြောင်းများ၊ မြစ်ချောင်း၏ အမည်များဖြင့် ထင်ရှားသည်ကား စစ်တကောင်းသို့ အရှေ့မြောက်ဘက် ၁၅-မိုင်ကွာ အဝုရ်ခိလ်မည်သော ဗုဒ္ဓဘာသာ ရွာကလေးရှိ၍ ၎င်းအနီးရှိ ဝဇ္ဇီခလိမည်သော တူးမြောင်းဟောင်းတစ်ခုရှိရာ ၎င်းမှာ ရှေးအခါက ဝဇ္ဇီတိုင်းသားများ လာရောက်နေထိုင်ကြ၍ ၎င်းတို့ ဖောက်လုပ်ထားခဲ့သော မြောင်း ဖြစ်ခဲ့ကြောင်း ၎င်းနှင့်စပ်၍ ပြောစမှတ် ရှိခဲ့လေသည်။

၎င်းပြင် အခြား မောဂ်ဒိုက်ယာမည်သော မြစ်ရှိ၍ ၎င်း၏ကမ်းတစ်ဖက်တစ်ချက် နေထိုင်ကြသော မဃလူမျိုးများ၏ အမည်ကို စွဲ၍ ခေါ်တွင်သည့်အပြင် ၎င်း၏တောင်ဘက် ပတိယအရပ်ဒေသမှာ ဗဂ္ဂအန်နိခလ်မည်သောမြစ်နှင့် ဗရုအာခလ်မြစ်တို့မှာ ကော့က်စ်ဗဇားနယ်၌ ရှိသဖြင့် ၎င်းမြစ်အစုံတို့လည်း အရိယာသာကီဝင်အနွယ်များ-ဟု ၎င်းတို့ ရာဇဝင် မှတ်တမ်းများ၌ ရေးသားကြသော ဗင်္ဂါလီဗုဒ္ဓဘာသာ ဗရုအား*(ဗရူးဝါး)*လူမျိုးများ၏ အမည်အားဖြင့် မှည့်ခေါ်သောအမည်များ ဖြစ်လေသည်။

၎င်းပြင် အခြားအကြောင်းတစ်ခု ရှိသည်မှာလည်း ဗင်္ဂါလီဗုဒ္ဓဘာသာလူမျိုးများသည် မဃ-ဟု ထင်ရှားသည်ကား ရှေးအခါက မဂဓတိုင်းသားများ ဤဒေသများ၌ လာရောက် နေထိုင်ကြ၍ ကာလကြာမြင့်သောအခါ အရှေ့ဝင်္ဂတိုင်း ပင်လယ်နှင့် လွင်ပြင် ဒေသများသို့ တစ်စတစ်စရောက်ရှိကာ ရခိုင်လူမျိုးများနှင့် ရောယှက်လာကြပြီး ၎င်းတို့မှာ ဗုဒ္ဓဘာသာအချင်းချင်း ဖြစ်ကြသည့်အတိုင်း ဆက်ဆံလာကြသဖြင့် အမည်နာမများလဲ တဖြည်းဖြည်း ပြောင်းလဲလာကြလေသည်။

၎င်းဗင်္ဂါလီဗုဒ္ဓဘာသာတို့ကား နောက်အခါ ဗြိတိသျှအာဏာအောက်မှာ ငြိမ်းချမ်းခြင်း ရလာကြ၍ ယူနီဗာစီတီတက္ကသိုလ်များ၌ ပါဠိဘာသာရပ်များ တိုးတက်သင်ယူကြကာ ဗုဒ္ဓဘာသာဦးရေ တိုးတက်များပြားလာကြပြီး ရှေးအခါကလည်း သမတတ္တတိုင်းနယ် စစ်တကောင်းလွင်ပြင်ဒေသများရှိ နိုခလ်နှင့် တစ်ဗီရာဒေသများရှိ လူမျိုးများမှာ ခတ္တိယ အနွယ်ဝံသ ဖြစ်ကြသည့်အတိုင်း သီဟ (ဆိန်ဟ) ဘွဲ့ဂုဏ်ထူးများနှင့် မှည့်ခေါ်ကြသော ဗုဒ္ဓဘာသာများလည်းရှိကြ၍ ၎င်းတို့ လူဦးရေကား အင်ဒို, ပါကစ္စတန်နယ်ပယ်များတွင် ၃၁,၆၀၀-မျှရှိကြောင်း ရေးသားကြလေသည်။

ရှေးလက်ထက်က ဤဝင်္ဂတိုင်းမှာ သာသနာ အလွန်ထွန်းကား၍ ဗုဒ္ဓဘာသာဦးရေ အလွန် များပြားခဲ့သော်လည်း အိန္ဒိယမူဆလင်များ၏ အာဏာအောက် ရောက်ရှိကာ ၎င်းတို့ ဘာသာသို့ အာဏာနှင့် ပညတ်မှု ဥပဒေအားဖြင့်လည်းကောင်း ၎င်းတို့ဘာသာဝင်များမှ မြှောက်စားခြင်းအားဖြင့်လည်းကောင်း ဘာသာဝါဒမတူသူများအား နှိပ်စက်ညှဉ်းပန်းခြင်း အားဖြင့်လည်းကောင်း ဘာသာခြားများနှင့် လက်ထပ်ထိမ်းမြားခြင်းအားဖြင့်လည်းကောင်း ဘာသာဝါဒပြောင်းသွားကြသဖြင့် ထိုခေတ်မှ နောက်အခါ ဗုဒ္ဓဘာသာဦးရေကား တစ်စတစ်စ လျော့နည်းသည်ထက် လျော့နည်းလာခဲ့လေသည်။

ဤသို့ ဗင်္ဂါလီဗုဒ္ဓဘာသာဦးရေကား ကမ္ဘာ့ဗုဒ္ဓဘာသာဦးရေ၏ နောက်ကသာ နေခဲ့ရာ ဗြိတိသျှအာဏာအောက် အိန္ဒိယရောက်လာမှ တက္ကသိုလ်ကြီးများ၌ ပညာ ဗဟုသုတ လိုက်စားကြကာ ဗုဒ္ဓဘာသာ၏ တိကျမှန်ကန်သော ဝါဒ၏ စင်ကြယ်ကောင်းမြတ်ခြင်းအတွက် ဗုဒ္ဓဘာသာဦးရေ တိုးတက်လာခဲ့ကြောင်း ကောင်းစွာ မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဝင်္ဂတိုင်းအရှေ့ပိုင်း ဗုဒ္ဓဘာသာအနုပညာများ

ဝင်္ဂတိုင်း ဗုဒ္ဓသာသနာကား အနှစ် ၁,၀၀၀-ကျော်က မဂဓတိုင်းအလုံး၌ မဟာယာနဂိုဏ်းကြီး ထွန်းပချိန်မှာ ကမ္ဘာ၌ ကျော်ကြားသော နာလန္ဒာကျောင်းတော်ကြီး ထွန်းကားလာခဲ့၍ ကမ္ဘာအရပ်ရပ်မှ ပညာဗဟုသုတ လိုလားရှာဖွေကြသောသူများ လာရောက်သင်ကြားလာခဲ့ရာ ထိုကျောင်းတော်ကြီးတွင် ဘာသာဝါဒ စာပေကျမ်းဂန် ပညာအရပ်ရပ် စုံလင်စွာ သင်ကြားချပို့သည့်အပြင် ထိုခေတ်က ဗုဒ္ဓအယူဝါဒ သာသနာနှင့် လိုက်လျောသော အနုပညာ အရပ်ရပ်များလည်း ထွန်းကားလာခဲ့၍ ၎င်းဗုဒ္ဓဘာသာဆိုင်ရာ အနုပညာရပ်များ၊ ၎င်းတို့ လက်ရာများသည် ဝင်္ဂတိုင်းအလုံးသို့လည်း ကျယ်ပြန့်လာခဲ့လေသည်။

ထိုစဉ်အခါက ပညာရှိ မဟာပါမောက္ခ သာသနာပြု ရာဇဝင်နှင့် သာသနာဝင်များ၌ အလွန်ထင်ရှားခဲ့သည့် အရှင်သီလဘဒြမဟာထေရ်ကြီးကား ဝင်္ဂတိုင်းသားဖြစ်ကြောင်း ၎င်းတို့ရာဇဝင်အတ္ထုပ္ပတ္တိများ၌ ရေးသားဖော်ပြသည့်အပြင် ထိုစဉ်က ကမ္ဘာ့ရာဇဝင် အထင်အရှားဆုံးဖြစ်သော နာလန္ဒာတက္ကသိုလ်ကျောင်းတော်ကြီး၌ အကြီးအမှူးချုပ် မဟာပါမောက္ခမထေရ်မြတ်ကြီးဖြစ်၍ စာသင်သားပေါင်း ၁၀,၀၀၀-ကျော်ရှိကြောင်း၊ တရုတ်ရဟန်းတော် ပညာရှိသုတေသီ ဝှင်သျှင်မထေရ်မြတ်လည်း ထိုခေတ်က ၎င်းနာလန္ဒာတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ကြောင်းများ ရေးသားကြလေသည်။

၎င်းပြင် နောက်ခေတ် ၃၀၀-ကျော်မှာ တိဗက်ဟိမာလယသာသနာပြု အရှင်ဒီပင်္ကရာ သီရိဉာဏမထေရ်မြတ်လည်း ဝင်္ဂတိုင်းသားဖြစ်၍ ထိုခေတ်ကအစ မဂဓ, ဝင်္ဂတိုင်းတို့မှာ ၎င်းမထေရ်မြတ်၏ ဂုဏ်သတင်းများ အတန်ကျော်ကြားတော်မူသဖြင့် တိဗက်နိုင်ငံများမှ ပညာဗဟုသုတ လေ့လာဆည်းပူးကြသော ပညာရှိအများပင် ၎င်းမထေရ်မြတ်အထံ၌ လာရောက်သင်ကြားကြကြောင်း တိဗက်ဘုရင်မင်းတရားကြီး နားတော်ကြား၍ ကြည်ညိုတော်မူသည့်အလျောက် သူ့နိုင်ငံတော်သို့ လာရောက်ကာ သာသနာပြုတော်မူပါမည့်အကြောင်း၊ အကြိမ်ကြိမ် ပင့်လျှောက်ရာ နောက်အခါ၌ ၎င်းနိုင်ငံသို့ သာသနာပြုကြွတော်မူရာ များစွာသောကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ကြောင်းများ ရေးသားကြလေသည်။

ထိုခေတ်က ဗုဒ္ဓဘာသာနှင့်စပ်၍ အနုပညာအရပ်ရပ် ထွန်းကား၍ ဝင်္ဂတိုင်းအရှေ့ဖျား သမတတ္တတိုင်းနိုင်ငံများ၌ ကျောင်း, ဘုရားစေတီ အလွန်ပေါများသဖြင့် နေရာအနှံ့အပြား စေတီများ တည်ထားကိုးကွယ်ကြရာ ၎င်းတိုင်းနယ်ကို စေတီပုထိုးဘုရား ပေါများ

သည်ကို အကြောင်းပြု၍ စေတိယဂါမ-ဟု ခေါ်ဝေါ်သမုတ်လာခဲ့ရာ ခေတ်မှာ ပြောင်းလဲရွေ့လျားကာ ၎င်းတို့အခေါ်အားဖြင့် ကျိုက်တယ-ဂါဝ်၊ ကျစ်တယ-ဂါဝ်၊ ချစ်တယဂေါင်း၊ ချစ်တဂေါင်း-ဟု တွင်လာခဲ့လေသည်။

၎င်းအားလျော်စွာ အရှေ့ဝင်္ဂတိုင်း, အင်ဒို, ပါကစ္စတန်နယ်များတွင် အကြီးကျယ်ဆုံးဖြစ်သော ကျောင်းတော်ကြီးကား ရာဇသျှတီနယ် ဗဟိုရုရ်ကျောင်းတော်ကြီးနှင့် စေတီတော်ကြီးဖြစ်၍ ၎င်း၏ပန်းပုအနုပညာလက်ရာများမှာ အိန္ဒိယဗုဒ္ဓဘာသာအနုပညာကို မည်သည့်နေရာကမှ အတုယူ ဆောက်လုပ်ခြင်းမပြုဘဲ ဂျာဗါးကျွန်းရှိ ဗုဒ္ဓဘာသာ အဆောက်အအုံများနှင့် ရှေးမြန်မာအဆောက်အအုံများ တူညီကြသဖြင့် ၎င်းဆုမတြာ, ဂျာဝါးနှင့် မြန်မာနိုင်ငံတို့သို့ သာသနာပြန့်နှံ့ကာ ရောက်လာသည့်အချိန်လောက်က ၎င်းခေတ်အလျောက် ဆောက်လုပ်ကြသော အနုပညာ, ပန်းပုပညာလက်ရာများ ဖြစ်ခဲ့လိမ့်မည်-ဟု ခန့်မှန်း ရေးသားကြလေသည်။

၎င်းပြင် အခြားကြီးကျယ်သော ကျောင်းတော်ကြီးများမှာ ဘော်ဂါရ်-နယ် မာတာ-ဆဋ္ဌာန်ဂါရ် အရပ်ဒေသ၌လည်းကောင်း, သောမပူရ်အရပ်၌လည်းကောင်း ဝင်္ဂတိုင်းမြောက်ပိုင်း ဗရင်ဒြနယ်များ၌လည်းကောင်း, ကြီးမားသော ကျောင်းရာတော်ကြီးများ တွေ့ရသည့်အပြင် ချစ်တဂေါင်းနယ် ပဏ္ဍိတ် ဝိဟာရ်ကျောင်းတော်ကြီးများ ခမ်းနားစွာ တွေ့ကြရ၍ ၎င်းတို့မှာ အခါကာလရှည်ကြာ၍ ယခုအခါ ဟောင်းနွမ်းပျက်စီးလျက် နေကြလေသည်။

ထိုမှတပါး စေတီတော်များလည်း ကျောင်းတော်ကြီးများကဲ့သို့ မြို့ရွာအနှံ့ တည်ထားကြရာ နလ်နာနယ်၊ ဘာရ်ဗဟင်မြို့၌ ပေအမြင့်-၇၀၊ အဝန်း ၉၀၀-မျှရှိသော စေတီတော်ကြီးများမှာ ယခုတိုင်ရှိသေး၍ ထို့အတူ အခြားမြို့ရွာပေါင်း များစွာတို့၌လည်း ရှေးဗုဒ္ဓဘာသာအရာဝတ္ထုများနှင့် ဗုဒ္ဓဘာသာအဆောက်အအုံများ ဗုဒ္ဓဘာသာဝင်တို့ အမှတ်တရ ကြည့်ရှုထိုက်သော ထိုက်တန်လှသည့် ရှေးဟောင်း အထိမ်းအမှတ် စေတီပုထိုးပေါင်းများစွာတို့ကား ချစ်တဂေါင်း၏ စေတိယဂါမ-ဟု ခေါ်ထိုက်ကြောင်း သက်သေခံလျက် ရှိကြလေသည်။

နောက်ဆုံး ကျောက်စာဌာနမှ တွေ့ရှိရသည်မှာ ကော်မိန်မြို့အနီး ဟေနနမတိအရပ်မှာ ကြီးကျယ်သော စေတီတော်ကြီးတစ်ဆူနှင့် ဟိန်းလှသော ကျောင်းတော်ကြီးဖြစ်၍ ၎င်းရာဇဝင် တန်ဖိုးရှိလှသော မြေထဲက ရရှိသည့် များပြားလှစွာသော ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ မင်းတံဆိပ် ခပ်နှိပ်ထားသော ကြေးပြားများ၊ ကမ္ပည်းကျောက်စာများ တူးဖော်ရရှိရာ ၎င်းကျောင်းတော်ကြီးမှာ သာသနာတော် ၁၃-ရာစုမှ ၁၅-ရာစုအတွင်းက စန္ဒြမင်းများလက်ထက်၌ ဆောက်လုပ်တည်ထားခဲ့သည်-ဟု ခန့်မှန်းနိုင်လေသည်။

ထိုမှတပါး ၎င်းနယ်ပယ်၌ တွေ့ရှိသော အခြားကြီးကျယ်သော ကျောင်းတော်ကြီးကား သိလာဘနကျောင်းတော်ကြီးဖြစ်၍ ၎င်းကျောင်းတိုက်ကြီးအလယ်၌ ကြီးကျယ်သော စေတီတော်ကြီးတစ်ဆူ တည်ထားပြီး ထက်ဝန်းကျင်ပတ်လည်မှာ များစွာသော ကျောင်းတော်များ နံရံကာပြီး ၎င်းပတ်လည်မှာ ကြီးကျယ်ရှည်လျားသော တံတိုင်းကြီးများ ဝန်းရံကာ ကျယ်ဝန်းမြင့်မားသော တံခါးမုခ်ကြီးများဖြင့် ခမ်းနားလှစွာ တည်ထားရာ ၎င်း၏ ကြေးပြား ကမ္ပည်းများတွင် ထုထား၍ ၎င်းအရ သိရိဘဝဒေဝ-ဟူသော ဘွဲ့အမည်ကို ထောက်ဆလျှင် ပါလမင်းမျိုးများ၏ ရှေးဒေဝမင်းမျိုးတို့လက်ထက်က ဆောက်လုပ်တည်ထားခဲ့သော ကျောင်းတော်ကြီး ဖြစ်ခဲ့ပေမည်-ဟု မှတ်သားအပ်လေသည်။

၎င်းကျောင်းတော်ကြီး၏ အဝန်းအဝိုင်းကား ကြီးမားလှ၍ အဆောင်များဖြင့် ဆက်စပ် ဆောက်လုပ်ထားရာ ရှည်လျားသော ပုံသဏ္ဌာန်ရှိပြီးလျှင် ၎င်း၏အလျား ၁၆၈-ပေ၊ အနံ ၁၁၃-ပေ ရှိသဖြင့် အရှေ့ဝဂ်တိုင်းတွင် ရှေးက အလွန်ထင်ရှားလှသော ကျောင်းတော်ကြီးတစ်ဆောင် ဖြစ်ခဲ့မည့်အပြင် ၎င်း၌ အခန်းပေါင်း ၁၁၅-ခန်းရှိ၍ ၎င်းတို့၌ ပညာသင် ရဟန်းတော်များ ၃၀၀-ခန့် နေထိုင်နိုင်မည်ဖြစ်ရာ ရာဇဝင် ကျောက်စာဌာနမှ မှတ်တမ်းတင်ထားလောက်အောင် အလွန်အဖိုးထိုက်တန်လှသော အသုံးအဆောင် ပစ္စည်းဝတ္ထုများကိုလည်း ၎င်းအခန်းများမှ ရရှိသဖြင့် ရှေးရာဇဝင်ခေတ်ကို စိစစ်တွေးတော နိုင်လေသည်။

၎င်းပြင် ၎င်းသိလာဘန ကျောင်းတော်ကြီးမှ ၃-မိုင်လောက်အကွာ ကောတိလ်ပူရ် အရပ်မှာ ဘုရား, တရား, သံဃာ ရတနာ ၃-ပါးကို ရည်ညွှန်း တည်ထားအပ်သော ၃-ဆူသော စေတီများရှိရာ ၎င်းစေတီတော်များလည်း အရှေ့ဝဂ်တိုင်းမှ မှတ်သားထိုက်သော စေတီတော်များဖြစ်သဖြင့် ကျောက်စာဌာနမှ စောင့်ရှောက်ထားသဖြင့် ၎င်းမှာ သာလဘနပူရ် ရှိစေတီများနှင့် ပုံသဏ္ဌာန်များ ကွဲပြားသည်မှာ ၄-ဆောင် အခြေခံကာ ဝန်းဝိုင်းသော စည်သဏ္ဌာန်နှင့် ကမ္ဘာလုံး၊ ကြက်, ဝက်, ပုံသဏ္ဌာန်များဖြင့် တည်ထားဆောက်လုပ်ခဲ့လေသည်။

ထိုမှတပါး ၎င်းကောတိလ်ပူရ်မှ အနောက်မြောက် ၁-မိုင်လောက်အကွာ ဆရ်-ပတြပူရ အရပ်၌လည်း ရှည်လျားလုံးဝိုင်းသော သဏ္ဌာန်ရှိ အလျား ၁၀၅-ပေရှိ၍ အနံ ၅၅-ပေရှိသော အလယ်မုခ်ဦးမှ အုတ်လမ်းများ ခင်းထားသည့် အဆောက်အအုံများ ကျောက်စာဘက်ဌာနမှ တူးဖော်ရရှိ၍ ၎င်းကောတိလပူရနှင့် ဆရ်ပတြပူရစေတီ ကျောင်းတိုက်များမှ ရှေးဟောင်းအဖိုးထိုက်တန်သော ဝတ္ထုပစ္စည်းများ၊ ကြေးပြားကမ္ပည်းစာများနှင့် ကြေးတုံးဖြင့် ထုလုပ်ထားသော ရှေးဟောင်းလက်ရာများ တွေ့ရှိရလေသည်။

ထို့ပြင်လည်း ချစ်တဂေါင်းမြို့တောင်ဘက် ၁၂-မိုင်လောက်မှာ ဇီဩရိမည်သော အရပ်၌ ကြီးကျယ်သော ကျောင်းတော်ကြီးများ တွေ့ရသည့်အပြင် ၎င်းမှများစွာသော ရှေးဟောင်း အသုံးအဆောင်များ၊ ကြီးမားသော ကြေးဆင်းတုတော်ကြီးများ၊ ထိုမှတပါး အမြောက်အမြားဖြစ်သော ကြေးဆင်းတုတော်ကလေးများ တွေ့ရှိရ၍ ဝင်္ဂတိုင်း အရှေ့ပိုင်း ချစ်တဂေါင်းနယ်များမှာ မရေတွက်နိုင်လောက်အောင် ကျောင်း, ဘုရားစေတီများ တည်ထားခဲ့ကြကြောင်း၊

မကြာမီက ဗင်္ဂါနယ်မြောက်ပိုင်း ဗောဂါရ်နယ်မှာ လယ်ယာထဲမှ ရှေးဆင်းတုတော်များကိုပင် တွေ့ရှိသဖြင့် ရှေးဗုဒ္ဓဘာသာ ဤနယ်မှာ ထွန်းကားစဉ်က ဘုရင်မင်းတရားတို့သည် နေရာအနှံ့အပြား ထိုက်တန်သောဒေသများ၌ စေတီပုထိုးများ တည်ထားကိုးကွယ်ခဲ့ကြကြောင်း စသည်ဖြင့် ရှေးရာဇဝင်ခေတ်နှင့် ဗုဒ္ဓသာသနာခေတ်ကို စိစစ်ဝေဖန်နိုင်ကြလေသည်။

ဤရှေ့ဝင်္ဂတိုင်း ပါကစ္စတန်မှာ စေတီပုထိုးများပေါ်များ၍ အချို့ရုပ်ပွါးတော်ကြီးမှာ ယခုတိုင် ရှိကြငြားသော်လည်း ၎င်းတို့နယ်မြေဒေသ ၎င်းဌာနများကို အခြားဘာသာဝင်များ ပိုင်ဆိုင်ကြသောကြောင့် ပူဇော်ရာ ဌာနမဟုတ်တော့ဘဲ များသောအားဖြင့် မထင်ရှားဘဲ ရှိနေကြရာ ယခုအခါ ၎င်းပိုင်ဆိုင်သော အခြားဘာသာဝင်များနှင့် ဆက်သွယ်ကာ ပူဇော်ရာ ဌာနများအဖြစ် စောင့်ရှောက်ထားလေသည်။

၎င်းနယ်ပယ်ဒေသများ၌ ရုပ်ပွါးတော်အချို့တို့မှာ များသောအားဖြင့် ကျောက်သား, ကျောက်တုံးများ ရှားပါး၍ ၎င်းတို့အစား ဗုဒ္ဓဘာသာအနုပညာလက်ရာများ ပါဝင်သော မြေသားရုပ်ပွါးတော်များနှင့် အပြားအချပ်များဖြစ်ကြသဖြင့် ၎င်းရှေးဟောင်း ဝတ္ထုပစ္စည်းများ၏ အခြေခံအကြောင်းအရာများသည် များစွာသော သုတေသီပညာရှိများအား ဤနိုင်ငံအလုံး ရှေးခေတ်များက အလွန်ထွန်းကားသော ဗုဒ္ဓဘာသာနိုင်ငံဖြစ်ကြောင်း သက်သေခံလျက် ရှိကြလေသည်။

၎င်းပြင် ရာဇသျှာတီမြို့ရှိ ဗာရင်ဒြမြူစီယန်ပြတိုက်၌လည်းကောင်း ချစ်တဂေါင်း စိတ္တာမနီမြူစီယန်ပြတိုက်၌လည်းကောင်း များစွာသော ဗုဒ္ဓဘာသာရှေးဟောင်းပစ္စည်းများ ရှိကြ၍ ၎င်းတို့မှာ ကြေးဆင်းတုတော်များ၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်သော ရုပ်ပွါးတော်များ၊ ၎င်းမှတပါး ဘုရားလောင်းရုပ်တုများ၊ နတ်သမီးရုပ်တုများ၊ တာရာနတ်သမီးရုပ်တုနှင့် အခြား နတ်ရုပ်တုများ၊ အမျိုးမျိုးသော ကျောက်ရုပ်တုများ၊ ကြေး, ငွေဒင်္ဂါးများ၊ သစ်သားပန်းပု လက်ရာများ၊ မြေဖြင့် ပြုလုပ်သော အနုပညာဝတ္ထုပစ္စည်းများ ဖြစ်ကြလေသည်။

လွန်ခဲ့သောနှစ် ၆၀-ခန့်၊ ခရစ်နှစ် ၁,၉၀၃-ခုမှာ ချစ်တဂေါင်းဆေးရုံကြီး ဆောက်လုပ်ရန် မြေကို တူးဖော်ရာတွင် ဉာဏ်တော် ၄-ပေမျှမြင့်သော ရုပ်ပွါးတော်ကြီး တစ်ဆူ တွေ့ရှိခဲ့၍ ဗြိတိသျှအစိုးရတို့က ၎င်းရုပ်ပွါးတော်ကြီးကို ဒုဘာသာအသင်းကြီးသို့ ပေးအပ်ကြောင်း၊ ၎င်းရုပ်တုတော်ကြီးမှာ ပါလနိုင်ငံတော် ထွန်းကားသောခေတ်က ထုလုပ်ကိုးကွယ်ခဲ့သော ရုပ်ပွါးတော်ကြီး ဖြစ်ခဲ့မည်-ဟု ရှေးဟောင်းသုတေသီတို့ ဆုံးဖြတ်ကြကြောင်း မှတ်တမ်းများ ရေးသားခဲ့ကြလေသည်။

ဤဝင်္ဂတိုင်းမှာ သာသနာထွန်းကား ကျောင်းတိုက်ကြီးများနှင့် ရဟန်းသံဃာလည်း ပေါများသော တိုင်းနယ်ဖြစ်ကြောင်း ရေးသားခဲ့သည့်အတိုင်း ၎င်းတို့သင်ကြားအားထုတ်လေ့လာခဲ့သော ပိဋကတ်စာပေများနှင့် ပညာရှိများ၏ ကျက်စားရာ လေးနက်ခက်ခဲသော အဘိဓမ္မာပညာရပ်များ ရှိခဲ့မည်မှာ မလွဲနိုင်သော အကြောင်းတစ်ရပ်ဖြစ်၍ ၎င်းတို့အကြောင်းအားလျော်စွာ ခေတ်ကာလအလျောက် ရေးသားခဲ့သော ကျမ်းဂန်စာပေများလည်း ရှိခဲ့ရပေသည်။

ဤနည်း ဤလမ်းစများဖြင့် ဗုဒ္ဓစာပေများ တစ်စတစ်စ တိုးပွါးလာခဲ့၍ ကြီးပွါးတိုးတက်သော ဗုဒ္ဓဘာသာ အခိုင်အမာ ဖြစ်ထွန်းလာခဲ့ရာ စာပေလိုက်စား ဘာသာဝါဒများ၌ တိကျမှန်ကန်သည်-ဟု ထင်မြင်ယူဆချက်များ ထုတ်ဖော်လျက် ရေးသားကြသော ဘာသာဝါဒပညာရှင်များ၏ စာပေအားလျော်စွာ ဝါဒများဖြစ်ပွါးလျက် မိမိတို့ မှန်သည်-ဟု ထင်မြင်ကြသော ဝါဒနှင့် မိမိတို့ နှစ်သက်သော ခေါင်းဆောင်များဘက်သို့ လိုက်နာအားထုတ်ကြကာ ကွဲပြားသော ဘာသာဝါဒနှင့် စာပေများလည်း ရှိခဲ့ကြပေမည်။

ထိုမှတပါး ဝင်္ဂတိုင်း ဗုဒ္ဓဘာသာများမှာ အမြဲတစေ ဗြာဟ္မဏဝါဒ တစ်စတစ်စ သိမ်းသွင်း ရောနှောစေလျက် ဂိုဏ်းအမျိုးမျိုးဘက်သို့ ပြောင်းလဲစေကာ ရှေးအခါကပင် ၎င်းတို့ဝါဒ သက်ဝင်ပြီးဖြစ်ခဲ့သော မဟာယာနဘက်သို့လည်းကောင်း ဗိသျှဏု, သိဝနှင့် တန္တြအယူဝါဒ အလေ့အကျင့်များဘက်သို့လည်းကောင်း ရောက်စေပြီး တစ်နည်းအားဖြင့် ဖိနှိပ်ကာ ပြောင်းလဲစေတတ်သဖြင့် နိုင်ငံရင်းဝင်္ဂဘာသာသို့ အခြေပြုကာ ဘာသာစာပေများ ပေါက်ပွါးလာခဲ့လေသည်။

၎င်းစကား စည်ပင်လာသောအချိန်အခါမှာ ရုံးသုံးဘာသာဖြစ်လာ၍ ဗင်္ဂါ၌ ၎င်းပြုပြင်သော ဗုဒ္ဓဘာသာ ပါဠိစကား စာပေများသည် ပါလမင်းမျိုးများ နိုင်ငံတော်ဆုံးသည့်တိုင်အောင် အများသုံးစွဲကြသော အရပ်သုံးစကား ဖြစ်၍လာခဲ့ရာ ယခု ဗင်္ဂါလီဘာသာစကား စာမူအရေးအသားတို့မှာ ၎င်းတို့ကို အခြေခံထားလျက် ရေးသားပြောဆိုကြလေသည်။

✪ ✪ ✪ ✪ ✪

## ကွဲပြားသော ဂိုဏ်းဝါဒများ

အရှေ့ဝင်္ဂတိုင်း၊ ဗုဒ္ဓဘာသာမှာ အမှတ်တရ တွေးဆအောက်မေ့ဖွယ် ကြမ်းကြုတ်ဆိုးဝါးလှသော ရန်သူများနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရသည်ကား အခြားပြာဟ္မဏအယူဝါဒ ထကြွပုန်ကန် တွန်းလှန်လာခဲ့သည်မှ မူဆလင်ဝါဒ နောက်ထပ် အောင်မြင်လွှမ်းမိုးလာသည့်တိုင်အောင် တိုက်ခိုက်ခြင်းများ ခံခဲ့ရသည့်အပြင် မဟာယာနနှင့် ထေရဝါဒအချင်းချင်းကလည်း ကွဲပြားကာ မြတ်စွာဘုရား၏ သာသနာတော် ပြန်လည်တည်ထောင်ရေးအတွက် ဗုဒ္ဓဘာသာများသည် ခက်ခဲစွာ အရေးအခြစ်မပါအောင် ကြံဆောင်အားထုတ်ခဲ့ကြရလေသည်။

ဤသို့ ဗင်္ဂါလီဗုဒ္ဓဘာသာကြား အနီးအနားဖြစ်သော ရခိုင်, မြန်မာ, သီဟိုဠ်နိုင်ငံများရှိ ဗုဒ္ဓဝါဒ၏ တိကျမှန်ကန်သည်ကို အနည်းငယ်မျှသာ သိရှိရကာ ဘာသာဉာဏ်အလင်းရောင် အမှောင်ဖုံးသကဲ့သို့ ရှိနေခဲ့ရာ အတည်တကျ ဗြိတိသျှတို့ အုပ်စိုးခြင်း ဥပဒေအာဏာအောက်မှာ ရောက်ရှိလာသောအခါ၌မူ ထုံးစံများ လိုက်စားလေ့လာ ဆက်ဆံလာကြသဖြင့် ရှိရင်းဖြစ်သော မဟာယာနဗုဒ္ဓအယူဝါဒများနှင့်လည်း ဆန့်ကျင်ကာ တဖြည်းဖြည်းတော်လှန်လာခဲ့လေသည်။

ၡင်းဝင်္ဂတိုင်းအရှေ့ပိုင်း၊ သမတတ္တစသော နိုင်ငံများ၌ ရှေးက ရောက်ရှိနေခဲ့သောဗုဒ္ဓသာသနာမှာ ၎င်းတိုင်းနိုင်ငံများမှ တူးဖော်ရရှိသော ရှေးဟောင်း ကျောင်း, ဘုရား, စေတီ, ပုထိုးများမှ ဗုဒ္ဓဘာသာ အနုပညာလက်ရာများ၊ တာရာ-စသော နတ်သမီးရုပ်တုများ၊ ဗောဓိသတ္တအစ လောကိဿရစသော ဘုရားလောင်းရုပ်တုများ စသည်တို့ကို ထောက်ထားကာ နတ်များကိုးကွယ်ခြင်း-စသော ဟိန္ဒူပြာဟ္မဏ အယူဝါဒများနှင့် ရောနှောသော မဟာယာန ဗုဒ္ဓဘာသာဂိုဏ်း အယူဝါဒများသာဖြစ်ကြောင်း ကောင်းစွာမှတ်သားအပ်၏။

သို့ရာတွင် ယခုအခါကား ၎င်းတိုင်းနယ်များ၌ ရှေးက ကိုးကွယ်ခဲ့သော မဟာယာနဂိုဏ်း အယူဝါဒ အလေ့အကျင့်များနှင့် ၎င်းဂိုဏ်းအားလျော့စွာ အားထုတ်သင်ယူကြသောသီဟိုဠ်, မြန်မာ, ရခိုင်နိုင်ငံများမှ တိကျမှန်ကန်သော ထေရဝါဒဂိုဏ်းသာသနာ ဝိနည်းတရားအရ လေ့ကျင့်အားထုတ်ကြသော ဂိုဏ်းရဟန်းများမှာ ၎င်းတို့သာသနာသာ ရှိနေလေသည်။

၎င်းနိုင်ငံများ၌ ထေရဝါဒသာသနာ ပြုစုတည်ထောင်ကြသောအချိန်အခါမှာ ရှေးက ပါလမင်းမျိုးများလက်ထက် စည်ပင်တိုးတက်လာခဲ့သော မဟာယာနဗုဒ္ဓသာသနာ အားနည်းနေခိုက်ဖြစ်၍ ရှေးခေတ်များက ကြီးပွါးခဲ့သော ၎င်းမဟာယာနဂိုဏ်းသံဃာ

များလည်း မရှိသလောက် နည်းပါးနေခဲ့ရာ ကြွင်းကျန်နေသော ဗုဒ္ဓဝါဒရှိကြသူများမှာ ဗုဒ္ဓသာသနာ တည်တံ့ရန် အဖွဲ့အစည်း တည်ထောင်ကြပြီး အနီးအနား တိုင်းပြည်များမှ သာသနာပြုမထေရ်များ ပင့်ဖိတ်ရန် တိုင်ပင်ဆွေးနွေးကြကာ သာသနာတော်ကြီး ပြန်လည် တည်ထောင်ဖို့ ကြံစည်အားထုတ်ကြလေသည်။

ဤသို့ ကြံစည်အားထုတ်ကြသည့်အတိုင်း ပင့်ဖိတ်ကြရာ ရခိုင်ပြည်သံဃနာယက ခေါင်းဆောင် သာသနာပြုဆရာတော် **အရှင်ရာမစကဏမထေရ်မြတ်နှင့် အရှင်သံဃ-ရာဇာသာရမေဓာမထေရ်မြတ်တို့** နောက်လိုက်သံဃာများဖြင့် ပဥ္စမလက်ဦးစွာ ချစ်တဂေါင်း နယ်များသို့ သာသနာပြု ရောက်တော်မူကြ၍ ၎င်း၌ သာသနာတော်တည်တံ့ရန် အားထုတ် တော်မူကြကာ ထေရဝါဒသာသနာ ပြုစုတော်မူကြသဖြင့် သာသနာသစ်အရောင် ထွန်း ပြောင်တောက်ပ တက်သစ်စ ဖြစ်လာခဲ့လေသည်။

ဤသို့ ဤနိုင်ငံများ၌ သာသနာသစ်တဖန် ပြန်လည်တည်ထောင်ကာ သာသနာ ထွန်းကားစ ပြုလာပြီးနောက် တည်တံ့လျက်ရှိနေရာ ဒုတိယသာသနာပြုမထေရ် **အရှင် အာစရိယပုဏ္ဏာစာရမဟာ့ဓရဆရာတော်မြတ်သည်** တပည့်များနှင့် ရောက်လာတော်မူကာ ၎င်းနယ်ပယ်အားလုံးသို့ မမောမပန်း သွားလာလှည့်လည်တော်မူပြီး သာသနာတော် တိုးတက်ရာ တိုးတက်ကြောင်း အားထုတ်ပြုစု ဟောပြောတော်မူသဖြင့် အလွန်ကျယ်ပြန့်စွာ ဗုဒ္ဓဝါဒဘာသာစကား တိုးပွါးလာခဲ့သည့်အပြင် **ဗင်္ဂါလီဗုဒ္ဓဘာသာပညာရှိအဖွဲ့ကြီး** တည်ထောင်ခြင်းနှင့်တကွ ဗုဒ္ဓသာသနာပြုအစည်းအရုံးကြီးကိုလည်း ဖွဲ့စည်းကာ ထက်သန်စွာ သာသနာပြုလုပ်ငန်းကြီးကို ကြိုးပမ်းအားထုတ်တော်မူခဲ့လေသည်။

၎င်းပြင် မြတ်စွာဘုရား၏ လေးနက်ဆန်းကြယ်သော တရားတော်များကိုလည်း ခေတ်အားလျော်စွာ လှည့်လည်ဟောကြားဆုံးမတော်မူကာ တိကျကောင်းမွန်သော ထေရ-ဝါဒဝိနည်းတရားတော်အရ များပြားလှသောလူများကိုလည်း ရဟန်းဘောင်သို့ ဆွဲဆောင် လျက် သိက္ခာတင်ကာ သာသနာဘက်သို့ တက်ရောက်စေပြီး ရဟန်းသံဃာတိုးပွါးမှု သာသနာအခြေခံပြုစု အားထုတ်တော်မူသည့်အပြင် များစွာသော နယ်သူ, နယ်သားတို့ အားလည်း သာသနာ၌ အားထားယုံကြည် မြဲမြံစေရန် အားသွန်ကြိုးပမ်းပြုစုတော်မူခဲ့လေ သည်။ ဤသို့အားဖြင့် အရှင်ပုဏ္ဏာစာရမထေရ်မြတ်ကြီးသည် လွန်ခဲ့သော အနှစ် ၁၀၀-ကျော် သာသနာ ၂,၃၄၀-မှ ၂,၃၇၀-ခုအထိ အနှစ် ၃၀-အတွင်း တွန့်တိုဆုတ်နစ်ခြင်း မရှိသော လုံ့လအားဖြင့် ကြိုးစားအားထုတ်တော်မူခဲ့ရာ အခြားဂိုဏ်းသာသနာများမှ ၁၀၀-လျှင် ၈၀-လောက် ထေရဝါဒရဟန်းအဖြစ်ကို ယူကြ၍ ကျန်ရှိသောသူများလည်း ၎င်းတို့၏အနည်းဂိုဏ်းကို ငဲ့ညှာထောက်ထားလျက်သာ ကျန်ရစ်ခဲ့လေသည်။

သို့ရာတွင် ရွေးကပြုခဲ့သော ထေရဝါဒဥပသမ္ပဒရဟန်းအဖြစ်ယူခဲ့ကြသည့် ရဟန်းသံဃာများလည်း ရှိကြ၍ ၎င်းတို့မှာ ထေရဝါဒဂိုဏ်းအားဖြင့် တစ်ဝါဒတည်းဖြစ်သော်လည်း ပေါင်းစည်းမည့်အစား ရွေးကပြုခဲ့သော ဂိုဏ်းများနှင့် အသီးအခြားနေကြပြီးလျှင် အသစ်ပြုပြင်သော ဥပသမ္ပဒဂိုဏ်းသံဃာကို သံဃရာဇဂိုဏ်း-ဟု ခေါ်တွင်၍ ရွေးပြုခဲ့သော ဂိုဏ်းသံဃာကို မဟာထေရဂိုဏ်းခေါ်တွင်ပြီး အသီးသီးသာသနာပြုစု အားထုတ်ကြကုန်၏။

မဟာထေရဂိုဏ်း သံဃာများသည် အရှင်သံဃရာဇာသာရမေဓာမထေရ်မြတ်၏ အဆုံးအမ ဥပသမ္ပဒအဖြစ်ကို မထေမဲ့ပြုကာ မလာရောက်ကြဘဲ ၎င်းကိုယ်တိုင် ဥပသမ္ပဒ အသစ်ပြုရန် ဆုံးဖြတ်ကြသောအားဖြင့် ၎င်းတို့သည် မှားယွင်းချက်များကို ဖျောက်ဖျက်ကာ ထေရဝါဒသံဃာများ၏ ဝိနည်းတရားမှ ထူးခြားသော ဝိနည်းတရားများ လေ့ကျင့်အားထုတ်ရာ ဖြူစင်မွန်မြတ်သည့် အကျင့်တရားနည်းနာများကို မှတ်သားကာ ၎င်းနည်းဥပဒေများသည် အားလုံးသောသံဃာများနှင့် ဆက်ဆံနိုင်ဖို့ နှလုံးသွင်းအပ်သောအကြောင်း ဖြစ်သည်-ဟု ယူဆထင်မြင်ကြလေသည်။

သံဃရာဇဂိုဏ်း သံဃာများ၏ မဟာနာယကမထေရ်ဖြစ်တော်မူသော အရှင် အာစရိယပုဏ္ဏာစာရ ဆရာတော်မြတ်သည်ကား သီဟိုဠ်ကြွရောက်တော်မူစဉ်က ရခိုင်၊ မြန်မာနှင့် သီဟိုဠ်နိုင်ငံများမှ မထေရ်တို့က အလေးပြုကြသည့်အားလျော်စွာ ၎င်းမထေရ်အား ရာမညဂိုဏ်းသံဃာများက ဥပသမ္ပဒကံသစ်ဖြင့် ချို့ယွင်းသောကံများ အသစ်ပြုပြင်ရန် မေးမြန်းပြောဆိုကာ သိက္ခာယူပြီးလျှင် သာသနာပြုစုမှု လေ့လာကျင့်သုံးခဲ့သော မထေရ်မြတ်ဖြစ်၍ ၎င်းနိုင်ငံများ၏ ထေရဝါဒနှင့်ညီညွတ်သော အယူဝါဒရှိ မထေရ်တစ်ပါး ဖြစ်လေသည်။

ဤသို့ အကျင့်သိက္ခာ မွန်မြတ်ကောင်းမွန်သည်-ဟု ကျော်ကြားသော သီဟိုဠ်ကျွန်း ရာမညဂိုဏ်း၌ သိက္ခာဥပသမ္ပဒကံ ဆင်ခဲ့ပြီးနောက် စေတ္တ ချစ်တဂေါင်းနယ် ပြည်များမှာ သာသနာပြုစုခဲ့သည်ဖြစ်၍ "၎င်းနယ်မြေဒေသသည် ရွေးကမှတ်သားထိုက်သော အရပ်ဖြစ်သည်အား လျော်စွာ ၎င်းနယ်မြေကို ရာမဘူမိဟအရပ်ဟု ခေါ်ဝေါ်သမုတ်သည်။ ၎င်းကောင်းလှသောနယ်ပယ်မှာ ယခုအခါ၌ ရန်မူး*(ရာမူး)*ဟု ထင်ရှားသော မြို့တော်တစ်မြို့ဖြစ်ခဲ့လေသည်။

ဤသို့အားဖြင့် ဝင်္ဂတိုင်း၊ ဗင်္ဂါလီဗုဒ္ဓသာသနာကား သီဟိုဠ်၊ မြန်မာ တိုင်းနိုင်ငံရှိ ဗုဒ္ဓသာသနာများနှင့် ဆက်သွယ်ကာ ၎င်းတို့နှင့်တူညီသော ထေရဝါဒ သာသနာတော် ဖြစ်၍ ကွဲပြားခြားနားခြင်းမရှိသော သံဃရာဇာဂိုဏ်းမှာ မြန်မာ၊ သီဟိုဠ်ဂိုဏ်းသံဃာများနှင့်

တူညီစွာ ကျင့်ကြံတော်မူကြလျက် ယခုလက်ထက်တိုင်အောင် တိုးတက်ကြီးပွါးသော ဝဂ်-ရဋ္ဌဗုဒ္ဓသာသနာအစည်းအရုံးဖြစ်လာပြီး ၎င်းနယ်များ၌ များစွာသော ကျောင်းများနှင့် သံဃ-ရာဇာဂိုဏ်းရဟန်းများ တိုးပွါး ကျယ်ပြန့်လာခဲ့လေသည်။

သို့ရာတွင် သာသနာပြုမထေရ်များ၏ စာသို့လိုက်၍ ဂိုဏ်းဂဏမှာ ရှေးသာသနာ့ဝန်ထမ်းရဟန်းများ မညီမျှကြသော်လည်း ကိုးကွယ်ဆည်းကပ်ကြသော လူဒကာများဘက်ကမူ ရောနှောဆက်ဆံလျက် ရှိကြ၍ ဂိုဏ်းဂဏစွဲလမ်းမှု မရှိကြသဖြင့် မိမိတို့ ကြည်ညိုရာ အသီးသီးသောကျောင်းများသို့ သွားကြကာ ဂိုဏ်းဂဏဆည်းကပ်မှုများ မကွဲမပြား ညီညွတ်စွာ ရှိကြလေသည်။

ထိုအချိန်အခါ၌ကား အရှေ့ဝဂ်တိုင်း လွင်ပြင်ဒေသများ၌ ကျောင်းပေါင်း ၃၁၀-မျှရှိရာ ၎င်းတို့တွင် စေတီယဂါဝ် ချစ်တဂေါင်းနယ် သက်သက်မှာ ၂၀၅-ကျောင်းမျှရှိသည်။ နိုအာခလိ၊ တစ်ပေရာ၊ ဗရိဆာလ်နယ်များတွင်လည်း ၂၀၀-ကျော်ရှိရာ ဗင်္ဂါလီရဟန်းများဖြစ်ကြသည်။ ထင်ရှားကျော်ကြားသည့် ပါဠိသင်ကျောင်းကြီးများမှာ ၂၉-ကျောင်းမျှရှိရာ ၎င်းတို့၌ ငယ်ရွယ်သူ ပါဠိသင် ကျောင်းသားတို့အား ပါဠိဘာသာ သင်ကြားစေပြီး အရှေ့ဗင်္ဂလားအစိုးရက စည်းကမ်းတကျ စာမေးပွဲများ ပြုလုပ်ကာ ၎င်းဘာသာရပ်ကို အားပေးချီးမြှောက်လေသည်။

၎င်းပြင် ချစ်တဂေါင်း တောင်ကုန်းလူမျိုးများ ဖြစ်ကြသည့် စက္ကမအမျိုးသားနှင့် မွန်ဂိုလူမျိုးများဒေသ၌ ကျောင်းပေါင်း ၃၂၀-မျှရှိရာ ၎င်း၌ ဗင်္ဂါလီဗုဒ္ဓဘာသာများ၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများမှာ ဉ၂-ရာစု၌ပင် အမျိုးမျိုးသော ဆန့်ကျင်ဘက်အကြောင်းများကြောင့် မှေးမှိန်နေလျက်ရှိသော်လည်း စက္ကမအမျိုးသားများ၏ ထေရဝါဒသာသနာတော်ကား အခြေအမြစ်စွဲကာ အခိုင်အမြဲ တည်တံ့ထွန်းကားလျက် ရှိလေသည်။

၎င်းစက္ကမအမျိုးသားများနှင့်တကွ အရှေ့ဝဂ်တိုင်း နယ်ပယ်ရှိ ဗုဒ္ဓဘာသာအမျိုးသားငယ်တို့မှာ သာသနာပြုဆရာတော် အရှင်သံဃရာဇာအာစရိယပုဏ္ဏာစာရမထေရ်မြတ် သာသနာအသစ် ပြုပြင်သည်မှစ၍ တစ်စတစ်စ ပွါးစီးတိုးတက်လာခဲ့ရာ ထင်ရှားသော စက္ကမအမျိုးသားများနှင့် ဗရူးဝါးအမျိုးသားများမှာ ဘာသာအားဖြင့် ဗင်္ဂါလီစကားပြောကြသော သူများဖြစ်ကြ၍ ၎င်းဘာသာစာပေများနှင့် ဗုဒ္ဓဘာသာကျမ်းဂန် စာပေများအပြင် ခေတ်အားလျော်စွာ များစွာသော စာစောင်များ ထုတ်ဝေဖြန့်ခဲ့ကြသည့်အပြင် အခြားဗုဒ္ဓဘာသာစာပေများ ရှာဖွေစုဆောင်းကြသော သုတေသီပညာရှိများ ထွန်းကားလာခဲ့လေသည်။

ဤသို့ ဗင်္ဂါလီဗုဒ္ဓစာပေအနုပညာများ ကြီးပွါးတိုးတက်လာခဲ့ရာ စက္ကမအမျိုးသားတို့၏ ရှေးနှစ် ရာစုများက စွဲမြဲယုံကြည်လာခဲ့သော ရော်လီရှင်ရဟန်းတို့၏ဝါဒနှင့် အလေ့အကျင့်များ ထင်ရှားပေါ်လွင်ကာ ရှေးကအရှိန်တက်လာခဲ့သော အယူဝါဒလမ်းစဉ်များ တစ်စတစ်စအားဖြင့် ပျောက်ကွယ်ပြီးလျှင် ၎င်းတို့၏နေရာတွင်ကား ဗင်္ဂါလီနှင့် ရခိုင်ထေရဝါဒရဟန်းများ အစားထိုးကာ ဝင်ရောက်လာပြီး စက္ကမရဟန်းများလည်း တိုးတက်လာခဲ့လေသည်။

၎င်းတို့မှာ ပိဋကတ် ၃-ပုံ နည်းဥပဒေ ညွှန်ပြချက်အရ တည်ထောင်ကြသည် မဟုတ်သော်လည်း ၎င်းတို့စာပေမှတ်တမ်းများအရ အင်္ဂရ်, တာရ-ဟု ထင်ရှားသော ကျမ်းဂန်များ ၂-ကျမ်းမျှရှိရာ ၎င်းတို့မှာ အသိခက်ခဲလှသော ကျမ်းဂန်များ ရေးသားထား၍ ၎င်းအားလျော်စွာ လေ့လာ ကျင့်သုံးကြသော လိမ္မော်, အဝါရောင်ဝတ်ကြသည့် မြန်မာနိုင်ငံ အရည်းရှင်ရဟန်းတို့ကဲ့သို့ ရဟန်းများကို ရော်လီရှင်ရဟန်း-ဟု ခေါ်ကြ၍ ထေရဝါဒ မဟာယာန မထင်ရှားသော ဗုဒ္ဓဝါဒရဟန်းများ-ဟု မှတ်သားအပ်သော ရှင်အရည်းများ ဖြစ်ခဲ့လေသည်။

ဤသို့အားဖြင့် အရှေ့ဝင်္ဂတိုင်း၊ ဗင်္ဂါလီဗုဒ္ဓဘာသာ သာသနာတော်ကား ရခိုင်, မွန်ဂို, မွန်လူမျိုးများနှင့် တောင်ကုန်းဒေသ စက္ကမအမျိုးသားများအပြင် သာကီယအမျိုးသားမှ သက်ဆင်းလာသည်-ဟု ၎င်းတို့မှတ်တမ်းအစဉ်အလာအရ ပြောဆိုကြသော ဗရုအား *(ဗရူးဝါး)* ရခိုင်လို ဗရဟမာဂရီးလူမျိုးများလည်း ရှိကြ၍ ၎င်းအမျိုးသားများမှာ ဗုဒ္ဓဘာသာအားလုံးနီးပါး ယုံကြည်အားထားကြရာ ဦးရေအားဖြင့် တိုးပွါးလာခဲ့သည့်အတိုင်း ယခုအခါ၌ကား ဗုဒ္ဓဘာသာလူမျိုးစုများ ရေတွက်လျှင် ၅-သိန်းမျှရှိကြောင်း ခန့်မှန်းကြလေသည်။

ဤသို့လျှင် ဝင်္ဂတိုင်းအရှေ့ပိုင်း(အရှေ့ပါကစ္စတန်)နိုင်ငံ*(ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ)*များ၌ ရှေးက ထွန်းကားလာခဲ့သော သာသနာခေတ်နှင့် ယခုခေတ်အထိ သာသနာတော်၏ အဖြစ်အပျက်များ တတ်နိုင်သမျှ ရှာဖွေစုဆောင်း ရေးသားအပ်သော ဗုဒ္ဓနိုင်ငံတော် မှတ်တမ်း, သာသနာဝင် မှတ်တမ်းကား ဤမျှ မှတ်သားအပ်ပေသည်။

ဤမျှဖြင့် ဝင်္ဂတိုင်းသာသနာအကျဉ်း ပြီး၏။

✪ ✪ ✪ ✪ ✪

## ယိုးဒယားသာသနာ

ဤထိုင်း-ဟု ၎င်းတို့ရာဇဝင်ကားသစ်၌ ရေးသားထားကြသော ထိုင်းနိုင်ငံ (ယိုးဒယား နိုင်ငံ)သည်ကား သုဝဏ္ဏဘူမိ အသောကမင်းတရား၏ သာသနာပြုဌာန ရွှေ-မြေ-ဒေသ-ကျွန်းဆွယ်-နယ်ပယ်တို့တွင် ပါဝင်၍ ဤဗုဒ္ဓနိုင်ငံတော်အတွဲ ၂-သုဝဏ္ဏဘူမိသာသနာပြု အပိုင်းကဏ္ဍ၊ ၎င်းသာသနာ ၂,၀၀၀-အတွင်းက မွန်, ခမင်, ယိုးဒယား, မလေး-စသည့် တိုင်းနိုင်ငံများတွင် သာသနာနိုင်ငံတော် အကြောင်းအရာ, ထေရဝါဒ သာသနာ့အကြောင်း ရေးသားရာ၌ ၎င်းဗုဒ္ဓသာသနာ့နိုင်ငံတော် ထွန်းလင်းခဲ့ကြောင်း ရေးသားဖော်ပြခဲ့လေသည်။

သို့ရာတွင် ယခုတည်ရှိသော ထိုင်း-ယိုးဒယားကား ထိုအခါက ၎င်းနယ်ပယ်ဒေသတို့၌ တိုင်းပြည်တစ်ခု တည်ထောင်ပြုကာ ထင်ရှားသော လူမျိုးတစ်စု အနေအားဖြင့် လည်းကောင်း ၎င်းထိုင်းဘာသာအားဖြင့်လည်းကောင်း ထင်ရှားရှိနေခဲ့မည်-ဟု ဆုံးဖြတ်ရန် ခဲယဉ်းသည်။ ၎င်းတို့သည် စုပေါင်းထားသော လူမျိုးစုသာ ဖြစ်၍ သုခေါ် ထိုင်းနိုင်ငံတော်ကြီး တည်ထောင်ပြီးသည်မှ နောက်ခေတ်များ သာ၍ တိုးတက်ကြီးပွါး, လူမျိုးစုနိုင်ငံကြီး အနေအားဖြင့် ကျော်ကြားလာခဲ့သည်ကို အထောက်အထားပြုလျက် စဉ်းစား ဝေဖန်နိုင်ပေသည်။

ထိုသာသနာပြုခေတ်က မွန်, ခမင်များ ဤသုဝဏ္ဏဘူမိ သတ်မှတ်ပိုင်းခြားသော ကျွန်းဆွယ်ဒေသ တိုင်းနိုင်ငံနယ်ပယ်များ၌ နေထိုင်ကြ၍ ၎င်းလူမျိုးများ ဖြစ်ခဲ့ပေမည်-ဟု အချို့ မှတ်ထင်ကြသော်လည်း ရာဇဝင်အထောက်အထားကား အခိုင်အမာ မရေးသားနိုင်သည့်အပြင် သာသနာပြုမထေရ်များကား ပဋိသမ္ဘိဒါပတ္တမထေရ်များဖြစ်ကြသဖြင့် မည်သည့်ဘာသာနှင့် ဖြစ်စေ ဟောပြနိုင်စွမ်းသောကြောင့် အမျိုးဘာသာ ဖော်ပြရန် ပဓာန မဟုတ်သည့်အတိုင်း လူမျိုးနှင့်ဘာသာများ ဖော်ပြပိုင်းခြားခြင်း မရှိခဲ့ကြကုန်။

ဤသို့ တိုင်းနိုင်ငံဌာနသာ ပဓာနဖြစ်၍ အမျိုးဘာသာ မစိစစ်ဘဲ မည်သည့်ဘာသာနှင့်ဖြစ်စေ သာသနာတော် ထွန်းသစ်လျက် တည်နေခဲ့သည်မှာ အမှန်ဖြစ်ကြောင်းသာ စဉ်းစား ဝေဖန်အပ်သဖြင့် ၎င်းမထေရ်ဝါဒ သာသနာကား ထိုကာလမှစ၍ နောက်အစဉ်အဆက် ထွန်းသစ်လျက်လာခဲ့ရာ ယခုအခါတိုင်အောင်ပင် သုဝဏ္ဏဘူမိနယ်မြေဌာန အဝင်အပါ မွန်, ခမာ, ထိုင်း-တိုင်းနိုင်ငံများတွင် သာသနာဝင်မှတ်တမ်း၌ ကဏ္ဍတစ်ရပ် အနေအားဖြင့် စည်ကားဝပြောလျက် ရှိနေတုန်းပင် ဖြစ်လေသည်။

ထိုင်း-ယိုးဒယားသာသနာ့ဝင် မှတ်တမ်းအချို့ကား အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ ရောက်စဉ်က အသောကမင်းတရားကြီး သာသနာမဝင်မီ အနီးအနား နိုင်ငံအလုံးကို သိမ်းကြုံးတိုက်ဖျက်ကာ နိုင်ငံတော် ချဲ့ထွင်ရာ၌ စစ်ဘေး စစ်ဒဏ်ခံကြရ၍ အိန္ဒိယမှ ထွက်ပြေးလာခဲ့ကြသော အိန္ဒိယတိုင်းသားများ၊ မလေးကျွန်းဆွယ်၊ အင်ဒိုချိုင်းနားကျွန်းဆွယ်များတွင် ရှိနေနှင့်ကြသဖြင့် မထေရ်တို့သည် ၎င်းတို့အား တရားဓမ္မ ဟောပြတော်မူပြီး ၎င်းတို့မှတဆင့် ဘာသာပြန်ဆိုကာ ထိုင်း-ယိုးဒယားဘာသာအားဖြင့် နာယူမှတ်သားရကြောင်းများ ရေးသားကြသော်လည်း ၎င်းမထေရ်တို့မှာ ပဋိသမ္ဘိဒါပတ္တ-ဆဠဘိညရဟန္တာမထေရ်များသာ ဖြစ်တော်မူကြသဖြင့် ၎င်းပိုင်း၌ ရှိနေသော ဘာသာများဖြင့်လည်း ဟောကြားနိုင်ကြောင်းမှာ အခြားလင်္ကာဒီပ သီဟိုဠ်ကျွန်း-စသည့် သာသနာပြုဌာနများ ထောက်ထားကာ ၎င်းကျွန်းဘာသာ-စသည်တို့ဖြင့် ဟောကြားတော်မူကြကြောင်း မှတ်သားဝေဖန်အပ်ကုန်၏။

သို့ရာတွင်ကား ၎င်းတို့သာသနာ့ဝင်အားဖြင့် ၎င်းသာသနာပြု မထေရ်များမှ ဆင်းသက်တော်မူလာခဲ့သော **အစဉ်အဆက်မှတ်တမ်းများ ပါဠိနှင့် ၎င်းတို့ဘာသာ ထင်ရှား မရှိကြောင်း** အကြောင်းပြရေးသားကြသည်မှာ –

တိုင်းနားပြည်ချင်း မကြာမကြာ စစ်ခင်း ကျင်းပရသည့်အပြင် မြန်မာတိုင်းနိုင်ငံနှင့်လည်း စစ်အကြိမ်ကြိမ် ဖြစ်ခဲ့ဖူးရာ နောက်ဆုံးမှာ မြန်မာတို့၏ ရက်စက်ကြမ်းကြုတ်စွာ ကျောင်းကန်, ဘုရားနှင့် စာပေများကို ဖျက်ဆီးမှုတို့ကြောင့် ရာဇဝင်နှင့် ဘာသာဝင်မှတ်တမ်းများ ပျက်ပြားဆုံးရှုံးရကြောင်းဖြင့် ပြောဆို မှတ်သားခဲ့ကြကုန်၏။

သို့သော်လည်း မြန်မာပြည်မှ ချီတက်တိုက်ခိုက်သော တိုင်းနယ်မြို့ပြတို့မှာ မြန်မာတို့ သမုတ်ထားသော ဟရိဘုဉ္စ-ဇင်းမယ်ပြည်များနှင့် ယိုးဒယားမြို့တော်ကြီးဖြစ်သော အယုဒ္ဓယ နေပြည်တော်သာ ဖြစ်၍ ၎င်းနေပြည်တော်မှတပါး အခြားမြို့ကြီးများလည်း ကျန်ရှိသေးသဖြင့် ဂ-ငယ် ၃-ခု၊ ဉသျှစ်ထု-ကိန်းအရ အဝ-နေပြည်တော်ကြီး ရှမ်းစလုံ သိုဟန်ဘွားကြောင့် ကျောင်းကန်, ဘုရား သာသနာ့ဝင် အရှင်မြတ်များနှင့်တကွ ပိဋကတ်စာပေများ မြောက်မြားစွာ ပျက်စီးခဲ့ကြသော်လည်း ၎င်းမြို့တော်မှတပါး အခြားမြို့ရွာများ၌ သာသနာတော်စောင့် မထေရ်များနှင့် ကျမ်းဂန်စာပေများ ထင်ရှားရှိနေကြသကဲ့သို့ မြန်မာလက်နက်နိုင်ငံအောက် မရောက်ရှိခဲ့သေးသော ကျန်မြို့နယ်များနှင့် ကျမ်းဂန်စာပေ ပညာရှိများလည်း ကျန်ရှိနိုင်ကြောင်း ၎င်းတို့အကြောင်းပြချက်မှာ မလုံလောက်ပေ၊ ၎င်းရာဇဝင် သာ၍သာ **အထင်သေးဖို့အကြောင်း** ဖြစ်နိုင်မည်ကား အခြားပညာရှိ စာပေမရှိသော ကျန်မြို့များကို ချိုးဖဲ့ရာ ရောက်ခဲ့လေသည်။

ထိုင်း-ယိုးဒယားနိုင်ငံ၏ ရှေးခေတ်ရာဇဝင်သမိုင်းအရ ၎င်းလူမျိုးများ၏ အမွန်အစ ဝေဖန်လျှင် သာသနာနှစ် ၁,ဝဝဝ-လောက်မှာ ၎င်းတို့သည် ယူနန်နယ်မှ တရုတ်ပြည် ဘုရင်များ၏ ဖိနှိပ်ချုပ်ချယ်သော အာဏာမှ လွတ်မြောက်ရာ တောင်ဘက် တိုင်းနိုင်ငံများ သို့ ရွှေ့ပြောင်းနေထိုင်ကြကာ လွတ်လမ်း တိုးပွါးခြင်း အစိပ္ပါယ်ရှိသော ထိုင်းဟူ၍ သမုတ် ခေါ်ကြလျက် လူမျိုးတစ်စု အစပြုတည်ထောင်ကြပြီး ရာဇဝင်၌ စတင်ခဲ့ကြသော ခေတ်မှာ ကမ္ဘောဒီးယား၌ ဖူနန် သို့မဟုတ် ဖနွန်ပင်(လူ)မျိုးများ အုပ်ချုပ်စိုးစံသောခေတ်ဖြစ်၍ ၎င်းလည်း မဟာယာနသာသနာ ပြန့်ပွါးလျက် ရှိနေခဲ့လေသည်။

၎င်း ဖူနန်-ဖနွန်ပင်(လူ)မျိုးများ၏ အာဏာနိုင်ငံတော်ကား ယခု ယိုးဒယားအလယ် ပိုင်း တိုင်းနိုင်ငံများသို့တိုင်အောင် ကျယ်ပြန့်ကာ မဟာယာနသာသနာလည်း ထွန်းကား စည်ပင်သည်။ ၎င်းသာသနာဝင်မှတ်တမ်းအရ သာသနာ ၂၁ဝ-ခုလောက်က ၎င်းတိုင်းမှ အရှင်သံဃပါလမထေရ်နှင့် အရှင်မဒ္ဒသေနမထေရ် ၂-ပါးတို့သည် တရုတ်ပြည်ကြီးသို့ ၎င်း၌ရှိသော ဗုဒ္ဓဝါဒကို လေ့လာသင်ကြားရန်နှင့် ၎င်းဝါဒကျမ်းစာများကို ဘာသာပြန်ဆိုရန် ကြွသွားတော်မူကြကြောင်း မှတ်တမ်းများ၌ ရေးသားခဲ့ကြလေသည်။

✪ ✪ ✪ ✪ ✪

## ဒွါရာဝတီခေတ်

သာသနာ ၁၂-ရာစုခန့်မှာ ဖူနန်ဖနွန်ပင်အာဏာကား နိမ့်ကျသွား၍ ဗုဒ္ဓသာသနာ လည်း အနိမ့်,အမြင့် ရှိနေခိုက် ခ-အို-ဖယ-မြစ်ဝကျွန်းပေါ်ရှိ မွန်လူမျိုးများသည် ၎င်းတို့၏ လွတ်လပ်ရေး ကြေညာကြပြီး ဒွါရာဝတီနိုင်ငံ တည်ထောင်ကြကာ ၎င်းတို့မှာ ထေရဝါဒ ဗုဒ္ဓဝါဒီသက်ဝင်, ယဉ်ကျေးမှုပညာ အရပ်ရပ်နှင့် ဗုဒ္ဓတရားတော် ယဉ်ကျေးမှုများ တိုးတက် ကြီးပွါးလာခဲ့ကြ၍ ၎င်းနိုင်ငံလည်း ကျယ်ပြန့်သွားသည်မှာ ယိုးဒယားမြောက်ပိုင်း နိုင်ငံများ အထိ ဖြစ်ခဲ့လေသည်။

၎င်းမွန် ဒွါရာဝတီခေတ်၌ ထေရဝါဒ ဗုဒ္ဓအယူ ထွန်းသစ်လာခြင်း၏ အထောက် အထားတစ်ခုမှာ ထိုစဉ်အခါက ဟရိဘုဥ္စတိုင်း၊ ယိုးဒယားမြောက်ပိုင်း၊ လမ်းပန်မြို့တော်၌ အုပ်ချုပ်စိုးစံတော်မူသော စာဒေဝီဘုရင်မသည် ၎င်းဒွါရာဝတီမြို့တော်မှ ပိဋကတ်ဓမ္မကွန်၌ ကျွမ်းကျင်တတ်သိ ပညာရှိရဟန်းတော် ၅ဝဝ-ပင့်ဖိတ်တော်မူပြီး ၎င်းတိုင်းသူ, ပြည်သား

လူအများနှင့် နန်းတော်သူ, နန်းတော်သားတို့အား တရားဓမ္မဟောပြ သင်ကြားတော်မူစေကြောင်း ရာဇဝင်မှတ်တမ်း၌ အထင်အရှား ဖော်ပြထားလေသည်။

သို့ဖြစ်၍ ယိုးဒယားမြောက်ပိုင်းမှာ ယူနန်နယ်မှ ပြောင်းရွှေ့လာခဲ့ကြသော ထိုင်းလူမျိုးများ အုပ်ချုပ်စိုးစံကြ၍ ၎င်းတောင်ပိုင်းမှာကား မွန်လူမျိုးများအုပ်ချုပ်ကာ ၎င်းတို့မြို့တော်မှာ ထိုအခါက နခေါင်ပထုမ်ဖြစ်ကောင်းဖြစ်မည်-ဟု ယူဆကြ၍ ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်ထွန်းကားကြောင်း အထောက်အထားရှိသည်မှာ ထိုနယ်များ၌ မွန်များ နှစ်ရာစုများစွာ အုပ်ချုပ်သဖြင့် ၎င်းတို့၏ကျောက်စာများသည် နခေါင်ပထုမ် လာဗူရိ-လမ်းပမ်မြို့နယ်များ၌ ယခုတိုင် တွေ့ရှိနိုင်လေသည်။

ဤဒွါရာဝတီခေတ်၌ ယိုးဒယားတောင်ဘက် တိုင်းနယ်များကို မွန်များ အုပ်စိုးနေကြ၍ ကမ္ဘောဒီးယားနိုင်ငံ၌လည်း ဖနွန်နိုင်ငံကား နိမ့်ကျလျက် ဂျင်လာနိုင်ငံ တည်ထောင်လာခဲ့ကြသည်။ သာသနာ ၁၄-ရာစုမှာကား ၎င်းအစား ခေမာ-ကမ္ဘောဒီးယားနိုင်ငံရောက်လာကာ ၎င်းနိုင်ငံတော်လည်း တိုးချဲ့လာသည်တွင် ၎င်းဒွါရာဝတီနိုင်ငံ အစိတ်အပိုင်းများပင် ပါဝင်ခဲ့ပေမည်။ သို့ဖြစ်စေကာမူ မွန်တို့သည်ကား ဘာသာအားဖြင့် ထေရဝါဒယုံကြည်အားထားသူများသာ ဖြစ်ခဲ့လေသည်။

✪ ✪ ✪ ✪ ✪

## သီရိဝိဇယခေတ်

ယခု ယိုးဒယားတောင်ပိုင်း ထိုင်းနိုင်ငံများ ပါဝင်သော ၎င်းဒွါရာဝတီနိုင်ငံ စည်ပင်ထွန်းကားစဉ် အလာကတရုတ် မှတ်တမ်းများအရ အချို့နယ်ပယ်များမှာ ဆီ-အာ-ထို (ရွှေမြေ) ဒေသနှင့် ဖန်-ဖန်နယ်ပယ်များဖြစ်ကြ၍ ဆီ-အာ-ထို-မှာ မလေးနိုင်ငံ၊ ဆိုက်ဘူရိနယ်အနီး*(ဟု)* အချို့ပထဝီဆရာများ အခိုင်အမာ ယူဆချက်အရ မြန်မာနိုင်ငံတောင်စွန်း ဒေသများ-ဟု ယူဆကြသည့်အပြင် ဖန်-ဖန်နယ်မှာ ဘန်ကောက်တောင် ကီလိုမီတာ ၆၅၀-ကွာသော သူရသဓာနီမြို့နယ် ဖြစ်ကြောင်း ယုံကြည်မှတ်သားကြလျက် ထိုဒေသများမှာ ထေရဝါဒဗုဒ္ဓနိုင်ငံဖြစ်ကြသည်-ဟုလည်း မှတ်သားကြလေသည်။

ဤနိုင်ငံများသည် ဒွါရာဝတီနိုင်ငံနှင့် ရင်းနှီးစွာ ဆက်သွယ်ကြသည့်ပြင် ၎င်းဒွါရာ-ဝတီနိုင်ငံ တည်ထွန်းစ သာသနာ နှစ်ရာစုလောက် ဆုမတြာကျွန်းမှာ သီရိဝိဇယနိုင်ငံ

တည်ထောင်ခဲ့၍ ၎င်း၏တန်ခိုးအာဏာများမှာ မလယ-မလေးကျွန်းဆွယ်တိုင်အောင် ကျယ်ပြန့်ကာ ၎င်းဒွါရာဝတီနိုင်ငံဖြင့် နယ်ခြားသတ်မှတ်လျက် ဤတိုင်းနယ်များမှာ တရုတ်သာသနာပြု ရဟန်းတော် **အီချင်း၏** မှတ်တမ်းအရ မဟာယာနဗုဒ္ဓအယူရှိကြ၍ ဘုရင်နှင့် တိုင်းသူပြည်သားတို့မှာ ၎င်းအရ လေ့လာအားထုတ် အုပ်ချုပ်ကြသည်-ဟု မှတ်သားကြလေသည်။

သို့ရာတွင် ထိုအခါက မဂဓတိုင်း, ဝင်္ဂတိုင်းတို့မှာ မဟာယာနသာသနာ ထွန်းကား၍ မန္တယာနဂိုဏ်းသာသနာကို လေးစားကြသည့်အတိုင်း ၎င်းမှာ ပါလမင်းမျိုးများ အုပ်စိုးလျက် ၎င်းတို့တန်ခိုးအာဏာ ကြီးမားလွှမ်းမိုးနေချိန်တွင် ဒွါရာဝတီနိုင်ငံနှင့်လည်း ပြိုင်ကြကာ နိုင်ငံအချင်းချင်း ရင်းနှီးဆက်ဆံကြလျက် ကူးသန်းသွားလာကြသောကြောင့် ၎င်းမဟာယာနဗုဒ္ဓနိုင်ငံတော်လည်း တောင်ဘက် ပင်လယ်ကျွန်းဆွယ် ဒေသများနှင့် သီရိဝိဇယနိုင်ငံများတို့သို့ ပြန့်နှံ့သွားခဲ့လေသည်။

ထောက်ထားရန် အခိုင်အလုံ တွေ့ရသည်ကား ၎င်းသီရိဝိဇယနိုင်ငံမှာ ဒွါရာဝတီနှင့် နယ်ခြား သတ်မှတ်သည့်အတိုင်း နယ်ခြားဖြစ်သော ထိုအခါက တရုတ်မှတ်တမ်းအရ ပန္နန်လင်းမည်သော နဂရသီရိဓမ္မရာဇာမြို့၌ သက္ကတဘာသာအားဖြင့် ရေးကူးထားသည့် သာသနာ ၁,၃၁၈-ခုနှစ်၊ သီရိဝိဇယမင်းတရား အုပ်ချုပ်စိုးစံတော်မူစဉ်က-ဟု ဖော်ပြထားသော ကျောက်ဆောင်, ကျောက်စာကို တွေ့ရှိကြရလေသည်။

၎င်းပြင် သာသနာတော် ၁၅-ရာစု၌ ထုတ်ဖော်ရေးသားကြသည်ကား တိဗက်သာသနာပြုဆရာတော်ကြီး **အရှင်ဒီပင်္ကရာအတိသသည်** ဤဆုမတြာကျွန်း ထိုအခါက ထင်ရှားသော ဓမ္မကိတ္တိကျောင်းတိုက်ကြီးမှာ သာသနာပြုတော်မူကာ ၁၂-နှစ်ကြာအောင် သီတင်းသုံးနေထိုင်ခဲ့ဖူးကြောင်း၊ ၎င်းနောက် ယဝဒီပ-ဂျာဝဒီပ-ဂျာဝါးကျွန်း၌ အကြီးအကျယ်ဆုံး အဆောက်အအုံတို့တွင် အရှေ့ပိုင်း နိုင်ငံများဝယ် အထင်ရှားဆုံးဖြစ်သော ဗိုရိုဗု-ဒုရ်ဗရာဗုဓကျောင်းတော်ကြီးကိုလည်း သွားရောက် ကြည့်ရှု လေ့လာတော်မူကြောင်း၊

၎င်းပြင် ထိုင်း-ယိုးဒယားနိုင်ငံ များစွာသောအရပ်၌ရှိသော စေတီပုထိုးများနှင့် အထူးအားဖြင့် သီရိဓမ္မရာဇမြို့၌ရှိ စေတီများ အချို့သီဟိုဠ်ပုံ တည်ထား၍ များသောအားဖြင့် ထိုစဉ်အခါက မဟာယာနဗုဒ္ဓအယူ နှစ်သက်ကြည်ညိုတော်မူသော သီရိဝိဇယဘုရင်၏ တန်ခိုးအာဏာလက်အောက်မှာ တည်ထားကြောင်း မငြင်းဆိုနိုင်သော သက်သေအထောက်အထားများသာ ဖြစ်ကြောင်း-ရေးသားဖော်ပြကြလေသည်။

ဤထောက်ခံချက် သက်သေများနှင့် အခြားအထောက်အထားများဖြင့် "၎င်းသီရိ-ဝိဇယခေတ် တန်ခိုးအာဏာတို့သည် ကမ္ဗုဇ-ကမ္ဘောဒီးယားတိုင်းနယ်များနှင့် ၎င်း၏လက်အောက်ခံ ခအိုဖယား မြစ်ဝှမ်းဒေသတိုင်းနိုင်ငံများ-ဟု ဆိုအပ်သော ပင်လယ်ရပ်ခြားနယ်မြေများသို့တိုင်အောင်ပင် ကျယ်ပြန့်သွားကြောင်း" ၎င်းတို့မှတ်တမ်းအရ ၎င်းသီရိဝိဇယခေတ် ၂-ခုတွင် ဆိုအပ်ခဲ့ပြီး နယ်ပယ်ဒေသတို့ကား ပဌမခေတ်ဖြစ်၍ ၎င်းမှာ သာသနာနှစ်၊ ၁၃-ရာစုလောက်က ဖြစ်ကြောင်း ရေးသားကြလေသည်။

ထိုမှတပါး ဒုတိယသီရိဝိဇယခေတ်ကား သာသနာနှစ် ၁၅-ရာစု အလယ်လောက်က ဖြစ်၍ သာသနာ ၁,၅၇၆-ခုနှစ်မှ ၁,၅၉၂-ခုတိုင်အောင် စိုးစံတော်မူသော ကမ္ဘောဒီးယား ဘုရင် ပဌမသူရိယဝါမန်မင်းတရားသည်ပင် သီရိဝိဇယအနွယ်ဝံသဖြစ်သဖြင့် မဟာယာန အယူဝါဒအားလျော်စွာ ဗုဒ္ဓယဉ်ကျေးမှု အနုပညာရပ်များသည် ထိုခေတ်၌ ထိုင်း-ယိုးဒယား၊ ကမ္ဗုဇ-ကမ္ဘောဒီးယားတိုင်းနိုင်ငံများမှာ ထွန်းကားလာခဲ့လေသည်။

✪ ✪ ✪ ✪ ✪

## လော့ပ်ဘူရိခေတ်

သာသနာတော် ၁၅-ရာစုမှ ၁၈-ရာစုနှစ်အတွင်း ထိုင်း-ယိုးဒယား နယ်မြေများ၌ ကမ္ဘောဒီးယားအာဏာများ စိုးမိုးပိုင်ဆိုင်လာစဉ်အခါက လော့ပ်ဘူရိခေတ်-ဟု ခေါ်ဝေါ်ကြ၍ ၎င်းခေတ် ဘုရင်အချို့တို့သည် ဗုဒ္ဓဝါဒီဘုရင်များဖြစ်ကြလျက် အချို့ကား ဗြာဟ္မဏဝါဒ နှစ်သက်ကြသော ဘုရင်များဖြစ်ကြရာ ဗုဒ္ဓသာသနာဝင်ဘုရင်များ အုပ်ချုပ်စိုးမိုးစဉ်အခါကလည်း ထေရဝါဒ၊ မဟာယာနသာသနာ ၂-မျိုးလုံး တည်ရှိကြသည့်တွင် များသောအားဖြင့် ဘုရင်တို့မှာ ဖူနန်၊ ဖန္ဒန်ခေတ်ကစ၍ စွဲမြဲယုံကြည်အမြစ်စွဲလာခဲ့သော မဟာယာန သာသနာ ၂-မျိုးလုံး တည်ရှိကြသည်ကိုသာ ထောက်ပံ့ကူညီအားပေးလာကြသဖြင့် ထေရဝါဒမှာ ၎င်းခေတ်က အားနည်းခဲ့ကြပေသည်။

သို့ရာတွင် ဒွါရာဝတီခေတ် နိမ့်ကျစဉ်က မန္တြယာနဗုဒ္ဓအယူ မဟာယာနဂိုဏ်း သာသနာသည် သီရိဝိဇယခေတ်မှ ဆင်းသက်လာကာ ၎င်း၏တန်ခိုးအာဏာများသည်ကား ကမ္ဘောဒီးယားနှင့် ယိုးဒယား ထိုင်းနိုင်ငံအလယ်ပိုင်း၊ အရှေ့မြောက်ပိုင်း လွင်ပြင်ဒေသ များသို့ တိုင်အောင် ပြန့်နှံ့သွားလျက် ၎င်းနယ်ပယ်များတွင် ကျောင်း၊ ဘုရား၊ ကျောက်ဆောင် စသည်များ၌ ၎င်းလော့ပ်ဘူရိခေတ် ၁၆-ရာစုနှစ်လောက်က မဟာယာနဗုဒ္ဓဘာသာသို့

လျှို့ဒါန်းထားသော စေတီပုထိုးအဆောက်အအုံ မဟာယာနအနုပညာလက်ရာများ များသောအားဖြင့် တွေ့ရလေသည်။

ထိုမှတပါး ဗုဒ္ဓဘာသာ၏ မရေတွက်နိုင်သော စိတ်ဝင်စားဖွယ်ရာ အစိတ်အပိုင်း အနုပညာရပ်များကို ထိုင်း-ယိုးဒယားနိုင်ငံများတွင် ဘန်ကောက်မှ တောင်ဘက် ကီလိုမီတာ ၈၀၀-ကွာဝေးသော ၃-ကောန်ဆရိမ္မရာဇ-နာဂရသီရိမ္မရာဇမြို့၌လည်းကောင်း လော့ပ်ဘူရီမြို့၌လည်းကောင်း ဘန်ကောက်မှ မြောက်ဘက် ကီလိုမီတာ ၅၀၀-ကွာဝေးသော ဆပန်ကလောက်မြို့၌လည်းကောင်း သုဖန္နဘူရီမြို့၌လည်းကောင်း ထင်ရှားစွာ တွေ့ရ၍ ၎င်းတို့မှာ မန္တြမဟာယာနဗုဒ္ဓဝါဒအရ ကျောက်ခဲများ, ကြေးများဖြင့် ပြုလုပ်သည့် အရာများ တွေ့ရသည်။ ယိုးဒယားနိုင်ငံအတူ အနီးအနား တိုင်းပြည်များ၌လည်း တွေ့ရလေသည်။

✪ ✪ ✪ ✪ ✪





ထိုင်းနိုင်ငံ ဗုဒ္ဓဘာသာစေတီတော်

## ယိုးဒယားဗုဒ္ဓနိုင်ငံတော်

ဤဆိုအပ်ပြီးခဲ့သော ခေတ်အပိုင်းကဏ္ဍများဖြင့် ထိုင်း-ယိုးဒယားဗုဒ္ဓနိုင်ငံတော်ကား သာသနာ ၁,၀၀၀-ကျော်မှ ၂,၀၀၀-အတွင်းက နယ်ချင်းယှဉ်ကပ် ပိတ်ညှပ်နေကြသော နိုင်ငံများ၏ အမျိုးမျိုး တိုးတက်ကြီးပွါးကြသော ဗုဒ္ဓအယူဝါဒတို့ လွှမ်းမိုးခြင်းလက်အောက်မှာ အစဉ်မပြတ်လို တည်နေခဲ့ကြ၍ များသောအားဖြင့် နိုင်ငံတော်အေးငြိမ်းချမ်းသာ အပြင်ပ ရန်သူများ အနှောင့်အယှက်မှ ကင်းကွာလျှင် ဗုဒ္ဓမြတ်စွာ၏ တန်ခိုးအရောင်တော် ထွန်းပြောင်လာလျက် တိုးတက်သင်ကြား လေ့လာကြကာ ဘုရင်မင်းတရားများနှင့်တကွ တိုင်းသူပြည်သားတို့ အားတက်သရော ဝပြောသာယာစွာ အားထုတ်ဆောင်ရွက်ခဲ့ကြရာ တိုင်းပြည်ကြီး နိမ့်ကျသောအခါ၌ကား ဗုဒ္ဓတရားတော်သည် ပြည်သူတို့စိတ်တွင်း ထွန်းလင်းတည်ရှိပါသော်လည်း တိုးတက်ကြီးပွါးမှု မဆောင်ရွက်နိုင်ကြဘဲ အားနည်းသော နိုင်ငံတော်သဘာဝအတိုင်း ရပ်ဆိုင်းသကဲ့သို့ သင်ကြားလေ့လာခြင်းများ လျော့နည်းလာခဲ့ကြလေသည်။

ဤသို့ ဗုဒ္ဓတရားတော်ကား ထိုင်း-ယိုးဒယားနိုင်ငံမှာ နိမ့်ကျ, မြင့်တက်ခြင်းရှိသည်အားလျော်စွာ သာသနာဝင် အစဉ်အလာမှာလည်း တည်မြဲခြင်း မရှိ၊ နိုင်ငံတော်၏ အတ္ထုပ္ပတ္တိနှင့် ဆက်စပ်နေသောကြောင့် နိုင်ငံ၏အဖြစ်အပျက် ခေတ်အဆက်ဆက်တို့ကို မကိုးကားဘဲ သာသနာတော်၏ဖြစ်ရပ်များ ရေးသားဖော်ပြဖို့ ခဲယဉ်းသည့်အတွက် မင်းဆက်အသီးသီး နိုင်ငံကြီးတို့ စိုးအုပ်သောအခါနှင့် ၎င်းမြို့တော်များလည်း များသောအားဖြင့် တောင်ဘက်သို့ ရန်သူဝေးကွာ အေးငြိမ်းစွာ နေနိုင်မှု အကြောင်းပြုကာ ရွှေ့ပြောင်းလာခဲ့ရသော အခါသမယတို့ကို အထောက်အထားပြုလျက် ရေးသားလာခဲ့ပေသည်။

## အဲ-လာအိုခေတ်

ဤရေးသားခဲ့ပြီးသော ခေတ်အပိုင်းကဏ္ဍများသည်ကား ယခုထိုင်းနိုင်ငံ၏ တောင်ပိုင်းဒေသများ၌ အပြင်ပ တိုင်းနိုင်ငံများမှ တန်ခိုးအာဏာများ လွှမ်းမိုးကာ ၎င်းတို့အားလျော်စွာ ဗုဒ္ဓနိုင်ငံသာသနာလည်း ၎င်းခေတ်များနှင့်အညီ ဖြစ်ထွန်းလာခဲ့၍ ၎င်း၏တိုင်းနယ် ဒေသများသို့ အသောကမင်းတရားကြီး သာသနာပြုစေလွှတ်တော်မူကာ သာသနာတော် ရောက်လာသည်မှ အစပြုပြီး သာသနာတော်မြတ်ကြီးကား အစဉ်အဆက်

တည်ထွန်းလျက် ရှိပါသော်လည်း ထိုအခါက ယခု ထိုင်းလူမျိုးတို့၏ တန်ခိုးအာဏာမှာမူ ဤမျှလောက် မကျယ်ပြန့်သောကြောင့် ၎င်းထိုင်းနိုင်ငံ တောင်ပိုင်းဒေသ လွှမ်းမိုးလာခဲ့ကြသောခေတ် တန်ခိုးအာဏာများက သက်သေခံအဖြစ် တည်ရှိခဲ့ကြလေသည်။

၎င်းထိုင်းလူမျိုးတို့၏ ရာဇဝင်ခေတ်အရှေ့ပိုင်းမှတ်တမ်းများအရ သိရသည်ကား ၎င်းတို့သည် သာသနာနှစ် ၅-ရာစုခေတ်လောက် ယူနန်တို့၏နယ် အဲ-လာအို-ထိုင်းနိုင်ငံ တည်ထောင်ခဲ့ကြ၍ ထိုအချိန်ကာလမှာ ဗုဒ္ဓမြတ်စွာ၏ တရားတော်သည် အရှေ့တိုင်းနိုင်ငံများသို့ ချင်းနင်းကာ တရုတ်ပြည်ကြီး၌လည်း ထွန်းလင်းလာခဲ့ပြီ-ဟု ယုံကြည်ကြသည့်အတိုင်း ၎င်းတို့အားထားယုံကြည်ကြသော သာသနာမှာ တရုတ်ပြည်ကြီးသို့ ရောက်နှင့်ပြီးဖြစ်သော မဟာယာနဖြစ်ခဲ့ရမည်-ဟု ယုံကြည်မှတ်သားခဲ့ကြလေသည်။

ထိုစဉ်အခါက ၎င်းယူနန်နယ်ကြီး၌ မြန်မာနိုင်ငံ ရှေးရာဇဝင်ခေတ်က လွတ်လပ်သော မြန်မာလူမျိုးတို့ အသီးသီး နေထိုင်ခဲ့ကြသလို လွတ်လပ်သော ထိုင်းလူမျိုးစုများစွာရှိကြရာ အဲ-လာအို ထိုင်းနိုင်ငံဘုရင် ခွန်-လော့န်-မာအို မင်းတရားသည် ၎င်းကိုယ်တိုင်ဗုဒ္ဓတရားတော်ကို ယုံကြည်အားထားသည့် သာသနာ့ဒါယကာ ဘုရင်တစ်ပါးအဖြစ် ကြေညာ၍ တိုင်းသူပြည်သားနှင့် ဘုရင်မင်းတရားမှာ ဗုဒ္ဓဘာသာဘုရင်တစ်ပါး-ဟု ကျော်ကြားခဲ့လေသည်။

၎င်းမှာ ထိုင်းဘုရင် အုပ်စိုးသူထဲမှ ပဌမဆုံး ဗုဒ္ဓဝါဒီအယူရှိသော ဘုရင်တစ်ဆူဖြစ်ကြောင်း ထင်ရှား၍ ၎င်းမှာကား မဟာယာနထက် သာဝကယာနဖြစ်နေရာ ၎င်းမှာထေရဝါဒဖြစ်သည်ဟု မဆုံးဖြတ်နိုင်သောပြဿနာ ဖြစ်နေသဖြင့် ၎င်းကို ပါဠိသက္ကတဘာသာ သာသနာဝင်များအရ သာသနာတော်နှစ်ရာစုအတွင်း ကွဲပြားလာခဲ့သော ၁၈-ဂိုဏ်းတို့၌ ၎င်းမှာ တစ်ဂိုဏ်းလည်း ပါဝင်ခဲ့ကြောင်း ထင်ရှားလေသည်။

## နန်ခအိုခေတ်

ဤဆိုခဲ့ပြီးသောခေတ်က ထိုင်းလူမျိုးများသည် အဲလာအိုနိုင်ငံတည်ထောင်ကာ နှစ် ၂၈၀-မျှ နေထိုင်လာကြပြီးနောက် ဗုဒ္ဓသာသနာ ၇-ရာစုအကုန်လောက်မှာ တရုတ်များနှင့် ရှည်ကြာပြင်းထန်စွာ စစ်ပွဲကြီးများဖြစ်ကြရာ အရေးနိမ့်ကျသဖြင့် တောင်ဘက် အင်ဒို-ချိုင်းနားကျွန်းဆွယ် သုဝဏ္ဏဘူမိသို့ ရွှေ့ပြောင်းကာ တိုင်းပြည်သစ်တည်ထောင်ကြရန် နိုင်ငံသစ်ရွေးချယ်ဖို့ အခွင့်အခါ ရောက်လာခဲ့လေသည်။

ထိုအခါ ပိလော့က်အမည်ရှိသော ထိုင်းဘုရင်တစ်ပါးသည် နန်ခအို၊ သို့မဟုတ် **နန်ချိုနိုင်ငံ** တည်ထောင်ပြီးလျှင် ၎င်း၏မြို့တော်အဖြစ် တာလိဖူးမြို့ကို တည်ထောင်ပြီး ၎င်းမြို့တော်ကြီး၌ စိုးစံအုပ်ချုပ်တော်မူခဲ့ရာ ၎င်းမင်းမှ ဆင်းသက်, မင်းအဆက်ဆက်တို့ အုပ်ချုပ်လာခဲ့၍ ၎င်းမှာ နှစ်ပေါင်း ၅၀၀-ခန့်တည်တံ့ကာ ၎င်းအချိန်ကာလမှာကား တရုတ်ပြည်ကြီးတွင် မဟာယာနဗုဒ္ဓသာသနာ ထွန်းသစ်တိုးတက်လျက် ရှိသဖြင့် ၎င်းဘာသာသည် ထိုင်းနိုင်ငံသို့လည်း ပြန့်ကျယ်သွားခဲ့မည်ဖြစ်ကြောင်း ယုံကြည်ကြလေသည်။

ထိုအချိန်ကာလက တရုတ်ပြည်ကြီးကား တန်မင်းမျိုးများ၏ အာဏာနိုင်ငံဖြစ်၍ မဟာယာနအယူဝါဒကို မင်းနှင့်တကွ တစ်နိုင်ငံလုံး ကျင့်သုံးလေ့လာကြကာ အနီးအနားနိုင်ငံများသို့လည်း ပြန့်နှံ့စေသဖြင့် ထိုင်းနိုင်ငံသို့လည်း ရောက်ခဲ့သည်-ဟု ယုံကြည်ကြသည့်အပြင် ၎င်းမဟာယာနသုတ်များတွင် ထင်ရှားသော ပညာပါရမိတာသုတ္တမည်သော ကျမ်းကြီးတစ်စောင်ကို ဆွန်မင်းမျိုးများ၏ ဘုရင်တစ်ပါးအား လေ့ကျက်ရန် ပေးခဲ့၍ ၎င်းအရ လေ့ကျင့်ကြသော မဟာယာနသာသနာဖြစ်ကြောင်း ယုံကြည်ကြလေသည်။

သို့ရာတွင် နောက်နှစ်ရာစု ၁၈-ခုမှာ ၎င်းနန်ခအို, နန်ချိုနိုင်ငံ*(ကို)* ကူဗလန်ခန်းဘုရင်မင်းတရား၏ စစ်တပ်ကြီးများက လွှမ်းမိုးလာရာ, ၎င်းသည် လွတ်မြောက်လိုသော စိတ်ထားထက်သန်ကြသည့် ထိုင်းလူမျိုးတို့အား ရွှေ့ပြောင်းဖို့ရန် အကြောင်းတစ်ခု ဖြစ်ပေါ်လာခဲ့၍ တောင်ဘက် အင်ဒိုချိုင်းနားကျွန်းဆွယ်သို့ ပြောင်းရွှေ့ကြလျက် ၎င်း၌ ရှေးဦးနေထိုင်ရင်း ရှိခဲ့ကြသော လူမျိုးများနှင့် သင့်တင့်စွာ ဆက်ဆံညီညွတ်ကြကာ နေထိုင်လာခဲ့ကြကုန်၏။

ဤလွတ်လပ်သောထိုင်းလူမျိုးများရှိကြောင်း နောက်ကရေးသားခဲ့သောအတိုင်း ထိုင်းလူမျိုးတစ်စု ယူနန်နယ်မှာ အဲလာအိုနိုင်ငံတည်ထောင်ခဲ့ကြ၍ ၎င်းတို့၏တန်ခိုးအာဏာ မှေးမှိန်လာသောအခါ သာသနာ ၁၆-ရာစုလောက်မှာ ချိအင်ဆန်၊ သို့မဟုတ် ယူနောက်နိုင်ငံတည်ထောင်ကာ ၎င်းတို့မှာ ဗုဒ္ဓယဉ်ကျေးမှု ယုံကြည်စွာ လေ့လာကြသော်လည်း အတည်တကျမရှိဘဲ အယူဝါဒပြားလျက် မိမိတို့သက်ဝင်ရာ ဘာသာဝါဒယူခဲ့ကြရာ-

- အချို့ကား မွန်လူမျိုးများ၏ ထေရဝါဒ ဗုဒ္ဓသာသနာကို လိုက်နာကျင့်သုံးကြသည့်အပြင်
- အခြားတို့ကမူ ကမ္ဘောဒီးယားတို့ ကိုးကွယ်အားထားကြသော မဟာယာနဗုဒ္ဓဝါဒကို နှစ်သက်ကြကာ ထိုမှတပါး -
- အခြားတို့ကား နန်ခအိုခေတ်က လေ့ကျင့်ခဲ့ကြသော မဟာယာနဗုဒ္ဓအယူကို လေ့လာအားထုတ်ခဲ့ကြလေသည်။

၎င်းချိအင်ဆန်နိုင်ငံကား ယခု ထိုင်းလင်း ယိုးဒယားနိုင်ငံကြီး၏ မြောက်ပိုင်းကျ သဖြင့် သာသနာနှစ် ၁,၆၀၀-ကျော်လောက်မှာ ၎င်းထိုင်းနယ်အချို့တို့ကို မြန်မာများ သိမ်းယူကာ မြန်မာတို့လက်အောက် ရောက်ရှိခဲ့၍ ထိုအချိန်အခါက မန္တြယာန ရှင်အရည်း တို့ဘာသာ မြန်မာတို့ ယုံကြည်သည့်အားလျော်စွာ ရှေးဦး ၎င်းမြန်မာဝါဒသို့ တိမ်းညွတ်ခဲ့ ကြသော်လည်း နောက်အခါကား မွန်တို့ယုံကြည်ကြသော ထေရဝါဒအယူကိုပင် ကျင့်သုံး လိုက်နာခဲ့ကြလေသည်။

သို့ရာတွင် ဗုဒ္ဓသာသနာ ၁,၆၀၀-ကျော်မှာ မြန်မာဘုရင် နော်ရထာမင်းစောသည် ရှေးကယူလာခဲ့သော အရည်းဝါဒကို စွန့်ပယ်ကာ ထေရဝါဒဗုဒ္ဓသာသနာသို့ ကူးပြောင်း ခဲ့သည့်အတိုင်း မြန်မာတိုင်းအလုံးနှင့်တကွ ရွှေမြို့တော် ပုဂံပြည်ကြီးကိုလည်း ၎င်းဘာသာ တော်မြတ်၏ တည်ရာ ဗဟိုချက်ခြာထားလျက် ဗုဒ္ဓဝါဒရွှေလက်ထက်တော်ခေတ် တည်ထောင် တော်မူကာ သာသနာတော်ကို အသစ်ပြုစုတော်မူခဲ့လေသည်။

၎င်းအနော်ရထာမင်းစော၏ ကြီးမားသောစစ်တပ်ကြီးသည် ယိုးဒယားနိုင်ငံ အနောက်မြောက်ပိုင်းသို့ ဝင်ရောက်ကာ ခအို-ဖယားမြစ်ကမ်းရှိ မြို့များကို သိမ်းရုံးပြီး နခေါင်ပထုမ်မြို့ကြီးကိုလည်း သိမ်းပိုက်အာဏာပြုလုပ်ပြီးလျှင် တိုင်းနယ်များတွင် ထေရဝါဒဗုဒ္ဓဘာသာ အခြေစိုက်ခဲ့စေကာမူ ကမ္ဘောဒီးယားလက်အောက် ရောက်ခဲ့စဉ်က စွဲမြဲလာခဲ့ကြသော မဟာယာနအလေ့အထများကိုလည်း အားထားယုံကြည် လေ့ကျင့်လျက် ပင် အချို့ရှိခဲ့ကြလေသည်။

## လင်္ကာဝံသခေတ်

သာသနာ ၁၇-ရာစုအတွင်း သီဟိုဠ်ကျွန်းမှာ ပရက္ကမဗာဟုမင်းတရားကြီးသည် အုပ်ချုပ်စိုးစံတော်မူကာ အလွန်များပြားလှစွာသော ပစ္စည်းဝတ္ထုများ သာသနာတော်၌ လှူဒါန်းစွန့်လွှတ်တော်မူ၍ သာသနာတော်၏ တိုးတက်ရာတိုးတက်ကြောင်း ပြုစုအားထုတ် တော်မူခြင်းဖြင့် နှစ်သိမ့်ပျော်မွေ့တော်မူသည့်အပြင် နှစ်ပေါင်းများစွာ မင်းအဆက်ဆက်နှင့် သာသနာအဆက်ဆက်က ကွဲပြားလာခဲ့သော ဂိုဏ်းများကိုလည်း မှန်ကန်သောဝါဒအတိုင်း တစ်ဂိုဏ်းတည်းပြုစုတော်မူကာ ချို့ယွင်းသော စာပေပိဋကတ်တို့ကိုလည်း ညှိနှိုင်းသုတ်သင် စာပေသဘင်ကြီး ကျင်းပတော်မူစေကာ ကျမ်းဂန်တတ်ကျွမ်း လိမ္မာတော်မူကြသော မထေရ်ကြီးများအား အပ်နှင်းတော်မူလျက် ပြုစုတော်မူခဲ့လေသည်။

ဤသို့ အောင်မြင်စွာ စာပေသဘင်အဖွဲ့ကြီး၏ ဆောင်ရွက်မှုအတွက် ပါဠိဘာသာကြီး တိုးတက်စင်ကြယ် ကောင်းမွန်လာလျက် ဗုဒ္ဓဝါဒသင်ယူရန် မူလဘာသာကြီးအဖြစ် ကြေညာတော်မူကာ သာသနာတော်ကို များစွာအားထုတ်ပြုစုခြင်းအားဖြင့် ၎င်းမင်းတရားကြီး၏ ဂုဏ်သတင်းများသည် များစွာသော ဗုဒ္ဓဘာသာနိုင်ငံများဖြစ်သော မြန်မာနိုင်ငံ, ယိုးဒယားနိုင်ငံ-စသော နိုင်ငံများသို့ ကျော်ကြား ပြန့်နှံ့ခဲ့သည့်အတိုင်း ၎င်းတိုင်းနိုင်ငံတို့မှ သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓစာပေ ပိဋကတ်များ တိုးတက်သင်ယူကြရန် များစွာသော ရဟန်းတော်များ စေလွှတ်ခဲ့လေသည်။

၎င်းရဟန်းတော်များ မျက်မြင်ကိုယ်တွေ့အားဖြင့် သီဟိုဠ်ရဟန်းတော်တို့ မည်သို့ ပြုမူကြသည်၊ ဗုဒ္ဓတရားတော်ကို ယုံကြည်လေးနက်စွာ မည်သို့အခြေစိုက်ကြသည်ကို သိမြင်ကြကာ များစွာသော ရဟန်းတော်တို့ သီဟိုဠ်တွင် နေထိုင်သီတင်းသုံးတော်မူကြလျက် ပိဋကတ်စာပေ ထုတ်ချင်းခပ် လေ့လာဖို့ အခွင့်အရေးကို ယူကြရန် အားထုတ်သည့်အပြင် အချို့ကား ၎င်းအတွက် သီဟိုဠ်ရဟန်းတော်တို့၏ ဝိနည်းသိက္ခာ အလေ့အလာအတိုင်း သိက္ခာထပ်၍ တင်ခဲ့ကြလေသည်။

၎င်းထိုင်းရဟန်းတော်တို့အပြန် ၎င်းတို့နိုင်ငံသို့ သီဟိုဠ်ဗုဒ္ဓယဉ်ကျေးမှုများ ယူလာခဲ့ကြပြီး ၎င်းတို့နိုင်ငံမှာ ပြုပြင်, များစွာယူငင်ကြလျက် ၎င်းတို့ ယုံကြည်ချက်အတိုင်း သီဟိုဠ်သာသနာ ပြုစုကြ၍ ထိုအခါမှ အစပြုကာ မြန်မာ, လာအို, ကမ္ဘောဒီးယား, ထိုင်း-ယိုးဒယား စသည် များစွာသော နိုင်ငံများသို့ အမြစ်တွယ်ကာ ၎င်းလင်္ကာဂိုဏ်းသာသနာ ပြန့်နှံ့လာခဲ့ကြလေသည်။

၎င်းလင်္ကာဝံသသာသနာ ယိုးဒယားသို့ ရောက်လာသောအချိန်မှာ သာသနာ ၁,၈၀၀-ခုနှစ်၊ သုခေါ်ထိုင်းခေတ်ဖြစ်၍ ၎င်းဂိုဏ်းရဟန်းတော်များ သီဟိုဠ်မှ ပြန်လာစဉ်က ၎င်းတို့နှင့်အတူ သီဟိုဠ်ရဟန်းတော်များလည်း လာကြ၍ ၎င်းတို့သည် ယခုဘန်ကောက်မြို့တော်မှ တောင်ဘက် ကီလိုမီတာ ၈၀၀-အကွာတွင် တည်ရှိသော **နခေါင်သိရိဓမ္မရာဇ, နဂရသီရိဓမ္မရာဇမြို့**သို့ ရှေးဦးစွာ ရောက်လာကာ လင်္ကာသာသနာ ယဉ်ကျေးမှု ပြုစုတော်မူကြရာ အနီးအဝေး များစွာပြန့်နှံ့လာခဲ့ပြီးနောက် ယိုးဒယားမြို့တော်ဖြစ်သော သုခေါ်ထိုင်းသို့ ရောက်အောင် ကျယ်ပြန့်သွားခဲ့လေသည်။

ထိုအခါက ၎င်းသုခေါ်ထိုင်း နေပြည်တော်ကြီးနှင့် တိုင်းအလုံး သာသနာတော် လေးစားယုံကြည် ဆည်းကပ်လျက် တိုးတက်ကောင်းမွန်အောင် ပြုစုတော်မူနေခဲ့သော **ရာမကန်ဟင်ဘုရင်မင်းတရားကြီး** အုပ်ချုပ်စိုးစံတော်မူသော လက်ထက်တော်ဖြစ်၍

၎င်းဘုရင်မင်းတရားကြီးသည် ဤသတင်းကို ကြားတော်မူလျှင် အလွန်ပင် ဝမ်းမြောက်တော်မူကာ "တိုင်းပြည်သို့ တရားဓမ္မ ဟောကြားသင်ပြတော်မူကြရန် ကြွရောက်တော်မူပါ" မည့်အကြောင်း သံတမန်တော်စေလွှတ် ပင့်ဖိတ်တော်မူပြီး ကြွလာတော်မူသောအခါ ကောင်းစွာကြိုဆို ဧည့်ခံတော်မူပြီး တိုင်းသူပြည်သားနှင့်တကွ မင်းတရားကြီးသည် ၎င်းမထေရ်များ၏ တရားကို နာတော်မူရ၍ သာလွန်နှစ်သက်တော်မူခဲ့ရလေသည်။

ရှေးဟောင်းကျောက်စာမှ သိရသော အကြောင်းအတ္ထုပ္ပတ္တိမှတ်တမ်းအရကား-၎င်းမင်းတရားကြီးသည် သီရိဓမ္မရာဇမြို့မှ ကြွလာတော်မူကြသော သီဟိုဠ်ရဟန်းတော်တို့အထံမှ ဗုဒ္ဓဝါဒပိဋကတ် စာပေကျမ်းဂန်များ သင်ကြားအားထုတ် လေ့လာတော်မူပြီး၍ ဗုဒ္ဓဝါဒကိုယ်ကျင့်တရားတို့ကို သူ၏တိုင်းသူ ပြည်သားတို့အား သင်ကြားပြသတော်မူကာ ၎င်းတို့ကို သူ၏နည်းလမ်း ပုံစံအားဖြင့် နောက်ထပ် လိုက်နာကျင့်သုံးစေခဲ့လေသည်။

ဤသို့အားဖြင့် သီဟိုဠ်ဝါဒ ဗုဒ္ဓယဉ်ကျေးမှုများ ဘာသာရေးကို လေးစားကိုင်းရှိုင်းတော်မူသော ဘုရင်မင်းတရား၏လက်အောက် ရောက်ရှိလျက် လေးလေးနက်နက် လေ့လာကြသောအခါ မဟာယာနအယူဝါဒများကား တဖြည်းဖြည်း အားနည်းလာပြီး ၎င်းခြားနားသော ထေရဝါဒတရားနှင့် အကျင့်သီလများ လေ့ကျင့်လာကြသဖြင့် ၎င်းနိုင်ငံ၌ ကျယ်ပြန့်စွာ အခြေစိုက်ကာ နောက်ဆုံးမှာ ၎င်းဝါဒ စွန့်ပစ်ပြီး လင်္ကာဝါဒသို့ လိုက်ပါလာကြလျက် ၎င်းသည်သာ ယိုးဒယားနိုင်ငံတော်၌ လွှမ်းမိုးလာခဲ့လေသည်။

ဤနိုင်ငံတော်၌ ၎င်းသီဟိုဠ်ဝါဒအလေ့အထ အထွတ်အထိပ်သို့ ရောက်လာ၍ ထိုခေတ်မှ ယခုတိုင် ကျင့်သုံးလာကြသည့်အတိုင်း ၎င်းဝါဒအားလျော်စွာ ဥပုသ်အိမ် သိမ်, အာရာမ်, ဘုရားကျောင်းများ၌ သုခေါ်ထိုင်း စက္ကရီ ၂-ခေတ်လုံးမှာ အပိုင်းအခြားကျောက်တိုင်များ ၂-တိုင်စီ စိုက်ထားကြကာ ၎င်းဂိုဏ်းအယူဝါဒများ ထိုင်း-ယိုးဒယားနိုင်ငံတော်၌ အမြစ်စွဲတည်ရှိလာခဲ့ကြကြောင်း ၎င်းတို့က သက်သေပြခဲ့ကြလေသည်။

ထိုင်းလူမျိုးများသည် ၎င်းတို့၏လွတ်လပ်သော လူမျိုးစုအဖြစ်နှင့် လွတ်လပ်သော နိုင်ငံတစ်ခု တည်ထောင်မှုကို အထူးအားထုတ်ကာ တရုတ်ပြည်ကြီးနှင့် ဆန့်ကျင်တော်လှန်လျက် တောင်ဘက် နိုင်ငံများသို့ တိုးဝင်လာခဲ့ကြကြောင်း ရေးသားခဲ့ပြီးသော ခေတ်များဖြင့် ထင်ရှားသော်လည်း ၎င်းတို့၏ဘာသာနှင့် သာသနာကား သာသနာတော် ၁၈-ရာစုက တည်ထောင်ခဲ့သော သုခေါ်ထိုင်း၊ ချေမ်းထိုင်းနိုင်ငံတော်တည်ထောင်ပြီးမှ အတည်တကျဖြစ်လာပြီး ကမ္ဘာ့ရာဇဝင်တွင် ထင်ရှားလာခဲ့လေသည်။

ဗုဒ္ဓသာသနာ ၁,၈၀၀-အတွင်း၌ ထိုင်းလူမျိုးများ၏ လွတ်လပ်ရေးလမ်းမ၌ ပိတ်ဆို့လျက်ရှိသော ကမ္ဘောဒီးယား၏ တန်ခိုးအာဏာ နိမ့်ကျလာသောအခါ ၎င်းတို့၏ လွတ်လပ်ရေးခေါင်းဆောင် ပိုခွန်အကြီးအမှူးထား၍ ဣန္ဒြသိတ်နှင့် ဘန်မွန်တို့ ရှေ့ဆောင်ဦးတည်ကာ လွတ်လပ်သောလူမျိုး နိုင်ငံအဖြစ်ဖြင့် သုခေါထိုင်းနိုင်ငံတော် တည်ထောင်လာခဲ့ကြရာ တိုင်းသူပြည်သားတို့မှာ မဟာယာန, ထေရဝါဒ အယူ ၂-ပါးလုံး ယူကြသော်လည်း အရှေ့မြောက်တိုင်းနယ်များနှင့် တောဘက် သီရိဓမ္မရာဇမြို့နယ်တို့မှာမူ လေးနက်စွာ ထေရဝါဒကို ယုံကြည်စွဲမြဲခဲ့ကြလေသည်။

၎င်းသုခေါထိုင်း မင်းပိုင်း ၃-ဆက်မြောက် ရာမကန်ဟင်မင်းတရားကြီး အုပ်ချုပ်စိုးစံသောကာလမှာ ၎င်းနိုင်ငံတော် –

- မြောက်ဘက်၌ လောက်ဖရာဘန့်ထိအောင်
- တောင်ဘက် မလေးကျွန်းဆွယ်ထိအောင်
- အရှေ့ဘက် မဲခေါင်မြစ်တိုင်အောင်
- အနောက်မှာ မွန်နိုင်ငံများနှင့် ဆက်စပ်အောင် –

ကျယ်ပြန့်ကာ ၎င်း၏တန်ခိုးအာဏာများ တိုးတက်နေစဉ် နခေါင်သီရိဓမ္မရာဇမြို့မှ သီဟိုဠ်ဂိုဏ်း ထေရဝါဒသာသနာ ရောက်လာရာ မင်းတရားကို အမှီပြုလျက် အလွန်တိုးတက်ကြီးပွါးသွားခဲ့လေသည်။

ထိုမှတပါး ဇ္ဈာဝါး, ဆုမတြာနှင့် မလေးကျွန်းဆွယ်ထိအောင် လွှမ်းမိုး၍ တန်ခိုးကြီးလာသော သီရိဝိဇယခေတ်မှာ ညှိုးမှိန်လာသဖြင့် ၎င်းတို့ယုံကြည်အားထားသော မဟာယာနသာသနာလည်း နိမ့်ကျလာခဲ့သည့်အပြင် အခြားတစ်ဘက်၌ရှိသော ကမ္ဘောဒီးယားတန်ခိုးအာဏာလည်း လျော့နည်းလာကာ ၎င်းတို့ ကိုးစားလာခဲ့သော မဟာယာနသာသနာလည်း ထေရဝါဒသို့ ပြန်လည်ရောက်ရှိလာခဲ့သဖြင့် ၎င်းတို့ဝါဒအာဏာမှာ တက်လာခဲ့စဉ်ကလည်း တစ်ချိန်တည်းလောက် ဖြစ်ခဲ့ကြ၍ နိမ့်ကျသောအခါမှာလည်း တစ်ချိန်တည်းလောက်ပင် ဖြစ်ကြကုန်၏။

ယခုအခါ လက်ာဝံသသီဟိုဠ်သာသနာကား ရာမကန်ဟင်မင်းတရားကြီး အထူးလေးစား ယုံကြည်စွာ ကူညီထောက်ပံ့ ပြုစုတော်မူသဖြင့် ထွန်းတက်ကာ အစဉ်အလာအတိုင်း ထေရဝါဒသာသနာ တည်ထွန်းလာခဲ့ရာ မဟာယာနအယူဝါဒ လေးစားသော သက္ကတဘာသာ လေ့ကျင့်ခဲ့ကြသောနေရာ၌ ၎င်းတို့ အသိအမှတ်ပြု အားထားသော

ဘာသာတော်အဖြစ် ထေရဝါဒ လင်္ကာဝံသပါဠိဘာသာကြီးက အစားထိုးလာခဲ့၍ ထိုအခါမှ စပြီး ၎င်းပါဠိဘာသာကို လေ့လာသင်ကြား ကြိုးစားအားထုတ်ခဲ့ကြလေသည်။

ထို့ကြောင့် ၎င်းမှနောက်ခေတ်များ၌ အစဉ်အဆက် ဗုဒ္ဓတရားတော်များ လေ့ကျင့် အားထုတ်လာခဲ့ကြသော ခေတ်ဖြစ်လာခဲ့သည့်အတိုင်း ဖရလစ်ထဤ-အမည်ရှိသော သုခေါ မင်းဘုရင်တစ်ပါးသည် အထူးသဖြင့် ပါဠိဘာသာသင်ကြား, ပါဠိပညာရှိ ဘုရင်တစ်ပါး- ဟု ကျော်ကြားသည့်အားလျော်စွာ ၎င်း၏ပါဠိဘာသာ လေ့လာဆည်းပူး ခဲခက်စွာ စိစစ် ရှာဖွေရကြောင်း အတ္ထုပ္ပတ္တိဖြစ်သည့် ထိုင်းဘာသာအားဖြင့် 'ဩစ်ဖွန်ရေနော်' အမည်ရှိသော ရှေးအကျဆုံး ထိုင်းစာပေအဖြစ် ထင်မြင်အပ်သည့် စာတမ်းစာအုပ်တစ်ခု ရေးသားခဲ့ လေသည်။

၎င်း၏ မာတိကာစဉ် စာပေကျမ်းဂန်သမိုင်းအားဖြင့် သူ၏စာပေပညာ ရှာဖွေ စုဆောင်းခြင်းမှာ မည်မျှကြီးမား ကျယ်ဝန်းကြောင်း, ထိုခေတ်သမယက ဗုဒ္ဓဘာသာစာပေ ပညာရှင်များအလယ်တွင် မြင့်မြတ်ကျော်စော ထင်ရှားကြောင်း သိရှိရသည့်အပြင် ၎င်း၏ စာအုပ်တစ်ခုမှ သုခေါထိုင်းဘုရင်တစ်ပါး၏ မိဖုရားငယ်တစ်ပါးဖြစ်သော 'နော့မ်ဖန်မာ' အမည်ရှိသည့် မိန်းမမွန်တစ်ပါးဖြင့် ထိုအခါက ဗုဒ္ဓဘာသာတရားတော်သည် သင်ကြားခြင်း, ကျင့်ကြံအားထုတ်ခြင်း၌ မည်မျှကြီးပွါး ထွန်းလင်းခဲ့ကြောင်းများသည် ကြီးမားလေးနက် သော သက်သေကြီးတစ်ခု ဖြစ်ခဲ့လေသည်။

ဤမျှဖြင့် ယိုးဒယားသာသနာ ပြီးပြီ။

✪ ✪ ✪ ✪ ✪

## ကမ္ဘောဒီးယား ခမာနိုင်ငံသာသနာတော်

ကမ္ဘောဒီးယား ခမာနိုင်ငံ ဗုဒ္ဓသာသနာတော်ကား အသောကမင်းတရားကြီး၏ သာသနာပြု ၉-ဌာနတွင် သုဝဏ္ဏဘူမိတိုင်းဌာနအကြောင်း နောက်ကျမ်းများက ရေးသားခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၊ မလေး(မာလယ)နိုင်ငံအတွင်း ပါဝင်သော အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီးတစ်ခုလုံး သတ်မှတ်ပိုင်းခြားအပ်သော တိုင်းဌာနဖြစ်၍ အရှင်သောဏမထေရ်၊ အရှင်ဥတ္တရမထေရ်တို့ သာသနာပြုစဉ်က ၎င်းတိုင်းနိုင်ငံများ၌ မည်သည့်လူမျိုးဖြစ်၍ မည်သည့်မင်းမျိုးများ စိုးမိုးအုပ်ချုပ်လာခဲ့ကြောင်း စသည် အသေးစိတ် အကြောင်းအရာများကား ပဓာနမဟုတ်လှ၍ ထုတ်ဖော်မှတ်သားခြင်း မရှိခဲ့ကြကုန်။

သို့ရာတွင် မြန်မာမှတ်တမ်းများက သုဝဏ္ဏဘူမိတိုင်းမှာ မြန်မာပြည်အောက်ပိုင်း ရှေးက ရာမညခေါ်သော တိုင်းနိုင်ငံဖြစ်ကြောင်း၊ မြို့တော်မှာလည်း ရှေးက သုဓမ္မပူရ-သုဝံမ်-ခေါ်သော သဝံမ်-သထုံမ်ပြည်ဖြစ်ကြောင်း မှတ်သားခဲ့ကြရာ-

- ထိုင်း(ယိုးဒယား)တို့ကလည်း ၎င်းတို့နိုင်ငံ နဂရပထမ-နခေါင်ပထုမ်မြို့တော်သို့ အရှင်သောဏ, အရှင်ဥတ္တရ မထေရ်များ ရောက်တော်မူလာကြကြောင်း၊
- ၎င်း၌ ရှေးဦးစွာ သာသနာပြုစုတည်ထောင်ပြီးမှ အနီးအနားဖြစ်သော မွန်တိုင်းနိုင်ငံများသို့လည်းကောင်း ကမ္ဗုဇ-(ကမ္ဘောဒီးယား)-ခမာနိုင်ငံများသို့လည်းကောင်း အာနမ်-ဗီယက်နမ် တိုင်းပြည်များသို့လည်းကောင်း တစ်စတစ်စ ကျယ်ပြန့် ထွန်းလင်းသွားခဲ့ကြောင်း ရေးသားဖော်ပြကြကုန်၏။

သို့ပင် ထိုင်း(ယိုးဒယား)၏ မှတ်တမ်းများက ရေးသားကြသော်လည်း ၎င်းသာသနာပြုမထေရ်များ ကြွရောက်တော်မူကြသောအခါက ၎င်းနဂရပထမ နခေါင်ပထုမ်မြို့တော်ကား ဒွါရာဝတီခေတ်က ၎င်း၌ စိုးစံသော မွန်များ၏မြို့တော်သာဖြစ်၍ မွန်ဘုရင်မင်းမျိုးတို့၏ တိုင်းနိုင်ငံသာ ဖြစ်သည့်အပြင် ၎င်းနှင့်ဆက်စပ် တည်ရှိသော နိုင်ငံမှာလည်း ကမ္ဘော-ဒီးယား-ခမာနိုင်ငံသာ ဖြစ်သဖြင့် ၎င်းမွန်, ခမာလူမျိုးများသည် ၎င်းသုဝဏ္ဏဘူမိဌာန အရှေ့တောင် ကျွန်းဆွယ်ဒေသ၌ ဗုဒ္ဓသာသနာ ရှေးဦးစွာ သက်ဝင်ယုံကြည်ကြသူများဖြစ်ကြောင်း ခေတ်နှင့်ရာဇဝင် နှိုင်းဆလျက် မှတ်သားအပ်ကြောင်း၊

သို့ဖြစ်၍ ၎င်းကမ္ဗုဇ ကမ္ဘောဒီးယား-ခမာလူမျိုးများသည် ထိုသာသနာပြု အသောကမင်းတရားကြီးခေတ်ကပင် ဗုဒ္ဓတရားတော်ကို ယုံကြည်သက်ဝင်လာခဲ့ကြ၍

၎င်းတို့ တိုင်းနိုင်ငံကား ခေတ်အားလျော်စွာ ပြောင်းရွှေ့ခဲ့ကြသော်လည်း သာသနာတော်မှာ အစဉ်အလာမပျက် ၎င်းခေတ်လက်ထက်မှစကာ တည်ထွန်းလာခဲ့ကြကြောင်း ၎င်းကမ္ဘောဒီးယား ဗုဒ္ဓသာသနာမှတ်တမ်းများတွင် ရေးသားကြသည့်အတိုင်း ၎င်းရာဇဝင်ခေတ်နှင့် နှိုင်းစာက အမှန်-ဟု ယူဆနိုင်လေသည်။

အကြောင်းသော်ကား ထိုစဉ်အခါက ထိုင်း(ယိုးဒယား)ရာဇဝင်မှာ ယူနန်နယ်တွင် စတင်တည်ထောင်ခြင်းပင် မပြုရသေးဘဲ ၎င်းတို့သည် ဗုဒ္ဓသာသနာ ၅-ရာစုခေတ်လောက်မှ ၎င်းတို့လူမျိုး အစပျိုးလျက် တည်ထောင်ကြကာ နိုင်ငံအရ တောင်ဘက် တိုင်းနိုင်ငံများဖြစ်သော သုဝဏ္ဏဘူမိကျွန်းဆွယ်ဒေသသို့ တစ်စတစ်စ တိုးဝင်လာခဲ့ကြပြီး ၎င်းတို့၏ ရာဇဝင်ကဏ္ဍ၌ ထင်ရှားလာခဲ့ကြ၍ ၎င်းတို့မှာ ဗုဒ္ဓသာသနာတော်ကို ယုံကြည်အားထားကြပါသော်လည်း တရုတ်ပြည်ကြီးနှင့် ဆက်သွယ်ရင်းနှီးလျက် ရှိခဲ့ကြသည့်အတိုင်း မြောက်ပိုင်းမဟာယာနသာသနာ သက်ဝင်ယုံကြည်လာခဲ့ကြကြောင်း လွန်ခဲ့သော ယိုးဒယားကဏ္ဍကရေးသားဖော်ပြခဲ့ပြီး ဖြစ်လေသည်။

၎င်းတို့သည် တောင်ဘက်နိုင်ငံများသို့ တစ်စတစ်စ တိုးဝင်လာခဲ့ကြရာ သုခေါထိုင်းနိုင်ငံ တည်ထောင်ခဲ့သော ခေတ်တိုင်အောင် သာသနာအရေးနှင့် နိုင်ငံရေးများအမျိုးမျိုး ပြောင်းလဲလာခဲ့ကြ၍ ၎င်းသုခေါထိုင်း တည်ထောင်ပြီးခေတ်မှာပင် နိုင်ငံရေးကားကွဲပြားလျက်ရှိစေကာ သာသနာတော်မှာမူ ၎င်းနှင့် ခေတ်ပြိုင်ချိန် မဲဇင်းမယ်နှင့်၎င်းသုခေါထိုင်းမှာ လက်ာဝံသ-ဟု ဆိုအပ်သော သီဟိုဠ်မထေရ်များ ပြုစုသည့် ထေရဝါဒဗုဒ္ဓသာသနာအဖြစ်ဖြင့် အတည်ကျ၍ ကူညီခဲ့ကြလေသည်။

သို့ဖြစ်၍ ၎င်းသုခေါထိုင်းနိုင်ငံ မတိုင်မီကပင် အရှေ့တောင်ဖျား နိုင်ငံများ၌ မွန်ခမာတို့ အာဏာကြီးမားလျက် ဗုဒ္ဓသာသနာတော်စက်လည်း ထွန်းတက်တောက်ပ၊ ၎င်းတို့နိုင်ငံရေးလည်း တိုးတက်လာကြ၍ ၎င်းတို့လူမျိုးနှင့် တန်ခိုးအာဏာများ ကြီးမားလာခဲ့ကြသည့်အားလျော်စွာ ယခုအခါတိုင်အောင် ၎င်းတို့နိုင်ငံ ကျက်သရေအဖြစ် အပ်ကော်ထုမ်၊ အန်ကော်ဝပ် စသော ခန့်ညားကြီးကျယ် အံ့ဩဖွယ်ကောင်းလှသော ဗုဒ္ဓယဉ်ကျေးမှုနှင့် စပ်ဆိုင်သည့် အဆောက်အအုံကြီးများ တည်ရှိနေကာ ကမ္ဘာက ချီးကျူးခြင်း ခံယူကြရလေသည်။

သို့ရာတွင် ၎င်းရှေးဟောင်း အန်ကော်ဝပ်-စသော ကျောင်းတော်ကြီးတို့၌ကား ရာမယန-မဟာဘာရတ စသော ဟိန္ဒူအယူအားလျော်စွာ ၎င်းတို့အနုပညာများဖြင့် ထွင်းထုထား၍ အိန္ဒိယအနုပညာသည် ပန်းပု, ပန်းရံများ၏ လက်ရာဖြစ်သဖြင့် အိန္ဒိယအလယ်ခေတ်ဖြစ်သည့် ဂုတ္တမင်းမျိုးများအုပ်စိုးသည့် ဂုတ္တခေတ်၊ အနောက်ပိုင်း မထုရမင်းမျိုးများ

အုပ်စိုးသော မထုရခေတ်၊ ၎င်းအနောက်ပိုင်း မဟာရဋ္ဌမင်းမျိုးများ အုပ်စိုးသည့် အဂ္ဂန္တာ အဇန္တခေတ်လက်ရာများနှင့် တူညီသဖြင့် ၎င်းခေတ်လောက်က ဖြစ်ခဲ့လိမ့်မည်-ဟု ရာဇဝင် မှတ်တမ်းများ ရေးသားကြသည့်အတိုင်း ၎င်းဟိန္ဒူများသည် သာသနာတော်နှစ် ၅၀၀- ကျော်လောက် အရှေ့ဖျားနိုင်ငံများသို့ ရောက်လာကြသည်။ ၎င်းတို့ဝါဒနှင့် ၎င်းတို့ ယဉ်ကျေး မှုများ တိုင်းရင်းသားတို့အား သင်ကြားအားထုတ်ကြလျက် ၎င်းအနုပညာရပ်များ အရှေ့ဖျား၌ သက်ဝင်လာခဲ့ကြကုန်၏။

ဤသို့ တောင်ပိုင်း အိန္ဒိယတိုင်းသားများ ကူးသန်းရောင်းဝယ်ခြင်းအားဖြင့် အရှေ့ ဖျားနိုင်ငံတို့သို့ ဝင်ရောက်ကာ ၎င်းတို့၏ကူးသန်းရောင်းဝယ်ခြင်းနှင့် ဝါဒများ ဖြန့်ဖြူး ကြသည့်အားလျော်စွာ ဆုမတြာ-ဂျာဝါး-မလေး(မလယ)-အင်ဒိုချိုင်းနား-စသော တိုင်းနိုင်ငံ များ၌ ၎င်းတို့ဝါဒ ပြန့်ကျယ်လာခဲ့ရာ ဤကမ္ဗုဇ-ကမ္ဘောဒီးယား-ခမာနိုင်ငံများသို့လည်း ရောက်လာခဲ့ကြ၍ ၎င်းတို့ဝါဒ အခြေခံဖြစ်သော မဟာသိဝနှင့်ဗိဿနုတို့၏ တန်ဆောင်း နတ်ကွန်းများ အများအပြား ဆောက်လုပ်ကြလျက် ဤနယ်မြေထက်၌ အခြေစိုက်လာခဲ့ကြ လေသည်။

ဤကမ္ဘောဒီယန် ခမင်ဘာသာလည်း ၎င်းအိန္ဒိယတောင်ပိုင်း ပလ္လဝဘာသာ၊ ဝင် ဘာသာတို့နှင့် အလွန်တူညီစွာ ၎င်းတို့ဘာသာမှ ဆင်းသက်လာခဲ့ကြသည်-ဟု မှတ်တမ်း ရာဇဝင်ဆရာတို့ အသိအမှတ်ပြုကြသည့်အတိုင်း ၎င်းမှာ အိန္ဒိယအဆက်အနွယ်ဝံသမှ ဆင်းသက်လာခဲ့သော လူမျိုးများဖြစ်ကြ၍ ၎င်းတို့နိုင်ငံသို့ ဝင်ရောက်လာခဲ့ကြသော ဟိန္ဒူ များ၏ ဘာသာဝါဒများနှင့် ၎င်းတို့၏ စာပေပညာရပ်များဖြစ်သည့် သက္ကတဘာသာကို ရေးမှတ်ကြသော နာဂရီအက္ခရာများနှင့်လည်း များစွာ တူညီလေသည်။

၎င်းခေတ်မှာ ဖူနန် ကမ္ဗုဇခေတ်ဖြစ်၍ ၎င်းတို့အာဏာတန်ခိုးကား အရှေ့ဖျား နိုင်ငံတို့၌ ကြီးမားသောအဆင့်အတန်းသို့ တက်ရောက်ကာ အာနမ်-ဗီယက်နမ်တောင်ပိုင်း တိုင်းနိုင်ငံများနှင့် လောပြည်, လာအိုနိုင်ငံတောင်ပိုင်း တိုင်းပြည်များ, မိနန်းမြစ်ဝှမ်း တစ်လျှောက် နိုင်ငံများအပြင် တောင်ဘက်နိုင်ငံများဖြစ်သော မလယ-မလေးကျွန်းဆွယ် တိုင်းနိုင်ငံများသို့တိုင်အောင်ပင် ၎င်းတို့အာဏာ ကျယ်ပြန့်လွှမ်းမိုးကာ ထိုခေတ်က ရေးထိုး စိုက်ထူခဲ့ကြသော ကျောက်စာများအရ ၎င်းတို့မှာ-

ဝရ်မ(ဝမ္မ)-မင်းညီ, မင်းသားများ၏ ချပ်ဝတ်တန်ဆာ အဓိပ္ပါယ်ရှိသည့် ခတ္တိယ အမည်နာမ အဆုံးရှိသော မင်းမျိုးများ ဖြစ်ခဲ့ကြလေသည်။

၎င်းခေတ်၌ ရှေးကအစဉ်အလာအတိုင်း ကိုင်းရှိုင်းကိုးကွယ် လာခဲ့ကြသော ဗုဒ္ဓ-သာသနာတော်ကား သံဂါယနာတင် မထေရ်မြတ်များ ပြုစုတော်မူခဲ့သည့် ထေရဝါဒဗုဒ္ဓ သာသနာပင် ဖြစ်လင့်ကစား နောက်ရောက်လာသည့် ဟိန္ဒူအယူဝါဒများနှင့် ရောနှောကာ မြောက်ပိုင်းမဟာယာနသာသနာနှင့် အလားတူ ဖြစ်သွားခဲ့၍ ၎င်းမင်းများသည်လည်း မဟာသီဝလိင်္ဂ နတ်ကွန်းတန်ဆောင်း၊ ဝိဿဏု နတ်ကွန်းတန်ဆောင်းများအပြင် ဗုဒ္ဓမြတ်စွာ၏ ကျောင်းတော်တန်ဆောင်းများကို ဆောက်လုပ်ကိုးကွယ်တော်မူကြ၍ ၎င်းဘာသာ ၂-ရပ်လုံး အားပေးချီးမြှောက် ထောက်ပံ့လှူဒါန်းခဲ့ကြလေသည်။

ဖူနန်ခေတ်မှာ သာသနာ ၅၀၀-ကျော်လောက်က အစပြု၍ သာသနာတော် ၁,၀၀၀-ကျော်အထိ, ၁၀-ရာစုတိုင်အောင် တည်မြဲလျက် ၎င်းတို့အာဏာများ ကြီးမား လာခဲ့ကြရာ ၎င်းခေတ်က ဘုရင်မင်းတရားများနှင့် တိုင်းသူပြည်သားတို့ သာသနာမှု ခေတ် အလိုက် ပြုစုအားထုတ်ခဲ့ကြသော်လည်း ၎င်းတို့၏ အထိမ်းအမှတ် ရှေးဟောင်းအဆောက် အအုံများကား သာသနာဝင်နှင့် ရာဇဝင်ကျမ်းများတွင် အလွန်ထင်ရှားအောင် မတွေ့ရ သဖြင့် မှတ်တမ်းများ၌ အထူးရေးသားဖော်ပြခြင်း မရှိကြပေ။

ဖူနန်နိုင်ငံသည် သာသနာ ၁,၀၀၀-ကျော် ၁၁-ရာစုလောက်မှာ ၎င်းတို့ တန်ခိုး အာဏာ နိမ့်ကျလာပြီးနောက် ချိုင်လာနိုင်ငံတည်ထောင်ကြပြီး ၎င်းတို့၏မြို့တော်ကြီး အကြီးအကျယ် တည်ထောင်ဖန်ဆင်းကာ ၎င်း၏အမည်ကို ကမ္ဘုဇနပူရ ကမ္ဘုသာနဂရ-ဟု သမုတ်တော်မူပြီး ၎င်းမြို့၌ ခတ္တိယမင်းမျိုး ဇယဝမ္မမင်းတရား အုပ်ချုပ်စိုးစံတော်မူလျက် အထိမ်းအမှတ်အဖြစ်ဖြင့် အန်ကော်ဘော်ရီ အဆောက်အအုံကြီးကို ဆောက်လုပ်တည် ထောင်ထားခဲ့လေသည်။

သို့ရာတွင် ၎င်းအုပ်ချုပ်သော မလယနိုင်ငံမှာ ဂျဝ-ယဝ-ဂျာဝါး-လူမျိုးများ၏ ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးခြင်းဖြင့် ပျက်စီးခြင်းသို့ ရောက်ခဲ့ရ၍ ၎င်းဂျာဝါးလူမျိုးများ၏ လက်အောက်ခံနိုင်ငံအဖြစ်သို့ ရောက်ခဲ့ရသော်လည်း ၎င်း၏အဆက်အနွယ်မင်းမျိုး ဂျယ-ဝရ်မ(ဇယဝမ္မ)-ဒုတိယမြောက် မင်းတရားသည် ၎င်းတို့ကို တွန်းလှန်ဖြိုဖျက်ကာ ၎င်းတို့ လက်အောက်မှ လွတ်မြောက်ပြီး အန်ကော်နိုင်ငံတော်ခေတ်ကို စတင်တည်ထောင်လျက် ၎င်းလက်ထက်၌ မဟိန္ဒရပဗ္ဗတ (ဖန္ဒနံခလွင်နှင့် ဟရိဟရာလယရိုလူအိုစ်)ဒေသများ၌ အထိမ်းအမှတ်များ စိုက်ထူထားခဲ့လေသည်။

၎င်းဒုတိယ ဇယဝမ္မမင်းတရားသည် နိုင်ငံတော်ကို အန်ကော်ခေတ်သို့ ပြောင်းလဲ ကာ ၎င်းမင်းမျိုးတို့၏ တန်ခိုးအာဏာများလည်း အင်ဒိုချိုင်းနား အရှေ့ဖျားနိုင်ငံများ၌

ကြီးမားလာခဲ့၍ ၎င်းတို့အာဏာ နယ်ပယ်များလည်း ကျယ်ပြန့်လာသည့်အပြင် ၎င်းတို့ ယုံကြည်အားထား ကိုးကွယ်လာခဲ့သော ဗုဒ္ဓဝါဒသာသနာတော်လည်း ကျယ်ပြန့်လာပြီး ကြီးကျယ်ခမ်းနား များပြားလှစွာသော ကျောင်းတော်ကြီးများ ပြာသာဒ်အထိမ်းအမှတ် ပုထိုးစေတီတော်များ ဆောက်လုပ်တည်ထားခဲ့ကြလေသည်။

၎င်းမင်းမျိုးများသည် အန်ကော်ခေတ်ကြီး၌ တန်ခိုးကြီးမားလာသည့်အတိုင်း ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကိုလည်း အထူးကိုင်းရှိုင်းကြကာ များစွာသော ရတနာများ သာသနာကြီး၌ စွန့်လွှတ် လှူဒါန်းတော်မူခဲ့ကြသည့်အပြင် ပိဋကတ်ဓမ္မကျွန် သင်အံ လေ့ကျက်ခြင်းဖြင့်လည်း သာသနာတော်ကြီးကို တိုးတက်ကြီးပွါးအောင် အားထုတ် ဆောင်ရွက်တော်မူကြ၍ မင်းညီ၊ မင်းသားများပင် သာသနာတော်၌ ဝင်ရောက်ကြကာ သာသနာတော်ကို ချီးမြှောက်ကြသဖြင့် ၎င်းမင်းသား ရဟန်းတော်များဖြစ်သည့် ရတနဗန္ဓု မထေရ်နှင့် ရတနသီဟမထေရ်တို့သည် သာသနာတော်ကို ထမ်းဆောင်လျက် ထင်ရှားသော မထေရ်များ ဖြစ်ခဲ့လေသည်။

သာသနာတော် ၁၅-ရာစု နောက်ပိုင်းလောက်မှ ယသဝမ္မမင်းသည် အန်ကော်နိုင်ငံ ဖန္ဒန်ဘာခင်နယ်အလယ်လောက်တွင် ၎င်းအထိမ်းအမှတ်၊ ၎င်းအမည်ရင်းခံလျက် ယသော-ဓုရ-ဟူသော မြို့တော်တည်ထောင်အုပ်စိုးပြီး ၎င်းမြို့တော်ကြီး၌ ဗုဒ္ဓယဉ်ကျေးမှု သာသနာ တော်နှင့်စပ်သည့် များစွာသောအဆောက်အအုံများ ဆောက်လုပ်ခဲ့သည့်အပြင် ၎င်းနောက် ဇယဝမ္မစတုတ္ထမြောက် မင်းတရားသည်လည်း ရှေးဟောင်းမြို့တော်မှ ပြောင်းရွှေ့ကာ ကိုကာရ်နယ်၌ မြို့တော်သစ် တည်ထောင်ဖန်ဆင်းပြီး များစွာသောကျောင်းတော်၊ တန်ဆောင်း တော်စသော သာသနာတော်၏အဆောက်အအုံများ တည်ထားခဲ့ကြောင်း ၎င်းတို့ မှတ်တမ်း များ၌ ရေးသားဖော်ပြကြလေသည်။

၎င်းစတုတ္ထဇယဝမ္မမင်းတရား ထီးနန်းစည်းစိမ်တော်မှ လွန်တော်မူပြီးနောက် ကမ္ဗုဇ ခမာနိုင်ငံကြီးကို ကြီးကျယ်ခမ်းနား တန်ခိုးအာဏာကြီးမားအောင် မြှင့်တင်တော်မူခဲ့ကြသော အရှေ့ဖျားတိုင်းနိုင်ငံများ၏ ကမ္ဘာ့အလယ် တင့်တယ်သော ရာဇဝင်ကဏ္ဍ၌ ပါဝင်အောင် ဆောင်ရွက်တော်မူခဲ့ကြသည့် ဘုရင်မင်းတရားကြီးများ ဆက်ခံအုပ်စိုးလာခဲ့ကြ၍ ၎င်းတို့တွင် သာသနာတော် ၁၇-ရာစုအတွင်းက ကမ္ဘာ့အံ့ချီးဖွယ်ရာများတွင် တစ်ပါး ပါဝင်ခဲ့သော အန်ကောဝပ်၊ အန်ကော်နိုင်ငံ ကျောင်းတော်ကြီးကို တည်ထောင်ဖန်ဆင်း တော်မူခဲ့သည်။

*(ဒါယကာသည်)* သုရိယဝမ္မမင်းတရားကြီးဖြစ်၍ ၎င်း၏အထိမ်းအမှတ် ကျောင်းတော်ကြီးကား အရှေ့ဖျားရာဇဝင်၌ ထင်ရှားလှသော အဆောက်အအုံကြီးအဖြစ်ဖြင့် မားမားမတ်မတ် တည်ရှိနေခဲ့လေသည်။

၎င်းကျောင်းတော်ကြီးနှင့် စပ်လျဉ်း၍ အမျိုးမျိုးသော ဒဏ္ဍာရီပုံပြင်အလား ရေးသားကြသည်ကား-

တိုင်းနေပြည်တော်ကြီး၌ သုဒဿနမင်းတရားကြီး စိုးစံတော်မူရာ သားတော်တစ်ပါးမှ မထွန်းကားသဖြင့် ပညာရှိအမတ်များ လျှောက်ထားချက်အရ ဘုရားဝတ်ကျောင်းတော်ကြီး၌ ကြီးကျယ်သော ဆုတောင်းပွဲတော်ကြီး ပြုလုပ်ရာတွင် အသွင်အပြင် အလွန်လှပသိမ်မွေ့လှသည့် သာဝတီမည်သော သတို့သမီးတစ်ဦး တွေ့မြင်ကာ တာဝတိံသာ သိကြားမင်း အိပ်မက်တော်အရ သားတော် ၇-ပါးအနက် သားတော်အငယ်ဆုံးအား လူ့ပြည်သို့ သက်ဆင်းရန် အမိန့်တော်ထားသည့်အတိုင်း သာဝတီမိဖုရားလေး၏ ဝမ်းဗိုက်၌ သိမ်းပိုက်သန္ဓေ တည်နေခဲ့လေသည်။

သို့သော်လည်း ၎င်းတည်နေခိုက် များစွာသောငှက်အပေါင်းတို့ ထက်ကောင်းကင်အရှေ့စူးစူးမှ ပျံလာကြရာ သာဝတီမိဖုရားလေးအဆောင်တော်ကို ကျော်မိလျှင် အားလုံးပင် အောက်သို့ကျ၍ သေဆုံးကြသည်ကို မြင်သဖြင့် တိုင်းပြည်တွင် ချောက်ချားကာ ပညာရှိများ၏ စကားအရ သားတော်ကလေး ဖွားမြင်တော်မူသည်တွင် တိုင်းပြည်မှ နှင်ထုတ်ထွက်သွားတော်မူရသောအခါ သိကြားမင်းဆင်းလာပြီး အလွန်လျှင် ဆန်းကျယ်လှပသော သားငှက်တိရစ္ဆာန်အပေါင်းတို့ဖြင့် ကြည်နူးဖွယ်ရာ ဥယျာဉ်ဗိမာန်တွင် ဘယ်အရာမဆိုလိုတ, ရကာ အလွန်ချမ်းသာစွာ နေလာပြီးနောက် ၎င်းသားတော်လေး အရွယ်ရောက်က ဝိသုကြံနတ်သားအား ကြီးမားဆန်းကျယ်သော နန်းတော်ကြီး ဖန်ဆင်းစေကာ ၎င်းမှာပင် စိုးစံအုပ်ချုပ်စေတော်မူကြောင်း အချို့မှတ်တမ်းများ ရေးသားကြလေသည်။

၎င်းပြင် အချို့မှတ်တမ်းများမှာ သိကြားမင်း သားတော်လေး ၁-ပါး လူ့ပြည်သို့ သက်ဆင်းစေကာ 'ဗရကေတမာလေ ဝရကေတုမာလာ' မည်သော မင်းသားကလေး ဖြစ်ထွန်းလာ၍ သိကြားမင်းသည် မယ်တော်မင်းသမီးနှင့်တကွ သားတော်ကလေးအား နတ်ပြည်သို့ ခေါ်သွားရာ အရွယ်ရောက်လာသဖြင့် နတ်အများကလည်း လူသား နတ်ပြည်၌ နေခြင်းကို မြစ်တားသောကြောင့် လူ့ပြည်သို့ ဝိသုကြံနတ်သားနှင့်အတူ ပို့တော်မူပြီး ဝတိံသာနတ်နန်းနှင့်တူစွာ ဆန်းကြယ်ခမ်းနားသော နန်းတော်ကြီး ဆောက်လုပ်စေလျက် လူ့ပြည်သို့ တဖန်သက်ဆင်းကာ အုပ်ချုပ်စိုးစံစေကြောင်း ရေးသားဖော်ပြလေသည်။

၎င်းတို့ကိုကား အတိအကျ ဝေဖန်ရန် ခဲယဉ်းသော်လည်း ဤအန်ကော်ဝပ်-ဘုရားပထုမ်ကျောင်းတော်ကြီးမှာမူ ခေတ်နှင့် နိုင်းစာလျှင် ၎င်းခေတ်ကလူများ ဤမျှကြီးကျယ်ခန့်ငြားစွာ ၎င်းတို့စွမ်းရည်ဖြင့် မဆောက်လုပ်နိုင်ဟု ခန့်မှန်းဆုံးဖြတ်ရလောက်အောင် ခမ်းနားဆန်းကျယ် အံ့ဩဖွယ်ကြီးမားသော အဆောက်အအုံကြီး ဖြစ်သည့်အတိုင်း ယခုခေတ်ပိုင်း အရှေ့ဖျားနိုင်ငံများတွင် စံတင်ဂုဏ်ယူလောက်သော အဆောက်အအုံကြီးဖြစ်၍ ကမ္ဘာ၏ အံ့ချီးဖွယ်ကဏ္ဍတွင် တစ်ခုအပါအဝင်ဖြစ်လျက် ရှိနေလေသည်။

ဤသို့ ရေးသားကြခြင်းမှာလည်း ခေတ်အားလျော်စွာ ရှေးအခါက အံ့ဩဖွယ်ရာအရာဝတ္ထုတစ်ခုခု၌၊ သို့မဟုတ် အဖြစ်အပျက်တစ်ခုခု၌ နှိုင်းတုမရနိုင်လောက်အောင် အဆန်းတကြယ် အမွှန်းတင်ကာ စာပေရသ ပဓာနထားလျက် ရေးသားကြသောခေတ်ဖြစ်သည့်အတိုင်း အလိုင်းတကြီး အံ့ချီးမကုန်နိုင်အောင် ရေးသားကြခြင်းသာဖြစ်၍ အပြစ်မဆိုနိုင်ဘဲ ယခု မျက်မြင်သက်သေကလည်း ၎င်းကို ထောက်ခံကာ ၎င်းအဆောက်အအုံကြီးမှာ ဤကဲ့သို့ ရေးသားထိုက်ကြောင်း ဝေဖန်အပ်လေသည်။

အကြောင်းသော်ကား ၎င်းကျောင်းတော်ကြီးမှာ ယခုအခါ၌ များစွာသော မှတ်တမ်းသမိုင်းများ ရေးသားကြ၍ ၎င်းခေတ် မှတ်တမ်းများအရ ကျောက်သား, ကျောက်တုံး, ကျောက်ပကတိများဖြင့် ဆောက်လုပ်ထား၍–

| | | | |
|---|---|---|---|
| အလျား | | ၆၇၁- | ပေ |
| အနံ | | ၅၇၁- | ပေ၊ ၆-လက်မ |
| အမြင့် | ပဌမဆင့် | ၁၃- | ပေ၊ ၆-လက်မ |
| ၎င်း | ဒုတိယဆင့် | ၂၁- | ပေ |
| ၎င်း | တတိယဆင့် | ၄၁- | ပေ၊ ၆-လက်မ – |

ရှိသဖြင့် ဤမျှ အလွန်ကြီးမားဆန်းကြယ်သော အဆောက်အအုံကြီးကား အလွန်ဘုန်းတန်ခိုးကြီးမားသော ဘုရင်မင်းတရားကြီးများသာ ဆောက်လုပ်နိုင်ဖွယ်ရာရှိကြောင်းမှာ သာလွန်ထင်ရှားလေသည်။

၎င်းပြင် အချို့မှတ်ထင်ကြသည်ကား ဤမျှ ကြီးကျယ်ခမ်းနားသော ကျောင်းတော်ကြီးမှာ သာသနာဝင် အထင်အရှားဆုံး မင်းတရားကြီးတစ်ပါးအဖြစ် အသောကမင်းတရားကြီးနောက် အလွန်ထင်ရှားသည့် မဒ္ဒတိုင်း၊ သာဂလနေပြည်တော်ကြီး၌ လာရောက်စိုးစံတော်မူခဲ့သော ယောနကတိုင်း၊ အလသန္ဒ(အလက္ကဇန္ဒြိယာ)နယ်လျှင် ဖွားမြင်တော်မူရာ

ဇာတိရှိသည့် မိလိန္ဒမင်းတရားကြီး၊ အမေးပြဿနာအရပ်ရပ်ကို ဖြေဆိုမိန့်ကြားတော်မူနိုင်သော အရှင်နာဂသေနမထေရ်အား အလွန်ကြည်ညိုသောအားဖြင့် ဆောက်လုပ်လှူဒါန်းတော်မူအပ်သော အရှင်နာဂသေန (အရှင်နာဂသိန်)မထေရ်မြတ်၏ ကျောင်းတော်ကြီးဟု မှတ်သားကြရာ-

၎င်းကျောင်းတော်ကြီး၏ သမိုင်းမှတ်တမ်းများ၌ ယခုခေတ်အရ အတိအကျ အမှန်အကန် စိစစ်ရှာဖွေရေးသားကြသည်မှာ ၎င်း၏ ကျောက်ဆစ်, ကျောက်ပန်း, ကျောက်ခက် အသွားအလာများနှင့် ကျောက်ရုပ်, ကျောက်ပန်းပုလက်ရာ အသွင်သဏ္ဌာန်များ ကြည့်ရှုခြင်းအားဖြင့် အိန္ဒိယတောင်ပိုင်းသား လူမျိုးများ၏ လက်ရာ အသွင်သဏ္ဌာန်များဖြစ်ကြ၍ ၎င်းနိုင်ငံ၌ အုပ်ချုပ်စိုးစံသော မင်းမျိုးများလည်း ၎င်းအိန္ဒိယ တောင်ပိုင်းသား မင်းမျိုးများဖြစ်ကြသဖြင့် ၎င်းတို့ဆောက်လုပ်သည်-ဟု ဝေဖန်ကြလေသည်။

၎င်းကျောင်းတော်ကြီးကို အန်ကော်နိုင်ငံ မင်းအဆက်ဆက်တို့လည်း ပြုပြင်မွမ်းမံလာခဲ့ကြ၍ ကျောက်စာတို့၌ ဖော်ပြရေးသားကြသည်ကား ၎င်းနိုင်ငံသတ္တမမြောက် ဇယဝမ္မမင်းတရားကြီးလက်ထက် ဘုန်းတန်ခိုးကြီးမား၍ ပညာရှိ ပုရောဟိတ်အမတ်ကြီးများ ထွန်းကားသည့်အားလျော်စွာ ဇယဇဒ္ဓမင်္ဂလတ္တဒေဝ, ဇယကိတ္တိဒေဝ စသော ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးစား ပညာရှိအမတ်ကြီးများ ရှိကြ၍ ၎င်းတို့သည် ဤအဆောက်အအုံကြီး ကောင်းသည်ထက်ကောင်းအောင် ကြည့်ရှုမွမ်းမံ ပြင်ဆင်လာခဲ့ကြသဖြင့် ၎င်းမှာသာ၍ ကောင်းမွန်ကြီးကျယ်လာကြောင်း ခမင်ရာဇဝင်မှတ်တမ်းများ၌ ကျောက်စာအရ ရေးသားဖော်ပြလေသည်။

၎င်းသတ္တမမြောက် ဇယဝမ္မမင်းတရားသည် သာသနာ ၁,၇၂၄-ခုနှစ်၊ ခမည်းတော်များ၏ အရိုက်အရာ ထီးနန်းအမွေကို ခံယူပြီးနောက် နဂရထုမ်-အန်ကော်ထုမ် မြို့တော်ကြီးကို တည်ထောင်ဖန်ဆင်းလျက် စိုးစံအုပ်ချုပ်တော်မူကာ ၎င်းမင်းတရားကြီးသည် သာသနာတော်ကို အလွန်ကြည်ညိုလေးစား ထောက်ပံ့လှူဒါန်းတော်မူသည်အားလျော်စွာ-

- ရာဇဝိဟာရ-တပရဟ္မ ဘုရင်ကျောင်းတော်ကြီး
- ဇယျသီရိ ပရိတ်ခမ်-အောင်တော်မူကျောင်းတော်ကြီး -

၂-ဆောင်တို့ကို ဆောက်လုပ်တော်မူပြီး သံဃာမထေရ်ကြီးဖြစ်တော်မူသော သံဃာတော်အရှင်မြတ်တို့အား လှူဒါန်းတော်မူသည့်အပြင် ၎င်းမြို့တော်ကြီး၌ ထိုမှတပါး များလှစွာသော ကျောင်းတော်များကိုလည်း ဆောက်လုပ်လှူဒါန်းတော်မူကာ ကြီးကျယ်စွာသော ကျောင်းပူဇော်ပွဲကြီးများ ပြုလုပ်တော်မူခဲ့လေသည်။

ဤမင်းတရားကြီး စိုးစံတော်မူသော လက်ထက်တော်၌ များစွာသော ပညာရှိ သီလ, သမာဓိဂုဏ်နှင့် ပြည့်စုံတော်မူကြသော ရဟန်းတော်မထေရ်ကြီးများနှင့် ပညာဂုဏ် ပြည့်စုံကြသော လူပညာရှိများ ထွန်းကားခဲ့ရာ သီလ, သမာဓိ, ပညာဂုဏ်နှင့် ပြည့်စုံတော် မူကြသော သံဃာတော်မထေရ်မြတ် ၁၈-ပါးနှင့် ပညာအရပ်ရပ် ကျွမ်းကျင်လိမ္မာသော ပညာရှိ ပါမောက္ခ ၂,၇၄၀-မျှရှိကြောင်း၊

ၡင်းပြင် ဘုရင့်နန်းတော်၌ အမြဲတမ်းအားဖြင့် နေ့စဉ်နေ့တိုင်း သံဃာတော် ၄၃၉-ပါး ကိုလည်း ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုများဖြင့် လှူဒါန်းကျွေးမွေးတော်မူကြကြောင်း၊

ဤကဲ့သို့ သာသနာတော်ကြီးကို အလွန်ကြည်ညိုလေးစားထောက်ပံ့လှူဒါန်းတော် မူခြင်းအားဖြင့် မရောင့်ရဲနိုင်သောကြောင့် ၎င်းမင်းတရားကြီးအား ကမ္ဗုဇ-အသောက မင်းတရားကြီး-ဟု ခေါ်ဆိုထိုက်ကြောင်း ၎င်းတို့ရာဇဝင်မှတ်တမ်းများ၌ များစွာအမွှန်းတင် လျက် ရေးသားကြကုန်၏။

၎င်းတို့ထက် အထူးအားဖြင့် မင်းတရားကြီး၏ ထင်ရှားသောမှတ်တမ်းတစ်ခုမှာ မင်းတရားကြီးကား မိမိ၏သားတော်အရင်း မင်းသားတစ်ပါးအား သာသနာတော်၌ အလွန် ကြည်ညိုလေးစားသောအားဖြင့် လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ ပါဠိဘာသာ ပိဋကတ်ဓမ္မကျမ်း များနှင့် ဗုဒ္ဓဒေသနာတရားတော်မြတ်တို့ကို သင်ကြားအားထုတ်ရန် စေလွှတ်တော်မူခဲ့ရာ ၎င်းမင်းသားသည် သီဟိုဠ်ကျွန်းသို့ရောက်က သာသနာတော်ကို ကြည်ညိုလှသဖြင့် ၎င်းတို့ မှတ်တမ်းအရ သာသနာတော် ၁,၇၃၃-ခုနှစ်၊ မဟာဝိဟာရဝါသီဂိုဏ်း၌ ဥပသမ္ပဒပဉ္စင်း အဖြစ်သို့ တက်ရောက်တော်မူကာ ပါဠိဘာသာနှင့် ပိဋကတ်ကျမ်းဂန်များ သင်ကြား တတ်မြောက်တော်မူ၍ တာမလိန္ဒမထေရ်ဟု ထင်ရှားခဲ့လေသည်။

ဤတာမလိန္ဒမထေရ်ကား–

- ခမာနိုင်ငံ သာသနာဝင်များ၌လည်းကောင်း
- မှန်နန်းရာဇဝင်စသော မြန်မာရာဇဝင်များ၌လည်းကောင်း
- မြန်မာသာသနာဝင် မှတ်တမ်းများ၌လည်းကောင်း
- ကလျာဏီကျောက်စာ၌လည်းကောင်း–

အညီအညွတ်ရေးသားကြ၍ မြန်မာနိုင်ငံတော် နရပတိစည်သူမင်းတရားကြီး လက်ထက် သီဟိုဠ်ကျွန်းသို့ သာသနာတော်လေ့လာရန်, ဘုရားပုထိုး တန်ခိုးကြီးစေတီများကိုလည်း ဖူးမြော်ရန်, ၎င်းနိုင်ငံ ဗဟုသုတလည်း ရရှိရန် ကြွတော်မူသော အရှင်ဥတ္တရာဇီဝ သာသနာပြု

မထေရ်ကြီး၏ တပည့်ဆပ္ပဒသာမဏေလည်း အတူပါ၍ ၎င်းသီဟိုဠ်မှာပင် ဥပသမ္ပဒအဖြစ်သို့ရောက်ကာ ပါဠိကျမ်းဂန် ပိဋကတ်များ တတ်ကျွမ်းတော်မူ၍ မြန်မာနိုင်ငံသို့ ပြန်တော်မူရာ မထေရ် ၅-ပါးတွင် အရှင်တာမလိန္ဒမထေရ်လည်း အတူပါတော်မူ၍ မြန်မာနိုင်ငံမှာပင် သာသနာပြု မထေရ်တစ်ပါးအဖြစ် သာသနာဝင်များ၌ ထင်ရှားခဲ့လေသည်။

၎င်းပြင် ခမင်သာသနာဝင်မှတ်တမ်းနှင့် ရာဇဝင်များက ရေးသားကြသည်မှာ ၎င်းသတ္တမမြောက် ဇယဝမ္မမင်းတရားကြီး စိုးစံတော်မူသောနှစ်များ၏ နောက်ပိုင်း၌ မြန်မာနိုင်ငံတော်မှ မြန်မာဇာတိဖြစ်သော ဟရိယုကေသ က္လသိကေသအမည်ရှိသည့် မြန်မာလုလင်တစ်ယောက်သည် ကမ္ဘောဒီးယား ခမာနိုင်ငံသို့ လာရောက်ကာ ၎င်းမင်းတရားထံ ခစားသည်တွင် ၎င်းလုလင်၏ ပညာအရည်အချင်းအားလျော်စွာ ဇယမဟာပဓာနဟူသော ဘွဲ့တံဆိပ်ပေးအပ်တော်မူကာ ဘုရင့်သာသနာရေး (နို-တ-ရ်) အမတ်ဖြစ်လာပြီး သာသနာတော်အရေးကိစ္စများ ကြီးမှူးဆောင်ရွက်ရကြောင်း ရေးသားဖော်ပြလေသည်။

၎င်းမှာ သာသနာတော် ၁၈-ရာစုအတွင်းက ဖြစ်၍ ၎င်းအခါသမယမှာ မြန်မာများ၏ တန်ခိုးအာဏာသည် ရာမညတိုင်းအလုံးနှင့်တကွ ထိုင်း(ယိုးဒယား)နိုင်ငံ, ခမာနိုင်ငံသို့တိုင်အောင် ကျယ်ပြန့်သောအချိန်အခါဖြစ်သဖြင့် ၎င်းက္လသိ-ကေသ-ဟူသောအမည်မှာ ၎င်းခေတ်က မြန်မာတို့၏အမည် မဟုတ်ငြားသော်လည်း ၎င်းအာဏာအတွင်းရှိ နိုင်ငံများဖြစ်သည့် မွန်တိုင်း, ဟရိဘုဉ္ဇတိုင်းစသော တိုင်းနယ်များမှလည်း ဖြစ်နိုင်ဖွယ်ရာရှိ၍ ၎င်းတို့ ရာဇဝင်ကျမ်း၌ ထည့်သွင်းရေးသားသည့်အတိုင်း မြန်မာနိုင်ငံမှ ပညာရှိလုလင်ငယ်တစ်ယောက်-ဟု အမှန်မှတ်ယူနိုင်လေသည်။

ဤ ကမ္ဘောဒီးယား(ကမ္ဘုဇ ခမာ)နိုင်ငံ ဘုရင်မင်းတရား၏ သားတော် အရှင်တာမလိန္ဒ မထေရ်မြတ်နှင့် ဇယမဟာပဓာန- ဘွဲ့မည်ရသော မြန်မာသာသနာရေးအမတ်၏ အကြောင်းအရာကို ၎င်းတို့မှတ်တမ်း၌ ရေးသားသည်ကား “ဗုဒ္ဓသာသနာတော်ထွန်းကားတည်ရှိသော နိုင်ငံများဖြစ်ကြသည့် လင်္ကာဒီပ (သီဟိုဠ်ကျွန်း)နိုင်ငံများနှင့် အာဏာရောက်ရှိရာ နိုင်ငံများနှင့်လည်းကောင်း မြန်မာနိုင်ငံနှင့်လည်းကောင်း ရင်းနှီးစွာ သာသနာရေး, သာသနာမှု ဆက်သွယ်လျက်ရှိကြောင်း”၎င်းတို့ ရာဇဝင်ကျမ်းဟူ၍ ဖော်ပြခြင်းသာ ဖြစ်လေသည်။

ထို့အတူ အချို့ရာဇဝင်မှတ်တမ်းများ၌ လင်္ကာဒီပ သီဟိုဠ်ကျွန်းမှလည်း ဘုရင့်သားတော်တစ်ပါးကို သာသနာရေးရာကိစ္စများနှင့် ဘုရင်မင်းတရားသည် ကမ္ဘောဒီးယား-ကမ္ဘုဇနိုင်ငံသို့ မိတ်ဆက်အဖွဲ့ လွှတ်တော်မူကာ သာသနာတော်အရေး ဆွေးနွေးလေ့လာကြောင်း ရေးသားသဖြင့် ၎င်းဘုရင်မင်းတရား၏အမည်နှင့် သားတော်မင်းသား၏

အမည်ကို အတိအကျ မဖော်ပြသော်လည်း ဤကမ္ဘောဒီးယားမင်းတရားက ၎င်းသားတော်ကို သီဟိုဠ်ကျွန်းသို့ စေလွှတ်တော်မူသည်ကို ထောက်ဆ၍ အပြန်အလှန် နိုင်ငံတော်ထုံးတမ်းရှိသည့်အတိုင်း ဟုတ်မှန်သည်-ဟု ယူဆဖွယ်ရှိလေသည်။

ဤသတ္တမမြောက် ဇယဝမ္မမင်းတရားကြီးကား ခမာနိုင်ငံတော် အန်ကော်ခေတ်၌ အထူးထင်ရှား၍ ၎င်းတို့ရာဇဝင်ကဏ္ဍ၌ အကြီးအကျယ်ဆုံး အသောကမဟာဓမ္မရာဇာ သာသနာပြုမင်းတရားကြီးနှင့် နှိုင်းစာလျက် ရေးသားကြသဖြင့် ၎င်းလက်ထက်မှာ နယ်ပယ်အားဖြင့်-

- တောင်ဘက် မလယ-ဒွါရာဝတီနိုင်ငံ
- အနောက်ဘက် မြန်မာနိုင်ငံ အာဏာကျယ်ပြန့်ရာ လန်နားဟရိဘုဥ္စတိုင်းနိုင်ငံ
- မြောက်ဘက် လာအို-လောနိုင်ငံများ
- အရှေ့ဘက် အာနမ်-ဗီယက်နမ် တိုင်းပြည်များ-

သို့တိုင်အောင် ကျယ်ပြန့်လျက် ၎င်းအာဏာပြန့်နှံ့ရာ တိုင်း, နယ်, မြို့ရွာများ၌ များစွာသော ကျောင်း, ပုထိုးစေတီတော်များ ဆောက်လုပ်စေတော်မူကာ ကြီးကျယ်ခမ်းနားသော အလှူတော်ပွဲသဘင်ကြီးများ ပြုလုပ်စေတော်မူကြောင်း ၎င်းတို့ ရာဇဝင်မှတ်တမ်းများ အထူးချီးကျူးရေးသားကြလေသည်။

၎င်းခေတ်မှာ ခမာနိုင်ငံတော်ကြီး-ဟု ရာဇဝင်ကဏ္ဍ အထူးချီးကျူးရေးသားဖော်ပြထိုက်အောင် နိုင်ငံတော်အရေး တိုးတက်ကြီးမြင့်လာသလောက် သာသနာတော်အရေးမှာလည်း အထူးတိုးတက်ကြီးပွါး, ၎င်းနှင့်ဆိုင်ရာ ပိဋကတ်ကျမ်းဂန် စာပေဗဟုသုတဘက်မှာလည်း ဗုဒ္ဓသာသနာတော်ထွန်းတောက်ရာ အခြားနိုင်ငံများ(သို့) သွားရောက်ကာ ဘာသာအရပ်ရပ် ဆည်းပူးအားထုတ်စေကာ များစွာသော ဗဟုသုတကြွယ်စေလျက် တိုင်းပြည်နိုင်ငံဘက်မှာလည်း အထူးသဖြင့် စည်ပင်သာယာဝပြောစွာ ရှိကြောင်းကား ထိုခေတ်က ဆောက်လုပ်တည်ထားခဲ့သော ကြီးကျယ်ခမ်းနားသည့် မြို့ပြ, ကျုံးမြောင်း, ပစ္စဥ်, တံခါး, ခံတပ်, မြို့ရိုးနေရာများနှင့် ကျောင်း, တန်ဆောင်း, ပြာသာဒ်, စေတီ, ပုထိုး စသောသာသနာယဉ်ကျေးမှု အဆောက်အအုံများက သက်သေခံကာ အရှေ့ဖျား ရာဇဝင်အပိုင်း၌ တုနှိုင်းဖွယ် ကဏ္ဍတစ်ရပ်အဖြစ် ယခုတိုင် တည်ရှိလျက် ရှိနေလေသည်။

ဤအန်ကော်ခေတ်မှာပင် သာသနာတော်နှစ် အပိုင်းအခြား အတိအကျ မရှိငြားသော်လည်း ဤသတ္တမ ဇယဝမ္မမင်းတရားကြီးလက်ထက် သာသနာတော်မြတ်ကား အထူး

ထွန်းကား တိုးတက်သည်နှင့်အညီ မင်းတရားကြီးကလည်း ပညာဉာဏ်ပဋိဘာန်နှင့် ပြည့်စုံစွာ နိုင်ငံအရပ်ရပ်မှ သာသနာတော်ဗဟုသုတ လိုလားတော်မူ၍-

- ထေရဝါဒသာသနာတော် အစဉ်အမြဲ တည်ထွန်းလျက်ရှိသော သီဟိုဠ်ကျွန်းနိုင်ငံများနှင့်လည်းကောင်း
- ဤထေရဝါဒသာသနာတော်(သည်) မွန်တို့ဌာန ရာမညတိုင်းမှတဆင့် ရောက်လာခဲ့၍ အခိုင်အမာ တည်ရှိနေသော မြန်မာတိုင်းနိုင်ငံများနှင့်လည်းကောင်း

ရင်းနှီးဆက်သွယ်ပြီး ၎င်းဗုဒ္ဓယဉ်ကျေးမှု လဲလှယ်ကြကာ သာသနာပြုကြသောခေတ်ဖြစ်ခဲ့သဖြင့်လည်းကောင်း ၎င်းထေရဝါဒ သာသနာတော် တည်မြဲထွန်းလင်းလျက် အစဉ်အဆက် လေ့လာခဲ့ကြကြောင်း မှတ်သားအပ်၏။

၎င်းအန်ကော်ခေတ်ကား မင်းတရားကြီး စိုးစံအုပ်ချုပ်တော်မူပြီးနောက် နှစ်ပေါင်း ၂၀၀-လောက်ကြာအောင် ၎င်းမင်းမျိုးအဆက်အနွယ်များ ဆက်လက်အုပ်စိုးလာခဲ့၍ ၎င်းတို့လည်း ရှေးအစဉ်အလာအတိုင်း ညွတ်ကိုင်းလာခဲ့သော ထေရဝါဒဗုဒ္ဓသာသနာကိုပင် ချီးမြှင့်ထောက်ပံ့ကြကာ ၎င်းခေတ်က မွန်, မြန်မာ, လာအို, ခမာနိုင်ငံတို့မှာ လက်ံဝံသ ထေရဝါဒသာသနာဟု ဆိုအပ်သော သီဟိုဠ်ကျွန်း မဟာဝိဟာရဝါသီဂိုဏ်း သာသနာကို ယုံကြည်လေးစားကြလျက် ၎င်း၏အယူကို လေ့လာကြပြီး ၎င်းတို့နိုင်ငံအချင်းချင်းလည်း ရင်းနှီးဆက်သွယ် လာခဲ့ကြကုန်၏။

ဤကဲ့သို့ ထေရဝါဒသာသနာ ဤနိုင်ငံ၌ တည်ထွန်းလာခဲ့သော အန်ကော်ခေတ်နောက်ပိုင်းတွင် မင်းစဉ်မင်းဆက်များလည်း ၎င်းသာသနာတော်၌ ထောက်ပံ့လှူဒါန်းကြ၍ များစွာသော ကျောင်း, ဘုရား, စေတီတော်များ တည်ထားကြကာ သာသနာတော် ပြုစုအားထုတ်ကြကြောင်းကား-

သာသနာတော် ၁,၈၅၂-ခုနှစ်၊ ၎င်းအန်ကော်နိုင်ငံတော်မင်းဆက် တတိယဣန္ဒဝမ္မဘုရင်မင်းတရားသည် ဝမ်းကော့က် ခပို့-စ်-သို့မဟုတ် ကော့က်-ဆွာ-ချေ-က်-ကော့-က်-ခပို့ ကျောင်းတော်ကြီး၌ ပါဠိဘာသာအားဖြင့် ရေးသားထွင်းထုစိုက်ထူခဲ့သော ကျောက်စာအားဖြင့် ခိုင်မာသော အထောက်အထားဖြစ်၍ ၎င်းမှာ သာသနာတော် ၁,၈၅၁-ခုနှစ်၊ အန်ကော်နိုင်ငံတော်ကြီးကို အုပ်ချုပ်စိုးစံတော်မူသော ဣန္ဒဝမ္မဘုရင်မင်းတရားကြီးသည် ဤ ကော့-က်-ခပို့ ကျောင်းတော်ကြီးကို တည်ထောင်ဆောက်လုပ်တော်မူပြီးလျှင် နိုင်ငံတော်ထေရဝါဒမဟာနာယကမထေရ်မြတ်အား လှူဒါန်းတော်မူကြောင်း၊

၎င်းနောက် ၎င်းကျောင်းတော်ကြီး၌ ကြီးကျယ်ခမ်းနား ဆန်းကြယ်လှစွာသော ဗုဒ္ဓရုပ်ပွါးတော်ကြီးတစ်ဆူကိုလည်း နောက်ထပ် တည်ထောင်တော်မူကာ သာသနာတော် အဓွန့်ရှည်သမျှကာလပတ်လုံး ဤကျောင်းတော်ကြီးနှင့် ဗုဒ္ဓမြတ်စွာ၏ ရုပ်ပွါးတော်ကြီးတို့ တည်တွန်းစေရန် ရည်သန်တော်မူလျက် အဆက်ဆက်သောမင်းများတို့ ပြုပြင်စေခြင်းငှါ အနီးရှိ ရွာကြီးတစ်ရွာကိုလည်း ဝတ္ထုကံမြေ ရွာတော်အဖြစ် ထပ်မံလှူဒါန်းတော်မူကြောင်း ရေးသားစိုက်ထူထားခဲ့သော ကျောက်စာဖြစ်လေသည်။

ထို့ပြင် ဤကျောက်စာ၌ ၎င်းဣန္ဒဝမ္မမင်းသည် အိမ်ရှေ့မင်းသား ကလေးဖြစ်စဉ် ကပင် ဤကော့-က်-ခပို့ကျောင်းတော်ကြီး၌ ထေရဝါဒဗုဒ္ဓတရားတော်နှင့် သာသနာ ဗဟုသုတများ သင်ကြားလေ့လာ ဆည်းပူးခဲ့သည့်အပြင်-

၎င်းသည် သာသနာတော် ၁,၈၅၁-ခုနှစ်၊ ထီးနန်းသိမ်းပိုက် အရိုက်အရာ ခံယူ တော်မူ ပြီးနောက်လည်း ၎င်းကျောင်းတော်ကြီးသို့ မကြာမကြာ ထွက်တော်မူကာ ရွှေစေတီ တော်မြတ်နှင့် ရွှေဆင်းတုတော်ကို ဖူးမြော်တော်မူပြီးလျှင် မဟာနာယက မထေရ်မြတ် ထံတော်တွင် ထေရဝါဒတရားဓမ္မ နာယူတော်မူကြောင်း ဖော်ပြသည်ဟု ရုပ်ကမ္ဘူဇမှတ်တမ်း ၌ ရေးသားကြောင်း ၎င်းသာသနာဝင်မှတ်တမ်းက ရေးသားသဖြင့် ၎င်းဣန္ဒဝမ္မမင်းတရား သည် ထေရဝါဒသာသနာတော်ကို ကိုယ်တိုင်ပင် သင်ယူလေ့လာပြီး တိုင်းသူပြည်သားတို့ အားလည်း လိုက်နာကျင့်သုံးစေကာ သာသနာတော်ကို ပြုစုအားထုတ်တော်မူခဲ့လေသည်။

ဤသာသနာတော် ၁,၈၀၀-ကျော်၊ ၁၉-ရာစုနှစ်အတွင်းမှာကား အနီးအနားနိုင်ငံ ဖြစ်သော ထိုင်းနိုင်ငံမှာ သုခေါထိုင်းခေတ်သို့ ရောက်လာကာ လင်္ကာဝံသသာသနာထေရ- ဝါဒလည်း သီဟိုဠ်ကျွန်းမှ ပြန့်နှံ့လာချိန်ဖြစ်၍ ၎င်းသာသနာခေတ်မှာ ဤအရှေ့ဖျားနိုင်ငံ များသို့ ထွန်းလင်းလာသည့်အတိုင်း ၎င်းထိုင်းနိုင်ငံမှ ထိုအခါက တစ်တိုင်း, တစ်နိုင်ငံ ဖြစ်သော-

- ဟရိဘုဥ္စတိုင်းသို့လည်းကောင်း
- ဤကမ္ဘူဇခမာနိုင်ငံသို့လည်းကောင်း

၎င်းသာသနာတော် ပြန့်ကျယ်သွားကြောင်း ထိုင်းသာသနာဝင်မှတ်တမ်းများက ရေးသား ကြသဖြင့်လည်း ခမာ, ထိုင်း(ယိုးဒယား) စသော အရှေ့ဖျားနိုင်ငံများ၌ ထေရဝါဒ သာသနာတော် ထွန်းသစ်၍ အမြစ်တွယ်ကာ နိုင်ငံအနှံ့ ကျယ်ပြန့်လာခဲ့လေသည်။

ဤသုခေါ်ထိုင်းနိုင်ငံတည်ထောင်လာခဲ့သည်မှာ ဤကမ္ဘောဇ ခမာနိုင်ငံ အန်ကော်ခေတ် အလယ်ပိုင်းလောက်တွင် သာသနာတော် ၁,၈၀၀-ကျော်၊ ၁၉-ရာစုလောက် ထိုင်း(ယိုးဒယား)လူမျိုးတစ်စုသည် ပီနန်မြစ်နယ်ပယ်ဒေသ အထက်ပိုင်း၌ ၎င်းတို့၏ ခေါင်းဆောင် အမှူးဖြစ်သော ခအိုစော်ဘွား၏ အာဏာအောက်မှာ နိုင်ငံတစ်စု တည်ထောင်ကြလျက် အန်ကော်နိုင်ငံ၏အာဏာကို ဖီဆန်ပြီး ၎င်း၏လက်အောက်မှ ထွက်ခွါခြားနားကာ နေထိုင်လာခဲ့ရာ ၎င်းနိုင်ငံကလေး၏ အုပ်ချုပ်မှု ထိုင်းခေါင်းဆောင်တစ်ဦးအား ခမာနိုင်ငံ(သတ္တမ ဇယဝမ္မ)မင်းတရားဟု ခန့်မှန်းကြသော ဘုရင်၏သမီးတော်တစ်ပါးနှင့် စုလျားရစ်ပတ်၍ လက်ထပ်ပြီးလျှင် ၎င်းအား ခမာသေနာပတိများ ရှေးကပေးအပ်သော ကမ္ဗုဒိစ္စ ဟူသော ဘွဲ့တံဆိပ်ကိုလည်း ပေးအပ်ခဲ့ကြောင်း။

ထို့နောက် သုခေါ်ထိုင်းမြို့၌ ၎င်းကမ္ဗုဒိစ္စအား အခြားထိုင်းခေါင်းဆောင်တစ်ဦးက ဝင်ရောက်တိုက်ခိုက်အောင်မြင်၍ ၎င်းအား ခမာဘုရင်ပေးအပ်ခဲ့သော ဘွဲ့တံဆိပ်ကို ပေးအပ်ရပြီး ၎င်းကို သစ္စာဆိုစေကာ သုခေါ်ထိုင်းနိုင်ငံ တည်ထောင်အုပ်ချုပ်လာခဲ့ကြောင်း။

မစ္စတာဘာရစ် ရေးသားသော ခမာနိုင်ငံ ရှေးဟောင်းရာဇဝင်၌ –

၎င်းသုခေါ်ထိုင်းနိုင်ငံလည်း အန်ကော်ခေတ်က ခမာနိုင်ငံတော်ကြီးမှ ခွဲထွက်သွားသော နိုင်ငံ-ဟု ၎င်းရာဇဝင်အရ မှတ်သားအပ်လေသည်။

မည်သို့ပင်ဖြစ်စေ ၎င်းထိုင်းလူမျိုးတို့၏ သုခေါ်ထိုင်းခေတ်မှာ ထေရဝါဒသာသနာတော် ထွန်းသစ်လာခဲ့၍ ၎င်းနှင့် နီးစပ်တည်ရှိသော ဤခမာနိုင်ငံသို့လည်း ပြန့်နှံ့သွားခဲ့ကြောင်း ထိုင်းသာသနာဝင်မှတ်တမ်းများက ဆိုသည့်အပြင်–

ဤခမာနိုင်ငံ ဗုဒ္ဓသာသနာဝင်များကလည်း ၁,၈၀၀-သာသနာခေတ်မှာ ထေရဝါဒသာသနာကို အားထား ယုံကြည်ကြလျက် ဇယဝမ္မ(သတ္တမမြောက်)မင်းလက်ထက်မှ တောက်မင်းများလက်ထက် အန်ကော်ခေတ် နိမ့်ကျလာသည်တိုင်အောင် ဆက်လက်ကာ ၎င်းထေရဝါဒသာသနာကို ထောက်ပံ့ပြုစုလာခဲ့ကြောင်းဆိုသဖြင့် ၎င်းမှ ယခုခေတ်အထိပင် ထေရဝါဒသာသနာ တည်မြဲထွန်းကားလာခဲ့လေသည်။

သို့ရာတွင် ဤကမ္ဘောဇ ခမာနိုင်ငံသာသနာတော်ကား မူလအခြေခံအားဖြင့် သုဝဏ္ဏဘူမိတိုင်း၌ရှိသာန ထေရဝါဒသာသနာပင် ဖြစ်သော်လည်း လွန်ခဲ့သောအပိုင်းကဏ္ဍ သာသနာခေတ်က ရေးသားခဲ့ပြီးဖြစ်သော သာသနာတော် ၅၀၀-ကျော်လောက်က စ၍ အိန္ဒိယကုန်သည်များ ရွက်လွှင့်ကာ ဝင်္ကသမုဒ္ဒရာကြီး ဖြတ်ကျော်ပြီးလျှင် ဤအရှေ့ဖျားနိုင်ငံများသို့ လာရောက်ကြကာ တစ်စတစ်စ ၎င်းတို့ နေထိုင်လာခဲ့ကြ၍ ၎င်းတို့နှင့် အတူတကွ ဗြာဟ္မဏ

အယူဝါဒများလည်း ပါလာပြီး ၎င်းတို့ဝါဒကြီး တဖြည်းဖြည်း ကျယ်ပြန့်လျက် ဤနိုင်ငံဘက်သို့လည်း ရောက်လာကြသဖြင့် ၎င်းဟိန္ဒူဝါဒအရ ကိုးကွယ်ကြသော သိဝ, ဗိဿနိုး, ဗြဟ္မာတို့ကိုလည်း ကိုးကွယ်လာခဲ့ကြသည့်အပြင် နောက်ခေတ်များ၌ မဟာယာနအယူဝါဒများလည်း ရောနှောလာခဲ့ကြရာ ၎င်းခေတ်က ရှေးဟောင်းအဆောက်အအုံ အထိမ်းအမှတ်တို့မှာ ဗြာဟ္မဏအယူဝါဒအရ ၎င်းတို့ကိုးကွယ်ကြသော မဟာသိဝ, သိဝလိင်္ဂ, ပ-ရဲ့ ဗတီ ပဗ္ဗတီဒေဝီ, ဗိဿနိုး, ဗြဟ္မာတို့၏ ရုပ်တုများအပြင် ဗောဓိသတ္တ အဝလောကိတေသွရ, လောကေသွရ, အမိတာဘာ စသော မဟာယာနရုပ်တုများကိုလည်း တွေ့ရှိရ၍ ၎င်းတို့မှာ အန်ကော်ခေတ်ရှေ့ပိုင်း အဆောက်အအုံ အန်ကောဝပ်ကျောင်းတော်ကြီးမှာပင် တွေ့ရှိလေသည်။

၎င်းပြင် ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်သော ကမ္ဗုဇ-ခမာရာဇဝင်နှင့် အဆောက်အအုံ အထိမ်းအမှတ်ကျောက်စာတို့၌ သာသနာတော် ထွန်းသစ်တောက်ပလာခဲ့ကြောင်း သာသနာတော် ၁,၀၀၀-ကျော်လောက်က ရေးသားခဲ့သည်ကား-

သာသနာတော် ၁,၀၀၀-ကျော်၊ ၁၁-ရာစုရှေ့ပိုင်းတွင် ကမ္ဘောဒီးယား ခမာနိုင်ငံကြီး၌ ကောဏ္ဍညအနွယ် ဇယဝမ္မမင်းတရား အုပ်ချုပ်စိုးစံတော်မူစဉ် နိုင်ငံတော်အဝှန်းတွင် များစွာသော ကျောင်းများ တည်ဆောက်စေကာ သာသနာတော်၌ လှူဒါန်းတော်မူပြီး များစွာသော ရဟန်းသံဃာများနှင့် သာမဏေများတို့ကို ပိဋကတ်ကျမ်းဂန်စာပေများ သင်ကြားကြစေကာ ပိဋကတ်ဓမ္မက္ခန် သမုဒ္ဒရာကြီးဝယ် ကူးခပ်သွားလာ ပညာဗဟုသုတကြီးမားသော မထေရ်ကြီးများ ပေါ်များသည့်အပြင် သာသနာဘာသာအားဖြင့် တူမျှကြသော နိုင်ငံခြားဘာသာ အရပ်ရပ်တို့ကိုလည်း သင်ကြားလေ့လာ အားထုတ်ကြကာ နိုင်ငံခြား ဗဟုသုတအဝဝနှင့် ပြည့်စုံသော ရဟန်းတော်များလည်း အမြောက်အမြား ဖြစ်ထွန်းခဲ့လေသည်။

၎င်းပြင် ဤမင်းလက်ထက် ဤခေတ်က ပိဋကတ်စာပေပညာများနှင့် ဘာသာအရပ်ရပ် ပညာများသာမဟုတ် အထွေထွေသိပ္ပံပညာများ၊ ပန်းချီ, ပန်းပုစသော လက်မှုပညာအရပ်ရပ်များ သင်ကြားပြသသော နိုင်ငံတော်တိုးတက်ရေး ပညာသင်ကျောင်းများလည်း များစွာတည်ဆောက်၍ စေတီပုထိုး, ကျောင်း, ဇရပ်စသော သာသနာဘက်အဆောက်အအုံများ၌ ဗုဒ္ဓယဉ်ကျေးမှုနှင့် စပ်ဆိုင်သော အနုပညာရပ်များဖြင့် မွမ်းမံချယ်လှယ် ခမ်းနားဆန်းကြယ်စွာ ဆောက်လုပ်ကြကာ နိုင်ငံတော်မှ သာသနာအရေးနှင့် နိုင်ငံတော်အရေး ၂-ရပ်စလုံးပင် တိုးတက်ကြီးပွါးသောခေတ်အဖြစ် ရာဇဝင်၌ မှတ်တမ်းတင်ခဲ့လေသည်။

ဤနိုင်ငံသည် တရုတ်ပြည်ကြီးနှင့်လည်း ဆက်သွယ်ရင်းနှီးကာ ဤသို့ စာပေဗဟု-သုတပညာအရပ်ရပ် တတ်မြောက်သော မထေရ်များ ပေါ်များကြောင်း ကျော်ကြားသဖြင့် ၎င်းတရုတ်ပြည်ကြီးမှပင် ပိဋကတ်ဓမ္မကျွန် လိမ္မာကျွမ်းကျင်တတ်မြောက်သော ရဟန်းပညာရှိများ ၎င်းတို့နိုင်ငံသို့ စေလွှတ်ပါရန် တောင်းဆိုဖိတ်မံသည့်အတိုင်း ဤကမ္ဘောဒီးယားကမ္ဘုဇနိုင်ငံမှ ဇယဝမ္မမင်းတရားသည်–

- သာသနာတော် ၁,၁၄၆-ခုနှစ်၌ **အရှင်မန္တသေနမထေရ်မြတ်ကို** အခြံအရံနှင့်တကွ လွှတ်တော်မူပြီးနောက်
- ၁,၁၄၉-ခုနှစ် **အရှင်သံဃပါလမထေရ်မြတ်ကို** အခမ်းအနားနှင့်တကွ လွှတ်တော်မူခဲ့လေသည်။

၎င်းမထေရ်မြတ်တို့ တရုတ်ပြည်ကြီးသို့ ရောက်တော်မူကြသောအခါ ကောင်းမွန်စွာ ဧည့်ခံပြုစုတော်မူကာ ချမ်းသာစွာ နေရာထိုင်ခင်းများ ပေးအပ်နေထိုင် သီတင်းသုံးစေပြီးလျှင် ၎င်းမထေရ်တို့သည် ၎င်းတို့၏လိုအပ်သော အကူအညီအားဖြင့် ပိဋကတ်တော်များကို တရုတ်ဘာသာသို့ ပြန်ဆိုတော်မူကြကာ ၎င်းတရုတ်ဘာသာပြန် ပိဋကတ်တော်များကို ကောင်းမွန်စွာ ပုံနှိပ်လုပ်ဆောင်ပြီး ပီကင်းဗုဒ္ဓဘာသာအဖွဲ့ကြီးက ကောင်းစွာစောင့်ရှောက်ထိန်းသိမ်းကြလျက် ၎င်းပီကင်းပိဋကတ်တိုက်တော်ကြီးတွင် သိမ်းဆည်းထားကြကာ ၎င်းတရုတ်ဘာသာပြန် ပိဋကတ်အစုံကိုလည်း ၎င်းပိဋကတ်အဖွဲ့ကြီးက သတိရစေရန် အထိမ်းအမှတ် လက်ဆောင်တော်အဖြစ်ဖြင့် ခမာနိုင်ငံဘုရင်မင်းမြတ်ထံသို့ ပို့တော်မူခဲ့လေသည်။

၎င်းပြင်လည်း သာသနာတော် ၁,၀၅၇-ခုနှစ်၊ ခမာနိုင်ငံ၊ ထီးနန်းအမွေ ဆက်ခံအုပ်ချုပ်တော်မူခဲ့သော ရုဒြ-ဝရ်မ(ရုဒ္ဒဝမ္မ)မင်းသည် သာသနာတော်ကို အလွန်ကြည်ညိုလေးစား ထူးကဲသောသဒ္ဓါတရားနှင့် ပြည့်စုံတော်မူ၍ တိုင်းပြည်နိုင်ငံတော်အတွင်း၌ များစွာသော ကောင်းမှုကုသိုလ်တော်များ ပြုလုပ်တော်မူကာ သာသနာတော်ကို ထောက်ပံ့ပြုစုတော်မူသည့်အပြင် တိုင်းသူပြည်သား အပေါင်းတို့အားလည်း သာသနာတော်နှင့် စပ်လျဉ်းသော ကုသိုလ်အရပ်ရပ် ပြုလုပ်အားထုတ်စေလျက် သာသနာတော်၏ တိုးတက်စည်ပင်ရေးနှင့် တိုင်းပြည်နိုင်ငံတော်၏ ဝပြောသာယာရေးတို့ကို ရှေ့ရှုတော်မူပြီး နိုင်ငံတော်အုပ်ချုပ်တော်မူခဲ့လေသည်။

၎င်းမင်းတရားလက်ထက် ရာဇဝင်ကဏ္ဍတစ်ရပ် မှတ်သားအပ်သောအကြောင်း ဖြစ်ပွါးခဲ့သည်မှာ ၎င်းမင်းတရားသည် ရှေးမင်းများ အစဉ်အလာအရ တရုတ်ပြည်ကြီးနှင့်

ရင်းနှီးဆက်သွယ်ကာ နိုင်ငံတော်အချင်းချင်းမှာလည်း တစ်ပြည်နှင့်တစ်ပြည် ထိုက်တန်ကောင်းမွန်လှသော လက်ဆောင်ပဏ္ဏာတော်များ ပို့ဆက်ကြသည်တွင် ခမာနိုင်ငံမှာ ထူးကဲမွန်မြတ်လှသော လက်ဆောင်တော်အဖြစ်ဖြင့် ၎င်းမြို့တော်ကြီးတွင် အစဉ်အဆက် ကိုးကွယ်ပူဇော်ခဲ့ကြသော ဗုဒ္ဓမြတ်စွာဘုရား၏ဆံတော်ဓာတ်ကို ဆန်းကျယ်စွာ မွမ်းမံဆင်ယင်လျက် အခမ်းအနားကြီးကျယ်စွာနှင့် တရုတ်ပြည်ကြီးသို့ မိတ်ဆက်အဖွဲ့ကြီး ပို့ဆောင်စေလွှတ်တော်မူခဲ့လေသည်။

ဤသို့ အစဉ်အဆက် နေပြည်တော်ကြီး၌ ကိုးကွယ်တော်မူလာခဲ့သော ဗုဒ္ဓမြွေသရီ ဆံတော်ဓာတ်မြတ်ကို တရုတ်ပြည်ကြီးသို့ မွန်မြတ်လှစွာ ပဏ္ဏာတော် လက်ဆောင်တော် အဖြစ် ပို့ဆောင်တော်မူခဲ့ကြောင်း, ၎င်းခမာနိုင်ငံက ခအိုတိုင်း၊ တုန္နလီဘတီနယ်၌ အခိုင်အမာ ကျောက်စာသံပိုင်းကိုလည်း ရေးထိုးထွင်းထု စိုက်ထူခဲ့ကြောင်း ၎င်းခမာနိုင်ငံ သာသနာဝင်မှတ်တမ်းများ၌ ရေးသားဖော်ပြကြလေသည်။

ဤသို့ သာသနာဝင်မှတ်တမ်းများ၌ ရေးသားဖော်ပြကြသဖြင့် ခမာနိုင်ငံသည် တရုတ်ပြည်ကြီးနှင့် နိုင်ငံတော်အချင်းချင်း ပေါင်းသင်းဆက်ဆံကြကာ သာသနာရေး, သာသနာမှုလည်း အထူးရင်းနှီး ဆက်သွယ်မှုပြုလုပ်ခဲ့ကြကြောင်း ဤမှတ်တမ်းများ ထင်ရှားသဖြင့် ၎င်းတရုတ်ပြည်ကြီးမှာ မူလသာသနာတော် အခြေတည်စက စ၍ မဟာယာန သာသနာအစဉ်အလာအားဖြင့် တည်ထွန်းပြန့်ပွါးလာခဲ့ရာ ၎င်းမှ မဟာယာနအယူဝါဒ ယဉ်ကျေးမှုများ ဤနိုင်ငံသို့ ရောက်ရှိလာခဲ့လိမ့်မည်-ဟု မှတ်ယူအပ်လေသည်။

သို့ဖြစ်၍ ဤခမာနိုင်ငံသာသနာတော်ကား ရှေးဦးစွာ အရှင်သောဏမထေရ်, အရှင်ဥတ္တရမထေရ်တို့ သာသနာပြုကြွရောက်တော်မူသည်မှ စ၍ ထေရဝါဒသာသနာတော်ကိုသာ ယုံကြည်အားထားကြလျက် ထေရဝါဒသာသနာသက်သက် ဤနိုင်ငံ၌ တိုးတက်ကြီးပွါးလာခဲ့ရာ သာသနာတော်အနှစ် ၅၀၀-ကျော်မှာ ဟိန္ဒူအယူဝါဒရှိကြသော အိန္ဒိယတောင်ပိုင်း တိုင်းနိုင်ငံမှ ကုန်သည်များနှင့်တကွ ဗြာဟ္မဏ, ခတ္တိယ အနွယ်ဝံသများလည်း တဖြည်းဖြည်း တစတစ ရောက်ရှိလာကြကာ ၎င်းတို့ဝါဒနှင့် ယဉ်ကျေးမှုများလည်း ဤနိုင်ငံအလုံးလောက် လွှမ်းမိုးဖုံးလာခဲ့သည့်အပြင် ၎င်းတို့တန်ခိုးအာဏာများလည်း ကြီးမားလာခဲ့ကြသဖြင့် ၎င်းတို့ဝါဒဘက်သို့ ဆွဲဆောင်လျက် တည်ထောင်လာခဲ့ကြရာ မူလဗုဒ္ဓ-သာသနာ ထေရဝါဒအယူမှာကား အားနည်းလာပြီး ဘုရင်များလည်း ၎င်းတို့ဝါဒကို ယုံကြည်အားထားလာခဲ့ကြသည့်အတိုင်း ခမာနိုင်ငံအလယ်ပိုင်းခေတ်က အထိမ်းအမှတ်အဆောက်အအုံတို့မှာ ၎င်းတို့ဝါဒအနုပညာများနှင့် အမွှန်းတင်ကာ ဆောက်လုပ်ခဲ့ကြသည်ကိုသာ ယခုအထိ အများပင် တွေ့ရှိကြလေသည်။

ထိုမှတပါး ၎င်း၏အလယ်ပိုင်း ကမ္ဘောဒီးယား ခမာနိုင်ငံ ရာဇဝင်နှင့် သာသနာဝင် မှတ်တမ်းများအရ တရုတ်ပြည်ကြီးနှင့်လည်း နိုင်ငံအချင်းချင်း ဆက်သွယ်ကြကာ သာသနာရေး, သာသနာမှုများမှာလည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အတွဲ့အပြန် လက်ဆောင်ပဏ္ဏာတော်များ ပို့ဆောင်ကြလျက် မိတ်ဆက်အဖွဲ့များ စေလွှတ်ကြကြောင်း တွေ့ရှိကြသဖြင့် ၎င်းတရုတ်ပြည်ကြီးမှ မဟာယာန သာသနာလည်း အစဉ်အလာအရ တစ်စတစ်စ ရောက်ရှိပြန့်နှံ့လာခဲ့ကြရာ ၎င်းတို့ဝါဒအရ ရှေးဟောင်းအဆောက်အအုံများ၌ မဟာယာနအယူရှိသူတို့ ယုံကြည်ကြသော ဗောဓိသတ္တ, အဝလောကိသွရ, အမိတာဘာ-စသော ဘုရားလောင်း ရုပ်တုတော်များလည်း ထုလုပ်ကိုးကွယ်လာကြ၍ အန်ကော်ခေတ်ရှေ့ပိုင်းမှာ မဟာယာနသာသနာနှင့် ဟိန္ဒူအယူဝါဒတို့ လွှမ်းမိုးလာခဲ့လေသည်။

ဤသို့အားဖြင့် ကမ္ဘောဒီးယား ခမာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် ဦးစွာ ပဌမ တည်ရှိလာခဲ့ပြီးသည့်နောက် သာသနာ ၁,၅၀၀-ကျော်လောက်မှာ ဟိန္ဒူဘာသာလည်း ဝင်ရောက်လာခဲ့ရာ ၎င်းဘာသာ ၂-ခုမှာ ဘေးချင်းယှဉ်လျက် တစ်မင်းလက်ထက်မှာ ၎င်းတို့ ညီညွတ်ကြကာ အခြား တစ်လက်ထက်မှာကား ၎င်းတို့ခြားနားကြပြီး အတိုက်အခံဆန့်ကျင်ဘက်ဖြစ်ကာ နေလာခဲ့သည်။ ၎င်းအန်ကော်ခေတ်မတိုင်မီကပင် တရုတ်ပြည်ကြီးမှ မဟာယာနအယူဝါဒများလည်း ဝင်ရောက်လာသောအခါ ၎င်းနိုင်ငံမှာ ဘာသာ ၃-ခု၊ ယှဉ်ပြိုင်လာခဲ့၍ ၎င်းအန်ကော်ခေတ်ရှေ့ပိုင်း၌ မဟာယာနသာသနာက ကြီးမားလွှမ်းမိုးလာခဲ့လေသည်။

၎င်းအန်ကော်ခေတ်ကား သာသနာ ၁၅-ရာစု ၁,၄၀၀-ကျော်လောက်က တည်ထောင်လာခဲ့၍ ၎င်းဟိန္ဒူအယူဝါဒနှင့် မဟာယာနသာသနာတို့ ၎င်းခေတ်ရှေ့ပိုင်းမှာ အားကြီးထွန်းကားလာခဲ့သော်လည်း မူလပဌမတည်ရှိခဲ့သော ထေရဝါဒ သာသနာတော်မှာမူ အစဉ်အလာမပျက် အားနည်းလျက်ပင် တည်ရှိကာ ၎င်းတို့ အလေ့အလာဖြစ်သော ပါဠိဘာသာကိုလည်း အစဉ်အဆက် လေ့ကျင့်လာခဲ့ကြသည့်အပြင် ပိဋကတ်ကျမ်းဂန်များကိုလည်း အနီးအနား တိုင်းနိုင်ငံများဖြစ်သော ထိုင်း(ယိုးဒယား)နိုင်ငံ, မြန်မာနိုင်ငံတို့အတူ လေ့လာသင်ကြားလျက် ရှိနေခဲ့ကြကြောင်း-

၎င်းပြင် ထိုင်းသာသနာ မှတ်တမ်းများ၌လည်း ပါဠိပိဋကတ်များ မွန်, ခမာနိုင်ငံတို့မှ ယူရသည်-ဟု ရေးထားကြသည့်အတိုင်း ၎င်းပိဋကတ်ကျမ်းဂန် တတ်မြောက်တော်မူကြသော မထေရ်အဆက်ဆက်တို့ အစဉ်မပျက် ဆောင်ရွက်တော်မူခဲ့ကြကြောင်း ၎င်းတို့ မှတ်တမ်းများ ထောက်ထား၍ အခိုင်အမာ မှတ်ယူပိုင်းခြားအပ်၏။

၎င်းအန်ကော်နိုင်ငံကြီး တည်ထောင်ပြီးနောက် အလယ်ခေတ်လောက်မှာကား အစဉ်အလာမပျက် ဆောင်ရွက်လာခဲ့ကြသည့်အတိုင်း ၎င်းထေရဝါဒသာသနာတော် တဖန် ထွန်းသစ်လာသဖြင့် ၎င်းအန်ကော်ခေတ်တွင် ဘုန်းလက်ရုံး တန်ခိုးအာဏာကြီးမား, ၎င်းတို့ ရာဇဝင်မှတ်တမ်းက ခမာနိုင်ငံ အသောကမင်းတရားဟု အထူးချီးကျူးရေးသားကြသော သတ္တမမြောက် ဇယဝမ္မမင်းတရားကြီးလက်ထက်တော်မှာ ၎င်း၏သားတော်အရင်းကိုပင် ထေရဝါဒနိုင်ငံဖြစ်သော သီဟိုဠ်ကျွန်းသို့ စေလွှတ်တော်မူကာ ပါဠိပိဋကတ်ကျမ်းဂန် အရပ်ရပ်တို့ကို သင်ယူစေ၍ ၎င်း၌ပင် ဥပသမ္ပဒရဟန်းအဖြစ် သိက္ခာတော်ယူစေခြင်းတို့မှာ ၎င်းမင်းတရားကြီး၏ ထေရဝါဒသာသနာတော်ကို ယုံကြည်ကိုင်းရှိုင်းတော်မူကြောင်းကား ထင်ရှားခိုင်မာသော သာကေဖြစ်သည့်အပြင် ၎င်းရာဇဝင်၌ အစဉ်အလာလည်း ၎င်းထေရဝါဒသာသနာတော်ကို ချီးမြှောက်ထောက်ပံ့တော်မူကာ များစွာသော ကျောင်း, အာရာမ်, စေတီတော်, ပုထိုးတော်များ တည်ထားတော်မူကြောင်း ရေးသားဖော်ပြခဲ့လေသည်။

၎င်းမင်းတရားကြီး နိုင်ငံတော်စိုးစံအုပ်ချုပ်တော်မူကာ ထေရဝါဒသာသနာတော်ကို ချီးမြှောက်ပြုစုတော်မူလျက် ၎င်းလက်ထက်ကုန်လွန်သွားပြီးနောက်လည်း အနှစ် ၂၀၀-လောက် အန်ကော်ခေတ်ကြီးကား ထွန်းကားတည်နေခဲ့ပြီး ထေရဝါဒသာသနာတော်ကိုပင် အစဉ်အဆက် ယုံကြည်အားထားကြသော မင်းများအုပ်စိုးခဲ့သည့်အပြင် သာသနာတော်ဝင် အရှင်မြတ်များတို့လည်း ဗုဒ္ဓဝစနပါဠိဘာသာနှင့် ပိဋကတ်တော်များ မထေရ်အဆက်ဆက် ဆောင်ရွက်တော်မူလာခဲ့ကြောင်း၊ ၎င်းတို့ရာဇဝင်မှတ်တမ်းများ ရေးသားကြသည့်အတိုင်း ၎င်းခေတ်နောက်ပိုင်းမှာ ထေရဝါဒသာသနာတော်သည် ဒကာတော်, ဆရာတော်များ ဖြစ်ကြသော မင်းမြတ်များနှင့်ဆရာတော်မထေရ်မြတ်များတို့ အားထုတ်ပြုစုခဲ့၍ ခိုင်မြဲစွာ တည်လာခဲ့ကြောင်း မှတ်သားအပ်သော သာသနာဝင်ကဏ္ဍတစ်ခု ဖြစ်ခဲ့လေသည်။

၎င်းပြင် ထင်ရှားသော အထောက်အထားမှာကား အနီးအနားဖြစ်သော ထိုင်းနိုင်ငံမှာလည်း သုခေါထိုင်းနိုင်ငံကြီး တည်ဆောက်ပြီးနောက် ထေရဝါဒသာသနာတော် လင်္ကာ-ဒီပ သီဟိုဠ်ကျွန်းမှ ရောက်လာကာ ၎င်းခေတ်မှစ၍ ထေရဝါဒအယူဝါဒ ခိုင်မြဲလာခဲ့ရာ ၎င်းသာသနာကား အနီးအနား တိုင်းနိုင်ငံဖြစ်သော ကမ္ဘောဒီးယား ခမာနိုင်ငံသို့လည်း ပြန့်နှံ့ကာ များသောအားဖြင့် ပါဠိပိဋကတ်များကိုသာ လေ့လာသင်ကြားအားထုတ်ခဲ့ကြောင်း ထိုင်းသာသနာဝင်များ၌ ရေးသားခဲ့လေသည်။

၎င်းပြင် ထိုင်းနိုင်ငံများ၌ ခမာအက္ခရာဖြင့် ရေးသားသောပိဋကတ်တော်များ ဖြင့်သာ သင်ကြားလေ့လာ အားထုတ်လာခဲ့ကြ၍ ၎င်းခေတ်က ထိုင်းယိုးဒယား စေတီပုထိုး

များမှာ ခမာအက္ခရာဖြင့် ရေးသားကြသော ကမ္ပည်းအတ္ထုပ္ပတ်များဖြစ်ကြောင်း အနီးအနားဆုံး သက်သေတစ်ခုမှာ –

ထိုင်း ယိုးဒယားနိုင်ငံတော်တွင် အလွန်ထင်ရှား၍ ယခုတိုင်မူ သာသနာတော်တည်ရှိရာဌာန-ဟု အသိအမှတ် ပြုလာကြသော နခေါင်ပထုမ် ပဌမမြို့တော်ရှိ ရပထုမ်စေတီတော်ကြီး၌ပင် ရှေးဟောင်းနိပါတ် ဇာတ်ဝတ္ထုတော်များနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ အဖြစ်တော်စဉ်များ ထေရဝါဒသာသနာအားလျော်စွာ မှတ်ထိုက်မှတ်ရာသော တရားဓမ္မတို့ကို ကြည့်ရှုမှတ်သားရန် ၎င်းစေတီတော်အဝှန်းရှိ တန်ဆောင်းအာရုံခံများ၌ အားလုံး ခမာဘာသာအက္ခရာများဖြင့် ရေးသားထားသည်ကို ယခုတိုင် တွေ့ရှိနေရပေသည်။

ဤကဲ့သို့ ခမာပိဋကတ်တော်များကို သုခေါထိုင်းခေတ်၊ အယုဒ္ဓယခေတ်အလုံးနှင့် ထိုင်း ယိုးဒယားနိုင်ငံတော်၏ ယခုလက်ရှိ စက္ကရီခေတ်သို့တိုင် ရောက်အောင်ပင် သင်ကြားအားထုတ်ဆောင်ရွက်လာခဲ့ကြရာ –

၎င်းစက္ကရီခေတ် အလယ်လောက်ဖြစ်သော ပဥ္စမမြောက်ရာမဘုရင်မင်းတရားကြီးလက်ထက်မှာ ပိဋကတ်အဖွဲ့တော်ကြီး ဖွဲ့စည်းပြီးလျှင် ပိဋကတ်တော်များ ပုံနှိပ်ထုတ်ဝေကာများစွာသော ပါဠိကျမ်းဂန် စာပေများကိုလည်း ခမာ ကမ္ဘောဒီးယား ဘာသာအက္ခရာမှ ထိုင်း-ယိုးဒယား ဘာသာအက္ခရာသို့ ပြောင်းလဲကာ ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း ၎င်းတို့ရာဇဝင်၌ အထင်အရှား ဆိုထားသည့်အပြင် မျက်မြင်အားဖြင့်လည်း ၎င်းနိုင်ငံပိဋကတ်တော်များ ပုံနှိပ်လုပ်ဆောင်ခဲ့သည့် အတ္ထုပ္ပတ္တိများမှာ ခိုင်မာသော သာဓကများ ဖြစ်လေသည်။

သို့ရာတွင် ဤမျှအရှေ့ဖျား နိုင်ငံများတွင် တန်ခိုးအင်အားကြီးမားခဲ့သော ခမာနိုင်ငံကား သာသနာတော် ၁,၉၄၃-ခုနှစ်နောက်က ရေးသားခဲ့ပြီးဖြစ်သော ထိုင်းလူမျိုးများ ပုန်ကန်ခြားနားကာ ၎င်းတို့၏ ဆက်လက်တိုးတက်ခြင်း အဓိပ္ပါယ်ဖြင့် သုခေါထိုင်းနိုင်ငံကြီး တည်ထောင်လာခဲ့၍ ၎င်းတို့၏ရာဇဝင် တစ်ကဏ္ဍ၌ နိမ့်ကျသောအပိုင်းသို့ ရောက်သွားလျက် နောက်လက်ထက် သာသနာ၂,၀၀၀-ကျော်ခေတ်တလျှောက်မှာ ချဲ့ထွင်အုပ်စိုးလာခဲ့သော တိုင်းနယ်များ လျော့ပါးသွားခဲ့လေသည်။

ဤအန်ကော်ခေတ်ကြီး ပျက်စီးဆုံးပါးခြင်းကား ၎င်းခမာနိုင်ငံ၏ အဆိုးဝါးဆုံးသော ဆုံးရှုံးနစ်နာသော နှစ်ထူးရာဇဝင်ကဏ္ဍတစ်ရပ်အဖြစ် မှတ်သားလျက် ၎င်းမှ စွန့်လွှတ်ထွက်ခွါခဲ့ရပြီး အခြားတစ်ဘက်၌ ၎င်းတို့ မြို့တော်သစ် ပြောင်းရွှေ့ကာ နိုင်ငံသစ်တည်ထောင် အုပ်ချုပ်ပြီးလျှင် ဘုရင်အဆက်ဆက်အုပ်ချုပ်လာခဲ့ကြ၍ တိုင်းပြည်နယ်ပယ် မကျယ်ဝန်းလှသော်လည်း တိုင်းရေးပြည်မှု, သာသနာတော်မှု ပြုစုအားထုတ်လာခဲ့ကြသည့်

အပြင် သာသနာဝင် အရှင်မထေရ်မြတ်များ အဆက်ဆက်မှာလည်း ပိဋကတ်စမွကွန်များ ရှေးအစဉ်အလာအတိုင်း ဆောင်ရွက်တော်မူလာခဲ့ကြရာ ယခုအခါတိုင်အောင်ပင် သာသနာဝင်မှတ်တမ်းမှာ ထေရဝါဒနိုင်ငံတော်တစ်ခုအဖြစ် ထည့်သွင်းမှတ်သားလာခဲ့လေသည်။

ဤမျှဖြင့် ခမာနိုင်ငံသာသနာတော် ၂,၀၀၀-အတွင်းမှ ၂,၀၀၀-ကျော်ခေတ်တိုင်အောင် ဖြစ်ပျက်ခဲ့သော သာသနာရေး, သာသနာမူအကြောင်း အတ္ထုပ္ပတ္တိများကိုကား "နောက်ပစ္စုပ္ပန်ခေတ် သာသနာလည်း ရေးသားလတ္တံ့ဖြစ်၍" ဤတွင် အဆုံးသတ်ထားလျက် ရေးသားရပါသည်။

**ကမ္ဘောဒီးယား (ကမ္ဘူဇ၊ ခမာ)နိုင်ငံ ဗုဒ္ဓနိုင်ငံတော် ၂,၀၀၀-ကျော်ခေတ်**

**ဤတွင် ပြီးပြီ။**

✪ ✪ ✪ ✪ ✪

## ကမ္ဘောဒီးယားခေတ်သာသနာ

ကမ္ဘောဒီးယားနိုင်ငံကား ရှေးက အရှေ့ဖျားတွင် ထင်ရှားခဲ့သော ကျယ်ပြန့်သည့် နိုင်ငံတစ်ခုဖြစ်ခဲ့ရာ ၎င်းဩဇာအာဏာ ပြန့်နှံ့ရာဒေသများကို ရှေးအပိုင်းက ပြဆိုခဲ့ပြီးသော်လည်း ပြောင်းလဲသော နောက်ခေတ်များ မူအားဖြင့် နိုင်ငံရေး, ဘာသာရေးများ ပြောင်းလဲကာ ခေတ်အရ တိုးတက်အောင် အားထုတ်လာခဲ့ကြသည့်အတိုင်း ခေတ်မီနိုင်ငံငယ် တစ်ခုဖြစ်လာခဲ့လေသည်။

ယခုခေတ် ကမ္ဘောဒီးယားနိုင်ငံ၌ နိုင်ငံရေးတည်ထောင်ပြုစုမှု၌လည်းကောင်း၊ ဗုဒ္ဓသာသနာနှင့် သာသနာတော်ပြုစုတည်ထောင်ခြင်းအားဖြင့်လည်းကောင်း ခေတ်အားလျော်စွာ ကြံစည်တွေးဆလောက်အောင် ကြီးပွါးတိုးတက်လာသည်မှာ ဘယ်အကြောင်းကြောင့်ပါနည်း? မေးမြန်းထိုက်သော ပြဿနာတစ်ရပ်၏ တိကျသောအဖြေမှာ –

တိုင်းပြည်လူထုအား ကြီးပွားတိုးတက်ရေး၊ အပြည်ပြည်နှင့် လွတ်လပ်စွာ ပေါင်းသင်း ဆက်ဆံရေးကို ပေးသော ၎င်း၏ကြားနေရေးဝါဒ မြဲမြံသော ခြေကုတ်ရသည့်အပြင်

မွန်မြတ်သောနိုင်ငံရေး ခေါင်းဆောင်ကြီးနှင့် အားထားလေးမြတ် ယုံကြည်စွာ နိုင်ငံတော်၏ သာယာဖွံ့ဖြိုးရေး သာသနာတော်၏ တိုးတက်ထွန်းကားအောင် ရှေ့ဆောင်ကာ စည်ပင် သာယာရေးများ ဦးစီးလျက် အားထုတ်ဆောင်ရွက်နေသော မင်းသားကြီး နိုရိုဒင်သီဟာနော့အား နိုင်ငံတော်၏ ကံကြမ္မာအားလျော်စွာ သမ္မတရာထူးကြီးအားဖြင့် တိုင်းနိုင်ငံအလုံးက ချီးကျူး မြှောက်စားကြခြင်းသည် တိုးတက်ကြီးပွါးရန် အရေးကြီးလှသောအကြောင်းတစ်ရပ် ဖြစ်သည်-ဟု ဖြေကြား ပြောဆိုရပေမည်။

ဂင်းတို့၏ ခေါင်းဆောင်ကြီးဖြစ်သော မင်းသားကြီး နိုရိုဒင်သီဟာနော့သည်ကား နိုင်ငံတော်နှင့် ပြည်သူပြည်သားများအတွက် ဆင်းရဲပြုပြင်ခြင်းနှင့် ပြည်တွင်း, ပြည်ပ ဘေးရန်များမှ တားဆီးပိတ်ပင်ကာ ချမ်းသာကြွယ်ဝ အေးချမ်းသာယာသော နိုင်ငံအဖြစ်သို့ ရောက်အောင် ရှေ့ဆောင်ညွှန်ပြသဖြင့် ဂင်းနိုင်ငံရေးနှင့် ဘာသာရေးများမှာ နီးကပ်စွာ ဆက်သွယ်ပေါင်းစပ်လျက် ရှိသည့်အတိုင်း တိုင်းရေးပြည်ရေး တိုးတက်ကြီးပွါးသလောက် ဗုဒ္ဓသာသနာတော်မြတ်အရေးများလည်း ထွန်းကားစည်ပင်လျက် တိုးတက်ကောင်းမွန် လာခဲ့လေသည်။

သူသည်ကား ကမ္ဘောဒီယားနိုင်ငံတော်၏ ဘုရင်တစ်ဆူကဲ့သို့ ထီးနန်းအရိုက် အရာ ခံယူတော်မူသောအခါကပင်လျှင် ဗုဒ္ဓဘာသာသာသနာတော်မြတ်ကြီးကို နိုင်ငံတော် ဘာသာအဖြစ်ဖြင့် နည်းဥပဒေသ ၈-ချက်အရနှင့် ဆက်ခံရန် နိုင်ငံတော်သို့ အခြေခံဥပဒေ များ ထားရှိခဲ့ရာ ဂင်းသည် ဗုဒ္ဓသာသနာတော်မြတ်ကို ချီးမြှင့်ထောက်ပံ့ရန် မွန်မြတ်လှစွာ သော နှလုံးသားရှိသည့်အားလျော်စွာ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ကြည်ညိုလေးမြတ် ရက်ရောလှသော သဒ္ဓါတရားရှိသည့်အတိုင်း မြောက်မြားလှစွာသော ပစ္စည်းဥစ္စာများ ထောက်ပံ့လှူဒါန်းကာ သာသနာတော်အရေးကို အားပေး ဆောင်ရွက်တော်မူခဲ့လေသည်။

ဂင်းပြင် ထက်သန်ရက်ရောလှစွာ သာသနာတော်မြတ်ကြီး၌ လေးလေးနက်နက် ယုံကြည်အားထားသည့်အတိုင်း မြောက်မြားလှစွာသော ဘဏ္ဍာတော်များ အကုန်အကျ ခံကာ ကြီးကျယ်လှစွာသော ကျောင်းတော်ကြီးများနှင့် စေတီတော်ကြီးများ တည်ထားတော် မူသည့်အပြင် ကြီးကျယ်ခမ်းနားလှစွာသော ဗုဒ္ဓဘာသာတက္ကသိုလ် ကျောင်းတော်ကြီးများနှင့် သာသနာရေး အဆောက်အအုံကြီးများ တည်ဆောက်တော်မူပြီးလျှင် ဘာသာနှင့် သာသနာ တော်မြတ်တို့၏ တိုးတက်ကြီးပွါးရေးလုပ်ငန်း အရပ်ရပ်တို့ကို အားထုတ်လုပ်ကိုင်ပြုစု ထောက်ပံ့တော်မူခဲ့လေသည်။

ထိုမှတပါး ရှေးက ထီးရိုး, နန်းရိုး မင်းမျိုးမင်းနွယ် အစဉ်အလာထုံးစံအရ သာသနာတော်ကို ကိုယ်တိုင်ထမ်းရွက်တော်မူခဲ့ကြသည့်အတိုင်း ဗုဒ္ဓသာသနာတော်ကို ကိုယ်တိုင်ထမ်းရွက်တော်မူပြီး မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်မြတ်၏ လေးနက်သော ဒေသနာတော်ကို ကိုယ်တိုင်သိမြင်ရန်နှင့် နီးကပ်စွာ သင်ကြားအားထုတ်ရန် ဗုဒ္ဓဘာသာများ၏ ကြီးလေးသော ဝတ္တရားရှိသည့်အားလျော်စွာ ခမည်းတော်မင်းတရားကြီးနှင့် မယ်တော်ဖုရားက လိုလားနှစ်သက်တော်မူသောအားဖြင့် သာသနာတော်ဝယ် ဥပသမ္ပဒရဟန်းအဖြစ်သို့ တက်ရောက်တော်မူကာ သာသနာ့ဝန် ထမ်းရွက်တော်မူလျက် ၃-လကျော် ဗုဒ္ဓတရားတော်ကို ရင်းနှီးစွာ လေ့လာအားထုတ်တော်မူခဲ့လေသည်။

ယခုအခါ ကမ္ဘောဒီးယားနိုင်ငံတော်၌ လူဦးရေကား ၆-သန်းကျော်မျှရှိရာ ၁၀၀-မှာ ၉၉-နီးပါးမျှ ဗုဒ္ဓဘာသာများ ဖြစ်ကြပြီး နိုင်ငံရင်းသား လူမျိုးများလည်း များသည့်အတွက် တိုင်းပြည်အုပ်ချုပ်ရေးဘက်မှ ဗုဒ္ဓဘာသာအခြေခံဥပဒေများနှင့် ဗုဒ္ဓဘာသာ ပညာသင်ကြားရေးနှင့် ဗုဒ္ဓဘာသာအနုပညာများအတွက် နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့ဝင် ဗုဒ္ဓဘာသာရေးရာ ဝန်ကြီးများနှင့် အမတ်များ သီးခြားခန့်အပ်ကာ နိုင်ငံတော်အုပ်ချုပ်ရာ၌လည်း ဗုဒ္ဓဘာသာစည်းမျဉ်းဥပဒေသ ပါဝင်စွက်ဖက်လျက် အောက်ပါ စည်းမျဉ်းချက်များအားဖြင့် နိုင်ငံတော်ဘာသာအရ စီမံခန့်ခွဲလေသည်။

## ဗုဒ္ဓဘာသာအဖွဲ့အစည်း စည်းမျဉ်းဥပဒေသ

၁။ ဗုဒ္ဓဘာသာ ကျောင်း, ဘုရား အုပ်ချုပ်ရေးအဖွဲ့

- ၎င်းကို အောက်ပါရုံးများ၌ ဆောင်ရွက်ရန် အစိုးရဂိုဏ်းထူးဖြင့် ယဉ်ကျေးမှုဝန်နှင့်အမတ်များ တည်ထောင်ဖွဲ့စည်းရသည်။

(က) ဆံဒေချ် ပရိး သံဃနာယက (သံဃရာဇာ)၊ သာသနာပိုင်ဆရာတော်

- ၎င်းမှာ နိုင်ငံတော်အတွင်းရှိ ဗုဒ္ဓဘာသာ ရဟန်းတော်များကို အုပ်ချုပ်တော်မူရသည်။
- ၎င်းသံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားသည် အထူးအားဖြင့် အားလုံး ခရိုင်နာယကဆရာတော် (မီခွန်)၊ ပဌမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ အစိုးရ ဘွဲ့တံဆိပ်တော်ရ ရာဇဂဏဖြစ်စေ၊ ရိချိကီန (အစိုးရဘွဲ့တံဆိပ်) ဖြစ်စေ ပါဝင်သည့် ဂိုဏ်းအုပ်ဆရာတော်များကို အုပ်ချုပ်တော်မူရသည်။

( ခ ) ခရိုင်ဂိုဏ်းအုပ်ဆရာတော် (မိခွန်)

- ၎င်းမှာ ခရိုင်နယ်အသီးသီးတွင် ကျောင်း, ဘုရား, စေတီများ အရေးအရာ၌ အုပ်ချုပ်တော်မူရ၍ ၎င်းခရိုင်နယ်အတွင်းရှိ အနုနာယက ဆရာတော်များကိုလည်း အုပ်ချုပ် စီရင်ရလေသည်။

( ဂ ) စီရင်စု တိုင်းနယ် ဂိုဏ်းထောက်ဆရာတော်

- ၎င်းမှာ စီရင်စုတိုင်းနယ်အတွင်းရှိ ရဟန်း, သံဃာများကို အုပ်ချုပ်ရ၍ အထူးအားဖြင့် စီရင်စုနယ်ကျောင်းများ၏ အမှူး (ချောက်အထိကာ)တို့ကို စီမံအုပ်ချုပ်ရသည်။

(ဃ) ကျောင်းထိုင်ဆရာတော်

- ၎င်း(ချောက်အထိကာ) ကျောင်းထိုင်ဆရာတော်များမှာ ကျောင်းတွင်းရှိ ရဟန်း, သာမဏေများကို ၎င်း၏လက်အောက် တိုက်အုပ်, တိုက်ကြပ်ဆရာတော်များထား၍ အုပ်ချုပ်စီမံရသည်။

( င ) ဥပါသကာ-လူဒါယကာ

- ၎င်းကို အာစာရယခေါ်၍ ကျောင်းအသီးသီးအတွက် အစိုးရနှင့် ပတ်သက်သော ကိစ္စများ ၎င်းကိုယ်စား ဆောင်ရွက်ရန် ကျောင်းအသီးသီး၌ ရွေးကောက်တင်မြှောက်ရ၍ လူအဖွဲ့တွင် လူကြီးများနှင့်အတူ ဘုန်းကြီးများကို ကူညီထောက်ပံ့ရလေသည်။

၂။ အကြီးအမှူးအစည်းအရုံး (ကောင်ဆယ်)

- ၎င်းအဖွဲ့မှာ သံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီး အနီးအနား၌ ဘုန်းကြီးအချင်းချင်း ဖြစ်စေ၊ လူနှင့်ဘုန်းကြီးတို့ ဖြစ်စေ၊ သာသနာနှင့်ဆိုင်ရာမှုခင်းကိစ္စ ဖြစ်ပေါ်လာသောအခါ ကူညီ၍ စီရင်ဆုံးဖြတ်ကြရန် ထမ်းရွက်လုပ်ဆောင်ရလေသည်။

၃။ ရဟန်းသံဃာတော်တို့၏ နှစ်လည်အစည်းအဝေးကြီး

- တစ်နှစ်တစ်ကြိမ်ကျ ရဟန်းတော်များ၏ အစည်းအဝေးကြီးရှိ၍ တိုင်းနယ်, ခရိုင်နယ်, ၎င်းတို့နှင့်စပ်သော ဂိုဏ်းအုပ်, ဂိုဏ်းထောက်နာယက ဆရာတော်ကြီးများသည် နိုင်ငံတော်အလုံး၏ ဦးစီးနာယက သံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာဌာန ဖနောန်းပင်မြို့တော်၌ စည်းဝေးတော်မူကြရလေသည်။

၄။ ဗုဒ္ဓဘာသာ ပညာရေးအဖွဲ့

- ၎င်းမှာ ဗုဒ္ဓစာပေကျမ်းဂန် ပညာရပ်များနှင့်စပ်၍ ၎င်း၌ ၃-တန်းခွဲ ခြားထားလေသည်။

(က) ဗုဒ္ဓဘာသာအခြေခံမူလတန်းပညာရပ်များ

- ၎င်းမှာ ၃-နှစ်သင်တန်းကဏ္ဍများ ပိုင်းခြားသတ်မှတ်ထားလေသည်။

(ခ) ဗုဒ္ဓဘာသာအလယ်တန်းပညာ

- ၎င်းမှာ အလယ်တန်းပညာရပ်များဖြစ်၍ ဝိဇ္ဇာလယ (ကောလိပ်)ဝင် အထက်တန်းအထိ ပညာရပ်များဖြစ်သည်။ ၎င်းမှာ ၄-နှစ်သင်တန်း ပိုင်းခြားထားပါသည်။

(ဂ) အထက်တန်း ဗုဒ္ဓဘာသာပညာရပ်များ

- ၎င်းမှာ ယူနီဗာစီတီ အဆင့်အတန်း၌ ဘုန်းကြီးများနှင့် ကိုရင်များအတွက်ဖြစ်၍ ၁၀-နှစ် အပြည့်အစုံဖြစ်သည်။
- ၎င်းမှာလည်း ၃-ပိုင်းခွဲထားလေသည်။

ပဌမ --------------------၃-နှစ်သင်တန်း

ဒုတိယ ------------------၄-နှစ်သင်တန်း

တတိယ ------------------၅-နှစ်သင်တန်း

အပြည့်အစုံ ၁၀-နှစ်ဖြစ်သည်။

အထက် ၃-ဆင့် ပညာရပ်များမှတပါး ဗုဒ္ဓဘာသာသင်တန်းလည်း ရှိသေးသည်။ ၎င်းမှာ ဓမ္မ, ဝိနယ, သိက္ခာ-ဟု ၃-မျိုး ခွဲခြားထားလေသည်။

သိက္ခာမှာ မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်နှင့် ၎င်းကို လိုက်နာကျင့်သုံးရန် နည်းနယဖြစ်သည်။

ဤသင်တန်း အပိုင်းကဏ္ဍမှာ ကမ္ဘောဒီးယားနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း, သာမဏေများ မသင်မနေရသော ပညာရပ်များ ဖြစ်သည်။

၅။ ဗုဒ္ဓဘာသာစာသင်ကျောင်းအဖွဲ့

- ၎င်းအဖွဲ့မှာ အနုပညာဌာနဝန်ကြီး လက်အောက်မှာရှိ၍ ၎င်း၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာနိုင်ငံတော်အလုံးနှင့် ကမ္ဘာတစ်ဝှန်းလုံး တိုးတက်ပြန့်ပွါးရန် ဖြစ်သည်။

- ဤအဖွဲ့မှာ အကြောင်းအားလျော်စွာ အဖွဲ့ငယ် ၃-ခုထားရှိလေသည်။ ၎င်းမှာ-

(က) စာကြည့်တိုက်အဖွဲ့

- ၎င်းမှာ ပေစာဖြစ်စေ၊ စာအုပ်ဖြစ်စေ ပါဠိတော်, အဋ္ဌကထာများ ရှာဖွေစုဆောင်း၍ သင်ခန်းစာ ထုတ်ဝေဖြန့်ဖြူးရန် အမျိုးမျိုးသော စာပေများ ပါဠိနှင့် နိုင်ငံရင်းဘာသာတို့ဖြင့် ပြန်ဆိုရိုက်နှိပ်ထုတ်ဝေရန်ဖြစ်သည်။

(ခ) တိပိဋကအဖွဲ့အစည်း

- ပိဋက ပါဠိတော်များ နိုင်ငံတော်ဘာသာသို့ ပြန်ဆို၍ ရိုက်နှိပ်ဖြန့်ဝေရန် ဖြစ်သည်။

(ဂ) စူးစမ်းရှာဖွေရေးအဖွဲ့

- ၎င်းမှာ စောင့်ရှောက်ထားသင့်သော စာအုပ် စာတမ်း စာပေကျမ်းဂန်များ၊ ရှေးဟောင်း ကမ္ဗုဇနိုင်ငံအကြောင်းအရာများနှင့် ရှေးဟောင်းအနုပညာရပ်များ ရှာဖွေ စုဆောင်းရန် ဖြစ်သည်။

၆။ ကမ္ဗုဇနိုင်ငံတော် ဗုဒ္ဓဘာသာအစည်းအရုံးကြီး

- ၎င်းအဖွဲ့အစည်းကို ဤနိုင်ငံနှင့် နိုင်ငံခြားများမှ ထောက်ပံ့ကူညီရန် ရည်ရွယ်ချက်ဖြင့် သီးသန့်ဖွဲ့စည်းထား၍ အထူးအားဖြင့် ဗုဒ္ဓဟောကြားတော်မူသော တရားတော်များကို တိကျစွာ သင်ယူမှတ်သားနိုင်ရန် ကြံရွယ်ခြင်းရှိလေသည်။

၇။ ဗုဒ္ဓသိပ္ပံ ပညာသည်များ မိတ်ဆွေအဖွဲ့ (မိတ္တ ဗုဒ္ဓိက ဝိဇ္ဇာလယ)

- ၎င်း၌ ကမ္ဘောဇနိုင်ငံတော်ရှိ အမျိုးမျိုးသော ဗုဒ္ဓဘာသာ မှုခင်းကိစ္စများကို ကူညီဖို့ရန် ရည်ရွယ်သော တသီးပုဂ္ဂလအဖွဲ့အစည်းများလည်း ပါဝင်၍ ပဓာနအားဖြင့် နိုင်ငံတွင်းဖြစ်စေ၊ နိုင်ငံခြားဖြစ်စေ ပညာသင်ကြားနေသော ဘုန်းကြီးများ, ကျောင်းသားများ ကူညီထောက်ပံ့ အားပေးရန် ဖြစ်သည်။

၈။ မိဖုရားကြီး၏ ဆေးရုံတော်အဖွဲ့

- ၎င်းမှာ လူများ၏ဆေးရုံမှ သီးခြားဖြစ်၍ မမာမကျန်းရှိတော်မူကြသော ရဟန်း သံဃာတော်များအတွက် အခမဲ့ဆေးပေးလျှဒါန်း ကုသနိုင်ရန် သီးခြား အမှုကိစ္စ ဆောင်ရွက်ရလေသည်။
- ၎င်းမှာ ကမ္ဘောဒီးယားမင်းတရားကြီး ပရိ-ဗတ်-သံဒဆ နိုရိုဒန် သူရမိတ္တဝမ္မနှင့် သံဒဆ ပရိမဟာခတ္တိယာနီကုသုမနာရိရတနာ-အမည်တော်ရှိသော သီဟာ-နေ့မင်းသားကြီး၏ မယ်တော်, ခမည်းတော်များလက်ထက်တော်က တည်ထား၍ ၎င်းတို့ကို ယခု ကျေးဇူးရှင် မယ်တော်ဘုရင်မကြီး၏ အထိမ်း အမှတ်ထား၍ ၎င်းအတွက် အဖွဲ့သီးခြား ဖွဲ့စည်းထားလေသည်။
- ၎င်းအဖွဲ့ကြီးမှာ အပိုင်း ၂-ပိုင်း ခွဲခြားထား၍ ၎င်းတို့မှာ အုပ်ချုပ်ရေးအဖွဲ့နှင့် ဆေးဝါးကုသရေးအဖွဲ့တို့ ဖြစ်လေသည်။
- အုပ်ချုပ်ရေးအဖွဲ့မှ အုပ်ချုပ်ရေးအရာရှိ ၁၅-ယောက်နှင့် အတိုင်ပင်ခံ လူကြီးမင်း ၁၀-ယောက် ခန့်ထား၍ နှစ်တိုင်း ၎င်းလူကြီးများ ရွေးကောက် တင်မြှောက်ရလေသည်။

အုပ်ချုပ်ရေးအရာရှိ ၁၅-ယောက်တို့မှာ -

၁။ ၎င်းအဖွဲ့အကြီးအမှူး ဥက္ကဋ္ဌ - ၁-ယောက်၊
၂။ ၎င်းအဖွဲ့အရံအကြီးအမှူး ဥက္ကဋ္ဌ - ၄-ယောက်၊
၃။ ၎င်းအဖွဲ့ ဘဏ္ဍာတော်ထိန်း - ၁-ယောက်၊
၄။ ၎င်းအဖွဲ့ အတွင်းရေးမှူးချုပ် - ၁-ယောက်၊
၅။ ၎င်းအဖွဲ့ အကူအညီအတွင်းရေးမှူး - ၂-ယောက်၊
၆။ ၎င်းအဖွဲ့ အမှုဆောင်အရာရှိ - ၅-ယောက်–

အားဖြင့် ၁၅-ယောက် ခန့်ထားရလေသည်။



ကမ္ဘောဒီးယား အန်ကောဝပ်ကျောင်းတော်ကြီး

၎င်းဆေးရုံတော်ကို မယ်တော်ဘုရင်မကြီး၏ အထိမ်းအမှတ် ၎င်းအမည်အားဖြင့် "ကုသုမ သံဃဆေးရုံတော်"ဟု အမည်ပေးထား၍ ၎င်းအုပ်ချုပ်ရေးအဖွဲ့မှာ ၎င်းကို ကြည့်ကြပ်အုပ်ချုပ်ရပြီး ၎င်းအဖွဲ့အစည်းတွင် ဆရာဝန်ကြီးတစ်ဦးနှင့် အတွင်းဝန်များအဖွဲ့မှ တစ်ဦး ရွေးကောက်၍ ကျန်ဦးရေမှာ ဌာနအားလျော်စွာ ရွေးကောက်ရလေသည်။

စောင့်ရှောက်ပြုစု ကုသရေးဌာနမှာ ၎င်းပြုစုကုသရသော ကိစ္စအားလျော်စွာ ဌာနနှင့် အခန်းများ ခွဲခြားထား၍ ၎င်းတို့မှာ–

၁။ ဓာတုဗေဒ ဓာတ်ခွဲခန်း ၁-ခု

၂။ ဓာတ်မှန်ရိုက် (အိုက်ဆ်ရေး) ခန်း ၁-ခု

၃။ သဘာဝစောင့်ရှောက်ကုသခန်း ၁-ခု

၄။ ခွဲစိတ်ကုသရာ ဌာနခန်း ၁-ခု

၅။ အပြင်လူမမာ ဆေးပေးခန်း ၁-ခု

၆။ ရောဂါပိုးကုသရာဌာန ၁-ခု

၇။ ဆေးရုံလုပ်သားဌာန ၁-ခု

၈။ လူမမာစောင့်ရန်အခန်း ၁-ခု

၉။ ဆွေးနွေးတိုင်ပင်ခန်း ၁-ခု -

အားဖြင့် အခန်းဌာန ၉-ခုရှိ၍ ၎င်း၌ အိပ်ရာ ၁၅၀-ထားရှိကာ ဆန်းကျယ်ခမ်းနားအအေးခန်း, အနွေးခန်းများလည်း ရာသီဥတုအားလျော်စွာ လျှပ်စစ်ဓာတ်အားနှင့် သာယာစွာ တည်ဆောက်ထားလေသည်။

မိမိ(ကျမ်းပြုဆရာတော်)တို့ ကမ္ဘောဒီးယားရောက်စဉ်က ၎င်း၏ခမ်းနားကြောင်း ပြလိုသဖြင့် ၎င်းအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်အရ လိုက်ပို့ကြ၍ ၎င်းဆေးရုံတော်ကြီးမှာ လေကောင်းလေသန့်ရရာ မြို့နှင့် အနည်းငယ်ခွါလျက် ရှုခင်းသာယာလှသည့်အပြင် ခေတ်မီခမ်းနားလှသောပုံစံအားဖြင့် ရုရှား၏အကူအညီဖြင့် ဆောက်လုပ်ထားသော ဆေးရုံတော်ကြီးဖြစ်လေသည်။

၎င်းတို့သည် အစုံအလင် လိုက်ပြကြသဖြင့် ရှုခင်းပုံစံ အဆောက်အဦး ခမ်းနားကြီးကျယ်သည်နှင့်အမျှ အတွင်းကလည်း အအေးခန်း, အနွေးခန်း, ဆေးပေးခန်း, ဓာတု

ဗေဒခန်း, စောင့်ခန်း, နေထိုင်ခန်း-စသည် ခမ်းနားသပ်ရပ်စွာ ခေတ်အင်ဂျင်နီယာများ တည်ထွင် ဆောက်လုပ်ထားသည်ကို မြင်ရှုကာ ၎င်းဆေးရုံတော်ကြီးကား ကမ္ဘောဒီးယား လူမျိုးများ၏ ထူထောင်ရေးလုပ်ငန်းများနှင့် သာသနာတော်၌ ဤမျှလေးစားစွာ အားထုတ် ဆောင်ရွက်ကြသည်ကို လှိုက်လှိုက်လှဲလှဲ ချီးကျူးမိပါသည်။

## ဘုန်းကြီးကျောင်းနှင့် ဘုန်းကြီးများ

ဘုန်းကြီးကျောင်းမှာ ယခုခေတ် မျက်မှောက်ကာလအတွင်းမှ ဖြစ်ပေါ်သည် မဟုတ်ဘဲ ရှေးဗုဒ္ဓဘာသာတရား ပေါ်ထွန်းစ ခေတ်အခါက ကမ္ဘောဒီးယားနိုင်ငံတော်ရှိ ကျောင်း အချို့တို့မှာ တည်ထားခဲ့ကြ၍ ၎င်းတို့သည် ကောင်းသည်, ဆိုးသည်ဖြစ်စေ၊ ငယ်သည်, ကြီးသည်ဖြစ်စေ ၎င်းတို့ကို နိုင်ငံတော်ရှေးဟောင်းအနုပညာစောင့်ရှောက်ရေးဌာနက အခြေအနေအားလျော်စွာ တာဝန်ထားလျက် အားထုတ်ဆောင်ရွက်လေသည်။

ယခုခေတ်ရှိ ကမ္ဘောဒီးယားဘုန်းကြီးကျောင်းများမှာကား ဆောက်လုပ်သူ ဒါယကာ များ၏ ပစ္စည်းအင်အားနှင့် သဒ္ဓါတရားအားလျော်စွာ ခေတ်ဆန်သော ပုံစံသစ်များဖြင့် ဆောက်လုပ်ကြ၍ ဟောင်းမြင်းယွင်းယိုသော ကျောင်းအိုများကို ပြင်ဆင်ရာ၌လည်း ရှေးနည်းများ မသုံးကြဘဲ ခေတ်ဆန်ဆန် အင်္ဂတေများဖြင့် အသစ်မွမ်းမံပြင်ဆင် ဆောက် လုပ်ကြလေသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ရှေးနှစ်ပေါင်း ၂,၀၀၀-ကျော်ကပင် သာသနာတော် ထွန်းပ, ကျောင်းအာဝါသများ ဆောက်လုပ်လာခဲ့ကြသည့်အားလျော်စွာ ယခုအခါတွင် ကမ္ဘောဒီးယားနိုင်ငံ ဘုန်းကြီးကျောင်းမှာ ၂,၈၅၀-ရှိ၍ ရဟန်း, သာမဏေပေါင်းမှာ ၅၃,၅၀၉- ပါးရှိသဖြင့် ပျမ်းမျှအားဖြင့် ၁-ကျောင်းလျှင် ၁၈-ပါးကျ နေထိုင်သီတင်းသုံးကြလေသည်။

ဤကမ္ဘောဒီးယား သံဃာဦးရေမှာ တစ်ခေတ်နှင့်တစ်ခေတ် အနည်းငယ်ကွာခြား မည်ဖြစ်ရာ မိမိတို့အစည်းအဝေးရောက်စဉ်က စုံစမ်းမေးမြန်းရာ ယခုအခါ ကမ္ဘောဒီးယား နိုင်ငံတော်၌ တောရောမြို့ပါ ကျောင်းပေါင်း ၄,၀၀၀-ကျော်ရှိ၍ ရဟန်း, သာမဏေ ၇၀,၀၀၀-ကျော်ရှိကြောင်း ပြောပြသည်ကို မှတ်သားခဲ့ရ၍ ထိုမှတပါး အချို့ရေးသားသော ၎င်းကမ္ဘောဒီးယားအကြောင်း စာတမ်းများ၌ ၈၀,၀၀၀-ကျော်မျှ ရှိကြောင်း ရေးသားသည်ကို တွေ့ရသည်မှာ မှတ်သားချက်ကွာ၍သာဖြစ်ရပါမည်။

မည်သို့ပင်ဖြစ်စေ ထိုင်း-ယိုးဒယား နိုင်ငံများနှင့် ၎င်းတို့နီးစပ်သော နိုင်ငံများမှာ နိုင်ငံနှင့်ဘာသာထုံးစံအရ ယောကျ်ားမှန်သမျှ မြန်မာနိုင်ငံ၌ ရှင်ပြုလေ့ ရှိကြသကဲ့သို့ ရဟန်းအဖြစ် သာသနာ့ဘောင်တွင် ကိုယ်တိုင်ဝင်လျက် ထမ်းရွက်လေ့ရှိကြ၍ အချို့မှာ အတော်ကြာအောင် နေထိုင်ကြ၍ အချို့မှာ မကြာသော်လည်း အနည်းဆုံး ၁-ဝါမျှ နေထိုင်ကြသဖြင့် တစ်ခေတ်နှင့်တစ်ခေတ် ရဟန်း, သာမဏေဦးရေမှာ ညီမျှနိုင်မည် မဟုတ်ပေ၊ သို့ရာတွင် ကျောင်းပေါင်းမှာကား တစ်ခေတ်နှင့်တစ်ခေတ် ကွာခြားမည်မဟုတ်၍ အမှတ်အသားကွာခြားသည်-ဟု မှတ်သားရပါမည်။

## ဘုန်းကြီးကျောင်းနှင့် နိုင်ငံသား

ကမ္ဘောဒီးယားနိုင်ငံ၌ ရှေးနှစ်ပေါင်း ၂,၀၀၀-ကျော်က ၎င်းနိုင်ငံတော်တည်ထောင်စအခါသမယမှာပင် ဗုဒ္ဓဝါဒအယူရှိသူများ ပါလာကြ၍ ထိုမှနောက် တစ်စတစ်စအရေအတွက် များလာကြပြီး၊ တဖြေးဖြေး အယူဝါဒလေးနက်ကာ ဗုဒ္ဓသာသနာတော် အမြစ်စွဲလျက် ခိုင်မြဲလာကြရာ ၎င်းတို့ ကိုးကွယ်အားထားရာ ကျောင်းပုထိုး စေတီများ အများအပြားတည်ထောင် ပြုစုလာခဲ့လေသည်။

ယခုအခါ၌ကား အိမ်ခြေ ၅၀, ၆၀-မျှရှိသော ရွာကလေးတိုင်းမှာလိုပင် ဘုန်းတော်ကြီးကျောင်း အနည်းဆုံး ၁-ကျောင်းမျှ ရှိနေကြ၍ ၎င်းနိုင်ငံသားလူအများကလည်း ၎င်းတို့အနီးအနား ကျောင်းများရှိနေဖို့ လိုလားတောင့်တကြသဖြင့် ၎င်းတို့ဥစ္စာအင်အားနှင့် သဒ္ဓါတရားအားလျော်စွာ ကျောင်းများဆောက်လုပ်လှူဒါန်းကြကာ ၎င်းတို့၏ဆန္ဒမှာလည်း ၎င်းကျောင်းများသည် ယခုဘဝအတွက်မှာ ကိုယ်ကျင့်တရား စောင့်ရှောက်ထိန်းသိမ်းခြင်းအားဖြင့် မှီခိုရာ, နောင်သံသရာအတွက်လည်း အားထားရာ-ဖြစ်ကြောင်း ယုံကြည်ကြလေသည်။

ဤအကြောင်းများကြောင့်ပင် ဤမျှ လူဦးရေနည်းပါးသော နိုင်ငံကလေးမှာ ဤမျှလောက် ကျောင်းပေါင်းများပြား၍ ဤမျှလောက် ရဟန်းသံဃာတော်များ ထောက်ပံ့လှူဒါန်းနိုင်ကြသည်မှာ ငြင်းဆိုဖွယ်မရှိသည်ကား ဦးရေအားဖြင့် ၁၀၀-မှာ ၉၉-ယောက်မျှ ဗုဒ္ဓဘာသာလူဦးရေရှိကာ ၅-သန်းကျော်လူဦးရေမှာ ဗုဒ္ဓဘာသာဖြစ်ကြသဖြင့် ၎င်းတို့သည် လွတ်လပ်သောတိုင်းပြည် ဖြစ်သည့်အားလျော်စွာ ဝ,ပြောသာယာ၍ သဒ္ဓါထက်သန်ရက်ရောကြသောကြောင့်လည်း ကျောင်း, ဘုရား, စေတီပုထိုး ပေါများလှသော နိုင်ငံတစ်ခုဖြစ်လေသည်။

## ကျောင်း, ကန်, ဘုရား- ကမ္ဘောဒီးယား

ကျောင်း, ဘုရားပေါင်းများသော ဤနိုင်ငံမှာ အောက်ပါအကြောင်းများကား ပဓာနအားဖြင့် မှတ်သားရန်ဖြစ်သည်။

၁။ ဘုန်းကြီးကျောင်းများသည် -

ဤနိုင်ငံတော်၌ ဗုဒ္ဓဘာသာတော်နှင့် အယူဝါဒခိုင်မြဲစွာတည်ရှိခြင်း၏ အကြောင်းရင်း အခြေခံဖြစ်၍ နိုင်ငံသူ, နိုင်ငံသားလူအများကလည်း ၎င်းဘုန်းကြီးကျောင်းကို အားထားမှီခို နေထိုင်ကြလေသည်။

၂။ ဘုန်းကြီးကျောင်းများသည် -

ရှေးအခါက အတတ်ပညာအမျိုးမျိုးသင်ကြားရာ ဌာနဖြစ်၍ ၎င်း၌ စာပေကျမ်းဂန်အတတ်၊ အတွက်အချက် ဂဏန်းသင်္ချာအတတ်၊ ပန်းချီဆေးရေး-စသော အနုပညာအတတ်၊ ဆေးဝါးကုသခြင်း ဘေသဇ္ဇပညာ၊ ဓမ္မသတ်၊ ရာဇသတ်-စသော ဥပဒေပညာ အရပ်ရပ်တို့ကို သင်ကြားအားထုတ်ကြရ၍ တောနယ်များ၌ အသက်မွေးဝမ်းကျောင်း ပညာများ ဘုန်းကြီးကျောင်းကိုပင် အားထားရလေသည်။

၎င်းအတတ်ပညာများ သင်ကြားရန် ဘုန်းကြီးကျောင်းမှတပါး အခြားကျောင်းများမရှိဘဲ ၎င်း၌ စာပေအရေးအသား အဖတ်, အရွတ် သင်ကြားတတ်မြောက်ပြီးနောက် ဗုဒ္ဓစာပေပိဋကတ်များကို သာသနာ့ဝန်ထမ်း၍ ဗုဒ္ဓဝါဒတရားတော်ကို ကြည်ညိုလေးစား ထမ်းရွက်သည့်သူများသာ သင်ကြားကြ၍ လူမှုရေးရာ အသက်မွေးဝမ်းကျောင်း ပညာများကို လိုလားသူများအား လိုလားရာ ပညာရပ်များ သင်ကြားပေးကြသည်။

အထက်ဝန်းကျင်ပတ်လည်ရှိ လူများ၏ စိတ်မချမ်းသာမှုကြောင့်ဖြစ်သော ရောဂါစုကို ကုစားရာဌာနဖြစ်၍ အကြောင်းအားလျော်စွာ စိတ်အနှောင့်အယှက် ရှိလာကြကာ မချမ်းသာမှုရှိခဲ့ပါလျှင် ဘုန်းကြီးများထံသို့ပင် ချဉ်းကပ်ကာ လျှောက်ထားကြသဖြင့် ဘုန်းတော်ကြီးများက တရားဓမ္မဟောပြ ဖြေဖျောက် စိတ်၏ အနှောင့်အယှက် ကင်းအောင် ဖြေရှင်းပေးရလေသည်။

၃။ ဘုန်းကြီးကျောင်းများသည် –

အနီးအနားပတ်ဝန်းကျင်ရှိလူများ၏ ပျော်မွေ့ရွှင်လန်း အေးချမ်းသာယာလှသော ဉယျာဉ်ကြီး တစ်ခုလည်း ဖြစ်လေသည်။ ၎င်းမှာ တစ်စုံတစ်ရာကြောင့် အများနှင့်မဆက်ဆံချင် မရွှင်မပျ ငြီးငွေ့လှသောအခါ ကျောင်းဘုရားသို့ သွားကာ အပန်းဖြေ နားနေရာဌာနတစ်ခု-ဟု လူအများ မှတ်ထားကြလေသည်။

၄။ ဘုန်းကြီးကျောင်းများသည် –

လူများ၏ ကိုယ်ကောင်များ နိုင်ငံအားလျော်စွာ မြှုပ်နှံရာဌာနတစ်ခုလည်း ဖြစ်လေသည်။ လူမျိုးထုံးစံအရ လူများကွယ်လွန်ကြလျှင် အခြားနိုင်ငံများကဲ့သို့ မြှုပ်နှံသင်္ဂြိုဟ်ရာ သုသာန်မရှိဘဲ ဘုန်းကြီးကျောင်းများတွင် သင်္ဂြိုဟ်ရာဌာနထား၍ မီးများသင်္ဂြိုဟ်ပြီး အရိုးပြာများ ယူထားကြကာ တတ်နိုင်သောအခါ ၎င်းမိဘဆွေမျိုးများ၏ အရိုးပြာတို့ကို ဌာပနာလျက် ဘုန်းကြီးကျောင်းမှာပင် အရိုးအိုးတည်လေ့ရှိသည်။ ကမ္ဘောဒီးယားတို့သည် အသက်ရှင်စဉ်အခါတွင်သာ ဘုန်းကြီးကျောင်းများကို အားထားကြသည် မဟုတ်သေးဘဲ ဘဝဆုံး, သေဆုံးသည်အထိ ၎င်းကိုပင် အားထားကြလေသည်။

၅။ ဘုန်းကြီးကျောင်းများသည် –

လူအများ၏ ကောင်းမှုကုသိုလ်များ ချထားစိုက်ပျိုးရာ ဘဝသံသရာအတွက် လယ်ယာခြံမြေများဖြစ်၍ ၎င်းတို့ယုံကြည်အားထား သဒ္ဓါတရားနှင့် ပစ္စည်းအင်အား အလျောက် ၎င်း၌ ရက်ရောစွာ လှူဒါန်းကြလျက် ဒါနမျိုးစေ့များ ချထား စိုက်ပျိုးလေ့ရှိကြသည်။

## ကမ္ဘောဒီးယားနိုင်ငံတော်၏ အဓိပတိ မဟာနိကာယဂဏသာမိ သံဃဆပရိ မဟာ-သုမေဓာဓိပတိ ဂဏမဟာနာယက-ဘွဲ့တံဆိပ်တော်ရ သာသနာပိုင်ဆရာတော် ထေရုပ္ပတ္တိအကျဉ်းချုပ်

၎င်းသံဃရာဇာ မဟာသုမေဓာဓိပတိဂဏမဟာနာယက-သာသနာပိုင်ဆရာတော်ဘုရားကြီးကား သီလ, သမာဓိဂုဏ်အားဖြင့်လည်းကောင်း၊ ထက်မြက်စူးရှသော ပညာဂုဏ်အားဖြင့်လည်းကောင်း၊ သာသနာတော်ရေး သာသနာတော်မှု ပြုလုပ်အားထုတ်တော်မူသော လုံ့လဝီရိယဂုဏ်အားဖြင့်လည်းကောင်း နိုင်ငံတော်နှင့် တိုင်းတပါး နိုင်ငံခြားသို့တိုင် ကျော်ကြားတော်မူသော နိုင်ငံတော်အဓိပတိ နိုရိုဒင် သီဟာနုမင်းသားကြီးနှင့်တကွ

တိုင်းပြည်အလုံး ညွတ်ကိုင်းကြသော ယခုမျက်မှောက်ကာလတွင် အထင်ရှားဆုံး သာသနာတော်၏ တိုးတက်မှု ဆောင်ရွက်တော်မူသော နိုင်ငံတော်၏ ဦးကိုင်ဆရာတော်ကြီးတစ်ပါး ဖြစ်တော်မူလေသည်။

ယခုမျက်မှောက် ကမ္ဗောဒီးယားနိုင်ငံတော်ခေတ် သာသနာအကြောင်းရပ်၌–

၎င်းဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိနှင့် ဆောင်ရွက်တော်မူသည့် သာသနာအတ္ထုပ္ပတ္တိတို့ကား ချန်လှပ်၍ မဖြစ်နိုင်သည့် အရေးကြီးသောကဏ္ဍတစ်ရပ် ဖြစ်နေသဖြင့် အကျယ်ပင် မရေးသားနိုင်သည်မှာ ချို့ယွင်းချက်တစ်ရပ်-ဟု ထင်စရာ ရှိနေသော်လည်း ၎င်းအတ္ထုပ္ပတ္တိ သက်သက် ရေးသားခြင်းမဟုတ်ဘဲ သာသနာ့အဖြစ်တစ်ရပ် အနေထား၍ အကျဉ်းမျှသာ ရေးသားရပါမည်။

ဤကမ္ဗောဒီးယားသာသနာပိုင်ဆရာတော်ကြီးသည် ယခုအခါ သက်တော် ၈၃-နှစ်၊ သိက္ခာတော် ၆၂-ဝါရှိတော်မူသော်လည်း သာသနာတော်အရေးကိစ္စများ၌ အားထုတ်ဆောင်ရွက်တော်မူလျက် ရှိနေတော်မူသည်မှာ သာသနာ့ဝင်တွင် အံ့ဩဖွယ်ရာတစ်ရပ်ဖြစ်၍ အထူးမှတ်သားအပ်သည့် ၎င်း၏ စရိတအတ္ထုပ္ပတ္တိတော်ကား–

ဆရာတော်ဘုရား၏ မိဘဇာတိဌာနမှာ ကမ္ဗောဒီးယားနိုင်ငံတော်တွင် ခရိုင်တစ်ခု ဖြစ်သော ကွန်ပုံစဝိ ခရိုင်၊ ကွန်ဝိစိမြို့ပိုင်၊ ရိုကာကွန်တိုက်နယ်၊ ကမ်မရိယန်းရွာဖြစ်၍ ၎င်းရွာ၌ ထင်ရှားသော ကျောင်းဒကာ၊ ကျောင်းအမဖြစ်ကြသည့် ခမည်းတော် ကျဝန်နှင့် မယ်တော် ယုန်-တို့မှ သာသနာ ၂,၄၂၇-ခု၊ ခရစ် ၁,၈၈၃-ခုမှာ သာသနာပိုင်လောင်း သားကောင်းရတနာ ဖွားမြင်ကာ အမည်နာမကား ၎င်းနိုင်ငံ ထုံးစံအားဖြင့် အဘနာမည် အရင်းထားလျက် ကျဝန်နတ်-ဟု မှည့်ခေါ်ကြလေသည်။

၎င်းလူငယ် ၁၀-နှစ်အရွယ်မှာ မိဘ ၂-ပါးတို့သည် ၎င်းတို့ ကိုးကွယ်ဆည်းကပ်သော ၎င်းရွာ ကင်မရိယန်းကျောင်းဖြစ်သော ဗောဓိပရိတ် (ဗောဓိရုက္ခာရာမ) ကျောင်းတိုက်တွင် အရှင်ဘဒ္ဒန္တဗုဒ္ဓဃောသာစရိယနှင့် အရှင်ဘဒ္ဒန္တသုဝဏ္ဏပညာမထေရ် ၂-ပါးတို့ထံ အပ်နှံပညာသင်ကြားစေရာ ကမ္ဗောဒီးယားဘာသာနှင့် ပါဠိစာပေများကို အားထုတ်ဆည်းပူးခဲ့လေသည်။

သူ၏အသက် ၁၄-နှစ်ရောက်သောအခါ ၎င်းဗောဓိပရိတ် ဗောဓိရုက္ခာရာမကျောင်းတိုက်၌ပင် မယ်တော်, ခမည်းတော်တို့က သာမဏေရပဗ္ဗဇ္ဇမင်္ဂလာပြုကာ ဆရာတော်အရှင်ဘဒ္ဒန္တဗုဒ္ဓဃောသာစရိယမထေရ်အား ဥပဇ္ဈာယ်ပြုလျက် သာမဏေအဖြစ် တက်ရောက်၍ ၎င်းအားဆရာတော်ဘုရားက ရှင်ဇောတညာဏ-ဟု ဘွဲ့မည်ပေးထားလေသည်။

၎င်းဆရာတော်ထံတွင် သဒ္ဒါ၊ သင်္ဂဟ စသော ပါဠိအခြေခံကျမ်းစာများ သင်ကြားပြီးနောက် သက်တော် ၁၆-နှစ်ရောက်သောအခါ သာမဏေ ရှင်ဇောတညာဏသည် ရဟန်းဘဝသို့ မျှော်မှန်းကာ အထက်တန်းစာပေများ သင်ကြားအားထုတ်လိုသောကြောင့် ဖနွမ်းပင်မြို့တော်သို့ ကြွရောက်တော်မူပြီး ဥဏ္ဏာလုံကျောင်းတိုက်တော်ကြီး၌ အထက်တန်း ပါဠိစာပေ ပညာ၊ ပါဠိကျမ်းဂန်တို့ကို လေ့လာသင်ကြား အားထုတ်တော်မူခဲ့လေသည်။

ထိုသို့သင်ကြားအားထုတ်နေတော်မူလျက် အသက် ၂၁-နှစ်သို့ ရောက်လာ၍ ဥပသမ္ပဒရဟန်းပြုချိန် ရောက်သဖြင့် မယ်တော်, ခမည်းတော်တို့ထံ ပြန်လည်တော်မူကာ ယင်းမိဘ ၂-ပါးတို့ကပင် ရဟန်းဒကာပြု၍ ဥပဇ္ဈာယ်ဆရာရင်းဖြစ်သော အရှင်ဘဒ္ဒန္တဗုဒ္ဓ-ဃောသာစရိယမထေရ်မြတ်အား ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သောရဟန်းဘဝ ဥပသမ္ပဒ အဖြစ်သို့ တက်ရောက်တော်မူခဲ့လေသည်။

ဤသို့ ဇာတိရပ်ရွာ ဆရာတော်ဘုရားထံမှ ဥပသမ္ပဒရဟန်းအဖြစ် ရပြီးနောက် မိမိအားထုတ်သင်ကြားနေထိုင်ရာဖြစ်သော ဖနွမ်းပင်မြို့တော် ဥဏ္ဏာလုံကျောင်းတိုက်တော်ကြီးသို့ပင် ပြန်လာတော်မူပြီး အထက်တန်း ပရိယတ်စာပေများ အထူးကြိုးစားအားထုတ်သင်ကြားလာခဲ့ရာ သိက္ခာတော် ၉-ဝါမှာ ဖနွမ်းပင်မြို့တော် ဘုရင်မင်းတရား နန်းတော်အနီး ငွေတန်ဆောင်းတော်ကြီး၌ နှစ်စဉ် ကျင်းပမြဲ, ကျင်းပသော နိုင်ငံတော်တွင် အခက်ခဲဆုံးဖြစ်သော အထက်တန်း စာသင်တန်းစာမေးပွဲကြီး၌ ဝင်ရောက်ဖြေဆိုရာ အမှတ်အများဆုံးဖြင့် အောင်မြင်တော်မူခဲ့လေသည်။

၎င်းပါဠိအခြေခံ ပါဠိစာသင်တန်း အောင်မြင်တော်မူပြီး နောက်တစ်နှစ်မှာ အထက်တန်း ပါဠိ, ဓမ္မာစရိယစာချတန်းကို ဆက်လက်ကြိုးစား အားထုတ်သင်ကြား ဝင်ရောက်ဖြေဆိုရာ နှစ်ချင်းပင် တစ်ပြည်လုံးတွင် အမှတ်အများဆုံး အမှတ်(၁)ဖြင့် အောင်မြင်တော်မူသည့်အတွက် နိုင်ငံတော်၏ ပါဠိအထက်တန်းကျောင်းကြီးတွင် နောက်တစ်နှစ်မှာ ပါမောက္ခဆရာအဖြစ်ဖြင့် ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရ၏ လျှောက်ထားချက်ကို လက်ခံတော်မူကာ ၎င်းကျောင်းကြီး၌ ပါမောက္ခအဖြစ် ဆောင်ရွက်တော်မူခဲ့ရလေသည်။

ဤသို့ ပါမောက္ခအဖြစ် ဆောင်ရွက်အားထုတ်လျက် ၎င်းကျောင်းတော်ထဲ၌ ဆက်လက် သင်ကြားပြသနေတော်မူခဲ့ရာ လိုအပ်သောအရာများ ရှိနေသဖြင့် ယခု မြောက်ဗီယက်နမ် ဟနွိုင်မြို့တော် အိကိုလ်-ဒီ-အက်ဆ်ထရိန်း အိုရီယင်းတ် ကျောင်းတော်ကြီးသို့ သွားရောက်ကာ ၎င်း၌ သက္ကတဘာသာရပ်များနှင့် ရှေးဟောင်းကျောက်စာများကို လေ့လာအားထုတ်သင်ကြားလျက် ၂-နှစ် သီတင်းသုံးတော်မူခဲ့လေသည်။

ထိုမှတပါး ကမ္ဘောဒီးယားနိုင်ငံတော် ပိဋကတ်ပါဠိတော်နှင့် အဋ္ဌကထာများ၊ ဋီကာများကို ကမ္ဘောဒီးယားဘာသာသို့ ပြန်ဆိုသော တိပိဋကဘာသာပြန်အသင်းကြီး၌ အရေးပါအရာရောက်သော ဆရာတော်အမှူးဆောင်အဖြစ်ဖြင့် ဆောင်ရွက်တော်မူရသည့်အပြင် အထက်တန်းပါဠိတက္ကသိုလ်ကြီးတွင်လည်း အကူ ဒုတိယပါမောက္ခချုပ်ဖြစ်တော်မူ၍ ၎င်းကျောင်းကြီး၏ တိုးတက်ကြီးပွါးအောင် အားထုတ်ဆောင်ရွက်တော်မူခဲ့လေသည်။

၎င်းနောက် လာအို (လော)နိုင်ငံ လောန်ပရာဘန်မြို့နှင့် ဗီယင်းတီယန်းမြို့သို့ ကြွတော်မူကာ သာသနာရေးကိစ္စများ ဆောင်ရွက်တော်မူပြီး ကိုချင်ချိုင်းနား ဗီယက်နမ်ရှိ ကမ္ဘောဒီးယား ရဟန်းတော်များကို သွားရောက် စစ်ဆေးကြည့်ရှုတော်မူ၍ ၎င်း၌ သာသနာတော် သန့်ရှင်းကောင်းမွန်အောင် အားထုတ်ဆောင်ရွက်တော်မူခဲ့လေသည်။

၎င်းပြင် ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံရှိ ပညာရေးဌာန၏ အတိုင်ပင်ခံဆရာတော်အဖြစ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ပညာရေးဌာနကြီး၏ အတိုင်ပင်ခံအဖြစ်ဖြင့် ဆောင်ရွက်တော်မူရသည့်ပြင် ၁,၉၄၂-ခုနှစ်မှာ နိုင်ငံတော်အထက်တန်း ပါဠိတက္ကသိုလ်ကျောင်းတော်ကြီး၏ ပါမောက္ခချုပ်အဖြစ် တင်မြှောက်ကြခြင်းကို ခံယူတော်မူကာ ၎င်းမှာ အုပ်ချုပ်နေတော်မူစဉ်ပင် ၎င်းနှစ်တွင် ဖနွန်းပင်မြို့တော် ဥဏ္ဏာလုံကျောင်းတိုက်ကြီး၏ မဟာနာယကအဖြစ် တင်မြှောက်ခြင်းကိုလည်း ခံယူတော်မူရလေသည်။

ထိုစဉ်အခါ သိက္ခာတော် ၃၇-ဝါရှိ မဟာထေရ်ဖြစ်တော်မူ၍ ၎င်းကျောင်းတိုက်ကြီး၏ ဦးစီးနာယကအဖြစ် အုပ်ချုပ်တော်မူခဲ့ရာ ၎င်းကျောင်းတိုက်တော်ကြီးမှာ တိုးတက်စည်ကား ကြီးပွါးလာခဲ့သည့်အလျောက် ယခုအခါ ၎င်းကျောင်းတိုက်တော်ကြီး၌ ကျောင်းပေါင်း ၄၆-ကျောင်းမျှရှိ၍ ရဟန်း သံဃာတော်ကား ၅၀၀-ကျော်မျှရှိလာလေသည်။

၎င်းနှစ်မှ ၁,၉၄၈-ခုနှစ်အထိ ဟန္နိုင်မြို့ရှိ အက်ကိုလ်ဖရ်စီယာဒီအက်ဆ်ထရိန်အိုရီယင်းတ်-ကောလိပ်ကျောင်းကြီး၏ ဂုဏ်ထူးဆောင် ကြီးကြပ်ရေးဆရာတော်အဖြစ် ဆောင်ရွက်တော်မူရ၍ ကမ္ဘောဒီးယားနိုင်ငံ ဓမ္မဝိနယကျောင်းများတွင် အသုံးပြုရန် စာအုပ်ပြဋ္ဌာန်း သတ်မှတ်ရေးနှင့် စာအုပ်ထုတ်ဝေဖြန့်ဖြူးရေးဌာန အဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့လေသည်။

ဤသို့ ဆရာတော်ဘုရားကြီးသည် သာသနာတော်မြတ်၏အကျိုးကို ကိုယ်နှင့်အသက် ငဲ့ကွက်ထောက်ထားခြင်းမရှိဘဲ ထက်မြက်သော ဉာဏ်ပညာ၊ မြင့်မြတ်သော သီလ, သမာဓိ၊ ကြီးမားလှသော လုံ့လ ဝီရိယတော်ဖြင့် ဆောင်ရွက်တော်မူသောကြောင့် ကမ္ဘောဒီးယားနိုင်ငံတော်အစိုးရက "မဟာသုမေဓာဓိပတိဂဏနိကာယ" ဟူသော ဘွဲ့တံဆိပ်တော်မြတ် ဆက်ကပ်လှူဒါန်းတော်မူလေသည်။

ဝင်းနောက် ဘုရင်မင်းမြတ်သည် ဤမျှလောက် သေးငယ်သော ဘွဲ့တံဆိပ်တော်ကား ဆရာတော်ဘုရား၏ သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့်စာလျှင် မထိုက်တန်လှ-ဟု ယူဆတော်မူလျက် ထိုထက်ကြီးမား ထူးမြတ်သည့် သာသနာ့သမ္မုတိနတ် အဓိပ္ပါယ်ရှိသော "သံဃ ဘဒန္တ မဟာသုမေဓာဓိပတိဂဏမဟာနိကာယ"ဟူသော သံဃရာဇာ သာသနာ့ဦးကိုင် သာသနာပိုင်ဘွဲ့တံဆိပ်တော်မြတ်ကို ၁,၉၅၀-ခု၊ ဧပြီလ ၁၈-ရက်နေ့၊ ကမ္ဘာ့ဒီးယားနိုင်ငံတော် ဘုရင်သမ္ဘတမင်းသားက ဆက်ကပ်လှူဒါန်းတော်မူကာ သာသနာပိုင်ဆရာတော်အဖြစ် တင်မြှောက်တော်မူခဲ့လေသည်။

ဤသို့နိုင်ငံတော်၏ အမြင့်မြတ်ဆုံး သာသနာ့ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူသော သာသနာပိုင်ဆရာတော်မြတ်မှာ သက်တော် ၆၇-နှစ်၊ သိက္ခာတော် ၄၇-ဝါ ရှိတော်မူသည်ဖြစ်၍ ဝင်းနိုင်ငံတော်မှ နောက်ဆုံးရတော်မူသော ဘွဲ့တံဆိပ်တော်ဖြစ်ရာ ရှေးအခါများကလည်း ဆရာတော်မြတ်၏ ထူးကဲထက်သန်သော လုံ့လတော်ဖြင့် သာသနာတော်အကျိုးသယ်ပိုး ဆောင်ရွက်တော်မူသောကြောင့် ကမ္ဘာ့ဒီးယားအစိုးရ, လောပြည်အစိုးရ, ပြင်သစ်အစိုးရ, မြန်မာပြည်အစိုးရတို့က အောက်ပါ ခရစ်တော်နှစ်တို့မှာ ဘွဲ့တံဆိပ်တော်အရပ်ရပ်တို့ကို ဆက်ကပ်ခြင်း ခံယူတော်မူခဲ့ရလေသည်။

| | | | |
|---|---|---|---|
| ၁။ | ၁,၉၁၀-ခု၊ | ဘဒန္တဗလက်သကျပုတ္တိယ-ဘွဲ့တံဆိပ် | ကမ္ဘာ့ဒီးယားမှ |
| ၂။ | ၁,၉၁၂-ခု၊ | ဘဒန္တဂုရုသံဃသတ္တာ | ဝင်းမှ |
| ၃။ | ၁,၉၁၇-ခု၊ | မုနိသဿရာဘရဏက္ကဿရိယ | ဝင်းမှ |
| ၄။ | ၁,၉၃၁-ခု၊ | ဘဒန္တသာသနသောဘဏ | ဝင်းမှ |
| ၅။ | ၁,၉၃၂-ခု၊ | အဿရိတ္တိဟတ္တိဒသသဟဿဆတ္တသေတ | လောပြည်မှ |
| ၆။ | ၁,၉၃၇-ခု၊ | ဩဖွစ်ဆာ ဒီအိုင်အကယ်ဒမီ အဓိကာရ ဝိဇ္ဇာလယ ဝိဒူ | ပြင်သစ်ပြည်မှ |
| ၇။ | ၁,၉၄၀-ခု၊ | ဘဒန္တဗုဒ္ဓဃောသာစရိယ | ကမ္ဘာ့ဒီးယားမှ |
| ၈။ | ၁,၉၄၄-ခု၊ | ဘဒန္တဇောတိဝံသ | ဝင်းမှ |
| ၉။ | ၁,၉၄၈-ခု၊ | ဘဒန္တမဟာသုမေဓာဓိပတိသံဃနာယက | မဟာနိကာယမှ |
| ၁၀။ | ၁,၉၅၀-ခု၊ | သံဃ ဘဒန္တမဟာသုမေဓာဓိပတိ - သံဃနာယက ဂဏမဟာနိကာယ | ဝင်းမှ |

၁၁။ ၁,၉၅၄-ခု၊ သံဃဒဆ ဘဒ္ဒန္တမဟာသုမေဓာဓိပတိသံဃ-
နာယက ဂဏာမဟာနိကာယ၊ အဂ္ဂမဟာပဏ္ဍိတ မြန်မာပြည်မှ

ဆရာတော်ဘုရားကြီးသည် ဤကဲ့သို့ သာသနာတော်အကျိုးကို ကြီးမားလှသော လုံ့လတော်ဖြင့် ဆောင်ရွက်တော်မူစဉ် အခွင့်ရသောအခါများ၌ အချိန် အချည်းနှီးထား တော်မမူဘဲ တတ်အားသမျှ ကျမ်းဂန်များရေးသားတော်မူခဲ့ရာ ဆရာတော်ဘုရား ရေးသား တော်မူခဲ့သော ကျမ်းဂန်တို့မှာ-

၁။ ကမ္ဗောဒီးယားအဘိဓာန်ကျမ်းကြီး၊ (၎င်းတို့ ကမ္ဗောဒီးယားဘာသာဖြင့် ရေးသား စီရင်တော်မူသည်)။

၂။ ကစ္စာယနုပတ္ထမ္ဘကကျမ်း၊ (၎င်းမှာ ပါဠိသက်သက်ဖြင့် ရေးသားစီရင်တော်မူသည်)။

၃။ ဂိဟိပဋိပတ္တိ၊ (လူတို့ကျင့်စဉ်ကျမ်း)၊

၄။ သာမဏေရဝိနယကျမ်း၊ (သာမဏေဝိနည်း)၊

၅။ ဘိက္ခုပါတိမောက္ခသင်္ခေပ၊ (ဘိက္ခုပါတိမောက်အကျဉ်းချုပ်)၊

၆။ နာဂေါပမာဒိကထာကျမ်း၊

၇။ မဟာပုရိသလက္ခဏာကျမ်း —

စသည်တို့ကို ရေးသားစီရင်တော်မူသည်။

ထိုမှတပါး ဆရာတော်ဘုရားကြီးကား ဗဟုသုတများစွာ လိုလားတော်မူသည့် အတိုင်း ဘာသာအမျိုးမျိုးကိုလည်း လေ့လာတော်မူသည့်အားလျော်စွာ မိမိဘာသာကို ထား၍-

ပြင်သစ်ဘာသာ၊ ယိုးဒယားဘာသာ၊ လော-ဘာသာတို့ကို စာပေနှင့်တကွ ကောင်းစွာ တတ်မြောက်တော်မူ၍ ကောင်းစွာ ဟောပြောတော်မူနိုင်သည်။

၎င်းပြင် ဗီယက်နမ်နှင့် တရုတ်စကားတို့ကိုလည်း ကောင်းစွာ ပြောနိုင်သည်။

ပါဠိဘာသာမှာ မွန်ပါဠိ၊ မြန်မာပါဠိ၊ သီဟိုဠ်ပါဠိ-အရေးအသားတို့ကို ကောင်းစွာ ဖတ်ရွတ်နိုင်သည့်အပြင် ပါဠိဘာသာကိုလည်း ကောင်းစွာ ပြောတော်မူနိုင်သည်။

၎င်းမှတပါး သက္ကတဘာသာရပ်တို့ကိုလည်း လေ့လာဆည်းပူးတော်မူလေသည်။ အင်္ဂလိပ်ဘာသာကိုကား အနည်းငယ်မျှသာ တတ်မြောက်တော်မူလေသည်။

မြန်မာဘာသာကိုကား ယခုအခါ မြန်မာနှင့်လည်း ဆက်ဆံလျက်နေသောအချိန်က နောက်ကျလှသဖြင့် သက်တော်ကလည်း ကြီးရင့်တော်မူကာ အနည်းငယ်မျှသာ အရေးကြီးသော စကားများ သင်ကြားတော်မူပါသေးသည်။

အရှင်သံဃရာဇာ သုမေဓာဓိပတိ သာသနာပိုင်ဆရာတော်ဘုရားကြီးကား မိမိတို့ ကမ္ဘာ့ဗုဒ္ဓဘာသာ အစည်းအဝေးကြီး တက်ရောက်စဉ်က သက်တော် ၈၃-နှစ်ရှိတော်မူ၍ အရွယ်တော်ကြီးရင့်တော်မူသော်လည်း သာသနာတော်ရေး အမှုကိစ္စများ၌ ကိုယ်တိုင်တော် ဆောင်ရွက်အားထုတ်လျက် ရှိသည်ကို တွေ့ရသည်မှာ များစွာအံ့ဩမိပါသည်။ အစည်းအဝေးရောက် သံဃာတော်များ၌ များစွာ ဂရုစိုက်လျက် အဘက်ဘက်က မလိုရအောင် ဆောင်ရွက်တော်မူသည်ကိုလည်း မမေ့အပ်, မမေ့နိုင်သော ကျေးဇူးတော်ကြီးပဲ-ဟု ဘဝ မှတ်တမ်းတွင် အမြဲတမ်းတင်ထားအပ်သည့် ဆရာတော်မြတ်၏ ဂုဏ်တစ်ရပ်ကို နှလုံးထဲ စွဲမှတ်လျက် ရှိရပါသည်။

ၡင်းအစည်းအဝေးကြီးသို့ မြန်မာနိုင်ငံ, သီဟိုဠ်ကျွန်း, အိန္ဒိယ, ပါကစ္စတန်, စင်္ကာပူ, မလေးရှား, အင်ဒိုနီးရှားနိုင်ငံများမှ ရဟန်းသံဃာများ တက်ရောက်ကြ၍ ထေရဝါဒ ရဟန်းတော်များ ဆရာတော်ဘုရား၏ကျောင်းတိုက်တွင် ကျောင်းသီးသန့်ပြင်ဆင်လျက် ထားရာ ၎င်း၌ချမ်းသာစွာ နေထိုင်ကြရပြီး နောက်တစ်နေ့ ဆရာတော်ဘုရားကြီးထံ ကန်တော့ရန် ဝတ္ထုပစ္စည်းအချို့နှင့် သွားရောက်ဖူးမြော် ကန်တော့ကြပြီးကာ အလ္လာပ စကားများ လျှောက်ထားပြီးနောက် ကမ္ဘောဒီးယားလွတ်လပ်ရေး ရာဇဝင်မှတ်တမ်းများ ရုပ်မြင်သံကြား ရိုက်ကူးထားသည်များ ဆရာတော်ဘုရားထံရှိကြောင်း ကြားသိရပါသည်။ "၎င်းတို့ကို ကြည့်ရှု မှတ်သားလိုပါသည်။ အခွင့်ပြုပါ"ရန် လျှောက်ထားရာ လွယ်ကူစွာ ဆရာတော်ဘုရားကြီးက ခွင့်သနားတော်မူပါသည်။

၎င်းဥက္ကာလုံကျောင်းတိုက်ကြီးကား ဖနွန်းပင်တွင် ထင်ရှား၍ သာသနာပိုင် ဆရာတော်ဘုရား သီတင်းသုံးရာ တိုက်တော်ဖြစ်သဖြင့် ဆရာတော်ကြီး သီတင်းသုံးတော် မူသည့် ကျောင်းတော်ကြီးကား အထူးအားဖြင့် ခေတ်မီ ရှေးဟောင်းအနုပညာတို့နှင့် တန်ဆာဆင်လျက် အစည်းအဝေးခန်းမကြီး, ကျွေးမွေးဧည့်ခံခန်း, ဘုရားခန်း စသော ခမ်းနားသော အခန်းတို့ဖြင့် စီရင်ထားသော ၃-ထပ်တိုက် ကျောင်းတော်ကြီးဖြစ်ရာ ၎င်းဧည့်ခန်းတစ်ခုတွင် ရုပ်မြင်သံကြား (တယ်လီဗစ်ရှင်း) တပ်ဆင်ထားသော အခန်းကြီး တစ်ခု ပါဝင်လေသည်။

ဆရာတော်ဘုရားကြီး ခွင့်ပြုချက်အရ ၎င်းည သွားရောက်ကာ လွတ်လပ်ရေး ရိုက်ကူးထားသော ကမ္ဘောဒီးယားရာဇဝင်မှတ်တမ်း ရုပ်မြင်သံကြားကြည့်ရှုရသဖြင့်-

၎င်း၌ တွေ့မြင်ကြည့်ရှုရသည်ကား မြေဧရိယာ မိုင် ၆-သန်းကျော်နှင့် လူဦးရေ ၆-သန်းရှိသော ကမ္ပုဇရဋ္ဌ-ကမ္ဘောဒီးယားနိုင်ငံသည်ကား လူမျိုးခြား ပြင်သစ်တို့၏ လက်အောက်မှ လွတ်မြောက်ကာ ညီညာဖြုဖြု တခဲနက်ကြွေးကြော်လျက် လွတ်လပ်ရေး တပ်ဖွဲ့၊ နိုင်ငံတော်လူငယ့်ရေးရာတပ်ဖွဲ့၊ ကိုယ်ရံတော်တပ်ဖွဲ့-စသော တပ်အဖွဲ့များ လွတ်လပ်ရေး ချီတက်အလေးပြုကြသည်မှာ အလွန်အားတက်ဖွယ်ဖြစ်ပါသည်။

၎င်းပြင် ကမ္ဘောဒီးယားရာဇဝင်တွင် အရေးပါ အရာရောက်သည့် အပိုင်းကဏ္ဍများ၊ လူမျိုးရေးရာ စိတ်ဝင်စားဖွယ်ရာ အနုပညာကဏ္ဍများ၊ နိုင်ငံခြားတို့ ပြည်နယ်ဆိုင်ရာ မှတ်အပ် မှတ်ထိုက်သော အခြင်းအရာများကိုလည်းကောင်း၊ စိတ်ဝင်စားဖွယ် ဗဟုသုတများကိုလည်း ကောင်း ရုပ်မြင်သံကြားဖြင့် တွေ့ရ၍ မြန်မာနိုင်ငံသို့လည်း အောက်မေ့မိပါသည်။ ဤဝါကျ ပိုဒ်များဖြင့် ဆရာတော်ဘုရား၏ အတ္တုပ္ပတ္တိအရေးအရာ စကားစပ်၍ ကြားညှပ် ပါဝင် ထည့်သွင်းရခြင်း ဖြစ်ပါသည်။

သာသနာပိုင်ဆရာတော်ဘုရားသည် လောကရေးရာ နှံ့စပ်သိမြင် ခေတ်ပညာ၌ ကောင်းစွာ ကျွမ်းကျင်တော်မူသော်လည်း သာသနာတော်ကိစ္စ ဝိနယဓမ္မတို့၌ကား အလွန် လေးစားတော်မူ၍ သီလ, သိက္ခာ, သမာဓိ, ပညာတို့၌ လေးစားရိုသေထိုက် ရိုသေအပ်သော ဂုဏ်တော်အရပ်ရပ်တို့နှင့် ပြည့်စုံတော်မူပါသည်။

ဤမျှဖြင့် သာသနာပိုင်ဆရာတော်ဘုရား၏ အဖြစ်တော်စဉ်ကို အပိုင်းကဏ္ဍ ရေးသားရမည့် အပိုဒ်များအတွက် ချဲ့ထွင်လျက် မရေးသားနိုင်ဘဲ ဤတွင် နိဂုံးထားအပ် ပါသည်။

✪ ✪ ✪ ✪ ✪

## ကမ္ဘောဒီးယား သာသနာဂိုဏ်းများ

ကမ္ဘောဒီးယားနိုင်ငံတော်၌ မဟာယာနသာသနာရေး တစ်ခါက ထွန်းကားခဲ့ဖူးသော်လည်း ယခုမျက်မှောက်ကား ၎င်းဂိုဏ်းအမည်ပင် မထင်ရှားတော့ဘဲ ထေရဝါဒ ဗုဒ္ဓသာသနာတော် သက်သက်သာ တိုင်းပြည်ကလေးစား, ဘုရင်မင်းများကလည်း ပြုစုစောင့်ရှောက်လျက် ထွန်းတက်တောက်ပနေရာ ၎င်းထေရဝါဒသာသနာမှာ -

**မဟာနိကာယဂိုဏ်းနှင့်**

**ဓမ္မယုတ္တိကနိကာယဂိုဏ်း -**

၂-ဂိုဏ်းမျှ အယူဝါဒအနည်းငယ် ကွဲပြားလျက် သီးခြား နေထိုင်တော်မူကြ၍ ၎င်းတို့၏ အကြောင်းအတ္ထုပ္ပတ္တိကို နှံ့စပ်သေချာစွာ သိရှိနိုင်ရန် မလေ့လာရဘဲ နေရသောကာလက နည်းလျက် အမြွက်မျှ ရေးသားရပါသည်။

မဟာနိကာယဂိုဏ်းကြီးမှာ ယခု ရေးသားခဲ့သော သံဃရာဇာသာသနာပိုင် ဆရာတော်ဘုရားကြီး ဦးစီးဦးကိုင်ပြုတော်မူလျက် ဆောင်ရွက်နေသောဂိုဏ်းတော်ကြီးဖြစ်၍ အထူးရေးသားရန် မရှိ၊ သာသနာတော်၏ဆောင်ရွက်ဖွယ်ကိစ္စများ၌ ဦးဆောင်အားဖြင့် အုပ်ချုပ်စီမံရ၍ သံဃာ့တက္ကသိုလ် ဗဟိုပညာရေးဌာန ပါဠိမဟာဝိဇ္ဇာလယ-ဗုဒ္ဓဝါဒဝိဇ္ဇာလယ-စသော နိုင်ငံတော်အရေးပါသော ဌာနကြီးတို့၌ ဆောင်ရွက်တော်မူရသည့် နိုင်ငံတော် အဖွဲ့အစည်းကြီးနှင့် တိုင်းပြည်က အားထားသော ဂိုဏ်းတော်ကြီးဖြစ်ပါသည်။

**ဓမ္မယုတ္တိကနိကာယမှာကား** နီးကပ်စွာ ၎င်းဂိုဏ်းဝင်သံဃာတို့နှင့် မနေထိုင်ခဲ့ရ၍ ၎င်းတို့၏ စည်းမျဉ်းဥပဒေသ ဂိုဏ်းဂဏ ကျင့်ထုံးများနှင့် ၎င်းဂိုဏ်းဝင် သံဃာအရေအတွက် ကျောင်းတိုက်တာများ တစ်ကဏ္ဍအားဖြင့် မရေးသားနိုင်သော်လည်း ၎င်းဂိုဏ်းဝင်သံဃာတော်တို့မှာ ဝိနည်းသိက္ခာပုဒ်များ လေးစားရှိသေကြလျက် သာသနာတော်ကျိုး သယ်ပိုးဆောင်ရွက်တော်မူကြကာ ပရိယတ်ဓမ္မက္ခန် လေ့ကျင့်အားထုတ်နေကြသည်ကို ၎င်းဂိုဏ်းကြီး၏ နာယကဆရာတော်ထံ ရောက်စဉ်က အနည်းငယ် မေးမြန်းလျှောက်ထားခွင့်ရခဲ့သဖြင့် သိခဲ့ရပါသည်။

၎င်းဂိုဏ်းကိုလည်း နိုင်ငံနှင့် နိုရိုဒင် သမ္မတသီဟာနု အစိုးရအဖွဲ့ကြီးက အသိအမှတ်ပြုကာ ရိုသေလေးစား၍ ၎င်း၏ဦးစီးဦးကိုင် နာယကဆရာတော်ဘုရားအားလည်း

၎င်းနိုင်ငံတော်အစိုးရက မဟာနိကာယသာသနာပိုင် ဆရာတော်မြတ်ကြီးကဲ့သို့ သံဒေဆ-ပရိသုဓမ္မာဓိပတိ ဣန္ဒညာဏော-ဟူသော ဓမ္မယုတ္တိကနိကာယဂိုဏ်းကြီး၏ ဦးစီးမဟာနာယက ဘွဲ့တံဆိပ်တော်မြတ် ခန့်အပ်လျှုဒါန်း ဆက်ကပ်ခြင်း ပြုလေသည်။

၎င်းဆရာတော်ဘုရားသည်လည်း ပိဋကတ်ဓမ္မကျမ်းတို့၌ ပညာရှိဆရာတော်တစ်ပါး ဖြစ်၍ ၎င်းတို့ဂိုဏ်းသံဃာများ အားထားရာ နာယကဆရာတော်တစ်ပါးဖြစ်သည့်အတိုင်း များစွာသော သံဃာတော်တို့အား စာပေပို့ချလျက် သာသနာနှင့် နိုင်ငံတော်အကျိုး ရွက်ဆောင်တော်မူကာ စာပေကျမ်းဂန်များ ရေးသားဖြန့်ဖြူး ထုတ်ဝေခြင်းပြုသဖြင့် နိုင်ငံတော်ကလည်း လေးစားအပ်သော ဆရာတော်တစ်ပါး-ဟု အသိအမှတ်ထားခဲ့လေသည်။

၎င်းဆရာတော်ဘုရားထံရောက်စဉ်က ကောင်းမွန်စွာအလ္လာပစကား ပြောကြား ပြီးလျှင် သာသနာရေး၊ သာသနာမှုကိစ္စများ ဆွေးနွေးပြောခဲ့ကာ မြန်မာနိုင်ငံနှင့်ပတ်သက် ၍လည်း အနည်းငယ်မေးမြန်း, ဂိုဏ်းဂဏအကြောင်းအရာများ စုံစမ်းပြီးလျှင် သာသနာ တော်ကြီး၌ ကောင်းမွန်စွာ ကျင့်ကြံအားထုတ် ဆောင်ရွက်တော်မူကြရန် အမိန့်တော်ရှိကာ ၎င်းဆရာတော်ဘုရားရေးသားသော ပဋိပတ်ကျင့်လမ်းစာအုပ်နှင့် ဓမ္မဝိနိစ္ဆယကျမ်းစာများ လှူဒါန်းလိုက်ပါသည်။

၎င်း ဓမ္မယုတ္တိကနိကာယကား ယိုးဒယားသာသနာဝင်ဂိုဏ်းများအကြောင်းအရာနှင့် စပ်လျဉ်း၍ မောင်းကွတ်မင်းတရားကြီးလက်ထက် ဝိနည်းဓမ္မကျွန် ဒေသနာတော်အရ ဖွဲ့စည်းတည်ထောင်ခဲ့သော ဓမ္မယုတ္တိကနိကာယဂိုဏ်း သီးခြားရှိခဲ့ရာ ၎င်းဂိုဏ်းအနွယ်ဝံသ ဖြစ်ခဲ့မည်-ဟု ထင်ပါသည်။ ယခုအခါ ကမ္ဘောဒီးယားနှင့် ယိုးဒယားကား နိုင်ငံရေးဝါဒ အားဖြင့် တစ်မျိုးစီဖြစ်ကာ နိုင်ငံအချင်းချင်း ဆက်ဆံခြင်းမရှိပါသော်လည်း ရှေးက ယိုးဒယားမှ ပါဠိသင်ကြားအားထုတ်ရာ၌ ကမ္ဗုဇဘာသာ ခမင်အက္ခရာများဖြင့် လေ့လာသင်ကြားကြ၍ ၎င်းနိုင်ငံတော်ချင်းလည်း ရင်းနှီးကြကာ သာသနာတော်လည်း ဆက်သွယ်လျက် ရှိကြသော ကြောင့်လည်း ယိုးဒယားမှ ဓမ္မယုတ်ခေါ် ဓမ္မယုတ္တိကနိကာယအနွယ်-ဟု ခန့်မှန်းနိုင်ပါသည်။

ဤသို့အားဖြင့် ဤ ဓမ္မယုတ္တိကနိကာယအကြောင်း ဖြစ်စဉ် အကျယ်မရေးသားဘဲ အကျဉ်းမျှ မှတ်သားအပ်ပါသည်။

**ဤတွင် ကမ္ဘောဒီးယားခေတ် သာသနာအပြီးအဆုံး နိဂုံးသတ်အပ်သတည်း။**

✪.✪ ✪ ✪ ✪



နေပါလနိုင်ငံ သယမ္ဘူစေတီတော်

## ဗီယက်နာမ် အာနမ်ပြည် ဗုဒ္ဓသာသနာတော်

အရှေ့ဖျား နိုင်ငံများတွင် ယိုးဒယား-ကမ္ဘောဒီးယားနှင့်စပ်လျက် ၎င်းတို့၏အရှေ့ဘက်၌ တည်ရှိသော တိုင်းနိုင်ငံကား ဗီယက်နမ်-ဟု ယခုထင်ရှားသော ကိုချင်ချိုင်းနားပြည်၊ မြန်မာဝေါဟာရအားဖြင့် အာနမ်ပြည်ဖြစ်၍ ၎င်းသည် နောက်က ရေးသားခဲ့သော သာသနာပြု ၉-ဌာနအပါအဝင် အင်ဒိုချိုင်းနားကျွန်းဆွယ် သုဝဏ္ဏဘူမိတိုင်းဌာန နိုင်ငံ ၁-ခု ဖြစ်သဖြင့် ထိုင်း-ယိုးဒယားနိုင်ငံ, ခမာ-ကမ္ဘောဒီးယားနိုင်ငံများကဲ့သို့ ၎င်းတို့နှင့်လည်း စပ်လျက်တည်ကာ ၎င်း၌ သာသနာပြုခဲ့ပြီးနောက် ၎င်းကျွန်းဆွယ်တစ်ခုလုံး သာသနာပြန့်နှံ့သွားသည့်အလျောက် သာသနာတော် ၃၀၀-ကျော်ကပင် ဤတိုင်းဌာနသို့ သာသနာတော်ရောက်ခဲ့သည်မှာ အမှန်-ဟု ပိုင်းခြားဝေဖန် ရေးသားနိုင်လေသည်။

သို့ရာတွင် တောင်ဗီယက်နမ် ဗုဒ္ဓဘာသာသင်ကြားရေးအဖွဲ့ကြီး၏ ဥက္ကဋ္ဌ မိုက်-သို-တြု ယင် ရေးသားသော ဗီယက်နမ်-ဗုဒ္ဓသာသနာဝင် အကျဉ်းချုပ်၌ကား ပြင်သစ် စာရေးဆရာ ၁-ယောက် ရေးသားသည့် မှတ်တမ်းအရ ဗီယက်နမ်၌ လူဦးရေ ၂၅-သန်းရှိသည့်အနက် ၅-သန်းလောက်သာ တောင်ပေါ်သားများ ဖြစ်ကြ၍ ကျန်လူဦးရေ ၄-ပုံ, ၃-ပုံခန့် ၁၅-သန်းလောက်မှာ ဗုဒ္ဓဘာသာများဖြစ်ကြသဖြင့် ၎င်းဗုဒ္ဓအယူဝါဒသို့ ကိုင်းရှိုင်းကြသော သာသနာတော်အလင်းရောင်အောက် ရောက်လာခဲ့ကြသည်မှာ ခရစ်နှစ်အစ သာသနာ ၇-ရာစုလောက်မှာ ဖြစ်သည်-ဟု ပိုင်းခြားထားလေသည်။

၎င်းတိုင်းမှာ ရှေးဦးမူလ ထေရဝါဒ သာသနာတော် ရောက်ခဲ့သော်လည်း စောင့်ရှောက်သူ နည်းပါး၍ အားနည်းကာ သာသနာအလင်းရောင် မထွန်းပြောင်တော့ဘဲ ပျောက်ကွယ်လုဆဲမှာ ၎င်းနိုင်ငံကား အနီးအနားဖြစ်သော တရုတ်ပြည်ကြီးနှင့်လည်း ဆက်သွယ်သည့်အားလျော်စွာ ၎င်းမဟာယာနသာသနာ ရောက်လာခဲ့ကြသည်ကိုသာ မှတ်သားထားသော မှတ်တမ်းသာ ဖြစ်ရမည်-ဟု ဝေဖန် ရေးသားနိုင်သည်ကား အနီးအနားဖြစ်သော ခမာ-ကမ္ဘောဒီးယားနိုင်ငံ၏ သာသနာဝင်အစဉ်အဆက်ကို ထောက်ထားသောအားဖြင့် ထင်ရှားဖော်ပြနိုင်လေသည်။

၎င်းဗုဒ္ဓဘာသာအဖွဲ့ကြီး၏ဥက္ကဋ္ဌသည် ၎င်းဉာဏ်မီသလောက် ဝေဖန်စိစစ်ကာ နိဒါန်းပဏာမ အစချီ ရေးသားသည်ကား-

- "ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်အလင်းသည် ဤနိုင်ငံသို့ မည်သည့်နည်းနှင့် ဖောက်ထွင်းရောက်လာ တောက်ပခဲ့ပါသနည်း?

- ဤဗုဒ္ဓဝါဒတော်သည် ဤနိုင်ငံသို့ မည်သည့်အခြင်းအရာဖြင့် ပြန့်နှံ့လာခဲ့ပါသနည်း?
- ထိုအချိန်အခါက ဤနိုင်ငံ၌ မည်သည့်အာဏာများ လွှမ်းမိုး၍ လူများ၏ဘဝစာပေ အတတ်ပညာများ မည်သို့ လေ့လာကြံစည်အားထုတ်ခဲ့ပါသနည်း?
- ထိုအခါက ဗီယက်နမ်တို့သည် ဗုဒ္ဓတရားတော်ကို မည်သို့ ထင်မြင်ယူဆကြပါ သနည်း?
- ယခုအခါ၌ မည်သည့်အခြေအနေသို့ ထိရောက်အောင် အားထုတ်ကျင့်သုံးနေကြ ပါသနည်း?-

ဟူသော ပြဿနာများကို ဖြေဆိုရေးသားရပါမည်"ဟု ပလ္လင်ခံလျက် သာသနာဝင် အစဉ်အဆက် အကျဉ်းချုပ်ရေးသား ဖြေဆိုလေသည်။

သို့ရာတွင် ရှေးဦးစွာ ဤဗီယက်နမ်ပြည်သို့ ဗုဒ္ဓ၏တရားတော်ရောက်ရှိလာခြင်း၏ အကြောင်းအတ္ထုပ္ပတ်များသည် ဤနိုင်ငံတွင် ထင်ရှားရှိနေခဲ့သော ဘာသာနှင့်ဘေးချင်းယှဉ်ဟာ အစဉ်အလာ ဖြစ်လာခြင်း၏ အတ္ထုပ္ပတ်များကား အခြား တစ်ဘာသာကို မထိမခိုက်ဘဲနှင့် ရေးသားနိုင်ကြောင်း သတိပြုရမည်ဖြစ်၍ ၎င်းကို လေးနက်အောင် မတွေးဆဘဲ မှားယွင်းရှုပ်ထွေးစေတတ်သော အကြောင်းကိစ္စတစ်ရပ်-ဟု မှတ်သားအပ်ပေသည်။

## ဗုဒ္ဓဘာသာရောက်လာခြင်း

ဤဗီယက်နမ်သို့ ဗုဒ္ဓဝါဒရောက်လာသောခုနှစ်၊ အပိုင်းအခြားမှာ များစွာ ငြင်းခုံနေခဲ့ကြ၍ ယခုတိုင် အများလက်ခံနိုင်သော အကြံဉာဏ်များ မရပြားသော်လည်း များသောအားဖြင့် ထင်မြင်ယူဆကြသည်ကား ခရစ်နှစ် ၁၈၉-ခု၊ သာသနာ ၇၃၂-ခုနှစ်လောက် ဖြစ်ခဲ့မည်-ဟု ခန့်မှန်းဝေဖန် ယူဆခဲ့ကြလေသည်။

၎င်းမှာ ရှေးအခါက အို-တောက်ဘာသာဝင် ဆရာကြီး ၁-ယောက်ဖြစ်ဖူး၍ နောက်အခါ၌ ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လာခဲ့သော တရုတ်ပြည် ယူ-ချီ-အော အရပ်မှ ဗိ-ဩ-ပို အမည်ရှိသော ဆရာကြီးယူဆောင် လာခဲ့ပေလိမ့်မည်-ဟု တွေးထင်ခန့်မှန်းကြသည့်အပြင် ရှေးအခါကလည်း မရိဇိဝကအမည်ရှိသော ဗုဒ္ဓသာသနာပြုဆရာကြီး၊ ကလျာဏရုစိမည်သော ဆရာကြီးတို့နှင့် ကန် ဆင် ဟူ အို သာသနာပြုဆရာကြီးများသည် တရုတ်ပြည်၊ လမ်းခရီးပင်လယ်မှ ဗီယက်နမ်ပြည်၊ ပီ-အို-ချောင်အရပ်သို့ ရောက်လာကြပြီး ၎င်းတို့ ဗုဒ္ဓတရားတော်များ ဟောကြား ပြသကြသဖြင့် ရှေးက သာသနာပြုခဲ့သော ဗိ-ဩ-ပိုဆရာကြီး၏ ဟောပြောချက်များကို လမ်းစပြုပြင်သကဲ့သို့ ရှိခဲ့လေသည်။

ထိုအခါ ဗီယက်နမ်၌ ကွန်ဖြူးရှင်းဘာသာ ပြန့်ပွါးရေးတွင် စိတ်အားထက်သန်သော ဘုရင်မင်းတရားကြီး၏ လက်အောက်မှာ ရှိနေ၍ ဗုဒ္ဓတရားတော်မြတ်၏ မှန်ကန်ကောင်းမြတ်သော နည်းဥပဒေသများဖြင့်သာ တိုင်းသူပြည်သားများ ထင်ရှားသိရှိလာကြရန် ခဲယဉ်းစွာဖြင့် ရှိရင်းဘာသာနှင့် ပြေလည်အောင် အားထုတ်လာရသည့်အပြင် အရေးကြီးသော သုတ္တန်အနည်းငယ်တို့ကို အရပ်ဘာသာသို့ ပြန်ဆိုရေးသားကာ ၎င်းတို့သည် ပေါ်များကြွယ်ဝသော ဗုဒ္ဓစာပေများကို ဖော်ပြလျက် ဗုဒ္ဓဝါဒတရားတော်ကြီး ပြန့်ကျယ်သွားအောင် အားထုတ်ကြိုးစားခဲ့လေသည်။

သာသနာတော် ၁၁-ရာစု နောက်ပိုင်း ၁,၀၈၈-ခုနှစ်လောက်မှ ၁၂-ရာစု ရှေ့ပိုင်း၊ ၁,၁၄၅-ခုနှစ်အထိ ဗီယက်နမ်မှာ အမျိုးသားတို့၏လွတ်လပ်ရေးရလျက် ဗုဒ္ဓသာသနာတော်လည်း ကျယ်ပြန့်ကာ ဝမ်းမြောက်ချမ်းသာ မရှည်ကြာသောခေတ်သို့ ရောက်လာပါသော်လည်း သာသနာ ၁,၁၄၆-ခုနှစ်၌ ၃-ခုမြောက် တရုတ်အာဏာပိုင်မင်းမျိုးများ စိုးမိုးအုပ်ချုပ်လာပြန်၍ နိုင်ငံရေးအားဖြင့် ပြောင်းလဲလာခဲ့ရာ –

သာသနာ ၁,၁၂၃-ခုနှစ်၊ အိန္ဒိယတိုင်းသား မဟာယာနဂိုဏ်း အရှင်ဝိနီတစုစိမထေရ် ဈာန်ဂိုဏ်းသာသနာပြုခဲ့ပြီးနောက် ၁,၃၆၃-ခုနှစ်မှာလည်း တရုတ်ရဟန်းတော် ၈-ဝွန်ထောင်တည်သည့် ၎င်းဈာန်ဂိုဏ်းသာသနာကိုပင် အခိုင်အမာပြုခဲ့လေသည်။

ထိုအခါ ဗီယက်နမ်-အာနမ်ပြည်ကြီးမှာ အိန္ဒိယပြည်မှလည်းကောင်း, တရုတ်ပြည်ကြီးမှလည်းကောင်း မဟာယာနဈာန်ဂိုဏ်းသာသနာ ပြန့်နှံ့လာခဲ့၍ တရုတ်ပြည်ကြီးရှင်ဘုရင်မင်းမြတ်ကြီးက လက်ဆောင်ပဏ္ဏာတော်အဖြစ် သရီရဓာတ်တော်များ ပေးအပ်ကာ ၎င်းဓာတ်တော်များ ကိန်းဝပ်တော်မူရာ စေတီတော် အဆူ ၂၀-မျှ တည်ကြသည့်အပြင် များစွာသော ဘုရားကျောင်းတော်များလည်း တည်ထားဆောက်လုပ်ကြလျက် ၎င်းတို့၌ မဟာယာနရဟန်းတော် ၅၀၀-လောက် ရောက်ရှိလာကြကာ ထိုကျောင်းများ၌ သီတင်းသုံးနေထိုင်တော်မူကြပြီး သာသနာတော်မြတ်ကြီး ကြီးပွါးတိုးတက်ရေး အားထုတ်ပြုစုခြင်းများဖြင့် အချိန်ကုန်စေလျက် ဗုဒ္ဓတရားတော်များကို ကျယ်ပြန့်စွာ သင်ကြားပြသ လာခဲ့ကြလေသည်။

## ငိုဘုရင်မျိုးများတော်လှန်ကာ သာသနာအားနည်းလာခြင်း

ဤကဲ့သို့ ဗီယက်နမ်ပြည်ကြီး၌ တရုတ်ပြည်ကြီး၏ လက်အောက်ခံတိုင်းပြည်အဖြစ်နှင့်ပင် ၎င်းမှ ဈာန်ဂိုဏ်းသာသနာ ကြီးပွါးထွန်းကားလာခဲ့ရာတွင် သာသနာ ၁,၄၈၂-

ခုနှစ်၊ ၎င်း ဗီယက်နမ် လူမျိုးတို့၏ခေါင်းဆောင် ငို-ကူ-ယင်သည် တရုတ်အစိုးရ၏ နောက်ဆုံး ဆူ-ဘုရင်ခံကို ခုခံတိုက်ခိုက်တွန်းလှန်၍ ၎င်းတို့၏စစ်တပ်ကြီးများကို နိုင်ငံမှ တိုက်ခိုက် နှင်ထုတ်ပြီးနောက် ၎င်းကိုယ်တိုင်ပင် ဘုရင်အဖြစ် ကြေညာကာ နှစ် ၁,၀၀၀-ခန့်တိုင်အောင် ရှည်ကြာ တည်မြဲလာခဲ့သော လက်အောက်ခံနိုင်ငံဘဝမှ အဆုံးသတ် လွတ်လပ်သော နိုင်ငံအဖြစ်သို့ တင်မြှောက်ရောက်ရှိခဲ့စေသည်။

သို့ရာတွင် ၎င်းနိုင်ငံမှာ အလွန်ကြီးမားလှသော တိုင်းပြည်၊ နိုင်ငံကြီး လက်အောက်မှ လွတ်မြောက်လာခဲ့သော်လည်း ဤငိုနိုင်ငံ၏ အတွင်းရေးကား မသာယာလှဘဲ ရှုပ်ထွေး နှောင့်ယှက်လာကာ ၎င်းနိုင်ငံ၏အာဏာမှာ တာမရှည်လှဘဲ ၁၂-ဦးသော ပဒေသရာဇ် အုပ်စိုးသူတို့၏ ဆူပူလှုပ်ရှားခြင်းများသည် ပုန်ကန်ထကြွ တိုက်ခိုက်ကြခြင်းတည်းဟူသော သွေးအိုင်ထဲမှာ အဆုံးသတ်ကြလျက် ၎င်းတို့အနက် အကြီးအမှူးတစ်ဦးဖြစ်သော ပင်-အို-လင်သည် ပုန်ကန်ထကြွ တိုက်ခိုက်အောင်မြင်သူအဖြစ်ဖြင့် စစ်ရပ်စဲပြီးနောက် ၎င်းကိုယ်တိုင် ဘုရင်မင်းအဖြစ် ခံယူခဲ့လေသည်။

၎င်းနိုင်ငံမှာ ဤသို့ နိုင်ငံရေးများ ရှုပ်ထွေးနှောင့်ယှက်လာခဲ့၍ ၎င်းအချိန်ကာလ အတောအတွင်း၌ ဗုဒ္ဓသာသနာတော်မြတ်သည်ကား တိုးတက်ခြင်းမှ ဆိုင်းရပ်တည်နေ သော ထိုအခိုက်မှာပင် တရုတ်ပြည်ကြီးမှလည်း အဆိုးဝါးဆုံး အကြီးအကျယ် ညှဉ်းပန်း နှိပ်စက်လာခြင်းအားဖြင့် ဖိနှိပ်ခြင်းများအောက်သို့ ရောက်ရှိလာကာ သာသနာရေး သာသနာဘက်၌မူ အထူးစောင့်ရှောက်ပြုစုသူ ကင်းမဲ့လျက် အားနည်းညှိုးနွမ်း လာခဲ့လေ သည်။

ဤသို့အားဖြင့် ဗီယက်နမ်ပြည်၌ အခိုက်အတန့်အားဖြင့် တိုင်းရေးပြည်ရေး၊ နိုင်ငံရေး ရှုပ်ထွေးလာခြင်းကြောင့် သာသနာတော်အရေးကား အားပေးချီးမြှောက်သူ ကင်းမဲ့သောအခါဖြစ်၍ အနည်းငယ် နိမ့်ကျ ညှိုးနွမ်းခဲ့လေသည်။

## ဒင်မင်းမျိုးများလက်ထက် သာသနာတိုးတက်လာကြောင်း

သို့ရာတွင် တိုင်းရေးပြည်ရေးကြောင့် သာသနာရေး နိမ့်ကျလာသော်လည်း သာသနာတော် ၁၆-ရာစုအတွင်း ၁,၅၁၁-ခုနှစ်မှာ ၎င်းအာနမ်ပြည်၌ နိုင်ငံရေးပြောင်းလဲ လာ၍ ဒင်မင်းမျိုးများ၏ ခေတ်လက်ထက်သို့ ရောက်ရှိလာခဲ့ရာ ၎င်းမင်းမျိုးဖြစ်သော ဒင်-ဗို-လင်း၏ တန်ခိုးအာဏာများ တိုးတက်လာခဲ့သည်တွင် ၎င်းမင်းတရားကား ဗုဒ္ဓတရား တော်ကို ယုံကြည်အားထားသော ဘုရင်မင်းတစ်ပါးဖြစ်သည့်အားလျော်စွာ ဗုဒ္ဓသာသနာ

တော်ကို အထူးသဖြင့် ကာကွယ်စောင့်ရှောက်လျက် ၎င်း၏တိုးတက်ရာ တိုးတက်ကြောင်း အားထုတ်ပြုစုလာသောအခါ တဖန် သာသနာတော်အရောင် ထွန်းပြောင်တိုးတက်လာပြန်၍ ၎င်းမင်းတရား၏ အားထုတ်ပြုစုခြင်းအားဖြင့် တိုင်းပြည်အနှံ့အပြား အားထားယုံကြည်ခြင်း တိုးတက်လာခဲ့ရာ ၁,၅၅၂-ခုနှစ်တိုင်အောင် ကြွယ်ဝကြီးပွါးသော ဗုဒ္ဓသာသနာ့ခေတ်သို့ ရောက်ရှိလာခဲ့လေသည်။

ဤသို့ သာသနာတော် စည်ပင်ပြန့်ပွါး ထွန်းကားလာသော အချိန်အခါမှာ ၎င်းတိုင်းပြည်တွင် ထင်ရှားလှသော ဖတ်-ဒ အမည်ရှိသော ကျောင်းတိုက်ကြီး၌ အရှင် ငို-ချန်-လွန်မထေရ်မြတ်သည် ဗုဒ္ဓတရားတော်မြတ်ကို သင်ကြားပို့ချ ဟောပြောလျက် သီတင်းသုံးတော်မူခဲ့ရာ ထိုမထေရ်မြတ်၏ ဂုဏ်သတင်းများမှာ ၎င်း၏ထူးကဲသော ပညာဖြင့် လင်္ကာသီကုံးဖွဲ့ဆိုခြင်းများဖြစ်၍ ၎င်းလက်ထက်၌ ခေတ်စားသော ဈာန်ဂိုဏ်းဝါဒအရ လေ့ကျင့်အားထုတ်ခြင်းနည်းနာများကို လင်္ကာသီကုံး ဖွဲ့ဆိုထားခြင်းဖြင့် လူများ၏ဆန္ဒသဘောလိုက်လျောစေကာ ၎င်း၏သတင်းကား နိုင်ငံအလုံး ကျော်ကြားလာခဲ့လေသည်။

ဤသို့ ငို-ချန်-လွန်မထေရ်၏ ကျော်စောကိတ္တိများ တစ်စတစ်စ ကျယ်ပြန့်သွားကာ ဒင်-ဗို-လင်းဘုရင်မင်းတရား နားတော်သို့ ရောက်သွားသောအခါ မင်းတရားကြီးသည် ကြားတော်မူရသည့်အတိုင်း အလွန်ဝမ်းမြောက်စွာဖြင့် ၎င်းမထေရ်မြတ်အား တရားဓမ္မဟောကြားတော်မူရန် ပင့်ဖိတ်လျှောက်ထားချက်အရ ကြွလာတော်မူပြီးလျှင် တရားဓမ္မဟောပြတော်မူသည်ကို အလွန်နှစ်သိမ့်တော်မူသဖြင့် ၎င်းမထေရ်မြတ်အား ဗီ-ယက်-နမ်ရဟန်းတော်များ၏ အကြီးအမှူး မဟာနာယကအဖြစ် ခန့်အပ်ချီးမြှင့်ကာ မင်းဆရာတော်အဖြစ် ကိုးကွယ်တော်မူခဲ့လေသည်။

၎င်းသည် သာသနာတော် ၁,၄၈၉-ခုနှစ်က ဖြစ်၍ ၎င်းနောက် ၁-နှစ်လောက်ကြာသောအခါ ၎င်းဘုန်းတော်ကြီး ငို-ချန်-လွန်၏ တိုင်းရေး၊ ပြည်မှုများ၌ ထိရောက်ကျွမ်းကျင်လေးနက်စွာ အကြံဉာဏ်ပေးခြင်းအားဖြင့် ကျေးဇူးတင်ရှိကာ မင်းတရားကြီးသည် ၎င်းမထေရ်မြတ်အား နိုင်ငံတော်၏အတိုင်ပင်ခံ ဆရာတော်တည်းဟူသော ဂုဏ်ထူးဖြင့် မြှောက်တင်တော်မူပြီးလျှင် ခွန် ဗီယက်နမ် (နိုင်ငံတော်ဝန်ထမ်း) ဘွဲ့တံဆိပ် ဂုဏ်ထူးကိုလည်း ပေးအပ်လှူဒါန်းတော်မူခဲ့လေသည်။

## ဗီယက်နမ်၌ လီမင်းမျိုးများ ပြောင်းလဲလာကြောင်း

ၚင်း ဒင်မင်းမျိုးများ ၚင်းနိုင်ငံ၌ အရေးနိမ့်ကာ သာသနာ ၁,၅၂၃-ခုနှစ်မှာ လီမင်းမျိုးများ၏ အာဏာတန်ခိုး လွှမ်းမိုးလာ၍ နိုင်ငံတော်ကို ဆက်လက်အုပ်စိုးရာဝယ် ၚင်းမင်းများလက်ထက်မှာလည်း ဗုဒ္ဓတရားတော်များကို အထူးလေးစားကာ ရဟန်းတော်များနှင့် နာယကမထေရ်မြတ်တို့ကိုလည်း ရှေးမင်းများအတူ လေးစား၍ ဘုရင်မင်းတရားနှင့်တကွ အစိုးရအဖွဲ့ကြီး၏ ဆက်လက်ကိုးကွယ်ခြင်းကိုခံယူရပြီး ၚင်းဆရာတော်ကြီး ငို-ချန်-လွန် အဝင်အပါ မထေရ်ကြီးများသည် နိုင်ငံတော်အရေးအရာ၌လည်းကောင်း ဗုဒ္ဓသာသနာတော် အရေးများ၌လည်းကောင်း အတိုင်ပင်ခံ အကြံဉာဏ်များပေးရသဖြင့် ၚင်းတို့၌ ကျွမ်းကျင်လိမ္မာသော ပညာရှိပဏ္ဍိတ် အဖွဲ့ကြီးဖွဲ့ပြီးလျှင် ပိဋကတ်စာပေကျမ်းဂန်များ အပြည့်အစုံ ပြန်ယူလာရန် ပဌမဆုံးအကြိမ်အဖြစ် တရုတ်ပြည်ကြီးသို့ ၚင်းမထေရ်တို့အား စေလွှတ်တော်မူခဲ့လေသည်။

ၚင်းဒင်မင်းမျိုးများလက်ထက်နှင့် လီမင်းမျိုးများလက်ထက်၌ ဗုဒ္ဓတရားတော်ကြီးပွါးတိုးတက် ကျယ်ပြန့်လာခဲ့၍ ရှေးက ဗီယက်နမ်သည် သာသနာ ၇၃၀-ခုနှစ်လောက်က တရုတ်ပြည်ကြီးလက်အောက် ရောက်ခဲ့ကြပြီး တရုတ်ဘာသာ စာပေအက္ခရာများကိုသာ လေ့လာသင်ကြားလာခဲ့ရသဖြင့် လူအချို့ အနည်းငယ်မျှသာ ၚင်းတို့ဘာသာကို သင်ကြားခဲ့ရသော်လည်း ဘုန်းတော်ကြီးများမှာကား ဗုဒ္ဓဘာသာစာပေကျမ်းဂန်များ၏ အနှစ်သာရရှိသည်များကို ဘာသာပြန်ဆိုရန် ဆန္ဒရှေ့ရှုတော်မူလျက် များစွာသော ရဟန်းတော်များသည် ၚင်းတရုတ်ဘာသာစာပေများ လေ့လာသင်ကြားခဲ့ကြလေသည်။

ဤသို့အားဖြင့် ယဉ်ကျေးမှုပြုပြင် ပြောင်းလဲခြင်းမှာ ဘုန်းတော်ကြီးများမှ အမွန်အစ ဖြစ်ကြ၍ –

ထိုခေတ်က ဘုန်းကြီးတော်များကား လောကရေး, ဓမ္မရေးတို့၌ ဆင်ခြင်တုံတရားရှိကြသည့်အားလျော်စွာ –

တိုင်းသူပြည်သားများကလည်း ၚင်းတို့ကို ရိုသေကိုင်းညွတ်ကြသည့်အတိုင်း–

အရာရာတိုင်းမှာ တရုတ်များက ဖြစ်စေ၊ ဗီယက်နမ်များကဖြစ်စေ ရိုသေလေးစားလောက်အောင် ပညာဗဟုသုတအကြံဉာဏ်များ ရှိကြသည့် အထက်တန်းစားမှာ ကျမ်းဂန်ပညာ, ကဗျာအစီအကုံး, လူမှုရေးရာ, နည်းဥပဒေများနှင့် နက္ခတ်, ဗေဒင်, လက္ခဏာ, ဆေးပညာရပ်များ တတ်မြောက်ကြသဖြင့် –

လူတို့ကလည်း ၎င်းဘုန်းတော်ကြီးများကို အရာရာအားထား ယုံကြည်ကိုးစားကြလေသည်။

ဤသို့လျှင် ဤခေတ်အခါအကြောင်း အတ္ထုပ္ပတ်များ အနည်းငယ်ရေးသားခဲ့ပြီးဖြစ်သဖြင့် ဒင်မင်းမျိုးများနှင့် လီမင်းမျိုးများလက်ထက် တိုးတက်သော ဗုဒ္ဓဘာသာအကြောင်းအတ္ထုပ္ပတ် မည်သို့ ချီးကျူးအပ်သည်ကို ဖော်ပြရေးသားရန် လုံလောက်ပေပြီဖြစ်၍ ၎င်းအတ္ထုပ္ပတ် အဆုံးသတ်အပ်ပေသတည်း။

✪ ✪ ✪ ✪ ✪

## လိုင်မင်းမျိုးများ၏ခေတ် သာသနာတော်

ဆိုခဲ့ပြီး လီမင်းမျိုးများ၏ နောက်ဆုံးမင်းလက်ထက် အုပ်ချုပ်ခြင်းမှာ ကြမ်းကြုတ်ရက်စက် ဆိုးဝါးလှသောကြောင့် ၎င်းမင်း ကံကုန်သောအချိန်အခါ၌ နန်းတော်တွင်း ဆူပူထကြွပေါက်ကွဲကာ ထိုအခါက ခေါင်းဆောင်ဖြစ်သော လိုင်-ကောင်-အွန်အမည်ရှိသည့် တရုတ်အမတ်ကြီးတစ်ယောက်သည် ၎င်းမင်းမျိုးများ၏ အာဏာကို သိမ်းယူပြီးလျှင် ၎င်းမှာ ဗီယက်နမ်ဗုဒ္ဓဘာသာ၏ အကြီးအမြင့်ဆုံး ဂုဏ်ထူးဖြင့် ချီးမြှောက်ခြင်းခံရသော **အရှင်ဝန်-တန် မထေရ်မြတ်**၏ တပည့်ဟောင်းဖြစ်သည့်အတိုင်း နောက်အခါ သာသနာ ၁,၅၅၃-ခုနှစ်၌ လိုင်း-ထိုင်းဟူသောအမည်ဖြင့် ထီးနန်းကို သိမ်းပိုက်ခဲ့လေသည်။

၎င်း လိုင်-ကောင်-အွန်ဘုရင်မှာ ဗီယက်နမ် ဗုဒ္ဓဝါဒအရ လိုင်-ထိုင်-တု-ဟူသောဘွဲ့အမည်ကို ခံယူကာ ၎င်းသည် ထိုခေတ်အခါက ဈာန်ဂိုဏ်းသာသနာ ထွန်းကားသည်အားလျော်စွာ ၎င်းဂိုဏ်းကိုပင် ချီးမြှောက်ထောက်ပံ့လျက် များစွာသော ဈာန်ဂိုဏ်းဆရာကြီးများဖြစ်ကြသည့် **အရှင် ဝန်-ဟန်၊ အရှင် ဒဗအို၊ အရှင် ဆုန်ဖန်-စ**သော ဆရာကြီးများသည် ခေတ်အားလျော်သော ဈာန်ဂိုဏ်းတရားဓမ္မ ဟောပြတော်မူကြကာ ၎င်းတို့၏ဂိုဏ်းသာသနာကား အသန်းမက အောင်မြင်စွာ ဖြန့်ဖြူးချဲ့ထွင် နိုင်ခဲ့ကြလေသည်။

၎င်း လိုင်-ထိုင်-တု ဘုရင်မင်းသည် သာသနာ ၁,၅၇၁-ခုနှစ်တွင် ရတနာ ၃-ပါးဆည်းကပ်၍ သာသနာတော်ကို ကြည်ညိုယုံကြည် ကောင်းမြတ်သောဂုဏ်နှင့် ပြည့်စုံကြသည့် အမွေခံသားတော်များကို ထားခဲ့လျက် ဘဝနတ်ထံ လွန်တော်မူခဲ့၍ ၎င်းတို့တွင်ပဥ္စမဆက်ခံသူကား ခမည်းတော်မင်းတရား၏ လိုင်-ထိုင်-တု ဟူသောဘွဲ့အမည်ကို ခံယူကာ ၎င်း၏အရိုက်အရာ ထီးနန်းအမွေကို ခံယူပြီးလျှင် လူဒါယကာတို့၏ လေ့ကျင့်အပ်သော

တရားများကို ပို-ငှန်-ထောင်ဂိုဏ်း ဆရာတော်ကြီး အရှင် သု-ရင်-လ-အို မထေရ်မြတ် သင်ကြားခြင်းအားဖြင့် လိုက်နာကျင့်သုံးကာ အထူးထက်သန်စွာ လေ့ကျင့်အားထုတ်သူ ဘုရင်တစ်ပါး ဖြစ်ခဲ့လေသည်။

ဗုဒ္ဓသာသနာတော်ကို တိုးတက်ကျယ်ပြန့်စေလိုသော အာသာဆန္ဒတော်ဖြင့် ၎င်းအုပ်စိုးသော အချိန်ကာလ အတောအတွင်း၌ ၎င်း၏အမိန့်အာဏာအရ ၉၅-ဆူသော စေတီပုထိုးများ တည်ထားစေတော်မူပြီး ၎င်းတို့အား တိုင်းသူပြည်သားများ စေတနာသဒ္ဓါ တရားအားလျော်စွာ စွန့်လွှတ်လှူဒါန်းကြသော အခွန်အတုပ်များကို အရင်းတည်ကာ အမှတ်တရ ဆန်းကြယ်လှသော မွမ်းမံပြင်ဆင်ခြင်းများနှင့် တန်ဆာဆင်ကာ တည်ရှိပြီး ဘုရား, ပုထိုး, တန်ဆောင်းများ၌ အများကြည်ညိုရန် ရုပ်ပွါးတော်များ လှူဒါန်းတော်မူခဲ့ လေသည်။

၎င်းမင်းတရားလက်ထက် နောက်ပိုင်း၌ သာသနာ ၁,၅၉၂-ခုနှစ်မှာ အိပ်မက်တော် အရ ဆုံးဖြတ်တော်မူကာ တည်ထားအပ်သော ဒိန်တူ-ဘွဲ့မည်တော်ရှိသော စေတီတော် ကြီးဖြစ်၍ ၎င်းမင်းတရားသည် –

"တစ်နေ့သ၌ မင်းတရားကိုယ်တိုင် ဘုရားအလောင်းတော် အဝလောကေသွရ စံနေတော်မူရာ ပဒုမာသနကြာပလ္လင် နန်းတော်သို့ ဦးဆောင်ကြွမြန်းကာ ဖူးမြော်ရသည်"ဟု အိပ်မက်ထဲတွင် ထင်ရှားစွာ မြင်မက်တော်မူသဖြင့် ဟန္ဒိုင်မြို့တော်ကြီး၌ ကြီးစွာသော ရေကန်တော်ကြီးကို တူးဖော်စေကာ ၎င်း၏အလယ်၌ တပင်တိုင်ကြာနန်း ပြာသာဒ်တော် ကြီးကို မူလမြင်မက်တော်မူသော ပုံစံရင်းအတိုင်း ဆောက်လုပ်စေတော်မူပြီးလျှင် ၎င်းစေတီ တော်မြတ်ကြီးကို ချူ-အမော့-ကော့ (တပင်တိုင်စေတီတော်ကြီး)ဟု အများခေါ်စေလျက် ရာဇဝင်အထိမ်းအမှတ်အဖြစ် တည်စေခဲ့လေသည်။

၎င်း လိုင်-မင်းမျိုး၏ တတိယ ၃-ဆက်မြောက်ဘုရင်ကား မင်းတရား လိုင်-ထွန်- ထွန် ဖြစ်၍ သာသနာ ၁,၅၉၉-ခုနှစ်၌ ထီးနန်းဆက်ခံ စိုးစံတော်မူပြီး ဗုဒ္ဓဘာသာတရားတော် အရလိုက်နာ၍ ကြင်နာသနားတော်မူတတ်သော ဘုရင်မင်းမြတ်တစ်ပါးဖြစ်သဖြင့် မကြာ မကြာပင် ဆင်းရဲသူ, ဆင်းရဲသားများ ငြိုငြင်သောဘဝနှင့် အကျဉ်းသားတို့၏ ခံစားရသော ဒုက္ခကို သနားတော်မူကာ အစားအစာ, အဝတ်အထည်များ ထောက်ပံ့ပေးသနားတော် မူခြင်း၊ အကျဉ်းသားများ၏ အပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း-စသည်ဖြင့် မွန်မြတ်လှသော အလုပ်ကို ပြုလုပ်စေတော်မူလျက် ၎င်းမင်းတရားလက်ထက် အကျဉ်းသားများနှင့် ဆင်းရဲသူ, ဆင်းရဲသားတို့ကား များစွာ အခွင့်ကောင်းရကြလေသည်။

## ၎င်းတတိယမြောက် ဘုရင်လက်ထက် အံ့ဩဖွယ် အဖြစ်အပျက်တစ်ခု

သာသနာ ၁,၆၁၂-ခုနှစ်၊ ၎င်းမွန်မြတ်ကောင်းမွန်လှသော ဘုရင်မင်းတရား ကံတော်မကုန်မီ ၃-နှစ်လောက်တွင် မှတ်သားထိုက်သော အဖြစ်အပျက်အကြောင်း အတ္ထုပ္ပတ်တစ်ခု ဖြစ်ပွါးခဲ့သည်မှာ–

တိုင်းပြည်အနီးအနား နယ်ပယ်ချင်းစပ်လျက်ရှိသော စမ္ပာနိုင်ငံကလေးနှင့် စစ်ဖြစ်ပွါး၍ မကြာမကြာ တိုက်ခိုက်လေ့ရှိသော ရန်သူစစ်တပ်သို့ ချီတက်တော်မူပြီး တွန်းလှန်ဖြိုဖျက်တော်မူရာ လိုင်-ထွန်-ထွန်မင်းတရားသည် မြောက်မြားလှသော စစ်သုံ့ ပန်းများကို ၎င်းနှင့်အတူ ဖမ်းဆီးခေါ်ဆောင်လာပြီး ကျေးကျွန်တော်အဖြစ်ဖြင့် သူ၏ အမတ်များသို့ ပေးအပ်တော်မူခဲ့လေသည်။

အထူးဖြစ်ပွါးခဲ့သည်ကား ၎င်းသုံ့ပန်းများထဲတွင် တရားဓမ္မဟောပြနေသော ဘုန်း တော်ကြီးတစ်ပါးလည်း ပါလာခဲ့၍ တစ်နေ့သ၌ ဘုရင်မင်းတရားသည် ၎င်းမြို့က ပြန်လာ ခဲ့ရာ အံ့ဩဖွယ်တွေ့ရသည်မှာ မိမိနှစ်သက်လေးစား၍ ခွေးချယ်စိစစ် ကျင့်ကြံအားထုတ် နေသော ဗုဒ္ဓတရားတော်အချို့ အစိတ်အပိုင်းတို့ကို အမှန်အကန် ရေးသားထားသော စာပေများတွေ့ရ၍ ၎င်းစာပေရေးသူကို ရှာဖွေစုံစမ်းစေရာ မကြာမီပင် ၎င်းမှာ ၎င်း၏သုံ့ပန်း ကျေးကျွန်ထဲက တစ်ယောက်ဖြစ်နေကြောင်း တွေ့ရှိရလေသည်။

၎င်းစာရေးသူ အပ်နှံခြင်း ခံရသောအမတ်ထံ ၎င်းသူကို နန်းတော်သို့ ပို့ဆောင်ရန် အမိန့်ရှိသောအခါ အမတ်သည် မည်သူဖြစ်ကြောင်း အစီရင်ခံစာနှင့်တကွ ၎င်းကို ဘုရင့် ထံသို့ပို့လျှင် ဘုရင်မင်းတရားသည် ၎င်းအား တရားဓမ္မနှင့်စပ်သော ပြဿနာများ မေးမြန်း တော်မူတိုင်း သုံ့ပန်းအကျဉ်းသားက ထက်မြက်သော ပညာဉာဏ်ဖြင့် ဖြေကြားခဲ့ရာ ၎င်းမှာ နိုင်ငံခြားနယ်မြေ၌ တရားဓမ္မဟောပြောနေစဉ် အဖမ်းခံခဲ့ရသည့် ထ-အို-ဒွန်အမည်ရှိသော တရုတ်ဈာန်ဂိုဏ်းဆရာကြီး တစ်ယောက်ဖြစ်နေကြောင်း တွေ့ရှိရသဖြင့် များစွာ အံ့ဩခဲ့ ရလေသည်။

ထို့နောက် ၎င်းပုဂ္ဂိုလ်ကြီးအား ဘုရင်မင်းတရားကြီးသည် နိုင်ငံတော်သာသနာပြု ဓမ္မကထိက တရားဟောဆရာကြီးအဖြစ် ခန့်အပ်တော်မူကာ ခ-ဤ-ကော့-က် စေတီတော် ကြီး၌ တရားဓမ္မဟောပြောရန် ခွင့်ပြုထားတော်မူခဲ့ရာ ၎င်းအသစ်ဖြစ်သည့် ထ-အို-ဒွန် ဆရာကြီးအထံ၌ တရားဓမ္မ သင်ယူကြသည့်တပည့်များ မကြာမီ များပြားတိုးတက်လာ သဖြင့် ၎င်းပုဂ္ဂိုလ်၏အမည်ဖြင့် တတိယဈာန်ဂိုဏ်းကြီး ဖွဲ့စည်းတည်ထောင်ခဲ့ရာ ဘုရင်မင်း

တရားကြီးလည်း ၎င်းအထဲပါဝင်လျက် ဘိုးတော်များကဲ့သို့ တရားသက်ဝင် ယုံကြည်ကာ တရားပေါက်ရောက်တော်မူခဲ့သည်-ဟု မှတ်ထင်ခဲ့ကြလေသည်။

## လိုင်-နန်-ထွန် ဘုရင်လက်ထက်
## ကောန်ဖြူရှင်းဝါဒနှောင့်ယှက်လာကြောင်း

၎င်းလိုင်-ထွန်-ထွန် ဘုရင်မင်းတရားကြီးနောက် သာသနာ ၁,၆၁၅-ခုနှစ်မှာ လိုင်-နန်-ထွန်ဘုရင်သည် ထီးနန်းအရိုက်အရာဆက်ခံ၍ အုပ်ချုပ်စိုးစံရာ ၎င်းဘုရင်လက်ထက်၌ ရှေးခေတ်များက ဖြစ်ထွန်းလာခဲ့ဖူးသော ကောန်ဖြူရှင်းအယူဝါဒများ နိုင်ငံတော်တွင် ပညာရှင်များအတွင်း ချင်းနင်းဝင်ရောက်လာခဲ့ရာ ထိုအခါ ဘုရင့်အမိန့်တော်အားဖြင့် တရုတ်ပညာရှိအမတ်များ ထပ်မံဖြည့်စွက်ကာ ပဌမဆုံးဘာသာဝါဒ စုံစမ်းစစ်ဆေးသည့် ဝါဒသင်တန်းများ ပြုလုပ်ဆွေးနွေးခဲ့ရလေသည်။

သို့ရာတွင် ၎င်းအနှောင့်အယှက် ဘေးရန်ဖြစ်ပွါးခြင်းကား ကာလရှည်လျား အောင်မရောက်လှဘဲ-

ဘုရင်မင်းတရား၏ အားထုတ်စောင့်ရှောက်ခြင်းအားဖြင့် ဗုဒ္ဓတရားတော် ဆက်လက်ဖြစ်ထွန်း ပြန့်ပွါးတိုးတက်ကာ -

ထိုအခါက ဗုဒ္ဓတရားတော်၏ ခဲခက်လေးနက် မွန်မြတ်ခြင်း၏ သက်သေခံအဖြစ် ယခုတိုင် တည်ရှိနေသည့် များပြားလှစွာသော ဗုဒ္ဓစာပေကျမ်းဂန်များကို ဒင်မင်းမျိုးများနှင့် လီမင်းမျိုးများ လက်ထက်က ခွန်-ဗီ-အက်-ဘွဲ့ခံ ပညာရှိကြီးကဲ့သို့ အရှင် ဘိန်-ချီ-ယူ၊ အရှင် ငို-အန်၊ အရှင် ခို-ဒေါ်-စသည့် ပညာရှိကြီးများ ရေးသားဖြန့်ဖြူးကြသဖြင့်-

နောက်ဖြစ်ပွါးသော ဝါဒများသည် ဘုရင်မင်းတရား၏ အတိုင်ပင်ခံ ပညာရှိကြီးတို့၏ ခဲခက်မြင့်မားသော ပညာဉာဏ် အလုပ်ကိစ္စတို့ဖြင့် ဆုံးရှုံးပျက်ပြား သွားခဲ့လေသည်။

## တြန်မင်းမျိုးများ သာသနာဆက်ပြုကြောင်း

သာသနာ ၁,၆၇၀-ခုမှ ၁,၇၆၈-နှစ်တိုင် မောင်လိုင်-မင်းမျိုးများ၏ နောက်ပိုင်း၌ စျာန်ဂိုဏ်းယုံကြည် ကျင့်ကြံလေ့လာကြသော မင်းများ ၃-ဆက်ရှိသေး၍ -

နောက်ဆုံး မင်းတရားသည်ကား စျာန်တရားလေ့လာကာ လူ့ဘောင်, လူ့ဘဝကို ငြီးငွေ့တော်မူလျက် ထီးနန်းစွန့်ခွာပြီး ရဟန်းဘဝသို့ တက်ရောက်တော်မူကာ ၎င်း၏ချစ်ခင်လှစွာသော သမီးတော်အား တိုင်းပြည်လွှဲအပ်တော်မူပြီးနောက် –

၎င်းသမီးတော်ကလည်း သူ၏ကြင်ရာတော် တြန်-ချန်သို့ အာဏာပေးအပ်ပြီးလျှင် ၎င်းသည် တြန်မင်းဆက်ကို တည်ထောင်ခဲ့လေသည်။

၎င်းတြန်မင်းမျိုးများ လက်ထက်မှာလည်း ဗုဒ္ဓတရားတော် ထွန်းတောက် တိုးတက်လျက်ပင်ရှိ၍ ၎င်းမင်းဆက်များတွင် တြန်-ထိုင်-ထောင် မင်းတရားကား ထက်မြက်စူးရှသော ဉာဏ်ပညာအားဖြင့် "စျာနမဂ္ဂဒဿန = စျာန်လမ်းညွှန် ခို-အံ-ဟူ-ဗုဒ္ဓတရားတော်" တည်းဟူသော ဗုဒ္ဓစာပေကျမ်းဂန်များကို ၎င်းကိုယ်တိုင် ရေးသားပြုစုတော်မူကာ ဗုဒ္ဓတရားတော်ကိုလည်း ကိုယ်တိုင်ကျင့်သုံးလျက် တိုင်းပြည်အလုံးကိုလည်း ဗုဒ္ဓတရားတော်များ စျာန်ဂိုဏ်းအားလျော်စွာ လေ့လာစေတော်မူခဲ့သည့်အတိုင်း ၎င်းမင်းတရား ရေးသားတော်မူခဲ့သော ကျမ်းဂန်များကို ယခုတိုင်အောင်ပင် ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိကြောင်း ရေးသားကြလေသည်။

၎င်းနောက် ၎င်းမင်းဆက် တြန်-နိုင်-ထောင်သည် ၎င်း၏အသက် ၁၇-နှစ်၌ ထီးနန်းဆက်ခံစိုးစံရန် လွှဲအပ်ခြင်းကို ငြင်းပယ်ကာ ရဟန်းပြုလုပ်ဖို့ ခမည်းတော်အား ပြောကြားလျှင် အခွင့်မပြုဘဲ ရှိသဖြင့် သူသည် ယင်ထူတောင်ကြီးသို့ သွားဖို့ရန် အကြံအစည်နှင့် ရဲတိုင်ခံတပ်မှ ထွက်ခွာဖို့ တဖန် ကြိုးစားသော်လည်း အထမမြောက်ဘဲ နောက်သို့ ပြန်လှည့်ကာ မလွှဲသာတော့သဖြင့် ထီးနန်းကို လက်ခံသိမ်းပိုက်ရပြီး ဗုဒ္ဓတရားတော်ကို ထက်သန်ကြည်ညိုလေးစားသော ဘုရင်တစ်ပါးအဖြစ်ဖြင့် ဗုဒ္ဓသာသနာတော်ကြီးအား ထောက်ပံ့ပြုစုကာ တိုင်းပြည်ကို အုပ်ချုပ် စိုးစံတော်မူခဲ့ရလေသည်။

တိုင်းသူပြည်သားလူအများအား ထောက်ထားညှာတာသောအားဖြင့် အကြိမ်များစွာ ပြန်လည်ဆုတ်နစ်ရန် ကြံစည်ကြိုးစား အားထုတ်ပြီးနောက် ဘုရင်တြန်-နန်-ထောင်သည် သူ၏သားတော်အား ထီးနန်းစည်းစိမ်နှင့် တိုင်းပြည်ကို လွှဲအပ်တော်မူပြီးလျှင် ရှေးက ကြံစည်တော်မူခဲ့ရင်း ဆန္ဒတော်အတိုင်း ယင်-ထူ-တောင်ကြီးသို့ ထွက်တော်မူပြီး ရဟန်းပြုလုပ် တရားအားထုတ် နေတော်မူခဲ့လေသည်။

ဘုရင်မင်းမြတ်သည် ဤသို့တောထွက်ကာ ရဟန်းပြုလုပ် တရားအားထုတ်လျက် တရားကို ရှာဖွေတော်မူရာ ဗို-ငွန်-ထူ-တြမ်-သူ-ယင်-စု-ဆရာတော်ကြီး၏ တပည့်ဖြစ်၍ နောက်အခါ ဤဂိုဏ်းကြီး၏ ဂိုဏ်းကွဲအဖြစ်ဖြင့် တြု-လ်-လန် (ဝေဠုဝန-ဝါးတောကျောင်း)

ဂိုဏ်း-ဟု ဂိုဏ်းသီးဂိုဏ်းခြား တည်ထောင်တော်မူကာ ဗုဒ္ဓသာသနာတော်မြတ်ကို ရိုသေစွာ လိုက်နာကျင့်သုံးတော်မူလျက် အားထုတ်ဆောင်ရွက်တော်မူခဲ့လေသည်။

ဤတြန်မင်းမျိုးများ လက်ထက်မှာလည်း ဈာန်ဂိုဏ်းမှာ များစွာ တိုးတက်လာခဲ့၍ လူအများတို့ ကျောင်း, ဘုရားသို့ သွားလာကြကာ တရားအားထုတ်လေ့ရှိကြသဖြင့် ၎င်းတိုင်းပြည်ရှိ အားလုံးသော ရွာများတိုင်းမှာလိုပင် ဘုရားဝတ်ကျောင်း, တန်ဆောင်းများ ဆောက်လုပ်ကြလျက် တရားအားထုတ် ကျင့်ကြံလေ့ရှိသည့်အပြင် မင်း၏ဆွေတော်, မျိုးတော်တို့မှာလည်း ရဟန်းဘောင်သို့ ဝင်ကြပြီးကာ တရားအားထုတ် လေ့လာကျင့်သုံးလေ့ ရှိကြကုန်၏။

သို့ရာတွင် သဘောအားဖြင့် ဈာန်ဂိုဏ်းအရ လေ့လာကျင့်သုံးကြ၍ ဈာနအယူဝါဒ အသွင် ထင်မြင်လာရသော်လည်း -

၎င်းဗုဒ္ဓဝါဒအဆက်အနွယ်ကား ဈာန်ဂိုဏ်းတည်ထောင် လာခဲ့သော ရှေးက ထင်ရှားကျော်ကြားခဲ့သည့် ကင်-ဒို-ထောင်ဂိုဏ်း ဖြစ်သောကြောင့် လူများ၌ ဘာသာဝါဒ ပိုမိုလေ့ကျင့်ခြင်း တိုးတက်များပြားလာအောင် -

၎င်းတို့အား တိုးချဲ့ ဟောပြောသောဝါဒ (ဗုဒ္ဓတရားတော်မြတ် အပြည့်အစုံ ယုံကြည်ဖို့ရန်) ခေတ်အလိုက် တရားအားထုတ်ဖို့ တိုက်တွန်းသကဲ့သို့ ဖြစ်လေသည်။

ဤသို့အားဖြင့် တရုတ်ပြည်ကြီး၌ ဗုဒ္ဓဝါဒမရောက်မီက လေ့လာခဲ့ကြသော တာ-အို-ဘာသာနှင့် ကောန်-ဖြူရှင်း ဘာသာဝါဒများလည်းရှိကြ၍ ၎င်း၌ မဟာယာနဗုဒ္ဓ သာသနာ ရောက်လာသောအခါ ၎င်း၏ကောင်းမြတ် မှန်ကန်သော တရားတော်အလျောက် ထွန်းတောက်နေသောခေတ် ပြောင်းလဲလာချိန်မှ ၎င်းတို့အာဏာသည် နိုင်ငံအချင်းချင်း နီးစပ်၍ အားကြီးသော နိုင်ငံဖြစ်သည့်အတိုင်း ဗီ-ယက်-နမ်သို့တိုင်အောင် လွှမ်းမိုးလာလျှင် ဘာသာအယူဝါဒများလည်း ပါလာခဲ့၍ ၎င်းဝါဒများ ဗီယက်နမ်၌ တစ်စတစ်စ ပြန့်နှံ့ကာ ဘာသာကြီး ၃-ရပ် တရုတ်ပြည်ကြီးမှ ရောက်လာခဲ့လေသည်။

၎င်းဗီယက်နမ်၌ ရှေးဦးဆုံးရောက်ရှိခဲ့သော ထေရဝါဒသာသနာတော်မှာကား အားပေးထောက်ပံ့ ပြုစုအားထုတ်သောမင်းများနှင့် ၎င်းသာသနာကို ဆောင်ရွက် အားထုတ်တော်မူကြသော သာသနာပြုမထေရ်များ ထင်ရှားမရှိတော့ဘဲ အားနည်းနေခိုက် တရုတ်ပြည်ကြီးမှ ရောက်လာခဲ့သော မဟာယာနသာသနာမှာ တိုင်းပြည်၌ စိုးအုပ်သောမင်းများနှင့် အာဏာများ လွှမ်းမိုးလာသည့်အတိုင်း တဖြည်းဖြည်း ပြန့်ကျယ်လာပြီးလျှင် ၎င်းဝါဒသည် လွယ်ကူစွာ ကျင့်ကြံရသောဝါဒဖြစ်သည်နှင့်အညီ လေ့ကျင့်ကြသူ ပေါ်များယုံကြည်

အားထားကြပြီး ထေရဝါဒသာသနာတော်မှာကား တစ်စတစ်စ တိမ်မြုပ်ပျောက်ကွယ်လာခဲ့ရလေသည်။

၎င်းနောက် တရုတ်ပြည်ကြီးတွင် ထွန်းကားလာခဲ့သော တာ-အိုဘာသာနှင့် ကွန်ဖြူးရှင်းဘာသာများလည်း နောက်လိုက်လာခဲ့ရာ ၎င်းတို့ဘာသာဝါဒအတိုင်း ဟောပြောကြလျက် ထိုက်သင့်စွာ တိုးတက်လာခဲ့သည်တွင် ကွန်ဖြူးရှင်းဘာသာကား ဗုဒ္ဓဝါဒနှင့် နီးစပ် သည့်အလျောက် ဗုဒ္ဓဝါဒနှင့်လည်း အချို့တူညီသည်အားလျော်စွာ နောက်အခါ၌ ဗုဒ္ဓဘာသာသို့ ပေါင်းစပ်သွားပြီးလျှင် အနည်းငယ်သော တာ-အိုများမှာမူ မဟာယာန ဗုဒ္ဓသာသနာ လွှမ်းမိုးလာသောအချိန်အခါမှာ တစ်စတစ်စ အားနည်းလာခဲ့ကြ၍ နောက်ခေတ်များ၌မူ ဘာသာတစ်ရပ် ထင်ရှားအောင် မဖြစ်ထွန်းတော့ဘဲ တိမ်မြုပ်ပျောက်ကွယ်သွားခဲ့လေသည်။

ဤသို့လျှင် ဗီယက်နမ် အာနမ်ပြည်၌ ဗုဒ္ဓသာသနာတော်သည်ကား အယူဝါဒအားဖြင့် တရုတ်ပြည်ကြီးနှင့် နီးစပ်သည့်အတိုင်း မဟာယာနသို့ ကိုင်းရှိုင်းလျက် မဟာယာနဂိုဏ်းများသာ သာသနာ ၂,၀၀၀-အတွင်းက ထွန်းပလာခဲ့ရာ -

တိုင်းပြည်၏ကံကြမ္မာ နိမ့်ကျလာခဲ့၍ နိုင်ငံခြားသား ပြင်သစ်များ၏လက်အောက်သို့ ကျရောက်သွားသော်လည်း -

ဗုဒ္ဓဝါဒသက်ဝင် ယုံကြည်ကြသူ တိုင်းသူပြည်သားများနှင့် သာသနာတော်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်တော်မူကြသော ရဟန်းတော်များသည် အသင်းအဖွဲ့ကြီး ဖွဲ့စည်းကြကာ သာသနာတော်ကို စောင့်ရှောက်ကြသောကြောင့် နိမ့်ကျမသွားဘဲ တည်တံ့ထွန်းကားလျက် ရှိနေခဲ့လေသည်။

ဤမျှဖြင့် မြတ်စွာဘုရား သာသနာတော် ၂,၀၀၀-အတွင်း ဗီယက်နမ် အာနမ်ပြည်၌ ဗုဒ္ဓသာသနာဝင် အစဉ်အလာမှတ်တမ်းကား ပြီးဆုံးစေအပ်ပြီ။

✪ ✪ ✪ ✪ ✪

## မျက်မှောက်ခေတ် ဗုဒ္ဓသာသနာတော်

ရှေးခေတ်က ကြီးပွါးထွန်းကားလာခဲ့သော အာနမ်ပြည် ဗုဒ္ဓသာသနာတော်ကြီးကား ၎င်းတိုင်းပြည်မှာ တရုတ်ပြည်ကြီး၏လက်အောက် နှစ်များစွာ ကျရောက်ခဲ့သည့်အတိုင်း ၎င်းပြည်ကြီး၌ ကိုင်းရှိုင်းကိုးကွယ် အားထုတ်လေ့လာကြသော မဟာယာနစျာန်ဂိုဏ်းသာသနာသာ ဖြစ်ထွန်းတိုးတက် စည်ပင်လာခဲ့၍ –

အခြားဘာသာဝါဒများမှာ မှတ်တမ်းရေးသားလောက်အောင် ထွန်းကားစည်ပင်ခြင်း မရှိခဲ့ရာ –

၎င်းကြီးမားလှစွာသော တရုတ်ပြည်ကြီးတည်းဟူသော လောင်းရိပ်အောက် ကျရောက်ခဲ့သော ဘာသာဝါဒ အရှိန်တန်ခိုးကား ၎င်းလက်အောက်မှ လွတ်မြောက်သော်လည်း-

မညှိုးနွမ်းသေးဘဲ စွဲမြဲလေ့လာခဲ့ကြသော မဟာယာနစျာန်ဂိုဏ်း သာသနာမှာ အရောင်အဝါ တိုးတက်ထွန်းပလျက် ၎င်းနိုင်ငံ၌ ဘုရင်အဆက်ဆက်တို့လည်း ၎င်းဝါဒကို အားပေးချီးမြှောက် ထောက်ပံ့ကာ ၎င်းစျာန်ဂိုဏ်း သာသနာကြီးသာ တိုးတက်ကြီးမြောက်လာခဲ့လေသည်။

၎င်းအာနမ်ပြည်မှာ ပြင်သစ် နိုင်ငံခြားလက်အောက် ကျရောက်ခဲ့ပြန်၍ ပြင်သစ်ဘုရင်ဂျီဂိုဏ်း သာသနာပြုဆရာကြီးများ အလွန်ကြိုးပမ်း အားထုတ်ကာ ၎င်းခရစ်ယာန်ဘုရင်ဂျီဂိုဏ်းသာသနာ အမျိုးမျိုးပြုကြပါသော်လည်း ရှေးက စွဲမြဲလာခဲ့ကြသော ဗုဒ္ဓသာသနာ ဘာသာဝါဒ၌ အတ္တနိယျာတန-မိမိကိုယ်ကို အပ်လျက် အသက်တမျှ ယုံကြည်လာခဲ့ကြသော ၎င်းတို့ဂိုဏ်းဝင် အရှင်မထေရ်မြတ်ကြီးများနှင့် အထူးယုံကြည် လေးစားစွာ ဗုဒ္ဓသာသနာတော်မြတ် ဆည်းကပ်ကိုးကွယ်ကြသော ဗုဒ္ဓဥပါသကာ ဘုရင်မျိုးနွယ်များပါ တိုင်းသူပြည်သားတို့သည် အသင်းအဖွဲ့ကြီးများ ဖွဲ့စည်းကြကာ ၎င်းဘာသာဝါဒ စောင့်ရှောက် ကာကွယ်ကြသဖြင့် ဗုဒ္ဓသာသနာတော်ကား အနည်းငယ်မျှ ခရစ်ယာန်ဘာသာ ဝင်ကြသည်မှတပါး တိမ်းပါးချို့တဲ့ခြင်း မရှိ၊ ပကတိတည်မြဲတိုင်း ထွန်းကားလျက်ရှိခဲ့လေသည်။

ဤသို့ နိုင်ငံခြားသား ခရစ်ယာန်များ၏လက်အောက် ကျရောက်ကာ ၎င်းတို့၏ အာဏာတန်ခိုး ကြီးစိုးစဉ်က ခေတ်အားလျော်စွာ ၎င်းတို့အသိဉာဏ်ပညာ တိုးတက်လာခဲ့ကြ၍ အယူသည်းမှုတို့ကို ဖျောက်ဖျက်ကာ ဘာသာဝါဒ လေးစားကြသော တိုင်းသူပြည်သားများနှင့် သာသနာ၌ ယုံကြည်စွဲမြဲကြသော ဘုန်းတော်ကြီးများ စုပေါင်း၍ အဖွဲ့အစည်းကြီးများ တည်ထောင်ခဲ့ကြသည်မှာ –

- ဗီ-ယက်-နမ် မြောက်ပိုင်း၌ တုံကင်ဗုဒ္ဓဘာသာအဖွဲ့ကြီး
- ၎င်းတောင်ပိုင်း၌ ကိုချင်ချိုင်းနားဗုဒ္ဓဝါဒ ရှာဖွေရေးအသင်းကြီး
- ၎င်းအလယ်ပိုင်း၌ အာနမ်ဗုဒ္ဓဘာသာအဖွဲ့အစည်းကြီး–

ဤအဖွဲ့အစည်းကြီးများ တည်ထောင်ကြကာ ဗုဒ္ဓသာသနာတော်ကို ကာကွယ်စောင့်ရှောက်ပြုပြင်ရေး, လက်အောက်ခံ (ကိုလိုနီ) နိုင်ငံအဖြစ်မှ ကာကွယ်စောင့်ရှောက်ရေးများ ဆောင်ရွက်အားထုတ်ခဲ့ကြလေသည်။

ထိုမှတပါးလည်း စစ်ကြီးအတွင်းနှင့် စစ်ပြီးဆုံးသည့် နောက်ခေတ်များ၌လည်း ဘာသာဝါဒ စွဲမြဲယုံကြည်လေးစားကြသော တိုင်းသူပြည်သား, ဘုန်းတော်ကြီးများသည် ဗီ-ယက်-နမ် ကယ်တင်ရေး ဗုဒ္ဓဘာသာအဖွဲ့အစည်းကြီးများ ဖွဲ့စည်းကြကာ ဘာသာနှင့် အမျိုးသား ကာကွယ်စောင့်ရှောက်ကြသည့်အပြင် ၎င်းကယ်တင်ရေး တပ်ဖွဲ့များလည်း ဖွဲ့စည်းကြပြီး စစ်ဘေး, စစ်ဒဏ်ခံရသူများ၊ ၎င်းစစ်ဘေးစစ်ဒဏ်ကြောင့် ဆင်းရဲဒုက္ခ ရောက်ကြသူများအား ကူညီထောက်ပံ့ကြကာ မြို့ကြီးတိုင်းမှာလိုပင် လက်အောက်ခံအဖွဲ့များ ထားကြ၍ ဘာသာဝါဒစွဲမြဲယုံကြည်မှုဖြင့် နိုင်ငံတော်အကျိုးနှင့် ဗုဒ္ဓဝါဒသာသနာတော် စောင့်ရှောက်မှုများ ကျယ်ပြန့်စွာ အားထုတ်ဆောင်ရွက်ခဲ့ကြလေသည်။

ဤသို့ ဘာသာဝါဒ ယုံကြည်ထက်သန်မှုများဖြင့် အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ကြပြီး ၎င်းတို့သာသနာတော်မြတ်ကြီးကို စောင့်ရှောက်ကာကွယ်လာခဲ့ကြသည်မှာ ယခုအခါတိုင်အောင်ပင် ရှိနေကြသေး၍ ဗီ-ယက်-နမ်အချို့ ပြင်သစ်အာဏာအောက် ကျရောက်ခဲ့စဉ်က ခရစ်တော်လက်အောက်ရောက်ခဲ့ကြသည့် အထဲတွင် ရှေးဘုရင်မျိုးနွယ်များလည်း ပါဝင်ကြကာ ၎င်းခရစ်ယာန်ဖြစ်သော ငို-ဒင်-ဇင် သမ္မတဖြစ်စဉ် ဗုဒ္ဓဘာသာဝါဒ တရားများ ဖိနှိပ်ချုပ်ချယ်မှုရှိလာခဲ့၍ ဗုဒ္ဓဘာသာများ မခံမရပ်နိုင်ကြဘဲ ဆန္ဒပြကြသည့် အထဲတွင် အယူသည်းကြသော ဘုန်းတော်ကြီးများလည်း ပါဝင်ကြကာ ၎င်းတို့က မိမိတို့ ကိုယ်ကို မီးရှို့စတေးလျက် လေးနက်စွာ ဆန္ဒပြကြလေသည်။

သို့ရာတွင် ဗီ-ယက်-နမ်မြောက်ပိုင်းမှာ ရှေးအခါက ဗုဒ္ဓသာသနာတော်မြတ်ကြီး ဖြစ်ထွန်းကာ အလွန်စည်ပင် ပြန့်ပွါးခဲ့သော်လည်း ယခုအခါ ပစ္စုပ္ပန်အခြေအနေမှာကား ပြည်တွင်းရေးများ မငြိမ်မသက်ခြင်း ဘေးဒဏ်များ ရင်ဆိုင်လျက်နေရ၍ ဘာသာဝါဒဘက်မှာကား ရပ်ဆိုင်းထားရသကဲ့သို့ ဘာသာဝါဒနှင့် စပ်လျဉ်း၍ အထူးသတင်းများ မကြားသိရတော့ဘဲ နိုင်ငံရေးပဋိပက္ခထဲသို့ ကျရောက်နေကာ ဘာသာဝါဒ အကြောင်းအရာများ မျက်နှာဖုံးချထားသကဲ့သို့ ရှိနေလေသည်။

ထို့အတူ ၎င်းအလယ်ပိုင်းနိုင်ငံမှာလည်း တောင်, မြောက် ပဋိပက္ခ အကြားထဲမှာ ကျရောက်ကာ ငြိမ်သက်သာယာခြင်း မရှိလှဘဲ နိုင်ငံရေးအရှုပ်အထွေးတွင် ကြားညပ်ပါဝင်နေရ၍ တရားဓမ္မ ဘာသာဝါဒအရေးတို့ကို အေးဆေးငြိမ်သက်စွာ အားမထုတ်နိုင်ကြသည့်အပြင် ၎င်းနိုင်ငံရေးမချမ်းသာမှုဖြင့် အချိန်ကာလ ကုန်ဆုံးကြကာ ဘာသာဝါဒဘက်၌ တိုးတက်အောင် အားမထုတ်နိုင်ကြကုန်။

ယခုအခါ တောင် ဗီ-ယက်-နမ်မှာလည်း ၎င်းနည်းတူ နိုင်ငံရေးဆူပူသဖြင့် တရားဓမ္မဘာသာဝါဒ အရေးများ အားထုတ်ဖို့ အခွင့်အခါ ကောင်းမွန်စွာ မရနိုင်ကြတော့ဘဲ ဗီ-ယက်-ကောင်းတို့၏ သူပုန်ရန် ပူပန်စိုးရိမ် ထိတ်လန့်နေရသဖြင့် ရှေးက ဗုဒ္ဓဘာသာတရား စည်ပင်ပြန့်ပွါးခဲ့ကြသော မြို့ကြီးပြကြီးများပင် ဘာသာဝါဒဘက်၌ ချောက်ချားလျက် ရှိနေခဲ့လေသည်။

ဤသို့လျှင် ဗီ-ယက်-နမ် အာနမ်ပြည်၌ နိုင်ငံရေးအနှောင့်အယှက်အတွက် ဘာသာဝါဒဘက်တွင် တိုးတက်ကြီးပွါးအောင် အားမထုတ်နိုင်ကြတော့ဘဲ အခါဆိုးကြီး ပိတ်ဆည်းတားမြစ်ကာ ဘာသာဝါဒတရားများ ရပ်ဆိုင်းထားရလေတော့သတည်း။

**ဤတွင် မျက်မှောက်အခါ ဗီယက်နမ် မဟာယာနသာသနာ ပြဆိုခြင်း**

**အပြီးသတ်အပ်ပြီ။**

✪ ✪ ✪ ✪ ✪

## ဗီယက်နမ် အာနမ်ပြည် ထေရဝါဒသာသနာ ပြန်လည်တောက်ပလာခြင်း

အရှေ့ဖျားနိုင်ငံများ၌ ထေရဝါဒသာသနာတော် ထွန်းကားသောနိုင်ငံအရေအတွက်မှာ ရှေးအခါက သီဟိုဠ်, မြန်မာ, ယိုးဒယား-ဟု ၃-နိုင်ငံမျှသာ ရေတွက်လာခဲ့ကြရာ ယခုအခါ၌မူကား ၎င်းအရှေ့ဖျားနိုင်ငံများဝယ် ထေရဝါဒကျင့်သုံးကြသော နိုင်ငံကသာများကြ၍ ၎င်းတို့ကား ကမ္ဘုဇ-(ကမ္ဘောဒီးယား)၊ လာအို-(လော)၊ ဗီ-ယက်-နမ် နိုင်ငံများဖြစ်ကြသဖြင့် ၎င်းထေရဝါဒနိုင်ငံ အရေအတွက်မှာ ၎င်းတို့ပါ ထေရဝါဒ ၆-နိုင်ငံ-ဟု အရှေ့ဖျားနိုင်ငံစုတွင် ရေတွက်ပိုင်းခြားရပေမည်။

ထိုမှတပါး အင်ဒိုနီးရှား-ဟု ယခုခေါ်ဝေါ်သည့် ဂျာဝါး ဆုမတြာ-ဘာလီကျွန်းတို့၌ လည်း ထေရဝါဒသာသနာအစ ပျိုးထောင်လာ၍ မကြာမီပင် ထေရဝါဒသာသနာဝင်နိုင်ငံ တစ်ခုဖြစ်လာဖွယ်ရှိသည်မှာ–

ရန်ကုန်၊ သာသနာ့ရိပ်သာ၊ မဟာစည်ဆရာတော် ကြီးမှူး ဦးဆောင်သော သာသနာပြုများ ရောက်လာကြ၍ ၎င်းနိုင်ငံမှ တိုင်းရင်းသားများပင် ထေရဝါဒသာသနာသို့ ဝင်ရောက်လာကြကာ ၎င်းသာသနာရိပ်သာတွင် ရဟန်းပြုကြပြီး တရားအားထုတ် လေ့လာ ကြလျက် ဝိနယဓမ္မ နေသားကျအောင် နေထိုင်သီတင်းသုံးကြပြီး ၎င်းတို့ နိုင်ငံသို့ပြန်လည် ကာ သာသနာပြုနေထိုင်ကြသဖြင့် ၎င်းထေရဝါဒသာသနာ ၎င်းနိုင်ငံမှာ များပြားကျယ်ဝန်း လာသောကြောင့် ဖြစ်လေသည်။

၎င်း ဗီယက်နမ် အာနမ်ပြည်မှာလည်း အနီးအနား ထေရဝါဒနိုင်ငံများဖြစ်ကြသော ယိုးဒယား, ကမ္ဘောဒီးယား, လာအို(လော)နိုင်ငံများနှင့် မြေဧရိယာဆက်စပ်ကြလျက် တည်ရှိ သောနိုင်ငံများ ဖြစ်ကြသည့်အားလျော်စွာ ၎င်းတို့မှ ထေရဝါဒ ထေရ်, အရှင်, ရဟန်း, သံဃာတော်များ ဝင်ရောက်သီတင်းသုံးတော်မူကြကာ ထိုက်သင့်စွာ ထေရဝါဒတရားဓမ္မ ဟောပြတော်မူကြလျှင် ၎င်းဝါဒသို့ သက်ဝင်ယုံကြည်လာကြသော ဥပါသကာ အရေအတွက် များပြား တိုးတက်လာကြပြီး တောရွာများမှာ ထေရဝါဒကျောင်း အတော်များလာခဲ့လေ သည်။

၎င်း ဗီယက်နမ် ထေရဝါဒသာသနာဝင် ဦးရေကား အတိအကျအားဖြင့် မရေး သားနိုင်သော်လည်း ခန့်မှန်းခြေအရ ၎င်းတို့ပြောပြကြသည်မှာ ၁,၉၆၂-ခု မိမိ ဗီယက်နမ် ရောက်စဉ်က တောနယ်များမှာ–

- ထေရဝါဒကျောင်းပေါင်း ၁၀၀-မျှရှိ၍ သာသနာဝင်ရဟန်းရှင်သာမဏေကား ခန့်မှန်း ခြေ ၅၀၀-နီးပါး ရှိကြောင်း,
- ၎င်းတို့တွင် ဗီယက်နမ် ရဟန်းများလည်း ပါဝင်ကြ၍ အများအားဖြင့် ကမ္ဘောဒီးယား ရဟန်းများသာ နယ်စွန်များ၌ နေထိုင် သီတင်းသုံးတော်မူကြကြောင်း,
- ၎င်းတို့နေထိုင် သီတင်းသုံးသော ရပ်ရွာရှိ ဥပါသကာ, ဥပါသိကာတို့မှာ များသော အားဖြင့် ထေရဝါဒသာသနာ သက်ဝင်ယုံကြည်သူများကြောင်း– ပြောဆိုကြပါသည်။

ယခုအခါ ဗီယက်နမ်၌ နိုင်ငံရေးအရ တောင်, မြောက် ကွဲပြား၍ ဟန္နိုင်မြို့ကြီးမှာ မြောက်ဗီယက်နမ်မြို့တော် ဖြစ်ခဲ့ဖူးသည်အားလျော်စွာ ရှေ့အခါက စည်ပင်ထွန်းကား မင်းနေပြည်တော်ကြီးဖြစ်ခဲ့ဖူးသဖြင့် ဘုရင်မင်းတရား၏ အိပ်မက်တော်အရ ရှေးက

တပင်တိုင်ကြာနန်း ပြာသာဒ်တော်ကြီး မင်းတရားကိုယ်တိုင် ကြပ်မတ်လျက် တည်ဆောက်တော်မူပြီး မဟာယာနဂိုဏ်းကြီး အထွတ်အမြတ် ကိုးကွယ်အပ်သော အဝလောကိဿရနတ်ကွန်းစေတီတော်စသည်ဖြင့် များပြားလှသော ဘာသာရေး အဆောက်အအုံကြီးများနှင့် ခမ်းနားကြီးကျယ် စည်ပင်သာယာလှသော်လည်း ယခုအခါ နိုင်ငံရေး အမိုက်အမှောင် ပိတ်နှောင်ကာဆီး ဖုံးအုပ်ကာ ဘာသာဝါဒကား မျက်နှာဖုံးချထားရသော အချိန်အခါ ဖြစ်နေလေသည်။

သို့ရာတွင် တောင်ဗီယက်နမ်မှာကား ယခုခေတ် မျက်မှောက်ခေတ်မှာ နိုင်ငံရေးလှိုင်းမိ၍ မချိမဆန့်ခံနေရမည်မှာ အမှန်ဖြစ်သော်လည်း ၁၉၆၂-ခု၊ လွန်ခဲ့သော ၄-နှစ်လောက်က ၎င်း၏မြို့တော်ကား ဆိုက်ဂွန်-(ဆေဂုံ)မြို့တော်-ဟု ဗမာတို့ သိကြသော မြို့ကြီးဖြစ်၍ ၎င်းမှာ အလွန်ဆန်းကြယ်ခမ်းနား ကြီးမားလှသော မဟာယာန အဆောက်အအုံကျောင်း, ဘုရား, စေတီ, ဝတ်ကျောင်း, တန်ဆောင်းတော်ကြီးများဖြင့် တန်ဆာဆင်ကာ အလွန်တင့်တယ်လှသော ရှုခင်းများထဲတွင် ထေရဝါဒကျောင်း, တန်ဆောင်းများလည်း ပေါ်ထွန်းလျက် ထေရဝါဒ သာသနာတော်မြတ်လည်း တိုးတက်ပြန့်ပွါးလာခဲ့လေသည်။

သို့သော်လည်း ၎င်းဆေဂုံမြို့တော်ကြီးမှာ ကြီးလျက် များပြားလှသော မဟာယာနကျောင်းတော်ကြီးများနှင့် နှိုင်းစာလျှင် အရေအတွက်နည်းပါးလှ၍ ၅-ကျောင်းမျှသာရှိသည့်အပြင် ၎င်းထေရဝါဒကျောင်းတို့မှာ တည်ထောင်ခါစ အချိန်ကာလဖြစ်၍ မကြီးကျယ်လှစေကာမူ ခေတ်နှင့်ကား ကိုက်ညီအောင်လုပ်ဆောင်ကြလျက် ၎င်းကျောင်းများအနက်တွင် ဇေတဝနဝိဟာရ (ဇေတဝန်ကျောင်း)ကား ပဓာန ဆောက်လုပ်ကာ ၎င်းမှအစည်းအဝေး ခန်းမ, ဘုရားဝတ်ပြုရန် လှပတင့်တယ်သော အဆောင် ၁-ခု, သံဃာတော်များ သီတင်းသုံး နေထိုင်ရန် အပေါ်ထပ်အခန်းများ (၎င်းမှာ ဧည့်သည်တို့လည်း တည်းခိုနေထိုင်နိုင်သည်) အပြင် အစားအသောက် ချက်ပြုတ်ပြုပြင်နိုင်သော အဆောင်များလည်းပါဝင်၍ အစီအစဉ် စနစ်တကျ ဆောက်လုပ်ထားသော အဆောက်အအုံ ဖြစ်လေသည်။

ထိုမှတပါး ၎င်းမြို့တော်မှ ၁၅-ကီလိုမီတာ အကွာလောက်မှာ တောရကမ္မဋ္ဌာန်းရိပ်သာကျောင်း တစ်ကျောင်းလည်းရှိသေး၍ ၎င်း၌လည်း နေထိုင်ရန် ကျောင်းအသီးသီးများ ဆိတ်ငြိမ်အေးချမ်း၍ ကမ္မဋ္ဌာန်းအားထုတ်ရန် လျောက်ပတ်သော ကမ္မဋ္ဌာန်းကျောင်းကလေးများ, သစ်ပင်အတန်းတို့ဖြင့် စိမ်းလန်းသာယာလှသော စင်္ကြံလမ်းကလေးများ, ဘုရားဝတ်ပြုရန် သင့်တင့်သပ်ရပ်သော ဘုရားဝတ်ကျောင်း, အားလုံးတို့အကြောင်းအားလျော်စွာစည်းဝေးရန်နှင့် တရားဓမ္မ ဆွေးနွေးတိုင်ပင် ဟောပြောရန် ဓမ္မဗိမာန်ကြီးနှင့် အကြောင်းရှိကအများအတွက် ချက်ပြုတ်ကျွေးမွေး ဧည့်ခံလှူဒါန်းနိုင်ကြရန် ဆွမ်းစားကျောင်း ဘောဇန-

သာလာအပြင် ပြုပြင်ထားသောသစ်ပင်များဖြင့် ညို့မှိုင်းဆိုင်းအုပ်ကာ သာယာတိတ်ဆိတ် အေးချမ်းလှသော ကမ္ဘဋ္ဌာန်းတောရကျောင်းတိုက်တစ်ခု ဖြစ်လေသည်။

ရင်း၌ ခေတ်အားလျော်စွာ တရားဓမ္မရှာဖွေကြလျက် တောထွက်ကာ တရားအား ထုတ်နေကြသော ဘုန်းကြီးရဟန်းအချို့နှင့် တရားလေ့လာကျင့်ကြံလျက် လောကဘက်မှ ပြောင်းခွါ၍ ငြိမ်းအေးရာ ရှာဖွေနေကြသော ယောဂီ လူဥပါသကာများ, တရားရှာလျက် လောကမဖက်ဘဲ လောကုတ္တရာ သက်သက်ခွေးကာ အေးချမ်းစွာ နေထိုင်ကြသော သီလရှင်တို့ များစွာရှိကြ၍ မိမိတို့ရောက်စဉ်အခါက အကြောင်းကြားသဖြင့် စည်းဝေးရာ ဓမ္မဗိမာန်ဆောင်သို့ လာရောက်ကြလျက် တရားဓမ္မ အလ္လာပစကား အနည်းငယ်ပြောဟော ကာ ငြိမ်းအေးစွာနာယူကြပြီးသော် အချိန်အားလျော်စွာ အဖျော်ယမကာများဖြင့် ဆက်ကပ် ဧည့်ဝတ်ပြုကြလေသည်။

ထိုမြို့တော်အတွင်းရှိ ဇေတဝန်ကျောင်းတိုက်မှာလည်း ထေရဝါဒ ဗုဒ္ဓသာသနာ အစည်းအရုံးကြီး၏ တည်ရာဌာနဖြစ်၍ အခွင့်အခါ သင့်လာတိုင်း ဗုဒ္ဓတရားတော် ဆွေးနွေး ညှိနှိုင်းနာယူရန် အစည်းအဝေးခန်းကြီးရှိ၍ ရင်း၌ ထေရဝါဒဗုဒ္ဓတရားတော်တို့ကို မကြာ မကြာ ဆွေးနွေးတိုင်ပင်လေ့ကျင့်ကြသည့်အပြင် အခြားနိုင်ငံမှ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်မထေရ်ကြီးများတို့ကိုလည်း ပင့်ဖိတ်ကာ တရားဓမ္မဟောပြ နာယူ ဆွေးနွေးကြသဖြင့် ထေရဝါဒသာသနာ အချိုးကျနစွာ လေ့လာကျင့်သုံးကြလေသည်။

မိမိကား ဤကျမ်းပြုစုရန် ဘာသာဝါဒ စူးစမ်းလေ့လာရှာဖွေရင်း ဤကမ္ဘောဒီးယား ကမ္ဘာ့ဗုဒ္ဓဘာသာအစည်းအဝေးကြီးမှ ဗီ-ယက်-နမ်၊ ဆေးဂွန်ဆေဂုံမြို့တော်သို့ လေကြောင်း ဖြင့်လာခဲ့ကြရာ ကံအားလျော်စွာ ရင်းမြို့တော်က ဘုန်းကြီးတစ်ပါးနှင့် တွေ့၍ ဇေတဝန် ကျောင်းသို့ မသွားမီ ရင်းကျောင်းတိုက်သို့ ပင့်သွားကြ၍ ရင်း၌လည်း ရှင်ပြုမင်္ဂလာ အလှူပွဲတစ်ခုရှိရာ ရင်းနှင့် အခွင့်သင့်ကြုံကြိုက်လျက် ရင်း၌ တွေ့ကြုံရသည်မှာ-

ရှင်သာမဏေလောင်းတို့ လိင်, ဒဏ်, သေခိယ, သရဏဂုံသီလများ ရှေးမဆွက သင်ကြားလေ့လာကြပြီး ရှင်ပြုမင်္ဂလာအခါနေ့မှာကား ပင့်ဖိတ်ထားကြသော ရဟန်းသံဃာ များ ကျွေးမွေးလှူဒါန်းကြပြီး ရင်းသာမဏေလောင်းများကို ဝတ်ဖြူစင်ကြယ် ဝတ်ရုံစေလျက် အလှူမင်္ဂလာအတွက် လာကြသော ဥပါသကာ, ဥပါသိကာအပေါင်းမှာလည်း သာမဏေ လောင်းအတွက် လှူဒါန်းဖွယ်ကိုယ်စီနှင့် လာကြကာ ရင်းသာမဏေလောင်းများနှင့်အတူ အလှူမင်္ဂလာပြုလုပ်မည့်ကျောင်းသို့ လှူဖွယ်ဒါန်းရန်များနှင့်အတူ လက်ျာရစ် ၃-ပတ် လှည့်လည်ကြပြီး လူဥပါသကာများ ချထားသော မိမိတို့နေရာ၌ ထိုင်ကြကာ-

ရှင်သာမဏေလောင်းတို့မှာ သံဃာတော်များသို့ ရှေ့ရှုလက်အုပ်ချီ၍ ပါဠိ၊ ဗီ-ယက်-နမ် ၂-ဘာသာဖြင့် "သံဃာတော်အရှင်မြတ်တို့ဘုရား၊ တပည့်တော်တို့အား သနားသဖြင့် သံသရာဝဋ်မှ ထွက်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို တောင့်တလျက် မြတ်စွာဘုရား သာသနာတော်ကို ထမ်းရွက်ပါရန် အခွင့်ပေးသနားတော်မူပါ"ဟု ၃-ကြိမ်လျှောက်ထားပြီးမှ သံဃာ့ဘောင်သို့ဝင်ကာ လက်အုပ်ချီရှိခိုး ထိုင်နေပြီး သရဏဂုံသီလပေးသနားရန် တောင်းပန်လျှောက်ထားရာ ဆရာဘုန်းတော်ကြီးက ၎င်းတို့အား သရဏဂုံသီလများပေးပြီး သာမဏေပြုလုပ်ကာ ဥပဇ္ဈာယ်ယူကြပြီးနောက် မြန်မာနိုင်ငံ အချို့အရပ် ရဟန်းခံများကဲ့သို့ ရှင်ပြုမင်္ဂလာ လာရောက်ကြသော ဥပါသကာ, ဥပါသိကာများသည် ပြုသစ်စ ရှင်သာမဏေများဖို့ မိမိတို့ ယူဆောင်လာခဲ့ကြသော လှူဖွယ်ဝတ္ထုများကို အသီးသီး ရှင်သာမဏေတို့အား ကိုယ်တိုင်လှူဒါန်းကြလေသည်။

ဤသို့ သဘာဝကျကျ ရှင်ပြုမင်္ဂလာပွဲ တွေ့ကြုံခဲ့ရပါသည်။ ၎င်းပြင်လည်း ၎င်းမြို့တော်၌ နေထိုင်ခဲ့ရသော ရက်တိုတိုအတွင်းမှာပင် မဟာယာနသာသနာဝင်များ ကြီးကျယ်ခမ်းနားစွာသော သီလရင်ပြုပွဲကြီးနှင့်လည်း တွေ့ကြုံခဲ့ရသည်မှာ–

မဟာယာနသာသနာဂိုဏ်း များစွာရှိ၍ ၎င်းဂိုဏ်းပေါင်းစုံမှ ဘုန်းတော်ကြီးများ ဖိတ်မံကာ ထေရဝါဒသံဃာများကိုလည်း ဖိတ်ကြားရာ မိမိတို့လည်း လိုက်ပါ၍ ၎င်းသီလရင်ပြုပွဲမင်္ဂလာသို့ ဖိတ်မံထားသော နေ့ရက်၌ သွားကြသည်တွင် နိုင်ငံခြားက မိမိတို့လိုက်ပါသည်ကိုပင် ဝမ်းမြောက်ကြလျက် အားလုံးဖိတ်မံထားသော ဘုန်းတော်ကြီးများနှင့် ဂဏ်သရေရှိလူကြီးများ အစုံအညီ ရောက်လာ၍ နေရာအသီးသီး ယူကြပြီးကာ ၎င်းသီလရင်လောင်းအား အစည်းအဝေးပရိသတ်အလယ် တင့်တယ်စွာပြင်ထားသော နေရာသို့ ခေါ်ယူလာ၍ ၎င်းဂိုဏ်းပေါင်းစုံ ဘုန်းတော်ကြီးအသီးသီးနှင့် ဂုဏ်သရေရှိလူကြီးများက ၎င်းသီလရင်လောင်းအား စည်းစိမ်ဥစ္စာ ရတနာပစ္စည်းများနှင့်တကွ လူ့ဘောင်စွန့်ခွါ မြင့်မြတ်ရာသို့ တက်လှမ်း၍ ကမ္မဋ္ဌာန်းတရား ပွါးများအားထုတ်နေဖို့ရန် ရည်မှန်းကာ "သူတော်သူမြတ်အဝတ် ဆင်မြန်းနိုင်သည်မှာ တော်ပေစွ"စသည်ဖြင့် အသီးသီးသော ဂိုဏ်းများမှ ချီးကျူးထောမနာပြုကြ၍ ပရိတ်ရွတ်ကာ သီလရင်ဝတ်ပြီးနောက် ကျွေးမွေးဧည့်ခံလေသည်။

ဤသို့ ထေရဝါဒနှင့် မဟာယာနဂိုဏ်းအယူဝါဒအရ ဘာသာရေးကောင်းမွန်သော အလေ့အထများ ပြုလုပ်အားထုတ်ကြကာ ၎င်းတို့ဘာသာ အလေ့အကျင့်အတိုင်း ကောင်းမွန်ရှိသေစွာ ကျွေးမွေးလှူဒါန်း ပေးကမ်းစွန့်ကြဲလေ့ရှိကြရာ ဗုဒ္ဓဘာသာတို့

ထုံးတမ်းစဉ်လာအားဖြင့် သံဃာတော်တို့အား ပင့်ဖိတ်ကျွေးမွေး လှူဒါန်းလျက် လူများ အတွက်လည်း ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံ မြန်မာနိုင်ငံကဲ့သို့ ပရိတ်တရားများ နာကြားလေ့ရှိကြလေသည်။

မိမိတို့ ၎င်း၌နေထိုင်သမျှ ၁၀-ရက်လောက်ကာလမှာ နေ့စဉ်နှင့်အမျှ အချို့ ကျောင်းသို့ လာရောက်ကျွေးမွေး လှူဒါန်းကြ၍ အချို့မှာ ဇေတဝန်ကျောင်းရှိ သံဃာများနှင့် အခြားသင့်ရာသံဃာများ ပင့်ဖိတ်ကာ အထူးတည်ခင်းကျွေးမွေး လှူဒါန်းကြပါသည်။ ၎င်းနောက် အထိမ်းအမှတ်ဓာတ်ပုံများ ရိုက်ယူကာ ၎င်းမြို့ကြီး၌ ကြည့်ရှုမှတ်သားထိုက်သော ရှုခင်းသာများသို့ ကားနှင့်လိုက်ပို့ ပြသကြပါသည်။

အထူးအားဖြင့် ၎င်းဆိုက်ဂွန်မြို့တော်ကြီး၌ ရှေးမြန်မာရာဇဝင် တစ်ကဏ္ဍတွင် ထင်ရှားခဲ့သော မြင်ကွန်းမင်းသားကြီး၏သမီးတော်ကား မရှိတော့ဘဲ မြေးတော်, မြစ်တော် များကား ရှိကြသေး၍ ၎င်းတို့မှာ ကုမ္ပဏီလုပ်ငန်းဖြင့် ချမ်းသာကြွယ်ဝသူများဖြစ်ကြသဖြင့် နေ့စဉ်လိုပင် ကျောင်းသို့ လာရောက်လှူဒါန်း ပြောဆိုလျှောက်ထားသည့်အပြင် အလိုရှိရာ သွားလာဖို့ မာစီဒီကားတစ်စီးကိုလည်း ကျောင်းပို့ထားပါသည်။ ၎င်းတို့အိမ်သို့ ဆွမ်းကျွေး လှူဒါန်းရန် တစ်လှည့်ပေးရ၍ အိမ်သို့ပင့်ဖိတ်ကာ ကျွေးမွေးလှူဒါန်း, ပရိတ်တရားတော် များ နာယူပြီး ၎င်းတို့၏ ဘိုးတော် မြင်ကွန်းမင်းသားကြီး၏သချိုင်းတော်, ၎င်း၏မယ်တော် ရွှေမင်းသမီးသချိုင်းတော်, ၎င်း၏သမီးတော် စုဘုရား (ယခုရှိ မြေးတော်များ၏ မယ်တော်) ၏သချိုင်းတော်များသို့ ၎င်းတို့ကိုယ်တိုင် လိုက်ပို့ကြပါသည်။

၎င်းတို့သည် ရောက်သင့်ရောက်ထိုက်သော ကျောင်း, ဘုရား, စေတီများစသည် တို့သို့ လိုက်ပို့ကြသည်တွင် မဟာယာနကျောင်းတိုက်ကြီးများ, ၎င်းဝတ်ကျောင်းကြီးများ, စေတီပြာသာဒ်ကြီးများ, သီလရှင်ကျောင်းတိုက်ကြီးများသို့ ပို့ကြရာ အထူးအားဖြင့် သီလရှင် ကျောင်းများ အုပ်ချုပ်ပုံမှာ ခရစ်ယာန်သီလရှင်ကျောင်းတိုက်ကြီးများ အုပ်ချုပ်သကဲ့သို့ အချို့သီလရှင်ကျောင်းများမှာ ကျောင်းသူ၊ ကျောင်းသားအများ လက်ခံလျက် လောက အလိုက် အတန်းစာပေများအပြင် အိမ်တွင်းလက်မှုပညာ, အချုပ်အလုပ်, ဇာထိုး, ပန်းထိုး စသော ပညာရပ်များကိုလည်း သင်ပြပေးကာ ဘာသာဝါဒဘက်မှာလည်း ကျင့်ဝတ်တရား ရှိသေကိုင်းညွတ် ဆည်းကပ်ကိုးကွယ်နည်းများ စနစ်တကျ သင်ပြပေး၍ မိမိတို့ ရောက်သည့်အခါ အားလုံး အရိုအသေပြုကြသည်ကို တွေ့ခဲ့ရပါသည်။

## မြို့တော်နှင့်နယ်ရှိ ထေရဝါဒကျောင်းများ

၎င်းမြို့ပေါ်ရှိ ကျောင်းများမှာ ဇေတဝန်ကျောင်းနှင့်တကွ ၅-ကျောင်းမျှရှိ၍ သင့်တင့်စွာ ပရိယတ္တိစာပေများ သင်ကြားနေထိုင်ကြ၍ များပြားစွာ ပိဋကတ်နှင့် ပရိယတ်စာပေကျမ်းဂန်များ သင်ကြားချပို့နေသော ကျောင်းတိုက်ကြီးကား မရှိသေးဘဲ မြို့နှင့် နယ်ရှိကျောင်းများမှ ပရိယတ်သင်ကြားလိုသော ရဟန်းတို့မှာ ယိုးဒယားသို့လည်းကောင်း ကမ္ဘောဒီးယားသို့လည်းကောင်း သွားရောက်သင်ယူကြကာ သင့်တင့်စွာ တတ်မြောက်သင်ယူပြီးဆုံးသောအခါမှ မိမိတို့နေလိုရာကျောင်းတိုက်သို့ လာရောက်နေထိုင်ကြကြောင်း မေးမြန်းပြောဆိုလျှောက်ထား၍ ကြားသိခဲ့ရလေသည်။

ဇေတဝန်ကျောင်းတိုက်နှင့် ကျောင်းများ၌ ပါဠိကျမ်းစာ ပရိယတ်များ သင့်တင့်ရုံသာ လေ့လာသင်ကြားကြ၍ ဝိနည်းအချို့ သင်ယူပို့ချကြသည်ကို အနည်းငယ်တွေ့ရသည့်အပြင် ဝိနည်းများ ၎င်းတို့ဘာသာနှင့် ပြန်ဆိုရေးသားထားသည်ကို တွေ့ရသဖြင့် ၎င်းတို့ကား ဝိနည်းတရား၌ လေးစားကြကာ ရွှေ, ငွေ အနာမာသကို ရဟန်းသာမဏေများ ကိုင်ယူသုံးစွဲလေ့မရှိရာ လူဥပါသကာ, ဒါယကာတို့ကလည်း ၎င်း အနာမာသ ရွှေ, ငွေများ လှူဒါန်းလေ့မရှိကြသည်ကို တွေ့ခဲ့ရပါသည်။

သို့ဖြစ်၍ မိမိတို့အား မြင်ကွန်းမင်းသားကြီး၏မြေးတော် စုစုတို့အိမ်သို့ ဆွမ်းစားသွားကြ၍ ၎င်းကိစ္စပြီးသည့်နောက် ကားများဖြင့် ၎င်းတို့ခမည်းတော်, မယ်တော်များ သင်္ချိုင်းတော်သို့ ၎င်းတို့နှင့်အတူ သွားရောက်ကြပြီး ၎င်းတို့က–

"အရှင်ဘုရားများ အလိုရှိတာ ရှိပါသေးသလားဘုရား"ဟု လျှောက်ထားရာ-

ဘုန်းကြီးများက "တစ်နိုင်ငံရောက်၍ မှတ်သားလောက်သော စာအုပ်စာတမ်းများနှင့် မှတ်သားလောက်သော စေတီပုထိုးစသော ရုပ်ပုံများနှင့် သင့်တင့်သည်များ အလိုရှိပါသည်"ဟု ပြောသည်တွင်–

၎င်းတို့သည် ကားသမားအား ပီယားစ် ခေါ် ၎င်းတို့သုံး၊ ကျပ် ၁,ဝဝဝ-ပေးလိုက်ပြီး ၎င်းအား ဆရာတော်များ အလိုရှိရာသို့ ပို့၍ "အလိုရှိသော အရာဝတ္ထုများ ကပ္ပိလျှုဒါန်းလိုက်ပါ"ဟုပြောဆိုပြီး မိမိတို့အားလည်း "အရှင်ဘုရားများအား အလိုရှိသောအရာများ လှူဒါန်းပါသည်"ဟု ဝိနည်းအရ အချိုးကျကျ လျှောက်ထားသည်ကိုလည်း တွေ့ရပါသည်။

၎င်းတို့ ဗုဒ္ဓဝါဒထုံးစံအရ ကျောင်း, ဘုရား, ပုထိုးစေတီများ၌လည်းကောင်း ရဟန်းသံဃာများ၌လည်းကောင်း ကိုင်းရှိုင်းရိုသေခြင်းများမှာ မြန်မာတို့ ဆည်းကပ်နည်းနှင့် မခြားနားလှဘဲ လေးစားကြည်ညိုကြ၍ ၎င်းပြင် ကောလိပ်ကျောင်းသား, ကျောင်းသူ ကလေးများပင် ၎င်းတို့ကျောင်းမှ ဆင်းလာသောအခါ မိမိတို့နီးစပ်ရာ ကျောင်းသို့လာကြကာ ဘာသာဝါဒ မှတ်သားထိုက်သည်များ ဘုန်းတော်ကြီးများထံ မေးမြန်းလျှောက်ထား သင်ကြားမှတ်ယူ လေ့လာကြသည်ကို တွေ့ရပါသည်။ ၎င်းတို့ကျောင်းသူ, ကျောင်းသား များသည် ရဟန်းသံဃာများနှင့် ပြေပြစ်စွာဆက်ဆံလျက် ဝတ်တက်, ဝတ်ကပ်များ ပြုလုပ်ကာ အလိုရှိသောအရာများကို မေးမြန်း လျှောက်ထားကြပြီး ထိုက်သည်အားလျော်စွာ ဝတ်ကြီး, ဝတ်ငယ် ပြုလုပ်ဝတ်ဖြည့် လျှောက်ထားကာ အိမ်သို့ ပြန်သွားသည်ကို တွေ့ရ ပါသည်။

ဤသို့အားဖြင့် ဗီ-ယက်-နမ်၌ ခေတ်အားလျော်စွာ ထေရဝါဒသာသနာတော် ထွန်းပေါ်တက်သစ်စ ကြီးပွါးတော့မည် အခါသမယ ရှေ့ရှုနေကြောင်း ထေရဝါဒနိုင်ငံများ အရေးအတွက် တိုးတက်လာကြောင်း မှတ်သားအပ်ပေသတည်း။

ဤတွင် ဗီ-ယက်-နမ်-အာနမ်ပြည် ထေရဝါဒ
ပြန်လည်ထွန်းကားခြင်းအကြောင်း ပြီးပါပြီ။

✪ ✪ ✪ ✪ ✪



ဗီယက်နမ် ထေရဝါဒ ရုပ်ပွားတော်

## လာအို-လောနိုင်ငံ ဗုဒ္ဓသာသနာ

လာအို (လော)နိုင်ငံသည်ကား အရှေ့ဖျားနိုင်ငံတို့တွင် အင်ဒိုချိုင်းနားမှာ ပါဝင်၍ ၎င်းကျွန်းဆွယ်ကြီးကား အရှေ့ဖျားနိုင်ငံ၌ ထင်ရှားသော သုဝဏ္ဏဘူမိ ရွှေမြေဒေသ ဒေဝါန်-ပိယဒဿီ အသောကဓမ္မရာဇာမင်းတရားကြီး တိုင်းတပါးသို့ စေလွှတ်ပြုစုသော သာသနာပြု နိုင်ငံ တိုင်း၅ာနတစ်ခုဖြစ်သော ကျွန်းဆွယ်ကြီး ဖြစ်လေသည်။

သို့ရာတွင် ယိုးဒယားတို့က ၎င်းသုဝဏ္ဏဘူမိတိုင်း၅ာနကား ၎င်းတို့နိုင်ငံ နဂရပထမ, ၎င်းတို့ဝေါဟာရအားဖြင့် နခေါင်ပထုမ် ဒေသဖြစ်၍ အရှင်သောဏမထေရ်နှင့် အရှင် ဥတ္တရမထေရ်တို့ ၎င်း၅ာန၌ သာသနာစပြုကြောင်း ၎င်းမှ အရှေ့ဖျားနိုင်ငံများ၌ ကျယ်ပြန့် သွားကြောင်း ရေးသားကြရာ ၎င်းမှာ အမှန်အားဖြင့် ဤကျွန်းဆွယ်ကြီးတစ်ခုလုံး သုဝဏ္ဏ-ဘူမိတိုင်း၅ာနဖြစ်ကြောင်း ရေးသားခဲ့ပြီးဖြစ်၍ မည်ကစသည်ကို မငြင်းလိုဘဲ ၎င်းဒေသ တိုင်းနိုင်ငံအားလုံးမှာ သာသနာအမွန်အစကား တစ်၅ာနတည်းဖြစ်ကြောင်းသာ မှတ်သား အပ်ပေသည်။

၎င်းနိုင်ငံ၌ မဟာယာနသာသနာ ရောက်လာသည်ဟုကား မှတ်တမ်းများ မတွေ့ ရဘဲ ပစ္စုပ္ပန်မျက်မှောက် အခြေအနေထောက်ထားကာ အနီးအနားဖြစ်သော ကမ္ဘောဒီးယား ကဲ့သို့ ထေရဝါဒသာသနာ အစဉ်အလာ ဆင်းသက်လာခဲ့ရမည်ဟု မှတ်ထင်ဖွယ်ရှိ၍ တိုင်းနိုင်ငံ တည်နေသည့် အလားအလာအားဖြင့်လည်း-

- အရှေ့ဘက်မှာ ဗီယက်နမ်
- တောင်ဘက်မှာ ကမ္ဘောဒီးယား
- အနောက်နှင့် အနောက်တောင်ဘက်မှာ ယိုးဒယား
- မြောက်ဘက်မှာ မြန်မာနိုင်ငံနယ်နိမိတ်-

နှင့် စပ်လျက်တည်ရှိနေသဖြင့် ဤနိုင်ငံတို့ကား ထေရဝါဒသာသနာ ထွန်းကားသော နိုင်ငံများဖြစ်သောကြောင့် ၎င်းထေရဝါဒ အစဉ်အလာ သာသနာဆင်းသက်လာသည်ဟု လည်း မှတ်ထင်ဖွယ် ရှိလေသည်။

ဗီယက်နမ်ရာဇဝင်၌ မဟာယာနသာသနာ ကြီးစိုးလာကြောင်း တွေ့ရသည်မှာ ကား ၎င်းနိုင်ငံမှာ တရုတ်ယူနန်နယ်နှင့် နီးစပ်၍ နိုင်ငံရေးအရ ၎င်းတရုတ်များ အာဏာ တန်ခိုးလွှမ်းမိုးစဉ်က ၎င်းတို့နှင့်အတူပါလာသော မဟာယာနသာသနာသည် မင်းဘာသာ

တော်ဖြစ်၍ ရာဇာပစာန် ဟူသည်နှင့်အညီ မင်းပြဋ္ဌာန်းသည်ကတစ်ကြောင်း တရုတ်နိုင်ငံကြီးကား ကြီးမား၍ အားရှိအားမဲ့ဖြစ်သည်က တစ်ကြောင်းကြောင့် ၎င်းတို့သည် မင်းဘာသာသို့လိုက်ကာ မဟာယာနသာသနာ ထွန်းကားလာခဲ့လေသည်။

ထိုမှတပါး ထိုင်း(ယိုးဒယား)မှာလည်း တရုတ်ပြည်ကြီးနှင့် နိုင်ငံရေးအားဖြင့် နီးစပ်ဆက်သွယ် ယှုနန်နယ်မှ ၎င်းတို့ဆင်းသက်ကာ စကားဘာသာလည်း အချို့တူညီကြသည့်အပြင် ၎င်းနိုင်ငံမှာလည်း ရာဇဝင်အရ တရုတ်များ အုပ်စိုးဖူးသော ခေတ်ကာလရှိခဲ့ဖူးသဖြင့် ၎င်းမဟာယာနသာသနာ အမြစ်တွယ်လျက် အဆက်မပြတ်ရှိခဲ့ရာ ယခုမျက်မှောက်ခေတ်မှာလည်း လူဦးရေအားဖြင့် အခြားနိုင်ငံများထက် တရုတ်များ၍ ၎င်းတို့ဘာသာဝါဒမဟာယာနအယူကိုပင် ၎င်းတို့အဖွဲ့အစည်းအားဖြင့် အားထုတ်ပြုစုကြလျက် ယခုထက်တိုင် ၎င်းတို့၏ကျောင်းကြီးများ, ဘုရားဝတ်ကျောင်းကြီးများ, ၎င်းတို့ကိုးကွယ်သော စေတီပုထိုးများ ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်ကာ ၎င်းတို့သာသနာ ကြီးပွါးလျက် ရှိနေပါသည်။

သို့ရာတွင် တိုင်းရင်းသား ယိုးဒယားထိုင်းလူမျိုးများမှာကား အစဉ်အလာအားဖြင့် ဆင်းသက်ကာ ထေရဝါဒသာသနာ မြန်မာ, သီဟိုဠ်များကဲ့သို့ ခိုင်မြဲစွာတည်ရှိသော နိုင်ငံတစ်ခုဖြစ်၍ ရာဇဝင်နှင့် သာသနာဝင်အဆက်ဆက်တို့မှာ ထေရဝါဒဘာသာ ကြံ့ခိုင်တည်မြဲလာခဲ့ကြလေသည်။

ဤလောနိုင်ငံသည်ကား ဤသို့ ထေရဝါဒသာသနာ တည်ထွန်းနေသော နိုင်ငံများအလယ်တွင် တည်ရှိကာ နိုင်ငံရေးအရအားဖြင့်လည်း အခြားမဟာယာနနိုင်ငံများ လာရောက်ကျူးကျော် အုပ်စိုးဖူးကြောင်း မှတ်တမ်းများ ထင်ရှားမတွေ့ရသဖြင့် ထေရဝါဒအစဉ်အဆက် ဆင်းသက်လာသော နိုင်ငံဖြစ်ကြောင်း မှတ်ထင်ဖွယ်ရှိပါသည်။ ၎င်းနိုင်ငံမှာလည်း အနီးအနား ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံများကဲ့သို့ ပြင်သစ် အစောင့်အရှောက် ၎င်းလက်အောက်နိုင်ငံ ဖြစ်သွားခဲ့ရာ ၎င်းတို့၏ဘာသာဝါဒကား ၎င်းတို့ လက်တွင်းမှာ တည်ရှိလျက် ဆောင်ရွက်အားထုတ်လာခဲ့ကြလေသည်။

၎င်းနိုင်ငံကား အနီးအနားဖြစ်သော ကမ္ဘောဒီးယား, ထိုင်းနိုင်ငံများကဲ့သို့ ကိုယ်မင်းကိုယ်ချင်းနှင့် နိုင်ငံတစ်ခုတည်ထောင်လာခဲ့သော နိုင်ငံငယ်တစ်ခုဖြစ်သော်လည်း ပြင်သစ်အစောင့်အရှောက် လက်အောက်ခံနိုင်ငံ ကျရောက်သည်မှတပါး နိုင်ငံခြားသားများ ကျူးကျော်အုပ်စိုးသည် မရှိဖူးဘဲ ကိုယ့်ထီး, ကိုယ့်နန်းနှင့် ယခုတိုင်တည်လျက်ရှိသော နိုင်ငံတစ်ခုဖြစ်သည့်အပြင် သုဝဏ္ဏဘူမိ သာသနာပြုဌာနတစ်ခု ဖြစ်သည့်အတိုင်းလည်း ယခုတိုင် ထေရဝါဒဘာသာ တည်မြဲလျက်ရှိသော နိုင်ငံတစ်ခုဖြစ်ခဲ့လေသည်။

၎င်းနိုင်ငံသည် အင်ဒိုချိုင်းနားမြောက်ဘက် မဲခေါင်မြစ်ရိုးတလျှောက်မှာ တည်ရှိ၍ တောင်ကုန်းမြေပြန့်မှာ သာယာစိုပြေ၍ ၎င်း၏မြို့တော်ကား လောင်ပရာဘန်အမည်ဖြင့် ထင်ရှားသော မင်းနေပြည်တော်ဖြစ်လေသည်။ ၎င်းမြို့တော်၌ ထင်ရှားလှသည့် ဉာဏ်တော် ၂-တောင်ခန့်အမြင့်ရှိသော ဗုဒ္ဓမြတ်စွာ၏ ရွှေသားရုပ်ပွါးတော် ၁-ဆူ တင့်တယ်ခမ်းနားစွာ တည်ရှိ၍ ၎င်းရုပ်ပွါးတော်မြတ်ကို လာအိုရှေးဘာသာအားဖြင့် ပရာဘန်-ဟု ခေါ်ဆိုကြသဖြင့် ၎င်းမြို့တော်သည်လည်း ထိုရုပ်ပွါးတော်၏အမည်တွင်ကာ လောင်ပရာဘန်-ဟု ခေါ်ဆိုကြလေသည်။

၎င်းလာအိုနိုင်ငံမှာ မိုင်စတုရန်း ၉၆,၅၀၀-ကျယ်ဝန်း၍ လူဦးရေမှာ ၁,၀၀၀,၀၀၀ (တစ်သန်း)ကျော်ရုံမျှရှိ၍ နည်းပါးလှသော်လည်း ၎င်းလူဦးရေ အားလုံးလောက်ပင် ဗုဒ္ဓ-ဘာသာများဖြစ်ကြရာ သီဟိုဠ် လင်္ကာဒီပကျွန်းနှင့်လည်း ရင်းနှီးစွာရှိကြသဖြင့် အစဉ်အဆက် ပြောကြားကြသည်ကား ၎င်းရွှေဆင်းတုရုပ်ပွါးတော်မြတ်သည် သီဟိုဠ်ကျွန်းမှ ပင့်လာ၍ ကမ္ဘောဒီးယားမှတဆင့် လောင်ပရာဘန်သို့ ရောက်လာကြောင်း ပြောဆိုကြလေသည်။

၎င်းလာအိုနိုင်ငံ ရှင်ဘုရင်မင်းတရားနှင့်တကွ တိုင်းသူပြည်သားများတို့ ယုံကြည်ကြသည်ကား ၎င်းတို့နိုင်ငံ၌ ဤရွှေဆင်းတုရုပ်ပွါးတော်မြတ် ရောက်လာသည်မှ စ၍ ၎င်းဆင်းတုတော်မြတ်သည် နိုင်ငံတော်၏ ဝပြောသာယာ စည်ပင်ချမ်းမြ အားလုံးရှိကြသဖြင့် ၎င်းရုပ်ပွါးတော်မြတ်သည် ကျက်သရေမင်္ဂလာအပေါင်းကို ယူဆောင်တော်မူလာသည်ဟု အမှတ်အသားရှိကြလေသည်။

၎င်းထက်ပိုမို၍ ဤနိုင်ငံသားအားလုံး ယုံကြည်ကြသည်မှာ ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်က ဘုရားရှင်ကိုယ်တော်တိုင် တပည့်သာဝကများနှင့် ကြွလာတော်မူပြီး ဤလောင်ပရာဘန်မြို့တော်နေရာ၌ သီတင်းသုံးတော်မူကာ ယခုနန်းတော်နှင့်မဝေးကွာလှသောအရပ်၌ နောင်အနာဂတ် သာသနာထွန်းကားမည်ကို မြင်တော်မူသဖြင့် ခြေတော်ရာ တစ်ဆူ ချထားတော်မူခဲ့ကြောင်း။

ဤခြေတော်ရာမှာ နန်းတော်နှင့် မျက်နှာချင်းဆိုင် တည်ရှိ၍ ဂူပုထိုးဖြင့် ဖုံးအုပ်လျက်ရှိရာ လူအများတို့ ရှိခိုးဦးတွတ်တွား ပူဇော်ရာဌာန တစ်ခုအဖြစ်ဖြင့် တည်ရှိကြောင်း ၎င်းနိုင်ငံသားတို့ မှတ်သားကြပါသည်။

ဤမြို့တော်၏အနီး ကုန်းမြင့်အပေါ်မှာ ရန်ကုန်ရွှေတိဂုံစေတီတော်မြတ်ကဲ့သို့ ရွှေချထားသဖြင့် သပ္ပါယ်စွာသော ရွှေစေတီတော် ၁-ဆူ တည်ရှိတော်မူ၍ ၎င်းမှာ ဖူစီ-

(ရွှေတောင်ကုန်း)ဟု ခေါ်ဝေါ်ကြလျက် ၎င်းတောင်ကုန်းထက်မှ ရှုမျှော်လျှင် မြို့တော်၏ လှပတင့်တယ်သော ရှုခင်းများအားလုံး ရှုမြင်နိုင်သည့်အပြင် ၎င်းရွှေတောင်ကုန်း စောင်းတန်း အတက်,အဆင်းမှာလည်း ဘုရင်, မိဖုရား, နန်းတော်သူ, နန်းတော်သားနှင့် တိုင်းသူပြည်သားအားလုံးတို့ လုပ်အားပေးကာ ပြုပြင်ထားသဖြင့် သာယာလှပကြောင်း မှတ်တမ်းများ၌ ရေးသားကြပါသည်။

ဤနိုင်ငံ၏ ဘာသာဝါဒ ယဉ်ကျေးမှုမှာလည်း ရှင်ဘုရင်, မိဖုရား, နန်းတော်သူ, နန်းတော်သားများနှင့်တကွ တိုင်းသူပြည်သားအားလုံးတို့ ဘာသာကို လေးစားလှ၍ ရဟန်း သံဃာများ ကြွလာတော်မူလျှင် ဘုရင်, မိဖုရားကိုယ်တိုင်ကပင်လျှင် လမ်းဘေးဆင်းကာ လက်အုပ်ချီလျက်နေပြီး ရဟန်းသံဃာ ကြွသွားကာမှ လိုရာသွားကြကြောင်း တိုင်းသူ ပြည်သားများကလည်း ထိုနည်းတူစွာ ရဟန်းသံဃာတော်တို့အား ရိုသေကိုင်းညွတ်ကြောင်း ရေးသားကြလေသည်။

ဤလောနိုင်ငံသည် ထေရဝါဒ မြန်မာ, ကမ္ဘောဒီးယား စသည်တို့နှင့် တူညီကြ၍ အရှေ့ဖျားနိုင်ငံ၌ မြန်မာ, ယိုးဒယား, လော, ကမ္ဘောဒီးယား, ဗီယက်နမ်အားဖြင့် ၅-နိုင်ငံတို့ သည် ထေရဝါဒနိုင်ငံများဖြစ်ကြရာ ယခုအခါ၌ကား မလေးယား*(ရှား)*, စင်္ကာပူ, အင်ဒိုနီးရှား စသော နိုင်ငံများသို့လည်း ထိုက်သည့်အားလျော်စွာ ထေရဝါဒသာသနာ ရောက်ရှိကာ နောက်ခေတ်များမှာ မကြာမီ ထေရဝါဒနိုင်ငံများ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ရပေသည်။

ဤလာအို (လော)နိုင်ငံ၌ ဗုဒ္ဓသာသနာတော်ကား ရေးသားခဲ့ပြီး ဝစနာရမ္မ ပဏာမ အချီးအတိုင်း ဗုဒ္ဓသာသနာတော် ရှေးခေတ်များက စဉ်လာမပျက် ဆင်းသက်လာခဲ့ရာ ယခုခေတ်အခါတိုင်အောင် ရှေးကထက်ပင် ထေရဝါဒအနေအားဖြင့် ထွန်းကားစည်ပင် လျက် ယခု တိုးတက်နေသော အခြေအနေက သက်သေခံနေသည်မှာ- မငြင်းသာသော အကြောင်းအချက်ဖြစ်သည့်အတွက် မျက်မှောက်သာသနာ အထောက်အထားပြုရန် ရေးသားရပါမည်။

ယခုအခါ၌ ဤနိုင်ငံမှာ ပဒေသရာဇာအုပ်စိုးသော နိုင်ငံတစ်ခုဖြစ်၍ ၎င်းနိုင်ငံ ရှင်ဘုရင် သိသောဝတ်ဝေါန်-မင်းတရားသည် စေတ်အားလျော်စွာ ဗုဒ္ဓသာသနာတော်ကို နိုင်ငံတော်ဘာသာဟု အသိအမှတ်ပြုကာ ကြေညာလျက် အဖက်ဖက်က အကူအညီပေးကာ စောင့်ရှောက်တော်မူအပ်သော ဘာသာဖြစ်သည့်အားလျော်စွာ သံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရား ကြီးမှူးသော ရဟန်းသံဃာတော် အဖွဲ့အစည်းကြီးက ကြီးမှူးအုပ်ချုပ် စီရင်ခန့်ခွဲရသည့် နိုင်ငံတော်ဗုဒ္ဓသာသနာကား ကြီးပွါးတိုးတက်လျက် ရှိနေပါသည်။

ဤလာအိုနိုင်ငံ အခြေခံဥပဒေအရ အသိအမှတ်ပြုထားသော မဟာသံဃာ့အဖွဲ့ အစည်းအရုံးကြီးကား အလွန်ကြီးမား၍ အားလုံးသံဃာတော် ဦးရေအားဖြင့် ၁၃,၉၇၀-ရှိရာ ၎င်းတို့အနက် ရဟန်းတော် အရေအတွက်မှာ ၅,၆၇၃-ရှိပြီး ရှင်သာမဏေမှာ ၈,၂၉၇-ရှိ၍ ၎င်းရဟန်း, သာမဏေ သံဃာတော်တို့မှာ လာအိုနိုင်ငံ ရွာပေါင်း ၁၀,၃၅၄-ရွာရှိ နယ်ဌာနပေါင်း ၂,၀၂၁-ဌာနနှ၌ ခွဲခန့်ချထားလျက် သာသနာတော်မြတ်ကို အားထုတ်ဆောင်ရွက် သီတင်းသုံး နေထိုင်တော်မူကြလေသည်။

ဤအုပ်ချုပ်စီရင် ခန့်ခွဲရသော ဘုရင်မင်းမြတ် အသိအမှတ်ပြုအပ်သည့် သံဃာ့အဖွဲ့အစည်းကြီးကား မကြာမီ ၁,၉၅၁-ခုနှစ်က အစိုးရအမိန့်အာဏာနှင့် သင့်တင့်ညီညွတ်အောင် အသစ်ပြုပြင်ကာ နိုင်ငံတော်အခြေခံဥပဒေ တည်ထား၍ နိုင်ငံတော်အားလုံး၌ ဘာသာရေးအမှုး အကြီးအကဲများ ရွေးကောက်တင်မြှောက်ခဲ့ရာ ၎င်းတို့အရေအတွက်မှာ ဖရားသံဃရာဇာသာသနာပိုင်ဆရာတော်ဘုရား အမှုးထား၍ သာမဏ္ဍိကဂဏနာယက ဆရာတော် ၅-ပါး ပဓာနထားလျက် ဖွဲ့စည်းအပ်သော (ခ-အို-ရာဇဂဏ) ဗုဒ္ဓသာသနာ သံဃာ့အဖွဲ့အစည်းအရုံးကြီးမှာ အရေအတွက်အားဖြင့် ၂,၃၈၈-ပါးရှိပြီး ၎င်း၌-

- အုပ်ချုပ်ရေးမှုး ဂဏခုရ ၁၂-ပါးထားလျက်,
- ဒေသစိတ်မှုး ဒေသဂဏနာယက ၂၉၅-ပါးနှင့်
- သံဃာမှုး ဂိုဏ်းအုပ်နာယက ၎င်းနယဌာနအရ ၂,၀၂၁-ပါး -

ခန့်ထားတင်မြှောက်ရလေသည်။

သို့ရာတွင် ဂဏာသာမိမဟာနာယက ဖရားသံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားနှင့် သာမဏ္ဍိက ဂဏနာယက ဆရာတော်များကိုကား အခြေအနေအရ ရွေးကောက်တင်မြှောက်ခြင်း မပြုရပါ။

မဟာရာဇဂဏ သာသနာအဖွဲ့ အစည်းအရုံးကြီး၏ အမှုးဥက္ကဋ္ဌ မဟာနာယက ဆရာတော်သည်ကား သံဃာ့အဖွဲ့ကြီးက ညွှန်ကြားအပ်သော မထေရ်မြတ် ဖြစ်ရမည်ဖြစ်၍ အခြားနယ်ဒေသဆိုင်ရာ ဂိုဏ်းအုပ်, ဂိုဏ်းထောက် သံဃာ့အစည်းရုံး အသီးသီးတို့မှ အမှုဆောင် ဂဏရေ ဝန်ထမ်း ဂဏနာယက တင်မြှောက်ကာ ၎င်းဖရားသံဃရာဇာ သာသနာပိုင်ဆရာတော်ကား ၎င်းတင်မြှောက်ထားအပ်သော သံဃာ့အစည်းအရုံး တစ်ခုခုက အမှုကိစ္စဆုံးဖြတ်ချက်မပါဘဲ ဝိနိစ္ဆယ မပြုနိုင်ပါ။



နေပါလနိုင်ငံ ဝတ်ကျောင်းတော်

## ဗုဒ္ဓသာသန ဝိဇ္ဇာနယ
## ဗုဒ္ဓဘာသာသင်နည်း ဥပဒေ

ဗုဒ္ဓဘာသာ ပညာရေးအဖွဲ့အစည်းအရုံးကား အရေအတွက်အားဖြင့် ယခု အာစရိယဘိက္ခု နည်းပြရဟန်းတော်ကား ၁၃၀-ရှိ၍ ၎င်းတို့သည် လာအိုနိုင်ငံတော် ပါဠိသင်ကျောင်းများ၌ ဗုဒ္ဓသာသနာ ပါဠိပညာရပ်များ သင်ကြားပို့ချလျက် ရှိလေသည်။ ၎င်းပါဠိဘာသာရပ်များ သင်ကြားနေသော စာသင်သားတို့ကား ရဟန်းတော်များနှင့် ရှင်သာမဏေများဖြစ်ကြ၍ ယခုအခါ ၎င်းတို့အရေအတွက်မှာ ၂,၄၃၅-ပါးရှိရာ ၎င်းတို့တွင် ၂,၃၆၆-ပါးမှာ အလယ်တန်း ပါဠိဘာသာသင်တန်းများ၌ သင်ကြားအားထုတ်နေကြ၍ မူလတန်းပါဠိအခြေခံသင်တန်း၌ကား ၆၆-ပါးမျှသာ ရှိလေသည်။

၎င်းနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံနှင့် ဆက်သွယ်လျက်ရှိသည့်အတိုင်း ၎င်းနိုင်ငံမှ ပါဠိအခြေခံသင်တန်းများ သင်ကြားပြီး၍ ပါဠိအခြေခံ အရည်အချင်းရှိကြသော ရဟန်းတော်တို့မှာ ယခုအခါ၌ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်ပင်မြို့တော် ပါဠိအထက်တန်း တန်းမြင့်ကျောင်းကြီး၌ အထက်တန်းပါဠိပညာရပ်များ လိုက်နာသင်ကြားလျက် ရှိကြပါသည်။

ယခုအခါ အရှေ့ဖျားနိုင်ငံများ၌ ထေရဝါဒသာသနာပြုစုရေး အားထုတ်သော အသင်းအဖွဲ့များ နိုင်ငံများတိုင်း၌ပင် ရှိကြ၍ ၎င်းသာသနာကို တိုးတက်အောင် ဆောင်ရွက် အားထုတ်နေကြသည့်အတိုင်း ၎င်းသာသနာ၏ အခြေခံဘာသာရပ်ကား ပါဠိဘာသာဖြစ်၍ ၎င်းကို ထေရဝါဒနိုင်ငံများ၌ အများလေ့လာ အားထုတ်ကြရာ ဗီယက်နမ်မှာလည်း ပါဠိ ဘာသာရပ်တို့ကို အားထုတ်လျက်ရှိကြပြီး ပါဠိဘာသာ အထက်တန်းကျောင်းကြီး တည်ထောင် ဆောက်လုပ်လျက် ရှိနေပါသည်။

၎င်းကျောင်းကြီးများ၌ သင်ကြားပြသနေကြသော နည်းပြဆရာရဟန်းတော်တို့ကား နယ်စွန်နယ်ဖျား တောရွာများ၌ နေထိုင်ကြသော သူများအားလည်းကောင်း မြို့များ၌ နေထိုင်ကြသောသူများအားလည်းကောင်း အသိပညာဉာဏ် တိုးတက်ကြီးမြင့်ရေးနှင့် ဗုဒ္ဓဘာသာတရားတော်အရ လိုက်နာကျင့်သုံးရန် ကောင်းမွန်သော ကိုယ်ကျင့်သီလ ဖြူစင်ရေးများကို ရွေးရှုအဓိကထား၍ သင်ကြားပြသပို့ချနေကြရာ ၎င်းဗုဒ္ဓဝါဒတရားတော်ကို နိုင်ငံတော်အတွင်း နေထိုင်ကြသော ဗုဒ္ဓဘာသာအမျိုးသားများ နာယူနိုင်ကြရန် ဥပုသ်သီတင်းနေ့များ၌ နိုင်ငံတော်အသံလွှင့်ဌာနမှ အသံလွှင့် ဟောပြောလျက်ရှိလေသည်။

## ဗုဒ္ဓဓမ္မ-သိက္ခာလယ ဗုဒ္ဓတရား သင်ကြားရေးဌာန

၎င်းနိုင်ငံ၌ ဗုဒ္ဓဘာသာတရား သင်ကြားပြသနည်းဥပဒေသ ကောင်းမွန်တိကျရေးများအတွက် ဌာနတစ်ခု ဖွဲ့စည်းထား၍ ၎င်းဗုဒ္ဓဓမ္မသင်ကြားရေးအဖွဲ့မှလည်း တရားတော် ပြန့်နှံ့ရေး ရှေးရှုကာ များစွာသော စာစောင်များ ထုတ်ဝေဖြန့်ချိ၍ အထူးအားဖြင့် ပါဠိဘာသာကျောင်းများအတွက်လည်းကောင်း ပါဠိသင်ကြားနေသော ကျောင်းသားများအတွက်လည်းကောင်း, သင်ကြားရေးတိုးတက်ရန် ရည်ရွယ်လျက် ဖြန့်ချိထုတ်ဝေသော စာစောင်များ ဖြစ်လေသည်။

ထိုပါဠိကျောင်းသားများအတွက် သီးခြားထုတ်ဝေ ဖြန့်ဖြူးသော စာစောင်များမှတပါး လာအိုနိုင်ငံသားများအတွက်လည်း ၎င်းတို့အား တရားသက်ဝင်ကာ ဘာသာဝါဒယဉ်ကျေးမှုရရန်, ၎င်းဗုဒ္ဓဝါဒပြန့်နှံ့ရန်, ဗုဒ္ဓစာပေဗဟုသုတပြည့်ဝရန် ရည်ရွယ်လျက် ယဉ်ကျေးမှုစာစောင်များလည်း ထုတ်ဝေရာ ၎င်းတို့မှာ ၁၈,၀၀၀-မျှ ထုတ်ဝေရသည့်အပြင် ဗုဒ္ဓယဉ်ကျေးမှု အနုပညာသရုပ်ပြ ရုပ်စုံကားများလည်း ၁,၀၀၀-မျှ ထုတ်ဝေရလေသည်။

## ရာဇဝင်နှင့် သာသနာ့ဝင်အထိမ်းအမှတ်များ

### စောင့်ရှောက်ခြင်း

ရှေးဟောင်း သုတေသနအထိမ်းအမှတ်နှင့် ကျောက်စာဌာနမှာ ၁,၉၅၀-ခုနှစ်က ပြင်သစ်အရှေ့ဖျား ကျောက်စာ သင်ကြားစုဆောင်းခြင်းအဖွဲ့မှ လွှဲပြောင်းကာ လာအိုအစိုးရ ကျောက်စာဌာန ပြုလုပ်၍-

အမျိုးသားရှေးဟောင်းရာဇဝင် အထိမ်းအမှတ် စောင့်ရှောက်ရေး ၎င်းအမျိုးသားအမှုထမ်းဌာနသည် အကျိုးရှိအောင်မြင်စွာ ဖွဲ့စည်း၍ ဗုဒ္ဓဘာသာ ရှေးဟောင်း အဆောက်အအုံများ အများဆုံးပါဝင်သော အထိမ်းအမှတ် ရာဇဝင်အဆောက်အအုံများကို ပြင်ဆင်ခြင်း, ဖြည့်စွက်ဆောက်လုပ်ခြင်း, ရှင်းလင်းသုတ်သင်ခြင်းများ ပြုလုပ်ဆောင်ရွက်ရလေသည်။

၎င်းဌာနမှ ပြုပြင်အားထုတ်လုပ်ဆောင်ရသော ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများမှာ ၇၅-ရှိ၍ ၎င်းတို့တွင် ဗုဒ္ဓဘာသာအဆောက်အအုံက အများ

ပါဝင်ကာ ၎င်းဗုဒ္ဓဘာသာ၏ ရှေးဟောင်းအနုပညာလက်ရာများ စောင့်ရှောက်ထိန်းသိမ်းခြင်း၊ ပြုပြင်ဖြည့်စွက်ခြင်း၊ ထပ်မံတည်ဆောက်ခြင်းတို့အပြင် နိုင်ငံတော်ရှိ ရာဇဝင် အထိမ်းအမှတ် အဆောက်အအုံတို့ကို ပြည်လည်ပြုပြင် ဆောက်လုပ်ခြင်း၊ ရှေးဟောင်းကမ္ပည်းကျောက်စာများ ရှာဖွေစုဆောင်းခြင်းများ ၎င်းဌာနက စီမံဆောင်ရွက်ရလေသည်။

၎င်းဌာနအဖွဲ့အစည်းက ထိန်းသိမ်းစောင့်ရှောက်ထားသော အဆောက်အအုံများ ဖော်ပြသည်မှာ–

**ဗီ-အင်-သျှင်မြို့၌–**

- ရှေးက ဆောက်လုပ်တည်ထားခဲ့သော ထတ်-လောန်ကျောင်းတော်ကြီး၊
- ဝတ်ပရာခအိုကျောင်းတော်၊ (၎င်းမှာ ရှေးဟောင်း ဗုဒ္ဓဘာသာအနုပညာတိုက် ပြုလုပ်ထားလေသည်)။
- ဝတ်သီသခေတ်ကျောင်းတော်ကြီး၊ (၎င်းမှာ ရှေးဟောင်းကျောက်စာများ စုဆောင်းရှာဖွေထားလေသည်)။

**လောန်-ပရာဘန်မြို့၌–**

- ဝတ်ကိုအန်ခေါန်ကျောင်းတော်ကြီး
- ဝတ်ကဆီအန်ထောင်ကျောင်းတော်ကြီး
- ဝတ်သဝန္နခေတ်ကျောင်းတော်ကြီး
- တတ်အန်ဟန်ကျောင်းတော်ကြီး–

၎င်းတို့ကို အမိုး,အကာ ထပ်မံ ပြုပြင်ဆောက်လုပ် တည်ထားရလေသည်။

ဤရှေးဟောင်းအထိမ်းအမှတ် စောင့်ရှောက်ရေးဌာနအဖွဲ့က တည်ဆောက်ပြုပြင်ရသော ရှေးဟောင်းကျောင်းတော်ကြီးများအပြင် မွမ်းမံပြင်ဆင်ရသော အဆောက်အအုံတို့မှာ ရှေးမင်းများနှင့် ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ တည်ထားခဲ့သော ရှေးဟောင်းစေတီပုထိုး ၅၈-ဆူရှိ၍ ၎င်းတို့ကိုလည်း ရှေးအနုပညာလက်ရာများ မပျက်စေဘဲ ထပ်မံပြင်ဆင်ဆောက်လုပ်ရလေသည်။

ဤသို့ ဗုဒ္ဓဘာသာအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်သော အဖွဲ့သည်ကား နိုင်ငံတော် ဗုဒ္ဓသာသနာရေးဌာနနှင့် တွဲစပ်ကာ ပြုလုပ်ဆောင်ရွက်ရ၍ နိုင်ငံတော်၏ လယ်တာမြေကောင်း ကုသိုလ်မျိုးစေ့ စိုက်ပျိုးရာ ကွင်းပြင်ကြီးသည် နောင်အစဉ်အဆက် ခိုင်မြဲတည်တံ့ပါစေသတည်း။

ယခုအခါ လာအိုနိုင်ငံ၌ သာသနာတော်ကား စဉ်လာမပျက် တိုးတက်စည်ကား လျက်ရှိရာ ဆိုခဲ့ပြီးသော သံဃာအဖွဲ့ကြီးက စီမံခန့်ခွဲကာ သံဃရာဇာသာသနာပိုင် ဆရာတော်ဘုရား အမှူးထား၍ သာသနာရေးများ အားထုတ်ဆောင်ရွက်နေကြသဖြင့် သာသနာတော် အရောင်အဝါသည် လွန်စွာတောက်ပလျက် ရှိနေပါသည်။

ဆဋ္ဌသံဂါယနာကို အကြောင်းပြုကာ မြန်မာနိုင်ငံနှင့်လည်း သာသနာတော်အားဖြင့် ပိုမိုရင်းနှီးလျက် ၎င်းသံဂါယနာတင်ပွဲ သဘင်တော်ကြီး၌ တတိယ သန္နိပါတ အစည်းအဝေး ပွဲကြီးတွင်–

- ပဥ္စမပိုင်း၌ သံဒေဆဘဒန္တ မဟာသုမေဓာဓိပတိ မဟာနာယက သံဃရာဇာ သာသနာပိုင်ဆရာတော်ကြီးက ဆောင်ရွက်တော်မူပြီး,
- ၎င်းဒုတိယပိုင်း၌ လာအိုနိုင်ငံတော် မဟာသံဃအဖွဲ့အစည်းကြီး၏ ဦးစီးမဟာ- နာယက ဖရားဘဒန္တဗုဒ္ဓဇိနောရသ သံဃရာဇာ သာသနာပိုင်ဆရာတော်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ဤလာအို သာသနာပိုင်ဆရာတော်ဘုရားသည် ၎င်းဆဋ္ဌသံဂါယနာ တတိယ သန္နိ ပါတ ဒုတိယပိုင်း၌ သဘာပတိအဖြစ်ဖြင့် အုပ်ချုပ်စည်းဝေးစဉ်က–

- ဤ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးသို့ မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာ့ အဖွဲ့ကြီးမှ ချီးမြှောက်ရန် ပင့်လျှောက်ထားသဖြင့် ကြွရောက်ကာ ဤဆဋ္ဌ- သံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ကြီးမှူးအုပ်ချုပ် သဘာပတိပြုလုပ်ဆောင်ရွက် ရသဖြင့် ကျေးဇူးတင် ဝမ်းမြောက်ကြောင်း၊
- မြတ်စွာဘုရား၏ ဟောကြားတော်မူအပ်သော ဓမ္မက္ခန်များ မချွတ်မယွင်း မှန်ကန် သန့်ရှင်းစေရန် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် အရှင်မဟာကဿပ စသည် မထေရ်မြတ်တို့ ပဌမသံဂါယနာ စသည် တင်တော်မူကြကြောင်း၊
- ယခုအခါ မြန်မာ, သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, လာအို-စသော ထေရဝါဒ နိုင်ငံတို့အပြင် အခြားတိုင်းနိုင်ငံများမှ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ် လေးစားအပ်သော ပိဋကတ်စာပေများ တိမ်းပါးချွတ်ယွင်း ကွဲလွဲခြင်းတို့မှ ကင်းစင်ပါက ထေရဝါဒနိုင်ငံများ ညီညွတ်သွားကြမည် ဖြစ်ကြောင်း၊
- ဤသို့ မြတ်စွာဘုရား၏ ဓမ္မက္ခန်ဒေသနာတော်မြတ် သန့်ရှင်းတောက်ပကာ ဒုက္ခနှင့် ရင်ဆိုင်လျက်ရှိသော ကမ္ဘာကြီးမှာ သာယာအေးချမ်းလျက် သေးဘျမ်း

ကင်းပသော လူနေလောကသို့ ဤဆင္ဃသံဂါယနာ မဟာဓမ္မသဘင်ကြီးက ပို့ဆောင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊

- နိဂုံးအားဖြင့် လောနိုင်ငံ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ကိုယ်စား ငြိမ်းချမ်းမှု ရှေ့သွားလျက်ရှိသော ဤသံဂါယနာမဟာဓမ္မသဘင်ကြီး အောင်မြင်ရေး ရှေ့ရှုဆောင်ရွက်ကြသော ပုဂ္ဂိုလ်များနှင့် ကမ္ဘာသားအားလုံးတို့ ငြိမ်းအေးချမ်းမြေ့စေကြောင်း ဆုပတ္ထနာတောင်းလျက်ရှိကြောင်း–

ဤသို့အားဖြင့် လောနိုင်ငံ သာသနာပိုင်ဆရာတော်ဘုရားကြီးသည် သဘာပတိ မိန့်ခွန်း မြွက်ကြားတော်မူသွားကြောင်း မှတ်တမ်းတင်ထားသည်။

ဤဆရာတော်ဘုရားကြီး၏ မိန့်ကြားသွားသည့် ထေရဝါဒနိုင်ငံတွင် ပါဝင်သည့် ဤလာအိုနိုင်ငံမှာ ယခုအခါတိုင်အောင် သာသနာတော်ထွန်းတောက်လျက် အစိုးရကလည်း ချီးမြှောက်ထောက်ပံ့ကာ သာသနာဝင်ရဟန်းတော် အရှင်မြတ်တို့ကလည်း သာသနာတော်ကြီး အဓွန့်ရှည်စွာ ခိုင်မြဲတည်တံ့အောင် နည်းဥပဒေစည်းမျဉ်းများ လိုက်နာကျင့်ကြံအားထုတ်တော်မူကြလျက်ရှိကြောင်း၊

ဤမျှဖြင့် ဤလာအို(လော)နိုင်ငံ ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားလျက်ရှိနေကြောင်း၊ ၎င်းမှာ ထေရဝါဒသာသနာတော်ဖြစ်ကြောင်း အဆုံးသတ်ကာ နိဂုံးထား၍ မှတ်သားအပ်ပါသတည်း။

✪ ✪ ✪ ✪ ✪

## နေပါလ *(နီပေါ)* နိုင်ငံ ဗုဒ္ဓသာသနာ

နေပါလ *(နီပေါ)* နိုင်ငံကား ရှေးက သက္ကတိုင်းနယ် ဖြစ်၍ မြတ်စွာဘုရား အလောင်းတော်မြတ် ဖွားမြင်တော်မူရာ ဒေသဖြစ်သော်လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သာသနာဝင် အဖြစ်အပျက်တွင် မထင်ရှားလှဘဲ အသောကမင်းတရားလက်ထက်တော် သာသနာပြုစေလွှတ်ရာ တိုင်းငါးန ဟိမာလယတိုင်းနယ်တွင် ပါဝင်ပြီးနောက်လည်း ၎င်းတိုင်းနယ်ထေရဝါဒသာသနာ မည်သို့ထွန်းကားလာကြောင်း သာသနာဝင်မှတ်တမ်းများ ထင်ရှားစွာ မတွေ့ရ ဖြစ်လေသည်။

၎င်းပြင် မဟာယာနမှတ်တမ်းများ၌ သာသနာနှစ် ၁,၀၀၀-ကျော်မှာ တိဗက်ဘုရင် တစ်ပါးသည် နေပါလမင်းသမီးတော် တစ်ပါးနှင့် လက်ထပ်တော်မူကာ မဟာယာန သာသနာ

ကို လေးစားကြည်ညိုသည့်အတိုင်း မဟာယာနဂိုဏ်းသာသနာ အားပေးချီးမြှောက်ကာ များစွာသော ကျောင်း, ဘုရား, ပုထိုးများ တည်ဆောက်ကြောင်းလာသဖြင့်–

ဤင်းမှတ်တမ်းအရ ၎င်းမှနောက်၌ မဟာယာနသာသနာ ထွန်းကားလာခဲ့ကြောင်း ယခုခေတ်တိုင်အောင်ပင် မဟာယာနနှင့် ဟိန္ဒူဝါဒ ရောယှက်သော အယူဝါဒပြန့်နှံ့ကာ လွန်ခဲ့သော ၂၅-နှစ်လောက်က ထေရဝါဒရဟန်းတော်များကို နေပါလအစိုးရက ၎င်းနိုင်ငံမှ နှင်ထုတ်ခဲ့လေသည်။

သို့သော်လည်း နေပါလထေရဝါဒရဟန်းတော်များသည် ၎င်းတိုင်းနယ်မှ ထွက်ခွါ၍ မြန်မာ, သီဟိုဠ်နိုင်ငံများသို့ အချို့ တိဗက်နိုင်ငံများသို့ သွားရောက်, ဗုဒ္ဓစာပေများ လေ့လာအားထုတ်ကြပြီး ၁,၉၄၄-ခုနှစ်မှာ နေပါလရဟန်းတော်များနှင့် လူဒါယကာ၊ ဥပါသကာများသည် ဆာရ်နာထ် ခေါ် မိဂဒါဝုန်၌ ဓမ္မောဒယအသင်းကြီး ဖွဲ့စည်းတည်ထောင်ပြီးလျှင် ထေရဝါဒသာသနာ နေပါလနိုင်ငံ၌ တည်ထွင်ရန် အပြင်းအထန်ကြိုးစားကြ၍ ၎င်းရဟန်းတော်များ ဗုဒ္ဓစာပေ ပိဋကတ်ကျမ်းဂန်များ သင်ကြားလာပြီးနောက် နေပါလနိုင်ငံတော်တွင် ထေရဝါဒကျောင်းများ တည်ထောင်ကြလေသည်။

၎င်းနောက် ၁,၉၄၆-ခုနှစ် သာသနာပြု အရှင်နာရဒမထေရ် လာရောက်ပြီးလျှင် ထေရဝါဒသာသနာပြုစုရာ ထိုအခါ၌ကား အစိုးရများလည်း ဗုဒ္ဓဘာသာသို့ ညွှတ်ကိုင်းကာ ထေရဝါဒသာသနာအရ တည်ဆောက်သော စေတီတစ်ဆူတည်ရန် ခွင့်ပြုချက်အရ အရှင်နာရဒမထေရ်သည် ၎င်းစေတီတော် ဓာတ်မြစ်ချ တည်ထောင်လာခဲ့ရာ ၎င်းစေတီတော်ပြီးလောက်သောအခါ၌လည်း ၎င်းကြွလာကာ စေတီတော်ပူဇော်ပွဲပြုလုပ်၍ ၎င်းမထေရ်၏ ဓာတ်မြစ်ချခြင်းကား ထေရဝါဒနိုင်ငံအဖြစ် ပန္နက်ချခြင်း ဖြစ်ခဲ့လေသည်။

ထိုအခါမှစ၍ ဓမ္မောဒယသဘာအဖွဲ့ကြီး၏ ဘုရင်မင်းမြတ် မဟိန္ဒဝီရရိက္ကမသျှးဟာဒေဝသည် ဗုဒ္ဓဘာသာ ထေရဝါဒသာသနာတော်ကို လေးစားလာ၍ ၁,၉၅၆-ခုနှစ်၌ ၃-နှစ်တစ်ကြိမ် ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာကောန်ဖရင့် အစည်းအဝေး ၄-ကြိမ်မြောက် ညီလာခံသဘင်ကြီးကို လက်ခံတော်မူကာ ခမ်းနားစွာကျင်းပစီရင်ပြီး ၎င်းမင်းတရားကိုယ်တိုင် ၎င်းအစည်းအဝေးကြီး ဖွင့်လှစ်တော်မူခဲ့လေသည်။

၂,၅၀၀-ဗုဒ္ဓဇယန္တိအခါတော်၌လည်း ၎င်းဓမ္မောဒယအသင်းကြီးနှင့်တကွ နေပါလအစိုးရက ရန်ပုံငွေများ ကောက်ခံပြီးလျှင် ၎င်းအထိမ်းအမှတ်ဗုဒ္ဓဝတ်ကျောင်းတော်ကြီးနှင့် ဘုရားဖူးဧည့်သည်တော်များ ချမ်းသာစွာ တည်းခိုနိုင်ရန် ဓမ္မသာလာ ၃-ဆောင်နှင့်တကွ ရှေးဟောင်း လုမ္ဗိနီအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ခဲ့လေသည်။




အင်ဒိုချိုင်းနားကျွန်းဆွယ်



ဗုဒ္ဓသာသနာ ပြန့်နှံ့ခဲ့ရာဒေသများ

ဎင်းပြင် နေပါလမြို့တော် ကာထမန္ဒူ (ခတ္တမန္ဒူ)နှင့် မဝေးကွာလှသော နေပါလ၏ ဒုတိယမြို့တော်ဖြစ်သော လလိတပူရ၌လည်း ၎င်းဗုဒ္ဓဇယန္တီအခါတော်မှာ ဗုဒ္ဓသမိတိ ဗုဒ္ဓအစည်းရုံးကြီး ဖွဲ့စည်းတည်ထောင်ပြီးလျှင် လူအများအား ထေရဝါဒသာသနာသို့ သိမ်းသွင်းကာ ကြီးကျယ်ခမ်းနားစွာ ဗုဒ္ဓဇယန္တီသဘင်တော်ကြီး ခင်းကျင်းပြီးလျှင် ဂိုဏ်းဝါဒ အမျိုးမျိုးမှ လူများကိုလည်း ဆွဲဆောင်ကာ အစိုးရအုပ်ချုပ်ရေး အမတ်များအဖွဲ့ ပါဝင်လျက် နေ့ရက်များစွာ ကျင်းပခဲ့လေသည်။

ဤဗုဒ္ဓသမိတိအသင်းကြီးသည် နေပါလပြည်၌ အသောကမင်းတရား သာသနာ ပြုစဉ်က တည်ထားခဲ့သော စေတီတော်များနှင့် မင်းအဆက်ဆက် တည်ထားကိုးကွယ် ခဲ့သော စေတီတော်အဟောင်းများကိုလည်း လူအများ စုပေါင်းကူညီကြကာ များစွာသော ကျောင်း, ဘုရား, စေတီတော်များ အသစ်မွမ်းမံပြင်ဆင်လျက် ထေရဝါဒသာသနာ တိုးတက်ရေး အဆောက်အအုံဘက်မှလည်း အားထုတ်ဆောင်ရွက်ခဲ့လေသည်။

ယခုအခါ ဤဗုဒ္ဓသမိတိအသင်းကြီးကား အရေးအကြီးဆုံးဖြစ်သော ထေရဝါဒ ရဟန်းတော်များအတွက် သင်တန်းဗဟိုဌာနတစ်ခု တည်ထောင်ကာ စိတ်အားထက်သန် ဉာဏ်သဘောထက်မြက်သည့် လူငယ်များ ရွေးချယ်ကာ ထင်ရှားသော ထေရဝါဒနိုင်ငံတော် များသို့ ထေရဝါဒ ပရိယတ္တိကျမ်းဂန်များ သင်ယူရန် စေလွှတ်ခဲ့ရာ ယခုမျက်မှောက်မှာ ရဟန်းတော် ၂-ပါးနှင့် သီလရှင် ၄-ယောက်တို့ မြန်မာပြည်၌ ပရိယတ္တိ ပိဋကတ်စာပေများ သင်ကြားအားထုတ်၍ ပဋိပတ္တိတရား အားထုတ်လေ့လာလျက် ရှိကြလေသည်။

ဤသို့လျှင် နေပါလနိုင်ငံ၌ ထေရဝါဒသာသနာ တိုးတက်ထွန်းပရန် ဓမ္မောဒယ အသင်းကြီး၏ ကြိုးစားအားထုတ်ဆောင်ရွက်မှုနှင့် လလိတပူရ ဗုဒ္ဓသမိတိအသင်းကြီးများ၏ ကြိုးစားအားထုတ်မှုများကြောင့် ထေရဝါဒရဟန်းတော်များနှင့် သီလရှင်များ အရေ အတွက်များပြား၊ ရဟန်းတော်များ၏ ကျောင်းအရေအတွက် တိုးတက်များပြားလာခဲ့ရာ ကမ္ဘာ့ဗုဒ္ဓဘာသာအစည်းအဝေးကြီး စည်းဝေးကျင်းပသဖြင့်လည်း ဗုဒ္ဓသာသနာ သာလွန် ထင်ရှား ကြီးပွါးလာခဲ့လေသည်။

ဤမျှဖြင့် နီပေါနိုင်ငံတော် ဗုဒ္ဓသာသနာ ပြန်လည်ထွန်းပလာ၍ နောင်အခါ၌ လည်း ဗုဒ္ဓသာသနာအလင်းရောင် တောက်ပြောင်ထွန်းသစ်လာလိမ့်မည်-ဟု မျှော်လင့် လျက် နေပါလ ဗုဒ္ဓသာသနာအကျဉ်းချုပ် မှတ်သားအပ်ပါသည်။

**နေပါလ ဗုဒ္ဓသာသနာ ပြီးပြီ။**

✪ ✪ ✪ ✪ ✪

## ဆိက္ကင်းပြည် ဗုဒ္ဓသာသနာ

ဆိက္ကင်းပြည်နယ်ကား ဟိမာလယတိုင်းနယ်တွင် ပါဝင်သော တိုင်းငယ်ကလေး ဖြစ်၍ ရှေးက အသောကမင်းတရားကြီး သာသနာပြုဌာနတွင် ပါဝင်သော နိုင်ငံဖြစ်ခဲ့ရာ ယခုအခါ၌ကား ရှေးက သာသနာမထင်ရှားတော့ဘဲ နိပေါ၊ တိဗက်နိုင်ငံများမှ ရောက်လာသော မဟာယာနသာသနာ ထွန်းကားသော နိုင်ငံဖြစ်၍ ၎င်းဂိုဏ်းအားလျော်စွာ ဗုဒ္ဓဝါဒ လေ့လာကျင့်သုံးကြသော ဗုဒ္ဓနိုင်ငံတော် ဖြစ်လေသည်။

၎င်းနိုင်ငံ၌ မဟာယာနဘုန်းတော်ကြီးများကို အစိုးရနှင့်တကွ တိုင်းသူပြည်သားများ လေးစားကြ၍ ၎င်းတို့သီတင်းသုံးရာ ကျောင်းများ အရေအတွက်အားဖြင့် ၁၀၀-ကျော်မျှ ရှိပြီး ၎င်းကျောင်း၊ ဘုရား၊ စေတီတော်များ ထိန်းသိမ်းစောင့်ရှောက်သော အစိုးရဌာန သီးခြားထားရှိ၍ ၎င်းဌာနအသိအမှတ်ပြုသော ကျောင်း၊ ဘုရား၊ စေတီတော်များအပြင် လူအများပြုပြင် စောင့်ရှောက်သော ကျောင်း၊ စေတီ၊ ပုထိုးများလည်း ရှိ၍ ဗုဒ္ဓဘာသာတော်ကား နိုင်ငံတော်အစိုးရဘာသာ ပြုလုပ်ထားလေသည်။

၎င်းဆိက္ကင်းနိုင်ငံ၌ ထင်ရှားကျော်စော၍ လေးစားကြသော ကျောင်းတော်ကြီးကား ၎င်းတိုင်းပြည် အနောက်ဘက် တိုင်းနယ်များတွင်တည်ရှိသည့် ပေမယန်စီကျောင်းတော်ကြီး ဖြစ်၍ ၎င်းကျောင်းတော်ကြီးသို့ နိုင်ငံခြားသုတေသနရှာဖွေသူများ၊ သွားရောက်လေ့လာကြည့်ရှုရသူများ များစွာရှိလေသည်။ ဤသို့ ခေတ်အဆက်ဆက် တိုးတက် ဆောက်လုပ်ကြသော ကျောင်းတော်ကြီးများရှိရာ အချို့ဟောင်းနွမ်းပျက်စီးသည်များကို အစိုးရ ကျောင်း၊ စေတီစောင့်ရှောက်ရေးဌာနက ပြုပြင်မွမ်းမံသည်တွင် ထင်ရှားသော ဂန်တောက်နယ်၊ ဂုစုပဒမသမ္ဘဝကျောင်းတော်ကြီးနှင့် ဤပေမယန်စီကျောင်းတော်ကြီးများ ပဓာနထားလေသည်။

၂၅၀၀-ဗုဒ္ဓဇယန္တီ အခါတော်၌လည်း ဤဆိက္ကင်းပြည်မှာ ကြီးကျယ်ခမ်းနားလှစွာ ၎င်းပွဲတော်ကြီးကျင်းပပြီး ဗုဒ္ဓဂယာမှလည်းကောင်း၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တော်ရှိ သယ်မိတ္တာမဟာဗောဓိမှလည်းကောင်း၊ ဗောဓိပင်ငယ်များ ဆောင်ယူကာ ခမ်းနားကြီးကျယ်စွာ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပကာ ဗုဒ္ဓဇယန္တီအထိမ်းအမှတ် ဗောဓိပင်ငယ် စိုက်ပျိုးခြင်းများ ပြုလုပ်ကာ မဟာယာနအနုပညာ ရှေးဟောင်းသုတေသနပြပွဲများ ခမ်းနားစွာ ခင်းကျင်းပြသကြလေသည်။

၎င်းပြည်၌ လေ့ကျက်ကြသော မဟာယာနဗုဒ္ဓသာသနာမှာ တိဗက်အယူဝါဒများ ဖြစ်ကြ၍ ၎င်းဗုဒ္ဓဘာသာသင်တန်းများ ၎င်းမြို့တော် အင်ချီကျောင်းကြီး၌ သင်ကြားကာ

၎င်းကျောင်းကြီးမှာကား မဟာယာနဗုဒ္ဓဘာသာအနုပညာများနှင့် ပညာအရပ်ရပ်သင်ကြားရာ ဗဟိုဌာနကြီးဖြစ်၍ ၎င်းမှာ တိဗက်ပညာရှိများ ထွန်းကားရာဌာနကြီးဖြစ်လေသည်။

ဤမျှဖြင့် ဆိက္ကင်းနိုင်ငံ ဗုဒ္ဓသာသနာအကျဉ်းပြအပ်သတည်း။

✪ ✪ ✪ ✪ ✪

## မွန်တိုင်းပြည် ဗုဒ္ဓသာသနာတော်

မွန်တိုင်းနိုင်ငံကား အရှေ့ဖျားတိုင်းနိုင်ငံတို့တွင် အမွန်အစ သာသနာပြုရာဌာနဖြစ်၍ ထင်ရှားသောနိုင်ငံတော်ဖြစ်ခဲ့ဖူးရာ ယခုလက်ရှိ မြန်မာပြည်သာသနာတော်မှာကား မွန်တိုင်းပြည်မှ ယူဆောင်ရောက်ရှိလာခြင်းမှာ ရာဇဝင်အရနှင့်သော်လည်းကောင်း, သမိုင်းအရနှင့်သော်လည်းကောင်း ငြင်းဆိုဖွယ် အတိအကျ သက်သေမရှိသည့် အရာဌာနဖြစ်လေသည်။

အရှင်အရဟံ ဓမ္မဒဿီအရှင်မြတ်ကား ဇာတိအားဖြင့် အသေအချာ သာသနာဝင်များ မပါသော်လည်း မွန်တိုင်းသားဖြစ်တော်မူ၍ မြန်မာနိုင်ငံတွင် တည်ရှိထွန်းကားနေသော ဗုဒ္ဓဘာသာဆိုရသည့် အရည်းရှင်ဟောင်းများတို့၏ ဝါဒဆိုးကို သုတ်သင်ရန်နှင့် သာသနာတော်ကို ပြုစုအားထုတ်နိုင်သော ဘုန်းသမ္ဘာနှင့်ပြည့်စုံသည့် အနော်ရထာမင်းစောအား တရားဓမ္မဟောပြဖို့ အချိန်တန်ပြီဖြစ်၍ ကြွလာတော်မူကာ စင်ကြယ်ကောင်းမြတ်သော သာသနာတော်ကို ပြုစုတော်မူခဲ့လေသည်။

ဤအခါ မွန်ရာမညတိုင်း သုဓမ္မပူရ သထုံပြည်ကြီး၌ မနုဟာမင်း စိုးစံ၍ သာသနာတော် ထွန်းလင်းတောက်ပလျှသော အခါသမယဖြစ်၍ ပရိယတ်, ပဋိပတ်, ပဋိဝေဓ သာသနာ ၃-ပါး ပြည့်စုံသည်ကား အရှင်အရဟံ ထောက်ထားသဖြင့် ထင်ရှားသည့်အပြင် ပရိယတ်ဓမ္မကွန်လည်း ပေါ်များကြွယ်ဝကြောင်း အရှင်အရဟံ ညွှန်ပြမိန့်ကြားသဖြင့် ထင်ရှားသော သာဓကဖြစ်လေသည်။

ဤပရိယတ် ဓမ္မကွန်သည် သာသနာတော်၏ အမြစ်မူလဖြစ်ကြောင်း, ပရိယတ် အသိဉာဏ်နှင့် ပဋိပတ်ကျင့်ကြံအားထုတ်မှု ပဋိဝေဓ မဂ်ဖိုလ်ရ၍ ဓမ္မအမှန်ကို ထိုးထွင်း သိမြင်နိုင်ကြောင်း နော်ရထာမင်းစောအား အရှင်အရဟံ ဟောကြားတော်မူရာ "ပရိယတ် ဓမ္မကွန်များ ဘယ်မှာရနိုင်ပါမည်နည်း"ဟု မင်းမြတ်လျှောက်ထားလျှင် အရှင်အရဟံ မထေရ်မြတ်က "သုဓမ္မပူရ သထုံပြည်ကြီးမှာ ပရိယတ်ဓမ္မကွန်အစုံ များစွာရှိကြောင်း" မိန့်ကြားချက်အရ ၎င်းမနုဟာမင်းထံ လက်ဆောင်ပဏ္ဏာနှင့်တကွ ပရိယတ် ဓမ္မကွန်များ တောင်းခံရာ မချေင်သော စကားကြောင့် ဘာသာရေးစစ်ပွဲ ဖြစ်ရလေသည်။

ဤမွန်တိုင်းကား ဒေဝါနံပိယဒဿီ အသောကမင်းတရား သာသနာပြုစေလွှတ် ကာ သာသနာ့နိုင်ငံတော် တည်ထောင်သည်မှစ၍ **အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရ** မထေရ်တို့ ပြုထားတော်မူခဲ့သော သာသနာတော်သည် ရောင်ဝါမန္တမ်း ထွန်းလင်းလာခဲ့ရာ ယခုအခါတိုင်အောင်ဖြစ်၍ အရှေ့ဖျား သာသနာ့နိုင်ငံတို့တွင် အမွန်အစဖြစ်ကာ ထင်ရှား ပါသော်လည်း သာသနာဝင်မှတ်တမ်းများသည် ဟံသာဝတီပြည်ကြီး အရှင် ရာမာဓိပတိ မဟာဓမ္မရာဇာ ဓမ္မစေတီမင်းတရားကြီးသည် သာသနာတော်ကြီးကို အထူးစင်ကြယ်အောင် ကလျာဏီသိမ်တော်ကြီး စင်ကြယ်သန့်ရှင်းစွာ သမုတ်တော်မူပြီး အကြီးအကျယ်သာသနာ ပြုကာ ကျောက်စာကမ္ပည်းထိုးလျက် လေးနက်စွာပြုတော်မူသည်မှတပါး ထင်ရှားအောင် မတွေ့ရသဖြင့် ခေတ်ပိုင်းခြားကာ သာသနာဝင်ရေးသားရန် အခဲအခက်တွေ့နေရပါသည်။

များစွာသောသမိုင်းနှင့် ရာဇဝင်များအရကား–

- ဤတိုင်းနိုင်ငံသို့ မြတ်စွာဘုရား လက်ထက်တော်ကပင် ရခိုင်ပြည်သာသနာကဲ့သို့ သာသနာတော်တည်ထွန်းခဲ့ကြောင်း၊
- ဘုရားရှင်ကိုယ်တိုင်တော်လည်း ဤတိုင်းနိုင်ငံသို့ ကြွတော်မူ၍ သာသနာအခြေအမြစ် တည်တော်မူခဲ့ကြောင်း၊
- နောင်သောအခါလည်း သာသနာတော် စည်ပင်ထွန်းလင်းလတ္တံ့-ဟု ဗျာဒိတ်တော် ထားတော်မူခဲ့ကြောင်း၊
- သာသနာတော်ကို ကြည်ညိုကြသော နိုင်ငံများ၏ အစဉ်အလာအရ သာသနာ၌ ၎င်းရေးသားကြသောသမိုင်းများဖြင့် ဘုရားပုထိုးစေတီတော်များကို ပိုမိုလေးစား ယုံကြည်အားထားကြကာ သဒ္ဓါထက်သန်လာရန် ရည်ရွယ်ကြကြောင်း–

များ မှတ်သားအပ်ပါသည်။

ဤအတူ မြန်မာနိုင်ငံများ၌လည်း ဘုရား, ပုထိုး, စေတီတော်များ၏ သမိုင်းများတွင် ဘုရားရှင်လက်ထက်တော်က ကိုယ်တော်တိုင်ကြွ၍ ချီးမြှောက်ကာ "ဤနေရာဌာန၌ ငါ ဘုရားသာသနာတော် တည်ထွန်းကာ ကြီးစွာသောစေတီပုထိုးတည်လျက် နောင်လက်ထက်၌ များစွာသောသူတို့၏ အကိုးအကွယ် အပူဇော်ခံရလတ္တံ့"စသည် ဗျာဒိတ်တော်မြွက်သတ်မှတ်တော်မူခဲ့ကြောင်း ရေးသားကြသည့်အပြင် ယိုးဒယားစေတီတော်သမိုင်းများလည်း ထိုနည်းအတိုင်း စေတီပုထိုးများ၏သမိုင်းတွင် ဘုရားရှင်ကိုယ်တော်တိုင် ကြွတော်မူကာ "ဤတိုင်းနိုင်ငံတို့မှာ သာသနာထွန်းလင်းလတ္တံ့"ဟူသော ဗျာဒိတ်တော်မြွက်ထားရှိကြောင်း ရေးသားကြလေသည်။

ဤသို့ သမိုင်းအများ ရေးသားကြသည့်အတိုင်း ဤမွန်တိုင်း သမိုင်းရာဇဝင်တို့မှာ ဘုရားရှင်လက်ထက်တော်က သုဝဏ္ဏဘူမိမြို့တော်ကြီး၌ သီဟရာဇာမင်း နန်းစံလျက်ရှိရာ ရှေးဘဝက ညီဖြစ်ခဲ့ဖူးသော ဂဝံပတိမထေရ် ကြွလာ၍ ရှေးဘဝမယ်တော်နှင့်တကွ လူအများအား တရားဟော၍ အားလုံးအကျွတ်တရားရကြပြီး မင်းကြီးထံရောက်ကာ မင်းကြီးလည်း တရားတော်နာရ၍ ကြည်ညိုအလေးပြုကာ "အရှင်၊ လူတို့ထွဋ်ထား ဘုရားဖြစ်ပြီလော"ဟု လျှောက်ထားရာ "ငါတို့ဆရာ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးတော်မူကြောင်း" အမိန့်ရှိလျှင် "ဘုရားရှင်ကို ဖူးမြင်လိုပါကြောင်း" လျှောက်ထားသဖြင့် မထေရ်မြတ် သွား၍ပင့်ကာ ကြွလာတော်မူကြောင်း ကျယ်ဝန်းစွာ ရေးသားကြလေသည်။

၎င်းသမိုင်းအရ ဤသုဝဏ္ဏဘူမိကား ဤသီဟရာဇာမင်းအား သိကြားတည်ထောင်ဖန်ဆင်းပေးသောမြို့တော်ဖြစ်၍ ပြင်ပရန်သူများ မဖျက်ဆီးနိုင်သော မြို့ဖြစ်ကြောင်း, ၎င်း၌ ၅၁-ဆက်သော မင်းများစိုးစံအုပ်ချုပ်ခဲ့ရာ အလွန်စည်ပင် သာယာဝပြော ချမ်းသာကြကြောင်း, ၅၁-ဆက်မြောက် ဥဒိန္နရာဇာမင်း၏သားတော် မနုဟာမင်းလက်ထက်ကျသော အခါ နော်ရထာမင်းစောနှင့် ဘာသာရေးအတွက် စစ်ဖြစ်၍ ပျက်စီးခဲ့ပြီး မနုဟာမင်းလည်း မောင်းမမိဿံ ခွေ့ရံပရိသတ်နှင့်တကွ ပုဂံပြည်သို့ လိုက်ပါတော်မူခဲ့ရာ သုဓမ္မပူရ သထုံပြည်ကြီး ပျက်စီးကြောင်း ရေးသားကြကုန်၏။

ဤသထုံပြည်ကြီးကို အနော်ရထာမင်းတရား သိမ်းယူတော်မူစဉ်က နော်ရထာမင်းစောသည် ၎င်းမနုဟာမင်း စိုးပိုင်သော ဆင်ဖြူတော် ၃၂-စီးနှင့် ပိဋကတ်တော်အမုံ ၃၀-ကို ရတနာပန်းတောင်းဖြင့် တင်ယူတော်မူကြောင်း ရာဇဝင်သမိုင်းတို့ ရေးသား၍ ထိုမနုဟာမင်းကား ဆင်ဖြူတော် ၃၂-စီးအရှင်ဖြစ်၍ ဘုန်းတန်ခိုးကြီးမားသော်လည်း မြန်မာနိုင်ငံတော်၏ ကံကြမ္မာနှင့် သာသနာတော်တန်ခိုး တိုးတက်ချိန် ကျရောက်သဖြင့် ၎င်းသထုံပြည်ကြီးနှင့် ၎င်းပြည့်ရှင်မင်းကား ပျက်ပြားခဲ့ရလေပြီ။

အနော်ရထာမင်းတရားကား ဘုန်းကံတော်လည်းကြီးမား, ပညာဉာဏ်တော်လည်း ထက်သန်လျက် တရားလည်း သက်ဝင်တော်မူသည့်အားလျော်စွာ ဘာသာရေး ပိဋကတ် ဓမ္မက္ခန်အတွက် စစ်မက်ဖြစ်ရသော်လည်း ၎င်းဆင်ဖြူတော် ၃၂-စီးနှင့် ပိဋကတ်တို့ကို တင်ဆောင်ကာ မနုဟာမင်းကိုလည်း ခြွေရံမပျက် ဆောင်ယူလာသည့်အပြင် သာသနာ တော်အား အကျိုးများမည်ဖြစ်သော ရဟန်းတော်မထေရ်မြတ်များကိုလည်း အနူးအညွတ် ပင့်လျှောက်တော်မူကာ တိုင်းပြည်အား အကျိုးများမည်ဖြစ်သော များစွာသော ပညာသည် များကိုလည်း ခေါ်ယူလာခဲ့လေသည်။

ဤသို့ သာသနာတော် ချီးမြှောက်တော်မူကြရန် သံဃာတော်မထေရ်မြတ်တို့အား ပင့်ဖိတ်တော်မူခဲ့ရာ သမိုင်းရာဇဝင်မပါစေကာမူ မှတ်ယူထိုက်သော မွန်ပညာရှိအချို့ ပြောဆိုချက်အရ ကျမ်းဂန်တတ်မြောက်စွာ များစွာသော ကျမ်းဂန်များ ရေးသားတော် မူသော ဆရာတော်တစ်ပါးသည် ပုဂံပြည်သို့ မလိုက်လိုသောကြောင့် မင်းဆရာ မဖြစ်ရန် အင်္ဂါချို့အောင် မိမိလက်ညှိုးကို ဖြတ်တောက်ကာ သထုံပြည်မှာပင် နေတော်မူခဲ့၍ ကျမ်းဂန် များ ရေးသားတော်မူခဲ့ကြောင်း, ၎င်းမှာပင် သာသနာတော်ရေးများ မင်းမရှိ ငြားသော်လည်း စောင့်ရှောက်ပြုစုတော်မူကြောင်း ပြောကြလေသည်။

သို့ဖြစ်၍ သထုံပြည်ကြီး ထီးသုဉ်း နန်းသုဉ်း တိုင်းပြည်အလုံး ပျက်ကာ တိုင်းနိုင်ငံ ချောက်ချားခဲ့ပါသော်လည်း သာသနာတော် မပျက်ပြုန်းဘဲ တည်မြဲတိုင်း တည်ရှိကာ မင်း ဘာသာလောက် မထွန်းကားစေကာမူ သာသနာဝင်ရဟန်းသံဃာတော်အရှင်များ ရှိနေ တော်မူကြသဖြင့် သာသနာတော်ဆောင်ရွက်နေကြကာ သာသနာအဆက်မပျက်ဘဲ ယခုတိုင်နေခြင်းကား ထင်ရှားသော သက်သေတစ်ခု ဖြစ်သည်မှာ ယုံမှားဖွယ်မရှိ မှတ်အပ် လေသည်။

၎င်းမွန်ပညာရှိ ပိဋကတ် ပရိယတ် နှံ့စပ်ကျော်ကြားသော အချို့မထေရ်ကြီးများ နော်ရထာမင်းတရား ပင့်ဖိတ်တော်မူကြကာ ပုဂံပြည်သို့ လိုက်ပါတော်မူကြ၍ ပိဋကတ်များ သင်ကြားပို့ချနေကြပြီး မွန်ဘာသာလည်း ပုဂံပြည်မှာ အလေးပြုသော ဘာသာရပ်တစ်ခု ဖြစ်လာသဖြင့် ၎င်းခေတ်မှ နောက်၌ ဘုရားပုထိုးတို့မှာ ၎င်းဘာသာဖြင့် ကမ္ပည်းကျောက်စာ ထွင်းထုလာကြသည်ကား ပုဂံမြို့ရှိ ကျန်စစ်မင်းတရား၏ သားတော် ရာဇကုမာရမင်းသား တည်ခဲ့သည့် မြစေတီဘုရားကျောက်စာတွင် မွန်ဘာသာ တစ်မျက်နှာထိုးထားသည့်အပြင် အခြား ရွှေနန်းတော်ကျောက်စာ စသည် ပုဂံပြည်၌ မွန်ကျောက်စာများစွာတွေ့ရသဖြင့် ထင်ရှားပါသည်။

သထုံမြို့ ရွှေစာရံသမိုင်းအရမှာ ၎င်းသထုံပြည်သို့ အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ် ပိဋကတ်တော် ကူးယူရေးသားတော်မူခဲ့ပြီး အဋ္ဌကထာများနှင့်တကွ ပိဋကတ်တော်များကို ဆောင်ယူလာတော်မူခဲ့ကြောင်း၊ ၎င်းမထေရ်မြတ်သည် ဤတိုင်းပြည်၌ သာသနာပြုတော်မူကာ သီတင်းသုံးတော်မူခဲ့၍ ဤတိုင်းပြည်နိုင်ငံမှာ ပရိယတ္တိသာသနာ အလွန်ထွန်းကားခဲ့ကြောင်းများ ကျယ်ဝန်းများပြားစွာ ရေးထားခဲ့လေသည်။

၎င်းပြင် မနုဟာမင်းကား ပိဋကတ်တော်အစုံ ၃၀-ကိုးကွယ်ပူဇော်ထားကြောင်း ရာဇဝင်စကားအရ ပရိယတ္တိသာသနာတော် ထွန်းကားခဲ့ခြင်းကား ငြင်းဖွယ်မရှိပြား သော်လည်း အစဉ်အဆက်မှတ်သားလာခဲ့သော သာသနာဝင်မှတ်တမ်းများ ရှိခဲ့မည်ဖြစ်စေကာမူ ၎င်းတို့ကို စောင့်ရှောက်သိမ်းဆည်း စုဆောင်းသိုမှီးခြင်း မရှိခဲ့၍ ယခုအခါ မွန်အဖွဲ့အစည်းများ ယဉ်ကျေးမှုဌာန၌ ဖွဲ့စည်းကာ ၎င်းဘာသာနှင့် ရေးသားထားသော စာပေများ (၎င်းမှာ နိုင်ငံတော် ကောင်းစဉ်ခေတ်က ရေးသားထားခဲ့သော ပိဋကတ်ဆိုင်ရာ စာပေကျမ်းဂန်) စုဆောင်းလျက် ရှိကြလေသည်။

၎င်းအဖွဲ့အစည်းများကား ရန်ကုန်ဂျူဗလီယဉ်ကျေးမှုဗိမာန်၌လည်းကောင်း၊ မော်လမြိုင် မွန်ယဉ်ကျေးမှုဌာန၌လည်းကောင်း ဖွဲ့စည်းတည်ထောင်ကာ ၎င်းဘာသာစာပေများ ရှာဖွေစုဆောင်းလျက် ယခုလက်ထက်ရေး စာပေများကိုလည်း သိမ်းဆည်းကာ ပိဋကတ်ဆိုင်ရာ စာပေများကိုလည်း ယခုပြုစုနေကြရာ မော်လမြိုင်ယဉ်ကျေးမှုဌာနတွင် ရှေးက ရေးသားခဲ့သော စာပေကျမ်းဂန်များ ၂၀၀-ကျော်မျှ ရကြသော်လည်း ခုနှစ်အချိန်သမယခေတ်ကို ပိုင်းခြားရန် နိဂုံး၊ နိဒါန်းများ မပါသည်ကများ၍ ကာလအပိုင်းအခြားမှတ်သားရန် ခဲယဉ်းကြောင်း ၎င်းအဖွဲ့များက ပြောကြားသည်ကို မှတ်သားခဲ့ရပါသည်။

ဤသာသနာတော်ထွန်းကားခဲ့သော မွန်နိုင်ငံကား သုဓမ္မပူရ-သထုံ သုဝဏ္ဏဘူမိခေတ်နှင့် ပဲခူး-ဟံသာဝတီခေတ်အားဖြင့် ဤ ၂-ခေတ် ပဓာနဖြစ်ထွန်းခဲ့ရာ သာသနာတော် ၁,၆၀၁-ခုမှာ သထုံပြည်ကြီး နိမ့်ပါး၍ သာသနာပြုမင်း သုဉ်းသွားသောအခါ သာသနာတော်ကား ပျက်ပြားမသွားဘဲ တည်မြဲလျက်ရှိနေစေကာမူ မင်းဘာသာကဲ့သို့ တန်ခိုးမရှိတော့သဖြင့် ၎င်း၏မှတ်သင့်၊ မှတ်ထိုက်သော သာသနာဝင်မှတ်တမ်းများ ထင်ရှားစွာ မတွေ့ရဘဲ စောင့်ရှောက်သူ ကင်းပလျက် ရှိခဲ့လေသည်။

ဟံသာဝတီပြည်ကြီး သမလ၊ ဝိမလမှစ၍ တည်ထောင်လာခဲ့ရာ ရာဇဝင်များ၌ တိုင်းရေးပြည်ရာလောက်သာ ရေးသား၍ ဗုဒ္ဓသာသနာနှင့် စပ်လျဉ်း၍ကား ၎င်းရှေ့ပိုင်းမှာ မှတ်တမ်းထားလောက်အောင် သာသနာရေး အဖြစ်အပျက်များ မပါ၊ သာသနာထွန်းကား

နေရာ ၎င်းမင်းဆက် ၁၇-ဆက်မြောက် တိဿမင်းလက်ထက် မိစ္ဆာအယူရှိသော ဒွန်း စဏ္ဍား ရဟန်းယောင်ဆောင်လျက် မင်းကြီးအား ယုံမှားအောင် ပြောချက်အရ ၎င်းမင်း သည် မြတ်စွာဘုရားရုပ်တုတော်များကို မသန့်စင်သောနေရာများ၌ ပစ်လွှတ်စေရာ သူဌေး သမီး သုဘဒ္ဒါသည် ၎င်းရုပ်ပွါးတော်များကို သန့်စင်စွာ နံ့သာရေစင်များဖြင့် သပ္ပါယ်၍ မြင့်မြတ်စွာထားရှိကြောင်း, မင်းကြား၍ ၎င်းအား ခေါ်ယူမေးမြန်းရာတွင် အမှန်အကန် တရားပြလျက် ရုပ်ပွါးတော်များအကြောင်းကို သူဌေးသမီးလျှောက်တင်မှ အမှန်သိပြီး ၎င်း သူဌေးသမီးကို မိဖုရားမြှောက်ကာ သာသနာတော်ကို ယုံကြည်လာကြောင်း ရာဇဝင်၌ ရေးသား၏။

၎င်းတိဿမင်း လွန်ပြီးနောက် ဟံသာဝတီပြည်ကြီး ပျက်စီး၍ မကတူးအမည်ရှိ သော ကွမ်းထမ်းသည်၏သား ကွမ်းထမ်းသွားရာ မိုးကြိုးကျ၍ ထမ်းပိုးကျိုးပြီး လျှပ်ရောင် ထဲ၌ ရွှေအိမ်, ရွှေနန်းကို တွေ့မြင်သဖြင့် ဗေဒင်တတ်ပညာရှိအား မေးသည်တွင် “သင်သည် မင်းထံခစားက ကြီးမားသော စည်းစိမ်ရမည်ဖြစ်ကြောင်း”ဟော၍ သောက္ကတဲမင်းထံ ခစားရာ မင်းလည်း သဘောတော်ကျကာ အတွင်းမှာ ခစားစေသည်တွင် သမီးတော်နှင့် ရည်ငံပြီး ဆင်တော် ၁-စီးနှင့် ရတနာရွှေ,ငွေများယူလျက် လူ ၁၀၀-ခန့်နှင့် ၎င်း၏နေရပ် ဝန်မြို့သို့ ထွက်သွားရာ မင်းလည်း သမီးက ပါ၍ဖြစ်ရကြောင်း စိတ်နှလုံးထားပြီးနေရာ မကြာမီ ကျောက်ဖျာမြို့ကို သိမ်းပိုက်ကာ ဝါရိရောဟူသောဘွဲ့ဖြင့် ၎င်း၌ မင်းပြုကြောင်း, ၎င်းမှာ သာသနာတော် ထွန်းကားကြောင်း ရေးသားလေသည်။

၎င်းမြို့ကား ယခုအခါ မုတ္တမ (မဒမ)ခေါ်၍ ၎င်းမြို့မှာ ရှေးက သာသနာတော် ထွန်းကားခဲ့ကြောင်း၊ ကျောင်း, ဘုရား, စေတီ, ပုထိုးများလည်း ၎င်းမင်းအဆက်ဆက် တည်တော်မူခဲ့ကြောင်း၊ ၎င်းမင်းဆက် ၈-ဆက်မြောက် ဗညားဦးလက်ထက် သဘော်ကြီးစွာ တည်ပြီး သီဟိုဠ်ကျွန်းသို့ လက်ဆောင်ပဏ္ဏာတော်များစွာ စီရင်ပြီးလျှင် သီဟိုဠ်မင်းများထံ သရီရဓာတ်တော် မွေတော်များ တောင်းခံရန် စေလွှတ်တော်မူရာ ဓာတ်တော်, မွေတော် များရရှိ၍ ဘက်တရာ-ဟူသောစေတီတော်ကြီး တည်ပြီးကာ ဓာတ်မွေသရီတော်များ ဌာပနာ တော်မူကြောင်း ၎င်းရာဇဝင်သမိုင်းများ၌ သာသနာနှင့် စပ်ဆိုင်သောအကြောင်းများ ရေးသားခဲ့လေသည်။



ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ပုံ

## ဟံသာဝတီပြည်ကြီး ပြန်လည်ထူထောင်ကြောင်း

ဖင်းကျောက်ဖျာမင်း ဗညားဦးသည် ဆင်ဖြူတော်ရတနာရ၍ ဘုန်းတန်ခိုးကြီးမား၍ တိုင်းသူပြည်သားများလည်း ဝပြောသာယာချမ်းသာစွာ နေထိုင်ကြရာတွင် ကံကြမ္မာတော် နိမ့်လာ၍ ဆင်ဖြူတော်ရတနာလည်း ရေချတော်မူရာ ကွယ်ပျောက်သွားသည့်အပြင် တိုင်းနယ်, ပြည်ရွာများလည်း မငြိမ်မသက် ပုန်ကန်ထကြွကာ တိုင်းပြည်မသာယာသောကြောင့် ယုတ်ကြ ချေသောအားဖြင့် ဖင်း၌ ၃၁-နှစ်စိုးစံပြီးမှ တဖန် ဟံသာဝတီမှာ ၄-နှစ် စံတော်မူပြီး ကံတော်ကုန်လေသည်-ဟု ရေးသားလေသည်။

- ဖင်းနောက် ဖင်း၏သား ဗညားနွဲ့
- ဖင်းနောက် ဗညားဓမ္မရာဇာ
- ဖင်းနောက် ဖင်း၏ညီတော် ဗညားရန်ခိုက် -

စိုးစံဆက်ခံပြီး ဖင်းလက်ထက်မှာ သာသနာတော်ကို ကြည်ညိုတော်မူသည်နှင့်အညီ များစွာသောကျောင်း, ကန်, ဘုရား, စေတီတော်များ တည်တော်မူပြီး သံဃာတော်များအား ၄-ပါးသော ပစ္စည်းတို့ဖြင့် ထောက်ပံ့တော်မူကာ များစွာသော ရှေးဟောင်းစေတီပုထိုးများ, သိင်္ဂုတ္တရကုန်းတော်ရှိ ဓာတ်မွေ့သရီတော်များ, မြို့တော်ရှိ ရှေးမင်းများ တည်ထားတော်မူခဲ့သော စေတီတော်များ ပြုပြင်တည်ဆောက်ကာ များစွာသော ကောင်းမှုကုသိုလ်တော်များ ပြုလုပ်တော်မူခဲ့လေသည်။

- ထို့နောက် ဓမ္မရာဇာ၏သားတော် ဗညားပရော
- ထို့နောက် ဖင်းညီတော် ဗညားကျန်း
- ထို့နောက် ဗညားရန်ခိုက်၏သား မင်းမောဓော-

အစဉ်အတိုင်း မင်းပြုကြ၍ ၈-ဆက်မြောက်မင်းကား မွန်ရာဇဝင် ဟံသာဝတီနန်းစံ ဘုရင်တို့တွင် ထင်ရှားကျော်စော ဘုန်းတန်ခိုးလည်း ကြီးမားသော ဘုရင်မကြီး ရှင်စောပုသည် (သီရိတြိဘဝနပြဗ္ဗအဂ္ဂဓမ္မ ရာဇာဓိရာဇာမဟာဒေဝီ)ဟူသော ဘွဲ့အမည်တော်ဖြင့် ဘိသိက်ခံလျက် နန်းတက်တော်မူကာ ဗညားထောဓမ္မရာဇာဟူ၍လည်း သမုတ်၍ ဘုရင်မပြုလုပ်စိုးစံခဲ့ရာ ဘုန်းတန်ခိုးအာဏာလည်းကြီးမား, သာသနာတော်လည်း ကြည်ညိုလေးစား၍ များစွာဆောင်ရွက်တော်မူခဲ့လေသည်။

ဝင်းရှင်စောပု ဗညားထောဓမ္မရာဇာမဟာဒေဝီဘုရင်မကြီးကား သက်တော် ၅၀-မှ ထီးနန်းစိုးစံတော်မူ၍ ၁၅-နှစ်, ဝင်းဟံသာဝတီမြို့တော်မှာ မင်းပြုအုပ်ချုပ်တော်မူပြီး သက်တော်ကြီးသဖြင့် ရတနာ ၃-ပါးနှင့် မွေ့လျော်ရန် တိုင်းရေး ပြည်ရေးများကို တူတော် ဓမ္မစေတီမင်းအား လွှဲထားအပ်နှင်းတော်မူပြီးကာ ဝင်းမှာ ဒဂုံမြို့တော်၌ စံနန်းတော် စိုက်ထူလျက် တိဂုဏ်စေတီတော်ကြီး၏အနောက်ဘက်တွင် စံနေတော်မူကာ ၁၀-နှစ် ကြာမျှ ရတနာ ၃-ပါး အာရုံတော်ခံ စွဲမြဲလျက် နတ်ရွာစံတော်မူခဲ့လေသည်။

ဝင်းနောက် တူတော်ဓမ္မစေတီမင်းတရားကြီးကား သာသနာဝင်တွင် အလွန် ထင်ရှားအောင် သာသနာရေး၌ ဆောင်ရွက်တော်မူကာ သာသနာတော် အခြေအမြစ်မှ စ၍ သုတ်သင်တော်မူပြီး သီဟိုဠ်ကျွန်းမှ မဟာဝိဟာရဂိုဏ်း စင်ကြယ်သော သာသနာ တော်ကို ယူရန် သင်္ဘော ၂-စင်းဖြင့် သံဃာတော် ၄၀-တို့ကို သင်္ဘောမျှ အလုပ်အကျွေး များနှင့် လွှတ်တော်မူကာ သီဟိုဠ်ကျွန်း ကလျာဏီမြစ်၊ နဒီသိမ်၌ ဥပသမ္ပဒရဟန်းအဖြစ် စင်ကြယ်သော မဟာဝိဟာရဂိုဏ်း သံဃာတော်များနှင့် ယူတော်မူကြပြီး ပြန်ကြွတော်မူကြ ၍ ကလျာဏီသိမ်တော်ကြီး သမုတ်တော်မူပြီး တိုင်းနိုင်ငံတော်ရှိ ရဟန်းတော်များ သိက္ခာ သစ် ယူတော်မူစေလျက် သာသနာသစ် တည်ထောင်တော်မူခဲ့လေသည်။

ဝင်းမင်းတရားကြီးအကြောင်း သာသနာတော် ၂,၀၀၀-ကျော်ခေတ်က ဝင်း သာသနာတော်ပြုစုတော်မူသည့်အခြင်းအရာများကို ကလျာဏီကျောက်စာတော် အထောက်အထားပြုလျက် အကျယ်ရေးသားခဲ့ပြီးဖြစ်၍ အထူးရေးသားရန် မလိုသော် လည်း သာသနာဝင်အစဉ်အလာအရ အနည်းငယ်ထည့်သွင်းရေးရန်ရှိသဖြင့် အကျဉ်း အတ္ထုပ္ပတ္တိ ကြားညှပ်ရေးသားအပ်ပါသည်။

အချို့ရာဇဝင်အရ ဓမ္မစေတီမင်းတရားသည် သီဟိုဠ်ကျွန်းသို့ စင်ကြယ်သော သာသနာတော်ယူရန် လွှတ်တော်မူရာတွင်–

မဟာဗောဓိပင်, သတ္တဋ္ဌာန, နေရဉ္ဇရာမြစ်-တည်နေဟန်များ, တန်ခိုးပြာဋိဟာ ပြတော်မူရာဌာနနှင့် ဝိသာခါဆောက်လုပ်သော ပုဗ္ဗာရုံကျောင်းတော်ကြီး ပုံသဏ္ဌာန်များ ရေးကူးခဲ့ရန် ပန်းချီကျော်များပါ ထည့်လိုက်၍ သာသနာဆောင် မထေရ်များနှင့်အတူ ဝင်းတို့ပြန်လည်ရောက်လာသောအခါ မြို့တော်၏အနောက်မျက်နှာ ညီညာသော မြေပြင်ရှိသည့် ကျိုက်တော်ထောအရပ်၌ မြေညှိပြီးလျှင် ဝင်းရေးကူးခဲ့သော အဆောက် အအုံများ တည်ဆောက်ခဲ့လေသည်။

၎င်းတို့ကား သက္ကရာဇ် ၈၇၄-ခုနှစ်၊ နယုန်လပြည့်ကျော်၊ ၆-ရက်၊ ဗုဒ္ဓဟူးနေ့တွင် အစပြု၍ –

- အဇပါလစေတီ
- သုပတိဋ္ဌစေတီ
- ဒိဝါဝိဟာရစေတီ
- တိဏ္ဏဝိဟာရစေတီ
- တုမ္ဘိ စင်္ကမစေတီ
- ဒုတ္တာစာရစေတီ
- ရတနာစင်္ကမစေတီ
- မုဋ္ဌလိန္ဒစေတီ
- ဥပါသကမာမကစေတီ
- ပရိဘောဂစေတီ
- ကန္ဒကုဋ္ဌိမဟာစေတီ
- ရာဇာယတနစေတီ
- ပဝါဟစေတီ –

ဤစေတီများ တည်ထားတော်မူပြီး ပုဗ္ဗာရုံကျောင်းတော်ကြီးနှင့်တကွ ရွှေကျောင်းတော်ကြီး ၁၅-ကျောင်း၊ ဇရပ်တော်ကြီး ၁၆-ဆောင်၊ ဗောဓိပင်, သတ္တဋ္ဌာန, နေရဥ္စရာမြစ်-တည်နေ ဟန်တို့ကို တည်ဆောက်တော်မူပြီးလျှင် ဟံသာဝတီ, ဒဂုံ, ဒလ, သံလျင်, ပုသိမ်, မုတ္တမ-စသော နယ်အသီးသီးမှ သံဃာတော်များ ပင့်ဖိတ်တော်မူကာ ကြီးကျယ်စွာ ကျောင်း, ဘုရား, စေတီတော် သာဓုခေါ်ပူဇော်ပွဲကြီး ပြုလုပ်တော်မူကြောင်း ကလျာဏီကျောက်စာ အပြင် ချဲ့ထွင်ရေးသားကြကုန်၏။

၎င်းဓမ္မစေတီမင်းတရားကြီး အတိုင်းမသိသော ကုသိုလ်တော်အရပ်ရပ်တို့ကို ပြုလုပ်တော်မူပြီးလျှင် သက်တော် ၄၈-နှစ်တွင် ထီးနန်းစိုးစံတော်မူ၍ နန်းစံတော် ၂၇-နှစ် သက်တော် ၇၅-နှစ်မှာ နတ်ရွာစံတော်မူပြီးနောက် သားတော်အိမ်ရှေ့မင်း ဗညားရန် ထီးနန်းဆက်ခံ၍ ခမည်းတော်မင်းတရားကြီးအတူ များစွာသော ကောင်းမှုကုသိုလ်တော် များ ပြုလုပ်တော်မူခဲ့လေသည်။

၎င်းနောက် ဗညားရန်မင်း သားတော် သူရှင်တကာရွတ်ပိ ထီးနန်းရိုက်ရာ ဆက်ခံ သိမ်းပိုက်သော်လည်း တိုင်းပြည်မငြိမ်မသက်လှ၊ တောင်ငူဘုရင်မင်းတရား ရွှေထီးနှင့် နိုင်ငံရေး ရှုပ်ထွေးလာ၍ မကြာမကြာ စစ်ဖြစ်ပွါးကာ နေရသည်တစ်ကြောင်း, ၎င်းမင်းကား တောဆင်များ လိုက်လံခြင်းကိုသာ ဝါသနာပါသည်တစ်ကြောင်း၊ ဤအကြောင်းများကြောင့် သာသနာရေး သာသနာမှု ပြုစုအားထုတ်ကြောင်း ရာဇဝင်နှင့် သာသနာဝင်များ မရေး သားသဖြင့် သာသနာနိုင်ငံတော်အကြောင်းမှာ မှတ်သားဖွယ်ရာမရှိ ဖြစ်လေသည်။

၎င်းနောက် သမိန်စက္ကဝေါ ထီးနန်းဆက်ခံ၍ ၅-လသာ စံရပြီးနောက် သမိန်ထောရာမ ဆက်ခံ၍ ၂-နှစ်မျှ ထီးနန်းစံရပြီး တောင်ငူဘုရင်နှင့် စစ်ဖက်ရာ အရေးမသာသဖြင့် တိမ်းရှောင်နေရကာ တိုင်းပြည်အရေး သာသနာတော်အရေးတို့ကို ငြိမ်းအေးစွာ မပြုနိုင်တော့ဘဲ အသက်ဘေးအတွက် အစွန်အနား မြို့ရွာတည်လျက် နေရသောကြောင့် သာသနာရေး မှတ်တမ်းများ မထင်ရှားခဲ့လေသည်။

ထို့နောက် ၎င်းဟံသာဝတီ နေပြည်တော်ကြီးမှာ မင်းဆက်အနည်းငယ်လောက်သာ ရှိ၍ နောက်ဆုံးမင်း ငြမ္မိုင်းဘိရာဇာကား မြန်မာပြည်သို့တိုင်အောင် နယ်ချဲ့၍ အတုံ့အလှည့်အားဖြင့် မြန်မာမင်းရိုး အလောင်းမင်းတရားကြီးက တဖန် ချီတက်တိုက်ခိုက်သိမ်းယူသဖြင့် ၎င်းဟံသာဝတီတိုင်းပြည်ကြီး ပျက်စီးဆုံးရှုံးကာ သာသနာပြုမင်းများ သုဉ်းပြီးလျှင် သာသနာတော်လည်း မင်းများချီးမြှောက်သည်လောက် မထွန်းတောက်တော့ဘဲ တည်မြဲတိုင်းသော ရဟန်းတော်များသာ သာသနာတော် စောင့်ရှောက်နေထိုင်တော်မူလျက် သာသနာတော် တိုးတက်ကြောင်း အားထုတ်ပြုစုတော်မူခဲ့ကြရလေသည်။

ဤမျှဖြင့် မွန်တိုင်းရာမညသာသနာ့နိုင်ငံတော်ကား အပြီးအဆုံး နိဂုံးထားအပ်ပါသတည်း။

✪ ✪ ✪ ✪ ✪

## ယက္ခပူရ ရခိုင်ပြည် ဗုဒ္ဓသာသနာ

ရခိုင်ပြည်ကြီးကား ၎င်းတို့ရာဇဝင်များ၌ တင်စားခဲ့ထွင်ရေးသားလေ့ရှိကြသည့် အတိုင်း မြန်မာတိုင်း နိုင်ငံများထက်ပင် ရှေးကျ၍ သာသနာတော်လည်း မြန်မာထက်ပင် ရှေးဦးစွာ ဗုဒ္ဓသာသနာရောက်ကြောင်း ရေးသားကြပါသည်။

၎င်းတို့ရာဇဝင် ရေးသားချက်အရ ရှေးက ၎င်းတို့နိုင်ငံတွင် ဝေသာလီပြည်ကြီး ဘီလူးဘေးကြောင့် ပျက်စီးကာ မင်းသုဉ်းလျက်ရှိနေခဲ့ရာ မာလာယုမင်းသည် ၎င်းသို့ ချင်းနင်းကာ ယက္ခပူရ မည်သောပြည်ကြီး၌ ကြီးစိုးအုပ်ချုပ်မင်းလုပ်နေသော ဘီလူး ရေကျိုင်ကို သတ်ဖြတ် နှိမ်နင်းလျက် ထပ်မံ မြို့တည်ရာ ၎င်းဘီလူးအုပ်စိုးသော ပြည်ဖြစ်ခဲ့၍ ယက္ခပူရ-ရက္ခိုင်ပြည်တွင်ကြောင်း ရေးသားလေသည်။

၎င်းတို့၏ရှေးဟောင်းမြို့တော်မှာ ဓညဝတီမြို့ဟောင်းဖြစ်၍ ၎င်းမာလာယုမင်း မြို့, ရွာချင်းနင်းရှာဖွေစဉ်က ရှင်ရသေ့နာကီဿနှင့်တွေ့ကာ ဘူမိနက်သံ မှန်သော မြေနေရာ သီရိမာမြစ်ဖျား လက်ျာနား၌ ညွှန်ပြသည့်အတိုင်း မြို့ကြီးတည်သောအခါ စပါးမိုး, ဆန်မိုး ရွာသောကြောင့် ၎င်းမြို့ကို ဓညဝတီမြို့တော်ဟု သမုတ်တော်မူပြီး စိုးစံလာခဲ့ရာ ၎င်းမှစ၍ မင်းပေါင်း ၅၅-ဆက်တိုင်အောင် နှစ်ပေါင်း ၁,၈၁၃-နှစ်မျှ အဆက်ဆက် စိုးစံလာခဲ့ကြသည်ဟု ၎င်းတို့ရာဇဝင်များက ရေးသားကြလေသည်။

၎င်းနောက်လည်း ဤဓညဝတီမြို့တော်ကြီးမှာပင်–

မြန်မာနိုင်ငံလက်မွန်မဆွ ရှေးဦးစွာ တည်ထောင်သော အဘိဓဇရာဇာမင်းတရား၏ သားတော်ကံရာဇာကြီးကား ကံရာဇာငယ်နှင့် ယှဉ်ပြိုင်, အရေးနိမ့်ကာ တကောင်းပြည်ကြီးမှ ထွက်လာပြီး ရခိုင်ပြည်ကြီး၌ ထီးနန်းစိုးစံအုပ်ချုပ်နေတော်မူရာ ၎င်းမှ ဆင်းသက်လျက် မင်း ၅၃-ဆက် စိုးစံခဲ့ရာတွင် ၂၃-ဆက်မြောက် စန္ဒသူရိယမင်း လက်ထက်ရောက်မှ ငါတို့ဂေါတမန္တယ်ဖွား ရှင်တော်မြတ်ဘုရား ပွင့်တော်မူကြောင်း ရာဇဝင်အရ မဟာမြတ်မုနိ ရုပ်ပွါးတော်သမိုင်းကလည်း ဖော်ပြထားလေသည်။

၎င်းသမိုင်းရာဇဝင်များအရမှာမူ ဤရခိုင်ပြည် ဗုဒ္ဓသာသနာတော်အစကား သဗ္ဗညု မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ်ကပင်လျှင် –

- သာသနာရောက်၍ မြတ်စွာဘုရား ကိုယ်တိုင်တော်ပင် ရဟန္တာများနှင့်ကြွလာတော်မူကာ သာသနာတော်ပြုစုကြောင်း၊
- မင်း, မှူးမတ်များနှင့်တကွ တိုင်းသူပြည်သားများ အကျွတ်တရားရကြကြောင်း၊
- ၎င်းပြည်ကြီး၌ ရဟန္တာမထေရ်မြတ်များ ထားတော်မူခဲ့၍ သာသနာတော်ကို ဆက်လက်ပြုစုစေကြောင်း-

ဖော်ပြကာ အခိုင်အမာ ရေးသားခဲ့ကြလေသည်။

သို့ဖြစ်၍ ဤတိုင်းသာသနာဝင်ကား သမိုင်းရာဇဝင် အထောက်အထားပြုကာ ရေးသားရန်ရှိသဖြင့် ၎င်းတို့တွင် သင့်တော်လျောက်ပတ် အတ္ထုပ္ပတ်နှင့် ညီညွတ်သည့် အကြောင်းအရာများသာ ထည့်သွင်းကာ သာသနာတော်အဖြစ်အပျက် ယခုတိုင်ဆက်လက်နေသည့် ဗုဒ္ဓသာသနာနိုင်ငံဖြစ်ကြောင်းမျှ ရေးသားဖော်ပြရပါမည်။

၎င်းတို့ရေးသားကြသည်ကား—

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ ၁၉-ဝါ ရတော်မူပြီးနောက် ဘိုးတော်အဥ္စနမင်း ဖြို့ခွင်းသက္ကရာဇ် ၁၂၃-ခုနှစ်သို့ ရောက်သောအခါ ဤရခိုင်ပြည်ကြီး၌ ကံရာဇာမင်းမှ ဆင်းသက်ခဲ့သော မင်းဆက် ၂၃-ဆက်မြောက် စန္ဒသူရိယမင်းတရား အုပ်ချုပ်စိုးစံ၍ ၎င်းနန်းစံ ၂၆-နှစ်မှာ မြတ်စွာဘုရားသည် ဤဓညဝတီ ရခိုင်ပြည်ကြီးသို့ ကြွလာတော်မူပြီးလျှင် မင်းတရားကြီးနှင့်တွေ့ဆုံ အဖူးမြော်ခံလျက် အလ္လာပစကားပြောတော်မူပြီးနောက် “ဤစန္ဒသူရိယမင်းကား ငါဘုရားနှင့် ဆွေမျိုးတော်စပ်ကြောင်း”မိန့်ကြားတော်မူခဲ့လေသည်။

“ဤစန္ဒသူရိယမင်းနှင့် မိဖုရားတို့မှာ ကမ္ဘာလောကတွင် အထင်ရှားဆုံးဖြစ်သော အသမ္ဘိန္နခတ္တိယမင်းမျိုးဖြစ်၍ ကပိလဝတ္ထုပြည်၊ အဉ္စနမင်းတရားမှ ဆင်းသက်လာကြသော မင်းမျိုးများဖြစ်ကြောင်း” မိန့်တော်မူသဖြင့် မြန်မာရာဇဝင်ကြီးများနှင့်တူညီသည်မှာ-

မြန်မာရာဇဝင်များအရ အဘိရာဇာမင်းတရားလည်း ၎င်းကပိလဝတ္ထုမှ နိုင်ငံရေးအရ ထွက်ခွာလာခဲ့ရာ တကောင်းသံသယမှာ ပြည်တည်ထောင်ပြီး စိုးစံတော်မူလျှင် ဘုရင်မင်းတရားမှာ ကံရာဇာကြီး၊ ကံရာဇာငယ်ဟု သားတော် ၂-ပါး ထွန်းကား၍ ခမည်းတော်မင်းတရား နတ်ရွာစံတော်မူသည့်နောက် ထီးနန်းအရိုက်အရာခံယူရန် ကံရာဇာကြီး အရေးနိမ့်သောကြောင့် ဤနိုင်ငံတပါးသို့ ထွက်သွားရကြောင်း ဖော်ပြထားလေသည်။

မြတ်စွာဘုရားသည် ဤစန္ဒသူရိယမင်းနှင့်တကွ မှူးမတ်အခြွေအရံ နန်းတော်သူ, နန်းတော်သားတို့အား တရားဓမ္မ တိုက်ကျွေးတော်မူကာ ၎င်းတိုင်းနိုင်ငံမှာ ၇-ရက်ကြာမျှ သီတင်းသုံးတော်မူသဖြင့် တရားဓမ္မ နာကြားရ၍ မင်းနှင့်တကွ မှူးမတ်ပရိသတ် နန်းတော်သူ, နန်းတော်သားများ သောတာပန်ဖြစ်ကြပြီးလျှင် အားလုံး တိုင်းသူပြည်သားများ သရဏဂုံ သီလတည်ကြပြီး ရတနာ ၃-ပါးဆည်းကပ်သူ ဥပါသကာ, ဥပါသိကာများ ဖြစ်ကြလေသည်။

ဤသို့ မင်းတရားသည် အရိယာဖြစ်ပြီးလျှင် မြတ်စွာဘုရားနှင့် ကင်းကွာနေခြင်းငှါ မတတ်နိုင်ရကား "ဘုရားရှင်အား ကြွသွားတော်မူသည့်နောက် မြတ်စွာဘုရား၏ကိုယ်စား ရုပ်ပွါးတော်မြတ် သွန်းလုပ်ပူဇော်လိုပါကြောင်း" လျှောက်ထားခြင်းကို ရှေးက ပသေနဒီ ကောသလမင်းကြီးအား ခွင့်ပြုတော်မူဖူးသည့်အတိုင်း ဤရခိုင်တိုင်းကြီး၌ သာသနာတော် တည်စေခြင်းငှာ ခွင့်ပြုတော်မူခဲ့လေသည်။

ဤသို့ မြတ်စွာဘုရား ခွင့်ပြုတော်မူသဖြင့် မင်းတရားကြီးကား အတိုင်းထက်အလွန် ဝမ်းမြောက်တော်မူပြီးလျှင် သက်တော်ထင်ရှားရှိတော်မူသော မြတ်စွာဘုရား၏ သဏ္ဌာန်တော်နှင့် ထပ်တူထပ်မျှ ရုပ်ပွါးတော်မြတ်ကို သွန်းလုပ်စေတော်မူပြီး မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားသည် ၎င်းကိုယ်တော်စား ရုပ်ပွါးတော်မြတ်အား ရွှေရင်တော်ဖြင့် ၃-ကြိမ်ပွေ့ကာ "ငါ၏ကိုယ်စား တည်ရစ်စေသတည်း"ဟု အဓိဋ္ဌာန်ပြု မြွက်ဆိုတော်မူကာ ထားတော်မူခဲ့လေသည်။

၎င်းပြင် တဆင့်စကား အစဉ်အလာ ပြောကြားကြသည်ကား မြတ်စွာဘုရားသည် ဤတိုင်းနိုင်ငံ၌ ကိုယ်စားတော် မဟာမြတ်မုနိရုပ်ပွါးတော်မြတ်သာ ထားတော်မူခဲ့သည် မဟုတ်သေး၊ မြတ်စွာဘုရားသည် ကြွလာတော်မူစဉ်က နောက်ပါ ရဟန္တာ ၅၀၀-နှင့် ကြွလာတော်မူ၍ ကြွသွားတော်မူသောအခါ ၎င်းနောက်ပါ ရဟန္တာ ၅၀၀-ကိုလည်း အရှင်ဘဂုလ မထေရ်မြတ်အမှူးပြုလျက် တိုင်းသူပြည်သား လူအများအား တရားဓမ္မ ဟောပြတော်မူရန် ထားတော်မူကာ ကြွသွားတော်မူကြောင်း ပြောကြလေသည်။

၎င်းအစဉ်အလာစကားနှင့် သမိုင်းရာဇဝင်များအရ ရခိုင်တိုင်းမှာ သာသနာတော်ကား မြတ်စွာဘုရားလက်ထက်တော် အချိန်အခါမှ အစပြုလျက် ပန္နက်စွဲကာ တည်လာခဲ့ကြောင်း, ရဟန္တာမထေရ်မြတ်များလည်း သီတင်းသုံးတော်မူကာ သာသနာတော်မြတ် စောင့်ရှောက်တော်မူကြကြောင်းများလည်း ရေးသားသည်ကို မှတ်သားကြလေသည်။ သို့ရာတွင် ၎င်းတိုင်းနိုင်ငံ၌ မြတ်စွာဘုရားလက်ထက်တော်မှစ၍ ရဟန္တာအဆက်ဆက် မည်မျှကြာအောင် သာသနာတော်မြတ်ကို ဆောင်ရွက်တော်မူသည်ကို အရေးအသား မှတ်တမ်းများ မရှိသဖြင့် ထင်ရှားမသိနိုင်ပေ။

သို့သော်လည်း ၎င်းတို့၏ အချို့သာသနာဝင်မှတ်တမ်းအရ ၎င်းမှာ–

- မြတ်စွာဘုရား၏ လက်ထက်တော်မှ စ၍ သာသနာတော်အစဉ်အဆက် တည်ရှိနေခဲ့ကြောင်း,
- အသောကမင်းတရားကြီး ပြုတော်မူသော ထေရဝါဒသာသနာတော်မှာ အနှစ် ၃၀၀-အတွင်း သာသနာတော်နှစ် ၂၀၀-ကျော်၌ သီဟိုဠ်, ယိုးဒယား, မွန်တိုင်း သထုံပြည်သို့ ရောက်ကြောင်း,
- မြန်မာနိုင်ငံကား ရှေးဦးစွာ တိဗက်တန္တြဝါဒ အရည်းကြီးများ ထွန်းကား၍ အနော်ရထာမင်းတရား လက်ထက်မှာ အရှင်အရဟံ သာသနာပြုကာ ထေရဝါဒ သာသနာတော်ရောက်ကြောင်း –

ရေးသား၍ သီဟိုဠ်သာသနာမှာ နောက်အခါ၌ ခရစ်ယာန် အယူသည်းလှသော ဒတ်ချ်နှင့်ပေါ်တူဂီများ ၎င်းတို့ကျွန်း၌ ချင်းနင်းဝင်ရောက်ကာ တစ်စတစ်စအားဖြင့် သာသနာတော်ကိုလည်း ထိပါးလာ၍ သာသနာတော် မသန့်ရှင်းသောကြောင့် အကြောင်းအားလျော်စွာ ၎င်းသီဟိုဠ်ဘုရင်မင်းသည် သာသနာတော် ၁,၀၅၅-ခုနှစ်မှာ ရခိုင်တိုင်းနိုင်ငံသို့ သန့်ရှင်းသော သာသနာယူဖို့ရန် ရဟန်းတော်များ စေလွှတ်သော်လည်း အောင်မြင်ခြင်း မရှိ၊ တဖန် သာသနာတော် ၁,၀၅၈-ခုနှစ်မှာ ဒုတိယအကြိမ် ရခိုင်ပြည်သို့ ၎င်းနိုင်ငံက သံဃာတော်များ သာသနာပြုကြွလာတော်မူ၍ သီဟိုဠ်နိုင်ငံက ရဟန်းတော်များ သိက္ခာတင်ရန်, ၎င်းတို့သည် ရခိုင်သံဃာတော်များ၏ ဝိနည်းသိက္ခာအတိုင်း လိုက်နာကျင့်သုံးရန် တမန်တော်များ စေလွှတ်တောင်းဆိုသောအခါ ဤအကြိမ်မှာကား ရခိုင်ပြည်ကြီးအရှင် ဘုရင်မင်းမြတ်ရှမ့်ဃသည် အလွန်ဝမ်းမြောက်စွာဖြင့် ရခိုင်ပြည်မှ သံဃာတော် ၄၀-တို့ကို သတ္တဌာနဆရာတော် အရှင်ဣန္ဒမဏ္ဍနှင့် လောင်ဂရက်ဆရာတော်တို့ကို အမှူးထားလျက် လိုအပ်သောကိစ္စများ ဆောင်ရွက်ပြီးလျှင် သီဟိုဠ်နိုင်ငံသို့ သာသနာပြုလွှတ်တော်မူခဲ့လေသည်။

- ဤမှတ်တမ်းအရ ဤနိုင်ငံမှာ သာသနာတော်ကား ရေးသားခဲ့သည့်အတိုင်း ဘုရားရှင်လက်ထက်တော်မှစ၍ ဆက်လက်တည်ထွန်းလျက်ရှိကြောင်း၊
- ယခု သာသနာပြုလွှတ်တော်မူသောအချိန် ၁,၀၅၈-ခု၊ သာသနာတော်နှစ်မှာပင် အစဉ်အလာမပျက် သာသနာတော် စင်ကြယ်သန့်ရှင်းလျက်ရှိကြောင်း၊
- ထိုအခါက မြန်မာနိုင်ငံမှာ အရည်းကြီးတို့၏ဝါဒ တန္တြဘာသာ လွှမ်းမိုးနေသော အခါဖြစ်၍ နောက်သာသနာတော် ၁,၆၀၁-ခုနှစ် ပုဂံပြည်အနော်ရထာမင်းစော အုပ်ချုပ်စဉ် အရှင်အရဟံကြွလာ သာသနာပြုမှ ထေရဝါဒသာသနာတော် ရောက်ရှိ ထွန်းကားလာကြောင်း ဝေဖန်မှတ်သားအပ်ပေသည်။

ထိုအချိန်အခါက ဤရခိုင်တိုင်းကြီး၌ သီဟိုဠ်သာသနာပြု အမျိုးထားလျက် ဆောင်ရွက်တော်မူသော သတ္တဋ္ဌာနဆရာတော် အရှင်က္ကန္ဒမဏ္ဍဆရာတော်ကား ရခိုင်သာသနာတော်၌ ဦးစီးဦးကိုင် သံဃမဟာနာယကဆရာတော်ဖြစ်သည့်အပြင် နိုင်ငံတော်အရှင်ဘုရင်မင်းတရားနှင့် ဘုရင်၏မျိုးတော်, မတ်တော်များအဖွဲ့ကပါ ရိုသေလေးစားသောဆရာတော်ဖြစ်၍ မင်းတရားမှားလျှင် မှူးတော်, မတ်တော်များအဖွဲ့က ပြင်ရ၍ ၎င်းမင်းမှူးမတ် ၂-ပါးလုံးမှားက ဆရာတော်များအဖွဲ့က တည့်မတ်အောင် ဩဝါဒပေးကာ ရှေ့ဆောင်ရသဖြင့် တိုင်းပြည်၏ ဩဝါဒါစရိယဆရာတော်လည်း ဖြစ်တော်မူလေသည်။

ဤမှတ်တမ်းအရ ရခိုင်ပြည်သာသနာမှာ မြတ်စွာဘုရားထားတော်မူခဲ့သော အရှင်ဘဂုလမထေရ်ကား ထိုအခါက သံဃနာယက သံဃာ့အမျိုးဖြစ်၍ ယခုခေတ်ကား သံဃရာဇာ သာသနာပိုင်ဆရာတော်-ဟု သမုတ်ကြကာ ထိုအရှင်မြတ်မှာ ရှေးဦးစွာ ရခိုင်ပြည်၌ သံဃရာဇာ သာသနာပိုင်ဖြစ်ကြောင်း။

၎င်းပြင် အရှင်သာရမေဓာလင်္ကာရ ဆရာတော်အတ္ထုပ္ပတ္တိ၌–

၎င်းမထေရ်မြတ်ကား ရခိုင်ပြည်၌ နောက်ဆုံးသံဃရာဇာ သာသနာပိုင်ဖြစ်ကြောင်း၊ မင်းအဆက်ဆက်တို့ ပေးလှူအပ်နှင်းအပ်သော တံဆိပ်တော်များ ခံယူရကြောင်း စသည်နောက်၌ ရေးလတ္တံ့သော ထိုအရှင်၏စာရိတ္တ၌ ဖော်ပြမည့် သံဃရာဇာဂိုဏ်းအရ ထိုမထေရ်လက်ထက်တိုင်အောင် ဘုရားရှင်သာသနာတော် လက်ထက်တော်မှစ၍ တည်နေကြောင်း ဖော်ပြထားလေသည်။

သို့ရာတွင် မြန်မာနိုင်ငံနှင့်ကား ရာဇဝင်အားဖြင့် ရှေးက ဆက်သွယ်သည်ဟု မှတ်တမ်းများ ထင်ရှားမတွေ့ရသဖြင့် သာသနာရေး သာသနာမှု မြန်မာနိုင်ငံနှင့် ဆက်သွယ်သည့် ရာဇဝင်မှတ်တမ်းအရ မရေးသားနိုင်သော်လည်း ယခုခေတ် ရခိုင်သာသနာသည် မြန်မာပြည်နှင့် ဆက်သွယ်ရင်းနှီးကာ မြန်မာပြည်မှာပင် ရခိုင်ကျောင်းတိုက် များစွာရှိပြီး ရခိုင်ပြည်မှာလည်း မြန်မာဂိုဏ်းသံဃာ များစွာရှိကာ ရွှေကျင်ဂိုဏ်း, သုဓမ္မာဂိုဏ်း, ဒွါရဂိုဏ်း များအပြင် အခြားဂိုဏ်းဂဏများလည်း ရှိကြလေသည်။

ထို့ပြင် မြန်မာသာသနာဝင်မှတ်တမ်းများမှာလည်း ၎င်းရခိုင်တိုင်းသာသနာ အကြောင်းနှင့်စပ်လျဉ်း၍ ဖော်ပြရေးသားခြင်း မရှိလှဘဲ မြန်မာရာဇဝင်များ၌မူ သာသနာရေးနှင့်မဟုတ်ဘဲ တိုင်းပြည်နိုင်ငံရေး, စစ်မက်အရေးနှင့်သာ ရေးသားဖော်ပြကြ၍ မြန်မာရာဇဝင်ကုန်းဘောင်ခေတ်တွင် ၎င်းရခိုင်ပြည်နှင့် နိုင်ငံရေး ရှုပ်ထွေးလာသည်များ ရေးသား ဖော်ပြလေသည်။

မြန်မာရာဇဝင်များ၌ ရှေးခေတ် အင်းဝ, တောင်ငူ, ဟံသာဝတီဘုရင်များလက်ထက် အခါ တိုင်းရေးပြည်ရာနှင့်သာ ရခိုင်နှင့်ဆက်ဆံကာ ၎င်းတို့နှင့် စစ်မက်ဖြစ်ပွါး ၎င်းသို့ ချီတက်ရကြောင်းများ, တစ်ခါတစ်ရံ ရခိုင်မင်းများ, ဟံသာဝတီသို့ ချီတက်လာသဖြင့် လက်ဆောင်ပဏ္ဏာများ ပေးပို့ရကြောင်းများ ဦးကုလား မဟာရာဇဝင်, မှန်နန်းမဟာရာဇဝင် များ၌ နိုင်ငံရေးရာမျှသာ ရေးသားကြ၍သာသနာတော်အကြောင်းကား အချို့မှာ စေတီ, ပုထိုး, ကောင်းမှုတော်များ ပြုစုတည်ထောင်သည်မှတပါး သာသနာရေးရာ အဖြစ်အပျက် များ မပါကြကုန်။

မြန်မာရာဇဝင် ကုန်းဘောင်ခေတ်မှာ အမရပူရမြို့တော် နန်းတော်တို့ကို တည် ထောင်ဖန်ဆင်းတော်မူသော ဘိုးတော် ပဒုံမင်းတရားကြီးလက်ထက် မြန်မာသက္ကရာဇ် ၁,၁၄၆-ခုနှစ် ရခိုင်ပြည့်ရှင်ဘုရင် မဟာသမ္မတရာဇာ စိုးစံစဉ် ၎င်းမင်းနှင့် မချေမငံဆက်ဆံ မှုကြောင့် ၎င်းသို့ သားတော်အိမ်ရှေ့ဥပရာဇာတပ်မှူးပြုတော်မူကာ ရေကြောင်းမှ လည်းကောင်း၊ ကုန်းကြောင်းမှလည်းကောင်း ချီတက်တိုက်ခိုက်သိမ်းယူရာ မင်း, မိဖုရား, အခြွေအရံသင်းပင်း၊ ပစ္စည်းဥစ္စာများတွင်မက ၎င်းတို့အဆက်ဆက် အသက်ပမာ မြတ်နိုး ကိုးကွယ်တော်မူသော, မြတ်စွာဘုရားလက်ထက်တော်က မြတ်စွာဘုရားကိုယ်စားတော် စန္ဒသူရိယမင်းကြီး တည်ထားသွန်းလုပ်ကာ ကိုးကွယ်လာသော ရုပ်ပွါးတော်-ဟု သမိုင်း သာသနာဝင်များတွင် ရေးသားသော မဟာမြတ်မုနိရုပ်ပွါးတော်မြတ်ကိုလည်း ပင့်ဆောင် လာခဲ့ကြလေသည်။

ဤသို့အားဖြင့် ရခိုင်ပြည်ကြီးမှာ နိုင်ငံရေးရာများ ရှုပ်ထွေးသောအခါသို့ ရောက် သော်လည်း သာသနာတော်အရေးကား ဆက်လက်တည်တံ့ကာ သာသနာဝင် ရဟန်းတော် များလည်း ခဲယဉ်းကြပ်တည်း ကျဉ်းမြောင်းသည့်အထဲတွင် ခက်ခဲစွာ သာသနာတော်ကို စောင့်ရှောက် သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်တော်မူရကြောင်း။

မဟာမြတ်မုနိရုပ်ပွါးတော်မြတ် သမိုင်းဖြစ်စဉ်နှင့် အရှင်သာရမေဓာလင်္ကာရ ဆရာတော်၏ ထေရုပ္ပတ္တိများက ထင်ရှားစွာ သက်သေခံလျက် ရှိကြပါသည်။

✪ ✪ ✪ ✪ ✪

## တံဆိပ်တော် ၃-တန်ရ အရှင်သာရမေဓာ
## သာသနာပိုင်ဆရာတော်၏ အဖြစ်တော်စဉ်

ဤရခိုင်ပြည်သာသနာဝင်၌ ဤသံဃရာဇာသာသနာပိုင် ဆရာတော်မြတ်၏ အဖြစ်တော်စဉ်ကား—

သာသနာနောက်ပိုင်းကဏ္ဍတွင် ချန်လှပ်၍ မထားနိုင်၊ ခိုင်လုံသော အဖြစ်အပျက်နှင့် မှတ်ထိုက်သော သာသနာတော်ရေး ဆောင်ရွက်လုပ်ကိုင်တော်မူခြင်းများ ပါဝင်သည့်အပြင် ဤရခိုင်သာသနာဝင်၏ တံခွန်သဖွယ် ထင်ရှားသော ဘာသာရေး, သာသနာရေးကိစ္စများ မှတ်သားစရာအပြည့်အဝ ပါရှိသဖြင့် ဤဗုဒ္ဓနိုင်ငံတော် သာသနာဝင်ကျမ်းတွင် တစ်ကဏ္ဍ ထားလျက် ရေးသားဖြည့်စွက်ရပါသည်။

ဤသာရမေဓာလင်္ကာရ သာသနာပိုင်ဆရာတော်ဘုရားကြီးသည်ကား ကောဇာသက္ကရာဇ် ၁,၁၆၂ -ခု၊ သာသနာ ၂,၃၄၄-ခု၊ ရခိုင်ပြည်ကြီးတွင် ဖွားမြင်တော်မူ၍ ကြန်အင်လက္ခဏာပြည့်စုံလျက် ဘုန်းသမ္ဘာနှင့် ပါရမီရှင်တစ်ဆူ ဖြစ်ထိုက်သော အင်္ဂါရှိသော သတို့သားရတနာ ဖြစ်ပါသည်။ ၎င်းဖွားမြင်သောအချိန်မှာ ရခိုင်ပြည်ကြီး၌ မင်း ၂-ပါးတို့ အငြင်းပွားလျက် ဆန့်ကျင်ဘက် မငြိမ်မသက် အနှောင့်အယှက်နှင့် ကြုံတွေ့ကာ အဆုံးမသတ်ဘဲ အရှုပ်အထွေးနိုင်ငံရေးထဲ ရောက်နေသည့်ပြင် မြန်မာဘုရင်ဘိုးတော်ဘုရားကလည်း မြန်မာနိုင်ငံတော်အတွင်း ဤရခိုင်ပြည်ကြီးကို သွင်းထားခဲ့သော အခါသမယနောက် များမကြာမီပင် အင်္ဂလိပ်-မြန်မာ စစ်ရေးစစ်ရာဖြစ်ပွါးလာသော ခေတ်ဆိုးကြီးနှင့် ရင်ဆိုင်တိုးနေရသောအခါ ဖြစ်သောကြောင့် ငယ်ရွယ်စဉ် အတ္ထုပ္ပတ်ကား ကဏ္ဍအားဖြင့် ရေးသားဖော်ပြခြင်း မပြုနိုင်ပါ။

ဤသို့ပင် ဤဆရာတော်၏ဖြစ်စဉ်အတ္ထုပ္ပတ်များ မထင်ရှားသော်လည်း ဤခေတ်ဆိုးကြီးအတွင်းမှာပင် သာမဏေအဖြစ်သို့ရောက်ကာ ရှင်သာရမေဓာဟူသော ဘွဲ့အမည်ကျော်ကြား၍ အသက်အားဖြင့် ၂၁-နှစ်၊ ကောဇာသက္ကရာဇ် ၁,၁၈၃ ခုနှစ်တွင် သာရာလင်္ကာရဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဤသာသနာပိုင်လောင်း အရှင်သာရမေဓာမှာ ရခိုင်ပြည်ကြီး ရာဟုဖမ်းနေသော ခေတ်ဆိုး, အခါဆိုးကြီးထဲသို့ ရောက်နေသော်လည်း သာမဏေဖြစ်စဉ်ကတည်းက စာပေပရိယတ် ကြပ်တည်းစွာသင်ယူအားထုတ်လာခဲ့ရပြီး ရဟန်းဥပသမ္ပဒဘိက္ခုအဖြစ်ရပါသော်လည်း ၎င်းတိုင်းပြည်ကြီးက မငြိမ်မသက်ဘဲ အင်္ဂလိပ်-မြန်မာ စစ်ပွဲအတွင်း ကျရောက်

ကာ ရဟန်းတော်များနှင့်လူများလည်း မချမ်းမသာ နေထိုင်ကြရကာ ခေတ်အခါမကောင်းသဖြင့် သာရာလင်္ကာရဆရာတော်ဘုရားသည် ဦးပဍ္ဍင်း သာရမေဓာနှင့်တကွ တပည့်များနှင့် ဘေးရန်ကင်းလွတ်ရာ ဘင်္ဂလားနယ်သို့ ကြွသွားခိုလှုံနေခဲ့လေသည်။

ရဟန်းတော် သာရမေဓာကား ဆရာဘုရားနှင့်အတူ ၎င်းဘင်္ဂလားနယ်မှာ ခိုလှုံနေရသောအခါမှာပင် အခွင့်အခါရသမျှ ပရိယတ္တိဓမ္မကို သင်ယူကာ ထက်မြက်စူးရှသော ဉာဏ်ပညာနှင့် ထိုးထွင်းသော ပဋိဘာန်ထက်သန်သည့် အားလျော်စွာ တိမ်းရှောင်နေရသော ခေတ်အခါသမယ အကြပ်အတည်းပင် တွေ့ရသော်လည်း ၎င်း၏ ပညာဝီရိယနှင့် ထက်သန်လှသော သာသနာရေး သာသနာမှုကိစ္စ ဆောင်ရွက်ခြင်း ဂုဏ်သတင်းကား ကျော်ကြားလာခဲ့လေသည်။

ဤ မြန်မာ-အင်္ဂလိပ် စစ်ဖြစ်နေသောအခါမှာကား မြန်မာတို့ အရေးနိမ့်ကာ ကောဇာသက္ကရာဇ် ၁,၁၈၉-ခုနှစ်၌ မြန်မာနိုင်ငံတော် ဘကြီးတော်ဘုရားနှင့် ရန္တပိုစာချုပ်ချုပ်ဆိုရ၍ ၎င်းစာချုပ်အရ ရခိုင်ပြည်ကြီးမှာ ဗြိတိသျှလက်အောက် ဘင်္ဂလားနယ်ထဲ ရောက်ကာ အဆုံးသတ်လျက် အေးချမ်းသာယာသောခေတ်ဘက် ပြောင်းလဲကာ နေရေးထိုင်ရေး အဆင်ပြေလာသောကြောင့် ရဟန်းတော်များနှင့်တကွ ဘေးရန်အတွက် ခိုလှုံနေကြသော လူအများတို့သည် ဘင်္ဂလားမှ ရခိုင်ပြည်သို့ ပြန်လည်ရွှေ့ပြောင်းလာခဲ့ရကုန်သည်။

ထိုအခါ အရှင်သာရာလင်္ကာရဆရာတော်နှင့် ဦးပဍ္ဍင်းသာရမေဓာဆရာတပည့်များလည်းပါ၍ ထိုအခါက တံငါရွာကြီးသာဖြစ်သော ယခု စစ်တွေရွာကြီးသို့ရောက်ကြကာ ၎င်းရွာမှ ဒကာ, ဒကာမများ လျှောက်ထားချက်အရ ဆက်ရိုကျချောင်း လက်ျာကမ်းပါး ဝေါဒ္ဒဗ်ဂါ အရပ်မှာ ၎င်းတို့ဆောက်လုပ်လှူဒါန်းသော ကျောင်း၌ သီတင်းသုံးနေတော်မူကြပြီး စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးနေသော သာသနာတော်ကို ပြုပြင်လျက် သာသနာ အကျိုး ဆောင်ရွက်တော်မူကြလေသည်။

## သာရာလင်္ကာရဆရာတော် ပျံလွန်တော်မူ၍ အရှင်သာရမေဓာ ဆက်လက်သာသနာပြုကြောင်း

အရှင်သာရာလင်္ကာရဆရာတော်ဘုရားနှင့်အတူ သာသနာတော် သန့်ရှင်းစင်ကြယ်ရေး၌ ဆောင်ရွက်အားထုတ်နေစဉ် အရှင်သာရမေဓာ သက်တော်-၃၅၊ သိက္ခာတော် ၁၅-ဝါ အရတွင် ဆရာတော် အရှင်သာရာလင်္ကာရ ဘဝနတ်ထံ ပျံလွန်တော်

မူ၍ ကြီးကျယ်ခမ်းနားစွာ ဆရာတော်အား သင်္ဂြိုဟ်ပူဇော်တော်မူပြီးနောက် ၎င်းကျောင်းတိုက်မှာ ဆရာတော်ဘုရား၏အမည်ကို အစွဲပြုကာ သာရာလင်္ကာရကျောင်းတိုက်-ဟု တွင်ခေါ်လျက် ၎င်းကျောင်းတိုက်မှာ ဆက်လက်သီတင်းသုံးတော်မူကာ ကျောင်းထိုင်ဆရာတော်အဖြစ်ဖြင့် ဆရာဘုရား အရိုက်အရာအတိုင်း သာသနာပြုစု ဆောင်ရွက်နေတော်မူခဲ့လေသည်။

ဤသို့ အရှင်သာရမေဓာဆရာတော်လေးသည် သာသနာတော် သန့်ရှင်းစင်ကြယ်ရေး တိုးတက်ကြီးပွါးရေးတို့ကို မနေမနား ကြီးမားသော လုံ့လ, ဝီရိယ ထက်သန်သောစိတ်မနသိကာရတို့ဖြင့် အားထုတ်ပြုစုနေစဉ်မှာ ရခိုင်ပြည်ကြီး ဗြိတိသျှတို့ အုပ်ချုပ်စိုးမိုးခြင်း အခြေစိုက်ကာ စစ်တွေရွာကြီးလည်း ဆိပ်ကမ်းသာမြို့ပြကြီး ဖြစ်လာ၍ နိုင်ငံခြားနှင့် ဆက်သွယ်အရောင်းအဝယ် ဖြစ်ထွန်းစည်ကားရာ များစွာဂုဏ်သရေရှိသူများ အရှင်သာရ-မေဓာ၏ ကောင်းမြတ်သော ဂုဏ်သတင်းများကြောင့် ကိုင်းရှိုင်းဆည်းကပ်လာကြသည်တွင် ရခိုင်အမျိုးသား ထင်ရှားသော တရားသူကြီး ဦးဖသထွီး ပါဝင်ဆည်းကပ်လာခဲ့လေသည်။

၎င်းတရားသူကြီး ဦးဖသထွီးသည် ဆရာတော်၏ သီလသိက္ခာဂုဏ်ကို ယုံကြည်လေးစား၍ ဆရာတော်ဘုရားနှင့် ထိုက်တန်သော ဂုဏ်ထူးဖြင့် ချီးကျူးကာ ရှေးအခါက ရခိုင်ပြည်ကြီးမှာ မင်းအဆက်ဆက်တို့သည် နိုင်ငံတော်ဝယ် သာသနာအကျိုး သယ်ပိုးဆောင်ရွက်ပြုစုတော်မူကြသော ဆရာတော်တို့အား ဘွဲ့တံဆိပ်တော်များဖြင့် ဆက်ကပ်လျှဒါန်းချီးမြှောက်ကြပါသည့် ထုံးအတိုင်း ဝိတိုရိယဘုရင်မကြီး၏ ထုတ်ပြန်ကြေညာချက်အရ သာသနာတော်အကျိုး ဆောင်ရွက်တော်မူသော အရှင်သာရမေဓာ ဆရာတော်အား သာသနာ့ဂုဏ်ထူး, ဘွဲ့ထူးတို့ဖြင့် ချီးမြှင့်ထိုက်ကြောင်း အစီရင်ခံခဲ့ရာ ဗြိတိသျှအစိုးရမင်းတို့က သဘောတူခွင့်ပြုချက်အရ ၎င်းတရားသူကြီး ဦးဖသထွီးသည် ဆရာတော်ဘုရား၏ ဂုဏ်နှင့်လျော်စွာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ရန် အားထုတ်ဆောင်ရွက်ခဲ့လေသည်။

## အရှင်သာရမေဓာဆရာတော်အား ဘွဲ့တံဆိပ်တော်ကပ်ခြင်း

ဤသို့ တရားသူကြီး ဦးဖသထွီးသည် ဆရာတော်ဘုရားကြီးအား ဘွဲ့တံဆိပ်တော်ဆက်ကပ်ရန် ဗြိတိသျှအစိုးရနှင့် စီမံအားထုတ်ပြီးနောက် ဘွဲ့တံဆိပ်တော်များ စီရင်ပြီးကာ ဆရာတော်ဘုရား၏ သက်တော်-၄၅၊ သိက္ခာတော် ၂၅-ဝါမြောက်တွင် ကောဇာသက္ကရာဇ် ၁,၂၀၈-ခု၊ သာသနာ ၂,၃၉၀-ခုနှစ်၊ တပေါင်းလပြည့်နေ့၌ ဤသာရာလင်္ကာရကျောင်း

တိုက်မှာ စည်ကားသိုက်မြိုက်စွာ ရခိုင်ပြည်တစ်ဝှန်းလုံး အရပ်ရပ်တို့မှ ကြွလာတော်မူကြသော သံဃာတော် အပါး-၁၀၀နှင့် မြောက်မြားလှစွာသော လူပရိသတ်တို့အလယ်တင့်တယ်စွာ ခင်းကျင်းလျက် ဤအရှင်သာရမေဓာဆရာတော်အား 'သာရမေဓာလင်္ကာရာ-ဘိတိသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု' ဟူသောဘွဲ့တံဆိပ်တော်မြတ်ကို ဗြိတိသျှအစိုးရမင်းတို့၏ကိုယ်စား တရားသူကြီးမင်း ဦးဖသထွီးကိုယ်တိုင် ဆက်ကပ်ပြီးလျှင် ရခိုင်ပြည်ကြီး၏သံဃရာဇာ သာသနာပိုင်ဆရာတော်အဖြစ်ဖြင့် အားလုံးက ချီးမြှောက်ကာ ဂုဏ်ပြုတင်မြှောက်ကြလေသည်။

ဤသို့လျှင် အရှင်သာရမေဓာ သာသနာပိုင်ဆရာတော်ဘုရားသည် သံဃရာဇာဘွဲ့တံဆိပ်တော်မြတ် ခံယူရရှိတော်မူပြီး၍ ရခိုင်ပြည်ကြီး၌ သာသနာတော်မြတ် ကောင်းမွန်သန့်ရှင်းစင်ကြယ်စေရန် အထူးသဖြင့် အားထုတ်ပြုစု ဆောင်ရွက်တော်မူသောကြောင့်ဂုဏ်သီတင်းတော်များ တစ်နေ့တစ်ခြား မြင့်မားတိုးတက်လာခဲ့ရာ ထိုအခါမှစ၍ ဆရာတော်ဘုရား သီတင်းသုံးတော်မူသော သာရာလင်္ကာရကျောင်းတိုက်ကိုလည်း သံဃရာဇာကျောင်းတိုက်ဟု ခေါ်တွင်ကာ ရခိုင်ပြည်ကြီးမှာ ထင်ရှားလာခဲ့လေသည်။

ဤအချိန်အခါ ရခိုင်ပြည်မှာ နိုင်ငံရေးအနှောင့်အယှက် ကင်းဝေးလျက် ကူးသန်းရောင်းဝယ်ရေးဘက်မှာလည်း တိုးပွါး, ဘင်္ဂလားပြည်နယ်ကြီးနှင့်လည်း ကူးသန်းဆက်ဆံကာ, များစွာသော ရခိုင်လူမျိုးများလည်း ၎င်းဘင်္ဂလားသို့ သွားရောက်နေထိုင်ကြပြီး ကြီးပွါးတိုးတက်ကြလျက် ဘင်္ဂလား၌ အခြေစိုက်ကာ အေးချမ်းသော ခေတ်သို့ ရောက်လာ၍ဤသံဃရာဇာ အရှင်သာရမေဓာဆရာတော်ဘုရား၏ ဂုဏ်သတင်းများလည်း ဘင်္ဂလားနယ်သို့ ထိအောင် ပြန့်နှံ့ကျော်ကြားခဲ့လေသည်။

ရခိုင်ပြည်နှင့် ဘင်္ဂလားပြည်နယ်တို့မှာ ရှေးအခါကလည်း ပြည်နယ်ချင်းဆက်စပ်သဖြင့် လူမျိုးရေး, စီးပွါးရေးများ ဆက်စပ်ကြသည့်အပြင် ဘာသာရေး, သာသနာရေးများဆက်ဆံခဲ့ကြသည့်အတိုင်း တိုင်းပြည်နိုင်ငံ နီးစပ်သည်အားလျော်စွာ အရှေ့ဝင်္ဂတိုင်း (စိတ္တဂါမ) သူတို့အသံဖြင့် (ကျိတ္တဂါဝ်) စစ်တဂေါင်းနယ်၌ ဗရူးဝါးဗုဒ္ဓဘာသာရဟန်းတော်များ, လူများနှင့် ယခုအခါတိုင်အောင် ဆက်သွယ်ရင်းနှီးကြလေသည်။

## အရှင်သာရမေဓာ သာသနာပိုင်ဆရာတော် ဘင်္ဂလားနယ်သို့ သာသနာပြုကြွတော်မူကြောင်း

အရှေ့ဝင်္ဂတိုင်း ဗုဒ္ဓသာသနာ အပိုင်းကဏ္ဍ၌ ရေးသားခဲ့သော စစ်တဂေါင်းနယ်၌ စက္ကမ-ဘိုမန်-မွန်ဗုဒ္ဓဘာသာ လူနည်းစု ပြည်ငယ်လေးများရှိကြ၍ ၎င်းတို့သည် အင်အား အလျောက် ဗုဒ္ဓသာသနာကြီးပွါးရာ, ကြီးပွါးကြောင်းများ ရှေးခေတ်များက ရဟန်းတော်များ နှင့် ဥပါသကာ လူဒါယကာတို့ ပြုစုလာခဲ့ကြရာ အရှင်သာရမေဓာ သံဃရာဇာ သာသနာပိုင် ဖြစ်သော ခေတ်အခါမှာကား ပြီးဆုံးခဲ့သော စစ်ဘေး, စစ်ဒဏ်အားဖြင့်ညှိုးနွမ်းအားနည်း၍ အရေအတွက်အားဖြင့်လည်း လျော့နည်းလာသော အခါသမယ ဖြစ်ခဲ့လေသည်။

ထိုစဉ်အခါက စန္ဒြမိုဟန်အမည်ရှိ စစ်တဂေါင်းရဟန်းတော်တစ်ပါး ကာလကတ္တား မဟာနဂရ ကျောင်းတိုက်မှာ နေထိုင်လျက် ဗုဒ္ဓစာပေများ လေ့လာသင်ကြား အားထုတ်နေ ခဲ့ရာ ဘာသာအရပ်ရပ် တတ်မြောက်ကျွမ်းကျင်သော မစ္စတာပေါလ် အရာရှိတစ်ယောက်နှင့် တွေ့ဆုံကာ ဗုဒ္ဓဘာသာအကြောင်း ဆွေးနွေးပြောဆိုကြသည်တွင် သူ၏မစင်ကြယ်သော ရဟန်းအဖြစ်ကို မြင်သိ၍ ကောင်းမွန်စင်ကြယ်သော ရဟန်းအဖြစ်ယူရန်နှင့် မှန်ကန်သော ဝိနည်းများသင်ယူရန် သီဟိုဠ်ကျွန်းနှင့် ရခိုင်ပြည်တို့မှာ သာသနာစင်ကြယ်ကြောင်း၊ ရခိုင် ပြည်ကား နီးနား၍ သတင်းကျော်ကြားသော အရှင်သာရမေဓာ သာသနာပြုဆရာတော် အကြောင်း ကြားသိကာ ရခိုင်ပြည်သို့ လာရန် ဆုံးဖြတ်ခဲ့လေသည်။

ဤသို့ ဆုံးဖြတ်သည့်အတိုင်း သက္ကရာဇ် ၁,၂၁၅-ခုနှစ်တွင် အရှင်သာရမေဓာ သံဃရာဇာဆရာတော်ထံ လာရောက်ကာ စန္ဒြမိုဟန်သည် “ဘင်္ဂလားပြည်နယ် ဗုဒ္ဓသာသနာ နှင့် ရဟန်းသံဃာတို့ ဆုတ်ယုတ်ပျက်ပြားပုံနှင့် ရဟန်းမည်ကာ ဝိနည်းသိက္ခာ ကင်းမဲ့ကြောင်း မိမိ ရဟန်းအဖြစ်ကား ယုံမှားမကင်းဖွယ် ဖြစ်ကြောင်းများ” လျှောက်ထားရာ ဆရာတော် ဘုရားက ဝိနည်းသိက္ခာပုဒ်များနှင့် ရဟန်းတို့ လိုက်နာပြုကျင့်ရန် ဘုရားဟော နည်းဥပဒေများ မိန့်ကြားပြောဆိုသောအခါ အလွန်ယုံကြည် လေးမြတ်သဖြင့် ဆရာတော်ဘုရားထံ ရဟန်း အဖြစ် အသစ်ယူရန် လျှောက်ထား၍ ၎င်းဆရာတော်ဘုရား ဥပဇ္ဈာယ်ပြု၍ စင်ကြယ်သော ဂိုဏ်းသံဃာများနှင့် ၎င်းစစ်တဂေါင်းရဟန်း စန္ဒြမိုဟန်အား ဥပသမ္ပဒကံ အသစ် ဆောင်ရွက် ပေးတော်မူခဲ့လေသည်။

ဤစစ်တဂေါင်းရဟန်းတော်သည် သံဃရာဇာဂိုဏ်း သံဃာများနှင့် စင်ကြယ်သော ရဟန်းအဖြစ်ကို ရယူပြီးနောက် ဆရာတော်ဘုရားအထံတော်တွင် ဝိနည်းများ သင်ယူနေထိုင်စဉ် နှစ်, လကြာသောအခါ ရောဂါစွဲကပ်၍ ဆရာတော်အား "ဘင်္ဂလားပြည်နယ်နှင့် တောင်တန်းဒေသများ၌ *(ရဟန်းတော်များသည်)* ရဟန်းသက်န်းဝတ်ရုံဆင်မြန်းသည်မှတပါး ထေရဝါဒ ဝိနည်းသိက္ခာ မလေးစားကြဘဲ သာသနာတော် ပျက်ပြားနေပါကြောင်း" အခါအခွင့် သင့်တော်မူပါက ဆရာတော်ဘုရား ၎င်းနယ်များသို့ သာသနာပြုရန် ကြွတော်မူလျှင် သာသနာ စင်ကြယ်ကောင်းမွန်ကာ သာသနာတဖန် ထွန်းလာမည် ဖြစ်ပါကြောင်း" ခွင့်ပန်လျှောက်ထား၍ ကာလကတ္တားသို့ ပြန်ကြွသွားခဲ့လေသည်။

ဤသို့ စစ်တဂေါင်းရဟန်း စန္ဒြမိုဟန်က လျှောက်ထားသည်ကို သံဃရာဇာ ဆရာတော်ဘုရားသည် စိတ်ချမ်းမြေ့ခြင်းရှိတော်မမူဘဲ ၎င်းပြည်နယ်များသို့ သွား၍ သာသနာပြုရန်အရေး တွေးတောဆင်ခြင်တော်မူကာ ၎င်းထေရဝါဒဂိုဏ်းဝင် သာသနာပြုစုရေး၌ စိတ်အားထက်သန်သောရဟန်းများ ရှာဖွေစုဆောင်းရာ ၁-နှစ်ကျော်ကြာမှ သာသနာပြုရန် လုံလောက်သော သံဃာတော်အရေအတွက်ကို ရရှိတော်မူသဖြင့် ၎င်းသံဃာများ အခြံအရံနှင့် စစ်တဂေါင်းမြို့သို့ သာသနာပြု ၁,၂၁၈-ခုနှစ်မှ သင်္ဘောဖြင့် ကြွသွားတော်မူရလေသည်။

ဤသို့သာသနာပြု သာသနဒ္ဓဇာဇနည် ရဟန်းတော်အဖွဲ့နှင့်တကွ သံဃရာဇာ ဆရာတော်ဘုရား ကြွချီတော်မူရာ ရှေးဦးစွာ စစ်တဂေါင်းမြို့သို့ ရောက်၍ ၎င်းမှာ သာသနာဝင်အားနည်း, သာသနာတော်လည်း ညှိုးမှိန်နေစဉ်အခါ ဖြစ်နေသဖြင့် ၎င်း၌ ကြာမြင့်စွာ သီတင်းသုံးတော်မမူဘဲ ၎င်းမှ အနောက်မြောက် မိုင် ၂၀-ကွာ စန္ဒြနာထနှင့် သီတကုန္ဒာအရပ်သို့ ကြွသွားတော်မူကာ ၎င်းမှာထင်ရှားသော ရာဓရာမအမည်ရှိ ဗရူးဝါး ရဟန်းတော်တစ်ပါးရှိ၍ ၎င်းက ကြိုဆိုဧည့်ခံပြီး ဆရာတော်များ ကြွတော်မူလိုရာအရပ်သို့ လိုက်ပို့ကာ စကားပြန်အဖြစ်ဖြင့် ဆောင်ရွက်ကူညီခဲ့လေသည်။

၎င်းမှ သံဃရာဇာဆရာတော်ဘုရားသည် စကြာသာလာအရပ်သို့ သွား၍ ၎င်း၌ ဟိန္ဒီမြေပိုင်ရှင်တစ်ဦး တည်ထားသော စေတီတစ်ဆူ တွေ့ရှိပြီး ခရီးဆက်လက်ကာ စစ်တဂေါင်းမှ အရှေ့မြောက် ၁၂-မိုင်ကွာ ပဟာတာလီအရပ်သို့ ရောက်တော်မူ၍ ၎င်း၌ ထင်ရှားသော မဟာမုနိရုပ်ပွါးတော်ကြီး တစ်ဆူရှိသဖြင့် နှစ်စဉ်နှစ်တိုင်း အကြီးအကျယ် ပွဲတော်ကျင်းပရာ အခွင့်သင့်စွာ ၎င်းပွဲတော်နှင့် ကြုံကြိုက်ပြီး စည်ကားလှသော လူပရိသတ်, ရဟန်းပရိသတ်များနှင့် ဆရာတော်ဘုရား တွေ့ကြုံတော်မူရာ လူဒကာတို့အား ၎င်းတို့နှင့် ထိုက်တန်သောတရား ဟောပြော၊ ရဟန်းတော်တို့အား သင့်တော်သော ဝိနည်းတရား

ဟောကြားတော်မူကာ အားလုံး ကြည်ညိုလေးစားကြပြီး ၎င်း၌ အစည်းအဝေးကြီးခေါ်ကာ ၎င်းတို့အား တရားဓမ္မ ဟောပြချီးမြှင့်တော်မူလေသည်။

၎င်းအစည်းအဝေးကြီး၌ ရဟန်းတော်များပါဝင်သော အစည်းအဝေးတစ်ခု ပြုလုပ်စေကာ ဝိနည်းတရားဖြင့် ဆုံးမသွန်သင်, ကျင့်စဉ်, ကျင့်နည်း ဥပဒေများ ဟောကြားပြသတော်မူရာ ဝိနည်းသိက္ခာပုဒ်တော်များနှင့် မညီညွတ်ဘဲ သာသနာတော်သို့ ဝင်ရောက်နေကြသော ရဟန်းတော်များသည် ၎င်းတို့၏ ရဟန်းအဖြစ်ကို စွန့်လျက် လူဝတ်လဲကြပြီး ရခိုင်ပြည်မှ သာသနာပြုပါလာတော်မူကြသော သံဃာတော်များနှင့် နဒီသိမ်တွင် သံဃရာဇာ အရှင်သာရမေဓာဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ဥပသမ္ပဒအဖြစ်သို့ တက်ရောက်ကြရာ ရှေးဦးစွာမှာ ဗရူးဝါးရဟန်းဉာဏာလင်္ကာရ ဖြစ်သည်။ ရခိုင်ပြည် ထေရဝါဒ သံဃရာဇာဂိုဏ်းတွင် ဤဉာဏာလင်္ကာရ အမည်ရှိသော ဗရူးဝါးရဟန်းတော်တစ်ပါးကို အစပြုကာ တစ်ပါးစီ, နှစ်ပါးစီ စသည်ဖြင့် ဤသံဃရာဇာဂိုဏ်း သံဃာများနှင့် ဥပသမ္ပဒကံဆောင်ကာ ထေရဝါဒ ဗရူးဝါးရဟန်းတော်များ များပြားလာ၍ ဆရာတော်ဘုရားလည်း ၎င်းအသစ်ဖြစ်သော ရဟန်းတို့ကို ငဲ့ကွက်စောင့်ရှောက်ကာ ၎င်းပဟာတာလီအရပ်မှာပင် ရခိုင်သာသာနာပြု သံဃရာဇာဂိုဏ်း သံဃာများနှင့်တကွ ဝါကပ်တော်မူပြီး ၎င်းတို့အားလည်း ဝိနည်းတရား သင်ကြားပို့ချ ဆုံးမသွန်သင်လျက် ၎င်းနယ်၌ ဗရူးဝါးထေရဝါဒသံဃာများ တိုးပွါးခိုင်မြဲ အမြစ်စွဲကာ တည်တံ့လာခဲ့လေသည်။

သို့ရာတွင် ၎င်းစစ်တဂေါင်းနယ်ရှိ များစွာသော ဗရူးဝါးရဟန်းများတို့သည် ထေရဝါဒသံဃရာဇာဂိုဏ်းဝင်လျက် ဥပသမ္ပဒပဋ္ဌင်းအဖြစ်သို့ တက်ရောက်ကာ သံဃရာဇာဂိုဏ်း သံဃာ့အဖွဲ့အစည်းဖြင့် နေထိုင်ကြပါသော်လည်း သက်ကြီးဝါရင့်မထေရ်ကြီးများကား ထေရဝါဒဂိုဏ်းသံဃာအဖြစ် အသစ်ခံယူခြင်းကို မပြုကြဘဲ ၎င်းတို့ နေမြဲတိုင်းအယူဝါဒ နှင့်ပင် နေထိုင်ကြပြီး ၎င်းမထေရ်ကြီးတို့ကို အစွဲပြုကာ မဟာထေရဂိုဏ်း-ဟု သီးခြား နေထိုင်ခဲ့ ကြလေသည်။

## အရှင်သာရမေဓာမထေရ် ဒုတိယတံဆိပ်ရခြင်း

ထိုစဉ်အခါက စစ်တဂေါင်းတောင်တန်းဒေသ သက်ထောင်နယ်ပယ်၌ ကလင်ဒီ အမည်ရှိသော ဘုရင်မသည် ၎င်း၏စက္ကမ အမျိုးသားများနှင့်တကွ နယ်သူ, နယ်သားတို့အား နိုင်ငံရေးအရ မျှတစွာ စိုးမိုးအုပ်ချုပ်နေထိုင်၍ ဘုရင်မကြီးသည် နယ်ပယ်ရှိ ဟိန္ဒူ, မူဆလင်, ဗုဒ္ဓဘာသာတို့အား ၎င်းတို့အယူဝါဒအားလျော်စွာ ဘုရားကျောင်း, ဗလီကျောင်းတိုက်များ

ဆောက်လုပ်ခွင့်ပေးပြီး ၎င်း၏နယ်အတွင်း စစ်တဂေါင်း၏ အရှေ့မြောက် ၂၇-မိုင်ကွာ အရပ်၌ ရာဇနဂရ အမည်ရှိသော ဗုဒ္ဓဘာသာကျောင်းတော်ကြီးကို ဆန်းကြယ်စွာ မွမ်းမံ ဆောက်လုပ်တော်မူခဲ့လေသည်။

ဘုရင်မကြီးသည် ကျောင်းတော်ကြီး ဆောက်လုပ်တော်မူပြီး အရှင်သာရမေဓာ သာသနာပိုင်ဆရာတော်ဘုရား၏ ကျော်စောကိတ္တိ ဂုဏ်သတင်းတော်ကို ကြားသိကြည်ညို တော်မူသဖြင့် ပင့်ဖိတ်တော်မူကာ ၎င်းကျောင်းတော်ကြီး၌ ဆရာတော်အား တင်လှူ တော်မူပြီး ဆရာတော်ဘုရားကြီးထံ ဆည်းကပ်ကာ ပရိတ်တော်, တရားတော်များ နာရ သောကြောင့် သာလွန်လေးမြတ်တော်မူပြီးလျှင် သံဃရာဇာဆရာတော်ဘုရားကြီးအား သက်တော် ၅၆-နှစ်၊ သိက္ခာတော် ၃၆-ဝါတော်ရ ၁,၂၁၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့် နေ့၌ "၁,၂၁၉-ခုနှစ်၊ ရခိုင်မြို့ သာသနာပိုင် ဝိနည်းမိုရ်တံဆိပ်"ဟူသော ဘွဲ့တံဆိပ်တော်ကို အခမ်းအနားကြီးကျယ်စွာ ပရိသတ်အမြောက်အမြား လှူဒါန်းဖွယ်များစွာဖြင့် ဆက်ကပ် လှူဒါန်းတော်မူ၍ ဆရာတော်ဘုရားကြီးသည် ဒုတိယအကြိမ် သာသနာပိုင် ဝိနည်းမိုရ် တံဆိပ်တော်ကို ခံယူတော်မူခဲ့လေသည်။

ဤသို့အားဖြင့် သံဃရာဇာ အရှင်သာရမေဓာ သာသနာပိုင်ဆရာတော်ဘုရား ကြီးသည် အရှေ့ဘင်္ဂလားပြည်၊ စစ်တဂေါင်းနယ်၌ လှည့်လည်တော်မူကာ သာသနာတော် ၏ ကောင်းမြတ်စင်ကြယ်ရေး တိုးတက်ပြန့်ပွါးရေးတို့ကို အဓိကထားလျက် ဆောင်ရွက် အားထုတ်တော်မူပြီးလျှင် ယင်းသံဃရာဇာဂိုဏ်းဝင် သံဃာတော်တို့အားလည်း ထေရဝါဒ သာသနာတော်ကြီး၏ စည်ပင်ပြန့်ပွါးတိုးတက်ရေး စင်ကြယ်သန့်ရှင်းရေးတို့ကို ကြိုးစား အားထုတ်ကြရန် လေးနက်သောအဆုံးအမ ဩဝါဒပေးတော်မူကာ ၎င်း၌ ၂-ဝါမျှ သီတင်း သုံးတော်မူပြီးနောက် မိမိနိုင်ငံရခိုင်ပြည်သို့ ပြန်လည်တော်မူပြီး သံဃရာဇာကျောင်းတိုက် ကြီး၌ပင် သီတင်းသုံးတော်မူလျက် သာသနာတော်မြတ်ကြီး ဆောင်ရွက်အားထုတ်တော် မူခဲ့လေသည်။

ဤသို့ ဆရာတော်ဘုရားကြီးသည် ဘင်္ဂလားပြည် စစ်တဂေါင်းနယ်အတွင်းမှာ ထေရဝါဒသာသနာတော် အမွန်အစ ချထားတော်မူပြီးနောက် ၎င်းနယ်များတွင် သာသနာ စင်ကြယ်ရေး အားထုတ်ဆောင်ရွက်လျက် တိုးတက်ကြီးပွါးရေး အားထုတ်ကြရာ ဆရာတော်ဘုရား သာသနာပြုမကြွမီ စစ်တွေမှာ သီတင်းသုံးတော်မူစဉ်က ရှေးဦးစွာ ရဟန်းပြုတော်မူသော ဗရူးဝါးရဟန်းတော် စန္ဒြမိုဟန်သည် သီဟိုဠ်ကျွန်း, ရခိုင်ပြည်တို့တွင် လှည့်လည်သီတင်းသုံးကာ စင်ကြယ်သောထေရဝါဒပိဋကတ်စာပေများ သင်ကြားတတ် မြောက် ရှာဖွေစုဆောင်းယူဆောင်ပြီးလျှင် ၎င်းနယ်ပယ်နှင့် သက်ဆောင်-ဖလံဆောင်-

ဗိုလ်မင်းထောင်-စသော နယ်များ၌ သာသနာတော် သန့်ရှင်းတည်မြဲအောင် ဆောင်ရွက်အားထုတ်တော်မူခဲ့လေသည်။

ထိုအခါမှစ၍ ဘင်္ဂလားနယ်၌ ထေရဝါဒ ဗုဒ္ဓသာသနာ တဖန်ပြန်လည်ထွန်းလင်းလာရာ မဟာထေရဂိုဏ်းသံဃာတို့လည်း ဆရာတော်ကြီးများ လွန်တော်မူကြပြီးနောက် ၎င်းတို့၏တပည့်များတို့သည် သီဟိုဠ်ကျွန်း, မြန်မာပြည်တို့သို့ လှည့်လည်ကာ စာပေပိဋကတ်သင်ယူအားထုတ်ကြပြီး စာပေပို့ချ ပိဋကတ်တော်များကို ဘာသာပြန်ဆိုကာ ၎င်း၌ သာသနာပြုစု ဆောင်ရွက်နေကြသဖြင့် ယခုအခါမှာကား ၎င်းဘင်္ဂလားပြည်နယ်၌ ဗုဒ္ဓဘာသာ ကျောင်းပေါင်း ၃၁၀-ရှိသည့်အနက် ၂၄၅-ကျောင်းမှာ စစ်တဂေါင်းခရိုင်၌ တည်ရှိ၍ ကျန်ကျောင်းတို့မှာ နဝါခလနယ်နှင့် တိပရာနယ်များတွင် တည်ရှိလေသည်။

၎င်းကျောင်းပေါင်း ၃၁၀-တို့တွင်လည်း ၂၆၀-မှာ သံဃရာဇာဂိုဏ်းဝင် ကျောင်းများဖြစ်ကြရာ ၎င်းထေရဝါဒသံဃရာဇာဂိုဏ်းဝင် သံဃာများ တိုးတက်ကြီးပွါးလာသည့်အတိုင်း ၎င်းဂိုဏ်းဝင်သံဃာများတွင် ထင်ရှားသော အရှင်ပုဏ္ဏာစာရမထေရ်မြတ်သည် ကလင်ဒီဘုရင်မနေသော ရာဇနဂရမြို့တော်မှာ သီတင်းသုံးတော်မူကာ သာသနာပြုနေတော်မူစဉ် ၎င်းနယ်များတွင် သာသနာတော်၏ မူလပဌမ ခဏ္ဍသိမ်များ မရှိသောကြောင့် ရှေးကရမ္မာဝတီခေါ် ရမ္မူးမြို့မှ ရခိုင်သံဃာတော် ၂၅-ပါး ပင့်ဆောင်တော်မူပြီး ၎င်းမြို့၌ ရှေးဦးစွာ ခဏ္ဍသိမ် ဝိနည်းဒေသနာတော်နှင့်အညီ သမုတ်တော်မူခဲ့လေသည်။

ထိုမှနောက်၌လည်း နယ်များ၌ ရဟန်းတော်များ ကံဆောင်လွယ်ကူရန် ထိုထိုမြို့ရွာနယ်ပယ်များ၌ သိမ်များ သမုတ်တော်မူကြကာ စင်ကြယ်စွာ နေထိုင်တော်မူကြသည်တွင် မဟာထေရဂိုဏ်းဝင် သံဃာတော်တို့လည်း တဖြည်းဖြည်း တစ်စတစ်စ သံဃရာဇာဂိုဏ်းသံဃာတို့၏ ကျင့်စဉ်ကျင့်နည်းများ လိုက်နာကျင့်သုံးလာကြရာ ယခုအခါမှာကား မဟာထေရဂိုဏ်းနှင့် သံဃရာဇာဂိုဏ်းသံဃာတို့မှာ ကွဲပြားခြင်းမရှိ၊ ညီညွတ်စွာနေထိုင်ကြလေသည်။

## သံဃရာဇာဆရာတော် တတိယအကြိမ် တံဆိပ်တော်ခံယူခြင်း

ဗြိတိသျှ-မြန်မာတို့ ဒုတိယအကြိမ် စစ်ဖြစ်ကြရာ ၁,၂၁၄-ခုနှစ်မှာ ပြီးဆုံး၍ သရက်မြို့နှင့် တောင်ငူမြို့တို့မှ အောက်ပိုင်းနိုင်ငံအားလုံး အင်္ဂလိပ်လက်အောက်ရောက်ရှိပြီး မြန်မာနိုင်ငံမှာ တိုင်းနယ်ဒေသ လျော့နည်းပါသော်လည်း သာသနာတော်အရေးကား

မန္တလေးရွှေမြို့တော်မှာ သာသနာပြု ဘဝရှင်မင်းတရားကြီးသည် သာသနာတော်၏ ကောင်းမြတ်စင်ကြယ်ရေးနှင့် ခိုင်ခံ့တည်မြဲရေးကို ရှေးရှုတော်မူကာ ၁,၂၂၂-ခု၊ မြို့တော် နန်းတော် တည်ထောင်တော်မူသည်နှင့် တစ်ချိန်တည်းပင် ၇-ဌာန ပန္နက်တော်ချ၍ လောကမာရဇိန် ကုသိုလ်တော်စေတီတော်မြတ်ကြီး တည်ထားတော်မူခဲ့လေသည်။

၎င်းစေတီတော်မြတ်ကြီး၏ ဝန်းရံပတ်လည်မှာ ဘုရားဟောပိဋကတ်ပါဠိတော် များကို ကျောက်ချပ်ရေ ၇၂၉-ချပ်တို့၌ အက္ခရာထွင်းထုလျက် ကျောက်ထက်အက္ခရာ တင်တော်မူခဲ့ရာ ၁,၂၃၀-ပြည့်မှာ ပြီးဆုံးတော်မူ၍ တိုင်းပြည်နိုင်ငံတော်ရှိ တံဆိပ်တော်ရ, မရ ဆရာတော်များနှင့် တိုင်းတပါးသား နိုင်ငံခြားအောက် ရောက်နေတော်မူကြသော ပညာတော်ရှိ ကဝိတစ်ဆူ ဖြစ်တော်မူကြသော ဆရာတော် သံဃာတော်မြတ်များ စုဝေး တော်မူကြကာ ပဉ္စမသံဂါယနာတင်ရန် စီမံခန့်ခွဲတော်မူခဲ့လေသည်။

၎င်းသို့ မင်းတရားကြီးသည် ကျောက်ထက်အက္ခရာပါဠိတော်များ ထွင်းထုနေတော် မူသည့်အတွင်း "ဗြိတိသျှနယ်တွင် သီတင်းသုံးတော်မူကြသော ပညာရှိဆရာတော်ဘုရားများ လည်း ၎င်းသံဂါယနာသဘင်တော်၌ ပါဝင်တော်မူသင့်ကြောင်း" ဆင်ခြင်တော်မူကာ ထိုဆရာတော်ဘုရားကြီးများကို ဗြိတိသျှအစိုးရမှ တဆင့် ပင့်စေတော်မူရာ–

၎င်းရခိုင်ပြည်မှ သာသနာပြုကိုယ်စားလှယ်တော်အဖြစ်ဖြင့် သံဃရာဇာ အရှင် သာရမေဓာ ဆရာတော်ဘုရားနှင့် ကွန်းထောင်ဆရာတော်အရှင်အဂ္ဂ ဆရာတော် ၂-ပါးကို ဦးစီးနာယကထား၍ အစိုးရက ရွေးချယ်တာဝန်လွှဲအပ်ကာ ထိုဆရာတော် ၂-ပါးတို့သည် ၁,၂၂၉-ခုနှစ်၊ တပည့်အများ ခြံရံလျက် မန္တလေးသို့ သွားတော်မူကြရာ ၎င်းနှစ်၊ နယုန်လတွင် ချမ်းသာစွာ ဆရာတော်များ ကြွလာတော်မူကြောင်း မင်းတရား သိရှိတော်မူကာ ဆရာတော် များနှင့် လူဒါယကာများ အကြိုလွှတ်တော်မူသည်နှင့် တွေ့ဆုံတော်မူပြီး မင်းတရားကြီးထံ သို့ ကြွရောက် ချီးမြှောက်တော်မူခဲ့ကြလေသည်။

ထို့နောက် မင်းတရားကြီးသည် ရခိုင်ဆရာတော်ဘုရား ၂-ပါးတို့အား သင့်တင့် လျောက်ပတ်သောနေရာ၌ သီတင်းသုံးစေတော်မူပြီးလျှင် ကျောက်ထက်အက္ခရာတင် ပိဋကတ်တော်များ သုတ်သင်ပြင်ဆင်တော်မူရန် မြန်မာဆရာတော်တို့နှင့်အတူ တာဝန်ယူ တော်မူရန် လျှောက်ထား၍ ဆရာတော်ဘုရားလည်း ပေးအပ်သော တာဝန်များ မြန်မာ ဆရာတော်များနှင့်အတူ သုတ်သင်ပြင်ဆင်တော်မူလျက် ပိဋကတ်တော် စာပြင်ဌာန၌ တာဝန်ကျ ဆောင်ရွက်တော်မူခဲ့လေသည်။

၎င်းနှစ် ဆောင်းရာသီအကူးစ နတ်တော်လတွင် ပဉ္စမသံဂါယနာတင်ရာ၌ ဆောင်ရွက်တော်မူခြင်းကြောင့် ဘွဲ့နှင်းသဘင်တော် ဆင်ယင်ကျင်းပပြီးလျှင် တံဆိပ်တော်ရ, မရ မြန်မာသာသနာပြုဆရာတော်များနှင့် လူ, ရဟန်း ပရိသတ်ဗြောက်မြားစွာတို့ အလယ်မှာ အရှင်သာရမေဓာဆရာတော်ဘုရားသည် ရခိုင်ပြည်ကြီး၌ သာသနာပြုစုတော်မူခြင်း, ဘင်္ဂလားနယ်၌ သာသနာအသစ် တဖန်ပြုစုတော်မူခြင်း-စသော သာသနာတော်မြတ်၏ ကျေးဇူးကို အထူးဆောင်ရွက်တော်မူသောကြောင့် "သာရမေဓာဘိတိသာသနဓဇမဟာ-ဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ကို သံဃရာဇာဆရာတော်ဘုရားကြီးအား ဘုရင်မင်းတရားကြီးကိုယ်တော်တိုင် ဆက်ကပ်လှူဒါန်းတော်မူရာ ဆရာတော်ဘုရားသည် တတိယအကြိမ်မြောက် တံဆိပ်တော်ကို ခံယူတော်မူခဲ့လေသည်။

၎င်းနှစ်အတွင်းမှာပင် ရခိုင်ဆရာတော်များသည် ရခိုင်ပြည်သို့ ပြန်လည်ကြွတော်မူမည့်အကြောင်း ဘုရင်မင်းတရားကြီးအား မိန့်ကြားတော်မူရာ မင်းတရားကြီးသည် တောင်တော်သာသနာပိုင်ဆရာတော် အမှူးပြုသော မြန်မာသံဃာတော်အဖွဲ့ ၂၅-ပါးကို "ရခိုင်ပြည်၌ သာသနာပြုရန်, ကိစ္စအဝဝတို့ကို ၎င်းသံဃရာဇာဆရာတော်အား ကူညီဆောင်ရွက်ရန်" လျှောက်ထားသဖြင့် ရခိုင်သံဃာများနှင့်အတူ တပါတည်း လိုက်ပါတော်မူကြလေသည်။ သို့ရာတွင် မြန်မာသံဃာတော်များသည် ရခိုင်ပြည်၊ သံဃရာဇာကျောင်းတိုက်သို့ ရောက်တော်မူကြပြီး ကောင်းမွန်စွာ သီတင်းသုံးတော်မူကြရာ မျှားမကြာမီပင် အကြောင်းမညီညွတ်သဖြင့် သာသနာပြုကိစ္စ မဆောင်ရွက်နိုင်တော်မူကြဘဲ သကြိန်မကျမီ မန္တလေးမြို့တော်သို့ ပြန်လည် ရောက်ရှိတော်မူကြလေသည်။

ဤသံဃရာဇာသာသနာပြု အရှင်သာရမေဓာဆရာတော်မြတ်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူသောကြောင့်—

- ၁,၂၀၈-ခုနှစ်၊ သိကြာတော် ၂၅-ဝါမှာ ဗြိတိသျှအစိုးရတို့ ဆက်ကပ်တော်မူသော 'သာရမေဓာလင်္ကာရာဘိတိသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'ပဌမတံဆိပ်တော်၊
- ၁,၂၁၉-ခုနှစ်၊ သိကြာတော် ၃၅-ဝါ၊ သက်ထောင်ဘုရင်မ ကလင်ဒီ လှူဒါန်းဆက်ကပ်သော 'ရခိုင်မြို့ သာသနာပိုင် ဝိနည်းဓိုရ်' ဒုတိယတံဆိပ်တော်၊
- ၁,၂၂၉-ခုနှစ်၊ သိကြာတော် ၄၆-ဝါမှာ မန္တလေး၊ ရတနာပုံ မြို့တည်, နန်းတည် ပဉ္စမသံဂါယနာတင် မင်းတရားကြီး လှူဒါန်းဆက်ကပ်သော 'သာရမေဓာဘိတိသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု' တတိယတံဆိပ်တော်၊

ဤတံဆိပ်တော် ၃-တန်တို့ကို အလှူခံတော်မူကာ သာသနာတော်မြတ် ကောင်းမွန်စင်ကြယ်အောင် ဆောင်ရွက်အားထုတ်တော်မူခဲ့သည်။ သက္ကရာဇ် ၁,၂၄၄-ခုနှစ်၊ သက်တော် ၈၁-နှစ်၊ သိက္ခာတော် ၆၁-ဝါတွင် ဘုရား, ပစ္စေကာ, ရဟန္တာတို့သော်မှ မလွန်ဆန်နိုင်သော ဘဝနတ်ထံသို့ မြန်းကြွစံနေတော်မူခဲ့လေပြီ။

ဤသို့အားဖြင့် သံဃရာဇာဂိုဏ်း အရှင်သာရမေဓာ သာသနာပိုင်ဆရာတော်ဘုရား ပြုတော်မူခဲ့သော ရခိုင်ပြည်သာသနာတော်နှင့် ၎င်းနယ်ချင်းစပ်လျက်ရှိသော စစ်တဂေါင်းနယ် သာသနာတော်ကား ယခုတိုင် ကြီးပွါးလျက်ရှိနေကြောင်း ကောင်းမွန်စွာမှတ်သားအပ်သတည်း။

ရခိုင်တိုင်းသာသနာတော် ပြီး၏။

✪ ✪ ✪ ✪ ✪

## မလေး, စင်္ကာပူ ဗုဒ္ဓသာသနာ

အရှေ့ဖျားနိုင်ငံများတွင်ပါဝင်သည့် မလေးကျွန်းဆွယ်နှင့် စင်္ကာပူနိုင်ငံများလည်း ရှိသေး၍ ၎င်းကျွန်းနိုင်ငံတို့၌လည်း ဗုဒ္ဓဘာသာအသင်းအဖွဲ့များ တည်ရှိလျက် ၎င်းတို့အင်အားအတိုင်း ဗုဒ္ဓဘာသာဝိသာခပုဏ္ဏမာ အစရှိသော နေ့ထူးနေ့မြတ်များ၌ အစည်းအဝေးပွဲသဘင်များ ကျင်းပကာ ဗုဒ္ဓမြတ်စွာကို ရိုသေသောအားဖြင့် ပူဇော်ပွဲအထိမ်းအမှတ် ပြုလုပ်ကြလေသည်။

မလေးယား(ရှား)၌ကား ၎င်း၏မြို့တော် ကွာလာလမ်ပူ ဗုဒ္ဓဘာသာအသင်းကြီးများနှင့် သီဟိုဠ်ကျွန်း မဟာဗောဓိအသင်းကြီးမှ တည်ထောင်ထားသော ဗုဒ္ဓဝိဟာရ သာသနာပြုစုအားထုတ်လျက် အစည်းအဝေးပြုလုပ်ခြင်း, ဗုဒ္ဓနေ့အခါတော်များ၌ အထိမ်းအမှတ်ပွဲများ ပြုလုပ်ခြင်း, ဗုဒ္ဓဇယန္တီအခါတော်များ၌ ကြီးကျယ်ခမ်းနားသော ပူဇော်ပွဲအစည်းအဝေးပွဲများ ပြုလုပ်ခြင်းဖြင့် အားထုတ်ဆောင်ရွက်ကြလေသည်။

၎င်းပြင် ၎င်းနိုင်ငံ ပီနန်မြို့မှာလည်း ဗုဒ္ဓဘာသာအဖွဲ့အစည်းများနှင့် ဗုဒ္ဓဝိဟာရ ကျောင်းတော်များရှိ၍ ဗုဒ္ဓဘာသာဦးရေလည်း အတော်များစွာရှိကာ ၎င်း၌ မြန်မာ ဘုန်းတော်ကြီးများနှင့် သီဟိုဠ်ဘုန်းတော်ကြီးများ သီတင်းသုံးတော်မူလျက် ဗုဒ္ဓဘာသာ၏ တိုးတက်ပွါးစီးမှု ပြုလုပ်ဆောင်ရွက်ကာ အားထုတ်နေထိုင်တော်မူကြလေသည်။

## စင်္ကာပူမြို့တော်

စင်္ကာပူမြို့တော်မှာလည်း ဗုဒ္ဓဘာသာများစွာရှိရာ ၎င်းမှာ အထူးထင်ရှားသော ဗုဒ္ဓဘာသာလူငယ်အသင်းကြီး တည်ထောင်ပြီးလျှင် ဗုဒ္ဓဘာသာထေရဝါဒသာသနာတော် တိုးတက်ကြီးပွါးရေး အားထုတ်ဆောင်ရွက်ကာ ၎င်းအသင်းကြီး၌ သီဟိုဠ်လူငယ်များလည်း ပါဝင်ဆောင်ရွက် အားထုတ်ကြလေသည်။

၎င်းမြို့တော်၌ မဟာဗောဓိအသင်းကြီးမှ တည်ထောင်ထားသော သီရိလင်္ကာရာမ ကျောင်းရှိ၍ ၎င်း၌ သီဟိုဠ်ရဟန်းတော် **အရှင်အဿနန္ဒမင်္ဂလာမထေရ်**နှင့် ယိုးဒယားရဟန်း တော် **အရှင်အဂ္ဂဓမ္မမထေရ်**တို့ သီတင်းသုံးတော်မူကြကာ ၎င်းလူငယ်အသင်းကြီးကိုလည်း ဦးဆောင်လျက် သာသနာတော် တိုးတက်ကြီးပွါးရေး အားထုတ်ဆောင်ရွက်တော်မူကြ လေသည်။

## ထိုင်ဝမ်-ဟောင်ကောင် ဗုဒ္ဓသာသနာအကျဉ်းပြ

ယခုအခါ၌ တရုတ်ဖြူတို့၏နေထိုင်ရာ ဖော်မိုဆာ ထိုင်ဝမ်ကျွန်းနိုင်ငံ၌ကား ရှေးအခါ က တရုတ်ပြည်ကြီး သာသနာရောက်စကပင်လျှင် ဗုဒ္ဓဘာသာထွန်းကားခဲ့သော နိုင်ငံဖြစ်၍ ဗုဒ္ဓဘာသာနှင့်စပ်သော ရှေးဟောင်းကျောင်း, ဘုရား, ပုထိုး, စေတီတော်အဆောက်အအုံ ကြီးများ ကြီးကျယ်ခမ်းနားစွာတည်ရှိသော ကျွန်းနိုင်ငံကြီးဖြစ်၍ ကြီးကျယ် ခမ်းနားလှစွာ ရှေးဟောင်း ကျောင်းတော်ကြီးများ, ဗုဒ္ဓရုပ်ပွါးတော်ကြီးများ တည်ရှိခဲ့လေသည်။

သို့ရာတွင် တရုတ်ပြည်ကြီးနှင့်အတူတူ မဟာယာနဂိုဏ်းအားလျော့စွာ ၎င်းတို့ သာသနာ ကြီးပွါးတိုးတက်ကြောင်း ကောင်းစွာအားထုတ်ကြ၍ ၎င်းကျွန်းကြီးမှ သိက္ခာ ယူသော အမေရိကန်မဟာယာနဘုန်းတော်ကြီး အရှင်သုသိဒ္ဓိ သာသနာပြုကြောင်း ဗုဒ္ဓဘာသာ ဂျာနယ်, မဂ္ဂဇင်းများ၌ မကြာမကြာပါလေသည်။

၎င်းကျွန်းကြီး၌ မိချမြို့ ဂျပန်ပြည်ရှိ ကမ္ဘာ့အကြီးဆုံး ကြေးရုပ်ပွါးတော်ကြီး စံချိန်ချိုးကာ ၎င်းထက်ကြီးမားသော ရုပ်ပွါးတော်ကြီး တည်ဆောက်ထားသည်ကို သတင်းစာများ၌ ဖတ်ရှုတွေ့မြင်ရ၍ ယခုအချိန်အခါမှာလည်း သာသနာရေး, သာသနာမှု အားထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရလေသည်။

ဤမျှဖြင့် ထိုင်ဝမ်၌ သာသနာတည်ရှိနေကြောင်း အမြွက်မှတ်သားရန် ရေးသားအပ်ပါသတည်း။

## ဟောင်ကောင်ကျွန်း

ဤကျွန်းကား အင်္ဂလိပ်လူမျိုးများ တရုတ်ပြည်ကြီးမှ ခွဲယူထားသော ကမ္ဘာ့ဈေးကွက်နိုင်ငံ-ဟု ယခုအခါ၌ ထင်ရှား၍ လူမျိုးအားဖြင့်လည်း အများအားဖြင့် တရုတ်လူမျိုးများသာ များလျက် ဘာသာရေးဘက်မှာလည်း တရုတ်အယူဝါဒ မဟာယာန ဗုဒ္ဓဘာသာတရားအရ ကျင့်သုံးကြပြီးလျှင် ခေတ်အားလျော်စွာ တည်ထားဆောက်လုပ်ကြသော ဗုဒ္ဓဘာသာ ဘုရားဝတ်ကျောင်းကြီးများ ဘာသာရေး အဆောက်အအုံများရှိပြီး ဗုဒ္ဓဘာသာအသင်းအဖွဲ့ကြီးများလည်း ရှိကြောင်း ဤမျှသာ ဤကျွန်း၌ ဗုဒ္ဓဘာသာ တည်ထွန်းသောနိုင်ငံဖြစ်ကြောင်း အကျဉ်းအမြွက်မျှ မှတ်သားအပ်ပါသတည်း။

✪ ✪ ✪ ✪ ✪

## အင်ဒိုနီးရှားနိုင်ငံ ရှေးက သာသနာထွန်းပခြင်း

ယခုအခါ၌ အင်ဒိုနီးရှားဟု ထင်ရှားသော ကျွန်းစု၌ ရှေးလွန်ခဲ့သော နှစ်ပေါင်း ၂,၀၀၀-ကျော်လောက်ကပင် ဗုဒ္ဓနိုင်ငံတော်တွင် ပါဝင်ခဲ့ဖူး၍ ဗုဒ္ဓသာသနာတော် ထွန်းကားစည်ပင်ခဲ့ဖူးသော နိုင်ငံကြီးဖြစ်သဖြင့် ၎င်းကျွန်းနိုင်ငံအကြောင်း ရေးသားကြသော စာရေးဆရာများက "၎င်း၏ယဉ်ကျေးမှုကား ကိုလမ်ဘတ် ဝက်စ်တ် အင်းဒီ၊ အနောက်အိန္ဒိယ မတွေ့မီက ဖြစ်ကြောင်း၊ ၎င်းကျွန်းရှိ ရှေးဟောင်းဗုဒ္ဓဘာသာ အဆောက်အအုံများနှင့် ဗိုရိုဗုဒူရ် စေတီတော်ကြီးက သက်သေခံလျက်ရှိသည်"ဟု ရေးသားဖော်ပြကြလေသည်။

မူဆလင်ဘာသာ ကမ္ဘာ၌ ပေါ်ထွန်းခြင်းမရှိသေးမီ သာသနာတော်နှစ်ပေါင်း ၅၀၀-ကျော်လောက် သာသနာတော်ထွန်းကားရာ မဇ္ဈိမဒေသ အနောက်တိုင်းမှ ကုန်သည်ကြီးများသည် ဤကျွန်းသို့ ရောက်လာကြ၍ ၎င်းတို့၏ စီးပွါးရေးအားဖြင့်လည်းကောင်း, နေခင်းထိုင်သာ ဥတုရာသီအားဖြင့်လည်းကောင်း ညီညွတ်ကာ သာယာကောင်းမွန်သဖြင့် ၎င်းကျွန်းမှာ နေထိုင်ကြရန် တိုင်ပင်ညှိနှိုင်းကြကာ ၎င်းမှာ အခြေတည်ကြ၍ ၎င်းတိုင်းရင်း ကျွန်းသားများနှင့်လည်း ညီညွတ်ပြီးလျှင် နိုင်ငံတစ်ခု တည်ထောင်ခဲ့ကြလေသည်။

၎င်းကုန်သည်များ၏ အကြီးအမှူးကား သုမိတ္တဖြစ်၍ ၎င်း၏အမည်အားဖြင့် သုမိတ္တကျွန်း-ဟု ခေါ်ဝေါ်ကြကာ နောက်အခါ၌ ကာလရွေ့လျား ၎င်းတို့အသံအားဖြင့် ဆုမိတ္တ-ဆုမိတြ-ဆုမတြ-ဟု ပြောင်းလဲခေါ်လာခဲ့ရာ ၎င်းကျွန်းမှာ ဗုဒ္ဓဘာသာတရား အခြေစိုက်ကာ ဗုဒ္ဓနိုင်ငံ တည်ထောင်လာခဲ့ကြလေသည်။

၎င်းတို့နှင့် မရှေးမနှောင်းခေတ်တွင်ပင် ၎င်းအိန္ဒိယမှ ဟိန္ဒူအယူဝါဒရှိသူ ကုန်သည်ကြီးများလည်း ဤကျွန်းနိုင်ငံသို့ ရောက်လာကြပြီးလျှင် ၎င်းတို့လည်း ၎င်းကျွန်းတဘက်မှာ အခြေစိုက်ကြကာ နိုင်ငံတစ်ခုတည်ထောင်ကြလျက် ၎င်းတို့နှစ်သက်ယုံကြည်ကြသော ဟိန္ဒူအယူဝါဒတည်ထောင်ကြရာ ၎င်း ၂-ဘာသာမှာ **အတ္တဝါဒနှင့် အနတ္တဝါဒ** ခြားနားသည်မှတပါး ကိုယ်ကျင့်တရား၌ အချို့တူညီသည်များသောကြောင့် ၎င်းကျွန်း၌ တဘက်စီတိုင်းနိုင်ငံ တည်ထောင်နေထိုင်ခဲ့ကြလေသည်။

၎င်းကျွန်း၌ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့ ပြိုင်လျက် အုပ်ချုပ်စိုးစံ နိုင်ငံသီးခြားနေထိုင်လာခဲ့ရာ တစ်ခါတစ်ရံ ဗုဒ္ဓနိုင်ငံက ကျယ်ပြန့်ကာ တစ်ခေတ်တစ်ခါမှာ ဟိန္ဒူနိုင်ငံက လွှမ်းမိုးလာခဲ့သည်တွင် ၎င်းတို့၏အာဏာများသည် နောက်အခါ ယဝဒီပ ဂျာဝါးကျွန်း, ဗာလိဒိပ ဗာလီကျွန်း စသည်သို့ ကျယ်ပြန့်သွားကာ ဗုဒ္ဓသာသနာတော် ၁,၂၀၀-ကျော် မဇ္ဈိမ၌ နာဠန္ဒကျောင်းတော်ကြီးများ ထွန်းကားစည်ပင်သောခေတ်က ဗုဒ္ဓဘာသာမင်းများ၏ အာဏာကျယ်ပြန့်ကာ ၎င်းကျွန်းစုအားလုံးမှာ ဗုဒ္ဓနိုင်ငံတော်အောက် ဆိုက်လာခဲ့ဖူးလေသည်။

တရုတ်ရဟန်းတော် အရှင်ဖာဟိုင်သည် သာသနာတော် ၉၀၀-ကျော်၊ ၁,၀၀၀-အတွင်းက သီဟိုဠ်နှင့်တကွ မဇ္ဈိမဒေသသာသနာနိုင်ငံများသို့ သာသနာ ဗဟုသုတ, ဒေသ ဗဟုသုတစသော ပညာအရပ်ရပ် ရှာဖွေဆည်းပူးကာ လှည့်လည်ခဲ့ပြီးနောက် ဗုဒ္ဓဘာသာ တော်မြတ် စည်ပင်ထွန်းကားရာ ဤဆုမတြာ, ဂျာဝါးကျွန်းများသို့ ရောက်၍ ဤကျွန်းများ၌ ဤခေတ်က ဗုဒ္ဓဘာသာစည်ပင်ပြန့်ပွါး များစွာသောကျောင်းများနှင့် ဘုရား, ပုထိုးများ

တွေ့ရှိ ဖူးမြင်ရပြီးလျှင် ၎င်းကျွန်းနိုင်ငံများတွင်လည်း ဗုဒ္ဓဝါဒတရားတော်များ လေ့လာခဲ့ပြီးမှ ၎င်းက တရုတ်ပြည်ကြီးသို့ ပြန်လည်တော်မူကြောင်း ရေးသားသဖြင့် ၎င်းမှာ သာသနာတော် နှစ် ၉၀၀-ကျော်ကပင် ဗုဒ္ဓနိုင်ငံတော်ကား ကျယ်ပြန့်ထွန်းကားလျက်ရှိကြောင်း မှတ်သား အပ်ပါသည်။

သာသနာ ၁၂-ရာစုမှာ ဆုမတြာကျွန်း တောင်ဘက်ဒေသတိုင်းနယ် ပလင်ဘန်မြို့၌ ထီးနန်းစိုက်ထူသော သီရိဝိဇယမင်းတရားကြီး လက်ထက်မှာ သာသနာတော်ထွန်းကား၍ ၎င်းမင်းတရားကြီးလည်း သာသနာတော်ကို ယုံကြည်အားထား ကြည်ညိုလေးစား၍ နာဠန္ဒယူနိဗာစီတီကျောင်းတော်ကြီးများကဲ့သို့ ကျောင်းတော်ကြီးတည်ဆောက်ပြီးလျှင် ၎င်းမင်းတရား၏အမည်ဖြင့် သီရိဝိဇယယူနိဗာစီတီကျောင်းတော်ကြီး-ဟု ထင်ရှားလျက် ၎င်း၏ဂုဏ်သတင်းကား အဝေး,အနီးပြန့်နှံ့ကာ များစွာသောနိုင်ငံများမှလည်း ၎င်းကျောင်း ကြီး၌ သက္ကတ, ဟိန္ဒီ, ပါဠိ-စသော ကျမ်းဂန် အရပ်ရပ်များ လာရောက်သင်ကြားကြကြောင်း, ၎င်းမင်းတရား၏ အာဏာမှာလည်း ၎င်းကျွန်းစုအားလုံးသို့ ပြန့်နှံ့ကျယ်ဝန်းသွားကြောင်း ၎င်းရာဇဝင်မှတ်တမ်းများ၌ ရေးသားဖော်ပြလေသည်။

ထိုမှတပါး ထင်ရှားသော ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားကြောင်း သာဓက တစ်ရပ်မှာ သာသနာတော် ၁,၂၀၀-ကျော်က တည်ထားခဲ့သော ဗောရောဗူဒူးစေတီတော် ကြီးဖြစ်၍ ထိုမျှကြီးကျယ်ခမ်းနားလှသော စေတီတော်မြတ်ကြီး တည်ထားခဲ့သည်မှာ ဘုန်းကံ ကြီးမား တန်ခိုးအာဏာကျယ်ပြန့်သော ဘုရင်မင်းများသာ ဤကမ္ဘာ၏ အံ့ချီးဖွယ်ရာတွင် ပါဝင်ထင်ရှားလှသော ကမ္ဘာကျော်စေတီတော်ကြီး တည်ထားဆောက်လုပ်နိုင်ကြောင်း၊ ထိုစဉ်အခါက ဂျာဝါးကျွန်းကြီးအရှင် ဘုရင်မင်းတရားနှင့်တကွ တိုင်းသူပြည်သားများ ဗုဒ္ဓ တရားတော်ကို ယုံကြည်အားထား သဒ္ဓါတရားလည်း အထူးထက်သန်ကြကာ သာသနာ တော်ကြီးကို ချီးမြှောက်ကြကြောင်းများ ထင်ရှားလေသည်။

၎င်းပြင် သာသနာတော် ၁,၃၀၀-ကျော်၊ ၁၄-ရာစုအတွင်း ဆုမတြာကျွန်းကြီးအရှင် ဘုရင်သီရိဗလပုတ္တဒေဝမင်း အုပ်ချုပ်စိုးစံစဉ်က ၎င်းမင်းတရားသည် နာဠန္ဒကျောင်းတော် ကြီးအား ရာဇဂြိုဟ်ပြည်၊ ဂယာစီရင်စုရွာရှိ ၅-ရွာကို မိမိပိုင် ဆုမတြာကျွန်းမှ ရွာ ၅-ရွာ နှင့်လဲလှယ်ကာ လျှုဒါန်းကြောင်း ၎င်းနာဠန္ဒကျောင်းကြီး တူးဖော်ရာမှ ရရှိသော ကြေးပုရပိုက် ၌ ရေးသားထားသည်ကို တွေ့ရသဖြင့် ၁၀-ရာစုမှ ၁၄-ရာစုတိုင်အောင် ၎င်းကျွန်း၌ ဗုဒ္ဓ သာသနာ ထွန်းကား၍ ဘုရင်မင်းများလည်း သာသနာကို ယုံကြည်ကာ သာသနာတော် ချီးမြှောက်ပြုစုကြကြောင်း ထင်ရှားလေသည်။

ဂုင်းကြေးပုရပိုက်၌ သုဝဏ္ဏဒီပ-ဟု ရေးသား၍ ၎င်းမှာ ဆုမတြာကျွန်း-ဟု ဆုံးဖြတ်ကြကာ အသောကမင်းတရား စေလွှတ်တော်မူသော သာသနာပြုဌာန သုဝဏ္ဏဘူမိနှင့် ယှဉ်မှားလျက် ၎င်းဌာနသည် သုဝဏ္ဏဒီပ ဖြစ်ရမည်-ဟု ယူဆကြသည်မှာ နောက်က ရေးသားခဲ့သည့်အတိုင်း-

- ၎င်းဌာန အပိုင်းအခြား နယ်ပယ်များကို ယိုးဒယားကလည်း ယိုးဒယားမှဖြစ်ကြောင်း,
- မြန်မာတို့ကလည်း ဤနိုင်ငံမှ ဖြစ်ကြောင်း-

မိမိတို့ဘက်သို့ ဆွဲဆောင် ရေးသားကြစေကာမူ ၎င်းဌာနကား အင်ဒိုချိုင်းနား ကျွန်းဆွယ်ကြီး တစ်ခုလုံးဖြစ်ကြောင်း ရေးသားခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## ၎င်းကျွန်းစု၌ ဟိန္ဒီနှင့် မူဆလင်ဘာသာများ လွှမ်းလာခြင်း

၎င်းကျွန်းစုများ၌ ဗုဒ္ဓဘာသာမင်းများနှင့် ဟိန္ဒီဘုရင်များသည် စင်ပြိုင်ကဲ့သို့ တစ်ခေတ်တစ်ခါ၌ ဗုဒ္ဓဘာသာဘုရင်များ၏ တန်ခိုးအာဏာကြီးမား၍ နောက်တစ်ခေတ်တစ်ခါမူ ဟိန္ဒီဘုရင်များ တန်ခိုးအာဏာ ကြီးမားလာကြရာ သာသနာ ၁၈-ရာစုမှာကား ဟဂျန်ပုရုတ်အမည်ရှိသော ဟိန္ဒီဘုရင်တစ်ပါးသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သော သီရိဝိဇယ နိုင်ငံကို အောင်မြင်တော်မူ၍ ဆုမတြာ, ဂျဝါး, ဗာလီ-ဟု ဆိုအပ်သော ကျွန်းစုအားလုံးကို အုပ်ချုပ်စိုးစံခဲ့သဖြင့် ၎င်းဟိန္ဒီဘာသာ လွှမ်းမိုးလာခဲ့ရာ ထိုအခါမှ နောက်၌ ဟိန္ဒီဘာသာ တန်ခိုးကြီးလာခဲ့လေသည်။

သို့ရာတွင် ၎င်းရာစုနှစ်မှာပင် အာရေဗျနိုင်ငံ, ပါရှားနိုင်ငံနှင့် အိန္ဒိယကမ်းခြေ မူဆလင်နိုင်ငံများမှ ကုန်သည်များ အင်ဒိုနီးရှားသို့ ရောက်လာကြ၍ ဆုမတြာကျွန်း၌ ပထမအခြေစိုက်ကာ နောက် ဂျဝါး, ဗာလီ စသော ကျွန်းများသို့ ရောက်ကြပြီး ၎င်းတို့ ဝါဒများ ဖြန့်ဖြူးကြရာ တစ်စတစ်စ အောင်မြင်လာခဲ့ပြီးလျှင် နောက်ဆုံး၌ မိုဂျိုပလစ်ခေါ် ဂျာဝါးဟိန္ဒီမြို့တော်ကို သိမ်းယူပြီး ၎င်းကျွန်းစုအလုံး မူဆလင်များ သိမ်းပိုက်အုပ်ချုပ်လာခဲ့လေသည်။

ထိုအခါ မိုဂိုပြလစ်နိုင်ငံတော် ရှင်ဘုရင်မင်းသည် ထိုမူဆလင်တို့အား အရှုံးမပေး, အညွှံမခံလိုသောကြောင့် သူ့ကိုယ်ကို သတ်သေခဲ့ရာ ၎င်းဘုရင်၏သားတော်သည် မူဆလင် ဘာသာ လက်မခံလိုကြ၍ ၎င်း၌ မနေထိုင်လိုကြသော နန်းတော်သူ, နန်းတော်သား ပညာရှိ ပုဏ္ဏားများ တိုင်းသူပြည်သားများနှင့်အတူတကွ ဗာလီကျွန်းသို့ ထွက်ပြေးကြကာ ၎င်းကျွန်း၌ အခြေစိုက်နေထိုင်ကြပြီး ၎င်းတို့ဘာသာကို စောင့်ရှောက်ကြလေသည်။

ထိုအခါမှစ၍ ၎င်းကျွန်းစုအားလုံးမှာ များသောအားဖြင့် မူဆလင်ဘာသာ လွှမ်းမိုး လာခဲ့ရာ ယခုအခါတိုင်အောင်ပင် ကျွန်းနိုင်ငံစုများတွင် မူဆလင်ဘာသာဝင်သာများ၍ အခြားဘာသာဝင်များက အနည်းငယ်မျှသာရှိခဲ့ကြသဖြင့် ၎င်းဘာသာဝါဒကို ၎င်းတို့ စောင့်ရှောက်ကာ စည်းလုံးနေထိုင်ခဲ့ကြလေသည်။

## အင်ဒိုနီးရှား၌ ထေရဝါဒသာသနာပြုစုခြင်း

ရှေးခေတ်က အင်ဒိုနီးရှား၌ ထွန်းကားလာခဲ့သော သာသနာမှာ မြောက်ပိုင်း မဟာယာနသာသနာဖြစ်၍ နာဠန္ဒတက္ကသိုလ်နှင့်ဆက်သွယ်ကာ ဤကျွန်းနိုင်ငံရှိ ဘုရင်များ သည် ၎င်းတက္ကသိုလ်သို့ လှူဒါန်းထောက်ပံ့ကြကြောင်း ၎င်းတက္ကသိုလ်တူးဖော်ရာ၌ စာတမ်း များ တွေ့ရှိရလေသည်။ ဤနာဠန္ဒခေတ်မှာပင် ဤကျွန်း၌ မဟာယာနသာသနာထွန်းကား၍ ဗုဒ္ဓဘာသာကြီးကျယ်သော အဆောက်အအုံကြီးများမှာ မဟာယာနအယူဝါဒအရ တည်ထားသော စေတီတော်ကြီးများ, ရုပ်ပွါးတော်ကြီးများ, ကျောင်းတော်ကြီးများသာ တွေ့ရလေသည်။

ယခုအခါ၌ အင်ဒိုနီးရှားမှာ လူဦးရေ သန်း ၈၀-ရှိသည့်အနက် ခရစ်ယာန် ၃-သန်း ခန့်နှင့် ဟိန္ဒူဘာသာဝင် ၂-သန်းခန့်အပြင် ရှေးက ဗုဒ္ဓအယူဝါဒ ကြွင်းကျန်သောသူများ အတိအကျ မသိရသော်လည်း ၈-သန်းခန့်ရှိသည်-ဟု ပြောကြ၍ ၎င်းတရုတ်ဗုဒ္ဓဘာသာ နှင့် ကွန်မြူရှင်းဘာသာအနည်းငယ်မှတပါး ကျန်လူဦးရေမှာ မူဆလင်ဘာသာဝင်များဖြစ် ကြောင်း ၎င်းမှတ်တမ်းများ၌ ရေးသားကြလေသည်။

ဤကျွန်းနိုင်ငံ၌ ယခုအခါ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းလင်းလာရန် ဖြစ်ပေါ် လာသည်မှာ မဟာစည်ဆရာတော်၏ အင်ဒိုနီးရှားသာသနာပြုမှတ်တမ်းအရ ၁,၃၁၅-ခု၊ နတ်တော်လဆန်း၊ ၁၀-ရက်၊ (၁၇-၁-၅၃)က အင်ဒိုနီးရှား၊ ဂျဝါးကျွန်း၊ ဂျာကာတာမြို့မှ

ကျောင်းဆရာ မစ္စတာဘွန်အန်သည် မြန်မာပြည်၊ ရန်ကုန်မြို့၊ သာသနာ့ရိပ်သာသို့ ရောက်လာပြီးလျှင် ၎င်းဆရာတော်၏ ဩဝါဒခံယူကာ သာသနာ့ရိပ်သာ၌ ဝိပဿနာဘာဝနာတရားများ ပွါးများအားထုတ်ခဲ့လေသည်။

ဤမစ္စတာဘွန်အန်သည် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်နှင့် အဂ္ဂမဟာပဏ္ဍိတ၊ ဆရာတော် ဦးဉာဏုတ္တရတို့ ညွှန်ကြားပြသသည့်အတိုင်း ရိုသေစွာ လိုက်နာကာ ၎င်းဝိပဿနာတရားကို အားထုတ်လျက် ဉာဏ်စဉ်တရား ကိုယ်တွေ့အားဖြင့် သိရှိနားလည်ဆုံးဖြတ်နိုင်သော အခြေသို့ ရောက်ခဲ့ရာ ၁,၃၁၅-ခု၊ တပေါင်းလဆန်း၊ ၃-ရက်နေ့၊ ၎င်းအား မဟာစည်ဆရာတော်က ၎င်းဝိပဿနာဉာဏ်စဉ်တရားကို အပြည့်အစုံ ရှင်းလင်းဟောပြပြီး ၎င်းတရားကို အားထုတ်လေ့ကျင့်စေခဲ့လေသည်။

## သာသနာပြုမည့် မစ္စတာဘွန်အန်အား ဥပသမ္ပဒရဟန်းပြုပေးခြင်း

မစ္စတာဘွန်းသည် ဗုဒ္ဓတရားတော်မြတ်ကို ကိုယ်တိုင်အားထုတ်တွေ့မြင်သိရှိရသဖြင့် ရဟန်းပြုကာ သာသနာတော်မြတ်ကို ပြုစုလိုသောသဒ္ဓါဆန္ဒ ထက်သန်လှသောကြောင့် ရဟန်းပြုရန် လျှောက်ထားရာ သတိုးသီရိသုဓမ္မသူဌေးကြီး ဆာဦးသွင်၊ ဒေါ်ဒေါ်သိန်းတို့က ရဟန်းဒကာအဖြစ်ခံယူကာ မဟာစည်ဆရာတော်အမှူးရှိသော သံဃာတော်များက ၁,၃၁၅-ခု၊ တပေါင်းလပြည့်ကျော်၊ ၁၅-ရက်၊ (၅-၄-၅၄) စနေနေ့၊ သာသနာ့ရိပ်သာသိမ်တော်၌ မဟာစည်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍–

- ကမ္မဝါစာဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဦးဉာဏုတ္တရ၊
- အဂ္ဂမဟာပဏ္ဍိတ၊ သီဟိုဠ်ဆရာတော် အရှင်အာနန္ဒမေတ္တေယျ၊
- တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၊
- သာသနာ့ရိပ်သာ ဥပတ္ထမ္ဘက ကမ္မဋ္ဌာနာစရိယ အရှင်သုဇာတ၊
- သာသနာ့ရိပ်သာ ဥပတ္ထမ္ဘက ကမ္မဋ္ဌာနာစရိယ အရှင်ဝဏ္ဏိတ–

တို့က ကမ္မဝါစာဖတ်ရွတ်တော်မူကြကာ မစ္စတာဘွန်အန် (ခ) ရဟန်းသစ် ဇိနရက္ခိတအား ဥပသမ္ပဒကံဆောင်ကြလျက် ရဟန်းအဖြစ်သို့ တက်ရောက်ခဲ့လေသည်။

ဤအင်ဒိုနီးရှားရဟန်းသစ်အား ဇိနရက္ခိတ-ဟု အမည်ဘွဲ့ သတ်မှတ်သည်မှာ အယူမှား ရန်သူအပေါင်းတို့အတွင်းမှာ သာသနာအောင်မြင်စွာ ပြုရမည်ဖြစ်၍ "မာရ် ၅-ပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားသည် သာသနာပြုခြင်းကိစ္စ၌ အမြဲတမ်း စောင့်ရှောက်ပါစေသတည်း"ရည်ရွယ်ခြင်းဖြင့် ပေးထား၍ သူသည် သာသနာတော်ကို ထက်သန်သော သဒ္ဓါတရားဖြင့် ဆောင်ရွက်အားထုတ်ကာ မဟာစည်ဆရာတော်ထံမှာ ၁-နှစ်ကျော်ကျော် တရားဓမ္မသင်ယူ, ကိုယ်တိုင်ကျင့်သုံးပြီးနောက် မိမိ၏ တိုင်းရင်းဌာန အင်ဒိုနီးရှားသို့ ပြန်ကြွသွားခဲ့လေသည်။ သို့ရာတွင် ၎င်းအင်ဒိုနီးရှား၌ သန်းပေါင်း ၆၀-ကျော်မှာ မူဆလင်ဘာသာများဖြစ်၍ ၎င်းသာသနာပြု အရှင်ဇိနရက္ခိတမှာ မိမိ၏ဇာတိဌာန အင်ဒိုနီးရှားသို့ ရောက်သော်လည်း သာသနာပြုဖို့ဝေးစွ၊ တစ်နေ့တစ်ရက်မျှ တည်းခိုနေထိုင် ရန်ပင် ခဲယဉ်းခြင်းနှင့် ရင်ဆိုင်ကာ ၎င်းမှာ မနေနိုင်သေးဘဲ မာလာယု၊ စင်္ကာပူတို့၌ ရှိကြ သော သီဟိုဠ်ဘုန်းကြီးကျောင်းများတွင် နေထိုင်လျက် ရံခါရံခါသာ အင်ဒိုနီးရှားသို့ သွား၍ စိတ်အားထက်သန်စွာ စပ်ဆိုင်ရာပုဂ္ဂိုလ်များအား တရားဓမ္မ ဟောပြောပြသပြီး ၎င်းတို့ သက်ဝင်ယုံကြည်စေကာ ဤသို့ တစ်စတစ်စ မဆုတ်နစ်သောဇွဲလုံ့လဖြင့် သာသနာပြု လုပ်ငန်း ကြိုးပမ်းအားထုတ်ခဲ့သောကြောင့် အင်ဒိုနီးရှားမှာ ၅-နှစ်အတွင်း ဝိဟာရသာသနာ့ **အဆောက်အအုံ** ကျောင်းပေါင်း ၂၀-ကျော်မျှ ရရှိလေသည့်အပြင် သရဏဂုံ ၃-ပါးနှင့် ၅-ပါး သီလကျင့်သုံးသူ ဥပါသကာ, ဥပါသကီ ယောကျ်ား, မိန်းမပေါင်း ၆၀၀-ကျော်မျှရှိခဲ့ လေသည်။

ထိုမှတပါး ထိုသူများထဲတွင် အဋ္ဌင်္ဂုပေါသထ ၈-ပါးသီလကိုပင် အမြဲတမ်း ဆောက်တည်သူများအချို့နှင့် သမထ, ဝိပဿနာအလုပ်ကို အားထုတ်သူများလည်း ရှိသည့် အပြင် သရဏဂုံ, သီလပင် မဆောက်တည်သော်လည်း ဗုဒ္ဓဓမ္မသာသနာကို ကြည်ညို လေးစား ညွတ်ကိုင်းသူများလည်း အတော်များစွာ ရှိနေကြရာ အချို့မှာ ဗုဒ္ဓသာသနာကို ရှင်ရဟန်းပြုကာ အမြဲတမ်း ထမ်းဆောင်လိုသူများ ရှိနေခဲ့လေသည်။

## သာသနာပြုရန် ထေရဝါဒနိုင်ငံများသို့ ပင့်လျှောက်ခြင်း

ဤသို့ ဗုဒ္ဓသာသနာတော်မြတ်ကို ထမ်းရွက်လိုသော ပုဂ္ဂိုလ်များရှိနေခြင်းကြောင့် ဗုဒ္ဓသာသနာတော်ကို အားထုတ်ပြုစုရန် တည်ထောင်ဖွဲ့စည်းထားသော သာသနာပြု အဖွဲ့အစည်း အသင့်ရှိပြီးဖြစ်၍ ထိုရှင်, ရဟန်းပြုလိုသူတို့အား ပြုပေးရန်နှင့် ဗုဒ္ဓသာသနာ တော်၏ အခြေအမြစ်ဖြစ်သော သိမ်ကိုလည်း သမုတ်ရန်အတွက် ထေရဝါဒဗုဒ္ဓနိုင်ငံများ

ဖြစ်သော သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, လာအိုနှင့် မြန်မာနိုင်ငံတို့မှ သာသနာပြုမထေရ်များ ပင့်ဆောင်ရန် အရှင်ဇိနရက္ခိတအမှူးရှိသော အင်ဒိုနီးရှား ဗုဒ္ဓသာသနာအသင်းအဖွဲ့များသည် အားထုတ်ကြိုးစား စီမံကြလေသည်။

ထိုသို့ စီမံကြရာတွင် ပင့်လျှောက်ရန် နိုင်ငံအသီးသီးသို့ ဆိုင်ရာနိုင်ငံ သံရုံးမှတဆင့် ပင့်ရန် စီမံပြီးလျှင် မြန်မာနိုင်ငံမှ သာသနာပြုကြွရန်အတွက် အင်ဒိုနီးရှား-မြန်မာသံရုံးမှ တဆင့် ၎င်းနိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့ကို မေတ္တာရပ်ခံကာ ပင့်ဖိတ်စာ ပို့လိုက်ရာ ဗုဒ္ဓသာသနအဖွဲ့က ထိုကိစ္စနှင့် စပ်လျဉ်း၍ စဉ်းစားရာ **"မဟာစည်ဆရာတော်သာလျှင် သာသနာပြုပုဂ္ဂိုလ် အရှင်ဇိနရက္ခိတ၏ဆရာဖြစ်၍ သင့်တော်ကြောင်း"** ဆုံးဖြတ်ပြီး ထိုဆရာတော်အား လျှောက်ထားရာတွင် ဆရာတော်လည်း "မိမိပင် အင်္ဂလိပ်ဘဲသာဖြင့် တရားမဟောနိုင်စေကာမူ အရှင်ဇိနရက္ခိတ ဆရာဖြစ်သည်ကို အင်ဒိုနီးရှားက သိပြီးဖြစ်သည့်အတိုင်း ချီးမြှောက်သောအားဖြင့် မိမိပင် လိုက်ပါမည်"ဟု လျှောက်ထားချက်ကို လက်ခံလိုက်လေသည်။

ဆရာတော်၏လက်ခံခြင်း ရရှိသဖြင့် နိုင်ငံတော် **ဗုဒ္ဓသာသနအဖွဲ့**က မြန်မာနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ အသွား,အပြန် လေယာဉ်ပျံလက်မှတ်မှစ၍ အစစ လိုအပ်သမျှတို့ကို သာသနာပြုကိစ္စတစ်ရပ် အနေအားဖြင့် ဆောင်ရွက်အားထုတ်ပြီးလျှင် စင်္ကာပူ၊ အင်ဒိုနီးရှားသို့ ရောက်သောအခါလည်း လိုအပ်သမျှ ပြည့်စုံအောင် ထောက်ပံ့ ဆောင်ရွက်ဖို့အတွက် ထိုနိုင်ငံရှိ သံရုံးအရာရှိများအား ဗုဒ္ဓသာသနအဖွဲ့ကပင် တာဝန်ယူ၍ မေတ္တာရပ်ခံဆောင်ရွက်ပေးလေသည်။

## သာသနာပြုကြွခြင်း

၁,၃၂၁-ခု၊ ကဆုန်လဆန်း၊ ၈-ရက်၊ (၁၄-၅-၅၉) ကြာသပတေးနေ့၊ ည ၇-နာရီအချိန် အင်ဒိုနီးရှားသို့ ကြွရန် ဗုဒ္ဓသာသနအဖွဲ့မှ သက်ဆိုင်ရာရုံးသားများ, ရိပ်သာမှ တပည့်များ သိုက်မြိုက်စွာ လေဆိပ်သို့ လိုက်ပို့ကြကာ ဘီ-အို-အေ-စီ လေယာဉ်ပျံဖြင့် စင်္ကာပူသို့ လိုက်ပါလျက် ၎င်းမှလည်း သံရုံးအရာရှိများက အစစ ဆောင်ရွက်ပေးကာ နောက်တစ်ရက် ဂျာကာတာလေဆိပ်သို့ ချမ်းသာစွာ ရောက်ရှိလေသည်။

လေဆိပ်၌ သီဟိုဠ်နိုင်ငံ၊ ယိုးဒယားနိုင်ငံ သံမှူးများနှင့်တကွ မြန်မာနိုင်ငံသံမှူး **ဦးတင်လတ်၊ ဦးဖေသန်း၊** အတွင်းဝန်တို့အပြင် အရှင်ဇိနရက္ခိတနှင့် အင်ဒိုနီးရှား ဒကာ, ဒကာမများ, ဂျပန်မှအပြန် ရောက်နှင့်ကြသော သီဟိုဠ်**အရှင်အရိယဝံသနှင့်** အရှင်

သရဏပါလတို့ အသင့်ကြိုဆိုနေကြ၍ ၎င်းမှ အရှင်ဇိနရက္ခိတတို့၏ တည်းခိုရာဌာနသို့ ကားဖြင့် ထွက်ခွာလာခဲ့ရာ ၎င်းမှာ သီဟိုဠ်မှ ကြွလာကြသော အရှင်နာရဒ၊ အရှင်သင်္ဃဿရ၊ အရှင်မဟာနာမ၊ အရှင်ပိယဒဿတို့နှင့် ယိုးဒယားရဟန်း ၁-ပါးလည်း ရောက်နေနှင့်ကြသည်ကို တွေ့ရလေသည်။

ထို့နောက် (၁၆-၅-၅၉)၊ ကဆုန်လဆန်း၊ ၁၀-ရက်နေ့မှာ မြန်မာ, သီဟိုဠ်, ယိုးဒယား သံရုံးအရာရှိများက ဆွမ်းကပ်ကြပြီး ထိုနေ့ ညနေ ယိုးဒယားမှ နောက်ပါရဟန်းတော် ၂-ပါး ကပ္ပိယကာရက သာသနာရေးအရာရှိတစ်ဦးနှင့် ဖရားဝိသာလသမဏဂုဏမထေရ် လေယာဉ်ဖြင့် ဆိုက်ရောက်လာသည့်အပြင် ၎င်းညမှာ ကမ္ဘောဒီးယားမှ ကပ္ပိယကာရက ဒါယကာ ၂-ဦး၊ ရဟန်းတော် ဘိက္ခုစန္ဒဝံသ၊ နောက်ပါ ၁-ပါးနှင့် ဘဒ္ဒန္တမဟာသုမေဓာဓိပတိ-ဂဏမဟာနိကာယ ဘွဲ့တံဆိပ်တော်ရှိသော ကမ္ဘောဒီးယား မဟာသံဃရာဇာဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွရောက်တော်မူလာသည်။

ယခု အင်ဒိုနီးရှားသို့ ရောက်ရှိလာသော ထေရဝါဒသံဃာတော်များမှာ ဆိုခဲ့ပြီးသော ကမ္ဘောဒီးယားသံဃရာဇာဆရာတော်ဘုရား အမှူးထားသော နိုင်ငံခြားသံဃာတော် ၁၃-ပါး၊ အင်ဒိုနီးရှားသာသနာပြု အရှင်ဇိနရက္ခိတ ၁-ပါး၊ ၁၄-ပါးသော ထေရဝါဒသံဃာတော်များသည် ဤအင်ဒိုနီးရှား ဂျာဝါးကျွန်း၌ စုဝေးမိကြသည်ကား လွန်ခဲ့သော နှစ်ပေါင်း ၁,၀၀၀-အတွင်းမှာ ဘယ်အခါမှ မဖြစ်ဖူးသောကြောင့် အံ့တစ်ပါးပင် ဖြစ်လေသည်။

## ပဌမဆုံး ရှင်ပြုပွဲ

နောက်တစ်နေ့ (၁၇-၆-၅၉)၊ ကဆုန်လဆန်း၊ ၁၁-ရက်၊ နေ့ ၈-နာရီ အချိန်မှာ ရောက်ရှိသော သံဃာ ၁၄-ပါး စုဝေးမိ၍ သာရိပုတ္တစကူးလ်ခေါ် စာသင်ကျောင်း၌ ၎င်းကျောင်းအုပ်ဆရာကြီး မစ္စတာအောင်အား သမဏေလောင်း ပြုလုပ်ပြီး ရှင်ပြုပွဲ စ-ရာ ၎င်းကို အရှင်နာရဒမထေရ်က အင်္ဂလိပ်ဘာသာဖြင့် ပြောဟောကာ ရှင်သာမဏေ ပြုပေးပြီး သံဃာတော် အရှင်မြတ်များက ပရိတ်ရွတ်ဖတ်ပြီးနောက် အရှင်နာရဒမထေရ်ကပင် အနု-မောဒနာတရားဆက်၍ ဟောကြားရာ ဤကျွန်းနိုင်ငံ၌ ဤကဲ့သို့သော ထေရဝါဒရှင်ပြုပွဲမျိုး တစ်ခါမျှ မတွေ့ကြုံဖူးသောကြောင့် လာရောက်ကြည့်ရှုသူ ပရိသတ် အမြောက်အမြားမှာ များစွာ ဝမ်းမြောက်အံ့ဩကြလေသည်။

၎င်းရှင်သာမဏေသစ်၏အမည်ကို မဟာစည်ဆရာတော်က ၎င်း၏တပည့် သာသနာပြု ဇိနရက္ခိတအမည်ပေးသကဲ့သို့ ဇိနပုတ္တဟု အရှင်နာရဒက အဆက်အနွယ် ထင်ရှားအောင် အမည်ပေးကာ အင်ဒိုနီးရှား၌ ထင်ရှားသော ဂျာဝါး, ဂျကာတာ, ဂျလန်-စသည် ထင်ရှားသော အရာတို့၌ (ဂျေ) စသကဲ့သို့ (ဂျိန)မှာ ဂျေစ၍ အောင်မြင်ခြင်း အဓိပ္ပါယ်ရှိသော အမည်နာမအတိုင်း သာသနာပြုလုပ်ငန်း အောင်မြင်စွာ စွမ်းဆောင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဘွဲ့မည်ပေးသည်-ဟု သိမှတ်အပ်ပေသည်။

၎င်းရှင်ပြုကိစ္စ အခမ်းအနား ပြီးသောအခါ ရဟန်းတော် ၁၄-ပါးနှင့် ရှင်သာမဏေ ဇိနပုတ္တတို့အား သက်သတ်လွတ် ဆွမ်းဟင်းလျာများဖြင့် မဟာယာန အဆက်အနွယ်များက ရဟန်းများ သက်သတ်လွတ်စားမှ ကြည်ညိုနှစ်သက်သည့်အတိုင်း ဖွယ်ဖွယ်ရာရာ ဆွမ်းကပ် ကြ၍ ဆွမ်းကိစ္စပြီးပြီးနောက် သာသနာပြုလုပ်ငန်းအရ အကျိုးများမည့် ဌာနများသို့ သွားရောက်ကာ တရားဓမ္မဟောပြကြရန် ခရီးထွက်ဖို့ စီစဉ်ကြလေသည်။

(၁၇-၅-၅၉) နေ့ ၁၂-နာရီခွဲမှာ သာသနာပြုဆရာတော်တစ်ဖွဲ့လုံးပင် ဂျကာတာမှ ကီလိုမီတာ-၂၈၀၊ မိုင် ၁၈၅-ဝေးသော ဘန်ဒွန်းမြို့သို့ တောင်တန်းများကို ဖြတ်ကျော်ကာ ကားများဖြင့် သွားကြ၍ ညနေ ၄-နာရီ၊ မိနစ် ၄၀-အချိန် ၎င်းမြို့ ဒဂို ၃-လမ်း၊ ဝိမလဓမ္မ-ဝိဟာရသို့ ရောက်ကြ၍ ၎င်းကျောင်း၌ မြန်မာနိုင်ငံ ဗုဒ္ဓသာသနအဖွဲ့မှ လှူဒါန်းလိုက်သော ဉာဏ်တော် ၂-တောင်ခန့် ကြည်ညိုဖွယ်ကောင်းသော ကြေးဆင်းတုတော် ၁-ဆူ ဖူးတွေ့ ကြရသည်။

၎င်းည ၇-နာရီအချိန်မှာ ဘန်ဒွန်းမြို့ရှိ အရှင်ဇိနရက္ခိတ တပည့် ဥပါသကာ, ဥပါသိကာများ ၎င်းဆင်းတုတော်ရှေ့မှာ စုဝေးကြပြီး သရဏဂုံသီလ ဆောက်တည်ကြလျက် ပရိတ်တရား ဂါထာများကို တစ်သံတည်း ညီညီညာညာ ရွတ်ဆိုနေကြသော အသံကို သာသနာပြုဆရာတော်များ ကြားရ၍ ဤသန်း ၅၀-မျှရှိသော ဂျာဝါးကျွန်းကြီးမှာ မူဆလင် ဘာသာချည်းလိုလို ဖြစ်နေသည့် အကြားတွင် ဤလို ဗုဒ္ဓသာသနဓမ္မကို လေးလေးစားစား ဥပါသကာ, ဥပါသိကာများ ထွက်ပေါ်လာသည်မှာ ဝမ်းမြောက်အံ့သြစရာပဲ-ဟု အောက်မေ့ တော်မူကြသည်။

၎င်းဥပါသကာ, ဥပါသိကာများ စိတ်အားထက်သန်စွာဖြင့် ရှိနေကြ၍ ည ၈-နာရီ အချိန်မှာ တရားပွဲကျင်းပကာ သာသနာပြုဆရာတော်များက မေတ္တသုတ် ပရိတ်တရားဖြင့် ရွတ်ဆို ချီးမြှောက်ကြပြီးနောက် အရှင်နာရဒမထေရ်က အင်္ဂလိပ်ဘာသာဖြင့် တရားဟော တော်မူပြီး အရှင်ဇိနရက္ခိတက အင်ဒိုနီးရှားဘာသာဖြင့် ပြန်ဆိုဟောပြလျက် ၁၁-နာရီမှာ တရားပြီးဆုံးလေသည်။

(၁၈-၅-၅၉)၊ ကဆုန်လဆန်း ၁၂-ရက်နေ့၌ နံနက်ဆွမ်းကိစ္စ ပြီးသောအခါ သာသနာပြုဆရာတော်များသည် ၇-နာရီခွဲအချိန် ဘန်ဒွန်းမြို့မှ ကားဖြင့်ထွက်ခွါလာရာ ၁၁-နာရီမှာ ဂျိရေဘွန်မြို့သို့ ရောက်ကြ၍ တရုတ်ဘုရားကျောင်း၌ ဆွမ်းစားကြပြီး ၎င်းမှ ထွက်ခွါလာရာ ၁-နာရီကျော်မှာ တေဝလ်မြို့ရောက်လာကြပြီး ခေတ္တတရုတ်ကျောင်း၌ နားကာ အဖျော်ယမကာများသောက်ပြီး ရှင်သာမဏေသစ် ရှင်ဇိနပုတ္တက တရုတ်အမျိုးသားများအား တရားဓမ္မ အနည်းငယ်ဟောပြီး ခရီးဆက်ကာ ပေတလုံဂံမြို့သို့ ရောက်၍ တရားဓမ္မအနည်းငယ်နှင့် မေတ္တာသုတ်ပရိတ် ချီးမြှောက်ပြီးနောက် ဘန်ဒွန်းမြို့မှ ကီလိုမီတာ-၃၆၈၊ မိုင် ၂၂၈-ဝေးသော ဆမာရမ်မြို့၊ ဝါတုဂုံအရပ်၊ ဝိဟာရဗုဒ္ဓဂယာကျောင်းသို့ ဆိုက်ရောက်ကြလေသည်။

ထိုနေ့မှာ ခရီးအတော်ရှည်လျားစွာ ကြွတော်မူကြ၍ ပင်ပန်းကြသော်လည်း သာသနာမထွန်းကားသေးသော မြို့,ရွာဒေသများ သွားရောက်သာသနာပြုရသဖြင့် ဘုရားရှင်လက်ထက်က ဤမျှမက ခြေကျင်ကြွတော်မူကြရသေးသည်-ဟု ဆင်ခြင်တော်မူကြကာ စိတ်အားထက်သန်စွာ ရှိကြရာ ၎င်းကျောင်းမှာလည်း ဆမာရမ်မြို့မှ တောင်ဘက် ၁၀-မိုင်လောက်ဝေးကွာ၍ သာယာဆိတ်ငြိမ် ကျယ်ပြန့်သော ကျောင်းအာရာမ်ကို တွေ့ရသဖြင့်လည်း အားတက်ရွှင်ပျလျက် ရှိတော်မူကြသည်။

## ဒုတိယရှင်ပြုပွဲ သိမ်သမုတ်ရဟန်းပြုပွဲများနှင့် ဝိဟာရဗုဒ္ဓဂယာကျောင်း ဝေသာခပွဲတော်

(၁၉-၆-၅၉)၊ ကဆုန်လဆန်း ၁၃-ရက်နေ့မှာ ဝိဟာရဗုဒ္ဓဂယာမှ ၁-မိုင်ခန့်ဝေးသော ပေ ၂၀၀-ခန့်နိမ့်သည့် ဗုဒ္ဓဇယန္တိဝိဟာရသို့ သိမ်သမုတ်ရန် သွားရောက်ကြည့်ရှုကြရာ ၎င်းကျောင်းတိုက်မှာ တရုတ်ဒကာတစ်ဦးက လှူဒါန်းသော ပေ ၂၀၀-လောက် ကျယ်ဝန်း၍ ကျောင်းငယ် ၂-ဆောင်နှင့် ကျောင်းကြီး ၁-ဆောင်ရှိသည်တွင် ကျောင်းကြီးမှာ ပေ အလျား-၄၀၊ အနံ ၃၀-ရှိသဖြင့် ၎င်းကို သိမ်သမုတ်ရန် သင့်တော်သည်-ဟု အားလုံးက သဘောတူညီကြ၍ ၎င်းကို သတ်မှတ်ကြသည်။

ဤသို့ သိမ်သမုတ်ရန် နေရာသတ်မှတ် ကြည့်ရှုပြီး ဆမာရမ်သို့ ပြန်ကြွပြီးနောက် (၂၀-၅-၅၉)၊ ကဆုန်လဆန်း ၁၄-ရက်နေ့၌ ဗောရောဗုဒူးအစည်းအဝေးပွဲတွင် ပြောဟောရန်

မိန့်ခွန်းများ ရေးသားစီစဉ်ပြီးလျှင် နောက်နေ့ (၂၁-၅-၅၉)၊ ကဆုန်လပြည့်နေ့၊ နံနက် ၅-နာရီတွင် ဆမာရမ်မြို့မှ ရှင်သာမဏေ ၁-ပါး, ဗာလီကျွန်းမှ ရှင်သာမဏေ ၁-ပါး ၎င်းတို့အား ဇိနာနန္ဒ၊ ဇိနပ္ပိယ-ဟု အရှင်ဇိနရက္ခိတ အနွယ်ဝံသအတိုင်း အမည်ပေးကာ ရှင်သာမဏေပြုပြီး ပရိတ်ရွတ်ဖတ် အနုမောဒနာပြုလျက် ဒုတိယရှင်ပြုပွဲကြီး ပြီးဆုံးသွားရာ လာရောက်ကြသော ပရိသတ် ၂၀၀-လောက်မှာ မမြင်စဖူး အထူးအံ့သြ ဝမ်းမြောက်ကြပါသည်။

၎င်းနေ့ မွန်းလွဲ ၂-နာရီအချိန်မှာ အလျှင်တစ်နေ့က သွားရောက်သတ်မှတ်ခဲ့ဖူးသော ဗုဒ္ဓဇယန္တိဝိဟာရသို့ သိမ်သမုတ်ရန် ကြွသွားပြီး ပြင်ဆင်ကြကာ အရှင်နာရဒမထေရ်က အရပ် ၈-မျက်နှာ သိမ်နိမိတ်များ ကြား၍ မဟာစည်ဆရာတော်က အလယ်ဗဟိုဌာနမှ နေ၍ သိမ်နိမိတ်များ ကြေညာပြောကြားပြီး အရှင်နာရဒမထေရ်၊ အရှင်အရိယဝံသမထေရ်၊ မဟာစည်ဆရာတော်တို့က တပြိုင်နက် ကမ္မဝါစာ ရွတ်ဖတ် သိမ်သမုတ်ပြီးနောက် ၎င်းနေ့မှာကား မြန်မာ-သီဟိုဠ်တို့ ဝေါဟာရ လ, ရက် အားဖြင့် လပြည့်နေ့ ဖြစ်သောကြောင့် သံဃဥပုသ်ကံကိုလည်း ပြုကြရာ ၎င်းသိမ်သမုတ်ပွဲသို့ မြန်မာ, သီဟိုဠ်, ယိုးဒယားနိုင်ငံများမှ သံမှူးများလည်း တက်ရောက်ကြကာ လာရောက်ကြသော ပရိသတ် ၃၀၀-ကျော်လောက်တို့မှာလည်း အထူးဝမ်းမြောက်ကြလေသည်။

## ဗုဒ္ဓဂယာဝိဟာရ၌ ဝေသာခပွဲတော် ကျင်းပခြင်း

(၂၁-၅-၅၉) ဆမာရမ်မြို့အနီး ဝါတုဂုံအရပ်၊ ဝိဟာရဗုဒ္ဓဂယာကျောင်း၌ ညနေ ၅-နာရီအချိန်မှာ ဝိသာခပုဏ္ဏမီ၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ ဝေသာခပွဲတော် ကျင်းပရာ အရှင်နာရဒမထေရ်က ၎င်းဝေသာခပွဲတော်နှင့် စပ်ဆိုင်သော တရားစကားများ, ရှင်ပြုရဟန်းခံနှင့် စပ်ဆိုင်သော တရားစကားများ, ထေရဝါဒနိုင်ငံမှ ထောက်ပံ့လှူဒါန်းခြင်းနှင့် စပ်ဆိုင်သော တရားစကားများကို ဟောကြားတော်မူသည်။

၎င်းပြင် ထိုပွဲတော် အခမ်းအနား၌ပင် ယိုးဒယား, ကမ္ဘောဒီးယား, သီဟိုဠ်နိုင်ငံတို့မှ အင်ဒိုနီးရှား ရှင်ပြုရဟန်းခံကိစ္စအတွက် လှူဒါန်းလိုက်သော သပိတ်, သင်္ကန်းများကို သက်ဆိုင်ရာတို့က လှူဒါန်းကြသည့်အပြင် မြန်မာနိုင်ငံ ဗုဒ္ဓသာသနအဖွဲ့မှလည်း ရှင်ရဟန်းလောင်း ၆-ပါးအတွက် ရည်စူး၍ –

၁။ ၂-ထပ်သက်န်းကြီး ၃-ထည်

၂။ ဒွိစုံသင်္ကန်း ၁၂-စုံ

၃။ သပိတ်နှင့်သပိတ်အိတ် ၆-စုံ

၄။ သင်တုံးဓား, ခါးပန်း, ရေစစ်, အပ်ထုပ်နှင့် အပ်ချည်, ယပ် ၆-ခုစီ–

ဤရဟန်းပရိက္ခရာများကို မြန်မာသံမှူး ဦးတင်လတ်က အဖွဲ့ကိုယ်စား လှူဒါန်းလေသည်။

ထိုမှတပါး တရားအားထုတ်ခြင်းအကြောင်း အင်္ဂလိပ်ဘာသာပြန် စာအုပ်များနှင့် သတိုးမဟာသရေစည်သူ, တရားဝန်ကြီး ဦးချန်ထွန်း၏ အမေရိကန်ဘာသာရေး အစည်းအဝေးများ၌ ဟောပြောခဲ့သော မိန့်ခွန်းစာအုပ်များလည်း ပေးလိုက်၍ ၎င်းတို့ကို အရှင်ဇိနရက္ခိတက ပေးသင့်ပေးထိုက်သောသူများ ရွေးချယ်၍ တရားဟောလှည့်ရာ ဌာနတိုင်းဝေငှ ဖြန့်ဖြူးခဲ့လေသည်။

ဤဝေသာခ အစည်းအဝေး၌ အရှင်နာရဒမထေရ် တရားစကား ပြောဟောပြီး လှူဒါန်းဖွယ်များ လှူဒါန်းပြီးနောက် ခေတ္တနားပြီးလျှင် ည ၇-နာရီ၊ မိနစ် ၂၀-အချိန်မှာ မဟာစည်ဆရာတော်က ဝိပဿနာတရား အကျဉ်းချုပ် ဟောကြားတော်မူ၍ သံမှူးဦးတင်လတ်က အင်္ဂလိပ်ဘာသာပြန်ပြီး အရှင်ဇိနရက္ခိတ-က ပရိသတ်အား အင်ဒိုနီးရှားဘာသာဖြင့် ပြန်၍ဟောပြရာ ပရိသတ် ၂၀၀-ကျော်လောက်မှာ တရားသဘော နားလည်သိရှိ ဝမ်းမြောက်ကြလေသည်။

## ပထမ, ရဟန်းခံပွဲ

ထို့နောက် ကဆုန်လပြည့်ကျော် ၁-ရက်နေ့၊ နံနက် ၈-နာရီမှာ ယခင်နေ့က သမုတ်ထားခဲ့သော ဗုဒ္ဓဇယန္တီသိမ်၌ ရှင်သာမဏေ ဇိနပုတ္တအား ကမ္ဘောဒီးယား သံဃရာဇာ-ဘဒ္ဒန္တသုမေဓာဓိပတိ ဆရာတော်ဘုရားကြီးက ဥပဇ္ဈာယ်ပြုတော်မူ၍ အရှင်နာရဒ၊ အရှင်အရိယဝံသ၊ မဟာစည်ဆရာတော်တို့က ကမ္မဝါစာရွတ်ကာ ဥပသမ္ပဒ ရဟန်းအဖြစ်သို့ ချီးမြှောက်တော်မူကြသည်။

ဥပသမ္ပဒ ကံဆောင်ရာသို့ လာရောက်ကြည်ညိုကြသော ပရိသတ်အပေါင်းအား အရှင်နာရဒက အနုမောဒနာတရား ဟောကြားသည်မှာ–

"အင်ဒိုနီးရှားပြည်၌ ရှေးက မကြားဖူးသော ထေရဝါဒရဟန်းခံခြင်း ကိစ္စကိုလည်း ဆောင်ရွက်ပြီးသွားကြောင်း–

လွန်ခဲ့သော ၂၅-နှစ်လောက်က ဂျာဝါးကျွန်းသို့ ရောက်ခဲ့ဖူးရာ ထိုအခါက ဗုဒ္ဓဘာသာဝင် အစစ်ဆိုလျှင် တစ်ဦးတစ်ယောက်မျှ မတွေ့ခဲ့ရကြောင်း၊ လွန်ခဲ့သော ၅-နှစ်အတွင်းမှာမှ အင်ဒိုနီးရှား၌ ဗုဒ္ဓဘာသာ ရဟန်းဆိုလျှင် အရှင်ဇိနရက္ခိတ တစ်ပါးတည်းသာ ရှိခဲ့ကြောင်း၊ ၎င်းမှာ သာသနာတည်ထွန်းရန်အတွက် ၁-ပါးတည်းပင် ၅-နှစ်ပတ်လုံး ကြိုးစားခဲ့သဖြင့် ယခုအခါ ဗုဒ္ဓဘာသာဝင်အစစ်ဖြစ်သော အင်ဒိုနီးရှား ပြည်သူ, ပြည်သား ဥပါသကာ, ဥပါသိကာများ များစွာတွေ့မြင်ရကြောင်း၊

ဝိဟာရခေါ်သော ကျောင်းများလည်း တည်ရှိနေကာ သာသနာတော်၏ အခြေအမြစ်ဖြစ်သော သိမ်လည်းဖြစ်ပေါ်လာသည့်အပြင် အင်ဒိုနီးရှားပြည်သား ရဟန်း ၁-ပါး လည်း တိုးလာကာ ယမန်နေ့က ရှင်သာမဏေ ၂-ပါး ပြုထားသဖြင့် ယခုအခါ ရှင်သာမဏေ ၄-ပါးရှိနေပြီဖြစ်ကြောင်း၊

သို့ဖြစ်၍ အရှင်ဇိနရက္ခိတမှာ ယခုမှစ၍ နောင်အခါများ၌ သာသနာပြုလုပ်ငန်း အကူအညီ ရဟန်းသာမဏေများနှင့် ယခုထက် အားထုတ်ကာ တိုးတက်ဆောင်ရွက်နိုင် လိမ့်မည်-ဟု မျှော်လင့်ရကြောင်း၊

ယခုလာရောက် ကြည်ညိုအားပေးကြသော ပုဂ္ဂိုလ်များမှာ သာသနာတော်ကို ဝိုင်းဝန်း အားပေးထောက်ပံ့ကြသောသူများ ဖြစ်၍ လွန်ကဲထူးမြတ်သော ကုသိုလ်အထူးကို ရရှိကြောင်း၊ ဤကုသိုလ်တို့၏အစွမ်းကြောင့် ထူးကဲမြင့်မြတ်သော လူ, နတ်, နိဗ္ဗာန် ၃-တန် သော ချမ်းသာကို မိမိတို့ဆန္ဒအတိုင်း ရကြမည်မှာ ဧကန်မုချဖြစ်ကြောင်း၊

နောင်လည်း ဤလို သာသနာပြုကိစ္စကြီးကို စွမ်းနိုင်သည့်ဘက်မှ အားပေးကူညီ ကြစေလိုကြောင်း" စသည်ဖြင့် ဟောကြားခဲ့လေသည်။

## ဗောရောဗူဒူးစေတီတော် အကြောင်းနှင့် ဝေသာခပွဲတော် ကြွကြခြင်း

(၂၂-၅-၅၉) နေ့သည် စန်းယှဉ်နက္ခတ်အားဖြင့် တိထိရက်စွဲ ကဆုန်လပြည့်နေ့ ဖြစ်သည်-ဟု ကမ္ဘာ့နိုင်ငံ ၄၀-က ဗုဒ္ဓဘာသာဝင်တို့မှာ ဝေသာခဗုဒ္ဓနေ့အဖြစ် ကျင်းပကြ သောကြောင့် ထိုနေ့မှာပင် ဗောရောဗူဒူးစေတီတော်၌ ဗုဒ္ဓနေ့ အခမ်းအနားကျင်းပရန် စီစဉ်ထားသည့်အတိုင်း သာသနာပြုဆရာတော်များသည် နေ့ ၁၂-နာရီ ၁၅-မိနစ် အချိန်မှာ

နောက်ပါ တပည့်ပရိသတ်များနှင့်တကွ မိုင် ၆၀-လောက်ဝေးကွာသော ဗောရောဗူဒူး စေတီတော်ကြီးသို့ ကားဖြင့် ထွက်ခွါသွားခဲ့ကြလေသည်။

နေ့ ၁-နာရီ၊ ၄၅-မိနစ်မှာ ဗောရောဗူဒူးမှ ၂-မိုင်လောက် ဝေးကွာသော ဂျန္တိမင်-ဒွတ်စေတီသို့ရောက်ကာ ၎င်းကား မင်းဒွတ်အရပ်တွင် တည်ရှိသည့် ဘုရားကျောင်း-ဟု ဆိုလို၍ ကျောက်တုံးများဖြင့် လိုဏ်ဂူများသဏ္ဍာန် တည်ဆောက်ကာ အောက်ခြေခုံမှာ ၈-ပေလောက်နှင့် ကျောင်းဆောင်မှာ ပေ ၂၀-လောက်မြင့်သည်။ အပြင်အခန်း ပလ္လင်ထက်မှာ ခြေတွဲလွဲချလျက် ထိုင်နေတော်မူသော ရုပ်ပွါးတော် ၁-ဆူနှင့် ဘေး ၂-ဘက်မှာ ထိုင်လျက်နေသော ဗောဓိသတ္တရုပ်တု ၂-ခုရှိလေသည်။ ဗောရောဗူဒူးဘုရားသို့ သွားသော သူများမှာ ဂျန္တိမင်ဒွတ်ဘုရားကို ဖူးပြီးမှ သွားရောက်ဖူးမြော်လေ့ရှိကြသည်-ဟု ပြောဆိုကြသည့်အတိုင်း ထိုနေ့က ဂျန္တိမင်ဒွတ်၌ စည်းဝေးရောက်ရှိနေသော ပရိသတ်မှာ ၃,၀၀၀-ခန့်လောက် ရှိမည်ထင်ရလေသည်။

ထိုဘုရားကျောင်းဆောင်အတွင်းသို့ ဝင်ရောက်ပြီးလျှင် ဘုရားဂူဏ်တော်ကို အာရုံပြုလျက် ဆီမီး, ပန်း, အမွှေးတိုင်များဖြင့် ပူဇော်ကန်တော့ကြကာ ဥပါသကာ, ဥပါသိကာမများက သံပြိုင်ညီတူ ရွတ်ဆိုသီလတောင်းကြသည်ကို မဟာစည်ဆရာတော်က သီလပေးပြီးနောက် သံဃာများက ပရိတ်ရွတ်ကြ၍ ဥပါသကာ, ဥပါသိကာမ များကလည်း အောင်ခြင်း ၈-ပါးဂါထာ စသည်များကို အင်ဒိုနီးရှား သံနေသံထားနှင့် သာယာစွာ ရွတ်ဆိုပူဇော်ကြကာ အရှင်နာရဒမထေရ်က အင်္ဂလိပ်ဘာသာဖြင့် တရားဟောသည်ကို အရှင်ဇိနရက္ခိတက အင်ဒိုနီးရှားဘာသာဖြင့် ပြန်ဆို ဟောပြလေသည်။ ထိုအခါမှာ မိုးရွာလျက်ပင်နေသော်လည်း လာရောက်ကြည့်ရှု နားထောင်နေကြသော ပရိသတ်ကား ဖွဲကောင်းစွာနှင့်ပင် ကြည့်ရှု နားထောင်နေကြ၍ ၎င်းပရိသတ်ကား များသောအားဖြင့် ဗုဒ္ဓဘာသာ မဟုတ်ကြဘဲ မမြင်ဖူး၍ ထူးဆန်းသော အနေအားဖြင့် ကြည့်ရှုနေကြခြင်း ဖြစ်လေသည်။

ထို့နောက် ဗောရောဗူဒူးသို့ ကားဖြင့် ထွက်ခွါလာခဲ့ကြရာ ၃-နာရီခွဲမှာ စေတီတော်ကြီး၏အနီး ဧည့်ခံမဏ္ဍပ်သို့ ရောက်ကြပြီးသောအခါ လာရောက်ကြည့်ရှုကြသော ပရိသတ်မှာ စေတီတော်ခြေရင်းရှိ အလျား, အနံ, ပေ ၆,၀၀၀ × ၃၀၀ လောက် ကျယ်ဝန်းသော ကွင်းပြင်ကြီး ပြည့်လျက်ရှိနေသော ပရိသတ်ကြီးကို တွေ့ရလေသည်။

၎င်းနေ့ ညနေ ၅-နာရီအချိန်မှာ အခမ်းအနားစဖွင့်၍–

- အရှင်နာရဒမထေရ်က ဝေသာခပွဲတော်ကျင်းပခြင်းအကြောင်း
- ဗောရောဗူဒူးစေတီတော်ကြီး၏အကြောင်း

- ထေရဝါဒနိုင်ငံများမှ မထေရ်မြတ်များ ကြွလာတော်မူခြင်း၏အကြောင်း
- သိမ်သမုတ်ခြင်း, ရဟန်းခံခြင်း၏အကြောင်း–

စသည်တို့ကို ပြောဟောပြီးနောက်–

- ကမ္ဘာဒီးယားသာသနာပိုင် ဆရာတော်ဘုရားကြီး
- မဟာစည်ဆရာတော်
- ယိုးဒယားဆရာတော်
- ဂျပန်ဘုန်းတော်ကြီး ၁-ပါး

ဤဆရာတော်များကလည်း အနည်းငယ်စီ ပြောဟောကြပြီးလျှင် ယိုးဒယား, သီဟိုဠ်, မြန်မာ သံမှူးများနှင့် အင်ဒိုနီးရှားဗုဒ္ဓဘာသာအဖွဲ့ဝင် ပုဂ္ဂိုလ်များကလည်း အနည်းငယ်စီ ပြောဟောပြီးနောက် စေတီတော်ကြီးကို လက်ျာရစ် လှည့်လည်၍ ပူဇော်ကြသည်။

ဗောရောဗုဒူးစေတီတော်မြတ်ကြီးမှာ ပတ်လည်လှည့်လည်နိုင်သော အဆင့် ၉-ဆင့် ရှိသည်။ ကမ္ဘာဒီးယားသာသနာပိုင်ဆရာတော်ကြီးမှာ ရှေ့ဆုံးက မီးတိုင်ကို ကိုင်လျက် လှည့်လည်တော်မူကာ နောက်မှအစဉ်အတိုင်း သံဃာတော်များ၊ ဒါယကာ, ဒါယိကာမများ ကလည်း မီးတိုင်ကိုယ်စီကိုင်လျက် မိမိတို့နှလုံးသွင်းရင်း ဂုဏ်တော်များကို ရွတ်ဆိုကြကာ လှည့်လည်ပူဇော်ကြသည်ကား အလွန်ကြည်နူးဝမ်းမြောက်ခြင်း ဖြစ်ကြလေသည်။

## ၎င်းစေတီတော်ကြီး၏ ပုံသဏ္ဌာန်နှင့် အတ္ထုပ္ပတ္တိအကျဉ်း

ဗောရောဗုဒူးဟူသောအမည်မှာ ဝိဟာရဗုဒ္ဓူး- ဗုဒူးရွာအနီးတည်ဆောက်ထားသော ကျောင်းတော်ကြီးဟု ဆိုလို၍ ၎င်းစေတီတော်ကြီး၏ပုံသဏ္ဌာန်မှာ အောက်ခြေဖိနပ်တော် အကျယ် အလျား×အနံ ၃၉၄-ပေစီရှိ၍ အမြင့် ၁၃၈-ပေရှိသည်။

သမံတလင်း ဖိနပ်တော်ခုံမှ အထက် ၄-ဆင့်ရှိ၍ ၎င်းမှာ ဝရံတာအကာနှင့် အတွင်းဘက်နံရံကြား၌ လှည့်လည် သွားလာနိုင်သော အဆင့်များရှိရာ အပြင်ဝ, ဝရံတာ အထက် မုခ်ဝ ၄-ဘက်ရှိသော အဆောင်ကလေးများ အတွင်းမှာ လူပမာဏရှိသော တင်ပလ္လင်ခွေရုပ်ပွါးတော် ၁-ဆူစီရှိကာ တစ်မျက်နှာလျှင် ၁၀၈-ဆူရှိသဖြင့် ၄-မျက်နှာ၌ ၄၃၂-ဆူရှိလေသည်။

## ဆင်းတုတော် ၄-မျိုး

၎င်းဆင်းတုတော်များတွင် တစ်မျက်နှာနှင့် တစ်မျက်နှာ ပုံသဏ္ဍာန်ချင်း မတူကြဘဲ တစ်မျိုးစီရှိရာ-

**၁။ အဘယမုဒြာ**

မြောက်မျက်နှာ ၁၀၈-ဆူမှာ လက်ျာလက်ဝါးဖြင့် ကာလျက် ဟန့်တားနေပုံ ဖြစ်၍ ၎င်းကို **အဘယမုဒြာ** ခေါ်သည်။

"မာ ဘာယိ မဟာနာမ" "မကြောက်နှင့် မဟာနာမ်" ဤသို့ စသည်ဖြင့် အားပေးလျက် တရားဟောနေတော်မူပုံ ဖြစ်သည်။

**၂။ ဘူမိဖဿမုဒြာ**

အရှေ့မျက်နှာ ၁၀၈-ဆူမှာ လက်ျာလက်ဝါးကို လက်ျာခြေပေါ်၌ မှောက်လျက် တင်ထားသောပုံဖြစ်၍ ၎င်းကို **ဘူမိဖဿမုဒြာ**ဟု ခေါ်သည်။

ဘူမိဖဿ-မြေကြီးကို သက်သေထူပြနေသောပုံ ဖြစ်သည်။

**၃။ ဒါနမုဒြာ**

တောင်မျက်နှာ ၁၀၈-ဆူမှာ လက်ျာလက်ဝါးကို လက်ျာခြေပေါ်၌ ပက်လက်ဖြန့်လျက် တင်ထားသောပုံဖြစ်၍ ၎င်းကို ဒါနမုဒြာဟု ခေါ်သည်။

ပစ္စည်းဥစ္စာကို တွယ်တာသိမ်းပိုက်ဆုပ်ကိုင်မထားဘဲ ပယတပါဏိ ဖြန့်သော လက်ရှိလျက် ရက်ရက်ရောရော ပေးလှူရန် တရားဟောနေတော်မူပုံ ဖြစ်သည်။

**၄။ ဈာနမုဒြာ**

အနောက်မျက်နှာ ၁၀၈-ဆူမှာ လက်ဝဲလက်ပေါ်မှာ လက်ျာလက်ကို ပက်လက်ထပ်လျက် တင်ထားသောပုံဖြစ်၍ ၎င်းကို ဈာနမုဒြာဟု ခေါ်သည်။

၎င်းသည် ဈာန်ဝင်စားပုံ ဖြစ်သည်။

## ရုပ်လုံးဇာတ်ကားများ

အဆင့် ၄-ဆင့် အတွင်း,အပြင်နံရံများ၌ ၅၅၀-ဇာတ်နိပါတ်ရုပ်ပုံများ, နောက်ဆုံး ၁၀ ဘုရားမဖြစ်မီ ရုပ်ပုံများ, ဘုရားဖြစ်ပြီးနောက်ရုပ်ပုံများ, ဇာတ်ကားရုပ်ပုံများ ၂,၁၄၁-ပုံ ရှိ၍ ယခုတိုင်ပင် အနောက်မျက်နှာ၌ ဘုရားလောင်း နိမိတ်ကြီး ၄-ပါးမြင်ပုံ, တောထွက်ပုံ, ကဏ္ဍကမြင်းနှင့်ဆန္နအမတ်တို့ကို ပြန်လွှတ်ပုံ, ဖြဟ္မာက သက်နိုးလာကပ်ပုံများ အထင် အရှား တွေ့ရသည့်အပြင် အရှေ့မျက်နှာ၌ ပဥ္စဝဂ္ဂီ ၅-ဦးကို တရားဟောနေပုံကိုလည်း အထင်အရှား တွေ့ခဲ့ရသည်။ ၎င်းတို့ကို ဆက်လျှင် ၃-မိုင်ခန့် ရှည်မည်ဟု ဆိုကြသည်။

ထို ၄-ပုံ, ၄-ဆင့်မှ အထက်၌ အပိုင်းပုံ ၄-ဆင့်ရှိပြန်ရာ အောက် ၃-ဆင့်မှာ ခေါင်းလောင်းပုံစေတီယ်ကလေးများ အစဉ်အတိုင်း ၃၂-ဆူ, ၂၄-ဆူ, ၁၆-ဆူရှိ၍ အားလုံး ပေါင်း ၇၂-ဆူရှိသည်တွင် ၎င်းတို့မှာ ဇာကွက်ပါသော လိုဏ်ဂူကလေးများအလယ်၌ ကျောက်ဆင်းတုတော်တစ်ဆူစီရှိသဖြင့် အောက်ထပ် ၄-ဆင့်မှ ၄၃၂-ဆူနှင့် ပေါင်းလျှင် ၅၀၄-ဆူရှိလေသည်။ အထက်ဆုံးအဆင့်မှာကား လိုဏ်ဂူမပါသော ခေါင်းလောင်းပုံစေတီ တော်ကြီးတစ်ဆူသာ ရှိလေသည်။

## ခုနှစ်နှင့် ဒါယကာ

၎င်းစေတီတော်ကြီးမှာ ခရစ် ၈-ရာစု၊ သာသနာ ၁,၂၀၀-လောက်က တည်ရှိ၍ ၎င်းရာစုအတွင်း ၇၇၅-ခုနှစ်မှာ ပြီးစီးသည်ဟူ၍ ၎င်းဗောရောဗူဒူးစေတီတော်အထ္ထုပ္ပတ္တိ မှတ်တမ်းများ၌ ပြဆိုထားသည်ဟု ရေးသားကြသည်။

ဤမျှ များပြားစွာ ပြုပြင်သယ်ယူပို့ဆောင်၍လည်းကောင်း, ဤမျှများပြားသော ဆင်းတုတော်များနှင့် ဇာတ်ကားရုပ်လုံးတို့ကို ထွင်းထု၍လည်းကောင်း ဤမျှကြီးကျယ် ခမ်းနားလှစွာသော စေတီတော်ကြီး တည်ဆောက်ခဲ့သူမှာ ယခုအခါ ဒါယကာထင်ရှား မသိရသော်လည်း ထို ၈-ရာစုခေတ်က ဘုန်းတန်ခိုးကြီးမားလှသော ပြည်ကြီးရှင် ဘုရင် မင်းကြီးဖြစ်ရမည်ကား ယုံမှားဖွယ်မရှိသည့်အပြင် ထိုအခါက တိုင်းသူပြည်သား တစ်ကျွန်း လုံးလောက်ပင် ဗုဒ္ဓဘာသာများဖြစ်ကြ၍ အားလုံးဝိုင်းဝန်းကူညီ အားထုတ်ကြိုးပမ်းကြ၍ သာ ဤမျှကြီးကျယ်သော စေတီတော်ကြီး တည်ဆောက်နိုင်ခဲ့သည်မှာလည်း ယုံမှားမဲ့ မှတ်အပ်လေသည်။

## စေတီတော်ကြီးအပေါ်၌ ပရိတ်မေတ္တာဘာဝနာပွဲ့ပါးကြခြင်း

ရာပေါင်းများစွာသော ဉပါသကာ, ဉပါသိကာမများနှင့်တကွ ဆရာတော်များသည် စေတီတော်ကြီးကို လှည့်လည်ပူဇော်ကြပြီးနောက် အရှေ့မျက်နှာရှိ ခေါင်းလောင်းပုံပျက်နေသော လေဟာပြင်ဆင်းတုတော်၌ စုရုံးကြပြီး မြတ်စွာဘုရား၏ ဂုဏ်တော်များကို အာရုံပြုလျက် ဆီမီး, ပန်း, အမွှေးတိုင် စသည်ဖြင့် ပူဇော်ကြကာ ပရိတ်မေတ္တာဘာဝနာများကိုလည်း ရွတ်ဖတ်ပွဲ့ပါးများကြသည်။

ထို့နောက် အထက်ဆုံးအဆင့်သို့ တက်၍ အလယ်ဗဟို စေတီတော်ကြီးကို ဝန်းရံကာ ထိုင်နေကြပြီးလျှင် ဗုဒ္ဓါနုဿတိ, မေတ္တာနှင့် ဝိပဿနာဘာဝနာတို့ကို ၁-နာရီခန့် ငြိမ်သက်စွာ ပွဲ့ပါးများအားထုတ်ကြလေသည်။

ည ၁၀-နာရီ စေတီပေါ်မှ ဆင်းလာကြ၍ မဏ္ဍပ်သို့ ရောက်သောအခါ ထိုနေရာမှစ၍ အရှင်နာရဒမထေရ်အဖွဲ့နှင့် မဟာစည်ဆရာတော်အဖွဲ့တို့သည် ဂျာဝါးကျွန်း အရှေ့တောင်ပိုင်းဒေသနှင့် အရှေ့မြောက်ပိုင်းဒေသများသို့ လှည့်လည်တရားဟော ထွက်ခွာရမည်ဖြစ်သဖြင့် ၎င်းအတွက် အစီအစဉ်များ ပြုလုပ်ကြရလေသည်။

လူထုပရိသတ်ကြီးကား မမြင်ဖူးကြသော ရဟန်း, သံဃာတော်များကို တိုးဝှေ့ကြည့်ရှုကြကာ နေကြ၍ မဏ္ဍပ်မှ ပေ ၆၀-လောက် ဝေးကွာသော စေတီတော်အနီး၌ ဘုရားနှင့်စပ်သော သီဟိုဠ်မှ ရုပ်ရှင်ကားများ, ဗုဒ္ဓသာသနာ့အဖွဲ့မှ ပေးလိုက်သော ဆဋ္ဌသံဂါယနာရုပ်ရှင်ကားများပြလျက် ရှိသော်လည်း အချို့သာ သွားရောက်ကြည့်ရှုစေကာမူ ၎င်းတို့မှာ အခြားကြည့်ရှုစရာထက် ရဟန်းတော်များသာ အထူးဆန်းဆုံးဖြစ်လျက် တအံ့တသြ ကြည့်ရှုကြလေသည်။

၁၁-နာရီမှာ အားလုံးပြင်ဆင်ပြီးကြသဖြင့် သာသနာပြုဆရာတော်များသည် ဗောရောဗူဒူးမှ ထွက်ခွာခဲ့ကြရာ ထိုအချိန်အခါတိုင်အောင်ပင် လူထုကြီးမှာ ဝေးမော ကျန်ရစ်ခဲ့ကြ၍ ထိုညက တစ်ညလုံး ပရိသတ် မပြတ်မစဲဘဲ ထိုပွဲတော်သို့ တက်ရောက်ကြသော ပရိသတ်ကား ၆၀,၀၀၀ လောက်ရှိသည်ဟု ပုလိပ်ဌာနက ခန့်မှန်းကြလေသည်။

ဤဗောရောဗူဒူး ဝေသာခပွဲတော်ကြီး တက်ရောက်ဟောပြောပြီးနောက် သာသနာပြုဆရာတော် အဖွဲ့ ၂-ခုတို့သည် ခွဲခွါကြလျက်–

- အရှင်နာရဒအဖွဲ့က ဂျာဝါးအရှေ့တောင်ပိုင်း မြို့နယ်များသို့
- မဟာစည်ဆရာတော်အဖွဲ့က ၎င်းကျွန်းအရှေ့မြောက်ပိုင်း မြို့နယ်များသို့-

အသီးသီး ကြွရောက်သာသနာပြုတော်မူကြရာ ၆-မြို့ ၆-ဌာနစီလောက် တရားဟော သရဏဂုံသီလဆောက်တည်စေကြပြီး စုရဘာယာမြို့မှာ ၎င်း ၂-ဖွဲ့ဆုံစည်းကြကာ ဗာလီကျွန်း၊ မဝူကျွန်းများသို့ ကြွရောက်ကာ သာသနာပြုတော်မူကြသည်။

ဤသာသနာပြုအဖွဲ့တို့သည် တဖန် ဆမာရမ်မြို့၊ ဝါတုဂုံဝိဟာရဗုဒ္ဓဂယာသို့ ရောက်ကြပြန်၍ ၂-ရက်နေကာ ဆမာရမ်မြို့ သိအိုဆိုဖိအသင်း၌ တရားဟောကြပြီး နောက်နေ့ (၁၄-၆-၅၉) နယုန်လဆန်း ၉-ရက်နေ့မှာ သာသနာပြု ၂-ဖွဲ့တွင်-

- အရှင်နာရဒအဖွဲ့က ဂျာဝါးကျွန်း အနောက်မြောက်ပိုင်း မြို့နယ်ဒေသများသို့ လည်းကောင်း
- မဟာစည်ဆရာတော်အဖွဲ့က အနောက်တောင်ပိုင်း မြို့နယ်ဒေသများသို့လည်းကောင်း

ခွဲခွါလျက် သာသနာပြုခရီး ထွက်ကြပြန်ရာ ထိုထိုမြို့ရွာများ၌ တရားဓမ္မဟောပြခြင်း၊ သရဏဂုံသီလဆောက်တည်စေခြင်း၊ တရားအားထုတ်စေခြင်းစသော သာသနာပြုကိစ္စများ ဆောင်ရွက်တော်မူကြပြီး၊

- မဟာစည်ဆရာတော်မှာ ကိုယ်တိုင်သာသနာပြုကိစ္စ ပြီးသဖြင့် မြန်မာပြည်သို့ ပြန်ရန် ဂျကာတာမြို့သို့ လာရောက်၍၊
- အရှင်နာရဒမထေရ်နှင့် အရှင်ပိယဒဿမထေရ်တို့မှာကား အနီးအနားရှိ မြို့ရွာများသို့ တရားဟောရန်ရှိ၍ ၂-၇-၅၉ တိုင်အောင် အင်ဒိုနီးရှား၌ နေရစ်ခဲ့ကြလေသည်။

မဟာစည်ဆရာတော်တို့ကား (၂၉-၆-၅၉၊) နယုန်လပြည့်ကျော် ၉-ရက်နေ့ ၊ ည ၁၀-နာရီခွဲအချိန် ဂျကာတာမြို့လေဆိပ်မှ ဘီ-အို-အေ-စီ လေယာဉ်ဖြင့် မြန်မာပြည်သို့ ထွက်ခွါလာခဲ့၍ ၁,၃၂၁-ခု၊ နယုန်လပြည့်ကျော် ၁၀-ရက်၊ (၃၀-၆-၅၉) အင်္ဂါနေ့နံနက် ဂျကာတာ စံတော်ချိန်၊ ၅-နာရီ၊ မိနစ်-၂၀။ မြန်မာစံတော်ချိန် ၄-နာရီ၊ မိနစ် ၂၀-မှာ ရန်ကုန်မင်္ဂလာဒုံလေဆိပ်သို့ ချမ်းသာစွာ ရောက်ရှိကြ၍ ဗုဒ္ဓသာသနာ့အဖွဲ့နှင့် တပည့်များ ကြိုဆိုကြကာ သာသနာ့ရိပ်သာသို့ ချောမောစွာ ပြန်လည်ရောက်ရှိလေသည်။

ဤကား မဟာစည်ဆရာတော်၏ အင်ဒိုနီးရှားသာသနာပြုမှတ်တမ်းအရ လိုရင်းနှင့် အကျဉ်းချုပ် ဖော်ပြထားခြင်းသာဖြစ်၍ သာသနာပြုခရီးစဉ် မြို့ရွာဒေသ တရားဓမ္မ ဟောပြောချက်များ ၁,၃၂၁-ခု၊ ကဆုန်လဆန်း ၈-ရက်နေ့မှ ၁,၃၂၁-ခု၊ နယုန်လဆန်း

၁၀-ရက်နေ့ထိ အသေးစိတ်အကြောင်းအရာများ, သာသနာမရောက်သေးသော ကျွန်းနိုင်ငံများ၌ သာသနာစတင် တည်ထောင်လာခဲ့၍ ရှင် ၂-ခါပြု၍ သိမ်သမုတ်ကာ ရဟန်း ၂-ပါး ဥပသမ္ပဒကံဆောင်ကာ ရဟန်းဘောင် တက်ပေးခဲ့ခြင်းများ, မှတ်သားထိုက်သော သာသနာဖြစ်စဉ်များကို ၎င်းမှတ်တမ်းမှ ကြည့်ရှုမှတ်သားထိုက်ပေသည်။

မိမိ(ဤကျမ်းပြုဆရာတော်)လည်း ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့် ၆-ကြိမ်မြောက် ကမ္ဘောဒီးယား၊ ဖနွန်းပင်မြို့တော်၌ စည်းဝေးကြစဉ်က အရှင်ဇိနရက္ခိတ သာသနာပြုရဟန်းတော် တက်ရောက်ကာ ထေရဝါဒနိုင်ငံမှ မထေရ်မြတ်များထံ ၎င်းတို့နိုင်ငံသို့ သာသနာပြုကြွတော်မူကြရန် ပင့်ဖိတ်လျှောက်ထား၍ ၎င်းနှင့်တွေ့ကာ သာသနာပြုအကြောင်း ပြောဆိုဆွေးနွေးကာ "မိမိမှာ တစ်နည်းအားဖြင့် သာသနာပြုရောက်နိုင်အောင် ကြိုးစားပါမည်"ဟု ဝန်ခံခဲ့ပြီးနောက် မြန်မာပြည်သို့ ပြန်ခဲ့ရာ ၎င်းအင်ဒိုနီးရှားသာသနာပြုအဖွဲ့က ဗုဒ္ဓသာသနာ့အဖွဲ့ မြန်မာပြည်သို့ သာသနာပြုစေလွှတ်ဖို့ တောင်းပန်သည်တွင် အင်ဒိုနီးရှား၌ရှိသော သာမဏေများအား ရဟန်းဘောင်တက်ရောက်ရေး, သာသနာတိုးတက်ပြန့်ပွါးအောင်ဆောင်ရွက်ရေး, သာသနာတည်တံ့အောင်ပြုစုရေးများ အဓိကထား၍ ဗုဒ္ဓသာသနာ့အဖွဲ့က-

- မဟာစည်ဆရာတော် ဦးတည်၍–
- နိုင်ငံကျော်ဓမ္မကထိက၊ နိုင်ငံခြားသာသနာပြု၊ အဂ္ဂမဟာပဏ္ဍိတ၊ အရှင်သေဋ္ဌိလ၊
- အဂ္ဂမဟာပဏ္ဍိတ၊ ပါဠိ-မြန်မာအဘိဓာန်ပြု နာယက၊ ဦးဉာဏုတ္တရ –

တို့အား သာသနာပြုကြွရန် ဗုဒ္ဓသာသနာ့အဖွဲ့က စီမံခဲ့လေသည်။

သာသနာပြု ၃-ပါးအနက် ဦးဉာဏုတ္တရအား အဖွဲ့က လျှောက်ထားရာ ဦးဉာဏုတ္တရက"သူ့မှာ ကိစ္စများ၍ အဘိဓာန်ပြုစုရေး အရေးကြီးနေသဖြင့် သူ့ကိုယ်စား အရှင်ဘုရားကြွဖို့ရန် မိမိအား လျှောက်ထားသည်"ကို လက်ခံကာ ကမ္ဘောဒီးယား အစည်းအဝေး၌ အရှင်ဇိနရက္ခိတ ပင့်ဖိတ်ခြင်း ဝန်ခံခဲ့သည်နှင့် အဆင်ပြေသင့်တင့်စွာ အကြောင်းဖြစ်လာသည်-ဟု အောက်မေ့ပါသော်လည်း ၎င်းအကြောင်းမညီညွတ်သဖြင့် ၎င်းသာသနာပြုအဖွဲ့ မသွားနိုင်တော့ပေ။

ဤကဲ့သို့ အရှေ့ဖျားနိုင်ငံများတွင် ယခုအခါ၌ ထင်ရှား၍ လူဦးရေလည်း များပြားသော အင်ဒိုနီးရှားနိုင်ငံမှာ ထေရဝါဒသာသနာပြုစုရေး အောင်မြင်စွာရှိခဲ့သည်မှာ ၂,၅၀၀ သာသနာတန်ခိုးကြီးမား၍ဖြစ်ကြောင်း ထင်ရှားသည့်အပြင် "နောက်အနာဂတ်မှာလည်း ၎င်းကျွန်းနိုင်ငံမှာ ရှေးက မဟာယာနသာသနာကြီး ထွန်းကားခဲ့သလို ယခုပြုစုသော ထေရဝါဒသာသနာတော်လည်း တည်တံ့ထွန်းကားပါစေ"ဟု ဆုတောင်းရပေသည်။

ဤသို့အားဖြင့် ယခုအခါ အင်ဒိုနီးရှားဗုဒ္ဓသာသနာမှာ ၎င်းပြည်သား အရှင်ဇိနရက္ခိတ ကြိုးစားအားထုတ်ပြုစုခြင်းအားဖြင့် ဗုဒ္ဓသာသနာ့အဖွဲ့နှင့် ထေရဝါဒ ၄-နိုင်ငံမှ အကူအညီရကာ ဝိဟာရခေါ် ကျောင်း ၂၀-ကျော်နှင့် သာသနာအခြေအမြစ် သိမ်သမုတ်ပြီးသည့်အပြင် ရဟန်းလည်း ၎င်းအင်ဒိုနီးရှားနိုင်ငံသား ၃-ပါးနှင့် ရှင်သာမဏေ ၂-ပါး ထွန်းကားလျက်ရှိ၍ ၎င်းကျွန်းနိုင်ငံတို့မှာ ထေရဝါဒ နိုင်ငံတစ်ခုဖြစ်ထွန်းလာဖို့ မျှော်လင့်ခြင်းဖြင့် ဤနိုင်ငံဗုဒ္ဓသာသနာတော်အကြောင်း အဆုံးသတ်အပ်ပါသည်။

**အင်ဒိုနီးရှားဗုဒ္ဓသာသနာတော်အကြောင်း ပြီးပါပြီ။**

✪ ✪ ✪ ✪ ✪

## သြစထရေးလီးယား (သြစတြေးလျ) ဗုဒ္ဓသာသနာ

သြစထရေးလီးယား(သြစတြေးလျ)ကျွန်းကြီးကား ကမ္ဘာ၏တောင်စွန်းကျ၍ အခြားကျွန်းနိုင်ငံများနှင့် များစွာဝေးကွာလျက် အဆက်အသွယ် ခက်ခဲသောကျွန်းနိုင်ငံကြီး ရှေးကဖြစ်ခဲ့ရာ ယခုအခါမှာကား ရေကြောင်းအဆက်အသွယ်အားဖြင့်လည်းကောင်း, လေကြောင်းအဆက်အသွယ်အားဖြင့်လည်းကောင်း နီးကပ်စွာ ကမ္ဘာ့နိုင်ငံများနှင့် ဆက်သွယ်နိုင်၍ ရှေးက ဘာသာထင်ရှားမရှိသောလူမျိုးများ နေထိုင်ခဲ့ကြသော်လည်း ယခုခေတ်မှာမူ ဘာသာဝါဒ ယဉ်ကျေးသော လူမျိုးများ လာရောက်နေထိုင်ကြသဖြင့် ယဉ်ကျေးသော ကမ္ဘာ့နိုင်ငံများနှင့်လည်း အတန်းတူညီလာခဲ့လေပြီ။

အင်္ဂလိပ်များ ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးထားသောနိုင်ငံဖြစ်သည့်အတိုင်း ၎င်းတို့၏ ယဉ်ကျေးမှုနှင့် ဘာသာဝါဒများအဖြစ် အမည်နာမအားဖြင့်လည်း **နယူးဆောက်သ်ဝေးလ်စ်, ဝိကတိုရိယာ, မာလ်ဘောင်, ဆစ်ဒနီဆိပ်ကမ်း**ကို ဗြိတိသျှအမည်များပေးကာ ဒီလေ့အလာ လူမျိုးဝါဒတို့မှာ ၎င်းတို့အယူအဆအတိုင်းပင် ဖြစ်ခဲ့လေသည်။

ဗုဒ္ဓဝါဒသည် ဥရောပတိုက်၌ လေ့လာလိုက်စား ပြန့်နှံ့သည့်အားလျော်စွာ ၎င်းကျွန်းနိုင်ငံသားများလည်း ဗုဒ္ဓဝါဒလေ့လာခဲ့ကြရာ ၎င်းတို့ရေးကြသည်ကား အမေရိကန်လူမျိုးမူလဖြစ်သော ဗုဒ္ဓဘာသာသီလရှင် ၁-ပါးသည် ဗုဒ္ဓဓမ္မ စူးစမ်းရှာဖွေကာ သီဟိုဠ်မှ တရုတ်ပြည်ကြီးသို့ လှည့်လည်ခဲ့ရာ အစစ်အမှန် ဓမ္မဆုံးဖြတ်ချက် မရဘဲ သံသယများစွာနှင့် သူမ၏ ခရီး လွန်မြောက်လာခဲ့ရာ ထိုအခါ **အရှင်ဓမ္မဒိန**သည် ဗုဒ္ဓဘာသာတမန်တော် အဖြစ်ဖြင့် ပဌမဆုံး ဤဩစထရေးလီယားနိုင်ငံသို့ ရောက်လာခဲ့လေသည်။

အင်တာနေရှင်နယ် ဗုဒ္ဓစ်စ်နယူးစ်၌ **စီအက်ဖ်နိုက်တ်** ရေးသားသော ဗုဒ္ဓဘာသာ **အခြေမူလဖြစ်ပွါးခြင်း** စာတမ်းအရ ၎င်းတို့နိုင်ငံကြီးကား အလျား, အနံကျယ်ဝန်း၍ လူဦးရေ ထူထပ်သော မြို့နယ်များစွာရှိသော်လည်း ဗုဒ္ဓဘာသာအကြောင်း အင်္ဂလိပ်ပြန်ဆိုခြင်းအားဖြင့် ဖြစ်စေ, ဥရောပစာရေးဆရာများ၏ မူလရေးသားခြင်းအားဖြင့် ဖြစ်စေ ထုတ်ဝေဖြန့်ဖြူးခဲ့သော ဗုဒ္ဓဘာသာစာပေများ သိရှိသူကား အလွန်နည်းပါးလေသည်။

အရှင်ဓမ္မဒိနကား ၎င်းကျွန်းနိုင်ငံအရှေ့ပိုင်း တိုင်းနယ်ဒေသများ၌ အထက်, အောက် အပြန်အလှန် (ကရုဆေ့ဒ်) ဘာသာရေးစစ်ပွဲတမျှ ခရစ်ယာန်များနှင့် အတိုက်အခံများ ဟောပြောပွဲပြုကာ ဘာသာဝါဒ ၎င်းသီလရင်ကာကွယ်ခြင်းအားဖြင့် ပြောဟောခြင်းများ ပြုလုပ်လျက် ၎င်းဝါဒသက်ဝင်သူများ စုပေါင်းဖွဲ့စည်းပြီးလျှင် မြို့ကြီးများ၌ အစည်းအရုံးများ တည်ထောင်ခဲ့ကြလေသည်။

ပဓာနအားဖြင့် ဤဟောပြောချက်များကို လူအများ ထင်ထင်ရှားရှား စိတ်ဝင်စားအရေးပါလျက် ၎င်းတို့သည် ဓမ္မအသိဉာဏ် ၎င်းတို့၏သန္တာန်၌ ကျယ်ဝန်းစွာ အခွင့်အရေးရရှိကာ ဝမ်းမြောက်ကြသဖြင့် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော တရားလမ်းစဉ်ကို လိုက်နာကြရန် ပြင်ဆင်ကြလေသည်။

ဤသို့ ဗုဒ္ဓဝါဒကျယ်ပြန့်ဖို့ရန် ဤနိုင်ငံ၌ ဘာသာရေးကွင်းသစ်ကြီး ဖွင့်ထားပြီးနောက် ဗုဒ္ဓဘာသာသည် အရှေ့ဖျား၌ ထင်ရှားလာကာ အရှင်ဓမ္မဒိနကား အခြားနိုင်ငံသို့ သာသနာပြုလုပ်ငန်း ဆက်လက်အားထုတ်ရန် ဤနိုင်ငံမှ ထွက်ခွာသွားခဲ့လေသည်။ ၎င်းတို့မှာ သာသနာပြုလုပ်ငန်း ဆက်ခံဆောင်ရွက်သော ရဟန်းတော်များ သီဟိုဠ်, မြန်မာပြည်, ယိုးဒယားတို့မှ ရရှိကြကာ သူတို့သည် သွားလာညွှန်ခံရေး, ပြုစုစောင့်ရှောက်ရေး, ဓဟာပြောရန် စီစဉ်ရေးများ တာဝန်ယူကြလေသည်။

သူတို့သည် အရှေ့ဖျား ပုံပြင်ဝတ္ထုများ, လောကနှင့် မဆက်ဆံသော ရသေ့ယောဂီများ၏ အတ္ထုပ္ပတ္တိများဖြင့် လူများ၏ စိတ်ကို ဆွဲဆောင်ကြကာ ဟောပြောချက်များ, နာယူသူများ ပွါးများအောင် တစ်နည်းအားဖြင့် အစည်းအဝေးတက်ရောက်သူ တိုးတက်စေလျက် ဆောင်ရွက်လာခဲ့ကြရာ ကိုလမ်ဘိုစီမံကိန်းအရ သီဟိုဠ်မှ ကျောင်းသားများ ဩစထရေး-လီယား၌ နေထိုင်လာကြပြီး ၎င်းတို့အားကိုးသော ဘုန်းကြီးများလည်း ရောက်လာသည့်အပြင် မြန်မာ, ယိုးဒယားမှလည်း ဘုန်းတော်ကြီးများ လာရောက်ကြလေသည်။

ဤသို့ တစ်စတစ်စ လာရောက်ကြသော ရဟန်းတော်များ၏ ဟောပြောချက်များဖြင့် အမှန်တရားပင် မဆိုက်ရောက်သော်လည်း တဖြည်းဖြည်း ဤကျွန်းနိုင်ငံ၌ ဗုဒ္ဓဝါဒသက်ဝင်လာသူကား ၁၀၀-လောက်များပြားကာ, သို့ရာတွင် အနောက်နိုင်ငံစိတ်ထား၊ အနောက်ဝါဒအားဖြင့်သာ လက်ခံကြလျက် အရှေ့ဖျား ဗုဒ္ဓဘာသာဟောပြောချက်များ ဖတ်ကြားရုံမျှပင် ရှိကြ၍ အာဂမဗုဒ္ဓစာပေများအားဖြင့် မထင်ရှားကြကုန်။

ယခုအချိန်အခါ၌ကား ဤနိုင်ငံ၌ ဗုဒ္ဓဘာသာအသင်းအဖွဲ့ ၂-ခု, ၃-ခုမျှရှိနေပြီး၍ ဗုဒ္ဓဓမ္မတိုးတက်ပြန့်ပွါးမှုများ အားထုတ်ဆောင်ရွက်နေကြ၍ အသင်းအဖွဲ့သား လူကြီးမင်းများ ၁၀၀-မျှရှိကြရာ ဗိကတိုရိယနယ်၌ ဖွဲ့စည်းသော-

- ယန်းဂ်-ဗုဒ္ဓစ်စ် အက်ဆိုးဆိယေးရှင်း- ဗုဒ္ဓဘာသာလူငယ်အသင်းနှင့်
- နယူးဆောက်သ်ဝေလ်ဆိုဆိုက်ယက်တီ-တောင်ဝေလနယ်သစ်အသင်းအဖွဲ့ -

တို့မှာ ၁-လ, ၂-ကြိမ်ထုတ် ဗုဒ္ဓဓမ္မစာစောင်များပင် ထုတ်ဝေနေသည့်အပြင် ၎င်းနယ်များ ဗုဒ္ဓဘာသာအုပ်ချုပ်ရေး ရရှိရန်လည်း ကြိုးစားလျက်ရှိကြသော အသင်းအဖွဲ့အား ထောက်ပံ့ကာ မေတ္တာမည်သော ၎င်းတောင်ဝေလအသင်းမှ ထုတ်ဝေသည့် စာစောင်မှာလည်း အမျိုးသား ထုတ်ဝေခြင်းဖြစ်ရန် စပ်ဆိုင်လေသည်။

၎င်းတို့သည် ဗုဒ္ဓဘာသာဂိုဏ်းဂဏ အကူအညီ အသိအမှတ်ပြုဖို့ ကြိုးစားလိုသော်လည်း တစ်စုံတစ်ခု ဂိုဏ်းဂဏကို အမျိုးသားဗုဒ္ဓဘာသာပြုလုပ်ရန်၊ သို့မဟုတ် အထောက်အပံ့ အကူအညီပေးရန် ခဲယဉ်းခြင်းရှိနေ၍ ၎င်းတို့အသင်းအဖွဲ့ စာကြည့်တိုက်များ၌ သန့်ရှင်းစင်ကြယ်သော အဓိပ္ပါယ်ပြန် မှန်ကန်သော ဗုဒ္ဓဓမ္မများ ထားရှိရန် ပြန်လှည့်ကြရလေသည်။ ၎င်းတို့ထံ လာရောက်ကြသောခရစ်ယာန်ဖြစ်စေ, ခရစ်ယာန်အယူမရှိသူတို့ဖြစ်စေ အလွယ်တကူ နားလည်နိုင်ရန် ၎င်းတို့ပြုလုပ်သော အခမ်းအနားများထက် သက်ဝင်ယုံကြည်အားထားဖို့ရန် တရားမှန်စိတ်သဘောတရားများ လိုအပ်သည်-ဟု ယူဆကြလေသည်။

၎င်းတို့သည် တရားဓမ္မ ကျနစွာဖြင့် အတိအကျ ကျင့်ကြံအားထုတ်သော ထေရဝါဒ အမှန်တရားကိုသာ အလိုရှိကြ၍ အရှေ့ဖျားနိုင်ငံများ၌ ဘုန်းကြီးများ ပင့်ဖိတ်ကာ မေတ္တာသုတ်ပရိတ်တရား နာကြားရုံမျှ လေ့လာကြသည်ထက် အများအားဖြင့် လူများ ကိုယ်တိုင် တရားကို သိရှိရန် လေ့လာကြံစည် ကျင့်သုံးအားထုတ်သော ထေရဝါဒဗုဒ္ဓတရား သိရှိနိုင်ကြရန် လိုလားကြလေသည်။

ဤသို့အားဖြင့် ဩစတေးလီးယား ဗုဒ္ဓဘာသာများသည် နောင်အနာဂတ် ဗုဒ္ဓဝါဒ ထွန်းကားတိုးတက်ရေး, မှန်ကန်ကောင်းမွန်ရေးတို့ကို ကြိုးစားကြကာ အသင်းအဖွဲ့ အစည်း အရုံးများ၌ ဆွေးနွေးတိုင်ပင်ကြလျက် ဆောင်ရွက်အားထုတ်ကြလေသည်။

## နယူးဆောက်သ်ဝေလ်စ် ဗုဒ္ဓစိတ် ဆိုဆိုက်ယက်တီး

## တောင်ဝေလနယ်သစ် ဗုဒ္ဓဘာသာအသင်း

ဩစတေးလီးယား တောင်ဝေလနယ်သစ် ဆစ်ဒနီမြို့ရှိ ဗုဒ္ဓဘာသာအသင်းကြီးမှာ ယခုအခါ၌ အဖွဲ့အစည်း တည်တံ့စွာ ဆောင်ရွက်နေ၍ ဗုဒ္ဓစိတ်နယူးစ် ထုတ်ဝေကာ သာသနာရေး အားပေးလျက် ဗုဒ္ဓဝါဒတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် ၎င်းတို့လိုလားသော ဗုဒ္ဓဝါဒ ကျနမှန်ကန်စွာ တိုင်ပင်ဆွေးနွေး ရေးသားရုံမျှသာ မဟုတ်၊ အလုပ်လမ်းစဉ်သို့ ရောက်အောင် ရည်ရွယ်ဆုံးဖြတ်ကာ လိုက်နာကျင့်သုံးနေကြလေသည်။

၎င်း ဩစတေးလီးယား တောင်ဝေလနယ်သစ် ဆစ်ဒနီမြို့မှ ထုတ်ဝေသော ဗုဒ္ဓစိတ် နယူး အတွဲ-၁၊ အမှတ်-၄၊ အယ်ဒီတာမှတ်ချက်အရ ၁,၉၅၄-ခု၊ မေလ ၄-ရက်နေ့ ကျင်းပသော ပဌမအထွေထွေ အားလုံးဆိုင်ရာ အစည်းအဝေးကြီး၌ အစည်းအဝေးကြီး မျက်မှောက် အားလုံးသဘောတူညီချက်ကား 'ဤအသင်းကြီးသည် တောင်ပိုင်းထေရဝါဒ ဗုဒ္ဓဘာသာနှင့် စပ်ဆိုင်သော စာပေပိဋကတ်များကို သင်ကြားလေ့လာရန်နှင့် စပ်လျဉ်းသော စာပေများ ရေးသားထုတ်ဝေရန်' သဘောတူ သတ်မှတ်ပိုင်းခြားထားကြသည်။

ဤအသင်းကြီး၏ မူလရည်ရွယ်ချက်မှာ ၎င်းအသင်းသားလူကြီးမင်းများသည် စာဖတ်ရုံ, အချင်းချင်း တွေ့ဆုံဆွေးနွေးရုံသာ မဟုတ်ဘဲ၊ မြတ်စွာဘုရားကိုယ်တော်တိုင် သင်ကြားဆုံးမတော်မူသောအတိုင်း သင်ကြားအားထုတ်ခြင်း, ဗုဒ္ဓဘာသာ ဘဝလမ်းစဉ် ကျင့်သုံးလိုက်နာခြင်းများ ကိုယ်တိုင်အပြည့်အစုံ ပြုကျင့်ကြရန် ဖြစ်သည်။

အမှန်အားဖြင့် ၎င်းတို့ အသိအမှတ်ပြုသည်ကား အခြားဘာသာဝါဒ(ထက်) အဘိဓမ္မာ သဘောတရား ကောင်းမွန်သော်လည်း ၎င်းတို့နှင့် နှိုင်းစာလျက် သင်ကြားခြင်း မပြုဘဲ ဗုဒ္ဓအယူဝါဒ လိုက်နာကျင့်သုံးကြသူတို့ ဖြစ်ကြသည့်အတိုင်း ၎င်းကို ထင်ရှားစွာ အမှန် လေ့လာကျင့်သုံး ကိုယ်တိုင်ပြည့်စုံစေရန် ဖြစ်ကြသည်။

၎င်းတို့သည် မြတ်စွာဘုရား ဟောကြားသင်ပြတော်မူသည့်အတိုင်း မူလတရားတော်နှင့် မူလဟောကြားတော်မူခြင်းမှ အထူးထူးဖြစ်ပွါးသော တရားတော်များကိုသာ လိုက်နာကျင့်သုံးကြရန်နှင့် ကုသိုလ်, အကုသိုလ်နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းမျှသာ မကဘဲ အမှန်အတိအကျဖြစ်သော မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်အရင်းခံ မူလအတိုင်းသာ အရေးအကြီးဆုံး-ဟု ပြည့်စုံလုံလောက်စွာ သဘောတူညီကြသည်။

လူတိုင်းတို့သည် တောင်ဝေလနယ်သစ် ဗုဒ္ဓဘာသာအသင်းသားများ ဖြစ်ကြသည့် အတိုင်း ထေရဝါဒဗုဒ္ဓအယူကို ရွေးချယ်စိစစ်ထားသော်လည်း ကိုယ်တိုင်နှစ်သက်ရာနှင့် ကိုယ်တိုင်ယုံကြည်သော ဝါဒတရားများကို လေ့လာကျင့်သုံးကြရန် ဖြစ်သည်။

မည်သူတစ်ဦးတစ်ယောက်မျှ လမ်းဆုံးအေးမြချမ်းသာရာ ပန်းတိုင်သို့ ရောက်ဖို့ ရန်အားဖြင့် လမ်း ၂-ခု မသွားမူ၍ ၎င်းသို့ ဖြောင့်မှန်သော တစ်လမ်းတည်းကို ရွေးချယ် ရမည့်အပြင် ၎င်းရွေးချယ်သော လမ်းခရီးကို ယုံကြည်အားထားပါလျှင် ၎င်းသို့ တဖြေးဖြေး တစစ တစ်ဆင့်ထက်တစ်ဆင့် တရားဓမ္မအလင်းရောင် ထွက်ပေါ်လာသည့်တိုင်အောင် အလွန်မြင့်မား မတ်စောက်သော အလွန်ခဲခက်သည့်တောင်ကြီးကို ဖြတ်ကျော်ကူးမြောက် နိုင်ကြရန် သဘောတူညီ ဆုံးဖြတ်ကြလေသည်။

၎င်းပြင် ၁,၉၅၄-ခုနှစ်၊ ရန်ကုန်ယူနီဗာစီတီ **အဘိဓမ္မာနည်းပြဆရာတော် အရှင် သေဋ္ဌိလ** မထေရ်မြတ်သည် ဩစထရေးလီးယားသို့ ပင့်ဖိတ်ကြွရောက်တော်မူ၍ တရားဓမ္မ ဟောပြလှည့်လည်တော်မူသောအခါ ဆစ်ဒနီမြို့မှာ ၎င်းနှစ်၊ ဇွန်လ ၂-ရက်နေ့၊ ၎င်းတောင် ဝေလနယ်သစ် ဗုဒ္ဓဘာသာအစည်းအရုံး နှစ်ပတ်လည်အစည်းအဝေး ကျင်းပစဉ် ၎င်းအစည်းအရုံး၏ဥက္ကဋ္ဌ၊ ၎င်းအစည်းအဝေးကြီး၏အမှူးဖြစ်သော **မစ္စတာဝိက်စ်** ပြောဆို မြွက်ကြားသည်မှာ–

သူသည် ဥက္ကဋ္ဌဟောင်း **မစ္စတာလီယိုဘာကလေး** အနားယူသဖြင့် ဆက်လက် အမှု ထမ်းရကြောင်း၊ ၎င်းဥက္ကဋ္ဌဟောင်း မစ္စတာလီယိုဘာကလေးကား ဤဗုဒ္ဓဘာသာ အစည်း အရုံးကြီးနှင့် ဗုဒ္ဓစာပေကျမ်းဂန်များ စုဆောင်းကာ အသင်းဝင်လူကြီးများ၏ အကူအညီ အားဖြင့် စာကြည့်ပိဋကတ်တိုက်ကြီး အလွန်ခဲခက်စွာဖြင့် တည်ထောင်ခဲ့ကြောင်း၊

ရန်ကုန်ယူနီဗာစီတီ၌ အဘိဓမ္မာ သင်ပြနေရာမှ အခွင့်ရသဖြင့် ခေတ္တကြွရောက်ချီးမြှောက်တော်မူသော ကထိကဆရာတော် အရှင်သေဋ္ဌိလအား ကောင်းမွန်မြင့်မြတ်စွာ ပြုစုစည့်ခံရန် စီစဉ်ရကြောင်း၊

ထိုအရှင်မြတ်၏ မျက်မှောက်၌ ဗုဒ္ဓဘာသာတရားတော်နှင့် ဤနိုင်ငံတွင် အလျင်က မလေ့လာဖူးသော ဗုဒ္ဓအဘိဓမ္မာတရား သင်ကြားလေ့လာရန်အတွက် အားလုံးဆိုင်ရာ ဤအသင်းကြီး သက်သေထားလျက် ခိုင်မြဲယုံကြည် အားထားထိုက်သော အခြေခံဌာန မားမားမတ်မတ် တည်ထောင်ရမည် ဖြစ်ကြောင်း-စသည်ဖြင့် ပြောကြားသွားခဲ့လေသည်။

ဤဗုဒ္ဓဘာသာအသင်းကြီးဥက္ကဋ္ဌ ပြောဆိုသွားသည့်အတိုင်း ဆရာတော် အရှင်သေဋ္ဌိလသည် ဩစထရေးလီးယား၌ တရားပွဲကြီး ၁၅-ပွဲမျှ ဟောပြောခဲ့ရသည့်အပြင် ၎င်းဗုဒ္ဓဘာသာအသင်းကြီး ကြီးပွါးတိုးတက်ခိုင်မြဲရေး ညွှန်ကြား၍ ဗုဒ္ဓဘာသာသင်တန်း၊ အဘိဓမ္မာသင်တန်းများ များစွာပေးခဲ့ရကြောင်း၊ ၎င်းဗုဒ္ဓဘာသာအသင်းကြီးလည်း အထူးဂရုစိုက်ကာ ဗုဒ္ဓတရားဓမ္မလေ့လာလျက် နှစ်ခြိုက်စွာ ကျင့်သုံးကြကြောင်း၊ ၎င်းသွားရခြင်းမှာ များစွာ အကျိုးရှိကြောင်း၊ ၎င်းဆရာတော်နှင့် ဩစထရေးလီးယားမှ ပြန်လာစက မိမိ*(ဤကျမ်းပြုဆရာတော်နှင့်)*တွေ့ရ၍ ပြောပြသည်ကို မှတ်သားခဲ့ရပါသည်။

၎င်းနောက် ၅၄-ခု၊ ဂျူလိုင်လ၊ အထွေထွေ ကော်မီတီအစည်းအဝေး၌ ဥက္ကဋ္ဌ မိန့်ကြားပြောဆိုကာ လုပ်ငန်းများ ရွေးချယ်စိစစ်ဆုံးဖြတ်ပြီးနောက် လပြည့်ဝတ်ပြုပွဲမှာ အသင်းဝင် ကော်မီတီလူကြီးများ လေ့လာကြရန် အောက်ပါမှတ်သားချက်များ သတ်မှတ်ထားသည်မှာ –

၁။ ယခုမျက်မှောက်နာမည်မျှထက် ပိုမို၍ တစ်စုံတစ်ခုပြုလုပ်အားထုတ်ရန်၊

၂။ အသင်း၏လူကြီးအသင်းသားအဖြစ်နှင့် အားထုတ်ဆောင်ရွက်သူအဖြစ် ခိုင်မြဲစွာ တည်ဆောက်ရန်၊

၃။ အသင်းဝင်ငွေများ ပိုမိုဖိတ်ခေါ်၍ ၎င်းအတွက် တစ်စုံတစ်ခု မပေးကမ်းရန်၊

၄။ ဝင်ငွေ, ထွက်ငွေ အသုံးအစွဲအတွက် အလုပ်နှင့်တူအောင် စာရင်းဇယား စာအုပ်များ ထားရှိရန်၊

၅။ အသင်းဝင်လူကြီးမင်းများ စာရင်းဝင်လူကြီးမင်းအဖြစ် တင်သွင်းပြီးနောက် ပျောက်မသွားဖို့ ကြည့်ရှု စောင့်ရှောက်ရန်။

အထက်ပါ အချက်များအားလုံး အသင်းဝင်လူကြီးမင်းများ အသီးသီး လေးစားစွာ တာဝန်ယူကြရန် ဖြစ်သည်။

ဤသို့အားဖြင့် တောင်ဝေလနယ်သစ် ဗုဒ္ဓဘာသာအသင်းကြီးသည် ဗုဒ္ဓဘာသာ အခြေခံသဘောတရားထားလျက် အခိုင်အမာ တည်မြဲလာအောင် ဆောင်ရွက်လာကြ သဖြင့် ယခုတိုင်လည်း ၎င်းသည် တိုးတက်ကြီးပွါးကာ ၎င်းအသင်းသူ, အသင်းသားများ ဗုဒ္ဓတရားတော်ကို ကိုယ်တိုင်ကျင့်သုံးလေ့လာကြသည့်အပြင် အချို့မြန်မာနိုင်ငံသို့ လာရောက်ကာ ရိပ်သာများ၌ ကိုယ်တွေ့တရား အားထုတ်လေ့လာ ကျင့်သုံးခဲ့ကြလေသည်။

၎င်းသြစထရေးလီးယား၊ ဗိကတိုရိယနယ်၊ မယ်လဘုန်းမြို့ကြီးမှာလည်း သည်ယန်းဂ် ဗုဒ္ဓစ်စ်တ် အက်ဇိုဇီယေးရှင်း ဗုဒ္ဓဘာသာလူငယ်အသင်းရှိ၍ ၎င်းအသင်းမှလည်း ၂-လ ၁-ကြိမ်ထုတ် ဗုဒ္ဓစာစောင် ထုတ်ဝေဖြန့်ဖြူးခဲ့ရာ နောင်အခါ၌ တောင်ဝေလနယ်သစ် ဗုဒ္ဓဘာသာအသင်းကြီးနှင့် ပေါင်းစည်းကာ ဗုဒ္ဓစ်စ်တ် ဖက်ဒရေးရှင်း- ဗုဒ္ဓဘာသာစုပေါင်း အသင်းကြီး ဖွဲ့စည်းပြီးလျှင် ၎င်းမှထုတ်ဝေသော မေတ္တာခေါ် ဗုဒ္ဓဓမ္မစာစောင်မှာ ယခုအခါ တိုးတက်ကြီးပွါးလာခဲ့လေသည်။

၁,၉၆၁-ခုနှစ်၊ စက်တင်ဘာ ၂-ရက်နေ့ ဗုဒ္ဓဘာသာစုပေါင်းအသင်းကြီး၏ နှစ်ပတ် လည် အသင်းဝင်လူကြီးများ၏ အစည်းအဝေးကို ဗိကတိုရိယာ ဗုဒ္ဓဘာသာအစည်းရုံး၏ တည်ရာဌာန၊ ၁၀-ကရောဖ်တ်၊ ရစ်ချ်မောင့်တ်၌ စည်းဝေးကြရာဝယ် ၎င်းဖက်ဒရယ်လ် ဂျာနယ်- မေတ္တာစာစောင် ဖြစ်ပေါ်လာခြင်းနှင့် တိုးတက်ကြီးပွါးခြင်း ထုတ်ဖော်ပြောဆို သည်မှာ ယခုအခါ၌ ၎င်းတို့၏ မေတ္တာစာစောင် ထုတ်ဝေရသော နိုင်ငံအရေအတွက် ၂၂-နိုင်ငံရှိ၍ သြစထရေးလီးယားနိုင်ငံမှ အပြင်ပ ဗုဒ္ဓဘာသာအသင်း ၄၅-သင်းတို့၌ ပေးပို့ ရကြောင်း၊

၎င်းမေတ္တာစာစောင်မှာ နိုင်ငံခြားသို့ မဖြန့်ဝေသေးမီကပင် တောင်ဝေလနယ်သစ် ဗုဒ္ဓဘာသာအသင်းကြီးနှင့် ဗိကတိုရိယနယ် ဗုဒ္ဓဘာသာလူငယ်အသင်းဝင်လူကြီးများ, သာမန်အသင်းသားများတို့ ကြည့်ရှုရန် မှန်းထားလျက် ပထမထုတ်ဝေသော စောင်ရေမှာ ၂၅၀-မျှရှိကြောင်း၊

၎င်းစာစောင် အကြောင်းအရာ ရေးသားထုတ်ဖော်ပြသဖြင့် ၎င်း၏တိုးတက်လာ ကြောင်း ထောက်ဆကာ သြစထရေးလီးယား ဗုဒ္ဓသာသနာတော်ကြီးကား ကြီးပွါးတိုးတက် လျက်ရှိကြောင်း မှတ်သားအပ်ပေသည်။

ဤ ၆၁-ခု ကော်မတီအစည်းအဝေးကား ကမ္ဘာ့ဗုဒ္ဓဘာသာ အစည်းအရုံးကြီး၏ ၆-ကြိမ်မြောက် ကမ္ဘောဒီးယား၊ ဖနွန်းပင်အစည်းအဝေးကြီးက ဖိတ်ကြားခြင်းကို လက်ခံ၍ ၎င်းသို့လွှတ်ရန်, သင့်တော်သောကိုယ်စားလှယ် ရွေးချယ်ရန်နှင့် ၎င်းဖက်ဒရေးရှင်း ဗုဒ္ဓ-ဘာသာစုပေါင်းအသင်းကြီး၏ အုပ်ချုပ်သူများ အသစ်ရွေးချယ်တင်မြှောက်ရန် စည်းဝေးခြင်းဖြစ်သဖြင့် ၎င်းအစည်းအဝေးက အောက်ပါလူကြီးမင်းများ, အုပ်ချုပ်ရေးအဖွဲ့လူကြီးမင်းများအဖြစ် တင်မြှောက်ရွေးချယ်ကြလေသည်။

၁။ မစ္စတာ အိုအက်ဖ်နိုက်တ်-ချယ်ယာမင်း-အစည်းအဝေးမှူး၊

၂။ မစ္စတာအဲလ်အာရ် အုတ်တ်-အကျိုးဆောင်အစည်းအရုံး ဒော်နာရေရိစကရိတေရီ၊

၃။ မစ္စတာအဲလ်တင်ဒါဆန်-ဒော်နာရေရိထရဲရှားများ ငွေထိန်းလူကြီးမင်း၊

၄။ မစ္စက်စ် အဲန်ဂျက်ကဆန်-အယ်ဒီတာ-စာပြင်မှူး၊

၅။ မစ္စက်စ် အီဟာဒင်-ဝိကတိုရိယ ဗုဒ္ဓဘာသာအသင်း၏ အမှုဆောင်လူကြီး၊

၆။ မစ္စက်စ် အဲန်ဝိုက်ခနား-တောင်ဝေလနယ်သစ် ဗုဒ္ဓဘာသာအစည်းအရုံးလူကြီးနှင့် အခြားကိုယ်စားလှယ်လူကြီးများတို့ကို ကော်မတီအမှုဆောင်လူကြီးများ ခန့်၍

၇။ မစ္စစ် အိပ်ချ် အဲမ် အက်ဒွါတ် ဆစ်ဒနီ-အကျိုးဆောင်စာရင်းစစ်အဖြစ် ခန့်ထားကြလေသည်။

ဤသို့အားဖြင့် ဩစတေးလီးယားနိုင်ငံ၌ ဗုဒ္ဓဘာသာအသင်းအဖွဲ့ကြီးများ တည်ထောင်ကာ ဗုဒ္ဓဘာသာလူဦးရေနှင့် ဗုဒ္ဓစာပေပညာရပ်များ, ကြီးပွါးတိုးတက်ရေးများ အပြင် ဗုဒ္ဓတရားတော်ကို ကိုယ်တွေ့အားဖြင့် သိရှိထင်မြင်အောင် မြန်မာနိုင်ငံသို့ လာရောက်ကာ သာသနာ့ရိပ်သာများ၌ တရားအားထုတ် လေ့လာကျင့်သုံးကြလျက် ၎င်းနိုင်ငံဗုဒ္ဓသာသနာကား အစဉ်အားဖြင့် နိုင်ငံအားလျော်စွာ တိုးတက် ပြန့်ပွါးနေပါသတည်း။

ဩစတေးလီးယား(*ဩစတြေးလျ*) ဗုဒ္ဓသာသာအကျဉ်းပြဆိုခြင်း ပြီးပါပြီ။

✪ ✪ ✪ ✪ ✪

## ဥရောပနိုင်ငံများသို့ ရှေးဦးဗုဒ္ဓဝါဒ ပြန့်နှံ့လာခြင်း

ဥရောပနိုင်ငံများ၌ ဘာသာဝါဒ ယဉ်ကျေးသောခေတ်အခါမှ စ၍ အယူဝါဒများ လိုက်စားလာကြရာ ခရစ်ယာန်ဘာသာသည် ရှေးဦးစွာ ထွန်းတောက်လာခဲ့သည့်အတိုင်း ၎င်းဘာသာနှင့် စပ်လျဉ်း၍ အမျိုးမျိုးသော စာအုပ်စာတမ်း အမြောက်အမြားနှင့် ဂျာနယ် မဂ္ဂဇင်းများ ထုတ်ဝေလျက် ၎င်း၏တိုးတက်မှု ကြိုးစားအားထုတ်လာကြသဖြင့် ၎င်းနှင့်အမျှ ကြီးပွါးကျယ်ပြန့်လာခဲ့သည်မှာ ဥရောပတစ်တိုက်လုံးနှင့် အမေရိကပါ ကျယ်ဝန်းလာခဲ့ လေသည်။

နိုင်ငံရေးအားဖြင့်လည်း ဥရောပတိုက်သားတို့ နယ်ချဲ့လာကြ၍ အရှေ့ဖျားနိုင်ငံ များသို့ ကျူးကျော်ဝင်ရောက်လာကြကာ များစွာသော နိုင်ငံများကို ၎င်းက လက်အောက် သိမ်းသွင်းလျက် ဘာသာရေးဘက်မှာလည်း သာသနာပြုအမြောက်အမြား စေလွှတ်ကြပြီး သာသနာပြုကျောင်းကြီးများ တည်ထောင်ကာ အသိပညာ နုနယ်ကြသော ကလေးသူငယ် များကို ၎င်းတို့ဘာသာသို့ ဆွဲယူကြသဖြင့် အရှေ့ဖျားနိုင်ငံများ၌ ၎င်းတို့ဘာသာကား ထွန်းကား၍ ၎င်းတို့သာသနာလည်း ကျယ်ပြန့်သွားခဲ့လေသည်။

သို့ရာတွင် ၎င်းတို့နိုင်ငံရေး, ဘာသာ, သာသနာရေး ချဲ့ထွင်ခြင်းများသည် အဆိုး ထဲမှ အကောင်းပါသကဲ့သို့ အရှေ့နိုင်ငံများ၌ ဘာသာဝါဒအများ ထွန်းကားလျက်ရှိကြသည် တွင် ကြီးကျယ်များပြား ထွန်းကားလျက်ရှိသော ဗုဒ္ဓဝါဒတော်နှင့် ဘာသာရေးလိုက်စား ကြသော ပညာဗဟုသုတ ရှာမှီးကြသည့် ပညာရှိကြီးများ တွေ့ရှိကာ ကောင်းမြတ်မှန်ကန်၍ သိပ္ပံပညာဖြင့် အစစ်ခံနိုင်သော ဘာသာရပ်ဖြစ်ကြောင်း၊ တိကျသော အဘိဓမ္မာတရား တော်၏ ကျယ်ဝန်းနက်နဲသည်မှာ မည်သည့်ဘာသာမျှ မရှိကြောင်း ၎င်းတို့အတိအကျ အမှန်အကန် သိမြင်လာခဲ့ကြလေသည်။

ဤကဲ့သို့ ဥရောပ ပညာရှိများသည် အရှေ့ဖျားနိုင်ငံတို့၌ ဤသို့ လေးနက်မှန်ကန် ကောင်းမြတ်သော ဘာသာရှိကြောင်း သိရှိလာကြ၍ ဤကောင်းမြတ်သော ဘာသာရပ်ကို ဥရောပဘာသာရပ်များသို့ ပြန်ဆိုကာ ဥရောပတိုက်သားတို့ သိမြင်လာကြရန် လိုအပ်ကြောင်း များ ဆင်ခြင်စဉ်းစားကြလျက် ဗုဒ္ဓဝါဒတော်မြတ်ကို အခြေအမြစ်ကျအောင် လိုက်စား အားထုတ်ကြကာ မှန်ကန်တိကျ ကောင်းမြတ်သော ဗုဒ္ဓဝါဒတော်ကို အဋ္ဌကထာနှင့်တကွ ဗုဒ္ဓတရားတော်များ၏အရသာ သုံးစားဖို့ ဥရောပဘာသာရပ်များသို့ ပြန်ဆိုကြသည့် အပြင် ဂျာနယ်, မဂ္ဂဇင်း-စသော စာစောင်များ၌လည်း ထည့်သွင်းဖော်ပြ ရေးသားကြလေသည်။

ဥရောပနိုင်ငံသားတို့ အရှေ့နိုင်ငံများနှင့် ဆက်ဆံကြသဖြင့် ၎င်းတို့အား အမြတ်အစွန်း လာဘ်လာဘ ရရှိကြသည်ကား ၎င်းဥရောပတိုက်အတွင်း အလင်းရောင် ထွန်းတောက်လာသည့် ဗုဒ္ဓဝါဒတရားတော်မြတ်ဖြစ်၍ ၎င်းတို့သည် ဗုဒ္ဓတရားတော်မြတ်ကိုလည်းကောင်း, ဗုဒ္ဓမြတ်စွာ၏ စင်ကြယ်သောအဖြစ်တော်စဉ်ကိုလည်းကောင်း လိုက်စားရှာဖွေလေ့လာကြကာ ရှေးဦးစွာ ဗုဒ္ဓ၏စရိတအတ္ထုပ္ပတ်အဖြစ်တော်စဉ်ကို ဗိုင်အိုဂရပ်ဖီအော့ဖ် ဗုဒ္ဓ-"ဗုဒ္ဓ၏ အဖြစ်တော်စဉ်"အမည်ဖြင့် ခရစ် ၁,၈၂၅-ခုနှစ်၊ အေရှားတစ်ဂျာနယ်စာစောင်၌ ဂျေ-ဂျေ-စမစ်ဒ်သည် ထည့်သွင်းထုတ်ဝေ ရေးသားခဲ့လေသည်။

ထို့နောက် ၁,၈၄၄-ခုနှစ်မှာ ဗာန်နော့ဖ်၏ သတင်းဖြန့်ချိရေး စာစောင်၌ ဗုဒ္ဓအကြောင်းအတ္ထုပ္ပတ်များ ရေးသား၍ ၎င်းနောက် စပင်စ်ဟာဒ်သည် ဗုဒ္ဓဘာသာအကြောင်းအရာများ ရေးသားသည့်အပြင် ၎င်းနောက်လည်း မစ္စတာ ဆခ်ိနားနှင့် မစ္စတာ-ပါလေဒီယတ်တို့သည် ဗုဒ္ဓဝါဒနှင့် အတ္ထုပ္ပတ်များ ၁,၈၅၀-ပြည့်နှစ်မှာ ရေးသားထုတ်ဝေခဲ့လေသည်။

ဤသို့ ဥရောပ၌ ဗုဒ္ဓဘာသာတော်မြတ်၏ လှုပ်ရှားမှုဖြစ်ပွါးလာကာ ၎င်း၏အလင်းရောင်ပြူလာသောအခါ ဥရောပတိုက်သား ပညာရှိများသည် ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓတရားတော်၏ အခြေခံပါဠိနှင့် သက္ကတဘာသာရပ်များ လိုက်စားလေ့လာကြလျက် ၎င်းဘာသာတို့နှင့် ရေးထားသော စာပေများ ရှာဖွေကြကာ ၎င်းတို့တွင် ရှေးဦးစွာ ဂျာမန်ဘာသာဖြင့် မစ္စတာ ဆောလမွန်လက်ဖ်ိပင်းသည် သက္ကတဘာသာနှင့် ခမ်းနားဆန်းကြယ်စွာ ရေးသားထားသော လလိတဝိတ္ထာရ- "တင့်တယ်ခြင်း အသရေတော် အကျယ်" အမည်ရှိ ဗုဒ္ဓစရိတအကျယ်ကျမ်းကြီးကို ၁,၈၇၄-ခုနှစ်၊ ပြန်ဆိုရေးသား ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။

ဤကဲ့သို့ ဥရောပ၌ ဗုဒ္ဓသာသနာတော်အလင်းရောင်သည် ထွက်ပြူလာ၍ ဥရောပပညာရှိများသည် ဗုဒ္ဓအလင်းရောင်တော် အောက်၌ သိမ်မွေ့နက်နဲလှစွာသော တရားတော်များကို ထင်ရှားတွေ့မြင်ကြရသောအခါ ၎င်းတရားတော်၏ သိမ်မွေ့နက်နဲ ထူးကဲမွန်မြတ်ခြင်းသဘာဝတရားတို့ကို စိတ်အားထက်သန်စွာ လိုက်စားလေ့လာကြကာ ၎င်းတို့ဉာဏ်အမြင်၌ သတ္တိတွေ့မြင်ကြသည့်အတိုင်း ဖော်ထုတ်ရန် စာအုပ်စာတမ်းများ ရေးသားထုတ်ဝေကြရာတွင် မစ္စတာဟာဒီသည် အင်္ဂလိပ်ဘာသာဖြင့် မင်းနူယယ်ဝ် ဗုဒ္ဓစ်ဇင်မ်- "ဗုဒ္ဓဘာသာလက်စွဲစာအုပ်"ကို ထုတ်ဝေဖြန့်ဖြူးခဲ့လေသည်။

ဤသို့ ရေးသားထုတ်ဝေသော စာအုပ်ကို ဖတ်ရသဖြင့် အထူးစိတ်ဝင်စားလာကြကာ ဗုဒ္ဓဘာသာတရားတော်၏ အခြေခံမူလဘူတ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသည့်

ဘာသာတော်ဖြစ်သော ပါဠိဘာသာကို ပညာရှိများ စိတ်အားထက်သန်စွာ လိုက်စားလာကြသည်တွင် မစ္စတာဖော့စ်ဘောလ်သည် ဗုဒ္ဓဘာသာ ပါဠိစာပေကျမ်းဂန်များကို ဥရောပဘာသာသို့ စ၍ ပြန်ဆိုရေးသားခဲ့သည့်နောက် မျှားမကြာမီ မစ္စတာမက်က်စ်မူလာသည် အရှေ့နိုင်ငံများ၏ ဘာသာဝါဒဆိုင်ရာ စာအုပ်များစွာကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့လေသည်။

ဥရောပ၌ ဗုဒ္ဓဘာသာအကြောင်း မိမိတို့ထင်မြင်ယူဆသည့် အသိဉာဏ်အမြင်အားဖြင့်လည်းကောင်း, ပါဠိတော်များကို ဥရောပဘာသာသို့ ပြန်ဆိုရေးသားခြင်းအားဖြင့်လည်းကောင်း, များစွာသော စာအုပ်စာတမ်းများကို မိမိတို့ဉာဏ်တွင် ထင်မြင်သည့်အတိုင်း ရေးသားခြင်းအားဖြင့်လည်းကောင်း ဗုဒ္ဓဘာသာတော် ကောင်းမွန်လေးနက် မှန်ကန်ခြင်းကို အများသိရှိရန် များစွာသောစာအုပ်, စာတမ်းများ ရေးသားထုတ်ဝေကြသည်တွင် အရှေ့နိုင်ငံများသို့ ရောက်၍ ၎င်း၌ အမှုထမ်းရွက်လာခဲ့သော **ဆာ-အက်ဒဝင် အာနိုး၊ အမ်၊ အေ၊ ကေ၊ စီ၊ အိုင်-အီး-စီ- အက်စ်၊ အိုင်သည် ဿလိုက်တ်-အော့ဖ်-အေရှား- "အေရှအလင်းရောင်" သို့မဟုတ် "ဂရိတ်တ်-ရီနန်းစီယေးရှမ်း" "မဟာဘိနိက္ခမန မြတ်သောတောထွက်ခြင်းစာအုပ်"**ကို (အတ္ထုပ္ပတ္တိစရိတနှင့် ဗုဒ္ဓတရားတော်ဟူသော ဗုဒ္ဓဘာသာတော်မြတ် တည်ထောင်တော်မူကာ အရှင်ဂေါတမမြတ်စွာဘုရား၏ အတ္ထုပ္ပတ်အဖြစ်တော်စဉ်ကျမ်းကို) ၁,၈၇၉-ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့လေသည်။

၎င်းမှာ ထေရဝါဒဗုဒ္ဓစရိတမဟုတ်ဘဲ မဟာယာနဗုဒ္ဓဘာသာစရိတအရ ကြည်ညိုလေးမြတ်သည့်အားလျော်စွာ ဆန်းကြယ်သောစကားတို့ဖြင့် ရေးသားခဲ့ရာ ၎င်း၏အရေးအသားနှင့် အကြောင်းအတ္ထုပ္ပတ်များ၏ ဆန်းကြယ်ခြင်းများသည် ဥရောပ၌ ထွက်ပြူလာသော ဘာသာအလင်းရောင်အားဖြင့် ၎င်းဥရောပသားတို့၏ အသိဉာဏ်၌ တိုက်ရိုက်တွေ့ရှိကြကာ ထွက်ပေါ်လာသောစာအုပ်များတွင် အထူးထင်ရှားနှစ်သက်သူ အများဆုံးဖြစ်၍ အတွင်ကျယ်ဆုံး, စာစောင်အများဆုံး ထုတ်ဝေရကာ ဥရောပတိုက်သားများကို ဗုဒ္ဓဘာသာတော်သို့ အများဆုံး ပို့ဆောင်လျက် အကျိုးအနုဿရှိသောစာအုပ် ဖြစ်ခဲ့လေသည်။

၎င်းစာအုပ်သည် ဗုဒ္ဓဘာသာဆိုင်ရာစာအုပ်များတွင် တွင်ကျယ်ပြန့်ပွါး အကျိုးအများဆုံးဖြစ်သည့်အားလျော်စွာ ဥရောပဘာသာ အများအပြား ပြန်ဆိုရေးသားထုတ်ဝေခဲ့ရာ ဂျာမန်ဘာသာအားဖြင့် ၁,၈၉၁-ခုနှစ်မှာ မစ္စတာစာနစ်က်သည် ဂျာမန်လင်္ကာအားဖြင့် ပင် မူရင်းအတိုင်း ထုတ်ဝေဖြန့်ဖြူးခဲ့သည့်အပြင် ၎င်းကို ပြင်သစ်-စသော အခြားဥရောပဘာသာများသို့လည်း ထုတ်ဝေဖြန့်ဖြူးခဲ့ကြလေသည်။

သို့ရာတွင် အရှေ့နိုင်ငံများသို့ ရောက်ကြသော ဥရောပတိုက်သားများသည် အများအားဖြင့် ရှေးက မဟာဘာရတခေါ်ဆိုသော ယခုအိန္ဒိယနိုင်ငံသို့ ရောက်ကြ၍ -

၎င်း၏ ရှေးကျလျက် ယဉ်ကျေးခြင်းမူလ အစအဦးဆုံး ဖြစ်ထွန်းလာခဲ့သည့် အားလျော်စွာ စိတ်ဝင်စားဖွယ်ဖြစ်သော အဖြစ်အပျက်များစွာ တွေ့ရှိကြသဖြင့်-

- ၎င်း၌ ရှေးကျသောတိုင်းနယ်, ပြည်နယ်များနှင့် စပ်၍လည်းကောင်း
- ဖြစ်ထွန်းလာခဲ့သော ဘာသာရပ်များနှင့် စပ်၍လည်းကောင်း
- လူအမျိုးမျိုးတို့၏ ထုံးစံအလေ့အကျင့်များနှင့် စပ်၍လည်းကောင်း
- တိုင်းနယ်များ၏ မြေပုံအနေအထားနှင့် စပ်၍လည်းကောင်း-

များစွာသော စာအုပ်စာတမ်းများ ရေးသားခဲ့ကြရာ-

အိန္ဒိယရှေးခေတ် ပုံပြင်ကျမ်းကြီးကို ဆာ-အလ်လက်ဇန္ဒာ ကန်နင်ဂဟန် ဘုရင့်အင်ဂျင်နီယာ မေဂျာဂျင်နရယ်လ်သည်-

"အင်ရှင်းတ် ဂျီအိုဂရပ်ဖ်ဖွိ အော့ဖ် အိန္ဒိယ၊ (အိန္ဒိယရှေးဟောင်း ပထဝီကျမ်း)"၊

"သည် ဗုဒ္ဓစ်စတ် ပီရီယဒ်၊ (ဗုဒ္ဓဘာသာခေတ်)"-

ဟူသော ဗုဒ္ဓဘာသာနှင့် စပ်ဆိုင်သည့် တိုင်းနယ်, ပြည်နယ်များ၏ ရှေးအဖြစ်အပျက်ရာဇဝင် နယ်မြေအပိုင်းအခြား ဗုဒ္ဓဘာသာ စာပေကျမ်းဂန် ဇာတ်တော်၊ နိပါတ်တော် အထောက်အထားနှင့် ဗုဒ္ဓဘာသာခေတ်ကို ဦးစားပေးလျက် ရေးသားသည့်အပြင်-

ဗုဒ္ဓစာပေတွင် ထင်ရှားသည့် တရုတ်ရဟန်းတော်၏ ဗုဒ္ဓဘာသာနှင့်စပ်၍ -

အရပ်ဒေသ ဘာသာဝါဒ ဗဟုသုတများကို လှည့်လည်ရှာဖွေ ဆည်းပူးတော်မူသော တရုတ်ရဟန်းတော် အရှင်ဝှင်ရှင်၏ ခရီးစဉ်များ ထည့်သွင်းရေးသား၍ ၁,၈၇၁-ခုနှစ်၊ လန်ဒန် ထရူဗနာ ကုမ္ပဏီက ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။

ဤစာအုပ်ကြီး ထုတ်ဝေသဖြင့်လည်း ဥရောပတိုက်သားများသည် ဗုဒ္ဓဘာသာ၏ ကြီးကျယ်ခမ်းနားသော ရှေးဟောင်း ဗုဒ္ဓနိုင်ငံတော်များနှင့် ရှေးကျ၍ ခြေမြစ်ခိုင်မာသော ဘာသာတော်ကြီး ဖြစ်ကြောင်း၊ သာသနာ ၁,၀၀၀-ကျော် နာဠန္ဒခေတ်က အလွန်ကြီးကျယ်သော ဘာရတနိုင်ငံအရပ်ရပ်နှင့် မလယ, ဆုမတြ, ယဝ, ဗာလီ-စသော ကျွန်းနိုင်ငံများမှ ဘုရင်များသည် ထောက်ပံ့လှူဒါန်းကြ၍ ကျောင်းသား ပညာရှာဖွေကြသူတို့ အမြောက်

အများနှင့် ပညာမျိုးစုံ သင်ကြားသည့်ကျောင်းတော်ကြီးအကြောင်း သိရှိကြကာ ဗုဒ္ဓဘာသာ၏ အခြေအမြစ်ကို ယုံကြည်အားထားလာကြလေသည်။

ဤသို့လျှင် ဗုဒ္ဓဘာသာနှင့် စပ်လျဉ်း၍ ဗဟုသုတအထူးအထွေနှင့် ဗုဒ္ဓဒေသနာတော်၊ ဗုဒ္ဓတရားတော်၊ ဗုဒ္ဓစရိတ၊ ဗုဒ္ဓစာပေပိဋကတ်-စသော စာအုပ်အမြောက်အမြား ထုတ်ဝေကြရာတွင် ဗုဒ္ဓစာပေပိဋကတ်များသည် ဗုဒ္ဓဒေသနာ မြတ်စွာဘုရားဟောကြားတော်မူခြင်း၏ တိကျသောအယူဝါဒနှင့် ငြင်းဖို့ရာ ပြဿနာမရှိသော အခြေခံတရားတော်ဖြစ်ကြောင်း သိမြင်ကြလျက် ပါဠိဘာသာကို စိတ်ဝင်စားကာ ဥရောပနိုင်ငံများ၌ အများလိုက်စားလာခဲ့ကြလေသည်။

ဤသို့ ဥရောပသားတို့ ပါဠိလိုက်စားလာကြရာတွင် အင်္ဂလန်နိုင်ငံ၌ ရှေးဦးစွာ **ပရိဖက်ဆာ မစ္စတာ ရိုက်စ်ဒေးဗစ်နှင့် မစ်စ် ရိုက်စ်ဒေးဗစ်**တို့သည် ခေါင်းဆောင်လျက် ၁,၈၈၁-ခုနှစ်၊ လန်ဒန်မြို့တော်ကြီး၌ **ပါဠိဘာသာအသင်းကြီး** (ပါဠိတက်စ် ဆိုဆိုက်ယက်တီး) စတင်တည်ထောင်ပြီးလျှင် မြတ်စွာဘုရား၏ ဓမ္မက္ခန္ဓာတရားတော် အစုဖြစ်သော နိကာယ် ၅-ရပ်နှင့်တကွ ပါဠိတော်၊ ပိဋကတ်အစုံနှင့် အဋ္ဌကထာအချို့တို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့လေသည်။

ဤသို့ လန်ဒန်၌ ပါဠိဘာသာအသင်းကြီး တည်ထောင်ကာ မြတ်စွာဘုရားဟောကြားတော်မူသော ပါဠိတော်များ အင်္ဂလိပ်ပြန်ဆိုသည်ကို သိရှိကာ ဂျာမန်ဗုဒ္ဓဘာသာ ပညာရှိများတို့လည်း မြတ်စွာဘုရား၏ ဓမ္မက္ခန္ဓာပိဋကတ်ပါဠိတော်နှင့် အဋ္ဌကထာအချို့ ဂျာမန်ဘာသာသို့ ပြန်ဆိုရန် ကြိုးစားလာကြရာတွင် ရှေးဦးစွာ **ဒေါက်တာကာလ်ဖြူဂျင်နျူမင်း**သည် ၁,၈၉၃-ခုနှစ်၌ မဇ္ဈိမနိကာယပါဠိတော်၊ ဒီဃနိကာယပါဠိတော် အကုန်နှင့် ခုဒ္ဒကနိကာယ် များစွာသောအစိတ်အပိုင်း ပါဠိတော်များနှင့် အထူးအားဖြင့် ဓမ္မပဒပါဠိတော် အဋ္ဌကထာကို ရေးသားထုတ်ဝေခဲ့လေသည်။

ဤပါဠိတော်များကို ဂျာမန်ဘာသာသို့ ရှေးဦးစွာ ပြန်ဆိုရာ၌ **ဒေါက်တာကားလ်** ခေါင်းဆောင်လျက် **အိပ်ချ် အိုလ်ဒင်ဘာဂ်၊ အမ်ဝေါလ်ဆာ၊ အယ်လ်ဘွန်စကရိုဒါ၊ အော့ဖန်ဂ်စိတ်နှင့် ဂျေဒူတိုက်တ်**တို့သည် ၁၈-ရာစုမှာ များစွာထင်ရှား အရေးပါသောပုဂ္ဂိုလ်ပညာရှိကြီးများဖြစ်ကြသည်။ ယခု ၁၉-ရာစုအစ၌ ပါဠိဘာသာမှ ဂျာမန်ပြန်ဆိုကြသူတို့တွင် အရေးပါ၍ အထင်ရှားဆုံးဖြစ်သောပုဂ္ဂိုလ် အရှင်မြတ် **ဘဒန္တဉာဏတိလောကမထေရ်**သည် အင်္ဂုတ္တရနိကာယအစုံနှင့် မိလိန္ဒပဥှာပါဠိတော်- ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာအပြင် များစွာ အရေးကြီးသော ပါဠိဘာသာရပ်များကို **ဂျာမန်ဘာသာသို့** ပြန်ဆိုရေးသားခဲ့လေသည်။

၎င်းပြင် ဂျာမန်၌ ဗုဒ္ဓဝါဒတရားတော် ထွက်ပေါ်တောက်ပလာသဖြင့် (မိမိတို့ ထင်မြင်ယူဆချက်များအရ)ရှေးကပြန်ဆို ရေးသားကြခြင်းဖြစ်စေ၊ "သည် ဝပ်ဒ် အော့ဖ် ဗုဒ္ဓ" (ဗုဒ္ဓစကားတော်)ကဲ့သို့သော ဘာသာအခြေခံ စာပေများကို အရှင်ဉာဏတိလောက မထေရ် ရေးသားထုတ်ဝေခြင်း စသည်တို့ ဖြစ်စေ၊ ဗုဒ္ဓဝါဒနှင့်စပ်လျဉ်း၍ မိမိတို့ ထင်မြင်ယူဆချက် များအရ ဗုဒ္ဓဘာသာအကျဉ်းချုပ် စာအုပ်များ ရေးသားထုတ်ဝေခြင်းဖြစ်ခဲ့ကြလေသည်။

အချို့ရေးသားကြသည်ကား သီအိုဆိုဖီအသင်းသည် ဗုဒ္ဓဘာသာတော်အား အပြင်ပ *(ဗဟိဒ္ဓ)* အကူအညီရ၍ ဥရောပ၌ ၁၉-ရာစု အစလောက်က ရောက်လာပြီး ၎င်းမှာ ၁,၈၇၅-ခုနှစ်၊ အမေရိကန်၊ နယူးယောက်မြို့တော်ကြီး၌ **ကာနယ်အော်လ်ကော့က်** တည်ထောင်၍ ၎င်းသည် ဗုဒ္ဓဘာသာနှင့်စပ်၍ **"ဗုဒ္ဓစစ် ကက်တက်ဆစ်ဆန်"** (ဗုဒ္ဓဘာသာ ပြဿနာ)စာအုပ် ရေးသားပြီး ၁,၉၁၇-ခုနှစ်၊ ဥရောပမှာ အကြိမ် ၄၀-ထက်မနည်း ထုတ်ဝေ ရသည်-ဟု ရေးသားထားလေသည်။

ကာနယ်အော်လ်ကော့က်မှာ စင်စစ်ဗုဒ္ဓဘာသာမဟုတ်၊ ဗုဒ္ဓဘာသာအကြောင်း သိရန်ကြိုးစားသူသာဖြစ်သည်။ ဥရောပသွားရောက်၍ ဘာသာဝါဒ ပြောင်းသည်။ ၎င်းရေးသားသော စာအုပ်မှာလည်း ဗုဒ္ဓဘာသာ၌ စူးစမ်းသော ပြဿနာမျှ ဖြစ်သည့် အပြင် –

**အိန္ဒိယသို့ ရောက်သောအခါ** ၎င်း၌ အလွန်များပြားသောဘာသာများ တွေ့ရှိကာ ၎င်းတို့၌ အမှန်တရားများ ရှာဖွေပြီး ၎င်းအမှန်တရားသည် ကောင်းမြတ်သော ဝါဒ-ဟု ယူဆလျက် အိန္ဒိယ၊ သီအိုဆိုဖစ်အဒယာတော် ဘာသာဝါဒဆွေးနွေးသော ခန်းမကြီး၌ **"သဲရ *(စ်)* နိုး ရီလစ်ဂျင်စ် မိုးရ် သင် သီ တရုသ် – မှန်ကန်ခြင်းထက် သာလွန်သောဘာသာ မရှိ"**ဟု အင်္ဂလိပ်၊ ဟိန္ဒီ၊ အူရဒူ၊ တာမ်မီလ်-စသော ဘာသာများဖြင့် ရေးသား၍ ဗုဒ္ဓရုပ်ပွါး တော်၊ ဟိန္ဒီဘာသာ၊ မဟာမေဒင်ဘာသာ၊ ခရစ်ယာန်-စသော ဘာသာများ၏ အလေးပြု အပ်ပုံ သင်္ကေတများ ပြထားလေသည်။

သို့ရာတွင် ၎င်းသည် ဗုဒ္ဓဘာသာ၌ အားလုံးမဟုတ်ဘဲ အပိုင်းအဝက် မှန်ကန် သည်-ဟု ယူဆသော တရားကိုသာ အားထားယုံကြည်၍ ၎င်းသီအိုဆိုဖီ စာအုပ်များမှာ အားလုံးဘာသာဝါဒများ မှန်ကန်သည်-ဟု ၎င်းတို့ယူဆသော အကြောင်းအချက်များ ရေးသားကာ ၎င်းအသင်းကို မြန်မာတို့က သဗ္ဗညုတဉာဏအသင်းတော်ကြီးဟု ခေါ်ဆို ရေးသားကြလေသည်။

၎င်းပြင် အနောက်နိုင်ငံ ဥရောပ၌ ဒုတိယဘာသာဝါဒတစ်ခု လှုပ်ရှားလာသည်ကား အက်သစ်ကယ်လ် ကပ်လ်ချား (ကိုယ်ကျင့်တရား ယဉ်ကျေးမှု) ဘာသာဖြစ်သည်။ ၎င်းလည်း အမွန်အစ အမေရိကမှာ ၁,၈၈၃-ခုနှစ်၊ တည်ထောင်ပြီးနောက် ၁၀-နှစ်လောက် အကြာတွင် ဂျာမန်မှာလည်း အမေရိကကဲ့သို့ ကိုယ်ကျင့်တရားယဉ်ကျေးမှု အဖွဲ့အစည်းကြီး တည်ထောင်ပြီးသည်။ ဂေါဒ်၏အစား ကိုယ်ကျင့်တရား ကောင်းမွန်ရေး အားထားကြကာ ၎င်းကို ဆိုရှယ်လ် ရီလစ်ဂျီယန် (သမာဇန ဘာသာ)-ဟု အမည်တပ်လျက် မိမိဝါဒ၌ အထင်ကြီးသူများအား တိုက်ခိုက်လေသည်။

ဤသို့ သီအိုဆိုဖီဘာသာနှင့် အက်သစ်က် ကပ်လ်ချား အယူဝါဒတို့သည် -

အချို့အချက်များမှာ ဗုဒ္ဓဘာသာအယူဝါဒနှင့် နီးနှော တူညီကြသည်။ ဝါဒ ၂-ခုလုံးသည် ဂေါဒ်အယူဝါဒမှ လွတ်ကင်းသော ၎င်းတို့၏ ကိုယ်ကျင့်တရားကိုသာ မြှင့်တင်ကြရာ ဂေါဒ်နှင့်စပ်သော ပြဿနာမှာ မူကွဲပြားသော်လည်း ၎င်းကို ထင်မြင်ကြံဆခြင်းမျှသာ အရေးမကြီးလှ-ဟု ဂျာမန်မှာ ယူဆကြလေသည်။

သို့ရာတွင် ဗုဒ္ဓဘာသာကိုယ်ကျင့်တရားကား ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့်ဆိုင်၍ ကိုယ်ကျင့်တရား ယဉ်ကျေးမှုဝါဒမှာ အများဆက်ဆံရေးဝါဒ ဖြစ်သော်လည်း ကိုယ်ကျင့်တရား လေ့လာပြုကျင့်ရေးမှာမူ ဝါဒ ၂-ခုလုံး အရေးကြီး၍ ရုပ်ဝါဒသိပ္ပံကို ၂-ခုလုံးက လက်မခံသည့်ပြင် ၎င်းတို့မှာ ထိုအခါက အယူသည်းသော ခရစ်ယာန်ဝါဒကို ၎င်းတို့ရန်သူအဖြစ်ဖြင့် တိုက်ခိုက်ကြကာ ကိုယ်ကျင့်ဝါဒသည် သတ္တဝါများ ကာကွယ်စောင့်ရှောက်ခြင်း၌ အထူးအားစိုက်ခြင်းကြောင့် ဗုဒ္ဓဘာသာနှင့် စာနာခြင်း တူမျှကြလေသည်။

သို့ရာတွင် ထိုအခါက ခရစ်ယာန်ဘာသာကို ဝေဖန်စိစစ် စုံစမ်းရန်အတွက် အသစ်ဖြစ်သော ဟောပြောခြင်းများ အစားထိုးရန် *(အလို့ငှါ)* ဗုဒ္ဓဘာသာတရား ကြီးပွါးထွန်းကားဖို့ အရေးကား ဥရောပအနောက်နိုင်ငံ၌ အမှန်လိုအပ်သောအကြောင်းဖြစ်သည်။ -

> ဗုဒ္ဓဘာသာများသည် အခြားသောဘာသာဝါဒများထက် မြင့်မြတ်သော ကမ္မာနှင့် ဆိုင်ရာ ဟောပြောချက်များကို အားထုတ်ကြိုးစားသင့်ပေသည်။

ဤသို့အားဖြင့် ဥရောပ၌ ၁၈-ရာစုအစလောက်က ဗုဒ္ဓသာသနာတော် ထွန်းလင်းထွက်ပြူလာ၍ ၎င်းဝါဒ မိမိထင်မြင်ယူဆချက်များ၊ သို့မဟုတ် ဘာသာပြန်ဆိုချက်များဖြင့် များစွာသော ဗုဒ္ဓဘာသာစာအုပ် စာတမ်းများကို ရေးသားထုတ်ဝေ ဖြန့်ဖြူးရာ ပဓာနဖြစ်သော ပုဒ်တစ်ခု၊ စကားတစ်ခုကို ပြန်ဆိုရာ၌ တိကျသော အဓိပ္ပါယ်တစ်ခု မှတ်သားရန် ခဲယဉ်းနေသည်။

ပမာအားဖြင့် ဒုက္ခ-ဟူသော ပုဒ်ကို ပြန်ဆိုရာဝယ် ဇာတိပိ ဒုက္ခာ၊ (ဘားသ် အစ်စ် ပိန်းန်) ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ၏။

- ဒုက္ခ-ကို ပိန်းန်-ဟု ပြန်ဆိုလျှင် နာကျင်ဆင်းရဲ၏ အဓိပ္ပါယ်ရ၍,
- ၎င်းကို ဆပ်ဖားရင်းဂ်-ဟု ပြန်ဆိုလျှင် ဆင်းရဲခံစားရခြင်း၊
- ၎င်းကို ဆောရိုး-ဆရိုဖ် ပြန်ဆိုလျှင် ဝမ်းနည်းခြင်း-

စသည် ကွဲပြားသောအဓိပ္ပါယ်ရှိ၍ တိကျသောအနက် မှတ်သားရန် ခဲယဉ်းခြင်းနှင့် တွေ့ရလေသည်။

## ဥရောပ၌ ပါဠိလိုက်စား၍ အဘိဓာန်များ ရေးသားထုတ်ဝေခြင်း

ဤသို့ ဥရောပ၌ ဗုဒ္ဓဘာသာနှင့်စပ်လျဉ်း၍ ပါဠိတော်, အဋ္ဌကထာ-စသည်များ ဘာသာပြန်ဆိုခြင်း၊ မိမိတို့ထင်မြင်ချက် ရေးသားခြင်းများဖြင့် စာအုပ်အမြောက်အမြား ရေးသားထုတ်ဝေကြရာ သဘာဝတရားဓမ္မတစ်ခုအတွက် အမျိုးမျိုးပြန်ဆိုခြင်းများ တွေ့ရှိကြကာ တိကျသော အနက်အဓိပ္ပါယ် ဆုံးဖြတ်မှတ်သားရန် မှန်ကန်တိကျသော အဘိဓာန်ရှိသင့်ကြောင်း ဆွေးနွေးတိုင်ပင်ကြပြီး အဘိဓာန်စုဆောင်းရေးသားကြလေသည်။

ဤသို့ စုဆောင်းရေးသားကြရာ လန်ဒန် ယူနီဗာစီတီ ပါဠိနှင့် ဗုဒ္ဓစာပေ ပါမောက္ခ ဘုရင့်အေရှတစ်က်-အသင်းကြီး၊ သီဟိုဠ်သင်းခွဲ၊ ဂုဏ်ထူးဆောင်အသင်းသားဖြစ်သော ရောဘားတ် ကေဇာ ချိုက်လဒါးသည် သီဟိုဠ်မှာအမှုထမ်းစဉ် သီဟိုဠ်ပညာရှိများ, သီဟိုဠ် ရဟန်းတော်များနှင့် ညှိနှိုင်းရေးသားခဲ့သော ပါဠိ-အင်္ဂလိပ်အဘိဓာန်ကြီးကို ၁,၈၇၂-ခုနှစ်၊ လန်ဒန်မှာ အလွန်စောစွာ ရှေးဦးထုတ်ဝေခဲ့လေသည်။

ဤ ရောဘားတ် ကေဇာ ချိုက်လဒါး-သည် ဤပါဠိဘာသာအဘိဓာန်ကြီး စုဆောင်း ရေးသားစဉ်က ဤ ခက်ခဲလေးနက်လှသော ပါဠိဘာသာသင်ကြားအားထုတ်ဖို့ တိုက်တွန်း အားပေးကူညီခဲ့သော မိတ်ဆွေ ရိမ်ဟိုလ်ဒ်ရော့စ်တ်-အား ဤကျေးဇူးမျက်နှာဖြင့် အလေးပြုပါ သည်-ဟု ၎င်း၏အဘိဓာန်မှာ ထည့်သွင်းရေးသားခဲ့လေသည်။

ထိုအခါ ဥရောပနိုင်ငံများမှာ ပါဠိဘာသာအတော်လိုက်စားလာကြ၍ ဥရောပ အနှံ့အပြားလောက်ပင် ပြင်သစ်, ဂျာမန်-စသော ဘာသာတို့၌ ပါဠိဘာသာမှ ၎င်းတို့ဘာသာ သို့ ပိဋကတ်ပါဠိတော်များနှင့် အဋ္ဌကထာအချို့တို့ကို ပြန်ဆိုရေးသားကြကာ ပါဠိအသင်း

အဖွဲ့ကြီးများ ဖွဲ့စည်းတည်ထောင်ကြရာတွင် လန်ဒန်မြို့တော်ကြီး၌ ပရိုဖက်ဆား မစ္စတာ ရိုက်စ် ဒေးဗစ်နှင့် မစ္စစ် ရိုက်စ် ဒေးဗစ်တို့သည် ခေါင်းဆောင်လျက် "ပါဠိတက်က်စ် ဆိုဆိုက်ယက်တီ၊ ပါဠိမူလအသင်းကြီး" တည်ထောင်ပြီးလျှင် ပါဠိတော်များ အကုန်နီးပါး လောက်နှင့် အဋ္ဌကထာအချို့တို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆို ထုတ်ဝေခဲ့လေသည်။

၎င်းပါဠိတက်က်စ် ဆိုဆိုက်ယက်တီး-သည် ဤအဖွဲ့အစည်းကြီး ဖွဲ့စည်းပြီးနောက်–

- ဘုရားဟောပါဠိတော်(လာ) ပါဠိဘာသာများ

- အဋ္ဌကထာနှင့်ဋီကာ(လာ) ပါဠိဘာသာ-

- သီဟိုဠ်ရေးဋီကာ, ဂဏ္ဌိဝိနိစ္ဆယ-စသော များစွာသော ပါဠိဘာသာရပ်များကို လေ့လာလိုက်စားကြကာ ပါဠိဘာသာအဘိဓာန်ကြီးတစ်ခု ဖြစ်မြောက်ရန် ကြိုးစားကြ သည်တွင် မစ်စ်စတီဒ်-သည် ချီးကလ် လဒါးပါဠိအဘိဓာန်မှ အရာဝတ္ထုမှတ်ချက်များနှင့် မာတိကာစဉ်များ ရေးသားကူညီသဖြင့် အသင်းကြီးက ကျေးဇူးတင်ကြောင်း ပြောကြားကာ မစ္စတာ ရိုက်စ် ဒေးဗစ်-သည် ၎င်းတို့ကို ထုတ်ဝေ၍ မစ္စစ် ရိုက်စ် ဒေးဗစ်-သည် စိတ်နှင့် ဆိုင်ရာ အဘိဓမ္မာစကားတို့ကို ပြုပြင်ခဲ့လေသည်။

အောက်ပါပညာရှိများသည် ဤပါဠိအဘိဓာန်ကြီး ပြုစုရာ၌ များပြားလှစွာသော ဝတ္ထု, ဒြပ်, အမည်နာမပုဒ်များ စုဆောင်းရေးသား ကူညီကြလေသည်။

- ပရိုဖက်ဆား စတီန်နို-သည် 'သ' နှင့် 'ဟ' အက္ခရာအစပြုသော ပုဒ်များရေးသား ပြုစု၍ –
- ပရိုဖက်ဆား ဒေါက်တာ အန်ဒါဆင်-သည် ၁,၉၀၇-ခုနှစ်၊ တည်းဖြတ်ပြင်ပြီးလျှင် ၁၉၀၉ ခု၊ ပါဠိတက်က်စ် ဆိုဆိုက်ယက်တီး (ပီ၊ တီ၊ အက်စ်)က ရိုက်နှိပ်လေသည်။
- ဒေါက်တာ မာဗယ်လ် အိပ်ချ် ဗိုဒ်-သည် 'ဗ-ဘ-မ' အက္ခရာများ ရေးသားကူညီ လေသည်။
- ပရိုဖက်ဆား ဒူရောဇယ်လ်သည် က-အက္ခရာပုဒ်ကို ရေးသားကူညီလေသည်။
- ဒေါက်တာ ဒဗလျူအိပ်ချ် ဒီရောစ်သည် စ-အက္ခရာမှ န-အက္ခရာအထိ ပုဒ်များကို ရေးသားကူညီ၍ ထုတ်လေသည်။

ဤအဘိဓာန်ပုဒ်များ အဓိပ္ပါယ်ရေးသားရာ၌ ဒေါက်တာ အိဒမန်ဟာဒီ ရေးသား ခဲ့သော ပါဠိတော် အင်္ဂလိပ်ဘာသာပြန် စာအုပ်များကို များစွာကိုးကားရ၍ ၎င်းတို့သည်

ဤစာအုပ်ထုတ်ဝေရန် အချိန်မီရသဖြင့် ကျေးဇူးဥပကာရ ဤအသင်းကြီးက တင်ရှိလေသည်။

ဤသို့လျှင် မစ္စတာ ရိုက်စ် ဒေးဗစ်သည် များစွာသောပညာရှိများ အကူအညီအားဖြင့် ဤပါဠိအဘိဓာန်ကြီး ထမြောက်အောင်မြင်စွာ ပြုစုနိုင်ခဲ့ရာ သူ၏မိတ်ဆွေ ဒေါက်တာ ဝီလျံ စတီဒ်သည် များစွာကျေးဇူးတင်ရှိဖွယ် ကူညီလျက် အားထုတ်သောကြောင့် ၎င်းဗာဝရီယန် အကက်ဒမီကမာက် ဒင်္ဂါး-၃,၁၀၀၊ ဤအဘိဓာန်ကြီး ပြုစုကူညီသည့်အတွက် ဆုလာဘ်ပေးခဲ့လေသည်။

ဤသို့ အဘိဓာန်ကြီး ထုတ်ဝေဖြန့်ဖြူးခြင်း၏ အကြောင်းဖြစ်စဉ်ကို ပရိုဖက်ဆာ မစ္စတာ ရိုက်ဒ် ဒေးဗစ်က ရှေးဦးထုတ်ဝေသော ချိုက်လဒါး အဘိဓာန်ကြီးမှာ အကိုးအကား စာအုပ် နည်း၍ အဘိဓာန်ပုဒ် များစွာလိုသောကြောင့် ဤဆိုဆိုက်ယက်တီး-က ထပ်မံပုဒ်များဖြည့်စွက် ထုတ်နုတ်ထည့်သွင်းရကြောင်း၊ သို့ရာတွင် ၎င်းကို အကိုးအကား မှီခိုရေးသားရကြောင်း၊ သို့သော်လည်း ၎င်းမှာ ပါဠိပုဒ်ရင်း၊ ဓာတ်ရင်းများ သက္ကတကို မှီ၍ သက္ကတနှင့် ညှိနှိုင်းကာ သက္ကတပုဒ်များကို ထည့်သွင်းဖော်ပြထားကြောင်း ရေးသားသဖြင့် ၎င်းပါဠိဗုဒ္ဓစာပေ ပရိုဖက်ဆာ မစ္စတာ ရောဘားတ် ကေဇာချိုက်လဒါး ပါဠိအဘိဓာန်ကြီး မထုတ်မီက ဥရောပ၌ သက္ကတအဘိဓာန် ရှိနေကြ၍ ရှေးဦးပြုစုရာ၌ ၎င်းကိုပင် အကိုးအကားပြုရသည်မှာ ၎င်းဘာသာတို့ကား နီးကပ်တူညီသော ဘာသာကြီးများ ဖြစ်သောကြောင့် ထည့်သွင်းဖော်ပြရလေသည်။

ယခုအခါ၌လည်း ၎င်းပါဠိတက်က်စ် ဆိုဆိုက်ယက်တီး ပါဠိတော် မူရင်းပုဒ်များသာ၍ စုံလင်အောင် စုဆောင်းကာ ပါဠိကွန်ကောဒင်းတ်အဘိဓာန်ကြီး ရေးသားထုတ်ဝေလျက်ရှိရာ ယခုအခါ ပြီးကာနီးမျှရှိနေကြသည့်အပြင် ဆွစ်ဇလန်နိုင်ငံ ပါဠိအသင်းမှလည်း ပါဠိတက္ကစ် ဆိုဆိုက်ယက်တီးမှ ထုတ်ဝေသော ပါဠိအဘိဓာန်ထက် ကျယ်ဝန်းသော အနက်အဓိပ္ပါယ်များဖြင့် ရေးသားပြုစုနေ၍-

ဒိန်းမတ်နိုင်ငံ ပါဠိဘာသာအသင်းကြီးမှလည်း များပြားကျယ်ဝန်းသော ပါဠိ-အင်္ဂလိပ်အဘိဓာန်ကြီး ရေးသားပြုစုနေရာ ၎င်းမှာလည်း အစပိုင်းတို့မှာ ထုတ်ဝေပြီးလျက် ဆက်လက်ပြုစုနေကြလေသည်။

ယခုအခါ ဥရောပနိုင်ငံများ၌ မြတ်စွာဘုရား ဟောကြားတော်မူရင်းဖြစ်သည့် ပါဠိဘာသာတော်မြတ်သည် နိုင်ငံအနှံ့ ပြန့်ကျယ်ဝန်းစွာ လှုပ်ရှားလာ၍ မြတ်စွာဘုရား၏ တရားအမှန်သိဖို့ ကြိုးစားအားထုတ်ကြကာ နိုင်ငံတိုင်း၌လိုပင် ဗုဒ္ဓဝါဒနှင့်စပ်၍-

၁။ နှိုးနှော်ဆွေးနွေးခြင်း

၂။ တရားဓမ္မ လေ့လာကျင့်သုံးခြင်း

၃။ ကြီးပွါးတိုးတက်အောင် ဆောင်ရွက်ခြင်း –

စသော ဗုဒ္ဓသာသနာပြုလုပ်ငန်းများ ကြိုးစားအားထုတ်လာကြလေသည်။

၎င်းပြင် ယခုအခါ ဗုဒ္ဓစာစောင်များလည်း အများအပြား ဥရောပနိုင်ငံများ၌ ထုတ်ဝေကြကာ ဗုဒ္ဓအခါတော်နေ့များ၌ ဥရောပနိုင်ငံတိုင်းက လေးစားကြလျက် နိုင်ငံတိုင်းမှ ၎င်းနေ့ထူးနေ့မြတ် အထိမ်းအမှတ်ပွဲများ ပြုလုပ်ကြကာ တရားဓမ္မဆွေးနွေးခြင်း၊ ဘုရားကို ဝတ်ပြုခြင်း၊ ကျွေးမွေးလှူဒါန်းခြင်း-စသော ဗုဒ္ဓဘာသာတို့၏ ပြုမူဆောင်ရွက်ချက်များ ၎င်းဗုဒ္ဓစာစောင်များ၌ ပါရှိကြလေသည်။

ဤသို့အားဖြင့် ဥရောပတိုက်၌ ဗုဒ္ဓဝါဒ လှုပ်ရှားခြင်းကား ၁၈-ရာစု အစလောက်ကပင် **အေရှနိုင်ငံသို့** တိုးချဲ့လာခဲ့ကြရာ၊ ၎င်းနိုင်ငံ၏ ထူးထွေသောအကြောင်းအရာများ ရေးသားကြရာတွင် ဗုဒ္ဓဝါဒကား ထူးကဲမွန်မြတ်သောဝါဒအဖြစ်ဖြင့် ရေးသားဖို့ရန် စိတ်အားသန်လာကြသည့်အားလျော်စွာ ၁,၈၂၅-ခုနှစ်၊ အေရှတစ်ဂျာနယ်၌ ဇျေ-ဂျေဆခမစ်ဒ်၏ “ဗိုင်အိုဂရပ်ဖိ အော့ဖ် ဗုဒ္ဓ- ဗုဒ္ဓ၏အဖြစ်တော်စဉ်” ထည့်သွင်းရေးသားကြောင်း နောက်က ရေးခဲ့လေသည်။

၎င်း ၁၈-ရာစုမှာကား ဗုဒ္ဓ၏အကြောင်းအရာများနှင့် တရားတော်များ လိုက်စား လေ့လာကြရုံမျှသာ ရှိကြသေး၍ တည်ထောင်မှုကား ဗုဒ္ဓဘာသာအဖွဲ့အစည်းကြီးများ၏ အကြောင်းမှတ်တမ်းစာပေများ၊ သို့မဟုတ် မဂ္ဂဇင်းဂျာနယ်များ မိမိမတွေ့ရှိသဖြင့် မပြည့်စုံ ကြသေး-ဟု ထင်*(မြင်)*မှတ်သားရပါသည်။

## ဥရောပ၌ ဗုဒ္ဓဘာသာအသင်းကြီးများ တည်ထောင်လာကြခြင်း

ဤဆိုအပ်ခဲ့ပြီးသော ၁၈-ရာစုအတွင်း ဗုဒ္ဓဘာသာနှင့် တရားတော်တို့ကား ဥရောပ တိုက်အတွင်း လှုပ်ရှားကာ များစွာသော စာအုပ်စာတမ်းများ ရေးသားထုတ်ဝေခဲ့ကြသော် လည်း လှုပ်ရှားမှုသာရှိ၍ လိုက်နာကျင့်သုံးမှုကား ၎င်း၌ လိုအပ်လျက်ပင် ရှိခဲ့ရာ –

၁,၉၀၇-ခုနှစ်၊ လန်ဒန်မြို့တော်၌ ပရိဖက်ဆာ ရိုက်စ် ဒေးဗစ်နှင့် ပရိဖက်ဆာ အီ-တီ-မစ်လ်လ်-တို့ခေါင်းဆောင်ပြီးလျှင် "သည် ဗုဒ္ဓစ်စ်တ် ဆိုဆိုက်ယက်တီး အော့ဖ် ဂရိတ်တ်, ဗြိတိန် အင်ဒ် အိုင်ယာလန်" (ဗြိတိန်နှင့် အိုင်ယာလန် ဗုဒ္ဓဘာသာအသင်းကြီး)ကို စတင် တည်ထောင်ကြလျက် ဗုဒ္ဓဘာသာနှင့်ပတ်သက်သော စာပေဗဟုသုတ ရှာဖွေစုဆောင်းကြ ကာ ၎င်းအကြောင်း ဆွေးနွေးတိုင်ပင် အစည်းအဝေးများကျင်းပ၊ လုပ်ငန်းများ ဆောင်ရွက်ခဲ့ ကြလေသည်။

သို့ရာတွင် ဤသာသနာပြုအသင်းကြီးကား ၎င်းအသင်းသူ, အသင်းသားတို့ ပညာဗဟုသုတ ရှာဖွေဆည်းပူးကြသော ပညာတတ်, ပညာသည်များသာ ဖြစ်ကြ၍ ဗုဒ္ဓ-ဘာသာနှင့်ဆိုင်ရာ ပညာဗဟုသုတအမျိုးမျိုး ရှာဖွေဆည်းပူးကြ၍ ဗုဒ္ဓဘာသာဆိုင်ရာ စာပေများနှင့် စာအုပ်မှတ်တမ်းများ အတော်များစွာ စုဆောင်းမိကြသော်လည်း ဗုဒ္ဓဝါဒအရ သီလသီတင်း ကျင့်သုံးခြင်းအားဖြင့်လည်းကောင်း, ဗုဒ္ဓတရားတော်ကို ယုံကြည်ကိုးစား လေ့လာကျင့်ကြံ အားထုတ်ခြင်းအားဖြင့်လည်းကောင်း ဗုဒ္ဓဘာသာလုပ်ငန်းကား ကြီးပွါး တိုးတက်ခြင်း မရှိလှသေးပေ။

၎င်းဗုဒ္ဓဘာသာစာပေနယ်ကား ၁၈-ရာစု အဆုံးလောက်ကပင် တိကျသော ထေရ-ဝါဒဗုဒ္ဓစာပေများ ဥရောပဘာသာများသို့ မိမိတို့ ထင်မြင်ချက်အတိုင်း ရေးသားလာခဲ့ကြရာ အမေရိကန်ပညာရှိ ဗုဒ္ဓစာပေဂုဏ်ထူးရ မစ္စတာ ဟင်နရီကလာက်ဝါရင်းသည် ဗုဒ္ဓဘာသာ စာပေများ လိုက်စားကာ "ဗုဒ္ဓစ်စ် အင်န် ထရန်စလေးရှင်း"(ဗုဒ္ဓဘာသာပြန်ဆိုခြင်း) စာအုပ်ကို ၁,၈၉၆-ခုနှစ်မှာ ဟာဗားဒ်အရှေ့နိုင်ငံ စာပေစဉ်၌ ထုတ်ဝေခဲ့လေသည်။

ဤမစ္စတာ ဝါရင်း၏ ဗုဒ္ဓစ်စ် အင်န် ထရန်စလေးရှင်း- ဘာသာပြန် ဗုဒ္ဓဘာသာ စာအုပ်ကား ဥရောပတွင် ထင်ရှား၍ ပထမနှိပ်ခြင်း ၁,၈၉၆-ခုနှစ်မှ ၁,၉၅၃-ခုနှစ်အတွင်း ၁၀-ကြိမ်မျှ ရိုက်နှိပ်ရသဖြင့် ဘာသာမှာလည်း လွယ်ကူတိကျစွာ ပြန်ဆိုလျက် များသော အားဖြင့် ပါဠိတော်သက်သက်လောက်သာ အပိုမပါလှဘဲ အင်္ဂုတ္တရ, သံယုတ္တ, မဇ္ဈိမ, ဒီဃ, ခုဒ္ဒကနိကာယ်များမှ ၎င်းထင်မြင်ချက် သုတ္တန်များ ထုတ်နုတ်ကာ ပြန်ဆိုရေးသားခြင်းမျှသာ ဖြစ်ကြောင်း ၎င်းစာအုပ်၌ ဖတ်ရှုရလေသည်။

ဤစာအုပ်မထုတ်မီ ဥရောပ၌ ပိဋကတ်နိကာယ်ပါဠိတော်များနှင့် အဋ္ဌကထာအချို့ တို့ကို ပြန်ဆိုရေးသား ထုတ်ဝေကြပြီး ရှိကြရာ ၁၈-ရာစုအတွင်းမှာ အောက်ပါ ပိဋကတ်များ ပြန်ဆိုရေးသား ထုတ်ဝေကြလေသည်။

ဓမ္မပဒအဋ္ဌကထာ- ဗီဖောစ်ဘော်လ်သည် ကိုပင်ဟေဂျင်မြို့၌ ၁,၈၅၅-ခုနှစ်က ထုတ်ဝေသည်။

ဇာတကအဋ္ဌကထာ (၅-တွဲ) ၎င်းဗီဖောစ်ဘောလ်သည်ပင် ၁,၈၇၇-ခုနှစ်၊ ရိုက်နှိပ်ထုတ်ဝေသည်။

ဒီဃနိကာယ(ပဌမတွဲ) တီဒဗလျူ အာရ်၊ ဒေးဗစ်နှင့် ဂျေ အီ၊ ကာပင်တာတို့ ၁,၈၉၀-ခု၊ ပါဠိတက္ကစ်အသင်း၊ (ပီ၊ တီ၊ အက်စ်)က ထုတ်ဝေသည်။

မဇ္ဈိမနိကာယ- ဗီ၊ ထရန်ကနား ပြင်ဆင်၍ လန်ဒန်၌ ၁,၈၈၈-ခုနှစ်၊ တီ၊ ပီ၊ အက်စ်က ရိုက်နှိပ်ထုတ်ဝေသည်။

မိလိန္ဒပဉှာ- ဗီ၊ ထရန်ကနား ပြင်ဆင်၍ လန်ဒန်မှာ ၁,၈၈၀-ခုနှစ်၊ ရိုက်နှိပ်ထုတ်ဝေသည်။

သံယုတ္တနိကာယ- လီအွန်ဖီယား ပြင်ဆင်၍ ပီ၊ တီ၊ အက်စ်က ၁,၈၈၄-ခုနှစ်၊ ရိုက်နှိပ်ထုတ်ဝေသည်။

အင်္ဂုတ္တရနိကာယ- ရဲဗရင်း ရစ်ချာ့ဒ် မောရစ် ပြင်ဆင်သုတ်သင်၍ ၁,၈၈၅-ခု၊ လန်ဒန်ပါဠိတက္ကစ်ဆိုဆိုက်ယက်တီး-က ထုတ်ဝေသည်။

မဟာဝဂ္ဂ (ဝိနယ) ပထမ-မစ္စတာ ဟာမင်အိုလ်ဒင်ဘာ့ဂ် သုတ်သင် ပြင်ဆင်၍ ၁,၈၇၉-ခု၊ လန်ဒန်မှာ ရိုက်နှိပ်ထုတ်ဝေသည်။

စူဠဝဂ္ဂ (ဝိနယ) ဒု- မစ္စတာ ဟာမင်အိုလ်ဒ်ဘာ့ဂ် သုတ်သင်ပြင်ဆင်၍ ၁,၈၈၀-ခုနှစ်၊ လန်ဒန်မှာ ရိုက်နှိပ်ထုတ်ဝေသည်။

မဟာပရိနိဗ္ဗာနသုတ္တ- မစ္စတာ ရောဘားဒ် ကေဇာ ချိုက်လဒါး သုတ်သင်ပြင်ဆင်၍ ၁,၈၇၈-ခု၊ လန်ဒန်မှာ ရိုက်နှိပ်ထုတ်ဝေသည်။

မဟာသတိပဋ္ဌာနသုတ္တ- ၁,၈၈၃-ခုနှစ်၊ ကိုလံဘို၊ သီဟိုဠ်မှာ ရိုက်နှိပ်ထုတ်ဝေသည်။

ဥဒါနပါဠိတော်- မစ္စတာ ပေါလ် စတိန်သယ်လ် သုတ်သင်၍ ၁,၈၈၅-ခုနှစ်၊ လန်ဒန်၊ ပီ၊ တီ၊ အက်စ်က ရိုက်နှိပ်ထုတ်ဝေသည်။

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ- ၎င်းကား မထုတ်ဝေရသေး၊ မူကြမ်းမျှသာ ပြန်ဆိုထားသည်ကို ကိုးကားကြည့်ရှုရသည်။

ဤသို့ မစ္စတာ ဟင်နရီကလာက်ဝါရင်းသည် ၎င်းစာအုပ်ရေးသားရာ၌ ကိုးကားရသော စာအုပ်များ ထုတ်ပြသဖြင့် ၎င်းစာအုပ်မရေးမီ ၁၈-ရာစုအတွင်းက ပါဠိတော် အမြောက်အမြား အင်္ဂလိပ်ဘာသာအားဖြင့် ပြန်ဆိုပြီး ရှိနေသည့်အပြင် အခြားဂျာမန်၊ ပြင်သစ်-စသော ဘာသာများမှာလည်း ၎င်းပါဠိတော်များကို ပြန်ဆိုရေးသား ထုတ်ဝေကြ၍ ဥရောပ၌ သီအိုရီခေါ် ဗုဒ္ဓဝါဒ-ဗုဒ္ဓမတိကား အတော်ပြန့်နှံ့လျက် ရှိနေခဲ့လေသည်။

ဤသို့ ဗုဒ္ဓဝါဒ-ဗုဒ္ဓမတိ-သီအိုရီမျှ ပြန့်ပွါး၍ ဗုဒ္ဓအလိုတော်ကျဝါဒ၏ အကျိုးတရားပန်းတိုင်သို့ မရောက်ကြသေးသော်လည်း တစ်ခေတ်ထက်တစ်ခေတ်ကား ဗုဒ္ဓဝါဒရင့်ကျက်ကာ ဥရောပနိုင်ငံများ၌ ဗုဒ္ဓဝါဒ ဆွေးနွေးစဉ်းစားခြင်းများ လေးနက်လာကြပြီး လေ့ကျင့်ရေးစခန်းသို့ နီးလာခဲ့ကြလေသည်။

## အရှင်အာနန္ဒာမေတ္တေယျ အင်္ဂလိပ်ရဟန်းတော်အကြောင်း

ဤသို့ ဥရောပဗုဒ္ဓဘာသာအသင်းများ တည်ထောင်ဖွဲ့စည်းလာကြသော်လည်း ဝါဒသီအိုရီမျှသာ ဆွေးနွေးတိုင်ပင် စဉ်လာမပျက် စာပေဗဟုသုတ တိုးတက်ရေးလောက်ပင် ရှိနေခဲ့၍ သီလသီတင်းဆောက်တည် ကျင့်သုံးအားထုတ်ခြင်း အလုပ်အကျင့်တရားတည်းဟူသော ဗုဒ္ဓဝါဒအကျိုးတရားပန်းတိုင်ကိုကား မရောက်ကြ၊ မလှမ်းမိကြသေးဘဲလျက် အပြောသာရှိ၍ အလုပ်မပါသကဲ့သို့ ရှိနေခဲ့ကြရာ အင်္ဂလိပ်လူမျိုး မစ္စတာ အယ်လင်ဘင်နက်တ် သည် ဗုဒ္ဓစာပေကျမ်းဂန်များနှင့် ဗုဒ္ဓတရားတော်များကို လိုက်စားလေ့လာသင်ယူအားထုတ်ပြီးလျှင် ထေရဝါဒဗုဒ္ဓဘာသာတည်ရှိ၍ အားထုတ်လေ့လာလျက်ရှိသော မြန်မာနိုင်ငံသို့ လာရောက်ကာ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာကို လေ့လာပြီးနောက် ၁,၉၀၂-ခုနှစ်တွင် မြန်မာပြည်မှာ ဥပသမ္ပဒရဟန်းအဖြစ်ယူ၍ ဗုဒ္ဓတရားတော်များ သင်ကြားခဲ့ပြီး ၁,၉၀၈-ခုနှစ်၊ အင်္ဂလန်သို့ သာသနာပြု ကြွတော်မူခဲ့လေသည်။

ထိုအရှင်ကား မြန်မာနိုင်ငံတွင် ရှေးဦးစွာ ရဟန်းပြု၍ ဗုဒ္ဓတရားတော်ကို အထူးအားထုတ်သင်ယူပြီး သာသနာတော်ကိုလည်း အလွန်ယုံကြည်တော်မူကာ လောကဓာတ်ပညာထွန်းကားသော အနောက်နိုင်ငံသားတို့အား လောကဓာတ်ပညာအားဖြင့် သက်သေပြလျက် ဗုဒ္ဓတရားတော်ဘက် သက်ဝင်ယုံကြည်လာရန် အထူးကြိုးစားသောအရှင်ဖြစ်သဖြင့် ထိုခေတ်က အနောက်နိုင်ငံ သာသနာပြုရန် ထက်သန်ကြသည့်အတိုင်း **အရှင်အာနန္ဒာမေတ္တေယျ-အင်္ဂလန်သာသနာပြုဆရာတော်**-ဟု ကျော်ကြားခဲ့လေသည်။

ထိုအရှင်မြတ်သည် အင်္ဂလန်၌ တည်ထောင်ဖွဲ့စည်းသော ဗုဒ္ဓဘာသာအသင်းကြီး အား မိမိကိုယ်တိုင် ဗုဒ္ဓတရားတော်နှင့်အညီ နေထိုင်ကျင့်သုံးတော်မူခြင်း, ဗုဒ္ဓတရားတော် မြတ်၏ လေးနက်မှန်ကန်ကောင်းမြတ်ခြင်းကို ဟောကြားပြသတော်မူခြင်း, သူတပါးတို့ အား ဗုဒ္ဓတရားတော် ကျင့်ကြံအားထုတ် နေထိုင်နည်းကို ပြသတော်မူခြင်း စသည်တို့ဖြင့် အားပေးရာ ယင်းအသင်းကြီးသည် နေ့, ညချင်းပင် ကြီးပွါးတိုးတက်လာ၍ တရားနာယူသူ, အားထုတ်သူများ ပေါ်များပြီး လန်ဒန်မြို့တွင် ထင်ရှားသောအသင်းကြီး ဖြစ်လာပြီးလျှင် ဗုဒ္ဓဘာသာလူဦးရေလည်း များစွာတိုးတက်လာခဲ့လေသည်။

ဤသို့ အရှင်အာနန္ဒာမေတ္တေယျ သာသနာပြုခဲ့ရာ၌ ၎င်းသည် မြန်မာနိုင်ငံသို့ လာရောက်စဉ်က မစ္စစ် လှအောင်(မင်းကြီးကတော်) ဒေါ်မြမေကြီးမှူး၍ မြန်မာနိုင်ငံတွင် နိုင်ငံခြားသာသနာပြု အဖွဲ့အစည်းကြီး ဖွဲ့စည်းပြီးကာ ၎င်းအရှင်အား လိုသမျှ အကူအညီ ပေးပြီးလျှင် အင်္ဂလန်သို့ သာသနာပြု ကြွတော်မူသောအခါတွင်လည်း ၎င်းမင်းကြီးကတော် ဒေါ်မြမေကိုယ်တိုင် ၎င်းနှင့်တပါတည်းလိုက်လျက် စားသောက်နေထိုင်ရေးဘက်မှ ဘာမျှ မလိုရအောင် ကူညီဆောင်ရွက် အားထုတ်ခဲ့လေသည်။

၎င်းအတွက်လည်း ထိုအရှင်၏ သာသနာပြုရေးအတွက် တစ်ဖက်က အကူအညီ ရသဖြင့် ထမြောက်အောင်မြင်ကာ ဤ ၆-လလောက်မှာ ဤမျှလောက် ခရီးရောက်ကာ သာသနာတော်အတွက် များစွာအကျိုးရှိခဲ့သဖြင့် ဤကဲ့သို့ ထိရောက်အောင် ကူညီဆောင် စွမ်းနိုင်သော သာသနာပြုအသင်းကြီးများ မြန်မာနိုင်ငံမှာ ရှိခဲ့ပါလျှင် အနောက်နိုင်ငံ သာသနာပြုလုပ်ငန်းမှာ များစွာအောင်မြင်ခဲ့မည်ဖြစ်ရာ မြန်မာနိုင်ငံ၌ ထိရောက်အောင် အားပေးကူညီခဲ့သော သာသနာပြုအဖွဲ့အစည်းကား ယခုတိုင်လိုလျက် ရှိပါသေးသည်။

သို့ရာတွင် အရှင်အာနန္ဒာမေတ္တေယျသည် ဤကဲ့သို့ အင်္ဂလန်၌ ထက်သန်ကောင်း မြတ်သော စိတ်ထားဖြင့် အောင်မြင်စွာ သာသနာတော်ကို ပြုစုလိုပါသော်လည်း ၎င်းကိုယ် ခန္ဓာ၏ မကျန်းမာခြင်းကား ၎င်း၏စိတ်ဆန္ဒ*(ကို)* အနှောင့်အယှက်ပေးသကဲ့သို့ သာသနာပြု လုပ်ငန်း မဖြည့်စွမ်းနိုင်တော့ဘဲ ၆-လလောက် အောင်မြင်ထမြောက်စွာ သာသနာပြုခဲ့ပြီး နောက် မကျန်းမာသော ကိုယ်ခန္ဓာ၏အလိုသို့ လိုက်လျောကာ အရှေ့နိုင်ငံသို့ပင် ပြန်လည် ကြွလာတော်မူခဲ့ရလေသည်။

သို့ပါသော်လည်း ၎င်းမြေတောင်မြှောက်၍ မြေဩဇာထည့်ထားခဲ့သော အင်္ဂလန် ဗုဒ္ဓဘာသာအသင်းကြီးတည်းဟူသော ဗုဒ္ဓဘာသာပင်မကြီးကား အခက်အလက် ပင်စည် ကြီးပွါးတိုးတက်လျက် မကြာမကြာ ဗုဒ္ဓအယူဝါဒအစည်းအဝေးများ ကျင်းပကာ တရားဓမ္မ

ဟောပြောကြခြင်း၊ ၎င်းတရားဓမ္မ၌ ဆွေးနွေးတိုင်ပင် နှီးနှောပြောဆိုကြခြင်း၊ ၎င်းတို့၏ မှန်ကန်သော ထင်မြင်ချက်များ, စာအုပ်စာတမ်းများ ထုတ်ဝေခြင်း၊ ဗုဒ္ဓစ်စ်ရီဗြူး-ဗုဒ္ဓဒဿန မဂ္ဂဇင်းကို ထုတ်ဝေခြင်း-စသော ကြီးပွါးတိုးတက်မှု လုပ်ငန်းများ အသင်းသားတို့ ဆက်လက်ပြုစုကြကာ ၁,၉၂၀-ခုနှစ်လောက်ရောက်အောင် ကြီးပွါးစိမ်း၍ ထင်ရှားလျက်ပင် ရှိခဲ့ပါသေးသည်။

သို့ရာတွင် ၎င်းအသင်းကြီးကား ၎င်းမှနောက်၌ ဆက်လက်ပြုစုအားထုတ်သူ ကင်းမဲ့ကာ နိုင်ငံမှာလည်း နိုင်ငံရေး ရှုပ်ထွေးလျက် ၁,၉၂၁-ခုနှစ်လောက်က ပျက်ပြယ်လာခဲ့ရာ ၎င်းအသင်းဝင်များ၏ စိတ်မှာမူ ဗုဒ္ဓဘာသာတရား ကိန်းအောင်းလျက်ပင်, ယခုထက်တိုင်အောင် ဗုဒ္ဓဘာသာဦးရေကား တိုးပွါးလျက်ပင် ရှိနေခဲ့လေသည်။

## မဟာဗောဓိအသင်း အနာဂါရိကဓမ္မပါလ သာသနာပြုခြင်း

အိန္ဒိယမဟာဗောဓိအသင်းကြီးသည် သီဟိုဠ်ကျွန်း၊ အနာဂါရိကဓမ္မပါလ ဦးဆောင်လျက် တည်ထောင်ခဲ့သည်မှာ ၁,၈၉၁-ခုနှစ်ဖြစ်၍ ယခု ၁,၉၆၆-ခုနှစ်တိုင်အောင်ကား ၇၅-နှစ်၊ ကြာမြင့်ခဲ့ပြီးဖြစ်ရာ ၎င်းအသင်းကြီး၏ မူလရည်ရွယ်ခြင်း၏ အကြောင်းအတ္ထုပ္ပတ်ကား ၎င်းအနာဂါရိကဓမ္မပါလ ငယ်ရွယ်စဉ်က ၁,၈၉၁-ခုနှစ်၊ ဇန်နဝါရီလ ၂၂-ရက်နေ့၊ မဟာဗောဓိဗုဒ္ဓဂယာသို့ ဘုရားဖူးရောက်သည့်အခါ ၎င်းဗုဒ္ဓဂယာ၌ ဘာသာခြား မဟန္တကီ၊ ဇော်ဂီ၊ ဟိန္ဒူဘုန်းကြီးများ အုပ်ချုပ်၍ ဗုဒ္ဓမြတ်စွာ၏ ရုပ်ထုတော်များ ကစင့်ကရဲနေသည့်အပြင် ၎င်းတို့နေရာ လှေကားရင်းမှာပင် ထားလျက် အချို့ကား သီဝ, ဝိဿျကာ အထိမ်းအမှတ် ရုပ်ပွါးတော်, နဖူးတော်မှ အဖြူ, အနီ အရေးတပ်ကာ ဗုဒ္ဓဂယာစေတီတော်မှာ ထားရှိခြင်း-စသော မနှစ်သက်ဖွယ် အကြောင်းအရာများ တွေ့ရသဖြင့် ၎င်းတို့ကို ကာကွယ်စောင့်ရှောက်နိုင်ရန် ၎င်း၏မိတ်ဆွေများနှင့် တိုင်ပင်ကာ ဤအသင်းကြီး ဖွဲ့စည်းတည်ထောင်ခဲ့လေသည်။

ဤသို့ ဖွဲ့စည်းတည်ထောင်ပြီး အိန္ဒိယဗုဒ္ဓဘာသာ အခြေခံအကြောင်းအရာများနှင့် ဗုဒ္ဓဂယာစေတီတော်ကြီးကို ဗုဒ္ဓဘာသာနိုင်ငံများက အုပ်ချုပ်နိုင်ရန် ကြိုးစားအားထုတ်လာခဲ့ရာ ၎င်းအသင်းကြီးမှာ တဖြည်းဖြည်းအားဖြင့် ကြီးပွါးတိုးတက်လာ၍ လစဉ် မဟာဗောဓိဂျာနယ်ထုတ်ဝေကာ နိုင်ငံခြားသာသနာပြု စေလွှတ်ရန် ရည်ရွယ်ချက်များဖြင့် အားထုတ်

နေသည့်အတွင်း အမေရိက၊ ချီကာဂိုမြို့ကြီး၌ ဘာသာရေးပါလီမန်အစည်းအဝေးကြီး ကြေညာသောအခါ အနာဂါရိကဓမ္မပါလကိုယ်တိုင် တက်ရောက်ခဲ့ပြီး ၎င်းအစည်းအဝေး ကြီးသို့ လာရောက်ကြသော ဥရောပကိုယ်စားလှယ်များနှင့်လည်း ရင်းနှီးကာ ဥရောပ သာသနာပြုတို့အကြောင်း ဆွေးနွေးတိုင်ပင်ကြပြီး **မစ္စစ် ဖော့စတား** စသော ထင်ရှားသော ဥရောပဥစ္စာရှင်များ အကူအညီ အထောက်အပံ့ရသဖြင့် ၎င်းမှစ၍ သာသနာပြုလုပ်ငန်း ကြီးပမ်းအားထုတ်ခဲ့လေသည်။

၎င်းနောက် သာသနာပြုကျောင်းများ တည်ထောင်ကာ များစွာသော သာသနာပြု ဓမ္မဒူတပုဂ္ဂိုလ်များ ရွေးချယ်လျက် အင်္ဂလိပ်ဘာသာ-စသော နိုင်ငံခြားဘာသာများ သင်ကြားအားထုတ်စေပြီး သင့်တင့်သောပုဂ္ဂိုလ်များ စိစစ်ပြီးလျှင် ၎င်းသာသနာပြုလုပ်ငန်း ကြီးကို စတင်ပြုလုပ်လျက် အနောက်နိုင်ငံ အင်္ဂလန်၊ ဂျာမန်-စသော ထင်ရှားသော နိုင်ငံများသို့ သာသနာပြုများ စေလွှတ်ခဲ့လေသည်။

ဤသို့ မဟာဗောဓိအသင်းကြီး၏ ဦးစီးဥက္ကဋ္ဌ တည်ထောင်ခဲ့သော **အနာဂါရိက-ဓမ္မပါလ**သည် ၁၉၂၆-ခုနှစ်တွင် အင်္ဂလန်ပြည်၊ လန်ဒန်မြို့တော်၌ ၎င်းအသင်း ထားရှိရန် အိမ်တစ်အိမ် ဝယ်ယူပြီး ဗြိတိသျှမဟာဗောဓိ-ဟူသောအမည်ဖြင့် ဆိုင်းဘုတ်တင်ပြီးလျှင် မဟာဗောဓိအသင်းခွဲ ၁-ခု ဖွင့်လှစ်လျက် ပြောဟောနိုင်သော အရည်အချင်းနှင့်ပြည့်စုံ သည့် သီဟိုဠ်သာသနာပြု ရဟန်းတော် ၁-ပါး အမြဲသီတင်းသုံး နေထိုင်စေပြီး တနင်္ဂနွေ နေ့တိုင်း တရားဓမ္မ ဟောပြောခြင်း၊ တရားဓမ္မ ဆွေးနွေးခြင်း၊ ဗုဒ္ဓဘာသာတရားတော်များကို သင်ကြားလိုသူများ*(ကို)*လည်း သင်ကြားပေးခြင်း-စသော သာသနာပြုလုပ်ငန်းများ တိုးတက်ပြန့်ပွါးရေး ဆောင်ရွက်လာခဲ့ရာ အရင်ကရှိနှင့်ပြီး ဗုဒ္ဓဘာသာအဟောင်းများလည်း အားရှိလာ၍ နောက်အသစ်ဖြစ်လာသော ဗုဒ္ဓဘာသာဦးရေလည်း တိုးပွါးလာကာ ၎င်းသာသနာပြု လမ်းစဉ်မှာ အတော်ပင် ခရီးရောက်လျက် တိုးတက်ကြီးပွါး အကျိုးများ ခဲ့လေသည်။

သို့ရာတွင် ၎င်းသာသနာပြုဌာန ပင်မသဖွယ်ဖြစ်သော အနာဂါရိကဓမ္မပါလ မဟာဗောဓိအသင်းကြီး စတင် ခေါင်းဆောင်လျက် တည်ထောင်သူသည် ၁,၉၃၃-ခုနှစ်တွင် ကွယ်လွန်ခဲ့သည်ဖြစ်၍ အသင်းပင်မကြီး အားနည်းလာသဖြင့် အကိုင်းအခက်သဖွယ် ဗြိတိသျှမဟာဗောဓိအသင်းငယ် အသင်းခွဲကား တဖြည်းဖြည်း အားနည်းလာခဲ့ရာတွင် ၁,၉၃၉-ခုနှစ်မှာ ကမ္ဘာစစ်ကြီးဖြစ်လာ၍ ၎င်းသာသနာပြုလုပ်ငန်း ဆက်လက်အားမထုတ် နိုင်တော့ဘဲ စစ်ဘေးရန်မှ ရှောင်လွဲလျက်သာ ၎င်းလုပ်ငန်း ရပ်ဆိုင်းထားခဲ့လေသည်။

## ဆရာတော်အရှင်သေဋ္ဌိလ အင်္ဂလန်၌ ဆက်လက်၍ သာသနာပြုကြောင်း

ဆရာတော် အရှင်သေဋ္ဌိလကား ရန်ကုန်၊ အရှင်အာဒိစ္စဝံသကျောင်းတိုက်မှ အစိုးရ ပါဠိပထမပြန် စာမေးပွဲ၌ အကျော်တန်းအောင်မြင်ပြီးနောက် မန္တလေး၊ ပရိယတ္တိသာသန-ဟိတအသင်းကြီးမှ ကျင်းပသော စာမေးပွဲ၌လည်း စာချတန်း ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့ထူးရပြီးလျှင် သာသနာပြုရန် ရည်ရွယ်ချက်ဖြင့် အိန္ဒိယ၊ သီဟိုဠ်နိုင်ငံခြားသို့ သွားရောက်ကာ သက္ကတ၊ ဟိန္ဒီ၊ အင်္ဂလိပ်-စသော ဘာသာခြားစာပေများ သင်ယူကာ သာသနာပြုရန် ပညာခံ မလုံလောက်သေးသဖြင့် တစ်ကြောင်း, အနည်းငယ် ကျန်းမာရေး ချို့တဲ့သည်က တစ်ကြောင်းကြောင့် မြန်မာနိုင်ငံသို့ ပြန်လာပြီးလျှင် မြန်မာနိုင်ငံ သီအိုရိဖိ အသင်းကြီးနှင့် ဆက်ဆံကာ ၎င်း၏အမှုကိစ္စ ဆောင်ရွက်အားထုတ်ပေးသော ကျေးဇူး ကြောင့် ၎င်း၏အကူအညီဖြင့် မဒရပ်-အဒယာဟောလ်၌ သီတင်းသုံးပြီး ၎င်းအသင်းကြီးက ကျေးဇူးပြုကာ အင်္ဂလန်မှာ နေထိုင်လျက် ပညာအရပ်ရပ်တို့ကို ဆက်လက် သင်ကြားတော်မူ ခဲ့လေသည်။

ဤသို့ ပညာသင်ကြားနေဆဲပင်လျှင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာ၍ မြန်မာနိုင်ငံသို့ မပြန်နိုင်တော့ဘဲ အင်္ဂလန်မှာပင် ဆက်၍ သီတင်းသုံးကာ တတ်နိုင်သလောက် ကိုယ့်ဒူး ကိုယ်ချွန်ဆိုသကဲ့သို့ ကိုယ်ရေးကိုယ်တာ ကြံဖန်နေထိုင်တော်မူရင်း စပ်ရာစပ်ရာတွေ့ရှိ သူများအားလည်း ဗုဒ္ဓတရားတော်များ ဟောပြလျက် သင့်တင့်စွာ အထောက်အပံ့ရ၍ နေထိုင်သီတင်းသုံးခဲ့ရာ အင်္ဂလန်မှာလည်း ဗြိတိသျှဘာသာအသင်းကြီးနှင့် မဟာဗောဓိ အသင်းကြီးများ အားထုတ်ခဲ့သော ထေရဝါဒဗုဒ္ဓသာသနာသည်ကား ပြုစုပျိုးထောင် ဆောင်ရွက်ခဲ့သောသူများ မရှိကြတော့ဘဲ အားနည်းညှိုးနွမ်းနေခဲ့သည့်အခိုက် လန်ဒန်မှာ ရှိနေကြသော မြန်မာဗုဒ္ဓဘာသာများ စုပေါင်းကြပြီးလျှင် ၁,၉၄၈-ခုနှစ်၊ မေလတွင် သာသနကာရီ ယာယီဘုန်းကြီးကျောင်း ဖွင့်လှစ်ကာ ၎င်းအရှင်သေဋ္ဌိလဆရာတော်ကိုပင် ပင့်လျက် သီတင်းသုံးတော်မူစေခဲ့လေသည်။

ဤသို့ လန်ဒန် ဗုဒ္ဓဝိဟာရ-သာသနကာရီကျောင်း တည်ထောင်ပြီး ဆရာတော် အရှင်သေဋ္ဌိလ သီတင်းသုံးစေရာ လန်ဒန် ထေရဝါဒသာသနာတော်ကား တဖန် စိမ်းလန်း စိုပြည်လျက် –

| | | |
|---|---|---|
| လစဉ်တရားပွဲများ | – | ကျင်းပဆွေးနွေးခြင်း၊ |
| တနင်္လာနေ့တိုင်း | – | ကမ္မဋ္ဌာန်းဘာဝနာ ပွါးများရေးသင်တန်း၊ |
| အင်္ဂါနေ့တိုင်း | – | အဘိဓမ္မာနှင့် အခြားပိဋကတ်များသင်တန်း၊ |
| သောကြာနေ့တိုင်း | – | ပါဠိဘာသာသင်တန်း။ |

ဤသင်တန်းများကို ဖွင့်၍ သင်ကြားပေးခြင်း, အခြားနေ့များ၌ အရပ်ရပ်က ဖိတ်ကြားသော တရားပွဲများသို့ ကြွသွားတော်မူကာ တရားဓမ္မဟောပြခြင်း-စသည်ဖြင့် မြေတောင်မြှောက်ကာ သာသနာတော်အပင်ကြီး သီးပွင့်လာသကဲ့သို့ တရားဓမ္မလိုက်နာကျင့်ကြံအားထုတ်သင်ကြားသော အကျိုးဖလ ပြန်လည်ရရှိလာခဲ့လေသည်။

ဤသို့ ဗုဒ္ဓဘာသာ လူနည်းစုကလေး အနည်းငယ်မျှတို့က ယာယီဗုဒ္ဓဝိဟာရ ကျောင်းဖွင့်ကာ တရားဓမ္မဆွေးနွေး ကမ္မဋ္ဌာန်းဘာဝနာ သင်တန်းပေးလျက် အဘိဓမ္မာ သင်ကြားရေးတို့ပါ ဗုဒ္ဓဘာသာတိုးတက်မှုလုပ်ငန်းများ လုပ်နိုင်ပါလျှင် မြန်မာနိုင်ငံမှ လူများစုတို့က နိုင်ငံခြားသာသနာပြုလုပ်ငန်း စိတ်ရောကိုယ်ပါ လူအား, ငွေအား စိုက်ထုတ်ကာ အမြိုက်ချမ်းသာကို ပေးတတ်သော တရားဓမ္မဖြန့်ဖြူးရေးအတွက် အားထုတ်ကြပါမူ ဗုဒ္ဓတရားတော်ပြန့်ပွါးမှု*(ဖြင့်)* အနုမြူလက်နက်ဘေးကြီးဖြင့် ခြိမ်းခြောက်လျက်ရှိနေသော ကမ္ဘာကြီး အေးချမ်းသာယာစွာ ကယ်တင်နိုင်ပါလိမ့်မည်-ဟု မျှော်မှန်းတောင့်တရပါသတည်း။

## ဂျာမနီ၊ ဖရင့်စ်စသော နိုင်ငံများသို့ ဗုဒ္ဓသာသနာ ပြန့်နှံ့ခြင်းအကြောင်း

အင်္ဂလိပ်လူမျိုးများသည် ဥရောပ၌ ပထမဆုံး အရှေ့နိုင်ငံများသို့ ၎င်းတို့အာဏာ နိုင်ငံချဲ့ထွင်လာခဲ့ကြရာ ပေါ်တူဂီတို့ ရှေးဦးအိန္ဒိယ တွေ့ရှိရသော်လည်း ၎င်းတို့လောက် ခရီးမရောက်ဘဲ အိန္ဒိယနိုင်ငံတော်ကြီး လုံးလုံးလောက်ပင် အိစ်တ် အိန္ဒိယကုမ္ပဏီမှ အစပြုကာ တစ်စတစ်စတိုးချဲ့ အခွင့်အရေးများ တောင်းဆိုပြီးလျှင် ချဲ့ထွင်တိုက်ခိုက်သိမ်းယူကာ အိန္ဒိယ အစိတ်အပိုင်းကြီးကား ဗြိတိသျှအာဏာအောက် ရောက်သွားခဲ့လေသည်။

ဤသို့ ဗြိတိသျှတို့ အရှေ့နိုင်ငံများသို့ အာဏာချဲ့ထွင်လာခဲ့ရာ ရှေးဦးစွာ အိန္ဒိယ ဂါဗနာဘုရင်ခံမင်းအဖြစ် ဝါရင်ဟက်တင်းအား ခန့်ထား၍ ၎င်းကား အရှေ့အိန္ဒိယကုမ္ပဏီတွင် အမှုထမ်းစဉ်က အိန္ဒိယနိုင်ငံရေးရာ အရေးပါလှသော အစီရင်ခံစာများ ဗြိတိသျှ

အစိုးရသို့ ပို့၍ ၎င်းအရ သိမ်းယူရသဖြင့် အရေးပါသော ဘုရင်ခံတစ်ဦးဖြစ်သည့်အတိုင်း ၎င်းရာထူးဖြင့် အမှုထမ်းစဉ်အတွင်းမှာလည်း မနုဓမ္မသတ်စသည့် များစွာသော အိန္ဒိယ တရားဥပဒေများ, အချို့ သက္ကတဘာသာရင်းမှ, အချို့ ရိုမန်ဘာသာ ပြန်ဆိုထားရာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသား ပေးပို့ခဲ့လေသည်။

၎င်းတို့သည် ၁၇-ရာစုအဆုံးနှင့် ၁၈-ရာစု အစလောက်အတွင်းကဖြစ်၍ ၎င်းမှစ၍ ဥရောပ၌ သက္ကတဘာသာနှင့် အယူဝါဒများ လှုပ်ရှားလျက် ဂျာမန်၊ ပြင်သစ်-စသော နိုင်ငံများသို့လည်း ကူးစက်ပြန့်ပွါး, ၎င်းဘာသာကို လိုက်စားလေ့လာကြသည်တွင် ၎င်း ဓမ္မသတ်ကျမ်းဂန်များတွင်လည်း ဘာသာဝါဒ ပါဝင်ကာ အိန္ဒိယဗြာဟ္မဏဘာသာနှင့် ဗုဒ္ဓ ဘာသာ တရားဥပဒေများ တွေ့ရှိရသဖြင့် ဘာသာဝါဒများလည်း ဥရောပ၊ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်-စသော နိုင်ငံများ၌ လှုပ်ရှားလာခဲ့လေသည်။

သက္ကတဘာသာကား ပါဠိဘာသာထက် စောစွာ ဥရောပ၌ ရောက်၍ ၁၇-ရာစု အတွင်းကပင် ဟိတောပဒေသ၊ မဟာဘာရတ၊ ဘဂဝါဂီတ-စသည် နီတိရာဇဝင်ကျမ်းများ ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကြပြီး ဂျာမန်, ပြင်သစ်တို့ကလည်း နောက်မကျလှဘဲ ၎င်း သက္ကတဘာသာကျမ်းဂန်များကို ၎င်းတို့ဘာသာသို့ ပြန်ဆိုကြကာ နောက်များမကြာမီ သက္ကတအဘိဓာန်များပင် စုဆောင်းရေးသားကြလျက် သက္ကတလေ့လာမှု ဥရောပ၌ ကျယ်ပြန့်သွားခဲ့လေသည်။ အမှန်စင်စစ်အားဖြင့် ၎င်းအင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်တို့ထက် ရှေးကျ၍ သက္ကတစာပေများ လိုက်စားလေ့လာသော လူမျိုးမှာ ဂရိတ်လူမျိုးများဖြစ်၍ ၎င်းအယ်လက်ဇန္ဒာ သည် ဂရိတ်-သည် အိန္ဒိယသို့ ဝင်ရောက်စဉ်က ၎င်းဂရိတ်ပညာရှိများ အိန္ဒိယ၌ နေထိုင်ခဲ့ကြရာ အချို့နိုင်ငံရေး, အချို့ဘာသာရေးများ အားထုတ်ကြလျက် ၎င်းနိုင်ငံရေး ရာဇဝင်ဥပဒေကျမ်းများ, ဘာသာရေးစာပေကျမ်းဂန်များ ရေးသားကြ၍ သက္ကတ အဘိဓာန်များပင် ၎င်းဂရိတ်ဘာသာနှင့် အေသင်ဂရိက်, နေရှင်နယ်လ် လိုက်ဘရီ-ဂရိက် အမျိုးသားစာကြည့်တိုက်များတွင် တွေ့ရှိနိုင်သေးကြောင်း ရေးသားကြလေသည်။

ဥရောပ၌ ပါဠိဘာသာကား အိန္ဒိယနှင့် နိုင်ငံရေးအားဖြင့် ဆက်သွယ်လာကြ၍ ဘာသာရေးပါ နောက်လိုက်လာပြီးလျှင် ၁၈-ရာစုမှ ထေရဝါဒဗုဒ္ဓဘာသာနှင့်အတူ ရောက်ရှိလာပြီး ၎င်းပါဠိဘာသာ ဗုဒ္ဓစာပေများကို အင်္ဂလိပ်၊ ဂျာမန်-စသော ဘာသာများသို့ ပြန်ဆိုကြရာ အာရ်ချိတ်နှင့် မက်ကဆ်မူလာတို့သည် ၁,၈၃၄-၁,၈၃၅-ခုနှစ်မှာ အိန္ဒိယအလုံး၏ ဗုဒ္ဓဘာသာ ဘုရင်မင်းတရားတစ်ဆူဖြစ်တော်မူသော အသောကမင်းတရားကြီး၏ ကျောက်စာများကို ပြန်ဆိုရေးသားထုတ်ဝေခဲ့၍ သီဟိုဠ်အစိုးရအမှုထမ်း မစ္စတာ ဂျော့ဂျ် တာန်နားသည် ၁,၈၃၆-ခုနှစ်၊ မဟာဝံသ သီဟိုဠ်မှတ်တမ်း ရာဇဝင်ကြီးကို ပါဠိမှ အင်္ဂလိပ်

ဘာသာ ပြန်ဆိုထုတ်ဝေခဲ့သည့်အပြင် ပါဠိသုတ္တန်အချို့ကိုလည်း ပြန်ဆိုရေးသားထုတ်ဝေခဲ့လေသည်။

ပြင်သစ်ပညာရှိ ယူဂျင်ဗာန်နော့ဖ်သည် ပြင်သစ်ဘာသာဖြင့် ၁,၈၄၄-ခုနှစ်မှာ အင်ထရိုဒက်ကရှင်း အေလ-ဟစ်စတိုရီ ဒူဗောက်ဗုဒ္ဓစ်ဇမ် အင်ဒီယင်, အင်ထရိုက်ဒတ်ကရှင်း တူ ဟစ်စတိုရီ အော့ဖ် အိန္ဒိယန် ဗုဒ္ဒိဇမ်-အိန္ဒိယ ဗုဒ္ဓဥပညာသကို ရေးသားထုတ်ဝေခဲ့လေသည်။

သို့ရာတွင် အေရှတစ်ဂျာနယ်ကား ၁,၈၂၅-ခုနှစ်ကပင် ရှာရစ်စ်တ် ရပ်သျှား ပီတာဗာဒ်မှ ဂျေ့ဂျေ့ဆခမစ်ကျဲသည် ဗိုက်အိုဂရမ်ဖ် အော့ဖ် ဗုဒ္ဓ-ဗုဒ္ဓအတ္ထုပ္ပတ္တိ-စရိတကို ရေးသားထုတ်ဝေခဲ့လေသည်။

၁၈-ရာစု အလယ်လောက်မှာကား ပါဠိဘာသာသည် အတော်များစွာ ဥရောပ၌ လေ့လာကြ၍ ပါဠိမှ ၎င်းတို့ဘာသာသို့ ပြန်ဆိုလာကြရာ ရှေးဦးစွာ ၁,၈၄၈-ခုနှစ်ကမှ ရိဒရစ်ခ်စပီ-ဝဲလ်သည် အင်နက်ကဒိုတာပလီကာလီပဇစ်ဂ်-သုတ္တန်ကို ဂျာမန်ဘာသာဖြင့် ထုတ်ဝေကာ ၎င်းမှာ အဋ္ဌကထာမှတ်ချက်များနှင့်တကွ သုတ္တနိပါတ-ဥရဂသုတ် ဖြစ်လေသည်။ ဒုတိယမှာ ဂျာမန်ဘာသာပြန်ဆိုခြင်းနှင့်တကွ ရသဝါဟိနီကဏ္ဍတစ်ပိုင်း ထုတ်ဝေခဲ့လေသည်။

ပါဠိမူလဘာသာဖြင့် ရှေးဦးစွာထုတ်ဝေသည်ကား ဓမ္မပဒဖြစ်၍ ၎င်းကို လက်တင်ဘာသာပြန်နှင့်တကွ ၁,၈၅၅-ခုနှစ်၊ ဒိန်းမတ်၊ ကိုပင်ဟေဂင်မြို့မှာ ဖော့ဘောလ် ရိုက်နှိပ်သည့်အပြင် ၎င်းဓမ္မပဒဘာသာပြန်မှာ အဲလ်ဘရက်ခ်ျ ဝက်ဘား ရေးသားထုတ်ဝေခဲ့လေသည်။ ၎င်းပါဠိဘာသာဖြင့် ဗုဒ္ဓဘာသာစာပေ ပိဋကတ်များ ထုတ်ဝေခြင်းကား ထိပ်တန်းကျသော ပညာရှိများသာ သုံးစွဲလေ့လာနိုင်၍ ဘာသာဝါဒဖြန့်ချိရေး၌ကား လူများအတွက် မအောင်မြင်ခဲ့ပေ။

နောက်က ရေးသားခဲ့သော လန်ဒန်ပါဠိ တက္ကဆစ် ဆိုဆိုက်ယက်တီး၊ လန်ဒန်ပါဠိဘာသာအသင်းကြီးက ၁,၈၈၁-ခုနှစ်၊ တည်ထောင်သည်မှစ၍ ပါဠိတော်များ အားလုံးလောက်ပင် အဋ္ဌကထာအချို့ ပြန်ဆိုခြင်းနှင့်တကွ ရိုက်နှိပ်ထုတ်ဝေခဲ့သည်မှာ အများဆုံး, အစုံဆုံး ဖြစ်လေသည်။

ဥရောပ၌ ဗုဒ္ဓစာပေနှင့်စပ်၍ ဖတ်သင့်ဖတ်ထိုက်သော ပိဋကတ်ဘာသာပြန်များနှင့်တကွ ဗုဒ္ဓဝါဒတရားတော်များ၊ ဗုဒ္ဓအတ္ထုပ္ပတ္တိစရိတများ ရေးသားရိုက်နှိပ် ထုတ်ဝေသည်မှာ အင်္ဂလိပ်ဘာသာနှင့် ဂျာမန်ဘာသာတို့ဖြစ်ခဲ့ရာ အခြားနိုင်ငံများတွင် ပြင်သစ်၌ ဗုဒ္ဓစာပေကျမ်းဂန် များစွာရှိသည့်အပြင် ဆိုဗီယက်ရပ်ရှား, ဇက်ခ်, ပိုလ်လန်, ဟန်ဂေရီယာ,

ယူဂိုဆလတ်-စသော နိုင်ငံများ၊ နော်ဝေ, ဆွီဒင်, ဒိန်းမတ်, ဆွစ်ဇာလန်, အီတလီ-စသော ဥရောပနိုင်ငံ အားလုံးလောက်ပင် ဗုဒ္ဓဘာသာကား ယခု ပြန့်နှံ့လျက် ရှိလေသည်။

ဤသို့ ဥရောပ၌ ဗုဒ္ဓစာပေပါဠိဘာသာများ ထွန်းကားလိုက်စားလာကြခြင်းမှာကား မူလအားဖြင့် ဗဟုသုတရှာဖွေစုဆောင်းကြလျက် အရှေ့ဖျားနိုင်ငံများမှ ဤကဲ့သို့ လေးနက်သော စာပေများနှင့် ကြွယ်ဝသော ကျမ်းဂန်များ တွေ့ရှိကြရာ များစွာစိတ်ဝင်စား, ၎င်းစာပေများ၌ အရသာများ စူးစမ်းကြလျက် စာပေဘက် ဝါသနာရှိသော ပညာရှိတို့ ကြည့်ရှုလေ့လာ, များစွာသော ဇာတ်နိပါတ် ဝတ္ထုသာဓက မှတ်သားဖွယ်ရာများနှင့် ဓမ္မပဒ စသော များစွာသော ဝတ္ထုသက်သေသာဓက မှတ်သားဖွယ်ရာ အတ္ထုပ္ပတ်များ တွေ့ရှိကြကာ များစွာလိုက်စား ပြန်ဆိုရေးသားခဲ့ကြလေသည်။

ဤဗုဒ္ဓစာပေများကြောင့် များစွာသော ဥရောပတိုက်သားတို့သည် ဆွေးနွေးဖို့ ပြဿနာတစ်ရပ် ဖြစ်ပေါ်ရရှိကြကာ ရှေးဦး သိအိုရီဝါဒ ဥပပတ္တိဖြစ်ပွါးလျက် နောက်အခါ၌ လေ့ကျက်မှု နှုတ်အားဖြင့်လည်းကောင်း, ကိုယ်အားဖြင့်လည်းကောင်း ဖြစ်ပွါးပြီး စိတ်အား ဖြင့်လည်း ဝင်စားလာကြရာ ယခုအခါ၌ ထေရဝါဒဗုဒ္ဓတရားတော် ဆွေးနွေးခြင်း, လေ့လာ ခြင်း, ကျင့်ကြံကြခြင်းများ အတော်များပြားလာ၍ ဗုဒ္ဓဘာသာအသင်းများလည်း ၎င်းနိုင်ငံ များတွင် ဖွဲ့စည်းတည်ထောင်လာကြလေသည်။

ဤသို့ စာပေအရ အိန္ဒိယဘာသာစာပေများ လေ့လာအားထုတ်နေစဉ် ဗုဒ္ဓဝါဒ၌ ယုံကြည်နှစ်သက်သူများ များစွာတွေ့ခဲ့ရသည်။

ဥရောပ အင်္ဂလိပ် ပရိုဖက်ဆာ ဆရာကြီးတစ်ဦးနှင့် ပြဟ္မောသမာဂျအသင်း အစည်း အဝေးကြီး၌ တွေ့ဆုံကာ ၎င်း၏အဖြစ် အတ္ထုပ္ပတ်အကျဉ်း ပြောပြ၍ ဝမ်းမြောက်ဖွယ် ကြားသိရသဖြင့် ၎င်းအသင်းနှင့် ဖိတ်ကြားသူအား ကျေးဇူးတင်မိသည်မှာ–

လက္ခနောင်မြို့၌ ပညာသင်ကြားနေစဉ် ၎င်းပြဟ္မောသမာဂျအသင်းသား ဗြာဟ္မင် ဒေါက်တာ ဘနာဂျီ- ဗင်္ဂါလီဆရာဝန်ကြီး ၁-ဦးသည် တရားဓမ္မ တစ်ခါတစ်ရံ ဆွေးနွေးကာ မိမိအား ဆေးဝါးများဖြင့် ဖိတ်ကြားထားရာ “ယနေ့ည ပြဟ္မောသမာဂျ အစည်းအဝေး ရှိပါသည်။ ကန်းနင်းကောလိပ် ယူနီဗာစီတီက ပရိုဖက်ဆာ မစ္စတာနက်သဆင်းအား ဗုဒ္ဓဘာသာဟောပြောဖို့ ဖိတ်ထားပါသည်။ ၎င်းနှင့်လည်း တွေ့ရအောင် ဘုန်းကြီးကြွလျှင် ကောင်းပါမည်”ဟု ဖိတ်ကြားသဖြင့် “မိမိ လိုက်ပါမည်”ဟု ဝန်ခံကာ ၎င်းည ၎င်းနှင့်အတူ အစည်းအဝေးသို့ သွား၍ ၎င်းအသင်းဥက္ကဋ္ဌက အစည်းအဝေးစပြီး “ပရိုဖက်ဆာ မစ္စတာ နက်သဆင်း ဗုဒ္ဓဘာသာအကြောင်း ပြောဟောပါလိမ့်မည်”ဟု ပဏာမပြောကြားပြီး မစ္စတာ နက်သဆင်းသည်–

အိန္ဒိယ၌ အများပြောနေကြ ဗုဒ္ဓဘာသာတရားကား "အဟိံသာပရမာ ဓမ္မာ" ဖြစ်သည်-ဟု ဆိုသည်မှာ-

ဗုဒ္ဓတရားတော်၏ လေးနက်သောအဓိပ္ပါယ်များ မသိ၍ ဖြစ်ကြောင်း၊ နိဗ္ဗာန်နှင့် သစ္စာမဂ္ဂင်တရားတို့သည် ဗုဒ္ဓဘာသာ၏ လေးနက်မှန်ကန်၍ မြင့်မြတ်သော တရားတော်များဖြစ်ကြောင်း သံယုတ်ပါဠိတော်, အင်္ဂုတ္တိုရ်ပါဠိတော်များကို ကိုးကား၍-

ဟောပြောပြီး သဘောမကျသည်များကို မေးမြန်းနိုင်ကြောင်း၊ ပရိသတ်အား ၎င်းကဖိတ်ကြား၍ အချို့အတ္တနှင့်စပ်သောပုစ္ဆာများ မေးမြန်း၍ အချို့ဗုဒ္ဓဘာသာအကျင့် တရားနှင့်စပ်၍ မေးမြန်းကြကာ ၎င်းအမေးများကို ပါဠိတော်များ ကိုးကားဖြေကြား ပြီးနောက် ဆွေးနွေးဟောပြောပွဲ ပြီးဆုံးသွားခဲ့လေသည်။

၎င်းအစည်းအဝေး၌ ဘုန်းကြီးမှာ မိမိတစ်ပါးတည်းပါသဖြင့် ထင်ရှားနေ၍ မစ္စတာ နက်သဆင်းသည် မိမိထံလာပြီး "သူဟောပြောချက်များ ဗုဒ္ဓတရားတော်နှင့်ညီညွတ်ပါ သလား"စသည်ဖြင့် မေးမြန်းရာ "ဗုဒ္ဓဝါဒနှင့် ကိုက်ညီပါသည်။ ၎င်းတို့ကို ဘယ်မှာသင်ယူပါ သလဲ"ဟု ၎င်းအား ပြန်၍မေးသဖြင့် ဖြေကြားသည်မှာ-

"သူသည် လန်ဒန်အောက်စဖို့ ယူနီဗာစီတီမှာ အမ်-အေအထိ ပညာသင်ကြားခဲ့ ကြောင်း၊ ဘီ-အေမှာ ဝတ်စတာန်ဖီဆိုလိုဖီဘာသာ အပိုယူကြောင်း၊ အမ်-အေ ရောက်တဲ့ အခါ အိစ်တာန်ဖီလိုဆိုဖီနှင့် ဗုဒ္ဓစ်စ်ဖီလိုဆိုဖီဘာသာတို့ကို လေ့လာကြောင်း၊ ထိုအခါ ဗုဒ္ဓစ်စ် ဖီလိုဆိုဖီကား လေးနက်၍ မှန်ကန်တိကျသော စိတ်သဘောတရားတို့၏ အဖြစ်အပျက်ကို ဟောကြားတော်မူ၍ မည်သည့်ဘာသာမှ ဤကဲ့သို့ လေးနက်ဆန်းကြယ် များပြားသော အဘိဓမ္မာတရားတော် မရှိကြောင်း သိရှိလာသောအခါ ဗုဒ္ဓဝါဒတရားတော်များကို သက်ဝင် ယုံကြည်ကာ ဗုဒ္ဓမြတ်စွာဘုရားနှင့် တရားတော်, ၎င်းအတိုင်းကျင့်ကြံသော သံဃာတော် များကို ယုံကြည်အားထားကြောင်း၊ အခွင့်ရလျှင် မိမိယူနီဗာစီတီသို့ လာရောက်ဆွေးနွေး နိုင်ပါကြောင်း၊ မိမိမှာ ကရုဏာတော်ရှင်မြတ်စွာဘုရား အလိုတော်ကျအတိုင်း သက်သတ်လွတ် စားကြောင်း" စသည်ဖြင့် ၎င်း၏အတ္ထုပ္ပတ္တိအကျဉ်း ပြောပြသိရှိ ဝမ်းမြောက်ခဲ့ရပါသည်။

ထို့နောက် မကြာမီပင် လက္ခနောင်ယူနီဗာစီတီ ကန်းနင်းကောလိပ်သို့ သွား၍ ၎င်းနှင့် တွေ့ဆုံဆွေးနွေး ပြောဆိုကြရာ ၎င်းယူနီဗာစီတီကျောင်းသားများ တွေ့ရှိကြ၍ မိမိပြန်သည့်အခါ ကျောင်းသားများ မိမိလိပ်စာတောင်းယူကြပြီး သူတို့သည် "အရှင်ဘုရား ထံ လာရောက်၍ ဗုဒ္ဓဘာသာတရား မေးမြန်းလိုပါကြောင်း၊ ဆွေးနွေးနိုင်ပါသလား"ဟု

မိမိအား မေးမြန်းရာ "ဘယ်ခါမဆို လာရောက်ဆွေးနွေးနိုင်ပါကြောင်း" ၎င်းတို့အား ပြောကြားပြီး မိမိနေထိုင်ရာ ခဏ္ဍာရီဘဇားရ်သို့ ပြန်လာခဲ့လေသည်။

ကျောင်းသား ၅-ယောက်တို့ မိမိနေထိုင်ရာသို့ နောက်တစ်ရက် ရောက်လာကြ၍ ၎င်းတို့အား ဗုဒ္ဓဘာသာတရားများ ဟောပြော၍ ၎င်းတို့ သဘောနှစ်ခြိုက်ကြကာ "သူတို့ ဗုဒ္ဓဘာသာတရားတော်ကို ဘယ်မှာသင်ယူနိုင်(ခွင့်ရှိ)ပါသနည်း? အကယ်၍ အရှင်ဘုရားတို့လို ရဟန်းအဖြစ်ယူနိုင်ပါသလား"စသည်ဖြင့် မေးမြန်းကြရာ–

မိမိသည် ဗုဒ္ဓစာပေ ပိဋကတ်များ အထက်တန်းအထိ သင်ယူပြီး စာပေပို့ချပေးနေခဲ့သော ဆရာ ၁-ပါးဖြစ်ကြောင်း၊ မိမိမှာ ယခု သီဟိုဠ်သို့ သွားရန်ကိစ္စ အဆင်သင့်ဖြစ်နေ၍ ယခုအခါ သင်ကြားနိုင်ခွင့် ခဲယဉ်းနေကြောင်း၊ သီဟိုဠ်မှ မြန်မာနိုင်ငံသို့ရောက်လျှင် မိမိထံ စာပေးနိုင်ကြောင်းသာ ပြောကြားပြီး မိမိနေရပ်လိပ်စာ တောင်းယူကာ ၎င်းတို့လိပ်စာလည်း ပေးသွားကြလေသည်။

ဤသို့စာပေ အကြောင်းပြုကာ ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်ကြသူများ ဥရောပတိုက်သားတို့အတွင်းမှာ များစွာရှိကြကြောင်း သိရ၍ လောကအားဖြင့် သိအိုရီရှိလျှင် ပရက်တိကယ် လိုက်လာရမည်-ဟု ပြောဆိုကြသည့်အတိုင်း စာပေအားဖြင့် အများအပြား ဗုဒ္ဓဘာသာသက်ဝင်သူများ တွေ့ရလေသည်။

## ဥရောပတိုက်သားတို့ ထေရဝါဒဗုဒ္ဓဘာသာကို နှစ်သက်သူများ၍ ရဟန်းအဖြစ် အချို့ယူကြကြောင်း

အင်္ဂလန် သာသနာအကြောင်းနှင့် စပ်လျဉ်း၍ အရှင်အာနန္ဒာမေတ္တေယျ အင်္ဂလန်သာသနာပြုကြောင်း ရေးသားခဲ့သည့်အတိုင်း သူသည် လန်ဒန်၌ ဆိုင်းယင့်တိစ်ဖစ် ဝိဉာဏဝိဇ္ဇာရထိ-အသိဉာဏ်ပညာ လေ့လာသူဖြစ်၍ ၎င်းနှင့်စပ်သော ပညာများ ရှာဖွေလိုက်စားရာ အချို့ရေးကြသည်ကား ဆာအာဒွင်အာနိုး ရေးသားသော "သည် လိုက်တ် အော့ဖ် အေရှား" စာအုပ်ကို ဖတ်ရသဖြင့် အကြွင်းမဲ့ ဗုဒ္ဓဘာသာကို ယုံကြည်ပြီး ရဟန်းပြုကာ "ဆိုင်းယင့်စ်(သိပ္ပံ) ယုံကြည်အားထားသော အနောက်နိုင်ငံသားများအား ၎င်းဘာသာနှင့် ပရစ်ဖ် သက်သေပြုလျက် လေးနက်သော ဗုဒ္ဓတရားတော်ကို ဖြန့်ဖြူးမည်"ဟု ထက်သန်သော စိတ်ထားဖြင့် သီဟိုဠ်၊ မြန်မာနိုင်ငံသို့ လာရောက်ကာ ဗုဒ္ဓတရားတော်များ သင်ယူအားထုတ်ကြောင်း ရေးသားကြလေသည်။

၎င်းသည် အလွန်စိတ်အားထက်သန်လှသော်လည်း သူ၏ကျန်းမာမှုကား ၎င်း၏ ထက်သန်သောစိတ်နောက် မလိုက်လျှော့ဘဲ ကန့်ကွက်သကဲ့သို့ သာသနာပြုသက်တမ်း နည်းပါးလျက် အသက် ၅၀-မှာ သာသနာပြုဘဝ ဆုံးရှုံးသွားခဲ့ရာ တိုတောင်းလှသော အချိန်ကာလအတွင်း အားထုတ်ခဲ့သော မွန်မြတ်သည့်လုပ်ငန်းကား ယနေ့တိုင်အောင် ၎င်းစာအုပ်စာတမ်းများ၊ ဗုဒ္ဓစ်ဇမ်းရီပြူး စာစောင်များ တွေ့ရှိနိုင်ပါသေးသည်။

၎င်းအာနန္ဒာမေတ္တယျ ထင်ရှားရှိစဉ်မှာပင် စကော့လူမျိုး ဂျေ အက်ဖ် အမ်၊ ကက်ချင်န်သည်လည်း အင်္ဂလန်၌ ဗုဒ္ဓစာပေများ လေ့လာလိုက်စားကာ သာသနာ၌ ယုံကြည်လျက် မြန်မာနိုင်ငံသို့ လာရောက်ပြီး အရှင်အာနန္ဒာမေတ္တယျရဟန်းတော်ကဲ့သို့ ဗုဒ္ဓစာပေများ သင်ယူလေ့လာပြီးလျှင် သာသနာ့ဘောင်ဝင်ကာ ဥပသမ္ပဒရဟန်းပြု၍ ဖိုက်ဖ်-ပရီဆက်ပ်တ် ၅-ပါးသီလအကြောင်း၊ ဖိုးရ် နိုးဗ်လ် ထရုသ်- သစ္စာ ၄-ပါး အကြောင်း၊ အိတ်သ် နိုရ်းဗ်လ် ပတ်သ်-မဂ္ဂင် ၈-ပါးအကြောင်း-စသော စာအုပ်များရေးသား ထုတ်ဝေ သဖြင့် ၎င်း၏ရေးသားခြင်းများလည်း တိကျသောဗုဒ္ဓတရားတော်များဖြစ်၍ မြန်မာနိုင်ငံနှင့် သီဟိုဠ်နိုင်ငံမှာ ထင်ရှားကျော်ကြားသည့် ဘိက္ခုသီလာစာရ ရဟန်းတော် အရှင်သီလာစာရ ဖြစ်လေသည်။

## ဂျာမန်ရဟန်းတော် အရှင်ဉာဏတိလောက မဟာထေရ်အကြောင်း

အရှင်ဉာဏတိလောကမထေရ် ဂျာမန်ရဟန်းတော်ကား သီဟိုဠ်ကျွန်းတွင် အလွန် ထင်ရှား၍ ၎င်းအရှင်သည် ဒိုဒန်ဒူဝ- အရညအသမ-ဒိုဒန်ဒူဝကျွန်း တောရကျောင်းသခ်မ်း ကို လက်မွန်တည်ထောင်ကာ တပည့်များစွာကို အုပ်ချုပ်သင်ကြားလျက် နေထိုင်သီတင်း သုံးတော်မူသော မထေရ်မြတ် ၁-ပါးဖြစ်လေသည်။

၎င်းအရှင်ကား ၁၉-၂-၁,၈၇၈-ခုနှစ်မှာ အနောက်ဂျာမနီ စိစ်ဗဒင်န်မြို့မှာ ဖွားမြင် တော်မူ၍ ဂျာမနီ၌ ပညာများအားထုတ်ဆည်းပူးကာ ဘာသာဝါဒများ လေ့လာရာတွင် ၎င်းပညာသင်စဉ်က ဂျာမနီမှာ ဗုဒ္ဓဘာသာတရား လိုက်စား လေ့လာကြသောအချိန်အခါ ဖြစ်သည့်အတိုင်း ဗုဒ္ဓဝါဒတရားတော်များ လေ့လာဆည်းပူးကာ သက်ဝင်ယုံကြည်လာပြီး ၎င်းဘာသာတော်မြတ် ထွန်းကားစည်ပင်ရာ သီဟိုဠ်ကျွန်းသို့ လာပြီးလျှင် ပါဠိဘာသာနှင့် ဗုဒ္ဓတရားတော်များ သင်ကြားလေ့လာကာ ၁,၉၃၃-ခုနှစ်မှာ သီဟိုဠ်ကျွန်း၊ ထေရဝါဒ ဥပသမ္ပဒရဟန်းအဖြစ်ကို ယူခဲ့လေသည်။

ဤဂျာမန်ရဟန်းတော် အရှင်ဉာဏတိလောကမထေရ်သည် ပါဠိနှင့်တကွ ပိဋကတ်စာပေများ များစွာဆည်းပူးလေ့လာ၍ သင်ကြားတတ်မြောက်ကာ များစွာသော တပည့်များအား သင်ကြားပို့ချနေရာ ၎င်းတပည့်တို့မှာ ၅၀-မျှလောက်ရှိ၍ အရှင်မထေရ်၏ ဘွဲ့တော် အမည်အစကို ယူ၍ ဉာဏ-အသိဉာဏ်ပညာ အဓိပ္ပါယ်အားဖြင့် တပည့်များ မှည့်ခေါ်ကြကာ ယခုအခါပင် အရှင်ဉာဏပုဏ္ဏိကမထေရ်၊ အရှင်ဉာဏသတ္တမထေရ်-စသော ဂျာမန်ရဟန်းတော်များ ဗိုဒန်ဒူဝ-အရညအသမဌ် စာပေပို့ချကာ ကျမ်းဂန်များ၊ သာသနာပြု စာစောင်, စာတမ်းများ ရေးသားနေထိုင်ကြလေသည်။

၎င်းအရှင်ဉာဏတိလောကမဟာထေရ်ကား များစွာသောတပည့်များအား သင်ကြား ပို့ချရင်း, များစွာသော စာအုပ်စာတမ်းများ ရေးသားလျက် သက်တော်-၇၄၊ ၇၅-မှာပင် စားပွဲမှာ အမြဲထိုင်တော်မူကာ ကျန်းမာစွာနှင့် အလုပ်ကိစ္စ၊ သာသနာရေး, သာသနာမှု ပြုလုပ်တော်မူနိုင်သေးကြောင်း မထေရ်မြတ်၏ အတ္ထုပ္ပတ္တိ၌ တပည့်များက ချီးကျူးရေးသား ဖော်ပြကြလေသည်။

မထေရ်မြတ်ရေးသားသော စာအုပ်များတွင် ပဌမဆုံး "သည် ဝါဒ်ဒ် အော့ဖ် ဗုဒ္ဓ-ဗုဒ္ဓစကားတော်" စာအုပ်ကို ရေးသားထုတ်ဝေရာ ဗုဒ္ဓဘာသာလောကတွင် များစွာ ကျော်ကြားခြင်း ရှိသည့်အတိုင်း ထို့မှတပါး များစွာသော ပါဠိကျမ်းဂန်များကိုလည်း ဂျာမန် ဘာသာသို့ ပြန်ဆိုရေးသားသည့်အပြင် ခဲခက်သော ပိဋကတ် ပါဠိကျမ်းဂန်များနှင့် စာမျက်နှာ ၁,၀၀၀- ကျော်ရှိ ဝိသုဒ္ဓိမဂ်ကျမ်းကိုလည်း ဂျာမန်ဘာသာသို့ ပြန်ဆိုခဲ့လေသည်။

မထေရ်မြတ်သည် သီဟိုဠ်ကျွန်းမှာ များစွာသော ဗုဒ္ဓဘာသာအသင်းများနှင့် ထူးခြားသောဗုဒ္ဓဘာသာ အစည်းအဝေးကြီးများ၌ ဗုဒ္ဓဓမ္မ၏ လေးနက်မှန်ကန် မွန်မြတ်ကြောင်း ဟောပြောလေ့ရှိသည့်အပြင် ပိဋကတ်တော်၌ မှတ်သားဖွယ် တရားဓမ္မများကို သိရှိနိုင်ကြစေရန် ဖတ်သင့်ဖတ်ထိုက်သော များစွာသောဆောင်းပါး ဗုဒ္ဓဘာသာစာပေများ ရေးသားခဲ့လေသည်။

ထို့မှတပါး ဂိုက်ဒ် သရူး အဘိဓမ္မာ၊ အဘိဓမ္မာနည်းပြ၊ ဗုဒ္ဓစ်စ် ဒစ်ကရှင်းနရီ (ဗုဒ္ဓဘာသာအဘိဓာန်)၊ ပါဠိဂရမ္မာ (ပါဠိသဒ္ဒါ)၊ ပါဠိအင်သိုလိုဂျီ အန်န်ဒ် ဂလိုဆာရီ (ပါဠိပဒသင်္ဂဟကောသ- ဂျာမန်ဘာသာပြန်)နှင့် ဗုဒ္ဓဘာသာစာပေများစွာ ဂျာမန်ဘာသာပြန် ထုတ်ဝေ ရေးသားခဲ့လေသည်။

ဤ ဂျာမန်ရဟန်းတော် အရှင်ဉာဏတိလောက မဟာထေရ်သည် သီဟိုဠ်ကျွန်းမှာပင် နေထိုင်သီတင်းသုံးလျက် များစွာသောဗုဒ္ဓစာပေများ ရေးသားပြန်ဆိုကာ ဂျာမနီ

သို့လည်းကောင်း, အင်္ဂလန်စသော နိုင်ငံများသို့လည်းကောင်း သာသနာပြုနေထိုင်တော်မူပြီးလျှင် ၁,၉၅၇-ခုနှစ်၊ သက်တော် ၈၀-မှာ ၎င်းမထေရ်မြတ်၏ သာသနာပြုလုပ်ငန်းအဆုံးသတ်ကာ ဘဝတာဝန် လွှန်တော်မူခဲ့လေသည်။

## ဂျာမန်၌ ဗုဒ္ဓအဆောက်အအုံ

၎င်းပြင် ဂျာမန်၌ ဗုဒ္ဓဘာသာဦးရေကား အတော်များလျက် ၎င်းကြီးပွါးတိုးတက်ရေးအတွက် ဆောင်ရွက်အားထုတ်သောသူများ, တရားဓမ္မလေ့လာကြသောသူများ ရှိကြရာ ဒေါက်တာပေါလ်ဒထိုက်သည် ကျော်ကြားသောသူတစ်ယောက်ဖြစ်၍ သူသည် ဘာလင်ဖရိုက်နော အရပ်၌ ဗုဒ္ဓအဆောက်အအုံတစ်ခု တည်ထောင်သည့်အပြင် များစွာသောဂျာမန် ဗုဒ္ဓဘာသာစာပေများ ထုတ်ဝေလျက် အချို့အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသားသောထင်ရှားသည့်သူတစ်ဦး ဖြစ်လေသည်။

သူသည် သီဟိုဠ်သို့ အလွန်စောစွာ ၁,၉၀၀-ခုနှစ်လောက်က ရောက်ရှိကာ အရှေ့နိုင်ငံ ဗုဒ္ဓတရားတော်များ လေ့ကျက်ဆည်းပူးအားထုတ်ကာ ဗုဒ္ဓဘာသာစာပေများ ဂျာမန်ဘာသာဖြင့် ထုတ်ဝေပြီး ဂျာမနီသို့ ဗုဒ္ဓလောက ဖန်တီးရန် ကြိုးစားအားထုတ်ခဲ့သော ဂျာမန်ဗုဒ္ဓဘာသာတစ်ဦး ဖြစ်ခဲ့လေသည်။

ယခုအခါ၌ ၎င်းဗုဒ္ဓဘာသာအဆောက်အအုံသည် ဟန်းဘားလ်မြို့မှာရှိ၍ ဂျာမန်ဗုဒ္ဓဘာသာစာပေများ ထုတ်ဝေရာဌာနဖြစ်လျက် အင်ဆိုက်တ် (ဉာဏ်အမြင်) မည်သောဗုဒ္ဓစ်စ်ရီဗြူးစာစောင် ထုတ်ဝေကာ ဗုဒ္ဓဘာသာနှင့်စပ်၍ များစွာသောအကြောင်းအရာနှင့်တရားဓမ္မတို့ကို ဂျာမန်ဘာသာဖြင့် ထုတ်ဝေခဲ့လေသည်။ ၎င်းဗုဒ္ဓအဆောက်အအုံ၌ယခုအခါ သီဟိုဠ်ရဟန်းတော်တစ်ပါး နေထိုင်သီတင်းသုံးကာ တရားဓမ္မဟောပြော အစည်းအဝေးများ ပြုလုပ်ဆွေးနွေးကြလျက် ဗုဒ္ဓဘာသာ၏တိုးတက်ကြီးပွါးရေး ဆောင်ရွက်အားထုတ်လျက် ရှိလေသည်။

## မဟာယာနဗုဒ္ဓဝါဒ ဥရောပအကြောင်း

ယခုအခါ၌ ဥရောပမှာ ပါဠိဘာသာ လိုက်စားလေ့လာကြကာ များသောအားဖြင့်ထေရဝါဒအကြောင်းအရာများ ဗုဒ္ဓဘာသာ ယုံကြည်သူများ ရေးသားထုတ်ဝေကြလျက်ရှိသကဲ့သို့ မဟာယာနဗုဒ္ဓဝါဒလည်း သက္ကတဘာသာဖြင့် ရေးသားကြသည်မှာ ၁၈-ရာစု

အစလောက်သာ အနည်းငယ်မျှရှိ၍ မထွန်းကားသော်လည်း ဥရောပ၌ တည်ရှိလျက် ရှိနေသေးသည်။

၎င်းမဟာယာန သာသနာကား မြောက်ပိုင်းအယူဝါဒဖြစ်၍ သက္ကတဘာသာ ပိဋကတ်များ လေ့လာကြကာ အယူဝါဒမှာ သက္ကတနှင့် ပါဠိဘာသာ မတူမျှသည့်အတိုင်း ထေရဝါဒမှာ အတော်ခြားနားလျက် ကျင့်သုံးသော တရားဓမ္မနှင့် ဂိုဏ်းဂဏများလည်း အတော်များပြားစွာ ၎င်းဝါဒထွန်းကားရာ နိုင်ငံများဖြစ်ကုန်သော တရုတ်, ကိုရီးယား, ဂျပန်, တိဗက်နိုင်ငံများ၌ ရှိကြ၍ အဝါ, အနီ, အနက် အသွေးအရောင်များ ဝတ်ဆင်ကြသည်။

ဥရောပ၌ မဟာယာနဂိုဏ်း ထွန်းကားသောနိုင်ငံကား ဆိုဗီယက်ရပ်ရှား လက်အောက်ခံ အင်ဒီပင်ဒင့်နိုင်ငံများဖြစ်ကြသော အက်စတိုနီးယား, လတ်တ်ဗီးယား, လစ်သူအင်နီးယား တို့ဖြစ်ကြ၍ ၎င်းတို့မှာ ရှိမန်ကက်သလစ် ခရစ်ယာန်ဂိုဏ်းများကဲ့သို့ အာရ်ချ်ဘိရှော့ဝ် ဂိုဏ်းအုပ်ဘုန်းတော်ကြီး အုပ်ချုပ်သော နိုင်ငံများဖြစ်လေသည်။

၎င်းဂိုဏ်းအုပ်ဘုန်းတော်ကြီး အရှင်ကာလစ်အေ၊ အမ်တင်နိုဆန်စ်၊ အက်ဆဲလီယာ မဟာစာရယ ဝါဂိန္ဒရသည် မြန်မာနိုင်ငံသို့ လာရောက်ကာ ဟိုက်ကို့တ်ဗုဒ္ဓဘာသာအသင်းကြီး၌ ၁,၉၅၈-ခု၊ ဖေဖော်ဝါရီလ ၈-ရက်၊ စနေနေ့မှာ ၎င်းတို့၏ မဟာယာနဝါဒအကြောင်း ဟောပြောခဲ့လေသည်။

၎င်းဟောပြောချက်မှာ ဗုဒ္ဓတရားတော် ပိဋကတ်စာပေကား သက္ကတနှင့် ပါဠိအားဖြင့် ၂-မျိုးခြားနား၍ ပိဋကတ်တော်အားလျော်စွာ ရဟန်းတို့၏ဝိနည်း၊ လူတို့၏ဝိနည်းများလည်း ခြားနားကြောင်း-

ထေရဝါဒ လူတို့၏သီလမှာ ၅-ပါးသီလဖြစ်၍ ၎င်းသည် ပါဠိဘာသာဖြင့် ဆောက်တည်၍ ဂရုဓမ္မသီလ, အရိယဓမ္မသီလ, အရိယကန္တသီလ, ဂဟဋ္ဌသီလ, နိစ္စသီလ-ဟု လေးစားကျင့်သုံးကြကြောင်း-

၈-ရက်သီတင်း ဥပုသ်နေ့များ၌ အဋ္ဌင်္ဂသီလ(၈-ပါးသီလ), နဝင်္ဂသီလများ ဆောက်တည်ကြကြောင်း-

မဟာယာန လူတို့၏သီလမှာ ၁၀-ပါးသီလ နိစ္စအဖြစ်ဖြင့် ကျင့်သုံးကြကြောင်း ၎င်းမှာ ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါး, မနောဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်လျက် ကျင့်သုံးဆောက်တည်ကြကြောင်း-

ဗုဒ္ဓအဝင္ခ်သကသုတ္တ အားလျော်စွာ သံသရာမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းတရားများ ကျင့်သုံးကြကြောင်း စသည်ဖြင့် ထေရဝါဒနှင့် ခြားနားသည်များ ဟောကြားသွားလေသည်။

၎င်းတို့အသွင်ကား အဝါရောင် အင်္ကျီရှည်ကြီးများ ဝတ်ရုံ၍ ရှည်လျားသော မုတ်ဆိတ်ကျင်စွယ်များ ထားကြလေသည်။

## အမေရိကနိုင်ငံ ဗုဒ္ဓသာသနာရောက်ခြင်းအကြောင်း

အမေရိကနိုင်ငံကြီးကား ကမ္ဘာ့ယဉ်ကျေးမှုနိုင်ငံများထဲ၌ နောက်ပိုင်းကျစွာ ပါဝင်လာခဲ့ရာ ၁၅-ရာစု (၁,၄၉၁-ခုနှစ်)တွင်မှ ကိုလမ်ဘတ် စတင်တွေ့ရှိသည်မှ စ၍ ယဉ်ကျေးမှု တစ်စတစ်စ တည်ထောင်လာခဲ့သော်လည်း ၎င်းတို့သည် ကမ္ဘာ့ထိပ်တန်းသို့ အဦးဆုံး ရောက်လာသကဲ့သို့ ဘာသာဝါဒဘက်မှာလည်း ၎င်းတို့သည် အရှေ့ဖျားနိုင်ငံများနှင့် ဆက်သွယ်ကာ ၎င်းတို့သို့ ရောက်လာပြီး အရှေ့ဖျားနိုင်ငံများရှိ ဘာသာရပ်များ လိုက်စား ကြသည်တွင် အယဉ်ကျေးဆုံးဖြစ်သည့် ဗုဒ္ဓတရားတော်မြတ်ကို တွေ့ရှိသဖြင့် ၎င်းဗုဒ္ဓဓမ္မ တို့ကို လိုက်စားလာခဲ့ကြရာ ဗုဒ္ဓယဉ်ကျေးမှုတွင်လည်း အနောက်နိုင်ငံများနှင့်အတူ ထိပ်တန်းကပင် လိုက်လာမည့်ရောင် ရှိနေခဲ့လေသည်။

၎င်းအမေရိကန်ကား အခြေခံအားဖြင့် ဉရောပတိုက်သားများ တည်ထောင်ပြု စုလာကြသဖြင့် တစ်စတစ်စ ကြီးပွါးတိုးတက်လာကြကာ–

၎င်းတို့ခေါ်ဝေါ်ကြသည့်အတိုင်း **နျူး** ဝါးလ်ဒ်(ကမ္ဘာသစ်)လောကကြီးသည် ယခုအခါ စီးပွါးရေးအားဖြင့်လည်းကောင်း, လူနေမှု အဆင့်အတန်းအားဖြင့်လည်းကောင်း, လောကဓာတ် ထွန်းကားရေးအားဖြင့်လည်းကောင်း ကမ္ဘာ့ထိပ်တန်းတွင် ရောက်ရှိနေရာ-

ဘာသာရေးအားဖြင့်လည်း ရှေးက ဉရောပမှတဆင့် ပြန့်ပွါးခဲ့သော ခရစ်ယာန် ဘာသာ ကြီးပွါးတိုးတက်လာခဲ့ပြီး ၎င်းဂိုဏ်းများစွာနှင့် သန်းပေါင်းများစွာရှိသော သာသနာ ပြုကျောင်းများ ထွန်းကားလာခဲ့လေသည်။

“အမေရိကန်*(၌)* တရုတ်ဗုဒ္ဓဘာသာ ထွန်းကားလာခဲ့ကြောင်း”ရေးသားသော တရုတ်ဘုန်းကြီး အရှင်ချိုရင်က–

၎င်းအမေရိကာသည် "နတ်မြင်းပျံ ခုန်ပေါက် ပြေးသွားသကဲ့သို့" လောက၌ ၎င်းတို့ အိုးအိမ်နေထိုင်ရေး၊ အသုံးအဆောင် ရေဒီယို စသောပစ္စည်းများဖြင့် ချမ်းသာ သုခခံစားရေးများကို လေးစားသူတို့ဖြစ်ကြရာ–

စိတ်၏ချမ်းသာ ခံစားရေး ဦးတည်ခြင်း, ထို့ပြင် ဗုဒ္ဓဘာသာတရားတော်နှင့် တွေ့ရှိကြ၍ သူတို့မလိုလားသော ရုပ်ဝါဒအယူများနှင့် ဆန့်ကျင်ခြင်းရှိသော မဟာယာန ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းတရားများကို လေ့လာလိုက်စားလာကြကြောင်း ဖော်ပြရေးသား ထားလေသည်။

၎င်းတို့ လေ့လာလိုက်စားကြသော ဗုဒ္ဓဝါဒကမ္မဋ္ဌာန်းကား တရုတ်ပြည်ကြီး၌ ရှေးနှစ်ပေါင်း ဗုဒ္ဓသာသနာတော် ၆၀၀-ကျော်လောက်က အစပြုတည်ထွန်းလာခဲ့သော မဟာယာနဗုဒ္ဓအယူဝါဒ အခြေခံထား၍ ၎င်းပြည်ကြီးမှ ပြန့်ပွါးသွားခဲ့သော ဂျပန် မဟာယာန ဗုဒ္ဓတရားတော်များဖြစ်၍,

၎င်းဂျပန်ကျွန်းနှင့် နီးစပ်၊ တိုင်းပြည်နိုင်ငံရေး, စီးပွါးရေး, ပညာရေး, ဘာသာရေး များဖြင့် ဆက်သွယ်လျက်ရှိနေခဲ့သော ဟာဝေယန်စိန်ဖရန့်ကို တိုင်းနယ်များ၌ ဗုဒ္ဓဘာသာ အယူဝါဒ အထူးအားဖြင့် တိုးတက်လျက် ရှိလာခဲ့ရာ ဟာဝေယန်ကျွန်း ကလေးမှာ လူဦးရေ ၆၀၀,၀၀၀ (ခြောက်သိန်း)လောက်တွင် ဗုဒ္ဓဘာသာလူဦးရေကား ၁၀၀,၀၀၀ (တစ်သိန်း) ခန့်မျှရှိကြောင်း ရေးသားထားလေသည်။

ထို့အတူ ဟိုနိုလူလူများလည်း ဗုဒ္ဓဘာသာအသင်း များစွာရှိ၍ ၎င်း၌ ထင်ရှားသော ဗုဒ္ဓဘာသာအသင်းကား ယန်းစ် ဗုဒ္ဓစ်တ် အက်ဆိုဆီယေးရှင်း (ဝိုင်၊ ဘီ၊ အေ ဟိုနိုလူလူ-ဗုဒ္ဓဘာသာလူငယ်များ) အသင်းကြီးဖြစ်ရာ ၎င်းမှာ ခရစ် ၁,၉၀၀-ခုနှစ်က တည်ထောင် ဖွဲ့စည်းခဲ့ပြီး ၎င်း၏ကြီးပွါးရာ, ကြီးပွါးကြောင်း ယခုခေတ်တိုင်အောင် ဆောင်ရွက်အားထုတ် လာခဲ့သဖြင့် အသင်းသားဦးရေအားဖြင့်လည်းကောင်း, အသင်းစည်းမျဉ်း ဥပဒေအားဖြင့် လည်းကောင်း, ၎င်းအသင်း၏ ရံပုံငွေအားဖြင့်လည်းကောင်း ကြီးပွါးတိုးတက်လာခဲ့လေသည်။

၎င်းပြင် အမေရိကအနောက်ပိုင်း တိုင်းနယ်များဖြစ်သော ကာလီဖိုးနီးယား, ဆန်ဖရန်စစ္စကိုစသော နယ်များ၌ ဗုဒ္ဓဘာသာအသင်းများနှင့် ဗုဒ္ဓဘာသာဘုရားရှိခိုး ဝတ်ကျောင်းများ, ဗုဒ္ဓဘာသာစာသင်ကျောင်းများ, ဗုဒ္ဓဘာသာ ယူနီဗာစီတီများပင်ရှိ၍ ဗုဒ္ဓဘာသာလူဦးရေလည်း အတော်များစွာရှိခဲ့ရာ သတင်းစာများ၌ ရေးသားကြသည်ကား-

အမေရိက၌ ဗုဒ္ဓဘာသာတရားဝတ်ကျောင်း ၄၈-ကျောင်းရှိ၍ ၎င်းဝတ်ကျောင်း အသင်းဝင် မင်းဘားလူကြီးများ ၆,၃၀၀-ရှိကြောင်း သို့ရာတွင် ခရစ်ယာန်ကား အများဆုံး ရှိရာ ဂိုဏ်းပေါင်း ၂၀-ကျော်ရှိသည့်အနက်–

- ရိုမန်ကက်သလစ်ဝတ်ကျောင်း ၂၀,၆၁၈-ရှိ၍ ၎င်းဂိုဏ်းဝင် ၃၁,၄၇၆,၂၆၀-ရှိကြောင်း
- ပရိုတက်စတင့်မှာ ဝတ်ကျောင်း ၂၆၈,၁၀၂-ရှိ၍ ၎င်းဂိုဏ်းဝင်ကား ၅၅,၈၃၇,၃၂၅-မျှရှိကြရာ
- အခြားခရစ်ယာန်ဝတ်ကျောင်းများမှာ ၅,၃၈၆-ကျောင်းမျှရှိပြီး ၎င်းဂိုဏ်းဝင်မှာ ၅,၄၆၀,၀၀၀-ကျော်ရှိကြောင်း–

ရေးသားသဖြင့် ခရစ်ယာန်ဂိုဏ်းဝင်များနှင့် နှိုင်းစာလျှင် ဗုဒ္ဓဘာသာဝင်ဦးရေမှာကား မပြောပလောက်သော်လည်း ဗုဒ္ဓဘာသာလိုက်စား လေ့လာကြသူများကား တစ်စတစ်စ တိုးတက်များပြားလာလေသည်။

သို့ရာတွင် ၎င်းဗုဒ္ဓဘာသာ ဘုရားဝတ်ကျောင်းများနှင့် ၎င်းဘာသာဝင်ဦးရေတို့မှာ မဟာယာနအယူဝါဒများဖြစ်ကြ၍ ၎င်းတို့ကား တရုတ်ပြည်မှလည်းကောင်း, နီးစပ်ရာ ဂျပန်မှလည်းကောင်း ပြန့်နှံ့ရောက်ရှိလာကြသဖြင့် ၎င်းတို့ဂိုဏ်းအားလျော်စွာ အသွေးအရောင် ခြားနားကြကာ ၎င်းဂိုဏ်းအုပ်ဘုန်းကြီးများ အချို့အဝါရောင်, အချို့အနီရောင်, အချို့အနက်ရောင်များ ဝတ်ဆင်ကြလျက် ဘာသာအယူဝါဒများလည်း အနည်းငယ်မျှ ကွဲပြားကြလေသည်။

၎င်းအပြင် အမေရိကန်မဟာယာနဂိုဏ်းအချို့ အခြေခံအကြောင်းမှာ ၎င်းတိုက်ကြီးမှာ တိုင်းရင်းသားများရှိကြသော်လည်း ပဓာနအားဖြင့် ဥရောပတိုက်သားများ တည်ထောင်ကြသော ယဉ်ကျေးသောတိုင်းနယ်များသာ များသည့်အတိုင်း ၎င်းတို့သည် ဥရောပနိုင်ငံများ၌ နိုင်ငံရေးအားဖြင့်လည်းကောင်း, စီးပွါးရေးအားဖြင့်လည်းကောင်း, ဘာသာရေးအားဖြင့်လည်းကောင်း ဆက်သွယ်ကြကာ သွားရောက်ဆက်ဆံမှုများ၍ ဥရောပတိုက်၌ ရှေးဦးအိန္ဒိယနှင့် ဆက်ဆံသည်အားလျော်စွာ မဟာယာနသက္ကတဗုဒ္ဓစာပေများ လေ့လာကြပြီးလျှင် မဟာယာန ဗုဒ္ဓဘာသာ လှုပ်ရှားတိုးတက်လာစဉ်က အမေရိကသို့လည်း ၎င်းမဟာယာနသာသနာ ပြန့်ပွါးလာခဲ့ခြင်း ဖြစ်လေသည်။

## အမေရိကသို့ ထေရဝါဒ ဗုဒ္ဓအယူ စရောက်ခြင်း

ယခုဆိုခဲ့ပြီးသော အမေရိက ဗုဒ္ဓသာသနာကား တရုတ်, ဂျပန်, တိဗက်တို့နှင့် အိန္ဒိယနိုင်ငံတို့မှ ရောက်လာသော မဟာယာန ဗုဒ္ဓသာသနာဖြစ်၍ ၎င်းတို့မှာ လွယ်ကူသော အကျင့်တရားရှိသည့်အတိုင်း သဟဇဝါဒ ခေါ်၍ ထေရဝါဒ ဗုဒ္ဓသာသနာကား ခဲယဉ်း

သော ကိုယ်ကျင့်တရားရှိသဖြင့် ကလီနဝါဒ-ဟု ဝါဒခွဲခြားခေါ်ဝေါ်ကြသည့် သဘောတရား အရ ထေရဝါဒမှာ တိကျမှန်ကန်သော လမ်းစဉ်အစစ်အမှန် ဒုက္ခမှ လွတ်မြောက်ရာသို့ ရောက်အောင် ခဲယဉ်းစွာ ကျင့်ကြံအားထုတ်ရ၍ လောကကလည်း လွယ်ကူသောဘက်သို့ လိုက်လျောကြသောကြောင့် လွယ်ကူသောမဟာယာနသာသနာသည်သာ အမြန်တိုးတက် ပြန့်ပွါးသွားခဲ့ခြင်း ဖြစ်လေသည်။

ထေရဝါဒ ဗုဒ္ဓသာသနာတော်လည်း ၎င်းအမေရိကသို့ ၁၉-ရာစုအစလောက်က ဥရောပတိုက်၌ ပါဠိဘာသာ လိုက်စားလာသောခေတ် အတွင်းမှာ ရောက်ရှိလာခဲ့သည်ဟု ခန့်မှန်းရသည့်အပြင် ၎င်းရာစုအတွင်း ၁,၈၁၃-ခုနှစ် မြန်မာနိုင်ငံတော်သို့ ဘိုးတော်ဘုရား လက်ထက်တွင် အမေရိကလူမျိုး ခရစ်ယာန်သာသနာပြုဆရာကြီး ဂျတ်ဆန်-ယုဒသန်နှင့် ၎င်း၏ဇနီးတို့ရောက်လာ၍ မြန်မာနိုင်ငံ၌ အမေရိကန် နှစ်ခြင်းသာသနာပြုခရစ်ယာန် အသင်းကြီး အုတ်မြစ်ချကာ သာသနာပြုလုပ်ငန်း စခဲ့လေသည်။

သူသည် ခရစ်ယာန် ဗိုက်ဗိလ်ကျမ်းစာကို သမ္မာကျမ်းစာဟု အမည်ပေး၍ မြန်မာပြန်ဆိုရန် ကြိုးစားအားထုတ်ကာ မြန်မာ-အင်္ဂလိပ်၊ အင်္ဂလိပ်-မြန်မာအဘိဓာန် ကျမ်းကြီး ၂-စောင်ကို ရေးသားလျက် သာသနာပြုလုပ်ငန်း ကြိုးပမ်းအားထုတ်ရာတွင် မြန်မာစာပေကား ပါဠိဘာသာနှင့် မကင်းနိုင်သည့်အတိုင်း ပါဠိဘာသာနှင့် ဗုဒ္ဓဝါဒအချို့ တို့ကို လိုက်စားလေ့လာကာ ၎င်း၏အဘိဓာန်၌ ဗုဒ္ဓ၏ဘာသာဝါဒများကိုလည်း ထုတ်ဖော် ရေးသား၍ ဗုဒ္ဓတရားတော်၏ အခြေခံဖြစ်သော သစ္စာတရား, မဂ္ဂင်တရား, နိဗ္ဗာန်တရား တော်များကိုလည်း သူသိရှိသလောက် ထုတ်ဖော်ရေးသားထားခဲ့လေသည်။

ဤသာသနာပြုလုပ်ငန်း ကြိုးပမ်းအားထုတ်ရာ ဗုဒ္ဓဘာသာအခြေခံတရားများကို လည်း ထုတ်ဖော်ပြသရေးသားရသဖြင့် ဗုဒ္ဓဝါဒ ကောင်းမွန်ခြင်းအစကိုလည်း ဖော်ပြရာ သို့ရောက်၍ ၎င်းတရားတို့ကိုလည်း အကုန်အစင် မဟုတ်သော်လည်း အပိုင်းကဏ္ဍ မှန်ကန် ကောင်းမြတ်သည့် တရားတော်လမ်းစ ထုတ်ပြရာ ရောက်သကဲ့သို့ရှိ၍ ၎င်းလမ်းစမှ အချို့ ဗုဒ္ဓဝါဒကို လိုက်စားလာခဲ့ကြလေသည်။

၎င်း ၁၉-ရာစု အတွင်းက အမေရိကန် ပါဠိစကောလား ပါဠိပညာတတ် တစ်ယောက် ဖြစ်သော ဟင်နရီကလပ်က်ဝါရင်း၏ ဗုဒ္ဓစ်ဇမ်း အင်ထရန်ဆလေးရှင်း-ဗုဒ္ဓဘာသာပြန်ဆိုခြင်း စာအုပ်ကို ၁,၈၉၆-ခုနှစ်မှာ ပဌမဆုံး ရိုက်နှိပ်ထုတ်ဝေသည်။ ၎င်းစာအုပ်နိဒါန်း၌ ၎င်းပါဠိ ဘာသာ တွေ့ရှိလိုက်စားရခြင်းမှာ ၎င်းပါဠိဘာသာစာပေများကို ရို့ဒစ်ကျွန်းဘရောင်း- ယူနီဗာစီတီ စာကြည့်တိုက်၌ မြန်မာအက္ခရာများဖြင့် ရေးသားထားသည်များ တွေ့ရှိရ၍ ၎င်းစာပေများကို ခရစ်ယာန်ဘုန်းတော်ကြီး ဒေါက်တာ ဂျေအင်န့်ကပ်ရှင်းသည် မြန်မာနိုင်ငံသို့

ခရစ်ယာန် သာသနာပြု သွားရောက်ရာ ၎င်းဗုဒ္ဓစာပေများ တွေ့ရှိစုဆောင်း ယူလာခဲ့၍ ၎င်းက ဤစာကြည့်တိုက်သို့ အရှေ့ဖျားနိုင်ငံများ၏ ဗဟုသုတအဖြစ်ဖြင့် ပေးအပ်ထားသော စာပေများ ဖြစ်လေသည်။

မစ္စတာဝါရင်းသည် ဤသို့ ပါဠိဘာသာလမ်းစများ တွေ့ရှိကာ ထေရဝါဒသာသနာ၌ စိတ်ဝင်စားလျက် ဆက်လက်၍ ဗုဒ္ဓစာပေများ လိုက်စားရှာဖွေခဲ့ရာ လန်ဒန်ပါဠိတက္ကစ်ဆိုဆိုက်ယက်တီးမှ ဝိနည်း, သုတ္တန် ပိဋကတ်နိကာယ်များနှင့်တကွ မိလိန္ဒပဥှာ, ဝိသုဒ္ဓိမဂ် ဘာသာပြန်စာပေများ ရရှိကာ ထေရဝါဒအယူကို နှစ်သက်လေးစား ယုံကြည်သောအားဖြင့် မြတ်စွာဘုရား၏ အဖြစ်တော်စဉ်များနှင့် ဟောကြားတော်မူသော တရားတော်များကို ထေရဝါဒ ပါဠိတော်များနှင့် မိလိန္ဒပဥှာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာကိုးကား, သုတ္တန်ပါဠိတော်များကို ဘာသာပြန်ဆိုခြင်းအားဖြင့် ဤဗုဒ္ဓစ်စ် ထရန်ဆလေးရှင်း စာအုပ်ကို ရေး၍ အမေရိက ဟာဗာ့ဒ်ယူနီဗာစီတီမှ ပဌမဆုံး ထုတ်ဝေခဲ့လေသည်။

ဤသို့အားဖြင့် အမေရိကန်၌ ထေရဝါဒဗုဒ္ဓသာသနာ တစ်စတစ်စ လေ့လာလိုက်စား လာကြ၍ ပါဠိစာပေများကို စုဆောင်းကြကာ ယခုအခါ ဟာဗာ့ဒ်ယူနီဗာစီတီများ၌ ပါဠိနှင့် မြန်မာဘာသာအဘိဓာန်ကြီးများ ထုတ်ဝေရန် စီစဉ်လျက်ရှိ၍ မကြာမီ ရိုက်နှိပ်ရန် ကြိုးစားလျက်ရှိလေသည်။

## ကမ္ဘာ့ဗုဒ္ဓသာသနာပြု အရှင်သေဋ္ဌိလအား
## အမေရိက မီချီဂန်ယူနီဗာစီတီမှ
## ထေရဝါဒဗုဒ္ဓတရားတော်ဟောကြားရန် ပင့်ဖိတ်ခြင်း

အမေရိကန်၌ စတိတ်နယ်ပေါင်း ၅၀-ရှိ၍ ၎င်းစတိတ်နယ်တိုင်းမှာ ယူနီဗာစီတီများရှိရာ ၎င်းယူနီဗာစီတီများမှ ပရိုဖက်ဆာ ပါမောက္ခ ဆရာကြီးများနှင့် စကောလား ပညာရှိများ ၁,၀၀၀-ကျော်တို့ အေရှနိုင်ငံများမှ ပညာရပ်များ လေ့လာလိုက်စားကြရန် အေသျှိယမ် စတာ့တ်ဒီ အက်ဆိုဆီရေးရှင်း အဖွဲ့ကြီး အရှေ့ဖျားနိုင်ငံပညာရပ်များ ဆည်းပူးရေး အသင်းကို ဖွဲ့စည်းပြီး မီချီဂန်ယူနီဗာစီတီ၌ တည်ရာဌာနဖွင့်လှစ်ကာ အရှေ့ဖျားနိုင်ငံရပ်များမှ ဘာသာဝါဒများနှင့် ပညာရပ်များ ရှာဖွေလေ့လာခဲ့လေသည်။

၎င်းအေသျှိယမ် စတာ့တ်ဒီ အက်ဆိုဆီရေးရှင်းမှ ပညာရှိကျောင်းသားများနှင့် ပါမောက္ခများ တိုက်တွန်းချက်အရ ရီလစ်ဂျပ်စ် ကွန်ပဲယား စတာ့ဒီး ဘာသာရေးနှိုင်းယှဉ်ချက် သင်ယူရန် မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဦးနုထံ ဘာသာရေးဝါဒ ပြောဟောနိုင်သူ စေလွှတ် ရန် တောင်းဆိုခဲ့ရာ ဦးနုတို့ အဖွဲ့နှင့် ဗုဒ္ဓသာသနာ့ကောင်စီမှ ပဌမကျော် အရှင်သေဋ္ဌိလ၊ ယူနီဗာစီတီ အဘိဓမ္မာကထိက၊ ဆရာတော်အား စေလွှတ်ရန် သဘောတူဆုံးဖြတ်ကာ ၎င်းဆရာတော်အား လျှောက်ထားကြရာ ၎င်းအမေရိကယူနီဗာစီတီ ၃၀-မှ ဘာသာဝါဒ ဟောပြောရန် ဖိတ်ကြားချက်ကို ဆရာတော် လက်ခံတော်မူကာ ၁,၉၅၉-ခု၊ အမေရိကပြည်၊ အေရှဖောင်ဒေးရှင်း အထောက်အပံ့ အကူအညီတောင်းဆိုသည့်အတိုင်း ၎င်းက တစ်ကမ္ဘာလုံး လှည့်နိုင်ရန် လေကြောင်းလက်မှတ်နှင့် ၎င်းတို့၌ တည်းခိုနေထိုင်ရန် လက်မှတ် များ ဆက်ကပ်ခံယူပြီး အမေရိကသို့ ဆရာတော်သည် လေကြောင်းခရီးဖြင့် ကြွရောက်တော် မူခဲ့လေသည်။

ဆရာတော်သည် ဦးဘထူး (စက်ရှင်တရားသူကြီးဟောင်း)နှင့် အမေရိကသို့ တရားဟောကြွတော်မူကာ ပဌမ မိချိဂန်ယူနီဗာစီတီ၌ ဗုဒ္ဓဝါဒနှင့် အဘိဓမ္မာတရားတော်ကို ဟောကြားရာ စတိတ်နယ်အသီးသီး ယူနီဗာစီတီ ၃၂-ခုမှ ဟောပြောရန် ဖိတ်ကြား တောင်းပန်ကြသည်တွင် ဆရာတော်သည် စွမ်းနိုင်သလောက် ဟောပြောရန် ဝန်ခံတော် မူပြီး ၎င်းယူနီဗာစီတီ အသီးသီးသို့ ၆-လကြာမျှ လှည့်လည်ဟောပြောခဲ့၍ ဝါဆိုလနီးသဖြင့် ယူနီဗာစီတီ ၂၂-ခုမျှသာ ရောက်ခဲ့လေသည်။

၎င်းယူနီဗာစီတီများ၌ ဟောပြောရသည်မှာ ပါမောက္ခများ တောင်းပန်ချက်အရ လေးနက်သော အဘိဓမ္မာနှင့် စိတ်ပညာများ, ၎င်းယူနီဗာစီတီကျောင်းသားများအား ဗုဒ္ဓ ဝါဒလမ်းစဉ်နှင့် ဗုဒ္ဓဘာသာကိုယ်ကျင့်တရားများ, ဗုဒ္ဓဘာသာဗဟုသုတများ ဟောပြော ရပြီး လူငယ်, လူထုအများအားလည်း ၎င်းတို့နှင့် ထိုက်တန်သော ကိုယ်ကျင့်တရားနှင့် ဗုဒ္ဓဘာသာအကြောင်း အတ္ထုပ္ပတ်များ ဟောကြားကာ တစ်နေရာ၌ ၁-နေ့ ၃-ပွဲမျှ ဟောကြား တော်မူရလေသည်။

ဤသို့ ဟောကြားသဖြင့် အမေရိက၌ ၎င်းယူနီဗာစီတီများမှာ ထေရဝါဒဗုဒ္ဓ ဘာသာအသင်းများ ဖြစ်ပွါး၍ လူပေါင်းမြောက်မြားစွာ ဗုဒ္ဓဘာသာသို့ ဝင်ကြပြီးလျှင် ဗုဒ္ဓဘာသာတရားတို့ကို လေ့လာဆည်းပူးသင်ကြားကာ ဗုဒ္ဓဘာသာပန္နက်ချလျက် ဗုဒ္ဓ စာပေများဘက်၌လည်း တိုးတက်လာသဖြင့် ယခုအခါ အမေရိကမှာလည်း ထေရဝါဒ သာသနာ အမြစ်တွယ်ကာ အနာဂတ်ကာလမှာလည်း တိုးတက်ထွန်းကားရေး အားပေးနိုင်

ကြလိမ့်မည်ဟု မျှော်လင့်ရပေသည့်အတိုင်း မြန်မာနိုင်ငံမှလည်း ကူညီအားပေးနိုင်ရန် တောင့်တကာ တိုက်တွန်းရပါသည်။

ဤသို့အားဖြင့် အမေရိကတိုင်းနိုင်ငံ၌ ရှေးနှစ်ပေါင်း ၂၀၀-ကျော် ၁၈-ရာစု အတွင်းကပင်လျှင် မဟာယာန ဗုဒ္ဓသာသနာ နီးစပ်ရာ တရုတ်, ဂျပန်နိုင်ငံများမှ ရောက်ရှိလာကာ ဟာဝေယန်, ဟိုနိုလူလူ, အမေရိကအနောက်ပိုင်း တိုင်းနယ်များဖြစ်သော ကာလီဖိုးနီးယား, ဆန်ဖရန်စစ္စကိုနယ်များ၌ တရုတ်, ဂျပန်မှ ရောက်လာသော မဟာယာနဂိုဏ်းဝင် ဝတ်ကျောင်းများနှင့် ဗုဒ္ဓဘာသာလူဦးရေ များစွာရှိခဲ့ရာ ယခုအခါ၌ကား စတိတ်နယ်-၅၀ လောက်ပင် ထေရဝါဒသာသနာ ဟောပြောချက်များ ရောက်ရှိကာ ထေရဝါဒသာသနာ လေ့လာသူ များလာခဲ့သဖြင့် ဤကောင်းမြတ်သောဝါဒတော်သည် အမေရိကတိုက်ကြီး အလုံး သိမ်းရုံးပြန့်နှံ့ပါစေသတည်း-ဟု ဆုတောင်းရပေသတည်း။

**အမေရိကသာသနာ ပြီး၏။**

✪ ✪ ✪ ✪ ✪

## ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာအစည်းအရုံးကြီး

ဤကမ္ဘာ့ဗုဒ္ဓဘာသာအစည်းအရုံးကြီးမှာ ကမ္ဘာပေါ်ရှိ ဗုဒ္ဓနိုင်ငံအသီးသီးမှ ဗုဒ္ဓဝါဒတရားဓမ္မအားဖြင့်လည်းကောင်း, ဗုဒ္ဓတရားတော်ဖြန့်ဖြူးရေးအားဖြင့်လည်းကောင်း, ဗုဒ္ဓဘာသာဝင် နိုင်ငံအချင်းချင်း ရင်းနှီးပေါင်းသင်းဆက်ဆံရေးအားဖြင့်လည်းကောင်း, ရည်ရွယ်ချက်အမျိုးမျိုးအားဖြင့် ဤကမ္ဘာ့ဗုဒ္ဓဘာသာအသင်းကြီး ဖွဲ့စည်းတည်ထောင်ကြပြီးလျှင် ရှေးဦးစွာ သီဟိုဠ်ကျွန်း၌ မစ္စတာမာလာသေခရ အစည်းအဝေးမှူးနှင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ နိုင်ငံများစွာမှ ကိုယ်စားလှယ်တော်များ တက်ရောက်ကာ ၎င်းအသင်းနှင့်စပ်၍ လိုအပ်သောအချက်များ ဆောင်ရွက်ရန် ခမ်းနားစွာ စည်းဝေးဆုံးဖြတ်ခဲ့ကြလေသည်။

ပဌမအကြိမ် ဤအစည်းအရုံးကြီး ဖွဲ့စည်းတည်ထောင်ပြီးနောက် ၁,၉၅၀-ခုနှစ် ၌သီဟိုဠ်ကျွန်းမှာ စည်းဝေး၍ မစ္စတာမာလာလာသေခရအား ဥက္ကဋ္ဌ တင်မြှောက် ဆောင်ရွက်ခဲ့လေသည်။

ဒုတိယအကြိမ် ၎င်းနောက် ၃-နှစ် ၁-ကြိမ်ကျ စည်းဝေးရန် အစည်းအဝေးကြီးမှ ဆုံးဖြတ်သည့်အတိုင်း ဂျပန်ပြည်က တောင်းယူ၍ ၁,၉၅၂-ခုနှစ်မှာ မစ္စတာမာလာလာသေခရကိုပင် ဥက္ကဋ္ဌ တင်၍ စည်းဝေးခဲ့ကြလေသည်။

တတိယအကြိမ် ၎င်းနောက် ၁,၉၅၄-ခုနှစ်မှာ မြန်မာနိုင်ငံက တောင်းဆိုသည့်အတွက် ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီတော် ဗုဒ္ဓသာသနာ့ကောင်စီမှ ကြီးမှူးကာ ဆဋ္ဌပါသာဏလိုဏ်ဂူတော်ကြီးအနီး အပရဂေါယာနကျောင်းဆောင်ကြီး၌ တရားဝန်ကြီး ဦးချန်ထွန်း အား ဥက္ကဋ္ဌတင်မြှောက်ကာ ခမ်းနားသိုက်မြိုက်စွာ စည်းဝေးခဲ့လေသည်။

စတုတ္ထအကြိမ် ၎င်းနောက် ၁,၉၅၆-ခုနှစ်မှာ နေပါလ*(နီပေါ)*နိုင်ငံတော်၌ ဘုရင်မင်းမြတ် မဟိန္ဒရဝိရကိုယ်တော်တိုင် ဖွင့်လှစ်ကာ ခမ်းနားစွာ စည်းဝေးခဲ့လေသည်။

ပဥ္စမအကြိမ် ၎င်းနောက် ၁,၉၅၇-ခုနှစ်၊ ယိုးဒယား ထိုင်းနိုင်ငံက တောင်းယူကာ အလွန်ခမ်းနားကြီးကျယ်စွာ အေရှ-ဆီးတိုး-အဖွဲ့ကြီးမှ သိန်း၂၀၀-ကျော်ကုန်ကျသော သန္ထိဋ္ဌာန်အစည်းအဝေးဟောကြီး၌ တရားဝန်ကြီး ဦးချန်ထွန်းကိုပင် ဥက္ကဋ္ဌတင်မြှောက်ကာ စည်းဝေးခဲ့လေသည်။

ဆဋ္ဌအကြိမ် ၎င်းနောက် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွန်းပင်မြို့တော်၌ ၁,၉၆၀-ခုနှစ် ၎င်းကွန်ဖရင့်အစည်းအဝေးအတွက် ခမ်းနားကြီးကျယ်စွာ သီးသန့်ဆောက်လုပ်ထားသော ထူးဆန်းလှစွာ လခြမ်းသဏ္ဌာန် ပါလီမန်ဟောကြီး၌ တရားသူကြီး ဦးချန်ထွန်းကိုပင် ဥက္ကဋ္ဌ တင်မြှောက်ကာ ၎င်းနိုင်ငံတော်သမ္မတမင်းသားကြီး နိုရိုဒန်သီဟာနော့ ကိုယ်တိုင်တော် အစည်းအဝေးဖွင့်လှစ်ကာ စည်းဝေးခဲ့လေသည်။

၎င်းအစည်းအဝေး၌ကား ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာနိုင်ငံ ၃၁-နိုင်ငံတို့အား ဖိတ်ကြား၍ နိုင်ငံရေး မညီညွတ်သောအားဖြင့် ထိုင်းနိုင်ငံမှတပါး အားလုံးသောနိုင်ငံများမှ ကိုယ်စားလှယ်တော်များ တက်ရောက်ကြလေသည်။

သတ္တမအကြိမ် ၎င်းနောက်ကား ၁,၉၆၅-ခုနှစ်မှာ အိန္ဒိယ၌ စည်းဝေး၍ မြန်မာနိုင်ငံမှ တက်ရောက်ခွင့် မရခဲ့ပေ။

**အဌမအကြိမ်** ၎င်းနောက် ယခု ၁,၉၆၆-ခုနှစ်မှာ ယိုးဒယား ထိုင်းနိုင်ငံ၊ ချိန်မဲမြို့၌ နိဂုဏ်ဘာလမှာ စည်းဝေး၍ ယခုနှစ်လည်း မြန်မာနိုင်ငံမှ မတက်ရောက်ကြပေ။

ဤသို့အားဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာကြီး တိုးတက်ရာတိုးတက်ကြောင်း ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့မှ ဗုဒ္ဓဘာသာများသည် ကမ္ဘာကြီးစည်းလုံးညီညွတ်၍ အေးချမ်းသာယာစွာ ဗုဒ္ဓတရားတော်တည်းဟူသော အမြိုက်ရေသောက်သုံးကာ ကမ္ဘာကြီးကို ခြိမ်းခြောက်နေသော အနုမြူဗုံးကြီးမှ ကမ္ဘာအလုံး လွတ်မြောက်ကြပါစေသတည်း-ဟု အဆုံးသတ်နိဂုံးတစ်ရပ်အနေအားဖြင့် ကောင်းချီးပတ္ထနာ ဆုတောင်းလိုက်ရပါသည်။

ဗုဒ္ဓသာသနာတော် ပြန့်နှံ့ရာ တိုင်းနိုင်ငံဒေသအားလုံး ပြဆိုရာပြဆိုကြောင်း ဖြစ်သောကြောင့် ဗုဒ္ဓနိုင်ငံတော် ခေါ်ဆိုသမုတ်အပ်သော ဤကျမ်းကြီးကား-

ယခု သာသနာတော်- ၂,၅၁၀၊ မြန်မာသက္ကရာဇ် ၁,၃၂၈-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇-ရက်၊ တနင်္ဂနွေနေ့မှာ-

**"ဗုဒ္ဓဝါဒီတရားတော်ကြီး ကမ္ဘာကြီး*(၌)* တည်မြဲပါစေသတည်း"**

ဟု ဆုတောင်းလျက် အဆုံးသတ် နိဂုံးထားအပ်ပါသတည်း။ ။

✪ ✪ ✪ ✪ ✪ ✪ ✪

## အဆုံးသတ် အာသီသ ပတ္ထနာ

ကပ္ပံ ဌာတု ဗုဒ္ဓဝါဒီ . . ၊
ကပ္ပံ ဌာတု ဗုဒ္ဓဘာဏီ . . ။
ကပ္ပံ ဘာတု ဓမ္မရံသီ . . ၊
ကပ္ပံ ပါတု ဓမ္မစာရီ . . ။

ဗုဒ္ဓဝါဒီ၊ အကြောင်း,အကျိုး၏ ဆက်စပ်၊ လေးရပ်သော သစ္စာဓမ္မ၊ ဗုဒ္ဓဝါဒတော်သည်။
ကပ္ပံ၊ လူတို့သက်တမ်း တည်နေသမျှ၊ အာယုကပ် ကာလပတ်လုံး။
ဌာတု၊ တရားအမှန်၊ ကျင့်ကြံကာ, အရှည်ခံ၍၊ တည်တံ့ခိုင်မြဲပါစေသတည်း။

ဗုဒ္ဓဘာဏီ၊ ဘုရားရှင် ရွှေနှုတ်တော်မှ၊ ထုတ်ဖော်ဟောကြား၊ ဓမ္မက္ခန်တရားတော်မြတ်သည်။
ကပ္ပံ၊ လူတို့သက်တမ်းအရှည်၊ တည်နေသမျှ၊ ကပ်ကာလပတ်လုံး။
ဌာတု၊ သင်အံ,လေ့ကျက်၊ ဆောင်ရွက်ကြကာ၊ အစွန့်ရှည်ကြာအောင် တည်ပါစေသတည်း။

ဓမ္မရံသီ၊ မတရားအဓမ္မ, အမှောင်ခွင်းသည့်၊ တရားဓမ္မ, အရောင်အလင်းသည်။
ကပ္ပံ၊ မတရားစရိုက်၊ အမှားအမိုက် အတိဖြစ်နေသော ကပ္ပါအတွင်းသို့။
ဘာတု၊ ထွန်းလင်း တောက်ပပါစေသတည်း။

ဓမ္မစာရီ၊ ပရိယတ်ဓမ္မက္ခန်နှင့်၊ တရားမှန်ကို၊ လေ့လာကျင့်ကြံတော်မူကြသော သံဃာတော်သည်။
ကပ္ပံ၊ ကိုယ်ကျင့်တရား ပျက်ပြား၍၊ အမှားဘက် အားသန်ကာ၊ မိစ္ဆာဝါဒဖုံးလွှမ်းနေသော လောကကြီးကို။
ပါတု၊ အမှားကင်းပျောက်၊ အမှန်ရောက်အောင်၊ စောင့်ရှောက်ကယ်တင်ပါစေသတည်း။ ။

# နိဂမန စရိတ နိဂုံးဖြစ်စဉ်
# ကျမ်းပြီးအဆုံးနှင့် ကျမ်းပြုဖြစ်စဉ်

၁။ မိတ္တိလာနာမ ပုရေ တပတိစိဋ္ဌိတကေ ဂါရုဠှာ’ဝှါယဂါမေ..၊
ဇာတော’ဟံ ဇာတိယာ မေ ဇနကဇနနီကေ ဇေယျသီတာတိ အာချေ၊
သဒ္ဓါသီလာဒိယုတ္တေ ဗဟုနိဝသထကေ ဂါမဏိယေ စ ဝံသေ၊
ဇာတော’ဟံ သတ္တဝဿေ အရိယဝရသမေ ထေရပါဒေ နီတော မေ။

၂။ တံဝဿန္တေဝ’မီတော သကမဂဓဂိရော ပါဠိသဒ္ဒါဒိဂန္ထေ၊
မေ သုညေ’ကာ’ယုဝဿော သမဏမဟကတော သဒ္ဒနီတျာ’ဒိ’ဘျာသော၊
တပ္ပစ္ဆာ အာဘိဓမ္မေ မမ စ ဂရုဝရော မန္တလံ မံ ပယာတော..၊
ပညာထေရော’သဓော ယော ဥဒိစီတလဋ္ဌိတော သုဒ္ဓအာရာမဝါသော။

၃။ တံ ထေရာ’သန္နဝါသံ ဗဟု စ ပကရဏံ သန္တိကေ တေသ မေတံ..၊
ဥဂ္ဂဏှိတံ စ အညံ ဥပကတု’ပစိတံ ဘိက္ခုဘာဝံ စ လဒ္ဓံ..၊
ပါဠိ’မျ’က္ခာသဘာယံ ဗဟုစဇိတဂုဏံ ဝါသျ နာနာဂရူနံ..၊
နာနာဂန္ထံ စ နီတံ ဗဟုဝိဓပဋ္ဌိတံ နိဂ္ဂတော’ဟံ ဝိဒေသံ။

၄။ နာနာရဋ္ဌဿ ဝါဏီ ဗဟုကတု’ပစိဘိ သာသနဿူ’ပကာရီ..၊
စက္ကာရီဇေယျ မာပိ လိခိ ဗဟုဿုတာ’ဒိဗုဒ္ဓရဋ္ဌ’တိ နာမီ..၊
လဒ္ဓံ မေ ပုညလာဘီ အမတသုခဒဒီ ဒမ္မိ မေ ပုညာဘာဂီ..၊
အညေသံ လဒ္ဓိ’မာနီ လိခိတဂိရပထိ ပါတု မေ စိရဋ္ဌာယီ။

## နိဂမန စရိတ အနက်အဓိပ္ပါယ်ပြန်

၁။ မိတ္ထိလာနာမ ပုရေ တပတိစိဋ္ဌိတကေ ဂါရုဋ္ဌာ’ဝှါယဂါမေ. . ၊
ဇာတော’ဟံ ဇာတိယာ မေ ဇနကဇနနိကေ ဇေယျသီတာတိ အာချေ၊
သဒ္ဓါသီလာဒိယုတ္တေ ဗဟုနိဝသထကေ ဂါမဏိယေ စ ဝံသေ၊
ဇာတေ’ဟံ သတ္တဝဿေ အရိယဝရသမေ ထေရပါဒေ နီတော မေ။

၁။ မိတ္ထိလာနာမ ပုရေ၊ မထိသဒ္ဒ လာတိ ဂဏှာတီတိ မထိလာ-ဟု၊ ရှေးအခါက၊ ဗျုပ္ပတ္တိအရနှင့်၊ ပုပ္ပါးမှ ရေမထိလာ၍၊ မထိလာခေါ်မှတ်၊ ကန်တော်မြတ်အလယ်၊ မြို့တည်သည့် ဗျုပ္ပတ်ကြောင့်၊ မထိလာ-ဟု သမုတ်အပ်သော ရာဇဝင်ကျမ်းများတွင် ထင်ရှားကျော်စောခဲ့သည့် မိတ္ထိလာမြို့တော်ကြီး၌။

တပတိစိဋ္ဌိတကေ၊ တတော ပစ္ဆိမဒိသာဘာဂဋ္ဌိတကေ၊ ထိုမိတ္ထိလာမြို့တော်မှ၊ အနောက်ဘက်ကျ၍၊ မိုင်တာအရ ၂-မိုင်ခေါ်, ၁-တိုင်ခန့်၌၊ ဒိုင်တသန့် တည်ရှိသော။

ဂါရုဋ္ဌာ’ဝှါယဂါမေ၊ ဂရုဠသ ဂရုဠပတိကတဿ ဋ္ဌိတော ဘူမိဘာဂေါ ဂါရုဠော-ဟု၊ ရှေးသောခါက၊ ဂဠုန်ရုပ်ကြီးနားနေရာ၊ ကုန်းမြေပြင်သာယာ၌, တည်ခြင်းကြောင့် ဂရုဠ-ဟု နာမတွင်ကာ၊ ဂဠုန်ရွာ၌။

အဟံ၊ ဗုဒ္ဓနိုင်ငံတော်၊ အမည်ခေါ်သည့်၊ သာသနာတော် တည်ထွန်းရာဌာန၊ တိုင်း,နိုင်ငံဒေသတို့ကို၊ ဖော်ပြထုတ်ဆို၍၊ ဤကျမ်းကို ရေးသားသော ငါသည်။

ဇာတော၊ မီးရှူးသန့်စင်၊ ဖွားမြင်ခဲ့လေပြီ။

မေ မမ၊ ဤကျမ်းတည်ထွင်၊ ပြုစီရင်ရေးသားသော ငါ၏။

ဇာတိယာ၊ ဖြစ်ထွန်းကြီးပွါး၊ မျိုးရိုးဇာတ်အားဖြင့်။

ဇေယျသီတာတိအာချေ၊ အောင်မြင် ထွန်းပ၊ ပဝတ္တဖြင့်၊ ဦးအောင်ဘ-ဟု၊ ဝေးနီးက သိကြသည့်၊ မိတ္ထိလာခရိုင်-နယ်၏ ဝံသာနုဥက္ကဋ္ဌကြီးနှင့်၊ သဘောအေးမြ၍၊ အဒေါ်အေး ခေါ်ကြသော။

**မေ - မမ၊** ငါ၏။

**ဇနက-ဇနနိကေ၊** ဘခမည်းတော်နှင့် မယ်တော်တို့သည်။

**သဒ္ဓါသီလာဒိယုတ္တေ၊** သဒ္ဓါ, သီလ၊ သုတ စသည်၊ သူတော်ကောင်းဂုဏ်ရည်နှင့် ပြည့်စုံသော။

**ဗသုန္ဓိဝသထကေ ဗဟုဂါမိကေ၊** ရွာအများ ပေါင်းစုစိုးပိုင်သည့်၊ ရွာဒိုင်နယ်ဖြစ်သော။

**ဂါမဏိယေ စ ဝံသေ၊** အဘကား ရွာမဒိုင်နယ်တွင်၊ ရွာသူကြီးအနွယ်၌ ဖြစ်၍၊ အမိကား လှိုင်းတက်မြို့နယ်၏၊ **အစုရေးအနွယ်ဝံသ၌။**

**ဇာတော၊** မိဘက်, ဘဘက်၊ ၂-ဘက်သော မျိုးကောင်းဇာတိ၌၊ ဖြစ်ရှိခဲ့ကြလေပြီ။

**အဟံ၊** ရနိုင်သမျှ၊ သုတအမျိုးမျိုး ဆည်းစုကာ၊ ဤကျမ်းပြုစုရေးသားသော ငါသည်။

**သတ္တဝဿေ၊** မွေးဖွားသည်မှ၊ ၇-နှစ်အရွယ်မျှသည်။

**ဇာတေ၊** အချိန်အရွယ်ရောက်၊ ကြီးမြောက်လာသည်ရှိသော်။

**အရိယဝရသမေ၊** အရိယာသူတော်မြတ်တို့နှင့်၊ ဂုဏ်သကတ်တူမျှသည့်၊ သီလ, သမာဓိဂုဏ် ရှိတော်မူသော။

**ထေရပါဒေ၊** အရှင်အရိယ-ဟု၊ နာမတော် ဘွဲ့ချီသည့်၊ ကျေးဇူးရှင် ဂဠုန်ကျောင်း ဆရာတော်၊ မထေရ်မြတ်၏ ခြေတော်ရင်း၌။

**နီတော၊** ပညာရပ်များ, သင်ကြားရန်၊ အပ်နှံခဲ့လေပြီ။

----- x -----

၂။ တံဝဿမ္ဘေ'ဝိတော သကမဂဓဂိရော ပါဠိသဒ္ဒါဒိဂန္ထော၊
မေ သုညေ'ကာ'ယုဝဿော သမဏမဟာကတော သဒ္ဒနီတျာ'ဒိ'ဘျာသော၊
တပ္ပစ္ဆာ အဘိဓမ္မော မမ စ ဂရုဝရော မန္တလံ မံ ပယာတော. .၊
ပညာထေရော'သဓော ယော ဥဒိစိတလင်္ဂေတော သုဒ္ဓအာရာမဝါသော။

၂။ တံဝဿမ္ဘေ၊ ထိုဆရာတော်မြတ်ထံ၊ အပ်နှံသည့် နှစ်ချင်း၊ ၇-နှစ်အတွင်း၌ပင်လျှင်။

သကမဂဓဂိရော၊ သကမဂဓဘာသာယ ဝစော၊ မိမိ၏ အမိဘာသာ၊ မြန်မာစာ အရေး အဖတ်နှင့်တကွ၊ ထိုကာလက၊ မဂဓသင်တန်းအဦးစသည့်၊ မင်္ဂလသုတ်, နမက္ကာရ၊ ပရိတ်ကြီးစသော အခြေခံ မူလသင်တန်းဘာသာကို။

အဓိတော၊ ဆရာတော်မြတ်ထံပါး၌၊ သင်ကြားအပ်ခဲ့ရလေပြီ။

စ၊ ထိုမှတပါး၊ ၉-နှစ်အရွယ်သို့ ရောက်ငြားသောအခါ၌။

ပါဠိသဒ္ဒါဒိဂန္ထော၊ ကစ္စာယနဗျာကရဏပါဠိသဒ္ဒါ၊ အာဒိဖြာ၍၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်း ကိုလည်း။

အဓိတော၊ နှစ်ချင်းပင်၊ သင်ယူပြီးဆုံးအပ်ခဲ့လေပြီ။

မေ၊ ငါ၏။

အာယု၊ အသက်ကား။

သုညေ'ကာဝဿော စ၊ သုညဧက ဝဿော၊ သုည, တစ်-ဟု၊ ၁၀-နှစ်အရွယ်သည်။

ဇာတော၊ ဖြစ်ခဲ့လေပြီ။

မေ - မမ၊ ငါ၏။

အာယုဝဿော၊ အသက်နှစ် အရေအတွက်ကား။

သုညေ'ကေ၊ သုည ဧကေ၊ တစ်, သုညဝယ်၊ ၁၀-နှစ်အရွယ်၌။

သမဏမဟာကတော၊ သာမဏေရ၊ ပဗ္ဗဇ္ဇဟု၊ သမဏသဘင်၊ ရှင်ပြုမင်္ဂလာပွဲကြီးကို၊ အကြီးအကျယ် ပြုအပ်ခဲ့လေပြီ။

တပ္ပစ္ဆာ၊ ထိုသာမဏေရ၊ ပဗ္ဗဇ္ဇ မင်္ဂလာပြုပြီးသည်မှ နောက်အခါ၌။

သဒ္ဒနီတျာ'ဒိဂန္ထော စ၊ သဒ္ဒနီတိ အစရှိသော ဗျာကရဏ်းကျမ်းကြီးစသည်များကိုလည်းကောင်း။

အဘိဓမ္မော ဂန္ထော စ၊ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ စသောအဘိဓမ္မာကျမ်းများကိုလည်းကောင်း။

အဘျာသော၊ လေ့လာသင်ကြား၊ အားထုတ်အပ်ခဲ့လေပြီ။

[ မိမိသည် ၉-နှစ်မှာ သဒ္ဒါ, သင်္ဂြိုဟ် တစ်ခေါက်, ရုပ်တွက်ခြင်း, သရုပ်ခွဲခြင်းနှင့်တကွ ပေါက်ခဲ့၍ သာမဏေဖြစ်ပြီး၊ ၁၀-နှစ်မှာ အထွက်, အတက်, အကျယ် ထပ်မံ သဒ္ဒါနှင့် သင်္ဂြိုဟ် တဖန်သင်ကြားကာ ဉဝါ, ပုဒ်စစ်, သံဝဏ္ဏနာစသည်တို့ပါ ဆရာတော် ဘုရားထံ သင်ယူပြီး၊ ၁၁-နှစ်မှာ အဘိဓမ္မတ္ထဝိဘာဝနီဋီကာကျော် တက်၍၊ ၁၂-နှစ်မှာ ကစ္စာယနသာရ, ဝစ္စဝါစက, ဝိဘတျတ္ထသဒ္ဒါငယ်များအပြင် အဘိဓာန်နှင့် ဆန်းကို သင်ယူခဲ့လေသည်။

၁၃-နှစ်မှာ ဆရာတော်က "မင်း ဉာဏ်ရှိတယ်၊ ရူပသိဒ္ဓိ ကျဉ်းသည်၊ သဒ္ဒနီတိ တက်"ဟု အမိန့်ပေးသောကြောင့် သဒ္ဒနီတိကို သင်ယူခဲ့လေသည်။

၁၄-နှစ်၊၁၅-နှစ်မှာကား ဆရာတော်ဘုရားအထံ ဒကာတစ်ဦး ပိဋကတ်ပေစာ ရေးသားလှူရာ၌ ၎င်းစာတည်း, စာထုပ် လုပ်ဆောင်ခဲ့လေသည်။]

တပ္ပစ္ဆာ၊ ထိုဂဠုန်ဆရာတော်ဘုရားထံတွင် ဆိုခဲ့ပြီး ပါဠိအခြေခံကျမ်းဂန် အရပ်ရပ် သင်ကြားပြီးနောက် ၁၅-နှစ်အရောက်တွင်။

မမ စ ဂရုဝရော၊ အထူးလေးစားအပ်သော မိမိ၏ကျေးဇူးရှင် ဆရာတော်ဘုရားသည်။

မံ၊ ဆရာတော်ထံတွင် သာမဏေဘဝ၊ ၅-ဝါရသော ငါ့ကို။

မန္တလံ၊ မန္တလေးတောင်အနီး မြို့တည်ကာ၊ မန္တလာနဂရ ရတနာပုဏ္ဏ-အမည် ပေးသည့်၊ မန္တလေးရတနာပုံ မြို့တော်ကြီးသို့။

ပယာတော၊ ပါဠိ, အဋ္ဌကထာ, ဋီကာ စသည် ပါဠိအထက်တန်းပညာရပ်များ၊ သင်ကြား လေ့လာရန် စေလွှတ်တော်မူခဲ့လေပြီ။

တံ ဉဒိစီတလဋ္ဌိတော၊ ထိုရတနာပုံမြို့တော်ကြီး၏ အရှေ့ပြင်၌ တည်ရှိသော။

သုဒ္ဓအာရာမဝါသော၊ အရှေ့မဟာဝိသုဒ္ဓါရာမတိုက်တော်၌၊ သီတင်းသုံး နေထိုင်တော်မူသော။

ယော ပညာထေရော စ၊ ကျေးဇူးတော်ရှင်၊ တိုက်အုပ်ဆရာတော် အရှင်ပညာ မထေရ်မြတ် သည်လည်းကောင်း။

ယော ဩဿဓော ထေရော စ၊ ကျေးဇူးရှင် တိုက်အုပ်ဆရာတော်ဘုရားနှင့်အတူ၊ သီတင်းသုံးတော်မူသည့် တိုက်ကြပ်ဆရာတော်-ဟု သမုတ်ခေါ်ကြသည့်၊ စာချကျေးဇူးတော်ရှင် အရှင်ဩဿဓမထေရ်မြတ်သည်လည်းကောင်း။

အတ္ထိ၊ သီတင်းသုံး နေတော်မူကြကုန်၏။

၃။ တံ ထေရာ’သန္နဝါသံ ဗဟု စ ပကရဏံ သန္တိကေ တေသ မေတံ. .၊
ဥဂ္ဂဏှိတံ စ အညံ ဥပကတုံ’ပစိတံ ဘိက္ခုဘာဝံ စ လဒ္ဓံ. .၊
ပါဠိံ’ချ’က္ခာသဘာယံ ဗဟု စ ဇိတဂုဏံ ဝါသျ နာနာဂရှုန်. .၊
နာနာဂန္ထံ စ နီတံ ဗဟုဝိဓ ပဋိတံ နိဂ္ဂတော’ဟံ ဝိဒေသံ။

၃။ တံ ထေရာ’သန္နဝါသံ၊ တေသံ ထေရာနံ အာသန္နေ ဝသန္တော၊ ထိုကျေးဇူးရှင်ဆရာတော် မထေရ် ၂-ပါးတို့၏၊ ထံနီးပါး၌ နေလျက်။

တေသံ၊ ထိုကျေးဇူးရှင် ဆရာတော် ၂-ပါးတို့၏။

သန္တိကေ၊ အထံတော်၌။

ဧတံ စ ဗဟုပကရဏံ၊ ဤသို့သော အဋ္ဌကထာ, ဋီကာများနှင့် ယမိုက်, ပဋ္ဌာန်း စသည် နေ့ဝါ,ညဝါ၊ ကျမ်းများစွာကို။

ဥဂ္ဂဏှိတံ၊ လေ့ကျက်မှတ်သား၊ သင်ကြားနာယူအပ်ခဲ့လေပြီ။

ဥပကတုံ’ပစိတံ၊ သာသနာတော်အား၊ ကျေးဇူးများ၍၊ သင်ကြားဆည်းပူးထိုက်သော။

အညံ စ ပကရဏံ၊ သာသနာနှင့် ပါဠိ, အဋ္ဌကထာတို့အား ကျေးဇူးများသော သဒ္ဒါငယ်, ဆန်း, အလင်္ကာကျမ်းနှင့် သက္ကတအခြေခံ ကျမ်းဂန်များကိုလည်း။

ဥဂ္ဂဏှိတံ၊ ပညာသုတ၊ ကြွယ်ဝလေးနက်ဖို့, အရင်းခံလျက်၊ သင်အံလေ့ကျက်ခဲ့လေပြီ။

(မိမိသည် သာမဏေ ၅-ဝါရ၍ ၁၅-နှစ်အသက်ရှိကာ ၁,၂၇၀-ပြည့်နှစ်မှာ မန္တလေး၊ အရှေ့မဟာဝိသုဒ္ဓါရာမတိုက်၊ တိုက်အုပ်ဆရာတော်ဘုရားနှင့် ဘုန်းကြီးလေး-ဟု ခေါ်တွင်သော အရှင်ဩဿဓဆရာတော်တို့ထံ ရောက်ခဲ့ပါသည်။ ဆရာတော် အရှင်ဩဿဓ ဘုန်းကြီးလေးထံတော်၌ ကစ္စာယနသာရ, ဘေဒစိန္တာ သဒ္ဒါငယ် ၂-ကျမ်း, ဆန်း, အလင်္ကာနှင့် ယမိုက်ညဝါ သင်ယူ၍ တိုက်အုပ်ဆရာတော်ဘုရားထံ အဋ္ဌသာလိနီစိတ္တုပ္ပါဒကဏ္ဍနှင့် ပဋ္ဌာန်းညဝါတို့ကို သင်ယူခဲ့ရပါသည်)။

တေသံ စ တေသံ ဧဝ၊ ထိုကျေးဇူးရှင် ဆရာတော် ၂-ပါးတို့၏ အထံတော်၌ပင်လျှင်။

ဘိက္ခုဘာဝံ၊ စဉ့်ကိုင်မြို့ သူကြီး ဦးချယ်+သူကြီးကတော် ဒေါ်ယွန်းတို့၏ *(ပစ္စယာနုဂ္ဂဟ)* ဥပသမ္ပဒ ဒကာခံယူလျက် တိုက်အုပ်ဆရာတော် အရှင်ပညာ မထေရ်

မြတ်အား ဥပဇ္ဈာယ်ပြုကာ မဟာဝိသုဒ္ဓါရာမသိမ်တော်ကြီးတွင် ရဟန်းဘောင်သို့ ဝင်လျက် ပဥ္စင်းအဖြစ်သို့ တက်ရောက်ခြင်းကို။

လဒ္ဓံ၊ ရယူအပ်ခဲ့လေပြီ။

တေသံ၊ ထိုကျေးဇူးရှင် မထေရ်မြတ် ၂-ပါးတို့၏။

သန္တိကေ စ၊ အထံတော်၌ပင်လျှင်။

ပါဠိ'ဗျက္ခာသဘာယံ၊ နိုင်ငံတော်အစိုးရမင်းတို့၊ ကျင်းပသည့် ပါဠိပဋ္ဌမပြန် စာမေးပွဲသဘင်နှင့်၊ အသင်းဝင်လူကြီးများ ဖွဲ့စည်းတည်ထောင်ထားသည့် မန္တလေးသကျသီဟ ပရိယတ္တိသာသနဟိတစာမေးပွဲသဘင်၌။

ဗဟု စ ဇိတဂုဏံ၊ အစိုးရပဋ္ဌမပြန်စာမေးပွဲ၌ ငယ်, လတ်, ကြီးတို့ကို ရှင်သာမဏေအဖြစ်နှင့် ဖြေဆိုခဲ့၍,

ရဟန်းဝါ ရလျှင် သကျသီဟ ပရိယတ္တိသာသနဟိတစာသင်တန်းနှင့် အဋ္ဌကထာ ၃-ကျမ်း စာချတန်းကို၊ အောင်ပန်းဆွတ်ခူး၍ ဂုဏ်ထူး, ဘွဲ့တော်ထူးကို။

လဒ္ဓံ၊ ရအပ်, ခံယူအပ်ခဲ့လေပြီ။

နာနာဂရူနံ၊ - မိုးထားစာချဆရာတော် အရှင်ပညိန္ဒ,

- ဝိသုဒ္ဓါရုံအရှင်အဂ္ဂဓမ္မာဘိဝံသ,

- အရှင်သုန္ဒရာဘိဝံသစသော ဆရာတော်များ၏။

သန္တိကေ၊ ထံတော်ပါး၌။

ဝါသျံ၊ နေထိုင်ပြီး၍။

နာနာဂန္ထံ စ၊ - ဆရာတော်အရှင်ပညိန္ဒအထံတော်တွင် မာဓဝနိဒါန်း သဏ္ဍတဆေးကျမ်း၊ ကာဗျဒဿနအလင်္ကာကျမ်း၊

- ဝိသုဒ္ဓါရုံ အရှင်အဂ္ဂဓမ္မာဘိဝံသထံတွင် မုဒ္ဓဗောဓ သက္ကတသဒ္ဒါ၊

- အရှင်သုန္ဒရာဘိဝံသအထံတွင် ဟိန္ဒီဘာသာကျမ်းများကိုလည်း။

နီတံ၊ ဗဟုသုတများပြောင်စွာ၊ ဆောင်ယူသင်ကြားအပ်ခဲ့လေပြီ။

စ၊ ဆရာများထံ၊ သင်အံလေ့ကျက်ခဲ့သည်မှတပါး။

ဗဟုဝိဓံ၊ မဂဓ, သက္ကတ, မြန်မာနက္ခတ်, ဗေဒင်, ဆေး ဗဟုသုတကျမ်းများ ကိုလည်း။

ပဋိတံ၊ ကိုယ်တိုင်ဆည်းပူး ဖတ်ရှုတ်ကာ၊ လေ့လာအပ်ခဲ့လေပြီ။

အဟံ၊ ကျမ်းဂန်ရေးသား၊ ဗဟုသုတအများကို၊ လိုလားတောင့်တ၊ အာသာဆန္ဒ ရှိသော ငါသည်။

ဝိဒေသံ၊ မိမိရပ်ဌာန၊ မြန်မာ့နိုင်ငံမှတပါး၊ နယ်မြေခြားသည့်၊ အိန္ဒိယ, သီဟိုဠ် စသော နိုင်ငံများသို့။

နိဂ္ဂတော၊ ၁,၂၈၅-ခုနှစ်မှာ ၁၀-ဝါအရ၌ အထူးထူးသော နိုင်ငံမှ ရသမျှပညာများ အားထုတ်ရှာဖွေ လေ့လာရန် မိမိနိုင်ငံမှ ထွက်ခွာခဲ့လေပြီ။

----- x -----

## နိုင်ငံခြားမှ အထူးထူးပညာ ရှာဖွေဆည်းပူးခြင်း

၄။ နာနာရဋ္ဌဿ ဝါဏိ ဗဟုကတု'ပစိတိ သာသနဿု'ပကာရိ. . ၊
စက္ကာရိဇေယျ မာပိ လိခိ ဗဟုဿုတာ'ဒိဗုဒ္ဓရဋ္ဌ'တိ နာမိ. . ၊
လဒ္ဓါ မေ ပုညလာဘီ အမတသုခဒဒီ ဒမ္မိ မေ ပုညာဘာဂီ. . ၊
အညေသံ လဒ္ဓိ'မာနိ လိခိတဂိရပထိ ပါတု မေ စိရဋ္ဌာယိ။

၄။ နာနာရဋ္ဌဿ၊ အိန္ဒိယနိုင်ငံ ကာလကတ္တား, ဗာရာဏသီ, လက္ခနော်း, မဒရပ်, သီဟိုဠ် ကျွန်းစသော တိုင်းနိုင်ငံ အရပ်ရပ်၏။

ဝါဏိ စ၊ ဗင်္ဂလီ, နာဂရီ, ဟိန္ဒီ, အူရဒူ, မဒရဇ်, တမယ်လ်, သီဟိုဠ်-ဟု ဆိုအပ်သော တိုင်းနိုင်ငံ ဘာသာအရပ်ရပ်ကိုလည်း။

သာသနဿု'ပကာရိ၊ သာသနာတော်နှင့် စပ်၍၊ ပရိယတ်သင်ကြားရေး၌ ကျေးဇူး များသော သက္ကတ, ဟိန္ဒီ စသည်ဖြင့်, သာသနာပြုရေးနှင့်စပ်၍၊ ကမ္ဘာအရပ်ရပ် ကျယ်ပြန့်သော အင်္ဂလိပ်ဘာသာရပ်ကိုလည်းကောင်း။

ဗဟုကတု'ပစိတိ၊ ဗဟုကတံ ကတွာ ဥပစိတိ၊ အလေ့အလာ၊ များစွာပြုလျက်၊ လေ့ကျက် ဆည်းပူးအပ်ခဲ့လေပြီ။

[ မိမိသည် ဗာရာဏသီမြို့ကြီးမှာ ၁-နှစ်ကြာ၍ ဗိစိရှိုင်းခေါ် ဗင်္ဂါလီဆရာကြီးထံ ၆-လကြာ အင်္ဂလိပ်ဘာသာကို (ဟိုက်ရှဒ်ရီဒါး) တစ်စုံသင်ကြားပြီး,

ဟိန္ဒီလေ့လာ, သက္ကတဘာသာကိုကား ပင်ကိုယ်သက္ကတအခြေခံ မြန်မာနိုင်ငံမှ အားထုတ်ပြီး၍ တိက္ခမဏိ သက္ကတ လောလ်ပ် ဆရာကြီးက ဖိတ်ကြားသဖြင့် ၎င်းထံ မေးမြန်းနာယူကာ လေ့လာခဲ့လေပြီ။

၎င်းနောက် အင်္ဂလိပ်အထက်တန်းပညာရပ်များ အားထုတ်ရန် စိန့်ဇက်ထရစ် ဟိုက်စကူး ကျောင်းအုပ်ဆရာကြီး မစ္စတာအိုရယ်လီးအထံ ၆-လမျှသာ ကောလိပ်စာပေ များ လေ့လာရင်း လက္ခနောင်းမှာ ၁-နှစ်ကြာ နေထိုင်ကာ အခြားအူရဒူဘာသာရပ်များကို လည်း သင်ကြားခဲ့လေသည်]။

စတ္တာရီဇေယျံ၊ သာသနာတော်စက်၊ တိုက်ဖျက်တဲ့ ရန်သူအပေါင်းကို၊ အောင်မြင် ကြောင်း နိမိတ်အားဖြင့်၊ ပညာရှိတစ်ပါး ပေးထားဖူးသောအမည်ဖြင့် တည်ထောင်သည့်၊ စကြာရန်အောင်ကျောင်းတိုက်ကြီးကို။

မာပယိ၊ ဖန်ဆင်းတည်ထောင်ခဲ့လေပြီ။

ဗဟုဿုတဒိ၊ နိုင်ငံအရပ်ရပ်မှ၊ ဆည်းပူးရအပ်သော သာသနာတော်နှင့်ဆိုင်ရာ ဗဟုဿုတ အဝဝကို ပေးတတ်သော။

ဗုဒ္ဓရဋ္ဌ'တိနာမိ၊ ဘုရားမြတ်စွာ၏ သာသနာတော်စက်၊ အာဏာတော် လက်အောက်သို့ ကျရောက်သောအခါ၊ ပြန့်ကျယ်ထွန်းကားသော သာသနာနိုင်ငံတော် များစွာကို၊ ဖွေရှာစိစစ်လျက်၊ သာသနာ့အဖြစ်အပျက် တိကျပြတ်သား၊ စာအုပ်စာတမ်းအများ၊ ကိုးကားဖော်ပြသောကြောင့် ဗုဒ္ဓနိုင်ငံတော်-ဟု မှည့်ခေါ်အပ်သည့် ဤကျမ်းကို။

အဟံ၊ ငါသည်။

လိခိ၊ ရေးသားထုတ်ဝေခဲ့လေပြီ။

(ဤကျမ်းဖြစ်ဖို့ရာ များစွာသော ကျမ်းဂန်စာပေ စာအုပ်စာတမ်းများ ရှာဖွေစုဆောင်း ကာ များစွာသော အကိုးအကားတို့ဖြင့် မှီခိုအားထား ရေးသားရပါသည်။)

၎င်းတို့မှာ–

၁။ နိကာယ် ၅-ရပ်၊ ပိဋကတ် ပါဠိ, အဋ္ဌကထာ, ဋီကာ

- မြတ်စွာဘုရားလက်ထက်တော် သာသနာတော် ပြန့်နှံ့ရာ တိုင်းပြည်, မြို့,ရွာ, ဒေသများကို အကြောင်းအားလျော်စွာ ဖော်ပြသော အဋ္ဌကထာ, ဋီကာနှင့်တကွ များစွာသော သုတ္တန်ပါဠိတော်များ။
- အကြောင်းအခွင့်၊ သင့်တင့်သည့်အားလျော်စွာ သိက္ခာပုဒ် ပညတ်ရာအကြောင်း ဖြစ်ပွါးသောအရပ် တိုင်းပြည်, နိုင်ငံတို့ကို ဖော်ပြသော အဋ္ဌကထာ, ဋီကာနှင့်တကွ ဝိနည်းပါဠိတော်များ။
- အဘိဓမ္မာ၌ကား ပါဠိတော်အားဖြင့် ဓမ္မဓိဋ္ဌာန်ဒေသနာတော်ဖြစ်၍ အရပ်ဒေသ ညွှန်ပြသော ပါဠိတော် မရှိသော်လည်း အဋ္ဌကထာ, ဋီကာများ၌ အကြောင်းအားလျော်စွာ သာဓကထုတ်ပြသော အဋ္ဌကထာ, ဋီကာများ။

မြတ်စွာဘုရားလက်ထက်တော်က ဖြစ်ပွါးသော သာသနာနိုင်ငံများအတွက် ကိုးကားဖော်ပြရလေသည်။

၂။ သဗ္ဗဿောမ မဟာနိဓိ (သဒ္ဒထောမ မဟာနိဓိ)

သက္ကတဘာသာဖြင့် ဖွင့်ဆိုသော အဘိဓာန်ကျမ်းကြီး၊ ၎င်း၌ သက္ကတဘာသာအားလျော်စွာ တိုင်းနိုင်ငံဒေသများ ဖော်ပြ၍ အချို့ပါဠိတော်လာ မြို့, ရွာ, နိဂုံးများကို ၎င်းဖြင့် ညှိနှိုင်းကိုးကား ဖော်ပြထားလေသည်။

၃။ သဗ္ဗရ်ထမုတ္တာဝလီ (သဒ္ဒတ္ထမုတ္တာဝလီ) သက္ကတအဘိဓာန်ကျမ်း

၎င်းမှာ သက္ကတ ပြာကရိတ်ဘာသာများ ထည့်သွင်း၊ ဗင်္ဂါလီဘာသာတို့ဖြင့် ဖွင့်ပြသဖြင့် ဗုဒ္ဓဝါဒဆိုင်ရာ အချို့သောနေရာ၌ ညှိနှိုင်းကိုးကား ဖော်ပြထားရလေသည်။

၄။ သက္ကတ အင်္ဂလိပ်အဘိဓာန်ကြီး

ဝါမန်သျှိဝရာမ် အက်ပတေး၊ အမ်- အေ- (ပူးနားဖာစူဆန် ကောလိပ် ကျောင်းအုပ်အမှူး၊ သက္ကတပါမောက္ခဆရာကြီး)ရေးသားသည်။

၎င်းမှာ သက္ကတဘာသာ အင်္ဂလိပ်နှင့် ဖွင့်ပြ၍ မြို့နယ်, တိုင်းနိုင်ငံများကို အထူးထုတ်ပြသည့်အပြင် ဘာသာဝါဒဆိုင်ရာ ပညာရပ်များကို တိကျစွာ, ခေတ်မီ စုံလင်စွာ ရေးသားသဖြင့် ဘာသာဝါဒအထူးများ၌ ၎င်းကို ကိုးကားဖော်ပြထားသည်။

၅။ အင်သျှင်းတ် ဂျီအိုဂရပ်ဖီ အော့ဖ် အိန္ဒိယ

၎င်းမှာ မေဂျာဂျင်နရယ်ရှိုင်ယယ်လ် အင်ဂျင်နီယာ ဆာအယ်လ်ကဇန္ဒာကန်နင်ဂဟန် ရေးသား၍ ၎င်းရှေးအိန္ဒိယ၏ ဗဟုသုတများကို ဘုရင့် အင်ဂျင်နီယာတပ်မှာ အုပ်ချုပ်စဉ် ရှေးဟောင်း ဗြာဟ္မဏခေတ်, ဗုဒ္ဓခေတ်, မဟာမေဒင် ခေတ်များတွင် ဗုဒ္ဓခေတ်ကို ဦးစားပေးလျက် ဗုဒ္ဓဘာသာ၏ ကျယ်ပြန့် ထွန်းကားခြင်းကို ပဓာနပြုကာ များစွာသော ဗုဒ္ဓစာပေကျမ်းဂန် သက္ကတ, မဂဓဘာသာရပ်များ အရင်းပြုကိုးကား ရေးသားခဲ့လေသည်။

၎င်းစာမျက်နှာ ၇၇၀-ကျော်ရှိ ရှေးဟောင်း အိန္ဒိယမြေပုံကျမ်းကြီးကို လန်ဒန်မြို့တော်၊ ထရူးဗနာကုမ္ပဏီက ခရစ်သက္ကရာဇ် ၁,၈၇၁-ခုနှစ်မှာ ရိုက်နှိပ်ထုတ်ဝေ၍-

၎င်းကို ဒုတိယအကြိမ် ကာလကတ္တားမြို့၊ ၁,၉၂၄-ခုနှစ်၊ စက္ကရဝတ္တိချာတာဂျီကုမ္ပဏီက ထုတ်ဝေခဲ့လေသည်။

၎င်းသည် ဗုဒ္ဓဘာသာနှင့် မှန်ကန်ကောင်းမြတ်၍ ဗုဒ္ဓနိုင်ငံတော်၏ ကျယ်ပြန့် ထွန်းကားခြင်းများကို အရင်းထား ရေးသား၍ ရှေးက ဇာတ်တော်, နိပါတ်တော်လာ နိုင်ငံများကို ထင်ရှားစွာ မြေပုံများဖြင့် ဖော်ပြရေးသားထားလေသည်။

၆။ ကင်မ်ဘရိဂျ် ဟစ်ထ်စရီ အော့ဖ် အိန္ဒိယ (ကင်းဘရိတ်အိန္ဒိယရာဇဝင်ကျမ်းကြီး၊ ပဌမတွဲ)

၎င်းမှာ ရှေးခေတ်အိန္ဒိယနှင့် အလယ်ခေတ် အိန္ဒိယရာဇဝင် အဖြစ်အပျက်တို့ကို ဖော်ပြလျက် ဗုဒ္ဓခေတ်အကြောင်းအရာများ ရေးသားဖော်ပြ၍ ၎င်းတိုင်း နိုင်ငံများကို အကိုးအကားပြုကာ ရေးသားလေသည်။

၎င်းကို အီ-ဂျေ- ရှပ်ပဆန်- အမ်-အေ၊ လန်ဒန်ကင်းဘရိတ် ယူနီဗာစီတီ၊ သက္ကတ ပါမောက္ခဆရာကြီးက ထုတ်ဝေ၍-

ခရစ်သက္ကရာဇ် ၁,၉၂၂-ခုနှစ်၊ ကင်းဘရိတ်ယူနီဗာစီတီပုံနှိပ်တိုက်မှာ ရိုက်နှိပ်လေသည်။

၎င်းကျမ်းကြီးများကို ပဓာနထား၍-

- များစွာသော အိန္ဒိယရာဇဝင်ကျမ်းများ၊
- သီဟိုဠ်ကျွန်း ဗုဒ္ဓဘာသာရပ်များနှင့်စပ်၍ များစွာသောသီဟိုဠ်ရာဇဝင်, မဟာဝင်, စူဠဝင်, ဒီပဝင်ကျမ်းများ၊ သီဟိုဠ်မြေပုံကျမ်းများ၊
- ယိုးဒယား, ကမ္ဘောဒီးယား, ဗီယက်နမ်နိုင်ငံများနှင့်စပ်၍ များစွာသော ၎င်းတိုင်းနိုင်ငံ ရာဇဝင်နှင့် သာသနာဝင် စာအုပ်စာတမ်းများ၊
- အင်ဒိုနီးရှားစသော အရှေ့ဖျားနိုင်ငံများနှင့် စပ်၍ ၎င်းဆိုင်ရာအကိုးအကား စာအုပ်စာတမ်းများ၊

- တိဗက်စသော ဟိမဝန္တာနိုင်ငံများနှင့် စပ်၍ 'လင်းဒ် အော့ဖ် ဆနိုး' (ဆီးနှင်းနိုင်ငံ) စသော တိဗက်နိုင်ငံ ဗုဒ္ဓသာသနာနှင့် မဇ္ဈိမဒေသနိုင်ငံများမှ သာသနာပြုရဟန်းတော်များ သာသနာပြုကြွတော်မူခြင်း, ၎င်း၌ သာသနာအယူအဆ များစွာ ဖော်ပြသောကျမ်းများ–

တရုတ်ပြည်ကြီးနှင့် စပ်လျဉ်း၍–

- ချိုင်းနီးစ် ဗုဒ္ဓဓမ္မ တရုတ်ဗုဒ္ဓဘာသာ ထွန်းကားဖြစ်ထွန်းခဲ့သော အကြောင်းအရာများ ဖော်ပြသော မဟာယာနဗုဒ္ဓဘာသာကျမ်းများ၊
- ဂျပန်နိုင်ငံနှင့် စပ်လျဉ်း၍ များစွာသော ဂျပန်ဗုဒ္ဓဘာသာ မှတ်တမ်းစာစောင်, ဂျာနယ်, စာအုပ်စာတမ်းများ၊
- ဥရောပဗုဒ္ဓဘာသာနှင့် စပ်လျဉ်း၍ များစွာသော ဗုဒ္ဓစိတ် ရှိဖြူစသော ဥရောပဗုဒ္ဓဘာသာဆိုင်ရာ များစွာသော စာအုပ်စာတမ်း, ဂျာနယ်, မဂ္ဂဇင်းများ၊
- မြန်မာနိုင်ငံ သာသနာတော်နှင့် စပ်လျဉ်း၍ များစွာသော မှန်နန်းရာဇဝင်တော်ကြီး, ဦးကုလား မဟာရာဇဝင်တော်ကြီး စသော ရာဇဝင်ကျမ်းကြီးများ၊
- သာသနာဝံသ, သာသနာလင်္ကာရစာတမ်း, သာသနဝိသောဓနီကျမ်း စသော သာသနာဝင်ကျမ်းများ၊
- ရာမညတိုင်း သာသနာနှင့်စပ်လျဉ်း၍ မွန်ရာဇဝင်များနှင့် ကလျာဏီကျောက်စာ စသော မွန်သာသနာဝင်ကျမ်းများ–

ဤသို့အားဖြင့် များပြားလှစွာသော ကျမ်းဂန်စာအုပ်စာတမ်းများ စုဆောင်းကာ ရေးသားအပ်သော သာသနဗဟုသုတ ကမ္ဘာ့နိုင်ငံတော်အနှံ့ ပြန့်ပွါးလာခဲ့သော ဗုဒ္ဓသာသနာတော်တို့ကို ပြဆိုအပ်သော ကျမ်းဂန်ကြီး ဖြစ်လေသည်။

✪ ✪ ✪ ✪ ✪ ✪ ✪

## ကျမ်းပြုခြင်း အမြတ်ကုသိုလ်ဝေငှ၍ ကျမ်းတည်တံ့ရန် တောင့်တခြင်း

အမတသုခဒဒိ၊ မြန်မာနိုင်ငံတွင်၊ ဂန္ထဝင်ကျမ်းဂန်တစ်ခု၊ ဖြစ်မြောက်ရန် ပြုစုအားထုတ်ရသဖြင့်၊ အမတ အမြိုက်အရသာ၊ ချမ်းသာတော်မြတ်ကို ပေးနိုင်, ပေးဝေနိုင်သော။

ပုညလာဘံ၊ မနေမနား, အားထုတ်ကာ၊ တစ်ရာတစ်ရာပြု၊ ကောင်းမှု(အ)ရပ်ရပ်၊ ဆုလာဘ်တော် အမြတ်အစွန်းကို။

မေ- မယာ၊ ငါသည်။

လဒ္ဓါ၊ အကျိုးတစ်ရပ်အနေဖြင့်၊ ရအပ်ခဲ့လေပြီ။

မေ၊ အားထုတ်ကြိုးစား၊ ရေးသားသော ငါ၏။

ပုညဘာဂံ၊ များစွာပေါင်းစု၊ ကောင်းမှုအမြတ်၏ အဖို့ဘာဂကို။

အညေသံ၊ မိမိမှတပါး၊ ဤစာဖတ်သူ, ကြားနေသူတို့အား။

ဒမ္မိ၊ မိမိနှင့်အတူ၊ ရယူဖို့အရေးဖြင့်၊ ပေးဝေဖြန့်ဖြူးပါ၏။

ဣမာနိ၊ ဤသို့သော ကောင်းမှုအဖို့၊ အစုစုတို့ကို။

အညေသံ၊ မိမိမှတပါး၊ အခြားသူတို့အား။

လဗ္ဘေ- လဗ္ဘတု၊ ရရှိနိုင်ပါစေသတည်း။

မေ-မမ၊ အားထုတ်ကြိုးစား၊ ရေးသားသော ငါ၏။

လိခိတဂိရပထိ၊ လိခိတ ဝါစာပထိ၊ ရေးသားခဲ့သော စကားအစဉ်, အဓိပ္ပါယ်အစဉ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤကျမ်းဂန်ကို။

စိရဋ္ဌာယိ၊ ဂန္ထဝင်စာပေနယ်၌၊ ကြာအရှေ အရှည်ခန့်၍၊ တည်တံ့နိုင်အောင်။

ပါတု၊ အစဉ်အဆက်၊ မပျက်တည်ရှိရန်၊ နောက်ခေတ်တလျှောက် စောင့်ရှောက်ပါစေသတည်း။ ။

✪ ✪ ✪ ✪ ✪ ✪ ✪



နာလန္ဒာမဟာဝိဟာရ၊ ဗီဟာပြည်နယ်၊ အိန္ဒိယ

# မှတ်သားဖွယ်ရာ အက္ခရာစဉ်

[ က ]

ကဒ်ဳိဝိတရဏီအဋ္ဌကထာ ၉
ကစ္စာယနဗျာကရဏပါဠိသဒ္ဒါ ၄၇၀
ကစ္စာယနဝဏ္ဏနာကျမ်း ၆၇
ကစ္စာယနသာရ ၄၇၁, ၄၇၂
ကစ္စာယနသုသုဟာရက ၂၊၈
ကစ္စာယနသဒ္ဒါနိသျှည်းကျမ်း ၁၁၀
ကစ္စာယနသံဝဏ္ဏနာဆက္ကဒီပနီ ၂၁၂
ကစ္စာယနုပတ္ထမ္ဘကကျမ်း ၃၂၄
ကစ္စည်းကျမ်း ၂၁၂
ကစ္စည်းသုတ်နက်ကျမ်း ၂၁၈
ကညစ်ရေး ပိဋကတ်တော် ၁၆၄,၁၇၀
ကဏ္ဍကမြင်းနှင့်ဆန္နအမတ် ၄၁၇
ကတိကဝတ်မှတ်တမ်း ၂၂
ကတီးဆရာတော် ၁၆၄
ကထာဝတ္ထုပါဠိတော်, အဋ္ဌကထာ ၁၈၅
ကန္တိဘုရင် ရာဇသီဟ ၁၄၉
ကန္တိဘုရင်အား စစ်ကြေငြာ ၁၅၇
ကန္တိမြို့တော် ၁၄၅
ကန္ဒကုတ္တိမဟာစေတီ ၃၇၉
ကန္ဒိမက်ငူမင်းကျောင်းတော် ၁၆၃
ကန္ဒိသာမိ ၁၅၆
ကပိလဝတ်ပြည် ၉၄
ကပိလဝတ္ထုပြည် အရှေ့နမင်း ၃၈၂
ကမ္ဘည်းကျောက်စာ ထွင်းထု ၂၅
ကမ္ဘုဇ-ကမ္ဘောဒီးယားတိုင်းနယ် ၂၇၆
ကမ္ဘုဇ-(ကမ္ဘောဒီးယား)-ခမာနိုင်ငံ ၂၈၇, ၂၉၁, ၂၉၆, ၂၉၉

[ က ]

ကမ္ဘုဇ ကမ္ဘောဒီးယား-ခမာလူမျိုးများ ၂၈၇
ကမ္ဘုဇနိုင်ငံတော်ဗုဒ္ဓဘာသာအစည်းအရုံး ၃၁၂
ကမ္ဘုဇဘာသာ ခမင်အက္ခရာ ၃၂၈
ကမ္ဘုဇ-အသောက မင်းတရားကြီး ၂၉၅
ကမ္ဘောဇတိုင်း ၂
ကမ္ဘောဒီးယား ၅, ၂၇၃, ၄၇၇
ကမ္ဘောဒီယန် ခမင်ဘာသာ ၂၈၉
ကမ္ဘောဒီးယားခမာနိုင်ငံဗုဒ္ဓသာသနာ ၂၈၇
ကမ္ဘောဒီးယားခေတ်သာသနာ ၃၀၇
ကမ္ဘောဒီးယားဘုရင် ပဋ္ဌမသူရိယဝါမန်မင်း ၂၇၆
ကမ္ဘောဒီးယားတန်ခိုးအာဏာ ၂၈၅
ကမ္ဘောဒီးယား၊ ဖနွမ်းပင်မြို့ ၃၆၀,၄၂၀,၄၆၄
ကမ္ဘောဒီယားဘုန်းကြီးကျောင်းများ ၃၁၆
ကမ္ဘောဒီးယားမဟာသံဃရာဇာဆရာတော် ၄၀၈
ကမ္ဘောဒီးယားမင်းတရားကြီး ပရိ-ဗတ်-
သံဒဆ နိုရိုဒန် သူရမိတ္တာဝမ္မ ၃၁၃
ကမ္ဘောဒီးယား, လာအို ၄၀၇
ကမ္ဘောဒီးယားလွတ်လပ်ရေး ရာဇဝင်
မှတ်တမ်းများ ၃၂၅
ကမ္ဘောဒီးယား သာသနာဂိုဏ်းများ ၃၂၇
ကမ္ဘောဒီယားသာသနာပိုင်ဆရာတော် ၃၂၀,၄၁၅
ကမ္ဘောဒီးယားသံဃရာဇာ-
ဘဒန္တသုမေဓာဓိပတိဆရာတော် ၄၁၂
ကမ္ဘောဒီးယားအဘိဓာန်ကျမ်းကြီး ၃၂၄
ကမ္ဘာပေါ်ရှိဗုဒ္ဓဘာသာနိုင်ငံ ၃၁-နိုင်ငံ ၄၆၄
ကမ္ဘာ့ဗုဒ္ဓဘာသာကောန်ဖရင့် ၃၆၅
ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့် ၆-ကြိမ်မြောက်၄၂၀
ကမ္ဘာ့ဗုဒ္ဓဘာသာအစည်းအရုံးကြီး ၄၂၈,၄၆၃
ကမ္ဘာ့ဗုဒ္ဓဘာသာအစည်းအဝေးကြီး ၃၂၅,၃၄၈

[ က ]


ကမ္ဘာ့ဗုဒ္ဓဘာသာအသင်းကြီး ၄၆၃
ကမ္ဘာ့ဗုဒ္ဓဘာသာဦးရေ ၂၆၀
ကမ္ဘာ့သဘာဝ နိယာမ ၄၁
ကမ္ဘာ့အကြီးဆုံးကြေးရုပ်ပွါးတော်ကြီး ၄၀၀
ကမ္ဘာအေးစေတီတော်ဗုဒ္ဓသာသနာ့ကောင်စီ၄၆၄
ကမ္ဘာ့အံ့ချီးဖွယ်ရာ ၄၅
ကမ္မကာရက သံဃာတော် ၁၅-ပါး ၂၈
ကမ္မဋ္ဌာနာစရိယ အရှင်ဝဏ္ဏိတ ၄၀၅
ကမ္မဋ္ဌာနာစရိယ အရှင်သုဇာတ ၄၀၅
ကမ္မဋ္ဌာန်းဘာဝနာပွါးများရေးသင်တန်း ၄၄၇
ကမ္မပထမြောက် ကံ ၃-ပါး ၂၁၆
ကမ္မဝါစာရွတ် ၄၁၂
ကမ္မဝါစာဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊
ဦးညာဏုတ္တရ ၄၀၅
ကမ္မဝါဒီဂိုဏ်း ၂၁၄, ၂၁၆
ကရဝိက၊ အရှင် ၁၀၆
ကရုဆော့ဒ်ဘာသာရေးစစ်ပွဲ ၄၂၂
ကရောင်းကိုလိုနီ ၁၅၄
ကလမ္ဗုဆိပ်ကမ်း ၁၃,၁၈
ကလမ္ဗုမည်သော ဇာတဿရအိုင် ၂၆
ကလိနဝါဒ ၄၆၀
ကလင်ဒီ၊ ဘုရင်မ ၃၉၃, ၃၉၅
ကလေးရာဇပြိုဟ်မြို့ ၁၉၃
ကလျာဏ၊ အရှင် ၁၁၆,၂၃၃
ကလျာဏမေဓ၊ အရှင် ၁၂၈
ကလျာဏဓဇ သာသနဓဇ မဟာဓမ္မရာဇာဓိ-
ရာဇဂုရု ၁၈၃
ကလျာဏရုစိ၊ ဆရာကြီး ၃၃၁
ကလျာဏီကျောက်စာ ၇, ၈, ၅၅, ၂၉၅,
၃၇၈, ၃၇၉, ၄၇၈
ကလျာဏီတိဿမဟာထေရ၊ဘွဲ့ ၂၈
ကလျာဏီတိဿသာမိ ၁၇
ကလျာဏီဘုန်းကြီး ဦးဝဏ္ဏ ၂၀၄
ကလျာဏီမြစ် ၁၁, ၁၂, ၂၅,၁၄၂,၃၇၈
ကလျာဏီသိမ် ၂၇,၃၃, ၃၇၀,၃၇၈
ကဝိန္ဒာဘိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု၊
ခင်ကြီးရောင် ၁၇၂
ကဝိန္ဒာဘိအရိယာလင်္ကာရ မဟာဓမ္မ-
ရာဇာဓိရာဇဂုရု ၁၈၅
ကသ္မီရတိုင်း ၂
ကဿပ၊ အရှင် ၁၅
က-အက္ခရာပုဒ် ၄၃၇

ကာဂျပဂိုဏ်း ၅၁
ကာတုပ္ပဂိုဏ်း ၅၁
ကာနယ်ဘင်ဆန် ၁၇၈
ကာနယ်အော်လ်ကော့က် ၄၃၄
ကာဗျဒဿနအလင်္ကာကျမ်း ၄၇၃
ကာမပဂိုဏ်း ၅၁
ကာယပယောဂ ၃၂
ကာလကတ္တားမဟာနဂရကျောင်းတိုက် ၃၉၁
ကာလကြီး ၁၀၉
ကာလာသောကမင်း ၁၈၈
ကာလီဖိုးနီးယား ၄၅၈
ကာလီဖိုးနီးယား, ဆန်ဖရန်စစ္စကိုနယ်များ၄၆၃
ကာလစ်အော၊ အမ်တင်နိုဆန်စ်၊အက်ဆဲ-
လီယာ မဟာစာရယ ဝါဂိန္ဒရ၊ အရှင် ၄၅၆
ကာလ်ဖြူဂျင်နျူးမင်း၊ ဒေါက်တာ ၄၃၃
ကားလ် ဒေါက်တာ ၄၃၃

[ က ]

ကိရှာဂိရိတိုင်းသား ၆၁, ၆၈
ကိတ္တိမေယသာမိ ၁၆, ၂၃
ကိတ္တိသိရိရာဇသီဟမင်း ၁၅၃, ၁၅၉
ကိန္နရာတောင်တောရ ၁၉၄
ကီဂုဏ်ဂိုဏ်း ၄၂
ကီဂုဏ်ရှု ၄၆

ကုက္ကိုချောင်တောရ ၁၉၄
ကုဋိတစ်ခါတက်မှု မတန် ၁၁၃
ကုဗလခန်ဘုရင် ၄, ၄၉, ၂၈၁
ကုမာရကဿပ၊ အရှင် ၁၅
ကုရှုဂိုဏ်း ၄၂
ကုလဒူသနအနေသန ၂၀၇
ကုလားကျောင်း၊ အာရာမ်ကျောင်းတော် ၆၀
ကုသုမ သံဃဆေးရုံတော် ၃၁၅
ကုသိမ် (ပုသိမ်)မြို့ ၂၀

ကူကယ်ဆရာတော် ၄၄
ကူခန်းမြို့ ၂၃၇
ကူခန်းကြီးမြို့ ၂၃၇
ကူးခန်းကြီးခေမင်္ဂတတိုက်၊ အရှင်သုမင်္ဂလစာရီ၁၉၀
ကင်မရိယန်းကျောင်း ၃၂၀
ကင်-ဒို-ထောင်ဂိုဏ်း ၃၄၁
ကင်မ်ဘရိဂ်ဂျ် ဟာစ်စရီ အော့ဖ် အိန္ဒိယ
(ကင်းဘရိဂ်အိန္ဒိယရာဇဝင်ကျမ်းကြီးပဉ္စမတွဲ)၁၇၇
ကင်းဘရိတ်ယူနီဗာစီတီပုံနှိပ်တိုက် ၄၇၇

ကန် ဆင် ဟူ အို သာသနာပြုဆရာ ၃၃၁
ကန့်လန့်ကာခြားလျက် သီလများပေး ၂၄၅

[ က ]

ကန်းနင်းကောလိပ် ယူနီဗာစီတီ ၄၅၀
ကုန်းခေါင် ၁၂၉
ကုန်းတန်းဂူကုန်း ၂၀၆
ကုန်းဘောင်ဆက်မင်းများ ၁၆၂, ၁၃၆
ကုန်းဘောင်ဆက်သာသနာ အမရပူရ ၂၃၄
ကုန်းဘောင်နေပြည်တော်ကြီး ၁၁၉
ကုန်းဘောင် ရွှေဘိုမင်း ၁၇၄, ၂၃၈
ကုန်းဘောင်သာသနာခေတ် ၁၆၂, ၁၆၉

ကံကြီး, ကံငယ် ၁၃၂
ကံဆောင် ကာရကမထေရ်မြတ် ၂၇
ကံရာဇာကြီး၊ ကံရာဇာငယ် ၃၈၁, ၃၈၂

ကို-ကာရ်နယ် ၂၉၁
ကိုချင်ချိုင်းနားပြည် ၃၃၀
ကိုချင်ချိုင်းနား ဗီယက်နမ် ၃၂၂
ကိုချင်ချိုင်းနားဗုဒ္ဓဝါဒ ရှာဖွေရေးအသင်း ၃၄၄
ကိုတိယာရခံတပ် ၁၄၈
ကိုတေမြို့တော် ၁၄၃
ကိုပင်ဟေဂျင်မြို့ ၄၄၁
ကိုဘိုဒယ်ရှိဆရာတော်ကြီး ၄၄
ကိုလမ်ဗိုမြို့ *(ကိုလံဘိုမြို့)* ၁၄၀,၁၄၃,၁၄၉
ကိုလမ်ဘတ် ၄၀၀, ၄၅၇
ကိုလမ်ဘိုစီမံကိန်း ၄၂၃
ကိုလံဘို၊ သီဟိုဠ် ၄၄၁
ကိုးယတောင်ထိပ် ၄၄
ကိုးရိုးယား ၄, ၄၁
ကိုင်စူ၊ အရှင် ၄၀
ကိုင်းကြီးရွာသား ၁၃၁
ကိုယ်ကျင့်သီလဖြူစင်ရေး ၃၆၀

[ က ]


ကေတုဓမ္မဝရာလင်္ကာရ မဟာဓမ္မ-
ရာဇာဓိရာဇဂုရု ၁၈၅

ကေဝဋ္ဋေဝါဒကထာကျမ်း ၁၉၅

ကောစ္ဆဂေါဓ၊ ရှင် ၁၅၅

ကောဏ္ဍညအန္ဒယ်ဇယဝမ္မမင်း ၃၀၁

ကောတိလ်ပူရ်အရပ် ၂၆၃

ကောမလဆိပ်ကမ်း ၂၀

ကောမလပဋ္ဋဆိပ်ကမ်း ၂၀

ကောမိလ္လနယ် ၂၅၅

ကောလမ္ဗဆိပ်ကမ်း ၁၃၉

ကောလီဆရာတော်ဘုရားကြီး ၂၄၈

ကောလီ၊ အရှင် မိုင်းပန်ဆရာတော် ၂၄၇,၂၄၉

ကောသမ္ဗီပြည်၌ ဒုတိယမဟာသံဃိက-
သံဂါယနာတင် ၁၈၉

ကော့က်စ်ဗဇားနယ် ၂၅၈, ၂၅၉

ကော်မိန်မြို့အနီး ပောနနမတိအရပ် ၂၆၂

ကောက်စပါးတို့ကို စုဆောင်း ၃၀

ကော့က်-ဆွာ-ချေ-က်-ကော့-က်-ခပို့
ကျောင်းတော်ကြီး ၂၉၈

ကောင်းမှုတော်ကြီး ၁၁၀

ကောန်ဖြူရှင်းအယူဝါဒ ၃၃၉, ၃၄၁

ကျဝန်၊ခမည်းတော်နှင့် ယုခ်၊မယ်တော် ၃၂၀

ကျဝန်နတ် ၃၂၀

ကျမိုင်းစောနောင်ခမ်း ၂၄၇, ၂၅၀

ကျုံးတော် ၁၈၁

ကိုးသဲလေးထပ်ဆရာတော်အရှင်မုနိန္ဒာဘိဝံ၂၁၅

ကျေးငူးရှင်ဆရာတော်မထေရ် ၂-ပါး ၄၇၂

ကျေးငူးရှင် မယ်တော်ဘုရင်မကြီး ၃၁၃

ကျေးလက်ဥက္ကဋ္ဌနာယက ၂၃၀

ကျော်စွာ ၅၉

ကျော်စွာကျောင်းတော် ၆၅

ကျော်ဟူသော ဘွဲ့မည်အကွာရာ ၉၂

ကျမ်းဂန်ကျန ၈-ဝါအရ ၁၉၀

ကျမ်းဂန် ၁၁-မျိုး ၁၆၅

ကျမ်းဂန်တတ်မြောက် ပါမောက်တစ်ဆူ၁၈၂

ကျမ်းဂန်မကျ ရာဇဝလ္လဘာမထေရ်များ ၁၃၆

ကျမ်းရိုး မာတိကာ ၁၁၂

ကျမ်း ၃-ကျမ်း တပြိုင်တည်းပြုစု ၂၄၉

ကျန်ရစ်မင်းလက်ထက် သာသနာပြု ၂၃၆
(ကျိတျဂါဝ်) စစ်တဂေါင်းနယ် ၃၉၀

ကျိုက္ကစံဆရာတော် ၂၁၄

ကျိုက်တော်ထော ၃၇၈

ကျိုက်ဒေးယျုံ ၂၀၆

ကျိုက်ဒေးယျုံဘုရားကုန်းတော်-
ခဏ္ဍသိမ် ၂၀၅

ကျိုက်ပတိုင် ၂၀၆

ကျောက်ချပ်ရေ ၇၂၉-ချပ်တို့၌အက္ခရာထွင်း၃၉၆

ကျောက်စာကမ္ပည်း ၃၇၁

ကျောက်စာဂူတော် ၁၈၇

ကျောက်စာတော်များ ၁၆၆

ကျောက်စာသံပိုင်း ၃၀၃

ကျောက်ဆစ်,ကျောက်ပန်း,ကျောက်ခက် ၂၉၄

ကျောက်ဆစ် ပိသုကာ ၁၈၆

[ က ]

ကျောက်တုံးစားပြီး သွေးများသောက် ၁၄၀
ကျောက်တိုင်, ကျောက်စာ ၃၄
ကျောက်နိမိတ်များ ၂၄
ကျောက်ထက်အကြောင်းအရာ ၁၈၆
ကျောက်ထက်အကြောင်းအရာတင်-
ပဥ္စမသံဂါယနာ ၁၈၈
ကျောက်ထက်အကြောင်းအရာပါဠိတော်များ ၃၉၆
ကျောက်ဖျာမင်း ဗညားဦး ၃၇၇
ကျောက်ဖျာမြို့ ၃၇၅
ကျောက်သား,ကျောက်တုံး,ကျောက်ပကတိ ၂၉၃

ကျောင်း, ကန်, ဘုရား- ကမ္ဘောဒီးယား ၃၁၈
ကျောင်းဆရာ မစ္စတာဘွန်အန် ၄၀၅
ကျောင်းဇေတဝိဂျာ ၂၄၆
ကျောင်းတရာကျော်အောင်စံထားဆရာတော်၁၁၈
ကျောင်းတော်ကြီး ၄-ရပ် ၁၆၃
ကျောင်းတော်ရာဆရာတော် ၁၉၈
ကျောင်းတော် ၄-ကျောင်း ၁၀၂
ကျောင်း ၁,၀၀၀-ကျော်ရွှေကျင်ဂိုဏ်းဝင်ဖြစ်၂၁၀
ကျောင်းထိုင်အင်္ဂါနှင့်အညီ ၂၁၅
ကျောင်းပူဇော်ပွဲကြီးများ ၂၉၄
ကျောင်းပေါင်း ၄၆-ကျောင်း ၃၂၂
ကျောင်းရဲ-၄၀ ၁၀၁
ကျောင်းအုပ်ဆရာကြီး မစ္စတာအောင် ၄၀၈

ကြားနေရေးဝါဒ ၃၀၇
ကြီးကျယ်သောဆုတောင်းပွဲတော်ကြီး ၂၉၂
ကြေးဆင်းတုတော် ၂၆၄, ၄၀၉
ကြေးပုရပိုက် ၄၀၂
ကြေးရုပ်ပွါးတော်ကြီး ၄၅

[ က ]

ကြက်, ဝက်, ပုံသဏ္ဍာန်များဖြင့်တည် ၂၆၃
ကြက်သွန်ခင်းဆရာတော် ၁၂၅, ၁၆၇
ကြယ်တံခွန် ၈၆

ကွာလာလမ်ပူ ဗုဒ္ဓဘာသာသာသနာအသင်း ၃၉၈
ကွဲပြားသော ဂိုဏ်းဝါဒများ ၂၆၆
ကွန်ပုံစဝိခရိုင်၊ ကွန်ဝိစိမြို့ပိုင်၊ ၃၂၀
ကွန်မြူနစ်ဘာသာ ၃၃၂, ၃၄၂
ကွန်းထောင်ဆရာတော်အရှင်အဂ္ဂ ၃၉၆
ကွမ်းအစ် ၁ - လုံး ၂၈
ကွဲပါးစောင်းတီးသကဲ့သို့ ၁၁၉
ကြွေအံကြီးသော သူ ၃၀
ကြွယ်ဝကြီးပွါးသောဗုဒ္ဓသာသနာ့ခေတ် ၃၃၄

[ ခ ]

ခဂ္ဂမင်းမျိုးနိုင်ငံ ၂၅၆
ခဏ္ဍာရိဘဇားရဲ ၄၅၂
ခတ္တိယ၊ မင်းမျိုးများ ၂၈၉
ခတ္တိယ အနွယ်ဝံသ ၂၆၀
ခမာကမ္ဘောဒီးယား ဘာသာအကြောင်းအရာ ၃၀၆
ခမာနိုင်ငံ ရှေးဟောင်းရာဇဝင် ၃၀၀
ခမာနိုင်ငံ(သတ္တမဇယဝမ္မ)မင်းတရား ၃၀၀
ခမာနိုင်ငံသာသနာ၂,၀၀၀-အတွင်း ၃၀၇
ခမာနိုင်ငံ သာသနာဝင်များ ၂၉၅
ခမာနိုင်ငံ အသောကမင်းတရား ၃၀၅
ခမာအကြောင်းအရာကမ္ဗည်းအထွာပွတ်များ ၃၀၅
ခမာ, အာနန်, လောပြည်နယ် ၈
ခမင်ရာဇဝင်မှတ်တမ်းများ ၂၉၄
ခမည်းတော်၊ ပရက္ကမဗာဟုမင်း ၁၈

[ ခ ]

ခရစ်ယာန်ဘုရင်ဂျိဂိုဏ်းသာသနာ ၃၄၃
ခရစ်ယာန်ဘာသာ ၄၂၉, ၄၃၄
ခရစ်ယာန် ရေဖျန်းဘိသိက် ၁၄၃, ၁၄၄
ခရစ်ယာန်သီလရှင်ကျောင်းတိုက်များ ၃၅၀
ခရစ်ယာန်သာသနာ ၁၇၄
ခရစ်ယာန် သာသနာပြုများ ၄၇
ခရစ်ယာန်အမည်ပြောင်း ၁၄၁
ခရိုင်နာယကဆရာတော် (မိခွန်) ၃၀၉
ခရိုင်ဂိုဏ်းအုပ်ဆရာတော် (မိခွန်) ၃၁၀
ခလိဖတ်ဘုရင်များ ၅၃
ခလီဖတ်မင်း ၆
ခအိုစော်ဘွား ၃၀၀
ခအိုတိုင်း၊ တုန္နလီဘတီနယ် ၃၀၃
ခ-အို-ဖယ-မြစ်ဝကျွန်းပေါ် ၂၃၃
ခအို-ဖယားမြစ်ကမ်း ၂၈၂
ခအိုဖယားမြစ်ဝှမ်းဒေသ ၂၇၆
(ခ-အို-ရာဇဂဏ)ဗုဒ္ဓသာသနာသံယာ့အဖွဲ့၃၅၈
ခ-ဍျ-ကော့-က်စေတီတော်ကြီး ၃၃၈
ခါးပန်းစည်းသည့်အကျင့် ၂၄၁
ခုဒ္ဒကနိကာယ် ၄၃၃, ၄၄၀

ခေမင်္ဂလကျောင်းတိုက် ၂၃၇
ခေမာစာရ၊ အရှင် ၇၄, ၁၂၉
ခေတ်ဆိုးကြီးသို့ ဆိုက်ရောက်ခဲ့ ၁၅၈
ခေါက်ရှာငှက်ပျံသကဲ့သို့ ၁၃၂
ခေါင်းလောင်းကြီး သွန်းလုပ် ၁၈
ခေါင်းလောင်းပုံစေတီငယ်ကလေးများ ၄၁၇
ခေါင်းလောင်းပုံစေတီတော်ကြီးတစ်ဆူ ၄၁၇
ခေါသ်ဒယေသ် ၃၈

[ ခ ]

ခိုတန်တိုင်း ၂
ခို-ဒေါ၊ အရှင် ၃၃၉
ခို-အံ-ဟူ-ဗုဒ္ဓတရားတော် ၃၄၀
ခိုးခြင်းဖြင့် အသက်မွေးသောသူတို့ ၃၀

ချအိယင်လွှန်း ဘုရင်ကြီး ၃၆
ချအင်းရှိဆွန်ဂိုဏ်း ၃၉
ချအန်ဆွန်ဂိုဏ်း ၃၉
ချိအင်ဆန်နိုင်ငံ ၂၈၂
ချိအင်ဆန် သို့မဟုတ် ယူနောက်နိုင်ငံ ၂၈၁
ချိချိဆရာတော် ၃၉
ချား(ချ)ခရစ် ၄၇
ချင်က ဥဆွန်ဝ သုခဝတီဂိုဏ်း ၃၉
ချင်းတွင်းရွာ ၁၁၂
ချင်းအမတ် ပိန်နောင်း ၂၄၇, ၂၅၀
ချင်းအင်းဆွန်ဂိုဏ်း ၃၉
ချစ်စွာမရဲ ၆၃
ချစ်တဂေါင်း ၂၆၂
ချစ်တဂေါင်းဆေးရုံကြီး ၂၆၅
ချစ်တဂေါင်း တောင်ကုန်းလူမျိုးများ ၂၆၉
ချစ်တဂေါင်းမြို့တောင်ဘက် ၂၆၄
ချစ်တဂေါင်း၏ စေတီယဂါမ ၂၆၂
ချန်ကီယန်မြို့ ၃၈
ချပ်ဝတ်တန်ဆာ ၂၈၉
ချူချိဆွန်ဂိုဏ်း ၃၉
ချူ-အမော့-ကော့ (တပင်တိုင်စေတီတော်) ၃၃၇
ချိုက်လဒါး အဘိဓာန်ကြီး ၄၃၈
ချိုင်လာနိုင်ငံ ၂၉၀
ချိုင့် လဒါးပါဠိအဘိဓာန် ၄၃၇
ချိုင်းနီးစ် ဗုဒ္ဓစ်ဇမ် ၄၇၈

[ ခ ]


ခြသေ့်အစောင့် ၇၂
ခြေခွင်, လက်ကောက်သောသူ ၂၉
ခြေတော်ရာ တစ်ဆူ ၃၅၆
ခွန်ဆန်လော ၂၄၉
ခွန်-ဗိအက်-ဘွဲ့ခံ ပညာရှိကြီး ၃၃၉
ခွန်ဗိယက်နမ်(နိုင်ငံတော်ဝန်ထမ်း)ဘွဲ့တံဆိပ် ၃၃၄
ခွန်-လော့န်-မာအိုမင်းတရား ၂၈၀


[ ဂ ]


ဂင်္ဂါ, ယမုနာ ၂၀၈
ဂ-ငယ် ၃-ခု၊ ဥသျှစ်ထု ၈၆, ၂၇၂
ဂဏာသာမိမဟာနာယက ဖရားသံယရာဇာ-
သာသနာပိုင်ဆရာတော် ၃၅၈
ဂဏာဗေဒဒီပနီကျမ်း ၁၉၃
ဂဏာဝါစက ဓမ္မာစရိယဆရာတော် ၂၁၀
ဂဏာစရိယမထေရ်များစွာ ၂၅
ဂဏာစရိယ အရှင်မြတ် ၂၇
ဂဏာစရိယမထေရ် ၂၄၅- ပါးမျှရှိ ၂၈
ဂဏာန်းသင်္ချာအတတ် ၃၀
ဂဏ္ဍိဝိနိစ္ဆယ ၄၃၇
ဂတိဝိသောဓနကျမ်း ၂၂၈
ဂဒ္ဒုဂန္ဓဝတောင်ခြားလမ်း ၁၄၄
ဂန္ထဝင်ကျမ်းဂန် ၄၇၉
ဂန္ထဝင်စာပေနယ် ၄၇၉
ဂန္ဓာဘရဏ ဥပသာရ နိပါတ ၈၂
ဂန္ဓတ္တရ ဘာသတ္တရ ၂၂၇
ဂန္ဓာရတိုင်း ၂
ဂမ္ဘီရာဂမ္ဘီရမဟာပရိနိဗ္ဗုတကထာကျမ်း ၁၉၇


[ ဂ ]


ဂရိက်ချား (ချ) ၄၇
ဂရိတ်ဘာသာ ၄၄၈
ဂရိတ်တ်-ရိနန်းစိယေးရှမ်း၊မဟာဘိနိက္ခမန
မြတ်သော တောထွက်ခြင်း စာအုပ် ၄၃၁
ဂရိတ်လူမျိုးများ ၄၄၈
ဂရုဓမ္မသီလ ၄၅၆
ဂဝံပတိမထေရ် ၃၇၂
ဂဟဠသီလ ၄၅၆
ဂဠုန်ဆရာတော်ဘုရား ၄၇၁
ဂဠုန်ရွာ ၄၆၈

ဂါထာ ၂၀-အဖွင့်ကျမ်းရှိုးဝိသတိဝဏ္ဏနာ ၁၀၆
ဂါထာဗန္ဓများ ၂၂
ဂါမခေတ် ၂၂၊ ၂၄
ဂါမဝါသီပုဂ္ဂိုလ်များ ၇၄
ဂါမဝါသီပွဲကျောင်းဂိုဏ်း ၁၁၅
ဂါမဝါသီရဟန်းများ ၁၁၆
ဂါမဝါသီ ၈-ဝါ ၁၂၇

ဂိဟိသံသဠပြုလုပ်ခြင်း ၃၁
ဂီလပ်ပဂိုဏ်း ၅၁
ဂီလပ်မ-ဂိုဏ်းကြီး ၅၁
ဂိဟိပဋိပတ္တိ-လူတို့ကျင့်စဉ်ကျမ်း ၃၂၄

ဂုဏာမုနိန္ဒာဓိပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ၁၆၃
ဂုဏာရတနဓရမထေရ်၊ အရှင် ၂၃
ဂုဏာရတနဓရသာမိ ၁၇
ဂုဏာရန္ဒ၊ အရှင် ၁၁၂

[ ဂ ]

ဂုဏသာဂရ၊ အရှင် ၁၅
ဂုဏသာရမထေရ်၊ အရှင် ၂၃၆
ဂုဏသီရိ၊ အရှင် ၁၂၇၊ ၂၃၃
ဂုဏဝတ္တ မထေရ် ၇၀
ဂုဏဝန်၊ သီလဝန် မထေရ်များ ၅၉

ဂုဏာဘိရာမမထေရ်၊ အရှင် ၆၀
ဂုဏာဘိလင်္ကာရ(တုံဂိုဏ်းဆရာ)၊ အရှင်၁၂၅
ဂုဏာဘိလင်္ကာရသဒ္ဓမ္မမဟာဓမ္မရာဇာဓိ-
 ရာဇဂုရု ၁၆၃
ဂုဏာဘိလင်္ကာရသဒ္ဓမ္မမဟာဓမ္မရာဇဂုရု
 ဘွဲ့တံဆိပ်တော် ၂၃၃
ဂုတ္တခေတ် ၂၈၈
ဂုစုပဒမသမ္ဘဝကျောင်းတော်ကြီး ၃၆၉
ဂုရုပိအမတ် ၁၃
ဂူကြီးဆရာတော် ၂၃၅
ဂူတော်သစ် ၉၉

ဂေါဒူဗံဂါ အရပ် ၃၈၈
ဂေါဒ်အယူဝါဒ ၄၃၅
ဂေါလ်ဝတ္တိကာလိုအာ၊
 တရင်ကိုမာလီမြို့များ ၁၄၅

ဂန်ဂျစ်ဆရာတော် ၄၃
ဂန်တောက်နယ် ၃၆၉
ဂိုက်ဒ် သရူး အဘိဓမ္မာ ၅၅၄
ဂိုဏ်းကွဲပြားခြင်း ၃၆
ဂိုဏ်းကြီး ၃-ဂိုဏ်း ၄၃၊ ၅၁၊ ၁၅၉၊ ၁၆၁
ဂိုဏ်းကြီး ၇-ဂိုဏ်း ၄၀

[ ဂ ]

ဂိုဏ်းကြီး ၁၀-ဂိုဏ်း ၄၀
ဂိုဏ်းကြီး ၁၁-ဂိုဏ်း ၄၅
ဂိုဏ်းဂဏကွဲပြား ၃၈
ဂိုဏ်း ၂-ဖြာ ကွဲပြား ၂၀၃
ဂိုဏ်းအုပ်ဆရာတော်များ ၃၀၉

ဂျကာတာမြို့ ၄၁၉
ဂျန္ဒိမင်ဒွတ်စေတီ ၄၁၄
ဂျန္ဒိမင်ဒွတ်ဘုရား ၄၁၄
ဂျပန်ကျွန်း ၄
ဂျပန်ခရစ်ယာန် မှတ်တမ်း ၄၇
ဂျပန်ပြည် ၄၁၊ ၄၀၀
ဂျပန်ဗုဒ္ဓဘာသာ ၄၇၈
ဂျပန်ဘုန်းတော်ကြီး ၄၁၅
ဂျပန် မဟာယာနဗုဒ္ဓတရားတော်များ ၄၅၈
ဂျဖနားပိုင်နယ် ၁၄၂
ဂျဖနားမြို့ ၁၄၉
ဂျဝ-ယဝ-ဂျာဝါး-လူမျိုးများ ၂၉၀
ဂျဝါးဆုမတြာ-ဘာလီကျွန်း ၃၄၆

ဂျာကာတာလေဆိပ် ၄၀၇
ဂျာမနီသို့ ဗုဒ္ဓလောကဖန်တီးရန် ၄၅၅
ဂျာမန်ဘာသာ ၄၇၀၊ ၄၅၄
ဂျာမန်ဘာသာပြန်ဆိုခြင်း ၄၄၉
ဂျာမန်ဘာသာသို့ ပြန်ဆို ၄၃၃
ဂျာမန်ဗုဒ္ဓဘာသာစာပေများ ၄၅၅
ဂျာမန်ဗုဒ္ဓဘာသာပညာရှိများ ၄၃၃
ဂျာမန်လင်္ကာ ၄၃၁
ဂျာဝါမြို့တော် ဗတေဗီယာ ၁၅၀
ဂျာဝါးကျွန်း ၁၄၈၊ ၂၆၂

[ ဂ ]


ဂျာဝါးကျွန်းကြီးအရှင် ၄၀၂
ဂျာဝါး, ဂျကာတာ, ဂျလန် ၄၀၉

ဂျေ-ဂျေ-စမစ်ဒ် ၄၃၀
ဂျေ-ဂျေဆခမစ်ဒ် ၄၃၉
ဂျေဒူတိုက်တ် ၄၃၃
ဂျေ အီ၊ ကာပင်တာ ၄၄၁
ဂျေအင်နီကပ်ရှင်း၊ ဒေါက်တာ ၄၆၀
ဂျေ.ဂျေ.ဆခမစ်ကျ် ၄၄၉

ဂျိုဂျစ်စုဂိုဏ်း ၄၂
ဂျိုဒိုရှုဂိုဏ်း ၄၄, ၄၆
ဂျိုနန်ပဂိုဏ်း ၅၁
ဂျိုရေဘွန်မြို့ ၄၁၀
ဂျိုရှု ၄၆
ဂျင်လာနိုင်ငံ ၂၃၄
ဂျတ်ဆန်-ယုဒသန်၊ ဆရာကြီး ၄၆၀
ဂျိန်း-ဘာသာဝင်များ ၂၅၆


[ င ]


ငစဥ့်ကိုင်တောရ ၁၉၄
ငမင်မြို့ ၉၆
ငမောက် ၁၁၂
ငမောက်ကျောက်မျက် ရတနာ ၁၁၂
ငရန်နတ်စက်ရောင်ဆရာတော် ၁၀၈,၁၀၉
ငရုတ်ခင်း ၃၀

ငါးခုန်ရွာ ၁၃၅
ငါးခုန်ဆရာတော် ၁၃၅
ငါးစို့ဆရာတော် ၁၈၅
ငါးဆူ ဒါယကာမင်းတရား ၁၀၁
ငို-ချန်-လွှန် မထေရ်၊ အရှင် ၃၃၄
ငို-ဒင်-ဇင် သမ္မတ ၃၄၄
ငိုဘုရင်မျိုးများ ၃၃၂
ငို-အန်၊ အရှင် ၃၃၉
ငွေတောင်တောရ ၁၉၈, ၂၀၉
ငှက်ဂိုဏ်း ၂၄၁


[ စ ]


စကားကျောင်းမတော်ဆရာ ၁၂၆
စကားကျောင်း အဓမ္မဝါဒီဂိုဏ်း ၆၈
စကားကျောင်းတော် ၇-ကျောင်း ၆၁
စကား ၇-ကျောင်း ၅၉, ၆၀, ၈၁,
၉၁, ၁၂၈
စကားဦးမင်းကျောင်း ၁၃၁
စကုတိုက်ဆရာတော် ၁၈၅
စကော့ပြင်းရွာ ဘုန်းကြီး ဦးမှုး ၂၀၅
စကော့လူမျိုး ဂျေ အက်ဖ် အမ်ကက်ချင်န် ၄၅၃
စက္ကမ-ဘိုမန်-မွန်ဗုဒ္ဓဘာသာ ၃၉၁
စက္ကမလူမျိုးများ ၂၅၃
စက္ကမရဟန်းများ ၂၃၀
စက္ကမအမျိုးသား ၂၆၉, ၃၉၃
စက္ကယုဒ္ဓ ၁၄၀
စက္ကရိခေတ် ၃၀၆
စက္ကာဘိရာမ ရတနာဝိမာန်၊ အရှင် ၁၂၇
စက္ကိန္ဒာဘိသိရိသဒ္ဓမ္မဇမဟာဓမ္မရာဇာ-
ဓိရာဇဂုရု ၁၇၁, ၁၇၃

[ စ ]

စက်ာပူ ၃၂၅၊ ၃၉၉
စကျင်တောင် ၁၈၆
စကြာပူရိန် ၂၄၉
စကြာရန်အောင်ကျောင်းတိုက်ကြီး ၄၃၅
စကြာသာလာအရပ် ၃၉၂
စတုပါရိသုဒ္ဓိသီလ ၃၁
စတုသာမဏေရဝတ္တု ၁၆၅
စတုတ္ထဇယဝမ္မမင်းတရား ၂၉၁
စတုတ္ထတံဆိပ်တော်ရဆရာတော် ၁၇-ပါး၂၀၀
စတုတ္ထသံဂါယနာ ၁၈၈
စန္ဒကူးနံ့သာကြုတ်တော် ၂၁
စန္ဒနဂိရိသာမိ ၁၇
စန္ဒပညာ၊ အရှင် ၁၂၇
စန္ဒမထေရ်၊ အရှင် ၂၃၂
စန္ဒမဥ္ဇူမထေရ်၊ အရှင် ၂၂၉
စန္ဒနသာရထေရ်၊ အရှင် ၁၆
စန္ဒသူရိယမင်း ၃၈၂၊ ၃၈၆
စန္ဒာလင်္ကာရ၊ အရှင် ၂၀၄၊ ၂၀၅
စန္ဒိမာဘိဝံသသီရိသဒ္ဓမ္မရာဇာဓိရာဇဂုရု၁၇၅
စန္ဒိမာမထေရ်၊ အရှင် ၂၃၈
စန္ဒိမာ၊ ရှင် ၁၇၅
စန္ဒိမာ၊ အရှင်သီးလုံးဆရာတော် ၁၉၀
စန္ဒြနာထ ၃၉၂
စန္ဒြမင်းများ ၂၆၂
စပါးတွင်းတိုက် ၂၁၇
စပင်စ်ဟာဒ် ၄၃၀
စမုတ် ၂-ဆောင်၊ ပြာသာဒ် ၂-ဆူ ၁၂၂
စမ္မကျောင်းမတော် ၆၀
စမ္ပာနိုင်ငံ ၃၃၈

စရိတအတ္ထုပ္ပတ္တိ ၃၂၀
စလင်းဆရာတော် ၁၆၄
စလင်းမြို့ဇာတိ ၁၀၇
စလင်းမြို့ရွှေကျောင်း ၁၂၀
စလင်းဆရာတော်အရှင်ပညာသီဟ ၁၇၀၊ ၁၈၇
စ-အက္ခရာမှ န-အက္ခရာ ၄၇၇

စာကိုင်လျက် သီလပေး ၁၇၁
စာကြိုသူမြတ် ၇၆၊ ၇၈၊ ၈၀
စာကြည့်တိုက်အဖွဲ့ ၃၀၂
စာကြည့်ပိဋကတ်တိုက်ကြီး ၄၂၅
စာခိုပေသင် အမတ် ၆၀
စာချတန်းစာမေးပွဲကြီး ၂၂၀
စာချတန်းပရိယတ္တိ သာသနဟိတဓမ္မာစရိယ၄၄၆
စာချပုဂ္ဂိုလ် ၂၂၀
စာတော်နှင့် သန္ဒေသကထာများ ၁၅၅
စာတော်ပြန်ပွဲ ၂၁၉
စာဒေဝီဘုရင်မ ၂၇၇
စာပေသဘင်ကြီး ၂၈၂
စာမေးလျှောက်ခန်း ၂-ရပ် ၂၂၁
စာရင်းဝင်လူကြီးမင်း ၄၂၆
စာသဝဏ်လွှာ သန္ဒေသကထာ ၁၂

စိတ္တ၊ အရှင် ၁၁၆
စိတြဂါဝ ချစ်တဂေါင်းနယ်ပြည်များ ၂၆၈
စိတြဒူတ တမန်တော် ၁၂,၁၈
စိတြာရာမ-စသော ကျောင်းတိုက် ၁၉၁
စိန္တာမနိမြူစီယန်ပြတိုက် ၂၆၄
စီအက်ဖ်နိုက်တ် ၄၂၂

[ စ ]


စုပေါင်းထားသော လူမျိုးစု ၂၇၁
စုရဘာယာမြို့ ၄၁၉
စူဠနန္ဒ၊ အရှင် ၁၅
စူဠကဿပထေရ်၊ အရှင် ၁၆
စူဠဂဏ္ဌိကျမ်း ၁၁၇, ၁၂၄
စူဠဂဏ္ဌိဂိုဏ်း ၁၁၇, ၂၀၇
စူဠဂဏ္ဌိအမည်တပ်သော ကျမ်းဂန် ၂၀၇
စူဠဝဂ္ဂ (ဝိနယ) ၄၄၁
စူဠဝါပါဠိတော်, အဋ္ဌကထာ ၁၈၆
စူဠဝင် ၄၇၇
စူဠဝင်မင်းဆက်နောက်ပိုင်း ၁၇၉
စူဠသိဿကောဝါဒကထာကျမ်း ၁၉၅
စူဠသိဝလိထေရ်၊ အရှင် ၁၆
စူဠသုမင်္ဂလထေရ်၊ အရှင် ၁၆
စူဠာဘယတိဿ မထေရ်၊ အရှင် ၁၉, ၂၀
စူးစမ်းရှာဖွေရေးအဖွဲ့ ၃၀၂
စိရင်စုတိုင်းနယ်ဂိုဏ်းထောက်ဆရာတော် ၃၁၀

စေတိယဂါမ ၂၆၂
စေတိယဂါမ်ဝ ၅၆
စေတိယင်္ဂဏပရိယတ္တိသာသနဟိတ ၂၂၁
စေတီတော် ၆-ဆူ ၁၁၀
စေတီတော်အဆူ ၂၀-မျှ ၃၃၂

စောချယ်ဘွဲခံသီပေါမဟာရာဇာစော်ဘွား ၂၅၃
စောမွန်နစ်မင်း ၅၈
စောဠတိုင်း ၂, ၅, ၅၄
စောဠတိုင်း ဒမိလလူမျိုးများ ၁၃၉
စော်ဘွားကြီးမဟာရာဇာ ၂၂၉

စောင့်ရှောက်ပြုစု ကုသရေးဌာန ၃၁၅
စံကင်းဆရာတော် ၂၁၄
စံကျောင်းဆရာတော် ၁၀၈, ၁၁၁, ၂၂၃
စံဟောင်းထုံးစဉ် ၉၄

စက်ဆယ့်နှစ်လီ၊ ဒွါဒသိဝယ် ၉၃
စင်ကြယ်သော သိက္ခာတင်ခြင်း ၂၅
စင်ကြယ်သောထေရဝါဒပိဋကတ်စာပေများ၃၉၄
စင်ကြယ်သော ရဟန်းအဖြစ် ၃၉၂
စစ်ကိုင်းချောက် ၇၃
စစ်ကိုင်းချောင် တောင်ဘီလူးကုန်း ၆၀
စစ်ကိုင်းတောင်ရိုး ၁၁၀
စစ်ကိုင်းတိုင်း ၆၀
စစ်ကိုင်းဘက်တောနေအရည်ဝါသီများ ၁၇၅
စစ်ကိုင်းမဟာဂန္ဓာရုံဆရာတော် ၂၁၂
စစ်ကိုင်းမြို့ ၇၈
စစ်ကိုင်းယာဉ်ခွန် ၈၃
စစ်ကိုင်းရွှေဥမင်ကျောင်း ၉၁, ၉၆
စစ်ကိုင်းလေးထပ်ဘုံသာကျောင်းတော် ၁၁၁
စစ်ကိုင်းအိမ်ရှေ့ကျောင်း ၁၁၂
စစ်တဂေါင်းမြို့ ၃၉၂
စစ်တကောင်းတောင်ကုန်း နိုင်ငံငယ် ၂၅၇
စစ်တကောင်းလက်အောက်ခံ ၂၅၈
စစ်တကောင်းလွင်ပြင်ဒေသများ ၂၆၀
စစ်တဂေါင်းရဟန်းစစ္စမိုဟန် ၃၉၁, ၃၉၂
စစ်တကောင်း၊ အာသံ ၅၆
စစ်တားမြို့ ၉၆
စစ်တွေရွာကြီး ၃၈၈
စစ်ပြေငြိမ်းစာချုပ် ၁၇၄

[ စ ]


စစ်ဘေး, စစ်ဒဏ်ခံရသူများ ၃၄၄
စစ်ဗိုလ်ချုပ်ကြီး ဒမ်လော့ဒီဇူဇာ ၁၄၅
စစ်ဗိုလ်ချုပ် ဝက်စတာဝုဒ် ၁၄၉
စစ်သူကြီးမဟာဗန္ဓုလ ၁၇၄
စဉ့်ကူးမင်း ၁၂၀, ၁၂၂, ၁၂၅, ၁၆၂
စဉ့်ကိုင်မြို့၊ သူကြီး ဦးချယ် +
  သူကြီးကတော် ဒေါ်ယွန် ၄၇၃
စည်ပုတြာဆရာတော် ၁၈၃
စည်းခုံတော် ၇၄, ၇၉
စည်းခုံတော် ၂၁-ဆူ ၇၉
စည်းခုံဘုရား ၇၃
စည်းစိမ်တော် ၈-နှစ် ၁၀၀
စည်းဝေးရာ ဓမ္မဗိမာန်ဆောင် ၃၄၈
စန်လွန်ဆွန်ဂိုဏ်း ၃၉
စိတ်နှင့်ဆိုင်ရာအဘိဓမ္မာစကား ၄၃၇
စိတ်၏ချမ်းသာ ခံစားရေး ၄၅၈
စိန်ဖက်ထရစ် ဟိုက်စကူး ကျောင်းအုပ်
  ဆရာကြီး မစ္စတာအိုရယ်လီး ၄၇၅
စိန့်တိုင်း ၁၂
စွယ်စုံကျော်ကြားသောမထေရ်များ ၈၉
စွယ်တော်တိုက်ကြီး ၁၅၁
စွယ်တော်မြတ် ၂၁, ၁၉၅


[ ဆ ]


ဆဋ္ဌပါသာဏလိုဏ်ဂူတော်ကြီး ၄၆၄
ဆဋ္ဌသံဂါယနာရုပ်ရှင်ကားများ ၄၁၈
ဆဋ္ဌသံဂါယနာ ၃၆၃, ၃၆၄


[ ဆ ]


ဆဒ္ဒန်ဆင်ပျံ ၇၂
ဆန္ဒောမဥ္စရိပါဠ်, နိဿျ ၂၁၂
ဆပန်ကလောက်မြို့ ၂၇၇
ဆပ္ပဒဂိုဏ်း ၁၃၅, ၂၃၁
ဆပ္ပဒသာမဏေ ၂၉၆
ဆပ္ပဒ၊ အရှင် ၁၂၈
ဆမာရမ်မြို့မှ ရှင်သာမဏေ ၁-ပါး ၄၁၁
ဆမာရမ်မြို့၊ ဝါတုဂုံအရပ် ၄၁၀
ဆမာရမ်မြို့၊ ဝါတုဂုံဝိဟာရဗုဒ္ဓဂယာ ၄၁၉
ဆမာရမ်မြို့ သီအိုဆိုဖိအသင်း ၄၁၉
ဆရနထ် ခေါ် မိဂဒါဝုန် ၃၆၅
ဆရာစဉ်ဆက် ၁၁-ပါး ၁၇၃
ဆရာတော်ကြီးကန်ဆေး ၂၄၈
ဆရာတော်ဘုရားကြီး ၄-ပါး ၁၆၃
ဆရာကြီး ယုဒသန် (ဂျပ်ဆန်) ၁၆၉
ဆရာတော် ရှင်ယသ ၁၂၄
ဆရာတော် ၄၀-ကျော် ၁၈၀
ဆရာတော် အတုလယသ ၁၂၄
ဆရာတော် အရှင်ရာမစကဏာမထေရ် ၂၆၇
ဆရာတော် အရှင်သေဠိလ ၄၄၆
ဆရာတော် ဦးနန္ဒမဥ္စု ၂၂၇
ဆရာတော် ဦးပုံ ၂၀၄
ဆရာတော်ဦးဗုမ် ၁၇၁
ဆလပ္ပအစ္ဆ၊ အမတ် ၁၄၁

ဆာရောဘတ်ဘရောင်း ၁၅၇
ဆာ-အလ်လက်ဇန္ဒာ ကန်နင်ဂဟမ်၊ ဘုရင့်-
  အင်ဂျင်နီယာ မေဂျာဂျင်နရယ်လ် ၄၃၂
ဆာ-အက်ဒဝင် အာနိုး၊အမ်၊အေ၊-
  ကေ၊စီ၊အိုင်-အီး-စီ-အက်စ်၊ အိုင် ၄၃၁

[ ဆ ]

ဆာအာဒွင်အာနီး ၅၅၂
ဆားလင်းကြီးတောရကျောင်း ၁၂၇

ဆိက္ကန်တိုင်း ၂
ဆိက္ကင်းပြည်နယ် ၃၆၉
ဆိဒ္ဓပိဓာနနိကျမ်း ၂၁၁
ဆိပ်ကမ်းသာမြို့ပြကြီး ၃၈၉

ဆီယင်ရှောဂိုဏ်း ၃၉
ဆီယင်ရှော၊ အရှင် ၃၉
ဆီ-အာ-ထို (ရွှေမြေ) ဒေသ ၂၃၄
ဆီးတောရွှေကျောင်းဘုရင့်ဆရာတော် ၁၀၃
ဆီးပန်းနီဆရာတော် ၂၃၅

ဆုမတြာကျွန်း ၂၃၄၊ ၂၃၅၊ ၄၀၃
ဆုမတြာကျွန်းမှ ရွာ ၅-ရွာ ၄၀၂
ဆုမတြာ၊ ဂျာဝါး ၂၆၂၊ ၂၈၉
ဆုမတြာ၊ ဂျဝါး၊ ဗာလီ ၄၀၃
ဆုမိတ္တ၊ ဆုမတြ ၄၀၀
ဆူ-ဘုရင်ခံ ၃၃၃
ဆူအင်ချွန် ၃၉
ဆူးခါးဆရာတော် ၁၈၅
ဆူးတွင်းပစ်ဆရာတော် ၆၅၊ ၆၇

ဆက်ရိုကျချောင်း ၃၈၈
ဆင်ကြုံး ၇၃
ဆင်ကြီးရွှေဂူသိမ် ၁၅၅၊ ၁၆၁
ဆင်ကြီးရွှေဂူသုဓမ္မာဇရပ် ၁၆၄
ဆင်စွယ်တရပတ် ၁၆၇

[ ဆ ]

ဆင်စွယ်ပွတ် စသည်အတတ် ၃၀
ဆင်တဲဆရာတော် ၁၆၀၊ ၁၆၁၊ ၁၆၄၊ ၁၆၇၊ ၂၃၅
ဆင်တဲဆရာတော် ၁၈၅
သာဂရဓဇသိရိပဝရ- မဟာဓမ္မရာဇာဓိရာဇဂုရု ၁၈၅
ဆင်တဲယာယီနန်းတော် ၁၁၈
ဆင်တဲရွာ ၁၁၅
ဆင်ဒယ်ဂိုဏ်း ၄၃
ဆင်ဖြူကျွန်းဆရာတော် ဦးနရိန္ဒ ၂၀၂
ဆင်ဖြူမရှင် ၂၀၉၊ ၂၅၂
ဆင်ဖြူမရှင် မယ်တော် ၁၉၃
ဆင်ဖြူမရှင် မိဖုရားကြီး ၂-ပါး ၁၉၃
ဆင်ဖြူများသခင် ရာမာဓိပတိမင်း ၁၃
ဆင်ဖြူတော် ၅-စီးရ ၆၃
ဆင်ဖြူတော်ရတနာ ၃၃၃
ဆင်ဖြူတော် ၃၂-စီး ၃၃၂
ဆင်ဖြူရှင် တနင်္ဂနွေမင်း ၁၀၇
ဆင်ဖြူရှင်ဓမ္မစေတီမင်းတရား ၂၁
ဆင်ဖြူရှင်ဘိုးတော်ဘုရားကြီး ၁၅၄
ဆင်ဖြူရှင်မင်းတရား ၉၅၊ ၁၂၀
ဆင်ဖြူရှင် ရာမာဓိပတိမင်းတရား ၁၈
ဆင်ဖြူရှင်လက်ထက် ၂၃၈
ဆင်ဖြူရှင်သတိုးမင်းစော ၉၇
ဆင်မယာဉ်သာ ၈၃
ဆင်များရှင်စေတီတော် ၇၈၊ ၇၉
ဆင်ဦးကျောင်း ၉၀၊ ၉၉
ဆင်ဦးဘုရင့်ဆရာ ၉၂

[ ဆ ]

ဆင်းတုတော် ၄-မျိုး ၄၁၆
ဆစ်ဒနီမြို့ ၄၂၅

ဆံဒေချဲ ပရီး သံဃနာယက (သံဃရာဇာ)၃၀၉
ဆန်ဖရန်စစ္စကို ၄၅၈
ဆန်ရှန်ဂိုဏ်း ၄၂
ဆန်းကျမ်း ၁၆၅
ဆန်း, အလင်္ကာနှင့် ယမိုက်ညဝါ ၄၇၂

ဆယ်ချိုဆရာတော် (သို့) ဒင်ဂျိုဆရာတော် ၄၃
ဆယ်အင်းတောရ ၂၃၈
ဆယ်အင်းတောရဂိုဏ်းအုပ်အရှင်ဉာဏာ-
  လင်္ကာရ ၁၉၀
ဆရ်ပတြပူရ ၂၆၃
ဆရ်ပတြပူရစေတီကျောင်းတိုက်များ ၂၆၃

ဆုံထားဆရာတော် ၁၆၃, ၂၃၅
ဆုန်ဖန်၊ အရှင် ၃၃၆
ဆေးကျမ်း ၁၆၅, ၁၆၈
ဆေးကျမ်း, နက္ခတ်ကျမ်းများ ၂၂၈
ဆေးဒါန်းမြင်းသီလာ ၂၃
ဆေးဝါးကုသခြင်း ၃၀

ဆိုဗီယက်ရပ်ရှား ၄၄၉, ၄၅၆
ဆိုရှယ်လ် ရီလစ်ဂျီယန်(သမာဇနဘာသာ)၄၃၅
ဆိုက်ဂွန်-(ဆေဂုံ)မြို့တော် ၃၄၇
ဆိုက်ဂွန်မြို့တော်ကြီး ၃၅၀
ဆိုင်းယင့်တိစ်ဖစ် ဝိညာဏ ဝိဇ္ဇာရထိ-
  အသိဉာဏ်ပညာ ၄၅၂
ဆိုင်းယင့်စ်(သိပ္ပံ) ၄၅၂

[ ဆ ]

ဆွီဒင် ၄၅၀
ဆွစ်ဇလန်နိုင်ငံ ၄၃၈
ဆွန်ခပ၊ အရှင် ၅၀
ဆွန်မင်းမျိုးများ ၂၈၁
ဆွန်ယက်ဆင်၊ ဒေါက်တာ ၃၇

[ ဇ ]

ဇမ္ဗုဒီပဓဇ၊ အရှင် ၁၀၇
ဇမ္ဗုဒီပဓဇမုနိပဝရ မဟာဓမ္မရာဇာဓိ-
  ရာဇဂုရု ၁၈၅
ဇမ္ဗုဓဇမထေရ်မြတ်၊ အရှင် ၁၀၆
ဇမ္ဗူဒီပဆိပ်ကမ်းနှင့် နီးကပ် ၁၉
ဇယကိတ္တိဒေဝ ၂၉၄
ဇယဇဒ္ဓမင်္ဂလတ္တဒေဝ ၂၉၄
ဇယမဟာပဓာန ၂၉၆
ဇယဝဍ္ဎနမြို့ ၁၃, ၁၇, ၁၈
ဇယဝမ္မမင်းတရား ၂၉၀
ဇယဝမ္မသတ္တမမြောက်မင်း ၃၀၀
ဇယျသိရိပရိတ်ခမ်-အောင်တော်မူကျောင်း၂၉၄
ဇရပ်တော်ကြီး ၁၆-ဆောင် ၃၇၉
ဇလွန် မင်းလှ ၁၉၅
ဇဝနပညာထေရ်၊ အရှင် ၁၆
ဇဝန၊ အရှင် မန်လည်ဆရာတော် ၂၂၃, ၂၂၉

ဇာဂရ၊ ရှင် ၁၉၀, ၂၃၈
ဇာဂရဓမ္မပရမကိတ္တိ မဟာဓမ္မ-
  ရာဇာဓိရာဇဂုရု ၁၈၃

[ ဇ ]

ဇာဂရန္တသဒ္ဒမှာလင်္ကာရ မဟာဓမ္မရာဇာဓိ-
ရာဇဂုရု၊ မိတ္ထိလာဆရာတော် ၁၈၄
ဇာဂရာဘိဝံသတိပိဋကဓဇမဟာဓမ္မရာဇာ-
ဓိရာဇဂုရု၊တောင်နန်းမတော်ဆရာ ၁၈၆
ဇာဂရာဘိဝံသဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ၁၉၁
ဇာဂရာဘိဓဇသာသနပါလဓမ္မသေနာ-
ပတိမဟာဓမ္မရာဇာဓိရာဇဂုရု ၁၉၆
ဇာတကဝိသောဓနေ ၈၂
ဇာတကအဋ္ဌကထာ (၅-တွဲ) ၄၄၁
ဇာတသာရအိုင် ၂၂
ဇာတိပိ ဒုက္ခာ၊(ဘားသ် အစ်စ် ပိန်းန်) ၄၃၆

ဇိနတ္ထပကာသနီကျမ်း ၂၅၀
ဇိနပုတ္တ၊ ရှင်သာမဏေ ၄၀၉, ၄၁၂
ဇိနမထေရ်၊ အရှင် ၂၂၉
ဇိနရက္ခိတ၊ အရှင် ၄၀၆, ၄၁၄, ၄၂၀
ဇိနာနန္ဒ၊ ဇိနပ္ပိယ ၄၁၁
ဇိနာလင်္ကာရသာမိမထေရ်၊ အရှင် ၁၇, ၂၃
ဇိနာလင်္ကာရ၊ အရှင် ၁၁၂
ဇိသြရိမည်သော အရပ် ၂၆၄

ဇူအင်ဆွန်ဂိုဏ်း ၃၉

ဇေတဝနဝါသီဂိုဏ်း ၁၀, ၁၅၇
ဇေတဝနဝိဟာရ (ဇေတဝန်ကျောင်း) ၃၄၇
ဇေတဝန်ကျောင်း ၈၉, ၉၆, ၃၅၁
ဇေတဝန် ပထမဆရာတော် ၁၃၁
ဇေတဝန်ခြေတိုင်ကျောင်း ၁၁၄
ဇေတဝန်မထေရ်မြတ် ၈၉

[ ဇ ]

ဇေတဝန်ရွှေကျောင်းတော် ၁၃၁
ဇေတဝန်၊ အာရာမ်ကျောင်းတော် ၆၀
ဇေယျသိင်္ခမင်း ၂၃၆
ဇေယျာပူရ-စစ်ကိုင်းမြို့တော် ၇၁, ၁၂၀
ဇေယျာပူရ ဒုတိယစစ်ကိုင်းမြို့တည်မင်း၁၂၀

ဇောတညာဏ၊ ရှင် ၃၂၀
ဇောတိဂိုဏ်း ၂၄၁, ၂၄၅
ဇောတိဝါဒ ၁၂၀
ဇင်ရှူဂိုဏ်း ၄၄
ဇင်ရှူမိုတို ၄၆
ဇင်းမယ် ၁၂၇
ဇာတ်ကားရုပ်ပုံများ ၂,၁၄၁-ပုံ ၄၁၇
ဇိုင်းဂနိုင်းကြီးရွာ ၂၀၅

[ ဈ ]

ဈာနမဂ္ဂဒသာန-ဈာန်လမ်းညွှန် ၃၄၀
ဈာနမုဒြာ ၄၁၆
ဈာန်ဂိုဏ်း ၃၉
ဈာန်ဂိုဏ်း ၄-ဂိုဏ်း ၄၀
ဈာန်ဂိုဏ်းဝါဒ ၃၃၄
ဈာန်ဂိုဏ်း သာသနာကြီး ၃၄၃
ဈေးညောင်ပင် ၂၀၆
ဈေးညောင်ပင်ကျောင်း ဦးသုမန ၂၀၅
ဈေးသဘင်ကျောင်း ၉၁, ၉၉

[ ည ]

ဉာဏကိတ္တိယတိသာရ မဟာဓမ္မရာဇာဓိ-
ရာဇဂုရု ၁၈၅
ဉာဏဇမ္ဗုဒီပအနန္တဓဇမဟာဓမ္မရာဇာ-
ဓိရာဇဂုရု ၁၆၃
ဉာဏတိလောကမထေရ်၊ အရှင် -
ဂျာမန်ရဟန်းတော် ၄၅၃
ဉာဏဓဇမထေရ်၊ အရှင် ၆၀
ဉာဏပုဏ္ဏိကမထေရ်၊ အရှင် ၄၅၄
ဉာဏမဥ္ဇူသာ ဓမ္မာလင်္ကာရ မဟာဓမ္မ-
ရာဇာဓိရာဇဂုရု ၁၈၃
ဉာဏလင်္ကာရ မဟာဓမ္မရာဇဂုရု ၁၂၀
ဉာဏဝရ၊ အရှင် ၁၁၈
ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မ-
ရာဇာဓိရာဇဂုရု ၁၅၅
ဉာဏသတ္တမထေရ်၊ အရှင် ၄၅၄
ဉာဏသာဂရ၊ အရှင် ၁၅
ဉာဏ၊ အရှင် ၁၂၀
ဉာဏ၊အရှင် ပဋ္ဌမကျော်၊အဂ္ဂမဟာပဏ္ဍိတ ၂၂၆
ဉာဏ-အသိဉာဏ်ပညာ ၄၅၄
ဉာဏာဘိဓဇသီရိပဝရ မဟာဓမ္မ-
ရာဇာဓိရာဇဂုရု ၂၀၂
ဉာဏာဘိဝံသဓမ္မသေနာပတိ-
မောင်းထောင်ဆရာတော် ၁၆၁
ဉာဏာဘိဝံသဓမ္မသေနာပတိမဟာ-
ရာဇာဓိရာဇ ဂုရု-တံဆိပ်နာမံ ၁၆၅
ဉာဏာလင်္ကာရဓဇ မဟာဓမ္မရာဇာဓိ-
ရာဇဂုရု၊ တောင်တွင်းခင်ကြီးပျော် ၁၇၂
ဉာဏာလင်္ကာရ၊ ဗန်းဝါးရဟန်းတော် ၃၉၃

[ ည ]

ဉာဏာလင်္ကာရမထေရ် ၂၃၈
ဉာဏာလင်္ကာရသဒ္ဓမ္မဓဇမဟာဓမ္မ-
ရာဇဂုရု ၁၆၀
ဉာဏိန္ဒာဘိပဝရဓဇပဏ္ဍိတ မဟာဓမ္မ-
ရာဇဂုရု၊ ဦးသူ ၁၇၃
ညာသ်ကျမ်းရိုး ၁၁၀

ဥေ့ယျဓမ္မ၊ အရှင် ၁၉၉၊ ၂၃၃
ဥေ့ယျဓမ္မ၊ ဦး ၁၈၀
ဥေ့ယျဓမ္မာဘိမုနိဝရဉာဏကိတ္တသီရိဓဇဓမ္မ-
သေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု ၁၈၀
ဥေ့ယျဓမ္မာဘိဝံသဆရာတော် ၁၇၇
ဥေ့ယျဓမ္မာဘိဝံသမုနိဝရဉာဏကိတ္တိ-
သီရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မ-
ရာဇာဓိရာဇဂုရုသာသနာပြုဘွဲ့တံဆိပ်တော် ၂၃၃
ဥေ့ယျဓမ္မာဘိလင်္ကာရဓမ္မသေနာပတိမဟာ-
ဓမ္မရာဇာဓိရာဇဂုရု ၁၈၂
ဥေ့ယျဓမ္မာဘိဝံသသီရိ ပဝရာလင်္ကာရဓမ္မ-
သေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု ၁၇၅
ဥေ့ယျဓမ္မာလင်္ကာရဓမ္မသေနာပတိမဟာ-
ဓမ္မရာဇာဓိရာဇဂုရု ၁၇၅
ဥေ့ယျ၊ ဦး ၁၇၅

ညဝါ, ပုဒ်စစ်, သံဝဏ္ဏနာ ၄၇၁
ညီတော်ပြည်မင်း ၁၁၁
ညဥ့်က အသားစားရသည် ၈၈
ညောင်ကန်ဆရာတော် ၁၈၄

[ ည ]


ညောင်ကန်ဆရာတော် ဦးဗုဓ် ၂၃၅
ညောင်ကန်ရွာ ၁၇၁
ညောင်စဉ် ရွှေကျောင်းဆရာတော် ၁၁၅
ညောင်ရမ်းခေတ် ၁၁၅
ညောင်ရမ်းမင်းတရား ၉၀, ၉၁, ၉၈, ၁၀၀
ညောင်ရမ်းမင်းဆက် ၁၃၆
ညောင်ရွှေမဟာရာဇာစော်ဘွားချုပ် ၂၅၁


[ တ ]


တကောင်းပြည်ကြီး ၃၈၁
တကောင်းသံသယ ၃၈၂
တတိယဇေတဝန်ဆရာတော် ၉၀, ၁၃၁
တတိယဈာန်ဂိုဏ်းကြီး ဖွဲ့စည်း ၃၃၈
တတိယတံဆိပ်တော်ရဆရာတော် ၁၇-ပါး၂၀၀
တတိယသံဂါယနာ ၁၈၈
တတိယသံဂါယနာ၊ ကသ္မီရပြည် ၁၈၉
တတိယက္ကန္ဒဝမ္မ ဘုရင်မင်းတရား ၂၉၈
တနင်္သာရီ ၈၀
တပယင်းမြို့ကျေးရွာ ၁၁၆
တပင်တိုင်ကြာနန်းပြာသာဒ်တော် ၃၃၇,၃၄၇
တပင်ရွှေထီး ၈၈
တပျက်သာမြို့ ၈၅
တမန်တော် ၂-ဦး ၁၄
တရဖျားမင်း ၇၁
တရားဓမ္မနှင့်စပ်သောပြဿနာများ ၃၃၈
တရားဓမ္မဟောပြသောဘုန်းတော်ကြီး ၃၃၈
တရားဓမ္မ အရောင်အလင်း ၄၆၆


[ တ ]


တရားဓမ္မအလင်းရောင် ၄၂၅
တရားနှင့်မလျော်သောအယူဝါဒများ ၂၄၇
တရားမှန်စိတ်သဘောတရားများ ၄၂၇
တရားဝန်ကြီး ဦးချန်ထွန်း ၄၁၂, ၄၆၄
တရင်ကိုမာလီဂေါလ် ၁၄၉
တရင်ကိုမာလီဆိပ်ကမ်း ၁၅၀, ၁၅၂
တရင်ကိုမာလီမြို့ ၁၅၄
တရုတ်, ဂျပန်, တိဗက် ၄၅၉
တရုတ်, ဂျပန်နိုင်ငံများ ၄၆၇
တရုတ်စစ်သား ၁၁၁
တရုတ် ပညာရှိအမတ်များ ၃၃၉
တရုတ်ပြည် ၆, ၂၈၀, ၃၀၂, ၄၀၀, ၄၇၈
တရုတ်ပြည်ကြီးရှင် ဘုရင်မင်း ၁၉
တရုတ်ပြည်ကြီးသို့ စေလွှတ် ၃၃၅
တရုတ်ပြည်ကြီး၌ ဗုဒ္ဓဝါဒမရောက်မီ ၃၄၁
တရုတ်ပြည် ယူ-ချီ-အော အရပ် ၃၃၀
တရုတ်ပြည် သာသနာ ၃၆
တရုတ်ဖြူ ၃၉၉
တရုတ်ဘာသာစာပေများ ၃၃၅
တရုတ်ဘုရားကျောင်း ၄၁၀
တရုတ်ဘုန်းကြီး အရှင်ချိုရင် ၄၅၇
တရုတ်မော် ၁၂၆, ၁၂၉
တရုတ်မြို့ ၁၉၇
တရုတ်မြို့ငရန့်အိုး ၁၁၆
တရုတ်ယူနန်နယ် ၃၅၄
တရုတ်ရဟန်းတော် စု-ဝွန်ထောင် ၃၃၂
တရုတ်ရဟန်းတော် အရှင်ဖာဟိုင် ၄၀၁
တရုတ်ရဟန်းတော် အရှင်ဝုင်ရှင် ၄၃၂
တလိုင်းသုံးရပ် အလို ၈၈
တလွန်ပဂိုဏ်း ၅၁

[ တ ]

တာတာဘုရင် ၅၅
တာမလိတ္တိ ၂
တာမလိန္ဒမထေရ်၊ အရှင် သီဟိုဠ်ဂိုဏ်း ၂၃၂
တာမလိန္ဒမထေရ် ၂၉၅
တာရာ-စသော နတ်သမီးရုပ်တုများ ၂၆၆
တာရာနတ်သမီးနတ်ကွန်း ၅၃
တာလပတ်အဖြူ, အနီ မကိုင် ၉၁
တာလိဖူးမြို့ ၂၈၁
တာဝတိံသာ သိကြားမင်း ၂၉၂
တာ-အို-ဘာသာ ၃၄၁, ၃၄၂

တိကိရိဗန္ဒ ၁၄၃
တိကုံစေတီတော် ၁၈
တိကုံမြို့ ၁၈, ၂၁
တိဂုဏ်စေတီတော်ကြီး ၃၇၈
တိဏ္ဏဝိဟာရစေတီ ၃၇၉
တိပရာနယ် ၃၉၅
တိပိဋကသဒ္ဓမ္မသာမိမဟာဓမ္မရာဇာ-
ဓိရာဇဂုရု ၁၆၃
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက -
အရှင်ဝိစိတ္တသာရာဘိဝံသ ၄၀၅
တိပိဋကဘာသာပြန်အသင်းကြီး ၃၂၂
တိပိဋက အဖွဲ့အစည်း ၃၁၂
တိပိဋကာလင်္ကာရ ၁၀၄, ၁၀၆,
၁၂၇, ၁၃၂, ၂၃၃
တိပိဋကာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု
တံဆိပ်တော် ၂၃၃
တိပိဋကာလင်္ကာရ(တောင်ဘီလာ)၊အရှင် ၁၂၅
တိဗက်တန္တြဝါဒ အရည်းကြီးများ ၃၈၄
တိဗက်နိုင်ငံ ဗုဒ္ဓသာသနာ ၄၇၈

[ တ ]

တိဗက်ပညာရှိများထွန်းကားရာဌာနကြီး၃၇၀
တိဗက်ပြည် ၄၉
တိဗက်ပြည်မှာ ၁၈-ဂိုဏ်း ၅၁
တိဗက်ဘုရင်မင်းတရားကြီး ၂၆၁
တိဗက်, မွန်ဂိုလီးယား ၃
တိဗက်လာမ-ဘုန်းကြီးများ ၅၀
တိဗက်သာသနာ ၅၂
တိဗက်အယူဝါဒများ ၃၆၉
တိလောကဂုရုချောင် ၁၁၄, ၁၁၅
တိလောကဂုရုမထေရ်၊ အရှင် ၁၇, ၁၉,
၂၀, ၉၇, ၁၀၃
တိလောကဂုရု ထန်းတပင်ဆရာတော် ၁၂၄
တိလောကာလင်္ကာရ၊ အရှင် ၁၀၅, ၁၁၁
တိသာသနဓဇ၊ အရှင် ၈၅, ၈၉, ၉၀, ၉၄,
၁၀၃, ၁၁၁, ၁၁၆, ၂၁၄
တိသာသနာလင်္ကာရ၊ ရှင် ၁၀၅
တိဒ္ဓဗလျူ၊ အာရ်၊ ဒေးဗစ် ၄၄၁

တုမ္ဗိ စက်မစေတီ ၃၇၉
တူရွှင်းတောင်ခြေ အရည်ပဝါသီ ၆၁
တူရွှင်းတောင်ခြေ ၁၀၀
တူရွှင်းတောင်ခြေဆရာတော် ၉၁, ၁၀၁

တေဇိန္ဒာဘိဉာဏသဒ္ဓမ္မ မဟာဓမ္မရာဇာဓိ-
ရာဇဂုရု ၁၈၅
တေဝလ်မြို့ ၄၁၀
တေသကုဏဇာတ် နိသျည်း ၁၆၅
တံခွန်ကဲ့သို့ ထင်ရှားသော ခိုးသူများ ၂၉
တံဆိပ် နာမံတော် ၁၁၈

[ တ ]


တံတားဦး ရက်မလျှို ၇၅

တင်တယ်ဂိုဏ်း ၇၉၊ ၄၅
တင်တယ်ရှု ၄၆
တင်ပလ္လင်ခွေရုပ်ပွားတော် ၁-ဆူ ၄၁၅
တစ်စီးရှင် သီဟသူမင်းကြီး ၅၉၊ ၆၄၊ ၇၀
တစ်ပေရာ ၂၆၉
တတ်အန်ဟန်ကျောင်းတော် ၃၆၂
တန်မင်းချိုများ ၂၈၁
တပ်အဖွဲ့များလွတ်လပ်ရေးချီတက် ၃၂၆
တိမ်တိုက်ကွန့်မြူး ၆၅

တောကစားထွက်ခြင်း ၁၇၇
တောထွက်ပုံ ၄၁၇
တောနေဂိုဏ်း ၂၄၁၊ ၂၄၂
တောမြို့ တောင်တွင်းမှာသာ မွေ့လျော် ၉၃
တောရကျောင်း ၁၃-ကျောင်း ၁၉၁
တောရကမ္မဋ္ဌာန်း ရိပ်သာကျောင်း ၃၄၇
တောရဂိုဏ်းကြီး ၂၀၄
တောရအရညကင် ဓူတင်သုံး ၁၀၃
တောရ၊ အရှင် (အရညဝါသီ) ၉၃
တောလားလင်္ကာကဗျာများ ၉၃

တောက်မင်း ၃၀၀
တောင်ခွင်ဆရာတော် ၂၀၁
တောင်ခွင်သာသနာပိုင်ဂိုဏ်း ၂၀၃
တောင်ငူဘုရင်မင်းတရား ရွှေထီး ၃၇၉
တောင်ငူမိဖုရား ဆရာတော် ၁၀၂
တောင်ငူမြို့ ၃၉၅


[ တ ]


တောင်ငူသတိုးမဟာရာဇာ ဆရာတော် ၁၀၂
တောင်ငူ၊ ဟံသာဝတီဘုရင်များ ၃၈၆
တောင်စွန်းကျောင်း၊ အာရာမ်ကျောင်းတော်၆၀
တောင်ညာဒေဝီမိဖုရားကြီး ၁၉၂
တောင်တော်ဆရာတော် ၁၉၆၊ ၁၉၉၊ ၂၀၁
တောင်တော်သာသနာပိုင်ဆရာတော် ၃၉၇
တောင်တွင်းဆရာတော် ၂၃၅
တောင်တွင်းပုဂ္ဂိုလ်ကျော် ၁၂၀
တောင်တွင်းအကျော် မကာရဆရာတော် ၂၂၉
တောင်တွင်း အရှင်ဥတ္တမကျော် ၈၉၊ ၉၅
တောင်နန်းကျောင်း ၁၁၂
တောင်နန်း မဟေသီမိဖုရားကြီး ၁၈၂
တောင်ပိုင်းတိုင်းခရိုင်များ ၂၅၃
တောင်ပိုင်းဒက္ခိဏာပထတိုင်း ၂
တောင်ပိုင်း အိန္ဒိယတိုင်းသားများ ၂၈၉
တောင်ပြင်မိုးထားဆရာတော် ၂၀၁
တောင် ဗီ-ယက်-နမ် ၃၄၅
တောင်ဘီလာချောက်တွင် ၁၃၂
တောင်ဘီလာဆရာတော် ၉၂၊ ၉၇၊ ၁၀၃၊
၁၀၆၊ ၁၀၇၊ ၁၁၃၊ ၁၂၇၊
၁၃၂၊ ၁၃၆၊ ၂၃၄
တောင်ဗီလာဆရာတော်အရှင်ပဏ္ဍဝံသ၂၁၄
တောင်ဘီလာတောရ ၁၀၆
တောင်ဘီလာပထမဆရာတော်များ ၉၁

[ တ ]


တောင်ဘီလူးဆရာ ၁၁၇
တောင်ဘီလူး ဆရာတော် ၉၉, ၁၀၀
တောင်ဘီလူး ပရက္ကမ ၇၅, ၁၂၅
တောင်ဘီလူး လယ်ပြင် ၈၆
တောင်ဘီလူး အရှင်ပရက္ကမအနွယ် ၂၃၇
တောင်, မြောက် ပဋိပက္ခ ၃၄၅
တောင်လေးလုံးဆရာတော် ၂၃၅

တုံကင်ဗုဒ္ဓဘာသာအဖွဲ့ကြီး ၃၄၄
တုံတောနေဂိုဏ်း ၁၁၆, ၁၁၇
တုံရွာ ၂၄၂
တုံရွှေကျောင်း ရှင်ဂုဏာဘိလင်္ကာရ ၁၁၆

တိုးချဲ့ဟောပြောသောဝါဒ ၃၄၁
တိုက်ကြပ်ဆရာတော်၊စာချကျေးဇူးတော်ရှင်-
အရှင်ဩဘာသမထေရ် ၄၇၁
တိုက်အုပ်ဆရာတော်အရှင်ပညာ ၄၇၁, ၄၇၂
တိုင်တားတိုက်အုပ် ဆရာတော် ၂၀၂
တိုင်းကြီးရွာသားညီနောင် ၉၀
တိုင်းကြီးရွာသားမထေရ်ကြီး ၉၀
တိုင်းပြည်၏ ဩဝါဒါစရိယဆရာတော် ၃၈၅
တိုင်းသစ်, ပြည်သစ် ၇၇

တြိပုရလူမျိုးများ ၂၁၇
တြူ-လ်-လန် (ဝေဠုဝန-ဝါးတောကျောင်း)၃၄၀
တြန်-ချန် ၃၄၀
တြန်-ထိုင်-ထောင် မင်းတရား ၃၄၀
တြန်မင်းမျိုးများ ၃၃၉
တွင်းသင်းမင်းကြီး ၁၁၇
တွင်းသင်းဝန်ဦးညို ၁၂၃


[ ထ ]


ထရံကာကျောင်းတိုက် ၁၉၁
ထရင်ကိုမာရိ ၁၄၈
ထ-အို-ဒွန်၊ တရုတ်ဈာန်ဂိုဏ်းဆရာကြီး၃၃၈
ထာမစွမ်းအင် ၉၄

ထိလှတ်စုံပဂိုဏ်း ၅၁
ထီး ၁ - လက် ၂၈
ထီးနန်းဥကင် မင်္ဂလာ ၁၁၄
ထီးဖြူကနက် ၇၇

ထူပါရုံစေတီတော် ၈၀, ၁၃၀
ထူပါရုံစေတီတော်ဒါယကာ နရပတိမင်း ၈၀
ထူးခြားသောဝိနည်းတရားများ ၂၆၈

ထေရဂါထာပါဠိတော်, အဋ္ဌကထာ ၁၈၄
ထေရဝါဒကျောင်းပေါင်း ၁၀၀-မျှရှိ ၃၄၆
ထေရဝါဒ ၆-နိုင်ငံ ၃၄၅
ထေရဝါဒဂိုဏ်း ၁၃၈
ထေရဝါဒနိုင်ငံအဖြစ် ပန္နက်ချခြင်း ၃၆၅
ထေရဝါဒရဟန်းခံခြင်းကိစ္စ ၄၁၇
ထေရဝါဒဗုဒ္ဓစရိတ ၄၃၁
ထေရဝါဒဗုဒ္ဓတရားတော် ၄၅၀
ထေရဝါဒဗုဒ္ဓ ဘာသာအသင်းများ ၄၆၂
ထေရဝါဒဗုဒ္ဓနိုင်ငံများ ၄၀၆
ထေရဝါဒ လင်္ကာဝံသပါဠိဘာသာကြီး ၂၈၆
ထေရဝါဒ ၄-နိုင်ငံ ၄၂၁
ထေရဝါဒသာသနာတော် ၄၂၀
ထေရဝါဒသံဃရာဇာဂိုဏ်း ၃၉၇
ထေရဝါဒဥပသမ္ပဒရဟန်း ၂၆၈

[ ထ ]

ထေရာဂိုဏ်း ၅၀
ထေရာပရမ္ပရစာတမ်း ၂၃၉
ထေရီဂါထာပါဠိတော်, အဋ္ဌကထာ ၁၈၄

ထတ်-လောန် ကျောင်းတော် ၃၆၂
ထိုက်တန်သော ကိုယ်ကျင့်တရား ၄၆၂
ထိုင်ဝမ် ၄၀၀
ထိုင်းနိုင်ငံ *(ယိုးဒယားနိုင်ငံ)* ၂၃၁
ထိုင်း(ယိုးဒယား) ၂၈၃
ထိုင်း-ယိုးဒယားနယ်မြေများ ၂၃၆
ထိုင်း-ယိုးဒယားဗုဒ္ဓနိုင်ငံတော် ၂၃၉
ထိုင်း-ယိုးဒယား ဘာသာအက္ခရာ ၃၀၆
ထိုင်းလင်း ယိုးဒယားနိုင်ငံ ၂၈၂
ထွန်ခြစ်မင်းနှင့်ဝမ်းဘဲအင်းစံမင်း ၂၃၈

[ ဒ ]

ဒက္ခိဏာပထတိုင်း ၅, ၆
ဒက္ခိဏာပထတောင်ပိုင်း ၅၅, ၁၃၉
ဒက္ခိဏာသာခါမဟာဗောဓိ ၁၁
ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော် ၁၈၆
ဒက္ခိဏာဝန်ကျောင်းတော် ၁၁၀
ဒက္ခိဏာဝန်ဆရာတော်ဘုရားကြီး ၁၁၀
ဒဂုံ, ဒလ, သံလျင်, ပုသိမ်, မုတ္တမ ၃၃၉
ဒဂုံမြို့တော် ၃၃၈
ဒဏ္ဍာရိပုံပြင်အလား ၂၉၂
ဒန္တကုမာရမင်းသား ၁၉, ၅၅
ဒန္တဓာတုမထေရ်၊ အရှင် ၂၀
ဒဗလျူအိပ်ချ် ဒီရော့စ်၊ ဒေါက်တာ ၄၃၃

[ ဒ ]

ဒဗအို၊ အရှင် ၃၃၆
ဒမိလမင်းသမီး ၁၅၁

ဒါဌာနာဂမထေရ် ၃၃
ဒါဌာနာဂ ရာဇဂုရုဆရာတော် ၁၁၁
ဒါနမုဒြာ ၄၁၆
ဒါနမျိုးစေ့များ ၃၁၉
ဒါရုက္ခန္ဓသုတ်နိဿျည်းကျမ်း ၁၉၄
ဒါလဲယ်-လာမ ၅၀

ဒိကွန်ပဂိုဏ်း ၅၁
ဒိယနိကာယ် ၃-ကျမ်း ၁၈၄
ဒိဗ္ဗစက်၊အရှင် ဒိဗ္ဗစက္ခုမထေရ်မြတ် ၆၂
ဒိဝါဝိဟာရစေတီ ၃၃၉
ဒီသာပါမောက္ခ မဟာလေ့ခါးတော်မူ၊
ကြာပင်းမြို့စား ၁၈၃
ဒီယနိကာယ(ပဌမတွဲ) ၄၄၁
ဒီယနိကာယပါဠိတော် ၄၃၃
ဒီဆူဇာ ၁၄၅
ဒီပဝင်ကျမ်းများ ၄၃၃
ဒီပင်္ကရသိရိဘာဏ၊ အရှင် ၄၉
ဒီပင်္ကရာအတိသ၊ အရှင် ၂၃၅
ဒီပင်္ကရာ၊ အရှင် ၂၆၁
ဒီပနန္ဒာဘိဝံသဒ္ဓမ္မာလင်္ကာရ မဟာဓမ္မ-
ရာဇဂုရု၊ ဦးကန်ရိုး ၁၃၃
ဒီပဲယင်းကျေးလက်၊ နံမော်ရွာ ၂၃၈
ဒီပဲယင်းဆရာတော် ၂၁၄
ဒီပဲယင်း၊ နံမော်ဂိုဏ်းအုပ်၊ရှင်ပုညာရမ္မ၁၉၀
ဒီပဲယင်း၊နံမော်ဂိုဏ်းအုပ် အရှင်ဝိစာရိန္ဒ၁၉၀

[ ဒ ]

ဒီပဲယင်းမြို့ ၁၉၃
ဒီပွန်ကျောင်းတိုက် ၅၀
ဒီ-လစ်(တ်)ဒေါက်တာအော့ဖ်လစ်တြေချား
ကျမ်းဂန် ပါရဂူဘွဲ့ကြီး ၂၂၄၊ ၂၂၅

ဒုကုဋ္ဌတင်ဂိုဏ်း ၂၄၁၊ ၂၄၂
ဒုတိယကမ္ဘာစစ်ကြီး ၄၄၆
ဒုတိယ ဇေယဝဍ္ဍမင်းတရား ၂၉၀
ဒုတိယဇေတဝန်ဆရာတော် ၉၀၊ ၁၃၁
ဒုတိယတံဆိပ်တော်ရဆရာတော် ၁၂-ပါး ၂၀၀
ဒုတိယနံမော်ဆရာတော် အရှင်ဝိစာရိန္ဒ၁၇၅
ဒုတိယပါမောက္ခချုပ် ၃၂၂
ဒုတိယဖားကရားဆရာတော် ၁၇၇
ဒုတိယမင်းခေါင် ၈၃၊ ၉၃၊ ၁၀၃၊ ၁၃၀
ဒုတိယမြို့တော် လလိတပူရ ၃၆၆
ဒုတိယရာဇာဘိသေက ၁၀၅
ဒုတိယရာဇသီဟ ဘုရင်မင်းမြတ် ၁၅၀
ဒုတိယရှင်ပြုပွဲ ၄၁၀
ဒုတိယရွှေကျင်သာသနာပိုင် ၂၀၉
ဒုတိယသီရိဝိဇယခေတ် ၂၇၆
ဒုတိယသံဂါယနာ ၁၈၈
ဒုတိယသံဂါယနာ၊ ကောသမ္ဗီပြည် ၁၈၉
ဒုတိယအမရပူရမြို့တည် ရွှေဘိုမင်း ၂၃၃
ဒုတ္တာစာရစေတီ ၃၇၉
ဒုန္ဒုရမာတရ ၁၄၄
ဒူဘာသာအသင်းကြီး ၂၆၅
ဒေဝမင်းမျိုး ၂၆၃
ဒေဝါနံပိယဒဿိ အသောကဓမ္မရာဇာမင်း ၂၊
၁၈၈၊ ၃၅၄၊ ၃၇၁

[ ဒ ]

ဒေါ်ယိတပ်ပဂိုဏ်း ၅၁
ဒိုဒန်ဒူဝကျွန်း တောရကျောင်းသခ်မ်း ၄၅၃
ဒိုဒန်ဒူဝ-အရညအာဿမ ၄၅၄
ဒိုနာကသရိနာ ၁၄၃၊ ၁၄၅၊ ၁၄၈
ဒို့စင်ဆရာတော်၊ အရှင် ၃၉
ဒိုးရှိုးဆရာတော် ၄၃
ဒိုးရှန်းဆရာတော် ၄၃
ဒင်မင်းမျိုးများ ၃၃၃၊ ၃၃၅
ဒင်ဗိုလင်း ၃၃၃
ဒပ်ဖရင်စကို ဒိအဲလမိဒါ ၁၃၉
ဒပ်(ချ)နှင့် ဖရန်ဆစ်လူမျိုးများစစ်ဖြစ် ၁၅၀
ဒပ်(ချ)၊ ပြင်သစ်၊ အင်္ဂလိပ်တို့ စစ်ဖြစ် ၁၅၄
ဒပ်(ချ) ဟော်လန် လူမျိုးများ ၁၄၆
ဒပ်(ချ)လူမျိုးများနှင့် မဟာမိတ်စာချုပ် ၁၄၈
ဒမ်ဂျွန်ကောနပ္ပုဗန္ဒရ ၁၄၄
ဒမ်ဂျွန်ဓမ္မပါလ ၁၄၃
ဒမ်ဂျွန်ဗန္ဒရ ၁၄၄
ဒမ်ဂျွန်ဟူသော ခရစ်ယာန်အမည် ၁၄၂
ဒမ်ဖိလစ်(ဖ) ဝိရဗာဟု ၁၄၃၊ ၁၄၄
ဒမ်ဖိလစ်အား ကန္တီထီးနန်းပေး ၁၄၄
ဒမ်လောရင့်စ်ကို အဲလမိဒါ ၁၃၉
ဒန့်တောအရပ် ၃၄
ဒိန်တူးစေတီတော်ကြီး ၃၃၇
ဒိန်းမတ်၊ ကိုပင်ဟေဂင်မြို့ ၄၄၉
ဒိန်းမတ်နိုင်ငံ ၄၃၈
ဒုန်ကုန်ဆရာတော် ၄၉
ဒွတ္တဘောင်မင်းကြီး ၁၁၀
ဒွန်းစဏ္ဍားရဟန်းယောင်ဆောင် ၃၇၅
ဒွါရကထာ၊ မူလဋီကာ ၈၂

[ ဒ ]


ဒွါရဂိုဏ်း ၃၈၅
ဒွါရနိကာယဂိုဏ်းကြီး ၂၁၈
ဒွါရဝါဒီဂိုဏ်း ၂၁၄, ၂၁၇
ဒွါရဝါဒီမထေရ်များ ၂၁၇
ဒွါရာဝတီခေတ် ၂၇၆, ၂၈၇
ဒွါရာဝတီနိုင်ငံ ၂၇၃, ၂၇၄


[ ဓ ]


ဓညဝတီမြို့တော် ၃၈၁
ဓညဝတီမြို့ဟောင်း ၃၈၁
ဓညဝတီ ရခိုင်ပြည်ကြီး ၃၈၂
ဓနုဖြူဆရာတော် ၂၁၈
ဓမ္မကထိကများ ၂၂၄
ဓမ္မကထိက တရားဟောဆရာကြီး ၃၃၈
ဓမ္မက္ခန္ဓမထေရ်၊ အရှင် ၁၆၀
ဓမ္မက္ခန္ဓာပိဋကတ်ပါဠိတော် ၄၃၃
ဓမ္မကိတ္တိကျောင်းတိုက်ကြီး ၂၇၅
ဓမ္မကိတ္တိမဟာထေရ်၊ အရှင် ၁၄, ၁၅, ၂၇
ဓမ္မကိတ္တိလောကဂုရုသာမိ ၁၇
ဓမ္မခတ္တိယော ဝါဒကထာကျမ်း ၁၉၅
ဓမ္မစာရိန္ဒဇေမဟာဓမ္မရာဇဂုရုချခင်ကြီးရာ၁၇၃
ဓမ္မစေတီမင်း ၈, ၁၁, ၂၂, ၅၅,
၁၀၁, ၁၃၈, ၃၇၈, ၃၇၉
ဓမ္မရာဇိကထေရ်၊ အရှင် ၁၆
ဓမ္မဒဿီ၊ အရှင် ၅၈, ၂၃၅
ဓမ္မဒိန္န၊ အရှင် ၄၂၂
ဓမ္မဓရ၊ အရှင် ၁၂၈
ဓမ္မဓိဋ္ဌာန်ဒေသနာတော် ၄၇၆
ဓမ္မနန္ဒ၊ ဓမ္မရာဇဂုရု ၁၀၉
ဓမ္မနန္ဒမထေရ်၊ အရှင် ၂၃၇
ဓမ္မပဒ ၄၄၉
ဓမ္မပဒပါဠိတော်, အဋ္ဌကထာ ၁၈၄, ၄၃၃
ဓမ္မပဒဘာသာပြန် ၄၄၉
ဓမ္မပဒအဋ္ဌကထာ ၄၄၁
ဓမ္မပရက္ကမဗာဟုမင်းတရား ၁၄၁
ဓမ္မပါလ ၁၄၁, ၁၄၈
ဓမ္မပါလမထေရ်၊ အရှင် ၁၉, ၅၅, ၁၆၇
ဓမ္မပါလမင်း နန်းစံ ၇-နှစ် ၁၄၂
ဓမ္မပူဇာ ၁၉၅
ဓမ္မဗိမာန်ကြီး ၃၄၇
ဓမ္မယုတ္တိနိကာယဂိုဏ်း ၃၂၇
ဓမ္မယုတ်ခေါ်ဓမ္မယုတ္တိနိကာယအနွယ် ၃၂၈
ဓမ္မရက္ခိတ၊ အရှင် ၁၅
ဓမ္မရာမသာမိ ၁၇
ဓမ္မရာဇဂုရု၊ အရှင် ၁၃၁, ၂၃၄
ဓမ္မ, ဝိနယ, သိက္ခာ-ဟု ၃-မျိုးခွဲခြား ၃၁၁
ဓမ္မဝိနယအမိန့်တော်ပြန်တမ်း ၂၁၅
ဓမ္မဝိနိစ္ဆယကျမ်းစာ ၃၂၈
ဓမ္မဝိလာသ၊ အရှင် ၂၄
ဓမ္မဝတ်ကျမ်းစာ ၈၄
ဓမ္မသင်္ဂဏီပါဠိတော်နိဿ ၉၃
ဓမ္မသင်္ဂဏီပါဠိတော်, (အဋ္ဌသာလိနီ) ၁၈၅
ဓမ္မသမ္ဘောဂ ဓမ္မာစရိယအနွယ် ၁၃၂
ဓမ္မသာမိ၊ အရှင် ၁၂၅၁ ၂၃၂
ဓမ္မသီရိ၊ အရှင် ၁၉၀
ဓမ္မသီရိ၊အရှင် တတိယဆပ္ပဒမထေရ် ၂၃၇
ဓမ္မသာရ၊ အရှင် ၂၄

[ ဓ ]


ဓမ္မသတ်ကျမ်း ၁၆၅, ၁၆၈, ၄၄၈
ဓမ္မအသိဉာဏ် ၄၂၂
ဓမ္မာစရိယစာချတန်း ၃၂၁
ဓမ္မာသောကမင်းတရားကြီး ၁၀၅
ဓမ္မိကာရာမကျောင်းတိုက်ကြီး ၁၉၁
ဓမ္မိကာရာမ ရွှေကျောင်းတိုက် ၁၉၄, ၁၉၇
ဓမ္မောဒယအသင်းကြီး ၃၆၅, ၃၆၈
ဓမ္မောဒယသဘာအဖွဲ့ကြီး ၃၆၅
ဓမ္မောသဓဒီပနီကျမ်း ၁၉၄

ဓာတုကထာ ၁၁၂
ဓာတုကထာပါဠိတော်, အဋ္ဌကထာ ၁၈၅
ဓာတုဗေဒ ဓာတ်ခွဲခန်း ၃၁၅
ဓာတွတ္ထသင်္ဂြိုဟ် ၂၁၂

ဓာတ်ကျမ်း ၁၆၅
ဓာတ်တော် ၅-ဆူ ၇၃, ၇၈
ဓာတ်တော်စစ် ၁၀-ဆူ ၁၅၄
ဓာတ်ရိုက်,ဓာတ်ဆင်,ဗေဒင်,ဆေးဝါး ၂၄၈
ဓာတ်သိုက်, ဗျာဒိတ်, နိမိတ်, တဘောင်၁၆၃


[ န ]


နက္ခတ်ကျမ်း ၁၆၈
နက္ခတ်, ဗေဒင်, လက္ခဏာ ၃၇၅
နခေါင်ပထုမ် ၂၇၄, ၃၀၆, ၃၅၄
နခေါင်သီရိဓမ္မရာဇ ၂၈၃
နဂရပထမ-နခေါင်ပထုမ်မြို့ ၂၈၇
နဂရသီရိဓမ္မရာဇမြို့ ၂၈၃
နဒဏ်ပဂိုဏ်း ၅၁
နန္ဒ၊ အရှင် ၁၅
နန္ဒမာလာ၊ အရှင် ၁၂၁,၁၂၂,၁၂၅,၁၃၂
နန္ဒမေဓာမထေရ်၊ အရှင် ၁၂၈
နန္ဒာဘိဓဇသိရိသဒ္ဓမ္မဓိပတိပဝရ မဟာဓမ္မ-
ရာဇာဓိရာဇဂုရု ၂၀၁
နန္ဒိယမထေရ်၊ အရှင် ၁၈၅
နဒီသိမ် ၃၉၃
နဖူးတော်မှ အဖြူ, အနီ အရေးတပ် ၄၄၄
နယူးဆောက်သ်ဝေလ်ဆိုဆိုက်ယတီ-
တောင်ဝေလနယ်သစ်အသင်းအဖွဲ့ ၄၂၃
နယူးဆောက်သ်ဝေးလ်စ် ဝိကတိုရိယာ
မာလ်ဘောဇ်, ဆစ်ဒနီဆိပ်ကမ်း ၄၂၁
နရပတိမင်း ၈၀
နရပတိစည်သူမင်း ၁၁၉, ၂၃၆, ၂၉၅
နရသူမင်း ၇၀
နရသူမည်သော အမတ်၏ရွာငယ် ၂၂
နရာဝရမင်း ၁၁၄
နရသူရ, နရသိင်္ခ ၂၃၆
နရိန္ဒသီဟမင်း ၁၅၀, ၁၅၁
နရိန္ဒာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၁၂၂, ၁၂၅
နရိန္ဒာဘိတိသာသနဓဇ မဟာဓမ္မ-
ရာဇဂုရု၊ ဦးမှတ်ကြီး ၁၇၃
နရိန္ဒာဘိသိရိသဒ္ဓမ္မ ဇောတိပါလဓဇ-
မဟာဓမ္မရာဇာဓိရာဇဂုရု ၁၈၆
နဝဂ်သိလ ၄၅၆
နဝဒီပ, သီဟဠဒီပ, ဝဂ်တိုင်း ၁၆၅
နဝမမြောက် ဓမ္မပရက္ကမဗာဟုမင်း ၁၄၀
နဝမမြောက် ဝိဇယဗာဟုမင်း ၁၄၁

[ န ]

နဝရတ်ရွှေဖောင်တော် ၇၁
နဝါခလနယ် ၃၉၅

နာကိသာ၊ ရှင်ရသေ့ ၃၈၁
နာဂရာသိတောင် ၂၀
နာဂပဋ္ဌနဆိပ်ကမ်း ၁၉၊ ၅၅
နာဂရာသိမြစ်ဝ ၂၀
နာဂရိအက္ခရာ ၂၈၉
နာဂသေနမထေရ်၊ အရှင် ၂၉၄
နာဂသိန်၊အရှင်မထေရ်၏ကျောင်းတော် ၂၉၄
နာဂါရဇ္ဇုန၊ အရှင် ၃၉
နာဂိတမထေရ်၊ အရှင် ၆၇
နာဂုရုဆိပ်ကမ်း ၁၉၊ ၅၅
နာဂေါပမာဒိကထာကျမ်း ၃၂၄
နာဒ၊ ဥပါသကာ ၁၅၅
နာနာရဋ္ဌသာသနာနုဂ္ဂဟသမာဂမ ၂၂၅
နာဗူတ၊ ဆိပ်ကမ်း ၂၀
နာရဒမထေရ်၊ အရှင် ၃၆၅၊ ၄၀၈၊
၄၁၁၊ ၄၁၂၊ ၄၁၄၊
၄၁၈၊ ၄၁၉
နာရမြို့တော် ၄၂၊ ၄၄
နာလန္ဒကျောင်းတော် ၅၃၊ ၅၄
နာလန္ဒာကျောင်းတော်ကြီး ၂၆၁
နာဠန္ဒကျောင်းတော်ကြီး ၄၀၁
နာဠန္ဒခေတ် ၄၃၂
နာဠန္ဒတက္ကသိုလ် ၄၀၄
နာဠန္ဒယူနီဗာစိတီကျောင်းတော် ၄၀၂

နိကာယ် ၅-ရပ် ပိဋကတ် ပါဠိ၊
အဋ္ဌကထာ၊ ဋီကာ ၄၇၆

[ န ]

နိချိရင်း ဆရာတော် ၄၅
နိချိရင်ရှူ ၄၆
နိဂမ်ဗိုမြို့ ၁၄၅
နိဂမ်ဘိုမာတရကမ်းခြေမြို့ ၁၄၉
နိနန်ပဂိုဏ်း ၅၁
နိပါလတိုင်း ၂
နိပါလနိုင်ငံ ၅၄
နိပါလ၊ ဘူတန်၊ ဆိက္ကင်း ၅၆
နိမိတ်ဖတ်ခြင်း ၃၀
နိယာမဒီပနီကျမ်း ၂၂၅
နိရုတ္တိ မဉ္ဇူသာကျမ်း ၁၁၁
နိစ္စသီလ ၄၅၆
နိဗ္ဗာန်နှင့် သစ္စာမဂ္ဂင်တရား ၄၅၁
နိဿယဂ်ဝိနိစ္ဆယကျမ်း ၁၉၃
နိချိရင်ရှူဂိုဏ်း ၄၄
နိတိကျမ်း ၁၆၅၊ ၁၆၈
နိတိရာဇဝင်ကျမ်း ၄၄၈
နုစန်ကတာ ၂၄၉

နက်ရှိုင်းသော ဉာဏ်ပညာ ၃၄
နဂ်-ပန်-လို-ဖန် ၅၀
နည်းဥပဒေသ ၈-ချက် ၃၀၈
နတ်ထီးနတ်နန်း ၂၂၉
နတ်မြင်းပျံ ခုန်ပေါက် ပြေးသွား ၄၅၈
နတ်ရွာသုဂတိ ၂၀၆
နန်ခအိုခေတ် ၂၈၀
နန်ခအို သို့မဟုတ် နန်ချိုနိုင်ငံ ၂၈၁
နန်းစံအနှစ် ၂၂-နှစ်တိုင် ၁၅၀
နန်းမတော်မိဖုရားကြီးကျောင်းတော် ၁၆၃

[ န ]


နန်းမတော် (မယ်နု) ၁၇၁
နန်းမြို့ ၉၉
နန်းဦးပန် ၂၄၉
နယ်နာနယ်၊ ဘာရ်ဗဟင်မြို့ ၂၆၂

နေတ္တိ ၁၁၈
နေတ္တိဋီကာသစ်ကျမ်း ၁၆၄
နေတ္တိနိသျည်း ၈၄
နေတ္တိပါဠိတော်, အဋ္ဌကထာ ၁၈၄
နေတ္တိမဟာဋီကာ ၁၆၄
နေတ္တိလီနတ္ထသင်္ဂဟကျမ်း ၁၉၃
နေတ္တိဟာရတ္ထဒီပနီကျမ်း ၂၀၂
နေတ္တိဟာရတ္ထဝိဘာဝနီကျမ်း ၁၉၃
နေပါလ *(နီပေါ)* နိုင်ငံ ၃၆၄, ၄၆၄
နေပါလမင်းသမီးတော် ၃၆၄
နေပါလမြို့တော် ကာထမန္ဒူ (ခတ္တမန္ဒူ)၃၆၈
နေမျိုးဓမ္မသကြန်ဘွဲ့ခံလူပညာရှိ-
ကဝိသုခမိန် ၁၈၄
နေမျိုးနော်ရထာ ၁၁၃
နေရဥ္စရာမြစ် ၃၇၈, ၃၇၉
နေရှင်နယ်လ် လိုက်ဘရီ-ဂရိုက်
အမျိုးသားစာကြည့်တိုက် ၄၄၈
နေ့ဝါ, ညဝါ ကျမ်းများစွာ ၄၇၂

နော်ပဂိုဏ်း ၅၁
နော်ရထာမင်းစော ၂၈၂,
၃၇၁, ၃၇၂
နံမော်ကျေးရွာ ဂိုဏ်းအုပ်ဆရာတော် ၂၃၈
နံမော်ရွာ သုံးထပ်ကျောင်း ၁၆၇


[ န ]


နိခလ်နှင့် တစ်ဝီရာဒေသများ ၂၆၀
နိရိုဒင် သမ္ဗုတသီဟာနု ၃၂၃
နိအာခလိ ၂၆၉
နောက်ပိတ်ဘိနပ်များ စီးနင်းခြင်း ၂၄၃
နောင်တော်ကြီးမင်း ၁၇၀
နောင်ဘာရှာ ၂၃၃
နောင်ဘာရှာ အရှင်ဓမ္မနန္ဒ ၁၉၀
နောင်သံသရာအဖို့ ဆရာတော် ၁၀၈

နိုင်ငံခြားသာသနာပြု အဖွဲ့အစည်းကြီး ၄၄၃
နိုင်ငံခြားသာသနာပြုအသင်း ၂၂၅
နိုင်ငံခြားသံယာတော် ၁၃-ပါး ၄၀၈
နိုင်ငံတော်အဓိပတိ နိုရိုဒင်သီဟာနု
မင်းသားကြီး ၃၁၉
နိုင်ငံတော်အစိုးရဘာသာ ၃၆၉
နိုင်ငံတော်၏ကံကြမ္မာ တိမ်းမှောက် ၂၁၉
နိုင်ငံတော်၏အတိုင်ပင်ခံဆရာတော် ၃၃၄
နိုင်ငံတော်၏ဦးကိုင်ဆရာတော်ကြီး ၃၂၀
နိုင်ငံရင်းဘာသာ ၁၈၉
နိုင်ငံရေး,ဘာသာ,သာသနာရေးချဲ့ထွင်ခြင်း၄၂၉
နိုင်ငံရေး-ရာဇဝင်ဥပဒေကျမ်းများ ၄၄၈

နျူးဝါးလ်ဒ်(ကမ္ဘာသစ်) ၄၅၃

နွယ်နီမုတ်ကျောင်း ၂၃၃
နွယ်နီမုခ်ကျောင်း အရှင်ပုညဝံသ ၁၉၀
နွားလံတောင်တောရ ၁၉၅
နှီးနှောဆွေးနွေးခြင်း ၄၃၉

[ ပ ]

ပကိဏ္ဏကနိပါတ်ဇာတ် နိသျည်း ၁၆၅
ပစ္စည်းစုဆောင်းရောင်းဝယ်ခြင်း ၃၂
ပစ္စည်း ၄-ပါး ၃၁, ၃၃
ပစ္စည်း, လာဘ်လာဘ ၃၂
ပစ္စန္တရစ်သာသနာ ၇
ပစ္စန္တနိုင်ငံများ ၂
ပစ္စယသန္နိဿိတသီလ ၃၁
ပစ္စုပ္ပန်ခေတ်သာသနာ ၃၀၇
ပစ္စုပ္ပန်အဖို့ ဆရာတော် ၁၀၈
ပစ္စလိယ၊ ဆိပ်ကမ်းသူကြီး ၁၉, ၂၀
ပစ္ဆာသံယာ အာနန္ဒာဂိုဏ်းဝင် ၈၀
ပစ္ဆိမသံယာ ၁၂၈
ပစ္ဆိမသံယာ ပုဂံဂိုဏ်း ၆၁
ပစ္ဆိမာရုံဆရာတော် ၂၁၄
ပစ္ဆိမာဝန်ကျောင်းတော် ၁၁၀
ပစ္ဆိမာဝန်ဆရာတော်ဘုရားကြီး ၁၁၀
ပဥ္စင်းကျော် ၉၇
ပဥ္စင်းကျော် ၂-ပါး ၁၀၄
ပဥ္စမတံဆိပ်တော်ရဆရာတော် ၃၀-ပါး ၂၀၀
ပဥ္စမမြောက်ရာမဘုရင်မင်းတရား ၃၀၆
ပဥ္စမသံဂါယနာတင် ၃၉၆, ၃၉၇
ပဥ္စမသံဂါယနာတင်ပွဲကြီး ၁၈၈
ပဥ္စမသံဂါယနာတင်ဘဝရှင်မင်းတရား ၁၉၅
ပဥ္စမသံဂါယနာတင်မင်းတရား ၁၈၈, ၂၃၃, ၂၃၈, ၂၄၇
ပဥ္စဝဂ္ဂီ ၅-ဦးကို တရားဟောနေပုံ ၄၁၇
ပညာဇောတဓမ္မသိရိကဝိဓဇ မဟာရာဇာဓိ-
ရာဇဂုရု၊ ဗားကရားဆရာတော် ၁၈၄
ပညာဇောတာဘိဓဇ မဟာဓမ္မရာဇာ-
ဓိရာဇဂုရု ၁၇၇
ပညာဇောတာဘိသိရိပဝရာလင်္ကာရဓမ္မ-
သေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု ၁၇၇
ပညာတော်ရှိ ကဝိတစ်ဆူ ၃၉၆
ပညာပါရမိတာသုတ္တ ၂၈၀
ပညာဗဟုဿုတဂုဏ် ၂၀၉
ပညာမထေရ်၊ အရှင် ၂၂၉
ပညာရာမ၊ အရှင် ၁၂၅
ပညာရှိပဏ္ဍိတ်အဖွဲ့ကြီး ၃၃၅
ပညာရှိ ပါမောက္ခ ၂,၇၄၀-မျှရှိ ၂၉၅
ပညာသာမိ ကဝိသာရဓဇ မဟာဓမ္မ-
ရာဇာဓိရာဇဂုရု ၁၈၅
ပညာသာမိသိရိကဝိဓဇ မဟာဓမ္မရာဇာဓိ-
ရာဇဂုရု၊ မောင်းထောင်ဆရာတော် ၁၈၃
ပညာသီဟာဘိမုနိသဒ္ဓမ္မ မဟာဓမ္မ-
ရာဇာဓိရာဇဂုရု ၁၈၆
ပညာသီဟ မထေရ်၊ အရှင် ၁၈၅
ပညာသီဟသာသနာလင်္ကာရ မဟာဓမ္မ-
ရာဇာဓိရာဇဂုရု ၁၈၄
ပဋိစ္စသမုပ္ပါဒဒီပနီကျမ်း ၁၉၄
ပဋိပတ်ကျင့်လမ်းစာအုပ် ၃၂၈
ပဋိပတ်သာသနာတော်ကြီး ၂၂၄
ပဋိပတ္တိတရား ၂၀၅
ပဋိပတ္တိရေမထေရ်များ ၆၉
ပဋိပတ္တိမာမက ၁၉၇
ပဋိဝေဓ မဂ်ဖိုလ် ၃၇၀
ပဋိသန္ဓာရကထာစကားများ ၂၀
ပဋိသမ္ဘိဒါပတ္တ ဆဠဘိညရဟန္တာများ ၂၇၂

[ ပ ]

| | |
|---|---|
| ပဋိသမ္ဘိဒါပတ္တမထေရ်များ | ၂၇၁ |
| ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်နိသျ | ၉၃ |
| ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်, အဋ္ဌကထာ | ၁၈၄ |
| ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနိသျှည်း | ၁၇၇ |
| ပဋ္ဌမကျော် | ၁၁၈ |
| ပဋ္ဌမကျော်၊အဂ္ဂမဟာပဏ္ဍိတ- အရှင်ဉာဏမထေရ် | ၂၂၅ |
| ပဋ္ဌမကျော် အရှင်သေဋ္ဌိလ | ၄၆၂ |
| ပဋ္ဌမဆုံး ရှင်ပြုပွဲ | ၄၀၈ |
| ပဋ္ဌမတံဆိပ်တော်ရဆရာတော် ၇-ပါး | ၂၀၀ |
| ပဋ္ဌမပြန်တန်းသဂြိုဟ် ဂဏ္ဌိကျမ်း | ၁၁၈ |
| ပဋ္ဌမ မိချိဂန်ယူနီဗာစီတီ | ၄၆၂ |
| ပဋ္ဌမသံဂါယနာ၊ ရာဇဂြိုဟ်ပြည် | ၁၈၉ |
| ပဋ္ဌာန်းညဝါ | ၄၇၂ |
| ပဋ္ဌာန်းပါဠိတော်, အဋ္ဌကထာ | ၁၈၅ |
| ပဋ္ဌာန်းအရကောက်ကျမ်းများ | ၁၁၂ |
| ပဋ္ဌာနုဒ္ဒေသဒီပနီ | ၂၂၅ |
| ပတိယအရပ် | ၂၅၉ |
| ပဏ္ဍိတ်ဝိဟာရိကျောင်းတော်ကြီးများ | ၂၆၂ |
| ပဏ္ဏုတိုင်း | ၂ |
| ပဏ္ဏုတိုင်းနယ်များ | ၅ |
| ပတူကြီးသံဃရာဇာ | ၇၁, ၇၂ |
| ပတ္တမြားကြုတ်စေတီတော် | ၁၁ |
| ပထမဒါလဲဘီလာမ | ၅၁ |
| ပထမပြန်စာမေးပွဲ | ၂၁၉ |
| ပထမ, ရဟန်းခံပွဲ | ၄၁၂ |
| ပထမသတိုးဓေတ် | ၁၃၅ |
| ပဒုမာသနကြာပလ္လင် | ၃၇၇ |
| ပဒုံမင်းတရားကြီး | ၁၆၀ |

[ ပ ]

| | |
|---|---|
| ပဒုံမြို့ ကျေးဆီးပင် | ၁၁၂ |
| ပန္နလိယ | ၅၅ |
| ပန္နန်လင်း၊ နဂရသီရိဓမ္မရာဇာမြို့ | ၂၇၅ |
| ပယာဂ၊ ပင်လယ်မြစ် | ၁၈ |
| ပ-ရ် ဗတိ ပဗ္ဗတိဒေဝိ | ၃၀၁ |
| ပရက္ကမ၊ အရှင် | ၆၁ |
| ပရက္ကမညီနောင်၊ အရှင် | ၂၃၂ |
| ပရက္ကမဗာဟုမင်းတရား | ၂၂, ၂၈၂ |
| ပရက္ကမဗာဟုမထေရ်မြတ် | ၂၆ |
| ပရက္ကမဗာဟုသာမိ | ၁၆ |
| ပရက္ကမဗာဟုသာမိမထေရ်၊ အရှင် | ၂၃ |
| ပရမတ္ထဒီပနီ၊ ဋီကာသစ် | ၂၂၄ |
| ပရမတ္ထသရူပဘေဒနီကျမ်း | ၂၁၁ |
| ပရမတ္ထသံခိပ် | ၂၂၆ |
| ပရမပူရ၊ မြင်းစိုင်းမြို့ | ၅၈ |
| ပရာဘန် | ၃၅၆ |
| ပရိက္ခရာ ၈-ပါး | ၃၃ |
| ပရိဘောဂစေတီ | ၃၇၉ |
| ပရိမဏ္ဍလသိက္ခာပုဒ် | ၂၄၁ |
| ပရိယတ် ဓမ္မက္ခန် | ၃၇၁ |
| ပရိယတ်,ပဋိပတ်,ပဋိဝေဓသာသနာ ၃-ပါး၃၇၀ | |
| ပရိယတ်, ပဋိပတ် ၂-ရပ်လုံး | ၁၃၃ |
| ပရိယတ္တိဂုဏ် | ၂၀၅ |
| ပရိယတ္တိ၊ ပဋိပတ္တိသာသနာ | ၂၁၂ |
| ပရိယတ္တိဝိသာရဒ | ၁၉၇ |
| ပရိယတ္တိသဒ္ဓမ္မအသင်း | ၂၂၂ |
| ပရိယတ္တိသာသနာတော် | ၃၇၄ |
| ပရိယတ္တိသာသနဟိတ စာမေးပွဲသဘင် | ၂၂၀ |
| ပရိယတ္တိသာသနဟိတဓမ္မာစရိယ | ၂၂၁ |

[ ပ ]

ပရိယတ္တိသာသနာနုဂ္ဂဟအသင်း ၂၂၂
ပရိဝါပါဠိတော်, အဋ္ဌကထာ ၁၈၆
ပရိသတ်အလယ်၌ မတင့်တယ်သောသူ ၂၉
ပရူပဝါဒသံသယ ကင်းအောင်နုတ် ၂၄
ပရိုတက်စတစ် ၄၅၉
ပရိုတက်စတင်ခရစ်ယာန်သာသနာ ၁၅၈
ပရိုဖက်ဆား စတိန်နို ၄၃၇
ပရိုဖက်ဆား ဒူရောဇယ်လ် ၄၃၇
ပရိုဖက်ဆား ဒေါက်တာ အန်ဒါဆင် ၄၃၇
ပရိုဖက်ဆား မစ္စတာ နက်သဆင်း ၄၅၀
ပရိုဖက်ဆားမစ္စတာရိုက်စ်ဒေးဗစ် ၄၃၃, ၄၃၈
ပရိုဖက်ဆား မစ္စတာ ရိုက်စ် ဒေးဗစ်နှင့်-
မစ္စစ် ရိုက်စ် ဒေးဗစ် ၄၃၇
ပရိုဖက်ဆား ရိုက်စ် ဒေးဗစ် ၄၄၀
ပရိုဖက်ဆား အီ-တီ-မစ်လ်လ် ၄၄၀
ပလ္လဝဘာသာ၊ ဝင်္ဂဘာသာ ၂၈၉
ပလင်ဘန်မြို့ ၄၀၂
ပလိုင်း ရှင်သုဇာတ ၁၁၂
ပဝါဟစေတီ ၃၇၉
ပသိကုန်သည်များ ၁၄၁
ပသေနဒီကောသလမင်းကြီး ၃၈၃
ပဟာတာလီအရပ် ၃၉၂, ၃၉၃

ပါကစ္စတန် ၃၂၅
ပါစိတ်ပါဠိတော်, အဋ္ဌကထာ ၁၈၅
ပါဋလိပုတ်ပြည်၌ တတိယသံဂါယနာ ၁၈၈
ပါဋ္ဌဇာတ်ပါဠိတော်, အဋ္ဌကထာ ၁၈၄
ပါတိမောက်လာသိက္ခာပုဒ်များ ၂၄၂
ပါတိမောက္ခသံဝရသီလ ၃၁
ပါဒစေတီ(ခြေတော်ရာ) ၁၀၆

[ ပ ]

ပါဒစေတီတော် ၁၁
ပါမောက္ခချုပ် ၃၂၂
ပါရာဇိကကဏ်ပါဠိတော်, အဋ္ဌကထာ ၁၈၅
ပါရာယနဝတ္ထု ၈၄
ပါရှားနိုင်ငံ ၄၀၃
ပါလနိုင်ငံတော်ထွန်းကားသောခေတ် ၂၆၅
ပါလမင်း ၅၃
ပါလမင်းမျိုးများ ၂၅၆, ၂၆၃
ပါသိယ(ပါသျှမ်)တိုင်း ၂
ပါသံသ၊ အရှင် ၁၂၅
ပါဠိကွန်ကောဒင်းတ်အဘိဓာန်ကြီး ၄၃၈
ပါဠိဂရမ္မာ (ပါဠိသဒ္ဒါ) ၄၅၄
ပါဠိတက္ကစ် ဆိုဆိုက်ယက်တီး (ပီတီအက်စ်)၄၃၇
ပါဠိတက္ကစ်အသင်း၊ (ပီ၊ တီ၊ အက်စ်) ၄၄၁
ပါဠိ တက်က်စ် ဆိုဆိုက်ယက်တီး ၄၃၈
ပါဠိတော် မူရင်းပုဒ်များ ၄၃၈
ပါဠိတော်အင်္ဂလိပ်ဘာသာပြန်စာအုပ်များ ၄၃၇
ပါဠိပဌမပြန် စာမေးပွဲသဘင် ၄၇၃
ပါဠိ၊ ဗီ-ယက်-နမ် ၂-ဘာသာ ၃၄၉
ပါဠိဗုဒ္ဓစာပေ ပရိုဖက်ဆာ မစ္စတာ-
ရောဘားတ် ကေဇာချိုက်လဒါး ၄၃၈
ပါဠိဘာသာ ကျောက်တိုင်, ကျောက်ချပ် ၃၄
ပါဠိဘာသာ ပထမပြန်စာမေးပွဲကြီး ၂၅၁
ပါဠိဘာသာအဘိဓာန်ကြီး ၄၃၇
ပါဠိဘာသာအသင်းကြီး ၄၃၃
ပါဠိမဟာဝိဇ္ဇာလယ ၃၂၇
ပါဠိမူလအသင်းကြီး ၄၃၇
ပါဠိ-မြန်မာ အဘိဓာန် ၁၆၉
ပါဠိမြန်မာအဘိဓာန်ပြု ဦးဉာဏုတ္တရ ၄၂၀

[ ပ ]


ပါဠိသင်ကျောင်းကြီး၊ ၂၉-ကျောင်းမျှရှိ ၂၆၉
ပါဠိအခြေခံသင်တန်းများ ၃၆၀
ပါဠိအင်္ဂလိပ်အဘိဓာန်ကြီး ၄၃၆
ပါဠိ အဘိဓာန်ကြီး ၄၃၈
ပါဠိအဘိဓာန်အဖွဲ့ကြီး ၂၂၆
ပါဠိအင်သိုလိုဂျီ အန်ဒ် ဂလိုဆာရီ
(ပါဠိပဒသင်္ဂဟ ကောသ) ၄၅၄

ပိဋကတ်ကျမ်းဂန်စာပေဗဟုသုတ ၂၉၇
ပိဋကတ်ကျမ်း စာပေပေါင်း ၅၄-ကျမ်း ၃၆
ပိဋကတ်ကျမ်းပေါင်း ၁,၆၆၂-ကျမ်း ၃၆
ပိဋကတ်စာပေကျမ်းဂန်များ ၃၃၅
ပိဋကတ်တော်ပေထက်အက္ခရာတင်ပွဲ ၁၈၂
ပိဋကတ်တော်များ ပြင်ဆင် ၃၆
ပိဋကတ်တော်အစုံ-၃၀ ၃၇၂
ပိဋကတ်တိုက်တော် ၁၈၁
ပိဋကတ်ဓမ္မက္ခန် ၂၇၃
ပိဋကတ်ဓမ္မက္ခန်အတွက် စစ်မက်ဖြစ် ၃၇၃
ပိဋကတ်နိကာယ်ပါဠိတော်များ ၄၄၀
ပိယတိုင်းမင်း၏ဆရာ ၂၆
ပိယဒဿ၊ အရှင် ၄၀၈, ၄၁၉
ပိလော့က်၊ ထိုင်းဘုရင် ၂၈၁
ပီကင်းပိဋကတ်တိုက်တော်ကြီး ၃၀၂
ပီကင်းဗုဒ္ဓဘာသာအဖွဲ့ကြီး ၃၀၂
ပီနန်မြစ်နယ်ပယ်ဒေသ ၃၀၀
ပီနန်မြို့ ၃၉၉
ပီလခတ်ရွာ ဘုန်းတော်ကြီး ၂၀၅

ပုခန်းဆရာတော်ဘုရား ၁၉၉
ပုခန်းကြီးဆရာတော် ၁၈၃


[ ပ ]


ပုခန်းကြီး၊ ပိုက်သင်ရွာကျောင်း ၁၁၈
ပုခန်းကြီး ရွှေဥမင် ၁၀၆, ၁၀၇
ပုဂံဂိုဏ်း ၄-ဂိုဏ်း ၆၀
ပုဂံစာကြို့အရပ် ၇၆
ပုဂံနန်းရိုး နေနတ်မျိုး ၇၇
ပုဂံနွယ်ရိုး နေနတ်မျိုး ၁၁၉
ပုဂံ ပစ္စာသံဃာဂိုဏ်း ၆၀
ပုဂံပြည် ၂၃၁, ၃၃၃
ပုဂံပြည် ပုရိမသံဃာဂိုဏ်း ၂၃၇
ပုဂံပြည်သာသနာပြု အရှင်အရဟံ ၂၃၅
ပုဂံပြည်အနော်ရထာမင်းစော ၃၈၄
ပုဂံပြည်အရှင်ဆပ္ပဒအနွယ် ၂၃၄
ပုဂံမင်း ၁၇၇, ၁၇၉
ပုဂံ ရွှေစည်းခုံဘုရား ၇၅
ပုဂံသာသနာတော်ခေတ် ၁၃၄
ပုဂံအရည်းကြီး ရှင်ယောင်များ ၂၄၃
ပုဂံအရှင်ဆပ္ပဒဂိုဏ်း ၁၃၂
ပုဂ္ဂလပညတ်ပါဠိတော်, အဋ္ဌကထာ ၁၈၅
ပုဂ္ဂိုလ်ကျော် ၂-ပါး ၁၀၅
ပုညစေတီ ၈၁, ၈၂
ပုညရှင်စေတီတော် ၁၁၅
ပုညဝါသီမထေရ်၊ အရှင် ၂၃၇
ပုညာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ-
ရာဇဂုရု၊ ဆရာ့တော်ဦးပိုး ၁၇၁, ၁၇၃
ပုညာဘိဓဇဓမ္မာလင်္ကာရ မဟာဓမ္မ-
ရာဇာဓိရာဇဂုရု ၁၈၃
ပုညာရမ္မမထေရ်၊ အရှင် ၂၃၈
ပုဏ္ဏာစာရမထေရ်၊ အရှင် ၂၆၇, ၃၉၅
ပုဗ္ဗါရုံကျောင်းတော်ကြီး ၃၇၈, ၃၇၉

[ ပ ]


ပုရိမသံယာ သထုံဂိုဏ်း ၆၁
ပုရိမသံယာအနွယ် အရှင်အရဟံဂိုဏ်းဝင် ၈၀
ပုရောဟိတ်အမတ်ကြီးများ ၂၉၄
ပုလဲတမူး ၆၃
ပုလဲ, ပတ္တမြား ဝရဇိန် ၁၈

ပေဋကာလင်္ကာရ ၁၆၄
ပေဋကောပဒေသပါဠိတော်နိသျ ၉၃
ပေတကောပဒေသပါဠိတော်, အဋ္ဌကထာ ၁၈၄
ပေတဝတ္ထုပါဠိတော်, အဋ္ဌကထာ ၁၈၄
ပေတလုံဂ်မြို့ ၄၁၀
ပေထက် အက္ခရာတင်ပွဲများ ၁၇၀
ပေမယန်စီကျောင်းတော်ကြီး ၃၆၉
ပေရင်ရွာ ၁၂၈
ပေရှက်တရပတ် ၁၆၇
ပေလန္ဒအယူဝါဒများ ၅၃
ပေလေးပင်, ရှင်လေးပါး ၉၂
ပဲခူး ဇိုင်းဂနိုင်း ၂၀၅
ပဲခူးတောရဂိုဏ်းကြီး ၂၀၇
ပဲခူးတိုင်းနယ် ၂၀၄
ပဲခူး-ဟံသာဝတီခေတ် ၃၇၄

ပေါ်တူဂီတို့နှင့် စစ်ဖြစ်ပွါးခြင်း ၁၄၈
ပေါ်တူဂီတို့ ရှေးဦးအိန္ဒိယ ၄၄၇
ပေါ်တူဂီ, ဒတ်(ချ်) ၂၂၂
ပေါ်တူဂီများ ၂၅၇

ပေါက်တောချောင်တောရနာစီဘုန်းတော်ကြီး ၂၁၇
ပေါက်မြင့်ရွာ ၁၂၀, ၁၂၈

ပင်ကိုယ်သက္ကတအခြေခံ ၄၇၅
ပင်-အို-လင် ၃၃၃
ပင်လယ်ကျေး ၇၅
ပင်လယ်ကျွန်းဆွယ်ဒေသများ ၂၇၅
ပင်လယ်စားကျော်စွာ ၆၃
ပင်လယ်မြို့ ၅၈
ပင်းကျားအရပ် ၆၀
ပင်းယ ၆၁, ၇၀
ပင်းယခေတ် ၆၉, ၁၃၅, ၁၆၇
ပင်းယစကားအင်းရွာ ၈၁
ပင်းယတစ်စီးရှင် သီဟသူ ၆၂
ပင်းယပုရိမသံယာဂိုဏ်း ၂၃၇
ပင်းယပြည်စိုး ၆၅
ပင်းယမြို့တော်၊ စကား ၇-ကျောင်း ၂၃၂
ပင်းယရဟန်း ၈၁
ပင်းယသာသနာ ၂၃၇
ပင်းယသီဟသူမင်း၊ သားတော်ဥဇနာမင်း ၂၃၇
ပင်းယ ၄-စီးရှင်ကျော်စွာ ၆၅
ပေါင်းထုပ်ဖြူ ၆၅
ပေါင်းလောင်းဂူဆရာတော် ၂၀၂
ပေါလ်ဒထိုက်၊ ဒေါက်တာ ၄၅၅

ပန်းချီဆေးရေး ၃၁၈
ပန်းချီ၊ ပန်းပုထုလုပ်ခြင်း ၃၂
ပန်းချီရေးသားမှု ၃၀
ပန်းထိမ်အမှု ၃၀
ပန်ထွာ-ဗိဿနိုးမြို့ ၉၆
ပန်းပုထုလုပ်မှု ၃၀
ပန်းဘိုဆရာတော် ၂၃၅

[ ပ ]


ပန်းယမည်သောမြို့ ၆၇
ပုံသဏ္ဌာန်အမျိုးမျိုး ရုပ်ပွားတော်များ ၂၆၄
ပိုခွန်အကြီးအမှူး ၂၈၅
ပို-ငှန်-ထောင်ဂိုဏ်း ၃၃၇
ပိုက်သင်ဆရာတော် ၂၃၄

ပျဉ်းမနားမြို့ လယ်တိစံကျောင်းတော် ၂၂၆
ပြာသာဒ်ကျောင်းဆရာတော် ၁၅၅
ပြင်သစ်ပညာရှိ ယူဂျင်ဗာန်နော့ဖ် ၄၄၉
ပြင်သစ်လူမျိုးများ ၁၅၄
ပြင်သစ်လက်အောက်ခံ ၃၅၅
ပြင်သစ်အစိုးရ ၃၂၃
ပြင်သစ်အရှေ့ဖျား ကျောက်စာသင်ကြား-
စုဆောင်းခြင်းအဖွဲ့ ၃၆၁
ပြည်ကြွင့်နှင့် ထီးနန်းအသစ် ၁၈၂
ပြည်စားစောရန်နိုင် ၂၃၂
ပြည်တွင်း, ပြည်ပ ၂-ဌာနလုံး ၂၅၇
ပြည်နဝင်းရွှေကျောင်း ၁၀၄
ပြည်ပဍောင်းကျော် ၁၀၄
ပြည်ဘုရင်မင်းရန်နိုင် ၉၇
ပြည်မြို့ ၇၈, ၁၀၄
ပြည်မြို့စား စောရန်နောင် ၁၂၉
ပြည်မြို့နှင့် ရွှေတောင်မြို့ ၉၇
ပြည်သာသနာပိုင်မထေရ် ၁၂၆
ပြည်, သီရိခေတ္တရာခရိုင်များ ၁၃၃
ပြည်သီရိခေတ္တရာမြို့ ၂၃၃
ပြည်, ရွှေတောင်, ကမ္မ ၂၁၆
ပြည်အဘိသင်္ကေတဆရာတော် ၁၃၂
ပြည်အရှင်သဒ္ဓမ္မဌိတိ ၁၂၉


[ ပ ]


ပြုဗ္ဗာဝန်ကျောင်းတော် ၁၁၀
ပြူတင်းပေါက် ၇၈-တံခါး ၇၉

ပွဲကျောင်း ဂါမဝါသီဂိုဏ်း ၆၈, ၇၀
ပွဲကျောင်းဂါမဝါသီရဟန်း ၆၂
ပွဲကျောင်းဂိုဏ်း ၂၄၁, ၂၄၄, ၂၄၆
ပွဲကျောင်းဂိုဏ်း လက်ငွေ့အကျော် ၆၉
ပွဲကျောင်းအလဇ္ဇီဂိုဏ်း ၆၁


[ ဖ ]


ဖနောင်းပင်မြို့တော် ၃၁၁
ဖန္ဒွန်နိုင်ငံ ၂၇၄
ဖန္ဒွန်ဘာခင်နယ် ၂၉၁
ဖန္ဒွန်းပင်မြို့တော် ၃၂၁
ဖရလစ်ထဏ်၊ သုခေါ်မင်းဘုရင် ၂၈၆
ဖရားဘဒန္တဗုဒ္ဓဇိနေဝရသ သံဃရာဇာ-
သာသနာပိုင်ဆရာတော် ၃၆၃
ဖရားဝိသာလသမဏဂုဏမထေရ ၄၀၈
ဖရားသံဃရာဇာသာသနာပိုင် ၃၅၈
ဖာဟိုင်၊ အရှင် ၄

ဖူစိ (ရွှေတောင်ကုန်း) ၃၅၆
ဖူစာရေး (ခေါ်) စာပေတတ်ကျွမ်း ၂၄၇
ဖူနန် ကမ္ဗုဇခေတ် ၂၈၉
ဖူနန်ခေတ် ၂၉၀
ဖူနန်ဖန္ဒွန်အာဏာ ၂၇၃
ဖူနန် (သို့) ဖန္ဒွန်ပင်(လူ)မျိုးများ ၂၇၃
ဖူနန်း၊ ဖန္ဒွန်ခေတ် ၂၇၆

[ ဖ ]

ဖော့ဘောလ် ၄၄၉
ဖော်မိုဆာ ထိုင်ဝမ်ကျွန်းနိုင်ငံ ၃၉၉
ဖက်ဒရယ်လ် ဂျာနယ်-မေတ္တာစာစောင် ၄၂၇
ဖတ်-ဒ၊ ကျောင်းတိုက်ကြီး ၃၃၄
ဖန်ဖန်နယ်ပယ်များ ၂၇၄
ဖောင်ပန်းလှေတက် ၇၈
ဖိုက်ဖ်-ပရိဆက်ပ်တ် ၅-ပါးသီလ ၄၅၃
ဖိုးရ် နိုးဗ်လ် ထရုသ်- သစ္စာ ၄-ပါး ၄၅၃
ဖျသီးဆယ်ရွာတိုက် ၁၁၇

[ ဗ ]

ဗဂ္ဂူအန်နီခလ်မြစ် ၂၅၉
ဗင်္ဂလီ, နာဂရိ, ဟိန္ဒီ ၄၇၄
ဗင်္ဂါနယ်မြောက်ပိုင်း ဗောဂါရ်နယ် ၂၆၄
ဗင်္ဂါလီဗုဒ္ဓစာပေအနုပညာများ ၂၇၀
ဗင်္ဂါလီဗုဒ္ဓဘာသာ ၂၆၀, ၂၆၆
ဗင်္ဂါလီဗုဒ္ဓဘာသာ ပညာရှိအဖွဲ့ကြီး ၂၆၇
ဗင်္ဂါလီဘာသာ ၂၆၅, ၄၇၆
ဗညားကျန်း ၃၇၇
ဗညားဓမ္မရာဇာ ၃၇၇
ဗညားနွဲ့ ၃၇၇
ဗညားပရော ၃၇၇
ဗညားထောဓမ္မရာဇာ ၃၇၇
ဗညားရန်ခိုက် ၃၇၇
ဗတေဗိယာမြို့တော် ၁၄၈
ဗဒရိကာရာမကျောင်း ၁၉, ၅၅
ဗဒရတိတ္ထ ၁၉
ဗဒ္ဓသိမ် ၂၂
'ဗ-ဘ-မ' အက္ခရာများ ၄၃၇

[ ဗ ]

ဗရကေတမာလေ ဝရကေတုမာလာ၊ မင်းသား ၂၉၂
ဗရိဆာလ်နယ် ၂၆၉
ဗရုအာခလ်မြစ် ၂၅၉
ဗရုအား(ဗရူးဝါး) ၂၅၉၊ ၂၇၀
ဗရူးဝါးဗုဒ္ဓဘာသာရဟန်းတော်များ ၃၉၀
ဗရူးဝါးရဟန်းတော် စန္ဒြမိုဟန် ၃၉၄
ဗလိမ်တောင်ကြား ၁၄၅
ဗသျှူ, ဆိဒြ, မုနိကိန်း ၇၇
ဗဟုစဇိတဂုဏ်၊အစိုးရပဋမပြန်စာမေးပွဲ ၄၇၃
ဗဟိုဌာန အချက်အချာ ၄၃
ဗဟန်းရပ် ကျောင်းတော်ရာအာရာမ် ၂၁၃

ဗာရာဏသီ ၄၇၄
ဗာရင်ဒြမြူစီယန်ပြတိုက် ၂၆၄
ဗာလိဒိပ ဗာလီကျွန်း ၄၀၁
ဗာလီကျွန်း ၄၀၄
ဗာလီကျွန်း, မဒူကျွန်းများ ၄၁၉
ဗာလီကျွန်းမှ ရှင်သာမဏေ၁-ပါး ၄၁၁

ဗားကရာဆရာတော် ၁၆၄, ၂၃၄
ဗားတမော့ မွန်ဆရာတော် ၁၀၂, ၁၀၄
ဗားမဲ့ဆရာတော် ၁၀၁
ဗားမဲ့, ဗားတမော့ ဆရာတော် ၁၀၂
ဗားမဲ့အကျော် ၁၀၂

ဗိကတိုရိယနယ် ၄၂၃
ဗိကတိုရိယနယ်၊ မယ်လဘုန်းမြို့ ၄၂၇
ဗိန္ဒု၊ သင်္ဘော ၂၀
ဗိယက်နမ်နိုင်ငံ ၄၇၇
ဗိယက်နမ်ပြည်၊ ပီ-အို-ချောင်အရပ် ၃၃၁
ဗိယက်နမ် အာနမ်ပြည် ၃၄၂

[ ဗ ]


ဗိသျှကာ ၃၀၁
ဗိသျှကာ နတ်ကွန်းတန်ဆောင်း ၂၉၀
ဗိသျှကာ, သိဝနှင့် တန္တြအယူဝါဒ ၂၆၅
ဗိသျှကာဝတ်ကျောင်း ၂၅၆
ဗိ-ဩ-ပို ဆရာကြီး ၃၃၁
ဗိစိရှိုင်း၊ ဗဂိလိဆရာကြီး ၄၇၅
ဗိ၊ ထရန်ကနား ၄၄၁
ဗိဖော်စ်ဘော်လ် ၄၄၁
ဗိ-ယက်-ကောင်း ၃၄၅
ဗိယက်နမ် ခေါင်းဆောင် ငို-ကူ-ယင် ၃၃၃
ဗိယက်နမ်-ဗုဒ္ဓသာသနာဝင်အကျဉ်းချုပ် ၃၃၀
ဗိ-ယက်-နမ်မြောက်ပိုင်း ၃၄၄
ဗိယင်းတီယန်းမြို့ ၃၂၂
ဗိဟာနယ် ၂၅၇
ဗိ-အက်-နမ်ကယ်တင်ရေး ဗုဒ္ဓဘာသာ-
အဖွဲ့အစည်းကြီးများ ၃၄၄
ဗိ-အင်-သျှင်မြို့ ၃၆၂

ဗုဒ္ဓင်္ကုရ၊ အရှင် ၁၁၆
ဗုဒ္ဓင်္ကုရ ဂါမဝါသီဆရာတော်၊ အရှင် ၁၁၈
ဗုဒ္ဓခေတ် ၄၇၇
ဗုဒ္ဓဂယာစေတီတော်ကြီး ၄၄၄
ဗုဒ္ဓဃောသသာမိ၊ အရှင် ၁၆, ၂၃
ဗုဒ္ဓစရိတ ၄၃၃
ဗုဒ္ဓစရိတ အကျယ်ကျမ်းကြီး ၄၃၀
ဗုဒ္ဓစာပေပိဋကတ် ၄၃၃
ဗုဒ္ဓစစ် ကက်တက်ဆစ်ဆန်-
(ဗုဒ္ဓဘာသာ ပြဿနာ)စာအုပ် ၄၃၄
ဗုဒ္ဓစ်စ်တ်နယူးစ် ၄၂၄
ဗုဒ္ဓစ်ဇမ်းရီဗြူး စာစောင်များ ၄၅၃
ဗုဒ္ဓစ်ဇမ်း အင်ထရန်ဆလေးရှင်း-
ဗုဒ္ဓဘာသာပြန်ဆိုခြင်းစာအုပ် ၄၆၀


[ ဗ ]


ဗုဒ္ဓစ်စ် ထရန်ဆလေးရှင်း စာအုပ် ၄၆၁
ဗုဒ္ဓစ်စ် ဒစ်ကရှင်းနရီ(ဗုဒ္ဓဘာသာအဘိဓာန်)၄၅၄
ဗုဒ္ဓစ်စ်ဖိလိုဆိုဖီဘာသာ ၄၅၁
ဗုဒ္ဓစ်စ်တ် ဖက်ဒရေရှင်း- ဗုဒ္ဓဘာသာ
စုပေါင်းအသင်းကြီး ၄၂၇
ဗုဒ္ဓစ်စ်ရီဗြူးစာစောင် ၄၅၅
ဗုဒ္ဓစ်စ်ရီဗြူး-ဗုဒ္ဓဒဿန မဂ္ဂဇင်း ၄၄၄
ဗုဒ္ဓစ်စ် အင်န် ထရန်စလေးရှင်း-
ဗုဒ္ဓဘာသာပြန်ဆိုခြင်း ၄၄၀
ဗုဒ္ဓစ်စ် ရီဗြူး ၄၇၈
ဗုဒ္ဓဇယန္တိသိမ် ၄၁၂
ဗုဒ္ဓဇယန္တီအခါတော် ၃၆၈, ၃၉၈
ဗုဒ္ဓတရားတော် ၄၃၃, ၄၄၇
ဗုဒ္ဓတရားတော်များ၏အရသာ ၄၂၉
ဗုဒ္ဓဒေသနာတော် ၄၃၃
ဗုဒ္ဓဓမ္မစာစောင်များ ၄၂၃
ဗုဒ္ဓဓမ္မသင်ကြားရေးအဖွဲ့ ၃၆၁
ဗုဒ္ဓနိုင်ငံတော် ၁၃၄, ၁၃၆, ၁၄၂, ၁၄၆,
၄၆၅, ၄၆၈, ၄၇၅
ဗုဒ္ဓနိုင်ငံတော်ကို ထိပါးလာ ၄၈
ဗုဒ္ဓနိုင်ငံတော် (တရုတ်) ၃၆
ဗုဒ္ဓနိုင်ငံတော်မှတ်တမ်း ၂၇၀
ဗုဒ္ဓဘာသာကို ပစ်ပယ် ၁၄၄
ဗုဒ္ဓဘာသာကျောင်းပေါင်း-၃၁၀ ၃၉၅
ဗုဒ္ဓဘာသာကျောင်း,ဘုရားအုပ်ချုပ်ရေးအဖွဲ့၃၀၉
ဗုဒ္ဓဘာသာခေတ် ၄၃၂
ဗုဒ္ဓဘာသာစာသင်ကျောင်းအဖွဲ့ ၃၁၂
ဗုဒ္ဓဘာသာတက္ကသိုလ် ၃၀၈
ဗုဒ္ဓဘာသာတမန်တော် ၄၂၂
ဗုဒ္ဓဘာသာ တရားဥပဒေများ ၄၄၈
ဗုဒ္ဓဘာသာ ပညာရေးအဖွဲ့ ၃၁၁

[ ဗ ]


ဗုဒ္ဓဘာသာပညာရေးအဖွဲ့အစည်းရုံး ၃၆၀
ဗုဒ္ဓဘာသာပန္နက်ချ ၄၆၂
ဗုဒ္ဓဘာသာဘဝလမ်းစဉ် ၄၂၄
ဗုဒ္ဓဘာသာ ဘုရင်မင်း ၁၄၄, ၄၄၈
ဗုဒ္ဓဘာသာဘုရားရှိခိုး ဝတ်ကျောင်းများ၄၅၈
ဗုဒ္ဓဘာသာမင်းများနှင့် ဟိန္ဒူဘုရင်များ ၄၀၃
ဗုဒ္ဓဘာသာ မွန်လူမျိုးများ ၂၅၇
ဗုဒ္ဓဘာသာရေးရာဝန်ကြီးများ ၃၀၉
ဗုဒ္ဓဘာသာဝိသာခပုဏ္ဏမာမက ၃၉၈
ဗုဒ္ဓဘာသာသီလရှင် ၁-ပါး ၄၂၂
ဗုဒ္ဓဘာသာသင်တန်း ၄၂၆
ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့ပြိုင် ၄၀၁
ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘုရားကျောင်းများ ၁၄၄
ဗုဒ္ဓဘာသာအကျဉ်းချုပ်စာအုပ်များ ၄၃၄
ဗုဒ္ဓဘာသာအခြေမူလဖြစ်ပွားခြင်းစာတမ်း ၄၂၂
ဗုဒ္ဓဘာသာအခြေခံမူလတန်းပညာရပ်များ ၃၁၁
ဗုဒ္ဓဘာသာအခြေခံဥပဒေများ ၃၀၉
ဗုဒ္ဓဘာသာအဖွဲ့အစည်းများ ၃၉၉
ဗုဒ္ဓဘာသာအဖွဲ့၏ဥက္ကဋ္ဌ မိုက်-သို-တြယ်င်၃၃၀
ဗုဒ္ဓဘာသာအလယ်တန်းပညာ ၃၁၁
ဗုဒ္ဓဘာသာအသင်း ၄၅-သင်း ၄၂၇
ဗုဒ္ဓမြတ်စွာဘုရား၏အဖြစ်တော်စဉ် ၃၀၆
ဗုဒ္ဓမွေသရီ ဆံတော်ဓာတ်မြတ် ၃၀၃
ဗုဒ္ဓရက္ခိတမဟာသာမိမဟာဓမ္မရာဇဂုရု၊
ခင်ကြီးညွန့် ၁၇၂
ဗုဒ္ဓရှင်တော်ဘုရား၏ဖြစ်စဉ် ၅၇
ဗုဒ္ဓရုပ်ပွါးတော် ၂၉၉, ၄၃၄
ဗုဒ္ဓဝစနပါဠိဘာသာ ၃၀၅
ဗုဒ္ဓဝန္ဒနာ ၂၁၈
ဗုဒ္ဓဝါဒကမ္ဘာ့ဌာန်း ၄၅၈
ဗုဒ္ဓဝါဒနှင့် အဘိဓမ္မာတရားတော် ၄၆၂


[ ဗ ]


ဗုဒ္ဓဝါဒပိဋကတ် စာပေကျမ်းဂန်များ ၂၈၄
ဗုဒ္ဓဝါဒရွှေလက်ထက်တော် ၂၈၂
ဗုဒ္ဓဝါဒဝိဇ္ဇာလယ ၃၂၇
ဗုဒ္ဓဝါဒသင်ယူရန်မူလဘာသာကြီး ၂၈၃
ဗုဒ္ဓဝါဒအကျိုးတရားပန်းတိုင် ၄၄၂
ဗုဒ္ဓဝါဒီဘုရင်များ ၂၇၆
ဗုဒ္ဓဝါဒီတရားတော်ကြီး ၄၆၅
ဗုဒ္ဓဝိဟာရ ကျောင်းတော်များ ၃၉၉
ဗုဒ္ဓဝံသ၊ အရှင် ၁၅
ဗုဒ္ဓသမိတိ ၃၆၈
ဗုဒ္ဓသာသနာတော် အမြစ်စွဲ ၃၁၇
ဗုဒ္ဓသာသနာနိုင်ငံ ၃၈၂
ဗုဒ္ဓသာသနာဝင်အစဉ်အလာမှတ်တမ်း ၃၄၂
ဗုဒ္ဓသာသနအဖွဲ့ ၄၀၇
ဗုဒ္ဓသာသနာ အာဏာတော်စက် ၇
ဗုဒ္ဓသာသနာ့ကောင်စီ ၄၆၂
ဗုဒ္ဓသိပ္ပံ ပညာသည်များ မိတ်ဆွေအဖွဲ့-
(မိတ္တာ ဗုဒ္ဓိက ဝိဇ္ဇာလယ) ၃၁၃
ဗုဒ္ဓအခါတော်နေ့များ ၄၃၉
ဗုဒ္ဓအဆောက်အဦး ၄၅၅
ဗုဒ္ဓအတ္ထုပ္ပတ္တိစရိတများ ၄၄၉
ဗုဒ္ဓအဘိဓမ္မာတရား ၄၂၆
ဗုဒ္ဓအယူဝါဒ ၄၄
ဗုဒ္ဓအယူဝါဒအစည်းအဝေးများ ၄၄၃
ဗုဒ္ဓအလိုတော်ကျဝါဒ ၄၄၂
ဗုဒ္ဓအဝဋံ့သကသုတ္တ ၄၅၇
ဗုဒ္ဓ၏စရိတအတ္ထုပ္ပတ်အဖြစ်တော်စဉ် ၄၃၀
ဗုဒ္ဓ၏တရားတော်ရောက်ရှိလာခြင်း ၃၃၁
ဗုဒ္ဓဥပါသကာ ဘုရင်မျိုးနွယ်များ ၃၄၃

ဗေဒင်ကျမ်း ၁၆၅
ဗေဒင်, ဆေး ဗဟုသုတကျမ်းများ ၄၇၄

[ ဗ ]


ဗေဒင်တိတ်ထုံး ၉၃
ဗောဇ္ဈင်္ဂဒီပနီကျမ်း ၁၉၄
ဗောဓိကျောင်း အရှင်ဝရဗုဒ္ဓိ ၁၉၀
ဗောဓိစေတီတော် ၁၁
ဗောဓိဓမ္မ၊ အရှင် ၃၉၊ ၄၅
ဗောဓိသတ္တရုပ်တု ၂-ခု ၄၁၄
ဗောရောဗုဒူးစေတီတော် ၄၀၂၊ ၄၁၃၊ ၄၁၄၊ ၄၁၅
ဗောရောဗုဒူးစေတီတော်အတ္ထုပ္ပတ္တိ ၄၁၇
ဗောရောဗုဒူး ဝေသာခပွဲတော်ကြီး ၄၁၈
ဗောရောဗုဒူးအစည်းအဝေးပွဲ ၄၁၀
ဗောင်းနားဆောင်း ၁၈၂
ဗန့်ကျိုတွင်းတိုက် ၁၂၀
ဗန့်ကျိုမြို့ ၁၉၃
ဗန့်ဂျိဆရာတော် ၁၈၃
ဗာန်နေ့ဘ် ၄၃၀

ဗို-ငွန်-ထူ-တြမ်-သူ-ယင်-စု-ဆရာတော် ၃၄၀
ဗိုလ်မှူးဝိဇယဝိရပန္န ၁၄၅
ဗိုရိုဗု-ဒုရ်ပရာဗုဓကျောင်းတော်ကြီး ၂၇၅
ဗိုရိုဗုဒူရ် စေတီတော်ကြီး ၄၀၀
ဗိုက်ဗိလ်ကျမ်းစာကို သမ္မာကျမ်းစာ ၄၆၀
ဗိုင်အိုဂရမ်ဖီ အော့ဖ် ဗုဒ္ဓ-
ဗုဒ္ဓ၏ အဖြစ်တော်စဉ် ၄၃၀၊ ၄၃၉

ဗျတ္တပဋိဗလဂုဏ် ၂၆
ဗျာကရုဏ်းကျမ်း ၁၆၅၊ ၁၆၈၊ ၂၁၁
ဗျာကရုဏ်းတတ် ဆရာတော် ၉
ဗြမှိုင်း ဘိရာဇာ ၃၈၀
ဗြဟ္မာ ၃၀၁


[ ဗ ]


ဗြဟ္မာက သင်္ကန်းလာကပ်ပုံ ၄၁၇
ဗြဟ္မောသမာဂျအသင်း ၄၅၀
ဗြာဟ္မဏ, ခတ္တိယအနွယ်ဝံသများ ၃၀၃
ဗြာဟ္မဏခေတ် ၄၇၇
ဗြာဟ္မဏဇာတိဝါဒ ၅၇
ဗြာဟ္မဏဘာသာ ၅၊ ၄၁၊ ၂၅၆
ဗြာဟ္မဏဝတ္တ၊ ရှင် ၁၅၅
ဗြာဟ္မဏဝါဒ, ဗြာဟ္မဏအယူများ ၂၅၇
ဗြာဟ္မဏအယူဝါဒ ၃၀၁
ဗြာဟ္မင် ဒေါက်တာဘနာဂျီ-
ဗင်္ဂါလီဆရာဝန်ကြီး ၄၅၀

ဗြိတိန်နှင့်အိုင်ယာလန်ဗုဒ္ဓဘာသာအသင်း ၄၄၀
ဗြိတိသျှဘာသာအသင်းကြီး ၄၄၆
ဗြိတိသျှမဟာဗောဓိအသင်းငယ် ၄၄၅
ဗြိတိသျှလူမျိုး ၁၄၆
ဗြိတိသျှအစိုးရမင်း ၃၈၉
ဗြိတိသျှအာဏာ ၂၆၀


[ ဘ ]


ဘကြီးတော်ဘုရား ၁၆၉၊ ၃၈၈
ဘဂဝါဂီတ ၄၄၈
ဘင်္ဂလားပြည်နယ် ၃၈၈၊ ၃၉၀
ဘင်္ဂလား, မဒရပ်, ဘုံဘေ ၁၅၄
ဘဂုလမထေရ်၊ အရှင် ၃၈၃၊ ၃၈၅
ဘတ္တိကာလိုအာမြို့ ၁၄၇၊ ၁၄၉
ဘတော်ပျံ ဈာပန ၁၇၁
ဘထွေးတော်သတိုးမင်းစော ၉၀
ဘဒန္တဂုရုသံယသတ္ထာ ၃၂၃
ဘဒန္တဉာဏတိလောကမထေရ် ၄၃၃

[ ဘ ]


ဘဒန္တဗလက်သကျပုတ္တိယ ၃၂၃
ဘဒန္တဗုဒ္ဓဃောသာစရိယ၊အရှင် ၃၂၀, ၃၂၃
ဘဒန္တဗောဓိဝံသ ၃၂၃
ဘဒန္တမဟာသုမေဓာဓိပတိ ဂဏမဟာနိကာယ ၄၀၈
ဘဒန္တမဟာသုမေဓာဓိပတိသံဃနာယက ၃၂၃
ဘဒန္တသာသနသောဘဏ ၃၂၃
ဘဒန္တသုဝဏ္ဏပညာမထေရ်၊ အရှင် ၃၂၀
ဘဝနတ်ထံသို့ မြန်းကြွ ၃၉၈
ဘဝနတ်နန်းသို့စံမြန်း ၂၂၆
ဘဝရှင်မင်းတရားကြီး ၁၈၁,၁၈၂,၁၈၇,၃၉၆
ဘဝရှင်မင်းတုန်းမင်းတရားကြီး ၁၈၈
ဘရောင်းယူနီဗာစီတီစာကြည့်တိုက် ၄၆၀
ဘဝသံသရာအတွက်လယ်ယာခြံမြေများ ၃၁၉

ဘာရတနိုင်ငံ ၄၃၂
ဘာရိဆာနယ် ၂၅၈
ဘာလင် ဖရိုက်နော အရပ် ၄၅၅
ဘာသာကြီး၃-ရပ် ၃၄၁
ဘာသာခြားများ ဝင်ရောက်ခြင်း ၁၆၈
ဘာသာစာပေများ ထွန်းကားခြင်း ၁၆၉
ဘာသာညဏ်အလင်းရောင် ၂၆၆
ဘာသာပြု ၉-ဌာန ၂၈၇
ဘာသာရေးကွင်းသစ်ကြီး ၄၂၂
ဘာသာရေးစစ်ပွဲ ၃၇၁
ဘာသာရေးပါလီမန်အစည်းအဝေး ၄၅၅
ဘာသာဝါဒဆိုင်ရာစာအုပ်များ ၄၃၁
ဘာသာဝါဒဆွေးနွေးသော ခန်းမကြီး ၄၃၄
ဘာသာဝါဒပညာရှင်များ ၂၆၅

ဘိက္ခုပါတိမောက်အကျဉ်းချုပ် ၃၂၄
ဘိန်းသူကျောင်းဆရာတော် ၉၁
ဘီလူး ငရက်ခိုင် ၃၈၁


[ ဘ ]


ဘုရားဇာတိဂိုဏ်း ၂၄၆
ဘုရားကျောင်း, ဗလိကျောင်းတိုက်များ ၃၉၃
ဘုရားဖြစ်ပြီးနောက်ရုပ်ပုံများ ၄၁၇
ဘုရားမဖြစ်မီ ရုပ်ပုံများ ၄၁၇
ဘုရားလောင်း နိမိတ်ကြီး ၄-ပါးမြင်ပုံ ၄၁၇
ဘုရားလောင်းရုပ်တုတော်များ ၃၀၄
ဘုရားဝတ်ကျောင်း, တန်ဆောင်းများ ၃၄၁
ဘုရင်ကျော်စွာမင်း ၅၈
ဘုရင်ခံမင်း ဆာဟယ်ယူဘန်း ၂၀၁
ဘုရင်ခံ၏သား ဒမ်လောရင့်စ် ၁၄၀
ဘုရင်တြန်-နန်-ထောင် ၃၄၀
ဘုရင် ဒင်-ဗို-လင်း ၃၃၃
ဘုရင်နရပတိ ၈၅, ၁၃၀, ၁၃၁
ဘုရင်ဘုဝနေကဗာဟုမင်း ၁၃, ၁၄, ၂၂
ဘုရင် မဟာသီဟသူ ၁၃၀
ဘုရင်မဟာသမ္မတရာဇာ ၃၈၆
ဘုရင်မင်းခေါင် ၈၃
ဘုရင်မင်းထီး ၄
ဘုရင်မင်းထွေး ၉၇
ဘုရင်မင်းမြတ် မဟိန္ဒရဝိရ ၄၆၄
ဘုရင်မင်းမြတ်ရုမ္မိယ ၃၈၄
ဘုရင်ဝိမလဓမ္မ ၁၄၇
ဘုရင်သတိုးမင်းစော ၁၃၁
ဘုရင်သီရိဗလပုတ္တဒေဝမင်း ၄၀၂
ဘုရင်သေနာရတန ၁၄၈
ဘုရင်မကြီး ရှင်စောပု ၃၇၇
ဘုရင့်သာသနာရေး(နို-တ-ရ်)အမတ် ၂၉၆
ဘုရင့်အေရှတစ်က်-အသင်းကြီး ၄၃၆
ဘုဝနေကဗာဟုသာမိ၊ အရှင် ၁၇, ၂၄
ဘုဝနေကမင်းကြီး ၁၄၂

[ ဘ ]


ဘူတန်တိုင်း ၂
ဘူတန်နိုင်ငံ ၅၄
ဘူမိဖဿမုဒြာ ၄၁၆
ဘေဒစိန္တာ သဒ္ဒါငယ် ၂-ကျမ်း ၄၇၂
ဘေသဇ္ဇပညာ၊ ဓမ္မသတ်၊ ရာဇသတ် ၃၁၈
ဘောဂဝတ္တ၊ ရှင် ၁၅၅
ဘော်ဂါရိနယ် မာတာဆဋ္ဌာန်ဂါရိအရပ်၂၆၂

ဘက်တရာ၊ စေတီတော်ကြီး ၃၇၅
ဘန်ကောက်မြို့တော် ၂၇၇၊ ၂၈၃
ဘန်ဒွန်းမြို့ ၄၀၉
ဘိန်-ချီ-ယူ၊ အရှင် ၃၃၉
ဘိန်း,ဘင်း,ကဇော်,လျှော်စာ,သေရက်များ၂၄၃
ဘုန်းကြီးကျောင်းမှာ ၂,၈၅၀-ရှိ ၃၁၆
ဘုန်းကြီးပုံ ဦးစန္ဒာလင်္ကာရ ၂၀၅
ဘုန်းကြီးလေး၊ အရှင်ဩဿဓဆရာတော်၄၇၂

ဘိုးခေါင် ၁၃၀
ဘိုးတော် စစ်ကိုင်းမင်းတရား ၁၆၂
ဘိုးတော် ပဒုံမင်းတရား ၁၃၃, ၁၇၀, ၃၈၆
ဘိုးတော်ဘုရားလက်ထက် ၁၆၉,၂၃၈,၄၆၀
ဘိုးတော် မင်းတရားကြီး ဦးဝိုင်း ၂၃၃
ဘိုးတော် အဋ္ဌနမင်း ၃၈၂
ဘိုးလောင်းတော် ၁၉၆

ဘုံကျော်ဆရာတော် ၁၈၅, ၂၃၅
ဘုံကျော်ဝေယန်ကျောင်းတော် ၁၂၂
ဘုံစံကျောင်းတော် ၉၂
ဘုံသာဝတီ ၁၁၁
ဘုံသာဝေယံ ၁၆၃


[ ဘ ]


ဘွဲ့တံဆိပ်တော်အရပ်ရပ် ၃၂၃
ဘွဲ့တံဆိပ် နာမံတော် ၉၂


[ မ ]


မကတူး၊ ကွမ်းထမ်းသည်၏သား ၃၇၅
မကာရလောပဆရာတော်ခင်ကြီးပျော် ၁၂၀,၂၂၉
မက္ခရာဆရာတော် ၁၈၃
မက္ခရာမြို့ ၅၉
မဂဓတိုင်း ၄၉၊ ၅၃၊ ၂၅၉
မဂဓ, သက္ကတ ၈, ၄၇၄
မဂ္ဂင်အကျင့်တရား ၅၇
မင်္ဂလတ္ထေရသာမိ ၁၇
မင်္ဂလမထေရ်၊ အရှင် ၁၄, ၁၅, ၂၀
မင်္ဂလာပိဋကတ်တန်ဆောင်းတော် ၁၈၃
မင်္ဂလာဝေယံ ၁၆၃
မဂိုလ်အာဏာရှင်ဘုရင်များ ၅၅
မယဒေဝ ဇာတ်တော် ၂၂၈
မယလူမျိုး ၂၅၉
မစ္စက်စ် အီဟာဒင်-ဗိကတိုရိယ ၄၂၈
မစ္စက်စ် အဲန်ဂျက်ကဆန် ၄၂၈
မစ္စက်စ် အဲန်ဝိုက်ခနား ၄၂၈
မစ္စစ် ဖော့စတား ၄၄၅
မစ္စစ်လှအောင်(မင်းကြီးကတော်)ဒေါ်မြမေ ၄၄၃
မစ္စစ် အိပ်ချ် အဲမ် အက်ဒွာတ်ဆစ်ဒနီ ၄၂၈

မစ္စတာဂျန်ဖစ်ဗတ် ၁၅၄
မစ္စတာ ဂျော့ဂျ် တာန်နား ၄၄၈
မစ္စတာစာနစ်က် ၄၃၁

[ မ ]

မစ္စတာ ဆခ်ိနား ၄၃၀
မစ္စတာ ဆောလမွန်လက်ဖိပင်း ၄၃၀
မစ္စတာ ပါလေဒီယတ ၄၃၀
မစ္စတာပေါလ် ၃၉၁
မစ္စတာ ပေါလ် စတိန်သယ်လ် ၄၄၁
မစ္စတာဖော့စ်ဘောလ် ၄၃၁
မစ္စတာဘရစ် ၃၀၀
မစ္စတာမာလာသေခရ ၄၆၃
မစ္စတာမက်က်စ်မူလာ ၄၃၁
မစ္စတာ ရောဘားဒ် ကေဇာ ချိုက်လဒါး၄၄၁
မစ္စတာလီယိုဘာကလေး ၄၂၅
မစ္စတာဝိက်စ် ၄၂၅
မစ္စတာဟာဒီ ၄၃၀
မစ္စတာ ဟာမင်အိုလ်ဒင်ဘာ့ဂ် ၄၄၁
မစ္စတာ ဟင်နရိကလာက်ဝါရင်း၄၄၀, ၄၄၂
မစ္စတာ အယ်လင် ဘင်နက်တ် ၄၄၂
မစ္စတာအဲလ်တင်ဒါဆန် ၄၂၈
မစ္စတာအဲလ်အာရ် အုတ်တ် ၄၂၈
မစ္စတာ အိုအက်ဖ်နိုက်တ် ၄၂၈
မဇ္ဈာမိကဂိုဏ်း ၃
မဇ္ဈိမတိုက်နိုင်ငံများ ၁၃၉
မဇ္ဈိမတိုင်းကြီးများ ၅၄
မဇ္ဈိမထေရဝံသ အဆက်အနွယ် ၂၃၅
မဇ္ဈိမဒေသနိုင်ငံ ၄၃၈
မဇ္ဈိမဒေသသာသနာနိုင်ငံများ ၄၀၁
မဇ္ဈိမဒေသ အနောက်တိုင်း ၄၀၁
မဇ္ဈိမဒေသအရိယထေရဝါဒ ၂၃၁
မဇ္ဈိမနိကာယ ၄၄၁
မဇ္ဈိမနိကာယပါဠိတော် ၄၃၃
မဇ္ဈိမနိကာယ် ၃-ကျမ်း ၁၈၄
မဇ္ဈိမပဋိပတ်တရား ၄၅

[ မ ]

မဇ္ဈိမမဏ္ဍိုင် ၁
မဇ္ဈိမအလယ်, အလတ် ၅၃
မဏိကုဏ္ဍလဝတ္ထု ၁၀၁
မဏိဂုဏ်ပြန် ၂၄၉
မဏိဇောတသဒ္ဒမ္မာလင်္ကာရမဟာဓမ္မ-
ရာဇာဓိရာဇဂုရုခင်မကန်ဆရာတော် ၁၈၄
မဏိဒီပဋီကာ ၈၂
မဏိပူရ၊ အာသံ ၁၆၈, ၁၇၈
မဏိသာရမဉ္ဇူသာမည်သောကျမ်း ၈၂
မတရားစရိုက် အမှားအမိုက်အတိ ၄၆၆
မထုရခေတ် ၂၈၉
မထုရမင်းမျိုးများ ၂၈၈
မထေရ် ၆-ပါး ၂၀
မထေရ် ၇-ပါး ၁၉
မထေရ် ၉-ပါး ၂၄, ၂၃
မထေရ် ၁၀-ပါး ၂၈
မထေရ် ၁၁-ပါး ၂၃
မဒရပ်ဘုရင်ခံ ၁၅၄
မဒရပ်, သီဟိုဠ်ကျွန်း ၄၃၄
မဒရပ်-အဒယာဟောလ် ၄၄၆
မဒမ္ဗ-လာမဂိုဏ်း ၄၉
မဒမ္ဗဂိုဏ်းတော် ၄၉
မဒ္ဒတိုင်း၊ သာဂလနေပြည်တော်ကြီး ၂၉၃
မဒ္ဒသေနမထေရ်၊ အရှင် ၂၃၃
မဓုရမင်းသား ကိတ္တိသိရိရာဇသီဟ ၁၅၂
မဓုရမြို့တော် ၁၅၁
မနာပြင် ၅-ဆူ ၃၄
မနုဓမ္မသတ် ၄၄၈
မနုဟာမင်း ၃၇၀, ၃၇၁, ၃၇၂

[ မ ]


မနောပဏီဓိ ၁၉၃
မနောရမန်ဥယျာဉ်တော် ၈၄
မနောလင်ပန်း ၆၄
မပြီးပြတ်သော အဓိကရုဏ်းကြီး ၁၆၂
မရမ္မရဋ္ဌ၊ မြန်မာတိုင်း, နိုင်ငံများ ၁၅၉
မရိဇ်ဝက၊ဗုဒ္ဓသာသနာပြုဆရာကြီး ၃၃၁
မလယ-ဒွါရာဝတီနိုင်ငံ ၂၉၇
မလယ, သုမတြ, ယဝ, ဗာလိ ၄၃၂
မလသ-မလေးကျွန်းဆွယ် ၂၇၅
မလိမ္ဗရ၊ ဆိပ်ကမ်းသူကြီး ၂၀
မလေးကျွန်းဆွယ် ၂၈၅
မလေး, စက်ာပူ ဗုဒ္ဓသာသနာ ၃၉၈
မလေးနိုင်ငံ၊ ဆိုက်ဘူရိနယ်အနီး ၂၇၄
မလေး(မလယ) ၂၈၉
မလေးရှား ၃၂၅
မလွန်တောင်ခွင်ကျွန်းတော် ၁၂၉
မန္တလာနဂရ ရတနာပုဏ္ဏ ၄၇၁
မန္တလေးတောင်ခြေရှိပိဋကတ်တိုက် ၁၈၆
မန္တလေးတောင်အနီး ၄၇၁
မန္တလေးတောင်မြတ် ၁၈၁
မန္တလေး၊ပရိယတ္တိသာသနဟိတအသင်း ၂၂၀,၄၄၆
မန္တလေး၊ မစိုးရိမ်ဆရာတော်-
အရှင်သောမ၊ အဂ္ဂမဟာပဏ္ဍိတ ၂၂၅
မန္တလေးမြို့ ၂၀၁
မန္တလေးရတနာပုံ ၂၁၇, ၄၇၁
မန္တလေးရွှေမြို့တော် ၁၈၂, ၂၄၇, ၃၉၆
မန္တလေး သကျသီဟ ပရိယတ္တိသာသန-
ဟိတစာမေးပွဲသဘင် ၄၇၃
မန္တလေးသာသနာ ၁၇၉
မန္တသေနမထေရ်၊ အရှင် ၃၀၂

မန္တြယာနဂိုဏ်းသာသနာ ၂၇၅
မန္တြယာနဗုဒ္ဓအယူမဟာယာနဂိုဏ်း ၂၇၆

မဟာကပ္ပိရ ၂၄၉
မဟာကဿပ၊ အရှင် ၁၀, ၁၈၈, ၃၆၃
မဟာတိတ္တရှာသား အရှင်ဓမ္မက္ခန္ဓ ၁၆၀
မဟာကေသရ ၆၃
မဟာဂဏ္ဍိဂိုဏ်း ၁၁၇, ၂၀၇
မဟာစေတီတော် ၁၉၅
မဟာစည်ဆရာတော် ၃၄၆, ၄၀၄, ၄၀၆,
၄၀၇, ၄၁၁, ၄၁၂, ၄၁၅, ၄၁၈, ၄၁၉
မဟာတိဿ၊ အရှင် ၁၂၇, ၂၃၂, ၂၃၄
မဟာထေရဂိုဏ်း ၂၆၈, ၃၉၃
မဟာဒမ္မ၊ ရှင် ၁၅၅
မဟာဒါန်ဝန် ၂၀၀, ၂၄၀, ၂၅၃
မဟာဒေဝမထေရ်၊ အရှင် ၁၉, ၂၀
မဟာဒေဝသာမိ ၁၇
မဟာဓမ္မဘွဲ့ခံ ၁၂၇
မဟာဓမ္မရာဇာဓိရာဇဂုရု ၂၀၀
မဟာဓမ္မရာဇ် ၁၈၁
မဟာဓမ္မသကြ်န်ဘွဲ့ခံမင်းတိုင်ပင်ပညာရှိ ၁၈၄
မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီး ၂၀၉
မဟာနာမ၊ အရှင် ၄၀၈
မဟာနာယက ၃၂၂
မဟာနိကာယဂိုဏ်း ၃၂၇
မဟာနိဒ္ဒေသပါဠိတော်နိဿယ ၉၃
မဟာနိဒ္ဒေသပါဠိတော်, အဋ္ဌကထာ ၁၈၄
မဟာနိဿျည်း ၈၂
မဟာပညာစန်ယုံ ၂၄၉
မဟာပရိနိဗ္ဗာနသုတ္တ ၄၄၁

[ မ ]


မဟာပဝရဓမ္မရာဇာလောကာဓိပတိ ၁၁၁
မဟာပဝါရဏာနေ့ ၂၁
မဟာပုရိသလက္ခဏာကျမ်း ၃၂၄
မဟာဗုဒ္ဓဃောသ မထေရ်၊ အရှင် ၃၇၄
မဟာဗောဓိ ဂျာနယ် ၄၄၄
မဟာဗောဓိပင် ၃၇၈
မဟာဗောဓိဗုဒ္ဓဂယာ ၄၄၄
မဟာဗောဓိအကိုင်းတော် ၂၁
မဟာဗောဓိအရွက်တော် ၂၁
မဟာဗောဓိအသင်းကြီး ၃၉၉, ၄၄၆
မဟာဗောဓိအသင်းကြီး၏ဦးစီးဥက္ကဋ္ဌ ၄၄၅
မဟာဘာရတ ၄၃၂, ၄၄၈
မဟာဘုံသာကျောင်းတော်ကြီး ၁၂၀
မဟာမဟိန္ဒ၊ အရှင် ၁၂၉
မဟာမဂ်ဘာသာ ၆, ၅၃
မဟာမဂ်ဘာသာဝင်မင်းများ ၅၄
မဟာမဂ်ဝါဒ ၅၇
မဟာမေဒင်ဘာသာ ၆, ၄၃၄
မဟာမေဒင်ခေတ် ၄၇၇
မဟာမိတ်စာချုပ် ၁၄၀
မဟာမောဂ္ဂလိပုတ္တတိဿ၊အရှင် ၁၈၈, ၁၉၆
မဟာမြတ်မုနိစေတီတော် ၁၀၂
မဟာမြတ်မုနိဘုရား ၉၁
မဟာမြတ်မုနိဘုရား တည်မည့်နေရာ ၉၉
မဟာမြတ်မုနိ ရုပ်ပွားတော် ၃၈၁, ၃၈၃, ၃၈၆, ၃၉၂
မဟာယသမထေရ်၊ အရှင် ၁၈၈
မဟာယာနဂိုဏ်းမြောက်ပိုင်း ၆
မဟာယာနဂိုဏ်းဝါဒများ ၅


[ မ ]


မဟာယာနဂိုဏ်း သာသနာအကြောင်း ၃၆
မဟာယာနဈာန်ဂိုဏ်းသာသနာ ၃၃၂
မဟာယာန, ထေရဝါဒ အယူ ၂-ပါး ၂၈၅
မဟာယာနနှင့် ဟိန္ဒူဝါဒရောယှက် ၃၆၅
မဟာယာနဗုဒ္ဓဘာသာကျမ်းများ ၄၇၈
မဟာယာနဗုဒ္ဓဘာသာဂိုဏ်း ၂၆၆
မဟာယာနဗုဒ္ဓဘာသာစရိတ ၄၃၁
မဟာယာနဗုဒ္ဓဘာသာတရား ၄၀၀
မဟာယာနဗုဒ္ဓဘာသာအနုပညာများ ၃၇၀
မဟာယာနဗုဒ္ဓဝါဒ ၄၅၅, ၄၅၈
မဟာယာန ဗုဒ္ဓသာသနာ ၄၆၃
မဟာယာနဘုန်းတော်ကြီးများ ၃၆၉
မဟာယာနရုပ်တုများ ၃၀၁
မဟာယာနသာသနာ ၄, ၃၆, ၃၈
မဟာယာနသာသနာ အမြစ်တွယ် ၃၅၅
မဟာယာနသီလမှာ၁၀-ပါးသီလ ၄၅၆
မဟာယာနအနုပညာလက်ရာ ၂၇၇
မဟာရဋ္ဌတိုင်း ၂
မဟာရဋ္ဌမင်းမျိုးများ ၂၈၉
မဟာရဋ္ဌသာရမထေရ်၊ အရှင် ၈၄, ၉၇
မဟာရတနယရ ၉၂
မဟာရာမ၊ အရှင် ၁၀၁
မဟာဝဂ္ဂ (ဝိနယ) ၄၄၁
မဟာဝါပါဠိတော်, အဋ္ဌကထာ ၁၈၅
မဟာဝိဇယမင်း ၁၅၉
မဟာဝိဇိတာရုံတိုက် ၁၈၃
မဟာဝိဇိတာဝီမထေရ်၊ အရှင် ၆၇
မဟာဝိသုဒ္ဓါရာမဆရာတော် ၁၉၇, ၂၀၉, ၂၁၃, ၂၃၅, ၂၅၂
မဟာဝိသုဒ္ဓါရာမတိုက် ၁၉၃

[ မ ]


မဟာဝိသုဒ္ဓါရာမသိမ်တော်ကြီး ၄၇၃
မဟာဝိဟာရဂိုဏ်း ၃၇၈
မဟာဝိဟာရဝါသီဂိုဏ်း ၁၀, ၁၂, ၂၅, ၃၃, ၁၅၇
မဟာဝိဟာရဝါသီ အရှင် ၂၆, ၂၇, ၃၁, ၃၃
မဟာဝိဟာရဝါသီအနွယ် ၂၅, ၂၃၉
မဟာဝိဟာရဝါသီ အနွယ်ဝံသသိက္ခာ ၃၃
မဟာဝိဟာရသာသနာတော် ၁၃၈
မဟာဝေယံဘုံသာ စံကျောင်းတော်ကြီး ၁၇၇
မဟာဝင် ၄၇၈
မဟာဝန်များခန့်ထား ၁၈၀
မဟာဝံသ သီဟိုဠ်မှတ်တမ်းရာဇဝင် ၄၄၈
မဟာသတိပဋ္ဌာနသုတ္တ ၄၄၁
မဟာသာမိမထေရ်၊ အရှင် ၁၂၆, ၁၂၇
မဟာသိဝနှင့်ဗိသျှဏု ၂၈၉
မဟာသိဿကောဝါဒကထာကျမ်း ၁၉၅
မဟာသီလဝံသမထေရ်၊ အရှင် ၈၄
မဟာသိဝ ၃၀၁
မဟာသိဝလိင်္ဂ နတ်ကွန်းတန်ဆောင်း ၂၉၀
မဟာသိဝဝတ်ကျောင်း ၂၅၆
မဟာသီဟသူရဓမ္မရာဇာ ၁၁၄
မဟာသီဟသူ မင်း နန်းစံ ၁၂-နှစ် ၈၃
မဟာသုတကာရီမယဒေဝလင်္ကာသစ် ၂၂၈, ၂၂၉
မဟာသုတ္တနိဗ္ဗာန မဟာပရိနိဗ္ဗာနသုတ် ၂၄၈
မဟာသုမေဓာမိပတိဂဏနိကာယ ၃၂၂
မဟာသူတော်ကြီး ၈၅, ၈၇, ၉၄, ၉၅, ၁၃၁
မဟာသေနမင်း ၁၀, ၁၅၇
မဟာသံဃနာထ ၁၀၁
မဟာသံဃရာဇာ၊ ဘွဲ့တံဆိပ် ၇၃


[ မ ]


မဟာသံဃသာမဂ္ဂီ အဖွဲ့အစည်းချုပ်ကြီး ၂၃၀
မဟာသံဃာ့အဖွဲ့ အစည်းအရုံးကြီး ၃၅၈
မဟာသံဃိကဂိုဏ်း ၃-ဂိုဏ်း ၃
မဟာသံဃိက သံဂါယနာ ၁၈၉
မဟာအတုလယသဓမ္မရာဇဂုရု ၁၁၉
မဟာအဘယာရာမတိုက် ၁၈၃
မဟာအရိယဝံသ၊ အရှင် ၈၀, ၈၂, ၈၄, ၉၁, ၁၃၀, ၁၃၆
မဟာအသမ္ဘိန္နခတ္တိယ နွယ်စစ် ၁၁၉
မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော် ၁၇၁
မဟန္တကီ၊ ဇော်ဂီ၊ ဟိန္ဒူဘုန်းကြီးများ ၄၄၄
မဟိန္ဒမထေရ်၊ အရှင် ၁၀, ၁၁
မဟိန္ဒရပဗ္ဗတ ၂၉၀
မဟိန္ဒဝိရရိက္ခမသျှုးဟဒေဝ ၃၆၅
မဟိံသတိုင်း ၂, ၅
မအပ်သော အကပ္ပိယဝတ္ထုများ ၃၂

မာဆယ်လ်ဒီဗော့ချုဝါ ၁၄၈
မာတလေ့မြို့စား ၁၄၈
မာတိကာ၊ ဓာတုကထာ, ယမိုက်
အောက် ၅-ကျမ်း ၂၂၀
မာတိကာ၂၂၇-သွယ်သောသိက္ခာပုဒ်များ ၂၄၁
မာဓဝနိဒါန်း သက္ကတဆေးကျမ်း ၄၇၃
မာဗယ်လ် အိပ်ချ် ဗိုဒ်၊ ဒေါက်တာ ၄၃၇
မာယာဒုန္ဒိ ၁၄၁, ၁၄၃
မာယာဒုန္ဒိသိတဝက ဘုရင် ၁၄၃
မာလဒေဝကျွန်း ၁၃၉
မာလာယု၊ စင်္ကာပူ ၄၀၆
မာလာယု (မလေးကျွန်းဆွယ်) ၃, ၈

[ မ ]


မာလာယုမင်း ၃၈၁
မာလာလင်္ကာရသာသနဓဇဓမ္မသေနာ-
ပတိမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့ ၁၉၆
မာလိမ္ဗရကာယ ၅၅
မာလိမ္ဗရ၊ ဆိပ်ကမ်းသူကြီး ၁၉
မာလိမြို့ ၁၄၅

မိစ္ဆာဇီဝ ၃၂, ၂၀၄
မိစ္ဆာဝါဒဖုံးလွှမ်းနေသောလောကကြီး ၄၆၆
မိစ္ဆာဝါဒ ရှမ်းစလုံ သိုဟန်ဘွား ၁၃၅
မိဆွန် ၃၉
မိတ္ထိလာဆရာတော် ၁၈၃
မိတ္ထိလာမြို့တော်ကြီး ၄၆၈
မိနည်းဂိုဏ်း ၃၉
မိဖုရားကြီး၏ ဆေးရုံတော်အဖွဲ့ ၃၁၃
မိဖုရားခေါင်ကြီး ၁၈၁
မိဖုရားခေါင် သီရိပဝရတိလောက-
မဟာရာဇိန္ဒာ ရတနာဒေဝီ ၁၇၁
မိဖုရားငယ် နေ့မ်ဖန်မာ ၂၈၆
မိဖုရားစောဦး ၆၄
မိဖုရား ဒိုနာကသရိနာ ၁၄၇
မိလိန္ဒပဥှာ ၄၄၁, ၄၆၁
မိလိန္ဒပဉှာပါဠိတော် ၄၃၃
မိလိန္ဒမင်းတရားကြီး ၂၉၄
မိချမြို့ ၄၀၀
မိချိဂန်ယူနီဗာစိတီ ၄၆၁
မိနန်းမြစ်ဝှမ်း ၂၈၉
မုဥ္စလိန္ဒစေတီ ၃၇၉
မုတ္တမ (မဒမ) ၃၇၅


[ မ ]


မုဒ္ဒဗောဓ သက္ကတသဒ္ဒါ ၄၇၃
မုဒ္ဒါဘိသေက ၁၂၄, ၁၈၁
မုနိန္ဒဃောသ၊အရှင် ၉၇,၁၀၄,၁၂၇,၂၃၂
မုနိန္ဒဃောသ တိပိဋကာလင်္ကာရ၊ အရှင်-
တောင်ဘီလာဆရာတော် ၂၃၄
မုနိန္ဒဃောသ၊ အရှင် ပြည်ပဥ္စင်းကျော် ၁၃၂
မုနိန္ဒပရမဓမ္မသီရိ မဟာဓမ္မရာဇာဓိ-
ရာဇဂုရု ၁၈၅
မုနိန္ဒာဘိဝံသဓမ္မသေနာပတိမဟာ-
ဓမ္မရာဇာဓိရာဇဂုရု ၁၇၀
မုနိန္ဒာဝရပရမဓဇမဟာဓမ္မရာဇဂုရု၊
ခင်ကြီးသာပုံ ၁၇၃
မုနိန္ဒာသီရိသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု ၁၇၀
မုနိသရာဘရဏက္ကသရိယ ၃၂၃
မူဆလင်ဘာသာ ၄၀၁, ၄၀၄, ၄၀၆
မူဆလင်အယူဝါဒ ၂၅၇, ၂၆၆
မူဒလိယာ အရပ် ၁၄၄

မေကျာဂျင်နရယ်ရှိုင်ယယ်လ် အင်ဂျင်နီယာ-
ဆာအယ်လ်ကဇန္ဒာ ကန်နင်ဂဟန် ၄၇၇
မေဃဝတီဆရာတော် ဦးကလျာဏ ၂၀၂
မေတ္တာသုတ်ပရိတ်တရား ၄၀၉, ၄၂၄
မေတ္တာခေါ် ဗုဒ္ဓဓမ္မစာစောင် ၄၂၇
မေဓာဘိဝံသသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ-
ရာဇဂုရု ၁၈၄
မေဓာလင်္ကာရသီရိကဝိဓဇ မဟာဓမ္မ-
ရာဇဂုရု၊ ဦးကြီးညို ၁၇၃

မဲခေါင်မြစ် ၂၈၅, ၃၅၆

[ မ ]


မဲဇင်းမယ် ၂၈၈
မဲထီးဆရာတော် ၁၆၄, ၁၆၆, ၂၃၄
မဲထီးငယ်ဆရာတော် ၂၃၄

မင်ဒိုလင်ဖဂိုဏ်း ၅၁
မင်ရေး ပိဋကတ်တော် ၁၆၄
မင်ရေးအက္ခရာ ၁၇၀
မင်းကင်းကျောင်းတိုက် ၁၉၁
မင်းကို ပြစ်မှားကျူးလွန်သူများ ၂၉
မင်းကျော်ဂိုဏ်း ၂၄၁
မင်းကျောင်းဆရာတော် ၇၈
မင်းကျွမ်းဝင် ရာဇဂုရု ၁၀၇
မင်းကြီးစွာဘုရင် ၇၃, ၁၂၉
မင်းကြီးစွာစော်ကဲ ၇၃, ၇၄
မင်းကြီးဥဇနာ ၁၂၈
မင်းကြီးရန်နောင် ၈၇
မင်းကွန်းငွေတောင်တောရ ၁၉၇
မင်းကွန်းအလယ်တောရ ၂၂၇
မင်းခယောက်ျား ၃၁
မင်းခမ်းမင်းနား မှတ်သားဖွယ်ရာ ၂၂၈
မင်းခေါင် ၇၅
မင်းခေါင်သိမ် ၇၅
မင်း ၆-ဆက်တိုင်ရှည်လျား ၁၂၀
မင်း ၇-ဆက်တိုင်မှပြေငြိမ်း ၁၂၂
မင်း ၇-ဆက်၊ ၈၆-နှစ်ရှည်ကြာ ၁၃၃
မင်းဆရာတော် ၃၃၄
မင်းဆင်များ ၁၂၉
မင်းဆက် ၁၀၀-မြောက် စူဠဝံသမင်း ၁၄၀


[ မ ]


မင်းဆက် တြန်-နိုင်-ထောင် ၃၄၀
မင်းဆွေ ၇၅
မင်းတရားကလေးလက်ထက် ၂၂၇
မင်းတရားပို့သော သန္ဒေသကထာ ၂၂
မင်းတရား လိုင်-ထွန် ထွန် ၃၃၇
မင်းတုန်းမင်း ၁၈၀
မင်းတုန်းမြို့စား ၁၇၉
မင်းတိုင်ပင်အမတ်ကြီး ၁၆၆
မင်းဒဏ်အမှတ် ခန့်အပ်သောသူ ၂၉
မင်းနူယယ်လ် ဗုဒ္ဓစ်ဇင်မ်၊-
ဗုဒ္ဓဘာသာ လက်စွဲစာအုပ် ၄၃၀
မင်းနေပြည်တော်ကြီး ၃၄၆
မင်းပြောက်အထိ မင်း ၇-ဆက် ၇၁
မင်းမောဓော ၃၃၇
မင်းမှိုစိုးကပ် နက္ခတ်ကိန်းခန်း ၁၃၅
မင်းယုတ်တစ်ပါး အုပ်စိုးသွား ၁၀၃
မင်းရဲကျော်စွာ ၈၀, ၉၉, ၁၀၆, ၁၃၂, ၂၃၇
မင်းရဲရန္တမိတ် ၁၁၁
မင်းရဲသင်္ခယာ ၂၃၇
မင်းရဲသိခ်သူ ၈၇, ၉၅
မင်းရွှာဆရာတော် ၁၆၃, ၁၆၆, ၂၃၄
မင်း ၈-ဆက်မြောက် ၁၂၄
မင်းလကျာ ၉၉
မင်းလှတောကျောင်း ၁၉၅
မင်းလှရွှာ ၁၉၆
မင်းဝန်တောင်တန်း ၉၀
မင်းသားကြီး နိုရိုဒင်သီဟာနော့ ၃၀၈
မင်းသိဒ္ဓတ် ၇၅
မင်း ၃-ဆက် ဆရာ ၁၃၀

[ မ ]


မင်းအိုဆရာတော် ၁၆၃,၁၈၅,၂၃၃,၂၃၄
မင်းကြေရာဇ်အာဏာများ ၂၂၂
မစ်စ်စတီဒ် ၄၃၇
မစ်စ် ရိုက်စ်ဒေးဗစ် ၄၃၃

မန်ချူးမင်းမျိုး ၃၇
မန်လည်ဂိုဏ်းသား ၂၂၃
မန်လည်ဆရာတော် ၁၆၃, ၁၆၆, ၂၁၁, ၂၂၇, ၂၃၅, ၂၅၃, ၂၅၄
မန်လည်မြို့ ၁၉၈, ၂၂၇
မန်အောင်ရတနာစေတီတော် ၁၁၅
မန်အောင်ရတနာဒါယကာမင်းတရား ၁၁၆
မန်းစက်တော် ၁၀၆
မန်းယုတ်ဆရာတော် ၂၄၇, ၂၄၉

မာန် ၅-ပါးကို အောင်မြင် ၄၀၆
မာန်အောင်ရတနာပိဋကတ်တိုက် ၁၇၀
မာရ်အောင်စေတီတော်ဒါယကာ ၁၂၄
မာရ်အောင်ဆရာတော် ၁၈၅
မာရ်အောင်ရတနာစေတီတော် ၂၄၂
မိန်းမကြူးသော သူ ၃၀
မုန်တောဆရာတော် ၁၆၄, ၂၃၅

မိုဂျိုပလစ်ခေါ် ဂျာဝါးဟိန္ဒီမြို့တော် ၄၀၃
မိုဂျိုပလစ်နိုင်ငံတော် ၄၀၄
မိုးကောင်းမဟာဝေယံဘုံကျော်ဆရာတော် ၂၀၂
မိုးကောင်းတိုက်စာချဆရာတော်ဦးနန္ဒိယ ၂၀၂
မိုးကုတ်, ကျပ်ပြင် ၂၂၉
မိုးကြိုးသွား ဦးထုပ်ဒေါက်ခြာ ၁၆၇


[ မ ]


မိုးညှင်းစလုံ၏သား သိုဟန်ဘွား ၉၂
မိုးညှင်းစော်ဘွားစလုံ ၈၆
မိုးညှင်းဆက် ၁၃၅
မိုးညှင်းမင်း ၇၇, ၇၉, ၂၃၇
မိုးညှင်းမင်းတရား၏ ကုသိုလ်များ ၇၉
မိုးထားစာချဆရာတော် အရှင်ပညိန္ဒ ၄၇၃
မိုးထားတိုက်စာချဆရာတော်ဦးပညိန္ဒ ၂၁၅
မိုးထိဆရာတော် ၁၁၈, ၁၈၆
မိုးနဲကျောင်းဆရာတော် ၂၄၇
မိုးနဲစော်ဘွားကြီး ၂၄၈
မိုးနဲမြို့ ၂၄၇
မိုးပြနရပတိမင်း ၈၈, ၉၆, ၁၃၁

မောဂ္ဂလိပုတ္တတိဿမထေရ်၊ အရှင် ၂, ၇
မောဂ္ဂလ္လာန်၊ အရှင် ၁၀, ၁၂
မောဂ္ဂလ္လာန၊ အရှင် ၁၅
မောဓောဆံတော်ရှင် စေတီတော် ၃၄
မောပါ နရသူမင်း၊ သားတော်ဥဇနာပြောင်မင်း ၂၃၇
မောလိဂေါလ်ဒ၊ အတိုင်ပင်ခံအမတ်ကြီး ၁၅၇
မော့ဂ်ဒိုက်ယာမြစ် ၂၅၉

မော်ကွန်း ၇၃
မော်လမြိုင် မွန်ယဉ်ကျေးမှုဌာန ၃၇၄
မောက်ကျိုးဆရာတော် ၂၀၂
မောင်ဂိုလီယန်မင်းသား ဝုသိရိခန်အာ ၅၀
မောင်လိုင်-မင်းမျိုးများ ၃၃၉
မောင်းကွတ်မင်းတရားကြီး ၃၂၈
မောင်းထောင်ဆရာတော် ၁၆၄, ၁၆၆, ၂၃၅
မောင်းထောင်သာသနာပိုင် ၁၅၅, ၁၆၅

[ မ ]


မောင်းထောင် ရှင်ဂုဏာသာရ ၁၁၂
မျက်မှောက်ခေတ် ဗုဒ္ဓသာသနာတော် ၃၄၃
မြစေတီဘုရားကျောက်စာ ၃၃၃
မြတောင် ၁၉၈
မြတောင်ကျောင်းတိုက် ၁၉၁
မြတောင်ဆရာတော်ဘုရား ၂၂၃
မြသိန်းတန်တိုက် ၂၁၅
မြသိန်းတန်ဆရာတော် ၂၁၅

မြေကြီးလျှင် ပဲ့တင် ၃၈
မြေဒူးကျောင်း ၉၀, ၉၁
မြေသားရုပ်ပွါးတော်များ ၂၆၄
မြို့စားစောရန်နောင် ၁၂၆
မြို့တွင်းကျောင်း ဦးသုမန ၂၀၅
မြို့ပြင်ကြီးဆရာတော် ၂၀၂
မြို့လုလင် ၉၆
မြို့သာဆရာတော် ၂၀၂
မြင်ကွန်းမင်းသားကြီး၏သမီးတော် ၃၅၀
မြင်ကွန်းမင်းသားကြီး၏သမီးတော် ၃၅၀
မြင်းကျော်ဂိုဏ်း ၂၄၁
မြင်းကျော်ရဟန်းများ ၂၄၁
မြင်းစိုင်း ၆၁
မြင်းစိုင်း, မကွေ့ရာမြို့တော် ၇၀
မြင်းစိုင်းလျှော် ၆၅
မြင်းပျံတော်များ ၂၄၁
မြစ်နားလေးထပ်ကျောင်း ၁၀၆
မြစ်ဖျား၌ နဂါးစောင့် ၇၂
မြတ်စွာဘုရားရုပ်ပွါးတော်ထုလုပ်ခြင်း ၃၀
မြတ်စွာဘုရားရုပ်တုတော်များ ၃၇၅


[ မ ]


မြတ်စွယ်တော်လှည့်ပွဲတော်ကြီး ၁၅၃
မြန်မာနက္ခတ် ၄၇၄
မြန်မာနိုင်ငံ ၁၅၄, ၃၂၅, ၄၀၇
မြန်မာနိုင်ငံတော် အမရပူရမြို့ ၁၅၆
မြန်မာနိုင်ငံ ဗုဒ္ဓသာသနအဖွဲ့ ၄၁၁
မြန်မာနိုင်ငံ သာသနာတော် ၄၃၈
မြန်မာပြည်ဗုဒ္ဓနိုင်ငံတော်ကြီး ၁၆၈
မြန်မာဘုရင်ဘိုးတော်ဘုရား ၃၈၇
မြန်မာမင်းရိုးအလောင်းမင်းတရားကြီး ၃၈၀
မြန်မာမှတ်တမ်းများ ၂၈၇
မြန်မာရာဇဝင်ကုန်းဘောင်ခေတ် ၃၈၆
မြန်မာသံယာတော်အဖွဲ့ ၂၅-ပါး ၃၉၇
မြန်မာသံမှူး ဦးတင်လတ်၊ ဦးဖေသန်း ၄၀၇
မြန်မာ-အင်္ဂလိပ် အဘိဓာန် ၁၆၉, ၄၆၀
မြောက်နန်းကျောင်းဆရာတော် ၁၁၂, ၁၁၃, ၁၅၅

မိုင်းကိုင်စော်ဘွားကြီး၏ ညီတော် ၂၅၀
မိုင်းကိုင်(ပန်)မြို့ ၂၄၈
မိုင်းနားနယ် ၁၄၂, ၁၄၄
မိုင်းပန်ဆရာတော် ၂၄၇

မွန်ကျောက်စာ ၃၃၃
မွန်, ခမာ, ထိုင်း-တိုင်းနိုင်ငံများ ၂၇၁
မွန်ဂိုလီးယား ၄, ၄၉
မွန်ဂိုလူမျိုးများ ၂၆၉
မွန်ဆရာတော် ၉၇, ၁၀၂
မွန်ဆရာတော်အရှင်တိလောကဂုရု ၁၀၅
မွန်တို့ဌာန ရာမညတိုင်း ၂၉၈
မွန်တိုင်းနိုင်ငံ ၃၇၀

[ မ ]


မွန်တိုင်း ရာမည သာသနာ ၃-ရပ် ၁၃၈
မွန်တိုင်းရာမညသာသနာ့နိုင်ငံတော် ၃၈၀
မွန်တိုင်း သထုံပြည် ၃၈၄
မွန်ထီး ၂၄၉
မွန် ဒွါရာဝတီခေတ် ၂၇၃
မွန်နိုင်ငံများ ၂၈၅
မွန်များ၏မြို့တော် ၂၈၇
မွန်မြတ်သောနိုင်ငံရေးခေါင်းဆောင် ၃၀၈
မွန်, မြန်မာ, လာအို, ခမာနိုင်ငံ ၂၉၈
မွန်ရာဇဝင်များ ၄၇၈
မွန်ရာမညတိုင်း သုဓမ္မပူရသထုံပြည် ၃၇၀
မွန်လစကြာယံ ၂၄၉
မွန်သာသနာဝင်ကျမ်းများ ၄၇၈
မွန်သုံးရပ် တိုက်ခိုက် ၁၆၈
မွန်အဖွဲ့အစည်းများယဉ်ကျေးမှုဌာန ၃၇၄
မှတ်တမ်းများ ၃၂-ကျမ်းမျှရှိ ၁၇၂
မှန်ကန်ခြင်းထက်သာလွန်သောဘာသာမရှိ၄၃၄
မှန်ကန်သော ဗုဒ္ဓဓမ္မများ ၄၂၃
မှန်စာ ၁၂၄
မှန်စီကျောင်းတော် ၁၁၂
မှန်စီဆရာတော် ၁၁၂, ၁၁၈
မှန်နန်းမဟာရာဇဝင် ၃၈၆
မှန်နန်းရာဇဝင် ၂၉၅, ၄၇၈


[ ယ ]


ယက္ခပူရ-ရက္ခိုင်ပြည် ၃၈၁
ယမိုက် ၁၁၂
ယမိုက်ပါဠိတော်, အဋ္ဌကထာ ၁၈၅


[ ယ ]


ယမိုက် အကောက်နိသျည်း ၁၂၄
ယဝဒီပ-ဂျဝဒီပ-ဂျာဝါးကျွန်း ၂၇၅
ယဝဒီပ(ဂျာဝါးကျွန်း) ၃, ၄၀၁
ယသမထေရ်၊ အရှင် ၁၁၉
ယသဝမုန်ကျမ်း ၁၀၆
ယသဝမ္မမင်း ၂၉၁
ယသောဓရ ၂၉၁

ယာယီစံနန်းတော် ၁၈၂
ယာယီဗုဒ္ဓဝိဟာရကျောင်း ၄၄၇

ယူဆူနင်ဘူစုရှ ၄၆
ယူနီဗာစီတီတက္ကသိုလ်များ ၂၆၀
ယူနန်နယ်ကြီး ၂၈၀

ယောဂါစာရဂိုဏ်း ၃, ၃၉
ယောနက(ဂရိက်)နိုင်ငံ ၂
ယောနကတိုင်း ၂, ၂၉၃
ယောမြို့စားမင်းကြီးမင်းလှမဟာစည်သူ ၁၈၆

ယိုးဒယား ၅, ၈၀, ၄၇၇
ယိုးဒယားဂိုဏ်း ၁၅၃
ယိုးဒယားစေတီတော်သမိုင်း ၃၇၂
ယိုးဒယားဆရာတော် ၄၁၅
ယိုးဒယား တိုင်း,နိုင်ငံများ ၁၅၁
ယိုးဒယား ထိုင်းနိုင်ငံ၊ ချိန်မဲမြို့ ၄၆၃
ယိုးဒယားနိုင်ငံမှ မထေရ်များ ၁၅၂
ယိုးဒယားနိုင်ငံများမှသံမှူးများ ၄၁၁
ယိုးဒယားမြောက်ပိုင်း လမ်းပန်မြို့ ၂၇၃

[ ယ ]


ယိုးဒယားရဟန်းတော်အရှင်အဂ္ဂဓမ္မမထေရ် ၃၉၉
ယောက်ျား, မိန်းမများနှင့် ပေါင်းဖက် ၃၁
ယင်ထူတောင်ကြီး ၃၄၀
ယန်းဂ်-ဗုဒ္ဓစ်စ် အက်ဆိုးဆိယေးရှင်း
ဗုဒ္ဓဘာသာလူငယ်အသင်း ၄၂၃
ယန်းစ် ဗုဒ္ဓစ်တ် အက်ဆိုဆိယေးရှင်း ၄၅၈
ယွာဠိုကာကျမ်း ၁၉၄
ယွန်းချင်းမင်းဆက်များ ၃၆
ယွန်းဂိုဏ်း ၂၄၁, ၂၄၄, ၂၄၆
ယွန်းဂိုဏ်းဆရာတော် ကန်ဆေး ၂၄၇


[ ရ ]


ရက္ခပူရ ရခိုင်တိုင်း ၁၅၁, ၁၅၆, ၁၅၉
ရခိုင်ဆရာတော်ဘုရား ၂-ပါး ၃၉၆
ရခိုင်ဆရာဘုန်းကြီး ၇၃
ရခိုင်တိုင်းနိုင်ငံ ၃၈၄
ရခိုင်တိုင်းနိုင်ငံမှရဟန်းသံဃာတော်များ၁၅၀
ရခိုင်တိုင်းသာသနာတော် ၃၉၈
ရခိုင်ထေရဝါဒရဟန်းများ ၂၇၀
ရခိုင်ပြည်ကြီး ၃၈၇
ရခိုင်ပြည်ကြီး ဗြိတိသျှတို့ အုပ်ချုပ်စိုးမိုး၃၈၉
ရခိုင်ပြည်သာသနာ ၃၇၁
ရခိုင်ပြည်သံဃနာယက ခေါင်းဆောင် ၂၆၇
ရခိုင်ဗုဒ္ဓဘာသာလူမျိုးများ ၂၅၈
ရခိုင်မြို့သာသနာပိုင်ဝိနည်းဓိုရ် ၃၉၄,၃၉၇
ရခိုင်လူမျိုးများ ၂၅၇
ရခိုင် ၄-မြို့ ၁၇၄
ရခိုင်အမျိုးသားတရားသူကြီးဦးဖသထွီး ၃၈၉


[ ရ ]


ရဋ္ဌပိဋ္ဌနဆွမ်း ၁၀၀
ရတနဗန္ဓုမထေရ် ၂၉၁
ရတနမန္ဒိရ တန်ဆောင်းတော် ၂၁
ရတနမာလိသာမိဘွဲ့ ၁၇
ရတနမာလိသာမိမထေရ်၊ အရှင် ၂၃
ရတနရံသိ၊ အရှင် ၁၂၆
ရတနသီဟမထေရ် ၂၉၁
ရတနာဂိရိကျွန်း ၁၉၇
ရတနာဂူများ ၇၃
ရတနာစက်မစေတီ ၃၇၉
ရတနာစေတီတော် (ဆင်များရှင်စေတီ) ၇၉
ရတနာပူရသမုတ် ၁၃၂
ရတနာပူရ အဝနေပြည်တော် ၁၃၃, ၂၃၂
ရတနာပူရ၊ အဝပြည် ၇၁
ရတနာပူရအဝမြို့တော် ၈၀
ရတနာပုဏ္ဏ မန္တလေးရွှေမြို့တော် ၂၃၄
ရတနာပုံနေပြည်တော် ၁၈၁
ရတနာပုံမြို့တည် မင်းတရားကြီး ၁၈၉
ရတနာလင်္ကာရမထေရ်၊ အရှင် ၁၉, ၂၀
ရတနာလင်္ကာရသာမိဘွဲ့ ၁၇
ရတနာသိမ်မြို့တော် ၁၁၉
ရတနာသိခမြို့ ၁၉၃
ရတနာ ၃-ပါးအာရုံတော်ခံ ၃၇၈
ရန္တပိုစာချုပ် ၁၇၈, ၁၇၉, ၃၈၈
ရပထုမ်စေတီတော်ကြီး ၃၀၆
ရမ္မာဝတီခေါ် ရမ်းဗြဲမြို့ ၃၉၅
ရမည်းသင်းကျောင်းတိုက် ၁၉၁
ရသဝါဟိနီကဏ္ဍတစ်ပိုင်း ၄၄၉
ရဟန္တာမထေရ် ၇၀၀ ၁၈၈

[ ရ ]


ရဟန္တာမထေရ်မြတ်များ ၃၈၃
ရဟန္တာမထေရ် အရှင်မောဂ္ဂလ္လာန် ၁၂၄
ရဟန္တာ ၄-ပါး၊ ခက်မ ၄-ဖြာ ၃၂
ရဟန်းခံခြင်း၏အကြောင်း ၄၁၅
ရဟန်းငယ် ၄-ပါး ၂၀
ရဟန်းငယ် ၅-ပါး ၂၄၊ ၂၃၊ ၂၈
ရဟန်းငယ် ၆-ပါး ၂၃
ရဟန်းတော် ဘိက္ခုစန္ဒဝံသ ၄၀၈
ရဟန်းတော် ၁၄-ပါး ၄၀၉
ရဟန်းတော်၊ ဝှင်သျှင် ၄
ရဟန်းတော်၊ အီသျှင် ၄
ရဟန်းတော် အရှင်သီလာစာရ ၄၅၃
ရဟန်းတော် အီချင်း၏ မှတ်တမ်း ၂၃၅
ရဟန်း ၂-ပါး ဥပသမ္ပဒကံဆောင် ၄၂၀
ရဟန်းပေါင်း ၁၅,၆၆၆-ပါးအရေအတွက်ရှိ ၃၃
ရဟန်းလောင်းသာမဏေ ၆၀၁-ပါး ၃၃
ရဟန်းလောင်း သာမဏေ ၆-ပါး ၁၅၅
ရဟန်းသံဃာတော်တို့၏ နှစ်လည်အစည်း
အဝေးကြီး ၃၁၁
ရဟန်းသစ် ဇိနရက္ခိတ ၄၀၅

ရာဇကုမာရမင်းသား ၃၃၃
ရာဇဂုရုမင်းဆရာ ၁၀၃၊ ၁၃၀
ရာဇဂြိုဟ်ပြည် ၉၄
ရာဇဂြိုဟ်ပြည် ဂယာစီရင်စုရွာ ၅-ရွာ ၄၀၂
ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း ၃၃၂
ရာဇဂြိုဟ်ပြည်၌ ပဥ္စမသံဂါယနာ ၁၈၈
ရာဇနဂရ၊ ဗုဒ္ဓဘာသာကျောင်းတော် ၃၉၄
ရာဇနဂရမြို့တော် ၃၉၅
ရာဇန္တရာယ် ၁၆၆

ရာဇနန္ဒသကြိန် ၃၆
ရာဇနွန်းဝင် ၉၃
ရာဇမဏိစူဠာ စေတီတော်မြတ်ကြီး ၁၁၀
ရာဇမဏိစူဠာ တံနန်းတော် ၁၁၁
ရာဇဝလ္လဘ ၁၁၈
ရာဇဝလ္လဘအခွင့်အရေး ၁၃၄
ရာဇဝိဟာရခေါ် မင်းကျောင်းတော် ၂၅၅
ရာဇဝိဟာရ-တပရဟ္မ ဘုရင်ကျောင်း ၂၉၄
ရာဇဝင်ကဏ္ဍ ၂၉၆
ရာဇဝင်ကျောက်စာဌာန ၂၆၃
ရာဇဝင်ချုပ် ၁၁၃
ရာဇဝင်, သိုက်, သမိုင်းများ ၂၅၀
ရာဇသကြိန် ၅၈၊ ၃၃
ရာဇသီဟမင်း ၁၄၃၊ ၁၄၄
ရာဇသျှတိနယ်ဗဟိုရှုရ်ကျောင်းတော် ၂၆၂
ရာဇသျှတိမြို့ ၂၆၄
ရာဇဟိတဒီပနီကျမ်း ၂၅၀
ရာဇာဓိရာဇ်မင်းကြီး ၃၆
ရာဇာဓိရာဇ ၄၉၊ ၁၅၅
ရာဇာဓိရာဇနာမတ္ထပကာသနီကျမ်း ၁၁၈
ရာဇာဓိရာဇသီဟမင်း ၁၅၄၊ ၁၆၀
ရာဇာပဓာန် ၃၅၅
ရာဇာဘိသေကမင်္ဂလာ ၁၂၄၊ ၁၉၆
ရာဇာယတနစေတီ ၃၃၉
ရာဇိန္ဒရာဇာ နာမာဘိဓေယျဒီပနီ ၉၂
ရာဇိန္ဒ၊ အရှင် ၂၂၅
ရာဇောဝါဒဒီပနီကျမ်း ၂၅၀
ရာဇောဝါဒဝတ္ထု ၁၆၅
ရာဓရာမ၊ ဗရွှေးဝါးရဟန်းတော် ၃၉၂
ရာမကမ်ဟင်ဘုရင်မင်း ၂၈၃၊ ၂၈၅

[ ရ ]

ရာမညဂိုဏ်း ၁၅၉
ရာမညဂိုဏ်းသံဃာများ ၂၆၈
ရာမညတိုင်း ၂,၈,၂၁,၃၁,၃၃,၅၅,၉၅
ရာမညတိုင်းသာသနာ ၄၇၉
ရာမညတိုင်း ၃-ရပ် ၃, ၈, ၉၈, ၁၆၂
ရာမညတိုင်း၊ ဟံသာဝတီ ၁၅၁, ၁၅၉
ရာမညနိကာယ၊ ရာမညဂိုဏ်း ၁၅၆, ၁၆၁
ရာမညမထေရ်များ၊ ၄-ကျိပ်၊ ၄-ပါး ၁၆
ရာမညမထေရ်၊ ၄၄-ပါး ၁၅
ရာမညမင်း ဗညားရန် ၇၈
ရာမညသာသနာအားလုံး ၃၄
ရာမဒူတ တမန်တော် ၁၂
ရာမဘူမိဟအရပ် ၂၆၈
ရာမယန-မဟာဘာရတ ၂၈၈
ရာမာဓိပတိ မင်းတရား ၈, ၂၃, ၃၃, ၅၅
ရာမာဓိပတိဓမ္မစေတီမင်း ၁၈, ၁၉,
၂၁, ၃၂, ၃၅, ၉၆, ၉၈, ၃၇၁
ရာယိဂါမ မြို့စား ဗန္ဓုရ ၁၄၁
ရာဟုလ၊ အရှင် ၁၅, ၂၆

ရိချိကီန (အစိုးရဘွဲ့တံဆိပ်) ၃၀၉
ရိတုန်ရှု ၄၆
ရိဒရစ်ခ်စပီ-ဝဲလ် ၄၄၉
ရိလစ်ဂျပ်စ် ကွန်ပဲယား စတာ့ဒီး
ဘာသာရေးနှိုင်းယှဉ်ချက် ၄၆၂

ရုဒြ-ဝရ်မ(ရုဒ္ဒဝမ္မ)မင်း ၃၀၂
ရူပဗေဒဝိဘာဝနီကျမ်း ၁၉၃

[ ရ ]

ရေကြောင်းဗိုလ်ကျော့ရစ်ဗစ်စမစ်ဗာဂျင်၁၄၇
ရေခမာ-ကမ္ဘောဒိယနိုင်ငံ ၂၇၄
ရေငုံဆရာတော် ၈၀, ၈၁, ၈၂, ၁၃၀,
၁၃၂, ၁၃၅
ရေတံခွန်တောင်တောရ ၁၉၄
ရေမြှိန်ရွာ ၁၂၈
ရေဝတာဘိကဝိဓဇမဟာဓမ္မရာဇဂုရု ၂၃၀

ရဲတိုင်ခံတပ် ၃၄၀
ရဲဗရင်း ရစ်ချာ့ဒ် မောရစ် ၄၄၁

ရောဘားတ် ကေဇာ ချိက်လဒါး ၄၃၆
ရော်လီရှင်ရဟန်းတို့၏ဝါဒ ၂၇၀
ရိုမန်ကတ်သလိတ် ခရစ်ယာန် ၄၇, ၁၄၁,
၁၅၁, ၁၅၈
ရိုကာကွန်တိုက်နယ်၊ ကမ်မရိယန်းရွာ ၃၂၀
ရိုမန်ကက်သလစ် ခရစ်ယာန်ဂိုဏ်း ၄၅၆
ရိုမန်ကက်သလစ်ဝတ်ကျောင်း ၄၅၉
ရိုမန်ဘာသာ ၄၄၈

ရက်စက်ကြမ်းကြုတ်သောအမှု ၈၇
ရင်ဇယ် ၄၆
ရင်းရဲဆိပ် ၁၁၄
ရင်းရဲတံခါးပြင် ၁၁၄
ရစ်စုဂိုဏ်း ၄၂
ရန်ကုန်ဂျူဗလီယဉ်ကျေးမှုဗိမာန် ၃၇၄
ရန်ကုန်၊ ပုသိမ် ၁၇၈
ရန်ကုန်မင်္ဂလာဒုံလေဆိပ် ၄၁၉
ရန်ကုန်မြို့ ၁၉၈
ရန်ကုန်မြို့၊ သာသနာရိပ်သာ ၄၀၅

[ ရ ]


ရန်ကုန်ရွှေတိဂုံစေတီတော်မြတ် ၃၅၆
ရန်နိုင်မင်း ၁၀၄
ရန်မူး(ရာမူး)မြို့ ၂၆၈
ရန်အောင်မြင်ဘုရား ၇၉
ရိမ်ဟိုလ်ဒ်ရောစ်တ် ၄၃၆
ရုပ်ကမ္ဘူဇမှတ်တမ်း ၂၉၉
ရုပ်တွက်ခြင်း, သရုပ်ခွဲခြင်း ၄၇၁
ရုပ်ရှင်တော်မြတ်မှာ မျက်ရည်ယိုခြင်း ၈၆
ရုပ်လုံးဇာတ်ကားများ ၄၁၇
ရုပ်ဝါဒသမား, ရုပ်ဝါဒအယူများ ၄၅၈
ရုပ်ဝါဒသိပ္ပံ ၄၃၅

ရှာသစ်ကြီး ၇၈
ရှာသူကြီးအန္ဓယ် ၄၆၉
ရှာရစ်စ်တ် ရပ်သျှား ပီတာ ဗာဒ် ၄၇၉
ရှုမြင်မခန်း အံ့ဖွယ်ဆန်းများ ၉၄
ရွှေ့ဝင်္ဂတိုင်း ပါကစ္စတန် ၂၆၄
ရွှေက မဟာယာနသာသနာကြီး ၄၂၀
ရွှေခေတ်အိန္ဒိယ ၄၇၇
ရွှေပုဂံအဆက် အန္ဓယ်ဝံသ ၁၂၉၈
ရွှေဘဝမယ်တော် ၇၇၂
ရွှေဘေးလောင်းတော် ၁၉၆
ရွှေမြန်မာမင်းများ ထုံးတမ်းစဉ်လာ ၂၁၉
ရွှေရာဇဝင်ခေတ် ၂၆၃
ရွှေသီးလုံးဆရာတော်ဘုရားကြီး ၂၀၀
ရွှေဟောင်းစေတီ ပုထိုး ၅၈-ဆူ ၃၆၂
ရွှေဟောင်းနိပါတ်ဇာတ်ဝတ္ထုတော်များ ၃၀၆
ရွှေဟောင်းသုတေသနအထိမ်းအမှတ်နှင့်-
  ကျောက်စာဌာန ၃၆၁
ရွှေဟောင်း အိန္ဒိယမြေပုံကျမ်းကြီး ၄၇၇
ရှင်ဂုဏ်ဂိုဏ်း ၄၄


[ ရ ]


ရှင်ဂုဏ်ရှု ၄၆
ရှင်တိသာသနဓဇ ၈၇
ရှင်တိုဘာသာ ၄၁
ရှင်ပျက်, ရှင်သွမ်း, ရှင်ယောင်များ ၇၃
ရှင်ဘုရင် သိသောဝတ်ဝေါ်နမ်မင်း ၃၅၇
ရှင်ယောင်တစ်ပါး ၆၄
ရှင်ယောင်အရည်းဂိုဏ်း ၆၈
ရှင်ရှု ၄၆
ရှင်ရှုဂိုဏ်း ၄၄
ရှင်သာမဏေလောင်း ၃၄၈
ရှည်လျားသောမှတ်ဆိတ်ကျင်စွယ်များ ၄၅၇

ရှမ်းဂိုဏ်းသံဃာများ ၂၄၂
ရှမ်းစလုံ သိုဟန်ဘွား ၁၃၁, ၂၃၂
ရှမ်းပြည်ထောင်စု ၈
ရှမ်းပြည်ကျမ်းဂန်စာပေပြုဆရာတော် ၂၄၈
ရှမ်းပြည်နယ်နိုင်ငံတောင်တန်းဒေသ ၂၃၉
ရှမ်းဘာသာစာပေများ ၂၄၇
ရှမ်း, မြန်မာ, မလေး, ဆုမတြ, ဂျာဝါး ၂၅၇
ရှမ်း၊ ယွန်း၊ ယိုးဒယား ၇
ရှမ်းလက်ဝှေ့သမားကြီး ၆၉
ရှမ်းသိုဟန်ဘွား၏ ဖျက်ဆီးခြင်း ၈၇
ရှိမ်းမကားဆရာတော် ၂၁၄

ရွှေကျင်ဂိုဏ်း ၁၈၉, ၁၉၂, ၂၀၇, ၃၈၅
ရွှေကျင်ဂိုဏ်း တောရဂိုဏ်း ၂၃၈
ရွှေကျင် ၅-တိုက် ရွှေဦးဖြစ်ပွါး ၁၉၁
ရွှေကျင်ဆရာတော် ၂၀၇, ၂၁၁, ၂၃၈
ရွှေကျင်ဆရာတော်၏ အတ္ထုပ္ပတ္တိ ၂၃၅

[ ရ ]

ရွှေကျင်တောရဆရာတော် ၁၉၀
ရွှေကျင်နိယာမ်ကျမ်း ၁၉၄
ရွှေကျင်ရွာ ၁၉၀
ရွှေကျောင်း ၇၉, ၉၆, ၁၁၂
ရွှေကျောင်းတော်ကြီး ၁၅-ကျောင်း ၃၇၉
ရွှေကျောင်းတော် ၂၇-ဆောင် ၇၉
ရွှေကျောင်း၊ အာရာမ်ကျောင်းတော် ၆၀
ရွှေကြက်ယက်စေတီတော် ၁၁၇
ရွှေ, ငွေ စသော ဥစ္စာစပါး ၃၂
ရွှေ, ငွေ အနာမာသ ၃၅၁
ရွှေစေတီတော် ၁-ဆူ ၃၅၆
ရွှေစည်းခုံ ၉၉
ရွှေတိဂုံဆံတော်ဓာတ် စေတီတော်မြတ် ၂၁
ရွှေတိဂုံစေတီတော်ရင်ပြင် ၂၂၁
ရွှေတိဂုံစေတီတော်မြတ်ကြီး ၁၇၈
ရွှေတူးရှင်းကိုင်ကာ ၉၉
ရွှေတံခွန် ၁၁
ရွှေတောင်ဆရာတော် ၁၆၄, ၂၃၄
ရွှေတောင်၊ ငွေတောင် ၁၈၁
ရွှေထီး, ရွှေနန်း သိမ်းမြန်း ၁၉၆
ရွှေဓာတ်တော် ၁၄
ရွှေနန်းကြော့ရှင် ဘုရင်နရပတိ ၉၃
ရွှေနန်းကြော့ရှင် ၈၇
ရွှေနန်းတော် ၉၉
ရွှေနန်းတော်ကျောက်စာ ၃၃၃
ရွှေပန်းတောရ ၂၀၅
ရွှေပြည်ဆရာတော် ၂၀၂
ရွှေပြည်ဝင် ၂၅၀
ရွှေဖယောင်းတိုင် ၁၁

[ ရ ]

ရွှေဖောင်တော် ၇၈
ရွှေဘိုမင်း ၁၇၁
ရွှေမောဓော ဆံတော်ရှင်စေတီတော် ၂၂
ရွှေမော်ဓောစေတီတော် ၂၀၇
ရွှေမော်ဓော သုဓမ္မာဇရပ် ၁၀၅
ရွှေမြို့တော် ၁၈၁
ရွှေမြို့တော် ပုဂံပြည်ကြီး ၂၈၂
ရွှေမြို့တော်သိမ်းပွဲ ၁၇၀
ရွှေယင်မျှော်ရွာ ၁၁၇
ရွှေရင်တော်ဖြင့် ၃-ကြိမ်ပွေ့ ၃၈၃
ရွှေရေးဆောင်ကျောင်းဆရာတော် ၁၅၅
ရွှေရေး ပိဋကတ်တော် ၁၆၄
ရွှေရေး၊ မင်ရေး၊ ကညစ်ရေး ၁၈၆
ရွှေရေး၊ မင်ရေးအက္ခရာတင် ၁၈၀
ရွှေရေးအက္ခရာ ၁၇၀
ရွှေလည်မဲဇာတောင် ၁၉၈
ရွှေလွှတ်တော်သိမ်းပွဲ ၁၇၀
ရွှေသရဖူဆောင်းခြင်း ၁၄၁
ရွှေသားရုပ်ပွါးတော် ၃၅၆
ရွှေအုတ်မြစ်များ ၉၉
ရွှေဥမင် ၈၈
ရွှေဥမင်ဆရာတော် ၁၀၇
ရွှေဥမင်ဆရာတော် အရှင်ဇမ္ဗုဓဇမထေရ် ၁၀၆

[ လ ]

လက္ခဏာစိတြယောဇနာ ၂၁၈
လက္ခနောင်မြို့ ၄၅၀
လက္ခနောင်ယူနီဗာစိတီ ကန်းနင်းကောလိပ် ၄၅၁

[ သ ]


သာသနာ့လင်္ကာရစာတမ်း ၈၉, ၉၁, ၉၆, ၁၀၂, ၄၇၈
သာသနာ့လင်္ကာရမှတ်တမ်း ၁၀၁
သာသနာ့လင်္ကာရသဒ္ဓမ္မာဘိဝံသကဝိဓဇ-
မဟာဓမ္မရာဇာဓိရာဇဂုရု- ၂၁၃
သာသနာ့ဝင်မှတ်တမ်း ၉၆
သာသနာ့ဝံသ ၄၇၈
သာသနာ ၂,၀၀၀-ကျော် ၃၆
သာသနာ ၂,၂၀၀-ကျော်ခေတ်အတွင်း ၃၆
သာသနာ ၂,၂၈၆-ခုနှစ် ၃၇
သာသနာ ၂,၄၀၀-ကျော် ၃၆
သာသနာ ၂,၄၅၅-ခုနှစ် ၃၇
သာသနာ့သမ္မုတိနတ် ၃၂၃
သာသနာ့အညစ်အကြေး ၃၄
သာသနာ့အတ္ထုပ္ပတ္တိ ၃၂၀
သားငှက်တိရစ္ဆာန်အပေါင်း ၂၉၂
သားတော်ကြီး စောရွှေသိုက် ၂၅၃
သားတော်ကြီး ဥပရာဇာ ၁၀၀
သားတော်သီပေါမင်းတရားကလေး ၂၀၉

သိက္ခာကာမ ၁၉၇, ၂၀၈
သိက္ခာသစ် တင်ယူကြကြောင်း ၂၇
သိက္ခာ ၃-ပါး ၁၅
သိကြားမင်း သေကြောင်း ၇၄
သိင်္ဂုတ္တရကုန်းတော် ၁၇၈, ၃၇၇
သိတက္ကနွာအရပ် ၃၉၂
သိတဝကမြို့တော် ၁၄၃, ၁၄၄
သိတဝကအရပ် ၁၄၁
သိန္ဓု ၁၀၀


[ သ ]


သီတဝက ၁၄၃
သီရိဘဝဒေဝ ၂၆၃
သီလာဘနကျောင်းတော်ကြီး ၂၆၃
သီဝဗိသျှဏုကျောင်းကြီး ၅၄
သီဃကောဝါဒကျမ်း ၂၁၁
သီဃာနုသီဃ ၁၉၃

သီပေါစော်ဘွားကြီး ၂၂၉
သီပေါမင်းတရားလေး ၁၉၆
သီပေါအုန်းဘောင်စော်ဘွားကြီး ၂၅၄
သီပေါအုန်းဘောင်နယ်ကြီး ၂၅၃
သီဗလိင်္ဂ ၃၀၁
သီမာလင်္ကာရ ၉
သီမာလင်္ကာရသင်္ဂဟ ၉
သီမာသင်္ကာရဝိနိစ္ဆယကျမ်း ၁၉၃
သီမာသမူဟနကံ ၂၄
သီမာသမ္ဗတ္တိလက္ခဏာ ၉
သီမာသမ္ဘေဒ- အဗ္ဗောဟာရ ၂၄
သီမာသမ္မုတိကံ ၉
သီရိခေတ္တရာ ၉၆, ၉၇
သီရိခေတ္တရာပြည်ဆရာတော်ဘုရားများ ၂၃၄
သီရိစန္ဒရသာမိ ၁၇
သီရိဝိဇယရာဇသီဟမင်း ၁၅၆
သီရိဉာဏမထေရ် ၂၆၁
သီရိတြိဘဝနဗြဟ္မအဂ္ဂဓမ္မရာဇာဓိ
ရာဇာမဟာဒေဝီ ၃၇၇
သီရိတြိဘုဝနာဒိတျာပဝရပဏ္ဍိတ-
မဟာဓမ္မရာဇာဓိရာဇာ ၁၇၀
သီရိဓမ္မမဟာရာဇာဓိပတိ ၉၂

[ သ ]


သီရိဓမ္မရာဇမြို့ ၂၇၅, ၂၈၄, ၂၈၅
သီရိပရမ မဟာဓမ္မရာဇာဓိရာဇာဘွဲ့ ၈, ၃၄
သီရိပဝရမဟာရာဇိန္ဒာဓိပတိရတနာဒေဝီ ၁၈၁
သီရိပရမာလင်္ကာရ ဓဇမဟာဓမ္မရာဇာဓိ-
ရာဇဂုရု ၁၈၃
သီရိပဝရာဒိတျလောကာဓိပတိဝိဇယ-
မဟာဓမ္မရာဇာဓိရာဇာ ၁၇၄
သီရိပဝရဝိဇယာနန္တယသပဏ္ဍိတ မဟာဓမ္မ-
ရာဇာဓိရာဇာ ၁၈၁
သီရိပါဒကျောင်းတိုက် ၁၄၇
သီရိပါဒ စေတီတော် ၁၄၄
သီရိပုညဝါသီ မထေရ်၊ အရှင် ၆၀
သီရိမာမြစ်ဖျား ၃၈၁
သီရိဝိဇယခေတ် ၂၇၄, ၂၇၆, ၂၈၅
သီရိဝိဇယခေတ် ၂-ခု ၂၇၆
သီရိဝိဇယနိုင်ငံ ၂၇၄, ၂၇၅, ၄၀၃
သီရိဝိဇယမင်းတရား ၂၇၅, ၄၀၂
သီရိဝိဇယယူနိဗာစိတီကျောင်းတော် ၄၀၂
သီရိဝိဇယရာဇသီဟမင်း ၁၅၁, ၁၅၂
သီရိဝနရတနသာမိ ၁၇
သီရိဝဍ္ဎနရတနသာမိ ၁၇
သီရိဝိက္ကမရာဇသီဟမင်း ၁၅၆, ၁၆၁
သီရိလင်္ကာရာမကျောင်း ၃၉၉
သီရိသဒ္ဓမ္မာလင်္ကာရမထေရ်၊ အရှင် ၇၈, ၇၉
သီရိသီဟဠမဟာသာမိမထေရ်၊အရှင် ၇၈, ၇၉
သီရိသံဃဗောဓိ ၁၆
သီရိသံဃဗောဓိပရက္ကမဗာဟု ၁၀, ၂၂, ၁၅၇
သီရိသံဃဗောဓိသာမိမထေရ်၊ အရှင် ၂၃


[ သ ]


သီရိသုဓမ္မတိလောကပဝရမဟာဓမ္မ-
ရာဇာဓိရာဇာ ၁၇၇
သီရိသုဓမ္မရာဇာ မဟာဓိပတိ ၁၀၅
သီရိအနုရုဒ္ဓ၊ အနော်ရထာမင်းတရားကြီး ၅၈
သီလက္ခန်ဋီကာသစ်ကျမ်း ၁၆၅
သီလဂုဏ် ၈
သီလဘဒြမဟာထေရ်၊ အရှင် ၂၆၁
သီလရင်ကျောင်းတိုက်ကြီးများ ၃၅၀
သီလရင်ပြုပွဲကြီး ၃၄၉
သီလဝန္တပဋိပတ္တိမာမက ၁၉၁
သီလဝန္တမထေရ်မြတ် ၃၃
သီလဝန္တရဟန်းသံဃာ ၂၀၈
သီလဝိသောဓနီကျမ်း ၁၆၇, ၁၉၄
သီလဝန်, ဂုဏဝန်မထေရ် ၉၂
သီလသာရ၊ ကိုရင် ၂၀၅
သီလသိက္ခာကို ရိုသေလေးစား ၃၃
သီလသိက္ခာ ဒေသနာအယူအဆ ၂၁၈
သီဝ, ဗိသဏု အထိမ်းအမှတ်ရုပ်ပွား ၄၄၄
သီဝလိမထေရ်၊ အရှင် သီဟိုဠ်ဂိုဏ်း ၂၃၁
သီဝလိ၊ အရှင် ၁၂, ၁၅
သီဟ (ဆိန်ဟ) ဘွဲ့ဂုဏ်ထူးများ ၂၆၀
သီဟရာဇာမင်း ၃၇၂
သီဟသူ ၅၈, ၅၉
သီဟသူရမဟာဓမ္မရာဇာဘွဲ့ ၉၉
သီဟဠ ၅
သီဟဠဒီပဝိသုဒ္ဓသာမိ ၁၇
သီဟဠောဝါဒသန္ဒေသကထာကျမ်း ၁၉၅
သီဟိုဠ်ကျွန်း ၂၆, ၂၇, ၃၃, ၅၆,
၁၃၈, ၁၉၄, ၁၉၈, ၂၈၃, ၃၂၅

[ သ ]


သီဟိုဠ်ကျွန်း၊ မလယတိုင်း ၁၈၈
သီဟိုဠ်ကျွန်း မဟာဗောဓိအသင်း ၃၉၈
သီဟိုဠ်ကျွန်း မဟာဝိဟာရဝါသီဂိုဏ်း ၂၅
သီဟိုဠ်ကျွန်း ရာမညဂိုဏ်းသိက္ခာ ၂၆၈
သီဟိုဠ်ကျွန်း၊ သီရိဝဍ္ဎနမြို့ ၁၅၅
သီဟိုဠ်ကျွန်း၊ အနာဂါရိကဓမ္မပါလ ၄၄၄
သီဟိုဠ်ကျွန်း အနုရာဓမြို့တော် ၃၆၉
သီဟိုဠ်ဂိုဏ်း သံဃာတော်များ ၉၆
သီဟိုဠ်, ဆုမဂြာ, ဂျာဝါး ၄
သီဟိုဠ်ဘုန်းကြီးကျောင်း ၄၀၆
သီဟိုဠ်မဟာဝိဟာရဝါသီဂိုဏ်းအနွယ် ၁၂၆
သီဟိုဠ်မင်းတရားကြီး ဘုဝနေကဗာဟု ၁၈
သီဟိုဠ်မင်းများ၏ အနွယ်ဝံသ နောက်ဆုံး၁၅၁
သီဟိုဠ်မင်းရိုးများ ၁၆၁
သီဟိုဠ်မြေပုံကျမ်းများ ၄၃၃
သီဟိုဠ်, မြန်မာ, ယိုးဒယား ၃၄၅, ၄၂၂
သီဟိုဠ်, ယိုးဒယား ၃၈၄, ၄၀၃
သီဟိုဠ်ရဟန်းတော် အရှင်အစ္ဆနန္ဒ-
  မင်္ဂလာမထေရ် ၃၉၉
သီဟိုဠ်ရဟန်းတို့၏ဝိနည်းသိက္ခာ ၂၈၃
သီဟိုဠ်ရာဇဝင် ၄၃၃
သီဟိုဠ်ရေးဋီကာ ၄၃၃
သီဟိုဠ်ရောက်ကြီး ၇၉
သီဟိုဠ် ရောက်ငယ် ၇၉
သီဟိုဠ်ရောက် မထေရ် ၂-ပါး ၇၈
သီဟိုဠ်ရောက် အရှင် ၁၄-ပါး ၂၄
သီဟိုဠ်လက်ာဒီပကျွန်း ၃၅၆
သီဟိုဠ်သျှာမနိကာယ ၂၄၂
သီဟိုဠ်အရှင်အရိယဝံသ ၄၀၃
သီအိုရိခေါ် ဗုဒ္ဓဝါဒ-ဗုဒ္ဓမတိ ၄၄၂


[ သ ]


သီအိုဆိုဖိဘာသာ ၄၃၅
သီအိုဆိုဖိအသင်း ၄၃၄
သီအိုဆိုဖစ်အဒယာတော် ၄၃၄
သီအိုရီရှိလျှင်ပရက်တီကယ်လိုက် ၄၅၂
သီအိုရိဝါဒ ဥပပတ္တိ ၄၅၀
သီးလုံးဆရာတော် ၁၇၅, ၂၃၅, ၂၃၈
သီးလုံးတောရ အရှင်စန္ဒိမာလင်္ကာရ ၁၉၀

သုခဝတီဈာန်ဂိုဏ်း ၄၀
သုခေါ်ထိုင်းခေတ် ၂၈၃, ၂၉၉
သုခေါ်ထိုင်း စက္ကရီ ၂-ခေတ်လုံး ၂၈၄
သုခေါ်ထိုင်း နေပြည်တော်ကြီး ၂၈၃
သုခေါ်ထိုင်းနိုင်ငံ ၂၇၁, ၂၈၅, ၃၀၅
သုခေါ်ထိုင်း၊ ချေမ်းထိုင်းနိုင်ငံ ၂၈၄
သုဇာတာဘိသိရိဓဇဓိပတိပဝရ-
  မဟာဓမ္မရာဇာဓိရာဇဂုရု ၂၀၁
သုတ္တနိပါတ-ဥရဂသုတ် ၄၄၉
သုတ္တနိပါတ်ပါဠိတော်, အဋ္ဌကထာ ၁၈၄
သုတ္တသင်္ဂဟနိဿ ၁၂၂
သုတ္တန်ပါဠိတော်များ ၄၇၆
သုတ္တန်၊ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ ၂၂၀
သုဒဿနဓဇအတုလဓိပတိသိရိပဝရ-
  မဟာဓမ္မရာဇာဓိရာဇဂုရု ၂၂၃
သုဒဿနမင်းတရားကြီး ၂၉၂
သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိ-
  ရာဇဂုရု ၁၈၃
သုဓမ္မစာရီမထေရ်၊ အရှင် ၂၃၃
သုဓမ္မပူရ-သထုံပြည် ၅၈, ၁၃၄,
  ၃၇၀, ၃၇၂
သုဓမ္မပူရ-သထုံ သုဝဏ္ဏဘူမိခေတ် ၃၇၄

[ သ ]


သုဓမ္မပူရ-သုဝုမ်၊ သဝုမ်-သထုမ်ပြည် ၂၈၇
သုဓမ္မမဟာသာမိမထေရ်၊ အရှင် ၆၀, ၆၂
သုဓမ္မသာမိမထေရ်၊ အရှင် ၁၂၆, ၁၂၉
သုဓမ္မာဂိုဏ်း ၁၉၂, ၂၀၈, ၃၈၅
သုဓမ္မာဆရာတော် ၂၀၈, ၂၁၆
သုဓမ္မာ ဆရာတော် ၈-ပါး ၁၉၉, ၂၀၀
သုဓမ္မာဇရပ် ၁၂၄, ၁၈၁
သုဓမ္မာရာမသာမိမထေရ်၊ အရှင် ၂၄
သုဓမ္မာလင်္ကာရ၊ အရှင် ၆၀, ၁၂၇
သုဓမ္မာအဖွဲ့ဝင်တံဆိပ်ရဆရာတော်၈-ပါး၁၉၂
သုနန္ဒ၊ အရှင် ၁၁၆
သုနန္ဒရာဘိဝံသ၊ အရှင် ၄၇၃
သုပတိတ္ထစေတီ ၃၇၉
သုပ္ပဋိစ္ဆန္နသိက္ခာပုဒ် ၁၁၆, ၁၂၁
သုဖန္နဘူရိမြို့ ၂၇၇
သုမင်္ဂလ၊ အရှင် ၁၅
သုမတြဒိပ (ဆူမတြာကျွန်း) ၃
သုမန၊ အရှင် ၁၅
သုမိတ္တ ၄၀၁
သုမိတ္တကျွန်း ၄၀၁
သု-ရင်-လ-အို မထေရ်၊ အရှင် ၃၃၇
သုဝဏ္ဏဒိပ ၄၀၃
သုဝဏ္ဏဘူမိတိုင်း ၂, ၃, ၅, ၁၃၄, ၂၈၇
သုဝဏ္ဏဘူမိတိုင်း၌ာန နိုင်ငံ ၁-ခု ၃၃၀
သုဝဏ္ဏဘူမိနယ်မြေ၌ာန ၂၇၁
သုဝဏ္ဏဘူမိမြို့တော်ကြီး ၃၇၂
သုဝဏ္ဏဘူမိ ရွှေမြေဒေသ ၃၅၄
သုဝဏ္ဏဘူမိသာသနာ ၂၃၁
သုဝဏ္ဏဘူမိသာသနာပြု၌ာန ၃၅၅
သုဝဏ္ဏဘူမိ အသောကမင်းတရား ၂၇၁


[ သ ]


သုဝဏ္ဏသောဘဏာမထေရ်မြတ်၊ အရှင် ၂၆
သုဝဏ္ဏသောဘနမထေရ်၊ အရှင် ၂၈
သူခိုးကဲ့သို့ ၃-ကြိမ်တိုင်အောင် ၁၂၄
သူခိုးကြီး တေက်ပြား ၇၂
သူဌေးကန် ၁၁၅
သူဌေးသမီး သုဘဒ္ဒါ ၃၇၅
သူရဋ္ဌတိုင်း ၂
သူရသဓာနိမြို့နယ် ၂၇၄
သူရာဝိနိစ္ဆယကျမ်း ၁၁၈
သူရိယဝမ္မမင်းတရား ၂၉၂
သူရိယာဝံသာဘိသီရိပဝရာလင်္ကာရဓမ္မ-
သေနာပတိမဟာဓမ္မရာဇာဓိဂုရု ၁၇၄,၂၃၃
သူရိယ၊ အရှင် ၂၂၅, ၂၃၃
သူရှင်တကာရွှတ်ပိ ၃၇၉

သေကြူးသောသူ ၃၀
သေနာရတန၊ ဘုန်းကြီး ၁၄၇
သေနတ်ဝန်ကြီးဆရာတော် ၁၈၆
သေရမြဓမ္မတာ ၁၇၂
သဲအင်းဆရာတော် ၁၇၄, ၁၇၇, ၂၃၃

သောက္ကတဲမင်း ၃၇၅
သောဏမထေရ်၊ အရှင် ၁၃၈, ၂၇၂,
၂၈၇, ၃၀၃, ၃၅၄, ၃၇၁
သောဏုတ္တရ၊ အရှင် ၁၅
သောတာပန်နတ် ၉၉-ပါး ၁၁၁
သောနေဂိုဏ်း ၂၄၁, ၂၄၃, ၂၄၆
သောဘနမထေရ်၊ အရှင် ၂၇

[ သ ]


သောမပူရ်အရပ် ၂၆၂
သံကိလိ၊ ဟိန္ဒီဘုရင် ၁၄၂
သံခမောက်ဆောင်း, သံချပ်ဝတ် ၁၄၀
သံဂါယနာတင်ပွဲ သဘင်တော်ကြီး ၃၆၃
သံဃပါလမထေရ်၊ အရှင် ၂၇၃, ၃၀၂
သံဃမဟာနာယကဆရာတော် ၃၈၅
သံဃရာဇာ ကျောင်းတိုက် ၃၉၀
သံဃရာဇာဂိုဏ်း ၇၃, ၂၆၈, ၃၈၅
သံဃရာဇာမဟာသုမေဓာဓိပတိဂဏမဟာ-
နာယက သာသနာပိုင်ဆရာတော် ၃၁၉
သံဃရာဇာသာရမေဓာ၊ အရှင် ၂၆၇, ၂၆၈
သံဃရာဇာသာသနာပိုင် ၁၇၇, ၃၁၅,
၃၅၇, ၃၈၅
သံဃရာဇာသာသနာပိုင်ဆရာတော်
မြတ်၏ အဖြစ်တော်စဉ် ၃၈၇
သံဃရာဇာ သုမေဓာဓိပတိ၊ အရှင်
သာသနာပိုင်ဆရာတော်ဘုရားကြီး ၃၂၅
သံဃရာဇာ အရှင်သာရမေဓာ ၃၉၃, ၃၉၆
သံဃရာဇာအာစရိယပုဏ္ဏာစာရ၊ အရှင်၂၆၉
သံဃရက္ခိတ၊ အရှင် ၂၄
သံဃဥပုသ်ကံ ၄၁၁
သံယာ့တက္ကသိုလ် ဗဟိုပညာရေးဌာန ၃၂၇
သံဒဆ ပရိမဟာခတ္တိယာနိကုသုမနာရိရတနာ၃၁၃
သံဒဆ ဘဒန္တမဟာသုမေဓာဓိပတိ-
သံဃနာယကဂဏမဟာနိကာယ ၃၂၃, ၃၂၄
သံဒေဆပရိ သုမေ္မာဓိပတိ ဣန္ဒဉာဏော ၃၂၈
သံဒေဆဘဒန္တ မဟာသုမေဓာဓိပတိ မဟာ-
နာယကသံဃရာဇာသာသနာပိုင်ဆရာတော်၃၆၃
သံတော်ဆင့် မင်းလှ သီရိဇေယျသူ ၁၈၃
သံတော်ဆင့် မိုင်းခိုင်မြို့စား-
မဟာသီရိဇေယျသူ ၁၈၇


[ သ ]


သံယုတ္တ ၄၄၀
သံယုတ္တနိကာယ ၄၄၁
သံယုတ္တနိကာယ် ၅-ကျမ်း ၁၈၄
သံယုတ်ပါဠိတော် ၄၅၁
သံလျက်ခုံဖြစ်သော မြစ်ဆုံ ၇၁
သံလျင် ၁၆၈
သံဝဏ္ဏနာ ၆-ပါး ၂၁၂
သံဝါသ, သံဘောဂ ၂၀၃
သံဝါသ, သမ္ဘောဂ ဝိနည်းကံ ၂၀၇
သံသရာမှ လွတ်မြောက်ရာနိဗ္ဗာန် ၄၅၇

သိုဟန်ဘွား ၈၅, ၉၈
သုံ့ပန်းအကျဉ်းသား ၃၃၈

သည်ယန်းဂ် ဗုဒ္ဓစ်စ်တ် အက်ဇိုဇီယေးရှင်း
ဗုဒ္ဓဘာသာလူငယ်အသင်း ၄၂၇
သည် လိုက်တ် အော့ဖ် အေရှား ၄၅၂
သည် ဝပ်ဒ် အော့ဖ် ဗုဒ္ဓ (ဗုဒ္ဓစကားတော်)၄၃၄,၄၅၄
သည်းခံတော်မူရခြင်းအကျိုး ၁၇၆

သက်တော် ၆၀-တွင် နတ်ရွာစံ ၇၉
သက်တောင်နယ်ပယ် ၃၉၃
သက်တောင်ဘုရင်မ ကလင်ဒီ ၃၉၇
သက်ထောင်-ဖလံထောင်-ဗိုလ်မင်းထောင်၃၉၄
သက်ပန်းမြင်စိုင်း ၆၀
သက်လွတ်ဟင်းလျာ ၂၄၃
သက်သတ်လွတ် ဆွမ်းဟင်းလျာ ၄၀၉
သင်ရိုးအဋ္ဌကထာကြီး ၃-ကျမ်း ၂၂၀
သစ်ဆိမ့်ကြီးဆရာတော် ၁၈၃
သစ်သား စေတီတော်ကြီး ၄၅

[ သ ]


သန်မြင်စွာ ၆၃
သိပ္ပံပညာဖြင့်အစစ်ခံနိုင်သောဘာသာရပ် ၄၂၉
သိမ်တော် ၁၈၁
သိမ်မွေ့ခြင်း, သည်းခံခြင်း၊ ဂုဏ် ၂၄၃
သိမ်သမုတ်ရဟန်းပြုပွဲ ၄၁၀
သိမ်သမုတ်ခြင်း ၄၁၅
သိမ်၏စင်ကြယ်ခြင်း ၉

သုတ်မဟာဝါ အဋ္ဌကထာနိသျ ၁၂၂
သိုက်၊ တပေါင်၊ စနည်း ၁၇၀

သျှာမနိကာယ ၁၅၆
သျှာမနိကာယသျှမ်းဂိုဏ်း ၁၅၃, ၁၅၉, ၁၆၁
သျှာမရဋ္ဌ ယိုးဒယားပြည် ၁၅၆, ၁၅၉
သျှာမ်းဂိုဏ်းသာသနာ ၁၅၃
သျှင်ချို၊ တရုတ်ရဟန်းတော် ၂၅၆


[ ဟ ]


ဟဂျန်ပုရုတ်၊ ဟိန္ဒူဘုရင် ၄၀၃
ဟန္ဒိုင်မြို့တော် ၃၂၁, ၃၃၇, ၃၄၆
ဟဗရမာဂရီးလူမျိုးများ ၂၇၀
ဟရိဘုဥ္စ-ဇင်းမယ်ပြည် ၂၇၂
ဟရိဘုဥ္စတိုင်း ၂၇၃, ၂၉၆, ၂၉၉
ဟရိယုကေသက္ကသိကေသ ၂၉၆
ဟင်္သာကုန်းတောရ ၂၀၆
ဟင်္သာတရေလယ်ဆရာတော် ၂၁၈
ဟာဗားဒ်အရှေ့နိုင်ငံစာပေစဉ် ၄၄၀
ဟာဝေယန်, ဟိုနိုလူလူ ၄၆၃
ဟာဝေယန်ကျွန်း ၄၅၈
ဟာဝေယန်စိန်ဖရန့် ၄၅၈

ဟိတောပဒေသ ၄၄၈
ဟိမဝန္တာတိုင်း ၄
ဟိမဝန္တာတိုင်းနယ်များ ၃
ဟိမဝန္တာနိုင်ငံ ၄၇၈
ဟိမာလယတိုင်း ၄
ဟိမာလယတိုင်းနယ် ၃၆၄, ၃၆၉
ဟိအိတောင် ၄၃
ဟိန္ဒူဘာသာ ၄၁, ၁၄၄, ၁၅၁, ၃၀၄, ၄၃၄
ဟိန္ဒူဘာသာကျမ်း ၄၇၃
ဟိန္ဒူဗြာဟ္မဏ အယူဝါဒများ ၂၆၆
ဟိန္ဒူအယူဝါဒရှိသူ ကုန်သည်ကြီးများ ၄၀၀
ဟိန္ဒူ, မူဆလင် ဗုဒ္ဓဘာသာ ၃၉၃
ဟိန္ဒူလေ့လာ ၄၇၅
ဟိန္ဒူများ၏ ဘာသာဝါဒများ ၂၈၉
ဟိန္ဒူအယူဝါဒများ ၂၉၀
ဟေမမာလာမင်းသမီး ၁၉, ၅၅

ဟံသာဝတီဆင်ဖြူများရှင်မင်းတရား ၈၉, ၉၅, ၉၆, ၁၃၁, ၁၃၆
ဟံသာဝတီနေပြည်တော် ၂၂, ၃၀, ၃၁, ၉၇
ဟံသာဝတီ ၂၀, ၂၁, ၇၆, ၈၀, ၉၆, ၂၀၄
ဟံသာဝတီ ငါးဆူဒါယကာ ၉၀
ဟံသာဝတီဆင်ဖြူရှင် မိဖုရားဆရာ ၁၂၇
ဟံသာဝတီဆင်ဖြူရှင် မြေးဆရာ ၁၂၇
ဟံသာဝတီ၊ မုတ္တမ၊ ရာမညတိုင်းခရိုင် ၁၃၃

[ ဟ ]


ဟံသာဝတီ ရာမညတိုင်း ၁၅၆
ဟံသာဝတီရောက်မင်း ၁၁၈
ဟံသာဝတီ ၃၇၉, ၃၈၀

ဟိုစိုရှု ၄၆
ဟိုနင် ဆရာတော် ၄၅
ဟိုနိုလူလူ ၄၅၈
ဟင်နရီကလပ်က်ဝါရင်း ၄၆၀
ဟန်းဘားလ်မြို့ ၄၅၅
ဟိုက်ကိုတ်ဗုဒ္ဓဘာသာအသင်းကြီး ၄၅၆
ဟောင်ကောင်ကျွန်း ၄၀၀
ဟိုင်းကြီးကျွန်း ၁၆၈
ဟုတ်စိုဂိုဏ်း ၄၂


[ အ ]


အကုပ္ပဌာနာရဟာ ၉
အက္ခရာ, ပုဒ်, ပါဋ္ဌ ကျနစွာ သင်ကြား ၃၁
အက္ခရာ၊ ပုဒ်၊ ပါဋ္ဌ၊ ပုဒ်သေး၊ ပုဒ်မ ၁၈၆
အက္ခရာ ၁-လုံးလျှင် အသံ ၆-မျိုး ၂၄၇
အကောက်ဝန်ဆရာတော် ၂၀၂
အကျော်တန်းအောင်မြင် ၄၄၆
အကျိုးအနဋ္ဌရှိသောစာအုပ် ၄၃၁
အကျင့်သီလဂုဏ် ၂၀၉
အကြီးအမှူးအစည်းအရုံး(ကောင်ဆယ်)၃၁၀
အကြွင်းမဲ့ ဗုဒ္ဓဘာသာ ၄၅၂
အခန်းဌာန ၉-ခု ၃၁၅
အခိုက်ရွာတောရ ၂၀၆
အချိန်-၃,၀၀၀-ပမာဏ၊ ခေါင်းလောင်း ၁၈
အချုပ်အလုပ်, ဇာထိုး၊ ပန်းထိုး ၃၅၀
အခြားခရစ်ယာန်ဝတ်ကျောင်း ၄၅၉
အခြားပြာဟ္မဏအယူဝါဒ ၂၆၆
အခြေခံပါဠိနှင့်သက္ကတဘာသာရပ်များ၄၃၀
အခြေခံ မူလသင်တန်းဘာသာ ၄၇၀
အခြေခံဥပဒေများ ၃၀၈
အခွန်တော် ၁-သောင်းထွက်သောဥယျာဉ်၉၇
အဂ္ဂမဟာလင်္ကာရ ဆရာတော်၊ အရှင် ၁၁၂
အဂ္ဂမဟာလင်္ကာရ၊ အရှင် ၁၁၃,၁၉၀,၂၃၇
အဂ္ဂပဏ္ဍိတမထေရ်၊ အရှင် ၂၃၆
အဂ္ဂမဟာပဏ္ဍိတ၊ ဆရာတော်ဦးဉာဏုတ္တရ ၄၀၅
အဂ္ဂမဟာပဏ္ဍိတတံဆိပ် ၂၂၄
အဂ္ဂမဟာပဏ္ဍိတ,ဒီ-လစ်တ်ဘွဲ့ကြီး ၂-တန် ၂၂၆
အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ၄၀၅
အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ၂၂၉
အဂ္ဂမဟာပဏ္ဍိတ၊ သီဟိုဠ်ဆရာတော် -
အရှင်အာနန္ဒမေတ္တေယျ ၄၀၅
အဂ္ဂမဟာပဏ္ဍိတ၊ အရှင်သေဋ္ဌိလ ၄၂၀
အဂ္ဂဝံသမထေရ်၊ အရှင် ၂၃၆
အင်္ဂရိ-တာရ ၂၇၀
အင်္ဂတိုင်း ၂၅၅
အင်္ဂပူ, ဟသ်ာတ, ဇလွန်, မနေဖြူ ၂၁၆
အင်္ဂလန်နိုင်ငံ ၄၃၃
အင်္ဂလန်ပြည်ရှင် ရှင်ဘုရင် ၂၀၁
အင်္ဂလန်ပြည်၊ လန်ဒန်မြို့တော် ၄၄၅
အင်္ဂလန် ဗုဒ္ဓဘာသာအသင်းကြီး ၄၄၃
အင်္ဂလန် သာသနာအကြောင်း ၄၅၂
အင်္ဂလိပ်ခေတ် ၂၂၃
အင်္ဂလိပ်ပြဿနာ ၁၅၄
အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီများ ၁၆၈

[ အ ]

အင်္ဂလိပ်-မြန်မာအဘိဓာန်ကျမ်း ၁၆၉,၄၆၀
အင်္ဂလိပ်-မြန်မာ စစ်ပွဲအတွင်း ၃၈၇
အင်္ဂလိပ် ဘာသာ ၄၄၈
အင်္ဂလိပ်ဘာသာကို (ဟိုက်ရှဒ်ရီဒါး) ၄၇၅
အင်္ဂလိပ်ဘုရင် ၁၉၇
အင်္ဂလိပ်လူမျိုးများ ၄၀၀
အင်္ဂလိပ်၊ ဟိန္ဒီ၊ အူရဒူ၊ တာမ်မီလ် ၄၃၄
အင်္ဂလိပ်ဘုရင်များ အာဏာ ၅၆
အင်္ဂလိပ်များနှင့် ရန္တပိုစာချုပ် ၁၆၉
အင်္ဂါချို့ယွင်းသောသူ ၂၉
အင်္ဂုတ္တရ ၄၄၀
အင်္ဂုတ္တရနိကာယ ၄၃၃, ၄၄၁
အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း ၁၈၄
အင်္ဂုတ္တိုရ်ပါဠိတော် ၁၇၇, ၄၅၁
အဇန္တာ အဇန္တခေတ် ၂၈၉
အစိုးရဘွဲ့တံဆိပ်တော်ရ ရာဇဂုဏ ၃၀၉
အဆက်အနွယ်ဝံသမှာ ၁၀-ဆက် ၁၂၅
အဇပါလစေတီ ၃၇၉
အဇာတသတ္တုမင်း ၁၈၈
အညာသိဟတော စေတီတော် ၁၉၈
အဋ္ဌကထာနိသျည်း ၁၇၇
အဋ္ဌကထာ ၃-ကျမ်း စာချတန်း ၄၇၃
အဋ္ဌကထာကျမ်းပြု ဆရာ၊ အရှင် ၁၉
အဋ္ဌင်္ဂသီလ(၈-ပါးသီလ) ၄၅၆
အဋ္ဌင်္ဂဥပေါသထ ၈-ပါးသီလ ၄၀၆
အဋ္ဌသာလိနီဂဏ္ဌိကျမ်း ၁၁၈
အဋ္ဌသာလိနီစိတ္တုပ္ပါဒကဏ္ဍ ၄၇၂
အဋ္ဌသာလိနီအဋ္ဌကထာကျမ်းဦး ၁၀၆
အတုမရှိကျောင်းတော် ၁၈၁
အတုလဆရာတော်ဦးပန်းထွေး ၁၂၃

[ အ ]

အတုလဓိပတိသီရိပဝရဓဇဓမ္မသေနာပတိ-
သာသနာပြုသာသနာပိုင်တံဆိပ်တော် ၁၉၉
အတုလယသဆရာတော် ၂၀၇
အတုလယသ၊ (အလောင်းမင်းတရားဆရာ) ၁၂၅
အတုလဝံသ၊ ရှင် (ကွမ်းမစားချောင်) ၁၂၆
အတုလဝံသ၊ အရှင် ၁၀၄, ၁၂၅, ၂၃၂
အတုလသာသနာပိုင်ဟောင်း ရှင်ယသ ၁၂၄
အတ္တနိယျာတန ၃၄၃
အတ္တနှင့်စပ်သော ပုစ္ဆာများ ၄၅၁
အတ္တဝါဒနှင့် အနတ္တဝါဒ ၄၀၁
အန္တိမဝတ္ထု ၃၂
အတင်ဂိုဏ်း ၁၁၇, ၂၀၇
အတင်ဂိုဏ်း- စူဠဂဏ္ဍိဂိုဏ်း ၁၂၄
အတင်ဂိုဏ်းဆရာ ၁၁၇
အတင်ဂိုဏ်းသားတို့ဝါဒ ၁၂၀
အတင်ဂိုဏ်း အတုလဆရာတော် ၁၁၉
အတင်ဂိုဏ်း, အရုံဂိုဏ်း ၁၆၂
အတင်ဂိုဏ်း, အရုံဂိုဏ်းကွဲပြားခြင်း ၁၁၅
အတင် အရှင်ပါသံသ ၁၁၈
အတင်, အရုံဂိုဏ်းဝိဝါဒပြီးပြတ် ၁၃၃
အတင်-အရုံ မှတ်တမ်းများ ၁၆၇
အတင်, အရုံဝိဝါဒ ၁၂၂
အတတ်ပညာ ဝိဇ္ဇာသိပ္ပ ၈
အတွက်အချက် ဂဏန်းသင်္ချာအတတ် ၃၁၈
အတွင်းဝန် ခန့်ပတ်မြို့စားမင်းကြီး-
မဟာဥဇနာ ၁၈၆
အတ္ထုပ္ပတ္တိစရိတနှင့် ဗုဒ္ဓတရားတော် ၄၃၁
အထက်ကျောင်း ၇၆
အထက်တန်း စာသင်တန်းစာမေးပွဲ ၃၂၀

[ လ ]


လက္ခနောင်း ၄၇၄
လက်ာဒီပကျွန်း ၂
လက်ာဒီပ သီဟိုဠ်ကျွန်း ၂၇၂, ၂၉၅
လက်ာရအကျော် ၃-ပါး ၁၀၅
လက်ာဝံသ ၂၈၈
လက်ာဝံသခေတ် ၂၈၂
လက်ာဝံသသာသနာ ၂၈၃
လက်ာဝံသသာသနာထေရဝါဒ ၂၉၈, ၂၉၉
လက်ာဝံသသီဟိုဠ်သာသနာ ၂၈၅
လက်ာသာသနဝိသုဒ္ဓိကထာကျမ်း ၁၉၅
လက်ာသာသနာ ယဉ်ကျေးမှု ၂၈၃
လက်ျာဘိနန်သူဆရာတော် ၁၀၂, ၁၀၃
လခြမ်းသဏ္ဍာန် ပါလိမန်ဟောကြီး ၄၆၄
လဋ္ဌိပေသလသိက္ခာကာမ ၇၈
လဋ္ဌိပေသလသိက္ခာဂုဏ် ၂၆
လဋ္ဌိသူတော်ကောင်းများ ၁၆၈
လဋ္ဌိသူမွန် ဂုဏဝန်မထေရ်အများ ၁၁၅
လဋ္ဌိအမွန် သီလဝန် ၂၀၇, ၂၀၈
လပြည့်ဝတ်ပြုပွဲ ၄၂၆
လလိတပူရ ဗုဒ္ဓသမိတိအသင်းကြီး ၃၆၈
လလိတဝိတ္ထာရ-တင့်တယ်ခြင်း-
အသရေတော် အကျယ် ၄၃၀
လဝလူမျိုးများ၏နယ်စပ်ကန်ဆေးမြို့ ၂၄၈

လာကမွတ် ၂၀၆
လာပူရိ လမ်းပမ်မြို့ ၂၇၄
လာမဂိုဏ်း ၄၉
လာမဘုန်းကြီး ၄၉
လာမ-သာသနာ ၄၉
လာအိုနိုင်ငံ ၅


[ လ ]


လာ-အို (လော)နိုင်ငံ ၂၉၇, ၃၅၄, ၃၅၇
လာအိုအစိုးရ ကျောက်စာဌာန ၃၆၁

လီမင်းမျိုးများ ၃၃၅
လီအွန်ဖိယား ၄၄၁

လုမ္ဗိနီအဆောက်အအုံများ ၃၆၅
လူတို့အလား ဖောက်ကားရောင်းဝယ် ၃၀
လူထုကြီးကအသက်နှင့်လဲ ၃၈
လူထွက်မယား မဖြစ်ရလို ၁၁၄
လူ, နတ်, နိဗ္ဗာန် ၃-တန် ၄၁၃
လူမျိုးခြားဘေး ၁၅၈
လူမျိုးရေးပါနစ်နာဆုံးပါးသောခေတ်ဆိုး ၁၃၉
လူမျိုးရေးပြဿနာရပ်များ ၁၆၈
လူ့ဘောင်စွန့်ခွါ မြင့်မြတ်ရာသို့ ၃၄၉
လူးဆွန် ၃၉

လေပြင်းမုန်တိုင်း ကျရောက် ၁၈
လေသာကျောင်းဆရာတော် ၉၁
လေဟာပြင်ဆင်းတုတော် ၄၁၈
လေးကျွန်းဆိမ်းဘုရား ၁၃၂
လေးထပ်ကျောင်းတော် ၁၀၅
လေးထပ်ကြီးကျောင်း ၉၁, ၉၉
လေးထပ်ဆရာတော် ၁၀၅, ၁၀၈, ၁၃၆

လဲချားမြို့ ၂၄၉

လောကဓမ္မ ၉၃
လောကဓမ္မ ၂-ဌာန ၁၇၂

[ လ ]


လောကဓာတ်ပညာ ၄၄၂
လောကနှင့်မဆက်ဆံသောရသေ့-
  ယောဂီများ ၄၂၃
လောကမာရဇိန်ကုသိုလ်တော် ၁၈၇
လောကမာရဇိန်စေတီတော် ၁၈၁, ၃၉၆
လောကမှန်ကင်းကျောင်း ၉၀
လောကမှန်ကင်းဆရာတော် ၂၃၄
လောကရေး, ဓမ္မရေး ၃၃၅
လောကသရဖူစေတီတော်ဒါယကာမင်းတရား ၁၃၄
လောကသရဖူဘုရား ၁၂၂
လောကသာရဆုံးမစာ ၇၃
လောကီစာပေ အထွေထွေ ၉၃
လောကီ ဒီပနီကျမ်း ၇၂
လောကီအရာ လက်ာမော်ကွန်း ၂၂၈
လောကုတ္တရာဆရာတော် ၁၁၁
လောကေသရ ၃၀၁
လောနိုင်ငံဗုဒ္ဓဘာသာ ၃၆၄
လောပြည်, လာအိုနိုင်ငံ ၂၈၉
လော့ပ်ဘူရီခေတ် ၁၆-ရာစုနှစ် ၂၇၆
လိုမိုဆိုရတ်စ်ဒီအဲလဘား ၁၄၀

လက်ကောင်းဆရာတော် ၁၁၈
လက်ဆောင်ပဏ္ဏာတော်များ ၁၉
လက်ပံပင်ကြီးတစ်ပင်ပေါက် ၇၂
လက်ဖတင်ဗိုလ်ချုပ်ဒီဝါဒ် ၁၄၇
လက်ရန်းဆင်ကပ် ၁၇၁
လက်သမားအတတ် ၃၀
လောက်ဖရာဘန့် ၂၈၅
လင်းဇင်း ၈၀


[ လ ]


လင်းဒ် အော့ဖ် ဆနိုး ဆီးနှင်းနိုင်ငံ ၄၇၈
လောင်ဂရက်ဆရာတော် ၃၈၄
လောင်ပရာဘန်၊ မင်းနေပြည်တော် ၃၅၆
လောန်ပရာဘန်မြို့ ၃၂၂, ၃၆၂
လိုင်-ကောင်-အွန်၊ တရုတ်အမတ်ကြီး ၃၃၆
လိုင်-ထိုင်-တူ ဘုရင်မင်း ၃၃၆
လိုင်း-ထိုင်း ၃၃၆
လိုင်-ထွန်-ထွန်မင်းတရား ၃၃၈, ၃၃၉
လိုင်-နန်-ထွန်ဘုရင် ၃၃၉
လစ်သူအင်နီးယား ၄၅၆
လတ်တ်ဗီးယား ၄၅၆
လန်ဒန် ထရူဗနာကုမ္ပဏီ ၄၃၂
လန်ဒန်ပါဠိတက္ကစ်ဆိုဆိုက်ယက်တီး ၄၄၁,၄၆၁
လန်ဒန်ပါဠိ တက္ကဆစ် ဆိုဆိုက်ယက်တီး၊-
  လန်ဒန်ပါဠိ ဘာသာအသင်းကြီး ၄၄၉
လန်ဒန်ပါဠိဒေဝီ မစ်(စ်)ရိုက်စ်ဒေးဗစ် ၂၂၅
လန်ဒန်၊ ပီ၊ တီ၊ အက်စ် ၄၄၁
လန်ဒန် ဗုဒ္ဓဝိဟာရသာသနကာရီကျောင်း ၄၄၆
လန်ဒန်မြို့တော် ၄၃၇, ၄၄၀
လန်ဒန်မြို့တော်၊ ထရူးဗနာကုမ္ပဏီ ၄၇၇
လန်ဒန်အောက်စဖို့ယူနီဗာစိတီ ၄၅၁
လန်နားဟရိဘုဥ္စတိုင်းနိုင်ငံ ၂၉၇

လယ်ကြီးအရပ် ၁၀၂
လယ်တီဂုဏ်ပုဒ် ၂၂၄
လယ်တီဂိုဏ်းသား ၂၂၃
လယ်တီဆရာတော် ၂၁၁, ၂၁၈, ၂၂၇
လယ်တီဆရာတော် အရှင်ဉာဏဓဇ ၂၂၃
လယ်တီတောရကျောင်းတိုက်ကြီး ၂၂၃
လယ်တီဓမ္မကထိက ၂၂၄

[ လ ]

လွှတ်လပ်သော မြန်မာ ၇-မျိုး ၂၈၀
လွှတ်လမ်း တိုးပွားခြင်း၊ ထိုင်း ၂၇၇
လှုတောကြီး ၅-ရွာ ၁၉၀
လှုတောဆရာတော် ၂၁၄

လှေဖောင်တော် ၁၄
လှော်ကားကြော့လှေ-၄၀ ၇၈
လှောင်အိမ်ဖောက်ဖျက်ထွက်ပြေးသောသူ ၂၉

လိုဏ်ဂူတော်ကြီးတွင် ရုပ်ရှင်တော် ၁၉
လိုဏ်ဂူများသဏ္ဍာန် ၄၁၄
လှိုင်းတက်မြို့နယ်၊ အစုရေးအနွယ်ဝံသ ၄၆၉
လျှိုမြောင်လမ်းစခန်း ၂၇၉

[ ဝ ]

ဝင်္ဂ ၂
ဝင်္ဂတိုင်း၊ ဗင်္ဂလား ၂၅၅
ဝင်္ဂတိုင်းမြောက်ပိုင်း ဗရင်ဒြနယ် ၂၆၂
ဝင်္ဂတိုင်း ရခိုင်ဗုဒ္ဓသာသနာ ၂၅၈
ဝင်္ဂတိုင်းအရှေ့ပိုင်းသမတတ္တနိုင်ငံ ၂၅၅
ဝင်္ဂတိုင်းအရှေ့ဖျားသမတတ္တတိုင်းနိုင်ငံများ ၂၆၁
ဝင်္ဂရဋ္ဌဗုဒ္ဓသာသနာအစည်းအရုံး ၂၆၉
ဝင်္ဂသမုဒ္ဒရာကြီး ၃၀၀
ဝစီပယောဂ ၃၂
ဝစ္စဝါစက ၄၇၁
ဝဇိရညာဏဝန္ဒနာကျမ်း ၂၂၈
ဝဇိရဗုဒ္ဓိဋီကာ ၃-ကျမ်း ၉
ဝဇိရဂ္ဂဒိဋ္ဌိဝိသောဓနကျမ်း ၂၂၈
ဝဇိရာရာမဆရာတော် ၂၁၁
ဝဇိရုတ္တရပကာသနီကျမ်း ၂၂၈

[ ဝ ]

ဝဇိရူပမဗျာကရဏကျမ်း ၂၂၈
ဝဋ္ဋိခလိ၊ တူးမြောင်းဟောင်း ၂၅၉
ဝဋ္ဋနာဒီပနီကျမ်း ၁၉၄
ဝဋ္ဋဂါမဏိမင်း ၁၀, ၁၅၇, ၁၈၈
ဝတ္ထုကံသိမ်း ၆၂
ဝတ္ထု၊ ဉာတ်၊ ကမ္မဝါ ၉
ဝတ္ထုကံမြေ ရွာတော် ၂၉၉
ဝနရတနမဟာထေရ်၊ အရှင် ၁၄, ၁၅, ၂၀, ၂၂, ၂၆
ဝနဝါသီတိဿသာမိ ၁၇
ဝရပတ္တ၊ အရှင် ၆၀
ဝရဗာဟုမထေရ်၊ အရှင် ၉၀
ဝရဗုဒ္ဓိ၊ အရှင် ၁၉၀
ဝရာဘိသံဃနာထ၊ မထေရ် ၁၀၁
ဝရ်မ(ဝမ္မ) ၂၈၉
ဝလ္လိချာဆိပ်ကမ်း ၁၃
ဝလ္လိဂါမ ၁၈

ဝါချည်အထည် ၂ - စုံ ၂၈
ဝါတုရဂမ္မ၊ ရှင် ၁၅၅
ဝါဒါနုဝါဒ-အနုဝမ္မ စာတမ်း ၂၁၇
ဝါမန်သျှိဝရာမ် အက်ပတေး၊ (အမ်- အေ- ပူးနားဖာစူဆန် ကောလိပ်ကျောင်းအုပ် အမှူး သက္ကတပါမောက္ခဆရာကြီး) ၄၇၆
ဝါရီရော ၃၇၅
ဝါရင်ဟက်တင်း ၄၄၇
ဝါးရုံချောင်း ၁၉၅

ဝိက္ကမရာဇသီဟ၊ ဘုရင် ၁၅၇

[ ဝ ]

ဝိက္ကမသီလာကျောင်း ၄၉၊ ၅၃၊ ၅၄
ဝိဇယဝိရဗန္ဓစစ်တပ် ၁၄၅
ဝိစာရိန္ဒမထေရ်၊ အရှင် ၂၃၈
ဝိစိတြဝန္ဒနာဘုရားရှိခိုးကျမ်း ၁၉၇
ဝိဇယပူရ၊ ပင်းယမြို့ ၅၉
ဝိဇယဗာဟုမင်းတရား ၂၂
ဝိဋ္ဌာလယ (ကောလိပ်) ၃၁၁
ဝိတိုရိယဘုရင်မကြီး ၃၈၉
ဝိဒါဂမမထေရ်၊ အရှင် ၁၄
ဝိဒဂ်ဒဏ္ဍိဗျဉ္ဇနည်း ၁၁၈
ဝိနယဂရုဒီပနီကျမ်း ၁၉၄
ဝိနယမဓုကျမ်း ၁၉၄
ဝိနယဝိနိစ္ဆယ ၉
ဝိနယဝိနိစ္ဆယနိသျ ၁၂၂
ဝိနယသင်္ဂဟ ၉
ဝိနယသင်္ဂဟအဋ္ဌကထာနိသျ ၉၃
ဝိနယာလင်္ကာရဋီကာသစ် ၁၀၆, ၁၀၇
ဝိနည်းကံနှင့် မသင့်လျော်သောအမှု ၃၀
ဝိနည်းကံနှင့်အညီဝတ်ရုံစေခြင်း ၁၃၆
ဝိနည်း ကျမ်းဂန် ဓမ္မကံ ၁၂၁
ဝိနည်း စာပြန်ပွဲကြီးများ ၂၅၁
ဝိနည်း ၅-ကျမ်း နိသျည်း ၁၀၆
ဝိနည်းငယ် ၄-ကျမ်း ၂၂၁
ဝိနည်းတည်မှ သာသနာတည် ၂၂၁
ဝိနည်း၊ ဒွေမာတိကာ ၂၂၀
ဝိနည်းဒွေမာတိကာ ခုဒ္ဒသိက္ခာများ ၃၁
ဝိနည်းမိုရ် ၁၁၉
ဝိနည်း၊ ပါရာဇိကဏ်အဋ္ဌကထာ ၂၂၀

[ ဝ ]

ဝိနည်းပါဠိတော် ၅-ကျမ်း ၂၂၁
ဝိနည်းအာဂုံပြန်ပွဲ ၂၂၁
ဝိနန္ဒာသဘာ၊ အရှင် ၁၆၇
ဝိနိစ္ဆယကျမ်းများ ၂၁၈
ဝိနိစ္ဆယဂရုက မထေရ်ကြီးများ ၂၁၀
ဝိနိစ္ဆယဌာနချုပ် ၁၇၉
ဝိနိစ္ဆယပြုလုပ်ခြင်း ၂၃၀
ဝိနိတစုစိ မထေရ်၊ အရှင် ၃၃၂
ဝိပဿနာတရားအကျဉ်းချုပ် ၄၁၂
ဝိပဿနာဒီပနီ ၂၂၄၊ ၂၂၅
ဝိပ္ပတ္တိ ၂-ပါး ၁၀
ဝိဘတျတ္ထသဒ္ဒါငယ်များ ၄၇၁
ဝိဘင်းပါဠိတော်, အဋ္ဌကထာ ၁၈၅
ဝိမတိ ၉
ဝိမလဓမ္မ ၁၄၄
ဝိမလဓမ္မစစ်တပ်များ ၁၄၅
ဝိမလဓမ္မရာဇာမင်း ၁၅၉
ဝိမလဓမ္မ ဝိဟာရ ၄၀၉
ဝိမလဓမ္မသူရိယမင်း ၁၅၉
ဝိမာနဝတ္ထုပါဠိတော်, အဋ္ဌကထာ ၁၈၄
ဝိသုကြုံနတ်သား ၂၉၂
ဝိသုဒ္ဓမထေရ်၊ အရှင် ၂၃၈
ဝိသုဒ္ဓသီလာစာရသီရိပဝရ ဓမ္မသေနာ-
ပတိမဟာသံဃရာဇာ ၂၀၁
ဝိသုဒ္ဓသီလာစာရဓဇသီရိပဝရ-
မဟာဓမ္မရာဇာဓိရာဇဂုရု ၂၀၁
ဝိသုဒ္ဓါရုံသုတ်နက်ကျမ်းကြီး ၂၁၁
ဝိသုဒ္ဓါရုံအဆုံးအဖြတ် ၂၁၁
ဝိသုဒ္ဓါရုံအရှင်အဂ္ဂဓမ္မာဘိဝံသ ၄၇၃

[ ဝ ]


ဝိသုဒ္ဓိမဂ်ကျမ်း ၄၅၄
ဝိသုဒ္ဓိမဂ်ဘာသာပြန်စာပေများ ၄၆၁
ဝိသုဒ္ဓိမဂ္ဂအဌကထာ ၄၃၃, ၄၄၁

ဝိဟာရဗုဒ္ဓဂယာကျောင်း ၄၁၀
ဝိဟာရသာသနာ့ အဆောက်အဦး ၄၀၆
ဝိဟာရခေါ် ကျောင်း ၂၀-ကျော် ၄၂၁
ဝိဟာရဗူဒူး- ဗူဒူးရွာ ၄၁၅
ဝိဟာရဗုဒ္ဓဂယာကျောင်း ဝေသာခပွဲတော် ၄၁၀
ဝိရသုန္ဒရဗန္ဒရ ၁၄၄
ဝိရိယဝရအရိယဝံသ မဟာဓမ္မရာဇာဓိ-
 ရာဇဂုရု ၁၈၅
ဝိလျံ စတီဒ်၊ ဒေါက်တာ ၄၃၈

ဝုတ္တောဒယဆန်းကျမ်း ၂၁၂
ဝေသာခပွဲတော်ကျင်းပခြင်း ၄၁၄
ဝေသာခဗုဒ္ဓနေ့ ၄၁၃
ဝေသာခ အစည်းအဝေး ၄၁၂
ဝေသာလီပြည်ကြီး ၃၈၁
ဝေသာလီပြည်၌ ဒုတိယသံဂါယနာ ၁၈၈
ဝေဿန္တရာပျို့ ၁၀၄
ဝေဠုဝန်ကျောင်းတော် ၆၀

ဝက်စ်တ်အင်းဒိ အနောက်အိန္ဒိယ ၄၀၀
ဝတ်ကဆီအန်ထောင် ကျောင်းတော် ၃၆၂
ဝတ်ကိုအန်ခေါန်ကျောင်းတော် ၃၆၂
ဝတ်စတာန်ဖိဆိုလိုဖီဘာသာ ၄၅၁
ဝတ်စားသံဃာ ၆၂
ဝတ်တက်, ဝတ်ကပ်များ ၃၅၂
ဝတ်ပရာခအို ကျောင်းတော် ၃၆၂
ဝတ်မိုးဝတ်မြေ ၁၆၆


[ ဝ ]


ဝတ်သဝန္နခေတ်ကျောင်းတော် ၃၆၂
ဝတ်သီသခေတ် ကျောင်းတော် ၃၆၂
ဝန်မြို့ ၃၇၅
ဝန်-တန် မထေရ်၊ အရှင် ၃၃၆
ဝန်-ဟန်၊ အရှင် ၃၃၆
ဝန်းဝိုင်းသောစည်သဏ္ဍာန်နှင့်ကမ္ဘာလုံး ၂၆၃
ဝမ်းကောက် ခပို့-စ် ၂၉၈
(ဝိုင်၊ ဘီ၊ အေ ဟိုနိုလူလူ-
 ဗုဒ္ဓဘာသာလူငယ်များ) ၄၅၈
ဝှင်သျှင်၊ တရုတ်ရဟန်း ၂၅၅
ဝှင်သျှင်မထေရ်မြတ် ၂၆၁


[ သ ]


သကျပဂိုဏ်း ၅၁
သကျပဏ္ဍိတလာမ၊ အရှင် ၄၉
သကျသီဟ ပရိယတ္တိသာသနဟိတစာသင်တိုက်၄၇၃
သခန္တခန္တိမြို့ ၁၄၃
သခန္တ၊ သို့မဟုတ် ခန္တိမြို့တော် ၁၄၃
သခန္တိမြို့တော် ၁၆၀
သက္ကတကျမ်းဂန် ၆၇
သက္ကတဓာတ်ကျမ်းကြီးများ ၂၁၂
သက္ကတ ပြာကရိတ်ဘာသာများ ၄၇၆
သက္ကတဘာသာ ၂၇၅, ၂၈၉, ၃၂၄, ၄၄၈
သက္ကတ, ဟိန္ဒီ ၄၇၄
သက္ကတ, ဟိန္ဒီ, ပါဠိ ၄၀၂
သက္ကတ၊ ဟိန္ဒီ၊ အင်္ဂလိပ် ၄၄၆
သက္ကတ အင်္ဂလိပ်အဘိဓာန်ကြီး ၄၇၆
သက္ကတအဘိဓာန်များ ၄၄၈
သက္ကတိုင်းနယ် ၃၆၄

[ သ ]


သက္ကရာဇ် ၇၉၁-ခုနှစ် ၇၈
သက္ကရာဇ်ဖြိုကိန်း ၇၈
သက္ကရာဇ်ဖြိုပြီး ၁-နှစ်မြောက် ၈၀၁-ခုနှစ်၇၉
သင်္ကန်းလက်ကတော့တင် ၁၂၃
သင်္ကေတကျမ်းဆရာ ၇၇
သင်္ချာယာစောယွန်း ၇၁
သင်္ဂဏာမိဂမ၊ အရှင် ၁၂၇
သင်္ဂိုဿရ၊ အရှင် ၄၀၈
သဂ်ဇာ ဆရာတော်ဘုရား ၂၁၇
သင်္ဃမိတ္တာမဟာဗောဓိ ၃၆၉
သင်္ဃန်းကျွန်း၊ ကျိုက္ကစံဆရာတော် ၂၁၃
သစ္စာဓမ္မ ဗုဒ္ဓဝါဒတော် ၄၆၆
သတပဒိက၊ ပုစ္ဆာ-၁၀၀ ၂၂၇
သတပဒိကပုစ္ဆာအဖြေကျမ်း ၂၂၈
သတိုးမင်းကြီး ၁၁၃
သတိုးမင်းစော ၉၀, ၉၈, ၁၀၃, ၁၂၇
သတိုးမင်းဖျား ၇၁, ၇၂
သတိုးသီရိသုဓမ္မသူဌေးကြီး ဆာဦးသွင်၊
  ဒေါ်ဒေါ်သိန်း ၄၀၅
သတ္တဌာန ၃၇၈
သတ္တဌာန အရှင် ကူ္ကန္ဒမဠ္ဌ ၃၈၄, ၃၈၅
သတ္တမမြောက် ဘုဝနေကဗာဟု ၁၄၁
သတ္တမမြောက်ဇယဝမ္မမင်းတရား ၂၉၄,
  ၂၉၆, ၃၀၅
သတ္တရာဇဓမ္မဝတ္ထု ၁၀၁
သထုံအရှင်ဓမ္မဒဿိ ၂၃၆
သထုံမြို့ ရွှေစာရံသမိုင်း ၃၇၄
သဒ္ဒတ္ထရတနာဝလိမဟာပါဠိအဘိဓာန ၂၂၆
သဒ္ဒနီတိ ၄၇၁
သဒ္ဒနီတိ၊ ဗျာကရုဏ်းကျမ်းကြီး ၄၇၀
သဒ္ဒဝုတ္တိကျမ်း ၆၈
သဒ္ဒသာရတ္ထဇာလိနီ ၆၇
သဒ္ဒသံခိပ် ၂၂၆
သဒ္ဒါကျမ်း ၁၆၅
သဒ္ဒါကြီး၊ ပုဒ်စစ်,သဒ္ဒါစစ်, သံဝဏ္ဏနာ,-
  နည်း-၄၀ ၂၂၀
သဒ္ဒါငယ်၊ ဘေဒစိန္တာ, ကစ္စာယနသာရ,
  ဆန်း, အဘိဓာန် ၂၂၀
သဒ္ဒါနိသျှည်း ၁၁၂
သဒ္ဒါဘက်ကျမ်းဂန် ၂၁၁
သဒ္ဒါ, သဂြိုဟ် ၄၇၁
သဒ္ဓမ္မကိတ္တိမထေရ်၊ အရှင် ၈၄, ၈၅, ၈၇,
  ၉၁, ၉၄, ၉၅, ၁၃၁, ၁၃၂, ၂၃၄
သဒ္ဓမ္မဂုရု၊ အရှင် ၆၈
သဒ္ဓမ္မစက္ကသာမိ၊ အရှင် ၁၂၇
သဒ္ဓမ္မစာရီ၊ အရှင် ၁၁၇, ၁၂၅, ၁၂၆,
  ၁၂၈, ၁၃၂
သဒ္ဓမ္မဇောတသာမိမထေရ်၊ အရှင် ၂၃
သဒ္ဓမ္မဉာဏ ဒုတိယဆပ္ပဒမထေရ်၊ အရှင်၂၃၆
သဒ္ဓမ္မဋ္ဌိတိ၊ အရှင် ၁၂၆, ၂၃၂
သဒ္ဓမ္မဋ္ဌိတိ၊အရှင်ပြည်မြို့သာသနာပိုင် ၁၂၉
သဒ္ဓမ္မပါလမထေရ် ပဌမဆပ္ပဒမထေရ် အရှင်၂၃၆
သဒ္ဓမ္မပုဏ္ဍရိကကျမ်း ၄၅
သဒ္ဓမ္မပုဏ္ဍရိကသုတ် ၄၅
သဒ္ဓမ္မဝိလာသိနီ ၁၇၇
သဒ္ဓမ္မာလင်္ကာရ၊ အရှင် ၁၂၇
သဒ္ဒါဂုဏ် ၈
သဗ္ဗသ္ထောမ မဟာနိမိ (သဒ္ဒထောမ မဟာနိမိ)၄၇၆

[ သ ]


သဗ္ဗရိုထမုတ္တာဝလိ (သဒ္ဒတ္ထမုတ္တာဝလိ)-
  သက္ကတအဘိဓာန်ကျမ်း ၄၇၆
'သ' နှင့် 'ဟ' အက္ခရာအစပြုပုဒ်များ ၄၃၇
သန္တိဌာန်အစည်းအဝေးဟောကြီး ၄၆၄
သန္တုဋ္ဌိသလ္လေခဂုဏ် ၂၆
သန္ဒေသကထာ မှတ်တမ်း ၁၅၉
သန္ဓိပဏ္ဏာမဆက္ကသံဝဏ္ဏနာကျမ်းရိုး ၂၂၈
သပိတ်ဆေးရေ ၁၇၆
သပိတ်အစုံ ၁ - လုံး ၂၈
သဗ္ဗညုတဉာဏ အသင်းတော်ကြီး ၄၃၄
သဘာဝကျကျ ရှင်ပြုမင်္ဂလာပွဲ ၃၄၉
သဘာဝတရားဓမ္မတစ်ခု ၄၃၆
သဘော် ၁၇-စင်း တပ်ဖွဲ့ ၁၄၀
သမဏသဘင် ရှင်ပြုမင်္ဂလာပွဲကြီး ၄၇၀
သမတတ္တတိုင်းမြို့တော် ၂၅၆
သမတတ္တတိုင်းနယ် ၂၆၀
သမထကမ္မဋ္ဌာန်းတရား ၆၈
သမထ, ဝိပဿနာအလုပ် ၄၀၆
သမလ, ဝိမလ ၃၇၄
သမာဓိဂုဏ် ၂၀၉
သမာသ်ဂဏ္ဍိကျမ်း ၁၉၄
သမီးတော် စုဘုရား သချိုင်းတော် ၃၅၀
သမင်ကို လင်းလွှားပြသကဲ့သို့ ၁၀၀
သမိန်စက္ကဝေါ ၃၈၀
သမိန်ထောရာမ ၃၈၀
သမဂ္ဂ, သမောဓာန ၂၀၇
သမန္တကူဋပါဒစေတီတော် ၁၁, ၁၈
သမုဒ္ဒရာကမ်းနား ဓာတ်တော် ၁၉
သမ္မောဂသံဝါသမတူညီ ၂၁၇
သမ္မတဂိုဏ်းသား တိုင်းသူပြည်သား ၃၇
သမ္မတမင်းသားကြီး နိုရိုဒန်သီဟာနော့ ၄၆၄
သမ္မတရာထူးကြီး ၃၀၈
သမ္မုတိသာသနာပိုင် ၂၀၁
သမ်တလင်းဖိနပ်တော်ခုံ ၄၁၅
သရဏဂုံ, သီလ ၃၁
သရဏပါလ၊ အရှင် ၄၀၈
သရပါတ်ခါး ၇၃
သရမာစေတီတော်ပုံ ၁၁၀
သရီရဓာတ်တော် ၁၉၅, ၃၃၂
သရီရဓာတ်တော် ၅-ဆူ ၇၈
သရီရဓာတ်တော် မွေတော်များ ၃၇၅
သရေခေတ္တရာပြည်ကြီး ၁၁၀
သရက်မြို့ ၃၉၅
သလင်းကျောက်ဖြူ ၁၈၆
သလေးခင်း, ကောက်ခင်း ၃၀
သဝဏ်လွှာ, သံတမန်, ၁၅၅
သဟဇဝါဒ ၄၅၉
သလိုက်တ်-အော့ဖ်-အေရှား-
  အေရှအလင်းရောင် ၄၃၁
သာကီယလူမျိုး ၂၅၈
သာစည်ရွာ ၆၅
သာစည်သူဌေးရွာ ၆၇
သာဓုခေါ်ပူဇော်ပွဲကြီး ၃၇၉
သာဓုဇနဝိလာသိနီ ၁၆၅
သာမဏ္ဍိကဂဏနာယကဆရာတော် ၅-ပါး ၃၅၈
သာမဏေကျော် ၉၇, ၁၀၄
သာမဏေဘဝ ၅-ဝါရ ၄၇၁
သာမဏေရဝိနယကျမ်း ၃၂၄
သာမန်ကဝိစာဆို ၉၄

[ သ ]


သာယာဝတီ ရွှေဘိုမင်း ၁၇၈
သာရတ္ထဒီပိကာ ၉
သာရဒသီ၊အရှင် ၁၂၆, ၁၂၉, ၂၃၂, ၂၃၃
သာရမေဓာ၊ ရှင် ၃၈၇
သာရမေဓာလင်္ကာရ၊ အရှင် ၃၈၅, ၃၈၆
သာရမေဓာဘိတိသာသနဓဇမဟာ-
ဓမ္မရာဇာဓိရာဇဂုရု ၃၉၇
သာရမေဓာလင်္ကာရဆရာတော် ၃၈၇
သာရမေဓာလင်္ကာရာ ဘိတိသာသန-
ဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ၃၉၀, ၃၉၇
သာရာလင်္ကာရ ကျောင်းတိုက် ၃၈၉
သာရာလင်္ကာရ ဆရာတော် ၃၈၇, ၃၈၈
သာရိပုတ္တစကူးလ်ခေါ်စာသင်ကျောင်း ၄၀၈
သာရိပုတ္တရာ၊ အရှင် ၁၅
သာလဘနပူရ်ရှိ စေတီများ ၂၆၃
သာလွန်မင်းတရား ၉၂, ၉၆, ၁၃၂
သာဝကယာန ၂၈၀
သာဝတီမိဖုရားလေး ၂၉၂
သာသနကာရိ ယာယီဘုန်းကြီးကျောင်း၄၄၆
သာသနဓရ၊ အရှင် ၆၁, ၁၂၇
သာသနမထေရ်၊ အရှင် ၂၁၃
သာသနဝိသောဓနီကျမ်း ၁၉၄, ၄၇၈
သာသနသုဒ္ဓိဒီပကကျမ်းနိသျ ၁၂၂
သာသနာ့ခေတ်အဖြစ်အပျက် ၁
သာသနာ့စာရေးများ ၂၄၀
သာသနာ့စိုး ၆၂
သာသနာ့စက်ရောင် ၁၅၈
သာသနာတော်ကိစ္စ ဝိနယဓမ္မ ၃၂၆
သာသနာတော်ကြီးကို သုတ်သင် ၃၃
သာသနာတော် ၁၅-ရာစု ၂၇၅
သာသနာတော် ၁,၉၉၂-ခုနှစ် ၈၃
သာသနာတော် ၂၀၂၁-ခုနှစ်၊ ၂၀
သာသနာတော် ၅,၀၀၀-မျှ ၃၃
သာသနာတော်အပင်ကြီး သီးပွင့်လာ ၄၄၇
သာသနာတော် အသစ် ၁၅၉
သာသနာတော်၏ ဆုးပြောင့်ခလုတ် ၃၃
သာသနာတော်၏အကျိုး ၃၄
သာသနာတော်၏ အညစ်အကြေး ၃၃
သာသနာတော်၏မူလပဌမခဏ္ဍာသိမ် ၃၉၅
သာသနာတော်အုတ်,ကျောက်အရောရော ၁၃၆
သာသနာ့တံခွန်အထွတ်အဖူး ၁၇၈
သာသနာနှင့်ဆန့်ကျင်သောအကျင့်များ၂၄၄
သာသနာပိုင်ဆရာတော် ၃၀၉
သာသနာပိုင် ဆရာတော်ဦးဥေယျ ၁၈၄
သာသနာပိုင် ဦးဥေယျဆရာတော်၂၃၃, ၂၃၄
သာသနာပြု ၉-ဌာန ၅
သာသနာပြုဂိုဏ်း ၂၀၃
သာသနာပြုဆရာကြီး ယုဒသန် ၁၇၃, ၁၇၄
သာသနာပြုဆရာတော် ၈-ပါး ၁၆၄
သာသနာပြုတံဆိပ်တော်အမည်များ ၁၉၉
သာသနာပြု ဓမ္မဒူတပုဂ္ဂိုလ်များ ၄၄၅
သာသနာပြုနည်းများ ၁၅၅
သာသနာပြုနိုင်သော အစွမ်းသတ္တိ ၁၅၂
သာသနာပြုမထေရ်များ ၁၈
သာသနာပြုသဘင်ကြီး ၂၅၂
သာသနာပြုသာသနာပိုင်ဆရာတော် ၁-ပါး၂၀၀
သာသနာပြု သံဃရာဇာ ၉၇
သာသနာပြုအစည်းအဝေးသဘင် ၂၅၂

[ အ ]


အထက်တန်း ဗုဒ္ဓဘာသာပညာရပ်များ ၃၁၁
အထက်ပိုင်းဒုပ်ပဂိုဏ်း ၅၁
အထူးဖြတိုက်တော်သိမ်းပွဲ ၁၇၀
အဒိတိနတ်သမီး ၄၁
အဓမ္မဝါဒီတရား ၁၅၈
အဓိကရုဏ်းကျယ်ပွါး ၁၁၇
အန္ဓတိုင်း ၂, ၅၄
အနာမာသဝတ္ထု ၂၁၉
အနာရောဂါ အလွန်နှိပ်စက်ဖိစီးသောသူ ၂၉
အနုနာယကမထေရ်များ ၂၅၃
အနုမြူလက်နက်ဘေးကြီး ၄၄၇
အနုရာဓ ၁၅၀
အနုရာဓမြို့တော် ၁၃
အနုရာဓမြို့၏ တောင်ဘက် ပေါက္ကန္တိဂါမ ၁၂၄
အနော်ရထာမင်းစော ၁၃၄
အနော်ရထာမင်းတရား ၃၈၄
အနောက်ဂျာမနီ စိစ်ဗဒင်န်မြို့ ၄၅၃
အနောက်ဘက်ကမ်းခြေ ဂိုအာအရပ် ၁၃၉
အနောက်ဘက်လွန်မင်း ၉၀,၉၇,၁၀၄,၁၂၈
အနောက်နိုင်ငံ အင်္ဂလန်၊ ဂျာမန် ၄၄၅
အနောက်နိုင်ငံ ဥရောပ ၄၃၅
အနောက်ဝိသုဒ္ဓါရုံ တိုက်ကြပ်ဆရာတော် ၂၅၂
အနန်း-ဗီအက်နန် တိုင်းပြည်များ ၂၈၇
အနှစ်၂၀၀-လောက်အန်ကော်ခေတ် ၃၀၅
အပဒါန်ပါဠိတော်, အဋ္ဌကထာ ၁၈၄
အပရဂေါယာနကျောင်းဆောင် ၄၆၄
အပရန္တတိုင်း ၂
အပ္ပိစ္ဆာဂုဏ် ၂၆
အပန်းဖြေ နားနေရာဌာနတစ်ခု ၃၁၉
အဘယဂိရိဝါသီဂိုဏ်း ၁၀, ၁၅၇


[ အ ]


အဘယဂိရိတောင် ၆၇
အဘယမုဒြာ ၄၁၆
အဘိဓဇရာဇာမင်းတရား ၃၈၁, ၃၈၂
အဘိဓမ္မတ္ထသင်္ဂဟကျမ်း ၂၁၁, ၄၇၀
အဘိဓမ္မတ္ထသင်္ဂဟနိသျည်းကျမ်း ၁၁၀, ၁၁၂
အဘိဓမ္မတ္ထသင်္ဂဟအဖွင့်ဋီကာကျော် ၂၂၄
အဘိဓမ္မာဆိုင်ရာကျမ်းဂန် ၂၁၁
အဘိဓမ္မာတရားတော် ၄၅၁
အဘိဓမ္မာတတ်ဆရာတော်များ ၁၂၄
အဘိဓမ္မာနည်းပြ ၄၅၄
အဘိဓမ္မာနည်းပြဆရာတော်အရှင်သေဋ္ဌိလ၄၂၅
အဘိဓမ္မာနှင့်အခြားပိဋကတ်များသင်တန်း၄၄၇
အဘိဓမ္မာပညာရပ်များ ၂၆၅
အဘိဓမ္မာ သဘောတရား ၄၂၅
အဘိဓမ္မာ၊ သဂြိုဟ်, ဋီကာကျော် ၂၂၀
အဘိဓမ္မာသင်တန်းများ ၄၂၆
အဘိဓမ္မာ၊ အဋ္ဌသာလိနီအဋ္ဌကထာ ၂၂၀
အဘိဓာန်ကျမ်း ၁၆၅
အဘိဓာန်ဋီကာကျမ်း ၆၇
အဘိဓာန်နိသျည်းကျမ်း ၁၁၈
အဘိဓာန်နှင့်ဆန်း ၄၇၁
အဘိဝါဒီယပုဒ် ၂၁၆
အဘိသင်္ကေတ၊ အရှင် ၁၀၄,၁၂၇,၁၂၈,၂၃၂
အဘိသေကမင်္ဂလာသဘင် ၁၂၄
အဘိသေကသဘင်သီရိပဝေသနာ-
မဟာဥကင်တော် ဖွင့်ပွဲ ၁၇၀
အမတရစ္စအိုမိကာမိနေနတ်သမီး ၄၁
အမရပူရနိကာယ ၁၅၉
အမရပူရနိကာယ၊အမရပူရဂိုဏ်း ၁၆၁,၁၅၆

[ အ ]


| | |
|---|---|
| အမရပူရနေပြည်တော် | ၁၆၁ |
| အမရပူရမြို့တော် ၄-ပြင်, ၄-ရပ် | ၁၈၂ |
| အမရပူရမြို့တော်ဟောင်း | ၂၁၅ |
| အမရပူရရာဇဌာနီ ရွှေမြို့တော် | ၁၂၃ |
| အမရပူရရွှေမြို့တော်ကြီး | ၁၆၃ |
| အမိတာဘာ | ၃၀၁, ၃၀၄ |
| အမတ်ကြီး စတုရင်္ဂဗလ | ၆၇ |
| အမ္ဗဂဟတိဿ | ၁၆၁ |
| အမ္ဗဂဟတိဿ၊ ရှင် | ၁၅၅ |
| အမေရိက၊ ချီကာဂိုမြို့ကြီး | ၄၄၅ |
| အမေရိကတိုင်းနိုင်ငံ | ၄၆၃ |
| အမေရိကတိုက်ကြီး | ၄၆၃ |
| အမေရိကပြည်၊ အေသျှဖောင်ဒေးရှင်း | ၄၆၂ |
| အမေရိကယူနီဗာစီတီ-၃၀ | ၄၆၂ |
| အမေရိက ဟာဗာ့ဒ်ယူနီဗာစီတီ | ၄၆၁ |
| အမေရိကန်၊ နယူးယောက်မြို့တော် | ၄၃၄ |
| အမေရိကန် နှစ်ခြင်းသာသနာပြု ခရစ်ယာန်အသင်းကြီး | ၄၆၀ |
| အမေရိကန် ပါဠိစကောလား | ၄၆၀ |
| အမေရိကန်ဘာသာရေးအစည်းအဝေး | ၄၁၂ |
| အမေရိကန်မဟာယာနဂိုဏ်း | ၄၅၉ |
| အမေရိကန်မဟာယာနဘုန်းတော်ကြီး- အရှင်သုသိဒ္ဓိ | ၃၉၉ |
| အများဆက်ဆံရေးဝါဒ | ၄၃၅ |
| အမျိုးသားပရိယတ္တိစာမေးပွဲများ | ၂၃၁ |
| အမြဲတည်နေသောအတ္တဇီဝ | ၅၇ |
| အမြင့်မြို့စား ရှင်တရုတ် | ၁၀၈ |
| အယုဒ္ဓယခေတ် | ၃၀၆ |
| အယုဒ္ဓယ နေပြည်တော် | ၂၇၂ |
| အယုဒ္ဓယမင်းမျိုးများ | ၁၅၂ |


[ အ ]


| | |
|---|---|
| အရည်ကင်နှင့် ဧကေသနိက် | ၂၁၄ |
| အရည်ဝါသီ | ၂၀၄ |
| အရည်ဝါသီဂဏဝိမုတ် | ၁၃၅ |
| အရည်ဝါသီဆရာတော် | ၁၃၅ |
| အရည်ဝါသီတောနေဂိုဏ်း | ၁၁၅ |
| အရည်ဝါသီတောရဂိုဏ်းကြီး | ၂၀၅ |
| အရည်ဝါသီရဟန်းများ | ၁၁၆ |
| အရဟံဂိုဏ်း၊ အရှင် | ၆၀, ၁၃၅ |
| အရဟံ ဓမ္မဒဿီ၊ အရှင် | ၃၇၀ |
| အရဟံ၊ အရှင် | ၅၈, ၂၃၁, ၃၇၁, ၃၈၄ |
| အရဟံအရှင်မထေရ်မြတ်၏(မူလ)ဂိုဏ်း | ၂၃၁ |
| အရဟံ၊ အရှင် အနွယ် | ၁၂၉ |
| အရဟံ၊ အရှင်၏ပုဂံခေတ် သာသနာ | ၁၃၈ |
| အရိမဒ္ဒန ပုဂံပြည် | ၅၈, ၁၃၄ |
| အရိယကန္တသီလ | ၄၅၆ |
| အရိယဓဇ (ဆားလင်း)၊ အရှင် | ၁၂၅ |
| အရိယဓမ္မသီလ | ၄၅၆ |
| အရိယဝံသသဒ္ဓမ္မဃောသ မဟာဓမ္မ- ရာဇာဓိရာဇဂုရု | ၁၈၆ |
| အရိယဝံသ၊ အရှင် | ၈၂, ၁၂၆, ၁၂၉, ၁၃၀, ၂၃၄, ၄၁၁ |
| အရိယ၊ အရှင် ဝဠုန်ကျောင်း | ၄၆၉ |
| အရိယာလင်္ကာရ၊ အဝပခွင်းကျော် | ၁၀၄ |
| အရည်းကြီးတို့၏ဝါဒ တန္တြဘာသာ | ၃၈၄ |
| အရည်းရှင်ဟောင်းများတို့၏ ဝါဒဆိုး | ၃၇၀ |
| အရပ် ၈-မျက်နှာ သိမ်နိမိတ်များ | ၄၁၁ |
| အရုံကျော်အောင်စံထားဆရာတော် | ၁၁၈ |
| အရုံဂိုဏ်း | ၁၁၇ |
| အရုံဂိုဏ်းဆရာများ | ၁၁၇ |

[ အ ]


အရုံဂိုဏ်းပလိုင်း အရှင်သုဇာတ ၁၁၉
အရုံဂိုဏ်း- မဟာဂဏ္ဍိဂိုဏ်း ၁၂၅
အရုံဂိုဏ်းသားတို့ဝါဒ ၁၂၁
အရုံတောနေဂိုဏ်း ၁၁၆, ၁၁၇
အရှေ့တိုင်း ဒပ်(ချ)ကုမ္ပဏီကြီးများ ၁၄၆
အရှေ့တိုက်တော်ဆရာတော် ဦးမုနိန္ဒ ၂၀၂
အရှေ့ဖျားနိုင်ငံ ၂၅၇, ၂၈၉, ၃၄၅, ၄၇၇
အရှေ့ဖျားနိုင်ငံပညာရပ်များ-
ဆည်းပူးရေး အသင်း ၄၆၁
အရှေ့ဖျား ပုံပြင်ဝတ္ထုများ ၄၂၃
အရှေ့ဘင်္ဂလားပြည်၊ စစ်တဂေါင်းနယ် ၃၉၄
အရှေ့မဟာဝိသုဒ္ဓါရာမတိုက် ၄၇၁
အရှေ့မဟာဝိသုဒ္ဓါရာမတိုက်အုပ်ဆရာတော်၂၅၂, ၄၇၂
အရှေ့ဝင်္ဂတိုင်း၊ကျောင်းပေါင်း ၃၁၀-မျှရှိ၂၆၉
အရှေ့ဝင်္ဂတိုင်း (စိတြဂါမ) ၃၉၀
အရှေ့ဝင်္ဂတိုင်း ဗင်္ဂါလီဗုဒ္ဓဘာသာ ၂၅၉
အရှေ့ဝင်္ဂတိုင်း ဋ္ဌလင်ပြင် အရပ်ဒေသ ၂၅၈
အရှေ့ဝါးရုံတောအုပ် ၂၀၇
အရှေ့သမတတ္တတိုင်း ၂၅၉
အရှေ့အိန္ဒိယကုမ္ပဏီကြီးများ ၁၄၆
အရှေ့အိန္ဒိယ၊အင်္ဂလိပ်ကုမ္ပဏီကြီးများ ၁၅၄
အလသန္ဒ(အလက္ကဇန္ဒြိယာ)နယ် ၂, ၂၉၃
အလာကတရုတ် မှတ်တမ်းများ ၂၇၄
အလင်္ကာကျမ်း ၁၆၅
အလင်္ဂိဂိုဏ်းသား ရဟန်းများ ၁၁၅
အလင်္ဂိပွဲကျောင်းဂိုဏ်း ၁၃၅
အလယ်ခေတ် အိန္ဒိယရာဇဝင် ၄၇၇
အလယ်နန်းမတော် မိဖုရားကျောင်း ၁၆၃
အလယ်ပိုင်းဒုပ်ပဂိုဏ်း ၅၁
အလယ်ပိုင်း ဗိဟာနယ် ၂၅၉
အလယ်ဗဟို စေတီတော်ကြီး ၄၁၈
အလယ်, အလတ် အကျင့်အမြတ် ၅၇
အလောင်းစည်သူမင်းတရား ၂၃၆
အလောင်းမင်းတရား ၁၁၉, ၁၃၄, ၁၆၂
အလုံဆရာတော် ၂၁၄
အလုံမြို့ ၁၉၃
အလွန်ပုကွ၍ မလေးစားထိုက်သူ ၂၉
အလွန် အိုမင်းလွန်းသောသူ ၂၉
အဝဒုတိယသာသနာခေတ် ၉၈
အဝပဍ္ဍင်းကျော် ၁၀၄
အဝမြို့ ၇၈
အဝရွှေစည်းခုံ ၇၃
အဝရွှေနန်းကျော့ရှင် ၂၃၇
အဝရွှေပြည်တော်ကြီး ၇၃
အဝလောကိတေသရ ၃၀၁
အဝလောကိသွရ ၃၀၄
အဝလောကိဿရ နတ်ကွန်းစေတီတော်၃၄၇
အဝလောကေသွရ ၃၃၇
အဝသာသနာခေတ် ၁၃၅, ၁၆၂
အဝသာသနာတော် ပဉ္စမခေတ် ၉၈
အဝါဂိုဏ်း ၅၀
အဝါရောင်သင်္ကန်း၊ အခန်းမရှိ ဝတ်ရုံ ၂၄၄
အဝါရောင်အင်္ကျီရှည်ကြီးများဝတ်ရုံ ၄၅၇
အဝုရ်ခိလ် ၂၅၉
အသိဉာဏ်မနက်ရှိုင်းသောခေတ် ၂၁၇
အသီးအခြား သမ္ဘောဂ, သံဝါသ ၁၅၆
အသက်မွေးခြင်း ၃၀
အသက်မွေးမှု စင်ကြယ်စွာ ၂၄၆

[ အ ]


အသက်မွေးဝမ်းကြောင်းပညာများ ၃၁၈
အသင်္ခယာ ၅၈
အသင်္ခယာစောယွန်း ၅၉
အသင်္ဂ၊ အရှင် ၃၉
အသင်းဝင်လူကြီးမင်းများ ၄၂၆
အသမ္ဘိန္နခတ္တိယမင်းမျိုး ၃၈၂
အသောကမဟာဓမ္မရာဇာ ၂၉၇
အသောကမင်းတရား ၃၄, ၁၃၈, ၁၉၆, ၂၅၅, ၂၉၃, ၂၇၂, ၂၈၇
အသောကမင်းတရားကြီးကျောက်စာ ၅၆, ၄၄၈
အဿရိဋ္ဌိဟတ္ထိဒသသဟဿဆတ္တသေတ ၃၂၃
အဿဇိပုနဗ္ဗသုက ရဟန်းများ ၆၁, ၆၈
အဟိံသာပရမာ ဓမ္မာ ၄၅၁

အာချာတ်သာမိနိယာမ်အဖြေကျမ်းကြီး ၂၁၈
အာဂမဗုဒ္ဓစာပေများ ၄၂၃
အာစရ၊ ဦး ၂၀၅
အာစရိယပဝေဏီကျမ်းပြုမထေရ် ၁၂၈
အာစရိယပဝေဏီဆရာစဉ်ဆက်ကျမ်း ၁၂၅
အာစရိယပုဏ္ဏာစရ၊ အရှင် ၂၆၇, ၂၆၈
အာစရိယ ဘိက္ခုနည်းပြုရဟန်းတော် ၃၆၀
အာစရိယမတ္တဆရာစဉ်ဆက်ယူခြင်း ၁၂၁
အာစာရအကျော် ၁၀၂
အာစာရာရမ္မကဝိဇေညာဏ မဟာဓမ္မ-
ရာဇာဓိရာဇဂုရု ၁၈၃
အာဇီဝပါရိသုဒ္ဓိသီလ ၃၁
အာဒိစ္စ နေနတ်သား ၄၁
အာဒိစ္စရံသိမထေရ်၊ အရှင် ၆၀
အာဒိစ္စဝံသ၊ အရှင် ကျောင်းတိုက် ၄၄၆


[ အ ]


အာဒိစ္စဝံသာဘိဓဇ မဟာဓမ္မရာဇာဓိ-
ရာဇဂုရု ၁၇၅
အာနာပါနဒီပနီ ၂၂၄
အာနန္ဒာမထေရ်၊ အရှင် သီဟိုဠ်ဂိုဏ်း ၂၃၂
အာနန္ဒာမေတ္တယျ၊အရှင် ၄၄၃, ၄၅၂, ၄၅၃
အာနန္ဒာမေတ္တယျ၊ အရှင် -
အင်္ဂလန်သာသနာပြုဆရာတော် ၄၄၂
အာနန္ဒာ၊ အရှင် ဂိုဏ်း ၆၀, ၁၂၈
အာနန်-ဗီယက်နမ်တိုင်းပြည်များ ၂၉၇
အာနန်-ဗီအက်နမ် ၂၈၉
အာနမ်ပြည် ၃၃၀
အာနမ်ဗုဒ္ဓဘာသာအဖွဲ့အစည်းကြီး ၃၄၄
အာမိသပူဇာ ၁၉၅
အာရေဗျနိုင်ငံ ၄၀၃
အာရုံ အာရမ္မဏိက ၁၀၀
အာရှတိုက်အလယ်ပိုင်း ၆
အာလောကလိုဏ်ဂူ၊ စတုတ္ထသံဂါယနာ ၁၈၈
အာရ်ချ် ဘီရှော့ပ် ဂိုဏ်းအုပ်ဘုန်းတော်-
ကြီးအုပ်ချုပ်သော နိုင်ငံများ ၄၅၆
အာရ်ခိုတ်နှင့် မက်ကဆ်မူလာ ၄၄၈

အိကိုလ်-ဒီ-အက်ဆ်ထရိန်း အိုရီယင်းတ်-
ကျောင်းတော်ကြီး ၃၂၁
အိယင်၊ တအယ် ၃၉
အိသျှင်၊ တရုတ်ရဟန်းတော် ၂၅၆
အိစ်တာန်ဖီလိုဆိုဖီ ၄၅၁
အိစ်တ် အိန္ဒိယကုမ္ပဏီ ၄၄၇
အိတ်သ် နိုရ်းဗ်လ် ပတ်သ်-မဂ္ဂင် ၈-ပါး ၄၅၃
အိပ်ချ် အိုလ်ဒင်ဘာဂ် ၄၃၃
အိန္ဒိယကမ်းခြေ မူဆလင်နိုင်ငံ ၄၀၃
အိန္ဒိယ ဂါဗနာဘုရင်ခံမင်း ၄၄၇

[ အ ]

အိန္ဒိယတောင်ပိုင်းတိုင်းနိုင်ငံများ ၂၅၆
အိန္ဒိယနိုင်ငံ ၁၄၆, ၃၂၅, ၄၃၂, ၄၅၉
အိန္ဒိယနိုင်ငံ ကာလကတ္တား ၄၇၄
အိန္ဒိယနိုင်ငံတော်ကြီး ၄၄၇
အိန္ဒိယပဏ္ဍိတ် ပညာရှိကြီးများ ၅၆
အိန္ဒိယဗုဒ္ဓဘာသာအခြေခံအကြောင်း ၄၄၄
အိန္ဒိယဗုဒ္ဓဘာသာအနုပညာ ၂၆၂
အိန္ဒိယဗုဒ္ဓသာသနာ လှိုင်းတံပိုး ၂၅၆
အိန္ဒိယ ဗုဒ္ဓဥပညာသ ၄၄၉
အိန္ဒိယဗြာဟ္မဏဘာသာ ၄၄၈
အိန္ဒိယဘုရင်ခံချုပ် ၁၇၈
အိန္ဒိယမဟာဗောဓိအသင်းကြီး ၄၄၄
အိန္ဒိယမူဆလင်များ ၂၆၀
အိန္ဒိယရာဇဝင်ကျမ်းများ ၄၇၇
အိန္ဒိယရှေးခေတ် ပုံပြင်ကျမ်းကြီး ၄၃၂
အိန္ဒိယရှေးဟောင်း ပထဝီကျမ်း ၄၃၂
အိန္ဒိယ, သီဟိုဠ် ၄၇၄
အိန္ဒိယသို့ ရေကြောင်းခရီး ၁၃၉
အိန္ဒိယ၌ စည်းဝေး ၄၆၄
အီ-ဂျီ- ရှုပ်ပဆန်- အမ်-အေ၊ လန်ဒန်
ကင်းဘရိတ် ယူနီဗာ-စီတီ၊ သက္ကတ
ပါမောက္ခဆရာကြီး ၄၇၇
အီဒမန်ဟာဒီ၊ ဒေါက်တာ ၄၃၇
အီလပိုလ၊ အမတ်ချုပ်ကြီး ၁၅၇

အူရဒူ, တမယ်လ်, သီဟိုဠ် ၄၇၄
အူရဒူဘာသာရပ်များ ၄၇၅

အေရှတစ်ကျာနယ် ၄၃၉, ၄၄၉
အေရှနိုင်ငံ ၄၃၉
အေသင်ဂရိက် ၄၄၈
အေသျှ-ဆီးတိုး-အဖွဲ့ကြီး ၄၆၄

[ အ ]

အေသျှိယမ် စတာ့တ်ဒီ အက်ဆိုဆီရေးရှင်း-
အဖွဲ့ကြီး ၄၆၁, ၄၆၂
အေ့ဖန်ဂ် စိတ် ၄၃၃
အဲ-လာအိုခေတ် ၂၇၉
အဲ-လာအို-ထိုင်းနိုင်ငံ ၂၈၀
အဲလ်ဘရက်ချ် ဝက်ဘား ၄၄၉

အော်ဂျတ်ပဂိုဏ်း ၅၁
အိုဘငူ ၄၆

အက်ကိုလ်ဖရ်စီယာဒီအက်ဆ်-
ထရိန်အိုရီယင်းတ် ၃၂၂
အက်စတိုနီးယား ၄၅၆
အက်ပီကို (ပ်-လ်) ၄၇
အက်သစ်ကယ်လ် ကပ်လ်ချား-
(ကိုယ်ကျင့်တရား ယဉ်ကျေးမှု) ၄၃၅
အက်သစ်က် ကပ်လ်ချား အယူဝါဒ ၄၃၅
အင်ချိကျောင်းကြီး ၃၆၉
အင်ဆိုက်တ် (ဉာဏ်အမြင်) ၄၅၅
အင်တာနေရှင်နယ် ဗုဒ္ဓစ်စ်နယူးစ် ၄၂၂
အင်ထရိုက်ဒတ်ကရှင်း တူ ဟာစ်စတိုရီ
အော့ဖ် အိန္ဒိယန် ဗုဒ္ဓဒ်ဇမ် ၄၄၉
အင်ထရိုဒက်ကရှင်း အေလ-ဟာစ်စတိုရီ
ဒူဗောက်ဗုဒ္ဓစ်ဇမ် အင်ဒီယင် ၄၄၉
အင်ဒိုချိုင်းနား ၂၈၇, ၂၈၉, ၃၃၀, ၄၀၃
အင်ဒိုချိုင်းနားကျွန်းဆွယ်သုဝဏ္ဏဘူမိ ၂၈၀
အင်ဒိုနီးရှား ၃၂၅, ၃၄၆, ၄၀၀, ၄၀၆
အင်ဒိုနီးရှား ဂျာဝါးကျွန်း ၄၀၈
အင်ဒိုနီးရှား၊ဂျဝါးကျွန်း၊ဂျာကာတာမြို့ ၄၀၄
အင်ဒိုနီးရှားဗုဒ္ဓဘာသာအဖွဲ့ဝင် ၄၁၅
အင်ဒိုနီးရှားဘာသာ ၄၁၄
အင်ဒိုနီးရှား-မြန်မာသံရုံး ၄၀၇

[ အ ]

အင်ဒိုနီးရှား ဗုဒ္ဓသာသနာအသင်းအဖွဲ့ ၄၀၇
အင်ဒိုနီးရှားသာသနာပြုမှတ်တမ်း ၄၀၄, ၄၁၉
အင်ဒိုနီးရှားသာသနာပြုအဖွဲ့ ၄၂၀
အင်ဒိုနီးရှားသာသနာပြုအရှင်ဇိနရက္ခိတ ၄၀၈
အင်ဒိုပါကစ္စတန် ၂၅၈, ၂၆၀
အင်နက်ကဒိုတာပလိကာလီပဇ်စ်-သုတ္တန်၄၄၉
အင်သျှင်းတ် ဂျီအိုဂရပ်ဖီ အောဖ် အိန္ဒိယ၄၇၇
အင်းခရုသိမ်တော် ၁၆၀, ၁၆၁
အင်းကန်းဆရာတော် ၁၈၃
အင်းဝ ၆၁
အင်းဝခေတ် ၉၄
အင်းဝနေပြည်တော် ၁၆၂
အင်းဝမင်း ၃-ဆက် ၁၆၂
အောက်ပိုင်းဒုပ်ပဂိုဏ်း ၅၁
အောင်ခြင်း ၈-ပါးဂါထာ ၄၁၄
အောင်စည်းခုံ သံယရာဇာဆရာတော် ၆၉
အောင်မြေဘုံကျော်ကျောင်းတော် ၁၆၃
အောင်မြေဘုံသာကျောင်းတော် ၁၇၀
အောင်မြေရွှေဘုံဆရာတော် ၁၁၉, ၁၈၅

အပ်ကော်ထုမ်၊ အန်ကောဝပ် ၂၈၈
အန်ကော်နိုင်ငံတော်ခေတ် ၂၉၀
အန်ကော်နိုင်ငံတော်မင်းဆက် ၂၉၈
အန်ကော်ဘော်ရီ ၂၉၀
အန်ကောဝပ် ၂၉၁
အန်ကောဝပ်ကျောင်းတော်ကြီး ၃၀၁
အန်ကော်ဝပ်-ဘုရားပထုမ်ကျောင်းတော်ကြီး၂၉၃
အမ်ဝေါလ်ဆာ ၄၇၃
အယ်လ်ဘွန်စကရိုဒါ ၄၇၃
အယ်လက်ကဇန္ဒာ သည် ဂရိတ် ၄၄၈

[ အ ]

အိပ်မက်တော် ၆-ပါး ၇၂
အိပ်မက်ဖတ်ခြင်း ၃၀
အိမ်နိမ့်စံနေတော်မူစဉ် ၁၇၀
အိမ်နိမ့်၊ အာရာမ်ကျောင်းတော် ၆၀
အိမ်ရှေ့မင်း မိဖုရားကျောင်းတော် ၁၆၃
အိမ်ရှေ့မင်း ဗညားရန် ၃၇၉
အိမ်ရှေ့ ဥစ္စနာ ၅၉
အိမ်ရှေ့ဥပရာဇာ ၉၉, ၃၈၆
အုတ်ပြာသာဒ် စနုစမုတ် ၁၇၁
အုတ်ဖိုဆရာတော်အရှင်ဥက္ကံသမာလာ ၂၁၅

အုန်းဘောင်ခုံမှိုင်း ၈၇
အုန်းဘောင်စော်ဘွား ၆၉
အုပ်ချုပ်ရေးအဖွဲ့နှင့်ဆေးဝါးကုသရေးအဖွဲ့၃၁၃
အုပ်ချုပ်ရေးအရာရှိ ၁၅-ယောက် ၃၁၃
အို-တောက်ဘာသာဝင်ဆရာကြီး ၃၃၁

[ ဣ ]

ဣဆနပူရ ဣသာနဂရ ၂၉၀
ဣတိဝုတ်ပါဠိတော်, အဋ္ဌကထာ ၁၈၄
ဣတိဟာသကျမ်း ၁၆၅
ဣန္ဒနိလာသပိတ်တော် ၁၁
ဣန္ဒဝမ္မဘုရင်မင်းတရား ၂၉၈
ဣန္ဒာဒိစ္စ၊ ဘွဲတံဆိပ် ၃၀၀
ဣန္ဒြိယသံဝရသီလ ၃၁
ဣန္ဒြေသိတ်နှင့် ဘန်မွန် ၂၈၅

[ ဥ၊ ဦး ]


ဥက္ကံသမာလာမထေရ်၊ ရှင် ၁၁၇
ဥစ္စနာမင်းကြီး ၆၃
ဥဇနာပြောင်မင်း ၇၀
ဥဇနာမင်းနှင့် ကျော်စွာမင်းတို့လက်ထက် ၂၃၆
ဥဏ္ဏာလုံကျောင်းတိုက်ကြီး ၃၂၁, ၃၂၅
ဥတ္တမကျော်၊ အရှင် ၉၂, ၉၃, ၉၄
ဥတ္တမပုရိသဒီပနီ ၂၂၄
ဥတ္တမာစာရပရမဓဇ မဟာဓမ္မရာဇာဓိ-
ရာဇဂုရု၊ မင်းတဲဆရာတော် ၁၈၃
ဥတ္တရပထတိုင်း ၂
ဥတ္တရ၊ အရှင် ၂၄, ၁၃၈, ၂၁၃, ၂၇၂,
၂၈၇, ၃၀၃, ၃၅၄, ၃၇၁
ဥတ္တရာဇီဝ၊ အရှင် ၂၃၁, ၂၃၆, ၂၉၅
ဥတ္တရာဝန်ကျောင်းတော် ၁၁၀
ဥဒကုက္ခေပသိမ် ၉, ၂၅
ဥဒန္တပုရိကျောင်းတိုက်ကြီး ၅၄
ဥဒယ(ဥထယ-ထိုင်း) ၂
ဥဒါနပါဠိတော် ၄၄၁
ဥဒါန်းပါဠိတော်, အဋ္ဌကထာ ၁၈၄
ဥဒုမ္ဗရဂိရိဝါသီ ၁၀
ဥပဇ္ဈာစရိယအဖြစ် မလျှောက်ပတ် ၂၆
ဥပဒေသကထာကျမ်း ၁၉၄
ဥပမြို့စား ၁၄၇, ၁၄၈
ဥပသမ္ပဒကံ ယူဆောင် ၂၂
ဥပသမ္ပဒကံသစ် ၂၆၈
ဥပသမ္ပဒရဟန်း ၉, ၄၀၅
ဥပါတ်ကျခြင်း ၃၀
ဥပါလိမထေရ်၊ အရှင် ၂၃၅
ဥပါသကမာမကစေတီ ၃၇၉


[ ဥ၊ ဦး ]


ဥပါသကာ- လူဒါယကာ ၃၁၀
ဥပေါသထ ၂၂, ၆၃
ဥရောပကိုယ်စားလှယ်များ ၄၄၅
ဥရောပတိုက် ပေါ်တူဂီလူမျိုးများ ၁၃၉, ၁၄၆
ဥရောပနိုင်ငံများ ၄၂၉
ဥရောပ ပညာရှိများ ၄၂၉
ဥရောပဗုဒ္ဓဘာသာ ၄၇၈
ဥရောပဗုဒ္ဓဘာသာအသင်းများ ၄၄၂
ဥရောပ အင်္ဂလိပ်ပရိုဖက်ဆားဆရာကြီး၄၅၀
ဥရောပအလင်္ကာကျမ်း ၂၂၅
ဦးကုလား မဟာရာဇဝင် ၃၈၆, ၄၇၈
ဦးစီးဦးကိုင် သာသနာပိုင်အဖြစ် ၁၉၆
ဦးထုပ်ဆောင်းကြသောခေတ် ၁၆၀
ဦးထုပ် တရပတ် စွန့်ပယ်စေခြင်း ၁၃၆
ဦးထုပ်တာလပတ် မဆောင်းမကိုင် ၉၁
ဦးထုပ် ဒေါက်ခြာ မဆောင်း ၉၁, ၁၆၇
ဦးပဍင်း သာရမေဓာ ၃၈၈
ဦးပန်းထွေး ၁၂၄
ဦးဘထူး(စက်ရှင်တရားသူကြီးဟောင်း) ၄၆၂
ဦးရိုးဆရာတော် ၁၀၄
ဦးရိုးတော် ရာဇာဓိရာဇမင်း ၁၅၆
ဦးသီလမထေရ်၊ အရှင် ၂၀၄
ဦးအောင်ဘ-ဝံသာနုဥက္ကဋ္ဌကြီး၊ဒေါ်အေး ၄၆၈


[ ဧ ]


ဧကစာရီမထေရ်များ ၆၈
ဧကစာရီအရညဝါသီ ၂၀၆
ဧရာဝတီမြစ် ၈၀
ဧသိသာရဓမ္မပါလကိတ္တိ မဟာဓမ္မရာဇာဓိ-
ရာဇဂုရု ၁၈၃

[ ဩ၊ ဦ ]


ဩကာသဝန္ဒနာ ကန်တော့ရှိခိုး ၂၁၆
ဩစထရေးလီးယား ဗုဒ္ဓသာသနာတော် ၄၂၇
ဩစထရေးလီးယား(ဩစတြေးလျ)ကျွန်း ၄၂၁
ဩစထေရေးလီးယား၊ တောင်ဝေလ
နယ်သစ် ဆစ်ဒနီမြို့ ၄၂၄
ဩဖွစ်ဆာ ဒီအိုင်အကယ်ဒမိ-
အဓိကာရ ဝိဇ္ဇာလယ ဝိဒူ ၃၂၃
ဩရိသ (ဩရစ္ဆာ)တိုင်း ၂
ဩဝါဒါလင်္ကာရကထာကျမ်း ၁၉၄
ဩစ်ဖွန်ရေနေ့ ၂၈၆
ဦ-ဟူသောမန္တန် ၅၂


[ သင်္ချာအစဉ် ]


၁-ကျောင်းလျှင် ၁၈-ပါးကျ ၃၁၆
၁-ပါး, ၁-ပါးသော အရှင် ၂၈
၃-ကောန်ဆရိုဓမ္မရာဇ-နာဂရသီရိဓမ္မရာဇမြို့ ၂၇၇
၃-ခုမြောက် တရုတ်အာဏာပိုင်မင်းမျိုး ၃၃၂
၃-ဆူသော စေတီများ ၂၆၃
၃-ထပ်ကျောင်းတော်ကြီး ၉၇
၃-နှစ်၁-ကြိမ်ကျ စည်းဝေး ၄၆၄
၄-ထပ်ကျောင်း ၉၀
၄-နှစ်အတွင်းဂိုဏ်းဆရာများ၈၀၀-မျှရှိ ၃၃
၄-ပြင်, ၄-ရပ် သံယာတော်များ ၂၀၁
၄-မျက်နှာ၌တံခါးတပ်သောစည်းဝင်း ၂၃
၄-ရာစု၊ သာသနာတော်အကြောင်း ၁၆၁
၅-ကြိမ်မြောက် သံဂါယနာတင် ၁၈၉
၅-စီးရှင် သီဟသူ ၆၄
၅-ဌာနကို တစ်ချိန်တည်းပန္နက်ချ ၉၉
၅-ပါးသော စင်ကြယ်ခြင်း ၉
၆-ကြိမ်မြောက် ကမ္ဘောဒီယား၊ ဖနွန်းပင်
အစည်းအဝေးကြီး ၄၂၈
၇-ကြိမ်စီ ကမ္ဗဝါစာရွတ်ဖတ် ၂၄
၇-ကြိမ် သိမာသမ္မုတိကမ္မဝါစာ ၂၄
၈-ဆက်မြောက် ဗညားဦး ၃၇၅
၉-တိုင်း, ၉-ဌာနပိုင်းခြား ၁၉၆
၁၀-ကရော့ဖ်တ် ရစ်ချ်မောင့်တ် ၄၂၇
၁၀-ဘဝပင် အသေခံနိုင် ၁၇၂
၁၀-ဝါပြည့်မှသာ စွမ်းနိုင် ၂၆
၁၂-ဦးသောပဒေသရာဇ်အုပ်စိုးသူ ၃၃၃
၁၄-ပါးတို့ ၇-ဌာန ၂၄
၁၄-ပါးသော အရှင်များ ၂၄
၁၇-ဆက်မြောက် တိဿမင်း ၃၇၅
၁၈-ရပ်သောကျောင်းတိုက်ကြီးများ ၁၈၉
၂၃-ဆက်မြောက် စန္ဒသူရိယမင်း ၃၈၁
၃၄-လုံးအက္ခရာရှိ သာသနာပိုင်တံဆိပ် ၁၈၀
၅၁-ဆက်မြောက် ဥဒိန္နရာဇာမင်း ၃၇၂
၆၁-ခု ကော်မတီအစည်းအဝေး ၄၂၈
၉၅-ဆူသောစေတီပုထိုးများ ၃၃၇
၁၀၀-မှာ၉၉-နီးပါးမျှဗုဒ္ဓဘာသာ ၃၀၉
၁၀၀-မှာ ၉၉-ယောက် ဗုဒ္ဓဘာသာ ၃၁၇
၅၅၀-ဇာတ်နိပါတ်ရုပ်ပုံများ ၄၁၇
၁၄,၂၆၅-ပါးသော ရဟန်းငယ်များ ၃၃
၁၅,၀၆၅-ပါးသော ရဟန်း ၃၃
၁,၉၃၉-ခုနှစ်မှာ ကမ္ဘာစစ်ကြီးဖြစ် ၄၄၅
၁,၈၈၁-ခုနှစ်၊ လန်ဒန်မြို့တော်ကြီး ၄၃၃


✪ ✪ ✪ ✪ ✪ ✪ ✪ ✪ ✪ ✪

## ပုံနှိပ်ပြီးသော ကျမ်းစာများ

၁။ သီလက္ခန်အဋ္ဌကထာ မြန်မာပြန်
၂။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ
၃။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း
၄။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံ ပရမတ္ထသရူပဆိုရိုး
၅။ သိရိမဟာမာယာဒေဝီဝတ္ထုနိဿယ
၆။ ဓာတွတ္ထသင်္ဂဟပါဠိ + နိဿယ
၇။ ဝိစိတြဝန္ဒနာ ၈။ မနောဒိဋ္ဌဝန္ဒနာ
၉။ လင်္ကာဒိမဂ္ဂဒီပနီ ၁၀။ မဟာဗောဓျာဒိမဂ္ဂဒီပနီ
၁၁။ မဟာဝိသုဒ္ဓါရာမတိုက်အုပ် ဆရာတော်ထေရုပ္ပတ္တိ
၁၂။ သတိသမ္ပဇဉ်နိဂ္ဂဟစာတမ်း
၁၃။ ဝိမိဿမဓုရရစနာ (အရှင်စန္ဒဓောတိ)
၁၄။ လူနှင့်တူသောလူ ၁၅။ မင်္ဂလာ့အမြုတေ
၁၆။ ဘူမိစာလနိဒါန်းကျမ်း ၁၇။ အမေးတော်ဖြေ
၁၈။ တထာဂတဥဒါနဒီပနီ (ပ-တွဲ)
၁၉။ စွယ်စုံကျော်ထင်ဂဏ္ဌိကျမ်း
၂၀။ ဗုဒ္ဓနိုင်ငံတော် (ပ-တွဲ) ၂၁။ ဗုဒ္ဓနိုင်ငံတော် (ဒု-တွဲ)
၂၂။ ဗုဒ္ဓနိုင်ငံတော် (တ-တွဲ)
၂၃။ သာသနာ့လင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (၃-ကျမ်းတွဲ)
၂၄။ မဟာဗောဓိပ္ပတ္တိကထာကျမ်း
၂၅။ ချောင်းဦး၊ ရွှေတောင်ဆရာတော် ဝိနိစ္ဆယ
၂၆။ တွံတေး၊ ပရိတ်ကြီးပါဠိတော် နိဿယ

*ဆက်လက်ထွက်မည်* - တထာဂတဥဒါနဒီပနီ (ဒု-တွဲ) - ဆိဒ္ဓပိဓာနနီ
- ဗုဒ္ဓ၏ဂုဏ်တော်များ - ဝိသုဒ္ဓါရုံသုတ်နက်ကြီး
- The Way to Nobility *(Enlish, မြန်မာ)* ဘဒ္ဒန္တစန္ဒဓောတိ(မလှိုင်)

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဗုဒ္ဓနိုင်ငံတော် ကျမ်းကြီး ၃-ကျမ်းတို့ကို အဆက်မပြတ် လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ ပညာသံဝဏ္ဏနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

ရန်ကုန်တိုင်း၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး

# ဦးလှစိုး+ဒေါ်ခင်မျိုးသူ

သမီး-မနီလာစိုး

သား-မောင်ပြည့်ဇာနည်ထွန်း

မောင်ရဲကုဋေကျော်

မောင်ကောင်းကုဋေကျော်

မိသားစုကောင်းမှု

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဗုဒ္ဓနိုင်ငံတော် ကျမ်းကြီး ၃-ကျမ်းတို့ကို အဆက်မပြတ်
လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

ရန်ကုန်တိုင်း၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တိုင်းအုပ်ချုပ်ရေးမှူး

# ဦးလှစိုး+ဒေါ်ခင်မျိုးသု

သမီး-မနီလာစိုး
သား-မောင်ပြည့်ဇာနည်ထွန်း
မောင်ရဲကုဋ္ဌေကျော်
မောင်ကောင်းကုဋ္ဌေကျော်

မိသားစုကောင်းမှု